www.burmeseclassic.com

လာဘ်မိုးရွှေ စာပေ မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။

မဂ္ဂပစ္စယော

# ရောင်ပြန် မဂ္ဂဇင်း





- ကံမြင့်စေသူ တံခွန်လှူ။ (စာ-၇၄)
- တံခွန်လှူဒါန်း လာဘ်ရွှင်လန်း (စာ-၇၇)
- ၁၃၇၇-၁၃၇၈ ခုနှစ်အတွက် တစ်နှစ်စာ ဟောစာတမ်း(စာ-၂၉)
- ဒေါက်တာစောယုနွယ် ၏ နှစ်သစ်မင်္ဂလာ ကံကြမ္မာ(စာ-၃၉)

Graphic: Soe Win Htun

## ကလပ်ပေါ်က ခေါင်းလောင်း(စာ-၇၂)

## မဏိစေတီပတ္တမြားရတနာ ဂါထာတော်(စာ-၆၁)

www.burmeseclassic.com

www.burmeseclassic.com

မဂ္ဂပစ္စယော

# ရောင်ပြန်

မဂ္ဂဇင်း

၂၀၁၆ ခုနှစ်၊ မေလ၊ အမှတ် (၂၆၈)

## မာတိကာ

### ရောင်ပြန် ကဗျာ

အဖျောက်မြေမောင်ဆွေမွန်၊ ဝေယံမြင့်(ဗိုလ်ကလေး)၊
နန္ဒာမိုးကြယ်၊ မကွေးနေရာဇာ၊ ရဲမြင့်နောင်၊
မောင်မိုးလှိုင်(သစ္စာမြေ)၊ နိုင်ခင်ရွှေ၊ ဖျာပုံမောင်မောင်စန္ဒာ

### ရောင်ပြန် အခန်းဆက်ရသ

အစိမ်းရောင် သစ္စာစကား(ဇာတ်သိမ်း)
ကျော်မြသန်း ---------- ၁၉၆
တောဘုမ္မာဝင့်နှန်းလယ်မှာ ကျွတ်တမ်းကာယ် စာမလိပ်ချင်ဘု(၁၇)
မောင်ဟိန်းကျော် ---------- ၂၀၄
ဂမ္ဘီရခွစာ(ဇာတ်သိမ်း)
ယိုး ---------- ၂၂၆
တောကြီးတစ္ဆေ(၁)
တာတေကြီး ---------- ၂၄၂
ဂမ္ဘီရမိုးကောင်းကင်မှ ကြယ်စင်(၁)
မြနန်းရှင် ---------- ၂၅၂

## ရှင်ရှင်း အာဇီဇုရဲ့ အိမ်မွေ

စာ-၂၆၆



## ထူးမြတ်သာခေါင် သာမညတောင်ဆရာတော်ကြီး



ရတနာသိဃ် ရွှေမြို့တော်မှသည်
ထိုင်း-မြန်မာနယ်စပ် သောင်ရင်းမြစ်ကမ်းမှ
## အလောင်းမင်းတရားဦးအောင်ဇေယျ၏ သမိုင်းပုံရိပ်များ

ကိုသက်(ဒီးကုန်း)

စာ-၇၉



## လူ့ဘောင်ခေါ်စင်ဝိဇ္ဇာကြီးတို့ ၏
ကျင့်စဉ်နှင့်ဖြစ်ရပ်ဆန်းများ (၅)




ဝိဇ္ဇာဓရဆရာအောင်

စာ-၁၃၁

www.burmeseclassic.com

www.burmeseclassic.com


## မိုးကုတ်ဆရာတော်ဘုရားကြီး




## မြန်မာ့ရေးရာ


အနော်ရထာမင်းကြီး စကြာလုံတော်ပြု တည်ထားခဲ့သည့်
အညာမြေမှ ပင်းဘုရားပွဲတော်
မိုးမြင့်လွင် ---------------------------- ၁၇
မိုးကုတ်ဆရာတော်ဘုရားကြီး ---------------------------- ၂၁
ကုံလုံဆရာတော်ဘုရားကြီး ---------------------------- ၂၂
ခန္တီးဆရာတော်ဘုရားကြီး ---------------------------- ၂၃
ပြည်မြို့ သန္ဓေပင်ရပ်
နန္ဒဝန်ဓမ္မရိပ်သာ ဆရာတော်ဘုရားကြီး ---------------------------- ၂၄
ထူးမြတ်သာခေါင် သာမညတော်ဆရာတော်ကြီး ---------------------------- ၂၅
လယ်တီဆရာတော်ဘုရားကြီး ---------------------------- ၂၆
မြင်းခြံ စွန်းလွန်းဆရာတော် ဦးကဝိ ---------------------------- ၂၇
သဲအင်းဂူဆရာတော်ကြီး ---------------------------- ၂၈
ကျိုက်ထီးဆောင်းမှ ပုတီးစိပ်နည်းများ
မြစံပယ် ---------------------------- ၂၉၀


### အာဟာရပြည့်ဆေးဖက်ဝင်
### အသီးအနှံများ
သုတေသီဆရာငြိမ်း



ဓ - ၁၈၆

## ရောင်ပြန် ရသ


...န်ကြွယ်ဆုံး ပြောင်းလဲမှု ၁၈၂
...မြိုး ---------------------------- ၁၈၂
...ကြိက်သူ
...သကျော်ဝင်း ---------------------------- ၁၉၀
...ကိုးရဲ့အမွေ
...နိုင်း ---------------------------- ၂၆၆
...သင်ညိုသတ္တဝါတို့သည် နေရာဒေသကိုလိုက်၍
...ရောင်ပြောင်းလဲတတ်သည်
...ောင်မောင်မိုးအောင် ---------------------------- ၂၈၀


## မောင်မောင်မိုးအောင်



ဓ - ၂၈၀


**အယ်ဒီတာအဖွဲ့ / ကျော်ငြာနှင့် ဖြန့်ချိရေး**

**လာဘ်မိုးစွေ စာပေ**

တိုက် - ၂၇၊ အခန်း - ၁၂ (မြေညီထပ်)
၅၂ - လမ်း (အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
၀၉ - ၄၂၀၀၅၉၂၅၊ ၀၉ - ၅၀၉၂၄၇၇


www.burmeseclassic.com

www.burmeseclassic.com

## မြန်မာနိုင်ငံရောက် နဂါးနက်အသင်း


လှမှိုး(ပညာရေး)



စာ - ၁၇၃

## လောကီရေးရာ


ရတနာသိင်္ဃရွှေမြို့တော်မှသည် ထိုင်း-မြန်မာနယ်စပ်သောင်ရင်း
မြစ်ကမ်းမှ အလောင်းမင်းတရားဦးအောင်ဇေယျ၏ သမိုင်းပုံရိပ်များ
ကိုသက်(ဇီးကုန်း) ---------- ၇၉
အလောင်းမင်းတရားဦးအောင်ဇေယျ၏ နတ်ရွာစံရာ···
ဗုဒ္ဓဟူးလူ ---------- ၈၂
အလောင်းမင်းတရားဦးအောင်ဇေယျနှင့် ပိုးခါးစည်ကြိုးပြဿနာ
လှစံ(ပညာရေး) ---------- ၈၆
ထိုင်းနိုင်ငံ နက္ခတ္တဆရာကြီး ခါသာချင်နာဘန်ချွန်၏···
ဦးတိုး(တက္ကသိုလ်) ---------- ၉၁
တရုတ်နက္ခတ္တဗေဒင်ပညာ ၂၀၁၆-မေလ
ကေတုမ်-အောင်သိန်း ---------- ၉၄
သည်လအတွက် ကောင်းသောရက်
နွယ်သာကီအောင် ---------- ၉၈
စိုက်ပျိုးရေးရာ သည်လမှာ
တော်ကကိုရင် ---------- ၁၀၀
မေလမှာ ဆောင်ရွက်ပါ
နေမျိုးထွဋ်ခေါင် ---------- ၁၀၁
အလုပ်အကိုင်···ရွေးချယ်သင့်သည့်ရက်များ
မဟိဒ္ဓိကျော်ခေါင် ---------- ၁၀၂
သည်လဖွားအတွက် ကံဇာတာ
ဆရာမိုးဟန်ကြွယ် ---------- ၁၀၃
မင်္ဂလာဟူသည် ကောင်းသောအလုပ် အကျိုးရှိသောအလုပ်ဖြစ်၏
တက္ကသိုလ်သန် ---------- ၁၀၄
ဓာတ်ရိုက်ယတြာ ရွှေပညာ(၄၀)
ဘုန်းပွင့်ထွန်း ---------- ၁၀၆
ရောင်ပြန်မဂ္ဂဇင်းပြက္ခဒိန်
အင်ကြင်းဖြူဖြူ(တောင်ငူ) ---------- ၁၀၈
ဒီလိုလက်မျိုး သင့်မှာရှိခဲ့လျှင်
ဒေါက်တာစောယုနွယ် ---------- ၁၀၉
တစ္ဆေခြောက်တဲ့ တောင်များ
စန်းမောင်မောင် ---------- ၁၁၁
ပုထုဇဉ်၏ ချိုးမွမ်းခြင်း
ဆင်ဖြူကျွန်းအောင်သိန်း ---------- ၁၁၃
ဉာဏ်သာသူ အနိုင်ယူစတမ်း
ခင်မောင်အေး(မန္တလေး) ---------- ၁၁၅
သီလရှင်ဘဝ
ဒေါ်ခမ္မစာရီ ---------- ၁၁၇
မေတ္တာရောင်ပြန်
မောင်ပုတ်စည် ---------- ၁၂၀
ဗာဂျီးနီးယားမှစာ(၃)
မောင်ကောင်းမြင့် ---------- ၁၂၃

စာ - ၁၈၂

www.burmeseclassic.com

www.burmeseclassic.com


## လောကီရေးရာ


ကျွန်ုပ်နှင့် ထူးဆန်းအံ့ဖွယ်ရာ ဝိဇ္ဇာကြီးများ(၂၁)
ပထမံဆရာကြီးဦးအောင်သူ ---------------------------- ၁၂၅
ဘဝအမောစင်မယ့် လှတောတစ်ခွင်ဟာသများ
ဦးကောင်းထူး ---------------------------- ၁၂၇
သူတော်စင်ဝိဇ္ဇာကြီးတို့၏ ကျင့်စဉ်နှင့် ဖြစ်ရပ်ဆန်းများ
ဝိဇ္ဇာရေးဆရာအောင် ---------------------------- ၁၃၁
မင်္ဂလာဖိုလ်တား ဝေးရှောင်ရှား
ရွှေသီရိ(ဝိဇ္ဇာ၊ ဥပဒေ) ---------------------------- ၁၃၃
ဂုဏ်တော်ကိုးကွယ် ကြည်ညိုဖွယ်
လှအောင်ကြည်ဖြိုး ---------------------------- ၁၃၇
ဆရာတော်ကြီးများ၏ မေတ္တာပို့နည်းများ
ပဲခူးကျော်ကျော် ---------------------------- ၁၄၀
မှော်ဝင်သနပ်ခါး
မြမြလှိုင် ---------------------------- ၁၄၃
ပုညကုသလ
မောင်မိုးဦး ---------------------------- ၁၄၅
မီးတောက်ဓာတ်လုံးထူး
မော်တင်သိန်းဇော်ဇ ---------------------------- ၁၄၈
တိုက်ဆိုင်တာလား၊ တကယ်လား
မိုးသိမ့် ---------------------------- ၁၅၂


စာ - ၁၉၆

ကျော်မြို့သန်း

ဇ တ် သိ မ်း



စာ - ၂၉



## သက္ကရာဇ် ၁၃၇၇-၁၃၇၈ ခုနှစ်အတွက်
## (၂၀၁၆ ခုနှစ်အတွက်)
# ၁၂ ရာသီ တစ်နှစ်စာ ဟောစာတမ်း

■ မင်းဇေခဦးရွှေအိုး


ကဖျက် ယဖျက် အစီအရင်
ဘုန်းမီးနေလ ---------------------------- ၁၅၄
ဗုဒ္ဓ၏ အံ့ဖွယ်အနန္တ ဂုဏ်ထူးဝိသေသများ
အရာခံဗိုလ်သစ်လွင် ---------------------------- ၁၅၆
အိပ်မက်ကမ္ဘာမှတစ်ဆင့်
ဦးအောင်ကြည်(ပညာရေး) ---------------------------- ၁၆၂
အရက်ဆိုတဲ့လူဖျက်တဲ့သေစာ
မောင်ချိုမင်း(ကန္တာရဝတီ) ---------------------------- ၁၆၅
ဘီသိက်မင်္ဂလာ ခံယူခြင်းများ
နတ်ထီးလှိုင် ---------------------------- ၁၇၀
လာဘ်ငွေကြေးလျှံ ခေါင်းလောင်းသံ
ဆရာခေါင်ထွင့်မြင့် ---------------------------- ၁၇၉
ဘုမ္မိအခက်အခဲပြေ ယတြာချေ
ဂမ္ဘီရဆရာလှမျိုး ---------------------------- ၂၂၀
သူတော်ပွားရဲ့ သိဒ္ဓိပြည့် ၂၃၈
မြင့်မြတ်ကျော်ခေါင် ---------------------------- ၂၃၈
လမိုင်းပွဲ
မင်းရိုးယဉ် ---------------------------- ၂၇၁
"အ" အလယ်နေ အကြံအစည်အောင်စေ
ဂမ္ဘီရဆရာလှမျိုး ---------------------------- ၂၇၃
မုန်တိုင်းအကြောင်း တစေ့တစောင်း
မောင်မောင်စန်းထွေး ---------------------------- ၂၇၆
ဆွမ်းတော်ကပ်ခြင်းနှင့် ဆွမ်းတော်စွန့်ခြင်း
ကျိုက်ထော်မြင့်မြတ်ကျော် ---------------------------- ၂၈[illegible]
စေတနာ၏အကျိုး
သစ္စာဝါဒီဆရာမြတ်စောလင်း ---------------------------- ၂၉၁


www.burmeseclassic.com

www.burmeseclassic.com

## လယ်တီဆရာတော်ကြီး



စာ - ၂၆

စာ - ၂၅၂




### ရောင်ပြန် မျက်နှာဖုံးဆောင်းပါး

နဖူးရေ တူးရေ
ဘုန်းပွင့်ထွန်း ------------------ ၅၀

ကြည်ညိုဖွယ်ရာ မုနိလေးဆူ
သျှက်ပြုံး(မြန်မာစာ) ------------------ ၅၅

မုနိလေးဆူနှင့် ထူးခြားထက်မြတ်သော ဂါထာတော်များ
မောင်မောင်သိန်း-ဇီးကုန်း ------------------ ၅၈

မဏိဇောတ(ပတ္တမြားရတနာဂါထာတော်)
ဝေပုလ္လာရာမဆရာတော် ------------------ ၆၁

မွေးကင်းစကလေး ဆံပင်ကိုကြည့်၍
ကလေး၏စရိုက်ကို ဖော်ထုတ်ခြင်း
မဟာနွယ်(ပညာရေး) ------------------ ၆၉

ခေါင်းလောင်းလေးတွေ မြည်နေပြီ
ထိပ်တင်ထွေး ------------------ ၇၂

ကံမြင့်စေသူ တံခွန်လှူ
စောယုနွယ် ------------------ ၇၄

တံခွန်လှူဒါန်း လာဘ်ရွှင်လန်း
သရုပါ ------------------ ၇၇

### ရောင်ပြန် လျှို့ဝှက်ဆန်းကြယ်

ပြည်တွင်းပြည်ပ ဝိညာဉ်လောက ယုံကြည်ချက်များ
လှတိုး(စိတ်ပညာ) ------------------ ၁၂၀

မြန်မာနိုင်ငံရောက် နဂါးနက်အသင်း
လှမိုး(ပညာရေး) ------------------ ၁၇၃

### ရောင်ပြန် တိုင်းရင်းဆေး

အာဟာရပြည့် ဆေးဖက်ဝင် အသီးအနှံများ
သုတေသီဆရာငြိမ်း ------------------ ၁၈၆

တိရစ္ဆာန်သတ္တဝါများမှ လူသားတို့အား အကျိုးပြုပုံ
ဒေါက်တာသက်ဆွေ ------------------ ၂၁၄

မီးဖိုချောင်မှ ဆေးစွမ်းကောင်းများ
အောင်ဘုန်းမြင့်(ကချင်မြေ) ------------------ ၂၂၂


လစဉ်ထုတ် ရောင်ပြန်မဂ္ဂဇင်း၊ ပြစ်မှုမဂ္ဂဇင်းသို့ စာမူပေးပို့ခြင်း၊ စာမူခထုတ်ယူခြင်းတို့ကို နံနက်(၁၀း၀၀)နာရီမှ မွန်းလွဲ(၂း၀၀)နာရီအတွင်း (စနေ၊ တနင်္ဂနွေနှင့် ပြန်တမ်းဝင် ရုံးပိတ်ရက်များမှအပ) ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်လွှဲစာဖြင့်သော်လည်းကောင်း လာရောက်ထုတ်ယူနိုင်ကြပါသည်။ စာမူပေးပို့ရာ၌ မဂ္ဂဇင်းတိုက်သို့ တိုက်ရိုက်ပေးပို့ခြင်းမရှိပါက တာဝန်ယူမည်မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com


**အာနော်ရထာမင်းကြီး**
စကြာလုံတော်ပြုတည်ထားခဲ့သည့်
အညာမြေမှ ပင်းဘုရားပွဲတော်
မိုးမြင့်လွင်

ၜ - ၁၇





ၜ - ၁၉၀



## ၁၃၇၈ ခုနှစ် မြန်မာ့နှစ်သစ်ကူး ယတြာ


၂၀၁၆-ခုနှစ်အတွက် ၁၂ ရာသီ တစ်နှစ်စာ ဟောစာတမ်း
မင်္ဂလာဦးရွှေအိုး ---------- ၂၉

ပျော်ရွှင်ချမ်းမြေ့၍ ကံကြမ္မာကောင်းများ သယ်ဆောင်လာသော နှစ်သစ်ဖြစ်စေသော်
ဒေါက်တာစောယုနွယ် ---------- ၃၉

မြန်မာ့လေ့ တန်ခူးလ နှစ်သစ်ကူးပွဲတော်
ကျော်ဇောဟိန်း(နံ့သာ) ---------- ၄၂

ဆယ့်နှစ်ရာသီဖွားအဟော
ရည်မောင် ---------- ၄၅

သင်္ကြန်တွက်ရိုးကျမ်းနှင့် ဇာတာတော်ပုံ
သန်းဝင်း(ဘဏ်) ---------- ၄၇


## ရောင်ပြန်ဗေဒင်


သိသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း
ဒေါက်တာစောယုနွယ် ---------- ၃၀၁


## ရောင်ပြန် အထူးယတြာ


နိုင်ငံခြားရောက်မြန်မာများအတွက် အထူးဟောကိန်း
ဒေါက်တာစောယုနွယ် ---------- ၃၁၀


## လူတွေသိ နတ်တွေကြားစေ


လူတွေသိ၍ နတ်တွေကြားစေ ---------- ၃၁၂


ၜ - ၂၀၄






အယ်ဒီတာအဖွဲ့ / ကြော်ငြာနှင့် ဖြန့်ချိရေး
**လာဘ်မိုးစွေ စာပေ**
တိုက်-၂၇၊ အခန်း-၁၂(မြေညီထပ်)
၅၂-လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
၀၉-၄၂၀၀၀၅၉၂၅၊ ၀၉-၅၀၉၂၄၇၇


www.burmeseclassic.com

www.burmeseclassic.com

# ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏




# အန္တရာယ်ကင်း တံဆိပ်တော်

www.burmeseclassic.com

www.burmeseclassic.com



# တော်လှန်ရေး

## နန္ဒာမိုးကြယ်

- ဝါးတစ်လုံးကား . . .
  တစ်လုံးနှင့်ညီ၊ တန်ဖိုးတည်၏။
- ထိုသည့်ဝါးကို
  ဓားဖြင့်ခွဲကာ၊ နီးသပ်ဖြာ၍
  ဆန်ခါတစ်မျိုး၊ တင်းတောင်းချိုးသော်
  တန်ဖိုးကွာဟလေသတည်း။ ။

www.burmeseclassic.com

www.burmeseclassic.com



# ဆတ်စလူး မြင်ကွင်း

## အပျောက်မြေ မောင်ဆွေမွန်

■ တန်ခူးလရဲ့ အတိတ်
ထူးလှတဲ့ နိမိတ်
မြူးကြွတဲ့ စိတ်တွေနဲ့
အိပ်မောကျနေတဲ့ နှလုံးသားကို
တံခါးလာပြီးခေါက်သူရေ။

■ သင်္ကြန်ရေထိမှ
အစိက လန်းဖြာပြီး
စိတ်လည်းချမ်းသာ
ကိုယ်လည်းကျန်းမာလို့
ဝမ်းတစ်ထွာရဲ့အရေး
စိတ်အေးမတဲ့လေ။

■ အပြောကောင်းတယ် မကောင်းတယ်
အရောင်းအဝယ်ဖြစ်
စိတ်သစ် လူသစ်နဲ့
အညစ်အကြေး သန့်စင်ပေ
စတန့်ထွင်တာတော့ မဟုတ်အလျှဉ်း။

■ မြင်ကွင်းတွေဟာ
အသွင်ရှင်းပေ အရင့်အရင်နှစ်တွေက
လွင့်စဉ်ပဲ့ကျတဲ့
မြန်မာ့ရဲ့ အနုအလှယဉ်ကျေးမှု
အစဉ်ရှေးရှုပြီး
ရင်ထုမနာဖြစ်ရတုန်းမို့
မချိုပြုံးပြုံးမိတဲ့ပြင်
ရွှေရင်လေးစရာ တစ်ပုံတစ်ပင်ပ
မယုံရင် ပုံပြင် မမှတ်ကြနဲ့ကွယ်
(သင်္ကြန်မဏ္ဍပ်ပေါ်မှာလေ…)
ဆတ်စလူးမြင်ကွင်း။ ။

www.burmeseclassic.com

www.burmeseclassic.com




# ပိတောက်ပါနွေ

## မောင်မိုးလှိုင်(သစ္စာမြေ)

■ ပိတောက်ဥက္ကမြွေ
ထိန်ဝေအဝါရွှေကဗျာ • • •။

■ ပိတောက်သတ္တိ
မြေထိရှိုက်နမ်း၊ အလွမ်းမရှိ
စွန့်သည့်အချစ်ဂန္ဓဝင် • • •။

■ နွေလည်း မကြောက်
နေလည်း မကြောက်
လေလည်း မကြောက်
ကြိုင်လှော်ချိုကြည်၊ ရနံ့တည်မွှေး
မရွေးဒေသ၊ တာကူးလတွင်
ဘဝတစ်သက်၊ အလှမပျက်
နီးထလျက်ဝေ၊ ရှင်သန်နေကျ
ပိတောက်မလေး၊ ရွှေရည်သွေးနှင့်
အပြေးလာမည် ခါတော်မီ • • •။

■ ဪ • • •
လောကသက်သေ
သောကရတက်မပွေ
ဒေါသအမျက်မဝေ
သဘောကျအခက်ခြွေ
မောလျမျက်ရည်မဝေဘူးကွယ် • • •။ ။

www.burmeseclassic.com

www.burmeseclassic.com

# ကဝိမြှတ်သို့ ဆည်းကပ်ခြင်း

ဖျာပုံမောင်မောင်စန္ဒာ

■ ကဝိမြတ်များ၊ ဉာဏ်မြင့်မား၍
နှုတ်ဖျားစာပွင့်၊ လက်ဖွင့်စာမွှေး
သွေးနှင့်စာဖြန့်၊ စာခိုင်ခံ့လျက်
စာသန့်အဆီ၊ နလုံးကြည်ခဲ့
ရာသီဒဏ်နှောက်၊ ချစ်သက်ပျောက်လည်း
တစ်ခေါက်လှူဖြစ်၊ ကြောင်းကျိုးပြစ်ကို
ကညစ်နှင့်ပေ၊ စနစ်ဖွေရင်း
စာပေပုလဲ၊ စာပန်းကြဲသည်
စာဖွဲ့ကြီးကြ စာချစ်ကြ
စာလှပန်းမွှေး ပန်ဆင်ပါ့။

■ စာပေမျက်ရှု၊ စာပန်းပုနှင့်
ထုဆစ်ပုံဖော်၊ သက်သွင်းပျော်ခဲ့
စာကျော်ပဂေး၊ နှိုင်းမဲ့ဝေးစေ· · ·
စျေးကျမာန၊ မတွေးဆဘူး
လောကနှင့်လူ၊ ကံပေးမှူတိုင်း
အယူအစွဲ၊ မတူကွဲကြ
အောင်ပွဲပန်းတိုင်၊ စာပန်းလှိုင်အောင်
စတိုင်ဖွင့်လှစ်၊ စတားဖြစ်ဖို့
ကျစ်လျစ်သိပ်သည်း၊ စာကမ္ဗည်းဖြင့်
စည်ကမ်းတကျ ရေးသီမှ
ဂန္ထဝင် စံတင် အံဝင်လှ· · ·။ ။




www.burmeseclassic.com

www.burmeseclassic.com



# ပိတောက်ပွင့်ပြီ မေ

ရဲမြင့်နောင်

- ပိတောက်တစ်ခက်နှယ်က
  တစ်ယောက်အတွက်ရည်စူး ဖူးခဲ့ပြီ • • •။

- ပင်ရှက်ညှာ မြရောင်စိမ်းသော်လည်း
  ကြင်လျက်သာ ခဏတောင်မတိမ်းပါဘူး
  မိန်းမူးဖွယ် သူ့အပြော
  ယုံမောခဲ့သည် • • •။

- လွမ်းအိပ်မက် သံသရာရှည်
  ဘယ်ခါဆီ တစ်ရေးနိုးထ • • •။

- နီးရက်နဲ့ ဝေးလွင့်ကွာ
  အဆွေးဖြင့်သာ ဒဏ်သင့်သူမို့
  ကံအပွင့် မာန်ဝင့်စောင့်ပါမယ်
  တစ်ထောင့်တစ်ည • • •။ ။

www.burmeseclassic.com

www.burmeseclassic.com

# ရွှေစေတီဦး ဖူးမိကဗျာ

မကွေး နေရာဇာ



■ ကဗျာသင်းထုံ ရသဂုဏ်ဖြင့်
အာရုံကြည်နူး ကြာလက်ဖူး၍
စိတ်ကူးပင့်ဖိတ် စေတီရိပ်သို့
ငြိမ်သိပ်လွင့်မော ပြေစေသောဟု
စာတောမှော်ရုံ ခိုလှုံခဲ့ . . .။

■ မာယာဘုံဖြစ် ကဗျာသစ်ဖြင့်
ပြေပြစ်ဆက်ဆံ မနက်ဖြန်ကို
ရန်းကန်လှုပ်ရှား အားမာန်ထား၍
မယားလည်းခင် သားလည်းခင်စေ
ကြင်နာသရုပ် ဖော်ထုတ်ခဲ့ . . .။

■ ကဗျာရေးခိုက် ရင်တွင်းရိုက်လည်း
ထိုက်သည့်မြင်ကွင်း ဒေါသကင်းသည်
ပျော်ခင်းအေးမြ ရှင်လန်းစွနှင့်
မာနကင်းကွာ ရင်တွင်းဖြာလျက်
သဒ္ဓါဖြူဆွတ် ဦးညွှတ်ခဲ့ . . .။

■ စိန်ရွှေရတနာ မလှူသာလည်း
ကဗျာတစ်ကုံး ရသဖုံးလျက်
နှလုံးရွှင်ပျ ဤလောကနှင့်
ပြုံးမြနှုတ်ပွင့် ကြင်နာဖွင့်ရင်း
အလင်းတန်းပေါ် ကြည့်မျှော်ပျော်မိ
ပူဇော်ကြည်ညို ကဗျာချိုဖြင့်
ရွှေအိုရောင်ဖိတ် စေတီရိပ်သို့
မမှတ်မသုံ လက်ဆယ်စုံသည်
အရဏ်ပန်းနှယ် ဖူးတကား . . .။

www.burmeseclassic.com

www.burmeseclassic.com

# ပန်းတိုင်ရောက်မှ တက်ထောင်ပါ

ဝေယံမြင့်(ဗိုလ်ကလေး)

■ နာတစ်ဖျားသာ
လေ့ဦးခွာခိုက်
သေချာမှချ
နိုင်ပြီကွဟု
စိတ်ချလက်လျှော့မနေသင့်။

■ နိုင်တယ်ထင်ပြီး
ပန်းဝင်နီးမှ
ရုတ်ခြည်းစိတ်ချ
တက်ထောင်ပြရင်
နောက်ကကျော်တက်သွားလိမ့်မယ်။ ။




www.burmeseclassic.com

www.burmeseclassic.com




# ငြိမ်းချမ်းခြင်း နိမိတ်

နိုင်ခင်ရွှေ

■ မိုးကောင်းကင်မှာ တိမ်မည်းညိုတွေကင်းစင်
ချိုမြိန်ခြင်းစကားလုံးများနဲ့
ငှက်နှလုံးသားကို ဝါးမျို
ခါးတဲ့အခါလည်းရှိ
ဒါပေမယ့် သိသိကြီးနဲ့
ဒိုက်သရောတွေ၊ အညစ်အကြေးတွေက
ဘဝရဲ့ပျိုးခင်းထဲမှာ
သောကအပူလှိုင်းတွေကြား
ဒုန်းစိုင်းခဲ့ရင်း လူသားအချင်းချင်း
မနာလို ဝန်တို စစ်မက်ခင်းလို့
လူ့ဘောင်ရဲ့ ပျော်ရွှင်စရာ ပြယုဂ်
"အိုအေစစ်"ဆိုတဲ့ မျှော်လင့်ချက်
ပင့်သက်တွေ တစ်ပုံတစ်ပင်နဲ့
ရင်ခုန်အိပ်စက်ခဲ့ရတဲ့ည . . .။

■ ဒီလိုနဲ့ ဘဝကိုဖြတ်သန်း
လောကရဲ့သရုပ်သဏ္ဍာန်
စစ်ကြောဝေဖန်
အမှားကိုအမှန်
ကောန်မပြင်နိုင်တဲ့ . . .ငါ
ကြုံတွေ့သမျှ ကံကြမ္မာရဲ့ တံပိုးအောက်
အကြိမ်ကြိမ်လျှောက်ခဲ့ရင်း
စေတနာအရင်းအမြစ်တွေနဲ့
သည်ကမ္ဘာကြီး အေးငြိမ်းစေဖို့
အတွေးများနဲ့သာ။ ။

www.burmeseclassic.com

www.burmeseclassic.com

# အနော်ရထာမင်းကြီး စကြာလုံတော်ပြတည်ထားခဲ့သည့် အညာမြေမှ ပင်းဘုရားပွဲတော်

**မိုးမြင့်လွင်**


**ပင်းဝရွာအနီးမှ ပင်းဘုရားပွဲတော်**

သမိုင်းမှတ်တမ်းများအရ အလွန်ထူးခြားပြီး စိတ်ဝင်စားဖွယ်ကောင်းသည့် စေတီတော်မြတ်တစ်ဆူပါ။ မမှမိတ်ဆွေများသို့ ရေးပြချင်သည်မှာ နှစ်နှင့်ချီကြာခဲ့ပါပြီ။ အကြောင်းအမျိုးမျိုးကြောင့် မရေးဖြစ်ခဲ့ခြင်းဖြစ်သည်။

စေတီမြတ်တည်ရှိရာ ဒေသသည် မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ပင်းဝအုပ်စု ပင်ချောင်းလေးအနီးမှာ တည်ရှိသည်။

စေတီတော်တည်ထားသည့် ဒါယကာကား ပုဂံခေတ်တွင် ဗုဒ္ဓသာသနာတော်မြတ်ကြီးကို နေလအသွင် ထွန်းလင်းတောက်ပအောင် ဆောင်ရွက်ခဲ့သည့် ပုဂံပြည့်ရှင် အနော်ရထာမင်းဖြစ်သည်။ စေတီတော်၏ ဘွဲ့တော်သည်ကား ပင်းယံစေတီဟု အခေါ်များကြသည်။ အမှန်မှာ ပင်းစက္ကလံပစေတီဖြစ်သည်။

စာရေးသူသည် လွန်ခဲ့သည့်နှစ်က






www.burmeseclassic.com

www.burmeseclassic.com

ရေနံချောင်းမြို့မှ မိတ်ဆွေကိုသန်းအောင် ထံရောက်ရှိခဲ့သည်။ အညာဒေသထန်းတောများအကြောင်း ဆောင်းပါးရေးရန် ကွင်းဆင်းလေ့လာခြင်းဖြစ်သည်။

စာရေးသူသွားချိန်သည် သီတင်းကျွတ်လထဲမှာ ဖြစ်သည်။ ကိုသန်းအောင်မှ ပင်းဘုရားပွဲရှိသည်၊ လိုက်ပို့မည်ဟု ပြောပါသည်။ ရေနံချောင်းမြို့နှင့် လေးမိုင်ကျော်ကွာဝေးသည်ဟုလည်း ဆိုပါသည်။

မည်သို့ပင်ဝေးပါစေ ပင်းဘုရားဟုဆိုသဖြင့် စိတ်ဝင်စားသည်။ ပင်းချောင်းသမိုင်းရှိသည်။ သို့တွက်ကြောင့် စိတ်ဝင်စားသည်။ နောက် စေတီမြတ်ကလည်း သမိုင်းဝင်စေတီဖြစ်သည်။

သို့နှင့် စာရေးသူကို ဆိုင်ကယ်နှင့် လိုက်ပို့ပေးသည်။ အညာလမ်းဆိုတော့ သိသည့်အတိုင်းပင် မြေနီလမ်းသဲလမ်းသာဖြစ်သည်။ လမ်းတစ်လျှောက်တွင် တချို့က ခြေလျင်၊ တချို့က နွားလှည်း၊ ထော်လာဂျီ၊ ဆိုင်ကယ် စသည်ဖြင့် ပင်းဘုရားပွဲသွားကြသည့် အညာသူ၊ အညာသားများကို တွေ့ရသည်။ ပျော်ပျော်ရွှင်ရွှင်နှင့် သီချင်းဆိုသူကဆို၊ ရယ်စရာမောစရာ ပြောသူကပြောနှင့် တကယ့်ကို မြန်မာ့ဟန်၊ မြန်မာ့ဓလေ့ မပျောက်သေးသည့် ယဉ်ကျေးမှုကို တွေ့မြင်ရသဖြင့် စာရေးသူလည်း ကြည်နူးပျော်ရွှင်မိသည်။

သို့နှင့် စာရေးသူသည် ပင်းစေတီအနီးမှ ပင်းဝကျေးရွာသို့ရောက်ခဲ့သည်။ ကိုသန်းအောင်၏ မိတ်ဆွေများအိမ်သို့ဖြစ်သည်။ ကိုသန်းအောင်၏ မိတ်ဆက်ပေးမှုကြောင့် ရွာလူကြီးများက စာရေးသူကို တလေးတစား ဆက်ဆံသည့်အပြင် ထမင်းဝိုင်း၊ လက်ဖက်ရည်ဝိုင်းများဖြင့် ဧည့်ခံတော့သည်။ အညာသူ၊ အညာသားတို့ သဘောထားက ဖြူစင်လှပါဘိ။



ပင်းချောင်းမှာ ရေချိုးကြသူများ

ပင်းဂရွာတွင် ခေတ္တအနားယူပြီး ဘုရားပွဲကျင်းပရာ ပင်းစေတီမြတ်အား သွားရောက်ဖူးမြော်ကြသည်။ ထိပ်တန်းအဆင့်ရှိ ဇာတ်ကြီးတစ်ဇာတ် ရုံဝင်ကပြသည်ကို တွေ့ရသည်။ ဒေသထွက်ကုန် စားသောက်ကုန်များ လာရောက်ရောင်းချသည့် ဈေးတန်းကြီးကိုလည်း တွေ့ရသည်။ စာရေးသူ၏စိတ်ထဲတွင် ပင်းဘုရား၏သမိုင်းကြောင်းကိုသာ သိချင်စိတ်က စောနေမိသည်။

ပင်းဝရွာမှ တချို့လူကြီးများကို မေးကြည့်ပြန်တော့လည်း ခုနစ်သက္ကရာဇ် အထောက်အထား အပြည့်အစုံမပါ လက်တန်းသာပြောနေသဖြင့် မှတ်ဖို့ရာ အခက်ကြုံနေတော့သည်။ သို့နှင့် ကုန်းတော်ပေါ်ရောက်သောအခါ ဂေါပကလူကြီးများထံ အကူအညီတောင်းရတော့သည်။ ပင်းဘုရား၏ သမိုင်းစာအုပ်ရှိလျှင် ဖတ်ချင်ပါကြောင်း ပြောသည့်အခါ ဂေါပကလူကြီးတစ်ဦးမှ စေတီတော်၏ ဩဝါဒါစရိယဆရာတော်ထံ ပို့ပေးသည်။

ဆရာတော်အား ဝတ်ဖြည့်ပြီးနောက် ပင်းစေတီသမိုင်းကြောင်း အမိန့်ရှိပါရန်နှင့် တပည့်တော် အောက်ဒေသဖြစ်သည့် ပဲခူးမြို့မှလာကြောင်း လျှောက်ထားပါသည်။ ထိုအခါ ဆရာတော်မှ အနော်ရထာမင်းကြီး တည်ထားကိုးကွယ်တော်မူသည့် ပင်းဘုရားအမည်တွင်သော ပင်းစက္ကလံပစေတီတော် သမိုင်းသစ်စာအုပ်ကို စာရေးသူအား စွန့်ပါသည်။

ပင်းစေတီတော်သမိုင်းသစ် ရေးသားပြုစုသည့် ဒေးကျောင်းဆရာတော် အရှင်သောဘနဟု စာအုပ်တွင် ဖော်ပြထားပါသည်။ သို့ပါ၍ ၎င်းစာအုပ်အား ကိုးကား၍လည်းကောင်း၊ စာရေးသူ၏ လေ့လာတွေ့မြင်မှုများ ပေါင်းစပ်၍ ပင်းစေတီရောက်ခရီးသွားဆောင်းပါးကို ရေးသားပါမည်။

ပင်းချောင်းအနီးမှ ပင်းစေတီ



www.burmeseclassic.com

www.burmeseclassic.com



**ပင်းစေတီမှ ရှေးဟောင်းဇရပ်ကြီး**

တော်မြတ်အား ကြည်ညိုစွာ ဦးခိုက်လျက်။

× × ×

**အနော်ရထာမင်း၏ ကြောလုံနှင့်ပစ်ချောင်း**

ပင်းစေတီတော်ကို စာရေးသူ စိတ်ဝင်စားခဲ့သည်မှာ အတော်ကြာခဲ့ပါပြီ။ ရှုမဝ တစ်ထောင်ဆုရ စာရေးဆရာ ငွေလင်း၏ ပင်းမြို့သူ ဝတ္ထုစာအုပ်ကို ဖတ်ပြီးကတည်းကဖြစ်သည်။ ခုတော့ စာရေးသူ စိတ်ဝင်စားခဲ့ရသည့် ပင်းချောင်းအနီးမှ ပင်းစေတီဘုရားပွဲတော်သို့ ရောက်ခဲ့ရပါပြီ။

ပင်းချောင်းအနီးမှာ တည်ထား၍ ပင်းစေတီဟုခေါ်သည်။ သို့ဆိုပါလျှင် ပင်းစက္ကလံပစေတီတော်ဆိုသည်က အဘယ်နည်း။

ပင်းစက္ကလံပ စေတီတော်ဟူသည်မှာ စက္ကလံပ ကြောရတနာလုံကို ပြု၍တည်သော စေတီဟု အဓိပ္ပာယ်ရသည်။ အဘယ့်ကြောင့် ကြောလုံတော်ကို ပြုရသနည်းဟူမူ ကောဇာသက္ကရာဇ် ၄၁၆ ခုနှစ်တွင် ပုဂံပြည့်ရှင်အနော်ရထာမင်းကြီးသည် သူ၏ညာလက်ရုံးသူရဲကောင်းလေးဦးဖြစ်သည့် ကျန်စစ်သား၊ ငထွေရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီးတို့ကို သုဝဏ္ဏဘူမိသထုံပြည်သို့ ချီတက်တော်မူစေသည်။ ထိုသို့ ချီတက်တော်မူစေပြီး သထုံဘုရင်ထံမှ ဘုရားရှင်၏ ပိဋကတ်တော်များနှင့်တကွ ဓာတ်တော် မွေတော်များကို တိုက်ယူ၍ ပုဂံပြည်သို့ ပင့်ဆောင်တော်မူစေလေသည်။

သူရဲကောင်းများ၊ စစ်သည်များသည်လည်း ကြည်းကြောင်းနှင့်တစ်ဖုံ၊ ရေကြောင်းနှင့်တစ်သွယ် ပင့်ဆောင်လာကြရာတွင် မြတ်ဗုဒ္ဓ၏ ဓာတ်တော်၊ မွေတော်၊ ပိဋကတ်တော်များ ပင့်ဆောင်တင်လာသည့် ဖောင်တော်သည် ယခုရေနံချောင်းမြို့နှင့် လေးမိုင်ကျော်ကွာဝေးသည့် ပင်းဝရွာအနီး ပင်းချောင်းဝတွင် ဖောင်တော်ဆိုက်လေသည်။ သို့ဖြစ်၍ ဖောင်တော်ဆိုက်သော ဤနေရာတွင် စေတီတစ်ဆူတည်ထားကြလေသည်။

ဤစေတီတည်ခန်းတွင် တချို့ မယုံလျှင်ပုံပြင်ဆန်သည်ဟု ဆိုကြသူများ လည်းရှိလေသည်။ သို့သော် ထိုဒေသနေ အညာသူ၊ အညာသားများကတော့ ယုံကြည်ကြသည်။

ဖောင်တော်ဆိုက်သော ပင်းချောင်းဝသည် ရေပြင်ကြီးသာဖြစ်သည်။ ယနေ့အနေအထားအရ ရောဝတီမြစ်နှင့်လည်း သိပ်မဝေးသည်ကို တွေ့မြင်ရသည်။ ထို့ကြောင့် ရေပြင်ကျယ်ကြီးသာဖြစ်နေသောကြောင့် စေတီတည်ရန်လည်း အခက်ကြုံရသည်။ ပင်းချောင်း၏တောင်ဘက်မြေကို အုတ်ဖုတ်ပြန်တော့လည်း မြေမကောင်း၍ အုတ်ကောင်းမရဖြစ်နေ၏။ မြောက်ဘက်ကမ်းမှမြေသည် ကမ္ဘာမြေညက်ဖြစ်၍ အုတ်လုပ်လေရာ အုတ်ကောင်းရ၏။ စေတီတည်လျှင် အုတ်ကောင်း၍ စေတီတာရှည်ခံနိုင်သည်။

သို့ဖြစ်၍ မြောက်ဘက်မှမြေကို အုတ်ဖုတ်၍ စေတီတည်ရန် စစ်သူကြီးကျန်စစ်သားမှ တာဝန်ယူဦးဆောင်ရလေသည်။ ခက်သည်မှာ စေတီကတောင်ဘက်မှာဖြစ်နေ၍ ပင်းချောင်းရေကိုဖြတ်၍ စစ်သည်များ၊ ပြည်သူများ လက်ဆင့်ကမ်းသယ်ကြရသည်။ ရေစီးထဲမှာ သယ်ရသဖြင့် အလွှန်ပင်ပန်းဆင်းရဲကြသည်။ တချို့ ပင်ပန်းလွန်းသဖြင့် ဖျားနာကြသည်အထိ ဖြစ်ကြရ



www.burmeseclassic.com

www.burmeseclassic.com

# မိုးကုတ်ဆရာတော်ဘုရားကြီး



မိုးကုတ်ဆရာတော် လောင်းလျာကို အဘဦးအောင်ထွန်း၊ အမိဒေါ်ရွှေအိတ်တို့မှ ၁၂၆၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့ ၂ နာရီ မိနစ် ၃၀ အချိန်တွင် ဖွားမြင်သည်။ ငယ်မည်မှာ မောင်လှဘော် ဖြစ်သည်။ သားသမီး ရှစ်ဦးတွင် ပဥ္စမမြောက် သားရတနာဖြစ်သည်။ ဆရာတော် ၉ နှစ်သားအရွယ်တွင် ဝွေးပင်တောရကျောင်း ဆရာတော်ထံတွင် ရှင်သာမဏေပြုသည်။ ဘွဲ့မှာ ရှင်ဝိမလ ဖြစ်သည်။

သဒ္ဒါ၊ သင်္ဂြိုဟ်စသော အခြေခံစာများ သင်ယူခဲ့ပါသည်။ သက်တော်ပြည့် ပဥ္စင်းတက်ပြီးတွင် စာချဆရာတော်၊ ကျောင်းထိုင်စာချ၊ တရားဟော၊ တရားပေး၊ တရားပြ စသည်ဖြင့် နေလာခဲ့ရာ ၁၃၀၄ ခုနှစ်မှစ ဆရာတော်ကြီးသည် မိုးကုတ်မြို့၏ အနောက်ဘက် လေးမိုင်ခန့်ဝေးသည်။

ဘော်ပဒန်းရွာလေးဆီသို့ ကြွတော်မူလေသည်။ ၎င်းရွာလေးသည် ပေ ၄၀၀၀ ကျော်အမြင့်မှ တောင်ပေါ်ရွာလေး ဖြစ်သည်။ သုံးဘက်သုံးတန်တွင် တောင်တန်းမြင့်ကြီးတွေ ဝိုင်းပတ်ထားရာ မြင်းခွာပုံသဏ္ဌာန်သဲ့ နေသလိုဖြစ်သည်။ ရွာအရှေ့ဘက် တောင်တန်းကြီးတစ်ခု၏ ကမ်းပါးရံတွင် သဘာဝကျောက်သား လိုဏ်ဂူငယ်လေးရှိရာ ထိုလိုဏ်ဂူလေးထဲတွင် မိုးကုတ်ဆရာတော်ဘုရားကြီးသည် လေးနှစ်လေးမိုး ဂူအောင်းတရား အားထုတ်တော်မူခဲ့ပြီး ရဟန်းကိစ ပြီးမြောက်သွားတော်မူခဲ့ပါသည်။

ဆရာတော်ကြီးသည် ပဋ္ဌိစသမုပ္ပါဒ်တရားတော်များကို တရားနာသူ ယောဂီအပေါင်း အလွယ်တကူသိရှိနိုင်ရန် ပဋ္ဌိစ သမုပ္ပါဒ်စက်ဝိုင်း ကီတွင်ပြုလုပ်ပြီး ထောက်တံဖြင့် တရားဟောကြားလေသည်။ တရားနာသူ ယောဂီအပေါင်းတို့က အလွယ်တကူ နားလည်ပြီး တရားရသူ အများအပြားရှိလာသည်ဟု သိရှိရပါသည်။ မိုးကုတ်ဆရာတော်ဘုရားကြီးသည် ၁၃၂၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်၊ ခရစ် ၁၉၆၂ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်၊ ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီ မိနစ် ၂၀ အချိန်တွင် ခန္ဓာဝန်ချပ်ငြိမ်း တစ်ဘဝဇာတ်သိမ်းကာ ခန္ဓာဝန်ချတော်မူသွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com

သည်။ ဤသို့ဖြစ်သည်ကို အနော်ရထာမင်းကြီးသိသောအခါ -

ငါကဲ့သို့သော သာသနာပြုမင်းဘုရားတည်သည်ကို သင်းပင်းချောင်းရေက နှောင့်ယှက်သလော၊ ငါ၏အစွမ်းအစုပင်သိစေရမည်ဟု ကြုံးဝါးကာ သိကြားမင်းဆက်သသော စကြာလုံတော်ကိုမြှောက်၍ ချောင်းရေပြင်ကိုပြလိုက်ရာ ရေသည် ခရီးတာ ၈၀၀၀ မိုင်အားဖြင့် ၁၆မိုင် နောက်ဆုတ်သွားပြီး သဲပြင်ကြီးအတိဖြစ်သွားသည်ဟု ရှင်းပင်ဘုရားသမိုင်းတွင်ဖတ်ရှုရပါသည်။

ထိုအခါ အုတ်များ၊ ကျောက်များ၊ သဲများလည်း လွယ်လင့်တကူ သယ်ယူ၍ရသဖြင့် စေတီတော်လည်း အပြီးတိုင်လေသည်။ စေတီတော်၏ဘွဲ့တော်ကိုလည်း စကြာလုံတော်ပြ၍ ရေဆုတ်သွားသည်ကိုအစွဲပြုကာ ပင်းစကြာလုံပြစေတီတော်ဟု တွင်လေသည်။ ယနေ့အချိန်မှာတော့ နှောင်းလူများက ပင်းချောင်းဝတွင်တည်ရှိ၍ ပင်းဘုရားဟုပင်ခေါ်ကြလေသည်။ ရေနံချောင်းနယ်တစ်ဝိုက်တွင် ပင်းစေတီဘုရားပွဲသည် အလွန်စည်ကားသည့် ဘုရားပွဲတော်ဖြစ်သည်။

ဤဘုရားပွဲတော်တွင် မြန်မာတို့၏ အညာမလေ့ကို မြင်တွေ့ရသည်မှာ စိတ်ချမ်းမြေ့ဖွယ်ကောင်းလေစွ။

× × ×

## ပင်းချောင်းရေချိုးသူများ

ဤနေရာ၌ ပင်းချောင်းဖြစ်ပေါ်လာပုံကလည်း စိတ်ဝင်စားဖို့ကောင်းသည်။ ရှေးက အနော်ရထာမင်းကြီး စကြာရတနာလုံတော်ပြ၍ ရေပြင်ခရီးတာ ၈၀၀၀ ၁၆ မိုင် နောက်ဆုတ်သွားသည်ဟု ဆိုခဲ့ပြီးဖြစ်သည်။ အဘယ်နေရာထိ ဆုတ်သွားသည်ကို သိဖို့လိုမည်ထင်ပါသည်။ ချောင်းရေသည် စကြာလုံတော်ကိုကြောက်ပြီး ရေနံချောင်းမြို့အရှေ့ဘက် ရေဆုံးဟုခေါ်သောအရပ်အထိဟု ဆိုပါသည်။ ချောင်းရေများဆုတ်နစ်သွားသည်ကို ယနေ့တိုင်အောင်မြင်နေရသေးဟု ပင်းဝရွာသားတစ်ဦးမှ ပြောပြပါသည်။

တစ်ဖန် ရေဆုံးအောက် စည်ပင်ရွာထိ ချောင်းရေများဆုတ်နစ်သွားသည်ကို တွေ့မြင်နေရသေးဟုလည်း ပြောပါသည်။ စည်ပင်ရွာအောက်တွင် မိုးနိုရွာ၊ မကြီးရိုးရွာ၊ ကျွဲပုတ်ရွာ၊ ကန်လေးကုန်းရွာ စသည့်ရွာများအနီး ချောင်းပြင်ကြီးမှာ ရေမရှိဘဲ သဲပြင်ကြီးဖြစ်နေသည်ကို တွေ့မြင်ရသည်။ သို့ဖြစ်၍ ထိုပတ်ဝန်းကျင်ရွာများမှ ရွာသား၊ ရွာသူများမှာ သဲပြင်ကြီးကိုကြည့်ကာ ချောင်းကြီးပတ်လည်ရေမထွက် မရှက်ဘူးလား မိုးနိုသားဟု အညာသူ၊ အညာသားများပီပီ သဲပြင်ကိုပင် စာချိုး၍ လှောင်ပြောင်ကြလေသည်။

သို့ပေမယ့် ချောင်းကြီးရေကျသောအခါမှာတော့ ရေစီးဆင်းသည်။ ရေဆုံးရွာအောက် စည်ပင်ရွာမှစတင်၍ ရေဆုတ်လာရာ ရှစ်မိုင်ခန့်အကွာ နတ်ကန်ဦးရွာအထက်နားရောက်မှ ရွံ့ဗွက်များမှ ရေများပန်းထွက်လာတော့သည်။ ၎င်းပန်းထွက်လာသည့်နေရာမှာ ရေပြင်ကြီးဖြစ်ပြီး အမြဲစီးဆင်းနေသည်ကိုလည်း တွေ့ရသည်။ ၎င်းစီးဆင်းရာ ရေလမ်းတစ်လျှောက်ကိုပင် ပင်းချောင်းဟုခေါ်တွင်သည်ဟု သိရလေသည်။

စာရေးသူသည် စေတီတော်၏ မြောက်ဘက်မုခ်မှဆင်း၍ ပင်းချောင်းဘက်သို့ ဆင်းလာသည့်အခါ ပင်းချောင်းထဲတွင် ဘုရားဖူးလာကြသူများ အုပ်စုလိုက် ရေချိုးရေကစားနေသည်ကို တွေ့ရသည်။ တကယ်တော့ ပင်းချောင်းဟုဆိုသော်လည်း ဒူးဆစ်နှင့်ပေါင်ရင်းလောက်သာ ရေရှိသည့် သဲချောင်းလေးဖြစ်သည်။ ချောင်းတစ်လျှောက် လှကဲပြည့်ကျပ်နေသည်။ စာရေးသူသည် စေတီတော်ဝင်းအတွင်း လှည့်ပတ်ကြည့်ရာ ရှေးဟောင်းဇရပ်ကြီးများကို တွေ့ရသည်။ နှစ်ပေါင်း အတော်ကြာနေပြီဖြစ်သည်။

အညာသူ အညာသားတို့၏ ဓလေ့စရိုက်သည် ယနေ့တိုင် ယဉ်ကျေးနေသည်ကိုတွေ့ရသည်။ ဘုရားပွဲအတွင်း လှူငယ်လေးများသည် မိန်းကလေးများအား ရိုင်းရိုင်းပျပျနောက်ပြောင်သည်ကို မကြားရ၊ မတွေ့ရသည်မှာလည်း ချီးမွမ်းဖွယ်ကောင်းလှသည်။ စာရေးသူနှင့် မိတ်ဆွေကိုသန်းအောင်တို့သည် ညနေ နေညိုချိန်တွင် ပြန်လာကြရာ လမ်းတွင် ဘုရားပွဲလာလှည်းများကို တွေ့ရသဖြင့် ငယ်စဉ်ကတောဘုရားပွဲကို သတိရမိသည်။ အပြန်လမ်းသည် ရောဝတီမြစ်ကမ်းဘက်မှ ပြန်လာကြသည်။ ပင်းဘုရားပွဲသို့သွားသူ၊ ပြန်လာသူများဖြင့် လမ်းတစ်လျှောက်ဝယ် မြန်မာတို့၏ အညာကျေးလက်ပင်းဘုရားပွဲသို့ တစ်ခေါက်ရောက်ခဲ့ရသည့် စာရေးသူအဖို့တော့ ရင်ထဲမှာ ကြည်နူးမဆုံးနိုင်တော့ပါလေ။

**မိုးမြင့်လွင်**



www.burmeseclassic.com

www.burmeseclassic.com

# ကုံလုံဆရာတော်ဘုရားကြီး



ဦးဓမ္မာဓနိယ (ကုံလုံဆရာတော်)

ဆရာတော်လောင်းလျာကို ပင်းတယမြို့နယ်၊ တယ်သွန်းအုပ်တမဲရွာတွင် ၁၂၆၉ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်၊ စနေနေ့ညနေ ၆ နာရီအချိန်တွင် ခမည်းတော် ဦးကူး၊ မယ်တော် ဒေါ်ထွေးတို့မှ မီး႑ူးသန့်စင် ဖွားမြင်ခဲ့ပါသည်။ ဆရာတော်မှာ နေ့လူမျိုးဖြစ် ငယ်မည်မှာ မောင်ထွန်းသာ ဟုခေါ်ပါသည်။ မွေးချင်းခုနစ်ယောက်ရှိသည့်အနက် အငယ်ဆုံး သားထွေးဖြစ်သည်။ ဆရာတော် သုံးနှစ်သား အရွယ် ခမည်းတော်ဦးကူးဆုံးပါးသွားပြီး မယ်တော်မှာလည်း ဆရာတော်ငယ်စဉ်ကပင် ဆုံးပါးသွားခဲ့သည်။ ဆင်းရဲဒုက္ခအပေါင်းနှင့် ကြုံ တွေ့ခဲ့ရ ရဟန်းဘ၀ရောက်ခါနီး အထိပင် ခက်ခက်ခဲခဲ၊ ပင်ပန်းကြီးစွာ နေထိုင်စားသောက်ခဲ့ရသည်။

အသက် ၁၃ နှစ်သားအရွယ်တွင် တောင်ကြာကြီးရွာမှ ဦးအောင်၊ ဒေါ်ပိုတို့က ရှင်ပြုပေးခဲ့ သာမဏေဘ၀သို့ ရောက်ခဲ့ရသည်။ ရှင်သာမဏေဘ၀ဖြင့် ပရိယတ္တိစာပေ ပညာသင်ကြားရန်အတွက် မန္တလေးမြို့၊ အာသောကာရာမ ကျောင်းတိုက်၊ ကံသာကျောင်းသို့ ပညာသင်ကြားခဲ့ပါသည်။ ရဟန်းဒါယိကာ၊ ဒါယိကာမများဖြစ်ကြသော တမဲရွာ ဦးဘိုးနီ၊ ဒေါ်လမ်း၊ ဒေါ်အမာတို့က ပရိက္ခရာ ရှစ်ပါးစုံလင်စွာဖြင့် ရဟန်းဘောင်သို့ ပင်ပေးခဲ့ပါသည်။

ကုံလုံဆရာတော်ကြီးသည် ရဟန်းနှစ်ဝါရပြီးနောက်တွင် တရားဘာ၀နာအားထုတ်လိုသော ဆန္ဒပြင်းပြလာသဖြင့် သာသနာ ၂၅၀၀ ပြည့်နှစ်မှာပင် ဆရာတော်ကြီးသည် လောကီအရေးကိစ များကို ငြီးငွေ့တော်မူပြီးလျှင် လူသူမနီးသည့် အရပ်သို့ ထွက်တော်မူပြီး တရားဘာ၀နာ အားထုတ်လိုသဖြင့် ကျောင်းရှိ ဦးပဥ္ဇင်းဦးဝိမလကိုယ်တော်အား ကျောင်းကိုလွှဲအပ် ဆရာတော်ကြီး တောထွက်သောအခါ လိုက်ပို့သော ဒကာဦးဘိုးအောင်ကို ပြန်လွှတ်လိုက်ပြီး ဆရာတော်ကြီးတစ်ပါးတည်း ကြွ ဘော်နှင်းဂူ၊ ကျားတွင်းဂူတို့မှ ဂဠုန်တောင်သို့ကြွ တရားအားထုတ်တော်မူပါသည်။

ဆရာတော်ကြီး တရားအားထုတ်စဉ် ကျား၊ ကျားသစ်၊ မြွေ၊ လူဆိုး၊ လူမိုက်များနှင့်လည်း တွေ့ခဲ့ရပါသည်။ ခန္တီဆိုတဲ့ သည်းခံခြင်းစွမ်းရည်များနှင့် ပြည့်စုံလာတော့သည်။ ဆရာတော်ကြီးသည် သက်တော် ၉၀ ကျော်ပြီးဖြစ်သော်လည်း ကျန်းမာဖျတ်လတ်၊ တရားအားထုတ်လျက်ရှိပါသည်။

ဆရာတော်ကြီး ပျံလွန်တော်မူသွားသော်လည်း ႑ပ်ကလာပ်တော်သည် မပုပ်မသိုးဘဲ ကျန်ရစ်ခဲ့ပါသည်။


●



www.burmeseclassic.com

www.burmeseclassic.com

# ခန္တီးဆရာတော်ဘုရားကြီး



ခန္တီးဆရာတော်ကြီး၏ ရုပ်ကလာပ်တော် မီးသဂြိုဟ်ပြီးနောက် မီးမလောင်ဘဲ ကျန်ခဲ့သည့် ဓာတ်တော်များ

ခန္တီးဆရာတော်ကြီး၏ မွေးရာဇာတိမှာ မကွေးတိုင်း၊ ဘီးလင်းမြို့ ပုဇွန်ထောင့်ရွာဖြစ်ပြီး၊ ခမည်းတော် ဦးလယ်ရောက်၊ မယ်တော် ဒေါ်ရွှေမြင့်တို့မှ သက္ကရာဇ် ၁၂၅၆ ခု၊ တော်သလင်းလပြည့်ကျော် ၈ ရက်၊ သောကြာနေ့ ဖွားမြင်တော်မူသည်။ မွေးချင်း ၁၂ ယောက်အနက်မှ ဒုတိယသား ဖြစ်သည်။ ငယ်နာမည် မောင်သာတိုးဟု အမည်တွင်ခဲ့သည်။

(၁၁)နှစ်သားအရွယ်တွင် မိဘတို့က ပစ္စယာနုဂ္ဂဟသာမဏေအဖြစ် သွတ်သွင်းတော်မူသည်။ မူလဘွဲ့မှာ ရှင်သီရိဖြစ်ပြီး နောက်ဘွဲ့မှာ ဦးသုဇဖြစ်သည်။ ဝန်းသိုမြို့ စပါးနှင့်ဆန်ကုန်သည်ကြီး ဦးသာပျော၊ ဒေါ်ဒေါ်အဲတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူ၏။ ဆရာတော်ကြီးသည် ပရိယတ္တိစာပေများ သင်ယူပြီးနောက် စာချခရာတော်၊ ကျောင်းထိုင်ဆရာတော်အဖြစ် နေလာခဲ့ရာ သက်တော် ၅၈ နှစ်၊ သိက္ခာတော် ၃၉ ဝါအရတွင် ခန္တီးရိပ်သာကို တည်ထောင်ကာ မိမိကိုယ်တိုင်လည်း ကြိုးစားအားထုတ်တော်မူ၍ ရဟန်းရှင်လူတို့အားလည်း ဝိပဿနာကမ္မဋ္ဌာန်း အားထုတ်နည်းများ ပြောကြားပြသတော်မူပါသည်။ ဆရာတော်ကြီးသည် ပျံလွန်တော်မူသွားသော်လည်း ရုပ်ကလာပ်တော်သည် မပုပ်မသိုးဘဲ ကျန်ခဲ့ပါသည်။

●●●



www.burmeseclassic.com

www.burmeseclassic.com

# ပြည်မြို့ သင်္ချိုင်းရပ် နန္ဒဝန်မမ္မရိပ်သာ ဆရာတော်

# ဦးဝိသုဒ္ဓါစာရ



ဆရာတော်ဘုရားကြီးဖြစ်သည့် အလောင်းလျာတော်ကို သက ရာဇ် ၁၂၆၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့နံနက် ၁၁ နာရီအချိန်၌ ဓနုဖြူမြို့၊ နန်းတော်ကုန်းရပ် အဘ ဦးဖိုးကြူ၊ အမိ ဒေါ်ရွှေအိတို့မှ ဖွားမြင်တော်မူသည်။ သာသနာသက ရာဇ် ၂၄၃၂ ခု၊ ကောဇာသက ရာဇ် ၁၂၉၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်နေ့တွင် ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။


ဆရာတော်ဘုရားကြီးသည် -

(က) ပထမမဂ်ဖိုလ်ကို ၁၃၁၃ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်၊ နေ့လယ် ၃ နာရီအချိန်ခန့် ရရှိတော်မူခြင်း။

(ခ) ဒုတိယမဂ်ဖိုလ်ကို အထက်ပါ ခုနှစ်၊ လ၊ ရက်တို့၏ ၅ နာရီအချိန်ခန့် လိုဏ်ဂူအတွင်း၌ ရရှိတော်မူခြင်း။

(ဂ) တတိယမဂ်ဖိုလ်ကို ၁၃၁၈ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်နေ့ ညနေ ၄ နာရီအချိန်ခန့်၌ ရရှိတော်မူခြင်း။

(ဃ) စတုတ္ထ မဂ်ဖိုလ်ကို ၁၃၁၈ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်နေ့ ည၌ ၁၂ နာရီအချိန်၌ ရရှိတော်မူခြင်း။



ပြည်မြို့ရှိ ပထမ နန္ဒဝန်ဆရာတော် ရုပ်ကလာပ်တော် မပုပ်မသိုး

စတုတ္ထ [illegible] ရရှိတော်မူ ပြီးနေ [illegible] ကြီးနှစ်ယောက် အ [illegible] ထောင့်အရပ်မှ ဒူးထောက်လျက် ဦးတိုက်ရှိခိုးနေစဉ် ဗြဟ္မာ၏အရောင်နှင့် မိမိကိုယ်အရောင်ကို အမြင်ရခြင်း။ ရှေးအတိတ်ဖြစ်စဉ်ကို သိမြင်တော်မူခြင်း - အစရှိသည်ကို ဆင်ခြင်တော်မူပြီး အထူးဝမ်းသာမိကြောင်းကို မိန့်တော်မူလေသည်။



www.burmeseclassic.com

www.burmeseclassic.com

# ထူးမြတ်သာခေါင်
# သာမညတောင်ဆရာတော်ကြီး



သာမညတောင် ဆရာတော်ကြီး ဇာတိမှာ ဘားအံမြို့နယ်၊ ကော့ကျိုက်ပအိုဝ်းရွာဖြစ်သည်။ မွေးတော် ဦးတောင်အို၊ မယ်တော် ဒေါ်မအုံးမှ ၁၂၇၄ ခုနှစ်၊ ပထမဝါဆိုလဆန်း ၆ ရက်၊ ဗုဒ္ဓဟူးနေ့ ဖွားမြင်သည်။ ငယ်နာမည်မှာ ခွန်ရွှေပိုင်း ဖြစ်သည်။ မွေးချင်း လေးဦးရှိရာ တတိယမြောက်သားဖြစ်ပါသည်။ အသက် ၁၃ နှစ်အရွယ်တွင် သာမဏေဘဝ ခံယူပါသည်။ ဘွဲ့အမည်မှာ ရှင်ဝိနယ ဖြစ်သည်။ ထို့နောက် အသက် ၂၀ အရွယ်တွင် မိဘနှစ်ပါး၏ ပစ ယာနုဂ္ဂဟကို ခံယူတော်မူသည်။ ပရိယတ်ိ စာပေများကို သင်ကြားခဲ့ပြီးနောက် ကျောင်းနှစ်ကျောင်းထိုင် ဆရာတော်ဘဝဖြင့် ဘဝ၏အဖိုးတန်အချိန်များကို ကုန်ဆုံးလိုခြင်းမရှိပေ။ အရှုံဉဝါသီ တောရပ်မှီကာ ကိုယ့်တရားကိုယ်ထုတ်၊ ကိုယ့်အလုပ်ကိုယ်လုပ်ချင်ပြီ။ အခါအခွင့်စောင့်လင့်နေရာ အခွင့်သာသည်နှင့် သာမညတောင်သို့ တိတ်တဆိတ် ထွက်ကော်မူသည်။ ဆရာတော်ကြီးသည် တရားအားထုတ်ရာ တရားထူးရတော်မူပြီး ထူးခြားသောဂုဏ်ရည်များနှင့် ပြည့်ကာ မေတ္တာ ၊ ကရုဏာ ကြီးမားပြီး အစဉ်သဖြင့်အေးချမ်းလျက်ရှိပါသည်။ ဆရာတော်ကြီးကို ဖူးမြော်ရသူတိုင်း မေတ္တာဓာတ်ခိုက်ပြီး စိတ်ချမ်းသာမှု အပြည့်အဝရရှိခြင်း၊ ဆင်းရဲချမ်းသာ၊ လူကြီးလူငယ်၊ မျက်နှာကြီးငယ်မရွေး တစ်သွေးတည်း တစ်သားတည်း ထားရှိတော်မူလေသည်။ သာမညဆရာတော်ကြီးသည် ၈.၁၂.၂၀၀၃ တွင် စုတိကမ္မဇ ပ်ချုပ်သိမ်းသွားတော်မူခဲ့ပါသည်။


●



www.burmeseclassic.com

www.burmeseclassic.com

# လယ်တီဆရာတော်ကြီး



လယ်တီဆရာတော်ကြီးကို ကောဇာသက္ကရာဇ် ၁၂၀၈ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်၊ အင်္ဂါနေ့ ညဉ့်တစ်ချက်တီးကျော်ချိန်တွင် အဖ ဦးထွန်းသာ၊ အမိ ဒေါ်ကျုံး တို့မှ ဖွားမြင်ခဲ့သည့် ထိုစဉ်က (က) အခါမဟုတ်တဲ မိုးကြီးရွာခြင်း၊ (ခ) သိကြားမင်းလေးသက်တင်ရေးခေါ် စိုသက်တံ့ကြီး အိမ်ဝင်းအတွင်းမှ ကောင်းကင်သို့ ပေါ်ထွက်နေခြင်း၊ (ဂ) အရောင်အဝင်း အလင်းလုံးကြီးတစ်ခု ခြံဝင်းအတွင်းရှိ ဝါးလုံးများမှ အသံမြည်ဟီး ဖြစ်ပေါ်လာပြီး အိမ်ကိုရစ်ပတ်ကာ ကောင်းကင်ထက်သို့ တက်သွားခြင်း၊ (ဃ) လူသူတော်ကြီးတစ်ဦးလာရောက်စောင့်ရှောက်ခြင်း စသော နိမိတ်ထူးတို့ ဖြစ်ခဲ့သည်။

လယ်တီဆရာတော်တွင် မွေးချင်း လေးယောက် အနက်မှ ဒုတိယသားဖြစ်သည်။ ငယ်အမည်မှာ မောင်တက်ခေါင်ဖြစ်သည်။ ၁၀ နှစ်သားမှ စ ဆရာတော်ဦးနန္ဒယံသို့ အပ်နှံခဲ့ပါသည်။ ၁၈ နှစ်တွင် သာမဏေဝတ် ဘွဲ့အမည်မှာ ရှင် ဉာဏဓဇ ဖြစ်သည်။ အသက်ပြည့် ရဟန်းဘဝရောက်ခဲ့ပြီးနောက် ရဟန်းစာပေများစွာ သင်ကြားခဲ့ပြီးနောက် ဒီပနီကျမ်းများ ပြုစုခဲ့ပါသည်။ မုံရွာမြို့၏ မြောက်ဘက်တွင် နာနာဘာဝ အခြောက်အလှန့် အားကြီးသော လယ်တီတော တည်ရှိလေသည်။ ၎င်းတောတွင် လိုက်ပို့သူအားလုံး ပြန်လွှတ်ပြီး တစ်ပါးတည်းနေရစ်ခဲ့ပြီး တရားအားထုတ်တော်မူရာမှ တရားထူးရ လယ်တီတိုက်ကြီး ဖြစ်လာသည်။ သက္ကရာဇ် ၁၂၈၅ ခုနှစ်၊ ပထမ ဝါဆိုလပြည့်နေ့ မွန်းလွဲ ၂ နာရီ မိနစ် ၃၀ အချိန်တွင် စုတိကမ္မဇရုပ် ချုပ်သိမ်းသွား တော်မူလေသည်။




လယ်တီဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်ကို တပည့်ကြီးဦးနန္ဒ၏ နတ်မြင်းပုံယာဉ်ကြီးပေါ်တင်၍ ပူဇော်သည်။



www.burmeseclassic.com

www.burmeseclassic.com

# မြင်းခြံစွန်းလွန်းဆရာတော် ဦးကဝိ



စွန်းလွန်းဆရာတော်ဖြစ်မည့် စွန်းလွန်းလောင်းလျာ ဦးကျော်ဒင်ကို မြင်းခြံမြို့တောင်လက်ယာ၊ မဟာဂါမ စွန်းလွန်းရွာဌာနတွင် ခမည်းတော် ဦးသန်၊ မယ်တော် ဒေါ်တုတ်ဇါဝမ်းမှာ ကိန်းအောင်း ၁၂၃၉ ခုနှစ် တပေါင်း သဆန်း ၂ ရက်၊ တနင်္လာနေ့ နံနက် ၄ နာရီထိုးခါနီး အချိန်တွင် မွေးဖွားခဲ့ပါသည်။ ထူးခြားသည့်ပုံသွင်နှင့် ကျော်စောထင်ရှားသော နိမိတ်များကြောင့် ဦးခေါင်းဆေးမင်္ဂလာပြုသည့်အခါ၌ မောင်ကျော်ဒင်ဟု ကင်ပွန်းတပ် အမည်ပေးခဲ့လေသည်။ သားသမီးသုံးယောက်အနက် ဦးကျော်ဒင်သည် ဒုတိယသားဖြစ်လေသည်။

ကိုကျော်ဒင်ကို ငယ်စဉ်က မြင်းခြံမြို့၊ မင်းကျောင်းဆရာတော်ထံအပ်နှံ စာပေသင်ကြားစေခဲ့သော်လည်း ဝဏ်ထုံထိုင်းလှ စာကောင်းစွာမတတ်သည်နှင့် ၁၅ နှစ်အရွယ်တွင် ဖခင်ဦးသန်နှင့်အတူ မြင်းခြံမြို့ အရေးပိုင်မင်းနုံးတော်၌ မင်းခစားလုပ်ခဲ့ပါသည်။ အရွယ်ရောက်လာသောအခါ တစ်ရွာတည်းနေ 'မရွှေရီ'နှင့် အိမ်ထောင်ကျပါသည်။ သားသမီးလေးယောက် ထွန်းကားခဲ့သည်။ လူဝတ်ကြောင်ဘဝမှာ မနေချင်တော့သဖြင့် ဦးကျော်ဒင် ပဥ္စင်းတက်လိုက်လေသည်။ ပဥ္စင်းရဟန်းဖြစ်ပြီးနောက်တွင် ဖြစ်ပျက်တရားများကို တစိုက်မတ်မတ် အားထုတ်ခဲ့ရာ မြင်းခြံစွန်းလွန်းဆရာတော်ဦးကဝိအဖြစ် ထင်ပေါ်ကျော်ကြားလာခဲ့လေသည်။

၁၂၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်၊ ကြာသပတေးနေ့ ည ၁၀ နာရီအချိန်ခန့်တွင် ပထမအကြိမ် တရားထူးကိုရတော်မူသည်။ ၁၂၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်၊ စနေနေ့ ည ၁၀ နာရီအချိန် ဒုတိယအကြိမ် တရားထူးကို ရတော်မူပြန်လေသည်။ ၁၂၈၂ ခုနှစ်၊ ၀တ်သလင်းလပြည့်ကျော် ၁၃ ရက်၊ တနင်္လာနေ့ ည ၁၀ နာရီအချိန်လောက် တွင် တစ်ကိုယ်လုံးရှိသမျှ အကြောအခြင်ပြတ်သွား မတတ် အလွန်ပြင်းလှတဲ့ ဝေဒနာကို ရတော်မူပြန် လေသည်။

စွန်းလွန်းဆရာတော်ကြီးသည် ၁၃၁၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်၊ စနေနေ့ ညနေ ၅ နာရီအချိန်တွင် တစ်ဘဝ၊ တစ်ခန္ဓာ ချုပ်ငြိမ်းသွားလေတော့သည်။ တစ်ဘဝ၊ တစ်ခန္ဓာ ချုပ်ငြိမ်းသွားသော်လည်း ကြွင်းကျန်ခဲ့သော ပိကလာပ်တော်သည် ယနေ့တိုင် မပုပ်မသိုးဘဲ ကျန်ရှိခဲ့လေတော့သည်။

•••



www.burmeseclassic.com

www.burmeseclassic.com

# သဲအင်းဂူဆရာတော်ကြီး



သဲအင်းဂူဆရာတော်လောင်းလျာကို ခတ်ဗိန္ဒော ဆရာကြီး ဦးသောတာနှင့် ဒေါ်မယ်အံတို့မှ ၁၂၇၄ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်၊ တနင်္ဂနွေနေ့၊ ခရစ်နှစ် ၁၉၁၃၊ မတ်လ ၁၆ ရက်၊ နံနက် ၁၀ နာရီခန့် နှောကုန်းကျေးရွာမှာ မွေးဖွားသန္ဓေစင်ခဲ့ပါသည်။ မွေးချင်း ခုနစ်ဦးရှိသည့် အနက်မှ တတိယသားဖြစ်သည်။ အမည်မှာ မောင်အောင်ထွန်း ဖြစ်သည်။ ၁၆ နှစ်တိုင်တိုင် အတာ ပုထုဇဉ်ဘဝနဲ့ ကြီးပြင်းလာသည့်အလျောက် ဒုစရိုက်အမျိုးမျိုးကို ကျူးလွန်ခဲ့လေသည်။ အစိုးရရဲ့အပြစ်ဒဏ်ကိုလည်း ခံခဲ့ရပါသည်။

သေစာ၊ ရှင်စာကိုပင် အနိုင်နိုင်ဖတ်ရသည်။ မောင်အောင်ထွန်းသည် တစ်နေ့ စွန်းလွန်းဆရာတော်ဘုရားကြီးရဲ့ ထေ ပ တ ိကိုဖတ်ပြီး သူဖြစ်လျှင်ကိုယ်လည်း ဖြစ်ရမည်။ လူသေလျှင်သေ၊ မသေလျှင် ကိလေသာသေ တရားရစိတ်ခတ်ဖြင့် နှောကုန်းကျေးရွာ ကျောင်းလေးကျောင်း (သိမ်)အတွင်းမှာ ကိုးပါးသီလခံယူ သိမ်တံခါးကို ပိတ်ပြီး ဝင်လေထွက်လေ စကာ နှမ့်မလွတ်စေဘဲ စူတင်ကျင့်ကာ တစ်နေ့ကို ၁၆ နာရီ တရားအားထုတ်ခဲ့သည်။ ယောဂီကိုအောင်ထွန်းသည် တရားထိုင်သည့်နေ့ကစပြီး ကိုးရက်မြောက်သည့်အခါ ဘုန်းကြီးကျောင်း(သိမ်)အတွင်းကနေ ရွှေ့ပြောင်းပြီး အစ်မကြီး ဒေါ်ဖွားစိန်၏ ခြံအတွင်းရှိ ဆေးဖိုးပင်အောက် တရားအားထုတ်ခဲ့သည်။

ဤဆေးဖိုးပင်အောက်မှာပင် ၁၃၂၁ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်၊ စနေနေ့တွင် ပထမတရားထူးသောတပတ ိမဂ်ကို ရတော်မူပါသည်။ ဒုတိယတရားထူးကို ၁၃၂၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်၊ စနေနေ့တွင် သကဒါဂါမိမဂ်ကို ရတော်မူပါသည်။ တတိယတရားထူးကို ၁၃၂၁ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်၊ အင်္ဂါနေ့တွင် အနာဂါမိမဂ်ကို ရတော်မူသည်။ စတုတ္ထ တရားထူးကို ၁၃၂၃ ခုနှစ်၊ နယုန်လဆန်း ၇ ရက်၊ စနေနေ့တွင် အရဟတ္တ မဂ်ရရှိပြီး ရဟန္တာဖြစ်တော်မူပါသည်။ ဤဆေးဖိုးပင်ကြီးသည် ဆရာတော်ဘုရားကြီး၏ အောင်မြေဖြစ်လေသည်။


၁၉၇၃ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့မှာ သဲအင်းဂူဆရာတော်ကြီးသည် တစ်ဘဝ၊ တစ်ခန္ဓာ ချုပ်ငြိမ်းသွားတော်မူပါသည်။ ၁၉၇၆ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့ ရောက်တော်မူသောအခါ မှန်ကျောင်းတော်မှာ သုံးနှစ်နီးပါး ပူဇော်ခံခဲ့ပြီးနောက်

အန္တိမအဂ္ဂိဈာပန မီးပူဇော်ခဲ့ပါသည်။ မီးသင်္ဂြိုဟ်ပူဇော်ရာ၌ ဓာတ်တော်များကျသည့်အပြင် အတော်များများ မီးမခဘဲ ကျန်ခဲ့ပါသည်။ လက်ဝဲ၊ လက်ယာမျက်ရှင်တော် နှစ်ဆူ၊ အံတော်တို့ မပြုမကွဲတည်ရှိတဲ့ ဓာတ်တော်များ ဖူးတွေ့ရပါသည်။ လက်ဝဲ၊ လက်ယာမျက်ရှင်တော် နှစ်ဆူနှင့် အံတော်တို့ကို မှော်ဘီသဲအင်းဂူကျောင်းတိုက်တွင် အပူဇော်ခံထားလျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## သက္ကရာဇ် ၁၃၇၇-၁၃၇၈ ခုနှစ်အတွက်
## (၂၀၁၆ ခုနှစ်အတွက်)

# ၁၂ ရာသီ တစ်နှစ်စာ ဟောစာတမ်း

■ မင်္ဂလာဦးရွှေအိုး

ယခုဖော်ပြမည့် ဟောကိန်းများသည် ၁၂ လ ရာသီဖွားများအတွက်ဖြစ်ပြီး ခရစ်နှစ်အားဖြင့် ၂၀၁၆ခုနှစ်အတွက်ဖြစ်ပြီး မြန်မာသက္ကရာဇ်အနေဖြင့် ၁၃၇၇ခု နှစ်မှသည် ၁၃၇၈ ခုနှစ်အတွင်း ဖြစ်ပါသည်။

ဤ၌ မိဿရာသီဖွားများအတွက် မတ်လ ၂၁ ရက်မှ ဧပြီလ ၂၀ ရက်ထိ (တန်ခူးလ)ကို ရည်ညွှန်းပါသည်။

- ပြိဿရာသီဖွားများအတွက် ဧ ပြီလ ၂၁ ရက်မှ မေလ ၂၁ ရက်ထိ (ကဆုန်လ)ကို ရည်ညွှန်းပါသည်။
- မေထုန်ရာသီဖွားများအတွက် မေလ ၂၂ ရက်မှ ဇွန်လ ၂၁ ရက်အထိ (နယုန်လ)ကို ရည်ညွှန်းပါသည်။
- ကရကဋ်ရာသီဖွားများ အတွက် ဇွန်လ ၂၂ ရက်မှ ဇူလိုင်လ ၂၂ ရက်ထိ (ဝါဆိုလ)ကို ရည်ညွှန်းပါသည်။
- သိဟ်ရာသီဖွားများ အတွက် ဇူလိုင်လ ၂၃ ရက်မှ ဩဂုတ်လ ၂၃ ရက်ထိ (ဝါခေါင်လ)ကို ရည်ညွှန်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com

- ကန်ရာသီဖွားများအတွက် ဩဂုတ်လ ၂၄ ရက်မှ စက်တင်ဘာလ ၂၂ ရက်ထိ (တော်သလင်းလ)ကို ရည်ညွှန်းပါသည်။
- တူရာသီဖွားများအတွက် စက်တင်ဘာလ ၂၃ ရက်မှ အောက်တိုဘာလ ၂၃ ရက်ထိ (သီတင်းကျွတ်လ)ကို ရည်ညွှန်းပါသည်။
- ဗြိစ္ဆာရာသီဖွားများအတွက် အောက်တိုဘာလ ၂၄ ရက်မှ နိုဝင်ဘာ လ ၂၂ ရက်ထိ (တန်ဆောင်မုန်းလ)ကို ရည်ညွှန်းပါသည်။
- ဓနုရာသီဖွားများအတွက် နိုဝင်ဘာလ ၂၃ ရက်မှ ဒီဇင်ဘာလ ၂၁ ရက်ထိ (နတ်တော်လ)ကို ရည်ညွှန်းပါသည်။
- မကာရရာသီဖွားများအတွက် ဒီဇင်ဘာလ ၂၂ ရက်မှ ဇန်နဝါရီလ ၂၀ ရက်ထိ (ပြာသိုလ)ကို ရည်ညွှန်းပါသည်။
- ကုမ်ရာသီဖွားများအတွက် ဇန်နဝါရီလ ၂၁ ရက်မှ ဖေဖော်ဝါရီလ ၁၈ ရက်ထိ (တပို့တွဲလ)ကို ရည်ညွှန်းပါသည်။
- မိန်ရာသီဖွားများအတွက် ဖေဖော်ဝါရီလ ၁၉ ရက်မှ မတ်လ ၂၀ ရက်အထိ (တပေါင်းလ)ကို ရည်ညွှန်းပါသည်။

၂၀၁၆ခုနှစ်သို့ ရောက်ရှိလာသည့် သမယ စိတ်သစ်၊ လူသစ်၊ ခွန်အားသစ်တို့ဖြင့် မိမိတို့ဘဝကောင်းကျိုး မိသားစုကောင်းကျိုးနှင့် အများသူငါကောင်းကျိုးတို့အတွက် သယ်ပိုးထမ်းဆောင်ရင်း ကုသိုလ်ကောင်းမှုများ ဝေဖြာနိုင်ကြပါစေသတည်း။

●

## မိဿရာသီဖွားများအတွက်

မိဿရာသီ ဖွားများအတွက် ၂၀၁၆ ခုနှစ်၊ တစ်နှစ်တာကာလလုံးသည် အခြေအနေအရပ်ရပ်တို့ပြောင်းလဲကာ တိုးတက်မှုအပေါင်းတို့ တွေ့ကြုံကြရမည်ဖြစ်၏။ အကြံအစည်သစ်၊ စိတ်ကူးသစ်တို့ကို လက်တွေ့အကောင်အထည်ဖော်ရလိမ့်မည်။ ဤသို့ ရိုးသားပွင့်လင်းမှုရှိရန် လိုအပ်လှပေသည်။ လူမျိုးခြားနှင့် ပူးပေါင်းလုပ်ဆောင်သင့်က ရဲဝံ့စွာ ပူးပေါင်းဆောင်ရွက်ပါ။ ဘဝအခြေအနေထူးခြားစွာ ဖြစ်ပေါ်လာပါလိမ့်မည်။

လစဉ်လတိုင်း (၁)၊ (၂)၊ (၇)၊ (၉)၊ (၁၀)၊ (၁၇)၊ (၁၉)၊ (၂၁)၊ (၂၄)၊ (၂၇)၊ (၃၀)၊ (၃၁) စသောရက်များသည် ကံကောင်းသောရက်များဖြစ်ပြီး အပတ်စဉ် တနင်္လာ၊ အင်္ဂါ၊ သောကြာ၊ နေ့များသည် ကံကောင်းသောနေ့များဖြစ်ကြသည်။ ထိုရက်၊ ထိုနေ့များ၌ စီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော်လုပ်ဆောင်သင့်သည်။ ဤသို့ အခက်အခဲ၊ အတိုက်အခံ၊ အနှောင့်အယှက်တို့ နှင့် ကြုံရလေတိုင်း မိမိ၏အရည်အသွေး ထက်မြက်လေဟု မှတ်ယူရမည်။ မွေးရပ်ကိုခွာ၍ ဘဝတက်လမ်း ဖန်တီးလျှင်လည်း အကျိုးမမဲ့နိုင်ပါ။ ဤသို့ မည်သည့်ကိစ္စကို ဆောင်ရွက်သည်ဖြစ်စေ သက်သေသက္ခာရများထားရှိ၍ လုပ်ဆောင်သင့်ပါသည်။ နိုင်ငံရပ်ခြား စွန့်စားသွားလာ၍ လုပ်ကိုင်သူများအဖို့ အဆင်ပြေပါလိမ့်မည်။ စွန့်စားခြင်း၏ အကျိုးအမြတ်ကို ရရှိခံစားရပါမည်။ ကိုယ်ပိုင်လုပ်ငန်းများ အကျိုးပေးပါလိမ့်မည်။

အပေါင်းအသင်း မိတ်ဆွေများအပေါ် အနွံတာခံပေါင်းသင်းရာ၌ မထင်မှတ်ဘဲ သစ္စာဖောက်သူနှင့် ကြုံရတတ်သည်။ အပေါင်းအသင်းကို စိစစ်ရွေးချယ်ပေါင်းသင်းလျှင် အကောင်းဆုံးဖြစ်ပါလိမ့်မည်။ နာမည်ဂုဏ်သိက္ခာ ကျဆင်းထိခိုက်အောင်ပြုသူများနှင့် ကြုံရတတ်ပါသည်။ မိမိအပေါ် ထာဝရကောင်းကျိုးပေးမည့် မိတ်ဖက်များမှာ မိဿရာသီဖွားများ၊ သိဟ်ရာသီဖွားများနှင့် ဓနုရာသီဖွားများ ဖြစ်ကြပါသည်။ ပျိုရွယ်သူများအဖို့ အချစ်ခရီးလမ်းသည် အထစ်အငေါ့ဖြစ်နေတတ်သည်။ မိမိအပေါ် အကြင်နာကင်းမဲ့သူကိုမှ ရွေး၍ သံယောဇဉ်နှောင်ဖွဲ့မိတတ်သည်။ ပညာရေးနှင့်စပ်လျဉ်း၍ ထက်မြက်သော ဉာဏ်ရည်အစွမ်းအစကို အသုံးချ၍ အတတ်ပညာနှင့် ဘဝကို ထူထောင်နိုင်စွမ်းရှိပါလိမ့်မည်။ တိုးထွင်းဉာဏ်ကို အသုံးပြု၍ ဘဝကိုမြှင့်တင်တတ်သည်။ တည်ငြိမ်အေးချမ်းသာယာသော မိသားစုဘဝကို တည်ဆောက်နိုင်ပါလိမ့်မည်။ သားကောင်း၊ သမီးကောင်း ထွန်းကားတတ်သည်။ မျက်စိနှင့်ပတ်သက်သော ဝေဒနာများ ခံစားရတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com

လျှပ်စစ်ကြောင့်သော်လည်းကောင်း၊ အပူလောင်ခြင်းကြောင့်သော်လည်းကောင်း ဘေးဒုက္ခကြုံရတတ်သည်။

စိတ်သွားတိုင်း ကိုယ်ပါ၍ လိုရာဆန္ဒပြည့်ဝစေရန် အလုပ်ခန်း၊ အိမ်ရှိ အိပ်ခန်း တောင်ဘက်ခြမ်းအမြင့်၌ ပန်းအလှဆင်ပေးပါ။

●

## ပြိဿရာသီဖွားများအတွက်

ပြိဿရာသီဖွားများအဖို့ ဤ ၂၀၁၆ တစ်နှစ်တာကာလ၌ အခက်အခဲ အနှောင့်အယှက်များကြားမှ ပြောင်းလဲတိုးတက်ခြင်းများ ဖြစ်ပေါ်လာလိမ့်မည်။ မိမိအပေါ် အခွင့်အရေးယူသူများ၊ စကားမတည်သူများ၊ အလွဲသုံးစား လုပ်မည့်သူများနှင့် ကြုံတွေ့ရတတ်ပါသည်။ မည်သူ့ကိုမျှ ယုံစား၍မရသော အနေအထားမျိုး ဖြစ်ပါသည်။ ဖေဖော်ဝါရီလ၊ ဧပြီလ၊ ဇွန်၊ စက်တင်ဘာ၊ နိုဝင်ဘာ စသော လများသည် ကံကောင်းစေသောလများ ဖြစ်ကြပြီး လစဉ် (၁)၊ (၃)၊ (၆)၊ (၉)၊ (၁၀)၊ (၁၂)၊ (၁၅)၊ (၁၈)တို့မှာ ကံကောင်းသောရက်များဖြစ်ကာ အင်္ဂါ၊ ကြာသပတေး၊ သောကြာနေ့များမှာ ကံကောင်းစေသောနေ့များ ဖြစ်ကြပါသည်။

အလုပ်အကိုင်နှင့် စပ်လျဉ်း၍ ငွေကြေးစာရင်းဇယားတို့ ရှုပ်ထွေးတတ်ပါသည်။ အလွဲသုံးစားလုပ်သူများကြောင့် တိုးတက်မှု နှောင့်နှေးတတ်သည်။ တစ်ပါးသူ၏အကြံထက် မိမိကိုယ်တိုင် ကြံ ဆလုပ်ဆောင်သင့်သည်။ လူမှုဆက်ဆံရေးနှင့် စပ်လျဉ်း၍ အားနာလျက် ယုံလွယ်တတ်သည်။ သူတစ်ပါးအပေါ် အနစ်နာခံပေါင်းသင်းဆက်ဆံတတ်သည်။ ကိုယ်ကောင်းသလောက် ကိုယ့်အပေါ်ကောင်းသူမှာ ရှားနေတတ်သည်။ ဤ၌ ပြိဿရာသီဖွား၊ ကန်ရာသီဖွား၊ ဗြိစ္ဆာရာသီဖွား၊ မကာရရာသီဖွားတို့မှာ မိမိအပေါ် ကောင်းမွန်သည့်မိတ်ဖက်များ ဖြစ်ကြသည်။ ပျိုရွယ်သူများအဖို့ လူချစ်လူခင်ပေါများသည်။ နှလုံးသားခံစားချက်ကို ဦးစားပေး၍ လက်တွဲဖော်ကို ရွေးချယ်တတ်သည်။ ပညာရေးနှင့်စပ်လျဉ်း ၍ မှတ်သားမှုဉာဏ်ရည်မြင့်ပြီး ပညာရပ်တစ်ခုကို သေချာကျနစွာ လေ့လာတတ်သည်။ ဇွဲလုံ့လဝီရိယ ကြီးမားတတ်သည်။ ကျောင်းသင်စာသာမက ပြင်ပ ပညာရပ်များပါ ထူးချွန်တတ်မြောက်နေတတ်သည်။

မိသားစုအပေါ် သံယောဇဉ်ကြီးမားတတ်သည်။ မောင်နှမသားချင်းတို့အပေါ်၌လည်း ဘဝကိုပေးဆပ်သူ ဖြစ်နေတတ်သည်။ မိသားစုအပေါ် ဒုက္ခပေးသူများအား ရင်ဆိုင်ဖြေရှင်းရတတ်သည်။ နေရာသစ်၌ အိုးအိမ်နေရာများ ပိုင်ဆိုင်လျက် မိသားစုပိုင်စီးပွားရေးများကို အကောင်အထည် ဖော်ဆောင်ရွက်ပေးရတတ်သည်။ ကျန်းမာရေးနှင့်ပတ် သက်၍ လည်ချောင်း၊ ခံတွင်းနှင့် ပတ်သက်သောဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ သွားနာခြင်း၊ သွားကိုက်ခြင်း၊ လည်ချောင်းနာခြင်းများ ဖြစ်ပွားတတ်သည်။ ဆီးရောဂါ ခံစားရတတ်သည်။ ဤတစ်နှစ်တာကာလအတွင်း၌ အမှားအမှန်ကို ဝေဖန်သုံးသပ်၍ ဆုံးဖြတ်ချက်များချဖို့ လိုပါသည်။ စိတ်ဆန္ဒနှင့် နှလုံးသားခံစားချက်တို့ကို အလွန်အမင်းဦးစားပေးခြင်းများ မဖြစ်သင့်ပါ။ လက်စားချေခြင်း၊ အရှုံ့တိုက်ခြင်း၊ တဇွတ်ထိုးလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ။ အမှန်တရားကို ဆုပ်ကိုင်၍ မတော်မတရားပြုမူလာသူတို့အား ရင်ဆိုင်ဖြေရှင်းပစ်ပါ။ အောင်မြင်မှုရပါလိမ့်မည်။ သို့ရာတွင် စိတ်လိုက်မာန်ပါ ပြောဆိုမှုကို ရှောင်ကြဉ်ပါ။

စိတ်သွားတိုင်းကိုယ်ပါ၍ လိုရာဆန္ဒများပြည့်ဝစေရန် မိမိအိမ်၌ အရွယ် ပုံစံမတူသော ကြွေထည်၊ မြေထည် ပန်းအိုးတို့ကို အလှဆင်ပါ။

●

## မေထုန်ရာသီဖွားများအတွက်

မေထုန်ရာသီဖွားများအဖို့ ဤ ၂၀၁၆ တစ်နှစ်တာကာလပတ်လုံး၌ အရွယ်နှင့်မမျှ လုပ်ငန်းကြီး၊ တာဝန်ကြီးများကို ထမ်းရွက်ရမည်။ စိန်ခေါ်မှုများကို ရင်ဆိုင်[illegible] အောင်ပွဲများရလာလိမ့်မည်။ အထူးသဖြင့် ဤတစ်[illegible] ကာလပတ်လုံး၌ ကိုယ်ရေးကိုယ်တာကိစ္စရပ်များကို ဦးစားပေး၍မရဘဲ သူတစ်ပါးအတွက် အချိန်ပြည့်ဆောင်ရွက်ပေးနေရတတ်သည်။ ဇန်နဝါရီ၊ မတ်လ၊ မေလ၊ အော[illegible] ဘာလနှင့် ဒီဇင်ဘာလတို့သည် ကံကောင်းစေသောလများ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ကြပြီး လစဉ်လတိုင်း (၁)၊ (၅)၊ (၆)၊ (၉)၊ (၁၀)၊ (၁၄)၊ (၁၅)၊ (၁၉)၊ (၂၁)၊ (၂၃)၊ (၂၄)၊ (၂၇) စသည်တို့မှာ ကံကောင်းစေသောရက်များ ဖြစ်ကြကာ ဗုဒ္ဓဟူး၊ သောကြာ၊ တနင်္ဂနွေတို့သည် ကံကောင်းစေသောနေ့များ ဖြစ်ကြပါသည်။

အလုပ်အကိုင်နှင့် စပ်လျဉ်း၍ ဆောင်ရွက်သမျှ အဆင်ပြေချောမွေ့ပါလိမ့်မည်။ အခက်အခဲ၊ အတားအဆီး မှန်သမျှကို ကျော်လွှားနိုင်ပြီး အများ၏ ယုံကြည်အားထားခြင်းကို ခံရပါလိမ့်မည်။ ခက်ခဲကြမ်းတမ်းသောအလုပ်က ပို၍ အကျိုးပေးတတ်ပါသည်။ လူမှု ဆက်ဆံရေးနှင့်စပ်လျဉ်း၍ ပရဟိတလုပ်ငန်းရပ်များကို စိတ်ပါဝင်စားတတ်သည်။ သူတစ်ပါးအတွက် ကိုယ်ကျိုးစွန့်ရန် ဝန်မလေးတတ်။ အမှန်တရားဘက်မှရပ်တည်ကာ တိုက်ပွဲဝင်တတ်သည်။ မေထုန်ရာသီဖွားများ၊ တူရာသီဖွားများ၊ မြိဿရာသီဖွားများ၊ ကုမ်ရာသီဖွားများသည် မိမိအပေါ် ကောင်းမွန်သော မိတ်ဖက်များဖြစ်ကြသည်။ ပျိုရွယ်သူများအဖို့ ချစ်ရေးချစ်ရာနှင့်စပ်လျဉ်း၍ အရာရာကို ဆင်ခြင်နိုင်းဆတတ်သူဖြစ်ရာ ခံစားချက် သက်သက်ကိုချည်း ဦးစားမပေးတတ်ပေ။ ပညာရေးနှင့်စပ်လျဉ်း၍ ဉာဏ်အား ကိုးနှင့် ပေါ့ပေါ့တန်တန်လုပ်ခြင်း၊ မိမိကိုယ်ကို ယုံကြည်မှုလွန်ကဲခြင်းများကို ရှောင်ကြဉ်သင့်သည်။ သို့ဆိုပါက အများသူငါထက် ပို၍ထူးချွန်ထက်မြက်သူဖြစ်တတ်သည်။

မိဘ မောင်နှမသားချင်းများအတွက် မိမိဘဝကိုပေးဆပ်ရန် ဝန်မလေး။ တစ်မိပေါက်တစ်ယောက်တွန်း အဖြစ်နှင့် ဆွေမျိုးအင်းအိုင်းအပိုင်းတို့အလယ်၌ အားကိုးအားထားရာဖြစ်တတ်သည်။ ထင်ရာစိုင်းတတ်သော အကျင့်ကို ဖျောက်ပစ်ဖို့လိုသည်။ ကျန်းမာရေးနှင့်စပ်လျဉ်း၍ အာရုံကြောအားနည်းခြင်း၊ အဆုတ်ဝေဒနာဖြစ်ခြင်း၊ ရင်ကျပ်ခြင်း၊ အကြောညက်ခြင်း၊ လေထိုးလေအောင့်ဖြစ်ခြင်း၊ ခန္ဓာကိုယ်ကိုက်ခဲခြင်း၊ သူတစ်ပါးထံမှ ရောဂါကူးစက်ခံရခြင်းတို့ ဖြစ်တတ်သည်။ ပြတ်သားမယောင်နှင့် တွေဝေဒွိဟဖြစ်ခြင်း၊ နှစ်ဖက်အမြင်သုံးသပ်မှု လွန်ကဲခြင်းနှင့် အလုပ်အကိုင်အကြံအစည်တစ်ခုပြီးမြောက်အောင် ဆောင်ရွက်နိုင်ခြင်းမရှိမီ အခြားအလုပ်တစ်ခုကို စတတ်သော အကျင့်ကြောင့် အများအားယွင်းဖြစ်တတ်သည်။

စိတ်သွားတိုင်းကိုယ်ပါ၍ လိုရာဆန္ဒပြည့်ဝစေရန်အတွက် အလုပ်စားပွဲ၌ ဝင်ရိုးပေါ်လည်နိုင်သည့် စားပွဲတင်ကမ္ဘာလုံးကိုထားပါ။ အခန်းတွင်း ပြဒါးတိုင် ချိတ်ဆွဲထားပါ။

●

## ကရကဋ်ရာသီဖွားများအတွက်

ကရကဋ်ရာသီဖွားများအဖို့ ဤ ၂၀၁၆ တစ်နှစ်တာကာလ၌ အကြံသစ်၊ ဉာဏ်သစ်တို့ကို လက်တွေ့အသုံးချ၍ ကိစ္စရပ်များစွာကို ဆောင်ရွက်နိုင်မည်။ ဘဝအခြေအနေ တိုးတက်မြင့်မားပြီး ဝင်ငွေဥစ္စာများ တိုးတက်ပါလိမ့်မည်။ ယှဉ်ပြိုင်လာသူအားလုံးကို အနိုင်ရမည်။ ပြည်ပအလုပ်အကိုင်များ ပွင့်လန်းလျက် တိုင်းတစ်ပါးသားတို့နှင့် ဆက်ဆံလုပ်ကိုင်ရတတ်သည်။ ဤတစ်နှစ်တာကာလအတွင်း ဧပြီလ၊ ဇွန်လ၊ ဩဂုတ်လနှင့် အောက်တိုဘာလတို့သည် ကံကောင်းစေသောလများ ဖြစ်ကြ၍ လစဉ် (၁)၊ (၂)၊ (၄)၊ (၇)၊ (၁၀)၊ (၁၁) (၁၃)၊ (၁၆)၊ (၁၉)၊ (၂၀)၊ (၂၂)၊ (၂၅) စသောရက်များသည် ကံကောင်းစေသောရက်များဖြစ်ကြကာ တနင်္ဂနွေ၊ တနင်္လာ၊ သောကြာတို့သည် ကံကောင်းစေသောရက်များ ဖြစ်ကြပါသည်။

အလုပ်အကိုင်နှင့် စပ်လျဉ်း၍ တစ်ပါးသူတို့ ကြံစည်ဆောင်ရွက်သည့် နည်းစနစ်တို့နှင့်မတူ၊ ခြားနားသော ဉာဏ်ပရိယာယ် အတွေးအခေါ်တို့ကို အသုံးချ၍ အောင်မြင်မှုသရဖူဆောင်းတတ်သည်။ စိန်ခေါ်မှုအပေါင်းတို့ကို စွန့်စားလုပ်ဆောင်ရန် ဝန်မလေးတတ်ပေ။ လူမှုဆက်ဆံရေးနှင့် စပ်လျဉ်း၍ အပေါင်းအသင်း မိတ်ဆွေများအပေါ် အနစ်နာခံတတ်သည်။ တစ်ပါးသူတို့အပေါ်တွင် အကူအညီတောင်းခံလေ့မရှိ။ ကိုယ်ကသာလျှင် အကူအညီပေးလိုသူ ဖြစ်သည်။ ကရကဋ်ရာသီဖွား၊ မြိဿရာသီဖွား၊ မကာရရာသီဖွား၊ မိန်ရာသီဖွားတို့မှာ မိမိအပေါ် ကောင်းမွန်သည့် မိတ်ဖက်များဖြစ်ကြသည်။ ပျိုရွယ်သူများအဖို့ ချစ်သူအပေါ် အလိုလိုက်အကြိုက်ဆောင်တတ်သည်။ အသည်းကွဲအောင် ဖုကွပေးသူကိုပင် ခွင့်လွှတ်မေတ္တာထားတတ်သည်။ ပဓာဝန်းကျင်ကို ဥပေက္ခာ



www.burmeseclassic.com

www.burmeseclassic.com

ပြုကာ အချစ်ကိုဦးစားပေးတတ်သည်။ ဉာဏ်ရည်ထက်မြက်ပြီး မှတ်သားနိုင်စွမ်းအား မြင့်မားတတ်သည်။

မိဘမောင်နမသားချင်းတို့ အားကိုးအားထားပြုလောက်သည့်သူ ဖြစ်တတ်သည်။ မိသားစုအပေါ် ဒုက္ခပေးနေသည့် မောင်နမသားချင်းအချို့၏ ပြဿနာအရပ်ရပ်ကို ဖြေရှင်းပေးရတတ်သည်။ ကိုယ်ရေးကိုယ်တာထက် မိဘတို့အပေါ် ဦးစားပေးတတ်သည်။ ကျန်းမာရေးနှင့်စပ်လျဉ်း၍ ဤနှစ်ကာလအကွင်း ရောဂါဝေဒနာ ကြီးကြီးမားမားမကျရောက်တတ်ပါ။ အနေအထိုင်အစားအသောက်များယွင်းမှုကြောင့် ဝေဒနာရောဂါဟောင်းများ ပြန်လည်ပေါ်လာတတ်သည်။ အပျော်လွန်ကဲခြင်း၊ သောက်စားမှုးယစ်ခြင်းတို့ကြောင့် ဘေးဥပဒ်အန္တရာယ်များ ဖြစ်ပွားတတ်သည်။ ခိုက်ရန်ဖြစ်ပွားလွယ်၍ ကိုယ်လက်အင်္ဂါများ ထိခိုက်တတ်သည်။ ရန်ကိုရန်ချင်းမတုံ့နှင်းဘဲ ခွင့် လွှတ်စိတ်ထားပါ။ မေတ္တာစိတ်ကို အရင်းခံ၍ ရန်အပေါင်းကို အေးငြိမ်းအောင် ဆောင်ရွက်ပါ။ စိတ်လိုက်မာန်ပါ မလုပ်မိပါစေနှင့်။

စိတ်သွားတိုင်းကိုယ်ပါ၍ လိုရာဆန္ဒပြည့်ဝစေရန် စဉ့်အင်တုံတစ်ခုအတွင်း ကြာပန်းပင်ကို ထိုးစိုက်၍ နေအိမ်ဝန်းကျင်၌ ထားပေးပါ။

●

## သိဟ်ရာသီဖွားများအတွက်

သိဟ်ရာသီဖွားများအဖို့ ဤ ၂၀၁၆ တစ်နှစ်တာကာလ၌ ရည်ရွယ်ချက်သစ်နှင့် ဘဝရည်မှန်းချက်တို့ကို လက်တွေ့ အကောင်အထည် ဖော်ဆောင်နိုင်ပြီး ကောင်းကျိုးရလာဒ်များ ရရှိပါလိမ့်မည်။ အတိုက်အခံပြုသူများအပေါ် အနိုင်ရရှိမည်။ နိုင်ငံတကာသို့ ခြေဆန့်၍ လူမျိုးခြားတို့နှင့်ဆက်ဆံလုပ်ကိုင်ရသောအလုပ်များ အောင်မြင်ဖြစ်ထွန်းလာပါလိမ့်မည်။ ဤတစ်နှစ်တာ ကာလအတွင်း ဖေဖော်ဝါရီလ၊ မေလ၊ ဇူလိုင်လ၊ စက်တင်ဘာလ၊ နိုဝင်ဘာလများသည် ကံကောင်းစေသောလများဖြစ် ကြ၏။ လစဉ်လတိုင်း (၁)၊ (၂)၊ (၆)၊ (၉)၊ (၁၀)၊ (၁၁)၊ (၁၅)၊ (၁၀)၊ (၁၉)၊ (၂၀)၊ (၂၄)တို့သည် ကံကောင်းစေသောရက်များ ဖြစ်ကြပြီး တနင်္ဂနွေ၊ ဘုန်ဟူး၊ သောကြာတို့သည် ကံကောင်းစေသောနေ့များ ဖြစ်ကြပါသည်။

အလုပ်အကိုင်နှင့် စပ်လျဉ်း၍ ရည်ရွယ်ချက်မြင့်မားပြီး ဖြစ်လိုသောကိစ္စရပ်များကို ဖွဲ့နပဲကြီးစွာ လုပ်ဆောင်တတ်ပါသည်။ တစ်ပါးသူတို့လုပ်ကိုင်၍ အဆင်မပြေနိုင်သောအလုပ်များကို အောင်မြင်ပြီးမြောက်စွာ လုပ်ဆောင်နိုင်စွမ်းရှိတတ်သည်။ လူမှုဆက်ဆံရေးနှင့်စပ်လျဉ်း၍ လူအများအပေါ် ဦးဆောင် ဦးရွက်ပြုရပြီး ဩဇာအရှိန်အဝါ ကြီးမားတတ်ပါသည်။ အဖွဲ့အစည်းကိစ္စရပ်များတွင် အရာရောက်စွာ ပါဝင်ရတတ်ပြီး လူမှုရေးစိတ်ဓာတ်ပြည့်ဝသူအဖြစ် အသိအမှတ်ပြုခံရတတ်သည်။ ပျိုရွယ်သူတို့အဖို့ ချစ်သူအပေါ် လိမ်ညာလှည့်စားခြင်း၊ ကောက်ကျစ်စဉ်းလဲခြင်းတို့မရှိဘဲ ပကတိသစ္စာရှိစွာနှင့် ရိုးဖြောင့်စွာ ချစ်တတ်သူဖြစ်သည်။ ဉာဏ်ပညာ ပါရမီဓာတ်ခံ ကောင်းမွန်ပြီး သိလွယ်၊ သင်လွယ်၊ တတ်လွယ်သူဖြစ်၏။ အဆင့်မြင့်ပညာရပ်များကို ထွန်းပေါက်အောင် သင်ယူခွင့်ရပြီး ပညာရပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်သည်။

တစ်မိပေါက် တစ်ယောက်ထွန်း ထက်မြက်သူဖြစ်၍ မိဘသားချင်းတို့ အားကိုးအားထားပြုရသူဖြစ်သည်။ မိသားစုဆိုင်ရာ ကိစ္စရပ်များကို ဦးဆောင်ဖြေရှင်းပေးနိုင်စွမ်းရှိသူဖြစ်သည်။ ကျန်းမာရေးနှင့်စပ်လျဉ်း၍ အဆုတ်အမေးရောင်ခြင်း၊ နလုံးရောဂါအမျိုးမျိုး ခါးနာခါးကိုက်ခြင်း၊ အကြောညပ်ခြင်းတို့ ဖြစ်တတ်သည်။ သွေးတိုးဝေဒနာ ဒုက္ခပေးတတ်၏။ မိမိအပေါ် ခုတုံးလုပ်၍ ကိုယ်ကျိုးရှာသူများ၊ အမည်အသုံးချ၍ မရိုးမသားပြုသူများ၊ ယုံကြည်မှုကို အလွဲသုံးစားပြု၍ အနီးကပ်သစ္စာဖောက်သူများ စသူတို့ကို ဆင်ခြင်သတိပြုရန် အရေးကြီး၏။ မာန်မာနကို လျှော့သင့်၏။ စိတ်မြန်လက်မြန်အကျင့်ကို ဆင်ခြင်သင့်၏။

စိတ်သွားတိုင်းကိုယ်ပါ၍ လိုရာဆန္ဒတို့ပြည့်ဝစေရန် ကြွေလင်ဗန်းတစ်ခုအတွင်း ပိုက်ဆံကြွေပြားတို့အလယ်တွင် စစ်တုရင်ကစားသော ဘုရင်ရုပ်တု ကိုထား၍ အမြင့်တစ်နေရာတွင် တင်ထားပေးပါ။

●



www.burmeseclassic.com

www.burmeseclassic.com

## ကန်ရာသီဖွားများအတွက်

ကန်ရာသီဖွားများအဖို့ ဤ ၂၀၁၆ တစ်နှစ်တာကာလ၌ ငွေကြေးကံကောင်းမည်။ မိတ်ဆွေကောင်းတို့၏ အကူအညီများရမည်။ ခက်ခဲသောကိစ္စရပ်များကို ပြေလည်အောင် ဖြေရှင်းနိုင်မည်။ ဦးဆောင်လုပ်ကိုင်သည့်လုပ်ငန်းများ အောင်မြင်မှုရရှိမည်။ လုပ်ငန်းဝင်ငွေများတိုးပွားကာ ဩဇာအရှိန်အဝါများ ကြီးမားလာမည်။ အများ၏ အာရုံစိုက်ခြင်းကို ခံရတတ်သည်။ ဤတစ်နှစ်တာကာလအတွင်း ဇန်နဝါရီလ၊ မတ်လ၊ မေလ၊ ဇူလိုင်လ၊ အောက်တိုဘာလ၊ ဒီဇင်ဘာလများသည် ကံကောင်း စေသောလများဖြစ်ကြ၏။ လစဉ် (၁)၊ (၃)၊ (၅)၊ (၉)၊ (၁၀)၊ (၁၄)၊ (၁၉)၊ (၂၁)၊ (၂၃)၊ (၂၇)၊ (၂၈)၊ (၃၀) စသောရက်များသည် ကံကောင်းစေသော ရက်များဖြစ်ကြပြီး အင်္ဂါ၊ ဗုဒ္ဓဟူး၊ သောကြာတို့သည် ကံကောင်းစေသည့်နေ့များ ဖြစ်ကြသည်။

အလုပ်အကိုင်နှင့်စပ်လျဉ်း၍ ခက်ခဲနေသော ပြဿနာများကို ပြေလည်အောင် ဖြေရှင်းပေးနိုင်မည်။ ဝေဖန်နှောင့်ယှက် တိုက်ခိုက်နေသူများ၏ ထိုးနှက်မှုများကို ပယ်ရှားနိုင်မည်။ အပြင်ရန်ထက် အတွင်းပဋိပက္ခရန်များကို ဦးစားပေးဖြေရှင်းရတတ်သည်။ လူမှုဆက်ဆံရေးနှင့်စပ်လျဉ်း၍ အများကိစ္စ၊ အဖွဲ့အစည်းကိစ္စများကို အလေးပေးဆောင်ရွက်ရတတ်သည်။ စိတ်စေတနာထက်သန်စွာနှင့် ဆောင်ရွက်ရင်း မကြာခဏ ထိပ်တိုက်ရင်ဆိုင်စရာ ပြဿနာများ တွေ့ကြုံရတတ်သည်။ ပြိဿရာသီဖွား၊ ကန်ရာသီဖွား၊ မကာရရာသီဖွား၊ မိန်ရာသီဖွားများသည် မိမိအပေါ် ကောင်းမွန်သော မိတ်ဖက်များဖြစ်ကြသည်။ ပျို့ရွယ်သူများအဖို့ ကိုယ့်အပေါ် နားလည်မှု အပြည့်ရှိသူကို ဦးစားပေး၍ မေတ္တာထားတတ်သည်။ ကိုယ်တိုင်ရွေးချယ်သော ချစ်သူကိုသာ ဘဝဖော်မွန်အဖြစ် လက်တွဲလေ့ရှိသည်။

ပညာရေးနှင့်စပ်လျဉ်း၍ စာပေဘာသာစကားတို့တွင် ပါရမီကောင်းနေတတ်သည်။ မတူခြားနားသော အတတ်ပညာတို့ကိုလည်း လေ့လာအောင်မြင်တတ်သည်။ နိုင်ငံတကာအဆင့်မီ အတတ်ပညာရပ်များကို တတ်မြောက်ကျွမ်းကျင်မည်။ တစ်မိပေါက်တစ်ယောက်ထွန်းဖြစ်လျက် သားချင်းများ၏ အခက်အခဲပြဿနာရပ်များကို ဖြေရှင်းပေးရတတ်သည်။ ကျန်းမာရေးနှင့်စပ် လျဉ်း၍ ဝမ်းဗိုက်ပိုင်းဆိုင်ရာ ရောဂါဝေဒနာများ ဖြစ်ပွားတတ်သည်။ ထို့ပြင် အူကျခြင်း၊ အူရောင်ခြင်း၊ အူအတက်ပေါက်ခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်းတို့ ကြုံရတတ်သည်။ သည်းခြေ၌ ကျောက်တည်တတ်သည်။ ခန္ဓာကိုယ်သန့်ရှင်းမှုကို ဂရုပြုသင့်သည်။ ရောဂါဖြစ်လာလျှင် ဆေးမြီးတိုနှင့် မကုသသင့်။ တတ်ကျွမ်းနားလည်သူတို့နှင့် ကုသသင့်သည်။

စိတ်သွားတိုင်းကိုယ်ပါ၍ လိုရာဆန္ဒပြည့်ဝစေရန် ကြွေထည်မြေထည်တို့နှင့် အလှဆင်ထားသော ပန်းပုရုပ်များကို အလုပ်ခန်း၊ ဧည့်ခန်းတို့၌ ထားပေးပါ။

●

## တူရာသီဖွားများအတွက်

တူရာသီဖွားများအဖို့ ဤ ၂၀၁၆ တင်နှစ်တာကာလ၌ သူတစ်ပါး၏ အကူအညီအထောက်အပံ့မလိုဘဲ မိမိကိုယ်တိုင် ဆောင်ရွက်လုပ်ကိုင်ခြင်းဖြင့် အောင်မြင်တိုးတက်မှုများရရှိမည်။ မရောက်ဖူးသော အရပ်ဒေသများသို့ လှည့်လည်သွားရောက်၍ လူမျိုးကွဲ၊ လူမျိုးခြားတို့နှင့် နိုင်ငံရပ်ခြားထိတိုင် ဆက်စပ်လုပ်ကိုင်ရတတ်သည်။ စွန့်စားဆောင်ရွက်ရသော လုပ်ငန်းများ အောင်မြင်တိုးတက်ပါလိမ့်မည်။ ဤတစ်နှစ်တာကာလအတွင်း ဖေဖော်ဝါရီ၊ ဧပြီ၊ ဇွန်၊ စက်တင်ဘာနှင့် နိုဝင်ဘာလများသည် ကံကောင်းစေသောလများ ဖြစ်ကြသည်။ လစဉ် (၁)၊ (၃)၊ (၅)၊ (၈)၊ (၁၀)၊ (၁၂)၊ (၁၄)၊ (၁၈)၊ (၁၉)၊ (၂၁)၊ (၂၃)၊ (၃၀) စသောရက်များသည် ကံကောင်းစေသောရက်များ ဖြစ်ကြပြီး ဗုဒ္ဓဟူး၊ ကြာသပတေး၊ စနေနေ့များသည် ကံကောင်းစေသောနေ့များ ဖြစ်ကြသည်။

အလုပ်အကိုင်နှင့် စပ်လျဉ်း၍ ကိုယ်ပိုင်အစွမ်းအစကို လက်တွေ့အသုံးချ၍ ငွေကြေးဥစ္စာများ တိုးတက်ရရှိမည်။ လုပ်ငန်းခွင်အတွင်း လုပ်ရိုးလုပ်စဉ်မဟုတ်သော အလုပ်ကိစ္စများ ဆောင်ရွက်ရတတ်သည်။ လူမျိုးခြားများနှင့်လည်း ပူးပေါင်းလုပ်ကိုင်ရတတ်သည်။ အလုပ်နေရာဝန်းကျင်အတွင်း အပြောင်းအလဲများ တွေ့ကြုံရတတ်သည်။ လူမှုဆက်ဆံရေး



www.burmeseclassic.com

www.burmeseclassic.com

နှင့်စပ်လျဉ်း၍ ပရိယာယ်ကို မသုံးဘဲ ပေါဟောဒိုင်းဒိုင်း ပွင့်လင်းစွာ ပြောဆိုသည့်အတွက်ကြောင့် မကြာခဏ မိတ်ပျက်ဆွေပျက်ဖြစ်တတ်သည်။ တူရာသီဖွား၊ သိပ်ဟ်ရာသီဖွား၊ မေထုန်ရာ သီဖွား၊ ကုမ်ရာသီဖွားများသည် မိမိအပေါ် ကောင်းကျိုးပြုမည့် မိတ်ကောင်းဆွေကောင်းများ ဖြစ်ကြသည်။ အချစ်ရေးနှင့်စပ်လျဉ်း၍ လူချစ်လူခင်ပေါ်များမည်။ သူချစ်ကိုလိုလားသည်။ ချစ်သူများကြားမှ မည်သူမည်ဝါ၏ ဩဇာစွက်ဖက်မှုမပါဘဲ ဘဝအဖော်မွန်ကို ရွေးချယ်တတ်သည်။

ပညာရေးနှင့်စပ်လျဉ်း၍ အတတ်ပညာကို လိုလားစိတ်ရှိလျက် ထူးချွန်ထက်မြက် ပေါက်ရောက်မှုရှိအောင် ဆောင်ရွက်တတ်သည်။ တီထွင်ဖန်တီးမှုစွမ်းရည် မြင့်မားတတ်သည်။ နိုင်ငံတကာအဆင့်မီ ဘွဲ့လွန်ပညာများကို သင်ကြားခွင့်ရမည်။ ကျန်းမာရေးနှင့်စပ်လျဉ်း၍ ခါးနှင့်ပတ်သက်သော ဝေဒနာအမျိုးမျိုး ခံစားပေးတတ်သည်။ အသည်းရောဂါ၊ ကျောက်ကပ်ရောဂါ၊ ဆီးရောဂါတို့ ဝင်ရောက်တတ်သည်။ အနေအထိုင် အစားအသောက်ကို ဆင်ခြင်ဖို့လိုသည်။ အမောဖောက်လွယ်၍ ခန္ဓာကိုယ်အား ပြင်းထန်စွာလှုပ်ရှားမှုမျိုးကို ရှောင်ကြဉ်သင့်သည်။ မိသားစုအပေါ် တွယ်တာစိတ်ကြီးမားတတ်သည်။ ချို့တဲ့သော ဆွေမျိုးသားချင်းများအပေါ် ကူညီစောင်မစိတ် ကြီးမားတတ်သည်။

စိတ်သွားတိုင်းကိုယ်ပါ၍ လိုရာဆန္ဒပြည့်ဝစေရန် အတွက် ကြေးဝါနှင့်ပြုလုပ်ထားသော အလှဆင်ပစ္စည်းများကို အိမ်၏ညှော်ခန်းတွင်လည်းကောင်း၊ အလုပ်ခန်းတွင်သော်လည်းကောင်း ထားရှိသင့်သည်။

•

## ဗြိစ္ဆာရာသီဖွားများအတွက်

ဗြိစ္ဆာရာသီဖွားများအဖို့ ဤ ၂၀၁၆ တစ်နှစ်တာကာလ၌ နေရာသစ်ချဲ့ထွင်ခြင်း၊ နေထိုင်မှုအခြေအနေ ပြောင်းလဲခြင်းများနှင့် ကြုံရမည်။ အများကိစ္စ၊ အဖွဲ့အစည်းကိစ္စရပ်များတွင် ထွန်းထွန်းပေါက်ပေါက် ဦးဆောင်ရတတ်သည်။ နာမည်ကြီးခြင်း၊ အရှိန်အဝါကြီးခြင်းတို့ ကြုံရမည်။ လမ်းသစ်ထွင်၍ အကြံအစည်အသစ်တို့ကို လက်တွေ့ အကောင်အထည်ဖော်သင့်သည်။ ဤတစ်နှစ်တာကာလအတွင်း ဇန်နဝါရီလ၊ မတ်လ၊ ဇွန်လ၊ ဩဂုတ်လ၊ အောက်တိုဘာလများသည် ကံကောင်းစေသောလများဖြစ်ကြ၏။ လစဉ် (၁)၊ (၃)၊ (၆)၊ (၉)၊ (၁၀)၊ (၁၇)၊ (၁၉)၊ (၂၁)၊ (၂၄)၊ (၂၅)၊ (၂၇)၊ (၃၀)တို့သည် ကံကောင်းစေသည့် ရက်များဖြစ်၍ အင်္ဂါ၊ ကြာသပတေး၊ သောကြာနေ့များသည် ကံကောင်းစေသောနေ့များ ဖြစ်ကြပါသည်။

အလုပ်အကိုင်နှင့် စပ်လျဉ်း၍ ကြွယ်ဝချမ်းသာခြင်းနှင့် ကောင်းသော ကျော်ကြားခြင်းတို့ကို ဖြစ်ပေါ်စေမည့် လုပ်ငန်းလမ်းကြောင်းကို စတင်နိုင်မည်။ မိမိက ငွေနောက်သို့လိုက်ရန်မလိုဘဲ မိမိနောက်သို့သာ ငွေကြေးက လိုက်လာလိမ့်မည်။ လူမှုဆက်ဆံရေးနှင့်စပ်လျဉ်း၍ အနစ်နာခံခြင်း၊ ပေးဆပ်ခြင်းနှင့် သံယောဇဉ်ကြီးမားခြင်းတို့ကို ဦးစားပေးလေ့ရှိသည်။ ပေပေတေတေ ပြောဆို နေထိုင်သူအပေါ် ပိုမိုခင်မင်ရင်းနှီးစွာ ပေါင်းဖော်တတ်သည်။ ကိုယ်တိုင်နှုတ်လုံ သစ္စာရှိ၍ မိမိကဲ့သို့ နှုတ်လုံသစ္စာရှိသူကို ရွေးချယ်ပေါင်းသင်းတတ်သည်။ ဤ၌ ဗြိစ္ဆာရာသီဖွား၊ ပြိဿရာသီဖွား၊ ကရကဋ်ရာသီဖွားများနှင့် မိန်ရာသီဖွားများသည် မိမိအပေါ် ကောင်းသောမိတ်ဖက်များဖြစ်ကြသည်။ ပျိုရွယ်သူများအဖို့ အချစ်နှင့်ပတ်သက်လျှင် အရှုအမှုးစွဲလမ်းတတ်သည်။ အမှတ်သညာကြီးပြီး အလိုရှိသောအချစ်ကို မရ ရအောင် ကြံဆောင်တတ်သည်။

ပညာရေးနှင့် စပ်လျဉ်း၍ ကျောင်းစာထက် ပြင်ပစာပေတို့ကို စိတ်ဝင်စားတတ်သည်။ သင်ပြလျှင် တတ်လွယ်သည်။ မိသားစုအရေးနှင့်စပ်လျဉ်း၍ တစ်မူထူးခြားနေတတ်သည်။ ပြန်မပြော နားမထောင်၊ စိတ်ထင်ရာလုပ်ဆောင်တတ်သည်။ ကျန်းမာရေးနှင့်စပ်လျဉ်း၍ ဆီးလမ်းကြောင်းဝေဒနာ၊ အူလမ်းကြောင်းဝေဒနာများ၊ နူးနာခြင်း၊ ဝမ်းမမှန်ခြင်းများ၊ အမျိုးသမီးဖြစ်ပါက မီးယပ်ဝေဒနာ၊ သားအိမ်သွေးသားဝေဒနာများ ခံစားရတတ်သည်။ အစားအသောက်၊ အနေအထိုင် ဂရုပြုရန် အရေးကြီးပါသည်။

စိတ်သွားတိုင်းကိုယ်ပါ၍ လိုရာဆန္ဒပြည့်ဝစေရန်အလို့ငှာ ကင်းမြီးကောက်ပုံ ရင်ထိုး၊ လည်ဆွဲတို့ကို ဝတ်ဆင်အသုံးပြုပါ။

•



www.burmeseclassic.com

www.burmeseclassic.com

## ဓနုရာသီဖွားများအတွက်

ဓနုရာသီဖွားများအဖို့ ဤ ၂၀၁၆ တစ်နှစ်တာကာလ၌ ငွေကြေးအကျိုးအမြတ်အတွက် အဓိကမဟုတ်ဘဲ စေတနာထား၍ဆောင်ရွက်သော ကိစ္စတို့မှ ထူးခြားသောအောင်မြင်မှုများ ရရှိတတ်ပါသည်။ အများအပေါ် ဦးဆောင်သူဖြစ်တတ်ပြီး နာမည်ဂုဏ်သတင်း ထင်ရှားပါလိမ့်မည်။ ရပ်ဝေး၌ ရင်းနှီးမြှုပ်နှံထားမှုများ အကျိုးအမြတ်ရရှိမည်။ လူမျိုးခြားနှင့် ဆက်စပ်လုပ်ဆောင်မှုများ အောင်မြင်မှုရရှိပါလိမ့်မည်။ စနစ်တကျ ဆောင်ရွက်တတ်သည်။ ဤတစ်နှစ်တာ ကာလအတွင်း မတ်လ၊ ဇူလိုင်လ၊ စက်တင်ဘာလ၊ ဒီဇင်ဘာလများသည် ကံကောင်းစေသောလများ ဖြစ်ကြသည်။ လစဉ် (၁)၊ (၃)၊ (၆)၊ (၉)၊ (၁၀)၊ (၁၂)၊ (၁၅)၊ (၁၈)၊ (၂၁)၊ (၂၄)၊ (၂၇)၊ (၃၀) စသောရက်များသည် ကံကောင်းစေသောရက်များဖြစ်ကြပြီး အပတ်စဉ် အင်္ဂါနေ့၊ ဗုဒ္ဓဟူးနေ့၊ ကြာသပတေးနေ့များသည် ကံကောင်းစေသော နေ့များဖြစ်ကြသည်။

အလုပ်အကိုင်နှင့် စပ်လျဉ်း၍ အများသူငါနှင့်မတူဘဲ တစ်မူထူးခြား၍ ဆန်းသစ်စွာ လုပ်ကိုင်တတ်သည်။ အတတ်ပညာကို အခြေခံ၍ လုပ်ငန်းများကို အကောင်အထည်ဖော်ရမည်။ လက်ရှိနေရာကို တင်းတိမ်ရောင့်ရဲတတ်သူမဟုတ်။ လူမှုဆက်ဆံရေးနှင့်စပ်လျဉ်း၍ အားနာညှာတာမှုမရှိဘဲ ပြတ်သားစွာ ပြောဆိုတတ်ခြင်းကြောင့် မကြာခဏ ပဋိပက္ခဖြစ်တတ်သည်။ အပေါင်းအသင်း မိတ်ဆွေများအပေါ်၌ လိုက်လျောစိတ်ကြီးမားတတ်သည်။ မိဿရာသီဖွား၊ မေထုန်ရာသီဖွား၊ သိဟ်ရာသီဖွား၊ ဓနုရာသီဖွားများသည် မိမိအပေါ် ကောင်းကျိုးပေးမည့် မိတ်ဆွေကောင်းများဖြစ်ကြသည်။ ဖူးစာရှင်သူများအဖို့ နှလုံးသားခံစားချက်နှင့် ချစ်ခြင်းမေတ္တာအပေါ် လွတ်လပ်စွာ ခံစားခံ့ဖြတ်တတ်သည်။ ချစ်ရေးချစ်ရာတို့တွင် အခြားသူတို့အား ရင်ဖွင့်ပြောဆို တိုင်ပင်ခြင်းမပြုဘဲ မိမိဘာသာ စွန့်စားဆုံးဖြတ်တတ်သည်။

ပညာရေးနှင့်စပ်လျဉ်း၍ တတ်သိကျွမ်းကျင်သော ပညာရပ်များအပေါ် အသုံးချနိုင်စွမ်းရှိ၏။ ပညာရပ်တစ်ခုကို နက်နက်ရှိုင်းရှိုင်းလေ့လာတတ်၏။ မှတ်ဉာဏ်စွမ်းရည်မြင့်မားပြီး အရာရာကို ဆက်စပ်တွေးခေါ် စဉ်းစားနိုင်စွမ်းရှိ၏။ ကျန်းမာရေးနှင့်စပ်လျဉ်း၍ ကျောရိုးအောက်ပိုင်း မြီးညှောင့်ရိုးနှင့် တင်ပဆုံရိုးတစ်ဝိုက်တွင် မတော်တဆထိခိုက်မှုများဖြစ်တတ်သည်။ ပေါင်အရင်းပိုင်း နာကျင်ကိုက်ခဲတတ်သည်။ လေးဘက်နာ ဖြစ်တတ်သည်။ ခါးနာ၊ ခါးကိုက်ခြင်း ဖြစ်မည်။ အရိုးအဆစ်နှင့်ပတ်သက်သော ရောဂါဝေဒနာများ ဖြစ်ပွားတတ်သည်။ မတော်တဆ ထိခိုက်ဒဏ်ရာရတတ်၏။ [illegible]ရာသီဖွားများသည် ကိုယ့်လမ်းကိုယ်ထွင်၍ အဆင့်မြင့်သော အနေအထားရောက်အောင် စွမ်းဆောင်နိုင်သောသူများ ဖြစ်ကြသည်။ မိမိထက် အသက်ကြီးသောသူတို့နှင့် မတူခြားနားသော ဘဝအနေအထားဖြင့် ကြီးပြင်းလာတတ်ကြသည်။

စိတ်သွားတိုင်းကိုယ်ပါ၍ လိုရာဆန္ဒပြည့်ဝစေရန်အတွက် မြားပုံရင်ထိုးနှင့် အလှဆင်ပစ္စည်းများ၊ မြားပုံပါသောဘောပင်၊ အသုံးအဆောင်ပစ္စည်းတို့ကို သုံးစွဲပါ။ မြားပုံရုပ်ထုရှိက ဆောင်ထားပါ။

●

## မကာရရာသီဖွားများအတွက်

မကာရရာသီဖွားများအဖို့ ဤ ၂၀၁၆ တစ်နှစ်တာကာလ၌ အခြားသူများနှင့် ပူးပေါင်းလုပ်ကိုင်ခြင်းထက် ကိုယ်ပိုင်အတွေးအခေါ် အကြံအစည်တို့ကို ဦးစားပေး၍ ရှေ့တိုးဆောင်ရွက်ခြင်းမှ ဘဝအခြေအနေ တိုးတက်မြင့်မားတတ်သည်။ ခေါင်းမာခြင်း၊ တဇွတ်ထိုးလုပ်ခြင်း၊ တစ်ကိုယ်တော်သီးသန့်လုပ်ကိုင်ခြင်းသည် အချို့တိုင်းတွင် အဆိုးစရိုက်ဖြစ်လင့်ကစား ဤ ၂၀၁၆နှစ် ကာလ၌ ထိုစရိုက် သဘာဝများကပင် အောင်မြင်မှုအထွတ်အထိပ်သို့ ပို့ဆောင်ပေးတတ်ပါသည်။ ဤတစ်နှစ်တာကာလအတွင်း ဖေဖော်ဝါရီလ၊ ဧပြီလ၊ ဇူလိုင်လ၊ စက်တင်ဘာလ၊ နိုဝင်ဘာလများသည် ကံကောင်းစေသောလများ ဖြစ်ကြသည်။ ဤတစ်နှစ်တာ၏ လစဉ်လတိုင်း (၁)၊ (၃)၊ (၅)၊ (၆)၊ (၈)၊ (၁၀)၊ (၁၄)၊ (၁၇)၊ (၂၁)၊ (၂၃)၊ (၂၆)၊ (၃၀) စသောရက်များသည် ကံကောင်းစေသောရက်များဖြစ်ကြပြီး အပတ်စဉ် တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ စနေနေ့များသည် ကံကောင်းစေသောနေ့များ ဖြစ်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အလုပ်အကိုင်နှင့် စပ်လျဉ်း၍ အပြိုင်အဆိုင်များ၊ ထိပ်တိုက်ရင်ဆိုင်စရာများကို တွေ့ကြုံရမည်။ မိမိအနစ်နာခံ၍ စနစ်တကျလုပ်ခြင်းအပေါ် အခွင့်အရေးယူသူ၊ အမြတ်ထုတ်သူများနှင့် တွေ့တတ်သည်။ အပြောင်းအလဲနှင့် တိုးတက်မှုများ ယှဉ်တွဲဖြစ်ပေါ်နေမည်။ ကာလရှည်ကြာစွာ ရင်းနှီးထားရမည့်အလုပ်များကို ရှောင်ကြဉ်သင့်သည်။ လူမှုဆက်ဆံရေးနှင့်စပ်လျဉ်း၍ ရင်းနှီးသောမိတ်ဆွေအနည်းငယ်သာ ထားလေ့ရှိသည်။ မိတ်ဆွေသင်္ဂဟတို့အပေါ်၌ ပေးဆပ်ကူညီလိုစိတ် ကြီးမားတတ်သည်။ အများအကျိုးအတွက် ရှက်ဆောင်ရန် အဆင်သင့်ရှိနေတတ်သည်။ သည်းခံမှုအတိုင်းအတာ မြင့်မားသူများလည်း ဖြစ်ကြသည်။ ထင်ပေါ်ကျော်ကြားမှုကို မလိုက်စားတတ်။ ဤ၌ မကာရရာသီဖွား၊ ပြိဿရာသီဖွား၊ ကရကဋ်ရာသီဖွား၊ ကန်ရာသီဖွားများသည် မိမိအတွက်ကောင်းသော မိတ်ဖက်များဖြစ်ကြသည်။ ပျိုရွယ်သူများအဖို့ အချစ်ရေး၌ မေတ္တာကိုတန်ဖိုးထားတတ်ပြီး နှလုံးသားခံစားချက်၏ စေစားမှုကို ဦးစားပေးတတ်သည်။ ပေးဆပ်အနစ်နာလိုစိတ် ကြီးမားသူဖြစ်၏။ ပညာရေး၌ နက်နဲသော အတတ်ပညာများ၊ အတွေးအခေါ်နှင့် ဆက်စပ်သော အတတ်ပညာရပ်များကို လေ့လာ၍ ထွန်းထွန်းပေါက်ပေါက်ဖြစ်မည်။

အိမ်တွင်းရေးနှင့် စပ်လျဉ်း၍ မိသားစုအလုပ်စီးပွားတို့ကို ဦးဆောင်ဦးရွက်ပြုရတတ်သည်။ မောင်နှမသားချင်းတို့အပေါ်တွင် ပေးဆပ်အနစ်နာခံစိတ် ကြီးမားတတ်သည်။ ကျန်းမာရေးနှင့်စပ်လျဉ်း၍ အရိုးပွခြင်း၊ ကျိုးပေါက်းတက်ခြင်း၊ အရိုးအပိုထွက်ခြင်း၊ သွားနှင့်ခံတွင်း ရောဂါဝေဒနာများ ဖြစ်ပွားတတ်သည်။ နူးခေါင်းနာကျပေးတတ်သည်။ အရေပြားအပေါ်၌ အနာများပေါက်တတ် သည်။ အပူလောင်ခြင်းနှင့် ကြုံရတတ်သည်။

စိတ်သွားတိုင်းကိုယ်ပါ၍ လိုရာဆန္ဒပြည့်ဝစေရန်အတွက် ရွှေရောင် ခါးပိုက်ဆောင်နာရီတစ်လုံး ဝယ်၍ဆောင်ပါ။ အကြွေစေ့တစ်စေ့ကို ရွှေရောင်သုတ်၍ ပိုက်ဆံအိတ်အတွင်း၌ ဆောင်ထားပါ။

●

## ကုမ်ရာသီဖွားများအတွက်

ကုမ်ရာသီဖွားများအဖို့ ဤ ၂၀၁၆ တစ်နှစ်တာကာလ၌ မူလဘဝအခြေအနေထက်သာလွန်သော အနေအထားတစ်ခုသို့ ဦးတည်ပြောင်းလဲတတ်ပါသည်။ စိတ်လှုပ်ရှားမှုကို ထိန်းချုပ်နိုင်လေ ကောင်းလေဖြစ်၏။ မိမိအပေါ် ကောင်းမွန်သောအကြံဉာဏ်များ ပေးမည့်သူထက်(မိမိမှကောင်းမွန်အောင် ဆောင်ရွက်ထားသည်ကိုပင်) အဆိုးမြင်ရှုထောင့်မှ ကဲ့ရဲ့ဝေဖန်ရှုတ်ချသူများ ပေါ်လာတတ်သည်။ နိုင်ငံရပ်ခြားနှင့် ဆက်သွယ်လုပ်ကိုင်ခြင်းများ အောင်မြင်မှုရရှိမည်။ အခြားသူများအပေါ် ယုံကြည်ခြင်းထက် မိမိအပေါ် မိမိ ယုံကြည်ခြင်းက ပို၍အကျိုးများတတ်၏။ တစ်နှစ်တာကာလအတွင်း ဖေဖော်ဝါရီလ၊ ဧပြီလ၊ ဇွန်လ၊ ဩဂုတ်လ၊ နိုဝင်ဘာလများသည် ကံကောင်းစေသောလများ ဖြစ်ကြသည်။ လစဉ်လတိုင်း (၁)၊ (၂)၊ (၄)၊ (၇)၊ (၁၀)၊ (၁၇)၊ (၁၉)၊ (၂၀)၊ (၂၁)၊ (၂၃)၊ (၂၅)၊ (၃၁) စသောရက်များသည် ကံကောင်းစေသောရက်များ ဖြစ်ကြ၍ အပတ်စဉ်တနင်္ဂနွေနေ့ တနင်္လာနေ့၊ သောကြာနေ့များသည် ကံကောင်းစေသောနေ့များ ဖြစ်ကြပါသည်။

အလုပ်အကိုင်နှင့် စပ်လျဉ်း၍ အပြောတစ်မျိုး လက်တွေ့တစ်မျိုး စကားမမြဲ ကတိမတည်သောသူများနှင့် တွဲဖက်လုပ်ဆောင်ခြင်းဖြင့် အခက်အခဲကြုံခြင်း၊ လွဲချော်ခြင်းများ ဖြစ်တတ်သည်။ အကုန်အကျများမည်။ ပစ္စည်းလောင်ခြင်း၊ ဈေးကစားခြင်းတို့ကို တတ်နိုင်သမျှရှောင်ပါ။ စာရွက်စာတမ်းတို့၌ လက်မှတ်ထိုးရတော့မည်ဆိုလျှင် စနစ်တကျ ဖတ်ကြည့်ပြီးမှ လက်မှတ်ထိုးပါ။ အရောင်းအဝယ်ကိစ္စများ၌ စနစ်တကျ စိစစ်ဆေးပြီးမှ ရောင်းဝယ်ပါ။ လူမှုဆက်ဆံရေးနှင့် စပ်လျဉ်း၍ အပြိုင်အဆိုင် အတိုက်အခံများနှင့် အပြိုင်ဆိုင်တိုက်ခိုက်ရတတ်သည်။ အင်အားနည်းသူ၊ အဖိနှိပ်ခံရသူတို့ဘက်မှ အမြဲရပ်တည်တတ်၏။ သူတစ်ပါးအကျိုးကို အဓိကထား၍ သယ်ပိုးလိုစိတ် ကြီးမားတတ်သည်။ ဤ၌ ကုမ်ရာသီဖွား၊ မေထုန်ရာသီဖွား၊ သိဟ်ရာသီဖွား၊ တူရာသီဖွားများသည် မိမိအတွက် ကောင်းမွန်သော မိတ်ဆွေများဖြစ်ကြသည်။

ပျိုရွယ်သူများအဖို့ ချစ်ခြင်းမေတ္တာအပေါ် ခံစား



www.burmeseclassic.com

www.burmeseclassic.com

[illegible]ကြသည်။ [illegible]အေးချမ်းသော [illegible]ကို ထည့်ဆောက်လိုတတ်သည်။ [illegible]ကြပြီးကာမှ အချစ်ဦးနှင့် လက်တွဲရတတ်သည်။ အိမ်တွင်းရေးနှင့်စပ်လျဉ်း၍ တစ်မိပေါက်တစ်ယောက်ထွန်း ဖြစ်တတ်သည်။ မိဘမောင်ဖွား သားချင်းဆွေမျိုးများအပေါ် ဦးဆောင်ဦးရွက်ပြုရတတ်သည်။ ကျန်းမာရေးနှင့် စပ်လျဉ်း၍ နှာခေါင်းပိုင်းခြေထောက်နှင့် စပ်လျဉ်းသောဝေဒနာများ ခံစားရတတ်သည်။ ချော်လဲခြင်းနှင့် မတော်တဆထိခိုက် ဒဏ်ရာရမှုများ ကြုံတတ်သည်။ သွေးလည်ပတ်မှု မမှန်မကန်ဖြစ်တတ်သည်။ ခြေသလုံးကြွက်သား အားနည်းကာ မကြာခဏ တက်တတ်သည်။

စိတ်သွားတိုင်းကိုယ်ပါ၍ လိုရာဆန္ဒပြည့်ဝစေရန် ရေတံခွန်စီးကျနေသော ပေါ်ရှိများကို အိမ်ထဲ‌ေညှ့်ခန်း၊ အလုပ်ခန်းတို့၌ ချိတ်ဆွဲထားပါ။ စောင်းကောက်ပုံ ပန်းချီကားချပ်များကိုလည်း ချိတ်ဆွဲထားသင့်ပါသည်။

●

## မိန်ရာသီဖွားများအတွက်

မိန်ရာသီဖွားများအဖို့ ဤ ၂၀၁၆ တစ်နှစ်တာကာလ၌ အလုပ်အကိုင်စီးပွားရေးနှင့် ငွေကြေးကိစ္စတို့တွင် အကျိုးအမြတ်များရရှိပြီး ဘဝအဆင့်အတန်း တိုးတက်ပါလိမ့်မည်။ အငြိုးအငြင်များကို ကျော်လွှားနိုင်မည်။ နာမည်ဂုဏ်သတင်းမွှေးတတ်သည်။ ဆုံးဖြတ်ချက်မှန်ကန်မည်။ ကာလကြာရှည်ရသင့်ရ ထိုက်သောကိစ္စတို့ လက်ဝယ်ပြန်လည်ရရှိအောင် ဆောင်ရွက်နိုင်လိမ့်မည်။ ရင်းနှီးမြှုပ်နှံမှုများမှ အကျိုးဖလခံစားရမည်။ နိုင်ငံတကာနှင့် ဆက်စပ်လုပ်ဆောင်သောလုပ်ငန်းများ အကျိုးပေးမည်။ လူအများ၏ စိတ်ဝင်စားမှုကို ခံရမည်။ ဤတစ်နှစ်တာကာလအတွင်း ဇန်နဝါရီလ၊ မတ်လ၊ မေလ၊ ဩဂုတ်လ၊ အောက်တိုဘာလများသည် ကံကောင်းစေသောလများ ဖြစ်ကြ၏။ လစဉ်လတိုင်း (၁)၊ (၂)၊ (၃)၊ (၇)၊ (၁၀)၊ (၁၁)၊ (၁၆)၊ (၁၇)၊ (၁၉)၊ (၂၀)၊ (၂၅)၊ (၃၀) စသောရက်များသည် ကံကောင်းစေသောရက်များ ဖြစ်ကြပြီး အပတ်စဉ် တနင်္လာ၊ ကြာသပတေး၊ သောကြာနေ့များသည် ကံကောင်းစေသော နေ့များဖြစ်ကြသည်။

အလုပ်အကိုင်နှင့် စပ်လျဉ်း၍ မွေးရပ်ကိုကျော်၍ အရပ်တစ်ပါးထိ ထွန်းပေါက်ကာ အောင်မြင်မှုများရရှိတတ်သည်။ အကြံကောင်းဉာဏ် ကောင်းတို့နှင့် လမ်းသစ်ထွင်ကာ ဆောင်ရွက်နိုင်စွမ်းရှိသည်။ လက်တွေ့ ဆောင်ရွက်သောအခါ ဝေဖန်သူများကာပင် အံ့ဩသွားလောက်အောင် စွမ်းဆောင်မှုထက်မြက်ထူးချွန်နေတတ်သည်။ ပြည်ပနိုင်ငံများသို့သွား၍ စီးပွားလုပ်ကိုင်လျှင် အထူးပင် အောင်မြင်တိုးတက်မည်။ လူမှုဆက်ဆံရေးအနေဖြင့် သူတစ်ပါးအကျိုးရှိစေရန် လိုလားနှစ်သက်စွာ ကူညီတတ်သည်။ ကျယ်ပြန့်သောအသိုင်းအဝိုင်း၌ လှုပ်ဝင်ဆန့်တတ်သည်။ ဤ၌ မိန်ရာသီဖွား၊ ကရကဋ်ရာသီဖွား၊ ကန်ရာသီဖွား၊ ဗြိစ္ဆာရာသီဖွားတို့သည် ကောင်းမွန်သော မိတ်ဖက်များ ဖြစ်ကြ၏။ ပျို့ရွယ်သူများအနေဖြင့် အစွဲအလမ်းကြီးမားတတ်သည်။ စိတ်ကူးယဉ်အချစ်ကို လက်တွေ့ အကောင် အထည်ဖော်ဆောင်တတ်သည်။ နှလုံးသားရေးရာနှင့် ပတ်သက်လျှင် ဆွေမျိုး၊ အသိုင်းအဝိုင်း၊ ပတ်ဝန်းကျင်ကို ဆန့်ကျင်ဘက်အတိုက်အခံပြု၍ ဘဝကိုထူထောင်တတ်သည်။

ပညာရေးနှင့် စပ်လျဉ်း၍ ထူးခြားလေးနက်သော ပညာရပ်များအပေါ် စိတ်ဝင်တစားနှင့် လေ့လာဆည်းပူးတတ်သည်။ အတတ်ပညာကို လိုလားသောစိတ်နှင့် ထိပ်တန်းရောက်အောင် ဆောင်ရွက်နိုင်စွမ်းရှိသူဖြစ်သည်။ မိသားစုအရေးနှင့် စပ်လျဉ်း၍ မိသားစုအပေါ်တွင် ကာကွယ်စောင့်ရှောက်တတ်၏။ မိဘအပေါ် ရှိသေသော်လည်း ပြန်မပြောနားမထောင်သမားဖြစ်၏။ ကျန်းမာရေးနှင့်စပ်လျဉ်း၍ ခြေထောက်ပိုင်း၌ မတော်တဆထိခိုက်ဒဏ်ရာရတတ်၏။ သွေးနှင့်ပတ်သက်သောရောဂါဝေဒနာ ခံစားရတတ်သည်။ အစားအသောက်၊ ဆေးဝါးတို့မှားယွင်းတတ်၍ အစဉ်အမြဲ သတိရှိဖို့လိုသည်။

စိတ်သွားတိုင်းကိုယ်ပါ၍ လိုရာဆန္ဒပြည့်ဝစေရန် အတွက် ငါးရပ်ပုံရင်ထိုးတို့ကို သုံးစွဲပါ။ နေအိမ်အရှေ့ (သို့မဟုတ်) အလုပ်ခန်းအရှေ့တို့တွင် လှပသော စဉ့်အင်တုံအတွင်း ကြာပန်းပင်ကို စိုက်ပျိုးထားရှိပါ။

မင်္ဂလာဦးရွှေအိုး



www.burmeseclassic.com

www.burmeseclassic.com

# ပေဟိုရှင်ချမ်းမြေ့ရှိ

## ကံကြမ္မာကောင်းများ သယ်ဆောင်လာသော

# နှစ်သစ်ဖြစ်စေသော်

**ဒေါက်တာစောထူနွယ်**

**Ph.D (Tantra) (Kol-India) Astrologer**

နှစ်တစ်နှစ်ကနေ နောက်နှစ်သစ်ကူးတာ၊ ပြောင်းလဲတာ လောကဓမ္မတာ ဖြစ်စဉ်တစ်ခုပါပဲ။ ကျွန်မတို့ ရွှေမြန်မာလူမျိုးတွေရဲ့ မြန်မာသက္ကရာဇ် နှစ်သစ်ကူးခြင်းဟာ ယဉ်ကျေးမှုတစ်ရပ်ပါ ထည့်သွင်းတဲ့ နှစ်သစ်ကူးပြောင်းပါပဲ။ လူများအားလုံး အာရုံစိုက်ရန် နှစ်သစ်ကူးကြီးကတော့ ခရစ်နှစ်ကူးခြင်းပါပဲ။ ဒါကြောင့်လည်း နှစ်ဟောင်းတစ်နှစ်ချုပ်ငြိမ်းပြီး နှစ်သစ်တစ်နှစ် ပေါ်ထွန်းလာခြင်းဟာ ကြုံစမြဲသော လောကနိယာမတစ်ခုလို့ပဲ ကျွန်မတို့ ဆိုနိုင်ပါတယ်။

ကျွန်မတို့တစ်တွေဟာ မွေးဖွားရာကနေပြီး သေဆုံးသည့်တိုင်အောင် ဘဝခရီးတစ်လျှောက်မှာ နှစ်ဟောင်း နှစ်ဟောင်းတွေဖြတ်ကျော်ပြီး ကုန်ဆုံးစေခဲ့ပြီး နှစ်သစ်တွေကို ကြိုဆိုခြင်းနှင့်အတူ ဖြတ်သန်းလာခဲ့ပါတယ်။ နှစ်ဟောင်းကို လက်ပြနှုတ်ဆက်ရင်း နှစ်သစ်ကိုလက်ကမ်းပြီး ကြိုဆိုခဲ့ကြတာပါ။ ဒါကြောင့်လည်း ကံကောင်းခြင်းတွေနဲ့ ပြည့်စုံစေတဲ့ နှစ်တစ်နှစ်အဖြစ် ကျွန်မတို့တွေဟာ မျှော်လင့်ချက်ကြီးစွာနဲ့ အားမာန်ပြည့်စွာ ကြိုဆိုကြတယ်။ မင်္ဂလာရှိတဲ့ နှစ်သစ်ဖြစ်ပါစေလို့ပဲ ဆုတောင်းတတ်ကြပါသေးတယ်။

အခု ကျွန်မတို့ကြုံတွေ့ကြမယ့် နှစ်သစ်ကတော့ ခရစ်နှစ်နဲ့ဆို ၂၀၁၆ ဟုခေါ်ပြီး ဂိနန်းဂဏန်းပေါင်းခြင်းတွေနဲ့ ကိုးဂဏန်းဆိုတဲ့ အကောင်းဆုံးကိန်းကြီးတစ်ခုကို တွေ့ကြုံပိုင်ဆိုင်ရမှာပါ။ ကိန်းဂဏန်းလို့ ကျွန်မတို့တစ်တွေ သိထားခဲ့ပါတယ်။ ဒါကြောင့်လည်း ၂၀၁၆ လို့ ပြောတဲ့ ဒီနှစ်ထဲမှာ ကြီးစိုးတဲ့ ကိန်းဂဏန်းကိုးရဲ့ စွမ်းအင်တွေကိုလည်း ကြုံတွေ့ရမယ်။ အင်္ဂါဂြိုဟ်ကို ကိုယ်စားပြုတဲ့ ကိုးဂဏန်းရဲ့ စွမ်းအင်တွေကတော့ ကိုးဂဏန်းစိုးမိုးတဲ့ နှစ်အပိုင်းအခြားမှာ မိမိတို့လူမျိုးတွေရဲ့ ကြံစည်ကြံ့စားမှုများ ပြည့်ဝမှုမရှိဘဲ အခက်အခဲတွေနဲ့ ရင်ဆိုင်ရတတ်တယ်။ ရောက်လေရာနေရာ ဌာနများမှာ ပြိုင်ဆိုင်မယ့်သူ၊ ကိုယ့်ကိုဒုက္ခပေးမယ့်သူ၊ နှောင့်ယှက်သူများနှင့်သာ ထိပ်တိုက်တွေ့ရတတ်တယ်။ နှစ်ဆန်းဝင်ဝင်ချင်းမှာပဲ အတိုက်အခံ တိုက်ပွဲတွေက ကိုယ့်ကို ကြိုစောင့်နေလိမ့်မယ်။ ဒါပေမယ့် အင်္ဂါဂြိုဟ်ကိုယ်စားပြုနေတဲ့ ကိုးဂဏန်းရဲ့အစွမ်းသတ္တိက ဘယ်လောက်ပဲ အတိုက်အခိုက်တွေ များနေပါစေ မိမိရဲ့ ပြင်းပြနိုင်မာတဲ့ ဆုံးဖြတ်ချက်တွေ၊ လုပ်ဆောင်မှုတွေကြောင့် လိုအင်ဆန္ဒများ ပြည့်ဝစေမယ့် နှစ်တစ်နှစ်ပါပဲ။ သူများ ဒိုက်ခိုက်လေ ကိုယ်က ပြောင်ပြောင်လက်လက်ဖြစ်တဲ့ အချိန်မျိုးဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီနှစ်သစ်မှာ အလုထဲမှာ အကျည်းတန်မှုတွေ၊ ရောနှောမှုတွေ ရောနှောနေတဲ့ နှစ်ဖြစ်ပါတယ်။ ကောင်းသောကိစ္စတွေ အတိုင်းထက်အလွန် ကောင်းမွန်ပြီး အဆိုးများအနေနဲ့လည်း ကမ်းကုန်အောင် ဆိုးဝါးမှုတွေ ကြုံတွေ့နေရတတ်ပါတယ်။

ဒါပေမယ့်လည်း အဆိုးအကောင်းတွေ ရောပြွမ်းနေတဲ့ ၂၀၁၆ ထဲမှာ အဆိုးတွေကို ကာကွယ်နိုင်ဖို့ အဖော်မှန်



www.burmeseclassic.com

www.burmeseclassic.com

တွေ၊ ကာကွယ်ပေးမယ့် လက်နက်ပစ္စည်းတွေ တစ်ပြိုင်တည်း ပိုင်ဆိုင်လာမှာပါ။ နောက်ပြီး ကိုးဂဏန်းစိုးမိုးတဲ့နှစ်ဟာ မိမိဘဝရဲ့ လူသားအားလုံးရဲ့ ပျောက်နေတဲ့ဘဝတွေကို ပြန်တွေ့စေမယ့် မိတ်ဆွေကောင်း အပေါင်းအဖော်တွေ၊ ဆရာသမားကဲ့သို့ လမ်းပြပေးမယ့် နည်းလမ်းသစ်တွေ မှောင်နေတဲ့လမ်းကို လမ်းပြပေးမယ့် မီးအိမ်လေးလို ထွန်းလင်းတောက်ပလာမယ့် အလင်းရောင်မာတ်တွေ အများကြီးရရှိလာမှာဖြစ်ပါတယ်။ ဒါ့အပြင် ကိုးဂဏန်းရရှိတဲ့ ၂၀၁၆ ခုနှစ်ဟာ သူ့ရဲ့ မူလစွမ်းအင်ကြောင့် အရင့်အရင်နှစ်တွေက စတင်လုပ်ခဲ့တဲ့ လုပ်ငန်းတွေကို ပြီးပြတ်အောင်လုပ်ဆောင်နိုင်တဲ့ နှစ်တစ်နှစ်ဖြစ်ပါတယ်။ ကိုးဂဏန်းရတဲ့နှစ်ဟာ အရှိန်အဟုန်အပြည့်နဲ့ လျင်မြန်မှုတွေကို ဖော်ကြူးတဲ့နှစ်တစ်နှစ် ဖြစ်ပါတယ်။ ဒီလိုဖြစ်တဲ့အတွက် ယခုနှစ်ရဲ့ အောင်မြင်ရေးလမ်းတွေမှာ အတားအဆီး အနှောင့်အယှက်တွေ၊ အတိုက်အခိုက်တွေ ဖြစ်လာနိုင်ပြီး ရန်းကန်ရခြင်း၊ လှုပ်ရှားရခြင်း၊ သတ်ဝီရိယနည်းပါးသွားရင် သတိဝီရိယ နည်းပါးသလောက် အောင်မြင်မှုတွေကို ဆုတ်ယုတ်နိုင်ပါတယ်။ ဒါကြောင့်လည်း ရည်မှန်းချက်နဲ့ လိုလားချက်တွေကို အချိန်ယူပြီး စနစ်တကျစီမံကိန်းတွေ(Plan) တွေချပြီး လုပ်ဆောင်နေပါတယ်။ ဒီလို ကြိုတင်ပြင်ဆင်ထားမယ်ဆိုရင် အခက်အခဲ၊ အကျိုးအကြောင်း အောင်မြင်နိုင်မှာပါ။ အရေးပေါ် ရုတ်တရက်ဖြစ်လာနိုင်တဲ့ ပျက်စီးဆုံးရှုံးခြင်းများအတွက် ကြိုတင်ပြင်ဆင်ထားခြင်း၊ ဖြောင့်ဖြူးသာယာနေသော အောင်မြင်မှုများ ယိုယွင်းပျက်စီးမှုမရှိရအောင် သတိနဲ့ ကြိုတင်ပြင်ဆင်ထားသင့်တဲ့ နှစ်တစ်နှစ်ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ် ကာလအတွင်း မိမိတို့အမိမြန်မာနိုင်ငံသာမက ကမ္ဘာ့နိုင်ငံအသီးသီးမှာလည်း စီးပွားရေး၊ လူမှုရေး ကောင်းမွန်လာနိုင်သော ကာလဖြစ်ပါတယ်။

ညှိနှိုင်းမရသော အချေအတင်ဆွေးနွေးရသော အကျပ်အတည်းများ ပြေလည်သွားတတ်ပေသည်။ အချင်းချင်း စစ်ပွဲများခင်းနေသော နိုင်ငံများ၊ လူပုဂ္ဂိုလ်များ ပြန်လည်သင့်မြတ်သွားတတ်သည်။ လူ့လောကကြီးကို အရပ်ဆိုးအောင် လူသားတွေကို သတ်ဖြတ်နေသော (IS) စစ်သွေးကြွခေါင်းဆောင်တွေကို ပြည်သူတွေရဲ့ စွမ်းအင်ကြောင့် ကျရှုံးစေတဲ့နှစ် ဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ ငြိမ်းချမ်းရေးအောင်လံလွှင့်ထူနိုင်မယ့် နှစ်တစ်နှစ်ဖြစ်ပေသည်။ နိုင်ငံအနှံ့လည်း အစိုးရပိုင်းဆိုင်ရာ၊ လွှတ်တော်ဆိုင်ရာ တရားစီရင်ရေး၌လည်း ပြုပြင်ပြောင်းလဲမှုများများ ကြုံတွေ့ရတတ်သည်။ ရာထူး၊ ဌာနအပြောင်းအလဲ ဆက်သွယ်မှုဆိုင်ရာ ပို့ဆောင်ရေးဆိုင်ရာတို့၌လည်း ပြည်ပနိုင်ငံများနှင့် ဆက်သွယ်နေသော အရပ်ဘက်အဖွဲ့အစည်းများ၊ (NGO) အဖွဲ့အစည်းများ၊ ကျန်းမာရေးအဖွဲ့အစည်းများ လွန်စွာ ပေါ်လွင်အောင်မြင်မှုများ ရလာမယ့်နှစ် ဖြစ်ပေသည်။ သို့သော် နိုင်ငံတိုင်း၏ နယ်စပ်လုံခြုံရေးကိစ္စ၊ နယ်စပ်တရားမဝင် လူဝင်လူထွက်ကိစ္စ၊ နယ်စပ်တရားမဝင် လူကုန်ကူးမှုကိစ္စများ၊ နယ်စပ်ကုန်သွယ်မှု ကိစ္စများ၌လည်း မိမိမြန်မာနိုင်ငံ အပါအဝင် နိုင်ငံတိုင်းလည်း အကြီးအကျယ် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရတတ်သည်။ သံတမန်ဆိုင်ရာပုဂ္ဂိုလ်များ၏ အပြစ်တင်ဝေဖန်ခြင်း၊ အရေးဆိုမှုများကို ခံရတတ်သည်။ ကျန်းမာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု ဥပဒေကြီးတစ်ခုကို ကမ္ဘာ့နိုင်ငံများက ထုတ်ဖော်ဥပဒေပြဋ္ဌာန်းမှုများ ကြုံတွေ့ရတတ်သည်။ ကမ္ဘာတွင် တရားစီရင်ရေးနဲ့ပတ်သက်၍ သမိုင်းတွင်လောက်သော ပြောင်းလဲမှုဖွဲ့စည်းမှု၊ ဆုံးဖြတ်မှုများ ပေါ်ပေါက်လာနိုင်သော နှစ်တစ်နှစ်ဖြစ်ပေသည်။

ရောဂါဝေဒနာအနေဖြင့် အဖျားကြီးသော ရောဂါဝေဒနာများ၊ ကူးစက်တတ်သောဝေဒနာများ အထူးသတိပြုရမည့်နှစ်တစ်နှစ် ဖြစ်ပေသည်။ အမျိုးအမည်မသိသောရောဂါဝေဒနာအသစ်များ ပေါ်တတ်ပေသည်။ တချို့သော ကမ္ဘာ့နိုင်ငံများတွင် တိရစ္ဆာန်များကြောင့် ရောဂါများ၊ ဝေဒနာများ ကြုံတွေ့ရတတ်သည်။

ကမ္ဘာ့နိုင်ငံအနှံ့တွင် ဘေးကင်းစေမယ့် စစ်ဖက်ရေးရာအရှုပ်များ၊ လက်နက်များ ပေါက်ကွဲသောဒဏ် ကြုံတွေ့ရတတ်သည်။ အဏုမြူကဲ့သို့သော စွမ်းအားကြီးသော၊ အန္တရာယ်များသော လက်နက်များ ပေါ်ပေါက်စေပြီး ၎င်းအန္တရာယ်များ ဖြစ်ပေါ်နိုင်ပေသည်။

၂၀၁၆ ခုနှစ်တွင် ကြီးမားသော လေဘေး၊ ရေဘေး မကျရောက်နိုင်သော်လည်း မီး၊ လျှပ်စစ်ပေါက်ကွဲမှု အန္တရာယ်ကြီးများ ကြုံတွေ့ရခြင်း၊ ပြင်းထန်သော ငလျင်လှုပ်ခြင်းများ



www.burmeseclassic.com

www.burmeseclassic.com

အင်အားကောင်းသော ပေါက်ကွဲမှု၊ တုန်လှုပ်မှု ဘေးဆိုးကြီးများ ကျရောက်နိုင်တတ်ပေသည်။

ကမ္ဘာ့နိုင်ငံ အဖွဲ့အစည်းများတွင် နိုင်ငံအချင်းချင်း လက်တွဲဆောင်ရွက်မှုကြီးများ၊ အောင်မြင်မှုကြီးများ ကြုံတွေ့ရတတ်သည်။ ခေတ်မီလှသော သိပ္ပံဆိုင်ရာ ဓာတ်သတ္တုများ၊ မြေတွင်း၊ မြေအောက် သဘာဝကျောက်မျက်ရတနာများ အသစ်အဆန်းများ ရှာဖွေတွေ့ရှိနိုင်ပြီး ဘာသာရေး ပညာရေးနှင့် ပတ်သက်၍ နိုင်ငံတိုင်း ထူးခြားအောင်မြင်မှုများနှင့် တွေ့နိုင်ပေသည်။

အငြိုးတကြီးဖြစ်နေသူများ သင့်မြတ်အောင်မြင်လက်ခွဲနှုတ်ဆက်နိုင်တဲ့ နှစ်တစ်နှစ်ဖြစ်ပေသည်။ ကမ္ဘာပေါ်တွင် နိုင်ငံအချင်းချင်း လက်တွဲဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုများ ရရှိနိုင်ပါသည်။ ကမ္ဘာ့နိုင်ငံအချို့၏ အဖွဲ့အစည်းများတွင်လည်း အမျိုးသမီးအဖွဲ့အစည်း ပေါ်ပေါက်လာခြင်း၊ အမျိုးသမီးတို့ကို ကမ္ဘာကအသိအမှတ်ပြုခြင်းနှင့် ကမ္ဘာအမျိုးသမီးများ ရှေ့တန်းရောက်နိုင်တဲ့ နှစ်တစ်နှစ်ဖြစ်ပေသည်။ ထို့အတူ အလှကုန်ပစ္စည်းများ၊ အမျိုးသမီးအလှကုန်များ တွင်ကျယ်လာပြီး အသစ်အဆန်းများ များစွာပေါ်ပေါက်စေတတ်သည်။

အနုပညာလောက၊ မီဒီယာလောကများတွင် နိုင်ငံအားလုံး၏ ပုံမှန်ထက် လှုပ်ရှားတက်ကြွစေနေပေမည်။ ထို့ပြင် နိုင်ငံ၏လောက၊ မီဒီယာလောက ကောင်းသောဘက်သို့ ဦးတည်၍ လွတ်လပ်ခွင့်များ များစွာရရှိမည့်နှစ် ဖြစ်ပေသည်။

ထို့ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် သံထည်ပစ္စည်းများကို များစွာထုတ်လုပ်နိုင်ပြီး ၎င်းသံထည်ပစ္စည်းကိုသာ ယခုနှစ်အတွက် လူသားတို့၏အဆောင်အဖြစ် ထားခဲ့ပေသည်။

ကျောက်မျက်ရတနာအနေဖြင့် ပတ္တမြားကျောက်မျက်ရတနာသည် တော်ဝင်သော နန်းသုံးပစ္စည်း၊ မင်းစိုးရာဇာ၏ အဆောင်အယောင်ဖြစ်ပေသည်။ ၎င်းအဆောင်ကြောင့်လည်း ၂၀၁၆ တွင် လူသားအားလုံး အောင်မြင်ခြင်း၊ ကျော်ကြားခြင်း၊ ဘုန်းတန်ခိုးကြီးမားခြင်း ဖြစ်ပေါ်စေပါသည်။

၂၀၁၆ ခုနှစ်အတွက် ကံကောင်း အရောင်ဟာလည်း ရဲရဲတောက် အနီရောင်နှင့် ကြက်သွေးရောင်များ ဖြစ်ပေါ်တတ်သည်။

၂၀၁၆ ခုနှစ်အတွက် နိုင်ငံတိုင်းတွင် အထွတ်အထိပ်ရောက်နိုင်သော မွေးနေ့ဂဏန်းပိုင်ရှင်များမှာ ၉၊ ၁၈၊ ၂၇၊ ၆၊ ၁၅၊ ၂၄၊ ၃၊ ၁၂၊ ၂၁၊ ၃၀ ရက် မွေးဖွားသော ကိန်းဂဏန်းရှင်များသည် ၂၀၁၆ ခုနှစ်အတွင်း အထွတ်အထိပ်ရောက်နိုင်ပေသည်။

ကျွန်မတို့ လောကကြီးမှာ နေထိုင်နေသော လူသားအားလုံးဟာ လောကရဲ့အလှည့်အပြောင်းများ၊ မတည်မြဲမှုများ၊ နေရာသစ်ရှာဖွေမှုများ၊ အာဏာလွှဲပြောင်းမှုများ စသည်စသည် တို့မှာ လူသားတိုင်းကြုံတွေ့ရတတ်တဲ့ လှုပ်ရှားပြောင်းလဲမှုများ ဖြစ်ပါတယ်။

အဲဒီလို အပြောင်းအလဲကာလများမှာ အဆင်မပြေမှုများ၊ အထစ်အငေါ့များ၊ အတိုက်အခံများကို လူသားတိုင်း လောကသဘာဝအရ ရင်ဆိုင်တွေ့ကြုံကြရမှာ ဖြစ်ပါတယ်။

အဲဒီတော့ မည်သို့ပင်ဆိုစေကာမူ ၂၀၁၅ ခုကတော့ ကျွန်မတို့ကို လက်လေးပြပြီး နှုတ်ဆက်ထွက်ခွာပြီး အိုမင်းရင့်ရော်သွားခဲ့ပြန်ပါပြီ။ ဒီနောက်တော့ ပျိုမျစ်သစ်လွင်ပြီး မျှော်လင့်ခြင်းတွေ၊ တောင့်တမှုတွေ တစ်ပွေ့တစ်ပိုက်ကြီးနဲ့ အတူ ၂၀၁၆ ခုနှစ်ကြီးဟာ ကျွန်မတို့ဆီကို ရောက်ရှိလာပါတော့မယ်။

ဒါကြောင့် ၂၀၁၆ ခုနှစ်သည် ကျွန်မတို့ မြန်မာပြည်သူပြည်သားများ၊ ကမ္ဘာသူ ကမ္ဘာသားများ ကောင်းကျိုးချမ်းသာမှုတွေ ယူဆောင်လာခဲ့သော ကောင်းသောကံကြမ္မာများကို မြတ်သော၊ အေးချမ်းသော လေပြည်လေအေးအတွက် ပြည်သူပြည်သားများအတွက် တိုက်ခိုက်လာခြင်းကို ကျွန်မတို့ လူသားတို့ အားလုံး အားလုံး မြန်မာနိုင်ငံသူ၊ နိုင်ငံသားများနှင့် ကမ္ဘာသူ ကမ္ဘာသားများ ရရှိပြီး မင်္ဂလာတရားနှင့်ပြည့်စုံသော ပျော်ရွှင်မှုတွေပေးနိုင်သော နှစ်သစ်ကြီးဖြစ်ပါစေဟု ဆုတောင်းမေတ္တာပို့ခြင်းဖြင့်. . .။

ချမ်းသာကိုယ်စိတ် မြပါစေ. . .

**ဒေါက်တာစောယုနွယ်**

**Ph.D (Tantra) (Kol-India) Astrologer**



www.burmeseclassic.com

www.burmeseclassic.com

# မြန်မာ့ဓလေ့ တန်ခူးလ နှစ်သစ်ကူးပွဲတော်

ကျော်ဇောဟိန်း(နံ့သာ)

ကမ္ဘာပေါ်ရှိ ယဉ်ကျေးသောလူမျိုးတိုင်း နှစ်ဟောင်းကုန်၍ နှစ်သစ်ကူးကို အလေးအမြတ်ထားကြသည်။ မိမိတို့ယဉ်ကျေးမှု ရိုးရာဓလေ့ထုံးစံအလိုက် နှစ်သစ်ကူးပွဲတော်များကျင်းပကြ၍ နှစ်ဆန်းနှစ်သစ်ကို ကြိုဆိုကြလေ့ရှိသည်။ မြန်မာတို့က ယင်းပွဲကို သင်္ကြန်ပွဲတော်ဟုခေါ်သည်။ သင်္ကြန်သည် မြန်မာနိုင်ငံ ဗုဒ္ဓဘာသာယဉ်ကျေးမှုနှင့်အတူ ပေါ်လာသော နှစ်သစ်ကူးပွဲတော်ဖြစ်သည်ဟု ဆိုကြပါသည်။ အဘယ်ကြောင့်ဆိုသော် သင်္ကြန်ပွဲနှင့်ပတ်သက်၍ ငါးရာငါးဆယ် ဇာတ်တော်တို့တွင် ပါရှိသောကြောင့် ဖြစ်ပါသည်။ သုတ်မဟာဝါပါဠိတော် မဟာသုဒဿနသုတ်၌ မဟာသုဒဿန စကြာမင်းသည် ပန္နရသီဥပုသ်နေ့၌ တစ်သိန်းသောဥစ္စာတို့ကိုစွန့်၍ အလှူကြီးပေးပြီးလျှင် အိုး ၁၆ လုံးရှိသော နံ့သာရည်တို့ဖြင့် သင်္ကြန်တော်ခေါ်သည်ဟု ရှိသည်။

သင်္ကြန်ဟူသော ဝေါဟာရသည် သင်္ကြန္တဟူသော သက္ကတစကား သင်္ကန္တဟူသော ပါဠိစကားမှ ဆင်းသက်လာသော ဝေါဟာရဟု မြန်မာတို့က လက်ခံထားပါသည်။ နှစ်ပုဒ်လုံး၏ အဓိပ္ပာယ်မှာ ပြောင်းရွှေ့ခြင်း ကူးပြောင်းခြင်းဟူ၍ဖြစ်ပါသည်။ ဝေဒ-ဗေဒ-ဗေဒင်ပညာရှင်တို့က ယင်းပြောင်းရွှေ့မှု ကူးပြောင်းမှုကို တနင်္ဂနွေဂြိုဟ်ခေါ် နေမင်းသည် မိန်ရာသီမှ မိဿရာသီသို့ ပြောင်းရွှေ့ခြင်း၊ ကူးပြောင်းခြင်း ဖြစ်သည်။ တနင်္ဂနွေဂြိုဟ်မင်းသည် မိဿရာသီ(တန်ခူးလ-ပထမနဝင်းမှစ၍ ဆယ့်နှစ်ရာသီ လှည့်ပတ်ခဲ့ရာ မိန်ရာသီ(တပေါင်းလ)၏အဆုံး နဝင်းဖြစ်သော ရေဝတီနက္ခတ်သို့ အရောက်တွင် နက္ခတ်နဝင်းပေါင်း ၁၀၈ နဝင်း၊ လပေါင်း ၁၂ လ၊ ရက်ပေါင်း ၃၆၅ ရက်ကြာခဲ့၍ တစ်ပတ်လည်ခဲ့ပြီ ဖြစ်၏။ ယင်းတနင်္ဂနွေဂြိုဟ်မင်း မိန်ရာသီမှ မိဿရာသီသို့ ကူးပြောင်းချိန်ကျရောက်သည်ကို သင်္ကြန်ကျသည်ဟု ဖွင့်ဆိုကြပါသည်။

ရှေးခေတ်က မြန်မာမင်းတို့သည် အတာရေသဘင်ပွဲတော် ပျော်ရွှင်ရေးသာမက သဒ္ဓါတရားနှင့်ယှဉ်တွဲ၍ ဆင်နွှဲခဲ့သဖြင့် ခေတ်အဆက်ဆက် မြန်မာတို့သည် ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းမှုအနေဖြင့် လူကြီးများက ဥပုသ်သီတင်းဆောက်တည်ကြသည်၊ ဘုရားစေတီပုထိုးများတွင် ရေသပ္ပာယ်ကြသည်။ လူငယ်များက သက်ကြီးရွယ်အိုများကို ခေါင်းလျှော်ပေးခြင်း၊ ခြေသည်းလက်သည်းလှီးပေးခြင်း စသည့်ကုသိုလ်များကို ပြုလုပ်ကြပါသည်။ ဘုရားစေတီများကို လူငယ်များက ရေသပ္ပာယ်ကြသည်။ (တန်ခူးလတွင်ပွင့်သောရာသီပန်းမှာ ရင်ခတ်ပန်း၊ ကံ့ကော်ပန်းနှင့် ပိတောက်ပန်းတို့ဖြစ်ပါသည်။ ယင်းတို့အနက် ပိတောက်ပန်းသည် သင်္ကြန်အတွက် အထင်ရှားခုံးသော ပန်းဖြစ်သည်။)

နှစ်ဟောင်းမှ နှစ်သစ်သို့ကူးသော အတာသင်္ကြန်တွင် နှစ်ဟောင်းမှ အညစ်အကြေးများကို ဆေးကြောသန့်စင်သည့်အနေဖြင့် ခေါင်းလျှော်ကြသည်။ စိတ်သစ်၊ လူသစ်၊ မေတ္တာသစ်တို့ဖြင့် နှစ်သစ်ကိုကြိုဆိုကြသည်။ (ရှေးခေတ်က သင်္ကြန်တွင် ငွေဖလားနှင့် ရေထည့်၍ အမွှေးနံ့သာများပက်ဖျန်းကာ သပြေခက်နှင့် ရေပက်ကစားကြသည်။ ယခုခေတ်တွင် ရေပိုက်များဖြင့် ရေပက်ကစားကြသည်။ အသွင်သဏ္ဌာန် ကွဲပြားသော်လည်း ယခုနှစ်ဦးတွင် အေးချမ်းစေလိုသော စေတနာမှာ အတူတူပင် ဖြစ်သည်။ ရေပက်မဏ္ဍပ်တွင် လုပျိုဖြူကလေးများကလည်း နှစ်ဦးကို ကခုန်ခြင်း၊ တေးသီချင်းများ ကြိုဆိုကြသည်။ ရေပက်ခံကားများပေါ်မှ ရေပက်ခံထွက်ကြသည့်သူများကလည်း အားကျမခံ သံချပ်များစပ်ကာ ကျီစယ်ကြသည်မှာ သင်္ကြန်၏ကြည်နူးဖွယ်ရာ



www.burmeseclassic.com

www.burmeseclassic.com

သင်္ကေတများဖြစ်ပါသည်။

သင်္ကြန်မဏ္ဍပ်များတွင် မြန်မာတို့ နှစ်ဦးကိုကြိုဆိုသည့်အနေဖြင့် မုန့်လုံးရေပေါ် မုန့်ဖက်ထုပ်၊ မုန့်လက်ဆောင်း၊ သာကူ စသည့် သင်္ကြန်မုန့်များဖြင့် ကျွေးမွေးလှူဒါန်းကြသည်။ ချစ်စရာ၊ ကြည်နူးဖွယ်ရာကောင်းသော မြန်မာ့ဓလေ့များပင် ဖြစ်သည်။

## ကဝိလမိုင်းပုံပြင်အရ မြန်မာ့ယဉ်ကျေးမှု နယ်ပယ်ထဲရောက်

ရှေးမြန်မာဘုရင်များ၏ နန်းတွင်း ဗေဒင်ယတြာစီရင်တတ်သော ပုဏ္ဏားရာမြို့ ပုဏ္ဏားရာညို စသည့် ပုဏ္ဏားပညာရှိတို့ကို ခန့်ထားလေ့ရှိရာ ထိုပုဏ္ဏားတို့ကလည်း မိမိတို့၏ ဗြဟ္မဏဝါဒယုံကြည်ချက်အရ သင်္ကန်၊ သင်္ကြံ၊ သင်္ကြန် ပြောင်းလဲမှုကူးပြောင်းခြင်း၊ သင်္ကြန်ဟူသောအယူကို ကဝိလမိုင်းပုံပြင်အရ ဖွင့်ဆိုခဲ့ကြပြီး မြန်မာ့ယဉ်ကျေးမှုနယ်ပယ်ထဲသို့တိုင်အောင် သွတ်သွင်းပေးခဲ့ကြသည်။ (ကဝိလမိုင်းပုံပြင်မှာ) ကမ္ဘာဦးကာလက ကဝိလမိုင်းအမည်ရှိသော ဗေဒင်ပုရောဟိတ်ဆရာကြီးတစ်ဆူ လူ့ပြည်၌ ပေါ်ထွန်း၊ အခါတစ်ပါး၌ သိကြားမင်းနှင့် အာသီမည် ဗြဟ္မာမင်းတို့ ဗေဒင်ဆိုင်ရာ ပြဿနာတစ်ခုနှင့် ပတ်သက်၍ အငြင်းပွားခဲ့ကြသည်။ နောက်ဆုံး သူနိုင်ငါနိုင် မဆုံးဖြတ်နိုင်ကြ၍ လူ့ပြည်ရှိ ကဝိလမိုင်းဆရာကြီးထံ လာရောက် အဆုံးအဖြတ်ခံယူရန် သဘောတူကြသည်။ ထို့ပြင် နိုင်သူက ရှုံးသူကို ဦးခေါင်းဖြတ်စတမ်းဟူ၍လည်း သဘောတူခဲ့ကြလေသည်။ ကဝိလမိုင်းဆရာကြီးထံသို့ ရောက်သောအခါ ပြဿနာကို တင်ပြကြသည်။ ကဝိလမိုင်းဆရာကြီးက သိကြားမင်း၏ အယူအဆမှန်ကန်ကြောင်း အဆုံးအဖြတ်ပေးသည်။ သို့သော် သိကြားမင်းက ဗြဟ္မာမင်းဦးခေါင်းကို မဖြတ်လိုသောအခါ ဗြဟ္မာမင်းသည် မိမိ၏ ကတိကဝတ်ကို လေးစားလိုက်နာသောအားဖြင့် အဓိဋ္ဌာန်ပြုလျက် မိမိဦးခေါင်းကို ပြုတ်ကျစေသည်။ ဗြဟ္မာဦးခေါင်းကို သမုဒ္ဒရာတွင်းသို့ပစ်ချသော် ရေများခန်းခြောက်သွားမည်။

မြေပြင်တွင်ပစ်သော် တစ်လောကလုံး မီးဟုန်းဟုန်းလောင်မည်။ သို့အတွက် သိကြားမင်းသည် ပြောက္ကရသကာအစရှိသော နတ်သမီးခုနစ်ဖော်အား ဗြဟ္မာမင်းကြီး၏ ဦးခေါင်းကို အလှည့်ကျ ပွေ့ချီထားစေသည်။ နတ်သမီးတစ်ဦးလက်မှ တစ်ဦးလက်သို့ ပြောင်းရွှေ့ပေးသော ကာလမှာ လူတို့ အရေအတွက်အားဖြင့် တစ်နှစ်ပြီးပြည့်မြောက်သော အချိန်နှင့် ညီမျှသည်။ ထိုသို့ ပြောင်းလွှဲပေးသည်ကို "သင်္ကြာရာဇ် ဦးခေါင်းပြောင်းသည်"ဟုဆိုကာ အတာသင်္ကြန်ပွဲများ ကျင်းပသည်ဟုဆိုပါသည်။

ထိုအယူအဆအရ ရှေးခေတ်သင်္ကြန်စာတို့တွင် နတ်သမီးနှစ်ပါး ဗြဟ္မာမင်းဦးခေါင်း လွှဲပြောင်းပေးနေပုံကို ရုပ်ပုံရေးဆွဲပြီး ထုတ်ဝေကြသည်ကို တွေ့ရပါသည်။ မြန်မာ့ယဉ်ကျေးမှု အယူအဆအရ နှစ်သစ်ကူးသင်္ကြန်ကျချိန်၌ သိကြားမင်းသည် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ ခေတ္တဆင်းလာသည်ဟု ယုံကြည်ကြသည်။ (သိကြားမင်း လူ့ပြည်ဆင်းချိန်ကို သင်္ကြန်စ၍ကျချိန်ဟု ယုံကြည်လက်ခံကြသည်။ သိကြားမင်း မဆင်းမီ တစ်ရက်အလိုတွင် သိကြားမင်းကို ကြိုဆိုသောအားဖြင့် အတာအိုးများတွင် ပန်းသပြေ စသည် ထိုးပြီး ကြိုဆိုကြလေ့ရှိသည်။

ယင်းကို သင်္ကြန်အကြိုနေ့ဟု ယုံကြည်သတ်မှတ်ထားကြသည်။ သိကြားမင်းဆင်းလာသော သင်္ကြန်ကျချိန်တွင် ကလေးများ မဆဲကြ၊ မကောင်းမှု မပြုလုပ်ကြရန် သက်ကြီးဝါကြီးများကို ပူဇော်ကန်တော့ရန် လူကြီးများနှင့် ဆရာသမားတို့က ဆုံးမလေ့ရှိကြသည်။ မကောင်းမှုပြုသူများကို သိကြားမင်းက ခွေးသရေနှင့် မှတ်သွားလိမ့်မည်ဟု ဆိုဆုံးမတတ်ကြသည်။ သိကြားမင်း နတ်ပြည်သို့ ပြန်တက်ချိန်ကို သင်္ကြန်အတက်ဟု သတ်မှတ်ကြသည်။ သို့အတွက် သိကြားမင်းကို သင်္ကြန်မင်းဟူ၍ ယုံကြည်လက်ခံထားကြသည်။

နှစ်သစ်ကူး သိကြားမင်း လူ့ပြည်သို့ဆင်းလာသည့်အခါတွင် ကျွဲနွားဖြစ်စေ၊ လှံ၊ မီးရှူးတိုင်စသည့် ဝတ္ထုပစ္စည်းတစ်ခုခုကို ကိုင်ဆောင်၍ဖြစ်စေ ဆင်းလာလေ့ရှိသည်ဟု ယုံကြည်ကြသည်။ ထိုသိကြားမင်းစီးလာသောယာဉ်၊ ကိုင်လာသော အရာဝတ္ထုတို့ကိုကြည့်ပြီး ဥပမာ-သိကြားမင်းက လှံကိုကိုင်၍ ဆင်းလာလျှင် စစ်မက်ဖြစ်ပွားမည်၊ ရောဂါအန္တရာယ်ထူပြောမည် စသည်အားဖြင့် မကောင်းသောနိမိတ်



www.burmeseclassic.com

www.burmeseclassic.com

အဖြစ် ခံယူထားကြသည်။ ရေကရားကိုဖြစ်စေ၊ မီးရှူးကို ဖြစ်စေ၊ တောင်ဝှေးကိုဖြစ်စေ ကိုင်လာလျှင် ကောက်ပဲသီးနှံများ ဖွံ့ဖြိုးမည် စသည့်နိမိတ် ကောက်ယူကြသည်။ အကယ်၍ သိကြားမင်းသည် နဂါးစီး၍ဆင်းလာလျှင် မိုးကောင်းမည်၊ မြေပေါမည်ဟု အယူရှိသကဲ့သို့၊ ဂဠုန်စီး၍ဆင်းလာလျှင် လေမုန်တိုင်းကျရောက်မည်ဟု ယုံကြည်ကြသည်။

**သင်္ကြန်စာပါအရုပ်များကို ဘိုးတော်မင်းတရားက ဖျက်လိုသည်**

ယင်းသင်္ကြန်စာပါအရုပ်များနှင့် ပတ်သက်၍ ဘိုးတော်ဘုရားလက်ထက်က ဘိုးတော်မင်းတရားက ပုဏ္ဏားပညာရှိတို့ကို ယင်းအရုပ်များနှင့်ပတ်သက်၍ ဘုရားဟောလားမည်သည့်ကျမ်းတွင် ပါသနည်းဟု မေးခဲ့ရာ မည်သည့်ပညာရှိ ပုဏ္ဏားများမှ အဖြေကို အတိအကျမပေးနိုင်၊ မပြောနိုင်သောကြောင့် မင်း ကြီးက ထောင်သာသနာပိုင် ဆရာတော်ထံ စေလွှတ်မေးမြန်းခဲ့ပါသည်။ ဆရာတော်က ပြဟ္မာမင်းဦးခေါင်း နတ်သမီးတို့အလှည့်ကျပိုက်ရခြင်း ဆောင်ပုဒ် စသည်ကိုင်၍ သိကြားမင်းဆင်းခြင်း စသည်တို့သည် ယုတ္တိမရှိ။ မေတ္တာစာဆက်သွင်း၍ ဖြေကြားပေးခဲ့သည်။

သို့သော် မင်းတရားကြီးက ရှေးပဝေသဏီကပင်လျှင် ပညာရှိအဆက်ဆက်က လက်ခံလျက် ထည့်သွင်းလာကြသည်ကို မိမိလက်ထက်ကျမှ ဖျက်သိမ်းလိုက်လျှင် အစဉ်အလာတစ်ရပ်ရပ်ကို ဘိုးတော်မင်းတရား ဖျက်ခဲ့သည်ဟု နောင်ဥဒါန်းတွင်စရာ ဖြစ်မည်စိုး၍ မည်သို့မျှ မိန့်တော်မမူခဲ့ချေ။ မှတ်တမ်းရေးသားထားသည်ကို ရာဇဝင်စာအုပ်တို့၌ တွေ့ရလေသည်။

သင်္ကြန်အခါ ရောက်ပြီဆိုလျှင် တရားချစ်ခင် သူတော်စင်ယောဂီ အပေါင်းတို့က တရားစခန်းများ အသီးသီးတွင် တရားဘာဝနာများ ကျင့်ကြံအားထုတ်ကြသည်။ အကြောင်းအမျိုးမျိုးကြောင့် တရားဘာဝနာ မကျင့်ကြံနိုင်သေးသူများက သက်သတ်လွတ်စားပြီး အောင်မင်္ဂလာဆရာတော်၏ ပြဟ္မစိုဟာရတရားလေးပါး ပွားများ၍ မေတ္တာပွားပေးပါက ကုသိုလ်ကောင်းမှု ပြုလုပ်ရာ ရောက်လေသည်။

**မေတ္တာပွားပုံ**

(၁) လုံးစုံများစွာသတ္တဝါမှန်သမျှတို့သည် ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ။
(၂) လုံးစုံများစွာ သတ္တဝါမှန်သမျှတို့သည် စိတ်ဆင်းရဲခြင်း ကင်းငြိမ်းကြပါစေ။
(၃) လုံးစုံများစွာ သတ္တဝါမှန်သမျှတို့သည် ကိုယ်ဆင်းရဲခြင်း ကင်းငြိမ်းကြပါစေ။
(၄) လုံးစုံများစွာ သတ္တဝါမှန်သမျှတို့သည် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြလျက် ကိုယ်စိတ်ချမ်းသာကြလျက် မိမိတို့၏ခန္ဓာကိုယ်ကို သက်ဆုံးတိုင်အောင် ရွက်ဆောင်နိုင်ကြပါစေ။

**ကရုဏာပွား**

- ဆင်းရဲခြင်းသို့ရောက်၍ နေကြကုန်သော အလုံးစုံသော သတ္တဝါအပေါင်းတို့သည် ဆင်းရဲခြင်းမှ ကင်းကြပါစေကုန်သတည်း။
- ဘေးအမျိုးမျိုးသို့ ရောက်၍နေကြကုန်သော အလုံးစုံသော သတ္တဝါအပေါင်းတို့သည် ဘေးအမျိုးမျိုးမှ ကင်းကြပါစေကုန်သတည်း။
- စိုးရိမ်ခြင်းသို့ရောက်၍နေကြကုန်သော အလုံးစုံသော သတ္တဝါအပေါင်းတို့သည် စိုးရိမ်ခြင်းမှ ကင်းကြပါစေကုန်သတည်း။

သတ္တဝါမှန်သမျှ ဘေးမခ အေးမြရွှင်လန်း ချမ်းမြေ့ကြပါစေ . . .

**ကျော်ဇောဟိန်း(နံ့သာ)**

ကိုးကား

(၁) သျှင်သီရိ(မဟာစရိယ)၏ ဗုဒ္ဓယဉ်ကျေးမှုလာ မြန်မာဓလေ့ထုံးစံများ။
(၂) ၆၆ ဓလေ့လာမှတ်သားချက်များ။



www.burmeseclassic.com

www.burmeseclassic.com

# ဆယ့်နှစ်လရာသီဖွားဇာတာ

ရည်မောင်

**တန်ခူးလ မွေးဖွားသူများ**

အနုပညာ လေ့လာလိုက်စားလေ့ရှိ၊ သိပ္ပံပညာ၌လည်း နှံ့စပ်ကျွမ်းကျင်၊ အပျော်အပါး အသင့်အတင့်လိုက်စား။ ဆန့်ကျင်ဘက်လိင်တို့နှင့် ပျော်ပါးစွာ ပေါင်းသင်းဆက်ဆံလို၊ ခေတ်မီသော အဝတ်အစား၊ အဆင်တန်ဆာ၊ ကျောက်မျက်ရတနာတို့ကို ဆင်ယင်တတ်၊ လုပတင့်တယ်သောမျက်လုံး၊ ပြေပြစ်သော ကိုယ်အင်္ဂါရှိ၊ ပန်းကြိုက်၏။ လက်ယာပေါင်တွင် တာအမှတ်၊ မှဲ့ စသည်တို့ ပါတတ်၊ အတတ်ပညာ ဗဟုသုတပြည့်စုံ၊ အသက် ၄၀ ရောက်လျှင် ဥပဒ်ကြီးစွာ ရောက်တတ်၊ အသက် ၆၀ ခန့်တွင် အသည်းအသန် ဖျားနာတတ်၏။ ထိုကာလလွန်သော် အသက် ၉၀ ခန့်ထိ နေရတတ်၊

**ကဆုန်လ မွေးဖွားသူများ**

အတတ်ပညာရပ်တိုင်းကို သိကျွမ်းနားလည်၊ လွတ်လပ်မှုကိုမြတ်နိုး၊ ရပ်ဝေးသို့ ပြောင်းရွှေ့နေရတတ်၊ မနာလိုဝန်တိုတတ်၊ စိတ်နှလုံးမကောင်း။ လောဘကြီး၊ နှစ်သက်ဖွယ်ရုပ်အဆင်းရှိ၊ စကားတတ်၊ အငြင်းအခုံသန်၊ ရန်လိုတတ်၊ ငွေကြေးရှာဖွေတတ်၊ ကိုယ်ဝယ် မှဲ့တာရှိတတ်၊ တွေးတော၊ ဆင်ခြင်ဉာဏ်ရှိ၊ အသက် ၄၀ ရောက်လျှင် ဘေးဥပဒ်များ။ အသက် ၇၁ နှစ်ခန့်ထိ နေရတတ်၊ မိန်းမသားဖြစ်လျှင် မီးဖွားရာ၌ ခက်ခဲတတ်၊

**နယုန်လ မွေးဖွားသူများ**

ခိုင်မြဲသော စည်းစိမ်ချမ်းသာရှိမည်၊ သားသမီးရတနာ ပြည့်စုံ၊ မျက်လှည့်ပညာရပ်ကိုလည်း တတ်ကျွမ်းနားလည်တတ်၊ အပေါင်းအသင်းရွေး၍ ပေါင်းတတ်၊ ရာသမျှနှင့် ရောင့်ရဲတတ်၊ တရား၌မွေ့လျော်၊ အမျက်ဒေါသကြီး၊ လက်ဝဲလက်မောင်းတွင် မှဲ့တာအမှတ်ရှိတတ်၊ အသက် ၆၀ တွင် ဘေးဥပဒ်သင့်တတ်၊ အသက် ၇၀ ၌ ရေဘေးစိုးရိမ်ရ၊ ထိုကာလလွန်သော် အသက် ၇၉ နှစ်ခန့် နေရတတ်၊ မိန်းမသားဖြစ်လျှင် ကင်ဆာရောဂါဖြစ်တတ်၊

**ဝါဆိုလ မွေးဖွားသူများ**

များစွာချမ်းသာမည်၊ ချစ်ခင်ကြင်နာတတ်၊ သင့်မြတ်လျော်ကန်သော ပျော်ရွှင်မှုရှိတတ်၊ အခြားသူများကို ပျက်စီးကြောင်းကြံတတ်၊ မနာလိုဝန်တိုစိတ်ရှိတတ်၊ အိမ်ထောင်ဖက်ကောင်းရတတ်၊ မာနကြီး၊ မိတ်ဆွေတို့အား မဖျက်ဆီးတတ်၊ လက်ယာဘက်တွင် မှဲ့ တာပါတတ်၊ အချိုအရသာကို အလိုရှိ၊ ကျော်စောထင်ရှားမည်၊ မယားများမည်၊ အသက် ၅၆ နှစ်တွင် ရောဂါဥပဒ်များ၊ အသက် ၆၀ မှာ အဆိပ်ရှိ သတ္တဝါ ဥပဒ်ပေးတတ်၏၊ (သို့မဟုတ်) သွေးထွက်၊ သွေးအန်တတ်၊ ထိုကာလွန်သော် အသက် ၇၀ ထိ နေရတတ်၊ မိန်းမသားဖြစ်လျှင် ဘေလုံးစွဲရောဂါဖြစ်တတ်၊

**ဝါခေါင်လ မွေးဖွားသူများ**

ရတနာသုံးပါးကို ဆည်းကပ်တတ်၊ ရသေ့၊ ရဟန်း၊ ဘိုးတော်၊ မယ်တော်၊ နတ် အစရှိသည်တို့ကို ကိုးကွယ်လေ့ရှိ၊ ဘုန်းကျက်သရေပြည့်စုံ၊ စာပေကျွမ်းဂန်တတ်၊ အိမ်ထောင်ဖက်ကောင်း ရရှိ၊ ပစ္စည်းဥစ္စာပြည့်စုံ၊ ကျော်စောထင်ရှား၊ စိတ်နှလုံးကောင်းမွန်၊ သဒ္ဓါအားကောင်း။ သူ့ကျေးဇူးသိတတ်၊ နားရွက်၌ မှဲ့၊ တာအမှတ်ရှိတတ်၊ အသက် ၂၅ နှစ်တွင် ဆင်းရဲဒုက္ခနှင့် ကြုံတတ်၊ ထိုကာလွန်သော် အသက် ၆၇ နှစ်ခန့်ထိ နေရတတ်၊

**တော်သလင်းလ မွေးဖွားသူများ**

ခရီးလှည့်လည်သွားခြင်း၊ ဘုရားဖူးသွားခြင်းတို့ကို ဝါသနာပါ၊ အပြောအဆိုကြွမ်းတမ်း၊ စည်းစနစ်ရှိ၊ ယောက်ျား၊ မိန်းမများကို ဖျက်ဆီးတတ် (သို့မဟုတ်) မိမိဖျက်ဆီးခံရတတ်၊



www.burmeseclassic.com

www.burmeseclassic.com

ရန်သူတို့အပေါ် နိုင်ကွပ်နိုင်။ အမှုကိစ္စများကို မစဉ်းစားဘဲ အဆောတလျင်ပြုတတ်။ မိမိစိတ်ကြိုက်ဖြစ်ခဲ။ ခြေသလုံး မြင်းခေါင်းတို့၌ တ၊ အမှတ်အသား ရှိတတ်။ ပြောစကားကို ယုံလွယ်။ အလိုက်သိ၍ အကင်းပါး။ အသက် ၄၆ နှစ်တွင် ရေဥပဒ်၊ အသက် ၅၀ တွင် အဆိပ်ဥပဒ်သင့်တတ်။

## သီတင်းကျွတ်လ မွေးဖွားသူများ

ဆွေမျိုးသားချင်း မိတ်ဆွေတို့အား ရန်ပြုတတ်။ စိတ်ထားညံ့။ ဆင်းရဲနွမ်းပါးတတ်။ လုပ်ဖွာ ဝတ်စားဆင်ယင်တတ်။ ရုပ်ဆင်းအင်္ဂါလှပ။ အများက ချစ်ခင်မည်။ ကြီးကျယ်ခမ်းနားမှုကို နှစ်သက်၏။ ဉာဏ်ရည်ထက်မြက်။ အလုပ်ကိစ္စများကို ကျွမ်းကျင်နိုင်နင်းစွာ ဆောင်ရွက်တတ်။ မကောင်းမှု၌မွေ့လျော်။ မင်းမှုထမ်းလုပ်သင့်။ အစိုးရ၏ ချီးမြှင့်ခြင်းခံရတတ်။ မာနကြီးတတ်။ အပျော်အပါးမက်မော ဇိမ်ခံတတ်။ အသက် ၁၃ နှစ်တွင် အသည်းအသန်ဖျားနာတတ်။ အသက် ၃၃ နှစ်ကျော်လျှင် ဥစ္စာပျက်တတ်။ အသက် ၇၀ ခန့် နေရတတ်။ မိန်းမသားဖြစ်လျှင် မီးဖွားခက်တတ်။

## တန်ဆောင်မုန်းလ မွေးဖွားသူများ

ဆူဖြိုးသော ခန္ဓာကိုယ်ရှိတတ်။ မျက်လုံးကျယ်။ စိုက်ပျိုးရေးဝါသနာပါ။ ဥစ္စာစည်းစိမ်နှင့် ပေါများပြည့်စုံ။ အစားကြီး။ စိတ်ဓာတ်ခိုင်မာ။ ကျော်စောထင်ရှားမည်။ သူတစ်ပါးကို ဆွဲဆောင်နိုင်စွမ်းရှိ။ သူတစ်ပါးသားမယားကို ပြစ်မှားကျူးလွန်မိတတ်။ ပေါင်၌မှဲ့ တအမှတ်ပါရှိတတ်။ အသက် ၄၅ နှစ်တွင် ဘေးဥပဒ် အကြီးအကျယ်တွေ့ရတတ်။ အသက် ၆၀ ခန့် နေရတတ်။

## နတ်တော်လ မွေးဖွားသူများ

ယဉ်ကျေးသိမ်မွေ့။ မိဘအကြီးအကဲတို့အား ကျွေးမွေးပြုစုတတ်။ ရတနာသုံးပါးကို ယုံကြည်မြတ်နိုးဆည်းကပ်တတ်။ မိမိတို့၏ အမှုကိစ္စကို ကျွမ်းကျင်စွာဆောင်ရွက်နိုင်။ စကားပြောကောင်း၏။ ကြောက်တတ်။ လုံ့လဝီရိယရှိ။ စည်းစိမ်ဥစ္စာနှင့်ပြည့်စုံ။ ကာမဂုဏ်အပျော်အပါး ခုန်မင်လိုက်စား။ အတတ်ပညာဗဟုသုတပြည့်စုံ။ မွေးချင်းတို့ထက် မြင့်မြတ်ကောင်းစားမည်။ နှုတ်ခမ်း၌ မှဲ့ တရှိတတ်။ ပေါင်တွင် အမာရွတ်ရှိတတ်။ အသက် ၅၇ နှစ်ခန့်တွင် အနာရောဂါကြီးစွာရတတ်။ ဝမ်းသွေးပျက်ရောဂါ ဒုက္ခပေးတတ်။

## ပြာသိုလ မွေးဖွားသူများ

ဥစ္စာပစ္စည်း ပေါများပြည့်စုံမည်။ ကောင်းမြတ်သော ဂုဏ်သတင်းကျော်စော။ ခွန်အားအစွမ်းကြီးတတ်။ နဖူးပေါ် လွှင်။ ကိုယ်စိတ်နှလုံး ယဉ်ကျေးသိမ်မွေ့။ တပေကျမ်းဂန်နှံ့စပ်ကျွမ်းကျင်။ တရား၌မွေ့လျော်။ ဒါန၌မွေ့လျော်တတ်။ မိမိ၏စိတ်ကို ထိန်းသိမ်းလေ့ရှိ။ လူအပေါင်းက ချစ်ခင်လေးစား။ ကာယိန္ဒြေစောင့်ထိန်းတတ်။ ရင်၌ မှဲ့ တပါတတ်။ အသက် ၃၀ ခန့်တွင် အသည်းအသန်နာဖျားတတ်။ အသက် ၇၀ ခန့်တွင် ဘေးဥပဒ် အကြီးအကျယ်ကျတတ်။ ထိုကလွန်သော် အသက် ၉၀ ခန့်ထိ နေရတတ်။

## တပို့တွဲလ မွေးဖွားသူများ

တာဝန်ကိုလေးစား။ ကောင်းသောအမူအကျင့်ရှိ။ အတွင်းစိတ် ကောက်ကျစ်တတ်။ အခြေအရံအသင်း အပင်းပြည့်စုံမည်။ ဥစ္စာပစ္စည်း ပေါများ။ စုန်း၊ တစ္ဆေ၊ အမှောင့်ပယောဂ၊ အောက်လမ်းပညာကိုယုံကြည်။ ဥစ္စာစုဆောင်းတတ်။ ကာမဂုဏ်စည်းစိမ်ခံစားတတ်။ သည်းခံနိုင်စွမ်းမရှိ။ အသားနီတတ်။ မကြာခဏ အနာရောဂါဖြစ်တတ်။ ဝမ်းဗိုက်၌ တအမှတ်ရှိတတ်။ အသက် ၃၀ ရောက်လျှင် ထင်ရှားကျော်စောမည်။ အသက် ၄၅ နှစ်တွင် အသည်းအသန် ဖျားနာတတ်။ ထိုကလွန်သော် အသက် ၇၅ နှစ်ထိ နေရတတ်။

## တပေါင်းလ မွေးဖွားသူများ

အနုပညာတေးဂီတ နှစ်သက်။ အလှူရေစက် လက်နှင့်မကွာ နေတတ်။ မိမိအတတ်ပညာနှင့် ဥစ္စာရှာဖွေရရှိမည်။ ကာမဂုဏ်ချမ်းသာနှင့်ပြည့်စုံ။ ပျော်ရွှင်စွာနေထိုင်တတ်။ လူအများက ချစ်ခင်လေးစား။ လက်ဝဲ (သို့မဟုတ်) အင်္ဂါတတ်တွင် တအမှတ်အသားပါရှိတတ်။ အသားဖြူ။ ဆွေမျိုးသားချင်းများကို ချစ်ခင်ကူညီစောင့်ရှောက်တတ်။ အသက် ၄၀ ရောက်လျှင် အနာရောဂါရတတ်။ ထိုကလွန်သော် အသက် ၇၀ ခန့်ထိ နေရတတ်။

■ ရည်မောင်

မှီငြမ်းစာ

ဆရာစံမင်း(နှစ်ဆယ်ရာစု) ပြုစုသည့် "ဆယ့်နှစ်ရာသီ ခွင်ဗေဒင်"



www.burmeseclassic.com

www.burmeseclassic.com

# သင်္ကြန်တွက်ရိုးကျမ်းနှင့် ဇာတာတော်ပုံ

သန်းဝင်း(ဘကဏ်)

## သင်္ကြန်ဟူသည်

တစ်နှစ်တွင် သင်္ကြန်ရက် ၁၂ ရက်ရှိပါသည်။ ရာသီခွင်တစ်ခုမှ တစ်ခုသို့ တနင်္ဂနွေဂြိုဟ်ပြောင်းလဲဝင်ရောက်သောနေ့ကို သင်္ကြန်ရက်ဟူ၍ ခေါ်သည်။

မိဿရာသီမှ အစပြုလေသော် မိန်ရာသီအဆုံး ရာသီ ၁၂ ပါးရှိပေရာ ရာသီအသီးသီးသို့ တနင်္ဂနွေဂြိုဟ် စတင်ဝင်ရောက်သောရက် ၁၂ ရက်ရှိပါသည်။ ၎င်းတို့သည်ကား သင်္ကြန်ရက် ၁၂ ရက်ဖြစ်လေ၏။ မိဿသင်္ကြန်ရက်၊ ပြိဿသင်္ကြန်ရက်စသည်ဖြင့် ခေါ်ဝေါ်ကြပေသည်။

တနင်္ဂနွေသင်္ကြန်ပြောင်းကို အနောက်နိုင်ငံ ဘာသာစကားအရ (Solar Ingress) ဆိုလာအင်းဂရက်(စ်)ဟူ၍ သတ်မှတ်သည်။ ဤကဲ့သို့ တနင်္ဂနွေဂြိုဟ်သည် တစ်ရာသီမှတစ်ရာသီသို့ ပြိုဟ်ပြောင်းခြင်းများအနက် မိန်ရာသီမှ မိဿရာသီသို့ တနင်္ဂနွေဂြိုဟ်ပြောင်းသော ရက်သည် အရေးကြီးဆုံးရက်ဟူ ၍ ကမ္ဘာ့အဝှမ်းဗေဒင်ပညာရှင်များက ဆိုပါသည်။

မြန်မာနိုင်ငံတွင်လည်း သင်္ကြန်ရက် ၁၂ ပါးအနက် ၎င်းရက်ကို "မဟာသင်္ကြန်ရက်"ဟူ၍ သတ်မှတ်ပါသည်။ မိဿရာသီသို့ နေမင်း စတင်ဝင်ရောက်သော ကာလမှ မိန်ရာသီ၏ နောက်ဆုံးအပိုင်းအထိ နေမင်းဖြတ်သန်းသွားလာသော နေ့ရက်ကာလကို မြန်မာတို့က နှစ်တစ်နှစ်အဖြစ် သတ်မှတ်ပါသည်။

## ဒွါရလေးခွင်

- မဂဓဘာသာနှင့် 'သင်္ကန္တ'
- သင်္သကရိုက်ဘာသာဖြင့် 'သင်္ကြန္တ'
- မြန်မာဘာသာစကားဖြင့် 'သင်္ကြန်'ဟူသော စကားသည် ပြောင်းရွှေ့ခြင်း၊ ကူးပြောင်းခြင်း၊ တစ်နေရာမှတစ်နေရာသို့ ရောက်ခြင်းဟူသော အနက်ရှိသည်။

သင်္ကြန် ၁၂ ပါးအနက် ဗေဒင်ပညာအတတ်တွင် ဒွါရလေးခွင်ဟူ၍ ခေါ်သော မိဿရာသီ(Aries)၊ ကရကဋ်ရာသီ(Cancer)၊ တူရာသီ(Libra)၊ မကာရရာသီ(Capricor) သို့ တနင်္ဂနွေဂြိုဟ်ပြောင်းခြင်းသည် အလွန်အရေးပါသည်။ ပညာရှင်များက ၎င်းရက်တို့၏ အနေအထားကိုကြည့်၍ 'သုဘ–သုဘ' ကောင်းဆိုးဖြစ်ရပ်များကို ဟောပြောခြင်းပြုသည်။

ဒွါရလေးခွင်တွင် မိဿနှင့် တူရာသီသို့ တနင်္ဂနွေဂြိုဟ်ပြောင်းသောအခါ နေ့တာညတာ ညီမျှခြင်းရှိသည်ဟု သတ်မှတ်၏။ ထို့ကြောင့်(March 21)နှင့် (April 20)ကြား မိဿရာသီ(Aries)တန်ခူးနှင့် (Sept; 23 နှင့် Oct; 23) ကြား တူရာသီ(Libra) သီတင်းကျွတ်တို့တွင် နေ့တာနှင့် ညတာတူညီသည်။

ကရကဋ်ရာသီ(Cancer) ဝါဆို (June 21 မှ July 21) ကြားကာလတွင် နေ့တာအရှည်ဆုံးဖြစ်သည်။ (Capric -or) ဟုခေါ်သော မကာရရာသီ (Dec; 21 မှ Jan; 20) ကြားပြာသိုတွင် ညတာအရှည်ဆုံးဖြစ်သည်။

ထိုရာသီခွင်လေးခုသို့ တနင်္ဂနွေဂြိုဟ်ဝင်ရောက်ချိန်ကို မူ၍ ယူ၍ သံဒိဋ္ဌ နေ့စဉ်ပြက္ခဒိန်တွင် ပါရှိသော ဂြိုဟ်ခွင်များကို ချမှတ်ပြီးအချိန်ကာလအလိုက် လက်–တပ်၍ ဂြိုဟ်များအနေအထားကို စစ်ဆေး၍ ကမ္ဘာတွင်ဟောကိန်းထုတ်ခြင်းပြုကြပေသည်။



www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| | မိဿ (နေ့တာ၊ ညတာ တူညီသည်) | |
| ကရကဋ် (နေ့တာ အရှည်ဆုံး) | | မကာရ (ညတာ အရှည်ဆုံး) |
| | တူရာသိ (နေ့တာ၊ ညတာ တူညီသည်) | |

ဒွါရလေးခွင်တည်ရှိပုံကို ဖော်ပြထားပါသည်။


## သင်္ကြန်နှင့်တွက်ရိုးကျမ်းတို့ဖြင့် ဗေဒင်ဟောခြင်း

မြန်မာနိုင်ငံတွင် နိုင်ငံ၏ အဓိကကိုးကွယ်သော ဗုဒ္ဓအယူဝါဒနှင့်တကွ အခြားသောဓလေ့တို့သည် ဟိန္ဒူယဉ်ကျေးမှုဓလေ့အတတ်နှင့် ရောထွေးကာ မြန်မာနိုင်ငံသို့ ရောက်ခဲ့သည်ဟု သမိုင်းပညာရှင်များကဆိုသည်။

ဗေဒင်ပညာရှင်ဗြဟ္မာကြီးများ၊ ပုဏ္ဏားတော်ကြီးများသည် မြန်မာနိုင်ငံရှိ မင်းတို့ထံတွင် အမှုထမ်း၍ ဝေဒဂ်များ၊ အသီတိဓာတ်ကျမ်း၊ သင်္ကြန်နှင့်တွက်ရိုးကျမ်းတို့ဖြင့် ဗေဒင်အတတ်နှင့် ဟောခြင်းပြုသည်။


ဗေဒင်ပညာရှင်ကြီးများ၊ ပုဏ္ဏားတော်ကြီးများသည် မြန်မာမင်းတို့ထံတွင် အမှုထမ်းကြသည့်အလျောက် ဘုရင်မင်းမြတ်များ၏ ဇာတာတော်ပုံတို့ကိုလည်း မှတ်တမ်းပြုထားရှိထားသည်။ ဇာတာပုံအချို့ကို တင်ပြပါမည်။

### စဉ္စကတေးမင်း၏ ဇာတာ




သက္ကရာဇ် (၃၅၃)ခု၊ စနေသား၊ နက္ခတ်(၃)လုံးတွင် ဖွား၏။ (၄၇)နှစ်တွင် နန်းရ၏။ နန်းသက် (၆)နှစ်စံ၍ (၅၃)နှစ်တွင် စုတေသည်။

### အနော်ရထာမင်း၏ ဇာတာ




သက္ကရာဇ် (၃၇၆)ခု၊ အင်္ဂါသား၊ နက္ခတ်(၁၃)တွင် ဖွား၏။ (၃၀)နှစ်တွင် နန်းရ၏။ နန်းသက် (၃၃)နှစ်နေရ၏။ (၆၃)နှစ်တွင် စုတေ၏။

### စောလူးမင်း၏ ဇာတာ



သက္ကရာဇ် (၄၁၁)ခု၊ အင်္ဂါသား၊ နက္ခတ်(၁၆)တွင် ဖွား၏။ (၂၈)နှစ်တွင် နန်းရ၏။ နန်းသက် (၇)နှစ်နေ၏။ (၃၅) နှစ်တွင်စုတေ၏။

### ကျန်စစ်သားမင်း၏ ဇာတ




သက္ကရာဇ် (၃၉၂)ခု၊ အင်္ဂါသား၊ နက္ခတ်(၂၃)လုံးတွင်ဖွား၏။ (၅၄)နှစ်တွင် နန်းတက်ရ၏။ နန်းသက် (၂၇) နှစ် နေရ၏။ (၈၁)နှစ်တွင် စုတေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အလောင်းစည်သူမင်း၏ ဇာတာ





သက္ကရာဇ် (၄၅၅)ခု၊ ကြာသပတေးသား။ နက္ခတ် (၈)လုံးတွင်ဖွား၏။ (၅၄)နှစ်တွင် နန်းတက်ရ၏။ နန်းသက် (၂၇)နှစ်နေရ၏။ (၈၁)နှစ်တွင်စုတေသည်။

ဖော်ပြခဲ့သည့်တို့မှာ ပုဂံမင်းဆက်အနက် အချို့၏ ဇာတာများဖြစ်ပေသည်။ ပုဂံခေတ်ထက် စောသောကာလတွင် လူတို့အား ဇာတာဖွဲ့၍ဟောသောအကြောင်း သက်သေအထောက်အထားမရှိပါ။

မြန်မာမင်းတို့အနက် ထင်ရှားသော မင်းတို့၏ ဇာတာတော်ပုံများတင်ပြပါမည်။


## အင်းဝအရှင် ဒုတိယမင်းခေါင်၏ ဇာတာ





သက္ကရာဇ် (၈၈၈)ခု၊ တနင်္ဂနွေသား။ နက္ခတ် (၁၉) လုံးတွင် ဖွားသည်။ (၃၃)နှစ်တွင် နန်းရ၏။ နန်းသက် (၂၂)နှစ်နေရ၏။ (၅၅)နှစ်တွင် စုတေသည်။

## ကုန်းဘောင်မင်းဆက်အလောင်းဘုရား၏ ဇာတာ

သက္ကရာဇ် (၁၀၇၆) ခု၊ တော်သလင်းလပြည့်ကျော် (၁)ရက်၊ သောကြာနေ့ ညဥ့်တစ်ချက်တီးကျော် နေဝင်ဒွိ နက္ခတ် * မွန်းတည့်မတ်ချိန် စဉ်နက္ခတ်(၂၄)လုံး (၂)ပါဒ၊ ဗိဇနာပြည့်တွင် ဖွားမြင်တော်မူသည်။




## မင်းတုန်းမင်း၏ ဇာတာ




သက္ကရာဇ် (၁၁၇၆)ခု ဝါဆိုလဆုတ် (၄)ရက်၊ အင်္ဂါနေ့၊ နေ့နှစ်ချက်တီးကျော် အချိန်စဉ် နက္ခတ်(၂၁)လုံး၊ (၃)ပါဒ်၊ (၁၀)ဗိဇနာတွင် ဖွားတော်မူသည်။

ဤဇာတာတော်များ၏ အသေးစိတ်ကို "ဇာတာတော်ပုံရာဇဝင်"အမည်ရှိသော ဆရာကြီးဦးလှတင် (လှသမိန်) တည်းဖြတ်ရေးသားသော ရွှေဟောင်းစာပေနှင့် ယဉ်ကျေးမှုဌာနမှ ထုတ်ဝေသော စာတွင်တွေ့နိုင်ပါသည်။ ဆရာကြီး ဝဏ္ဏကျော်ထင် ဦးကျော်ငြိမ်းရေးသားသော "ရွှေပြည်မင်းကြီးရေး" "မဟာသုဇာတာကကျမ်း" နှင့် ခက်ဆစ်အဖြေများ ကျမ်းတွင်လည်း လေ့လာတွေ့ရှိရပါသည်။

သန်းဝင်း(ဘာဏ)




www.burmeseclassic.com

www.burmeseclassic.com

# နဖူးရေ ထူးရေ

ဘုန်းပွင့်ထွန်း




ဒီကောင်လေးက နဖူးရေ ဒူးရေရှိတယ်။ ဘာမဆို လုပ်ရင် အောင်မြင်မှာပဲ။ လုပ်ရည်ကိုင်ရည်လည်း ရှိတယ်။

လောကမှာ နဖူးရေ ဒူးရေ ရှိရတယ်။ နဖူးရေ ဒူးရေမရှိတဲ့သူဟာ နောက်တန်းမှာ နေရမှာပဲ။

နဖူးရေ ဒူးရေနဲ့ ပတ်သက်ပြီး လူတော်တော်များများက စကားထဲ ထည့်ပြောတတ်ကြတယ်။

နဖူးရေ ဒူးရေ ရှိမရှိ၊ အလုပ်အပေါ်စိတ်ဝင်စားမှု ရှိမရှိ နဖူးရေကြည့်ရုံနှင့် သိနိုင်ပါတယ်။

သူ့အလုပ် လုပ်ကိုင်ပုံကိုမြင်မှ သိနိုင်တာမဟုတ်ပါဘူး။ ဒါက လက္ခဏာတဲ့ပညာပါ။ လူရဲ့အင်္ဂါရုပ်ကို ဖမ်းတဲ့ပညာလို့လည်း ခေါ်တယ်။ လူတွေရဲ့နဖူးကို ကြည့်လိုက်ရုံနဲ့ အဲဒီလူရဲ့ အဇ္ဈတ္တအတွင်းသဏ္ဍာန်ကို သိနိုင်ပါတယ်။ မသိကြလို့ပါ။ သိသူဖော်စား၊ မသိသူကျော်သွားတဲ့။

**ကိုယ့်ဆီမှာ အလုပ်ခန့်မယ့်သူ**

**ကိုယ်နဲ့ ဖက်စပ်လုပ်မယ့်သူ**

**ကိုယ်နဲ့ ပေါင်းသင်းဆက်ဆံမယ့်သူ**

ဟာ ဘယ်လို လူစားမျိုးလဲဆိုတာ နဖူးကိုကြည့်ပြီး လက္ခဏာကြရအောင်။

နဖူးဟာ မျက်ခုံးအထက်မှာ ရှိပါတယ်။ နဖူးပြင်ကို အပိုင်း(၅)ပိုင်းခွဲပြီး လေ့လာကြည့်မယ်။ ပုံနဲ့ပြထားလို့ အလွယ်တကူ သိနိုင်ပါလိမ့်မယ်။

### ၁။ နဖူးဆံစပ်

နဖူးဆံစပ်မြင့်ခြင်းဟာ ကောင်းပါတယ်။ လူ့သဘာဝကို ဖော်ပြတဲ့ အမှတ်အသားလို့လည်း ဆိုပါတယ်။ အဲဒီနဖူးဆံစပ် နေရာဟာ စိန္တာမယဉာဏ် ဖြစ်ပေါ်တဲ့ နေရာလည်း ဖြစ်ပါတယ်။

နဖူးဆံစပ် မြင့်တဲ့သူဟာ လူ့အဖြစ်၊ လူ့ဘဝကို မြတ်နိုးသူဖြစ်ပါတယ်။ သူ့မှာ ပါးနပ်မှုရှိမယ်။ ထက်မြက်တဲ့ ဆုံးဖြတ်နိုင်မှု ရှိတယ်။ တွေဝေမနေဘူး။

### ၂။ နဖူးပြင်

နဖူးပြင် ပြည့်ဖြိုးတဲ့သူဟာ လူ့အဖြစ်ထက် သဘာဝတွေကို နှစ်သက်တယ်။ သဘာဝကျမှုကို မြတ်နိုးတယ်။ အကြောင်းနဲ့အကျိုးကို မှန်မှန်ကန်ကန် ဆက်စပ်တွေးယူတတ်တယ်။ ပညာဉာဏ် အတွေးအခေါ် ရှိတဲ့သူလို့လည်း ဆိုနိုင်ပါတယ်။

### ၃။ နဖူးအလယ်

နဖူးအလယ် မြင့်မောက်တဲ့သူဟာ မှတ်ဉာဏ်တော်တော်ကောင်းတဲ့သူပါပဲ။ ဘယ်လောက်အထိ ကောင်းသလဲဆိုရင်တော့ ဖြစ်ခဲ့ပြီးတဲ့ အဖြစ်အပျက်တွေကို နေ့စွဲ၊ ရက်စွဲနဲ့ တကွ မမေ့ပျောက်စတမ်း မှတ်သားထားနိုင်တဲ့ အစွမ်းရှိတယ်။ မိမိမှတ်သားမိတဲ့ဟာကိုလည်း ဒိုးခနဲ ဒေါက်ခနဲ ပြန်ပြောနိုင်စွမ်းရှိတယ်။ မိမိသိထား၊ မှတ်သားသမျှကိုလည်း ကွင်းကွင်းကွက်ကွက်ဖြစ်အောင် ပြန်ရှင်းပြနိုင်တဲ့ လူစားမျိုး ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## ၄။ နဖူး

နဖူးနေရာ ပြည့်ဖြိုးတဲ့သူဟာလည်း မှတ်ဉာဏ်စွမ်းအားကောင်းတဲ့ သူပါပဲ။ သူကတော့ ဒေသန္တရဆိုင်ရာ အချက်အလက်တွေ ခရီးလမ်းပန်းတွေကို ကောင်းကောင်း မှတ်နိုင်တဲ့သူပါပဲ။

## ၅။ နဖူးအပြင်စွန်း

နဖူးအပြင်စွန်း ပြည့်ဖြိုးတဲ့သူကျတော့ မှတ်ဉာဏ်ထက် စိတ်ကူးပိုကောင်းတတ်ပါတယ်။ စိတ်ကူးကောင်းသလို အတွေးလည်းကောင်းတယ်။ အတွေးနဲ့စိတ်ကူးကောင်းဖို့ သူတို့ဟာ ကဗျာလင်္ကာစပ်ဆိုတဲ့နေရာမှာ အတွေးပါကြတယ်။

နဖူးအပြင်စွန်း ကျယ်ပြန့်တဲ့သူဟာ ကဗျာဆရာ၊ လင်္ကာဆရာဖြစ်ဖို့ ပိုများပါတယ်။

အခု နဖူးနဲ့ပတ်သက်ပြီး ဖော်ပြတဲ့အချက် (၅) ချက်ကတော့ နဖူးပြည့်ဖြိုးခြင်း (၅)မျိုးလို့ခေါ်ပါတယ်။ နဖူးပြည့်ဖြိုးခြင်း (၅)မျိုးကို ပြန်ပြောရရင်တော့

၁။ နဖူးဆံစပ် ပြည့်ဖြိုးခြင်း၊ မြင့်ခြင်း။

၂။ နဖူးပြင် ပြည့်ဖြိုးခြင်း။

၃။ နဖူးအလယ် ပြည့်ဖြိုးခြင်း။

၄။ နဖူးပြင် ပြည့်ဖြိုးခြင်းနဲ့

၅။ နဖူးအပြင်စွန်း ပြည့်ဖြိုးခြင်းတို့ပဲ ဖြစ်ပါတယ်။

နဖူးပြည့်ဖြိုးခြင်း ငါးမျိုးအကြောင်းတော့ သိပြီ။ ရှေးထုံးလည်းမပယ်နဲ့၊ ဈေးသုံးလည်း မကြွယ်နဲ့ဆိုတာလို ရှေးဟောင်းကျမ်းတွေထဲက သာမုဒ္ဒိကကျမ်းအဆိုကို ဆက်လက်တင်ပြပါဦးမယ်။

ဆရာသာမုဒ္ဒိကတော့ နဖူးပြင်ကို နလာဋလို့ ဆိုပါတယ်။ နဖူးနဲ့ပတ်သက်ပြီး မှတ်ရလွယ်ကူအောင် ဆရာသာမုဒ္ဒိက အောက်ပါအတိုင်း လင်္ကာစပ်ဆိုထားပါတယ်။

နလာဋဦး၊ နဖူးပြင်ထက်၊ လထက်ဝက်သို့၊ ပြက်ပြက်ထင်ထင်၊ မြင်သည်သော်သာ၊ မင်းဟောရာ၏၊ ကျယ်စွာနဖူး။ ကြွယ်လူးယောက်ျား။ ရွှေနဖားနှင့်၊ ငွေသားကုတ်လျှို၊ အုတ်နယ်ပိုစွ၊ တိုသော်ငယ်မည်၊ မရှည်အသက်၊ ယွက်ယွင်ယွင်းပေါက်၊ မောက်သောနဖူး။ အထူးသဖြင့်၊ ကြီးပွားလင့်လိမ့်၊ နိမ့်မြင့်ယိုယွတ်၊ မညီမညွတ်က၊ သိတ်ဖြတ်ပျက်ခေါင်၊ ဖွဲ့ရစ်နှောင်သည်၊ မာန်စောင်ခက်မာ ကြော့ကြမ်းတည်း။

ဆရာသာမုဒ္ဒိရဲ့လင်္ကာကို နားလည်တဲ့သူ နားလည် လိမ့်မယ်။ နားမလည်တဲ့သူတွေအတွက် စကားပြေပြန်ပြီး ထပ်ရှင်းပြပါ့မယ်။

## ဆာမုဋ္ဌိကအဆို နဖူးကိုကြည့်၍ အဟောထုတ်ပုံ

၁။ နဖူးပြင်ထက်၌ လခြမ်းထက်ဝက် သဏ္ဍာန် ထင်ထင်ရှားရှား ပါရှိလျှင် မင်း။ ဘုရင်၊ သမ္မတ၊ ဝန်ကြီးချုပ် စတာတွေ ဖြစ်ပါလိမ့်မယ်။ အကြီးအကဲဖြစ်မယ့် နဖူးရှင်လို့ ဆိုနိုင်ပါတယ်။

၂။ နဖူးကျယ်တဲ့သူကျတော့ ချမ်းသာကြွယ်တတ်ပါတယ်။

၃။ နဖူးဟာ တိုလည်းတိုမယ်၊ ငယ်လည်းငယ်မယ်၊ ကျဉ်းလည်း ကျဉ်းနေဦးမယ်ဆိုရင် အသက်မရှည်ဘူးလို့ ဆိုပါတယ်။

၄။ နဖူးမောက်တဲ့သူကျတော့ အထူးပဲ ကြီးပွားချမ်းသာတတ်ပါတယ်။

၅။ နိမ့်မြင့်မညီတဲ့ နဖူးရှင်ကတော့ တော်တော်ဆိုးတဲ့သူပါ။ ဒေါသမာန်အားကြီးတတ်တယ်။ လူဆိုးလူယုတ်ဖြစ်တတ်တယ်။ လူသတ်သမားလည်း ဖြစ်တတ်ပါသေးတယ်။

အမျိုးသားတွေအတွက်တော့ နဖူးပြင်မှာ လခြမ်းထက်ဝက်သဏ္ဍာန် မင်းဖြစ်နိုင်မယ့်သူလို့ ဆိုထားပါတယ်။ ဒါဆိုရင် အမျိုးသမီးတွေအတွက် မင်းကတော်ဖြစ်နိုင်တဲ့ နဖူးအဟော မရှိဘူးလားလို့ မေးလာရင် ရှိပါတယ်လို့ ဖြေရမှာပဲ။ ဆရာသာမုဒ္ဒိက အဲဒါကို မချွင်းချန်ခဲ့ပါဘူး။ ဆရာသာမုဒ္ဒိရဲ့အဆိုကို လေ့လာကြည့်ကြရအောင်။

မျက်မှောက်အဆုံး။ မျက်ခုံးဦးတွင်၊ နဖူးပြင်၌၊ ဝန်းကျင်မြင်လိမ့်၊ ခြင်ပိမ့်အဟန်၊ သဏ္ဍာန်အမှတ်၊ မိန်းမမြတ်မူ၊ လက်ခတ်မမှား၊ မိဖုရားတည့်။

မျက်မှောင်နှစ်ခု ဆုံတဲ့အဆုံး မျက်ခုံးဦး နဖူးပြင်ရဲ့ ဝန်းကျင်မှာ ခြင်ပိမ့်သဏ္ဍာန် အမှတ်အသားပါတဲ့ အမျိုးသမီးဟာ မိန်းမမြတ်တဲ့။ မြေကြီးလက်ခတ်ရင်သာ လွဲချင်



www.burmeseclassic.com

www.burmeseclassic.com

ကွဲသွားဦးမယ်။ ကေန်မုချ မိဖုရားဖြစ်မယ့်သူ။ မင်းကတော် စိုးကတော်ဖြစ်မယ့်သူပါတဲ့။

နဖူးစာရွာလည်ဆိုတဲ့ စကားဟာ နဖူးနဲ့ပတ်သက်တဲ့ စကားဖြစ်ပါတယ်။ သတ္တကစ နတ်မင်းကြီးက အိမ်ထောင်ဘက်အဖြစ် နဖူးမှာ စာရေးပေးလေ့ရှိပါတယ်။

တကယ်တော့ နဖူးစာရွာလည်ဆိုတဲ့ စကားက နဖူးမှာစာအမှတ်ပါတဲ့သူဟာ ကိုယ့်ရွာမှာ အိမ်ထောင်မကျတတ်ဘူး။ ရွာလည်ပြီးမှ အဝေးမှာ ချစ်သူကို တွေ့ရတတ်တယ်။ အိမ်ထောင်ကျတတ်တယ်လို့ ဆိုတာပါ။


နဖူးဆိုတာ ဦးခေါင်းရဲ့အစိတ်အပိုင်းတစ်ခု ဖြစ်ပါတယ်။ နဖူးဟာ ပဋိသန္ဓေဉာဏ်၊ ဇာတိဉာဏ်နဲ့ ဆိုပါတယ်။ အကြောင်းအကျိုး ယုတ္တိနဲ့တကွ သိမှတ်တဲ့ဉာဏ်မျိုးကို ဖော်ပြရာလည်း ဖြစ်ပါတယ်။


နဖူးနဲ့ပတ်သက်တဲ့ အဟောတွေက ဒါပဲလားဆိုတော့ မဟုတ်ဘူး။ ကျန်ပါသေးတယ်။ ပုံလေးတွေနဲ့ ထပ်ရှင်းပြပါဦးမယ်။

## ၁။ ပဋိသန္ဓေဉာဏ်နဲ့ နဖူးပြင်

ပုံ(၁) နဲ့ ပုံ(၂)ကတော့ ဘေးစောင်း အနေအထားမြင်တဲ့ပုံပါ။ အဲဒီမှာ နားယောင်ကနေပြီးတော့ နောက်စေ့အထိ မျဉ်းဖြောင့်ဆွဲကြည့်ထားတာပါ။

နားရွက်ရဲ့ရှေ့ပိုင်းက နဖူးပြင်ပိုင်းဖြစ်ပြီးတော့ နားရွက်ရဲ့နောက်ပိုင်းကို နောက်စေ့ပိုင်းလို့ ခေါ်ပါတယ်။


ပုံ(၁)


ပုံ(၂)

ပုံ(၁)မှာ နဖူးပြင်တိုင်းက သုံးပုံနှစ်ပုံ ကျယ်ပြန့်ပြီးတော့ နောက်စေ့ပိုင်းက သုံးပုံတစ်ပုံ ကျယ်ပြန့်တာကို တွေ့ရလိမ့်မယ်။ အဲဒီလို နဖူးပြင်က သုံးပုံနှစ်ပုံ ကျယ်ပြန့်မယ်ဆိုရင်တော့ အဲဒီလူဟာ ပဋိသန္ဓေဉာဏ် ထက်မြက်ကောင်းမွန်သူ ဖြစ်ပါတယ်။

ပုံ(၂)မှာတော့ နဖူးပြင်အပိုင်းနဲ့ နောက်စေ့ပိုင်းဟာ တစ်စက်စီ နေရာယူထားတာ တွေ့ရမယ်။ သူကတော့ ပဋိသန္ဓေဉာဏ် သာမန်ပဲရှိပါတယ်။ ဉာဏ်ပညာ ထက်မြက်အောင် ကိုယ်တိုင်ပဲ ကြိုးစားယူရပါမယ်။ ဒါက ပဋိသန္ဓေဉာဏ် ဘယ်လောက် ပါရှိတယ်၊ မပါရှိဘူးဆိုတာကို ခန့်မှန်းလို့ရအောင်ပါ။

ဒါပေမယ့် နဖူးပြင်ပိုင်းဟာ နောက်စေ့ပိုင်းထက် ကျဉ်းနေပြီဆိုရင်တော့ ပဋိသန္ဓေဉာဏ် အလွန်နည်းပါးသူ ဖြစ်ပါတယ်။


## ၂။ ညီညာကျယ်ပြန့်သော နဖူး

ပုံ(၃)ကိုကြည့်ပါ။ အောက်ခြေမှ အထက်ဆံစပ်ထိတိုင်အောင် တစ်ညီတည်းရှိပြီး ကျယ်ပြန့်တဲ့နဖူးကို တွေ့ရပါမယ်။

အဲဒီလို နဖူးပြင်ညီတဲ့လူဟာ မှတ်ဉာဏ်စွမ်းအား အလွန်ကောင်းပါတယ်။ သိရှိပြီးသား အကြောင်းအရာကို မမေ့ပျောက်အောင် ထိန်းသိမ်းထားနိုင်ပါတယ်။ ပြန်လည်စဉ်းစားလိုက်တဲ့အခါ အားလုံးကို မှတ်မိနေတတ်တယ်။


www.burmeseclassic.com

www.burmeseclassic.com



ပုံ(၃)


ဒီနဖူးမျိုးဟာ ပြန်လည် စဉ်းစားဉာဏ်ထက်သန်တဲ့ နဖူးပြင်မျိုး ဖြစ်ပါတယ်။

### ၃။ အောက်ပိုင်းမြင့်မောက်သော နဖူး


ပုံ(၄)ကိုကြည့်ပါ။ နဖူးရဲ့အောက်ခြေ မျက်မှောင်နှစ်ခုအလယ်မှာသာ မြင့်မောက်တာကို တွေ့ရပါမယ်။ အဲဒီနဖူးဟာလည်း ပြန်လည်စဉ်းစားဉာဏ်ထက်သန်တဲ့ နဖူးမျိုးပါပဲ။

### ၄။ အပေါ်ပိုင်း မြင့်မောက်သောနဖူး

ပုံ(၅)ကိုကြည့်ပါ။ နဖူးပြင်အလယ်ပိုင်းရဲ့ အောက်



ပုံ(၄)




ပုံ(၅)

ပိုင်းမှာ နိမ့်ကျပြီးတော့ အပေါ်ပိုင်းမှာသာ မြင့်နေတာကို တွေ့ရပါမယ်။ အဲဒီနဖူးမျိုးကတော့ စိတ်ကူးယဉ်သမားတွေ ဖြစ်တတ်ပါတယ်။ အမျိုးသမီးတွေမှာ အတွေ့ရ များပါတယ်။ သူတို့ဟာ စူးစမ်းတတ်တယ်။ ကြံဆတတ်တယ်။ လက်တွေ့တော့ မပါကြဘူး။

### ၅။ အလယ်ပိုင်းချိုင့်နေသော နဖူး

ပုံ(၆)ကိုကြည့်ပါ။ နဖူးရဲ့အပေါ်ပိုင်းနဲ့ အောက်ပိုင်းမှာ မြင့်မောက်ပြီး အလယ်ပိုင်းချိုင့်နေတဲ့ နဖူးမျိုးပါ။ အဲဒီနဖူး



(ပုံ) ၆



www.burmeseclassic.com

www.burmeseclassic.com

ရှင်ကတော့ စေတနာသဒ္ဓါတရားကောင်းသူ ဖြစ်ပါတယ်။ သူတစ်ပါးအကျိုးကို လိုလားသူလည်း ဖြစ်ပါတယ်။ ဒါပေမယ့် မှတ်ဉာဏ်တော့ နည်းပါးသူဖြစ်ပါတယ်။

နဖူးရေထူးရေ ဆိုပြီးတော့ နဖူးရေရဲ့အကြောင်းကို လုံးဝ မပြောရသေးဘူး။ အခုပြောတော့မယ်။ မပြောခင် နဖူးရေ ထူးရေ ဆိုတာလေးကို နည်းနည်းရှင်းပါဦးမယ်။

အများပြောနေတဲ့ စကားက နဖူးရေ ဒူးရေလို့ ပြောနေကြပါတယ်။ အဲဒါ မမှန်ပါဘူး။ နဖူးရေကိုကြည့်ပြီး လူကံခတ်တဲ့ပညာသာ ရှိပါတယ်။ ဒူးရေကိုကြည့်ပြီး အကဲခတ်တဲ့ပညာကတော့ ဘယ်ကျမ်း၊ ဘယ်စာအုပ်မှာမှ ရှာလို့ မတွေ့သေးဘူး။

နဖူးရေ ထူးရေလို့ဆိုမှ မှန်ပါမယ်။

နဖူးရေဟာ လူတစ်ယောက်အတွက် ထူးခြားတဲ့ အရေပါပဲ။ လူတစ်ယောက်ရဲ့ ထူးခြားမှုကို သိချင်ရင် နဖူးရေကိုကြည့်ရှုနဲ့ သိနိုင်တာမို့ 'နဖူးရေ ဒူးရေ'ဆိုတာထက် 'နဖူးရေ ထူးရေ'လို့ဆိုမှ ပိုသဘာဝကျပါလိမ့်မယ်။

## နဖူးရေကို အကဲခတ်ခြင်း

### ၁။ နဖူးရေတင်းသူ

နဖူးရေဟာ အရေးအကြောင်းတွေ မရှိဘူး။ နဖူးရေ လျော့ရဲခြင်းလည်း မရှိဘူး။ နဖူးရေ တင်းလွန်းတဲ့သူဆိုရင်တော့ စိတ်ဓာတ်နဲ့ အတွေးအခေါ်ပိုင်းမှာ အလယ်အလတ်တန်းစားပဲ ရှိပါတယ်။ ဦးနှောက်ဉာဏ်ကို အသုံးပြုပြီး အစဉ်တစိုက်လုပ်ကိုင်တဲ့ အလုပ်မျိုးကို စိတ်ဝင်စားမှု မရှိတတ်ဘူး။ ဒါဒီလူမျိုးဟာ အလုပ်ကို မှန်တမ်းပဲလုပ်တတ်ကြပါတယ်။ မှန်တမ်းလုပ်တတ်တဲ့ အလုပ်သမားမျိုး ဖြစ်ပါတယ်။ ဉာဏ်ကို အလွှာလိုက်အသုံးချရတဲ့ လုပ်ငန်းမျိုးကို စိတ်မဝင်စားတဲ့သူလည်း ဖြစ်ပါတယ်။ ကံပါမှ တိုးတက်နိုင်မယ့် လူစားမျိုးလို့ ဆိုရပါမယ်။

### ၂။ နဖူးထက်မှ အရေးအကြောင်း

နဖူးကြောချွဲလိုက်တဲ့အခါမှာ အရေးအကြောင်းတွေ ထင်ပါတယ်။

အဲဒီနဖူးရေဟာ ခက်ရင်းခွ သုံးခွသဏ္ဌာန် ရှိမယ်ဆိုရင်၊ ဒါမှမဟုတ် နဖူးရေဟာ လေးကိုင်းသဏ္ဌာန် ရှိနေမယ်ဆိုရင် ဆန့်ကျင်ဘက်လိင်ရဲ့ ချစ်မြတ်နိုးမှုနဲ့ ခင်မင်မှုကို ရတတ်ပါတယ်။

နဖူးရေ ငါးခုရှိမယ်ဆိုရင်တော့ အသက် ၁၀၀ အထိ နေရတတ်ပါတယ်။

နဖူးရေ လေးခုရှိတဲ့သူကျတော့ အသက် ၈၀ အထိ နေရတတ်ပါတယ်။

နဖူးရေ သုံးခုရှိမယ်ဆိုရင်တော့ အသက် ၆၀ အထိ အသက်ရှည်တတ်ပါတယ်။

ကိုယ့်မှာ နဖူးရေ ဘယ်နှခုရှိသလဲဆိုတာ ပြန်စမ်းကြည့်ကြပေါ့။

### ၃။ နဖူးအကျယ်

နဖူးရဲ့အမြင့်ထက် အကျယ်အဝန်းက ပိုမယ်ဆိုရင် လိမ္မာပါးနပ်မှုရှိတဲ့ အမှတ်လက္ခဏာ ဖြစ်ပါတယ်။ အရာရာမှာ သိလိုတဲ့ဉာဏ် ရှိပါတယ်။ အရာရာ ဈေးဆစ်တတ်တဲ့စိတ်လည်း ရှိပါတယ်။ ရုပ်ဝါဒသမားရဲ့ နဖူးလို့ ခေါ်ပါတယ်။ လက်တွေ့ဆန်တဲ့ သဘောရှိတယ်။

နဖူးရဲ့အကျယ်က နဖူးရဲ့အမြင့်ထက် တိုနေမယ်ဆိုရင် လက်တွေ့မပါတဲ့ စိတ်ကူးယဉ်သမား ဖြစ်နေမှာ အသေအချာပါပဲ။

နဖူးပြင်မြင့်ရင် စိတ်ပိုင်းသမား၊ နဖူးပြင်ကျယ်ရင် ရုပ်ပိုင်းသမားလို့ အလွယ်မှတ်ပြီးရင် နဖူးမြင့်ခြင်း၊ နိမ့်ခြင်းနဲ့ နဖူးကျယ်ခြင်း၊ ကျဉ်းခြင်းအပေါ် မူတည်ပြီး လူ(၆)မျိုး ခွဲခြားသိမှတ်နိုင်ပါတယ်။

၁။ မြင့်၍ကျဉ်းတဲ့ နဖူး
၂။ မြင့်ပြီးကျယ်တဲ့ နဖူး
၃။ မမြင့်မနိမ့် ကျဉ်းတဲ့ နဖူး
၄။ မမြင့်မနိမ့်နဲ့ကျယ်တဲ့ နဖူး
၅။ နိမ့်ပြီး ကျဉ်းတဲ့ နဖူး
၆။ နိမ့်ပြီး ကျယ်တဲ့ နဖူးရယ်လို့ ဖြစ်ပါတယ်။

နဖူးအကြောင်းက ဒီလောက်ပါပဲ။ ဒါပေမယ့် ကျန်နေသေးတယ်။ ကြုံတဲ့အခါ ဆက်ရေးပါဦးမယ်။

ပဥ္စဂုဏ် အဟံဝန္ဒာမိ

■ ဘုန်းပွင့်လှိုင်ဒိန်း



www.burmeseclassic.com

www.burmeseclassic.com

# ကြည်ညိုဖွယ်ရာ မုနိလေးဆူ

## သျှက်ပြုံး(မြန်မာစာ)

(က)

မုနိလေးဆူ နေရာအောင်မြေကား ရခိုင်ဓညဝတီမြို့ ဖြစ်ပေသည်။ မုနိဆိုသည်မှာ ဘုရားဟု အဓိပ္ပာယ်ရပါသည်။ မုနိလေးဆူ ရှိပါသည်။ အဆိုပါ မုနိလေးဆူမှာ

၁။ ရှင်ကျော်မုနိ (ပဲခူးတိုင်း၊ ရွှေတောင်မြို့နယ်)

၂။ ရွှေဘုံသာမုနိ (ပန်းတောင်းမြို့နယ်)

၃။ မာန်အောင်မြင်မုနိ (ပြည်တော်ပြန်ဘုရား၊ ဓလွန်မြို့)

၄။ ပထမ သွန်းလောင်းသော မန္တလေးမဟာမြတ်မုနိတို့ ဖြစ်ကြပါသည်။

မုနိလေးဆူ သွန်းလုပ်တော်မူခဲ့သည့် ရာဇဝင်မှာ မဟာသက္ကရာဇ် ၉၇ ခုနှစ်တွင် ရခိုင်၊ ဓညဝတီပြည်မှ စန္ဒသူရိယမင်း အုပ်ချုပ်စဉ် သုံးလောကထွတ်ထား မြတ်စွာဘုရား၏ တရားကို နာကြားလို၊ ဖူးမြော်လိုသောကြောင့် ရခိုင်ပြည်သို့ မြတ်စွာဘုရားကြွရောက်လာစေရန် ပန်း၊ ဆီမီး၊ တံခွန်ထီးများဖြင့် ဆုတောင်းပတ္ထနာ ပြုခဲ့ပါသည်။ မြတ်စွာဘုရားသည်လည်း ဇေတဝန်ကျောင်းတော်မှ သဗ္ဗညုတရွှေဉာဏ်တော်ဖြင့် ဆင်ခြင်မိသည့်အလျောက် မဟာသက္ကရာဇ် ၁၂၃ ခုနှစ်၊ တပို့တွဲလပြည့်နေ့တွင် မြတ်စွာဘုရားသည် ဓညဝတီမြို့ကြီး၏ အနောက်မျက်နှာ ကစ္ဆပနဒီ (ကုလားတန်မြစ်) အရှေ့ဘက်ကမ်း သေလာဂီရိကျောက်တောင်ထိပ်၌ ကြွရောက်တော်မူခဲ့၏။ စန္ဒသူရိမင်းလည်း ဝမ်းသာအားရဖြစ်လျက် ဆွမ်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာတို့ဖြင့် ပူဇော်လုပ်ကျွေး ဆည်းကပ်ခဲ့သည်။

သုံးလစေ့သောအခါ စန္ဒသူရိယမင်းသည် မြတ်စွာဘုရားအား ကိုယ်စားတော်ပွားခဲ့ပါရန် ပင့်လျှောက်သဖြင့် မြတ်စွာဘုရားက ခွင့်ပြုခဲ့သည်။ ထိုသို့ ခွင့်ပြုသဖြင့် ကြေးသွန်းသမားများနှင့် ရတနာမျိုး ၁၂၆ မျိုး ထင်းပေါင်း ၅၀ တို့ဖြင့် မုနိတော်များ သွန်းလုပ်တော်မူခဲ့ပါသည်။

မြတ်စွာဘုရား သခင်သည် သွန်းလုပ်ပြီးသော ညီတော်မုနိတော်ကို ရွှေရင်တော်ငွေ့ ခုနစ်လက်ပွေ့ကို ဦးခေါင်းတော်၌ တည်တော်မူသောအခါ မုနိတော်မြတ်သည် ပလ္လင်တော်မှ ဆင်းသက်ပြီး မြတ်စွာဘုရား၏ အပါးတော်မှ လိုက်လိုကြောင်း ခွင့်တောင်းခဲ့သည်။ ထိုမုနိတော်ကို မြတ်စွာဘုရားက ငါ၏ကိုယ်စား လူနတ်တို့၏ စီးပွားချမ်းသာကို ဆောင်ရစ်ရန် မိန့်တော်မူခဲ့ပါသည်။

ထိုသို့ မဟာမုနိတော်ကို သွန်းလောင်းဖန်ဆင်းပြီး ပိုလျှံသော ရတနာတို့နှင့် မဟာမုနိ၏ ညီတော်များအဖြစ် သွန်းလုပ်ခွင့် ပြုခဲ့ပြန်ပါသည်။

ထို့ကြောင့် မုနိလေးဆူ ပွင့်ထွန်းပေါ်ပေါက်ပါသည်။

(ခ)

### ပန်းတောင်းမြို့နယ်မှ ရွှေဘုံသာမုနိ

ပထမဦးစွာ ပဲခူးတိုင်း၊ ပန်းတောင်းမြို့နယ် ရွှေဘုံသာမုနိတော်မြတ်သည် ၁၁၄၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်နေ့ စနေနေ့တွင် အမရပူရ ပထမမြို့တည်ဆင်ဖြူများသခင် ဘိုးတော်ဘုရားမင်းကြီး၏ အိမ်ရှေ့ဥပရာဇာသည် မုနိတော်များ ပင့်ဆောင်လိုသဖြင့် ခွင့်ပြုခဲ့သည်။ အိမ်ရှေ့မင်း(သီဟသူရ)သည် ၁၁၄၆ ခု၊ ပြာသိုလပြည့်ကျော် ၁၁ ရက် အင်္ဂါနေ့၌ မဟာမုနိဘုရားထံ ပင့်ဆောင်ရန် သွားခဲ့ပါသည်။ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ပလ္လင်အောက်၌ "ငါ၏ဆရာ မုနိဘဂဝါကို မည်သို့သော မင်းအပေါင်းတို့မှ ပင့်ချီ၍ မရပါစေသတည်း။ နောင်အခါ ဘုန်းကံကြီးမားသူ ငါကိုယ်တိုင် ဖြစ်ခဲ့ပါလျှင် ပင့်ဆောင်ကိုးကွယ်ခြင်းငှာရပါစေသတည်း" ဆိုလိုက်သောအခါ စန္ဒသူရိယမင်း၏ ဆုတောင်း ရွှေပေချပ်ကို တွေ့ရပါသည်။

ထိုသို့ ပင့်ဆောင်ကြည့်ရာတွင်လည်း ပင့်ဆောင်၍ ရခဲ့ပါသည်။ အိမ်ရှေ့မင်း သီဟသူရသည် စန္ဒသူရိယမင်း ဖြစ်ခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ရခိုင်ရိုးမအတွင်း



www.burmeseclassic.com

www.burmeseclassic.com

တောင်ဆိပ်သို့ ပင့်ဆောင်ပြီး ပြည်မြို့အနောက်ဘက်ကမ်း ရွှေဘုံသာအရပ်တွင် စခန်းချစဉ် ရခိုင်လူမျိုးများ၏ တောင်းပန်ချက်အရ ရဟန်းရှင်လူအပေါင်း ဖူးမြော်နိုင်စေရန် ရွှေဘုံသာရွာတွင် ကိန်းဝပ်တော်မူစေပြီး အုဋ္ဌဂန္ဓကုဋီ တန်ဆောင်းတော်ကြီးဖြင့် ရွှေဘုံသာမုနိဆုတောင်းပြည့်စေတီတော်ကို တည် ထားကိုးကွယ်ခဲ့ပါသည်။

## (ဂ)
## ရွှေတောင်မြို့ရှိ ရှင်ကျော်မုနိ

ပဲခူးတိုင်း ရွှေတောင်မြို့ ရှင်ကျော်မုနိရုပ်ရှင်တော်မြတ်ကြီး တည်ထားကိုးကွယ်ခဲ့ရခြင်းမှာ အိမ်ရှေ့မင်း သီဟသူရသည် စကုမင်း၊ ကာမမင်းတို့ကို ဦးဆောင်ကွပ်ကဲပြီး ဓညဝတီသို့ စစ်သည်အင်အားသုံးသိန်းဖြင့် ချီတက်တိုက်ခိုက်ခဲ့သည်။ ၁၁၄၆ ခု၊ တပို့တွဲလဆန်း ၁၃ ရက်နေ့တွင် ဦးရာဇ်တောင်ပေါ်တက်၍ မဟာမုနိရုပ်ရှင်တော်ကို ဖူးမြော်ဆုတောင်းပြီး ဈေးချောင်းဆိပ်ကမ်းသို့ မဟာမြတ်မုနိဘုရားကြီးအပြင် သုံးဆူကို တစ်ပါတည်းပင့်ဆောင်ခဲ့သည်။

မုနိလေးဆူကို ဖောင်ဖြင့်တင်ဆောင်ပြီး သံတွဲမြို့အထိ ပင့်ဆောင်ခဲ့၏။ ထိုမှတစ်ဆင့် ကြည်းကြောင်းခရီးနှင့် တောင်ကြားလမ်းအတိုင်း ပြည်တစ်ဖက်ကမ်း ပန်းတောင်းမြို့သို့ ပင့်ဆောင်ခဲ့သည်။ ဓညဝတီပြည်သူများ၏ လျှောက်တင်ချက်အရ ရွှေဘုံသာမုနိကို တစ်ဆူထားရှိခဲ့ပြီး သုံးဆူကို ပင့်ဆောင်၍ မင်းနေပြည်တော် အမရပူရသို့ ဆန်တက်တော်မူခဲ့ပါသည်။ ၎င်းသုံးဆူမှ ရှင်ကျော်မုနိရုပ်ရှင်တော်မြတ်သည် သီပေါမင်းပါတော်မူသောနှစ် ၁၈၈၅ ခုနှစ်မှစ၍ မဟာမြိုင်တောတွင် ပျောက်ကွယ်နေခဲ့ပါသည်။ ၁၈၈၈ ခရစ်နှစ်တွင် အိမ်ရှေ့မင်းအနီးစွဲရောက်ပြီး ဖြစ်သည်။

အညာ မဟာမြိုင်တောဆိုသည်မှာလည်း စစ်ကိုင်းတိုင်း တန့်ဆည်မြို့နယ်နှင့် ကလေးဝမြို့နယ်အတွင်းရှိ လူသူအရောက်အပေါက်နည်းသော တောကြီးဒေသတစ်ခု ဖြစ်ပါသည်။ ယခုနောက်ပိုင်းတွင် ဝိပဿနာဓိုရ်ကြီးများ ကျင့်ကြံအားထုတ်ရာ သာသနာဒေသထူးဖြစ်ကြောင်း သိရသည်။

၎င်းမဟာမြိုင်တောမှ မအူပင်၊ ငပိအိုင်၊ ဆင်တော်၊ မိတ္ထီလာ၊ မိန်းမလှကျွန်း၊ ရွှေနတ်တောင်အနီး၊ မဟာစကြာပါဒ စသည်တို့တွင် သာသနာပြုနေသော မဟာစကြာပါဒနေလ ဓမ္မသာသနာဟိတ ဦးအာဒိစ္စ ဆရာတော်ကြီးက ခဲရာခဲဆစ် ပင့်ဆောင်ခဲ့ပါသည်။

ယခုအခါ ရှင်ကျော်မုနိမြတ်စွာဘုရားသည် ပဲခူးတိုင်း ရွှေတောင်မြို့၊ ရွှေနတ်တော်စေတီတော်ကြီး အနောက်ဘက်မုခ် မဟာစကြာပါဒ နန်းဦးစေတီတော်ဝင်း အတွင်း ဂန္ဓကုဋီတိုက်အတွင်း ကိန်းဝပ်စံပယ်တော်မူနေပါသည်။

ရှင်ကျော်မုနိတွင် ထူးခြားသော လက္ခဏာတော်များ ရှိပါသည်။ မကိုဋ်တော် ဆောင်းထားခြင်း၊ စလွယ်တော်တပ်ဆင်ထားခြင်း၊ ထက်ဝယ်ဖွဲ့ခွေ ထိုင်တော်မူဟန်ရှိခြင်း၊ ဘူမိဖဿမုဒြာရှိခြင်း၊ ဝီရာသနမြေကိုထား၍ ထိုင်တော်မူဟန် ရှိခြင်းတို့ဖြစ်ပါသည်။ မျက်နှာတော်သည်လည်း စေတနာပွားများဟန် ပြုံးတော်မူဟန်ရှိခြင်းတို့ ဖြစ်ပါသည်။ မဟာမုနိကိန်းဝပ်ရာ သီရိဂုတ်နေရာသည် အောင်မြင်မှုန် ဖြစ်ပါသည်။ နောင်တော်အဆူဆူတို့၏ ဓာတ်မွေ တည်ထားရာလည်း ဖြစ်သည်။ ဂေါတမရှင် ကြွရောက်ကိန်းအောင်းရာ ဖြစ်သည်။ ကိုယ်စားတော် သွန်းထားရာလည်း ဖြစ်သဖြင့် အံ့ဖွယ်ကိုးပါး ရှိခဲ့ပါသည်။ ထူးခြားသောလက္ခဏာတော်များမှာ ရုပ်ရှင်တော်မြတ်ဆိုသည့်အတိုင်း မျက်နှာတော်မှာ ကြည်ရွှင်လန်းလျက်ရှိသည်။ သော်တာလနှင့်မခြား တောက်ပဝင်းလက်လျက်ရှိသည်။ မျက်မှောင်တော်ကြား မေးဖျားနှာအောက်တို့၌ ယိုလုမတတ် တပေါက်ပေါက်ကျသည့်အဖြစ် ရှုမြင်ရသည်။ အသက်ထင်ထင် ဖူးမြော်ရသကဲ့သို့ ဖူးမဝ အံ့ဖွယ်ကြည်ညိုမဆုံး ရှိပါသည်။

## (ဃ)
## ဖလွန်မြို့ရှိ မာန်အောင်မြင်မုနိ

ဖလွန်ပြည်တော်ပြန်ဘုရား (မာန်အောင်မြင်မုနိဘုရားမှာ ဘိုးတော်ဘုရားလက်ထက် ရခိုင်ကိုသိမ်းပိုက်သောအခါ ဘုရားနှင့်အတူ မင်းဆွေမင်းမျိုး အမြောက်ပေါင်း နှစ်ထောင်ကျော်၊ စိန်ပြောင်းတစ်ထောင်ကျော်၊ သေနတ်တစ်သောင်းကျော်၊ သုဝဏ္ဏယပုဏ္ဏားမျိုး ၅၀၀ ကျော်၊ မြဟ္မာမျိုး ဘိသျှမျိုး ဆတ္တာဂနန္ဒ၊ ပုဏ္ဏားမျိုးတို့နှင့် အတတ်ပညာရှင် မြင်းလှူပေါင်း သုံးသောင်းကျော်တို့ကိုပင် လယ်ကတချို့၊ ရိုးမကိုဖြတ်၍တချို့ အမရပူရသို့ ယူဆောင်ခဲ့သည်။ ဘုရားကိုမူ နန်းဦးတွင်ထားပြီး ကိုးကွယ်သောကြောင့် နန်းဦးဘုရားဟု ခေါ်တွင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဇလွန်မြို့ သူကြီးဦးရွှေပွင့်သည် အခွန်ဘဏ္ဍာ ဆက်သရသဖြင့် အမရပူရသို့ရောက်ထိုင်း နန်းဦးဘုရားကို ဖူးမြော်ကြည်ညိုလေ့ရှိပါသည်။ နန်းဦးဘုရား၏ ပုံတူရုပ်ပွားတစ်ဆူကို သွန်းလုပ်ရန် ကြိုးစားခဲ့သည်။ သို့သော် အင်္ဂလိပ်မြန်မာ ပထမစစ်ပွဲ ဖြစ်လာသောကြောင့် မသွန်းလုပ်နိုင်ခဲ့ပါ။ နန်းဦးဘုရားကို ,မိဖုရား၏ ခွင့်ပြုချက်ဖြင့် ဇလွန်မြို့သို့ ပင့်ဆောင်ပူဇော်ခွင့်ရခဲ့သည်။

ပြည်တော်ပြန်ဘုရားဟု ခေါ်ရခြင်းမှာလည်း ၁၈၅၅ ခုနှစ်လောက်က ဘုရားကြီးကို ကြေးလက်နက် ပစ္စည်းလုပ်ရန် အိန္ဒိယနိုင်ငံ၊ ဘုံဘေမြို့ကို အင်္ဂလိပ်တို့ ယူဆောင်သွားခဲ့သည်။ ဘုံဘေမြို့ရောက်သောအခါဘုရားကို အရည်ဖျော်မရသည့်အပြင် မိုးမှောင်များကျ၍ ဘုရားကို အရည်ဖျော်ရန် ကြိုးစားသူတို့ သေဆုံးခဲ့ကြသည်။

၁၈၅၇ ခုနှစ်တွင် ဝိတိုရိယဘုရင်မ အိန္ဒိယကို ရောက်သောအခါ ရောဂါဝေဒနာခံစားရပြီး အိပ်မက်အမျိုးမျိုး မြင်မက်သဖြင့် ဘုရားကို ပြန်ပို့ခဲ့သည်။ ၁၈၅၇ ခုနှစ်တွင် ဇလွန်မြို့သို့ ဒုတိယအကြိမ် ပြန်ရောက်ခဲ့သည်။ ထို့ကြောင့် ပြည်တော်ပြန်ဘုရားဟု ခေါ်တွင်ခဲ့ကြောင်း သမိုင်းများမှ ဖော်ပြထားပါသည်။

မဟာမုနိဘုရားများ ကိန်းဝပ်စံပယ်ရာမြေမှာ မုနိမြေပင် ဖြစ်လေသည်။ မုနိမြေမှာ ရခိုင်လူမျိုးနှင့် ဗုဒ္ဓဘာသာဝင်တို့အတွက် ထူးခြားသည့် မဟာအောင်မြေလည်း ဖြစ်ပေသည်။ ထို့ကြောင့် မဟာမုနိဘုရား၏ အံ့ဖွယ်တော်များကို တင်ပြအပ်ပါသည်။

၁။ တိရစ္ဆာန် ကျေးငှက်အပေါင်းတို့သည် ရုပ်တုမြတ်၏ ရွှေပြာသာဒ်ပေါ်သို့ ခုန်ပျံနားခြင်းမရှိ။

၂။ ရွှေမျက်နှာတော်မှာ ထွန်းလင်းတောက်ပ သောရောက်ခြည်ဓော် စွန့်လွှတ်ခြင်း။

၃။ အယူမှားသောသူတို့ ဖူးတွေ့သော် ညိုမှောင်လျက် အရောင်မထွက်ခြင်း။

၄။ ရုပ်တုတော်မြတ်ကို ပုံပန်းကျနစွာ မကူးယူနိုင်ခြင်း။

၅။ တရားရင်ဆိုင်သောအခါ အနိုင်အရှုံးကို ကျိန်ဆိုသောအခါ လက်ငင်းထိရောက်စေခြင်း။

၆။ ရဟန်းရှင်လူ ပြည်သူအပေါင်းတို့ ကုဋေသိန်းသောင်းမကသော ရွှေပြား၊ ရွှေဆိုင်းတို့ နေ့ညကပ်လှူသော်လည်း ပြည့်ဖြိုးသော ကိုယ်တော်မရှိခြင်း။

၇။ တစ်ဆယ့် နှစ်လလုံး မည်သည့်အခါမဆို နေ့ညအသံမစဲ ပွဲတော်သတင်းနှင့် လူရှင်အများ စည်ကားဖူးရောက်သော တန်ခိုးရှိခြင်း။

၈။ တန့်ခူး၊ ကဆုန်စသော သကြံန်အတာရေ သွန်းသောအခါ သပ္ပာယ်သမျှရေတို့ အပါးတော်၌ ရေမဝပ်ခြင်း။

၉။ သတ္တဝါအများ ဆင်းရဲချမ်းသာ သုခဒုက္ခ ကြုံရသောအခါ ရုပ်တုတော်မြတ်သည် တန်ခိုးအထူးပြတော်မူခြင်း စသော အံ့ဖွယ်ကိုးပါး ရှိပါသည်။

ထို့အပြင် မဟာမုနိဘုရား ကိန်းဝပ်စံပယ်တော်မူသော ဂန္ဓကုဋီတိုက်တော်၏ အံ့ဖွယ်ကိုးပါးလည်း ရှိပါသည်။

၁။ ရှေ့တော်ပြင်၌ ရှိသော ဝေသုန္ဓရေတွင်း၌ လူအပေါင်းတို့သည် ရေစက်သွန်းချသော်လည်း ပြည့်လျှံခြင်းမရှိ။

၂။ မိစ္ဆာဒိဋ္ဌိ အယူရှိသူတို့ ပူဇော်ကန်တော့လျှင် ရောင်ခြည်တော်ခြောက်ပါး မှေးမှိန်ခြင်းမရှိခြင်း။

၃။ မိစ္ဆာဒိဋ္ဌိတို့ အရောင်တော်မထွက်အောင် ပြုပြင်ထားသော်လည်း ရောင်ခြည်တော်ခြောက်ပါးတို့ ထွန်းလင်းတောက်ပခြင်း။

၄။ ရောင်ခြည်တော်ခြောက်ပါးတို့ နေ့ညမသန်း ထွန်းတောက်နိုင်ခြင်း။

၅။ ကျေးငှက်တို့ ဂန္ဓကုဋီတိုက်ပေါ်သို့ ပျံဝဲမသွားနိုင်ခြင်း။

၆။ ကိုယ်တော်၏ ပမာဏကို တိုင်းတာ၍ မသိနိုင်ခြင်း။ တစ်ယောက်၏ တိုင်းတာခြင်းနှင့် တစ်ယောက်၏ တိုင်းတာခြင်း ပမာဏ ညီမျှမှုမရှိခြင်း။

၇။ ဂန္ဓကုဋီတိုက်အတွင်း တစ်ရာ့တစ်ပါးသော လူမျိုးတို့ ဝင်ထွက်သော်လည်း ပြည့်လျှံခြင်းမရှိ။

၈။ ဦးတော်ဆေးကန်သည် မိုးရွာ နေပူသော်လည်း ယုတ်လျော့ခြင်းမရှိ။

၉။ ဂန္ဓကုဋီတိုက်တော်အတွင်း ပိုင်းရံစိုက်ပျိုးထားသော သစ်ပင်တို့သည် အကိုင်းအခက်အရွက်အညွန့်တို့သည် ဂန္ဓကုဋီတိုက်ဘုရားရှိရာသို့ ညွတ်ကိုင်းနေခြင်း စသော အံ့ဖွယ်ကိုးပါးကို တွေ့ရပေသည်။

ဗုဒ္ဓ၏ကိုယ်စားတော် မဟာမုနိဟု ခေါ်တွင်ထင်ရှားမုနိဘုရားများအကြောင်း ကြည်ညိုဖွယ်ရာ တင်ပြရေးသားလိုက်ရပါသည်။

သျှက်ပြုး(မြန်မာစာ)



www.burmeseclassic.com

www.burmeseclassic.com



# မုနိလေးဆူ နှင့် ထူးခြားထက်မြက်သော ဂါထာတော်များ

မောင်မောင်သိန်း-သတင်းထောက်-ဗိုလ်ကုန်း

ဇလွန်မြို့ ပြည်တော်ပြန် မာရ်အောင်မြင်ဘုရားကြီးသည် မုနိရုပ်ပွားလေးဆူတွင် တစ်ပါးအပါအဝင် ဖြစ်လေသည်။ မုနိလေးဆူမှာ . . .

၁။ မဟာမုနိဆင်းတုတော်၊

၂။ ရှင်ကျော်မုနိဆင်းတုတော်၊

၃။ ရွှေဘုံသာမုနိဆင်းတုတော်၊

၄။ မာရ်အောင်မြင်မုနိဆင်းတုတော်တို့ ဖြစ်ကြသည်။

ဘိုးတော် အနောက်ဖက်မင်းကြီး ဖြိုခွင်းသက္ကရာဇ် ၁၂၃ ခု၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ ညနေချမ်း၌ စတင်သွန်းလုပ်ရာ ကြာသပတေးနေ့ နံနက်အချိန်တွင် အောင်မြင်စွာ ပြီးမြောက်လေသည်။

## မုနိလေးဆူ၏ ဉာဏ်တော်များ

၁။ မဟာမုနိဆင်းတုတော်သည် ယခုလူတို့ အတောင်နှင့် ဓမ္မခဏ်အလွတ် ခြောက်တောင်တစ်မိုက် ရှိသည်။

၂။ ရှင်ကျော်မုနိဆင်းတုတော်သည် ယခုလူတို့ အတောင်နှင့် ဓမ္မခဏ်အလွတ် လေးတောင် ရှစ်လက်မ ရှိ၏။ ဓမ္မခဏ်နှင့် ငါးတောင်တစ်လက်မ ရှိသည်။ (မဟာမုနိလက်ဝဲတော်ရံ ဖြစ်သည်။)

၃။ ရွှေဘုံသာမုနိဆင်းတုတော်သည် ယခုလူတို့ အတောင်နှင့် ဓမ္မခဏ်အလွတ် သုံးတောင်နှင့် ၁၀ လက်မ ရှိသည်။ ဓမ္မခဏ်နှင့်တကွ လေးတောင် လေးလက်မ ရှိသည်။ (မဟာမုနိ၏ လက်ျာတော်ရံ ဖြစ်သည်။)

၄။ မာရ်အောင်မြင်မုနိဆင်းတုတော်သည် ယခုလူတို့ အတောင်အားဖြင့် ဓမ္မခဏ်တော် အလွတ် နှစ်တောင့်ထွာ (သုံးပေ ကိုးလက်မ)ဖြစ်၍ ဓမ္မခဏ်မှာ ကိုးလက်မ ရှိ၏။ ဓမ္မခဏ်နှင့်တကွဆိုလျှင် သုံးတောင်တိတိ (လေးပေ ခြောက်လက်မ)ရှိလေသည်။ ကြေးချိန်ပိဿာ ၆၆၆ ပိဿာနှင့် ၆ ကျပ်သားရှိသည်။

မာရ်အောင်မြင်ဘုရားကြီးတွင် သင်းကျစ်တော်တွင်လည်းကောင်း၊ လက်ျာလက်ရုံးတော်တွင်လည်းကောင်း၊ လက်ဝဲလက်ရုံးတော်တွင်လည်းကောင်း၊ ဓမ္မခဏ်တွင်လည်းကောင်း ဂါထာလေးပုဒ် ရှိလေသည်။

## ပြည်တော်ပြန် မာရ်အောင်မြင် မြတ်စွာဘုရားကြီးနှင့် ဓမ္မခဏ်ဂါထာတော်တို့၏ အံ့ဩဖွယ်တန်ခိုးများ

၁။ လွန်ခဲ့သော ဒုတိယကမ္ဘာစစ်အတွင်း ဇလွန်နှင့် ဟင်္သာတအတွင်း ဇလွန်နှင့် ဓနုဖြူအတွင်းရှိ ကျေးရွာများနှင့် ဧရာဝတီမြစ်အတွင်းရှိ စက်သေနတ်၊ ဗုံး၊ လက်

www.burmeseclassic.com

နက်များ မထိခိုက်ရခြင်း စသော ဂုဏ်တော်အထူးနှင့် လည်း ပြည့်စုံပါပေ၏။

၂။ လိုရာဆုတောင်းပြည့်စုံခြင်းကြောင့် အနာရောဂါ ဖြစ်သောအခါ ဘုရားသို့ လာရောက် ရွှေသက်န်းကပ်လှူ ပြီးလျှင် ဆုတောင်းကြရာ ဘုရားကိုယ်တော်မြတ်၌ ရွှေများ ဖြင့် ပြည့်လျှံနေခြင်း။

၃။ မည်သည့် ရတနာကို ဝတ်ဆင်လာသည်ဖြစ် စေ ပြည်တော်ပြန်ဘုရားကြီး ရှေ့မှောက်သို့ ရောက်သော အခါ အရောင်မှေးမှိန်ရခြင်း။

၄။ ဘုရားဖူးများ ပြတ်သည်ဟူ၍ မရှိခြင်း အစရှိ သော တန်ခိုးတော် အနန္တတို့ကို အကျယ်အားဖြင့် တွေ့ ရှိကြည်ညိုရသည်။

မာရ်အောင်မြင်ဘုရားကြီးသည် ငါးမည်ရ ဆင်းတု တော်ကြီးနှင့် ဇလွန်မြို့သည် ငါးမည်ရမြို့တို့ ဖြစ်ကြလေ သည်။ ၎င်းမာရ်အောင်မြင် ဆင်းတုတော်သည် . . .

၁။ ပထမ - မာရ်အောင်မြင်ဟူ၍လည်းကောင်း။

၂။ ဒုတိယ - အမရပူရနန်းတော်အတွင်း၌ ဆု တောင်းပြည့်ခြင်းကြောင့် ဆုတောင်းပြည့်ဟူ၍လည်းကောင်း။

၃။ တတိယ - မင်းတပ်မင်း ကိုးကွယ်သည်ကို အကြောင်းပြု၍ မင်းတပ်မင်းဘုရားဟူ၍လည်းကောင်း။

၄။ စတုတ္ထ - အနောက်ပြည်မှ ပြန်ရောက်ကြွချီ လာသောအခါ ဟင်္သာတမြို့၌ ပေါ်တော်မူဘုရားဟူ၍ လည်းကောင်း။

၅။ ပဉ္စမ - ဇလွန်မြို့သို့ ပြန်ရောက်ကိန်းဝပ်တော် မူသောအခါ ယခုတိုင် ပြည်တော်ပြန် ဆင်းတုတော်ဟူ၍ လည်းကောင်း ဘွဲ့တော်ငါးမည် ချီတော်မူသော ဂုဏ်တော် နှင့်လည်း ပြည့်စုံတော်မူပါပေ၏။

ပညတ်သွားရာ ဓာတ်သက်ပါသကဲ့သို့ ဇလွန်မြို့ သည်လည်း ငါးမည်ရသော မြို့ဖြစ်သည်ကို အတိတ် သမိုင်း၌ . . .

၁။ ကျိုက်ထော်နန္ဒရ - ကျိုက်ထော် သမန္တပူရ ဟူ၍လည်းကောင်း။

၂။ လေသာထက်ချပ်ဟူ၍လည်းကောင်း။

၃။ စံလွန်ဟူ၍လည်းကောင်း။

၄။ ဇရွန်းဟူ၍လည်းကောင်း။

၅။ ဇလွန်ဟူ၍လည်းကောင်း။

ငါးမည်ရသော မြို့၌ ကိန်းဝပ်စပ္ပာယ်တော်မူသော ဆင်းဆုတော် မြတ်မုနိသည် ငါးမည်သော ဂုဏ်တော်ထူး ဖြင့် အများပြည်သူတို့ ပူဇော်ကိုးကွယ် ဆည်းကပ်တော် မူကြသော ဘုရားကြီးဖြစ်လေသည်။

ဇလွန်ပြည်တော်ပြန်ဘုရားကြီး၏ တန်ခိုးတော် အာနုဘော်တေဇော်များကား အထူးထူး အထွေထွေ အံ့ မခန်းနိုင်စရာ တန်ခိုးပြာဋိဟာ အမျိုးမျိုးတို့ကို ပြသတော် မူလေသည်။ ဇလွန်ပြည်တော်ပြန်ဘုရားကြီးတွင် ပါရှိသော ဂါထာတော်များအား ယုံကြည်လေးစား မြတ်နိုးကိုးကွယ်၍ ရွတ်ဖတ်ပူဇော်ကြသော ပုဂ္ဂိုလ်အပေါင်းတို့သည် ဘေး ဥပဒ် အန္တရာယ်စွယ်ခပ်သိမ်း ကင်းငြိမ်းပပျောက်ပြီး ကောင်း မြတ်သော စည်းစိမ်ဥစ္စာ ရတနာထူး ဥာနန္တရတို့နှင့် ပြည့်စုံ ကြလေသည်။

ဓမ္မဓာတ်ဂါထာတော်၏ ပုတီးစိပ်နည်းအား တင်ပြရ သော် တစ်ပိုဒ်လျှင် ပုတီးတစ်လုံးချ၍ ရွတ်ဖတ်ပူဇော် စိပ်ပါ။

၁။ ဣတိပိ ဝိဇ္ဇကတ္တယံ
၂။ အနိစ္စံ
၃။ ဒုက္ခံ
၄။ အနတ္တံ
၅။ သတ္တဗောဇ္ဈင်္ဂေ
၆။ အရိယော
၇။ အဋ္ဌင်္ဂိကောမဂ္ဂေါ
၈။ စတုသတိ ပဋ္ဌာန်
၉။ သမ္ဗုဒ္ဓကုန္ဒော
၁၀။ သဟာယသူရိယော
၁၁။ ခြောင်းနမော ဗုဒ္ဓါနံ
၁၂။ ရာဇဘာယံ
၁၃။ စောရဘာယံ
၁၄။ ဥဒကဘာယံ
၁၅။ အဂ္ဂိဘာယံ
၁၆။ သတ္တဘာယံ



www.burmeseclassic.com

www.burmeseclassic.com

၁၇။ သဗ္ဗဘယံ
၁၈။ ဧေယျာ
၁၉။ ဗေယျတုမင်္ဂလံ
၂၀။ အနိစ္စံ
၂၁။ သခ်တံ
၂၂။ ပဋိစ္စသမုပ္ပန္နံ
၂၃။ ခယဓမ္မံ
၂၄။ ဝယဓမ္မံ
၂၅။ ဝိရာဂဓမ္မံ
၂၆။ နိရောဓဓမ္မံ
၂၇။ ခမတိ

(၂၇ လုံး တစ်ကြိမ်ပြည့်လျှင် ဒုတိယ၊ တတိယ၊ စတုတ္ထ အကြိမ်တို့၌လည်း ဆက်လက်၍ အဝမှ ပြန်ဆို၍ စိပ်ပါ။ ၂၇ လုံး လေးကြိမ်ပြည့်လျှင် ၁၀၈ လုံးသော ပုတီးလုံးများ ကုန်ဆုံးပါလိမ့်မည်။)

**ပြည်တော်ပြန် မာရ်အောင်မြင်ဘုရား**
**သင်းကျစ်တော်၌ရှိသော ဂါထာတော်**

ဩောင်း ကာသော ပဏ္ဍာယ
ဥပသိမာ မမ မောဋ္ဌ
ပေဟိ ပေဟိ ဗုဒ္ဓါဝါ
ဓမ္မဝါ သံဃဝါ
သင္ဂေသုဝါ ဟုရံဝါ။

(အမြဲရွတ်ဖတ်ပူဇော်ပါက ဘေးအပေါင်း၊ ရန်အသွယ်သွယ်ကင်းရှင်း၍ ကျက်သရေတိုးပါ၏။)

**လက်ျာလက်ရုံးတော် သံရှစ်ချက်ဂါထာတော်**

သံသာရ စက္ကဝဋ္ဋံသံ
သံသုဒ္ဓံ မသာဩရသံ
သံဆိန္နကံ ဘဝေအာသံ
သံယံ အာပိ သုမာနသံ။

ဤဂါထာတော်ကို ရွတ်ဖတ်ပူဇော်သောအခါ မိမိညာလက်ရုံးကို ဆန့်ပြီးလျှင် ဆုတောင်း၍ ရွတ်ဖတ်ပူဇော်ပါက ပြည့်စုံပါ၏။

**လက်ဝဲလက်ရုံးဂါထာတော်**

တံ မေ သ ဒီ ကော မံ သု ရေ
သော အ မ နာ ပ သု သု ဗိ၊
အ ဓံ သိ တိ ဖု ဝိ သိ ဝေ၊
က ကော က ဝေါ နမာ မဟံ။

ဤဂါထာတော်ကို ရွတ်ဖတ်သောအခါ လက်ဝဲလက်ရုံး ဆန့်တန်း၍ လိုရာဆုတောင်းပြီး ရွတ်ဖတ်ပူဇော်ပါက ပြည့်စုံပါသည်။

သက္ကရာဇ် ၁၂၃ ခုနှစ်မှ ယနေ့ထိတိုင် မင်းအဆက်ဆက်ပြည်သူအပေါင်းတို့ ကိုးကွယ်ဆည်းကပ်လာကြသော မုနိများကို

*"ပန်းတွင်မှလေး၊ အတွေင်သီတာ၊ ပညာရှိတွင် ကာလီဒါသ၊ အထွင့်ရဖို့ ဗုဒ္ဓကိုယ်စား၊ ကိုယ်တော်ပွားတွင် ဘုရားမုနိလေးဆူရှိ၍၊ မုနိလေးပါးမြတ်ကြောင်း"* ကို စပ်ဆိုထားလေသည်။
*(မဟာမုနိပျို့ နိဒါန်း)*

ရတနာသုံးပါး ဆည်းကပ်ကိုးကွယ်ကြသော ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့ ပြည်တော်ပြန် မာရ်အောင်မြင်မုနိဘုရားကြီး၏ ဓမ္မခဏ်ဂါထာတော်များ၏ အကျိုး၊ ဘုရားကြီး၏ တန်ခိုးတော်တို့အား ကြည်ညိုပွားများ အားထုတ်၍ လောကီ၊ လောကုတ္တရာအကျိုး သယ်ပိုးဆောင်ရွက်နိုင်ကြစေရန် ရေးသားပူဇော်လိုက်ရပါသည်။

**မောင်မောင်သိန်း-သတင်းထောက်-ဇီးကုန်း**

<u>ချမ်းကိုး</u>

ဝေလွန်ပြည်တော်ပြန် မာရ်အောင်မြင် ဆင်းတုတော်သမိုင်း။



www.burmeseclassic.com

www.burmeseclassic.com

# မင်္ဂလာဂါထာ

## (ပတ္တမြားရတနာ ဂါထာတော်)

■ ဝေပုလ္လာရာမ ဆရာတော်

၁။ ဒီဝါတပတိ အာဒိစ္စော၊
ရတ္တိမှာ ဘာတိ စန္ဒိမာ၊
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော၊
အထသဗ္ဗာ မဟောရတ္တိံ၊
ဗုဒ္ဓေါ တပတိ တေဇသာ၊
တေန သစ္စဝဇ္ဇေန သောတ္ထိမေ၊
ဟောတု ဇယ မင်္ဂလံ။ ။

၂။ ဖုဋ္ဌဿ လောကဓမ္မေဟိ၊
စိတ္တံ ယဿ န ကမ္ပတိ၊
အ သောကံ ဝိရဇံ ခေမံ။ ။

၃။ တုဋ္ဌေတိ တုဋ္ဌေဟိ မမတုဋ္ဌေ ဟိ၊
ပိယေဟိ ပိယေဟိ မမပိယေဟိ၊
သိန္နေဟံ သိန္နေဟံ မမသိနေ္နဟံ၊
ရာဇစိတ္တံ ပိယံမှိုင်းမှိုင်း။
အမစ္စရာဇစိတ္တံ ပိယံမှိုင်းမှိုင်း။
အမစ္စစိတ္တံ ပိယံမှိုင်းမှိုင်း။
ဒေဝစိတ္တံ ပိယံမှိုင်းမှိုင်း။
ဒေဝီစိတ္တံ ပိယံမှိုင်းမှိုင်း။
ပုရိသစိတ္တံ ပိယံမှိုင်းမှိုင်း။
ဣတ္ထိစိတ္တံ ပိယံမှိုင်းမှိုင်း။
သဗ္ဗစိတ္တံ ပိယံမှိုင်းမှိုင်း။
ဩဿာင်း ဟေဟိ ဟေဟိ ဗလံခြင်း။
ဩဿာင်း ဟေဟိ ဟေဟိ ဗလံကပ်၊
ဩဿာင်း ဟေဟိ ဟေဟိ ဗလံခြင်းကပ်စေ။ ။

၄။ သဗ္ဗဟိတ မင်္ဂလာနိ၊
ပုညာဘိ သိရီသောဘဏီ၊
သူရဿတီစ မေမာတာ၊
နိစ္စံ ရက္ခန္တု မံသဒါ။ ။

ထိုဂါထာတော်လေးပုဒ်ကို နေ့စဉ် ရွတ်ဖတ်သရဇ္ဈာယ်နေသော ပုဂ္ဂိုလ်များသည် ဣစ္ဆာသယ၊ လိုဘရသော မထိဓာတ်ပတ္တမြားမျက်ရှင်ကို ရရှိထားသည်နှင့် အသွင်အလားသဏ္ဌာန်တူလှသောကြောင့် ထိုဂါထာတော် လေးပုဒ်ကို မထိဓာတ်ပတ္တမြားရတနာဂါထာတော်ဟု ဖော်ပြပါသည်။ နေ့စဉ်နံနက်အရုဏ်တက်ချိန်တွင်သော်လည်းကောင်း၊ ညဘက်အိပ်ခါနီးတွင်သော်လည်းကောင်း ဂါထာတစ်ပုဒ်လျှင် ၂၇ ခေါက်စီဖြင့် ရွတ်ဖတ်သရဇ္ဈာယ်ရပါမည်။ စုစုပေါင်း ဂါထာတော် လေးပုဒ်ဖြစ်၍ အခေါက်ရေပေါင်း ၁၀၈ ခေါက်စေအောင် ရွတ်ဖတ်သရဇ္ဈာယ်ရပါမည်။

ထို့ပြင် ထိုဂါထာတော် လေးပုဒ်ကို ၁၀၈ ခေါက်စေအောင် ရွတ်ဖတ်သရဇ္ဈာယ်ရာ၌ တစ်ထိုင်တည်းနှင့် (ဝါ) ဣရိယာပုထ်တစ်ပါးတည်းနှင့် ပြီးစီးအောင် ရွတ်ဖတ်သရဇ္ဈာယ်ရမည်ကို အထူးသတိပြုပါလေ။ ဂါထာလေးပုဒ်၏ သတ္တိ-သိဒ္ဓိအစွမ်းမှာ ဂါထာတော်များကို ညွှန်ကြားထားသည့်အတိုင်း ရွတ်ဖတ်သရဇ္ဈာယ်၍ ကိုးရက်မြောက်သောနေ့မှ စတင်၍ စီးပွားရေးများ အထူးအောင်မြင် တိုးတက်လာတော့၏။ စီးပွားရေးအထစ်အငေါ့များ၊ အဖုအထစ်များ၊ အခက် အခဲများ ပြေလည်လာရ၏။ အဆင်ပြေလာရ၏။ လုပ်ချင်သည့် စီးပွားရေး အရောင်းအဝယ်လုပ်ငန်းမှန်သမျှ မအောင်မြင်တာ မရှိ၊ အဆင်မပြေတာ မရှိ၊ မတိုးတက်တာမရှိ။ အားလုံးသော စီးပွားရေးအလုပ်များ အရောင်းအဝယ်လုပ်ငန်းများ



www.burmeseclassic.com

www.burmeseclassic.com

အခက်အခဲမရှိတော့ဘဲ ပျော်ပျော်ရွှင်ရွှင် ဝမ်းသာအားရ အံ့ဩစွာ တိုးတက်အဆင်ပြေလာပါလိမ့်မည်။ ကြိုက်တာ ရောင်း၊ ကြိုက်သည့်ဆိုင်ဖွင့်၊ ဘာလုပ်ငန်းကိုပဲလုပ်လုပ် အကျိုးမပေး ဘူးဆိုသည်မှာ မရှိနိုင်တော့ပေ။ ဂါထာတော်၏ တန်ခိုးစွမ်းအားကြောင့် အဆင်မပြေတာမရှိ၊ အကျိုးမပေးဘူး ဆိုတာ မရှိ၊ ငွေရေးကြေးရေး အခက်အခဲမရှိ၊ ငွေရေးကြေး ရေး ဘေးကျပ်နံကျပ်မရှိ၊ ငွေရှေ့ရတနာ ဆုံးရှုံးမှုမရှိ အားလုံး ပင် အောင်မြင်တိုးတက်ရတော့၏။

နှုတ်ပါးစပ်မှ ဈေးခေါ်တိုင်းရ၏။ ဈေးဆစ်တိုင်းရလာ တော့၏။ နှုတ်ဝစီမှ စီးပွားရေးနှင့်ပတ်သက်၍ ပြောချင်ရာကို ပြော၊ စိတ်ထဲရှိရာတို့ကို ကြိုက်နှစ်သက်သလိုသာပြော၊ ပြော ဆိုတိုင်းပြီးစီး၏။ ပြောတိုင်းဆိုတိုင်း အောင်မြင်လာရ၏။ တောင်းတိုင်းလည်း ရလာစေ၏။ စည်းစိမ်ဥစ္စာ၊ ရတနာ၊ ရွှေ ငွေ၊ အိုးအိမ်၊ တိုက်၊ မြေ၊ ကား ဤကိုးပါးသော ပစ္စည်းတို့ သည် ဝင်လာမစဲ စည်းကားစွာ တိုးတက်ဝင်ရောက်လာရ ကုန်၏။ ဂါထာတော်၏ တန်ခိုးအားကြောင့် မိမိတို့၏ စီးပွား ရေး အရောင်းအဝယ်လုပ်ငန်းများ၊ မိမိ၏စီးပွားရေး အလုပ် အကိုင်များကို နတ်ကောင်းနတ်မြတ်များက လာရောက် ကူညီ မစ စောင့်ရှောက်လာရကုန်၏။ အိမ်တွင်းရေး၊ မိသားစု အေးအေးချမ်းချမ်း ဖြစ်လာရကုန်တော့၏။ အိမ်တွင်းရေး မိသားစုဇာရေး ဆူဆူပူပူမရှိနိုင်တော့ချေ။ လက်အောက် ငယ်သား၊ အခိုင်းအစေ၊ ကျေးကျွန်၊ သားသမီး၊ မြေးမြစ်က စ၍ ဆူဆူပူပူမရှိတော့ဘဲ တည်ငြိမ်အေးချမ်း လာစေရ တော့၏။ မိမိ၏ အိမ်တွင်းရေးအပေါ်၌လည်းကောင်း၊ မိမိ၏ မိသားစု သားသမီးစီးပွားရေးအလုပ်အကိုင် အရောင်း အဝယ်များ အပေါ်၌လည်းကောင်း စိတ်ချလာရတော့၏။ စိတ် တိုင်းကျလာရတော့၏။ အားရကျေနပ်လာရတော့၏။ အပူ သောက၊ ဗျာပါဒ၊ စိတ်ရှုပ်မှု၊ စိတ်ဆင်းရဲမှုမှန်သမျှ မရှိနိုင် တော့ချေ။ မဖြစ်ပေါ်လာနိုင်တော့ပေ။ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် အားရကျေနပ်စွာဖြင့် စိတ်ဆန္ဒအလိုကိုပြီးစီး အောင်မြင်စေ ရတော့၏။

## မဏိဇောတ ပတ္တမြားဂါထာတော်ကြီး လေးပုဒ်၏ အကျယ်အညွှန်း

ဤမဏိဇောတ ပတ္တမြားဂါထာ လေးပုဒ်ကို ဆရာ တော်ထုတ်ပြန်ခဲ့သည်မှာ စုစုပေါင်းအားဖြင့် နှစ်ပေါင်း လေးနှစ် တိုင်တိုင် ရှိခဲ့ပါပြီ။ ထိုလေးနှစ်အတွင်း ဤမဏိဇောတ ဂါထာတော်များသည် မြန်မာနိုင်ငံအတွင်း တောရောမြို့ပါ မကျန် အတော်လေးပင် ပြန့်နှံ့ခဲ့လေပြီ။ မြန်မာပြည်တစ်ပြည် လုံးနှင့် ခြုံငုံ၍ကြည့်ပါလျှင် ၇၅% ခန့် ပြန့်နှံ့လျက်ရှိနေပြီ ကို ခန့်မှန်း၍ သိရှိလာနိုင်ခဲ့ပါပြီ။

ထို့ပြင် ပြည်ပနိုင်ငံခြားတိုင်းပြည်များ ဖြစ်ကြသည့် စင်္ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ တောင်ကို ရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ဂျာမနီနိုင်ငံ၊ အင်္ဂလန်နိုင်ငံ၊ အမေရိ ကန်နိုင်ငံ၊ ထိုင်းနိုင်ငံများအထိပါ ပြန့်နှံ့လျက်ရှိနေပါပြီ။

ထိုနိုင်ငံခြား တိုင်းပြည်များတွင် တာဝန်ထမ်းဆောင် လျက် ရှိကြကုန်သော မြန်မာလူမျိုးများ အများစုသည် ဤ ဂါထာ လေးပုဒ်ကိုပင် အထူးလက်ကိုင်ထား၍ ဂရုတစိုက် ရွတ်ဖတ်သရဇ္ဈာယ်ကြကုန်၏။ ထိုသို့ ဂရုတစိုက် ရွတ်ဖတ် သရဇ္ဈာယ်ခြင်းကြောင့်လည်း နိုင်ငံခြားတိုင်းပြည်များတွင် တာဝန်ဝတ္တရား ထမ်းဆောင်ကြကုန်သော၊ အလုပ်လုပ်ကိုင် လျက် ရှိနေကြကုန်သော မြန်မာလူမျိုးများသည် အထူးသဖြင့် စီးပွားရေးကိစ္စများ၊ အရောင်းအဝယ်ကိစ္စများ၊ ငွေရေးကြေး ရေးကိစ္စများ၊ စာမေးပွဲ နှုတ်ဖြေရေးဖြေကိစ္စများ အထူးအားရ စွာ အောင်မြင်မှု၊ တိုးတက်မှုများ ရရှိပါကြောင်း တယ်လီ ဖုန်းများ၊ စာများသည် ဆရာတော်ထံသို့ မြောက်မြားစွာ ဝင် ရောက်လာခဲ့ကြကုန်ပြီ။

အချို့ဆိုလျှင် မြန်မာနိုင်ငံသို့ ပြန်ရောက်လာခဲ့ကြပြီး ကိုယ်တိုင်ကိုယ်ကျပင် ဆရာတော်ထံသို့ မရောက်ရောက် အောင် လာရောက်၍ ဤမဏိဇောတ ပတ္တမြားဂါထာ လေး ပုဒ်နှင့် ပတ်သက်၍ အလွန်ထူးခြားကြောင်း၊ အလွန်တိုးတက် အောင်မြင်ပါကြောင်း လာရောက်လျှောက်ထားကြ၊ လာ ရောက်ကန်တော့ကြ၊ ပူဇော်ကြတာလည်း မြောက်မြားစွာ တွေ့ရှိခဲ့ရလေပြီ။



www.burmeseclassic.com

www.burmeseclassic.com

ထို့ပြင် ပင်လယ်ကူးသင်္ဘောသား အများစုများသည်လည်း ဤမင်္ဂလာတော်ဝတ္ထုမြားဂါထာ လေးပုဒ်ကိုပင် အားထိုးအားထားပြု၍ ရှိသေစွာ မပြတ်သရဇ္ဈာယ်ခဲ့ကြသောကြောင့် သင်္ဘောအစုတ်မှ သင်္ဘောအသစ်၊ သင်္ဘောအကောင်းများမှာ တာဝန်ထမ်းဆောင်ရခြင်း၊ ထို့အတူ လစာငွေများ အထူးတိုးတက်ရရှိခြင်း၊ သင်္ဘောသားချင်းအချင်းချင်း မသင့်မမြတ်ဖြစ်တာ၊ အထက်/အောက်အရာရှိများ ငယ်သားများနှင့် အဆင်မပြေတာများအားလုံး အဆင်ပြေပြီး လုပ်ရကိုင်ရတာကအစ အားလုံး အဆင်ပြေချောမွေ့လာပါကြောင်းများစွာ ဆရာတော့်ထံသို့ လာရောက်လျှောက်ထားကြပေကုန်လေပြီ။

ထို့ပြင် မြန်မာပြည်တွင်းမှ အချို့ အချို့သော စီးပွားရေးကုမ္ပဏီကြီးများသည်လည်း ဤမင်္ဂလာတော်ဝတ္ထုမြားဂါထာ လေးပုဒ်ကိုပင် အဓိကထား၍ အားကိုးယုံကြည်စွာ ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ကြသောကြောင့် ယခင့်ယခင်က အဆင်မပြေခဲ့တာ၊ ဆုံးရှုံးနစ်နာမှုရှိခဲ့သော်လည်း ယခုတော့ အများကြီး အဆင်ပြေလာပါတယ်ဘုရားဟု လျှောက်ထားလာခဲ့ကြကုန်ပြီ။ အလုပ်အကိုင်၊ ဝင်ငွေသည်လည်း အရင်ကလို အခက်အခဲမရှိတော့ဘဲ အများကြီး အဆင်ပြေတိုးတက်လာပါတယ်ဘုရားဟု လျှောက်ထားလာကြလေကုန်ပြီ။

ဤဂါထာ လေးပုဒ်စလုံးတွင် ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူခဲ့သော ဂါထာတော်နှစ်ပုဒ် ပါဝင်ထားပြီး ကျန်သောဂါထာနှစ်ပုဒ်ကတော့ လောကီဆရာကြီးများ၊ ကာလီဒါသဆရာကြီးတို့ စီရင်ထားခဲ့သော ဂါထာများဖြစ်ပါသည်။ ထို့ကြောင့်ပင်လျှင် ဤမင်္ဂလာတော်ဝတ္ထုမြားဂါထာ လေးပုဒ်စလုံးသည် (လောကတွင် အာမခံချက်)ရှိသော စွမ်းအားကောင်းသော ဂါထာတော်များဖြစ်ကြောင်းကို အထူးသတိပြုပါလေ။ (အဓိဋ္ဌာန်သစ္စာများပြု၍ ထိုမိမိပြုထားသော အဓိဋ္ဌာန်သစ္စာများနှင့် ကိုက်ညီအောင် ကြိုးစားကျင့်ဆောင်ပါက အလွန်ပင် ထက်ထက်မြက်မြက် တိကျစွာ အကျိုးပေးနိုင်ကြောင်းကို အထူးသတိပြုပါလေ)

ယခင် လွန်ခဲ့သော ငါးနှစ်ခန့်အခါက နှစ်အားဖြင့် တိတိကျကျဆိုပါက ခရစ်နှစ် ၂၀၀၂ ခုနှစ် အခါက ခုနစ်ရက်သားသမီးအများစုတို့သည် ဆရာတော်သီတင်းသုံးရာ ပြည်မြို့ ဝေပုလ္လာရာမကျောင်းတိုက်သို့ ရောက်ရှိလာခဲ့ကြပြီး အရောင်းအဝယ်မကောင်းကြောင်း၊ စီးပွားရေးကျဆင်းကြောင်း၊ အလုပ်အကိုင်များ၊ အကြံအစည်များ တစ်ခုပြီးတစ်ခု ပျက်ပြားနေရကြောင်း၊ ဘာတစ်ခုမျှ လုပ်၍ကိုင်၍ အပေါက်အလမ်းမတည့်ကြောင်း လျှောက်ထားလာခဲ့ကြပါပြီ။

အချို့ကျတော့လည်း ကျန်းမာရေးမကောင်းကြောင်း၊ ခဏခဏ ကျန်းမာ ရေးဖောက်ပြန်နေကြောင်း၊ ယခုတလော ဘာဖြစ်မှန်းကိုမသိ ခဏခဏ ချူချာနေပါကြောင်း လျှောက်ထားလာခဲ့ကြသော ပုဂ္ဂိုလ်များ၊ မိသားစုအသင်းအဖွဲ့များလည်း များပြားစွာ ရှိခဲ့ကြပါသည်။

အချို့အချို့သော မိသားစုများကျ ပြန်တော့ အလိုလိုနေရင်းထိုင်ရင်း စိတ်ညစ်နေပါသည်၊ စိတ်ရှုပ်နေပါသည်။ နေရ ထိုင်ရ၊ လုပ်ရကိုင်ရသည်မှာ စိတ်မပျော်ကြောင်း၊ စိတ်လေလွင့်နေကြောင်း၊ အလိုလိုနေရင်းထိုင်ရင်းက စိတ်များတက်တက်ကြွကြွမရှိဘဲ စိတ်ဓာတ်ကျဆင်းသလို ဖြစ်နေပါကြောင်း လျှောက်ထားလာခဲ့ကြသည်များမှာလည်း အလွန်များပြားစွာ ရှိခဲ့ကြပါသည်။ အချို့မိသားစုဝင်များ အချို့အချို့သော ပုဂ္ဂိုလ်များကျပြန်တော့လည်း လက်ထဲမှာ ငွေမမြဲကြောင်း၊ မည်မျှပင် ရှာဖွေလုပ်ကိုင်၍ ငွေဘယ်လောက်ရရ လက်ထဲမှာ အဖတ်မတင်ကြောင်း၊ မစုမိ မဆောင်းမိကြောင်းများသည်လည်း အလွန်ပင် လျှောက်ထားလာခဲ့ကြပါသည်။

အချို့အချို့သော မိသားစုများ၊ ဒကာ၊ ဒကာမများကျပြန်တော့လည်း ရုံးရောက်၊ တရားဆိုင်၊ အမှုပြိုင်၊ ထောင်ကျ စသည်ဖြင့် ပြဿနာပေါင်းစုံ၊ ကိစ္စပေါင်းစုံ၊ အမှုပေါင်းစုံ၊ အဆင်မပြေမှုများ၊ အထစ်အငေါ့ အခက်အခဲပေါင်းများစွာ လာရောက်လျှောက်ထားကုန်သော ဒကာ၊ ဒကာမများလည်း များပြားစွာ ရှိခဲ့ကြပါသည်။

အချို့ကျတော့လည်း အလုပ်မှာ ရန်ပေါ်လို့၊ အတိုက်အခံပေါ်နေလို့၊ အချို့ကျပြန်တော့လည်း ကုမ္ပဏီမှာ အထက်နှင့်အောက် အဆင်မပြေလို့၊ အထင်အမြင်လွဲမှားနေလို့ စသည်စသည်ဖြင့် လာရောက်လျှောက်ထားကြသည်များလည်း ရှိခဲ့ပါ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုထိုသို့သော ကိစ္စများ၊ ပြဿနာများ၊ အမှုများသည် တစ်ပတ်ထက်တစ်ပတ် လျော့ကျမသွားဘဲ၊ ကျဆင်းမသွားဘဲ တစ်ပတ်ပြီးတစ်ပတ်၊ တစ်လပြီးတစ်လ၊ တစ်နှစ်ပြီးတစ်နှစ် တိုးတိုးများပြားလာခဲ့ကြသည် ဖြစ်လာကြကုန် တော့၏။ လျော့ကျသွားသည်၊ ကျဆင်းသွားသည်ဟု မမြင်ပေ။

**(အကျွန်ုပ်ဆရာတော်၏ ခံယူချက်မှာ လူအများ ချမ်းသာမှ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ သာသနာတော်လည်း ချမ်းသာလိမ့်မည်။ လူအများကြီးပွားလာခဲ့ပါလျှင် သာသနာတော်မြတ်ကြီးလည်း ကြီးပွားလာလိမ့်မည်။ လူအများ တိုးတက်စည်ကားလာပါလျှင် သာသနာတော်ကြီးလည်း ကြီးပွားချမ်းသာ၍ တိုးတက်စည်ကားလာ လိမ့်မည်။ လူအများ အဆင်ပြေ အောင်မြင်ကြလျှင်လည်း သာသနာပြုပုဂ္ဂိုလ်များအနေဖြင့်လည်း များစွာ အဆင်ပြေ အောင်မြင်လာလိမ့်မည်)** ဟူသော ခံယူချက်ရှိခဲ့သည်နှင့် အညီ ဤကိစ္စများ ဤပြဿနာများအတွက် ငါဘယ်လို ရှင်းလင်းရပါ့မလဲဟု တစ်ညလုံး စဉ်းစားဝေဖန်နေမိ၏။ ဤဒကာ၊ ဒကာမတွေ ကြီးပွားလာအောင်၊ ချမ်းသာလာအောင်၊ တိုးတက်လာအောင်၊ ပြည့်စုံဖူလုံလာအောင်၊ အောင်မြင်မှု တွေရရှိလာအောင် ငါဘယ်လိုလုပ်ရပါ့မလဲဟု နေ့စဉ်ရက်ဆက် စဉ်းစားဝေဖန်လာမိခဲ့တော့၏။

**(ဗုဒ္ဓဂုဏ်တော်များကို အဆောင်များလုပ်ပေးရလျှင် ကောင်းမှာလား။ တခြားတခြားသော လောကီမှာ အစွမ်းထက်မြက်သည့် အဆောင်များ လုပ်ပေးရလျှင် ကောင်းမှာလ ။ အစွမ်းထက်မြက်သော ဗုဒ္ဓယတြာမျိုးများ ဖြန့်ဝေပေးရလျှင် ကောင်းမှာလားဆိုသော (လား)မျိုးစုံ၊ မေးခွန်းမျိုးစုံများ ဦးခေါင်းထဲမှာ အစီအရီပေါ်လာခဲ့ပါသည်။)**

ပြန်၍ စဉ်းစားရပြန်ပါသည်။ (အဆောင်)ပေးရလျှင်လည်း အဆောင်ဟူသည် မသန့်သည့်နေရာ မသွားရ၊ အဆောင်ဆောင်ထားလျက်နှင့် အိမ်သာထဲမဝင်ရ၊ အဆောင်ဆောင်ထားလျက်နှင့် အိမ်အောက်၊ ကြိုးတန်းအောက် မဝင်ရ စသည်စသည်ဖြင့် စည်းကမ်းများက ရှိပါဘိသနဲ့၊ ဒါလည်း မဖြစ်နိုင်သေးပါဘူး။ လူဆိုတာက မိသားစုအလိုက် အရေးကြုံလာလျှင် အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့လာခဲ့လျှင် အိမ်အောက်လည်း ရောက်ချင်ရောက်မှာပဲ။ ကြိုးတန်းအောက်၊ ထဘီကြားထဲလည်း ရောက်ချင်ရောက်မှာပဲ။ အဆောင်ဆောင်ထားလျက်နှင့် မတတ်သာလို့ အိမ်သာတက်ချင်လည်း တက်မိမှာပါပဲ။ ဒီကိစ္စ ဤအဆောင်ပေးဖို့ကိစ္စကလည်း မဖြစ်နိုင်သေးပါဘူးဟု ဆုံးဖြတ်ချက်ချခဲ့ပါသည်။

နောက်တစ်ကြောင်းက ဘုရား၊ တရား၊ သံဃာနှင့် ပတ်သက်သော၊ ကုသိုလ်ကောင်းမှုနှင့်ပတ်သက်သော ဗုဒ္ဓယတြာများကို ဖြန့်ဝေပေးပြန်လျှင်လည်း ငွေကြေးတတ်နိုင်သော မိသားစုအတွက်မှာမူ အရေးမကြီးလှသော်လည်း တစ်နေ့လုပ်မှ တစ်နေ့စားသောက်နေရသော လူအများအတွက်မှာမူ (ကျားကြောက်လို့ ဆင်ကြီးကိုး၊ ဆင်ကြီးက ကျားထက်ဆိုး)(စားစရာမရှိရသည့်အထဲ ယတြာဖိုးနှင့် မွဲရချေသေး) ဖြစ်ရဦးမှာပါလားဟု တွေးမိပြီး ယတြာပေးဝေဖို့ကလည်း ဘယ်နည်းနှင့်မှ ဖြစ်နိုင်မှာမဟုတ်ပါဘူးဟု ဆုံးဖြတ်ချက်ချခဲ့ပါသည်။

ဤသို့ ဤသို့လျှင် စဉ်းစားတွေးခေါ်၍ ဝေဖန်နေဆဲပင် အကျွန်ုပ်ဆရာတော်၏ ဦးနှောက်ထဲသို့ အကြံတစ်ခု လင်းခနဲ ရောက်လာခဲ့ပါသည်။ အစွမ်းထက်မြက်သော ဘဝတစ်ခုအတွက် အာမခံချက်ပေးနိုင်သော ဂါထာများကို ရိုက်နှိပ်၍ တိတိကျကျ ရွတ်ဖတ်သရဇ္ဈာယ်နိုင်းမည် ဆိုပါလျှင် ဘယ့်နှယ်နေမလဲဟု စဉ်းစားရင်း. . .

(ဟာ. . .ဒီအတိုင်း ကောင်းလိမ့်မည်။ ဒကာ၊ ဒကာမတွေလည်း မပင်ပန်းဘူး။ တောရှောင်စရာ၊ တောင်ရှောင်စရာလည်း မလိုတော့ဘူး။ ဂါထာရွတ်ရုံပါပဲ။ ငွေလည်းမကုန်တော့ဘူး။ အဆောင်ပေးတာ မဟုတ်သည့်အတွက် ရှောင်စရာ၊ ဆင်ခြင်စရာ စည်းကမ်းတစ်ကျလည်း လိုက်နာစရာမလိုတော့ဘူး။ ဂါထာအစွမ်းကြောင့် အချိန်မှန်မှန် နေ့စဉ် ရွတ်ဖတ်သရဇ္ဈာယ်ရုံဖြင့် အောင်မြင်တိုးတက်၊ ကြီးပွားပြီး ငွေရေးကြေး ရေးကိစ္စများ၊ လာဘ်လာဘပွင့်ရေး ကိစ္စများ၊ ရာထူးအဆင့် လျင်မြန်စွာ တိုးတက်ရေးကိစ္စများ အောင်မြင်နိုင်အောင် အာမခံချက်ပေးနိုင်သည့် အစွမ်းထက်မြက်သည့် ဂါထာလေးပုဒ်ကို ငါဆင်မယ်။)

လို့ မိမိကိုယ်မိမိ ဆုံးဖြတ်ချက်ချပြီး ဤမဟာဇာတ



www.burmeseclassic.com

www.burmeseclassic.com

ပဋ္ဌာန်းဂါထာတော်များဟု အမည်တွင်သော ဤဂါထာတော် လေးပုဒ်ကို ထုတ်နုတ်ရေးသား၍ ဖြန့်ဝေရခြင်းဖြစ်ပါသည်။ စည်းကမ်းတကျ အချိန်မှန်မှန် အခေါက်ရေကိုက်အောင် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းဖြင့် လောကီကိစ္စမှန်သမျှ အောင်မြင် ပြီးစီး နိုင်တော့သည်ဟု အထူးမှတ်ယူသင့်ပါသည်။

## အထူးမှတ်သားချက်

ဤမဟာပဋ္ဌာန်း လေးဂါထာတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ကြရာ၌ ဂါထာများကို စိတ်ပါလျှင်ရွတ်လိုက်၊ စိတ်မပါလျှင် မရွတ်မိတာမျိုး လုံးဝမဖြစ်စေသင့်ပါ။ စိတ်ပါသည်ဖြစ်စေ၊ စိတ်မပါသည်ဖြစ်စေ၊ အလုပ်ရှုပ်သည်ဖြစ်စေ၊ အလုပ်အားနေသည်ဖြစ်စေ၊ အလုပ်ရသည်ဖြစ်စေ၊ အလုပ်မရသည်ဖြစ်စေ၊ စိတ်ကြည်လင်နေသည်ဖြစ်စေ၊ စိတ်မကြည်လင်၍ စိတ်ဆင်းရဲနေသည်ဖြစ်စေ၊ စိတ်မဆင်းရဲနေသည်ဖြစ်စေ၊ ချမ်းသာနေသည်ဖြစ်စေ၊ နိမ့်ကျနေသည်ဖြစ်စေ၊ တိုးတက်နေသည်ဖြစ်စေ၊ ဒုက္ခရောက်သည်ဖြစ်စေ၊ ဒုက္ခမရောက်သည်ဖြစ်စေ ဤမဟာပဋ္ဌာန်းဂါထာ လေးပုဒ်စလုံးကို -

(၁) ဂရုတစိုက်ရွတ်ပေးခြင်း။
(၂) အချိန်မှန်မှန် ရွတ်ဖတ်သရဇ္ဈာယ်ခြင်း။
(၃) ပါဠိအက္ခရာ အဖြတ်အတောက် မှန်ကန်စွာ ရွတ်ဖတ်သရဇ္ဈာယ်ခြင်း။
(၄) ရိုသေလေးစားစွာ ယုံကြည်အားကိုးစွာ ရွတ်ဖတ်သရဇ္ဈာယ်ခြင်း။
(၅) ကိစ္စအရှုပ်အထွေး၊ သောက၊ ဗျာပါဒများကို ပယ်ဖျောက်၍ ရွတ်ဖတ်သရဇ္ဈာယ်ခြင်း။
(၆) စိတ်ထဲမှာ ပျော်ရွှင်စွာ၊ လန်းဆန်းစွာ၊ စိတ်ကြည်လင်စွာထား၍ ရွတ်ဖတ်သရဇ္ဈာယ်ခြင်း။
(၇) ဂါထာများကိုမရွတ်မီ ကိုယ်လက်သန့်ရှင်းစင်ကြယ်စေခြင်း။
(၈) ဂါထာများကိုမရွတ်မီ ရတနာသုံးပါး၊ ဆရာသမား၊ မိဘများအား ထိုက်သင့်အားလျော်စွာ ပန်း၊ ရေချမ်း၊ ဆီမီး၊ ဆွမ်း စသည် ကပ်လှူပူဇော်စေခြင်း။
(၉) ဂါထာများကိုမရွတ်မီ ဘုရားထံတွင် သရဏဂုံ သီလတော်မြတ်ကို ခံယူဆောက်တည်ခြင်း။
(၁၀) ဂါထာများကို သူညွှန်ပြထားသော အခေါက်ရေအတိုင်း ကိုက်ညီအောင် ရွတ်ဖတ်သရဇ္ဈာယ်ပြီးနောက် မိမိအတွက် အရေးကြီးသောကိစ္စ ဆုတစ်ခုကို တောင်းရာ၏။

ဤအချက် ၁၀ ချက်နှင့် ညီညွတ်အောင် ဂါထာတော် လေးပုဒ်စလုံးကို ရွတ်ဖတ်သရဇ္ဈာယ်လာခဲ့သည်မှာ အနည်းဆုံး ခြောက်လ၊ အများဆုံး တစ်နှစ်ခန့် ကြာလာခဲ့သည်ရှိသော် ဤဂါထာ လေးပုဒ်စလုံးကို အမိဋ္ဌာန်ဝင်၍သော်လည်းကောင်း၊ သစ္စာပြု၍သော်လည်းကောင်း၊ ထိုမိမိပြုထားသော သစ္စာအဓိဋ္ဌာန်နှင့်အညီ ရွတ်ဖတ်သရဇ္ဈာယ်ကြကုန်ရာ၏ဟု အထူးမှတ်သားကြပါလေ။

## ဂါထာအကျယ်အညွှန်း

(က) ဤမဟာပဋ္ဌာန်း ပဋ္ဌာန်းဂါထာတော်များကို အခြေခံကျကျ ပုံမှန် အားဖြင့် ရွတ်ဖတ်သရဇ္ဈာယ်လိုပါလျှင် တစ်ပုဒ်လျှင် ၂၇ ခေါက်နှုန်းထား၍ ရွတ်ဖတ်သရဇ္ဈာယ်ကြကုန်ရာ၏။ စိတ်ကြည်လင်တောက်ပ၏။ ဘေးရန်အန္တရာယ်ကင်းဝေးရ၏။ ပြောတိုင်းဆိုတိုင်း အောင်မြင်ရာ၏။ အရောင်းအဝယ်၊ စီးပွားရေးများ ပုံမှန်ရောင်းဝယ်ကောင်းလာ၏။ သူတစ်ပါးအတိုက်အခိုက် အနှောင့်အယှက်များမှ ကင်းဝေးစေရ၏။ ကောင်းစွာအိပ်ရ၏။ ကောင်းစွာနိုးထရ၏။ ကောင်းသည့် အိပ်မက်များကိုပင် မက်စေရ၏။ အိမ်၊ ခြံ၊ မြေ သန့်ရှင်းရ၏။ မင်္ဂလာသိဒ္ဓိနှင့် ပြည့်စုံရ၏။ အိမ်တွင်းရေး၊ မိသားစုအရေး ငြိမ်းအေးရ၏။ ငြိမ်းချမ်းရ၏။ ရောဂါဝေဒနာများ အမြန်ပျောက်ကင်းရ၏။ ကျန်းမာရေး ပုံမှန်ကောင်းစေ၏။

(ခ) ဤမဟာပဋ္ဌာန်းရတနာ ဂါထာများကို ထပ်တိုး၍ ဂါထာ(၁)ပုဒ်နှင့် ဂါထာ(၂)ပုဒ်တို့ကို ၅၄ ခေါက်စီ ရွတ်ဖတ်သရဇ္ဈာယ်၍ ဂါထာ သုံးပုဒ်နှင့် ဂါထာ လေးပုဒ်တို့ကို တစ်ပုဒ်လျှင် ၂၇ ခေါက်စီ မှန်မှန်ရွတ်ပေးခြင်းအားဖြင့် စီးပွားရေး အရောင်းအဝယ်များ ပိုမိုကောင်းမွန်လာ၏။ စီးပွားတိုးတက်လာ၏။ အမှုပြဿနာများ ကင်းရှင်း



www.burmeseclassic.com

www.burmeseclassic.com

ရ၏။ ရင်ဆိုင်နေရသောအမှုကိစ္စများ သေချာပေါက် အနိုင်ရနိုင်၏။ ဝင်ငွေကောင်းလာပြီး အမြဲတမ်း လာဘ်လာဘပွင့်လင်းနေရ၏။ ခက်ခဲသော စကားအပြောအဆိုများ အထူး အောင်မြင်လာရ၏။ အထက်အာဏာပိုင် အကြီးအကဲများ ချစ်ခင်လေးစားလာရ၏။ မိမိအား ယုံကြည်စိတ်ချလာရ၏။ မိမိအား မကောင်းမမြင်တော့ဘဲ အကောင်းဘက်မှာ ရပ်တည်လာရ၏။ ရုံးအတွင်း၊ ကုမ္ပဏီအတွင်း၊ အလုပ်အတွင်းမှာ အတိုက်အခံ၊ အဖုအထစ်များ လျော့ပါးလာရ၏။ အားလုံးလူ၊ နတ်၊ အပဂိတ် တိရစ္ဆာန်မှန်သမျှ ချစ်ခင်လေးစားလာရတော့၏။ ရုပ်ရှင်လုပ်ငန်းများ၊ ရုပ်ရှင်သရုပ်ဆောင်များ၊ မော်ဒယ်များ၊ ဗီဒီယိုထုတ်လုပ်မှုလုပ်ငန်းများ၊ ဖြန့်ချိရေးလုပ်ငန်းများ၊ သရုပ်ဆောင်လုပ်ငန်းများ အထူးဝင်ငွေကောင်းလာစေရ၏။ ထင်ပေါ်ခြင်း၊ ကျော်စောခြင်း၊ လူသိများခြင်း ရှိလာကြရ၏။ တေးသံရှင်များ၊ အဆိုကျော်များ၊ တေးသရုပ်ဖော်များ စသည်များသည်လည်း အလုပ်မပြတ်ခြင်း၊ အလုပ်အကိုင်များ တစ်ခုပြီးတစ်ခု ဆက်တိုက်ဆက်တိုက် အလုပ်အဆက်အသွယ် မပြတ်လပ်တော့ဘဲ တိုးတက်အောင်မြင် လုပ်ကိုင်လာရတတ်၏။ ထင်ပေါ်ကျော်ကြား တောက်ပသော ကြယ်တစ်ပွင့်ပမာ ဖြစ်လာကြရ၏။ စိတ်ဆင်းရဲမှု၊ စိတ်သောကရောက်မှု၊ စိတ်ရှုပ်မှုတို့သည်လည်း လျင်မြန်စွာ ကင်းဝေးစေရ၍ စိတ်အေးချမ်းမှု၊ စိတ်ငြိမ်းချမ်းမှု၊ အပူအပင်ကင်းဝေးလာမှု၊ ရောဂါအနာများကင်းဝေးလာမှု၊ ကျန်းမာရေးအထူးကောင်းမွန်လာမှုများ ခံစားရရှိနိုင်ပါသည်။ နိုင်ငံတော်ဝန်ထမ်းများ၊ တပ်မတော်ဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများ ရာထူးအမြန်တက်စေရ၏။ အဆင့်အမြန်ဆုံး တိုးတက်စေရ၏။

ဤကဲ့သို့ မဏိဇောတပဋ္ဌာန်းဂါထာတော် လေးပုဒ်စလုံးကို ၁၄၊ ၁၄၊ ၂၇၊ ၂၇ နှုန်းဖြင့် မှန်မှန်ရွတ်ပေးပါက လောကဓံတရားကို ခံနိုင်ရည်ရှိလာရတော့၏။ အပူအပင်သောက ဗျာပါဒတရားများ ကင်းဝေးပျောက်လာရတော့၏။ နိမ့်ကျမှုဘဝကိုလည်းကောင်း၊ မြင့်မားမှုဘဝကိုလည်းကောင်း၊ ဆုံးရှုံးမှုတို့ကိုလည်းကောင်း၊ ချမ်းသာမှုတို့ကိုလည်းကောင်း၊ ချစ်မှု၊ မုန်းမှုတို့ကိုလည်းကောင်း လွယ်လင့်တကူ သက်သက်သာသာဖြင့် လောကဓံတရားတို့ကို ခံနိုင်စွမ်းရှိလာရတော့၏။

စားရေးသောက်ရေး ဝတ်ရေး သုံးရေး စွဲရေး ငွေရေးကြေးရေးကိစ္စများကစ၍ အပူအပင် ကြောင့်ကြမှုကင်းစွာဖြင့် တစ်လပြီးတစ်လ၊ တစ်နှစ်ပြီးတစ်နှစ် အဆင်ပြေချောမွေ့လာရတော့၏။ စိတ်ကကြံ့ခိုင်သမျှ ရည်မှန်းသမျှ ထင်မြင်သမျှ ဖြစ်ပေါ်လာရတော့၏။ မိမိဘဝသည် တည်ငြိမ်မှန်းမသိ တည်ငြိမ်လာရတော့၏။ ငြိမ်းချမ်းမှန်းမသိ ငြိမ်းချမ်းလာရတော့၏။ တက်ကြွမှန်းမသိ တက်ကြွလာရတော့၏။ မိသားစုလက်အောက် ငယ်သားများသည်လည်း စည်းလုံးညီညွတ်စွာ အေးချမ်းငြိမ်းချမ်းစွာ ရှိလာကြရကုန်၏။

ဤမဏိဇောတ ပဋ္ဌာန်းရတနာ ဂါထာတော် လေးပုဒ်တို့တွင် (၁)ပုဒ်နှင့် (၂)ပုဒ်တို့ကို ၁၀၈ ခေါက်စီ ရွတ်ပေး၍ ကျန်သော လောကီဂါထာ (၃)ပုဒ်နှင့် (၄)ပုဒ်တို့ကို ၁၄ ခေါက်စီ မှန်မှန်နေ့စဉ် ရွတ်ဖတ်သရဇ္ဈာယ်ပေးခဲ့သည်ရှိသော် စာမေးပွဲများ၊ ဂုဏ်ထူးများစွာနှင့်တကွ အောင်မြင်နိုင်တော့၏။ အလုပ်စာမေးပွဲများ၊ ရာထူးတိုးစာမေးပွဲများ၊ နိုင်ငံခြားထွက်ခွာရေးအတွက် သံရုံးဝင်မှုကိစ္စများ၊ နှုတ်ဖြေအမျိုးမျိုးများ၊ ရေးဖြေအမျိုးမျိုးများ၊ အကြွေးတောင်းကိစ္စများ၊ အလုပ်တောင်းကိစ္စများ၊ အလုပ်လျှောက်ထားမှုကိစ္စများသည် အထစ်အငေါ့၊ အခက်အခဲမရှိ လွယ်ကူစွာ ချောမောစွာ အောင်မြင်ပြီးစီးလာရတော့၏။

တခြား တခြားသော စီးပွားရေးအလုပ်များ၊ ခက်ခက်ခဲခဲရှိသော ကုမ္ပဏီလုပ်ငန်းများ၊ ကြီးမားသော စူပါမားကတ်ဆိုင်ကြီးများ၊ ကုန်ပဒေသာဆိုင်ကြီးများ၊ ကျောက်မျက်ရတနာ အရောင်းအဝယ်များ၊ ရွှေဆိုင်များ၊ မြေကွက်၊ ခြံ၊ အိမ်၊ တိုက်တာအရောင်းအဝယ် ကိစ္စများသည် အထစ်အငေါ့ အခက်အခဲမရှိ မိမိစိတ်က ဆန္ဒရှိသည့်အတိုင်း လျင်မြန်စွာ အောင်မြင်ပြီးစီးလာရတော့၏။

မည်သည့်ကိစ္စမျိုးကိုမဆို လွယ်ကူစွာပင် အောင်မြင်ပြီးစီးနိုင်၏။ မည်မျှပင် အရေးကြီးသောကိစ္စ၊ ခက်ခဲသောကိစ္စ၊ သေရေးရှင်ရေးတမျှ ကြီးမားသော ကိစ္စ ပြဿနာများပင်ဖြစ်ပါစေ လွယ်ကူချောမောစွာ စိတ်ချလက်ချ အောင်မြင်ပြီးစီးနိုင်တော့၏။

မည်သည့် ကုန်ပစ္စည်းမျိုးကို ရောင်းသည်ဖြစ်စေ၊ မည်သည့်လုပ်ငန်း မျိုးကို လုပ်သည်ဖြစ်ပါစေ အထစ်အငေါ့



www.burmeseclassic.com

www.burmeseclassic.com

မရှိ အခက်အခဲမရှိ လွယ်ကူစွာ အောင်မြင်နိုင်ရတော့၏။

မိမိတို့၏ အလုပ်ဌာနများတွင် ရာထူးတက်စရာ၊ အဆင့်တိုးတက်စရာ ကျန်နေသေးပါက ရှိနေသေးပါက အထစ်အငေါ့ အခက်အခဲမရှိ ဧကန်အမှန်ပင် လျင်မြန်စွာ ရာထူးအဆင့် တိုးတက် လာစေနိုင်တော့၏။

မိမိ၏အိမ်၊ တိုက်ခန်း၊ တိုက်တာ အဆောက်အဦမှန် သမျှ မိမိပိုင် ခြံဝင်းမှန်သမျှ အန္တရာယ်အတိုက်အခိုက်များ ကင်းဝေးစေရ၍ တစ်နေ့တခြား ဒီရေအလားကဲ့သို့ တက်နေ အလားကဲ့သို့ မင်္ဂလာအပေါင်းနှင့်လည်း ပြည့်စုံနေရတော့၏။

နေ့စဉ် ရွတ်ဖတ်သရဇ္ဈာယ်ရသော ဂါထာတော်၏ အစွမ်းသတ္တိကြောင့် မိမိအား မကောင်းကြံစည်၍ မရနိုင်။ မိမိအိမ်ခြံ စသည်တို့သည် ရန်သူမျိုးငါးပါး အန္တရာယ်များမှ ကင်းဝေးစေပါလိမ့်မည်။ မိမိ၏မိသားစု၊ မိမိ၏စီးပွားရေး လုပ်ငန်း၊ မိမိ၏စည်းစိမ်ဥစ္စာ၊ ရတနာရွှေငွေအား လုယက် ယူငင်မှု၊ ဓားပြတိုက်မှု၊ အနုကြမ်းစီးမှု၊ ဖောက်ထွင်းမှု၊ ခိုးယူ မှုများမှစ၍ ကင်းဝေးစေရတော့၏။

ထို့ပြင် မိမိ၏အိမ်ဂေဟာခြံဝင်း အပါအဝင် မိမိတို့၏ မိသားစုများအား စုန်း၊ နတ်၊ ကဝေ၊ တစ္ဆေ၊ မြေဘုတ်၊ ဘီလူး သရဲ သဘက်များ၏ ပြုစားနှောင့်ယှက်သော ဘေးရန် များလည်း ကင်းလွတ်စေရတော့၏။

ထို့ပြင် မိမိ၏ အိမ်၊ ခြံ၊ မြေ အပါအဝင် မိမိ၏ မိသားစုအား ပျက်စီးရာပျက်စီးကြောင်းအဖြစ် အင်းမြှုပ်ခြင်း၊ ဆေးတောခြင်း၊ နှံနှိပ်ခြင်း၊ နတ်စင်မှ ပြုစားတိုက်ခိုက်ခြင်း၊ အရိုးမှ ပြုစားတိုက်ခိုက်ခြင်း၊ သစ်ပင်မှ ပြုစားတိုက်ခိုက် ခြင်းများမှလည်း ထာဝရ ကင်းလွတ်ပပျောက်ကြရကုန်၏။

နေ့စဉ်နေ့တိုင်း ရွတ်ဖတ်သရဇ္ဈာယ်နေသော ဂါထာ တော်များ၏ စွမ်းအားသတ္တိကြောင့် မိမိ၏ခန္ဓာကိုယ် တစ် ကိုယ်လုံးအား နေ့စဉ် မင်္ဂလာနှင့်ပြည့်စုံနေရ၍ မိမိခန္ဓာ ကိုယ်အား သိဒ္ဓိအပေါင်း တင်ပေးရာလည်း ရောက်နေတော့ ၏။ ထို့ကြောင့် ကြံတိုင်းအောင် ဆောင်တိုင်းမြောက်၊ ဆောင်တိုင်းရ၊ ဆန္ဒရှိတိုင်း တိုးတက်ပြည့်စုံနိုင်တော့သည် ဟု မှတ်သားထားရပါမည်။

## အထူးမှတ်သားရန် အချက်များ

ဤမဏိဇောတ ပဋ္ဌာန်းမြားဂါထာတော် လေးပုဒ်အား ရွတ်ဖတ်သရဇ္ဈာယ်မည်ဆိုပါလျှင် နံနက်စောစော အိပ်ရာမှ ထ၍ မျက်နှာသစ်၊ ကိုယ်လက်သန့်စင်ပြီး နံနက် ၅ နာရီ၊ ၅း၃၀ နာရီ၊ နံနက် ၆ နာရီ စသည်များတွင် ရွတ်ဖတ် သရဇ္ဈာယ်ပေးပါက အလွန်ထိရောက်ပြီး အလွန်အစွမ်းထက် ၍ အကျိုးပေးပါလိမ့်မည်ဟု မှတ်သားကြပါကုန်။ ဤအချိန် အခါကိုမီအောင် မရွတ်နိုင်ပါက နံနက် ၇ နာရီမှ နံနက် ၉ နာရီအတွင်း နောက်ဆုံးထား၍ ရွတ်ဖတ်သရဇ္ဈာယ်ကြရာ၏။ နံနက် ၉ နာရီထက် မလွန်သင့်တော့ပါ။ နံနက်စောစော အလုပ်သွားစရာရှိလျှင် နံနက်စောစောထ၍ အလုပ်မသွားမီ ဂါထာရွတ်ဖို့ အချိန်ကို ပေး၍ ရွတ်ဖတ်သရဇ္ဈာယ်ပြီးမှ အလုပ် ဆင်းရာ၏။ လုပ်စရာရှိသည်များကို ဆောင်ရွက်ကြရာ၏။ ဂါထာလေးပုဒ်ကို မရွတ်ရသေးဘဲနှင့် တစ်နေ့တာ အလုပ်များ ကို မစတင်ရ၊ မလုပ်ရဟု မှတ်ပါလေ။

ဤမဏိဇောတ ပဋ္ဌာန်းမြားဂါထာတော် လေးပုဒ်အား

(၁) အိမ်သာတက်ရင်း မရွတ်ဆိုရ။

(၂) လမ်းသွားနေရင်း၊ လမ်းလျှောက်နေရင်း မရွတ် ဆိုရ။

(၃) ရေချိုးနေရင်း၊ အဝတ်လျှော်နေရင်း မရွတ်ဆိုရ။

(၄) ကားမောင်းရင်း၊ ကားစီးနေရင်း မရွတ်ဆိုရ။

(၅) ဆိုက်ကားနင်းရင်း၊ ဆိုက်ကားစီးရင်းလည်း မရွတ်ဆိုရ။

(၆) ဈေးရောင်းရင်း၊ ဈေးဝယ်ရင်းလည်း မရွတ်ဆိုရ။

(၇) မြင်းလှည်းမောင်းရင်း၊ မြင်းလှည်းစီးရင်းလည်း မရွတ်ဆိုရ။

(၈) စိတ်တိုရင်း၊ ဒေါသဖြစ်နေရင်း ဖြစ်နေဆဲမှာ မရွတ်ရပါ။

(၉) အရက်သောက်ရင်း၊ လောင်းကစားလုပ်ရင်း မူးယစ်ဆေးဝါးသုံးလျက် မရွတ်ဆိုရပါ။

ဤအချက် ကိုးချက်စလုံးကို အထူးရှောင်ရှားပါ။ အထူးဆင်ခြင်ပါ။

ဂါထာများရွတ်ဖတ်ရာမှာ ဥပမာ - စိန်ရွှေရတနာ

www.burmeseclassic.com

ကျောက်မျက်များကို ကိုင်တွယ်ရာမှာ ရှိသေစွာ ကိုင်တွယ်သကဲ့သို့ လေးစားစွာကိုင်တွယ်သကဲ့သို့ မွန်မွန်မြတ်မြတ် ကိုင်တွယ်သကဲ့သို့ ဂါထာတော် လေးပုဒ်ကိုလည်း ဤကဲ့သို့ ပင် သဘောထား၍ ရွတ်ဖတ်သရဇ္ဈာယ်ကြရာ၏။ အထူးမှာကြားလိုသည်မှာ ဤမဃဒေဝေတပတ္တမြား ဂါထာတော် လေးပုဒ်ကို ရွတ်ဖတ်သရဇ္ဈာယ်ကြရာ၌ (တစ်နေရာတည်းတွင် တစ်ထိုင်တည်း ဣရိယာပုသ်တစ်ပါးတည်းနှင့် အပြီးရွတ်ဖတ်သရဇ္ဈာယ်ရမည်ကို အထူးသတိထားတတ်ကြပါလေ) အထူးသတိပြုပါလေ။

အကျွန်ုပ် ဝေပုလ္လာရာမဆရာတော်သည် မိမိအထံတော်သို့ နေ့စဉ်နှင့်အမျှ ရောက်ရှိလာကြကုန်သော ဒုက္ခသည်၊ အမှုသည်၊ သောကသည်၊ ပြဿနာသည် များစွာတို့အား သူတို့၏ ဒုက္ခများစွာတို့အား တဒင်္ဂအေးချမ်းအောင်၊ တဒင်္ဂငြိမ်းချမ်းအောင်၊ ထာဝရငြိမ်းချမ်းအောင် ဘယ်ပုံဘယ်နည်း ဖါသည် စီရင်ပေးနိုင်ပါ့မလဲ။ ဤဒုက္ခများစွာတို့မှ လွတ်မြောက်အောင် ဆရာတော်သည် ဘယ်ပုံဘယ်နည်းဖြင့် ဆောင်ရွက်ပေးနိုင်ပါ့မလဲဟု အစဉ်အမြဲ စဉ်းစားတွေးခေါ်နေခဲ့ပါ၏။ ယခုတော့မှ ဤမဃဒေဝေတ ပတ္တမြားဂါထာတော် သိုက်ကို တွေ့ရှိခဲ့ရပြီး ဤဂါထာ လေးပုဒ်တို့တွင် နံပါတ်(၁)ဂါထာနှင့် နံပါတ်(၂)ဂါထာ နှစ်ပုဒ် စလုံးသည် ဗုဒ္ဓဘုရားဟောတော်မူခဲ့သော လောကုတ္တရာကျမ်းဂန်များမှ ထုတ်နုတ်ထားသော ဂါထာနှစ်ပုဒ်ကို မူတည်ထား၍ ကျန်သော လောကီကျမ်းများမှ ထုတ်နုတ်ထားသော ဂါထာနှစ်ပုဒ်နှင့် တွဲကာ (မဃဒေဝေတပတ္တမြား ရတနာသိုက်ထွက် ဂါထာတော်များ)အဖြစ် ရေးသားဖော်ပြလိုက်ပါပြီ။

ကြီးပွားလိုသော ပုဂ္ဂိုလ်များ။ ချမ်းသာလိုသော ပုဂ္ဂိုလ်များ။ တိုးတက်လိုသော ပုဂ္ဂိုလ်များ။ ပြည့်စုံစေလိုသော ပုဂ္ဂိုလ်များ။ အောင်မြင်စေလိုသော ပုဂ္ဂိုလ်များ။ အထက်တန်းသို့ အဆင့်မြင့်သော ဘဝသို့ရောက်လိုသော ပုဂ္ဂိုလ်များတို့သည် ဤဂါထာတော် လေးပုဒ်စလုံးကို အထူးဂရုစိုက်၍ ရှိသေစွာ ရွတ်ဖတ်သရဇ္ဈာယ်ကြကုန်ရာ၏။ ထူးမြတ်သော ကောင်းကျိုးချမ်းသာ မင်္ဂလာသုခအဖြာဖြာတို့ကို ကေန်အမှန် ရရှိပေလိမ့်မည်ဟု အထူးသဖြင့် ယုံကြည်ကိုးစားသော သဒ္ဓါတရားဖြင့် အားကိုးတကြီး ရွတ်ဖတ်ပူဇော်သင့်သည်ဟု မှတ်ယူကြပါလေ။

ဤမဃဒေဝေတပတ္တမြား ဂါထာတော် လေးပုဒ် စလုံးကို ၁၀၈၊ ၁၀၈၊ ၅၄၊ ၅၄ အခေါက်ရေနှုန်းထား၍ ဗုဒ္ဓရုပ်ပွားတော်၊ စေတီတော်၊ ဓာတ် တော်မွေတော်များ အား အမိဋ္ဌာန်သစ္စာပြု၍ ရွတ်ဖတ်ပူဇော်ပေးပါက မိမိကိုးကွယ်ပူဇော်အပ်သော ရုပ်ပွားတော်၊ စေတီတော်၊ ဓာတ်တော်၊ မွေတော်များသည် ရောင်ခြည်တော် ကွန့်မြူးနိုင်သည် အထိ အစွမ်းထက်မြက်နိုင်တော့သည်ဟု မှတ်ယူရပါမည်။

ဤမဃဒေဝေတပတ္တမြား ဂါထာတော် လေးပုဒ်အား နေ့စဉ်နေ့တိုင်း ၁၀၈၊ ၁၀၈၊ ၅၄၊ ၅၄ အခေါက်ရေနှုန်းထားအတိုင်း ရွတ်ဖတ်သရဇ္ဈာယ် ဆုတောင်းပါက မည်သည့်ကိစ္စမဆို မအောင်မြင်နိုင်တာမရှိနိုင်။ မည်သည့်စီးပွားရေးမဆို မတိုးတက်တာ မရှိနိုင်။ မည်သည့်အမှုကိစ္စ ပြဿနာမျိုးကို မဆို မနိုင်တာမရှိနိုင်။ ငွေရေးကြေးရေး လာဘ်လာဘများလည်း မဝင်တာမရှိနိုင်။ အထူးသဖြင့် လာဘ်လာဘများ ဆထက်ထမ်းပိုး စည်ကားသိုက်မြိုက်စွာ ဝင်လာမစဲ တသဲသဲ ဖြစ်လာကြကုန်တော့၏။

ဤဂါထာတော် လေးပုဒ်ဖြင့် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ သာသနာတော်ကိုလည်း စည်ကားပြည့်စုံအောင် ဖြည့်စွမ်းကြပါလေ။ စားလည်း စားပါ။ လှူလည်း လှူပါ။ သာသနာလည်းပြုပါဟု တိုက်တွန်းအပ်ပါသည်။ သို့မှသာလျှင် ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ၊ သာသနာလည်းပြု မြတ်သောဘဝ တစ်ခုဟု သိမှတ်ကြကုန်ရာ၏။

ဝေပုလ္လရာမဆရာတော်

မှတ်ချက် ။ ။ ထိုဂါထာတော်အကြောင်းကို "ပုဂ္ဂိုလ်ထူးများနှင့် ကျွန်တော်" ခေါင်းစဉ်ဖြင့် ဆရာတော်ဝေပုလ္လရာမနှင့်တွေ့စဉ်က ရရှိခဲ့ကြောင်း ရေးသားပြီးခဲ့ပါပြီ။ ကိုယ်တိုင် ရွတ်ဆိုထူးခြားခြင်းကြောင့် ဆရာတော်ကိုယ်တိုင် ရေးသားချီးမြှင့်ပေးပါရန် တောင်းဆိုခဲ့သဖြင့် ဆရာတော်မှ ရောင်ပြန်ပရိသတ်အတွက် ချီးမြှင့်ခဲ့ခြင်းဖြစ်ပါသည်။

မောင်မောင်မြင့်အေး



www.burmeseclassic.com

www.burmeseclassic.com

# မွေးကင်းစကလေးဆံပင်ကိုကြည့်၍ ကလေး၏စရိုက်ကို ဖော်ထုတ်ခြင်း

■ မဟာနွယ်(ပညာရေး)



နေ့တစ်နေ့၏ သက်တမ်းမှာ အရုဏ်နှင့် ဆည်းဆာကြား၌ ရှိလေသည်။

လူတစ်ဦး၏ ဘဝတစ်ခုမှာ မွေးဖွားခြင်းနှင့် သေဆုံးခြင်းကြား၌ ရှိ၏။

လူသည် အကောင်းနှင့်အဆိုးရှိ၏။ ဘဝခရီးလမ်းမှာ ကြမ်းတမ်းခြင်း၊ ညင်သာချောမွေ့ခြင်းတို့နှင့်လည်း ကြုံဆုံရပေမည်။

အရေးကြီးသည်မှာ လူ၏ စရိုက်ဗီဇပင် ဖြစ်သည်။

ဗီဇစရိုက်သည် မွေးဖွားကတည်းကပင် အများအားဖြင့် ပါလာတတ်သည်။

ယင်းဗီဇစရိုက်သည် ကောင်းမွန်သော ဗီဇစရိုက်ဖြစ်ရန် လိုသည်။ သို့မဟုတ်ပါက ပြုပြင်ပေးရန် အရေးကြီး၏။

လူတစ်ဦး၏ ရုပ်လက္ခဏာကို ဖတ်ရှုတတ်သူအဖို့ ယင်းရုပ်လက္ခဏာအရ ထိုသူ၏ ဗီဇစရိုက်နှင့် ပင်ကိုအရည်အသွေးတို့အား သိရှိနိုင်သည်။

အထူးသဖြင့် လက်ဝါးပြင်၏ အရေးအကြောင်းများအား ဖတ်ရှုလေ့လာပြီး ကောက်ချက်ချကြ၏။ သို့သော်လည်း မွေးကင်းစ ကလေးတစ်ယောက်အဖို့ လက်ဖဝါး၌ အရေးအကြောင်းတို့မှာ ပီသထင်ရှားခြင်း မရှိသေးချေ။ ထို့အပြင် အရေးအကြောင်းတို့မှာလည်း စုံလင်ခြင်း မရှိလှသေးချေ။

ကလေးသည် ဖယောင်းသားနှင့်တူ၍ လိုသလို ပုံသွင်း၍ရသည်။

ထို့ကြောင့် ဆာလောင်မွတ်သိပ်မှုအတွက် ငိုကြွေးကာ နှိုးရည်တောင်းဆိုတတ်သော မွေးကင်းစကလေးတစ်ယောက်၏ စရိုက်ဗီဇအား သိရှိနိုင်ရန် ခက်ခဲလှ၏။ ကြိုတင်သိရှိနိုင်ပါမူ ကြိုတင်ပြုပြင်၍ရ၏။

ဤတွင် မွေးကင်းစကလေးတစ်ဦး၏ ဆံပင်ကို ကြည့်ရှုဖြင့် ထိုကလေး၏ ဗီဇစရိုက်ကို လေ့လာအကဲခတ်နိုင်သည်။ ယင်းမှာ ခက်ခဲလှသော ပညာတစ်ရပ်တော့ မဟုတ်ပါ။





www.burmeseclassic.com

www.burmeseclassic.com



မွေးကင်းစကလေး၏ ဆံပင်ကိုကြည့်ရုံဖြင့် ကလေး၏ ပင်ကိုအရည်အသွေးကိုသိရှိနိုင်သော ရုပ်လက္ခဏာဗေဒ အတတ်ပညာမှာ ရှေးကတည်းကပင် တည်ရှိပြီးသားဖြစ်၏။

ဤတည်ရှိပြီးသား ပညာရပ်အား မိခင်ဖခင်၊ ဖခင်တိုင်းအတွက် မိမိသားသမီးအကြောင်း ကြိုတင်သိရှိထားနိုင်ရန်အတွက် ဖော်ထုတ်တင်ပြအပ်ပါသည်။

### ၁။ နူးညံ့ပျော့ပြောင်းသော ဆံပင်

မွေးကင်းစ သင်၏ရင်သွေးမှာ နူးညံ့ပျော့ပျောင်းသော ဆံပင်ပါလာလျှင် ထိုကလေးသည် ကျန်းမာရေးချို့ချာတတ်သောကြောင့် ဤကလေးမျိုး၏ ကျန်းမာရေးအား အထူး သတိထားကာ စောင့်ရှောက်ရန် လိုအပ်လေသည်။



### ၂။ ကြမ်းတမ်းသောဆံပင်

အချို့မွေးကင်းစကလေးများမှာ ဆံပင်များသန်စွမ်း၍ ကြမ်းတမ်း၏။ ထိုကလေးမျိုးသည် မည်သို့ပင် လျစ်လျူရှုထား၍ ပစ်ထားစေကာမူ ကျန်းမာရေး ကောင်းမွန်နေမည် ဖြစ်သည်။ ဆံပင်ကြမ်းသောကလေးများ အားခွန်ပြည့်ဝပြီး သန်မာသူလည်း ဖြစ်သည်။

### ၃။ မည်းနက်သောဆံပင်

မွေးကင်းစကလေး၏ ဆံပင်မှာ မည်းနက်နေပါက အလွန်ကောင်းသော သွင်ပြင်လက္ခဏာဖြစ်ပါသည်။

ဆံပင်မည်းနက်သော ကလေးမှာ သုခုမ အနုပညာကို ဝါသနာပါတတ်၏။ သို့သော်လည်း စိတ်ထိခိုက်လွယ်သောကြောင့် ဤကလေးမျိုးအား ပြုပြင်ထိန်းသိမ်းရာ၌ အကြမ်းနည်းကိုမသုံးဘဲ ပျော့ပျောင်းညင်သာစွာ ကိုင်တွယ်သင့်သည်။ မကောင်းကို အကောင်းထင်တတ်၏။ သစ္စာသမာဓိလည်း ရှိတတ်သူမျိုးဖြစ်သည်။



### ၄။ ဖြောင့်ဖြောင့်သောဆံပင်

မွေးကင်းစကလေး၏ ဆံပင်သည် ဖြောင့်သော ဆံပင်ဖြစ်ပါက ထိုကလေးသည် စိတ်ကောင်းနှလုံးကောင်း ရှိတတ်၏။ ထိုကလေးသည် ဩဇာအာဏာနှင့်လည်း ပြည့်စုံတတ်သည်။ သို့သော်လည်း ထိုကလေးမျိုးမှာ အတိုက်အခံပြုလုပ်တတ်သော ဝါသနာရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

## ၅။ နီကြောင်သောဆံပင်

မွေးကင်းစကလေး၏ ဆံပင်အရောင်မှာ နီကြောင်ကြောင်အဆင်းရှိပါက ချစ်လွယ်ခင်လွယ်သော သဘောရှိ၍ မျက်နှာရွှင်ချိုနေတတ်သည်။ သို့သော်လည်း စိတ်မြန်လက်မြန်ရှိ၍ သွက်လက်စွာ လှုပ်ရှားတတ်သည်။ အေးစက်မနေတတ်ချေ။ ဤသို့ စိတ်မြန်တတ်၍ အမှားအယွင်းများနှင့် ကြုံရတတ်သည်။ ငယ်ရွယ်စဉ်မှာပင် စိတ်မြန်ပြီး ရူးစမ်းတတ်မှု၊ အငြိမ်မနေတတ်မှုကြောင့် ထိခိုက်မှုများနှင့် ကြုံရတတ်၏။

## ၆။ လှိုင်းတွန့်ထနေသောဆံပင်

မွေးကင်းစကလေး၌ လှိုင်းတွန့်ထနေသော ဆံပင်ပါရှိလာပါက တစ်နည်းအားဖြင့် အနည်းငယ် ကောက်ယောင်ယောင်ဆံပင်ရှိပါက ထကြွလှုံ့လရှိသောသူမျိုး ဖြစ်သည်။ အများအားဖြင့် သည်းခံတတ်သော်လည်း စိတ်ပျက်လွယ်တတ်သည်။



## ၇။ ညိုသောဆံပင်

မွေးကင်းစကလေး၏ ဆံပင်သည် အချို့မှာ ညိုနေတတ်သည်။ ညိုနေတတ်သည်ဆိုခြင်းမှာ အနက်ရောင်ဖျော့ဖျော့ အရောင်ကို ဆိုလို၏။ ထိုကလေးမျိုးမှာ သနားကြင်နာတတ်၍ ဖော်ရွေမှုရှိသူမျိုး ဖြစ်သည်။ ကတိသစ္စာ တည်ကြည်သူမျိုးလည်း ဖြစ်သည်။ ဖြောင့်မတ်သောသူလည်း ဖြစ်သည်။



## ၈။ ရွှေရောင်ဆံပင်

ရွှေရောင်ဆံပင်ပိုင်ရှင် မွေးကင်းစ ကလေးများမှာ အနုပညာဉာဉ်ရှိသည်။ စိတ်ကူးအတွေးကောင်းတတ်သည်။ အများအားဖြင့် ပန်းချီ၊ ဂီတ၊ ကဗျာတို့၌ ဝါသနာပါတတ်သူမျိုး ဖြစ်ကြ၏။

မွေးကင်းစအချိန်၌ တည်ရှိနေသော ကလေး၏ ဆံပင်သည် ကြီးသည်အထိ တစ်သမတ်တည်း မပြောင်းလဲဘဲ ဖြစ်တည်နေတတ်သကဲ့သို့ ငယ်ငယ်ကပင် ဆံပင်အရောင်အသွေးနှင့် ကြီးလာသောအခါ ဆံပင်အရောင်အသွေးတို့ မတူညီဘဲ ကွာခြားသွားတတ်ခြင်းလည်း ရှိတတ်သည်။

မည်သို့ဆိုစေ ယခုရေးသားတင်ပြထားချက်သည် မွေးကင်းစအချိန်၌ ပါရှိလာသောဆံပင်ကို ကြည့်စစ်တမ်းထုတ်ယူရန်သာ ဖြစ်၏။

ကြီးလာသောအခါ ဆံပင်အရောင်အသွေး၊ အကောက်အဖြောင့်တို့ ပြောင်းလဲမှုနှင့်ကား သက်ဆိုင်မှုမရှိချေ။

ယခုဖော်ပြသော အချက်များဖြင့် မိမိတို့သားသမီးများကို ဆံပင်ကြည့်ကာ စစ်တမ်းထုတ်ယူနိုင်ကြ၏။

**မဟာနွယ်(ပညာရေး)**



www.burmeseclassic.com

www.burmeseclassic.com

# ခေါင်းလောင်းလေးတွေ မြည်နေပြီ

**ထိပ်တင်ထွေး**

၃၁. ၁၂. ၉၉ နေ့။

သက္ကရာဇ်တစ်ခု၏ နောက်ဆုံးနေ့။

ယခုနှစ်မှာ ထူးခြားသည်က ရာစုနှစ် (ထောင်စုနှစ်) တစ်ခု၏ အဆုံးမနေ့။

ခရစ်သက္ကရာဇ်၏ နောက်ဆုံးညမှာ နှစ်သစ်ကို ကြိုဆိုတတ်ကြသည်။ ကျွန်တော့်ကိုလည်း မြန်မာ့အယူ၊ အလေ့အထမဟုတ်သည့် အလုပ်ကို ရှုးသွပ်ပျော်မောစွာ ကြိုဆိုခဲ့ကြဖူးသည်။ သည်နေ့တွင်မှ ကျွန်တော့်သူငယ်ချင်းက နှစ်ကူးအကြိုပွဲလုပ်မည်ဟု သတင်းကြားရသည်။ (ယခင်နှစ်တွေက လုပ်ဖူးသလား၊ မလုပ်ဖူးသလားတော့ ကျွန်တော်မသိ) သူ့နှစ်ကူးအကြိုပွဲအတွက် ကျွန်တော့်ကို ဖိတ်ကြားခြင်း မရှိ။ သူနှင့်ကျွန်တော်က ရင်းနှီးသော်လည်း စရိုက်ချင်းက မတူ။ ကျွန်တော်က သူရာမေရယကို ခုံမင်နှစ်ခြိုက်သူ။ သူက အနံ့ပင်ခံတတ်သူ မဟုတ်။ ဘုရားအလုပ်၊ တရားအလုပ်မှာ ပျော်မွေ့ကြည်နူးနေသူ။

ကျွန်တော့်ကို မဖိတ်ကြားပေမယ့် ကျွန်တော့်အတွက်သည် ရာစုနှစ် အကြိုပွဲကလေးကို ထူးထူးခြားခြား ဖြစ်ချင်နေသည်။ ထို့ကြောင့် "ဟေ့လူ ခင်ဗျား နှစ်သစ်ကူး အကြိုပွဲကို ကျုပ်လာခဲ့မယ်"ဟု ပြောင်ပြောင်တင်းတင်းပင် တောင်းဆိုမိသည်။ သူကမငြင်း။ "လာခဲ့လေဗျာ။ ခင်ဗျားလာလို့ ဘာဖြစ်မှာလဲ။ တစ်ခုတော့ရှိတယ်နော်။ ကျွန်တော်တို့ နှစ်သစ်ကူးအကြိုက အေးအေးဆေးဆေး လုပ်မှာ"ဟူ၍ စကားကြိုးလေး ချည်လိုက်သည်။

ဟုတ်တော့လည်း ဟုတ်သည်။ ကျွန်တော်က လူဆိုး။ သောက်စားမူးယစ်ပြီးလျှင် (တစ်ခါတစ်ရံ) ရမ်းကားတတ်သည်။ ကျွန်တော့်ရမ်းကားမှုကို သူခံစားခဲ့ဖူးပြီး ပြီ။ ထို့ကြောင့် ကျွန်တော့်ကို စကားဦး သန်းလိုက်ခြင်းပင်။

ည ၉း၀၀ နာရီလောက်မှာ သူ့အိမ်ကို ကျွန်တော်ရောက်သွားသည်။ အိမ်ဖိနပ်ချွတ်ကို ဝင်သည်နှင့် ကျွန်တော့်ခေါင်းကို တစ်စုံတစ်ခု ဝင်ဆောင့်၏။ 'ချလွင်'ခနဲ မြည်သွားသည်။ ခေါင်းမော့ကြည့်လိုက်လျှင် ခေါင်းလောင်းလေးတစ်ခု ချိတ်ဆွဲထားသည်ကို တွေ့ရ၏။ ကျွန်တော့်အရပ်က ငါးပေကျော်ကျော်။ ကျွန်တော့်လို ဂျပုတစ်ယောက် ခေါင်းနှင့်မလွတ်အောင် ဘာကြောင့် နိမ့်နိမ့်လေး ချိတ် ဆွဲထားရပါလိမ့်ဟု ကျွန်တော့်စိတ်ထဲ စနိုးစနောင့် ဖြစ်သွားသည်။

အိမ်ထဲရောက်လျှင် လူအတော်များများ ချက်ပြုတ်ကြော်လှော်နေကြသည်ကို တွေ့ရ၏။ ကျွန်တော့်ကို ထမင်းကျွေး၏။ ဟင်းလျာများက ဖွယ်ဖွယ်ရာရာရှိလှ၏။ ကျွန်တော်လည်း စားပြီးလျှင် အနားယူ၏။ သူငယ်ချင်း၏ အစီအစဉ်ကား ည ၁၂း၀၀ နာရီထိုးသည်နှင့် မုန့်ဟင်းခါး စတင်ဒီသာ ကျွေးမည်ဖြစ်၏။ အချင်းလေးပေ၊ အမြင့်လေးပေခန့်ရှိသော ဒန်အိုးကြီးဖြင့် မုန့်ဟင်းခါးဟင်းရည်ချက်နေသည်ကို တွေ့ရ၏။ ၁၀ နာရီခန့်ရှိလျှင် ပစ်ကပ်ကားတစ်စင်း ထိုးဆိုက်လာ၏။ ကားပေါ်တွင် မုန့်ဟင်းခါးဖတ်များပါလာ၏။ ကျွန်တော် အံ့သြသွား၏။ မုန့်ဖတ်က ပိဿာချိန် ၂၀၀။

၁၁း၀၀ နာရီ ထိုးချိန်တွင် သူငယ်ချင်းအိမ်ရှေ့၌ ရပ်ကွက်သူ ရပ်ကွက်သားတွေက အုန်းအုန်းထအောင် စုရုံးရောက်ရှိလာကြပြီ။ သူငယ်ချင်းမိသားစု၏ အစီအစဉ်အတိုင်း စောင့်ဆိုင်းလုပ်ကိုင်ပြီးလျှင် အကျွေးအမွေးပြုလုပ်ရာ နှစ်သစ်မနက် ၂း၀၀ နာရီထိုးသည်နှင့် မုန့်အချိန် ၂၀၀ က ပြတ်သလောက်ရှိသွားပြီ။ သူငယ်ချင်း၏ အလှူဒါနကိုကြည့်ပြီး ပီတိပွားရ၏။ မုဒိတာပွားရ၏။ သူ့အလှူအတွက် ပံ့ပိုးကူညီသူတွေကိုလည်း ကြည့်ပြီး ကြည်နူးရပေ၏။



www.burmeseclassic.com

www.burmeseclassic.com

သူငယ်ချင်းနှင့် ကျွန်တော်က လုပ်ဖော်ကိုင်ဘက်တွေ။ မရှိအတူ၊ ရှိအတူ နေကြသူတွေ။ ကျွန်တော်နှင့်သူ မတွေ့ရသည့် ငါးနှစ်ခန့်ကာလမှာ အပြောင်းအလဲကြီး ပြောင်းလဲသွားရသည်ကို ကျွန်တော် စိတ်ဝင်စားမိပါသည်။ သို့နှင့် လူရှင်းသည့်အချိန်တွင် သူ့အခြေအနေ ပြောင်းလဲလာပုံကို မေးကြည့်မိသည်။

"ခင်ဗျားအလှူကတော့ ထမင်းရည်ချောင်းစီး ဆိုသလိုပါပဲဗျာ။ ခင်ဗျားအခုလိုဖြစ်လာတာ ဘာတွေလုပ်ခဲ့လို့လဲ"

"မလုပ်ပါဘူးဗျာ။ ကျုပ်အလုပ်ကို လုပ်ရိုးလုပ်စဉ်အတိုင်းပဲ လုပ်တာပါ။ ဘာမှ မဟုတ်မဟတ် မလုပ်ရပါဘူးဗျာ"

"မဟုတ်ဘူးလေဗျာ။ ခင်ဗျား အခုလို လျှဒါန်းနိုင်အောင် စီးပွားတိုးတက်လာတာကိုသိချင်လို့ မေးတာပါဗျာ"

"အင်း ... ပြောရရင်တော့ ခင်ဗျား ယုံချင်မှယုံမယ်။ ကျုပ်အိမ်ပေါက်ဝမှာ ခေါင်းလောင်းလေး တွေ့တယ်မဟုတ်လား"

"ဟုတ်ပါ့ဗျာ။ ကျုပ်လို ပုကွကွလူ ခေါင်းနဲ့မလွတ်အောင် ချိတ်ဆွဲထားလို့ စိတ်ထဲ ခိုးလုခုလုဖြစ်ရသေးသဗျ"

"အဲဒါ တမင်လုပ်ထားတာဗျ။ ခေါင်းလောင်းသံဆိုတာ အလွန် ချိုကြည်တာ မဟုတ်လား။ မင်္ဂလာရှိတဲ့ အသံပေါ့ဗျာ။ ခေါင်းလောင်းသံကြောင့် စိတ်အနှောင့်အယှက်ဖြစ်တဲ့သူ မရှိဘူးဗျ။ စိတ်ကြည်နူးတာပဲ ရှိတယ်။ ကျုပ် အလုပ်သွားရင်ဖြစ်စေ၊ အပြင်ထွက်ရင်ဖြစ်စေ အဲဒီ ခေါင်းလောင်းကို သုံးကြိမ်လောက်လှုပ်ပြီးမှ သွားတတ်တယ်။ အဲဒီအသံကြားရင် ကျုပ်အကြံအစည်အောင်တယ်။ အလုပ်အကိုင်တွေ အဆင်ပြေတယ်"

"တယ်ဟုတ်ပါလား။ ကျုပ်လည်း အိမ်မှာ ခေါင်းလောင်းဆွဲထားတော့မယ်"

"နေဦးဗျ။ အဲဒါတစ်ခုတည်း မဟုတ်ဘူး။ ကျုပ်အမြဲတမ်းရွတ်တဲ့ ဂါထာတစ်ခုလည်း ရှိသေးတယ်"

"လုပ်စမ်းပါဦးဗျ။ ဘယ်ဂါထာလဲ"

"ဓာတ်ကြီးလေးပါ ဂါထာလို့ ခေါ်တယ်ဗျ။ စမကြီးလေးလုံးဂါထာလို့လည်း ခေါ်တယ်။ ဂါထာရဲ့ အစစာလုံးတွေက စ၊ မ၊ ဗ၊ ဝ တွေ ပါတာကိုး။ ကပ်ရောဂါကင်းတယ်။ ကျန်းမာကြံ့ခိုင်တယ်။ စိတ်တည်ကြည်ရွှင်လန်းတယ်။ တွေဝေမိန်းမောမှု မရှိဘူးဗျာ။ စိတ်ကြည်ရင် အကြံဉာဏ်ကောင်းတာပေါ့။ အကြံဉာဏ်ကောင်းတော့ အလုပ်အကိုင် အဆင်ပြေတာပေါ့ဗျာ။ ကျုပ်အပြင်ထွက်တိုင်း အဲဒီဂါထာ ကိုးခေါက်ရွတ်ပြီး အဲဒီခေါင်းလောင်းလေးကို ကိုးကြိမ် လှုပ်ခေါက်သွားတာပဲ။ အဲဒီလိုလုပ်ပြီးတဲ့နောက် ကျုပ်မှာ စီးပွားလာဘ်လာဘ တိုးတက်လာသလို ခြွေရံသင်းပင်းတွေလည်း တိုးပွားလာတာ ခင်ဗျားအမြင်ပဲလေ"

"ကောင်းပါ့ဗျာ။ ခင်ဗျားဂါထာလေး ကျုပ်ကို ပေးစမ်းပါဦး"

"ဂါထာက တိုတိုလေးပါ။ ခင်ဗျား စာရွက်နဲ့လိုက်ရေးဗျာ"

သူငယ်ချင်းက ဗလာစာအုပ်မှ စက္ကူတစ်ရွက်ကို ဖြုတ်ပြီး ဘောပင်နှင့်အတူ ပေးသည်။ ပြီးလျှင် နှုတ်မှ အလွတ်ရွတ်ပေးသည်။

**ဓာတ်ကြီးလေးပါဂါထာ**

**စက္ခုမာစရ မာဝိဋ္ဌော၊ မမ္မည္ဈ မမ္မသာမိကော။**
**ဗလ္ဗပေတော ဗလဓရော၊ ဝရဒေါ ဒေဝမေဝရံ။**

ကျွန်တော်လည်း ထိုဂါထာကို ရေးချတ်ပြီး အလွတ်ရအောင် ကျက်မှတ်ထားလိုက်၏။ အိမ်တွင်လည်း ခေါင်းလောင်းကလေး တပ်ဆင်ထားလိုက်၏။ အဝင်အထွက် ခေါင်းလောင်းသံမြည်အောင် စီစဉ်ထားလိုက်၏။ ယခုသော် ကျွန်တော့်အိမ်တွင် ခေါင်းလောင်းကလေးတွေ မြည်နေပေပြီ။ ဂါထာသံတွေ ညံနေပေပြီ။ ကျွန်တော့်မိသားစု သာယာကြည်နူးမှုကိုလည်း လက်တွေ့ခံစားနေရပေပြီ။

ထိပ်တင်စိုးထွေး



www.burmeseclassic.com

www.burmeseclassic.com

# ကံမြင့်စေသူ တံခွန်လှူ

■ စောယုနွယ်

ဒီအပတ် အင်္ဂါနေ့ ညနေလေးမှာတော့ ကျွန်မဟာ ကျွန်မအဘရှိရာ မရမ်းတလင်း အယူတော်မင်္ဂလာခြံကို အဘကြိုက်တဲ့ မုန့်ဟင်းခါးချိုင့်လေးဆွဲပြီးတော့ ရောက်ရှိခဲ့ပါတယ်။

အခုဆို သောကြာနေ့တွင် မဟုတ်တော့ဘဲ အင်္ဂါနေ့ ညနေတွေမှာပါ ကျွန်မရောက်နေပါပြီ။ အဲဒါကတော့ အဘရဲ့ ခုနစ်ရက်သားသမီးတွေအတွက် ဓာတ်ကြီးလေးပါးယတြာပွဲကို အပတ်စဉ် သွားနေလို့ပါပဲ။

ရှေးဆရာမြတ်များဟာ ခုနစ်ရက်သားသမီးတွေရဲ့ လောကီလောကုတ္တရာ အကျိုးအတွက် ဓာတ်ကြီးလေးပါးယတြာကို မကြာခဏ ပြုလုပ်ပေးဖို့ ညွှန်ကြားခဲ့ပါတယ်။

ဒါကြောင့်လည်း အဘက ရှေးဆရာမြတ်များရဲ့ ညွှန်ပြမှုအတိုင်း အင်္ဂါနေ့ညနဲ့ ဗုဒ္ဓဟူးနေ့ မနက်ပိုင်းမှာ ဓာတ်ကြီးလေးပါး ယတြာပွဲကြီးကို အဘက စေတနာမေတ္တာနဲ့ လုပ်ပေးတဲ့အတွက် ကျွန်မတို့လည်း အဘကို တစ်တတ်တစ်အားကူညီဖို့ အင်္ဂါနေ့ညနေတိုင်း သွားရတာပါ။

အဲဒီ ဓာတ်ကြီးလေးပါး ယတြာနေ့မှာပဲ အဘဟာ သူ့ရဲ့ သားတပည့်တွေအတွက် ပညာရပ်အသစ်တွေ၊ အဓိဋ္ဌာန်အသစ်တွေ၊ သူရှာဖွေပြုစုထားတဲ့ ဗဟုသုတတွေကို ပြောပြလေ့ရှိပါတယ်။

ဒီနေ့ညနေ ကျွန်မရောက်သွားတဲ့အချိန်မှာတော့ အဘရှေ့မှာ အဘရဲ့သားတပည့်တွေ စုံနေပါပြီ။ ကျွန်မရောက်တယ်ဆိုရင်ပဲ အဘက သူပြောနေကျစကားကို ဆက်ပြောပါတယ်။ အဲဒီ မင်းတို့သင်နေတဲ့ အတတ်ပညာဟာ ကြွားဝါနေဖို့ မဟုတ်ဘဲ အရေးကြုံလာတဲ့အချိန်မှာ ခုနစ်ရက်သားသမီးတွေအတွက် ဖော်ထုတ်ပြီးဆောင်ရွက်သင့်ကြောင်း။ ဒါမှလည်း လူ့သူတော်ကောင်းတွေ၊ ဆရာသမားကောင်းတွေ ဖြစ်သင့်ကြောင်း ပြောပြပါတယ်။

အဲဒီလို အတတ်ပညာကောင်း တစ်ခုတည်းမှာ ပါဝင်နေတဲ့ ဓာတ်တံခွန်လှူခြင်းအကြောင်းကို အဘက ကျွန်မတို့တစ်တွေကို ပြောပြပါတယ်။ ရှေးပုဂံမင်းလက်ထက်က လွန်စွာတတ်ကျွမ်းသော အင်္ဂဝိဇ္ဇာဆရာကြီး ဆရာပိုရဲ့ ဓာတ်တံခွန်လှူခြင်းအကြောင်းကို ပြောပြပါတယ်။

ဓာတ်တံခွန်လှူခြင်းဟာ ဘဝမှာ အခက်အခဲအမျိုးမျိုးတွေ ကျော်လွှားနေရသူတွေ၊ ဘာကိစ္စမဆို လုပ်တိုင်းမအောင်မြင်တဲ့လူတွေ၊ အလုပ်တစ်ခုလုပ်ဖို့ တော့တော့ဆိုင်ဆိုင်ပြောဆိုပြီးမှ မကြာခဏ ပျက်သွားတာတွေ၊ ဘဝမှာ လုပ်တိုင်းမအောင်မြင်သူတွေအတွက်၊ ရုန်းကန်လှုပ်ရှားရင်း။ လော်ရင်းနစ်နေသူတွေအတွက် နည်းလေးဖြစ်ပါတယ်။

ပုဂံမင်းနဲ့ မင်းတုန်းမင်းတို့ အဖြိုင်အဆိုင်အနိုင်ရဖို့ ကြိုးစားနေရာမှာ ဆရာပိုကြီးက မင်းတုန်းမင်းဘက်က ပါဝင်ပတ်သက်ပြီး ဒီဓာတ်တံခွန် လှူဒါန်းခြင်းကို နည်းပေးလိုက်တဲ့အတွက် မင်းတုန်းမင်းကြီး နန်းရသွားတာလို့ ရှေးဆရာမြတ်တွေက ပြောကြားပါတယ်။

ဒီနည်းကို ရှေးလူကြီးသူမများက ဆရာဖင်ခု သူကောင်းပြုလို့ မှတ်တမ်းတင်ထားပါတယ်။

တံခွန်လုံး လုပ်ပုံလုပ်နည်းကတော့ တံခွန်လုံးရှည်ကို တစ်ထောင့်တစ်လက်မ ရှည်လျားအောင် ထားရပါတယ်။ တံခွန်လုံးရဲ့ အမြိတ်အရှည်လေးကိုတော့ တစ်ထွာရှည်ရပါတယ်။

တံခွန်လုံး ပိတ်သားလေးမှာတော့ မိမိရဲ့မွေးနံကို ထိပ်ဆုံးမှာရေးပြီး သူ့ရဲ့ ဆပွတ်သွားလက်ျာဖြစ်တဲ့ သူရဿ၊ သောကြာ၊ ဗုဒ္ဓ၊ စန္ဒြာ၊ သောရီ၊ ဂုရု၊ ဘောမ ဆိုတဲ့ ဆပွတ်လက်ျာလေးကို ဟင်္သာပြဒါးခဲနဲ့ အစီအစဉ်အတိုင်း ထိပ်ဆုံးကနေ အောက်ဆုံးကို ရေးရပါတယ်။ မိမိမွေးနံကတော့ အမြင့်ဆုံးမှာ ရေးသားရပါတယ်။

နောက်ပြီး အဲဒီတံခွန်လုံးကို မွေးနံ့ရှင်ရဲ့ ဩရန်းနေ့ သုံးရက်မြောက်နေ့မှာ မနက် ၁၁ နာရီမှာ တံခွန်လုံးကို ချိတ်တင်ရပါမယ်။ အဲဒီတံခွန်လုံးရဲ့ ထိပ်မှာချည်ပြီး ကြိုးတစ်ထောင်နဲ့တစ်

www.burmeseclassic.com

ထွာ အရှည်ထားပြီး အဲဒီခုနစ်တောင်ရှိတဲ့ ဝါးလုံးမှာ ချည်လိုက်ပါ။

နောက်ပြီး အဲဒီ တနင်္ဂနွေသားသမီးတွေရဲ့ စတုရန်းထောင့်ဖြစ်တဲ့ ဗုဒ္ဓဟူးထောင့်မှာ ၁၀ တောင်အထက်မြင့်တဲ့ သစ်ပင်မှာ ထိုဝါးလုံးကို ချည်လိုက်ပါ။ ၄၅ ရက်အတွင်း ထူးထူးခြားခြားပဲ အဲဒီတနင်္ဂနွေသားသမီးဟာ မိမိဘဝမှာ တွေ့နေတဲ့အခက်အခဲတွေဟာ သိသိသာသာပြေပျောက်ပြီး ကိစ္စတစ်ခုလုပ်တိုင်း လုပ်တိုင်း မအောင်မြင်တဲ့သူအဖို့ အောင်မြင်မှုတွေဟာ အလီလီရလာပြီး အလုပ်တွေ မကြာခဏ ပျက်လာသူတွေအတွက် အောင်မြင်မှုတွေ၊ ငွေကြေးအစုလိုက်အပြုံလိုက် လာဘ်ဝင်လာမှုတွေဟာ ၄၅ ရက်အတွင်း မုချမသွေ ဝင်လာမှာပါ။

အဲဒီနည်းလေးမှာ နေ့သားအလိုက် ချိတ်ရမည့်နေ့ဟာ တြိရန်းဖြစ်နေပြီး ချိတ်ရမည့်အရပ်ဟာ စတုရန်းထောင့်ဖြစ်တဲ့ မိမိအိမ်ရဲ့လေးခုမြောက် ထောင့်လေးမှာ ချိတ်ဆွဲလိုက်ခြင်းပါပဲ။ အဲဒီလို စတုရန်းထောင့်ဟာ မိမိတို့ရဲ့ ဘုမ္မိအရပ်လည်း ဖြစ်နေပါတယ်။

အဲဒီ အကြောင်းအရာလေးကို အဘပြောပြနေချိန်မှာပဲ ကျွန်မဟာ လွန်ခဲ့တဲ့နှစ်က အကြောင်းအရာလေးတစ်ခုကို ရုတ်ခြည်း သတိရလိုက်ပါတော့တယ်။

အဲဒါကိုလည်း အဘက ကျွန်မတို့ကို ပြောပြခဲ့ပြီးပါပြီ။ အဲဒီလိုပဲ ကျွန်မကလည်း ကျွန်မရဲ့မိတ်ဆွေတွေ၊ ကျွန်မရဲ့အကြံဉာဏ်ကို လာတောင်းနေကြသူတွေကိုလည်း ကျွန်မက တစ်ဆင့်ပြန်လည် နည်းပေးနေတဲ့နည်းဟောင်းတစ်ခုပါပဲ။

ကျွန်မမှာ မိတ်ဆွေကဲ့သို့ရင်းနှီးနေတဲ့ ဆောက်လုပ်ရေးလုပ်ငန်းတွေ လုပ်နေတဲ့ ကျွန်မရဲ့ ပရိသတ်မိတ်ဆွေ ကိုထွန်းအောင်ကျော်နဲ့ မနုနုရီဟာ ကျွန်မဆီကို မကြာခဏရောက်လာပြီး ကျွန်မရဲ့ နည်းပေးလမ်းညွှန်မှုတွေ၊ အကြံဉာဏ်တွေကို လာရောက်ယူနေသူတွေ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့နှစ်ကဆိုရင် မျက်စိပါဝါအားနည်းလို့ မျက်မှန်ဒီဂရီ ထပ်တပ်ရမယ့်အချိန် သူတို့ရောက်လာပြီး .. "ဟာ ... ဆရာမ မျက်မှန်လဲပါ။ မျက်မှန်လှူဒါန်းပါရစေ" ဆိုပြီး ကျွန်မကို မေတ္တာဦး အထူးကုဆေးခန်းကို ခေါ်သွားပြီး ချက်ချင်းပဲ မျက်မှန်အသစ်ပြုလုပ်ပေးခဲ့သူတွေပါ။

ပြောရရင်တော့ ကျွန်မအပေါ် ကျေးဇူးရှိသူလို့ သတ်မှတ်ရရင်လည်း မမှားဘူးပေါ့။ ဘာဖြစ်လို့လဲဆိုရင် ကျွန်မရဲ့မျက်စိ အကြည်ဓာတ်ကောင်းဖို့ သူတို့ဟာ ပြုပြင်ပြောင်းလဲပေးသူတွေ ဖြစ်လို့ပါပဲ။

သူတို့ဟာ အဲဒီအချိန်မှာ ဆောက်လုပ်ရေးလုပ်ငန်းကြီးတစ်ခုကို အပြိုင်အဆိုင်အနေနဲ့ ရယူဖို့အတွက် ကြိုးပမ်းနေချိန်လည်း ဖြစ်ပါတယ်။ ကျွန်မကလည်း ဖြစ်စေချင်တဲ့ဆန္ဒတွေ၊ ဇောတွေများပြီး ဘာမှ ရှင်းပြမနေတော့ဘဲ ဒီနေ့၊ ဒီအချိန်မှာ၊ ဒီနေရာမှာ၊ ဒီတံခွန်လေးကို လှူပါလို့ ပြောလိုက်ပါတယ်။

ကျွန်မကိုယ်တိုင်ပဲ ဟင်္သာပြဒါးခဲနဲ့ ဆပွတ်အလင်္ကာနဲ့ သူ့မွေးနံကို တိုင်ထိပ်မှာထားပြီး ရေးပေးလိုက်ပါတယ်။

အဲဒီမှာ ချိတ်ရမယ့်အရပ်ကို ပြောတဲ့အခါ သူ့ရဲ့ဘုမ္မိအရပ်မှာရှိတဲ့ သစ်ပင်ရဲ့ ၁၀ တောင်အထက်မြင့်တဲ့ သစ်ပင်မှာချည်လိုက်ပါလို့ ပြောတဲ့အချိန်မှာ သူက ခဏတွေသွားတာ တွေ့လိုက်ရပါတယ်။

သူ့ရဲ့စတုရန်းအရပ်လို့ မပြောဘဲ ဘုမ္မိအရပ်လို့ ပြောလိုက်တာကြောင့် ဘုမ္မိဟာ ညံ့တဲ့အရပ်လို့ သိထားတဲ့အတွက် ကျွန်မများ မှားပြောမိသလားလို့ သူက ပြန်မေးပါတယ်။

သူ့အမျိုးသမီးကလည်း ဟုတ်ပါတယ်နော် ဆရာမလို့ ပြန်မေးရှာပါတယ်။ ကျွန်မလည်း ကျွန်မရဲ့ပညာရပ်ဟာ မှန်ကန်နေတာကြောင့် သူတို့ ဘာကြောင့်ပြန်မေးတယ်ဆိုတာ မစဉ်းစားမိဘဲ သူချိတ်စရာရှိတဲ့၊ ချိတ်ရမည့်နေ့၊ နေရာတွေကိုသာ ဆက်ပြောပြနေမိပါတယ်။ သူတို့ ဘာဖြစ်သွားတယ်ဆိုတာ အဲဒီအချိန်က သတိမထားမိလိုက်ပါဘူး။

ကျွန်မလည်း မေ့မေ့ပျောက်ပျောက် ဖြစ်နေရာက သူတို့လာနေကျမလာတာကို သတိထားမိလိုက်ပါတယ်။ ဒါပေမယ့် တခြားအကြောင်းကြောင့်လို့ ထင်မိပါတယ်။ နောက်သုံးလလောက်နေမှ သူတို့နဲ့ ပတ်သက်နေသူတစ်ယောက် ရောက်လာတဲ့အတွက် သူတို့အကြောင်း မေးစမ်းကြည့်တဲ့အခါ တံခွန်လုံးကို ဘုမ္မိအရပ်မှာ ချိတ်ခိုင်းတဲ့အတွက်ကြောင့် တွေဝေသွားကြောင်း သိခဲ့ရပါတယ်။

သူတို့အပေါ်မှာ ကျွန်မ မကောင်းတာ အကျိုးမဲ့မလုပ်ပါဘူးဆိုတာကိုတော့ ယုံကြည်နေပါတယ်။ ဒါပေမယ့် ဒီပညာကိုတော့ ယုံကြည်ဟန်



www.burmeseclassic.com

www.burmeseclassic.com

## နေ့သားအလိုက် တံခွန်လုံးတွင် ရေးရမည့် ဆပ္ပတ်အလက်ာ

### (၇)နေ့သား ဓာတ်တံခွန်လုံးလှူနည်း

| ၁ နွေ | ၂ လာ | ၃ ဂါ | ၄ ဟူး | ၅ တေး | ၆ ကြာ | ၇ စနေ |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၀ |
| ၆ | ၀ | ၁ | ၂ | ၃ | ၄ | ၅ |
| ၄ | ၅ | ၆ | ၀ | ၁ | ၂ | ၃ |
| ၂ | ၃ | ၄ | ၅ | ၆ | ၀ | ၁ |
| ၀ | ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၅ | ၆ | ၀ | ၁ | ၂ | ၃ | ၄ |
| ၃ | ၄ | ၅ | ၆ | ၀ | ၁ | ၂ |

| နေ့သားသမီး | တံခွန်လုံး ချိတ်ဆွဲရမည့်နေ့ | တံခွန်လုံး ချိတ်ဆွဲရမည့်အချိန် |
|---|---|---|
| တနင်္ဂနွေ | အင်္ဂါ | (၁၁) နာရီ |
| တနင်္လာ | ဗုဒ္ဓဟူး | (၁၁) နာရီ |
| အင်္ဂါ | ကြာသပတေး | (၁၁) နာရီ |
| ဗုဒ္ဓဟူး | သောကြာ | (၁၁) နာရီ |
| ကြာသပတေး | စနေ | (၁၁) နာရီ |
| သောကြာ | တနင်္ဂနွေ | (၁၁) နာရီ |
| စနေ | တနင်္လာ | (၁၁) နာရီ |

**မှတ်ချက်** ။ ။ တံခွန်လုံးကို ကြိုးတစ်ထောင့်ထွာတပ်၍ ဝါးလုံးခုနစ်တောင်ထိပ်တွင် ချည်ပြီး။

**တံခွန်လုံးချိတ်ရမည့်ထောင့်**

တနင်္ဂနွေသားသမီးအတွက် - မိမိအိမ်၏ ဗုဒ္ဓဟူးထောင့်
တနင်္လာသားသမီးအတွက် - မိမိအိမ်၏ စနေထောင့်
အင်္ဂါသားသမီးအတွက် - မိမိအိမ်၏ ကြာသပတေးထောင့်
ဗုဒ္ဓဟူးသားသမီးအတွက် - မိမိအိမ်၏ ရာဟုထောင့်
ကြာသပတေးသားသမီးအတွက် - မိမိအိမ်၏ တနင်္ဂနွေထောင့်
သောကြာသားသမီးအတွက် - မိမိအိမ်၏ အင်္ဂါထောင့်
စနေသားသမီးအတွက် - မိမိအိမ်၏ သောကြာထောင့်

(၁၀)တောင်ထက်မြင့်သော သစ်ပင်တွင် ထိုဝါးလုံးကို ချည်လိုက်ပါ။ (၇၅)ရက်အတွင်း ထူးခြားပါလိမ့်မည်။

မတူပါဘူး။ အဲဒါနဲ့ ကျွန်မလည်း မကောင်းဖြစ်သွားပါတယ်။

ဒီလိုကြောင့် ဒီလိုလုပ်ရတယ်လို့ ကျွန်မ မရှင်းပြလိုက်မိဘူး။ ကျွန်မ လုပ်ပေးလိုက်လို့ အောင်မြင်သွားသူတွေကလည်း အောင်မြင်ကြောင်းလာပြောနေတဲ့အတွက် ကျွန်မက ဒီပညာကို ယုံကြည်နေပါပြီ။

အခုလည်း အဘက သူ့ရဲ့ တပည့် အသစ်ကလေးတွေကို ပြန်လည်ပြောပြနေတာကို ကြားလိုက်ရတော့ ကျွန်မ ပြန်လည်အမှတ်ရလာပြီး ပြောရတာပါ။ လုပ်ကြည့်လိုက်စမ်းပါ။ ရဲရဲလုပ်ကြည့်လိုက်စမ်းပါ။ မိမိရဲ့မွေးနံအရပ်နဲ့ လေးခုမြောက် ဘုရားဖြိုဟ်ခွင်အတိုင်း စတုန်ရန်းထောင့်တွေမှာ စီးပွားချမ်းသာစေတဲ့ ဓာတ်တံခွန်လုံး၊ အပြိုင်အဆိုင်တွေကို နိုင်စေတဲ့ ဓာတ်တံခွန်လုံး၊ ဘဝမှာ လုပ်ကိုင်းမဖြစ်တဲ့သူတွေအတွက် အစစအရာရာ အောင်မြင်ချောမွေ့ပြီး ကြီးပွားဘိုးတက် အောင်မြင်ပါလိမ့်မယ်။

**အကယ်၍ တံခွန်လုံးလုပ်နည်း မရှင်းလင်းခဲ့ရင်တော့ ကျွန်မထံ လာရောက်မေးမြန်းနိုင်ပါတယ်။**

ချမ်းသာကိုယ်စိတ် မြဲပါစေ . . .

■ **စောယုနွယ်**



www.burmeseclassic.com

www.burmeseclassic.com

# တံခွန်လှူဒါန်း

## လာဘ်ရွှင်လန်း

■ သရပါ

လူ့ဘောင်၊ လူ့ကမ္ဘာအတွင်း၌ လူသားတိုင် လူမှုရေး၊ အိမ်ထောင်ရေးကိစ္စတို့နှင့်ပတ်သက်၍ ပစ္စည်းဥစ္စာချမ်းသာ စသဖြင့် ,သူ့ထက်ငါ အဆင်ပြေချောမွေ့စွာ နေထိုင်လိုစိတ် ရှိကြသည်ချည်းပင်။ ဤမျှ အရေးပါသော အိမ်ထောင်ရေး၊ လူမှုရေးကိစ္စအဝဝသည် ကျယ်ပြန့်သော ကိစ္စများချည်းသာ ဖြစ်သည်။ လူတစ်ဦးစီ၏ ဘဝတို့ကား များစွာ ကွာခြားကြကုန်၏။ အနည်းငယ်ဆင်တူသယောင် နှင့် ကွာခြားကြသည်လည်း ရှိသည်။ အချို့ကား ငွေကြေးပြည့်စုံကြွယ်ဝကြသည်နှင့်အမျှ စိတ်ချမ်းသာမှု ရှိကြ၏။ ထိုသို့ မပြည့်စုံသည်လည်း ရှိ၏။ အချို့ကား ငွေကြေးမပြည့်စုံသော်လည်း စိတ်ချမ်းသာသောဘဝများကို ပိုင်ဆိုင်ထားကြသည်လည်း ရှိကြပြန်သေးသည်။ ထိုကဲ့သို့ မတူညီသော ဘဝများစွာရှိသည့်အထဲတွင် စာရေးသူလည်း အပါအဝင် ဖြစ်သည်။

တစ်နေ့ အိမ်သို့ ငယ်သူငယ်ချင်းတစ်ဦး ရောက်လာ၏။

"သူငယ်ချင်းရယ် ...နင်က စာတွေဘာတွေလည်း ရေးဘယ်၊ ဗေဒင်တွေဘာတွေလည်းတတ်တော့ ငါ့ကို ကူညီပါဦးဟယ်"

သူငယ်ချင်း၏စကားက အစမရှိ အဆုံးမရှိ။

"ဟဲ့ ...နင်က ဘာကို ဘယ်လိုဖြစ်လို့ ငါက ဘာကိုကူညီရမှာလဲ သက်ထားရယ်။ နင့်စကားကြားလိုက်ရတာ ငါရင်ပူလိုက်တာ။ ဘာလဲ ...နင် ကိုမင်းဝေနဲ့ စကားများလို့လား။ ဘာလဲဟ ငါခေါင်းတွေရှုပ်သွားတာပဲ"

"အေးပါဟယ်။ ငါကလည်း နင့်ကိုတွေ့လိုက်ရတော့ ကယ်တင်ရှင်တွေ့လိုက်ရသလိုပဲ။ ငါ့ရဲ့အပူတွေ၊ ဒုက္ခတွေကို နင်ကူညီဖြေရှင်းပေးလိုက်ရင် အဆင်ပြေသွားတတ်ဝါ့များတော့ ငါက နင့်ကို ပြောချင်ဇော လောကြီးသွားလို့ပါဟယ်"

"ကဲ ...ပြော မမရေ၊ စပြောလို့ရပြီ"

"ဒီလိုပါ ဇင်ဇင်ရယ်။ အခု ကိုမင်းဝေခမျာ အလုပ်တွေအဆင်မပြေပြီလို့ အောက်မေ့လိုက်ကာမှ တော့လွဲလွဲသွားလိုက်၊ ငါတို့ကိုင်လိုက်တဲ့ပစ္စည်းက အချိုကြီးရမလိုဖြစ်ပြီးမှ ဈေးပျက်ပြီး အရင်းထဲကပါသွားလိုက်၊ သူများတွေဆီက ရစရာရှိတာတွေ လိုက်တောင်းတော့လည်း ပေးမယ်ပြောပြီး ချိန်းတဲ့နေ့သွားတောင်းတော့ သူတို့တွေ



www.burmeseclassic.com

www.burmeseclassic.com

လည်း အဆင်မပြေနဲ့ဟာ။ အဲဒါ လာဘ်တွေကလည်းပိတ်၊ ဘာငွေကြေးမှလည်းမဝင်ဘူး ဖြစ်နေတယ်ဟယ်"

"အင်း ... ခဏနေဦး။ နင်ပြောသလိုဆိုရင် လုပ်ငန်းကိစ္စ အဆင်ပြေချင်တယ်။ လာဘ်လာဘပေါပေါများများ ဝင်ချင်တယ်။ အဲဒါမဟုတ်လား"

"အေး ... ဟုတ်တယ်။ ငါလည်း အဲဒါပဲပြောချင်တာ။ လိုရင်းကို မရောက်ဘူးဖြစ်နေတယ်"

"အေး ... နင်ရော ကိုမင်းဝေပါ နှစ်ယောက်လုံးက တနင်္လာသက်ရောက်ပဲနော်"

"အေး ... ဟုတ်တယ်။ နင်ပဲ ဟိုတလောက ငါ့ကို တွက်ပေးလိုက်သေးတယ်လေ။ ဒီတနင်္လာသက်ရောက်မှာ ကားတို့၊ ငွေတို့ဝင်မယ်။ အကုန်အဆင်ပြေမယ်ဆိုပြီး ပြောတာလေ"

"အေးပါ ဟုတ်ပါတယ်။ နင် ငါပြောတဲ့အတိုင်း လုပ်မှာလား။ အဲဒီ သက်ရောက်အတွက် တန်ခိုးကြီးဘုရားမှာ လှူပေးရင်ပဲဖြစ်ဖြစ်၊ အိမ်ဘုရားမှာ လှူပေးရင်ပဲ ဖြစ်ဖြစ် တံခွန်လုံးလှူပေးရမယ်။ တစ်ခုပဲလှူလှူ။ နှစ်ခုပဲ လှူလှူ။ နှစ်ခုလှူရင် ဘုရားရဲ့ဘယ်ညာမှာ ကပ်ပြီးလှူ။ အဲဒီထက်ကောင်းချင်ရင် တံခွန်လုံးမှာ ၂၀၀ ကျပ်တန် ငွေစက္ကူအသစ်ကျပ်ချွတ် (၉) ရွက်ကို (၉)ဆင့် ကော်နဲ့ကပ်။ (၉)ရွက် မပြည့်ရင်လည်း တစ်ရွက်ပဲဖြစ်ဖြစ် ကပ်လည်းရတယ်။ အဲဒီထက် ထူးချင်သေးရင် နာနတ်သီး တစ်လုံးကို ထိပ်အဝလုပ်ပြီးရင် အဲဒီအထဲကို တံခွန်(၉)ခုထည့်ပြီး လှူပေးရင်လည်း ရပါတယ်။ အကုန်လုံး ကောင်းတဲ့ယတြာတွေချည်းပဲဟာ။ နင်တတ်နိုင်တာလုပ်။ နင်လှူချင်ရင် တနင်္လာနေ့နဲ့ စနေနေ့မှာလှူ။ ပိုပြီးအကျိုးထူးမယ်"

"အဲဒါ တစ်ခါပဲလှူရမလား ဇင်ဇင်"

"ငွေ ခဏခဏဝင်ချင်ရင်တော့ အမြဲလှူပေါ့ဟယ်။ ဒါမှမဟုတ် တစ်လတစ်ခါလောက် လှူပေါ့ဟာ။ အမြဲလှူတော့ အမြဲဝင်တာပေါ့လေ"

"အေး ... နင်ပြောတာ ငါသဘောပေါက်ပြီ။ ကျေးဇူးတင်တယ် ဇင်ဇင်ရယ်။ ငါအခုပဲ ပြန်ပြီးလှူမယ်။ သေသေချာချာလုပ်ပါ့မယ်ဟယ်"

"နင်အဆင်ပြေဖို့ အရေးကြီးတယ်။ နင်လှူတဲ့အခါ လိုရာဆုတောင်းပေါ့ဟာ"

"အေးပါ ... ကျေးဇူးပါပဲ သူငယ်ချင်းရယ်"

သူငယ်ချင်း၏ ဝမ်းသာစကားသံနှင့်အတူ ကျေနပ်ပီတိတို့ကို ကျွန်မလည်း မျှဝေခံစားရင်းဖြင့် ခုနစ်ရက်သားသမီးများအားလုံး အဆင်ပြေစေရန်အတွက် အောက်တွင် ဖော်ပြလိုက်ရပါသည်။

**တနင်္ဂနွေသားသမီးများ ကျရောက်သောအသက်**

၁၈ နှစ်၊ ၂၆ နှစ်၊ ၃၄ နှစ်၊ ၄၂ နှစ်၊ ၅၀ နှစ်၊ ၅၈ နှစ်၊ ၆၆ နှစ်၊ ၇၄ နှစ်။

**တနင်္လာသားသမီးများ ကျရောက်သောအသက်**

၁၆ နှစ်၊ ၂၄ နှစ်၊ ၃၂ နှစ်၊ ၄၀ နှစ်၊ ၄၈ နှစ်၊ ၅၆ နှစ်၊ ၆၄ နှစ်၊ ၇၂ နှစ်။

**အင်္ဂါသားသမီးများ ကျရောက်သောအသက်**

၁၇ နှစ်၊ ၂၅ နှစ်၊ ၃၃ နှစ်၊ ၄၁ နှစ်၊ ၄၉ နှစ်၊ ၅၇ နှစ်၊ ၆၅ နှစ်၊ ၇၃ နှစ်။

**ဗုဒ္ဓဟူးသားသမီးများ ကျရောက်သောအသက်**

၁၅ နှစ်၊ ၂၃ နှစ်၊ ၃၁ နှစ်၊ ၃၉ နှစ်၊ ၄၇ နှစ်၊ ၅၅ နှစ်၊ ၆၃ နှစ်၊ ၇၁ နှစ်။

**ကြာသပတေးသားသမီးများ ကျရောက်သောအသက်**

၁၃ နှစ်၊ ၂၁ နှစ်၊ ၂၉ နှစ်၊ ၃၇ နှစ်၊ ၄၅ နှစ်၊ ၅၃ နှစ်၊ ၆၁ နှစ်၊ ၆၉ နှစ်၊ ၇၇ နှစ်။

**သောကြာသားသမီးများ ကျရောက်သောအသက်**

၁၁ နှစ်၊ ၁၉ နှစ်၊ ၂၇ နှစ်၊ ၃၅ နှစ်၊ ၄၃ နှစ်၊ ၅၁ နှစ်၊ ၅၉ နှစ်၊ ၆၇ နှစ်၊ ၇၅ နှစ်။

**စနေသားသမီးများ ကျရောက်သောအသက်**

၁၄ နှစ်၊ ၂၂ နှစ်၊ ၃၀ နှစ်၊ ၃၈ နှစ်၊ ၄၆ နှစ်၊ ၅၄ နှစ်၊ ၆၂ နှစ်၊ ၇၀ နှစ်၊ ၇၈ နှစ်။

သရပါ



www.burmeseclassic.com

www.burmeseclassic.com

# ရတနာသိယ် ရွှေမြို့တော်မှသည် ထိုင်း-မြန်မာနယ်စပ် သောင်ရင်းမြစ်ကမ်းမှ အလောင်းမင်းတရားဦးအောင်ဇေယျ၏ သမိုင်းပုံရိပ်များ


ကိုသက်(ဧးကုန်း)

တတိယမြန်မာနိုင်ငံတော်ကြီးကို စည်းလုံးညီညွတ်စွာ တည်ထောင်နိုင်ခဲ့သော မုဆိုးဖိုရွာသား ဦးအောင်ဇေယျ (သို့) အလောင်းမင်းတရားကြီးသည် မြန်မာ့သမိုင်းတွင် မြန်မာတို့၏ နိုင်ငံရေး စီးပွားရေး လူမှုရေး ယဉ်ကျေးမှု အဆင့်အတန်းမြင့် စေခဲ့သော ဘုရင်တစ်ပါးဖြစ်ပါသည်။ ဦးအောင်ဇေယျသည် မြန်မာတို့၏ဇာတိသွေး ဇာတိမာန် မျိုးချစ်စိတ်တို့ကို ထာဝရရှင် သန်ပေါက်ဖွားပေးခဲ့သည်။ အိမ်နီးချင်းနိုင်ငံများအလယ်၌ မြန်မာ တို့၏အောင်လံကို ဝင့်ကြွားစေနိုင်ခဲ့ပါသည်။

ဦးအောင်ဇေယျ၏ဖခင် မင်းညိုစံသည် မဟာဓမ္မရာဇာ ဓိပတိမင်းလက်ထက် မုဆိုးဖိုမြို့စားဖြစ်ခဲ့သည်။ ဦးအောင်ဇေယျ သည် ဗလနန္ဒကျော်ဘွဲ့နာမဖြင့် ခမည်းတော်၏လက်အောက် တွင် ကြေးကိုင်ရာထူးဖြင့် ဆောင်ရွက်ခဲ့သည်။ ထိုမြို့တွင် ပိဋ ကတ်တော်၊ ရဟန်းပညာရှိ၊ လူပညာရှိ၊ ပုဏ္ဏားပညာရှိတို့အပြင် ရွှေငွေရတနာများပါ စုဝေးရောက်ရှိလာခဲ့သဖြင့် ရတနာသိယ် မြို့တော်ဟု၍ အမည်တွင်ခဲ့၏။

ရန်သူများအကြိမ်ကြိမ် လာရောက်တိုက်ခိုက်ကြသော် လည်း ရန်သူများရှုံးနိမ့်ထွက်ပြေးကြရသဖြင့် ရန်ကြီးအောင်ဟု ခေါ်ဆိုကြသည်။ သက္ကရာဇ် ၁၁၁၃ ခုနှစ်တွင် အင်းဝပျက်သုဉ်း သွားခဲ့ပြီး မြန်မာဘုရင်မဟာဓမ္မရာဇာဓိပတိမှာ ဟံသာဝတီ သတ်အောက်သို့ ကျရောက်ခဲ့ရသည်။

ဟံသာဝတီတပ်များက အထက်မြန်မာပြည်ကို လုံးဝ သိမ်းပိုက်အုပ်ချုပ်ရန်အတွက် နောက်ဆုံးထိုးစစ်ဆင်ရန် မုဆိုးဖို အား သစ္စာခံရန်ဖိအားပေးလာခဲ့ကြသည်။ ကျေးရန်သူတပ်များ၊ ထောက်ပံ့ရ ကသည်းတပ်များကလည်း မုဆိုးဖိုအား အစဖျောက် ရန် ဦးတည်ခဲ့ကြသည်။ ထိုသမိုင်းတစ်ကွေ့သည် မြန်မာသမိုင်း



မြဝတီမြို့ အဝင်မှ ဦးအောင်ဇေယျ အထိမ်းအမှတ်

အတွက် အထူးအရေးပါလှပါသည်။ ထိုအကျပ်အတည်းခုံး ကာလကို ဦးအောင်ဇေယျ မဖြေရှင်းနိုင်လျှင် တတိယမြန်မာ နိုင်ငံသည် သည်းကောင်း၊ မြန်မာတို့သည်လည်းကောင်း တစ်စစီ ပြိုကွဲပျက် စီးသွားမည်သာဖြစ်ပေသည်။ မြန်မာတိုင်းသိထား သင့်သော အချက်ဖြစ်ပါသည်။

ဦးအောင်ဇေယျသည် မည်သူ၏ သစ္စာကိုမှမခံတဲ့ ထန်း လုံးခံတပ်ကြီးများအား ကာရံတည်ဆောက်၍ ရန်သူများ အား ခုခံခဲ့သည်။ ရွာပေါင်း ၄၆ ရွာတို့အား စည်းရုံး၍ သူရဲကောင်းများ (ဝါ) လက်ရွေးစင်စစ်သည်တော်များကို မွေးထုတ်သည်။ ထို့ နောက် မုဆိုးဖိုသို့လာ ရောက်တိုက်ခိုက်သော ရန်သူတပ်များ



www.burmeseclassic.com

www.burmeseclassic.com

အား သတ္တိရှိရှိဖြင့် တန်ပြန်ချေမှုန်းခဲ့ကြသည်။ ၁၁၁၅ ခုနှစ်တွင် မိမိ၏ မွေးရပ်မြေဖြစ်သော မုဆိုးဖိုမြို့ကို "အောင်မြေ"ဟူ၍ သတ်မှတ်ပြီး မြို့အင်္ဂါရပ်များနှင့်အညီ ပြန်လည်တည်ဆောက်ပြီး ရတနာသိင်္ဃရွှေမြို့တော်အဖြစ် သတ်မှတ်ခဲ့သည်။

ထို့နောက် တစ်ဆက်တည်းမှာပင် ၁၁၁၅ နတ်တော်လတွင် အင်းဝနေပြည်တော်အားလည်းကောင်း။ ၁၁၁၆ ခုနှစ်တွင် ဟံသာဝတီရေတပ်ကြီးအားလည်းကောင်း၊ ထိုနှစ်၌ပင် ဘီးလင်းစော်ဘွား၏တပ်များကိုလည်းကောင်း။ ထိုနှစ် တပို့တွဲလတွင် ပြည်ရွှေဆံတော်ခံတပ်ကိုလည်းကောင်း။ ထိုနှစ် တပေါင်းလတွင် ပြန်အောင်မြို့အားလည်းကောင်း အသီးသီးအောင်ပွဲခံနိုင်ခဲ့လေသည်။ သက္ကရာဇ် ၁၁၁၇ ခုနှစ်၊ ကဆုန် လဆန်း ၆ ရက်နေ့တွင် "ဒဂုံ"အား တိုက်ခိုက်သိမ်းပိုက်ပြီး "ရန်ကုန်"ဟူ၍ သမုတ်စေခဲ့သည်။ "ရန်ကုန်"အမည်ကို မွေးဖွားပေးခဲ့သူမှာလည်း သမိုင်းထဲက ဦးအောင်ဇေယျပင်ဖြစ်ပါသည်။ သက္ကရာဇ် ၁၁၁၈ ခုနှစ်၊ ဝါဆိုလတွင် သန်လျင်ကိုဆက်လက်သိမ်းပိုက်ခဲ့သည်။ ၁၁၁၈ ခုနှစ်၊ နတ်တော်လတွင် ဟံသာဝတီကြည်းတပ်အား အောင်မြင်စွာ တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့သည်။ သက္ကရာဇ် ၁၁၁၉ ခုနှစ်၊ ကဆုန်လတွင် ဟံသာဝတီနေပြည်တော်ကြီးအား အပြီးတိုင် သိမ်းပိုက်ရရှိတော်မူသည်။

သက္ကရာဇ် ၁၁၂၂ ခုနှစ်တွင် အလောင်းမင်းတရားကြီးသည် ယိုးဒယားသို့စစ်ချီခဲ့သည်။ မြန်မာ-ယိုးဒယား နယ်စပ်သည် ထိုစဉ်ကာလ၌ တောတောင်ထူထပ်ခြင်း၊ လမ်းပန်းဆက်သွယ်မှု ခက်ခဲခြင်းတို့သည် အလောင်းမင်းတရားကြီး၏ တပ်များကို ခရီးဖင့်စေရုံမျှမကဘဲ ငှက်ဖျားရောဂါကြောင့် အကျအဆုံးများစွာကိုဖြစ်စေခဲ့ပေသည်။ ခေတ်မီဆေးဝါးများ၊ ကုသခြင်းများ မရှိသေးသောကြောင့် ယိုးဒယားသို့ချီသော စစ်ကြောင်းများမှာ ခရီးမတွင်လှချေ။

နောက်ဆုံးတွင် ဦးအောင်ဇေယျကိုယ်တိုင်ပင် နာမကျန်းဖြစ်လာသောကြောင့် ၁၁၂၂ ခု၊ ကဆုန်လဆန်း ၃ ရက်နေ့တွင် နောင်ကဟွန်အရပ်မှ တပ်များဆုတ်ခွာကာ ပြန်ခဲ့ကြသည်။ သီတင်းသုံးပတ်ကျော် ခရီးနှင်ခဲ့ကြရာ မုတ္တမကျေးအင်းရွာသို့အရောက် ဦးအောင်ဇေယျမှာ ဘဝနတ်ထံ စံလွန်တော်မူခဲ့ရလေပြီ။ အလောင်းတော်အား ရန်ကုန်သို့အရောက်တွင် ဖောင်တော်ဖြင့် အညာသို့ဆက်လက်သယ်ဆောင်ကြသည်။ ရတနာသိင်္ဃရွှေမြို့တော်၏မြောက်ဘက် ဘိုင်သာတံခါးမှသွင်းပြီး နန်းတော်အရှေ့ ရွှေလွှတ်တော်မြောက်ဘက်တွင် သဂြိုဟ်ခဲ့သည်။

အလောင်းမင်းတရားကြီးကား မရှိတော့ပြီ။ သူတည်ထောင်စုစည်းခဲ့သော တတိယမြန်မာနိုင်ငံတော်ကြီး အတွက် မျိုးဆက်သစ်တို့ကား ဆက်လက်၍ တာဝန်ယူကြမည်ဖြစ်ပါသည်။ ယနေ့ထက်တိုင် ရွှေဘိုမြို့ရှိ အလောင်းမင်းတရားကြီး၏ အမှတ်တရရုပ်တု၊ ဂူဗိမာန်အဆောက်အဦး၊ နန်းတော်ပုံစံ၊ နန်းဦးဘုရား၊ အဆောက်အအုံတို့မှာ သမိုင်းထဲမှ ဦးအောင်ဇေယျကို အမှတ်ရစေပါသည်။ သတိတရဖြစ်စေပါသည်။ ထိုမှတစ်ဆက်တည်း သတိတရဖြစ်စေ မည့်ပုံရိပ်များစွာကို စာရေးသူမှ ဆက်လက်တင်ပြလိုပါသည်။

အနာဂတ်နိုင်ငံတော်ကြီးအင် အားတောင့်တင်းခိုင်မာစေရေးကို ရည်ရွယ်လျက် ၁၁၂၂ ခုနှစ်တွင် ဦးအောင်ဇေယျသည် ယိုးဒယားသို့စစ်ကြောင်းများဖြင့် ချီတက်ခဲ့ကြပါသည်။ သူသည် စစ်သည်တော်များနှင့်အတူ ကိုယ်တိုင်ကိုယ်ကျ ကြီးကြပ်ကွပ်ကဲရင်း လိုက်ပါသွားခဲ့သည်။ ပြည်တွင်း၌သူသည် စစ်ပွဲများစွာကို အောင်မြင်ခဲ့လေသည်။ ပြည်ပ၌လည်း ထို့အတူပင် အောင်ပွဲများရရှိလိမ့်မည်ဟု သူမျှော်လင့်ခဲ့သည်။

မြန်မာ-ယိုးဒယားနယ်စပ်ရှိ နှစ်နိုင်ငံနယ်ခြားကို ပိုင်းခြားထားသော သောင်ရင်းမြစ်သည် မြစ်ကျဉ်းဖြစ်သော်လည်း ရေစီးသန်သောမြစ်တစ်စင်းဖြစ်လေသည်။ သောင်ရင်းမြစ်ကို သူတို့စစ်တပ်များအကြိမ်ပေါင်းများစွာ ကျော်ဖြတ်ခဲ့ကြသည်။ ရန်သူတပ်များအား သောင်ရင်းမြစ်ထဲတွင် သူတို့၏ဓားဖွေးဖွေးနှင့် သွေးရောင်လွှမ်းခဲ့ကြသည်။ သို့ဖြစ်၍ သူတို့သည် သွေးရောင်လွှမ်းသော သောင်ရင်းမြစ်ကို မမေ့နိုင်ကြချေ။ ရန်သူတပ်သားတို့၏ အော်သံ၊ ငိုသံ၊ ညည်းသံတို့က မြစ်ကြောင်းတစ်လျှောက် ပဲ့တင်ရိုက်ခတ်လျက်။

မြဝတီမြို့သည် ကရင်ပြည်နယ်၏ အရှေ့ဘက်၌တည်ရှိ၍ (ယိုးဒယား)ထိုင်းနိုင်ငံနှင့် သောင်ရင်းမြစ်က ပိုင်းခြားပေးထားသည်။ ထိုင်းနိုင်ငံ၊ မဲဆောက်နှင့် နယ်နိမိတ်ဆက်စပ်လျက်ရှိပြီး မြောက်ဘက်တွင် လှိုင်းဘွဲ့မြို့နယ်၊ အရှေ့ဘက်တွင် ထိုင်းနိုင်ငံ၊ တောင်ဘက်တွင် ကြာအင်းဆိပ်ကြီး၊ အနောက်ဘက်တွင် ကော့ကရိတ်မြို့နယ်များ တည်ရှိသည်။ ရန်ကုန်မြို့နှင့် ၂၀၄ မိုင်ကွာဝေးပြီး၊ တောင်နှင့်မြောက် ၇၃ မိုင်၊ အရှေ့အနောက် မိုင် ၃၀ ကျယ်ဝန်းလေသည်။ ထင်ရှားသော ဘုရားစေတီမှာ သမိုင်းဝင် ရွှေမြင်းဝန်စေတီတော်ကြီးဖြစ်ပါသည်။

နောက်တစ်ခုမှာ မြဝတီနယ်စပ်မြို့အဝင်မှ ဦးအောင်ဇေယျနတ်ကွန်း ဖြစ်ပါသည်။ နတ်ကွန်းဟုခေါ်ဆိုရခြင်းမှာ မြန်မာ



www.burmeseclassic.com

www.burmeseclassic.com

တို့၏ရိုးရာဓလေ့ထုံးစံအရ မြို့အဝင်၊ မြို့အထွက်များတွင် နတ်နန်းအဆောက်အအုံတစ်ခုပြုလုပ်၍ မြို့ဝင်၊ မြို့ထွက် ရှိသေသမှုဖြင့် ပန်းစသည်များကို တလေးတစားဆက်သကြသောကြောင့် ဖြစ်ပါသည်။ မိမိတို့၏ယာဉ်အန္တရာယ်ကင်းရှင်းရေး လိုအင်ဆန္ဒပြည့်ဝစေရေးအတွက် ယုံကြည်စွာ ဆုတောင်းကြရာနေရာလည်း ဖြစ်သည်။

တစ်ချိန်က ဦးအောင်ဇေယျသည် ယိုးဒယားသို့ စစ်ချီတက်ရင်း ဤနယ်မြေ၌ ကွယ်လွန်သွားခဲ့ရသည်။ ဦးအောင်ဇေယျသည် မြန်မာနိုင်ငံကိုချစ်သည်။ သူ၏ရဲဘော်ရဲဘက်စစ်သည်များကိုလည်း ချစ်သည်။ သူချစ်သော ဤမြေ၊ ဤရေတို့သည် သူ၏ဝိညာဉ်ဖြစ်၏။ ချစ်ခင်တွယ်တာရာ နယ်မြေဖြစ်မည်မှာ အမှန်ဖြစ်ပါသည်။ ဦးအောင်ဇေယျ သေသော်လည်း သူ့ဝိညာဉ်ကားမသေရာ၊ သူ့အားအမှတ်တရ တရိုတသေထားရာ နတ်ကွန်းမှာလည်း ထူးခြားသောပုံရိပ်များက ဆက်လက်၍ စိုးမိုးနေပြန်သည်။

တစ်နေ့သောအခါ၌ မြေလတ်မြို့ကလေးမှ လှူငယ်တစ်စုတို့ မြဝတီမြို့သို့ရောက်ရှိလာခဲ့ကြလေသည်။ မောင်ငွေးဝင်းဦးဆောင်သော လူငယ်များသည် မြဝတီမြို့ရှိ စည်ကားရာနေရာများနှင့် ဘုရားသို့ သွားရောက်လည်ပတ်ကြပါသည်။ နေရာများစွာအား စုံအောင်လည်ပတ်ပြီးနောက် မြို့အဝင်ဦးအောင်ဇေယျနတ်ကွန်းသို့ အရောက်ရှိသွားကြသည်။

"ကိုငွေးဝင်းရေ…ဟိုမှာ နတ်ကွန်းကြီးကို ပန်းတွေဆက်သထားကြတယ်။ ကျွန်တော်တို့လည်း ပန်းတွေဝယ်ပြီး ဆက်ရအောင်"

"မောင်အောင်…အဲဒါ နတ်ရုပ်မဟုတ်ဘူးကွ။ ငါတို့မြန်မာနိုင်ငံကြီးကို စည်းလုံးညီညွတ်အောင် ကြိုးပမ်းခဲ့တဲ့ အလောင်းမင်းတရားကြီးဦးအောင်ဇေယျလို့ ခေါ်တယ်။ မှတ်ထားနော်။ တို့မြန်မာတွေသိထားဖို့လိုတယ်။ ရှေးတုန်းကနေ စစ်ချီလာတာ ယိုးဒယားကိုအသွား ဒီနယ်မြေမှာကွယ်လွန်ခဲ့လို့ ဒီမှာ အမှတ်တရပူဇော်ထားတာ"

"ဟုတ်ကဲ့…အစ်ကိုငွေးဝင်း။ ကျွန်တော်တို့ကမသိလို့ပါ"

"မင်းတို့ပြောသလို နတ်ဖြစ်တာ၊ မဖြစ်တာကိုတော့ ငါ မပြောလိုဘူး။ ဒါပေမယ့် ဒီနေရာမှာဆုတောင်းရင် ထူးခြားတယ်လို့ပြောတာ ငါကြားဖူးတယ်။ ဒီနေ့ လပြည့်နေ့၊ ထူးခြားနိုင်တယ်။ ကဲ…တို့လူငယ်တွေစုံရင် အဘဦးအောင်ဇေယျရှေ့မှာ ပန်းဆက်ပြီး ဆုတောင်းကြရအောင်"

"ဟုတ်ကဲ့ အစ်ကို"

သူတို့အားလုံး အမွှေးတိုင်များ၊ ပန်းများဖြင့် စုပေါင်းကာ ရှိခိုးကန်တော့ကာ ဆုတောင်းခဲ့ကြသည်။

မောင်ငွေးဝင်းတို့အဖွဲ့သည် ကိစ္စတစ်ခုဖြင့် ယခုညဘက်တွင် သောင်ရင်းမြစ်ကိုဖြတ်ကျော်သွားရန် မူလကစီစဉ်ထားခဲ့သည်။ သူတို့တည်းခိုဆောင်သို့ ရောက်လျှင် ရေမိုးချိုး၍ ခေတ္တတရေးတမောအိပ်ကြသည်။

"ဟဲ့… လူကလေး။ မင်းကို အဘပြောစရာရှိတယ်ကွဲ့"

"ဘာများလဲ အဘ"

"ဒီလိုကွဲ့၊ ဒီနယ်မြေကို မင်းတို့တစ်တွေက အခုမှရောက်လာကြတာဆိုတော့ ဘာမှမသိကြဘူးပေါ့"

"ဟုတ်ကဲ့ အဘ"

"အေး…ဒါကြောင့်၊ မင်းတို့ခေတ်လူငယ်တွေကို အဘမှာချင်တာ။ မင်းတို့ခုည သောင်ရင်းမြစ်ကို လုံးဝမဖြတ်ပါနဲ့။ မင်းတို့မယုံရင် ဘေးကနေစောင့်ကြည့်။ သိလိမ့်မယ်။ ကဲ…ငါသွားတော့မယ်"

"ဟင်…အဘက ဘယ်သူလဲဟင်"

အိပ်မက်ထဲမှအဘကား ပျောက်ကွယ်သွားခဲ့လေပြီ။ မောင်ငွေးဝင်းသည် သူ၏သူငယ်ချင်းများအား အကျိုးအကြောင်းပြောပြပြီး ညဘက်တွင် သောင်ရင်းမြစ်ဘက်သို့ ထွက်ခွာခဲ့ကြသည်။ အချိန်ကား လပြည့်ညသန်းခေါင်ယံကာလ -

"ဝေါ…ဝေါ…ဝေါ",

ခါးလောက်ရှိသည့် ရေပြင်မှ တစ်ခဏအတွင်း ကမ်းလုံးပြည့်သွားခဲ့သည်။ သွေးရောင်လွှမ်းသော ရေများမှ သွေးညှီနံ့များကို ရှူရှိုက်မိကြသည်။ ရေသံများနှင့်အတူ အော်သံလိုလို၊ ညည်းသံလိုလိုအသံများကလည်း ကျောချမ်းစရာ။

"ဟီး…ဟီး…ဟီး…အီး… အား…အား…အား"

အိပ်မက်ထဲကအဘသာ လာရောက်မပြောခဲ့ပါက သူတို့ဘဝသည် မတွေးရဲစရာ။ မတွေးဝံ့စရာ၊ ထိုအဘသည် သမိုင်းထဲက ဦးအောင်ဇေယျဟု သူတွေးထင်နေမိတော့သည်။

**ကိုသက်(ဝီးကုန်း)**

မှတ်ချက် ။ ။ ဤဆောင်းပါးဖြစ်မြောက်ရေးအတွက် ခေတ္တမြဝတီရောက် ဒေါ်ခင်ထားသွယ်နှင့်မိသားစုအား ကျေးဇူးတင်ရှိကြောင်းဖော်ပြအပ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# အလောင်းမင်းတရား ဦးအောင်ဇေယျနတ်ရွာစံရာ မုတ္တမကျေးကင်းရွာလား၊ ဘီးလင်းကင်းရွာလား

### ဗုဒ္ဓဟူးလှ

"ခရီးထွက်ကြပါလော့ . . . နပျိုခြင်းသည် နှစ်ခါပြန်မရ" ဆိုတဲ့ ဆရာကြီးရာဟုလာသံကိစ္စည်းရဲ့ အဆိုအမိန့်အတိုင်း မိမိလည်း ခရီးသွားလူသားဆိုရလောက်အောင် အိတ်ကပ်ထဲ ငွေစလေးရောက်လာတာနဲ့ အဲသည်ငွေစလေးကုန်အောင် ခရီးအနီးအဝေး ခြေဆန့်ခဲ့ဖူးတာ နှစ်ပေါင်းမနည်းခဲ့ပါ။ ခုနောက်ပိုင်း အသက်အရွယ်ကကြီးလာတော့ ခရီးဝေးတွေမသွားနိုင်တော့ပေမယ့် မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ် ကေလာသတောင် ရေိယာထဲလောက်ကိုတော့ တစ်နှစ်မှာ သုံးလေးခေါက်တော့ မဖြစ်မနေ သွားဖြစ်နေပါသေးတယ်။ အမျိုးသားစာပေဆုရ သုတေသနပညာရှင် ဦးစံဝင်းရဲ့ သုဝဏ္ဏဘူမိမြို့ဟောင်းတူးဖော်ရေး လုပ်ငန်းများမှာ တွေ့ရှိရတဲ့ ထူးခြားမှုတွေကို လိုက်လံမှတ်တမ်းတင်တာလည်း ပါတာပေါ့။ မိမိကိုယ်တိုင်က မွန်ပြည်နယ်သား၊ မွန်လူမျိုးဖြစ်တာကြောင့် သုဝဏ္ဏဘူမိလို ရှေးခေတ်မွန်မြို့ပြ နိုင်ငံအကြောင်း သိထားဖို့ လိုအပ်ပါလားဆိုတဲ့ စိတ်ကူးနဲ့ပါ။ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာ ၁၇ ရက်နေ့ည ကင်းရွာရေတံခွန် ပရိယတ္တိကျောင်းမှာကျင်းပတဲ့ စာပေဟောပြောပွဲကို ဆရာချစ်ဦးညို၊ ဆရာမောင်သာချိုတို့နဲ့ အတူသွားပြီး ဟောပြောတဲ့နေရာမှာ "ကျွန်တော်ချစ်သော သုဝဏ္ဏဘူမိ" ခေါင်းစဉ်နဲ့ မိမိဟောပြောခဲ့ပါသေးတယ်။

မိမိကိုယ်မိမိ အရောင်လက်ထင်ပေါ်စေအောင် ကြွေးကြော်ပြတာတော့ မဟုတ်ပါ။ ဆက်လက်ရေးရမယ့်အကြောင်းအရာက ကေလာသတောင်ခြေက ကင်းရွာကို မိမိကိုယ်တိုင် ဖွက်ပေါက်လုမတတ် သွားလာနေသူဖြစ်တဲ့အကြောင်း ဆရာသုတေသီကြည်သန့်စင်အနေနဲ့ ကြိုတင်သိထားစေလိုတဲ့အတွက် နိဒါန်းချီလိုက်တာလို့ပဲ ပြောပါရစေ။ ဟုတ်ကဲ့၊ အဲသည်လို ခရီးသွားလာရင်းက ၉.၉.၂၀၁၅ ရက်ထုတ် အရုဏ်ဦး အနုပညာဂျာနယ် အတွဲ(၅)၊ အမှတ်(၃၅)ကို ရထားပေါ်မှာ ဖတ်ရှုလိုက်ရပါတယ်။ စာမျက်နှာ(၂၄)မှာ ဖော်ပြထားတဲ့ သုတေသီကြည်သန့်စင်ရဲ့ "ကေရာဇ်ဘုရင်ကြီးတစ်ပါး၏ နလုံးသားစံတော်မူရာ ကင်းရွာ" ဆောင်းပါးဖတ်ရင်းက သံသယအတွေးတွေ မိမိရင်ထဲ ဝင်လာလိုက်တာမှ တစ်မျိုးပြီး တစ်မျိုး ဆိုပါတော့။ ဟုတ်ရဲ့လား။ သုတေသီကြည်သန့်စင် ရေးထားသလို အလောင်းမင်းတရား ဦးအောင်ဇေယျနတ်ရွာစံတာ ဘီးလင်းမြို့နယ်၊ ကင်းရွာ ဟုတ်ရဲ့လား။ ကင်းရွာက သရက်တောကျောင်းတိုက်ဝင်းထဲမှာရှိတဲ့ ရှေးဟောင်းပြာသာဒ်ဂူပျက်ကြီးကရော ဦးအောင်ဇေယျရဲ့ ကာလီစာတွေ မြှုပ်နှံဂူသွင်းထားတယ်ဆိုတာ ဟုတ်ရဲ့လား။ ရေးသားသူ ဆရာကိုယ်တိုင် ကလောင်နာမည်မှာ "သုတေသီ" သုံးထားတာဖြစ်လို့ အထောက်အထားတွေ အခိုင်အမာ ပါပါလိမ့်မှာထင်ပြီး ဆက်ဖတ်လိုက်တာ ဟုတ်ကဲ့ ဆောင်းပါးသာဆုံးသွားရော အထောက်အထား အကိုးအကားတွေမပါဘဲ စိတ်ကူးယဉ်သမိုင်းတစ်ကွက်နဲ့ မျက်လှည့်ပြသလို လုပ်စားသွားပါလားလို့ပဲ ပြောချင်ပါတော့တယ်။

မိမိဟာ စာရေးသားတာထက်



www.burmeseclassic.com

www.burmeseclassic.com

စာဖတ်ဝါတာဝါသနာကြီးတဲ့သူ ဖြစ်ပါတယ်။ ဖတ်ရှုလိုက်ရတဲ့ စာတစ်ပိုဒ်နဲ့ ပတ်သက်လို့ စိတ်အဟာပ်မတည့်တာ ခံစားရလိုက်တိုင်းလည်း ခုလို တုံ့ပြန်ရေးသားတာမျိုးလည်း မဟုတ်ခဲ့ပါဘူး။ ဒါပေမယ့် သုတေသီကြည်သန့်စင်ရဲ့ ဆောင်းပါးက ဖတ်ပြီး ပစ်ထားလို့ရတဲ့ ကိစ္စမဟုတ်။ တတိယမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့တဲ့ အလောင်းမင်းတရား ဦးအောင်ဇေယျရဲ့ သမိုင်းနိဂုံးနေရာကိစ္စ။ နောင်လာနောက်သားများ အမှတ်မှားသွားပါက သမိုင်းဂုဏ်ရည် လျော့ပါးသွားမှာစိုးရိမ်တာကြောင့် တုံ့ပြန်ထောက်ပြလိုက်တာကိုတော့ နားလည်ပေးစေချင်ပါတယ်။

အလောင်းမင်းတရား နတ်ရွာစံတဲ့ ကင်းရွာနဲ့ပတ်သက်လို့ မိမိအမှတ်များစရာမရှိပါ။ ၁၉၅၆ ခုနှစ် အလယ်တန်းမှာ မိမိသင်ကြားခဲ့ရဖူးတဲ့ အမျိုးသားပညာဝန် ဦးဖိုးကျား ရာဇဝင်စာအုပ်၊ အခြ သမိုင်းစာအုပ်တွေမှာကြည့်ရင် အလောင်းမင်းတရားကြီး နတ်ရွာစံခဲ့တဲ့ ရွာနာမည်ကို (ကင်းရွာ)ဆိုပြီး သီးခြားဖော်ပြထားတာ မတွေ့ခဲ့ရ။ (မုတ္တမကျေးကင်းရွာ)လို့ပဲ မုတ္တမနဲ့တွဲဖက်ထားတာကို အဲသည်ကာလက ကျောင်းနေဖူးသူတိုင်း မိမိလိုပဲ မှတ်မိနေကြဦးမယ်ထင်ပါတယ်။

ထားတော့။ ငယ်စဉ်ကာလက မှတ်သားခဲ့တာဖြစ်လို့ မေ့လျော့ပြီး အမှတ်မှားနေသလားထင်ပြီး မိမိစာအုပ်စင်ပေါ်မှာ ဖုန်တက်နေတဲ့ သမိုင်းစာအုပ်တွေကို ဆွဲထုတ်လှန်လှော ဖတ်ကြည့်မိပါသေးတယ်။ တွေ့ပါပြီ။ ၁၉၂၄ ခုနှစ် ရန်ကုန်မြို့ သုဓမ္မဝတီပုံနှိပ်တိုက် ထုတ် ဆရာကြီးဦးဘိ၊ ဆရာသိန်းတို့ ကြပ်မတ်ပြင်ဆင်သော အရေးတော်ပုံ သုံးဆောင်တွဲပါ အလောင်းမင်းတရားကြီး အရေးတော်ပုံ စာမျက်နှာ(၆၁၆)၊ ကြောင်းရေ (၁၀)မှာ (သက္ကရာဇ် ၁၁၂၂ခု၊ ကဆုန်လဆန်း ၃ ရက်နေ့ ယိုးဒယား နောင်ကတွန်တပ်တော်က ပြန်လည်တော်မူခဲ့၍ လပြည့်ကျော် ၁၂ရက်နေ့ "မုတ္တမကျေးကင်းရွာ"သို့ ရောက်ချိန် နတ်ပြည်စံတော်မူ၏)ဆိုပြီး တိကျစွာ မှတ်တမ်းတင်ထားတာ တွေ့ရပါတယ်။

နောက်ထပ်တစ်ဖန် ဦးမောင်မောင်တင်(1)K.S.M, A.T.M စုဆောင်းရေးသားပြုစုတဲ့ ဒုတိယမဟာရာဇဝင်တော်ကြီး (ခေါ်) ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး(ပထမတွဲ)၊ စာမျက်နှာ(၃၁၁)၊ စာကြောင်းရေ (၂) မှာ (ဘဝရှင်မင်းတရားလည်း ကဆုန်လဆန်း ၃ ရက်၊ ကြာသပတေးနေ့ ယိုးဒယားမြို့က ဆုတ်ခွာခဲ့၍ နစ်ဆယ့်လေးစခန်းနှင့် "မုတ္တမကျေးကင်းရွာ"သို့ ရောက်တော်မူသည်။ ထိုစခန်းတွင် သက္ကရာဇ် ၁၁၂၂ ကဆုန်လပြည့်ကျော် ၁၂ရက်၊ တနင်္ဂနွေနေ့ မိုးသောက်ယံအချိန်တွင် နတ်ပြည်စံတော်မူ၏) ဆိုတာလည်း အင်မတန်ခိုင်မာတဲ့ အထောက်အထားဖြစ်ပါတယ်။


လွန်ခဲ့တဲ့ နှစ်ပေါင်း ၉၀ ကျော်က ထုတ်ဝေခဲ့တဲ့ သမိုင်းစာအုပ်တွေမှာ အလောင်းမင်းတရားကြီး နတ်ရွာစံတဲ့ နေရာကို (မုတ္တမကျေးကင်းရွာ)လို့ပဲ တူညီစွာဖော်ပြထားလျက်ပါနဲ့ သုတေသီကြည်သန့်စင်ရဲ့ဆောင်းပါးမှာ ဘီးလင်းကင်းရွာမှာ ကံတော်ကုန်တယ်ဆိုပြီး အကိုးအကားမပါ စိတ်ထင်ရာရေးထားတာကို ကြည့်ရင်ဖြင့် ဒေသခံတွေရဲ့ ကြုံဆိုညွှန်ခံမှုကောင်းလို့ပဲ အားနာပြီး ရေးသလားပေါ့။ ဘာမှုမကြာသေးပါ။ ၂၀၁၄ ခုနှစ်ထဲ ဒုတိယအကြိမ် ထုတ်ဝေတဲ့ ရွှေဘိုသားစစ်စစ် စာရေးဆရာ ရွှေဘိုမထီခင်အောင်ရဲ့ "ပြည်ရွှေဘိုက သူ့ရဲကောင်းအောင်ဇေယျ" စာအုပ်မှာလည်း (အလောင်းမင်းတရားကြီးသည် ၁၇၆၀၊ ဧပြီလ ၁၆ ရက် ဆုတ်ခွာလာရာ သထုံခရိုင်၊ မုတ္တမမြို့နယ် ကင်းရွာတွင် နတ်ရွာစံသည်)လို့ပဲ ကျမ်းကိုးပေါင်းများစွာနဲ့ ရေးသားထားတာကို သုတေသီကြည်သန့်စင်အနေနဲ့ ရှာဖွေဖတ်ရှုကြည့်ဖို့ တိုက်တွန်းချင်ပါတယ်။

ဘီးလင်းကင်းရွာရော၊ မုတ္တမကင်းရွာပါ သထုံခရိုင်ထဲ အတူရှိနေကြတာ မှန်ပေမယ့် မုတ္တမကျေးကင်းရွာလို့ ဆိုထားတာကြောင့် မုတ္တမနဲ့ လေးမိုင်လောက်သာဝေးတဲ့ ကင်းရွာနဲ့ မုတ္တမကနေ မိုင် ၇၀ လောက်ဝေးကွာတဲ့ ဘီးလင်း ကွင်းရွာတို့ကို နှိုင်းယှဉ်ကြည့်ရုံနဲ့ ဘယ်ကင်းရွာ မှန်သလဲဆိုတာ အဖြေပေါ်ပြီးသား မဟုတ်ပါလား။ မုတ္တမ ကျေးကင်းရွာဆိုတာ လက်ရှိမှာလည်း မုတ္တမရဲတပ်ဖွဲ့စခန်းပိုင်နယ်မြေ မုတ္တမကနေ သံလွင်မြစ်အတိုင်း ဆန်တက်သွားရင် သံလွင်မြစ်နဲ့ ဖုံသမီချောင်းဆုံရာ ဖုံသမီအနောက်ဘက်ကမ်းနားမှာ အထင်ကရှိ နေပါတယ်။ အဲသည် ကင်းရွာမှာပဲ ဘယ်ခေတ် ဘယ်ကာလက တည်ထားမှန်းမသိတဲ့



www.burmeseclassic.com

www.burmeseclassic.com



စေတီပျက်တစ်ဆူကိုလည်း အလောင်းမင်းတရား နတ်ရွာစံအထိမ်းအမှတ် စေတီပါဆိုတဲ့ နောင်းကာလကတည်းက ဒေသခံရဟန်းရှင်လူတို့ လက်ဆင့်ကမ်းပြောကြားလာကြတာ ယနေ့ထိတိုင်ပါပဲ။ ခုခေတ်မှာတော့ အဲသည်စေတီကို စုပေါင်းမွမ်းမံပြုပြင်တည်ပြီး "အောင်သိဒ္ဓိစေတီ" လို့ ဘွဲ့တော်ဆက်ကပ်ထားတာ ဖူးခဲ့ရပါသေးတယ်။

သုတေသီကြည်သန့်စင်ဟာ သူ့ရဲ့ဆောင်းပါးမှာ အကိုးအကားအထောက်အထားတွေ ဘာတစ်ခုမပြနိုင်ပေမယ့် ခေသူမဟုတ်တာတော့ သေချာပါတယ်။ သူ့ဆောင်းပါးအောက်ခြေမှာ ဖော်ပြထားတဲ့ "အထူးမှတ်ချက်" ဖတ်ကြည့်ရင်ပဲ သူ့သုံးသပ်ချက်တွေ အင်မတန်လေးစားလောက်ပါလားလို့ အထင်ကြီးမိတာ အမှန်ပါပဲ။ ကြည့်စမ်း "မုတ္တမကျေးကင်းရွာဟာ ကုန်းတစ်တန် ရေတစ်တန် ဖြတ်သန်းရခြင်း၊ သိန်းနဲ့ချီသော တပ်မကြီး မဖြတ်သန်းနိုင်ခြင်း၊ ရွာငယ်ဇနပုဒ်မျှသာဖြစ်ခြင်းတို့ကြောင့် အလောင်းမင်းတရား နတ်ရွာစံရာ ကင်းရွာမဖြစ်နိုင်ပါ" တဲ့။ ကောင်းလိုက်တဲ့ ကောက်ချက်စကား။ မူကြိုတက်နေတဲ့ မိမိမြစ်မလေးထက် သာနေတာတွေရှတော့ အံ့သြမိပါရဲ့။ ပထဝီအနေအထားအရ မြစ်ချောင်းအင်းအိုင် ပေါ်များလှတဲ့ မိမိတို့နိုင်ငံမှာ ရှေးခေတ်ဘုရင့်တပ်တွေကရော ကုန်းတစ်တန်၊ ရေတစ်တန်မဖြစ်ဘဲ ဘယ်လိုချီတက်ခဲ့ကြတာလဲ။ မြေလျှိုးမိုးပျံ သွားကြတာလားပေါ့။ ပြီးတော့ မုတ္တမကင်းကျေးရွာဟာ ရွာငယ်ဇနပုဒ်ဖြစ်တာကြောင့် အလောင်းမင်းတရား နတ်ရွာစံတဲ့ ကင်းရွာမဖြစ်နိုင်ဘူးတဲ့။ ဟုတ်ပါရဲ့ အဲသည်အချိန်က သူပြောတဲ့ ဘီးလင်းကင်းရွာကရော မြို့ကြီးပြကြီးများ ဖြစ်နေသလားမသိ။ သူ့ကောက်ချက်အတိုင်းဆိုရင် အလောင်းမင်းတရားကြီးဟာ ဇနပုဒ်တွေရှောင်ပြီး မြို့ကြီးဖြစ်တဲ့ ရန်ကုန်ရောက်မှ နတ်ရွာစံသင့်ပါတယ်လို့ပဲ ပြောရတော့မှာပါ။

မိမိဖတ်ဖူး မှတ်ဖူးတဲ့ စာတွေမှာက ရှေးခေတ်ဘုရင်တပ်တော်တွေ စစ်ချီတဲ့နေရာမှာ ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်တပ်တွေ အင်အားများပြီး လနဲ့ချီပြီး ချီတက်ရတာလို့ ဆိုပါတယ်။ ဒါကြောင့် ချီတက်မှုမြန်ဆန်ဖို့အတွက် ဝါးဖောင်တွေ၊ လှေကြီးလှေငယ်တွေ သွားလို့ရတဲ့မြစ်တွေ ချောင်းတွေကိုရွေးချယ်ရတယ်ဆိုပဲ။ မြန်မာဘုရင့်တပ်တော်ရဲ့ စစ်ဗျူဟာမှာကိုက ကြည်းတပ်ကို ရေတပ်အဖြစ်၊ ရေတပ်ကို ကြည်းတပ်အဖြစ် ချက်ချင်းအမြန်ပြောင်းလဲဖွဲ့စည်းနိုင်အောင် ပြင်ဆင်ထားတာ တွေ့ရမှာပါ။ (ရာဇဝင်ရာဇ်အရေးတော်ပုံ



www.burmeseclassic.com

www.burmeseclassic.com

ချမ်း)။ အဇလောင်းမင်းတရား ရုပ်အလောင်းကိုတောင် ရန်ကုန်ကနေ ရွှေဘိုနဲ့ ဘုရိုင်ဝေးတဲ့ ကျောက်မြောင်းဆိပ်ကမ်းအထိ ရေကြောင်းနဲ့ သယ်ဆောင်သွားတာ လက်တွေ့ပဲမဟုတ်လားလို့။ သူ့ဆောင်းပါးမှာ မြေပုံနဲ့ပြထားတာ ရှိပါတယ်။ အလောင်းမင်းတရား ရန်ကုန်ကနေ စတင်ချီတက်တဲ့လမ်းကြောင်းနဲ့ ထိုအယားကနေအပြန် စစ်သိမ်းလမ်းကြောင်းနှစ်ခုကို မြေပုံပေါ်တွေ့ရမှာပါ။ အသွားအပြန် တစ်နေရာတည်း ဖြတ်သွားရတဲ့ သံလွင်မြစ်နေရာကိုဝိုက်ပြီး ပုံကြီးချဲ့ကြည့်လိုက်မှ မုတ္တမကင်းရွာကို ထင်းခနဲတွေ့လိုက်ရပြီဟာ ဘာပြင်းရောလိုတော့မှာလဲလို့။

အလောင်းမင်းတရားကြီးရဲ့ ရုပ်အလောင်းကို ဘယ်မြို့ ဘယ်ရွာမှာမှ ဂူသွင်းသင်္ဂြိုဟ်ခဲ့တာမရှိဘဲ ရွှေဘိုမြို့တစ်နေရာထဲမှာ ဂူပြာသာဒ်သွင်း သင်္ဂြိုဟ်ထားတာ လူတိုင်းသိပြီး ဖြစ်ပါတယ်။ ဒါကိုပဲ သုတေသီကြည်သန့်စင်ဟာ ဘီးလင်းကင်းရွာ သရက်တောကျောင်းတိုက်ဝင်းထဲမှာရှိတဲ့ ဂူပြာသာဒ်ပျက်ကြီးဟာ အလောင်းမင်းတရားရဲ့ ကလီစာတွေ မြှုပ်နှံထားတယ်ဆိုပြီး လုပ်ချလိုက်ပြန်ရောလားလို့။ ဟုတ်ကဲ့ . . . သည် အကြောင်းအရာကို ဘယ်သမိုင်းစာအုပ်၊ ဘယ်စာစောင်မှာမှ မိမိဖတ်ဖူးခဲ့တာမရှိလို့ မှန်၏၊ မမှန်၏ မပြောလိုပါ။ တကယ်လို့ သုတေသီကြည်သန့်စင်အနေနဲ့ ဘယ်သမိုင်း၊ ဘယ်ကျမ်းစာအုပ်တွေကို သူကိုးကားပြီးပြောတာပါလို့ တိကျစွာ ထုတ်ဖော်ပြလာမယ်ဆိုရင်တော့ ဒေသခံတွေနဲ့အတူ မိမိပါ ပူးပေါင်းပြီး ဘီးလင်းကင်းရွာက ဂူပြာသာဒ်ပျက်ကြီးကို ပြန်လည်မွမ်းမံပြင်ဆင်ထိန်းသိမ်းဖို့ အဆင်သင့်ပါဆိုတာ ပြောချင်ပါတယ်။ အဲသည် ဘီးလင်းကင်းရွာမှာ သည်ဂူပြာသာဒ်ကြီးနဂိုက ရှိပြီးသားဖြစ်ပေမယ့် အလောင်းမင်းတရားရဲ့ ဂူဆိုပြီး နာမည်မပေါ်သေးဘဲ ကင်းရွာသချိုင်းပေါင်းမှာ ညောင်မြစ်တွေငုံထားတဲ့ ဂူပျက်ကြီးတစ်လုံးကို အလောင်းမင်းတရားဂူလို့ အုတ်အော်သောင်းတင်းသမုတ်ခဲ့ကြဖူးတာ သုတေသီကြည်သန့်စင် မသိသေးဘူးထင်ပါရဲ့။ ကင်းရွာနာမည်တူပြီး အုတ်ဂူပြာသာဒ်ပေါင်းမြင်တိုင်း အလောင်းမင်းတရားရဲ့ဂူလို့ ပြောကြမယ့်အစား ကျမ်းကိုးကျမ်းကားတွေ၊ အထောက်အထားတွေရှာပြီး သုတေသီနာမည်နဲ့ လိုက်ဖက်စွာဖော်ထုတ်ရေးသားပေးပါဦးလို့ သုတေသီကြည်သန့်စင်ကို မေတ္တာရပ်ခံလိုပါတယ်။ သမိုင်းဖြစ်ရပ်ကို ကိုယ်ထင်သလို လက်လွတ်စပယ်ပြောလို့တော့ ပညာရှိတွေရဲ့ ကဲ့ရဲ့ခြင်း ခံရတတ်တယ်ဆိုတာ မိမိတို့ သတိထားကြရမှာပါ။

ဘာပြောပြောပေါ့လေ။ သုတေသီကြည်သန့်စင်ကတော့ သူ့ဆောင်းပါးမှာ ဘယ်လိုအထောက်အထား၊ အကိုးအကားတွေ မပြနိုင်ပေမယ့် (မြန်မာ့သမိုင်း သုတေသီများ၊ ပညာရှင်များ၊ နိုင်ငံတော်အဆင့် သမိုင်းရေးရာတာဝန်ရှိပုဂ္ဂိုလ်ကြီးများ၊ မုတ္တမကင်းရွာလား၊ ဘီးလင်းကင်းရွာလား ဇဝေဇဝါ၊ မသေမချာ၊ မရေမရာ၊ ပလေဗာသမိုင်းမြင်ကွင်း မရှင်းလင်းကြ။ .....သမိုင်းအမြင်နဲ့အထင် လေနှင့်ဝမ်းနှင့်ပင် မကွဲကြ။ ဆင်ပြောင်ကြီးတွေ့ပါလျက် ဆင်ခြေရာရှာမရ။ ဝမ်းနည်းဖွယ်ကောင်းလေစွ) ဆိုပြီး ရှေးသမိုင်းပညာရှင်၊ သုတေသီတွေ၊ တာဝန်ရှိသူတွေကိုတောင် ခပ်ရိုင်းရိုင်း အပြစ်တင်ထားသေးနော်။ ဘာအထောက်အထားမှမပြဘဲ သဘာဝယုတ္တိ၊ သာမကေယုတ္တိ၊ အာဂမယုတ္တိတို့နဲ့ အထပ်ထပ်လေ့လာပြီး တင်ပြထားတယ်ဆိုတဲ့ သူ့ဆောင်းပါးဖတ်ပြီးမှ သုတေသီကြည်သန့်စင် ကိုယ်တိုင် အလောင်းမင်းတရား တပ်တော်နဲ့အတူ လိုက်ပါပြီး သုတေသနလုပ် ရေးသားထားလေသလားလို့ လန့်ဖျပ်စွာ မိမိတွေးလိုက်မိပါသေးရဲ့။

သုတေသီကြည်သန့်စင်ရေ . . . ကလောင်သမားတစ်ဦးရဲ့ ပိုင်ခွင့်အရ ဘယ်လိုအကြောင်းအရာပဲ ရေးပါစေ ဆောင်းပါးထဲပါတဲ့ (ကေလာသတောင်ခြေ အရက်သမရွာသို့ရောက်၍ တစ်ထောက်နားလေသော် နာမည်အတိတ်နိမိတ်အရ ရှေးက မွန်မလေးများ အရက်သောက်လေသလား၊ အရက်ရောင်းလေသလား စဉ်းစားမိပါ၏။) အရေးအသားမျိုးကိုတော့ ဆင်ခြင်စေချင်ပါတယ်။ ရှေးမွန်မလေးတွေဟာ ရိုးရာယဉ်ကျေးမှု ဓလေ့တွေကို မြတ်နိုးပြီး ဘာသာရေး အလွန်ကိုင်းရှိုင်းတဲ့ အကြောင်း မွန်ရာဇဝင်သမိုင်းတွေကို ပါ သုတေသန လုပ်ကြည့်ပါဦးလို့သာ တိုက်တွန်းလိုက်ပါရစေ . . .။

ပုဒ္ဓဟူးလူ



www.burmeseclassic.com

www.burmeseclassic.com

# အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ နှင့် ပိုးခါးစည်းကြိုးပြဿနာ

■ လှစံ(ပညာရေး)

မြန်မာ့ရာဇဝင်တွင် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးကို တစ်ရည်းတစ်လုံးတည်းဖြစ်အောင် စည်းရုံးဆောင်ရွက်နိုင်ခဲ့သော ဘုရင်တစ်ပါးဖြစ်ပေသည်။ သို့သော် အလောင်းမင်းတရားကြီးသည် တစ်တိုင်းပြည်လုံးကို စည်းရုံးနိုင်ခဲ့သော်လည်း ဇနီးဖြစ်သူ "မယ်ယွန်းစံ"အား စည်းရုံးမှုမအောင်မြင်ဘဲ အိမ်ထောင်ရေး အဆင်မပြေဖြစ်ခဲ့ရလေသည်။

အလောင်းဘုရားနှင့် မယ်ယွန်းစံတို့သည် မောင်နှမတစ်ဝမ်းကွဲဘဝမှ "ခွေချင်းထပ်လျှင်မြတ်သည်"၊ "မျိုးချင်းခြံလျှင်လုံသည်"ဟူသော မြန်မာ့စကားပုံအရ အကြင်လင်မယားအဖြစ်သို့ ရောက်ရှိခဲ့ကြသူများ ဖြစ်ပေသည်။ အလောင်းဘုရား၏မယ်တော် "စောငြိမ်းဦး"နှင့် မယ်ယွန်းစံ၏ဖခင် "ဦးဖြိုးမြ"တို့မှာ မောင်နှမအရင်းများဖြစ်ကြသည်။ ဦးဖြိုးမြသည် မုဆိုးဘိုနှင့် ၁၀ မိုင်မျှဝေးသော စည်ပုတ္တရာမြို့တွင် ထောင်မှူးတာဝန် ထမ်းဆောင်နေသူဖြစ်သည်။ ဦးအောင်ဇေယျ (အလောင်းဘုရား)နှင့် မယ်ယွန်းစံတို့ လက်ထပ်စဉ်က ဦးအောင်ဇေယျသည် ၁၉ နှစ်၊ မယ်ယွန်းစံသည် ၁၇ နှစ်မျှသာ ဖြစ်လေသည်။

အလောင်းဘုရား ဦးအောင်ဇေယျနှင့် မယ်ယွန်းစံတို့မှ သားတော်ခြောက်ပါးနှင့် သမီးတော် သုံးပါးတို့ ထွန်းကားခဲ့သည်။ သားတော်များမှာ (၁) မောင်လောက် (ခေါ်) နောင်တော်ကြီးဘုရင်၊ (၂) မောင်ရွှ (ခေါ်) ဆင်ဖြူရှင်ဘုရင်၊ (၃) မောင်ပိုး (ခေါ်) အမြင်မြို့စား (၄) မောင်ဝိုင်း (ခေါ်) ဘိုးတော်ဘုရား။ (၅) မောင်စိုး (ခေါ်) ပခန်းမြို့စား။ (၆) မောင်ဖိုးရှင် (ခေါ်) ပင်းတလဲမြို့စားတို့ ဖြစ်ကြသည်။ သမီးတော်သုံးပါးတို့မှာ (၁) မယ်သာ၊ (၂) မယ်မြတ်လှနှင့် (၃) မယ်အိပ် တို့ဖြစ်ကြသည်။

ဦးအောင်ဇေယျသည် လယ်ယာလုပ်ငန်း လုပ်ကိုင်နေသူဖြစ်ပြီး သူကိုယ်တိုင် ထွန်ယက်လုပ်ကိုင်နေသော ယာခင်းမှာ ယခုတည်ရှိနေသော ရွှေစာရံဘုရားပတ်လည်တွင် ရှိလေသည်။ တစ်ညဉ့်တွင် ဦးအောင်ဇေယျ အိပ်မက်မြင်မက်သည်မှာ (သင်၏ယာခင်းအနီးရှိ ဘုရားပျက်တစ်ဆူကို ရှာဖွေပြင်ဆင်ပေးပါက သင့်အလိုအတိုင်း ပြည့်စုံစေရမည်)ဟု တစ်စုံတစ်ယောက်က ဝီဝီသသကြီးပြောဆိုခဲ့သည်ဟု အိပ်မက်မြင်မက်ခဲ့သည်။ ထိုအိပ်မက်ကို ယုံကြည်သဖြင့် ဦးအောင်ဇေယျသည် ဇနီးမယ်ယွန်းစံနှင့်အတူ ပေါက်တူး၊ တူရွင်းများကိုယူဆောင်ကာ ယာခင်းအနီးတွင် ရှိသည်ဆိုသော ဘုရားပျက်ကို ရှာဖွေခဲ့ကြသည်။ ကျယ်ဝန်းပြန့်ပြူးသော မြေကွက်လပ်တစ်ခုတွင် "တောင်ပို့ငယ်" တစ်ခုကို တွေ့ရှိ၍ ထိုနေရာ ဖြစ်နိုင်သည်ဆိုကာ စည်းခြံကာရံထားခဲ့ကြသည်။ အိမ်သို့ပြန် ရောက်ကြသော အခါ မယ်ယွန်းစံက သားများအား -

"ဟဲ့ . . . သားမောင်လောက်၊ မောင်ရွှ၊ မောင်ပိုး၊ မောင်ဝိုင်း ငါ့သားများ စားဖို့သာပြင်ထားပေတော့။ မောင်တို့အဖေက ဥစ္စာသိုက်တစ်ခု တွေ့ခဲ့လို့ စည်းချပြီး ကာရံထားခဲ့ရတယ်"

ဟု ပြက်ရယ်ပြုစကားပင် ပြောဆိုခဲ့လေသည်။ ထိုနေရာကို နောက်တစ်နေ့တွင် သွားရောက်တူးဖော်ရာ ဌာပနာတိုက်နှင့်တကွ စေတီဟောင်း



www.burmeseclassic.com

www.burmeseclassic.com

ထစ်ဆုကိုတွေ့ရှိ၍ ဦးအောင်ဖေယျက ထပ်မံပြုပြင်ကာ တည်ထားကိုးကွယ်ခဲ့လေသည်။

## ဘုရင်ဖြစ်ရန် အတိတ်နိမိတ်များ

ထိုနှစ်တွင် အင်းဝရွှေနန်းရှင်ဘုရင်သည်း အိပ်မက်မြင်မက်ခဲ့သည်မှာ "မြောက်အရပ်သို့ ရှုစားရာ အရှေ့အရပ်မှ နေဗိမာန်သည် ကြယ်တာရာအပေါင်းခြံရံလျက် မြောက်အရပ်သို့ ကြွမြန်းသည်"ဟူ၍ဖြစ်သည်။ ပညာရှိအမတ်များက မြောက်အရပ်မှ မင်းလောင်းပေါ်မည်ကိုပြဆိုသော အိပ်မက်ဖြစ်မှန်း သိသော်လည်း ဘုရင်ကိုကြောက်ရွံ့၍ (နေမှာ အင်းဝဘုရင်၊ ကြယ်တာရာများမှာ ပဒေသရာဇ်မင်းငယ်များခစားခြင်းဖြစ်သည်ဟု လျှောက်ထားခဲ့ကြသည်။

တစ်နေ့သောအခါတွင် ဦးအောင်ဖေယျသည် ယာထွန်သွားရာ မောပန်းသဖြင့် သစ်ပင်ရိပ်တွင် ခေတ္တငြိမ်းလျောင်းရာမှ အိပ်ပျော်သွားခဲ့သည်။ ထိုအခိုက် အိမ်မှထမင်းလာပို့သော အစေခံမ မငြိမ်းရောက်ရှိလာသည်။ ဦးအောင်ဖေယျ၏ လက်ယာလက်ရုံးမှ အခိုးအငွေ့များထွက်ပြီး မီးတောက်လောင်ထသည်ကို တွေ့ရသဖြင့် အူယားဖားယားဖြင့် မိမိတွင်ပါလာသော တဘက်ဖြင့် ထိုမီးကို ငြိမ်းသတ်ပစ်ရလေသည်။ ထိုအခါမှ ဦးအောင်ဖေယျသည် အိပ်ရာမှလန့်နိုးကာ -

"ဘာဖြစ်လို့တုံး"ဟုမေးရာ မငြိမ်းက -

"အရှင့်လက်ယာ လက်မောင်းမှ မီးထတောက်သည်ကိုမြင်၍ ငြိမ်းမိပါသည်"

"သည်စကားအတိုင်း မှန်လျှင် ဘောစကား တောမှာပျောက်စေ၊ ရွာမရောက်စေနှင့်"

ဟု ပြောဆိုကာ နှုတ်ပိတ်လိုက်လေသည်။

တစ်ညဥ့်တွင်လည်း သန်းခေါင်ကျော်လောက်အချိန်တွင် မယ်ယွန်းစံသည် အိပ်ရာမှလန့်နိုးလာသည်။ သူမ၏နှာခေါင်းထဲတွင် မီးခိုးနံ့လိုလို အနံ့တစ်ခုရ၍ ပတ်ဝန်းကျင်ကို ကြည့်လိုက်ရာ အိပ်ပျော်နေသော ဦးအောင်ဖေယျ၏ ယာလက်ရုံးမှ မီးခိုး မီးလျှံများထွက်ပေါ်၍ မီးထတောက်ပြီး တစ်အိမ်လုံးထိန်လင်းနေသည်ကို မြင်တွေ့လိုက်ရသည်။ အနီးရှိ ခြုံစောင်နှင့်ဖုံးအုပ်၍ ငြိမ်းသတ်လိုက်ရသည်။ ဦးအောင်ဖေယျနိုးလာပြီး အကြောင်းစုံသိရသောအခါ မယ်ယွန်းစံအား "ဒီစကား သည်တွင်ပြီးစေ၊ တစ်ပါးမရောက်စေနှင့်"ဟု တားမြစ်ခဲ့လေသည်။ မယ်ယွန်းစံကလည်း

"ကိုအောင်ဖေယျ . . . ရှင်ဟာဘုန်းကြီးသောမင်းယောကျ်ား ဖြစ်သည်။ မမေ့မလျော့သော လုံ့လဝီရိယဖြင့် သတိရှိစွာနေပါ"ဟု ပြောဆို၍ ထိုနေ့မှစ၍ မင်းတို့၌ပြုအပ်သော ဝတ္တရားအတိုင်း မယ်ယွန်းစံက ပြုစုခဲ့လေသည်။

တစ်ခါသော အခြားရွာတစ်ရွာ၌နေသော ဦးအောင်ဖေယျ၏ သူငယ်ချင်းဖြစ်သူက အိပ်မက်မြင်မက်သည်မှာ သူထံသို့ ဝတ်ဖြူစင်ကြယ်နှင့်လူတစ်ယောက် လာရောက်၍ "နက်ဖြန် မိုးသောက်လျှင် ရှင်ဘုရင်လင်မယားယာဉ်ကိုစီး၍ တောင်အရပ်မှလာလိမ့်မည်။ မင်းတို့၌ပြုအပ်သော ဝတ္တရားနှင့်အညီ ပြုစုလော့။ သင့်အား စောင်မကြည့်ရှုသွားလိမ့်မည်"ဟု မှာကြားသွားလေသည်။

အိပ်ရာမှနိုးသောအခါ လူကြီးမိဘများကို ပြောပြပြီး စားကောင်းသောက်ဖွယ်များ ချက်ပြုတ်ကြော်လှော်ကာ စောင့်နေခဲ့သည်။ ထိုအချိန်တွင် ထိုသူငယ်ချင်းထံမှ အကြွေးငါးဆယ်ကျပ်ရရန်ရှိ၍ ဦးအောင်ဖေယျတို့ ဇနီးမောင်နှံသည် လှည်းယာဉ်ဖြင့်ထွက်ခဲ့ရာ ထိုရွာသို့ နံနက်ခင်းမှာပင် ရောက်ရှိခဲ့ကြသည်။ ရှင်ဘုရင်ကို စောင့်မျှော်နေသူက "ငါ့အိပ်မက်ထဲမှာ ရှင်ဘုရင်လင်မယား လာမယ်ပြောတယ်။ အခု အောင်ဖေယျတို့လင်မယား ရောက်လာပြီ။ အောင်ဖေယျဟာ ရှင်ဘုရင်စော်နံတဲ့သူပဲ"ဟု ပြောဆိုပြီး ဆီးကြိုနှုတ်ဆက်လိုက်သည်။

ဦးအောင်ဖေယျက "မင်းပြောတဲ့အတိုင်းမှန်ရင် နိမိတ်ကောင်းတယ်။ မင်းစကားကို ငါက ပူဇော်ထိုက်တယ်။ ငါတို့ကို ပေးစရာရှိသော အကြွေးငွေကို စာရင်းပယ်မယ်။ မပေးပါနဲ့တော့"ဟု ဆိုခဲ့လေသည်။

ထို့နောက် ခင်းကျင်းထားသော စားသောက်ဖွယ်တို့ကို သုံးဆောင်ပြီးလျှင် "မင်းစကားကို မင်းအိမ်မှာပဲ ပြီးပါစေကွယ်။ အရပ်တစ်ပါးကို မပေါက်ကြားပါစေနဲ့"ဟု ပြောဆိုနှုတ်ပိတ်ခဲ့လေသည်။

ထိုအချိန်တွင် မြောက်ဘက်အရပ်



www.burmeseclassic.com

www.burmeseclassic.com

မှ မင်းလောင်းပေါ်မည်ဆိုသော အတိတ်တဘောင်တို့ကလည်း ခေတ်စားလာသည်။

မြောက်ဘက်တစ်နီ မုဆိုးဖို
မိုးနိုပါစို့ ညည်းနှင့်တို့။
တိုင်းရက်သည့် ပဏ္ဏလာ
မိုးရွာသည်နှင့် အသင့်ပဲ။
တို့မေလေး မကျေဖျက်
မြောက်ဘက်ကယ်တဲ့ ပဲ့တစ်နီ
ပြေးစို့နှစ်ကိုယ်။
ဆိုင်းစိုစို ရန်လုံးဖြိုပါတဲ့
ပြည်ရွှေဘို ထိုမြို့မှာ မိုးခိုစို့လေး။

ဤကဲ့သို့ . . . ပေါ်ပေါက်သမျှ တဘောင်တို့မှာ အများအားဖြင့် မုဆိုးဖို (ရွှေဘို)သား ဦးအောင်ဇေယျသို့သာ ရည်ညွှန်းနေကြသည်။ ထို့ကြောင့် သူ၏ သူငယ်ချင်းများအိမ်သို့ အလည်သွားလျှင် -

"ဟေ့ . . ဒေါင်ဇေယျ မင်းလာရင် တယ်ပြီး ရှင်ဘုရင်စော်နံတယ်ကွာ။ မလာပါနဲ့။ တို့တစ်တွေ ရာဇဝတ်ဘေးသင့်ကုန်ပါလိမ့်မယ်"

ဟု ပြောဆိုလေ့ရှိကြလေသည်။

## ဖြိုးဟပ်မှုတဲ့ ပိုးခါးစည်းကြိုး

ဦးအောင်ဇေယျသည် မုဆိုးဘို အရပ်၌ တောင်သူလုပ်ငန်းနှင့် တင်းတိမ်နေသူမဟုတ်။ အတိတ်တဘောင်များကို သူကိုယ်တိုင်ကလည်း ယုံကြည်သူဖြစ်သောကြောင့် အထွတ်အထိပ်ရောက်အောင် လိုအပ်သောစည်းရုံးရေးလှုပ်ရှားရေးများကို အမြဲပြုလုပ်လျက်ရှိလေသည်။ ထို့ကြောင့်လည်း အင်းဝမြို့ အရေးအခင်းများကို လှူလှွတ်၍ ထောက်လှမ်းခြင်း၊ ကိုယ်တိုင်လည်း သွား၍စုံစမ်းခြင်းများ ပြုလုပ်ခဲ့သည်။

ထိုသို့ ခရီးထွက်ရင်းနှင့် စစ်ကိုင်းမြို့တွင် မယားအငယ်တစ်ယောက် ရရှိခဲ့သည်။ နောင်သောအခါ မိဖုရားငယ်တစ်ဦး ဖြစ်လာမည့်သူပင်ဖြစ်သည်။ ဦးအောင်ဇေယျသည် မုဆိုးဖိုရွာမှ မြင်းစီး၍ စစ်ကိုင်းသို့လာပြီးလျှင် ထိုမယားငယ်အိမ်တွင် နားနေစားသောက်နေထိုင်၍ ဈေးဝယ်ပြီးမှ မုဆိုးဖိုသို့ ပြန်လေ့ရှိသည်။ တစ်ကြိမ်သောအခါ စစ်ကိုင်းသို့ထွက်ရန် ပြင်ဆင်နေသော ဦးအောင်ဇေယျအား ဇနီးဖြစ်သူ မယ်ယွန်းစံမှ

"ကိုအောင်ဇေယျရယ် . . . ကျွန်မအတွက် ပိုးခါးစည်းကြိုးတစ်ချောင်း ခပ်ကောင်းကောင်းလေး ရွေးပြီးဝယ်ခဲ့ပါ"ဟု မှာကြားသဖြင့် ဦးအောင်ဇေယျကလည်း "ကောင်းပြီ"ဟု ပြောဆိုလသည်။ စစ်ကိုင်းဈေးတွင်ရှာဖွေရာ ပိုးခါးစည်းကြိုးကို ရှာ၍မရ။ ချည်ခါးစည်းကြိုးများသာရှိကြသည်။ အင်းဝဘက်သို့ကူး၍ ရှာမည်ပြုရာ မယားငယ်ကလည်း သူ့အတွက်ပါ ပိုးခါးစည်းကြိုးတစ်ချောင်းဝယ်လာပေးရန် မှာကြားလိုက်လေသည်။

ဦးအောင်ဇေယျကား အင်းဝဈေးသို့ ရောက်ရှိခဲ့လေပြီ။ အင်းဝဈေးတွင် မယားနှစ်ယောက်အတွက် ပိုးခါးစည်းကြိုးများရှာဖွေရာ ပစ္စည်းရှားပါးနေခိုက်ဖြစ်သဖြင့် ပိုးခါးစည်းကြိုး တစ်ချောင်းသာရခဲ့သည်။ ထို့ကြောင့် ချည်ခါးစည်းကြိုးတစ်ချောင်းကို အစားထိုး ဝယ်ယူခဲ့ရလေသည်။ စစ်ကိုင်းသို့ပြန်ရောက်လျှင် မယားငယ်က ပိုးခါးစည်းကြိုးကို ဦးစွာယူလိုက်သည်။

မယားကြီးဖြစ်သူ မယ်ယွန်းစံ၏ အသေအချာမှာကြားချက်ကို ဦးအောင်ဇေယျက သတိရသည်။ မယားငယ်ထံမှ ပိုးခါးစည်းကြိုးကို ချော့မော့တောင်းသော်လည်း မရခဲ့။ သို့သော် ဤပိုးခါးစည်းကြိုးတစ်ချောင်းကိစ္စက အရေးမကြီးလှ။ နောင်အခါ အခွင့်သင့်မှ ဝယ်ပေးလိုက်မည်ဟု နှလုံးသွင်းပိုက်ကာ စစ်ကိုင်းမှ ရွှေဘိုသို့ပြန်ခဲ့လေသည်။

## မယ်ယွန်းစံ၏ ဒေါသအမျက် အိမ်ထောင်ပျက်

ရွှေဘိုသို့ ပြန်ရောက်သောအခါ မယားကြီးမယ်ယွန်းစံသည် ဦးအောင်ဇေယျအား "ကိုအောင်ဇေယျ ကျုပ်မှာလိုက်တဲ့ခါးစည်းကြိုး ရခဲ့ရဲ့လား"

"သည်တစ်ခေါက် အဆင်မသင့်လို့ မရခဲ့သေးဘူး။ နောက်တစ်ခေါက်မှ ဝယ်ပေးပါ့မယ်။ အခုအသုံးပြုဖို့ ချည်ခါးစည်းကြိုးတစ်ခု ဝယ်ခဲ့ပါတယ်"ဟု ပြောဆိုပြီး ချည်ခါးစည်းကြိုးကိုပြရာ -

"ကိုအောင်ဇေယျ ရှင့်ကို ကျုပ်မှာခဲ့တုန်းက ပိုးခါးစည်းကြိုးကို မှာခဲ့တာပဲ။ အခုဝယ်လာတာက ချည်ခါးစည်းကြိုးဖြစ်နေတယ်။ ကျုပ်လို မယားကြီးကို ပိုးခါးစည်းကြိုးတစ်ချောင်းလောက်တောင် ရှင်က မကြည်ဖြူနိုင်ဘူးလား။ မပေးချင်ဘူးလား"ဟု ရန်တွေ့



www.burmeseclassic.com

www.burmeseclassic.com

ပြောဆိုရာ

"အခုအချိန်ဟာ ကာလဒေသ ကောင်းဖြစ်နေတဲ့အချိန်ပါ။ ကုန်ဈေးနှုန်းတွေကလည်း ကြီးနေတယ်။ ပစ္စည်းကလည်း ရှာမရဖြစ်နေတယ်။ မိန်းမတစ်ဦးကလည်း ပိုးခါးစည်းကြိုးကိုမှာထိုက်လို့ ရတဲ့ပိုးခါးစည်းကြိုးကို သူ့ကိုပေးခဲ့ရတယ်။ ကျုပ်မှာ ငွေလည်းမလုံလောက်လို့ ပိုးနဲ့ချည် တစ်ချောင်းစီသာ ဝယ်နိုင်ခဲ့တယ်။ နောက် အခွင့်သင့်ရင် ဝယ်ပေးပါ့မယ်"

ဟု ရှင်းပြလိုက်ရာ အခြေအနေမှာ ပို၍ဆိုးဝါးသွားခဲ့သည်။

"ကိုအောင်ဇေယျ…ရှင့်ကို ကျုပ်က နောင်ရေးကိုမျှော်တွေးပြီး အရှင်သခင်အမှတ်နဲ့ လုပ်ကျွေးပြုစုလာခဲ့တာကြာပါပြီ။ အခုအချိန် သူ့လိုင်ါလို ဆင်းရဲသားဘဝကတည်းက ရှင်က ကျုပ်ကို ဂရုမစိုက်၊ ရှင့်အလိုအတိုင်း လုပ်နေတယ်။ နောင် အထွတ်အထိပ်ရောက်ရင်တော့ ဆိုဖွယ်ရာမရှိတော့ဘူး။ ဒီနေ့ကစပြီး ရှင့်အရိပ်ကို ကျုပ်မခိုလှုံတော့ဘူး။ အကောင်းအဆိုးဟူသမျှ နောက်နောင် ကျုပ်ကို လာမတိုင်နဲ့တော့"

ဟုဆိုကာ မယ်ယွန်းစံသည် ချည်ခါးစည်းကြိုးကိုလည်း၊ လက်မခံ။ ဘာထိစွမှုလည်း မဆက်ဆံဘဲ သမီးများကို ခေါ်ဆောင်ကာ ဆွေမျိုးများရှိရာ "စည်ပုတ္တရာ"မြို့သို့ ထွက်ခွာသွားပြီး ထိုဒေသတွင် လယ်ယာလုပ်ကိုင် စားသောက်နေလေတော့သည်။

ဤသို့ဖြင့် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးကို တစည်းတလုံးတည်းဖြစ် အောင်စည်းရုံးဆောင်ရွက်နိုင်ခဲ့သော အလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည် မိမိ၏ဇနီးဖြစ်သူ မယ်ယွန်းစံအား အောင်မြင်အောင် မစည်းရုံးနိုင်ခဲ့သဖြင့် မောင်တစ်ရွာ၊ မယ်တစ်မြို့ တစ်ရွာစီခြား၍ ကွဲကွာနေထိုင်ခဲ့ရလေသည်။

## ပြန်လည်ဆုံဆည်းကြပါစို့

ဤကဲ့သို့အားဖြင့် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျနှင့် မယ်ယွန်းစံတို့၏ဇာတ်လမ်းသည် ကြေကွဲဝမ်းနည်းဖွယ် ဇာတ်လမ်းတစ်ခုအဖြစ်မှ ကြည်နူးဝမ်းမြောက်ဖွယ် စိတ်ထဲတွင် တပြုံးပြုံးနှင့် ကြည်နူးမှုရစေသော ဇာတ်လမ်းကလေးတစ်ခု ဖြစ်လာစေရန် ဦးအောင်ဇေယျက အကြံဉာဏ်ထုတ်ခဲ့ရလေသည်။

ဦးအောင်ဇေယျသည် မုဆိုးဖိုကို ရန်ကြီးအောင်ဟု ထီးနန်းစိုက်ထူသမုတ်ပြီးနောက်တွင် စည်ပုတ္တရာမြို့တွင် သွားရောက်နေထိုင်သော ဇနီးဖြစ်သူ မယ်ယွန်းစံကို ဆင်၊ မြင်း၊ ဝေါယာဉ် စသော အခေါင်အယောင်များနှင့် သွားရောက်ခေါ်ဆောင်စေသည်။ သို့သော် မယ်ယွန်းစံက သမီးများကိုသာထည့်လိုက်ပြီး သူကိုယ်တိုင်ကား လိုက်မလာခဲ့ပေ။ အချစ်ကြီး၍ အမျက်ကြီးသည်ဟူ၍ပင် ဆိုရပေတော့မည်။

သာယာလှပသော နန္ဒာကန်တော်ကြီး ရစ်ခွေဝိုင်းရာ ရွှေဘိုနန်းတော်ကြီးသို့ "ချစ်၍ခေါ်သည်၊ လိုက်တော်မူခဲ့၊ မပျောင်းနွဲ့နှင်း"ဟူသော ရတုစာဆိုအတိုင်း မယ်ယွန်းစံကို ဦးအောင်ဇေယျက နန်းတက်ချိန်တွင် ခေါ်ယူခဲ့သော်လည်း လိုက်ပါခဲ့ခြင်းမရှိသောကြောင့် "ရာဇပရိယာယ်"သုံးရလေတော့သည်။ ပိုးခါးစည်းကြိုးတစ်ခုကြောင့် စိတ်ကောက်နေသော ငယ်ချစ်ဖြစ်သည့် မယ်ယွန်းစံကို မင်းနေပြည်သို့ လာရောက်စေရန် ပြုရပေတော့မည်။

ဦးအောင်ဇေယျသည် မယ်ယွန်းစံနေထိုင်ရာ စည်ပုတ္တရာမြို့နယ်ကို တခြားသောမြို့နယ်များထက် အခွန်ဘဏ္ဍာ တိုးကောက်စေသည်။ အခွန်မကျေသူများ၏ ပစ္စည်းများကို မောင်းတီး၍ လေလံပစ်စေသည်။ ထိုအခါ စည်ပုတ္တရာနယ်တွင် နေထိုင်ကြသူများသည် ဆူဆူပူပူဖြစ်လာကြသည်။ ရပ်ရွာသူကြီးများ စည်းဝေးကာ အခွန်တော်ကြီးလှကြောင်းကို ဘုရင့်ရွှေနားတော်ပေါက်စေရန် ရွှေဘိုသို့ မယ်ယွန်းစံကို စေလွှတ်ရန် တိုင်ပင်ခဲ့ကြလေသည်။ မယ်ယွန်းစံသည်လည်း ရပ်ရွာသူကြီးများ၏အလိုကို မပယ်နိုင်သဖြင့် သူ၏ခင်ပွန်း ဦးအောင်ဇေယျကြိုက်တတ်သော မုန့်ဆန်းကလေးများကို သန့်စင်သော အဝတ်ဖြူတွင်ထုပ်၍ ခေါင်းပေါ်ရွက်ပြီး ပြည်ရွှေဘိုသို့ ထွက်ခွာခဲ့ရလေသည်။

မုန့်ဆန်းထုပ်ကလေးကို ခေါင်းပေါ်ရွက်၍ ဝင်လာသော မယ်ယွန်းစံကို အလောင်းမင်းတရားကြီး တွေ့မြင်ရသောအခါ ပီတိဖြစ်၍ ကြင်နာသော နှလုံးသားဖြင့်ပြည့်နေသော အပြုံးမျက်နှာဖြင့် ဆီးကြိုကာ နေရာထိုင်ခင်းပေး



www.burmeseclassic.com

www.burmeseclassic.com

ခဲ့သည်။ မယ်ယွန်းစံကလည်း သူ့ခေါင်းပေါ်မှ အထုပ်ကလေးကိုချ၍ သူလင်ကြိုက်လာသော မုန့်ဆန်းထုပ်ကလေးကို ဖြည်၍ပြသည်။ ထိုအခါ ဦးအောင်ဖေယျကလည်း ကျီစားလိုသည့်အတွက်

"ဩော်...ငါ့မိန်းမ သည်တစ်ခါ မုန့်ဆန်းကိုလက်ဆောင်ပြု၍ မြောက်နန်းမကို လုရန်ပင်လာပေသည်"

ဟု ခနဲ့တဲ့တဲ့ ပြောလိုက်သည်။

"ကိုအောင်ဖေယျ...ရှင့်မြောက်နန်းကို ရည်မှန်း၍ ကျုပ်လာသည် မဟုတ်။ ယခု စည်ပုတ္တရာနှင့် စည်သာတစ်ခွင်မှာ မင်းတိုင်းမင်းကြေး အခွဲအခန့်များလွန်းသည်။ ပြည်သူဆင်းရဲသားတွေမှာ မိုးခေါင်ရေရှားသည်က တစ်ဖက်၊ စစ်ကြီးစစ်မက် အတွက် အရောက်များ၍ ဆင်းရဲသားတို့ ပြေးလွှားရှောင်ပုန်းနေရသည် ကတစ်ဖက်၊ အခွန်တော်မကျေ၍ ပစ္စည်းသိမ်းယူကြသည့်အလုပ်ကို ရှင်ကလုပ်စေသည်မှာ တိုင်းပြည်စည်ကားဖွံ့ဖြိုးအောင် လုပ်သည်မဆို ပျက်စီးစေသည်သာဖြစ်ရာသည်။ ရှင့်ကို ကျုပ် အထူးသွန်သင်စရာမလို။ ဟံသာဝတီရှောက် မင်းတရားကြီးသည် ရှေးမင်းတို့၏ ကျင့်ထုံးကို နှလုံးမမူသဖြင့် ရဟန်းရှင်လူတို့မှာ ညှိုးနွမ်းဆင်းရဲလှသဖြင့် ဆူပူထောက်လှမ်းကြရမှ ထီးနန်းကိုစွန့်ရသည်အထိ ဖြစ်ခဲ့သည်။ ရှင်လည်း မင်းကျင့်တရားများကို လေ့လာပြီးမှ မေ့မေ့လျော့လျော့ရှိနေသည်မှာ ကဲ့ရဲ့ဖွယ်ဖြစ်သည်။ ရှင့်လူများကို ရှင်ခေါ်ယူပြီး ဆုံးမပါဦး"

ထိုအခါ ဦးအောင်ဖေယျက -

"မယ်ယွန်းစံ...ငါ၏ရှေ့မှောက်တွင် မဟုတ်။ မမြင်ကွယ်ရာတွင် ဖြစ်ကြပျက်ကြသည့်အရေးကို ငါမတတ်နိုင်။ မြို့ဝေးပြည်ကွာ လွတ်ရာအရပ်တစ်ပါးမှနေပြီး ထပ်ကာထပ်ကာ တိုင်ကြားလာလည်း အချည်းနှီးပင်ဖြစ်လိမ့်မည်။ မယ်ယွန်းစံအနေဖြင့် ရွှေဘုံရွှေနန်း စံမြန်းရိပ်ငြိမ် မင်းစည်းစိမ်ကို မြိန်မြိန်စံစား၍ ဤရွှေနန်းတော်ကြီးမှာပင် စံနေတော်မူပါလော့"

(အမှန်မှာ...ထိုစကားများကို အလောင်းမင်းတရားကြီး ဦးအောင်ဖေယျက ဇနီးသည်မယ်ယွန်းစံအား သူနှင့်အတူနေစေလို၍ ပြောဆိုနေခြင်းမျှသာ ဖြစ်ပေသည်)

ထိုအခါ မယ်ယွန်းစံက -

"အရှင်ဘုရင်က ချီးမြှောက်၍ ဘုန်းကျက်သရေရှိလေတဲ့လည်း အရည်မကြာ ခဏတာကို သာယာနှစ်သက်ပြီး နောင်အမျက်ပွားမည်ကိုလည်း ကျုပ်မလို။ ကိုယ်နှင့်အသက် မပျက်တည်ရှိစဉ် ရသလောက်နှင့်တင်းတိမ်၊ မြိန်သလောက်သာစား၍ စိတ်ချမ်းမြေ့ရာ နေရာတွင်သာ ကျုပ်နေပါတော့မည်။ အခွန်ဘဏ္ဍာ အပြင်းအထန်မကောက်ရန်သာ ရှင်က စာတစ်စောင်ရေးပေးလိုက်ပါ"ဟု ထပ်မံပြောဆိုလိုက်လေသည်။

ဦးအောင်ဖေယျသည်လည်း မယ်ယွန်းစံကို မလွန်ဆန်နိုင်သောကြောင့် အမှုထမ်းတို့အား လျော့ပေါ့အုပ်ချုပ်ကြစေရန်နှင့် အခွန်ဘဏ္ဍာများ ပို၍ မကောက်ကြစေရန် အမိန့်တော်ထုတ်ပေးလိုက်ရလေသည်။

ခင်ပွန်းသည်အပေါ် စိတ်ကောက်နေသော မယ်ယွန်းစံသည် စည်ပုတ္တရာတွင် လင်သား၊ သားသမီးများနှင့် ကြာကြာခွဲ၍ မနေလိုက်ရပေ။ ၁၁၁၆ ခုနှစ် တပို့တွဲလပြည့်ကျော် ၆ ရက်နေ့တွင် အလောင်းမင်းတရားကြီး ဦးအောင်ဖေယျသည် အင်းဝမြို့ကို သိမ်းပိုက်ပြီးနောက် ကျောက်မြောင်းသို့ ပြန်လည်ကြွချီလာသောအခါ မိဖုရားခေါင်ကြီး မယ်ယွန်းစံနှင့် သားတော်၊ သမီးတော်များက ကြိုဆိုကြသည်ဟု ရာဇဝင်တွင် ရေးသားခဲ့လေသည်။ ထို့နောက်တွင်ကား မင်း၊ မိဖုရား၊ သားတော်၊ သမီးတော်တို့ အညာ သီဟတောဘုရားသို့ မိသားစု ပျော်ရွှင်စွာဖြင့် ဘုရားဖူးထွက်ကြလေတော့သည်။ ဤဇာတ်လမ်းကလေးသည်ကား ဇာတ်သိမ်းပိုင်းကောင်းလှသော မြန်မာ့ရာဇဝင်မှ ဖြစ်ရပ်မှန် ဇာတ်လမ်းလေးဖြစ်သဖြင့် အလွန်ပင် သဘောကျနှစ်ခြိုက်မိလေတော့သည်။

လှစ်(ပညာရေး)

မိုးမြင့်မြ
ကုန်းဘောင်ရာမုံတော်၊ ညီမြ။



www.burmeseclassic.com

www.burmeseclassic.com

# ထိုင်းနိုင်ငံ နက္ခတ္တဆရာကြီး ခါသာချင်နာဘန်ချွန် ၏

# ၂၀၁၆ မျောက်နှစ် ၁၂ လရာသီဖွားများအတွက်

## တစ်လချင်းစီ အဟော

## ဧပြီလ

■ ဦးတိုး(တက္ကသိုလ)

(ဤအဟောများကို ထိုင်းနိုင်ငံမှ နက္ခတ္တဆရာကြီး ခါသာချင်နာဘန်ချွန် ဟောပြောထားသည်ကို ဘာသာပြန်ဆိုထားခြင်းဖြစ်ပါသည်။ ၁၂ လရာသီဖွားများ၏ မွေးဖွားသည့်ကာလအပိုင်းအခြားသည် အနောက်တိုင်းနှင့် မတူပါ။ မွေးလ၊ မွေးရက်ကိုရှာ၍ အဟောများကို ကြည့်ရှုစေလိုပါသည်။

### မကာရ ရာသီဖွား (ဆိတ်ရုပ်) (Capricorn)

#### ဇန်နဝါရီလ ၁၄ ရက်မှ ဖေဖော်ဝါရီလ ၁၃ ရက်

သင့်တွင် လုပ်ငန်းအတွက် တီထွင်မှု အများအပြားရှိလာသောကြောင့် သင်၏လုပ်ဆောင်နိုင်မှုတွင် အကျိုးများစွာ ဖြစ်ထွန်းလာလိမ့်မည်။ ငွေကို အငမ်းမရ ရှာဖွေနေကြသူများအတွက် အပိုအလုပ်များကို ရရှိလိမ့်မည်။ တစ်ကိုယ်တည်းသမားများ ချစ်မေတ္တာရေး ဒုက္ခဆိုက်ရောက်လိမ့်မည်။ တစ်ကိုယ်တည်းသမားများ ချစ်မေတ္တာရေးဒုက္ခ ဆိုက်ရောက်လိမ့်မည်။ ပြင်းပြင်းထန်ထန် ဖြစ်မည်။ ဤချစ်မေတ္တာရေးဖြင့် အခြားသူတစ်ပါးအား ထိခိုက်စေလိမ့်မည်။

### ကုံရာသီဖွား (ရေထမ်းယောက်ျားရုပ်) (Aquarius)

#### ဖေဖော်ဝါရီလ ၁၄ ရက်မှ မတ်လ ၁၃ ရက်

လုပ်ငန်းခွင်၌ သူ၏စိတ်အားထက်သန်မှုနှင့် ကိုယ်စွမ်းကိုယ်စကို အသိအမှတ်ပြုခြင်းခံရမည်။ သင့်အား ရာထူးတိုးပေးမည်။ ဝင်ငွေတစ်ပုံကြီးရမည်။ သင်၏ ချစ်မေတ္တာရေးမှာလည်း တိုးတက်လာမှုတစ်မျိုးနှင့် ကြုံတွေ့ရမည်။ ကြာရှည်စွာ ကွဲကွာနေကြသူများ ပြန်လည်ပေါင်းစည်းမိမည်။ တစ်ကိုယ်တည်းသမားများအား ချစ်စရာကောင်းသူတစ်ဦးနှင့် မိတ်ဆက်ပေးခြင်းခံရမည်။

### မိန်ရာသီဖွား (ငါးနှစ်ကောင်ရုပ်) (Pisces)

#### မတ်လ ၁၄ ရက်မှ ဧပြီလ ၁၄ ရက်

သင်၏ အပြောအဆိုကို သတိထားပါ။ သို့တည်းမဟုတ်ပါက သင်ပြောဆိုမိသည့်စကားအတွက် နောင်တရရပေလိမ့်မည်။ သင်၏ကျန်းမာရေးအတွက် ငွေအကုန်အကျရှိလာမည်။ သင်၏ချစ်ရေးချစ်ရာဘဝသည် ရိုလာကိုစတာစီးနေရသကဲ့သို့ ဟန်ချက်ထိန်းရန် ခက်ခဲပေလိမ့်မည်။





www.burmeseclassic.com

www.burmeseclassic.com

### မိဿရာသီဖွား (သိုးထီးရုပ်) (Aries)
### ဧပြီလ ၁၅ ရက်မှ မေလ ၁၄ ရက်

လုပ်ငန်းခွင်တွင် အမှတ်ရဖို့ ရွှေကာလဖြစ်ပါသည်။ အသက်ကြီးသောပုဂ္ဂိုလ်ထံမှ အထောက်အကူရမည်။ သင်၏ ချစ်မေတ္တာရေး ကောင်းမွန်နေမည်။ ထင်ပေါ်ကျော်ကြားသူနှင့် ခရီးသွား၍သင့်၏။ ချစ်ရေးချစ်ရာကိစ္စ တောက်ပမှုများဖြင့် ထပ်ပေါင်း ထပ်ဆောင်းပေးပေလိမ့်မည်။

### ပြိဿရာသီဖွား (နွားလားဥသဘရုပ်) (Taurus)
### မေလ ၁၅ ရက်မှ ဇွန်လ ၁၄ ရက်

သင်သည် သင်၏လုပ်ငန်းခွင်သို့ စတင်အလုပ်လုပ်ခဲ့စဉ် ဩဇာအာဏာရှိသူနှင့် ပဋိပက္ခမှု တွေ့ရပေလိမ့်မည်။ ယခုလကုန်ဆုံးသည့်တိုင်အောင် မကျေမလည် ဖြစ်နေရပေလိမ့်မည်။ သင့်အနေဖြင့် လိုအပ်သမျှကို နိုင်နိုင်မာမာဖြင့် အလုပ်လုပ်ပြလိုက်ပါ။ အခြားတွင် အလုပ်သစ်ရှာရန်အတွက်မှာလည်း အတားအဆီးများ ရှိနေပါလိမ့်မည်။ အကုန်အကျများနေမည်ဖြစ်သော်လည်း မမျှော်လင့်ဘဲနှင့် ကံကောင်းမှုများလည်း ရှိနေပါမည်။

### မေထုန်ရာသီဖွား (အမြွှာရုပ်) (Gemini)
### ဇွန်လ ၁၅ ရက်မှ ဇူလိုင်လ ၁၅ ရက်

အလုပ်ခွင်တွင် ကျေနပ်ဖွယ်ရာမရှိဘဲ မထင်ပေါ်ဘဲဖြစ်



နေသဖြင့် သင့်အား ဆိုးသည့်တစ်နေရာသို့ ပြောင်းရွှေ့ခြင်း ခံရမည်။ ဇွတ်တရွတ်နိုင်မှုနှင့် သည်းညည်းမခံတတ်မှုများကို ရှောင်ပါ။ တစ်ကိုယ်တည်းသမားများအတွက် တစ်ဖက်သတ် အချစ်သာ ဖြစ်နေရပေလိမ့်မည်။ မကြာခဏ ချစ်သူနှင့် စိတ်ကောက်နေရတတ်သည်။ ချစ်ဦးသူနှင့် အဆင်ပြေအောင်နေပါ။

### ကရကဋ်ရာသီဖွား (ပုစွန်လုံးရုပ်) (Cancer)
### ဇူလိုင်လ ၁၆ ရက်မှ ဩဂုတ်လ ၁၆ ရက်

လူအများအပြားနှင့်တွေ့ဆုံရ၍ သူတို့၏ ယုံကြည်ကိုးစားမှုကို ရရှိသည့်နည်းတူ အသက်ကြီးသူများထံမှ အထောက်အပံ့ ရရှိပါလိမ့်မည်။ ခရီးသွားရင်း ဈေးဝယ်ရင်း အတော်များများ ငွေကုန်လိမ့်မည်။ တစ်ကိုယ်တည်းသမားများအနေဖြင့် ရည်းစားပျက်၊ တစ်ခုလပ် စသူတို့နှင့် ချစ်မေတ္တာသက်ဝင်မိတတ်သည်။ သင်တွေ့ရမည့်သူများသည် ပရောပရည်လုပ်တတ်သူများ၊ သူတို့ကို စွဲလမ်းနေကြသူများ အများအပြားရှိနေပေလိမ့်မည်။



### သိဟ်ရာသီဖွား (ခြင်္သေ့ရုပ်) (Leo)
### ဩဂုတ်လ ၁၇ ရက်မှ စက်တင်ဘာလ ၁၅ ရက်

လုပ်ငန်းခွင်တွင် အများတစ်ပုံကြီးလုပ်မိ၍ သင်၏သူဌေးများမှ သင့်အား အပြစ်ဖော် ဆုံးမလိမ့်မည်။ သင်သည် ဒေါသကြီးသူဖြစ်သောကြောင့် လုပ်ဖော်ကိုင်ဖက်များနှင့် သင်၏သူဌေးများဖြင့် ပဋိပက္ခမဖြစ်အောင် ရှောင်ပါ။ အခြားသူ



www.burmeseclassic.com

www.burmeseclassic.com

တစ်ဦးတစ်ယောက်ကို ငွေချေးခြင်း၊ သို့မဟုတ် ကတိပေးခြင်းများ မပြုလုပ်ပါလေနှင့်။ သင့်အနေဖြင့် မဆင်မခြင်ပြောဆိုတတ်သောကြောင့် သင်၏ ချစ်မေတ္တာရေးတွင် စိုးရိမ်ကြောင့်ကြစရာများ ပြည့်နှက်နေပေလိမ့်မည်။

## ကန်ရာသီဖွား (အပျိုစင်ရုပ်) (Virgo)

### စက်တင်ဘာလ ၁၆ ရက်မှ အောက်တိုဘာလ ၁၆ ရက်

သင့်တွင် ငွေအလုံးအရင်းပိုင်ဆိုင်ထားသူဖြစ်၍ ယခုတစ်လတွင် ငွေကို ပုံအောနိုင်ပါလိမ့်မည်။ အချစ်နှင့်ပတ်သက်၍ လိင်နှစ်မျိုးစလုံးမှ သင့်ထံ ချဉ်းကပ်လာပါလိမ့်မည်။ ရွေးချယ်လွန်းလျှင် မကောင်းပါ။

## တူရာသီဖွား (ချိန်ခွင်ရုပ်) (Libra)

### အောက်တိုဘာလ ၁၇ ရက်မှ နိုဝင်ဘာလ ၁၅ ရက်

သင့်အနေဖြင့် ဆက်တိုက် ကြိုးပမ်းအားထုတ်မှုရှိခဲ့သဖြင့် လုပ်ငန်းခွင်တွင် ရာထူးတိုးမည့်ရလဒ် ရှိလာပေလိမ့်မည်။ စီးပွားရေးလုပ်ငန်း အားလုံး၌ စေ့စပ်ဆွေးနွေးခြင်းဖြင့် အောင်မြင်မှုရရှိမည်။ ဘဏ္ဍာရေးအခြေအနေ တည်ငြိမ်နေမည်။ သင် ခရီးသွားနေရစဉ် ကံကောင်းမှုအခွင့်အလမ်း ရရှိလိမ့်မည်။





## ဗြိစ္ဆာရာသီဖွား (ကင်းမြီးကောက်ရုပ်) (Scorpio)

### နိုဝင်ဘာလ ၁၆ ရက်မှ ဒီဇင်ဘာလ ၁၄ ရက်

အချစ်စိတ်မွန်ပြီး အရူးအမူးဖြစ်နေခြင်းကြောင့် အလုပ်အကိုင် ပြောင်းလဲလုပ်ရန် ကြံစည်နေမိလိမ့်မည်။ အခွင့်ကောင်း အများအပြားရှိနေပါသည်။ ခရီးသွားခြင်းဖြင့်လည်းကောင်း၊ အသက်ကြီးသူများမှလည်းကောင်း ချမ်းသာကြွယ်ဝမှုများကို သင့်အတွက် ယူဆောင်လာပါလိမ့်မည်။ အိမ်ထောင်မရှိသူများ တစ်ကိုယ်တည်းဖြစ်နေပြီး (အထီးကျန်) မျှော်လင့်ချက်ကင်းမဲ့နေမည်။ အိမ်ထောင်ရှင်များအနေဖြင့်လည်း မယ်တစ်ရှာ မောင်တစ်မြို့ ဖြစ်နေပေလိမ့်ဦးမည်။

## ဓနုရာသီဖွား (လေးစွဲယောက်ျားရုပ်) (Sagittarius)

### ဒီဇင်ဘာလ ၁၅ ရက်မှ ဇန်နဝါရီလ ၁၃ ရက်

မည်သူမျှ သင့်အား ကူညီချင်ကြမည်မဟုတ်ပေ။ ၎င်းသည် အားလုံး ဂိမ်းကစားမှုနှင့် ယှဉ်ပြိုင်မှုတစ်ရပ်သာဖြစ်သည်။ သင်၏ ဖုန်း၊ သို့မဟုတ် ပိုက်ဆံအိတ် ပျောက်လိမ့်မည်။ တစ်ကိုယ်တည်းသမားများအနေဖြင့် ချစ်သူရှိနေပြီးသူတစ်ဦးအပေါ် ကံမကောင်း အကြောင်းမလှစွာ သဘောကျမိတတ်သည်။ ပေါင်မယားများသည် အသေးအဖွဲကိစ္စရပ်များအပေါ် စကားများ ရန်ဖြစ်ရတတ်သည်။

ဦးတိုး(တက္ကသိုလ)

*Reference:*

- BKK Post, Life-Feature Khatha Chinnabanchorn ၏ Here's what awaits in 2016.



www.burmeseclassic.com

www.burmeseclassic.com

# တရုတ်နက္ခတ္တဗေဒင်ပညာ

## ၂၀၁၆ ခုနှစ် ၊ မေလ

## တရုတ်နှစ်မွေးသူများအတွက်

### ဆောင်ရန်၊ ရှောင်ရန်နှင့် သတိပြုရန်အချက်များ

**ကေတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| မျောက်နှစ်မွေးသူ | ၁၉၂၀ | ၁၉၃၂ | ၁၉၄၄ | ၁၉၅၆ | ၁၉၆၈ | ၁၉၈၀ | ၁၉၉၂ | ၂၀၀၄ |
| ကြက်နှစ်မွေးသူ | ၁၉၂၁ | ၁၉၃၃ | ၁၉၄၅ | ၁၉၅၇ | ၁၉၆၉ | ၁၉၈၁ | ၁၉၉၃ | ၂၀၀၅ |
| ခွေးနှစ်မွေးသူ | ၁၉၂၂ | ၁၉၃၄ | ၁၉၄၆ | ၁၉၅၈ | ၁၉၇၀ | ၁၉၈၂ | ၁၉၉၄ | ၂၀၀၆ |
| ဝက်နှစ်မွေးသူ | ၁၉၂၃ | ၁၉၃၅ | ၁၉၄၇ | ၁၉၅၉ | ၁၉၇၁ | ၁၉၈၃ | ၁၉၉၅ | ၂၀၀၇ |
| ကြွက်နှစ်မွေးသူ | ၁၉၂၄ | ၁၉၃၆ | ၁၉၄၈ | ၁၉၆၀ | ၁၉၇၂ | ၁၉၈၄ | ၁၉၉၆ | ၂၀၀၈ |
| နွားနှစ်မွေးသူ | ၁၉၂၅ | ၁၉၃၇ | ၁၉၄၉ | ၁၉၆၁ | ၁၉၇၃ | ၁၉၈၅ | ၁၉၉၇ | ၂၀၀၉ |
| ကျားနှစ်မွေးသူ | ၁၉၂၆ | ၁၉၃၈ | ၁၉၅၀ | ၁၉၆၂ | ၁၉၇၄ | ၁၉၈၆ | ၁၉၉၈ | ၂၀၁၀ |
| ယုန်နှစ်မွေးသူ | ၁၉၂၇ | ၁၉၃၉ | ၁၉၅၁ | ၁၉၆၃ | ၁၉၇၅ | ၁၉၈၇ | ၁၉၉၉ | ၂၀၁၁ |
| နဂါးနှစ်မွေးသူ | ၁၉၂၈ | ၁၉၄၀ | ၁၉၅၂ | ၁၉၆၄ | ၁၉၇၆ | ၁၉၈၈ | ၂၀၀၀ | ၂၀၁၂ |
| မြွေနှစ်မွေးသူ | ၁၉၂၉ | ၁၉၄၁ | ၁၉၅၃ | ၁၉၆၅ | ၁၉၇၇ | ၁၉၈၉ | ၂၀၀၁ | ၂၀၁၃ |
| မြင်းနှစ်မွေးသူ | ၁၉၃၀ | ၁၉၄၂ | ၁၉၅၄ | ၁၉၆၆ | ၁၉၇၈ | ၁၉၉၀ | ၂၀၀၂ | ၂၀၁၄ |
| ဆိတ်နှစ်မွေးသူ | ၁၉၃၁ | ၁၉၄၃ | ၁၉၅၅ | ၁၉၆၇ | ၁၉၇၉ | ၁၉၉၁ | ၂၀၀၃ | ၂၀၁၅ |



www.burmeseclassic.com

www.burmeseclassic.com

## စက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ဆုတောင်းပွဲ၊ ရိုးရာကန်တော့ပွဲ၊ ဆံသ၊ ခေါင်းဆေး မင်္ဂလာ ပြုလုပ်ကြရန်သင့်၏။ မေလ ၁ ရက်နေ့တွင်ဖြစ်စေ၊ ၁၃ ရက်နေ့တွင်ဖြစ်စေ၊ သို့မဟုတ် ၂၅ ရက်နေ့၌ ပြုလုပ်သင့်ပါသည်။ သို့သော် ၂၅ ရက်နေ့တွင်မှ ကံကောင်းနေသဖြင့် တောအမဲလိုက်လျှင် သားကောင်များရရှိနိုင်ပါသည်။ သင့်ကံကြမ္မာ ထူးခြားနေပါလိမ့်မည်။

## ရှောင်ကြဉ်ရန်အချက်များ

ဈေးဆိုင်သစ်မတည်နိုင်၊ မဖွင့်နိုင်ပါ။ အရောင်းအဝယ် စာချုပ်ခြင်း မပြုလုပ်သင့်သေးပါ။ ထို့ပြင် လက်ထပ်ခြင်း၊ အိမ်ပြုပြင်ခြင်း၊ မီးဖိုဆောင်ပြုပြင်ခြင်းတို့ကို ခဏခေတ္တ ရပ်ဆိုင်းထားပေးပါ။ အလုပ်သစ်လျှောက်ရန်လည်း မလုပ်သင့်သေးပါ။ သင်္ချိုင်းမြေမနင်းသင့်။ အထူးသဖြင့် မေလ ၂၅ ရက်နေ့တွင် အိမ်ပြောင်းရွှေ့ခြင်းမပြုလုပ်သင့်၊ ခိုက်တတ်၏။ သတိနှင့်ဆင်ခြင်ပါလေ။

## ကြွက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ဆံသခြင်း၊ ခေါင်းလျှော်၊ ခေါင်းဆေးခြင်း ပြုလုပ်နိုင်ပါသည်။ မေလ ၂ ရက်နေ့နှင့် ၁၄ ရက်နေ့၊ ၂၆ ရက်နေ့များသည် ရက်ကောင်းမင်္ဂလာနေ့များ ဖြစ်ပါသည်။ ၎င်းရက်နေ့များတွင် ဆုတောင်းပွဲ၊ ရိုးရာကန်တော့ပွဲများလည်း ပြုလုပ်နိုင်ပါသေး၏။ ခရီးထွက်နိုင်၏။ ကောင်း၏။ အကျိုးရှိမည်။

## ရှောင်ကြဉ်ရန်အချက်များ

ခရီးထွက်နိုင်ပါသော်လည်း နိုင်ငံခြားခရီး၊ နိုင်ငံခြားကုန်သွယ်မှု မပြုလုပ်သင့်။ အကျိုးမဲ့ဖြစ်တတ်လေသည်။ ရှောင်ပါ။ စီးပွားရေးလုပ်ငန်းသစ်၊ ကုမ္ပဏီအသစ် မထူထောင်သင့်သေးပါ။ ခဏစောင့်ဆိုင်းပါဦး။ ထို့ပြင် လက်ထပ်ထိမ်းမြားခြင်းကိုလည်း ခေတ္တရှောင်ပါဦးလေ။ မရှောင်နိုင်လျှင်ကား အကျိုးယုတ်တတ်ပေသည်။ အိမ်သစ်မတက်သင့်။ အခန်း၊ ခုတင်နေရာမချသင့်ပေ။

## နွားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

မိတ်ဆုံခြင်းအားဖြင့် အကျိုးထူးမှုရှိမည်။ ခရီးထွက်နိုင်၏။ ရာထူးအလုပ်အသစ် လက်ခံပါ။ အိမ်ရာနှင့် အလုပ်သစ်လုပ်သင့်၊ အိမ်ရာပြောင်းရွှေ့သင့်၏။ တာဉီး၊ တာတမံ ပြုပြင်သင့်၏။ ဂိုဒေါင်လည်း ပြုပြင်နိုင်၏၊ ဈေးဆိုင်သစ်တည်နိုင်ဖွင့်နိုင်၏။ အရောင်းအဝယ် စာချုပ် ချုပ်ဆိုနိုင်ပါသည်။ အကျိုးထူးမည်၊ အရက်ရောင်းဝယ်နိုင်၏။ အကျိုးအမြတ်ရှိမည်။

## ရှောင်ကြဉ်ရန်အချက်များ

စေ့စပ်ခြင်း၊ လက်ထပ်ထိမ်းမြားခြင်း၊ ခရီးဝေးသွားခြင်း၊ နိုင်ငံခြားသို့ ပြောင်းရွှေ့နေထိုင်ခြင်း ရှောင်ရှားနိုင်လျှင် အကျိုးရှိမည်။ သို့မဟုတ်လျှင် အကျိုးယုတ်ရပါလိမ့်မည်။ ထို့ကြောင့် မရရအောင် ရှောင်ကြဉ်ကြရပါလိမ့်မည်။ ရှောင်သင့်လှ၏။

ဖမ်းနိုင်

အင(

ခရီးထွက်နိုင်၏။ အကျိုးပေးမည်။ စေ့စပ်နိုင်၏။

## ရှောင်ကြဉ်ရန်အချက်များ

အိမ်ရာသစ် ပြောင်းရွှေ့ရန် မသင့်သေးပါ။ ခရီးထွက်နိုင်ပါသော်လည်း ရေကြောင်းခရီးနှင့် လေကြောင်းခရီးတို့ကို ရှောင်ပါလေ။ စေ့စပ်နိုင်သော်လည်း ချက်ချင်း လက်မထပ်သင့်သေးပါ။ ခဏစောင့်ကြည့်သင့်သေး၏။ အိမ်သစ်မတက်သင့်သေး။ အိမ်သစ်မတက်ပါနှင့်ဦး။

## ယုန်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

စေ့စပ်နိုင်၏။ လက်ထပ်နိုင်၏။ ခရီးထွက်နိုင်၏။ မိတ်ဆုံနိုင်၏။ ရိုးရာကန်တော့ပွဲ၊ ဆုတောင်းပွဲ ပြုလုပ်နိုင်၏။



www.burmeseclassic.com

www.burmeseclassic.com

မေ လ ၅ ရက်နေ့သည် ရက်ကောင်းမင်္ဂလာနေ့ ဖြစ်ပါသည်။ ထို့ပြင် ဈေးဆိုင်သစ် တည်နိုင်ဖွင့်နိုင်၏။ အရောင်းအဝယ်စာချုပ် ချုပ်ဆိုနိုင်ပါသည်။ အကျိုးထူးမှုရှိပါမည်။ ဆုတောင်းပွဲနှင့် ရိုးရာကန်တော့ပွဲကို မေလ ၁၇ ရက်နှင့် ၂၇ ရက်နေ့များတွင်လုပ်ပါ။ လုပ်သင့်၏။

## ရှောင်ကြဉ်ရန်အချက်များ

ရေတွင်းရေကန် မတူးဖော်ရ။ ရေမြောင်းမဖောက်လုပ်ရ။ ခိုက်တတ်၏။ သတိထားပါ။ ဆင်ခြင်ပါ။ ထို့ပြင် သစ်ဖောင်မမျှောရ။ သစ်မခုတ်ရ။ ထင်းမခွေရ။ ငါးအရောင်းအဝယ်မလုပ်ရ။ အထည်ချုပ်လုပ်ငန်းမလုပ်ရ။ ရှောင်ပါ။ အရှုံးပေါ်မည်။ အကျိုးမဲ့ဖြစ်မည်။

## နဂါးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ခရီးထွက်နိုင်၏။ အလုပ်သစ်၊ ရာထူးသစ် လက်ခံနိုင်၏။ ဆုတောင်းပွဲ၊ ရိုးရာကန်တော့ပွဲ လုပ်နိုင်၏။ စေ့စပ်နိုင်၏။ လက်ထပ်နိုင်၏။ မေလ ၆ ရက်၊ ၁၈ ရက်နေ့နှင့် ၃၀ ရက်နေ့များသည် ရက်ကောင်းမင်္ဂလာနေ့များ ဖြစ်ပါသည်။ ထို့ပြင် သင်တန်းတက်နိုင်၏။ အိမ်ရာ ပြောင်းရွှေ့နေထိုင်နိုင်၏။ ကောင်း၏။ အကျိုးရှိမည်။

## ရှောင်ကြဉ်ရန်အချက်များ

ခရီး ထွက်နိုင်ပါသော်ငြားလည်း ရေကြောင်းခရီးနှင့် ဝေးဝေးရှောင်ပါ။ သစ်ဖောင်မမျှောရ။ ထင်းမခွေရ။ သစ်မခုတ်ရ။ သစ်အရောင်းအဝယ်မလုပ်ရ။ အရှုံးပေါ်လိမ့်မည်။ ငါးအရောင်းအဝယ် မလုပ်ရ။ ငါးမဖမ်းရ။ တောအုပ်မလိုက်ရ။ သင့်ကံ ညှိုးနွမ်းနေရှာသဖြင့် အိမ်တွင်း၌သာ ငြိမ်ငြိမ်နေပါ။ အသက်ဘေးအန္တရာယ် များလှလေသည်။ ရှောင်နိုင်ပါစေ၊

## မြွေနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

အထည်ချုပ်လုပ်ငန်းလုပ်လျှင် အကျိုးပေးမည်ဖြစ်၍ လုပ်ပါလေ။ တာရိုး၊ တာတမံ၊ ကစင်းရိုးများ ပြုပြင်နိုင်ပါသည်။ ထို့ပြင် စိုက်ပျိုးရေးလုပ်ငန်းနှင့် ငွေချေးလုပ်ငန်း လုပ်နိုင်ပါသေးသည်။ မေလ ၇ ရက်နေ့နှင့် ၁၉ ရက်နေ့များသည် ရက်ကောင်းမင်္ဂလာနေ့များ ဖြစ်ပါသည်။ရက်နေ့များသည် ရက်ကောင်းမင်္ဂလာနေ့များ ဖြစ်ပါသည်။

## ရှောင်ကြဉ်ရန်အချက်များ

ဆုတောင်းပွဲ၊ အိမ်ရာပြောင်းရွှေ့ခြင်း၊ လက်ထပ်ထိမ်းမြားခြင်း၊ ဈေးဆိုင်သစ်တည်ခြင်း၊ ဖွင့်ခြင်း စသည်တို့အားလုံးကို ရှောင်ရှားပါလေ။ အကျိုးယုတ်တတ်၍ လုံး၀ (လုံး၀)မလုပ်သင့်ပါချေ။ မရှောင်နိုင်ပါက မုချ အကျိုးယုတ်ရပါလိမ့်မည်။

## မြင်းနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ရိုးရာကန်တော့ပွဲ ပြုလုပ်နိုင်ပါသည်။ မေလ ၈ ရက်နေ့နှင့် ၂၀ ရက်နေ့တွင် လုပ်ပါ။ အခြားကိစ္စရပ်များ လျှော့လုပ်ပါ။ လျှော့လုပ်သင့်လှပါသည်။ ခရီးထွက်နိုင်၏။ စေ့စပ်နိုင်၏။ ဈေးဆိုင်သစ် တည်နိုင်၊ ဖွင့်နိုင်၏။

## ရှောင်ကြဉ်ရန်အချက်များ

ခရီးထွက်နိုင်ပါသော်လည်း လေကြောင်းခရီးကိုရှောင်ပါ။ စေ့စပ်နိုင်ပါသော်လည်း ချက်ချင်း လက်မထပ်ပါနှင့်ဦး။ ခဏခေတ္တစောင့်ဆိုင်းပါဦး။ မစောင့်နိုင်လျှင် အကျိုးယုတ်ရပါလိမ့်မည်။ ထို့ပြင် မြေဆွခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းတို့ကို ရှောင်ပါ။ အကျိုးမဲ့ဖြစ်တတ်လေ၏။

## ဆိတ်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

မိတ်ဆုံနိုင်၏။ ခရီးထွက်နိုင်၏။ အိမ်ရာနှင့် အလုပ်ပြောင်းရွှေ့လျှင် အကျိုးထူးမည်။ အရောင်းအဝယ်စာချုပ်ချုပ်ဆိုနိုင်၏။ ဈေးဆိုင်သစ်တည်နိုင်၊ ဖွင့်နိုင်၏။ စေ့စပ်နိုင်၏။ လက်ထပ်နိုင်၏။ မေလ ၉ ရက်နှင့် ၂၁ ရက်နေ့များသည် ရက်ကောင်းမင်္ဂလာနေ့များ ဖြစ်ပါသည်။ ထို့ပြင် အိမ်ပြင်



www.burmeseclassic.com

www.burmeseclassic.com

ခြင်း ဂိုဒေါင်၊ မီးဖိုဆောင် ပြုပြင်နိုင်ပါသေးသည်။ လုပ်သာလုပ်ပါ။ အကျိုးထိခိုက်မှုမရှိပါ။

## ရှောင်ကြဉ်ရန်အချက်များ

ကင်ပွန်းထပ်ခြင်း၊ နာမည်မှည့်ခြင်း ခဏခေတ္တရှောင်ပါဦး။ ခိုက်တတ်လေ၏။ သတိနှင့်ဆင်ခြင်ပါလေ။ ရက်မြတ်ရက်ကောင်း၊ အခါကောင်းကို စောင့်ပါဦး။ သမားတော်ကို ရှာမတွက်သင့်သေး။ ငါးမဖမ်းရ၊ တောကောင်အမဲ မလိုက်ရ။ ဘေးအန္တရာယ်များလှပေသည်။ ခဏခေတ္တရှောင်နေစမ်းပါ။ ဒုက္ခတွေ့တတ်၏။ သတိနှင့်ဆင်ခြင်ပါလေ။

## မျောက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ဆုတောင်းပွဲ ရိုးရာကန်တော့ပွဲ လုပ်နိုင်၏။ ခရီးထွက်နိုင်၏။ အိမ်ရာနှင့် အလုပ်ပြောင်းရွှေ့လျှင် ကောင်းမည်။ အကျိုးထူးမှုရှိမည်။ အထည်ချုပ်လုပ်ငန်းနှင့် အကျိုးပေးမည်။ လုပ်ပါ။ ငွေထုတ်ချေးနိုင်၏။ ငွေထုတ်ချေးရန် အခွင့်အခါကောင်းဖြစ်ပါသည်။ ဈေးဆိုင်သစ် တည်နိုင်ဖွင့်နိုင်လေ၏။ မေလ ၁၀ ရက် နေ့နှင့် ၂၂ ရက်နေ့များသည် ရက်ကောင်းမင်္ဂလာနေ့များ ဖြစ်ပါသည်။ စေ့စပ်နိုင်၏။

## ရှောင်ကြဉ်ရန်အချက်များ

စေ့စပ်နိုင်ပါသော်လည်း ချက်ချင်းလက်ထပ်ခြင်း မပြုပါနှင့်ဦး။ ခဏခေတ္တစောင့်ဆိုင်းပါဦး။ အကျိုးယုတ်တတ်ပါသည်။ သတိနှင့်ဆင်ခြင်ပါလေ။ အခန်းခုတင်နေရာ မချောင်း။ အရောင်းအဝယ်စာချုပ် မချုပ်သင့်ပေ။ ရေမြောင်းမဖောက်ရ။ ခိုက်တတ်ပါသည်။

## ကြက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ရိုးရာကန်တော့ပွဲ ဆုတောင်းပွဲများ ပြုလုပ်နိုင်ပါသည်။ ဆံသခြင်း၊ ခေါင်းလျှော်ခြင်း၊ ခေါင်းဆေးခြင်း ပြုလုပ်နိုင်၏။ လမ်းပြင်ခြင်း၊ လမ်းခင်းခြင်း၊ တံတားဆောက်ခြင်း ပြုလုပ်နိုင်၏။ မေ လ ၁၁ ရက်နေ့နှင့် ၂၃ ရက်နေ့များမှာ ရက်ကောင်းမင်္ဂလာနေ့များဖြစ်ပါသည်။

## ရှောင်ကြဉ်ရန်အချက်များ

ဈေးဆိုင်သစ်တည်ခြင်း၊ ဖွင့်ခြင်း၊ လက်ထပ်ထိမ်းမြားခြင်း၊ ငွေထုတ်ချေးခြင်းတို့ကို ရှောင်ပါ။ ထို့ပြင် ခရီးဝေးထွက်ခြင်း၊ နိုင်ငံခြားခရီးထွက်ခြင်း၊ မိတ်ဆုံခြင်း၊ တောအမဲလိုက်ခြင်း၊ သားကောင်ဖမ်းခြင်း၊ ငါးဖမ်းခြင်း၊ ငါးအရောင်းအဝယ်လုပ်ခြင်း စသည့် အားလုံးတို့ကို ရှောင်နိုင်လေ အကျိုးရှိလေ ဖြစ်ပါသည်။

## ခွေးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

စေ့စပ်နိုင်၏။ လက်ထပ်နိုင်၏။ ရိုးရာကန်တော့ပွဲ၊ ဆုတောင်းပွဲများ ပြုလုပ်နိုင်၏။ မေလ ၁၂ ရက်နေ့နှင့် ၂၄ ရက်နေ့များသည် ရက်ကောင်းမင်္ဂလာနေ့များ ဖြစ်၏။ အလုပ်၊ ရာထူးသစ်တို့ကို လက်ခံနိုင်၏။ မိတ်ဆုံနိုင်၏။ မိတ်ဆုံခြင်းဖြင့် အကျိုးထူးမည်။ တွေးမနေနှင့်၊ ငေးမနေပါနှင့်။ အမြန်သာ မိတ်ဆုံလိုက်ပါ။ အရောင်းအဝယ်စာချုပ်ချုပ်ဆိုနိုင်၏။ ငွေထုတ်ချေးနိုင်၏။ အကျိုးရှိ၏။

## ရှောင်ကြဉ်ရန်အချက်များ

အိမ်ရာဟောင်း မဖျက်သင့်သေး။ ခိုက်တတ်လေသည်။ အိမ်၊ ဂိုဒေါင်၊ မီးဖိုဆောင် မပြုပြင်သင့်သေး။ ခဏခေတ္တစောင့်ပါဦးလေ။ လုပ်ငန်းသစ်၊ ကုမ္ပဏီသစ် မထူထောင်ရ။ ငွေရင်းနှီးမြှုပ်နှံမှု မပြုသင့်ပေ။ အကျိုးယုတ်တတ်၏။ သတိနှင့် ဆင်ခြင်ပါလေ။ ထို့ပြင် စိုက်ပျိုးရေးမလုပ်နှင့်။ အကျိုးမဲ့ဖြစ်တတ်လေသည်။ ဆင်ခြင်ပါလေ။

**ကေတီ–အောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

Ref:-

တရုတ်နက္ခတ္တဗေဒင်ပညာ၊ ၂၀၁၆ ခုနှစ်၊
Hong Kong (China)



www.burmeseclassic.com

www.burmeseclassic.com

# သည်လအတွက် ကောင်းသောရက်

၂၀၁၆ ခုနှစ်၊ မေလအတွက်

နှယ်သာကီအောင်

ပူပြင်းသွေ့ခြောက်သော နွေကာလသို့ ရောက်ခဲ့ပြီ။

ပတ်ဝန်းကျင်တစ်ခွင်မှာတော့ တောင်လေပွေတွေက ကတော့ထိုးလျက် သစ်ရွက်ခြောက်တို့အား လျှပ်တိုက်ပြေးလွှားစေခဲ့သည်။ ဂေါ်တမဘုရားရှင် အမှီသဟဲပြု၍ ပွင့်တော်မူခဲ့ရသော ဗောဓိညောင်ပင်တို့မှာလည်း ရေစင်ကို တောင့်တလျက်ရှိ၏။ ဤတွင် ဗုဒ္ဓဘာသာဝင်များက ဗောဓိညောင်ပင်အား ပရိဘောဂစေတီအဖြစ် အာရုံညွတ်နူးလျက် ကဆုန်ညောင်ရေ သွန်းလောင်းပေးကြကုန်၏။ မကြာခင် နွေ၏ ဇာတ်လမ်းတစ်ခန်းရပ်ပါတော့မည်။ ထိုအခါဝယ် မေတ္တာမိုးစက်များ ဖြောက်ဖြောက်ဖြိုးဖြိုး ရွာသွန်းလျက် အနင်းခံမြက်၊ သွေ့ခြောက်သောမြက်များ လန်းရှင်ကာ စိမ်းမြမြနှင့် လှပဝေဆာနေလိမ့်ဦးမည်သာတည်း။

၁။ **နေအိမ်ဝယ်ယူရန်**

မေလ (၉)၊ (၁၃)၊ (၁၅)၊ (၂၁) စသောရက်များသည် နေအိမ်ဝယ်ယူရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၂။ **ကား/ယာဥ်ဝယ်ယူရန်**

မေလ (၁)၊ (၁၁)၊ (၂၉)၊ (၃၀) စသော ရက်များသည် ကား/ယာဥ်ဝယ်ယူရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၃။ **ရွှေ/ကျောက်တွင်း တူးရန်**

မေလ (၄)၊ (၉)၊ (၁၃)၊ (၁၈)၊ (၂၂)၊ (၂၉) စသောရက်များသည် ရွှေ/ကျောက်တွင်းတူးရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၄။ **ယှဥ်ပြိုင်ကိစ္စများ ဆောင်ရွက်ရန်**

မေလ (၆)၊ (၉)၊ (၁၃)၊ (၁၉)၊ (၂၁)၊ (၂၆) စသောရက်များသည် ယှဥ်ပြိုင်ကိစ္စများ ဆောင်ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၅။ **ကျောင်း/အိမ်ဆောက်လုပ်ရန်**

မေလ (၁)၊ (၄)၊ (၆)၊ (၈)၊ (၉)၊ (၁၃)၊ (၁၇)၊ (၁၉)၊ (၂၁)၊ (၂၂)၊ (၂၉) စသောရက်များသည် ကျောင်း/အိမ်ဆောက်လုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

**၆။ ပွင့်းခံ၊ ရှင်ပြု၊ နားသမင်္ဂလာ ကျင်းပရန်**

မေလ (၄)၊ (၆)၊ (၁၁)၊ (၁၇)၊ (၁၉) စသော ရက်များသည် ပွင့်းခံ၊ ရှင်ပြု၊ နားသမင်္ဂလာ ကျင်းပရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၇။ အိမ်ပြောင်းရွှေ့ရန်၊ အိမ်သစ်တက်ရန်**

မေလ (၄)၊ (၁၇)၊ (၂၁)၊ (၂၂)၊ (၂၉)၊ (၃၀) စသောရက်များသည် အိမ်ပြောင်းရွှေ့ရန်၊ အိမ်သစ်တက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၈။ အမည်ပေး/ဆိုင်းဘုတ်တင်ရန်**

မေလ (၄)၊ (၈)၊ (၉)၊ (၁၁)၊ (၁၃)၊ (၁၆)၊ (၁၇)၊ (၁၉) စသောရက်များသည် အမည်ပေးခြင်း၊ ဆိုင်းဘုတ်တင်ခြင်းတို့အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၉။ လက်ထပ်မင်္ဂလာ ကျင်းပရန်**

မေလ (၄)၊ (၈)၊ (၉)၊ (၁၇)၊ (၂၁)၊ (၂၉) စသောရက်များသည် လက်ထပ်မင်္ဂလာကျင်းပရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၀။ ခရီးသွားရန်**

မေလ (၄) (၆)၊ (၉)၊ (၁၃)၊ (၁၆)၊ (၁၇)၊ (၁၉)၊ (၂၉)၊ (၃၀) စသောရက်များသည် ခရီးသွားရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၁။ လယ်ထွန်မင်္ဂလာကျင်းပရန်**

မေလ (၁) (၆)၊ (၈)၊ (၉)၊ (၁၁)၊ (၁၃)၊ (၁၆)၊ (၁၇)၊ (၁၉)၊ (၂၉)၊ (၃၀) စသောရက်များသည် လယ်ထွန်မင်္ဂလာကျင်းပရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၂။ အရောင်းအဝယ်လုပ်ကိုင်ရန်**

မေလ (၁) (၆)၊ (၈)၊ (၉)၊ (၁၁)၊ (၁၃)၊ (၁၆)၊ (၁၈)၊ (၂၂)၊ (၂၃)၊ (၂၅)၊ (၂၈)၊ (၃၀) စသောရက်များသည် အရောင်းအဝယ်လုပ်ကိုင်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၃။ သီးနှံမျိုးစေ့ကြဲရန်**

မေလ (၁)၊ (၆)၊ (၈)၊ (၉)၊ (၁၃)၊ (၁၆)၊ (၁၈)၊ (၂၂)၊ (၂၃)၊ (၂၅)၊ (၂၈)၊ (၃၀) စသောရက်များသည် သီးနှံမျိုးစေ့ကြဲရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၄။ ရေတွင်းရေကန် တူးဖော်ရန်**

မေလ (၄)၊ (၆)၊ (၈)၊ (၉)၊ (၁၁)၊ (၁၃)၊ (၁၆)၊ (၁၇)၊ (၁၉)၊ (၂၉)၊ (၃၀) စသောရက်များသည် ရေတွင်းရေကန်တူးဖော်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၅။ အောင်ဘာလေထီ ထိုးရန်**

မေလ (၁)၊ (၃)၊ (၅)၊ (၇)၊ (၁၁)၊ (၁၄)၊ (၁၆)၊ (၁၉)၊ (၂၁)၊ (၂၄)၊ (၂၆)၊ (၂၈) စသော ရက်များသည် အောင်ဘာလေထီထိုးရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၆။ ပညာသင်ကြားရန်**

မေလ (၁)၊ (၁၁)၊ (၁၃)၊ (၁၈)၊ (၁၉)၊ (၂၉)၊ (၃၀) စသောရက်များသည် ပညာသင်ကြားရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၇။ ရေသတ္တဝါများ ဖမ်းဆီးရန်**

မေလ (၁)၊ (၄)၊ (၁၁)၊ (၁၃)၊ (၂၁)၊ (၂၂)၊ (၂၉)၊ (၃၀) စသော ရက်များသည် ငါး၊ ပုစွန် စသော ရေသတ္တဝါများဖမ်းဆီးရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၈။ မင်္ဂလာအခါပေးရန်**

မေလ (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆)၊ (၉)၊ (၁၄)၊ (၁၆)၊ (၁၇)၊ (၁၈)၊ (၁၉)၊ (၂၀)၊ (၂၁)၊ (၂၃)၊ (၂၄)၊ (၂၆)၊ (၂၉)၊ (၃၀) စသောရက်များသည် မင်္ဂလာအခါပေးသင့်သည့် ရက်များ ဖြစ်ကြပါသည်။

■ နွယ်သာကီအောင်



www.burmeseclassic.com

www.burmeseclassic.com

# စိုက်ပျိုးရေးရာ သည်လမှာ

၂၀၁၆ ခုနှစ်၊ မေလအတွက်

■ တောကကိုရင် ■

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကိုအဓိကထားသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ ကောက်ပဲသီးနှံများ ဝေဆာဖြစ်ထွန်းခြင်းဖြင့် ပြည်တွင်စားသုံးမှု ဖူလုံပြည့်ဝသည်သာမက ပိုလျှံသမျှ နိုင်ငံခြားတိုင်းပြည်များသို့ တင်ပို့ရောင်းချသည့်အတွက်လည်း နိုင်ငံခြားဝင်ငွေများ တိုးပွားလျက်ရှိသည်ပင်။ ထိုမှတစ်ဆင့်ချင်း ဆိုသကဲ့သို့ စက်မှုနိုင်ငံသို့ ပြောင်းလဲသွားရမည်သာ ဖြစ်သည်။ ဤ၌ စိုက်ပျိုးရေးနှင့်ပတ်သက်၍ တောင်သူလယ်ယာဦးကြီးတို့ သတိထားဆောင်ရွက်ရန် ဖေးမကူညီသည့်အနေဖြင့်...

၁။ **အပွင့်၊ အသီး၊ အနံ့၊ အရွက် အပွင့်များ စိုက်ပျိုးရန်နှင့် ကိုင်းကူးစိုက်ခြင်း၊ နေရာပြောင်းရွှေ့စိုက်ပျိုးခြင်းတို့အတွက်**

မေလ (၁)၊ (၆)၊ (၈)၊ (၉)၊ (၁၁)၊ (၁၃)၊ (၁၆)၊ (၁၇)၊ (၁၉)၊ (၂၉)၊ (၃၀) စသောရက်များသည် အပွင့်၊ အသီး၊ အနံ့ အရွက်များ စိုက်ပျိုးရန်နှင့် ကိုင်းကူးစိုက်ခြင်း၊ နေရာပြောင်းရွှေ့စိုက်ခြင်းတို့အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၂။ **ဥ၊ အမြစ်၊ အပင်များ စိုက်ပျိုးရန်၊ အကိုင်းအခက်များ ခုတ်ရန်အတွက်**

မေလ (၃)၊ (၁၁)၊ (၁၆)၊ (၂၆)၊ (၃၀) စသောရက်များသည် ဥ၊ အမြစ်၊ အပင်များ စိုက်ပျိုးရန်နှင့် အကိုင်းအခက်များခုတ်ရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၃။ **ထွန်ယက်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ပေါင်းပင်ချုံနွယ်မီးရှို့ခြင်း၊ သီးနှံရိတ်သိမ်းခြင်းနှင့် ဥအမြစ်များ တူးရန်အတွက်**

မေလ (၁)၊ (၄)၊ (၆)၊ (၉)၊ (၁၃)၊ (၁၇)၊ (၁၉)၊ (၂၁)၊ (၂၂)၊ (၂၉) စသောရက်များသည် ထွန်ယက်စိုက်ပျိုးခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ပေါင်းပင်ချုံနွယ်တို့ကို မီးရှို့ခြင်း၊ သီးနှံရိတ်သိမ်းခြင်းနှင့် ဥအမြစ်များတူးရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၄။ **သီးနှံမျိုးစေ့များ ကြဲရန်အတွက်**

မေလ (၁)၊ (၆)၊ (၈)၊ (၉)၊ (၁၃)၊ (၁၆)၊ (၁၇)၊ (၁၉)၊ (၂၉)၊ (၃၀) စသော ရက်များသည် သီးနှံမျိုးစေ့ကြဲရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**တောကကိုရင်**



www.burmeseclassic.com

www.burmeseclassic.com

# မေလမှာ ဆောင်ရွက်ပါ

## ၂၀၁၆ ခုနှစ်၊ မေလအတွက်

**နေမျိုးထွန်းခေါင်**

မေလ (၂)၊ (၁၁)၊ (၁၆)၊ (၂၂)၊ (၂၇) စသောရက်များသည် "**နန္ဒာတိထိ**"တွင် ကျရောက်၏။ ထိုရက်များ၌ ဘုရား၊ ဂူ၊ ကျောင်း၊ ဇရပ်များ ဆောက်လုပ်ခြင်း၊ တံတားများ ခင်းခြင်း၊ ပျိုးကြဲခြင်း၊ ကောက်စိုက်ခြင်း၊ မြေတူးဆွခြင်း စသော အမှုကိစ္စတို့ကို ပြုလုပ်ဆောင်ရွက်နိုင်ပါသည်။

မေလ (၃)၊ (၇)၊ (၁၂)၊ (၁၇)၊ (၂၁)၊ (၂၃)၊ (၂၈) စသောရက်များသည် "**ဘဒြာတိထိ**"တွင် ကျရောက်၏။ ထိုရက်များ၌ အမည်ပေးခြင်း၊ နားထွင်းခြင်း၊ ထိမ်းမြားမင်္ဂလာဆင်ယင်ကျင်းပခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။

မေလ (၄)၊ (၈)၊ (၁၃)၊ (၁၈)၊ (၂၄)၊ (၂၉) စသော ရက်များသည် "**ဇယာတိထိ**"တွင် ကျရောက်၏။ ထိုရက်များ၌ စစ်ချီခြင်း၊ စစ်တက်ခြင်း၊ ကင်းလှည့်ခြင်း၊ ကင်းချခြင်း၊ သစ္စာဆိုခြင်း၊ စုံစမ်းထောက်လှမ်းခြင်း အမှုကိစ္စတို့ကို ဆောင်ရွက်နိုင်ကြပါသည်။

မေလ (၅)၊ (၉)၊ (၁၄)၊ (၁၅)၊ (၃၀) စသောရက်များသည် "**ရိတ္တာတိထိ**"တွင် ကျရောက်၏။ ထိုရက်များ၌ ဆေးဖော်ခြင်း၊ ဆေးထိုးခြင်း၊ လက်ဖွဲ့ထိုးခြင်း၊ သိဒ္ဓိတင်ခြင်း၊ ပစ္စည်းသိမ်းခြင်း၊ သစ်ပင်ခုတ်ခြင်း၊ လှေကားထောင်ခြင်း စသောအမှုကိစ္စများ ဆောင်ရွက်နိုင်ပါသည်။

မေလ (၁)၊ (၆)၊ (၁၀)၊ (၁၅)၊ (၂၆)၊ (၃၁) စသော ရက်များသည် "**ပုဏ္ဏာတိထိ**"တွင် ကျရောက်၏။ ထိုရက်များ၌ ရတနာပစ္စည်းများ ရောင်းဝယ်ခြင်း၊ ရှင်ပြုခြင်း၊ ပွဲခြင်းခံခြင်း စသောအမှုကိစ္စများကို ဆောင်ရွက်နိုင်ပါသည်။

မေလ (၉)၊ (၂၉) စသော ရက်များသည် "**အမြိတ္တစုတ်**"တွင် ကျရောက်လေရာ ထိုရက်၌ မည်မျှပင်မကောင်းကြုံစေကာမူ မည်သည့်ကိစ္စမဆို ဆောင်ရွက်ရာ၌ အောင်မြင်ပြီးစီးနိုင်ပါသည်။

မေလ (၄)၊ (၆)၊ (၁၁)၊ (၁၃)၊ (၁၈)၊ (၂၆) စသောရက်များသည် "**ရက်ရာဇာ**"တွင် ကျရောက်၏။ ထိုရက်များ၌ လူမှုရေးကိစ္စ၊ ဘာသာရေးကိစ္စများကို ဆောင်ရွက်ပါက အလုံးစုံပြီးမြောက်နိုင်ပြီး နာမည်ဂုဏ်သတင်းလည်း ထင်ရှားကျော်စောတတ်ပါသည်။

■ **နေမျိုးထွန်းခေါင်**



www.burmeseclassic.com

www.burmeseclassic.com

# အလုပ်အကိုင် အောင်မြင်စေရန် နေ့သားအလိုက် ရွေးချယ်သင့်သည့် ရက်များ

## ၂၀၁၆ ခုနှစ်၊ မေလအတွက်

မဟိဒ္ဓိကျော်ခေါင်

**တနင်္ဂနွေသားသမီးများအတွက်**

မေလ (၁)၊ (၂)၊ (၄)၊ (၁၁)၊ (၁၃)၊ (၁၈)၊ (၂၀)၊ (၂၁)၊ (၂၈) စသော ရက်များသည် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**တနင်္လာသားသမီးများအတွက်**

မေလ (၁)၊ (၃)၊ (၆)၊ (၁၀)၊ (၁၃)၊ (၁၄)၊ (၁၇)၊ (၁၉)၊ (၂၀)၊ (၂၄)၊ (၂၆)၊ (၂၉)၊ (၃၁) စသော ရက်များသည် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**အင်္ဂါသားသမီးများအတွက်**

မေလ (၂)၊ (၅)၊ (၆)၊ (၉)၊ (၁၁)၊ (၁၄)၊ (၁၇)၊ (၁၈)၊ (၁၉)၊ (၂၃)၊ (၂၆)၊ (၃၀)၊ (၃၁) စသော ရက်များသည် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**ဗုဒ္ဓဟူးသားသမီးများအတွက်**

မေလ (၁)၊ (၄)၊ (၅)၊ (၆)၊ (၈)၊ (၁၁)၊ (၁၅)၊ (၁၇)၊ (၂၂)၊ (၂၄)၊ (၂၉)၊ (၃၀)၊ (၃၁) စသော ရက်များသည် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**ကြာသပတေးသားသမီးများအတွက်**

မေလ (၄)၊ (၅)၊ (၇)၊ (၉)၊ (၁၄)၊ (၁၆)၊ (၁၇)၊ (၂၁)၊ (၂၃)၊ (၂၅)၊ (၂၈)၊ (၂၉)၊ (၃၀)၊ (၃၁) စသော ရက်များသည် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**သောကြာသားသမီးများအတွက်**

မေလ (၂)၊ (၃)၊ (၄)၊ (၆)၊ (၉)၊ (၁၃)၊ (၁၅)၊ (၁၆)၊ (၂၀)၊ (၂၃)၊ (၂၉)၊ (၃၀) စသောရက်များသည် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**စနေသားသမီးများအတွက်**

မေလ (၂)၊ (၃)၊ (၅)၊ (၁၅)၊ (၁၉)၊ (၂၃)၊ (၂၆)၊ (၂၇)၊ (၂၈) စသော ရက်များသည် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**ရာဟုသားသမီးများအတွက်**

မေလ (၁)၊ (၅)၊ (၆)၊ (၁၁)၊ (၁၅)၊ (၁၇)၊ (၂၄)၊ (၃၀)၊ (၃၁) စသော ရက်များသည် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

■ မဟိဒ္ဓိကျော်ခေါင်



www.burmeseclassic.com

www.burmeseclassic.com

# သည်လမွှားအတွက် ကံဇာတာ

## ၂၀၁၆ ခုနှစ်၊ မေလအတွက်

■ *ဆရာမိုးဟန်ကြွယ်*

စီးပွားရေးလုပ်ငန်းများ၌ အောင်မြင်မှုများ ရရှိတတ်ပါသည်။ ဝီရိယထားလျှင် ဝီရိယအကျိုးကို ခံစားရပါလိမ့်မည်။ အတူနေသူငယ်ချင်း စကားများစရာကိစ္စ ပေါ်လာတတ်သည်။ ထီထိုးပေးပါ။ ထီပေါက်ကိန်းရှိနေပါသည်။ အလုပ်တွင် စိတ်ပင်ပန်းမှုများ ကြုံရမည်။ အသက်အရွယ်ကြီး မိန်းမများ မီးယပ်သွေးဆုံးဝေဒနာအတွက် စိတ်သောကရောက်ရတတ်ပါသည်။

အိမ်ရာထိုင်ခင်း အပြောင်းအလဲများမည်။ ခရီးသွားလျှင် အဆင်မပြေမှုဖြစ်တတ်သည်။ ကျန်းမာရေး ညံ့တတ်သည်။ ဝမ်းဗိုက်ပိုင်းဆိုင်ရာ၊ ရင်ဘတ်ပိုင်းဆိုင်ရာတို့ ဒုက္ခပေးတတ်သည်။ သားသမီးများအဖို့ မိဘများအတွက် ရည်စူးပြီး ကုသိုလ်ကောင်းမှုများ ပြုရတတ်သည်။

ပျိုရွယ်သူများ လုတာမက်၍ ညစာခက်သော အဖြစ်မျိုးနှင့် ကြုံရလိမ့်မည်။ အချစ်ရေးကိစ္စ ပျက်ပြားတတ်ပါသည်။ မျက်နှာများသော ချစ်သူကြောင့် စိတ်ညစ်ညူးမှုများနှင့် ရင်ဆိုင်ရလိမ့်မည်။

အထူးသဖြင့် ကျန်းမာရေးညံ့သော ကာလဟု ဆိုနိုင်ပါသည်။ သွားနာခြင်း၊ အပူနာပေါက်ခြင်းတို့ ကြုံရမည်။ စီးပွားရေးလုပ်ငန်းနှင့် ပတ်သက်ပြီး နိုင်ငံရပ်ခြားသို့ ခရီးသွားရကိန်းရှိသည်။ စီးပွားရေးတိုးတက်ဖြစ်ထွန်းလိမ့်မည်။ လုပ်ငန်းများ လက်ရှိအနေအထားမှ ပို၍ တိုးချဲ့ရလိမ့်မည်။ အလှူဒါနများလည်း ပြုရပါလိမ့်ဦးမည်။ သားသမီးရှိက ပညာရေးကို အားပေးပါ။ အထူးကောင်းမွန်ပါလိမ့်မည်။ အိမ်ထောင်ဘက်နှင့် ပတ်သက်ပြီး အမွေအနှစ်များ ရရှိတတ်သည်။ အစိုးရဝန်ထမ်းများအဖို့ အလုပ်ခွင်၌ နာမည်ကောင်းရရှိတတ်သည်။ ဆုတံဆိပ်များ ချီးမြှင့်ခံရမည်။ တစ်ဖက်သားနှင့် စကားပြောဆိုလျှင် မိမိဩဇာ သက်ရောက်အောင်မြင်တတ်ပါသည်။ နီလာ၊ ရွှေတို့နှင့် ပတ်သက်၍ အရောင်းအဝယ်ဖြစ်မည်။ အိမ်မြေကိစ္စအတွက် အမှုအတွက် အမှုအခင်းနှင့်လည်း ကြုံရတတ်ပါသည်။

လျှပ်စစ်ဆိုင်ရာပစ္စည်းများ ဝင်လာတတ်သည်။ စီးပွားရေးလုပ်ငန်းခွင်များနှင့် စပ်လျဉ်း၍ မြေတွင်ဥသော သစ်ဥများ၊ မြေပေါ်တွင် သီးသော သစ်သီးများ ရှားပါးလိမ့်မည်။ နို့နှင့် နို့ထွက်ပစ္စည်းများ၊ ငွေနှင့် ငွေထည်ပစ္စည်းများ၊ လက်ဖက်ဆို၊ လက်ဖက်ခြောက်၊ ခတ်ဆီ၊ ကော်ဖီ၊ ရာဘာ၊ ဟင်းသီးဟင်းရွက်၊ မွှေးကြိုင်သော အရွက်များ၊ အုန်းသီး၊ ဂျုံ၊ ဆန်စပါး၊ ကြံ၊ သစ်တောထွက်ပစ္စည်းများ အကျိုးအမြတ်နည်းမည်။ ပဲ၊ ပြောင်း သင့်တင့်ရုံ အမြတ်အစွန်းရမည်။ ဝါဂွမ်း၊ နှမ်း၊ ဆီဝယ်ယူသိုလှောင်၍ တစ်ဆင့်ပြန်ရောင်းစားလျှင် မြတ်မည်။

ဆေးဝါးလုပ်ငန်းများ အကျိုးပေးမည့်နှစ်ဖြစ်သည်။ မိခင်၏ ကျန်းမာရေးအတွက် ဂရုစိုက်ပေးဖို့ လိုမည်။ လုပ်ငန်းခွင်၌ ခင်မင်ရင်းနှီးသူတစ်ဦး၏ လိမ်ကောက်ခြင်းကိုလည်း ကြုံရတတ်ပါသည်။ မထင်မှတ်သော အလုပ်ကိစ္စတို့ကို ဆောင်ရွက်ရတတ်သည်။ နိုင်ငံခြားသို့ ရက်တိုခရီးသွားရတတ်သည်။ ဘာသာရေးနှင့် ပတ်သက်သော စာအုပ်များ၊ ဘုရားပုံတော်များ ဝင်လာတတ်သည်။

*ယတြာပြုလုပ်လိုပါက ဘုရားထံ မာလကာသီးတစ်လုံး ကပ်လှူပါ။ တံခွန်အနီတစ်လက်၊ ဝါးစိမ်းရွက် လေးညွန့်တို့ကို ကပ်လှူပြီး လိုရာဆုတောင်းပါ။ ပိတ်နေသောကံများ ပွင့်ပြီး လိုရာဆန္ဒပြည့်ဝပါလိမ့်မည်။*

**ဆရာမိုးဟန်ကြွယ်**



www.burmeseclassic.com

www.burmeseclassic.com

# မင်္ဂလာပါဟူသည် ကောင်းသောအလေ့ အကျိုးရှိသောအလုပ်ဖြစ်၏

■ တက္ကသိုလ်သဉ်

စာရေးသူ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတွင် အမှုထမ်းစဉ်ကဖြစ်၏။ ဌာနကြီးမှူးသည် ဝန်ထမ်းတစ်ဦးနှင့်တစ်ဦး တွေ့သည့်အခါ "မင်္ဂလာပါ"ဟု နှုတ်ဆက်ရန် သွန်သင်ထား၏။ အထူးသဖြင့် ဝန်ထမ်းငယ်က ကိုယ့်ထက်အဆင့်မြင့်သည့် ဝန်ထမ်းကိုတွေ့လျှင် လက်ပိုက်၍ မင်္ဂလာပါဟု မတ်တတ်ရပ်ကာ နှုတ်ဆက်ရမည်ဟု သင်ကြားထား၏။

ကောင်းသော အလေ့အကျင့်ဖြစ်၍ ဝန်ထမ်းများကလည်း ဌာနကြီးမှူး ပြောသည့်အတိုင်း လိုက်နာကြသည်ကို တွေ့ရ၏။

စာရေးသူသည် ဌာနမှ အငြိမ်းစားယူပြီးနောက် ဂျာနယ်တိုက်တစ်တိုက်တွင် အလုပ်ဝင်လုပ်သည်။ ယင်းဂျာနယ်တိုက်တွင် အလုပ်လုပ်ကြသူအများစုမှာ လူငယ်လူရွယ်များဖြစ်ကြသဖြင့် စာရေးသူက ယင်းတို့အား အစိုးရဌာနမှ အတွေ့အကြုံကိုပြောပြပြီး တစ်ဦးနှင့်တစ်ဦး "မင်္ဂလာပါ"ဟု နှုတ်ဆက်ကြရန်နှင့် ကိုယ့်ထက်အသက်ကြီးသူ၊ ရာထူးအဆင့်မြင့်သူကို တွေ့လျှင်လည်း "မင်္ဂလာပါ"ဟု ရိုရိုသေသေ နှုတ်ဆက်ဂါရဝပြုကြရန် လေ့ကျင့်ပေးခဲ့၏။

သို့ရာတွင် ယင်းအလေ့အကျင့်ကို အချို့သာလိုက်နာပြီး အချို့ကမူ လိုက်နာခြင်းမရှိပေ။ လိုက်နာရသည်မှာ ဝန်လေးသည့်သဘောတွေ့ရ၏။ အတင်းအကျပ်လိုက်နာပါဟုပြော၍ မရပါ။ အဘယ့်ကြောင့်ဆိုသော် အစိုးရဌာနမှ မဟုတ်သောကြောင့်ဖြစ်၏။

သူတို့ကို "မင်္ဂလာ"နှင့် ပတ်သက်၍ ရှင်းလင်းပြောပြသည်။ "မင်္ဂလာ"ဆိုသည်မှာ "မင်္ဂလာ"ဟူသော ပါဠိစကားဖြစ်ကြောင်း၊ မြန်မာတို့ခေါ်ဝေါ်ရလွယ်အောင် "လ"ကို ရေးချဖြည့်စွက်၍ "မင်္ဂလာ"ဟု ခေါ်ခြင်းဖြစ်ကြောင်း၊ **အဓိပ္ပာယ်မှာ ကြီးပွားတိုးတက်အောင် မြင့်ခြင်းဖြစ်ကြောင်း** ရှင်းပြ၏။ ယင်းကို အလေးအနက်မထားသူ၊ မယုံကြည်သူ အချို့က ပေါ့ပေါ့တန်တန်သဘောမျိုး ထားကြ၏။

အမှန်စင်စစ် . . .သူတို့သည် "မင်္ဂလာ"၏ အဓိပ္ပာယ်လေးနက်မှုနှင့် တန်ဖိုးကိုမသိသောကြောင့် ဖြစ်မည်ဟု စာရေးသူထင်မိ၏။

ဆရာကြီးမောင်အံ့(မဟာဝိဇ္ဇာ-ဘုံဘော)ရေးသော "မင်္ဂလာနိဒါန်း ၁၁ ဆောင်းပါး"ကို ရည်ညွှန်းကိုးကား၍ ဖော်ပြလိုပါ၏။

**"သုသိက္ခိတဝိနယမင်္ဂလာ"**နှင့် စပ်လျဉ်း၍ ဆရာမောင်အံ့(မဟာဝိဇ္ဇာ၊ ဘုံဘော)က ဤသို့ ညွှန်းဆိုထားပါ၏။

**စည်းကမ်းကျင့်ဝတ်ကို ကောင်းစွာသင်ယူခြင်း၊ လိုက်နာကျင့်သုံးခြင်းသည် မင်္ဂလာမည်၏။** ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားသော တိုင်းပြည်များ၌ လူ့ကျင့်ဝတ်၊ လူ့စည်းကမ်းသည် အလွန်များပြား၏။ အဝတ်ဝတ်ဆင်မှု၌လည်းကောင်း၊ စားသောက်မှု၌လည်းကောင်း၊ အချင်းချင်းပြောဆိုဆက်ဆံရာ၌လည်းကောင်း၊ နေထိုင်သွားလာမှု၌လည်းကောင်း လိုက်နာရမည့်သတ်မှတ်ချက်များ၊ စည်းကမ်းကျင့်ဝတ်များ များပြားစွာရှိကြသည်။ လူဦးရေထူထပ်သိပ်သည်းသော မြို့ကြီးများ၌ ကျန်းမာသန့်ရှင်းရေးအတွက် အညစ်အကြေးအမှိုက်စွန့်ပစ်မှု စနစ်မကျပါက ကျန်းမာရေးထိခိုက်စေနိုင်သည့်အပြင် လူမျိုး၏ဂုဏ်သိက္ခာကိုပါ ထိခိုက်စေနိုင်သည်။

ဤနိုင်ငံတွင် ပန်းကန်ဆေးရည်၊ အိုးဆေးရည်များကို လမ်းပေါ်၌ စွန့်ပစ်



www.burmeseclassic.com

www.burmeseclassic.com

ခြင်း၊ သွားရင်းလာရင်း ဆေးလိပ်တို၊ ကွမ်းယာ၊ ငှက်ပျောခွံစသော အမှိုက်သရိုက်များကို လမ်းပေါ်၌ပစ်ချခဲ့ခြင်း၊ တံတွေးနှင့် ကွမ်းတံတွေးများကို လမ်းပေါ်နှင့် အဆောက်အအုံလှေကားအထက် နံရံများ၌ ထွေးခြင်းများ ပြုလုပ်လေ့ရှိကြသည်။ ဤကဲ့သို့ပြုလုပ်ခြင်းမှာ "ဘယ်သူဘာဖြစ်ဖြစ် ငါလွတ်ရင်ပြီးရော" ဟူသော စိတ်ထားမျိုးကြောင့်ဖြစ်သည်။ မော်တော်ကားလမ်းကိုပိတ်၍ ဘောလုံးကစားခြင်း၊ မိမိစီးပွားရေးအတွက် ကြော်ငြာများကို တွေ့ရာနံရံ၌ ကပ်ထားခြင်း၊ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဆိုင်များ ဆောက်လုပ်ခြင်းတို့သည် တိုင်းသူပြည်သားများ လိုက်နာရမည့် ဥပဒေကျင့်ဝတ်စည်းကမ်းကို ကျူးလွန်ဖောက်ဖျက်နေခြင်းဖြစ်သည်။ သုသိက္ခိတဝိနယမင်္ဂလာကို မလိုက်နာခြင်းပင် ဖြစ်သည်။

ဆက်လက်၍ ဆရာမောင်အံ့(မဟာဝိဇ္ဇာ၊ ဘုံဘော)က "သုဘာသိတဝါစာမင်္ဂလာ"နှင့် စပ်လျဉ်း၍ ဤသို့ ညွှန်းဆိုပါ၏။

"လောက၌ လူတို့ပြောဆိုနေကြသော စကားများကို အမျိုးအစားခွဲခြားပါက ခြောက်မျိုးရှိ၏။ (၁) မဟုတ်မမှန် အကျိုးစီးပွားနှင့်မစပ်၊ သူတစ်ပါးမနှစ်သက်သောစကား၊ (၂) ဟုတ်မှန်၏၊ အကျိုးစီးပွားနှင့်မစပ်၊ သူတစ်ပါးမနှစ်သက်သောစကား၊ (၃) ဟုတ်မှန်၏၊ အကျိုးစီးပွားနှင့်စပ်၏၊ သူတစ်ပါးမနှစ်သက်သောစကား၊ (၄) မဟုတ်မမှန် အကျိုးစီးပွားနှင့်မစပ်၊ သူတစ်ပါးနှစ်သက်သောစကား၊ (၅) ဟုတ်မှန်၏၊ အကျိုးစီးပွားနှင့်မစပ်၊ သူတစ်ပါးတို့နှစ်သက်သောစကား၊ (၆) ဟုတ်မှန်၏၊ အကျိုးများနှင့်စပ်၏၊ သူတစ်ပါးတို့နှစ်သက်သောစကားဟူ၍ စကားခြောက်ခွန်းရှိ၏။ အမှတ်စဉ်(၃)နှင့် အမှတ်စဉ်(၆) စကားနှစ်ခွန်းကိုသာ ဘုရားအစရှိသော သူတော်ကောင်းတို့ ပြောဆိုလေ့ရှိကြ၏။ ထို့ကြောင့် "**စကားခြောက်ခွန်း၊ သူမှာထွန်း၊ လေးခွန်းကိုပယ်၊ နှစ်ခွန်းတယ်**" ဟူ၍ ဆိုစမှတ်ပြုကြ၏။

သုဘာသိတဝါစာနှင့် ပတ်သက်၍ မြတ်စွာဘုရားသည် ဤသို့ဟောတော်မူ၏။ ဤသာသနာတော်၌ ရဟန်းသည် (၁) ကောင်းစွာဆိုအပ်သောစကားကိုသာလျှင် ဆို၏၊ မကောင်းသဖြင့် ဆိုအပ်သောစကားကိုမဆို။ (၂) တရားနှင့်ညီသောစကားကိုသာလျှင်ဆို၏။ တရားနှင့်မညီသောစကားကိုမဆို။ (၃) ချစ်ခင်ဖွယ်သောစကားကိုသာလျှင်ဆို၏။ မချစ်ခင်ဖွယ်သောစကားကိုမဆို။ (၄) မှန်ကန်သောစကားကိုသာလျှင်ဆို၏။ မမှန်သောစကားကိုမဆို။ ရဟန်းတို့ ဤသို့ အင်္ဂါလေးပါးနှင့်ပြည့်စုံသော စကားသည် ကောင်းစွာဆိုအပ်သော စကားမည်၏။ မကောင်းသဖြင့်ဆိုအပ်သော စကားမမည်။ အပြစ်လည်းမရှိ။ ပညာရှိတို့သည် မကဲ့ရဲ့အပ်။

သုဘာသိတဝါစာ ကောင်းစွာဆိုအပ်သောစကားနှင့်ပတ်သက်၍ အပြောအဆိုကြမ်းတမ်းသော နှုတ်ကြမ်း၊ အာကြမ်းသော ဘုရင့်မယ်တော်ကို လက်တွေ့တရားပြ ဆုံးမလိုသော သားတော်ဘုရင်သည် မယ်တော်ကို ဥယျာဉ်သို့ခေါ်သွား၏။ လမ်းခရီးတွင် တစ်တီတူးငှက်မြည်သံကို ကြားရသောအခါ ပရိသတ်များသည် နားနှစ်ဖက်ကိုပိတ်ထား၍ "ကြမ်းကြုတ်ခက်ထန်သော ငှက်၊ အသံမမြည်ပါနှင့်"ဟုဆိုကြ၏။ တစ်ဖန် ဥယျာဉ်တော်သို့ ရောက်ပြီးနောက်ဥယျာဉ်တော်အတွင်း လှည့်လည်စဉ် ဥဩငှက်အော်မြည်သံကို ကြားကြရသော လူထုသည် နာပျော်ဖွယ် နူးညံ့သိမ်မွေ့သော အသံရှိသည့် ငှက်မြတ်မြည်ပါဦးတော့ဟု ဟစ်အော်ကြ၏။

ဘုရင်မင်းမြတ်သည် မယ်တော်အား ထိုငှက်နှစ်ကောင်ကို ယှဉ်ပြ၍ ကြမ်းတမ်းသောစကားကို ပြောဆိုသူမှာ လူအများနှစ်လိုမှုကို မခံယူရကြောင်း၊ ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုမှသာလျှင် လူအများ နှစ်လိုမြတ်နိုးခြင်းကို ခံရကြောင်း ပြောပြလေသည်။ ထိုအခါမှ မယ်တော်သည် အပြောအဆိုယဉ် ကျေးသိမ်မွေ့လေတော့သည်။

မင်္ဂလာနှင့်စပ်လျဉ်း၍ "သုသိက္ခိတဝိနယမင်္ဂလာ"နှင့် "သုဘာသိတဝါစာမင်္ဂလာ"တို့အကြောင်းကို ဖော်ပြလိုက်ပါ၏။ အချုပ်အားဖြင့်ဆိုရလျှင် မင်္ဂလာဟူသည် အဆိုးကိုမဖြစ်စေဘဲ အကျိုးကိုသာဖြစ်စေသောကျင့်စဉ်တစ်ရပ် ဖြစ်သဖြင့် လူတိုင်း တစ်ဦးနှင့်တစ်ဦးတွေ့သည့်အခါ "မင်္ဂလာပါ"ဟု နှုတ်ဆက်ခြင်းသည် ကောင်းသောအလုပ်၊ အကျိုးရှိသောအလုပ်ကို လုပ်ခြင်းသာဖြစ်ပါကြောင်း တင်ပြရပါ၏။

တက္ကသိုလ်သဒ်



www.burmeseclassic.com

www.burmeseclassic.com

# ဓာတ်ရိုက်ယတြာ ရွှေပညာ (၄၀)

ဘုန်းပွင့်ထွန်း

"ဒီနေ့တော့ ဘာဆက်ဆွေးနွေးရင်ကောင်းမလဲ မောင်သန်းဇော်"

"မနေ့တုန်းက ဆွေးနွေးခဲ့တဲ့အကြောင်းအရာပဲ ဆက်ပြီး ပြန်ဆွေးနွေးရမှာပေါ့ အစ်ကိုရ"

"ဒါဆိုရင် မနေ့က ဆွေးနွေးခဲ့ကြတာကို အစပြန်ကောက်ရအောင်"

"ဓာတ်ရိုက်တာ လွဲမှားရင်ဖြစ်စေ၊ ရန်ဓာတ်အခါမှာ ဓာတ်ရိုက်မိရင်ဖြစ်စေ ဓာတ်ခိုက်တတ်ပုံအသီးသီးကို ဆွေးနွေးခဲ့ကြပါတယ်။ ဒီနေ့တော့ အဲဒီဓာတ်ခိုက်ခဲ့ရင် ဘယ်လိုဖြေပေးရမလဲဆိုတာကို ဆက်ဆွေးနွေးရင် ကောင်းမယ်ထင်တယ်"

"အစ်ကိုလည်း ပထမတော့ ဒီနေ့မှာ ဒါကိုပဲဆွေးနွေးဖို့ စိတ်ကူးထားပါတယ်။ ဒါပေမယ့် ဖြစ်လာမှ ကုသတာထက် မဖြစ်အောင်ကြိုတင်ကာကွယ်တာက ပိုကောင်းတယ်လို့ အစ်ကိုတွေးမိတယ်"

"ဒါဆို အစ်ကိုက ဘာအကြောင်းကို ဆွေးနွေးဖို့ စိတ်ကူးထားလဲ"

"အများအားဖြင့် ဓာတ်ရိုက်ဓာတ်ဆင်တာကို အင်္ဂဝိဇ္ဇာပညာ လေ့လာလိုက်စားထားတဲ့သူက လိုက်ပြီးဆောင်ရွက်ပေးတာမဟုတ်ဘူး။ နည်းပေးလမ်းညွှန်တာလောက်ပဲရှိတယ်။ အဝေးကိုရောက်နေတဲ့သူ အိမ်ပြန်လာဖို့အတွက် လာတိုင်ပင်ရင် ဒီလိုလေး ဓာတ်ဆင်လိုက်ပါလို့ ဆရာပြောတဲ့နည်းအတိုင်း ကာယကံရှင်က သွားပြန်လုပ်ရတာ။ ဒီပစ္စည်းလေး အရောင်းထိုင်းနေလို့ ဘယ်လိုလုပ်ရင် ကောင်းမလဲလို့ တိုင်ပင်တဲ့အခါ ဆရာဖြစ်သူက ဒီအခက်အရှက်နဲ့ ရိုက်လိုက်၊ တစ်နေ့လုံး အကြိမ်ကြိမ်ရိုက်ပေးနေရင် ပစ္စည်းက ရောင်းထွက်သွားလိမ့်မယ်။ ရောင်းကောင်းလိမ့်မယ်လို့ ညွှန်ကြားတဲ့အတိုင်း ကာယကံရှင်က လုပ်ရတာကလား"

"အဲဒီတော့ ဘာဖြစ်လဲအစ်ကို"

"ဆရာမှာတာကို ပြန်စီရင်တဲ့သူက ပြီးစလွယ် စီရင်လုပ်ဆောင်လို့ပဲဖြစ်ဖြစ်၊ ဆရာမှာတာကို သေချာမှတ်သားထားခြင်းမရှိဘဲ ပြန်စီရင်တာပဲဖြစ်ဖြစ် လွဲမှားတဲ့စီရင်မှု၊ တစ်နည်းအားဖြင့် လစ်ဟာမှုရှိတဲ့ စီရင်မှုတွေမျိုး ဖြစ်သွားတတ်တယ်။ တစ်ခါတစ်ရံမှာတော့ ဆရာကိုယ်တိုင်က နည်းပေးလမ်းညွှန်ပြတဲ့နေရာမှာ မပြည့်မစုံဖြစ်လို့ လွဲမှားတဲ့ဓာတ်ဆင်မှုတွေ ဖြစ်တတ်တာလည်းရှိတယ်။ ဒီလိုအခါမျိုးမှာ လွဲမှားတဲ့ဓာတ်ဆင်မှုကြောင့် ဓာတ်ခိုက်မှုကိုခံရတာပဲ။ တချို့ကျတော့လည်း ဓာတ်ခိုက်တာ မခံစားရပေမယ့် အစီအရင်ဓာတ်ဆင်တာ မအောင်မြင်မှုတွေ ကြုံရပြန်တယ်"

"အစ်ကို ဘာကိုဆိုလိုတာလဲ"

"ပြောချင်တာက အစီအရင် စနစ်မကျလို့ မအောင်မြင်ခဲ့ရင် ပညာရပ်အပေါ် အထင်သေးလာတတ်ကယ်။ ဒီတော့ အစီအရင်ကို ကိုယ်တိုင်လုပ်ဆောင်ရမယ့်သူဟာ ဘယ်လိုဆောင်ရွက်ရမယ်ဆိုတာကို သေချာကျနစွာမေးမြန်းရမယ်။ မေးမြန်းပြီးရင်လည်း တစ်သဝေမတိမ်းလုပ်ဖို့ လိုအပ်တယ်။ ဖြစ်နိုင်ရင်တော့ သေချာနားလည်တဲ့ဆရာကိုယ်တိုင် စီရင်ဆောင်ရွက်ပေးနိုင်ရင်တော့ လွဲမှားမှုမရှိနိုင်ဘူး။ ရှိရင်လည်း အတော့်နည်းပါးပါလိမ့်မယ်"

"အစ်ကိုပြောတာ သဘာဝကျပြီးလက်ခံပါတယ်။ တစ်ခုတွေးမိတာကတော့ တတ်ယောင်ကား ဆရာတို့၊ မတောက်တစ်ခေါက်ဆရာတို့ဆိုရင်ရော၊ ဥပမာအားဖြင့်ဆိုရင် ကျွန်တော့်လိုမျိုး တတ်ယောင်ကား ပညာက မစုံသေး၊ လေ့လာလိုက်စားဆဲ သူမျိုးဆိုရင်ရော"

"မောင်သန်းဇော်က တတ်ယောင်ကား ဆရာတွေနဲ့ပတ်သက်ပြီး ဆွေးနွေးလာလို့သာ အစ်ကိုကတော့ တတ်

www.burmeseclassic.com

ဆောင်ကားဆရာတွေနဲ့ ပတ်သက်ပြီး ထူးထူးထွေထွေ ဘာမျှမပြောလိုပါဘူး။ အာယကာံရှင်ကပဲ ရွေးချယ်တတ်ရမှာပေါ့။ ကိုယ့်ရဲ့ရွေးချယ်မှုပဲလေ။ ရွေးချယ်မှု မှန်ကန်ဖို့ပဲလိုတယ်"

"ကဲ…အစ်ကို ဓာတ်ခိုက်လာပြီဆိုရင် ဘယ်လိုဖြေပေးရမလဲ။ ကျွန်တော်တော့ အတော်သိချင်နေပြီ။ ဒီနေ့မှာတော့ ဒါကလေးကို အစ်ကိုဆွေးနွေးပေးရင် ကျေနပ်ပါပြီ။ အစ်ကို့ကို လေကြောမရှည်နေတော့ပါဘူး"

"ပြောပြမှာပါ။ လိုအပ်တာလေးတွေ သိသင့်တာလေးတွေလည်း သိသွားရအောင် အစ်ကို့အတွေးထဲ ပေါ်လာတာတွေကို ပြောပြတာပါ။ တစ်ခါတစ်ခါတော့လည်း ပြောမယ်ကြံထားတဲ့စကားတွေက ပြောရင်နဲ့ မပြောဖြစ်ဘဲကျန်သွားတာရှိတယ်။ တစ်ခါတစ်ခါပြောမယ်လို့ ကြံစည်မထားဘဲ စကားပြောနေရင်း စကားဆက်စပ်ပြီး ပေါ်လာလို့ ပြောဖြစ်သွားတာတွေလည်းရှိတယ်။ အဲဒီစကား ပြောနေစဉ်အချိန်မှာပဲ ပေါ်လာတာ။ ပေါ်လာတာကိုလည်း အမိအရဖမ်းဆုပ်ပြီး ပြောရပြန်တယ်။ နောက်တစ်ခါ အဲဒီလိုစကားမျိုးတွေ ထပ်ပြောဖြစ်ဖို့က မလွယ်ဘူးလေ။

ဒီနေ့ ဆွေးနွေးဖို့ စဉ်းစားထားတာက ဓာတ်ရိုက်ယတြာပြုတဲ့အခါ အချိန်ဟာ ရန်ဓာတ်အခါဖြစ်နေရင် ဓာတ်ခိုက်တတ်တာမို့ ရန်ဓာတ်အခါဆိုတာ ဘာကိုဆိုလိုသလဲ။ ဘယ်လိုအချိန်အခါတွေဟာ ရန်ဓာတ်အခါလဲဆိုတဲ့အကြောင်း ဆွေးနွေးပေးမလို့ပါ။ ရန်ဓာတ်အခါမှာ ဓာတ်ရိုက်ယတြာပြုမိရင် ဓာတ်ခိုက်တဲ့ဒဏ်ခံရတတ်တယ်ဆိုတော့ကာ ရန်ဓာတ်အခါဟာ ဘယ်အခါလဲဆိုတာ သိထားဖို့လိုတယ်လေ။ မသိထားခဲ့ရင် ဓာတ်ရိုက်ယတြာနည်းကိုတော့ သိတယ်။ လုပ်ထုံးလည်းမှန်တယ်။ မတော်တဆ ရန်ဓာတ်အခါမှာ ဓာတ်ရိုက်တာပြုမိသွားရင် မခက်ပါလား"

"အစ်ကိုပြောတာလည်း စဉ်းစားဆင်ခြင်စရာပါပဲ။ အစ်ကို့သဘောပဲ။ အစ်ကိုဆွေးနွေးတာကိုပဲ လိုက်မှတ်သားပါ့မယ်"

"အင်္ဂဝိဇ္ဇာ ပညာရပ်မှာ စရေဓာတ်ဟာ အလျင်အမြန်ပြီးစီးစေရမယ့်ကိစ္စတွေကို ဆောင်ရွက်ရမယ်ဆိုတယ်။ ထပ်ပြီးပြောရဦးမယ်ဆိုရင် စရေဓာတ်ပေါ်တဲ့အချိန်မှာ ဓာတ်ရိုက်ရမယ်လို့ ဆိုထားတယ်။ စရေဓာတ်ပေါ်တဲ့အချိန်တိုင်းမှာ ဓာတ်ရိုက်သင့်မသင့်ကိုတော့ ကိုယ်လေ့လာထားတဲ့ ပညာအခြေခံပေါ်မူတည်ပြီး ပြန်လည်ခွဲခြမ်းဝေဖန် စစ်ဆေးကြည့်ဖို့တော့ လိုတယ်လေ။ စရေဓာတ်ပေါ်တဲ့အခါတော့ ဟုတ်ပါရဲ့ အဲဒီစရေဓာတ်ပေါ်တဲ့အခါဟာ ရန်ဓာတ်ပေါ်နေတဲ့အခါဖြစ်နေရင် ဘယ်လိုလုပ်မလဲ"

"ရှောင်ရမှာပေါ့ အစ်ကို။ ရန်ဓာတ်အခါကြုံနေတဲ့ စရေအခါမှာ ဓာတ်မရိုက်ဘဲ ရန်ဓာတ်အခါမကြုံတဲ့ စရေအခါမှာမှ ဓာတ်ရိုက်ယတြာလုပ်ရမှာပေါ့"

"ဟုတ်ပါတယ်ကွယ့်။ ဒါကို ဒီနေ့ရှင်းပြမလို့ပဲ။ အခုတော့ အချိန်မရတော့တာမို့ နောက်နေ့မှာပဲ ဆွေးနွေးတော့မယ်။ မောင်သန်းဇော်သိချင်နေတဲ့ ဓာတ်ခိုက်ရင် ဖြေပုံဖြေနည်းလေးကိုပဲ အကျဉ်းဆွေးနွေးပေးပြီး နားကြတာပေါ့"

"ကောင်းပါတယ်"

ကာကင်းဓာတ်ရိုက်တဲ့ နေရာမှာ ကာကင်းဓာတ်ပြန်ဖြစ်တဲ့ နံ့တူဓာတ်နဲ့ပဲ ဖြေပေးရတယ်။ ဥပမာအားဖြင့် ပြောရမယ်ဆိုရင် တနင်္ဂနွေဓာတ်ခိုက်တယ်ဆိုရင် အဲဒီဓာတ်ခိုက်တာ ခံစားနေရတဲ့သူကို နံ့တူဓာတ်ဖြစ်တဲ့ အုန်းရေကို တိုက်ကျွေးပြီး ဖြေပေးရင် အမှန်ပဲ တနင်္ဂနွေဓာတ်ခိုက်တာ ပြေပျောက်သွားလိမ့်မယ်ကွယ့်။

အပြည့်အစုံ ပြောရမယ်ဆိုရင်

(၁) တနင်္ဂနွေနံ ဓာတ်ခိုက်ရင် နံ့တူ အုန်းရည်ကိုသောက်ပါ။ (၂) တနင်္လာနံ ဓာတ်ခိုက်ရင် နံ့တူဖြစ်တဲ့ ကြံကိုစုပ်ပေးပါ။ (၃) အင်္ဂါနံဓာတ်ခိုက်ရင် နံ့တူဖြစ်တဲ့ ဆီးသီးကို စားပေးပါ။ (၄) ဗုဒ္ဓဟူးနံဓာတ်ခိုက်ရင် နံ့တူဖြစ်တဲ့ ရေစိမ်းရည်ကိုသောက်ပါ။ (၅) ကြာသပတေးနံ ဓာတ်ခိုက်ရင် နံ့တူဖြစ်တဲ့ ပုတ်တွင်းအောင်းပါ။ (၆) သောကြာနံဓာတ်ခိုက်ရင် နံ့တူဖြစ်တဲ့ သီးသီးစားပါ။ (၇) စနေနံဓာတ်ခိုက်ရင် နံ့တူဖြစ်တဲ့ ထန်းလျက်စားပါ။

ဒါက အင်္ဂဝိဇ္ဇာကျမ်းတွေမှာ ပြဆိုထားတာကို ပြောပြတာပါ။ အဓိကတော့ နံ့တူဓာတ်နဲ့ဖြေပေးရတယ်ဆိုတာပဲ။ နံ့တူဓာတ်တွေနဲ့ လိုအပ်သလို ကြံစည်ဆောင်ရွက်နိုင်ပါတယ်။

ကာကင်း သေရှင်သူ၊ ထက်အောက်ပြန်လှန်ကူ၊ နံ့တူသတ်က အသေရဆိုတဲ့ ဆရာတော်ခင်ကြီးဖျော်ရဲ့ ထုံးနည်းနာတစ်ခုထဲက ဆွေးနွေးပေးထားတာပါ။ ဒီနေ့တော့ ဒီလောက်နဲ့ နားလိုက်ကြရအောင်"

ဘုန်းပွင့်ထွန်း

၁၉-၂၅၇၁၁၉၉၃


www.burmeseclassic.com

# ကျောင်းပြန်မဂ္ဂဇင်း ပြက္ခဒိန်

## ၁၃၇၈ ခုနှစ်၊ တန်ခူးလ-ကဆုန်လ

## 2016 MAY

| | | |
|---|---|---|
| တနင်္ဂနွေ Sunday | 1 ၉ အလုပ်သမားနေ့ | |
| တနင်္လာ Monday | 2 ၁၀ | |
| အင်္ဂါ Tuesday | 3 ၁၁ | |
| ဗုဒ္ဓဟူး Wednesday | 4 ၁၂ ရက်ရာဇာ | 18 ၁၂ ရက်ရာဇာ |
| ကြာသပတေး Thursday | 5 ၁၃ | 19 ၁၃ |
| သောကြာ Friday | 6 ၁၄ ရက်ရာဇာ တန်ခူးလကွယ် | 20 ၁၄ |
| စနေ Saturday | 7 ၁ | 21 ၁၅ ရက်ရာဇာ ကဆုန်လပြည့် |
| တနင်္ဂနွေ Sunday | 8 ၂ | 22 ၁ |
| တနင်္လာ Monday | 9 ၃ အမြိတ္တစုတ်ရက် | 23 ၂ |
| အင်္ဂါ Tuesday | 10 ၄ | 24 ၃ |
| ဗုဒ္ဓဟူး Wednesday | 11 ၅ ရက်ရာဇာ | 25 ၄ |
| ကြာသပတေး Thursday | 12 ၆ မဟာရက်ကြမ်း | 26 ၅ ရက်ရာဇာ |
| သောကြာ Friday | 13 ၇ ရက်ရာဇာ | 27 ၆ မဟာရက်ကြမ်း |
| စနေ Saturday | 14 ၈ | 28 ၇ |
| တနင်္ဂနွေ Sunday | 15 ၉ | 29 ၈ အမြိတ္တစုတ်ရက် |
| တနင်္လာ Monday | 16 ၁၀ | 30 ၉ |
| အင်္ဂါ Tuesday | 17 ၁၁ | 31 ၁၀ |



၁. ၅. ၂၀၁၆ စန်းပြောင်းရက်စွဲ ၁၄. ၅. ၂၀၁၆

### ၂၀၁၆ ခုနှစ်၊ မေလအတွင်း ဂြိုဟ်ပြောင်းချိန်

တနင်္ဂနွေသည် - ၁၄. ၅. ၂၀၁၆ စနေနေ့ ညနေ ၅ နာရီ ၂၇ မိနစ်တွင် ပြိဿရာသီသို့ ပြောင်းသည်။

သောကြာသည် - ၁၉. ၅. ၂၀၁၆ ကြာသပတေးနေ့ ည ၈ နာရီ ၂၇ မိနစ်တွင် ပြိဿရာသီသို့ ပြောင်းသည်။

### ၂၀၁၆ ခုနှစ်အတွက် မနုသိဒ္ဓိနက္ခတ်နှင့် စန်းယှဉ်ချိန်

(၂၈. ၅. ၂၀၁၆)စနေနေ့၊ နံနက် ၄ နာရီ ၅၆ မိနစ် ၂၇ စက္ကန့်။

(၉. ၅. ၂၀၁၆)ရက်နှင့် (၂၉. ၅. ၂၀၁၆)ရက်တို့သည် အမြိတ္တစုတ်ကျ၍ အကောင်းဆုံးရက်များ ဖြစ်သည်။

### အမြိတ္တစုတ်ရက်မှာ လုပ်ဆောင်စရာ

တနင်္ဂနွေသားသမီးသည် မြောက်အရပ်တွင် ပုန်းညက်ပင် စိုက်ပါ။

တနင်္လာသားသမီးသည် အရှေ့မြောက်အရပ်တွင် ခရေပင် စိုက်ပါ။

အင်္ဂါသားသမီးသည် အရှေ့အရပ်တွင် သရဖီပင် စိုက်ပါ။

ဗုဒ္ဓဟူးသားသမီးသည် အရှေ့တောင်အရပ်တွင် ကွမ်းသီးပင် စိုက်ပါ။

ကြာသပတေးသားသမီးသည် အနောက်တောင်အရပ်တွင် ဒန့်ပင် စိုက်ပါ။

သောကြာသားသမီးသည် အနောက်မြောက်အရပ်တွင် အုန်းပင် စိုက်ပါ။

စနေသားသမီးသည် တောင်အရပ်တွင် ကံ့ကော်ပင် စိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com


# ဒီလိုလက်မျိုး သင့်မှာရှိခဲ့လျှင်

ဒေါက်တာစောယုနွယ်

Ph.D(Tantra)(Kol-India)Astrologer

ယခင်လမှအဆက်

ကျွန်မ၏ ဗေဒင်သင်တန်းတွင် လက္ခဏာပညာရပ်ကို သင်ကြားပေးခဲ့ရာ အချိန်အနည်းငယ်အတွင်း သင်ကြားရသဖြင့် ပတ်ဝန်းကျင်တွင်ရှိနေသော လက္ခဏာများကို ကျယ်ပြန့်စွာ မသင်ပေးရသဖြင့် ကျွန်မ မှတ်သားထားသော လက္ခဏာများကို ရောင်ပြန်မဂ္ဂဇင်းမှ တစ်ဆင့် ဖော်ပြလိုက်ပါတယ်။



ကမ္ဘာကျော် လက္ခဏာဆရာကြီး ကိုင်ရိုဟာ တစ်ခါတုန်းက သတ္တုမြောက် အေဒွဒ် ဘုရင်က လိုက်ကာရဲ့ ဟိုဘက်ကနေ ဘုရင်မင်းမြတ်ဖြစ်တယ်ဆိုတာ မပြောဘဲ လက္ခဏာမေးဖူးတယ်။

အဲဒီလို ကြည့်ဖို့ စီစဉ်ပေးတာက အလွန်ချမ်းသာကြွယ်ဝတဲ့ သဌေးမကြီး "လေဒီ အာသပတ်ဂျက်" က သူ့ရဲ့အိမ်မှာ စီစဉ်ပေးတာ...၊ လိုက်ကာမှာ လက်တစ်ချောင်းစာဝင်ဖို့ အပေါက်ကလေး ဖောက်ထားတယ်၊ အဲဒီ အထဲကို ဘုရင်မင်းမြတ်က လက်ထည့်ပြီး ဟောခိုင်းတာ၊ ဆရာကြီး ကိုင်ရိုဟာ လက်ကို မြင်လိုက်တာနဲ့ "အသင်မင်းကြီး" လို့ နှုတ်ဆက်နိုင်တယ်။




www.burmeseclassic.com

www.burmeseclassic.com

အေဒွဒ် ဘုရင်မင်းမြတ်ဟာ အလွန့်ကို အံ့အားသင့်သွားတယ်။

အဲဒီအချိန်မှာပဲ ကာထားတဲ့ လိုက်ကာပြုတ်ကျသွားတယ်၊ ဘုရင်မင်းမြတ်က ဆရာကြီးကိုင်ရိုကို . . .



"ပြောတာ မှန်ပါတယ်၊ ဘာမှမစိုးရိမ်ပါနဲ့"နဲ့လို့ မိန့်တော်မူခဲ့တယ် . . ."

အဲဒါဟာ "ရာဇယုဂ်" ရတဲ့ အမှတ်အသားပဲ၊ "ရာဇတံဆိပ်" ပေါ့၊ ဆရာကြီးကိုင်ရိုဟာ အေဒွပ် ဘုရင်ကို အဲဒီလို အမှတ်အသားတွေလို့ "ဒေါက်" ခနဲ ဟောချလိုက်တာပဲ"


မှတ်ချက်။ ရင်းပုံမှ ညာဘက်လက် ဖြစ်သည်။

နောက်တစ်မျိုးရှိသေးတယ်။

လက်မထိပ်မှာ အမှတ်အသားလေးပါခဲ့ရင် ကျိန်းသေ ကမ္ဘာသိ ဦးစီး ခေါင်းဆောင် ဖြစ်တတ်တယ်။


အဲဒါလည်း ညာဘက်လက်မှာ ပါမှ ဖြစ်မှာ . . .

ရင်းပုံမှာပါတဲ့ ဉာဏ်လမ်းကြောင်းမျိုးကတော့ တနလ်ာဂြိုဟ်ခုံ ရောက်တဲ့အထိ ကွေးညွတ်နေတယ်။ သူဟာ ဉာဏ်ရည် ဉာဏ်သွေး ကောင်းတယ်။



ဒီ့ထက် ထူးခြားတာကတော့ စိတ်ကူး စိတ်သန်းကောင်းတတ်တယ်။

ဖန်တီးမှု ဘက်ကလည်း စွမ်းဆောင် နိုင်တယ်၊ စာရေးဆရာတွေ၊ ပန်းချီဆရာ တွေ၊ ဂီတဆရာတွေ၊ တီထွင်သူတွေရဲ့ ဉာဏ်လမ်းကြောင်းဟာ ဒီလိုပုံစံမျိုး များပါတယ်။



ဉာဏ်လမ်းကြောင်းဟာ အလွန်ရှည်လျားပြီး လက်ဝါးစောင်းထိရောက် နေတော့ အလွန်ဉာဏ်ရည် ဉာဏ်သွေးကောင်းတဲ့ လူရဲ့လက်မှာ ပါတတ်တာပေါ့ . . .၊ ပြီးတော့ ဒီလိုဉာဏ်လမ်းကြောင်း ပိုင်ရှင်မျိုးဟာ ဉာဏ်ကောင်းတယ်ဆိုပေမဲ့ လုပ်မိလုပ်ရာ စွတ်ပြီး လုပ်တတ်သည်။

အထူးန်းရောက်တဲ့ လက်မျိုးဖြစ်သည်။ ပုံမှာပါတဲ့ ဉာဏ်လမ်းကြောင်းမျိုး ကတော့ တနလ်ာဂြိုဟ်ခုံရောက်တဲ့အထိ ကွေးညွတ်နေတယ်။ သူဟာ ဉာဏ်ရည် ဉာဏ်သွေး ကောင်းတယ်။

ဆက်ပါဦးမည် . . . .

ချမ်းသာကိုယ်စိတ်မြဲပါစေ . . .

**ဒေါက်တာစောယုနွယ်**
Ph.D(Tantra)(Kol-India)Astrologer



www.burmeseclassic.com

# တစ္ဆေခြောက်တဲ့ တောင်များ

စန်းမောင်မောင်

ဆီးနှင်းများဖုံးလွှမ်းနေသော တောင်များသည် တောစိမ်းနေပြီး တစ္ဆေသရဲခြောက်သည်ဟု ဆိုပါသည်။ တောင်တက်သမားများ ပြန်ပြောချက်အရ ထူးဆန်းသည့်မြင်ကွင်းကြောင့် စိတ်ထဲတွင် တစ်ခုခုများ ဖြစ်နေမည်လားဆိုကာ စိတ်ထဲတွင် တစ်မျိုးခံစားနေရသည်။

ယင်းအတွေးသည် လူသူကင်းမဲ့သော တောတောင်ထဲ ရောက်နေသူတိုင်း၏ စိတ်ထဲတွင်ဖြစ်လေ့ရှိသည်။ စိတ်ထဲတွင် ထင်သည့်အတိုင်းလည်း ဖြစ်တတ်လေသည်။

ဤကဲ့သို့ ဖြစ်ရခြင်းမှာ ထူးဆန်းအံ့ဖွယ်ကောင်းသည့် နေရောင်ခြည်သည် ဆီးနှင်းကို ထိုးလိုက်ခြင်းကြောင့်လည်း ဖြစ်သည်။ သို့တည်းမဟုတ် တိတ်ဆိတ်ငြိမ်သက်နေသည့် တောင်ပေါ်တွင် လေတိုက်ခတ်သံကြောင့်လည်း ဖြစ်နိုင်ပေသည်။ သို့ရာတွင် တောင်ပေါ်တွင် ဖြစ်ပျက်နေသော အဖြစ်အပျက်များသည် ရှင်းပြ၍မရနိုင်သည်က အမှန်တကယ်ပင် ဖြစ်လေသည်။



## ဝေရက်တောင်ထိပ်ပေါ်တက်ခဲ့တဲ့ တစ္ဆေ

ထိုနေ့ကား ၁၉၇၅ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့ဖြစ်သည်။ ဝေရက်တောင်၏ မတ်စောက်သော ကျောက်ဆောင်ကြီးများပေါ်သို့ နံနက်အရုဏ်တွင် လရောင်ဆမ်းလျက်ရှိသည်။ ဘိုနင်တန်တောင်တက်အဖွဲ့မှ တောင်တက်သမား နစ်အက်စ[illegible]ကော့ ဆိုသူသည် စခန်းအမှတ်(၄)မှ စခန်းအမှတ်(၅)တက်ရန် ငြူးများဖြင့် လုံးပန်းနေချိန်ဖြစ်သည်။ သူစခန်းအမှတ်(၄)အပေါ် မီတာ ၃၀၀ သို့ ရောက်သွားပြီး ပတ်ဝန်းကျင်ကို လေ့လာအကဲခတ်ကြည့်ရာ သူတက်ရောက်ခဲ့သော စခန်းအမှတ်(၄)သို့ လူတစ်ယောက်တက်နေသည်ကို တွေ့ရသည်။ တောက်ပနေသော ဆီးနှင်းထဲတွင် အနက်ရောင် ခြေလက်များဖြင့် ကုတ်၍တက်နေသည်ကို တွေ့ရခြင်းဖြစ်သည်။ ထိုသူသည် အရင်စီစဉ်ထားသည့် တောင်တက်သမားထက် အချိန်စော၍တက်လာခြင်း ဖြစ်ဟန်တူသည်။

www.burmeseclassic.com

နှစ်က ထိုကိစ္စကို မရှင်းမလင်းဖြစ်နေ၍ စခန်းအမှတ်(၅) မှနေ၍ တယ်လီဖုန်းဖြင့် သူနောက်ကို စီစဉ်ထားသည်ထက် စော၍ တောင်တက်သမားကို လွှတ်လိုက်သလားဆိုသည် ကိုမေးရာ မစ်ဘတ်ဆိုသူ ရုပ်မြင်သံကြားရိုက်ကူးသူ ကင်မရာ မင်းတစ်ယောက် အဖွဲ့နှင့်အတူ တောင်ထိပ်သို့တက်သွားပြီး ဝေရက်တောင်ထိပ်တွင် တစ်ဦးတည်းသေဆုံးခဲ့ကြောင်း သိရ လေသည်။

တောင်တက်အဖွဲ့ခေါင်းဆောင် ခရစ်တိုနင်တန် ဗြိတိန် သို့ပြန်ရောက်သည့်အခါ သူ့ကို စာတစ်စောင်ပေးလိုက်သည်။ ထိုစာကို ၁၉၇၅ ခုနှစ် စောစောပိုင်းတွင် အကြားအမြင် ရသူကလေး မင့်ဝီလီယံနဆန်ဆိုသူက ရေးသားခဲ့ပြီး ၎င်း စာကို ဘဏ်မီးခံသေတ္တာထဲတွင် သိမ်းဆည်းထားခဲ့သည်။ ၎င်းစာတွင်ပါသော သတင်းကို ဝီလီယံနဆန်က ၁၉၂၄ ခု နှစ်တွင် ဝေရက်တောင်ထိပ်တွင် ပျောက်ဆုံးခဲ့သူ တောင်တက် သမား အင်ဒရူးအာရ်ဗင်းဆိုသူထံမှ လက်ခံရရှိခဲ့သည်ဟု ဆိုသည်။

ယင်းစာပါသတင်းတွင် ကြိုတင်ဟောကိန်းထုတ်ထား သည်မှာ ဘိုနင်တန်တောင်တက်အဖွဲ့မှ သေဆုံးခဲ့သူ၏ တစ္ဆေ အဖြစ် ပေါ်လာသည်ဟုဆိုသည်။

(၁) သည်ဂရိတ်အရေးမင်း တစ္ဆေက ဘင်မက်ဒွီးကို



စတော့ကဲယားနွမ်း တောင်ထိပ်တွင် တစ္ဆေခြောက်ခဲ့သည် ဆို၏။ တစ်ခါက ၁၉၄၃ ခုနှစ်တွင် တောင်တက်သမားသည် သူကိုင်ဆောင်သည့် ခြောက်လုံးပြူးသေနတ်ဖြင့် အင်မတန် ကြီးမားသည့် လူပုံသဏ္ဍာန်ကြီးကို ပစ်ထည့်ခဲ့သော်ငြားလည်း တစ္ဆေပုံသဏ္ဍာန်ကြီးသည် ဘာတစ်ခုမျှမဖြစ်သေးဘဲ နောက် ဆုံး တောင်တက်သမားသည် ထွက်ပြေးရလေတော့သည်။

(၂) ပုံတွင်မြင်ရသော ကိုယ်ရောင်ကိုယ်ဝါလိုလို ဖြစ် ရပ်တစ်ခုသည် ၁၈၆၅ ခုနှစ်တွင် ဆွစ်ဇာလန်နှင့် အီတလီ နိုင်ငံတို့ ဆက်စပ်သည့် အဲလ်ဖ်တောင်ကြားရှိ မက်တာဟွန်း တွင် ဖြစ်ပေါ်ခဲ့သည်။ ၎င်းမြင်ကွင်းသည် သဘာဝကိုကျော် လွန်၍ ဖြစ်ပေါ်သည့် သင်္ကေတအမှတ်အသား မဟုတ်ချေ။ သို့ရာတွင် အသိအမြင်လွဲမှားမှုကြောင့် တွေ့ရသည့် ဆီး နှင်းအမှုန်အတန်းသာဖြစ်ပြီး တိမ်များဖုံးအုပ်နေသော နေ ရောင်ကြောင့်ဖြစ်သည်ဟု ဆိုလေသည်။



**စန်းမောင်မောင်**

**(Haunted Houses, Ghosts and Spectres by Lynn Myring ကို ပြန်ဆိုသည်။)**

www.burmeseclassic.com

www.burmeseclassic.com

# ပုထုဇဉ်၏ ချီးမွမ်းခြင်း

ဆင်ဖြူကျွန်းအောင်သိန်း

အို···လူအပေါင်းတို့···,

သမဏ၊ ဗြဟ္မဏ၊ သူတော်သူမြတ်လုပ်သူ အချို့တို့သည် သဒ္ဓါကြည်ညို၍ လှူကုန်သော ဘောဇဉ်တို့ကို စား၍ ထိုသူတော်သူမြတ် ရဟန်းလုပ်သူတို့သည် ဤသို့သဘောရှိသော တိရစ္ဆာနဝိဇ္ဇာ မိစ္ဆာဇီဝဖြင့် အသက်မွေးခြင်းကို ပြုကြကုန်၏။ အဘယ်သို့နည်းဟူမူ ဤသို့တည်း။

အာဝါဟနံ-သမီးယူခြင်း၊ မင်္ဂလာဆောင်ရက်ရွေးနည်း။

-ဝိဝါဟနံ-သမီးပေးခြင်း မင်္ဂလာဆောင်ရက်ရွေးနည်း။

သံဝရဏံ-လင်မယားပေါင်းစပ်သော နက္ခတ်ရွေးနည်း။

ဝိဝရဏံ - လင်မယားကွာရှင်းသော နက္ခတ်ရွေးနည်း။

သံကိရဏံ - ငွေတိုးကြေးတိုးယူသော ရက်ရွေးနည်း။

ဝိကိရဏံ - ငွေတိုးကြေးတိုးပေးသော ရက်ရွေးနည်း။

သုဘဂကရဏံ-လင်ချစ်အောင်၊ မယားချစ်အောင် မျက်ချစ်ဆေးစီရင်နည်း။

ဒုဗ္ဘဂကရဏံ-မုန်းဆေးစီရင်နည်း။

ဝိရုဒ္ဓဂဗ္ဘကရဏံ-ကိုယ်ဝန်တည်ဆေးစီရင်နည်း။

ဇိဝှာနိဗန္ဓနံ-မန္တန်ဖြင့် သူတစ်ပါးတို့လျှာမလှုပ်ရှားနိုင်အောင် ပြုလုပ်နည်း။

ဟနုသံဟနနံ-မေးခိုင်အောင် မန္တန်ဖြင့်ပြုလုပ်နည်း။

ဟတ္ထာဘိဇပ္ပနံ-လက်နောက်ပြန်နေအောင် မန္တန်စုတ်နည်း။

(ထိုမန္တန်ဖြင့် ခုနစ်ဖဝါးအတွင်း၌ မန်းမှုတ်သည်ရှိသော် တစ်ပါးသောသူသည် လက်နောက်ပြန်ဖြစ်၏။)

ကဏ္ဏဇပ္ပနံ၊ ။ နားမကြားအောင် မန္တန်စုတ်နည်း။ ထိုနားမကြားသော မန္တန်ကို စုတ်သည်ရှိသော် တရားဆိုင်ရုံးများ၌ အလိုရှိသောစကားကို ပြောသော်လည်း တရားတွေ့ဖက်ဖြစ်သောသူသည် နားမကြားဘဲနေ၏။ နားမကြားသည်ရှိသော် စကားတုံ့ပြန်ပြောခြင်းငှာ မတတ်နိုင်။ (မေးခိုင်အောင်၊ လျှာခိုင်အောင် ပြုလုပ်နည်းတို့၌လည်း ထိုအတူပင်ဖြစ်၏။)

အာဒါသပဉှံ-မှန်၌နတ်ချ၍မေးနည်း။

ကုမာရိကပဉှံ-မိန်းကလေး၏ကိုယ်၌ နတ်သွင်း၍မေးနည်း။

အာဒိစ္စုပဋ္ဌာနံ-အသက်ရှည်ခြင်းအကျိုးငှာ နေကိုပူဇော်ခယ လုပ်ကျွေးနည်း။

မဟာတုပဋ္ဌာနံ-ဗြဟ္မာကို လုပ်ကျွေးပူဇော်ခြင်း။

အဗ္ဘုဇ္ဇလနံ-မန္တန်ဖြင့်ခံတွင်းမှ မီးလျှံထွက်ခြင်း မျက်လှည့်အတတ်။

သီရိအဝှယနံ-ကျက်သရေခေါ်ခြင်းအတတ်။

သန္တိကမ္မံ-နယ်စပ်ရှိရာသို့သွား၍ "အကျွန်ုပ်အား ဤမည်သောအရာသည်ပြီးစီးသည်ဖြစ်အံ့။ အရှင်နတ်မင်းတို့အား ဤသို့သော ပူဇော်ခြင်းကို ပြုပါအံ့"ဟူ၍ နတ်ကိုကိုး၏။ ကိုးသည့်အတိုင်း ပြီးစီးသောအခါ ပြုဖွယ်ကိစ္စဖြစ်သော ပူဇော်ခြင်းကို ပြုလုပ်ပါအံ့ဟူ၍ ဝန်ခံခြင်းကို ပြုခြင်းတည်း။

ပဏိဓိကမ္မံ-နတ်ကိုးသည့်အတိုင်း အလိုရှိရာပြီးစီးသောအခါ၌ ဝန်ခံသည့်အတိုင်း ပူဇော်ခြင်း။

ဘူရိကမ္မံ-မြေပညာသင်သော အိမ်တွင်း၌နေ၍ မန္တန်ကိုသင်ယူကာ ထိုမန္တန်ကို ပယောဂပြုခြင်းတည်း။

ဝဿကမ္မံ - နပုန်းပဏ္ဍုက်ကို ယောကျ်ားပြုခြင်း။

ဝေါဿကမ္မံ-ယောကျ်ားတို့ နပုန်းပဏ္ဍုပ်ပြုလုပ်နည်း။ (ထိုသို့ပြုသော်လည်း လိင်ကွယ်အောင်မပြုနိုင်ချေ။ စိတ်ဆန္ဒပြောင်းလဲရုံမျှဖြစ်၏။)

ဝတ္ထုကမ္မံ-အိမ်ရာမရှိရာ၌ အိမ်ဆောက်သောနည်း။

ဝတ္ထုပရိကမ္မံ-ဤမည်သော၊ အုန်းသီး၊ ဝက်ပျောသီး၊ ကွမ်းဆေးလက်ဖက်တို့ကို ယူခဲ့လော့ဟုဆို၍ အိမ်ရာ

www.burmeseclassic.com

မြေဦ နတ်ပူဇော်သောနည်း။

အာစမန်-ဆရာလုပ်သူက သူနာ၏မျက်နှာကို ရေဆေးခြင်းနည်း။

နာပန်-ဆရာလုပ်သူက သူနာကို ရေချိုးသောနည်း။

ဇုဟာန်-ဆရာလုပ်သူက သူနာ၏အကျိုးငှာ မီးပူဇော်နည်း။

ဝမန်-မန္တန်ဖြင့် အန်စေခြင်း။

ဝိရေစန်-မန္တန်ဖြင့် ဝမ်းလျှောစေသောနည်း။

ဥဒ္ဓဝိရေစန်-အထက်သို့ အန်စေ၍ အပင်းထုတ်သောနည်း။

အဓောဝိရေစန်-အောက်သို့ဆင်းစေ၍ အပင်းထုတ်သည့်နည်း။

သီသဝိရေဝန်-ဦးခေါင်းမှ အပင်းအနာထွက်စေသောနည်း။

ကဏ္ဏဘေလံ-နားပင်းစေခြင်းဟုသော်လည်းကောင်း၊ နားအနာကို ထုတ်ပယ်ရန်သော်လည်းကောင်း ဆေးစိမ်၍ ဆီချက်နည်း။

နေတ္တပါန်-မျက်စိပူသော ဆီချက်နည်း။

နတ္ထုကမ္မံ-နှာနပ်နည်း(ပယောဂနာနပ်နည်း)

အဉ္ဇန်-မျက်လွှာနှစ်ထပ်သုံးထပ်ပယ်ရှားရန် စားသောမျက်စဉ်းစီရင်နည်း။

ပစ္စဉ္ဇန်-ပူသောမျက်စိကို တစ်ဖန်အေးအောင် ဆေးမျက်စဉ်းစီရင်နည်း။

သာလာကိယံ-ဝါးခြမ်းစိတ်ဖြင့် ဆေးကုနည်း။

သလ္လကတ္တိယံ-ဆူးညှောက်ထွက်သောမန္တန်ဖြင့် ဆေးကုသသောနည်း။

ဒါရကတိကိစ္စာ-သူငယ်နာဆေးကုသနည်း။

မူလဘောသင့်-အမြစ်ဆေးတို့ဖြင့် စားဆေး၊ လိမ်းဆေးပေးသောနည်း။

သြသဓိနံပဋိမောက္ခော - အနာပျောက်သည်ရှိသော် ထိုဆေးတို့ကို ဖယ်ရှားသုတ်သင်ကင်းစင်အောင် ပြုလုပ်နည်း။ ဤသို့သဘောရှိသော နည်းတို့ဖြင့် မန္တန်စုတ်၍လည်းကောင်း၊ မန်းမှုတ်၍လည်းကောင်း၊ ပယောဂဆေးပေး၍လည်းကောင်း ဆေးကု၍ အသက်မွေးသော မိစ္ဆာဇီဝအသက်မွေးခြင်းဖြင့် သူတော်သူမြတ်လုပ်သူအချို့သည် အသက်မွေးခြင်းကို ပြုကြကုန်၏။

ရဟန်းဂေါတမသည်လည်းကောင်း၊ ရဟန်းဂေါတမ၏ တပည့်ရဟန်းများသည်လည်းကောင်း ဤသို့သော မန္တန်စုတ်ခြင်း၊ မန်းမှုတ်ခြင်း၊ ဆေးကုခြင်း၊ မိစ္ဆာဇီဝဖြင့် အသက်မွေးခြင်းမှ ရှောင်ကြဉ်တော်မူ၏ဟူ၍လည်းကောင်း။

ချစ်သားရဟန်းတို့ ပုထုဇဉ်သည် ငါဘုရား၏ဂုဏ်ကို ချီးမွမ်းသော် ဤမျှလောက်သာလျှင် ချီးမွမ်းနိုင်ရာ၏။ ချစ်သားရဟန်းတို့ အကြင်စကားဖြင့် ပုထုဇဉ်သည် "ငါဘုရား၏ဂုဏ်ကို ချီးမွမ်းအံ့" ဟူ၍ အားထုတ်လုံ့လပြုလျက် ချီးမွမ်းသော် ချီးမွမ်းရာ၏။ ထိုသို့ အားထုတ်လုံ့လပြု၍ ချီးမွမ်းသော်လည်း အနည်းငယ်မျှသော ဤသီလကလေးကိုသာလျှင် ချီးမွမ်းနိုင်၏။ ထို့ထက်ပိုလွန်၍ အလွန်နက်နဲသော ပညာတော်ကို မချီးမွမ်းနိုင်။ (မြို့မိဆရာတော်၏ သုတ်သီလက္ခန်ဝတ္ထုတော်ကြီး မြန်မာလသုတ်မှ)

ဆင်ဖြူကျွန်းအောင်သိန်း


**အနန္တသိဒ္ဓိစွမ်းအားပြဒါးရှင်**

**အဆောင်စာတတ်လုံး**

**ဘော် + ဘင် + ပြဒါးသွတ်**

ဤလေးပါးတို့သည် မူလစာတတ်ပေါင်းပစ္စည်းများဖြစ်သဖြင့် ထင်ပေါ်ကျော်ကြားလာတ်လာဘ ပေါ်ကြွယ်လှပြီး လုတိုင်းလိုအပ်သော ဝိယ-လာဘ-ဓန-ပညာ စသည်တို့အတွက် သေချာစိမ်၍ ကောင်းသောအချိန်ကောင်းသောနက္ခတ်နှင့်ကြုံကြိုက်ချိန်၊ သမထကျင့်စဉ်စွမ်းအားဖြင့် ရေပယက်ပေါင်းစည်းသိဒ္ဓိပြီးအောင် အဆောင်ပြဒါးရှင်စာတတ်လုံးကို ပါရမီတတ်ခံရှိသူများထံ သတင်းကောင်းပါးလိုက်ပါသည်။

အဆိုပါ ပြဒါးရှင်စာတတ်လုံးကို ဆောင်ထားခြင်းအားဖြင့်...

ဖော်ပြပါအကျိုးထူးများ ရရှိပါလိမ့်မည်။

၁။ ကျရောက်မည့်၊ ကျရောက်လတ္တံ့သော ဘေးဆိုးများ ကာကွယ်နိုင်ခြင်း။

၂။ ဝိယ + ဓန လာဘ ပညာရေး စသည်တို့ကို ရရှိနိုင်ခြင်း။

၃။ အတိုက်အခိုက် စုန်း၊ နတ်၊ သိုက်စသော နှောင့်ယှက်မှုကို ကာကွယ်နိုင်ခြင်း။

၄။ ပြည်တွင်းပြည်ပ ကုန်းလမ်း၊ ရေလမ်း၊ လေလမ်း သွားရာတွင် ဆောင်ထားခြင်းဖြင့် ဘေးရန်အသွယ်သွယ်ကင်းပြီး လိုရာခရီးကို ရောက်နိုင်ခြင်း။

၅။ စာမေးပွဲဖြေဆို လုပ်ငန်းစစ်ဆေး စသောကိစ္စများအောင်နိုင်ခြင်း စသော ကောင်းကျိုးမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံသော အဆိုပါ အဆောင်ပြဒါးရှင်လုံးကို အလိုရှိပါက...

နေ့စဉ် နံနက် ၉:၀၀ နာရီမှ ညနေ ၃:၀၀ နာရီထိ

**ရောင်ပြန်မဂ္ဂဇင်းတိုက်**

အမှတ်(၂၇)၊ ၅၂-လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၉-၂၅၁၀၂၂၃၁




www.burmeseclassic.com

www.burmeseclassic.com

# ဉာဏ်သာသူ အနိုင်ယူစတမ်း

## ခင်မောင်အေး(မန္တလေး)

ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းကြီး ထီးနန်းဆက်ခံစိုးစံလျက် ရှိနေလေသည်။ ယင်းအချိန်အခါ၌ ဘုရားလောင်းသည် ဆင်မင်းဘဝတွင် ရောက်ရှိနေသည်။ ဟိမဝန္တာတောင်မဟာ၌ ဆင်အပေါင်း ရှစ်သောင်း နောက်လိုက်နောက်ပါ အခြွေအရံများဖြင့် နေထိုင်လျက်ရှိသည်။ တစ်နေ့သောအခါ ကံအားလျော်စွာ ဆင်များသွားလာ ဖြတ်သန်းသောလမ်းကြောင်းပေါ်မှာ နံပြည်စုတ်ငှက်မကလေး တစ်ကောင်သည် ဥများကို အမှတ်မထင် ဥ၍ ချထားမိလေသည်။ ထိုဥများမှ ငှက်သားကလေးများပေါက်လာကြကာ အမွေးအတောင်များပင် စုံစုံလင်လင် မရှိရာကြသေးမီ ဘုရားလောင်းဆင်မင်း ဦးဆောင်လျက် သွားနေလာနေကျဖြစ်သော လမ်းကြောင်းအတိုင်း ဆင်ပေါင်းရှစ်သောင်းနှင့်အတူလာနေကြသည်။ ဝန်းကျင်ပတ်ချာတစ်ခွင်လုံး အုန်းအုန်းကျွက်ကျွက်ဆူညံနေလေသည်။ အနီးအပါးရှိ တောကောင်ကြီးငယ်များတို့သည် ဟိုမှသည်၊ သည်မှဟို ရုတ်ရုတ်သဲသဲ ယောက်ယက်ခတ်ကာ တောင်တောင်မြောက်မြောက် ပြေးလွှားနေကြရ၏။

မြေပြင်တစ်ခွင်လုံးသည်လည်း သိမ့်သိမ့်တုန်နေလေသည်ဖြစ်ရာ နံပြည်စုတ်ငှက်မနှင့် သားငယ်ကလေးများ ဆင်များသွားလာရာ လမ်းကြောင်းပေါ်တွင် ကူကယ်ရာမဲ့ ဆောက်တည်ရာရှာမရ မျက်ကလူးဆန်ပျာ ကယ်ပါ ယူပါ ခေါ်စရာမရှိ ဖြစ်နေသည့်အချိန်၊ နံပြည်စုတ်ငှက်မသည် ပျာပျာသလဲ ပြေးလွှားလာရောက်လျက် ရှေ့ဆုံးမှလာနေသော ဆင်မင်းထံ လာရောက်တောင်းပန်လေသည်။

"အရှင်ဆင်မင်းကြီး…အရှင်ဆင်မင်းနှင့်တကွ အတူပါလာကြသည့် ဆင်အပေါင်းတို့ ယခုလာနေကြသော လမ်းကြောင်းပေါ်တွင် ကျွန်တော်မျိုးမ၏ အတောင်အလက် မစုံရှာသေးသည့် သားငယ်ကလေးများ ရှိနေကြပါသည်။ အရှင်ဆင်မင်းက သားငယ်ကလေးများ၏အသက်ကို ချမ်းသာပေးပါရန် အသနားခံပါသည် အရှင်ဆင်မင်း"

ထိုအခါ ဘုရားလောင်းဆင်မင်းသည် နံပြည်စုတ်ငှက်မ၏ တောင်းပန်တိုးလျှိုးမှုအား အလေးထားလျက် -

"အသင်ငှက်မကလေး…မည်သို့မျှ စိုးရိမ်သောက မဖြစ်ပါလေနှင့်။ သင်ငှက်မ၏ သားငယ်ကလေးများ၏ အသက်မဆုံးရှုံးအောင် ငါစောင့်ရှောက်ပါမည်"

ဟုကတိပေးလျက် ဘုရားလောင်းသည် ငှက်ကလေးများ၏အပေါ်မှ ခွလျက် ရပ်တန့်ကာကွယ်ပေးထားလေသည်။ နောက်ပါဆင်အပေါင်းက ဘုရားလောင်း ဆင်မင်းအား ကျော်ဖြတ်လျက် ထွက်ခွာသွားကြလေသည်။ ဆင်များအားလုံး ကျော်ဖြတ်သွားကြပြီးနောက် ဘုရားလောင်းဆင်မင်းက နံပြည်စုတ်ငှက်မငယ်ကို ခေါ်ယူလျက် -

"အသင်ငှက်ကလေး…ငါတို့နောက်မှာ ဆင်တစ်စီးလာလိမ့်ဦးမည်။ ထိုဆင်ကြီးက ငါ့စကားကို နားမထောင်ချေ။ သူ့ကိုမှ အသင်ငှက်ကလေးက တောင်းပန်တိုးလျှိုးပြီး သင့်သားငယ်ကလေးများ၏အသက်ကို စောင့်ရှောက်ကာကွယ်ပေတော့"

ဟု မှာကြားလျက် ထွက်ခွာသွားလေသည်။ များမကြာမီ ဘုရားလောင်းဆင်မင်း ပြောပြထားသည့် ဆင်ရိုင်းကြီး ရောက်ရှိလာလေသည်။ ထိုဆင်ကြီး လာနေသည်ကို တွေ့မြင်ရသောအခါ နံပြည်စုတ်ငှက်မကလေးသည် ဆင်ရိုင်းကြီးရှိရာသို့ အပြေးအလွှားသွားပြီး ခရီးဦးကြိုပြုလျက် -

"အရှင်ဆင်ကြီးရှင့်…ကျွန်မ၏ သားငယ်ကလေးများသည် ယခုအထိ အတောင်အလက် မစုံရှာကြသေး၍ အဝေးသို့ ရှောင်တိမ်းထွက်ခွာသွားနိုင်ခြင်း မရှိသေးပါ။ သားငယ်ကလေးများ၏အသက်ကို ချမ်းသာခွင့်ပေးပါ အရှင်ဆင်ကြီး"

ဟု တိုးလျှိုးတောင်းပန်လေသည်။

ဆင်ဆိုးကြီးသည် နံပြည်စုတ်ငှက်မကလေး၏ တောင်းပန်ခြင်းကို



www.burmeseclassic.com

www.burmeseclassic.com

လုံးဝအမှုမထား စာနာထောက်ထား ဂရုမပြုဘဲ -

"ငါတို့ ဆင်တွေသွားရာမှန်သမျှလမ်းဖြစ်တယ်ဆိုတာ နင်မကြားဖူးဘူးလား။ ငါဘာတတ်နိုင်မှာလဲ။ နင့်သားငယ်တွေကို ငါသတ်ပစ်မယ်။ နင့်လိုငှက်မျိုး တစ်သိန်းလောက်လာလည်း ငါက ဘာဂရုစိုက်ရမှာတုံး။ ငါ နင်တို့ကို စာရင်းထဲတောင် မသွင်းဘူး။ သိလားဟေ့"

ဟု ကြိမ်းမောင်းကာ ငှက်ကလေးများကို ကြီးမားလှသည့် ခြေထောက်ကြီးဖြင့် နင်းခြေသတ်ပစ်လိုက်ကာ ကျင်ငယ်ရည်များ ပေါက်ချလိုက်လေသည်။ ဆင်ဆိုးကြီး၏ ကျင်ငယ်ရည်တွေ သွန်ချလိုက်သည့်အခါ ကျဆင်းလာသော ကျင်ငယ်ရည်များသည် ချောင်းငယ်တစ်ခုနှယ် စီးဆင်းသွားခဲ့၏။ နှံပြည်စုတ်မ၏ သားငယ်ကလေးများသည်လည်း ဆင်ဆိုးကြီး၏ ကျင်ငယ်ရည်နှင့်အတူ မျောပါသွားကြလေသည်။ ဆင်ကြီး၏ ဒေါသတကြီး ဟစ်အော်လိုက်သံသည် တောတစ်ပြင်တွင် ကျယ်ကျယ်လောင်လောင် ပေါ်ထွက်လာကာ ဆင်ကြီးလည်း ထွက်ခွာသွားလေသည်။

နှံပြည်စုတ်ငှက်မကလေးသည် သားငယ်ကလေးများ၏ သနားစဖွယ်ရာဖြစ်အင်ကြောင့် ဝမ်းပန်းတနည်း ပူဆွေးသောကရောက်ပွေကာ ဆင်ကြီး၏ ရက်စက်လှသည့်လုပ်ရပ်အတွက် နာကြည်းလှပြီး -

"အကောင် ဘယ်လောက်ကြီးကြီး ဉာဏ်ရှိသူက ပိုမိုသာလွန်သည်ဆိုတာ သင်နောက်သုံးလေးရက်ကြာလျှင် သိစေရမည်"

ဟု စိတ်ဆိုးမာန်ဆိုး ကြုံးဝါးလိုက်၏။

နှံပြည်စုတ်ငှက်မကလေးသည် ကျီးကန်းတစ်ကောင်၊ ယင်မမဲရိုင်းတစ်အုပ်၊ ဖားတစ်ကောင်တို့အား သွားရောက်ဂါရဝပြုလျက် အကူအညီတောင်းခံကာ၊ ဆင်ဆိုးကြီးချေမှုန်းရေး စီမံချက်ကို သုံးသပ်တင်ပြသည်။ ကျီးကန်း၊ ယင်မမဲရိုင်းနှင့် ဖားတို့ကလည်း နှံပြည်စုတ်ငှက်မကလေး၏ သနားစရာအဖြစ်ဆိုးကို ကိုယ်ချင်းစာလျက် လိုအပ်သည့်အကူအညီများပေးမည်ဖြစ်ကြောင်း ကတိပေးလိုက်ကြ၏။

တစ်နေ့ ဆင်ဆိုးချေမှုန်းရေး စတင်ပါပြီ။ ကနဦး ကျီးကန်းက ကိုင်းတောတစ်ခုအတွင်း တစ်ကောင်တည်း ကျက်စားနေသော ဆင်ဆိုးကြီးရှိရာသို့ ပျံသန်းသွားပြီး ဆင်ကြီး၏ မျက်လုံးအစုံကို နှုတ်သီးဖြင့် ရုတ်တရက် ထိုးဆိတ်ဖောက်ပစ်လိုက်သည်။ သွေးတွေမြင်မကောင်းအောင် ထွက်လာလေသည်။ ဆင်ကြီး၏ နာနာကြည်းကြည်း အော်ဟစ်လိုက်သံသည် တောတစ်ခွင်တွင် ပွက်ပွက်ညံနေလေသည်။ တောကောင်အများအပြား ချောက်ချောက်ချားချားဖြစ်ကုန်ကြ၏။ ကြောက်အားလန့်အားဟိုမှသည်၊ သည်မှဟို ခြေဦးတည့်ရာပြေးလွှားသွားကြသည်။ ထိုအချိန်တွင် မူလကပင် ကြိုတင်စီစဉ်ထားသည့်အစီအစဉ်ဖြစ်ရကား ယင်မမဲရိုင်းတစ်အုပ်က သွေးရဲရဲသံရဲရဲ ဖြစ်နေသော ဆင်ကြီး၏ မျက်လုံးအစုံပေါ်မှာ ပိုးလောက်လမ်းများ လွှတ်ချပေးလိုက်ပြန်လေသည်။ မျက်ကန်းဘဝသို့ ရောက်သွားပြီဖြစ်သည့် ဆင်ဆိုးကြီးသည် ဒဏ်ရာကြောင့် ရေငတ်လာလေသည်။ ရေငတ်လာပြီဖြစ်သော ဆင်ကြီးက မမြင်မကန်း စမ်းတဝါးဝါးလျှောက်သွားလျက် ရေရှာလေသည်။

ထိုအချိန်တွင် ဖားသည်တောင်ထိပ်တစ်နေရာသို့ တက်ရောက်သွားပြီး "အုန်းအင်၊ အုန်းအင်"အော်ကာ အသံပေးသည်။ ဖားတွေရှိလျှင် ရေရှိမည်ဟု သိရှိထားသော ဆင်ကန်းကြီးသည် ဖားအော်သံထွက်ပေါ်လာရာ တောင်ထိပ်ဆီသို့ တဖြည်းဖြည်းတက်ရောက်လာလေသည်။ ဆင်ကြီး တောင်ထိပ်သို့ ရောက်ရှိလာသည့်အခါ ဖားကတောင်ကမ်းပါးဘက်သို့ ဆင်းလိုက်ပြန်လေသည်။ တောင်ကမ်းပါးပြတ် တစ်နေရာမှနေလျက် ဖားသည် "အုန်းအင် အုန်းအင်" အော်မြည်ကာ အသံပေးလိုက်သည်တွင် ဆင်ဆိုးကြီးသည် အသံကြားရာသို့ မမြင်မကန်း စမ်းတဝါးဝါး လျှောက်လှမ်းလာရင်းက ကမ်းပါးပြတ်ပေါ်မှ လိမ့်ကျသွားပြီး မရှုမလှ အသက်ဆုံးသွားရလေသည်။

နှံပြည်စုတ်ငှက်မကလေး၏ ဆင်ဆိုးကြီး ချေမှုန်းသုတ်သင်ရေးစီမံချက် အောင်မြင်ပါပြီ။ အကောင်သေးသော်လည်း ဉာဏ်ကြီးသော နှံပြည်စုတ်ငှက်ကလေး၏ သားငယ်များအတွက် ကလဲ့စားချေခြင်းကို ဆင်ကြီးထွန့်ထွန့်လူး ခံလိုက်ရချေပြီ။

ခင်မောင်အေး(မန္တလေး)

ကျမ်းကိုး

နိပါတ်တော်လာ ဇာတ်တော်ငါးရာ့ငါးဆယ် လဋုကိကဇာတ်။



www.burmeseclassic.com

www.burmeseclassic.com

# သီလရှင်ဘဝ

ဒေါ်မမွှေစာရီ(သမီးပဂျီအောင်စိုး)

သီလရှင်ဘဝနှင့် လူ့ဝတ်ကြောင်ဘဝ ကွာခြားချက်ကို မိမိကိုယ်တိုင် သီလရှင်ဝတ်ပြီး သာသနာ့ဘောင်ဝင်သောအခါမှ သိရှိခဲ့ရပါသည်။ ဘုရား၊ တရားအလုပ်ကို စိတ်တိုင်းကျ အားထုတ်လုပ်ကိုင်နိုင်ရန်မှာ လူ့ဘောင်လောက လူ့ဝတ်ကြောင်ဘဝမှာ အဆင်ပြေမှု လုံးဝမရှိဘဲ သီလရှင်ဘဝမှာ မိမိကိုယ်ကို မိမိပိုင်ဆိုင်မှု အပြည့်အဝရရှိထားသောကြောင့် စိတ်ချမ်းသာစွာဖြင့် သာသနာပြုနိုင်ခဲ့ပါသည်။ တရားအားထုတ်ရန် ရိပ်သာဝင်လိုလျှင်လည်း မိမိဝင်လိုသည့်အချိန်တွင် ဝင်နိုင်ပြီး မည်သူ့ကိုမှ ခွင့်ပြုချက်တောင်းစရာမလိုပါ။ လူ့ဝတ်နှင့်ဆိုလျှင် အိမ်သားများ အား၊ မအားကို စောင့်ကြည့်နေရပါသည်။ ဘုရားဖူးသွားလိုလျှင်လည်း ခဏခဏသွားရန် အဆင်မပြေပါ။ အိမ်မှာနေပြီး တရားထိုင်ရန်၊ တရားနာရန်မှာ တီဗွီသံ၊ စကားပြောသံတို့ဖြင့် တိတ်ဆိတ်မှုကို မရရှိသောကြောင့် အပြည့်အဝမလုပ်ကိုင်နိုင်ပါ။

ယခု သီလရှင်ဘဝတွင် ရိပ်သာကို လတိုင်းဝင်နိုင်ခြင်း၊ ဘုရားဖူးခရီး မကြာခဏသွားလိုတိုင်း သွားနိုင်ခြင်း၊ မိမိကျောင်းတွင်မိမိ တရားထိုင်ခြင်း၊ တရားနာခြင်းများကို အချိန်ပြည့်လုပ်ကိုင်နိုင်ပါသည်။ စာရေးသူသည် နေ့စဉ်ပုံမှန် နံနက် ၃ နာရီခွဲတွင်ထ၍ ဆွမ်းချက်ခြင်း၊ ဆွမ်းဟင်းများ စီစဉ်ခြင်း၊ ဆွမ်းတော်၊ ရေတော်ကပ်လှူခြင်းများကို လုပ်ကိုင်နိုင်ပါသည်။ နံနက် ၅ နာရီတွင် အားလုံးပြီးစီးသွား၍ အရုဏ်ဆွမ်းအတွက် ဆွမ်းဟင်းမဟုတ်သော နံနက်ပိုင်းစားစရာများကို စီမံပြုလုပ်ပြီး သက်သတ်လွတ်စားသော ဦးပဥ္စင်းအား ဆွမ်းပို့နိုင်ခဲ့ပါသည်။ ဘုန်းကြီးအတွက် စီစဉ်ပို့ပေးပြီးမှ စိပ်ပုတီးစိပ်ခြင်း၊ မေတ္တာပို့ခြင်း၊ တရားထိုင်ခြင်းများကို ပြုလုပ်ကာ နံနက် ၆ နာရီမှ အရုဏ်ဆွမ်း စားဖြစ်ပါသည်။

ဤကဲ့သို့ နံနက်စောစော မထနိုင်ခဲ့လျှင် တစ်နေ့တာအလုပ် လုပ်ဆောင်နိုင်ရန် အဆင်မပြေတော့ပါ။ အရုဏ်ဆွမ်းစားပြီး သိမ်းဆည်းပြီးသောအခါ တံမြက်လှည်းခြင်း၊ အဝတ်လျှော်ခြင်းများ ပြုလုပ်၍ ကိုယ်လက်လှုပ်ရှားပြီးသားဖြစ်သွားကာ ချွေးထွက်လာသောကြောင့် ခေတ္တခဏနားပြီး ရေချိုးလိုက်ပါသည်။ ရေချိုးအဝတ်အစားလဲပြီးမှ ပဋ္ဌာန်းတရားတော်ဖြင့် မြတ်စွာဘုရားအား ပူဇော်ရမှာဖြစ်ပါသည်။ ပဋ္ဌာန်းရွတ်သောအခါတွင် မိမိကိုယ်ကို သန့်ရှင်းအောင်ပြုလုပ်ပြီး အဝတ်အစားဟောင်းများကို လဲလှယ်၍ အဆင့်ဆင့်ပြုလုပ်စရာရှိသည်များကို ပြုလုပ်ပြီး ရွတ်ဖတ်ပူဇော်ရပါသည်။ ပဋ္ဌာန်းရွတ်ပြီးလျှင် မိမိရွတ်ဖတ်စရာရှိရာများကို ဆက်လက်ရွတ်ဖတ်ပူဇော်ပါသည်။ ဤနေရာတွင် စာဖတ်သူများအား စကားလက်ဆောင်အဖြစ် ရွှေမျက်မှန် မျက်စိရောဂါဝေဒနာပျောက် ဂါထာအား ‹ ›ရေးသူ ရွတ်ဖတ်ခြင်းအကြောင်းကို ရေးလိုပါသည်။ မဂ္ဂဇင်းတစ်ခုတွင်လား၊ စာစောင်တစ်ခုတွင်လား မမှတ်မိတော့ပါ။ ရွှေမျက်မှန်ဂါထာတော်ဖြင့် မိမိတွင်ခံစားနေရသော မျက်စိဝေဒနာကို ရွတ်ဖတ်ပူဇော်ခြင်းဖြင့် ပျောက်ကင်းကြောင်း ဖတ်ရှုခဲ့ဖူးပါသည်။ ယခုစာရေးသူ ညာဘက်မျက်လုံးတွင် အတွင်းတိမ်တွေ့ရ၍ ရင့်လာလျှင် ခွဲရမည်ဖြစ်ကြောင်း မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာဦးသန်းအောင်က စစ်ဆေးတွေ့ရှိထားပါသဖြင့် နောက်လေးလကြာက လာရန် ထပ်မံချိန်းဆိုထားပါသည်။ ဆရာဝန်ကြီးထံမသွား၊ ရောက်မီ အချိန်လေးလအတွင်း ရွှေမျက်မှန်ဂါထာတော်ဒ အား နံနက် ကိုးခေါက်၊ ည ကိုးခေါက်ရွတ်ပြီး အတွင်းတိမ်မရင့်လာဘဲ တဖြည်းဖြည်း ပျောက်သွားစေရန် မိမိမျက်စိအား အဓိဋ္ဌာန်ဖြင့် ရွတ်ဖတ်ကုသလျက်ရှိပါသည်။ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း ပြည်ခရိုင်၊ ရွှေတောင်မြို့ရှိ ရွှေမျက်မှန်မြတ်စွာဘုရားအား ရွှေမျက်မှန်ဂါထာဖြင့် ရွတ်ဖတ်ပူဇော်သောအကျိုးကို ခံစားရမည်ဟု ယုံကြည်ပါသည်။ ဤရွှေမျက်မှန်ဂါထာတော်အား ရွတ်ဖတ်ပူဇော်လိုသော စာဖတ်



www.burmeseclassic.com

www.burmeseclassic.com

သူများရှိလျှင် ရှုတ်ဖတ်မှုတော်နိုင်ရန် အောက်တွင် ရေးသား ဖော်ပြလိုက်ပါသည်။

## ရွှေမျက်မှန် မျက်စိဝေဒနာပျောက်ဂါထာတော်

ဒက္ခိဏက္ခိစ သုရိယော၊
ဝါမအက္ခိစ စန္ဒိမာ။
ဗုဒ္ဓစက္ခုနိ ဓာတုယော၊
အဟံဝန္ဒာမိသဗ္ဗဒါ။
တေန ပုညကမ္မေန၊
စက္ခုရောဂေါ ဝိနဿတု။

နံနက်ပိုင်း ဘုရားအလုပ်လုပ်ပြီး နေ့ဆွမ်းစားပြီးသောအခါ နေ့လယ်ပိုင်း ခေတ္တအိပ်သည့်အခါအိပ်ပြီး အလုပ်ရှိသောအခါ မအိပ်ဘဲ အလုပ်လုပ်ပါသည်။ အလုပ်ဆိုသည်မှာ စာရေးသည့်အလုပ်ဖြစ်ပါသည်။ အိပ်ရာမှနိုးသောအခါ တရားထိုင်ခြင်း၊ တရားနာခြင်းများကို ပြုလုပ်ပါသည်။ ဧည့်သည်ရောက်၍ စကားစမြည်ပြောဆိုသောအခါတွင်လည်း အကျိုးရှိသောစကားများကိုသာ ပြောဆိုပြီး အကြာကြီး မပြောဆိုကြပါ။ ညနေ ၆နာရီတွင် ဘုရားရှိခိုးဝတ်တက်ပြီး ည ၈ နာရီသတင်းနားထောင်ပြီး အိပ်ရာဝင်လေ့ရှိပါသည်။ မိမိသဘော မိမိစိတ်တိုင်းကျနေထိုင်ရ၍ စိတ်ချမ်းသာရပါသည်။

ကျင့်ဝတ်အမျိုးမျိုးရှိကြောင်းကို လူတိုင်းသိရှိကြပါသည်။ ဤကျင့်ဝတ်အမျိုးမျိုးထဲတွင် ရဟန်းကျင့်ဝတ်၊ သီလရှင်ကျင့်ဝတ်များလည်း ပါရှိရာ သီလရှင်ကျင့်ဝတ်များအနက် ယခုခေတ်ကာလနှင့် ကိုက်ညီနေသော ကျင့်ဝတ်များကို ရေးသားဖော်ပြအပ်ပါသည်။ ဤကျင့်ဝတ်များနှင့်အညီ စာရေးသူတို့ ကျင့်ကြံနေထိုင်ရပါသည်။

## သီလရှင်ကျင့်ဝတ်များ

(ယခုခေတ်ကာလနှင့် ကိုက်ညီသောအချက်များကို ကောက်နုတ်ဖော်ပြအပ်ပါသည်။)

(၁) စကားပြောကျယ်၊ အရယ်ကျယ်၊ အခေါ်ကျယ်၊ အသံမ်းကျယ်၊ အငိုကျယ် ကျယ်ငါးကျယ်ကို ပယ်ရမည်။

(၂) စကားပြောများ၊ အရယ်များ၊ အအိပ်များ၊ အစားများ၊ နဝကမ္မများ၊ ပစ္စည်းစုများ၊ လူငယ်တို့နှင့်ရောနှောများ၊ အလည်အပတ်များ များရှစ်များကို ပယ်ရမည်။

(၃) အစားကြမ်း၊ အအိပ်ကြမ်း၊ အသွားကြမ်း၊ အထိုင်ကြမ်း၊ အရယ်ကြမ်း၊ စိတ်ကြမ်း၊ ကိုယ်ကြမ်း၊ နှုတ်ကြမ်း၊ အဆုံးမကြမ်း ကြမ်းကိုးကြမ်းကို ပယ်ရမည်။

(၄) ဆန်ပိုး၊ ထင်းပိုး၊ ဟင်းရွက်ပိုး၊ ရေပိုးများကိုလည်း ရှောင်ရမည်။

(၅) ခိုက်ရန်ဖြစ်ပွား၊ ကိုယ်ထိလက်ရောက်များ ရှောင်ရမည်။

(၆) သီလရှင်များ ဘုရားပွဲ၊ ဇာတ်ပွဲ၊ အငြိမ့်ပွဲများ ကြည့်လိုခြား ရှောင်ရှားရမည်။

(၇) ဘုန်းကြီးကျောင်းသွားလျှင် ဘုန်းကြီးနှင့် သီလရှင် အကျွမ်းတဝင် ရယ်ရွှင်စကား မပြောကြားရပါ။

(၈) ဆွေမျိုးတော်မတော် ယောက်ျားဖော် မလျှော် အဝေးက ရှောင်ရမည်။

(၉) နံနက်/ည ရက်မပြတ် ဝတ်တက်ဆွမ်းတော် ကပ်ရမည်။

(၁၀) အရာရာကိုသည်းခံအပ်၊ စိတ်မဆက်ပါလေနှင့်။

(၁၁) နေ့လွဲ၊ ညစာစားခြင်း၊ ကွမ်းစားခြင်း အလျဉ်း မပြုအပ်။

(၁၂) ဝါတွင်း၊ ဝါပကာလများ ကြိုးစား တရားအားထုတ်ရ။

(၁၃) အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ဝိပဿနာတရား မြဲပွားများ နိဗ္ဗာန်ရည်မှန်းရလေ၏။

ကျန်သီလရှင်ကျင့်ဝတ်များမှာ ရှေးခေတ်အခါကာလ၊ ယခု တောရပ်တောရွာ၊ စစ်ကိုင်းချောင် စသည့်နေရာများနှင့်သာ သက်ဆိုင်သောကြောင့် မရေးတော့ပါ။

သီလရှင်ဘဝတွင် မိမိနေ့စဉ်စားသုံးနေသော အရသာနှင့်နေ့ဆွမ်း ဆွမ်းနှစ်နပ်အတွက် ဆရာကြီး၊ ဆရာလေးအား



www.burmeseclassic.com

www.burmeseclassic.com

ထုံးတို့သည် နေပူမရှောင်၊ မိုးရွာမရှောင် ရပ်ကွက်အသီးသီးရှိ လမ်းများထဲတွင် အဖိတ်နှစ်ရက်ဖြစ်သော မြို့ဖိတ်၊ တောဖိတ် နေ့များတွင် ဆွမ်းဆန်ရပ်ကြွရပါသည်။ မိမိကိုယ်၌က ဆွမ်းဆန်မရပ်ဖူးသော်လည်း သီလရှင်ဆရာကြီး ဆရာလေးများ မောပန်းစွာဖြင့် ညနေပြန်လာသည်ကို မြင်တွေ့ရပါသည်။ အိတ်ထဲတွင် အလှူခံ၍ရခဲ့သော ဆန်၊ ငရုတ်၊ ကြက်သွန်၊ ပိုက်ဆံများကို လွယ်၍တစ်မျိုး၊ ရွက်၍တစ်မျိုး မိမိကျောင်းသို့ ပြန်သယ်လာကြရပါသည်။

သီလရှင်ဝတ်မှ သီလရှင်ဘဝကို နားလည်သဘောပေါက်မိပါသည်။ ဆရာကြီး၊ ဆရာလေးများ ဆန်အလှူခံကြသောအခါ လူဝတ်ကြောင်ဘဝ "ကန်တော့ပါသေးရဲ့"ဟု ပြောမိသောစကားကြောင့် ထိုသီလရှင်မှာ အလှူခံပစ္စည်း ဘာမှမရသွားရဘဲ မေတ္တာပို့သံသာကြားရသဖြင့် ယခုမှ သနားညှာတာသည့်စိတ်၊ ကိုယ်ချင်းစာစိတ်များ ဖြစ်ပေါ်မိပါသည်။ "ငါသာ အခုလို ဆွမ်းဆန်ရပ်လို့ ဘာမှမလောင်းလိုက်ကြရင် ငါဘယ်လိုခံစားရမလဲ" ထို့ကြောင့် သီလရှင်များ ဆွမ်းဆန်ရပ်လျှင် စိတ်ထဲမှ သဒ္ဓါစိတ်၊ ကြည်ညိုစိတ်ဖြင့် လောင်းလှူကြပါ။ ၎င်းတို့မှာ မိမိတို့လောင်းလှူလိုက်သော ငွေကြေး ဝတ္ထုပစ္စည်းများကို တစ်ဦးတည်းစားသုံးခြင်း မပြုကြပါ။ ဘုရားပန်း၊ ဆီမီး၊ ဆွမ်းတော်၊ ကျောင်းထိုင်ဆရာတော် ဆွမ်းပို့ခြင်းများကို မပျက်မကွက်ပြုလုပ်ကြခြင်းကြောင့် မိမိတို့မှာ ထပ်ဆင့်ကုသိုလ်ရပါသည်။ ထို့ပြင် ဆွမ်းမစားမီ နှလုံးသွင်းဆင်ခြင်ခြင်း၊ ဆွမ်းအလှူရှင်များအား မေတ္တာပို့ခြင်းများကို ပြုလုပ်ပြီးမှ ဆွမ်းစားရပါသည်။

"ညောင်စေ့လောက်လှူရုံဖြင့် ညောင်ပင်ကြီးလောက် ကုသိုလ်ရနိုင်သောအလှူ"ဟုဆိုလျှင် မမှားပါ။ အချို့အလှူများမှာ "ညောင်ပင်ကြီးလောက်လှူသော်လည်း ညောင်စေ့လောက်သာ ရသောအလှူ"မျိုး အများအပြားရှိပါသည်။ ထို့ကြောင့် ဤဆောင်းပါးကို ဖတ်မိကြလျှင် သီလရှင်များအား စိတ်ကြည်လင်စွာဖြင့် သဒ္ဓါတရားထက်သန်စွာ လှူဒါန်းကြပါ။ မိမိကလှူလိုက်သော ကိစ္စသည် မိမိကုသိုလ်ကောင်းမှုသာဖြစ်သည်။ အချို့က သီလရှင်အချို့၏ အပြုအမူ၊ စရိုက်ကို မကြိုက်၍ ပြောမိလျှင် မိမိသာ အကုသိုလ်ဖြစ်နိုင်ပါသည်။ "ဘယ်သူမပြုမိမိမှု"ဟု ဆိုသောစကားအတိုင်း မိမိကောင်းမှုကိုသာ မိမိပြုလုပ်ပါ။

ယခုကဲ့သို့ သီလရှင်များအား လှူဒါန်းရန် ပြောဆိုနေခြင်းသည် မိမိအား လှူစေလို၍ ပြောနေခြင်းမဟုတ်ပါ။ စာရေးသူသည် ဆွမ်းဆန်ရပ်မထွက်ပါ။ လစဉ် ပင်စင်ရငွေ၊ မိသားစု၊ တပည့်များ ထောက်ပံ့ငွေဖြင့် မိမိကျောင်းတွင် အေးချမ်းစွာဖြင့် တရားဘာဝနာ အားထုတ်ခြင်း၊ စာရေးသားခြင်းများကိုသာ ပြုလုပ်နေထိုင်လျက်ရှိပါသည်။

စာရေးသူ သီလရှင်ဝတ်ရခြင်းအကြောင်းမှာ လောကီလူမှုရေးကိစ္စများကြောင့်၊ စိတ်ဆင်းရဲရခြင်းကြောင့်၊ ကျန်းမာရေးမကောင်းခြင်းတို့ကြောင့် မဟုတ်ပါ။ လောကီတွင်ငြီးငွေ့ပြီး အေးချမ်းသောတရားရိပ်တွင် ခိုလှုံလိုသဖြင့် မိသားစုအား ခွင့်ပန်ပြီး သီလရှင်ဝတ်ရခြင်းဖြစ်ပါသည်။ ယခုကဲ့သို့ အေးချမ်းစွာဖြင့် တရားဘာဝနာများ အားထုတ်ခွင့်ရခြင်း၊ စာရေးနိုင်ခြင်း၊ သာသနာပြုနိုင်ခြင်းတို့ကြောင့် စာရေးသူအား အထောက်အပံ့ပေးနေကြသော ဝေနေယျအပေါင်းတို့အား ကျေးဇူးတင်ရှိပါသည်။ ဂိုသားစုက ခွင့်မပြုလျှင်လည်း သီလရှင်ဝတ်ခွင့်မရပါ။ ပစ္စည်းလေးပါးလှူဒါန်းမည့်သူမရှိလျှင်လည်း ရပ်တည်မှုမရှိနိုင်ပါ။ ထို့ကြောင့် သီလရှင်ဘဝဆိုသည်မှာ အများကို မှီခိုနေရသူဟု ဆိုလျှင်လည်း မမှားပါ။ ကိုယ့်ဘဝ ကိုယ့်အကြောင်းထက် အများအကြောင်းကို စဉ်းစားပြီး ဤဆောင်းပါးဖြင့်၊ သီလရှင်များအား သာသနာပြုနိုင်ရန် ထောက်ပံ့ပေးစေလို၍ ရေးသားရခြင်းဖြစ်ပါသည်။

မှတ်ချက် ။ ။ သီလရှင်ဆရာကြီး ဆရာလေးများအား ကြည်ညိုသဒ္ဓါပွားကြစေရန် ရည်ရွယ်၍ ရေးသားရခြင်းဖြစ်ပါသည်။

---

**ဒေါ်ခမ္မစာရီ(သမီးဗဂျီအောင်စိုး)**

---



www.burmeseclassic.com

www.burmeseclassic.com

# မေတ္တာရောင်ပြန်

မောင်ပုတ်စည်

မေတ္တာဆိုတာ ပျားရည်လိုပါပဲ။ မရန်းပင်၊ တမာပင် ဘာအပင်မှာ စွဲစွဲ ချိုမြဲပါပဲ။ မေတ္တာသဏ္ဌာ အနန္တောလို့ မြတ်စွာဘုရားရှင် ဟောကြားသကဲ့သို့ ဘယ်ဘာသာ ဘယ်လူမျိုးမှာမဆို မေတ္တာထားဖို့၊ လူသားချင်းစာနာဖို့ အဆုံးအမတွေ ရှိကြတာချည်းပါပဲ။ အတူတူပါပဲ။

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့ ဗုဒ္ဓဝင်မှာ အောင်ခြင်းရှစ်ပါးဆိုတာ လူတိုင်းသိပြီးသားပါ။ မိမိကိုလာသတ်တဲ့ ရန်သူကို မြတ်စွာဘုရားဟာ မေတ္တာနဲ့အောင်မြင်တာပဲ။ မေတ္တာတရားနဲ့ပတ်သက်လို့ ထူးခြားတဲ့အဖြစ်တစ်ခု အကြောင်းတစ်ဆင့် သိရတာလေးကို ပြောချင်လို့ပါ။

ကျွန်တော် အယ်ဒီတာလုပ်စဉ်က ကျွန်တော်တို့မဂ္ဂဇင်းတိုက်ကို ပန်းချီဆရာကြီးတစ်ဦး မကြာမကြာလာတယ်။ အပ်တဲ့ပုံဆွဲပြီးလို့ လာပို့တာလည်းပါတယ်။ အယ်ဒီတာတွေနဲ့ လက်ဖက်ရည်သောက်ရင်း ရေးပေါင်းနှောင်းဖြစ် စကားစမြည်ပြောချင်တာလည်း ပါတယ်ပေါ့။

ပန်းချီဆရာကြီးဟာ တော်လှန်ရေးခေတ်တုန်းက မျိုးချစ်ရဲဘော် ဆတ်ဆတ်ကြဲတစ်ဦး၊ တော်လှန်ရေးရဲဘော်ဟောင်းကြီးလည်း ဖြစ်ပါတယ်။ ပန်းချီကလည်း တော်ပါတယ်။

ဒါပေမယ့် လောလောဆယ်မှာတော့ သူလည်း အဆင်သိပ်မပြေလှဘူး။ ဒါနဲ့ သူစဉ်းစားတယ်။ သူငယ်ချင်းဟောင်း၊ မိတ်ဟောင်း၊ တော်လှန်ရေး ရဲဘော်ဟောင်းတွေနဲ့ တွေ့ဦးမှဆိုပြီး တွေ့ဖြစ်ဆုံဖြစ်ကြတယ်။ သူတို့အားလုံးလည်း ကိုယ့်လိုပဲ သိပ်အဆင်မပြေလှကြဘူး။ သင့်ရာ လုပ်ကိုင်စားသောက်နေကြတယ်။

သူကတော့ သူတို့ထက် ထူးခြားတာက ပန်းချီပညာရှင် အနုပညာသမားတစ်ဦးဖြစ်နေတဲ့အချက်ပဲ။ ဒါကြောင့် ဘယ်မှလည်း ထွေထွေထူးထူး အလုပ်အတွက် မပြောဘူး။

အဲဒီမှာ မေတ္တာကို သူသတိရလာတယ်။ စိတ်ကူးတစ်ခုပေါ်လာတယ်။ တော်လှန်ရေးတုန်းက အတူတူတွဲလုပ်ခဲ့ရတဲ့ သူ့အထက်ကပုဂ္ဂိုလ်က နိုင်ငံ့အကြီးအကဲဖြစ်နေပါယ်။ ဘာရယ်မဟုတ်ပါဘူး။ လူဟောင်းတွေ ပြန်တွေ့ချင်တဲ့စိတ်လည်း ပါတယ်ပေါ့။ သူနေတာကလည်း ဗဟန်း ရွှေဂုံတိုင်မှာဆိုတော့ ရွှေတိဂုံဘုရားနဲ့လည်း နီးတာကိုး။ ဒါနဲ့ ဘုရားတက်ပြီး ပုတီးစိပ်ရင်း ထိုအကြီးအကဲကို မေတ္တာပို့တယ်။ မေတ္တာသုတ်ကိုလည်း ခုနစ်ခေါက် နေ့စဉ်မပြတ်ရွတ်တယ်။

သူမှတ်ထားတဲ့ ရက် ၉၀(သုံးလ) အတိနေ့မှာ သူ့ကိုလာခေါ်တယ်။ မေတ္တာရောင်ပြန်ပေါ့တဲ့။ ဘယ်လိုမှတွေ့ဖို့ မလွယ်ကဲ့ အကြီးအကဲခေါ်ရတဲ့အကြောင်းရင်းက ဒီလို။ တစ်နေ့ ထိုအကြီးအကဲအိမ်မှာ စားသောက်ပြီး စကားစမြည်ပြောရင်း မဆီမဆိုင် ထိုအကြီးအကဲက "ဟော့ဟိုပန်းချီဆရာ တစ်ယောက်လည်း ဘယ်ပျောက်နေလဲမသိဘူး။ ဟိုနောက်ပိုးသိပ်ပိုးတဲ့ကောင်လေကွာ" လို့ သူ့အရာရှိတွေကို ပြောသတဲ့။ ဒါလေးပဲ။

အဲ . . . နောက်နေ့လည်းကျရော သူ့ကိုလာခေါ်တာပါပဲ။ အကြီးအကဲနဲ့တွေ့တော့ မင်းဘာလုပ်နေလဲလို့မေးတယ်။ ဘာအလုပ်မှမရှိဘူး။ ပန်းချီဆရာဆိုတော့ အရုပ်ရေးတာပေါ့လို့ ဖြေတယ်တဲ့။

မင်းက တခြားနေရာတွေမှာဆိုလည်း လုပ်မှာမဟုတ်ဘူး။ နေပါဦးကွာ။ မင်းနဲ့လိုက်တဲ့နေရာ ငါစဉ်းစားဦးမယ်ဆိုပြီး ခေတ္တတွေးနေတယ်။ ပြီးလည်းပြီးရော အားရပါးရပြောတယ်တဲ့။ ဟာ . . . ဟုတ်ပြီ၊ မင်းပန်းချီကျောင်းမှာဆို အဆင်ပြေမယ်ဆိုပြီး ချက်ချင်းစုံစမ်းခိုင်းတယ်။

အတော်ဖြစ်သွားတယ်။ အဲဒီအချိန်တုန်းက ပန်းချီကျောင်းမှာ ကျောင်းအုပ်ကလိုနေတော့ အဆင်သင့်ဖြစ်သွားတာပေါ့။ သူ့ကို ကျောင်းအုပ်ခန့်လိုက်တယ်။

ဒါ ပန်းချီဆရာကြီးကိုယ်တိုင် ပြောပြတာပါ။ ဒီလို မေတ္တာပို့ရင် အလုပ်အကိုင် အဆင်ပြေတယ်။ ဒီလိုလုပ်လို့ သူ့အလုပ်ရတာ အဆင်ပြေတာလို့တော့ မပြောလိုပါဘူးတဲ့။ ဒါပေမယ့် သူအဆင်ပြေတဲ့အချိန်မှာတော့ မေတ္တာပို့နေတယ် ပွားနေတယ်ဆိုတာကို ပြောတာပါတဲ့။

အခုအခါမှာတော့ ထိုပန်းချီဆရာကြီး နိုင်ငံအကြီးအကဲပုဂ္ဂိုလ်ကြီးများဟာ နှစ်ဦးစလုံး မရှိကြတော့ပါဘူး။ ပန်းချီဆရာကြီးကိုယ်တိုင် ပြောပြခဲ့တဲ့ သူ့ကိုယ်တွေ့ဖြစ်ရပ်ကို သူတို့မရှိမှ ရေးတာပါ။

မောင်ပုတ်စည်



www.burmeseclassic.com

www.burmeseclassic.com



# ဖြည်တွင်းဖြည်ပ
# ဝိညာဉ်လောက ယုံကြည်ချက်များ

လှတိုး(စိတ်ပညာ)

**ပန်းချီဦးဘကြည်နှင့် ဝိညာဉ်လောက**

ပန်းချီဦးဘကြည်သည် သရဲကို ယုံကြည်သူမဟုတ်။ ကြောက်တတ်သူလည်းမဟုတ်။ တစ်ခါက ဘိုကလေးဆရာအတတ်သင်ကျောင်းရှိ သူငယ်ချင်းတစ်ဦးထံ သွားရောက်လည်ပတ်ရင်း အောက်ဒိုးပန်းချီဆွဲရန် စိတ်ကူးနှင့် ခရီးထွက်ခဲ့ခြင်းဖြစ်လေသည်။ တစ်ညနေ နေဝင်ရီတရောအချိန် ဆရာသည် သူ့သူငယ်ချင်း၏ စက်ဘီးကလေးကိုစီးရင်း မြို့ပြင်ဘက်သို့ ထွက်ခဲ့လေသည်။ လမ်းတွင် စက်ဘီးချိန်းကြိုး ရုတ်တရက်ပြုတ်၍ ရပ်ပြီး ချိန်းကြိုးကိုပြန်တပ်ပြီး ဆက်စီးလာသည်။ ခရီးအနည်းငယ်သာသွားရသေးသည်။ ချိန်းကြိုးမှာ ပြန်ပြုတ်သွားသည်။ တစ်ခါ ဆင်းပြင်ပြီး ဆက်နင်းခဲ့ရာ အတန်ကြာသော် ချိန်းကြိုးပြုတ်ပြန်သည်။ ဒီတစ်ကြိမ် ချိန်းကြိုးဆင်းတပ်စဉ် မျက်နှာတစ်ခုပေါ်လာသည်ကိုတွေ့ရ၍ မကြောက်တတ်သောသူ ဖြစ်သော်လည်း ပန်းချီဦးဘကြည် ကြက်သီးများ ဖြန်းဖြန်းထသွားလေသည်။ ဆရာသည် ဒါသရဲလားမသိဘူး။ ပုံတူဖမ်းဆွဲရရင် သိပ်ကောင်းမှာပဲဟု



www.burmeseclassic.com

www.burmeseclassic.com

အတွေးက ရုတ်ခြည်းဝင်လာပြီး စက်ဘီး နောက်ခုံပေါ်တင်ထားသော ပန်းချီပစ္စည်း အိတ်ထဲက Sketch စာအုပ်ကလေး ထုတ်၍ သရဲပုံဆွဲရန် ဟန်ပြင်ရာ သရဲလည်း ချက်ချင်း ထွက်ပြေးပျောက်ကွယ်သွားလေသည်။ သရဲပုံဆွဲရတော့မည့် စိတ်ကူးထားသော ဆရာ့အကြံအစည်လည်း ပျက်ခဲ့ရလေသည်။

နောက်တစ်နေ့ သူ့သူငယ်ချင်း ပန်းချီဆရာနှင့် မြို့ထဲထွက်လမ်းလျှောက်လာစဉ် တစ်နေရာ၌ လူအုပ်စုတစ်စုကို တွေ့ရသဖြင့် စုံစမ်းကြည့်ရာ သရဲဝင်ပူးနေခြင်းဖြစ်ကြောင်းသိရ၍ ဆရာလည်း စပ်စုပြီး လူအုပ်ထဲတိုးဝင်ကြည့်ရာ သရဲပူးနေသော သူငယ်ကလေးကို တွေ့ရလေသည်။ အဆိုပါ သရဲပူးနေသော သူငယ်လေးက ဆရာဦးဘကြည်ကို တွေ့လျှင်တွေ့ချင်း တွေတွေကြီးကြည့်ပြီး လက်စသတ်တော့ မင်းကိုးဟုဆိုလေရာ ဆရာက ဟော့ကောင် ငါ့ကိုသိလို့လားဟု မေးလိုက်သည်။ သရဲပူးသူက သိတာပေါ့ကွာ။ မနေ့ညနေက မင်းစီးလာတဲ့ စက်ဘီးချိန်းကြိုးကို သုံးခါ ဖြုတ်ခဲ့တာ ငါပဲတဲ့။ အခု ငါ့မှာ စားစရာမရှိလို့ လာတောင်းတာ။ မနေ့က မင်းက ငါ့ပုံကိုဆွဲမယ်လုပ်လို့ ဒရောသောပါးထွက်ပြေးခဲ့ရတယ်ဟုပြောရာ ဆရာလည်း ကြောက်တတ်သူမဟုတ်သော်လည်း ကြက်သီးမွေးညင်းထခဲ့ရသည်ဟု ပြောပြဖူးပါသည်။

တစ်ခါကလည်း ဆရာဦးဘကြည်သည် ပန်းချီဆရာကြီးဦးငွေကိုင်နှင့် အောက်ဒိုးထွက်ဖူးရာ တကယ်မဟုတ်သော သိုက်ဘုရားတွေဘက်ရောက်သွားပြီး ဘုရားကြားထဲက မိန်းမချောတစ်ဦး ရုတ်တရက်ထွက်လာပြီး ပျောက်ကွယ်သွားသည်ကို မျက်ဝါးထင်ထင် တွေ့ခဲ့ရဖူးလေသည်။ ဆရာကြီးဦးငွေကိုင်က ဒါတကယ့်လူမဟုတ်ဘူး။ ဥစ္စာစောင့်ကွဟုပြောသော်လည်း တယ်ပြီးမယုံချင်လှ။ သို့သော်လည်း ပန်းချီဦးဘကြည်က မယုံချင်ပေမယ့် လက်တွေ့ကြုံခဲ့ရပါသည်ဟု သူ၏ဝိညာဉ်လောက အတွေ့အကြုံကို ပြောပြဖူးပါသည်။

## နိုင်ငံတော်အဓိပတိကြီး ဒေါက်တာဘမော်၏ ချီးကျူးခံရပုံ

နိုင်ငံတော် အဓိပတိကြီး ဒေါက်တာဘမော်က နိုင်ငံတော်ဖွဲ့စည်းရေးအတွက် ပန်းချီဦးဘကြည်ကိုတွေ့ဖို့ အခေါ်လွှတ်ပြီး နောက်တစ်နေ့ ၁၀ နာရီ သူ့ရုံးကိုလာတွေ့ဖို့ အခေါ်လွှတ်လိုက်လေသည်။

နိုင်ငံတော် အဓိပတိကြီးနှင့်တွေ့ဖို့ရန်မှာ မလွယ်လှပေ။ စည်းကမ်းအလွန်ကြီးသည်။ ထို့ကြောင့် ဆရာဦးဘကြည်ကလည်း ဥုနှတ်ပိတ်နှင့် မည်သို့ကြောက်မှာလဲ။ နောက်နေ့ ၁၀ နာရီဆရာသည် အင်္ကျီလက်တိုအဖြူလေးနှင့်သွားသည်။ ဆရာသည် ယခုရွှေတိဂုံဘုရားလမ်း စိန်ရောင်ခြည်ဘုရားဘေးက လမ်းကြားလေးအတိုင်း ဝင်သွားသည်။ အစောင့်အိမ်ထဲက တာဝန်ကျရဲသားက ဘယ်သွားမလဲမေးတော့ အဓိပတိကြီးနှင့်တွေ့ရန်လို့ ပြောလိုက်တယ်။ ဘာကိစ္စလဲ၊ ဘာလဲနှင့် တွေ့ခွင့်မပြုချေ။ ဆရာဦးဘကြည် စကားသိပ်မပြောတော့။ ပြန်လာခဲ့သည်။ သို့သော် အဲဒီနေ့တွင်ပဲ သက်ဆိုင်ရာကလိုက်လာပြီး နောက်နေ့ ၁၂ နာရီတိတိ လာတွေ့ဖို့ပြောရာ ခုနလာစဉ်က အစောင့်က မဝင်ရလို့ပြောထားလိုက်သည်။ တကယ်သွားသောနေ့မှာတော့ အစောင့်ကိုယ်တိုင်က ကြိုဆိုပြီးလိုက်ပို့ပါသည်။ ဆရာကလည်း သူ့ထုံးစံအတိုင်း ဥုနှတ်ပိတ်နှင့် ရှုတ်လိုက်သည်။ ဒေါက်တာဘမော်နှင့် တိုက်ရိုက် ၁၂ နာရီတိတိ၌ တွေ့ရပြီး ဒေါက်တာဘမော်က "ဘကြည် ဗမာပြည်ကြီး ဒီလိုဒီလို အစိတ်စိတ်ကွဲနေတယ်။ ဒါကို ကျွန်ုပ် ယောဒီလိုစုစည်းချင်တယ်ဆိုပြီး ဆွဲပြတယ်။ ဆရာဦးဘကြည်က ဒေါက်တာဘမော်မျက်နှာနှင့် သူကိုယ်တိုင် မြန်မာပြည်ပုံကြီးကို ဆွဲစီတဲ့ပုံရေးပြီး ပုံပေါ်တွင် ဥုနှတ်ပိတ်ရှုတ်ပြီး သွားပို့ပေးလိုက်တယ်။ ဒေါက်တာဘမော်က မျက်နှာ ဝင်းခနဲဖြစ်သွားကာ ကျွန်ုပ်လိုချင်တာ ဒါပဲဆိုပြီး ဆရာဦးဘကြည်ကို ချီးကျူးခဲ့သည်ဟု မှတ်သားရဖူးပါသည်။

နောက်တစ်လတွင် ပန်းချီဆရာဦးဘကြည်နှင့် ဘိုးပေါက်စိန်အကြောင်း တင်ပြသွားပါမည်။

**လှတိုး(စိတ်ပညာ)**


စာညွှန်း

ပန်းချီလှတင်ထွန်း ပြုစုသည့် ပန်းချီဦးဘကြည်ဘဝနှင့် သူ့လက်ရာ။



www.burmeseclassic.com

www.burmeseclassic.com



# ဗာဂျီးနီးယားမှ စာ(၃)

■ မောင်ကောင်းမြင့်

ရက်စွဲ

၂၁ မေ ၂၀၁၅

မိတ်ဆွေများနှင့် ချစ်ခင်သူများသို့

ဗာဂျီးနီးယားသည် နယူးယောက်နှင့် မတူ။

အမေရိကန် ပြည်ထောင်စုတွင် နယူးယောက်မြို့သည် မြေအောက်ရထားနှင့် ကားလိုင်း။ အဝေးပြေးရထားလိုင်း အပြည့်စုံဆုံးဖြစ်သည်မို့ ကိုယ်ပိုင် မော်တော်ကားမလို။ ဗာဂျီးနီးယား၏ ကား၊ ရထားတို့သည် သတ်မှတ်ချိန်များ၌သာဖြစ်၍ အချိန်ခြားလှတယ်။ ကိုယ်ပိုင်ကား အားကိုးရတယ်။ သဘောကတော့ ကားရှိမှလို့တောင် ဆိုရမယ်။ အခြားမြို့ပြအင်္ဂါများ ပြည့်စုံ၍ အေးချမ်းလှတယ်။ နယူးယောက်က ရန်ကုန်လိုပဲ။ ဗာဂျီးနီးယားကတော့ နေဖို့ကောင်းတယ်။ လည်ပတ်သွားလာရေးခက်တာမို့ စာဖတ်ချိန်များလာတယ်။

ယခုရက်ပိုင်းအတွင်း ဖတ်ခဲ့ရတဲ့ သတင်းတွေထဲမှာ အများဆုံးဖတ်ရတာက ၂၀၁၆ သမ္မတရွေးပွဲသတင်းတွေဖြစ်တယ်။ ဒီမိုကရက်တစ်ပါတီက သက်တမ်းနှစ်ကြိမ် ရထားခဲ့ပြီးပြီမို့ ရီပတ်ဗလီကန်ပါတီကလည်း သည်တစ်ကြိမ်မှာ အနိုင်ရဖို့ ကြိုးစားနေတယ်။ ဒီမိုကရက်တစ်ပါတီက နောက်သမ္မတသစ်အတွက်လည်း ရဖို့ကြိုးပမ်းကြတာ တွေ့နေရတယ်။ ယခုကတော့ စောသေးလို့ ပါတီကြီးနှစ်ခုစလုံးက အဆုံးအဖြတ် မဖြစ်သေးဘူး။ (၂၀၁၅ မြန်မာနိုင်ငံ သမ္မတရွေးပွဲမှာတောင် သည်လောက် နီးကပ်နေပေမယ့် အာဏာရပါတီကြီးက ယခုအထိ "ပေါက်ကောင်"မဖွင့်ပေးတဲ့ သတင်းများ ကြားနေရတယ်။ အင်တာဗျူးတွေမှာ ဝေ့လည်ကြောင်ပတ်ဖြစ်နေတယ်။ (မိမိကိုယ်တိုင် မဆုံးဖြတ်ရဘဲ တစ်ဦးတစ်ယောက်က ခွင့်ပြုမှထင်ရာယ်။)

ဒီက သတင်းတွေထဲမှာတော့ ဖလော်ရီဒါပြည်နယ် အုပ်ချုပ်ရေးမှူးဟောင်း ဂျက်ဘု(ရှ်)(Jeb Bush)နှင့် လက်ရှိ ဆီနိတ်တာမာကို ရူဘီအို (Marco Rubio) အကြိတ်အနယ်သတင်းလည်းဖတ်ရတယ်။ အလားတူဝစ်(စ်)ကိုဆင်ပြည်နယ် အုပ်ချုပ်ရေးမှူး စကော့ဝေါ်လ်ကာ (Scott Walker) သတင်းလည်း ဖတ်ရတယ်။ ယှဉ်ပြိုင်ဖို့ အားလုံး ၃၀ လောက်မှန်းထားတယ်။ တချို့က ကြေညာပြီ၊ တချို့က မကြေညာသေးဘူး။ ၂၀၁၅ ဇွန်၊ ဇူလိုင်မှာတော့ အတိအကျသိကြရပေမယ်။ လက်ဟောင်းပါတီကြီး Grand Old Party ရဲ့ "ဆင်"ကြီးဘယ်သူလဲ။

အလားတူပဲ ဒီမိုကရက်တစ်ပါတီက ထိပ်ဆုံးကပြေးနေတဲ့ ၂၀၀၁-၂၀၀၉ နယူးယောက်ပြည်နယ် ဆီနိတ်တာ



www.burmeseclassic.com

www.burmeseclassic.com

လည်းဖြစ်ခဲ့။ ၂၀၀၉-၂၀၁၃ နိုင်ငံခြားရေး ဝန်ကြီးလည်းဖြစ်ခဲ့တဲ့ ဟီလာရီ ကလင်တန် (Hillary Clinton) နှင့် အတူ ပါဝင်ယှဉ်ပြိုင်ဖို့ ကြေညာပြီးသူ ဗားမော့ပြည်နယ် ဆီနိတ်တာ ဗားနေ ဆန်းဒါးစ် (Bernie Sanders) အပါ အဝင် ယခုလက်ရှိ ဒုတိယသမ္မတ ဂျိုးဘိုင်ဒင်(Joe Biden)တို့ရောပေါ့။ (ဗာဂျီးနီးယားပြည်နယ်က သမ္မတတို့ မွေးဖွားရာ မြေဆိုပြီး နာမည်ရှိခဲ့တဲ့ပြည် နယ်ပဲ။ ဆီနိတ်တာဂျင်း(မ်)ဝက်(ဘ်) (Jim Webb)ကို မျှော်လင့်နေကြတယ်။ အချိန်လိုသေးတာမို့ ဆက်လက် ဖတ်နေရမှာပါပဲ။

ကဲ…သမ္မတလောင်းတွေသတင်း ပြီးတော့ သမ္မတအိုဘားမားရဲ့ သတင်း တစ်ပုဒ်က မှတ်သားစရာစကားကို ဖတ် ရတယ်။ International Day Against Homophobia and Transphobia နေ့မှာ ထုတ်ပြန်တာပဲ။

LGBT လို့ခေါ်တဲ့ Lesbian မိန်းမချင်းချစ်သူများ။ Gay ယောက်ျား ချင်းချစ်သူများ၊ Bisexual ကျား၊ မ လိင်စိတ်နှစ်ခုရှိသူများ၊ Transgender လိင်ပြောင်းထားသူများအားလုံးဟာ လူ့ အခွင့်အရေး ရပိုင်ခွင့်ရှိသူများဖြစ်တယ် လို့ ထုတ်ပြန်ချက်ပဲ။ လူ့အခွင့်အရေး စာလုံးထဲမှာ သည်ကိစ္စလည်းပါတယ်။ ဒါကို ရီပတ်ဗလီကန်ကတော့ ကြိုက်ပုံ မရဘူး။ ဘာပဲပြောပြော ပုံမှန်မဟုတ်တဲ့ သဘောတွေကို ဆောင်နေကြတာကို လူ့အခွင့်အရေးဆိုတဲ့ နိုင်ငံရေးထဲက ဆိုင်းဘုတ်အောက်မှာ လွတ်လပ်စွာခွင့် ပြု ချက်ပေးခြင်းကတော့ အငြင်းပွား နေဆဲ ပြဿနာပါပဲ။ ထားတော့။ ဆေးပညာရှင်တွေရဲ့ ရှုထောင့်က အလေး ထားဖတ်ရှုသင့်တယ်လို့ ထင်ပါတယ်။ စိတ်ပိုင်းဆိုင်ရာနှင့် ပတ်သက်နေတယ်။

နောက်သတင်း (အယ်ဒီတာအာ ဘော်)ခန်းက နိုင်ငံရေးကာတွန်းတစ်ပုဒ် က အမေရိကန်နိုင်ငံရဲ့ စီးပွားရေးဆက် ဆံမှုဖြစ်ရပ်မှန်ကို ဖော်ထုတ်လိုက်တာ ပဲ။ (အယ်ဒီတာ့အာဘော် Editorial နှင့် Opininon အကြောင်း အယ်ဒီ တာဆောင်းပါးများမှာ ရေးခဲ့ပြီးဖြစ် တယ်။)

ကာတွန်းဆရာက Politico သတင်းစာကြီး၏ ပင်တိုင်ကာတွန်း ဆရာ Matt Wuerker ရဲ့ ပြောင် လှောင်ဖယ်ထုတ်ချက်ပဲ။ အမေရိကန် နိုင်ငံကြီးက လွတ်လပ်စွာ ကုန်သွယ်မှု Free Trade လုပ်ရာမှာ ပထမဦးစွာ MAFTA လို့ ခေါ်တဲ့ Malaysia Australia Free Trade Agerrment အဖွဲ့ဝင်နိုင်ငံများနှင့် ကုန်သွယ်ရေး ခလုတ်နှိပ်လိုက်ပါတယ်။ (ထိုနိုင်ငံများ နှင့် ၂၀၁၃ မှ ကုန် သွယ်မှုစတင်လိုက် တာပါ။) အမေရိကန်ကြီးရဲ့ အကျိုးကျုတ် ပြီး ပါသွားတယ်။ သဘောကတော့ အနှုတ်ခံလိုက်ရတယ်ပေါ့။

ဒုတိယအကြိမ်မှာ တရုတ်နှင့် လွတ်လပ်စွာ ကုန်သွယ်ရေးခလုတ်နှိပ် လိုက်တယ်။ ကဲ…ဒီတစ်ကြိမ်လည်း ကျရော အမေရိကန်ကြီးရဲ့ဦးထုပ်နဲ့ ဘောင်းဘီကြီးပါသွားပြီ။ အောက်ခံ ဘောင်းဘီအတိုလေးဖြင့်သာ မြင်ရတဲ့ အတိုင်း မသက်မသာ ကျန်ရစ်ခဲ့ရ တယ်။ ဘယ့်နယ်ရှိစ။ လွတ်လပ်စွာ ကုန်သွယ်ရေး။

နောက်ဆုံးလက်ကျန် လွတ်လပ် စွာကုန်သွယ်မှုခလုတ်ကတော့ TPP= Trans Pacific Partnerships ပဲဖြစ် တယ်။ အဆိုပါ TPP က နိုင်ငံ ၁၂ နိုင်ငံပါဝင်တယ်။ ဩစတြေးလျ၊ ဘရူ နိုင်း၊ ကနေဒါ၊ ချီလီ၊ ဂျပန်၊ မလေးရှား၊ မက္ကဆီကို၊ နယူးဇီလန်၊ ပီရူး၊ စင်ကာပူ၊ အမေရိကန်နှင့် ဗီယက်နမ်နိုင်ငံတို့ပဲ ဖြစ်တယ်။ (တရုတ်(တိုင်ပေ)နှင့် တောင် ကိုရီးယားလည်း ပါဝင်လာကြပြီ)။ သည် ခလုတ်ကိုတော့ နှိပ်နေပြီ။ ဘာဖြစ်ဦး မလဲ။ ဆက်လက်ရှုစားရန် ချန်ထားပေ မယ့် ခလုတ်နှိပ်နေသူ အမေရိကန်ကြီး ရဲ့ ပုံကတော့ နောက်ဆုံးအကွက်က ပုံအတိုင်းပဲ မြင်နိုင်ပါတော့တယ်။

သည်ကာတွန်းဟာ နိုင်ငံရေး၊ စီး ပွားရေးကို စာမဲ့ကာတွန်းအဖြစ် အထိ ရောက်ဆုံး ဖော်ပြတာမို့ အလွန်အတု ယူသင့်တဲ့ လက်ရာနှင့် အတွေး၊ အရေး (ပုံဆွဲ)ကောင်းပဲ။ တကယ့်ကာတွန်းလို့ ပဲ ဆိုပါရစေတော့။

သည်တစ်ပတ် ဖတ်မိသမျှထဲက အမှတ်ထင်ထင် ဖြစ်တာလေးတွေကို မျှဝေလိုက်တာပါ။ ကိုယ်ဖြင့် ခရီးသွား ခြင်းမဟုတ်ဘဲ စိတ် (စာဖတ်ခြင်းအသိ ဖြင့်) အမေရိကန်ရဲ့ နိုင်ငံတစ်ခွင်ကို သွားရောက်လိုက်ခြင်းလို့ပဲ ဆိုပါရစေ တော့။ တစ်နိုင်ငံလုံးကို သတင်းစာဖတ် ရင်း ပတ်မိခဲ့ပြီကော။

**မောင်ကောင်းမြင့်**



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်ုပ်နှင့် ထူးဆန်းအံ့ဖွယ်ရာ ဝိဇ္ဇာကြီးများ (၂၁)

## ပထမံ ဆရာကြီးဦးအောင်သူ

### ရသေ့ကြီး အောင်ဩမိ

ကျွန်ုပ်သည် အသက် ၂၀ ကျော် အရွယ်ကတည်းက ဘာသာရေးလိုက်စား၍ ပုတီးစိပ်ခြင်း၊ တရားထိုင်ခြင်း၊ ဂိုဏ်းဂဏလိုက်စားခြင်း စသော လောကီဂမ္ဘီရပညာတို့ကို အစဉ်တစိုက် လေ့လာလိုက်စားခဲ့ရာ မိမိနှင့်တန်းတူညီတူ မိတ်ဆွေဆရာများအပြင် မိမိထက်ကြီးသော ဆရာကြီး၊ သမားကြီးတို့ထံ၌လည်း ပညာဆည်းပူးခြင်းများ ပြုလုပ်ခဲ့ပါသည်။

အချိန်ကတော့ ၁၉၇၆ ခုနှစ်တွင် ကျွန်ုပ်တစ်ဦးတည်း ရွှေတိဂုံစေတီတော်သို့သွား၍ ပုတီးစိပ်အဓိဋ္ဌာန်များ ဝင်လေ့ရှိသည်။ ဤသို့ဖြင့် ၁ွားရင်းလာရင်း မိတ်ဆွေတစ်ဦးကို စတင်တွေ့ရပါသည်။ ထိုသူကား ရွှေတိဂုံမြောက်ဘက်မုခ်စောင်းတန်းရှိ ပန်းပုဆရာကိုကျော်ထွန်းဖြစ်ပါသည်။ တွေ့တွေ့ချင်းပင် သူနှင့် ခင်မင်ရင်းနှီးခဲ့ရပါသည်။

တစ်နေ့တွင် ကိုကျော်ထွန်းနှင့် စကားလက်ဆုံနေချိန်တွင် တစ်ကိုယ်လုံး၌ ခရုသင်းစွဲနေသော ဆရာကြီးတစ်ပါးကို တွေ့ရတော့သည်။ ထိုဆရာကြီး၏နာမည်မှာ ဆရာချစ်ဖြစ်ပါသည်။ ဆရာချစ်သည် အသက်အားဖြင့် ၆၀ ကျော် ၇၀ နီးပါးရှိပါသည်။ ဆရာချစ်သည် ဝင်းဂိုဏ်းမှ ထက်မြက်သော ဆရာကြီးဖြစ်ကြောင်း သိရသည်။

ကိုကျော်ထွန်းဆိုင်တွင် ဆရာချစ်အပြင် အခြားသော ဆရာကြီးတစ်ဦးကိုလည်း သိခွင့်ရခဲ့သည်။ ၎င်း၏အမည်မှာ ပထမံဂိုဏ်းမှ ဆရာကျော်ဖြစ်ပါသည်။ ၎င်းတို့ ဆရာကြီးနှစ်ဦးသည် ပညာရင့်ကျက်မှန်း သိရသည်။

ကျွန်ုပ်နှင့်ဆရာချစ် တွေ့ပါများတော့ ရင်းနှီးသောဘဝကို ရောက်ရှိခဲ့ပြီး ၎င်းဆရာချစ်မှ ကျွန်ုပ်ကို ရွှေတိဂုံစေတီတွင် တစ်ချိန်က အဓိဋ္ဌာန်ကျော်ခဲ့သော ရသေ့ကြီးအောင်ဩ အကြောင်းကို ပြောပြလေ့ရှိသည်။ ကျွန်ုပ်ကတော့ ရသေ့ကြီးအောင်ဩမိကို မမီလိုက်ပါ။ သို့သော် ဆရာချစ်မှ သူ၏ရသေ့ဆရာဖြစ်သော ရသေ့ကြီးအောင်ဩမိဓာတ်ပုံကို ကျွန်ုပ်ကိုပေးသဖြင့် သိရပါသည်။

ရသေ့ကြီးအောင်ဩမိသည် သီလ၊ သမာဓိနှင့် ပြည့်စုံ၍ အစွမ်းထက်ကြောင်း ဆရာချစ်၏ပြောပြချက်ကြောင့် သိရသည်။

ရသေ့ကြီး အောင်ဩမိသည် အင်္ဂလိပ်ခေတ်က M.A အောင်ခဲ့သည်ဟု ဆိုပါသည်။ ရုပ်ချော၊ ပညာလည်းတတ်၊ လူပျိုကြီးဖြစ်သည်။ ဒါပေမယ့် ခေတ်ပညာကို အသုံးမချ။ လောကီဂမ္ဘီရပညာကို လိုက်စားပြီး ရသေ့ဝတ်ဖြင့် နေထိုင်ပါသည်။ ၎င်း၏ကိုယ်တွင် အညိုရောင် ဝတ်ဆင်ပြီး ဦးခေါင်းတွင် ဒေါက်ချာအရှည်ကြီးကို အမြဲဆောင်ထားလေ့ရှိသည်။

ရသေ့ကြီး အောင်ဩမိသည် ရွှေတိဂုံစေတီရှိ တစ်ခုသောတန်ဆောင်းတွင် အခြေချနေထိုင်ခဲ့သည်ဟု ဆိုပါသည်။ သိဒ္ဓိမဟိဒ္ဓိနှင့် ပြည့်စုံ၍ လူအများ ကြည်ညိုလေးစားခြင်းခံရသည်။ ဤသို့သောအကြောင်းကြောင့် လူကုံထံအသိုင်းအဝိုင်းများ ကိုးကွယ်ဆည်းကပ်ကြ၏။

ထိုအချိန်က နာမည်ကြီးသော ပုဂ္ဂိုလ်များနှင့် နာမည်မကြီးသော ဘိုးတော်များလည်း နေထိုင်ကြသည်။

ဤသည်နှင့် တစ်ချိန်တည်း၌ပင်



www.burmeseclassic.com

www.burmeseclassic.com

စစ်ကွင်းဆရာတော်ကြီးသည်လည်း ရွှေတိဂုံစေတီ တနင်္ဂနွေထောင့်ရှိ ဇရပ်ကြီးတစ်ခုတွင် ပွဲပေါင်းမြောက်မြားစွာနှင့် နေထိုင်ခဲ့လေသည်။

တစ်နေ့သောအခါ ရသေ့ကြီး အောင်ဩဘိထံသို့ မန္တလေးမှ နဂါးဒေါ်ဥ ရောက်ရှိ၍လာသည်။ နဂါးဒေါ်ဥနှင့် ရသေ့ကြီး အောင်ဩဘိတို့သည် ဆရာတပည့်ဖြစ်သည်။

နဂါးဒေါ်ဥသည် ရသေ့ကြီးအား ဦးချလျက် -

"အဘ သမီး မနက်ဖြန် မန္တလေးကို လေယာဉ်နဲ့ပြန်မယ်။ ဒီမှာ လေယာဉ်လက်မှတ်လည်းဝယ်ခဲ့တယ်"ဟု ဆို၍ နဂါးဒေါ်ဥမှ ဘရသေ့ကြီးကို လေယာဉ်လက်မှတ်ကို ပေးလိုက်ပါသည်။

နဂါးဒေါ်ဥပေးလိုက်သော လေယာဉ်လက်မှတ်ကို ဆရာရသေ့ကြီး အောင်ဩဘိမှ သေချာစွာကြည့်ရှုလျက် ဖြစ်ခန်းပြည်အောင် ဆုတ်ဖြဲလိုက်ရာ-

နဂါးဒေါ်ဥမှ "ဟင်··အဘ ဘယ်လိုလုပ်လိုက်တာလဲ"ဟု အံ့ဩစွာမေးလိုက်၏။

ထိုစဉ် ဆရာရသေ့မှ "ဟဲ့··· သမီး နောက်တစ်ပတ်မှပြန်"ဟူ၍ တိုတိုပင်ဆိုပါ၏။

နဂါးဒေါ်ဥမှာ ဘရသေ့ကို စိတ်ဆိုးရလည်းအခက်။ နဂိုကပင် အလွန်ကြည်ညိုရ၍ မည်သို့မျှပြန်မပြောရဘဲ ဘရသေ့ကို ဦးချ၍ ပြန်ခဲ့ပါသည်။

နောက်တစ်နေ့ ဖြစ်စဉ်တစ်ခုမှာ အလွန်အံ့ဩဖွယ်ကောင်းသော သတင်းဆိုးတစ်ခုကို နဂါးဒေါ်ဥသည် ကြားရလေ၏။ ၎င်းစီးနင်းလိုက်ပါလာမည့် လေယာဉ်မှာ ပုပ္ပားတောင်မကြီးနှင့် တိုက်မိ၍ ပျက်ကျသွားကြောင်းသိရ၏။

နဂါးဒေါ်ဥမှာ ဘရသေ့ထံ အပြေးကလေးရောက်လာလျက် ၎င်း၏နဖူးနှင့် ဘရသေ့၏ခြေစုံကို အကြိမ်ကြိမ်တိုက်လျက် နှုတ်မှလည်း -

"အဘရယ်···သမီးကို ကယ်လိုက်တာ ဘယ်လိုကျေးဇူးဆပ်ရမှန်းတောင် မသိတော့ဘူး"

ဘရသေ့လည်း ဒေါ်ဥခေါင်းကို သပ်လျက် "သမီး··နောင် ဒီလိုအဖြစ်မျိုး မဖြစ်တော့ဘူး။ မင်း သာသနာပြုဖို့ အသက်ရှည်အောင် နေပေတော့"ဟု ဆိုပါသည်။

နဂါးဒေါ်ဥသည် သူ့အသက်ကို ကယ်သော ရသေ့ကြီးအောင်ဩဘိအတွက် ဘဏ်တစ်ခုတွင် စာရင်းဖွင့်၍ ဘရသေ့သုံးစွဲရန် ငွေအမြောက်အမြားကို ထည့်ပေးခဲ့သည်ဟု သိရ၏။

တစ်နေ့သောအခါ ဆရာချစ်နှင့် ရသေ့ကြီးအောင်ဩဘိတို့သည် ခရီးတစ်ခုသွားရန် ဟမ်းလမ်းဘူတာဘက်သို့ လျှောက်ခဲ့ကြသည်။ ဆရာတပည့်နှစ်ဦး ရထားစီးရန် ဘူတာဘက်သို့ လျှောက်သွားစဉ် ရထားတစ်စင်းသည် အမြန်နှုန်းဖြင့် ခုတ်မောင်းလာနေသည်။ ဆရာတပည့်နှစ်ဦးမှာ ဘူတာရောက်ရန် အတော်လေးလိုသေးသည်။

ထိုစဉ် ရသေ့ကြီးအောင်ဩဘိသည် လမ်းဘေးရှိ တစ်တောင်ခန့်ရှိ တုတ်ချောင်းတစ်ချောင်းကို ကောက်ယူပြီး ရထားသံလမ်းပေါ်တွင် ကန့်လန့်တင်လိုက်ပါသည်။ ထိုစဉ် အရှိန်နှင့်လာသော ရထားမှာ ဘရသေ့ချထားသော တုတ်တစ်ချောင်းအနီးတွင် မမျှော်လင့်ဘဲ တုံ့ခနဲရပ်သွားတော့သည်။

ဘရသေ့မှာ "လာ···မောင်ချစ် ရထားပေါ်အမြန်တက်"ဟုဆို၍ နှစ်ဦးသား ရထားပေါ်တက်ပြီး ထိုင်ချစဉ်တွင် ထိုအချိန်ရထားသည် ပြန်လည်ထွက်ခွာသွားတော့သည်။

ဆရာချစ်သည် ထိုကဲ့သို့ အံ့ဩဖွယ်ရာဖြစ်စဉ်ကို ကျွန်ုပ်အား ပြောပြခဲ့သည်မှာ ယခုဆိုလျှင် နှစ်ပေါင်း ၄၀ ကျော်ခဲ့လေပြီ။

ဒါကြောင့် ထူးဆန်းအံ့ဩဖွယ်ကောင်းသော ရသေ့ကြီး အောင်ဩဘိအကြောင်းကို ယနေ့တိုင် မမေ့နိုင်ပါပေတော့သတည်း။

**ဝထမံဆရာကြီး ဦးအောင်သူ**





www.burmeseclassic.com

www.burmeseclassic.com

# ဘဝအမောဖြေစင်မယ့် လှတောတစ်ခွင်ဟာသများ

## ဦးကောင်းထူး

### ဇာတ်စင်ပေါ်က မင်းသားလား

ရန်ကုန်က အမြန်ဆုံးပြန်ပြေးချင်ပေမယ့် မပြန်နိုင်သေးဘဲ လှတောသားကြီးတွေဟာ နာမည်ကြီး ဇာတ်သဘင်တစ်ခုကို ကြည့်ဖြစ်ကြတယ်။ ဇာတ်ဝင်ခန်းတစ်ခုမှာတော့ နာမည်ကြီးမင်းသားချောဟာ အဝတ်လှန်ပြီး အပေါ့်စွန့်ဟန်သရုပ်ဆောင်ပြတာကို လှတောသားကြီးက ကောင်းကောင်းမှတ်မိနေတယ်။

ဒီလိုနဲ့ သူတို့စီးလာတဲ့ကားက ကားသမားနဲ့ ခရီးသည်တစ်ယောက် စကားများတယ်။ ဒရိုင်ဘာဘေးမှာ မိန်းမခရီးသည်ကိုသာတင်ပြီး ယောကျ်ားခရီးသည်ကို မတင်တာက စတာလေ။

ဒရိုင်ဘာက ရှက်ရမ်းရမ်းဟဲ့အနေနဲ့ ရန့်ရှန့်ကြမ်းကြမ်းဆဲတဲ့အခါမှာ -

"ရိုင်းပြယုတ်မာလိုက်လေ ကားသမားရယ်။ မင်းကိုယ်မင်း ဇာတ်စင်ပေါ်ကမင်းသား မှတ်နေရော့လားလို့"

လှတောသားကြီးက မှတ်ချက်ချလိုက်တယ်။ ခရီးသည်တချို့က အဓိပ္ပာယ်ကိုနားလည်တဲ့အတွက် ရယ်မောကြတယ်။

✿ ✿ ✿

### ပြောင်းဆန်သွားတယ်

လှတောသား ကားဂိတ်က ကွမ်းယာဆိုင်တစ်ဆိုင်ဘေးမှာ လူငယ်တစ်စုဟာ စိတ်နောက်နေသူကို မထိတထိစနေကြတယ်။ ကွမ်းရိုးနဲ့ပေါက်သူပေါက်၊ ဆေးလိပ်တိုနဲ့ပစ်သူပစ်၊ ခါးကိုတို့သူတို့ လုပ်နေကြတယ်။

ကွမ်းယာသည်ကတော့ ဒီစိတ်နောက်သူရိုက်လို့ ကားသမားနှစ်ယောက် ခေါင်းပေါက်သွားတာ မြင်ထားရသူဖြစ်တဲ့အတွက် သတိပေးပုံက ဒီလို -

"မင်းတို့ သွားမစနဲ့နော်။ သူစိတ်ဆိုးပြီဆိုမှဖြင့် အာဋ္ဌာဝကဘီလူးရဲ့ခေါင်းကို တုတ်နဲ့ခေါက်မိသလားမှတ်ရ။ ကားဂိတ်တစ်ခုလုံး ပြောင်းဆန်သွားတယ်"

အဲဒီတော့မှ လူငယ်တွေ ရယ်မောပြီး ထွက်သွားကြလေရဲ့"

✿ ✿ ✿

### မိုးခိုလို့တော့ မရဘူး

ရန်ကုန်သား ဧည့်သည်အနေနဲ့ လှတောသားမှာ လာရောက်တည်းခိုနေရင်းနဲ့ သက်ငယ်ခွေ သယ်ယူနေတာ မြင်တဲ့အတွက် ဈေးနှုန်းကိုမေးပြီး ပခုံးတွန့်ပြတယ်။

"ဒီမှာလည်း သက်ငယ်က ဈေးကြီးတာပါပဲလား။ ကျွန်တော်က ရန်ကုန်က ဓနိတွေတစ်ပျစ်ကို ပြား ၉၀၊ တစ်ကျပ် ဈေးကြီးလှပြီမှတ်နေတာ"

"အလိုလေး . . . ခင်ဗျားတို့ရန်ကုန်ဓနိနဲ့ ကျုပ်တို့သက်ငယ်ကို မနှိုင်းပါနဲ့ဗျာ။ ခင်ဗျားတို့ဓနိကို အိမ်မိုးမယ့်အစား မန်ကျည်းရွက်နဲ့ပဲ မိုးတော့မယ်။ အလိုလေးဗျာ ဓနိတဲ့ ဆိတ်မိုးခိုလို့တောင် မလုံဘူး"

ရန်ကုန်သားမှာ ဘာမှမချေပနိုင်ဘူး။ လိုမ့်ပြီးရယ်နေရတယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## လုလိုက်ပုံကလည်း

ရှာသာကြီးက ကောက်ရိတ်သမတွေနဲ့ လုတောကကောက်ရိတ်သမတွေ အလုပ်သိမ်းလို့ အတူပြန်လာကြရင်းက ရွာသာကြီးမှာ လူတစ်ယောက် ကွယ်လွန်တဲ့အကြောင်းရောက်သွားတယ်။ သေသူက ပျိုပျိုရွယ်ရွယ်ကလေးတဲ့။

"အမလေး...သေတယ်သာဆိုတာ မိတ်ကပ်လုပ်ထားလိုက်တာ အပျံစား။ အဝတ်တွေကလည်း အကောင်းစား။ ရွှေတွေကလည်း ဆင်ထားသေးတယ်။ ဒီလိုသာပြင်ဆင်ပေးမယ်ဆိုရင် ငါတောင် သေချင်ပါရဲ့"

ရွာသာကြီးသူက အားရပါးရ သွားရည်တွေကျပြီး ပြောတော့ လုတောသူတစ်ယောက်ကလည်း -

"အရင်လထဲတုန်းက သေသွားတဲ့ တို့သူငယ်ချင်းဆိုရင် ညည်းတို့မသာထက် သာတာပေါ့။ ပြင်ဆင်ထားလိုက်တာ အလိုလေး ထပြီးကတော့မလား မှတ်ရတဲ့။ လုလိုက်ပုံကလည်း ပြေးဖက်ချင်စရာကြီး"

သိတယ်မဟုတ်လား။ လုတောသူကို ဘယ်သာနိုင်ပါ့မလဲ။ ရယ်နေကြတယ်။

✿ ✿ ✿

## နတ်ဝတ်ပုဆိုး တိမ်မီးခိုး

ရွာမင်းသားတစ်ယောက်ဟာ နေကလေးအစောင်းမှာကြော့ကြော့မော့မော့ ဝတ်ဆင်ပြီး ကားဂိတ်ကိုထွက်လာတယ်။ နေရောင်ခြည်က တာပေါ်ကို မေးတင်ချိန်။ သူကတာပေါ်မှာ ကားကားကြီးရပ်ချိန်။ သွားပြီး ဆုံမိကြတယ်။

ကာယကံရှင်က ဘာမှမသိပေမယ့် လက်ဖက်ရည်ဆိုင်ထဲက လူတစ်ယောက်ကတော့ အထင်းသား အကွင်းသား မြင်နေရတဲ့အတွက် -

"အလိုလေး လုံချည်ရယ် ပါးလိုက်လေကွယ်။ ပင့်ကူမျှင်နဲ့များ ရက်ထားသလားမသိဘူး"

"ဘယ်ဟုတ်ရမှာလဲ။ တိမ်မျှင်နဲ့ထိုးပြီး မီးခိုးနဲ့ဖောက်ထားတာဗျ"

နောက်တစ်ယောက်က ထပ်ဖြည့်ပေးတဲ့အခါ ဘေးလူတွေရယ်မောကြတယ်။

✿ ✿ ✿

## နေးပါဘိခြင်း

ရွှေဘိုမန်းကားတွေဟာ မြန်တာများပါတယ်။ မြန်လွန်းလို့တောင် အမောင်းကြမ်းတယ်၊ ရမ်းတယ် ပြောခဲ့ဖူးကြတာပဲ။ လုတောသားကြီး ကနေ့စီးလာတဲ့ ကားကတော့ထူးထူးခြားခြား နေးနေတယ်။

ရှေ့မှာ အူကြီးစား စက်ပစ္စည်းတင်တဲ့ ယာဉ်သွားနေလို့ လမ်းအကျယ်ကို စောင့်နေတာလည်း မဟုတ်ဘူး။ ကားက စက်မမှန်တာ။ စက်မမှန်တော့ မခွဲဘူး။ မခွဲတော့ နေးတာပေါ့။ ဒီအခါမှာ ထမင်းဆာနေတဲ့ လုတောသားက -

"အလိုလေးကွယ့် နေးရာလိုက်တာ ကားရယ်။ သံခြေချင်းခတ်ထားတဲ့ လိပ်ကို စီးသွားရရင် အခုထက်မြန်ဦးမယ်ကွယ့်"

သူ့လိုပဲ ပြောချင်လို့ ပါးစပ်ပြင်နေတဲ့ ခရီးသည်တွေက ဝမ်းပန်းတသာ ရယ်ကြတယ်။

✿ ✿ ✿

## နှိုင်းပြီဆိုမှဖြင့်

မဒီမသာ မျက်နှာကြီးတွေနဲ့ တချို့ စိတ်မချမ်းသာတဲ့ မျက်နှာကြီးတွေလည်းပါရဲ့။ ခေါင်းငိုက်စိုက်ကျပြီး ပြန်လာကြတာ။ တော်တော်နဲ့ စကားမပြောဖြစ်ကြဘူး။ လမ်းကွေ့ကလေးတစ်ဆစ် ချိုးကိုရောက်မှ တစ်ဦးက ညည်းတယ်။

"သိတဲ့လူက ပြောတော့လည်း မယုံဘူး။ တယ်လည်း တစ်ယူသန်တာကလား"

"သိလို့ တစ်ယူသန်တယ်ဆို တော်သေးရဲ့။ အခုသိလည်း သိတာမဟုတ်ဘူး"

တစ်ယောက် ရေနှောညည်းတဲ့အခါ နောက်တစ်ယောက်က -

"ထောင်လည်း ထောင်လွှား မောက်လည်း မောက်မာသေးဗျ။ မောက်မာလိုက်ပုံများတော့ အလိုလေးဗျာ။ နန်းမတော်မယ်နှရဲ့လုံချည် လေပါလာပြီး နန်းတော်ပြာသာဒ်မှာကပ်နေသလားမှတ်ရ" -

စိတ်ပျက်ညှိုးငယ်နေသူတွေအတွက် ရယ်ရွှင်ဆေးတစ်ခွက် ဖြစ်သွားတယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## ပေါ်ကြွယ် တောအလယ်

ဒီပွဲမှာ လုတောသားကြီးက ညေ့်သည်ပါ။ အိမ်ရှင် [illegible]လည်း ရင်းနှီးခင်မင်ပြီးသား ဖြစ်နေတဲ့အတွက် [illegible]တုန်းရောက်ခိုက်မှာ အမှတ်တရ ဖြစ်သွားအောင် [illegible]အပါအဝင် စားစရာအစုံအလင်နဲ့ ပျော်ပွဲစားဆန်ဆန် [illegible]ထားတယ်။

ဥယျာဉ်ထဲမှာ ဟင်းနံ့တွေကြိုင်နေတယ်။ ယမကာ [illegible] ညေ့်သည်ကြီးက ဖုံးဖိထားတဲ့ အိုးခွက်တွေကို [illegible]ကြည့်ပြီး ပြန်လှည့်လာရာက -

"ချိုင့်ထဲမှာက ဘဲကြွပ်ကြွပ်ကြော် ပလတ်စတစ်အိတ် [illegible]ထဲမှာက ဝက်အူချောင်း၊ ဒန်အိုးကြီးထဲမှာက ကြက်သား [illegible] ကျွန်အိုးထဲမှာ ဆိတ်သားဟင်း အလိုလေး ပေါရိသာဒရဲ့ ညောင်ပင်အောက်ကို ရောက်နေသလားမှတ်ရကွယ်တို့"

ပျော်ပျော်ကြီး ရေရွတ်လိုက်တဲ့အခါ ပျော်ရွှင်တဲ့ ရယ်သံတွေ ညံနေတယ်။

✿ ✿ ✿

## ပြတ်သားပုံကား

ဗီဒီယို၊ ဗီဒီယိုနဲ့ ကြားနေရတာ ကြာပြီ။ အခု တစ်ယောက်နှစ်ကျပ်နဲ့ လာပြတော့ အလုအယက် ကြည့်ကြတာပေါ့။ ဒါပေမယ့် စက်ပဲ ချွတ်ယွင်းနေလို့လား။ ကားကပဲ အပြာကားမို့ အပြာလွန်ပြီး မှောင်နေသလား မသိဘူး။

မြင်ရတာကတော့ ဝါးတာနဲ့ မှုန်မေးမေးကြီးပဲ။ ပင်ကိုက မျက်စိအားနည်းနေတဲ့ ဦးကြီးတစ်ယောက်က သည်းမခံနိုင်ဟန်နဲ့ ထလာပြီး -

"အလိုလေး ဗီဒီယိုရယ်၊ ဘာမှ မမြင်ရပါကလားကွယ်။ မမြင်ရချက် ထူးပုံကတော့ သပိတ်ဖင်မှာ မီးသွေးနဲ့ ရေးထားတဲ့ ရတနာပုံဆရာမှုန်ရဲ့ ပန်ချီးကားကြီးလား မှတ်ရယော့"

သူပြောနီး၊ ငါပြောနီး စောင့်နေတဲ့ ပွဲကြည့်ပရိသတ်ကြီးအနေနဲ့ အားရဝမ်းသာနဲ့ ထောက်ခံရယ်မောကြတာ မြိုမ့်ကြီး ကွဲသွားမတတ်ပါဘဲ။

✿ ✿ ✿

## ပြိုင်စရာမရှိပြိုင်

ကားပေါ်မှာ မန်ကျည်းတုန်းရှာသူတွေနဲ့ လုတောသူတွေ စပ်မိစပ်ရာ လျှောက်ပြောကြရင်း "မီးဘေးရှောင် မလောင်ခင်တား"တဲ့ကိစ္စဘက် ရောက်သွားတယ်။ ဒီအခါ လုတောသူတစ်ယောက်က ဝက်လက်မီးကို သံဝေဂယူတယ်။

"ဝက်လက်မီး ကြီးမကြီးတော့ မသိဘူး။ တို့လုတောသူတွေ ညကြီးသန်းခေါင်မှာ တာပေါ်တန်းစီပြီး သန်းတုပ်ကြလောက်အောင်ဆိုးတာ"

ဒီအခါ မန်ကျည်းကုန်းသူက

"ဟယ် • • •နင့်ဝက်လက်မီးက ဘာဟုတ်သေးလဲ။ စစ်ကိုင်းမီးကမှ ငွေလမင်းကို မီးဟပ်လို့ မှိုင်းတွေစွဲသွားရောမဟုတ်လား"

လို့ ပြောလိုက်တာကို လုတောသူ မခံနိုင်ပါ။

"အလိုလေး ညည်းစစ်ကိုင်းမီးထက် သာတာပေါ့။ ဟိုနှစ်ကလောင်တဲ့ မန္တလေးမီးဟာ မြဟ္မာနှစ်ဆယ်အထိ မီးခိုးတွေတက်တော့ ဗြဟ္မာကြီးတွေ ချောင်းဆိုးရတာ လုတောဆေးပေးခန်းမှာ ချောင်းဆိုးပျောက်ဆေးလာတောင်းကြပါကလား"

✿ ✿ ✿

## ဖြစ်ရပုံနှယ်လေ

ဆံပင်ညှပ်ဆိုင်မှာ ထိုင်နေကြတဲ့ လူငယ်တချို့က မိန်းမပျိုကလေးတစ်ယောက်ကို နောက်ပြောင်ကြတယ်။ မိန်းကလေးက ဘာမှပြန်မပြောဘဲ ရွာထဲဝင်သွားပေမယ့် ဆယ်မိနစ်လောက်အကြာမှာ မိန်းမပျိုရဲ့ယောက်မဖြစ်သူ ရောက်လာပြီး သိမ်းကျုံးဆဲတော့တယ်။

ဆဲဆိုသူမောလို့ ပြန်သွားတော့မှ လူငယ်လေးတစ်ယောက် ပြောတယ်။

"အံ့သြစရာပဲနော်။ အမေက လာဆဲရင်တော်ရဲ့၊ အစ်ကိုလာဆဲဆို ဟုတ်သေးရဲ့။ ထန်းပင်ပေါ်ကလိမ့်ကျတဲ့လူကို အပမမှီဘဲ မြူအိုးကောက်ကူ အပ်မှီရတယ်လို့"

မျက်နှာငယ်လေးတွေနဲ့ ထိုင်နေသူတွေ အခုမှပဲ ကျယ်ကျယ်လောင်လောင် ရယ်ဝံ့တော့တယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## ဖြစ်လာလိုက်ပုံက

ယနေ့အဖို့ ဝက်လက်ကို ရောက်မှ ရောက်ပါဦးမည်လား စိုးရိမ်ရလောက်အောင် ကျောက်ချထားတဲ့ ဝက်လက်ကားဟာ ခရီးသည်တွေ ညည်းတွားအော်ဟစ်ကြတဲ့အတွက် လှတော့ကားဂိတ်ကို နောက်ဆံတင်းစွာနဲ့ ဖြည်းဖြည်းချင်း ထွက်ခွာချိန်မှာ လူတစ်ယောက် ပြေးလာတယ်။

ဟိုးဟိုးနဲ့လည်း တစ်အော်တည်း အော်တယ်။ လက်မောင်းမှာချိတ်ထားတဲ့ ထီးက ခါယမ်းနေတယ်။ ပခုံးက လွယ်အိတ်ခမျာရှေ့ရောက်လိုက်၊ နောက်ရောက်လိုက် အဆိုးဆုံးကတော့ ကြွပ်ကြွပ်အိတ်ပါပဲ။

"အလိုလေးသူရယ် ပြေးလာလိုက်ပုံများ လက်ခြောက်ဖက်ရှိတဲ့ မာရ်နတ်သား ခွေးရှူးလိုက်ကိုက်လို့ အိုးနင်းခွက်နင်း ဖြစ်လာသလားမှတ်ရ"

✿ ✿ ✿

## ဘာ့ထွတ်နန်းတောင် နေလို့လော

လက်ဖက်ရည်ဆိုင်မှာ လူစုံချိန်၊ လူကျချိန်ဖြစ်တယ်။ ဦးကြီးတစ်ယောက်ဟာ သတင်းစာဖတ်ချင်လို့ လက်ဖက်ရည်ကိုမသောက်နိုင်သေးဘူး။ သတင်းစာဖတ်နေတဲ့လူ သတင်းစာကို ဖြန့်နေရကလည်း ပိတ်လိုက်ရော အပြေးသွားတောင်းတယ်။

စားပွဲပြန်လာပြီး လက်ဖက်ရည် တစ်ခွက်စုပ်သောက်ပြီးမှ သတင်းစာကို နောက်ဆုံးကစလှန်တယ်။ စဝီရီယိုကြော်ငြာတစ်ပုဒ်ကို မိန်းမလှပုံကလေးနဲ့တွဲလျက် တွေ့လိုက်တဲ့အခါ -

"အလိုလေး · · ·မေဆွိဆိုတာ လက်စသတ်တော့ မိန်းကလေးပါလား။ လှလိုက်လေကွယ်ရို့၊ ခတ်ပုံကိုမြင်ရုံနဲ့ လည်ချောင်းထဲကို ရေခဲတုံးကြီး လျှောခနဲဝင်သွားလား မှတ်ရပေါ့"

ရယ်လိုက်ကြတာ တစ်ဆိုင်လုံး သောသောညံသွားတာပါပဲ။

✿ ✿ ✿

## မရိုးတောကို မြင်ရပုံ

လှတောသား သားအဖတို့ တောလည်ပုံထွက်လာကြတယ်။ တောလည်တယ်ဆိုတာ ဟင်းစားအတွက် ချိုကလေး၊ ခါကလေး၊ ယုန်ကလေး အစရှိတာတွေ ပစ်ခတ်ဖမ်းဆီးဖို့ ထွက်လာတာကို ဆိုတာပါ။

သူတို့သွားတဲ့ လမ်းဘေးတစ်လျှောက်မှာ မရိုးပင်တွေရှိတယ်။ ရှေ့ကသွားတဲ့ လူတစ်ယောက်ဟာ တွေ့သမျှ မရိုးပင်တွေကို ဓားနဲ့ခုတ်သွားတယ်။ မရိုးစေး ဖြူဖြူတွေဟာ စိမ့်ခဲ ယိုဆဲပဲ။

အဲဒါကို သတိထားမိတဲ့ သားက -

"အဖေရေ ရှေ့ကသွားတဲ့လူ မရိုးပင်တွေကို ဓားစမ်းသွားလိုက်တာ နွားနို့အိုး မှောက်သလားမှတ်ရ၊ ဖွေးနေတာပဲဗျာ" လို့ ပြောတဲ့အတွက် ဖခင်မှာ ပြုံးနေမိတယ်။

✿ ✿ ✿

## မလတ်သမျှခေါင်

ဒီလှတောသားကြီးက မီးရထားလမ်းတစ်လျှောက် ဘူတာမှာရောင်းတဲ့ ထမင်းထုပ်တွေနဲ့ အခါခါ တွေ့ဖူးကြုံဖူးပေါင်းများနေတော့ ဝယ်မစားဘူး။ နောက်ရထားကိုစောင့်ရမှာမို့ နာရီဝက်လောက်ကြာမယ်ဆိုသံ ကြားတော့မှ ထမင်းဆိုင်ထဲ ပြေးဝင်လာတယ်။

ဆိတ်ကလီစာတစ်ပွဲလို့ အော်ပြီးရုံရှိသေးတယ်။ ဟင်းနဲ့ထမင်းရောက်နေပြီ။ လက်ဆေးပြီး ထမင်းကိုနှိုက်လိုက်ရာက -

"ထမင်းမှတ်လို့ ကိုင်မိပေါ့၊ ရေခဲတုံးနဲ့ တွေ့နေပါကလား"

လို့အော်ပြီး ထမင်းတစ်လုတ်စားတယ်။ နောက် ဟင်းပန်းကန်ကို နမ်းကြည့်ပြီး -

"အလိုလေးဟင်းရယ် တကောင်းအဘိရာဇာမင်းရဲ့ စားတော်အုပ်ထဲက ဟင်းတွေများလားကွယ်ရို့"လို့ ထပ်အော်လိုက်မိတယ်။ စောစောကတည်းက သူ့ကိုကြည့်ပြီး ပြုံးနေခဲ့သူတွေဟာ အခုတော့ အရမ်းရယ်ကြတော့တာပဲ။

ဦးကောင်းထွေး




www.burmeseclassic.com

www.burmeseclassic.com

# သူတော်စင်ဝိဇ္ဇာဓရကြီးတို့၏

## ကျင့်စဉ်နှင့်ဖြစ်ရပ်ဆန်းများ (၅)

ဝိဇ္ဇာဓရဆရာအောင်



ပို့မျှစ်နုနယ် ငယ်ရွယ်စဉ် အသက် ၂၀ ကျော်မှစပြီး အပေကျမ်းဂန်များကို သင်ယူတတ်မြောက်ပြီးချိန်တွင် တောင်တန်းသာသနာပြုရန် စိတ်အားသန်သောကြောင့် မိမိတစ်ကိုယ်တည်း တောင်တန်းခရီးကို ကြွချီတော်မူသော အရှင်မြတ်တစ်ပါးသည် သပိတ်တစ်လုံး၊ တောင်ဝှေးတစ်ချောင်း၊ ယပ်တစ်စင်း၊ လွယ်အိတ်ကြီးတစ်လုံး အစရှိသည်တို့ကို သယ်ဆောင်လျက် တစ်တောင်တက်၊ တစ်တောင်ဆင်း ချင်းတို့ နေထိုင်ရာသို့ ကြွလှမ်းနေသည်ကို သိခဲ့ရသည်မှာ ကြာခဲ့ပါပြီ။

ထိုအရှင်သူမြတ်၏ ဆန္ဒသည်ကား တောင်တန်းဒေသ၌ နေထိုင်ကြသော တိုင်းရင်းသားလူမျိုးစုတို့အတွက် ပညာဗဟုသုတနှင့် ဗုဒ္ဓဘာသာဝင်ဖြစ်ရန် စိတ်ရည်သန်ပြီး ထိုခရီးကို ကြွခြင်းဖြစ်ပေသည်။

တစ်ခါတစ်ရံ ဆွမ်းအလို့ငှာ အလှူခံရာတွင် အခက်အခဲ တွေ့ရသည်။ ဤအချက်က ဆွမ်းအဖြစ် ပြောင်းဆန်ထမင်း၊ ကန်စွန်းဥပြုတ်၊ ပြောင်းဖူးပြုတ် စသည်တို့ဖြစ်သည်။ သူတို့က မြန်မာစကားမပြောတတ်ပါ။ လက်ဟန်ခြေဟန်နှင့်ပင် ပြောဆိုရပါသည်။ သူတို့ကလည်း သဘောပေါက်ကာ ထိုအရှင်မြတ်ကို ကူညီကြပါသည်။

နှစ်တွေကြာသောအခါ တစ်စနှင့်တစ်စ တိုင်းရင်းသားတို့ရဲ့စကားကို နားလည်သလို တိုင်းရင်းသားတို့ကလည်း မြန်မာစကားကို ထိုအရှင်ရဲ့သင်ပြမှုကြောင့် သူတို့လည်း ပြောတတ်ဆိုတတ်လာပါတော့သည်။

ထိုအရှင်သည် တောင်တန်းဒေသတွင် သီတင်းသုံးနေထိုင်ခဲ့ရာ နှစ်ပေါင်းအတော်ကြာခဲ့လေသော် အံ့ဩဖွယ်ရာ ဖြစ်ရပ်ဆန်းများ ဖြစ်ပေါ်ခဲ့လေသည်။ ထိုဖြစ်စဉ်ကား ထိုအရှင်သီတင်းသုံးရာ ကျောင်းခေါင်မိုးပေါ်တွင် ပြိုးပြိုးပြက်ပြက် အလင်းရောင်များထွက်ပေါ်နေသည်ကို နဂလူမျိုးများမှ မြင်တွေ့ကြ၏။ ထိုအချိန်ကစပြီး နာဂလူမျိုးများသည် ထိုအရှင်ကို ယုံကြည်စွာ ကိုးကွယ်ကြတော့သည်။

ဤကဲ့သို့ အဆန်းတကြယ်ဖြစ်ပေါ်ခြင်းရဲ့ အကြောင်းအရာမှာကား ထိုအရှင်ရဲ့ အကျင့်သီလသမာဓိကို အထောက်အကူရရှိရန်မှာ ညစဉ်ညတိုင်း နတ်ချစ်သောဂါထာ ရွတ်ဖတ်ပူဇော်ခြင်း၊ ဂုဏ်တော်ကွန်ချာကို အမြဲမပြတ် ရွတ်ဖတ်ပူဇော်ခြင်းတို့က ထိုအရှင်ရဲ့ သိဒ္ဓိမဟိဒ္ဓိ ပြည့်စုံရရှိစေရန် နတ်ကောင်းနတ်မြတ်များနှင့် ဝိဇ္ဇာဇော်ဂျီ တပသီတို့မှ ဝိုင်းဝန်းကူညီ မစခြင်းဖြစ်ပါသည်။ တစ်နည်းဆိုသော် သိဒ္ဓိမဟိဒ္ဓိ လမ်းစဉ်ဖြစ်သည့် ဝိဇ္ဇာတို့လျှောက်သော လမ်းအစပင် မဟုတ်ပါလော။

နှစ်တွေကြာညောင်းခဲ့ရပြန်ပါတယ်။ တောင်တန်းပေါ်မှာ သာသနာပြုပြီး မြေပြန့်ခရီးကို ကြွခဲ့ပါတယ်။ ဒီခရီးအစအဖြစ်ပဲ မန္တလေးရွှေမြို့တော်ကို ကြွခဲ့ပါတယ်။ မန္တလေးမြို့တွင်နေထိုင်သော ပုဂ္ဂိုလ်တစ်ဦးမှာ ကင်ဆာဝေဒနာကို အပြင်းအထန်ခံစားနေရပါတယ်။ ထိုအချိန်မှာ ထိုအရှင်သူမြတ်သည် ထိုလူနာရှင်ကို ရောဂါဝေဒနာများ သက်သာစေရန် ပရိတ်များရွတ်ပေးခြင်းကို ပြုလုပ်ပေးပါတယ်။ ပရိတ်ပွဲတွင်လည်း ရေသန့်ပုလင်းများ ထားရှိခဲ့ပါတယ်။

ထိုအရှင်သည် မိမိပြုလုပ်ဖွယ်ရာများကို ပြုလုပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com

ပရိတ်ကို ရွတ်ဖတ်ပူဇော်ပါတယ်။ ထိုစဉ် ထိုအရှင်ရဲ့ ပရိတ်မခုံး မီပင် ရေပုလင်းမှရေများ ဆူပွက်ပြီး လျှံကျလာပါတယ်။ တရားနာ ပရိသတ်များကလည်း အံ့သြစွာနှင့် ရုတ်ရုတ်သဲသဲ ဖြစ်ကြ၏။

ထိုအရှင်ရဲ့ တရားပွဲလည်းပြီးသွားသဖြင့် ရေသန့်ဘူးများ ကို တိုးဝှေ့ယူကြပါတယ်။ ထိုအရှင်ကို နောင်တွင် ရေဆူဆရာ တော်ဟု ခေါ်ဝေါ်ကြပါတယ်။ အိမ်ရှင်ရဲ့ ခံစားနေရသော ကင်ဆာ ဝေဒနာကို မိမိတောင်ဖုေနှင့် တို့ထိပေးပါတယ်။ မကြာမီ ထိုဝေဒ နာရှင် ရောဂါများ လုံးဝပျောက်ကင်းသွားကြောင်း သိရပါတယ်။

ဤဖြစ်စဉ်ကို ကြည့်ခြင်းအားဖြင့် ရေဆူဆရာတော်ကြီး သည် သိဒ္ဓိမဟိဒ္ဓိနှင့် ပြည့်စုံပြီးမြောက်သော ရဟန်းဝိဇ္ဇာမိုရ်ကြီး ဟူ၍ ကျွန်ုပ်ယုံကြည်မိပါ၏။

## တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ရွတ်ဖွားပုံ

"အို••လောကစောင့်ကြပ် နတ်များအပေါင်းတို့ တရား နာလာကြကုန်လော့။ တောစောင့်နတ်၊ တောင်စောင့်နတ် အပေါင်း၊ မြို့စောင့်နတ်၊ ရွာစောင့်နတ်အပေါင်း၊ ရက္ခစိုး၊ ဘုမ္မစိုး၊ အာကာသစိုးနတ်အပေါင်းတို့ တရားနာလာကြကုန်လော့"

"မြေစောင့်နတ်၊ သမုဒ္ဒရာစောင့်နတ်၊ ဝေဿဟာကနတ်၊ ပဇ္ဇုန်နတ်၊ စတုလောကပါလနတ်၊ သိကြား၊ ဗြဟ္မာအပေါင်းတို့ တရားနာလာကြကုန်လော့။ နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ယက္ခိုက် အစရှိသော ဥပသကာအပေါင်းတို့ တရားနာလာကြကုန်လော့။ ဝိဇ္ဇာဇော်ဂျီ တပသီ အစရှိသော သူတော်ကောင်းအပေါင်းတို့ တရားနာလာကြကုန်လော့"

"အို•••လူအပေါင်း၊ နတ်အပေါင်း အပါယ်လေးပါး သတ္တဝါအပေါင်းတို့ တရားနာလာရန် ဖိတ်ခေါ်ပါကုန်၏"

"အကျွန်ုပ်သည် ဝေနေယျများစွာ သတ္တဝါတို့၏ ချမ်းသာ မှုကို ရှေးရှု၍ ကောင်းမြတ်သော စိတ်စေတနာဖြင့် ကဿပ မြတ်စွာဘုရားရှင်သည် ဟောကြားတော်မူခဲ့သည်။ တစ်ဂါထာ လျှင် အဖိုးတစ်သိန်းထိုက်တန်သည့် အလွန်တစ်ရာကြားရနာရ ခဲလှသော သတသဟဿရဟ ဂါထာတော်ကို ရွတ်ဖတ် သရဇ္ဈာယ်ပါကုန်အံ့။ ကောင်းမွန်ရှိသေစွာ နာကြားကြကုန်လော့။

## တစ်ဂါထာလျှင် အဖိုးတစ်သိန်းထိုက်တန်သော သတသဟဿရဟ အဖိုးတန်နတ်ချစ်ဂါထာတော်များ

(၁) သင်္ကိဒေဝ မဟာရာဇ၊ သဗ္ဗိပေါတိ သမာဂမော။
(၂) သဗ္ဗိရေဝ သမာသေထ၊ သဗ္ဗိ ကုဗ္ဗေထ သန္တဝံ။
(၃) ဇိရန္တိ ဝေ ရာဇရထာ သုစိတ္တာ၊
အထော သရီရမ္ပိ ဇရံ ဥပေတိ။
သတဉ္စ ဓမ္မော န ဇရံ ဥပေတိ၊
သန္တော ဟဝေ သဗ္ဘိ ပဝေဒယန္တိ။
(၄) နဘဉ္စ ဒူရေ ပထဝီ စ ဒူ ရေ၊
ပါရံ သမုဒ္ဒဿ တဒါဟု ဒူရေ။
တတော ဟဝေ ဒူရတရံ ဝဒန္တိ၊
သတဉ္စဓမ္မော အသတဉ္စ ရာဇ။

ထို့ပြင် ရေဆူဆရာတော်ကြီးသည် ဂုဏ်တော်ကွန်ချာ ကို အမြဲတစေ ရွတ်ဖွားပါတယ်။ ဤဘုရားဂုဏ်တော်တွေ တန်ခိုးကြောင့် ရေဆူဆရာတော်ကြီးရယ်လို့ လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့ပါတော့တယ်။

ကျွန်ုပ်သည် ဆရာတော်ကြီးကို ဗိုလ်တထောင်စေတီ တော်တွင် ကြွရောက်လျက် ပရိတ်တရားတော်များကို ချိုးမြှင့်စဉ် ဆရာတော်ကြီးကို အနီးကပ်ဖူးတွေ့ခဲ့ရပါသည်။ ထိုစဉ် ဆရာတော် ကြီးက ကျွန်ုပ်ကို ခေါင်းပုတ်ပြီး မေတ္တာဖြန့်ဝေပေးခဲ့ပါသည်။ ထိုပရိတ်ရွတ်ပွဲ၌လည်း ပရိတ်ရေသန့်ပုလင်းတစ်ခုကို ဆရာတော် ကြီးရဲ့ ရှေ့မှောက်မှာထားခဲ့ပါသည်။ ဆရာတော်ကြီးရဲ့ ပရိတ်ရွတ် ပွဲပြီးသွားသောအခါ ပရိတ်ရေပုလင်းကိုယူရာ၌ ရေသန့်ပုလင်း ထဲတွင် ပလုံစီထနေသော ရေများကို အံ့သြစွာတွေ့ရှိရပါသည်။ ကျွန်ုပ်ကဲ့သို့ပင် အခြားသောရေပုလင်းများ၊ သောက်ရေဖန် ခွက်ထဲမှ ရေများလည်း ဆူနေသည်ကို တွေ့ရပါသည်။

ဤဖြစ်စဉ်ကို ပြန်လည်သုံးသပ်ရပါလျှင် ဦးဥတ္တမသာရ (ခေါ်) ရေဆူဆရာတော်ကြီးသည် မေတ္တာကမ္မဋ္ဌာန်း အစွမ်းထက် ခြင်း၊ ဂုဏ်တော်ကွန်ချာကို ရွတ်ဖတ်ပူဇော်ခြင်း၊ တစ်ဂါထာလျှင် အဖိုးတစ်သိန်း ထိုက်တန်သော သတသဟဿရဟ နတ်ချစ် ဂါထာတော်မြတ်ကို အမြဲမပြတ်ရွတ်ဖတ်ပူဇော်ခြင်း စသည်တို့ ကြောင့် ဗိဇ္ဇာသိဒ္ဓိမဟိဒ္ဓိနှင့်ပြည့်စုံသော ရဟန်းပုဂ္ဂိုလ်ထူးကြီး တစ်ပါး ဟူ၍သာ မှတ်ချက်ပြုလျက် ကျွန်ုပ်ရေးခဲ့သမျှသော ထူးဆန်းအံ့ဖွယ်ရာ ဝိဇ္ဇာကြီးများအနက် အံ့သြဖွယ်ရာ ရဟန်း ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးဖြစ်ပါကြောင်း ရေးသားပူဇော်လိုက် ရပါတော့သတည်း။

ဝိဇ္ဇာဓရဆရာအောင်



www.burmeseclassic.com

www.burmeseclassic.com

# မဂ်တား ဖိုလ်တား ဝေးရှောင်ရှား

ရွှေသီရိ(ဝိဇ္ဇာ၊ ဥပဒေ)

တစ်နေ့သ၌ မောင်စိန်သော်နှင့် ကျွန်ုပ်သည် စကားလက်ဆုံကျနေ၏။

"ဆရာပြောသွားတာတွေက သိပ်အားရစရာကောင်းပါတယ်ဗျာ။ ဒီပုံဆို ကျွန်တော်တို့မြန်မာပြည်မှာ အရိယာ၊ ရဟန္တာတွေ ပေါ်ထွန်းနိုင်းသေးတာပေါ့နော်"

ဟု မောင်စိန်သော်က ပြောဆိုပြန်၏။ ထို့ကြောင့် ကျွန်ုပ်က -

"တကယ့်ကို အသေအချာပေါ့ မောင်စိန်သော်ရယ်။ ငါတို့မြန်မာပြည်က ဘုရားရှင်ရဲ့ သားတော်စစ်၊ သမီးတော်စစ်တွေဟာ အရင်ကလည်းပေါ်ခဲ့တာပဲ။ ခုလက်ရှိလည်း ရှိနေတာပဲ။ နောင်ကိုလည်း သာသနာတည်နေသ၍ အရိယာ၊ ရဟန္တာတွေလည်း ဆက်ကာဆက်ကာ ပေါ်ထွန်းနေဦးမှာပဲလေ"

ဟု ပြန်ပြောလိုက်လေ၏။

"အဲဒါတွေဟာ ဘာကြောင့်ဘယ်လိုဆိုတာတွေလည်း နည်းနည်းလောက်ချဲ့ပြီး ပြောပါဦးဆရာ"

ဟု မောင်စိန်သော်က တောင်းဆိုပြန်၏။

"ဒီလိုလေ မောင်စိန်သော်ရဲ့ တို့များ မြန်မာပြည်မှာက ဘုရားရှင်ရဲ့ အဆုံးအမ ပိဋကတ်တော်တွေကလည်း ယနေ့အထိ ပြည့်ပြည့်စုံစုံ၊ လုံလုံလောက်လောက်ဖြစ်အောင် ပရိယတ္တိဝန်ဆောင် ကျေးဇူးရှင် သံဃာတော်အဆင့်ဆင့် လက်ဆင့်ကမ်း ထိန်းသိမ်းခဲ့တယ်မဟုတ်လား။ ပဋိပတ္တိဝတ်ဆောင် ကျေးဇူးရှင် သံဃာတော်များကလည်း တပည့်တကာအများကို ကမ္မဋ္ဌာန်းတရားတွေ ကိုယ်တွေ့ အားထုတ်ပြသနေကြတယ်။ ကမ္မဋ္ဌာန်းရိပ်သာတွေ များစွာမှာ ကြိုးစားလိုက်နာကျင့်ကြံ အားထုတ်နေကြတဲ့ ယောဂီတွေကလည်း အားရစရာကြီး မဟုတ်လားကွဲ့"

ဟု ကျွန်ုပ်က ပြောရပြန်၏။

"ဟုတ်ကဲ့ဆရာ။ ကျွန်တော်တို့လည်း မျက်မြင်ရော၊ နားကြားရော တကယ့် အားတက်စရာပါပဲခင်ဗျာ"

ဟု မောင်စိန်သော်က ထောက်ခံပြန်၏။

"ဒါ အဓိကအကြောင်းရင်းပေါ့ မောင်ရာ။ တို့များ ဗုဒ္ဓစာပေထဲမှာ အာမခံချက်တစ်ခုရှိတယ်ကွဲ့။ ဘုရားအဆုံးအမတော်နဲ့အညီ ဟောပြော/ ဦးသနိုင်တဲ့ ဆရာသမားလည်းရှိမယ်။ ပဲ့ယုံကြည်ကြည် လိုလိုချင်ချင် လိုက်နာကျင့်ကြံအားထုတ်မယ့် တပည့်လေးရှိနေသမျှ ကာလပတ်လုံး ဟောဒီကမ္ဘာမြေဟာ အရိယာရဟန္တာတွေ ၊ဘယ်တော့မှ မဆိတ်သုဉ်းနိုင်ဘူးတဲ့ မောင်စိန်သော်ရဲ့"

ဟု ကျွန်ုပ်ကပြောပြီး ကွမ်းအစ်ကို ဆွဲယူလိုက်သည်။

"ဒါပေမယ့် ဆရာရယ်။ အဲဒီကြားကပဲ ခုခေတ်မှာ မဂ်ဖိုလ်ကိုပဲ မရနိုင်တော့သယောင်ယောင်၊ အားထုတ်နေတဲ့ယောဂီတွေ အားလျော့စိတ်ပျက်အောင် ပြောဆိုရေးသားကြတာတွေလည်း တွေ့နေကြားနေရတာ စိတ်မချမ်းမသာဖြစ်စရာပါဘဲ ဆရာရယ်"

ဟု မောင်စိန်သော်က ညည်းညူပြန်၏။

ကျွန်ုပ်က မောင်စိန်သော်ကို ပြုံး၍ လက်ကာပြလိုက်ပြီး -

"ဒါမျိုးကတော့ . . .မဆန်းပါဘူး မောင်ရာ။ အဲဒီလိုမျိုး ကိုယ်ကိုယ်တိုင်ကလည်း ထိထိရောက်ရောက် အပါယ်တံခါးပိတ်အောင် နိဗ္ဗာန်တံခါးပွင့်အောင်လည်း အားမထုတ်။ ကိုယ်တိုင်ကနည်းမှန်လမ်းမှန်အားထုတ်ပြီး သူတစ်ပါးတွေကိုလည်း တရားဟောပြောပြသနေကြတဲ့ သူတော်ကောင်းတွေနဲ့ နည်းခံအားထုတ်နေကြတဲ့ ယောဂီအများကို ခြိမ်းခြောက်သလိုလို၊ တားမြစ်သလိုလို၊ သတိပေးသလိုလိုနဲ့ ယောဂီတွေစိတ်ဓာတ်ကျပြီး နောက်ကြောင်းပြန်လှည့်အောင် ပြောကြ၊ ရေးကြတဲ့ ဆွဲချတွေဆိုတာကတော့ ဘုရားရှင် သက်တော်ထင်ရှားခေတ်ကစပြီး ယနေ့ထိ ယနေ့တင်မက နောင်အနာဂတ် ခေတ်အဆက်ဆက်မှာလည်း ရှိခဲ့၊ ရှိတုန်း ရှိနေဦးမှာပါပဲကွာ"



www.burmeseclassic.com

www.burmeseclassic.com

"အဲဒီဟာတွေကို အကြောင်းနဲ့ အချက်ပြပြီး နားလည်ကျွမ်းကျင်တဲ့ သာသနာ့ရှေ့ဆောင် ဆရာတော်များက ဟောပြ ထောက်ပြသင့်တယ်လို့ ကျွန်တော်တော့ထင်တယ် ဆရာ"

ပြောကြားလာပြန်သော မောင်စိန်သော်၏ စေတနာစကားကြောင့်. . .

"ဟောခဲ့၊ ပြောခဲ့၊ ထောက်ပြခဲ့ကြပြီးကော မောင်ရယ်။ လယ်တီဆရာတော်ကတောင်မှ အဲသလိုပုဂ္ဂိုလ်မျိုးတွေကို ပျစ်ပျစ်နစ်နစ် ဆုံးမခဲ့သေးတာပဲဟာ"

ဟု ကျွန်ုပ်က ပြန်ပြောလိုက်ရ၏။

"ဘယ်လိုပျစ်ပျစ်နစ်နစ် ဆုံးမဟောကြားခဲ့တာတွေလည်း ကြားချင်ပါတယ်ဆရာ"

ဟု မောင်စိန်သော်က အားကိုးတကြီး တောင်းဆိုပြန်ပါ၏။

"ဒီလိုမောင်ရ။ တရားအားထုတ်မယ့်ယောဂီတွေကို ထင်ယောင်ထင်မှား ဖြစ်အောင် ဆွဲချနေသူတွေဟာ တကယ်တော့ သူတစ်ပါးကို ဆွဲချနေတာမဟုတ်ဘဲ သူတို့ကိုယ်ကိုယ်သူတို့လည်း အမြဲမြုပ်နေအောင် ဆွဲချနေကြမှန်းမသိတဲ့ လူစားမျိုးတွေဖြစ်နေတယ်ဆိုတဲ့ သဘောပေါ့ကွာ။ အဲဒီလူတွေပြောနေကျ စကားတွေက ငါးမျိုးရှိတယ် မောင်ရ"

ဟု ကျွန်ုပ်က ပြောရင်း တွေးခဲလှမ်းဆွဲ၍ ကွမ်းတံတွေးထွေးလိုက်၏။

"စိတ်ဝင်စားစရာက စလာပြီ ထင်ပါရဲ့ဆရာ"

မောင်စိန်သော်က စကားထောက်လေ၏။

"အင်း. . .တကယ့်ကို စိတ်ဝင်စားဖို့ကောင်းတာပေါ့ မောင်ရာ။ အဲဒီပုဂ္ဂိုလ်တွေ အားကိုးပြောဆိုနေကြတဲ့ အကြောင်း ငါးခုမှာ -

(၁) ယောဂီတွေ တရားအားထုတ်မယ့်ကိစ္စမှာ အားပေးရမယ့်အစားတားမြစ်ရှုတ်ချ ပုတ်ခတ်လုပ်တဲ့ပုဂ္ဂိုလ်ဟာ သူကိုယ်တိုင်ကလည်း အပါယ်ကျမယ့် ဘေးအန္တရာယ်ကို လေးလေးနက်နက် မသိမမြင်သေးလို့ပါပဲတဲ့။ (ဘေးကို မမြင်လို့ မောင်ရင်မှတ်ထားလိုက်)

(၂) ဒီခေတ်ဟာ ယောဂီတွေ တရားအားထုတ်လို့ အရိယာ၊ ရဟန္တာ ဖြစ်နိုင်တဲ့ ခေတ်မဟုတ်တော့ဘူးတဲ့။ (ခေတ်လျှင်ချထားလို့မှတ်)

(၃) ပါရမီတွေနုသေးတယ်။ ဒါကြောင့် ပါရမီကို အရင်ဖြည့်လိုက်ဦး။ အားမထုတ်ကြနဲ့ဦးတဲ့။ (စောင့်စားပါရမီလို့မှတ်)

(၄) "တိဟိတ်"ပုဂ္ဂိုလ်မျိုးမှ တရားအားထုတ်လို့ မဂ်ဖိုလ်ရမှာ။ ခုခေတ်လူတွေက "ဒွိဟိတ်"တွေပဲများတာမို့ တရားအားထုတ်လို့ မဂ်ဖိုလ်မရနိုင်ဘူးတဲ့။ (ဒွိဟိတ်မည်နှင့်လို့မှတ်)

(၅) ဝိပဿနာတရား အားထုတ်တယ်ဆိုတာ သာမန်လူတွေ အလုပ်မဟုတ်ဘူး။ အနာထပိဏ် ဝိသာခါတို့လို အသက်တန်းစား အဓိပတိတွေရဲ့ အလုပ် ကိုယ်နဲ့မတန်တဲ့အလုပ်ကို မလုပ်နဲ့တဲ့။ (တစ်လီမိပတိပ်လို့မှတ်)

ခုပြောလိုက်တဲ့( )ထဲက စာသားတွေဆက်လိုက်ရင် အဲဒါ လယ်တီဆရာတော်ရဲ့ ဆုံးမလင်္ကာဖြစ်သွားမယ်။

ဘေးကိုမမြင်၊ ခေတ်လျှင်ချထား။ စောင့်စားပါရမီ၊ ဒွိဟိတ်မည်နှင့်၊ တစ်လီမိပတိပ်၊ ဤငါးဟိတ်သည် တိရိစ်ဘုံစဉ်စံတို့လည်း. . .တဲ့။

"အဲသလို မဂ်ဖိုလ်ရအောင် အားထုတ်ချင်ကြတဲ့ ယောဂီတွေကို တားမြစ်ပိတ်ပင်တဲ့ ပုဂ္ဂိုလ်တွေဟာ တိရစ္ဆာန်နဲ့ အပါယ်လေးဘုံမှာ ဆက်ကာဆက်ကာ ခံကြရမယ်တဲ့မောင်ရေ"

ဟု ကျွန်ုပ်က ပြောပြီး ရေနွေးတစ်ကျိုက်ဖြင့် နှုတ်ကျင်းကာ ရေနွေးတစ်ခွက်မော့သောက်လိုက်၏။

"သူတို့ပေးတဲ့ ဆင်ခြေတွေကကော မှန်နေသလား။ ဒါမှမဟုတ် ယုတ္တိမတန်တဲ့ ဆင်ခြေတွေလား။ ဒါတွေကိုလည်း ဆရာတော်ကြီးများက ရှင်းပြတော်မူကြမှာပဲ မဟုတ်လားဆရာ"

ဟု မောင်စိန်သော်က ထပ်ဆင့်လာပြန်၏။ ထို့ကြောင့် ကျွန်ုပ် -

ကျကျနန ရှင်းပြတော်မူခဲ့ကြတာပေါ့ မောင်ရာ. . .။

(၁) ဘေးကိုမမြင် = အပါယ်ကျမယ့် ဘေးအန္တရာယ်ကို ကောင်းကောင်းမမြင်ကြလို့ ပြောနေကြတာပါ. . .တဲ့။

"(၂) ခေတ်လျှင်ချထား= အရိယာခေတ်ကို ခွဲခြားပုံက ဗုဒ္ဓစာပေထဲမှာ အမျိုးမျိုးရှိပါတယ်။ အားလုံးမှာ တူညီတဲ့ အချက်ကတော့ ယခုခေတ်ဆိုတာ ဗုဒ္ဓပရိနိဗ္ဗာန်စံတော်မူပြီးလို့ နှစ် ၂၅၀၀ ကျော်အချိန်ဟာ အနိမ့်ဆုံး သောတာပန်၊ သကဒါဂါမ်အရိယာများက အစ အနာဂါမ် ရဟန္တာအဆင့်ထိ အောင်မြင်ထွန်းပေါက်နိုင်ကြောင်း ပြဆိုထားတာပဲတဲ့ မောင်စိန်သော်ရဲ့. . .။"

"ဒီလိုပဲ ဖြစ်ရမှာပေါ့ကွာ။ ခု



www.burmeseclassic.com

www.burmeseclassic.com

ခေတ်မှာ ရဟန္တာပုဂ္ဂိုလ်ထူးတွေ ရှိနေတယ်ဆိုတာက ကျွန်တော်တို့ မြန်မာပြည်မှာတောင် လက်တွေ့တွေ့ အများကြီးမဟုတ်လား ဆရာ"

ဟု မောင်စိန်သော်က အားတက်သရော ပြောဆိုပြန်၏။ ကျွန်ုပ်က ဆက်လက်၍ -

(၃) စောင့်စားပါရမီ = ပါရမီမရှိသေးဘူး။ ပါရမီမပြည့်သေးဘူး။ ဒါကြောင့် အားထုတ်လို့ မဂ်ဖိုလ်မရဘူးဆိုတာက လူတိုင်းအတွက် ပါးလုံးရှည်နဲ့ သိမ်းရိုက်လို့ မဖြစ်ဘူးတဲ့ကွဲ့။ တို့ဘုရားကျတော့ ပါရမီဖြည့်ခဲ့ရတာက လေးသင်္ချေနဲ့ကမ္ဘာတစ်သိန်းတဲ့။ အရှင်သာရိပုတ္တရာနဲ့ အရှင်မောဂ္ဂလာန်တို့လို အဂ္ဂသာဝကတွေကျတော့ တစ်သင်္ချေနဲ့ ကမ္ဘာတစ်သိန်းတဲ့။ အရှင်မဟာကဿပတို့လို မဟာသာဝကတွေအတွက်က ကမ္ဘာတစ်သိန်းတဲ့။ အဲ…ပကတိသာဝကတွေကျတော့ ပါရမီဖြည့်ရာ ကာလအပိုင်းအခြား သတ်သတ်မှတ်မှတ်မရှိဘူးတဲ့။ ယုံကြည်သဒ္ဓါပြည့်ဝစွာနဲ့ နာကြားအားထုတ်ဖို့ရာသာ ပဓာနပဲတဲ့ မောင်ရေ"

ဟု ကျွန်ုပ်ကပြောပြီး ကွမ်းအစ်ကို ဆွဲယူရပြန်၏။

"ဒါနဲ့များ ဆရာရယ်၊ ခုခေတ်လူတွေ အားထုတ်လို့ကတော့ သောတာပန်တောင် မဖြစ်နိုင်ဘူးလို့တောင် ရက်ရက်စက်စက် ပြောထွက်တဲ့ လူတွေလည်း ရှိပါသတဲ့ ဆရာရေ"

ဟု မောင်စိန်သော်က မဲ့ကာရွဲ့ကာပြောပြီး အိတ်ထဲက သကြားလုံးတစ်လုံးထုတ်ယူကာ ပါးစပ်ထဲ ထည့်လိုက်ပြန်၏။ ကျွန်ုပ်ကလည်း ဤသို့ ဆက်ရှင်းပြရပြန်၏။

"ဒါကတော့ ပြောသူဟာ သောတာပန်အင်္ဂါရပ်တွေကို ကျကျနနမသိလို့လည်း ဖြစ်နိုင်ပါတယ်။ သောတာပန်အင်္ဂါလေးပါးက (၁) ဗုဒ္ဓေသဝစ္စပသာဒ-ဘုရားဂုဏ်တော်၌ သက်ဝင်ယုံကြည်ခြင်း။ (၂) ဓမ္မေသဝစ္စပသာဒ-တရားဂုဏ်တော်၌ သက်ဝင်ယုံကြည်ခြင်း။ (၃) သံဃေသဝစ္စပသာဒ-သံဃာ့ဂုဏ်တော်၌ သက်ဝင်ယုံကြည်ခြင်း။ (၄) သီလသမ္ပန္န - ငါးပါးသီလနှင့် ပြည့်စုံခြင်းလို့ စာပေမှာ ဖော်ပြထားတယ်လေ။ ဒီအင်္ဂါလေးပါးနဲ့ ပြည့်စုံသူဆိုရင် သောတာပန်ဖြစ်နိုင်တာပဲပေါ့ မောင်စိန်သော်…။

(၁) သူတော်ကောင်းကို မှီဝဲဆည်းကပ်ခြင်း။ (၂) သူတော်ကောင်းတရားကို နာကြားခြင်း။ (၃) လေ့လာသင်ကြားမှတ်သားရသမျှကို အဓိပ္ပာယ်ပေါ်အောင် နှလုံးသွင်းခြင်း။ (၄) မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း အားလျော်စွာ ကျင့်ကြံအားထုတ်ခြင်းလို့ ဖော်ပြထားတယ်။

လိုရင်းကတော့ သောတာပန်အရိယာဖြစ်ဖို့ရာ-ဆရာမြတ်ရဲ့တရားတော်ကို နာကြားပြီးတဲ့နောက် နှလုံးသွင်းမှန်စွာ ကျင့်ကြံအားထုတ်ဖို့ပဲပေါ့ မောင်ရာ။ ဒီအင်္ဂါရပ်တွေနဲ့ပြည့်စုံအောင် ကြိုးစားနိုင်တဲ့သူတွေဟာ အနည်းဆုံး သောတာပန်တော့ဖြစ်ရမှာပဲပေါ့ဗျာ"

ဟု ကျွန်ုပ်က ပြောပြီး ကွမ်းတံတွေးထွေးရပြန်၏။ မောင်စိန်သော်ကို လှမ်းကြည့်လိုက်သောအခါ အားတက်လာသည့် အမူအယာဖြင့် - -

"အဲဒါတွေကို တရားအားထုတ်မယ့် ယောဂီတွေကိုသိအောင် ဓမ္မဒါန လုပ်ချင်စိတ်တောင် ပေါက်လာတယ် ဆရာရယ်"

ဟု ပြုံးရွှင်စွာ ပြောပြန်၏။ ဆက်လက်၍…

"နောက်နံပါတ် (၄)ကို ဆက်ပါဦး ဆရာ"

ဟု ကျွန်ုပ်အား တွန်းပေးပြန်၏။ ထို့ကြောင့် ကျွန်ုပ်လည်း ဆက်ရပြန်၏။

"(၄) ဒွိဟိတ်မည်နင့် = ခုလူတွေက ဒွိဟိတ်တွေပဲများတယ်။ ဒါကြောင့် မဂ်ဖိုလ်မရနိုင်ဘူး။

မဂ်ဖိုလ်ရဖို့ဆိုတာ တိဟိတ်ပုဂ္ဂိုလ်တွေမှရနိုင်တယ်လို့ ပြောကြတယ်တဲ့။ လယ်တီဆရာတော်ကြီးက ရှင်းပြတယ်။ ဒွိဟိတ်ပုဂ္ဂိုလ်ဆိုတာ ဟိတ်နှစ်မျိုးပဲပါတဲ့သူတဲ့။ အလောဘဟိတ်နဲ့ အဒေါသဟိတ်ပေါ့လေ။ လောဘနဲ့ ဒေါသနည်းပါးတဲ့က ပုဂ္ဂိုလ်ဆိုပါတော့။ တိဟိတ်ပုဂ္ဂိုလ်ဆိုတာက အမောဟဟိတ်နဲ့လည်း ပြည့်စုံသူ။ အမောဟဆိုတာက ပညာကိုပြောတာ။ အဲဒါကို လယ်တီဆရာတော်ကြီးက ရှင်းပြရင်းနဲ့ ဖိတ်ခေါ်လိုက်တယ်။ တစ်ဆင့်တိုးပြီး စိန်ခေါ်လိုက်တယ်လို့လည်းပြောရင် မလွန်ဘူးလို့ထင်တယ်ဗျာ…ဘာကြောင့်လဲလို့ဆိုရင်…

"ငါဟာဒွိဟိတ်လား။ တိဟိတ်လားလို့ ဇဝေဇဝါလုပ်မနေနဲ့။ ဆရာစစ်ထံမှာ တရားစစ်ကိုနာရဖို့ အရေးကြီး



www.burmeseclassic.com

www.burmeseclassic.com

ဆုံးပဲ။ အဲဒီတရားကို နှလုံးသွင်းမှန်နဲ့ ကျင့်ကြံအားထုတ်ကြည့်။ ရုပ်နာမ်မြင်ရင် ငါဟာ တိဟိတ်ပဲလို့မှတ်။ အနိစ္စမြင်ရင် ငါဟာ တိဟိတ်ပဲလို့မှတ်။ ပါရမီရှိရင် မဂ်ဖိုလ်စာန်းရမယ်။ ပါရမီမရှိသေးရင် ခုနစ်ဘဝအတွင်း မဂ်ဖိုလ်ရမယ်။ တိဟိတ် ပုဂ္ဂိုလ်မဟုတ်သေးရင်လည်း ကြိုးစားပြီးသာ အားထုတ်သွား။ နောင်ဘဝတိဟိတ် ဖြစ်သွားမယ်။ ဘယ်တော့မှ အားမထုတ်ရင် ပါရမီလည်း ဘယ်တော့မှမရှိလာဘူး။ တိဟိတ်လည်း ဘယ်တော့မှဖြစ် မလာဘူး ဆိုတဲ့ အဓိပ္ပာယ်သဘောတွေနဲ့ လယ်တီဆရာတော်ကြီးက ရှင်းရှင်းဘွင်းဘွင်းကြီး ထောက်ပြသွားတာကိုးဗျ"

ဟု ကျွန်ုပ်ပြောပြီး ပလုပ်ကျင်းကာ ရေနွေးတစ်ခွက် ငှဲ့သောက်ပြန်၏။ ထိုအခါ မောင်စိန်သော်လည်း ပြုံးရွှင်စွာ လက်အုပ်ချီ၍ -

"ကောင်းလိုက်တဲ့ ဩဝါဒကြီးဗျာ။ ဦးတင်ပါရဲ့ ဆရာတော်အရှင်မြတ်ဘုရား"

ဟု ဆိုကာ နောက်ထပ်သကြားလုံးတစ်လုံး ထပ်နှိုက်ပြန်တော့၏။ ပြီးမှ "ဆက်ပါဦးဆရာရယ်"ဟု ကျွန်ုပ်အား သံပတ်ပေးပြန်လေတော့၏။ ကျွန်ုပ်ကလည်း -

"နံပါတ်(၅) တစ်လီဓိပတိပ် = ဝိပဿနာအားထုတ်တာဟာ သာမန်လူတွေနဲ့တန်တာမဟုတ်ဘူး။ ဝိသာခါ၊ အနာထပိဏ်တို့လို ထိပ်တန်းအဓိပတိတွေနဲ့သာတန်တဲ့ အလုပ်မျိုးလို့ သူတို့က ပြောကြတယ်တဲ့။ အမှန်က တရားတော်ဆိုတာက လူတန်းစားမခွဲခြားပါဘူးတဲ့။ မုဆိုးတွေ၊ တံငါတွေ၊ ဓားပြသူခိုးတွေနဲ့ ကလေးတွေတောင် အရိယာဖြစ်ခဲ့ကြတာ ဒုနဲ့ဒေးမဟုတ်လားမောင်ရဲ့။ ဒါကြောင့် အဲဒီပုဂ္ဂိုလ်တွေဟာ သူတို့ရဲ့ စေတနာခိုးကြောင့် ဤငါးဟိတ်သည် တိရိစ်တုံ့စဉ်စံတို့တည်း ဆိုတဲ့ အဓိပ္ပာယ် ဘုံ့သွားမယ့်လူတွေပဲတဲ့ကွယ်။ သူတို့ကိုယ်တိုင် ဓမ္မန္တရာယ်ဖြစ်သွားပြီး သူတစ်ပါး မဂ်ဖိုလ်ရမဲ့ကိစ္စကို တားမိတဲ့အတွက် မဂ်တားဖိုလ်တားပါ ဖြစ်သွားလိမ့်မယ်တဲ့"

ဟု ကျွန်ုပ်ကပြောပြီး ကွမ်းအစ်ကို လှမ်းဆွဲစဉ် -

"ဆရာရယ် ဒါမျိုးတွေ ဓမ္မမိတ်ဆွေအများသိအောင် ကျွန်တော်ပြောတတ်ချင်လိုက်တာ။ လွယ်တော့မလွယ်ဘူးထင်ပါရဲ့နော်"

ဟု မောင်စိန်သော်က အားငယ်သံဖြင့်ပြောပြန်၏။ ကျွန်ုပ်က -

"အဲသလို မောင်ရင် စိတ်စေတနာ တကယ်ရှိတယ်ဆိုရင်တော့ ဗုဒ္ဓသာသနာ့ဝန်ထမ်းတော် အရှင်ဉာဏောဘာသ ရေးသားစီစဉ်ဖြန့်ဝေထားတဲ့ ယောဂီအိတ်ဆောင်စာအုပ်ထဲက လင်္ကာလေးတစ်ခုကိုသာ အလွတ်ရအောင် ကျက်မှတ်ထားလိုက်ပေတော့ဗျို့"

ဟု ပြောလိုက်ရပြန်တော့၏။

"ဘယ်လိုတဲ့လဲ ဆရာ"

ဟု မောင်စိန်သော်က လောဆော်ပြန်တော့၏။ ကျွန်ုပ်ကလည်း စေတနာပါပါနှင့် ဟောဖော်ရွတ်ပြရပြန်တော့၏။

သူ့လင်္ကာက အပါယ်လားမည့်သူငါးပါး...တဲ့။ ခေါင်းစဉ်ပေါ့...လင်္ကာစာသားက

- အပါယ်ကျမဲ့အန္တရာယ်...မသိတော့လည်း မိုက်ကြတယ်။
- အရိယာခေတ်မဟုတ်တယ် ဒီလိုနဲ့လည်း လွဲကြတယ်။
- ပါရမီတွေနည်းသေးတယ် ဒီလိုချိန်ဖြန်းတတ်ကြတယ်။
- ဒွိဟိတ်တွေများဖြစ်နေမလား သံသယလည်းပွားကြတယ်။
- အနာထပိဏ်၊ ဝိသာခါ သူတို့နဲ့သာတန်ကြတယ်။

ဒီလိုငါးပါးအထင်မှား အပါယ်ကိုသွားကြရမယ်...တဲ့ဗျ။ မောင်စိန်သော်ရ"ဟု ပြောဆိုပြီး လက်ထဲက ကွမ်းယာကို ပါးစောင်တွင်းသို့ သွတ်သွင်းလိုက်ရ၏။

"ကြိုက်ပြီဗျို့။ အဲဒီအကြောင်းတွေကို ဆရာကသာရေးပေး။ ကျွန်တော်က လက်ကမ်းစာအုပ်ငယ် တစ်ထောင်ရိုက်ပြီး ဓမ္မဒါနလှူဒါန်းဖို့ ပိုင်ပိုင်ကြီးခံ့ဖြတ်လိုက်ပြီဆရာရေ"

ဟု မောင်စိန်သော်က လက်ဖျစ်တီးကာ ဝမ်းသာအားရ ပြောလိုက်လေတော့သတည်း။

ဓမ္မန္တရာယ်နှင့် မဂ်တားဖိုလ်တားဘေးမှ ကင်းဝေးနိုင်ကြပါစေ။

မေတ္တာများစွာဖြင့်...

ရွှေသီရိ(ဝိဇ္ဇာ/ဥပဒေ)



www.burmeseclassic.com

www.burmeseclassic.com



# ဂဏန်းတော်ကိုးကွယ် ကြည်ညိုဖွယ်

❒ လှအောင်ကြည်ဖြိုး

မြတ်စွာဘုရားရှင်သည် ဘုန်းတော်အနန္တ ကံတော်အနန္တ ဉာဏ်တော်အနန္တ တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူသည်။ မြတ်စွာဘုရား၏ အရဟံဂုဏ်တော် အစထားပြီး ဘဂဝါအဆုံး ဂုဏ်တော်သည် အကျယ်ချဲ့လျှင် ချဲ့သလောက် မဆုံးနိုင်သော ဂုဏ်တော်များပင်ဖြစ်သည်။ ထို့ကြောင့် ဂုဏ်တော်ကိုးသွယ်သည် တန်ခိုးအလွန်ကြွယ်ပါသည်။ ဂုဏ်တော်ကိုးသွယ်ကို ဗုဒ္ဓရနုဿတိ ပွားထုံခြင်းအားဖြင့် ဗုဒ္ဓရနုဿတိ ကမ္မဋ္ဌာန်း စီးဖြန်းရာရောက်သည်သာမက အဓိဋ္ဌာန်ပါရမီကိုလည်း ဖြည့်ဆည်းရာရောက်သည်။ လောကီနယ်ပယ်ဘက်မှာဆိုရလျှင် သိဒ္ဓိ၊ မဟိဒ္ဓိလမ်းကိုလည်း ရောက်နိုင်သလို လောကုတ္တရာဘက်မှာဆိုလျှင်လည်း နိဗ္ဗာန်ရောက်ကြောင်း ဝိပဿနာဉာဏ်စဉ်အထိ တက်လှမ်းနိုင်ပါသည်။

လောကီပညာလိုက်စားကြသော ပုဂ္ဂိုလ်တို့သည် ရှင်တော်မြတ်ဘုရား၏ ဂုဏ်တော်ကိုးသွယ်ကို ဗဟိုထား၍ နဝင်းကြောကို သိဒ္ဓိလမ်းအမျိုးမျိုး ကံ၊ ဉာဏ်၊ ဝီရိယ အသုံးပြု တက်လှမ်းနိုင်ပါသည်။ အကြောင်းတရားကြောင့် အကျိုးတရားဖြစ်လာရသည်။ အကြောင်းတရားမိခင်မှ အကျိုးတရားများကို ဖွားမြင်လာပါသည်။ ဂုဏ်တော်၊ ဂုဏ်သွယ်သည်ပင်လည်း ကိုးနဝင်းအကြောင်းတရား အရှင်ခဓာတ် အကျိုးတရားဖြစ်လာရပါသည်။ ဂုဏ်တော်ကိုးပါးကို ရတနာသုံးပါးနှင့် ပေါင်းကြည့်လျှင် ၉ + ၃ = ၁၂ ရပါသည်။ တစ်ဖန် ၁၂ ကို ၁ နှင့် ၂ ပြန်ပေါင်းလိုက်လျှင် ၃ ပင်ရသည်။ ၉ ကို မည်သည့်ဂဏန်းဖြင့် ပေါင်းခြင်းမှ ရလာသောရလဒ်ကို တစ်လုံးတည်းကျန်သည့်အထိပေါင်းလျှင် မူလဂဏန်းပင် ပြန်ရပါသည်။ ထို့ကြောင့် ၉ ဂဏန်းသည် အရှင်ဓာတ်ကိုဖြစ်စေသကဲ့သို့ ဂုဏ်တော်ကိုးပါးသည်လည်း ကျင့်ကြံအားထုတ်သူများအတွက် အကျိုးမယုတ်ဘဲ အရှင်ဓာတ်ကို ရစေသည်။ မိမိနည်းမှန်လမ်းမှန်ဖြင့် ကျင့်ကြံပါက မိမိရည်မှန်းထားသကဲ့သို့ သိဒ္ဓိကို ရရှိအောင်မြင်နိုင်ပါသည်။ ဂုဏ်တော်ကျင့်စဉ်များကို ကျင့်မည့်ပုဂ္ဂိုလ်သည် ဘုရားဂုဏ်တော်ကိုးပါး၏ လိုရင်းအဓိပ္ပာယ်များကို မြန်မာလိုသိထားသင့်ပါသည်။ ပါဠိနှင့်မြန်မာ နှစ်ဘာသာ ပွားများသွားမည်ဆိုလျှင် အကျိုးအင်မတန်ကြီးမားပါတယ်။ နှလုံးသားစဘူးမှာ ဂုဏ်တော်၏ ''ဟိတ်တန်ခိုးဓာတ်များ တဖြည်းဖြည်း စုမိလာမည်။ နှလုံးသားစုဘူး



www.burmeseclassic.com

www.burmeseclassic.com

အတွင်း ဂုဏ်တော်ပဒိတ်တန်ခိုးများ စုမိလေလေ တန်ခိုးသတ္တိ ထူးတွေ ပြလာမည်။ ပိုထက်မြက်လာမည်။ နှလုံးသားစုဘူးမှာ ဂုဏ်တော်ပြည့်လာလျှင် လိုအပ်သော သိဒ္ဓိအတွက် ဖောက်ယူသုံးစွဲနိုင်ပါသည်။

**ဂုဏ်တော်ကိုးသွယ်၏ လိုရင်း အဓိပ္ပာယ်မှာ -**

၁။ **အရဟံ** - လူ၊ နတ်၊ ဗြဟ္မာ သုံးဘုံသူတို့ ကြည်ဖြူကော်ရော် ပူဇော်အထူးကို ခံထိုက်သော ဂုဏ်တော်နှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရား။

၂။ **သမ္မာသမ္ဗုဒ္ဓေါ** - သစ္စာဉေယျ ဓမ္မအပုံ အလုံးစုံကို အကုန်မကျန်၊ မြတ်ရွှေဉာဏ်ဖြင့် အမှန်ထိုးထွင်း အလင်းသိမြင်တော်မူသော မြတ်စွာဘုရား။

၃။ **ဝိဇ္ဇာစရဏသမ္ပန္နော** - စရဏအပြား တစ်ဆယ့်ငါးတည့်၊ သုံးပါးရှစ်ဖြာ ဉာဏ်ဝိဇ္ဇာနှင့် ကောင်းစွာပြည့်စုံတော်မူသော မြတ်စွာဘုရား။

၄။ **သုဂတော** - လူတို့ညွှန်းခြောက် ခွန်းစကားတို့အပြားတွင် တရားကေန် ဟုတ်မှန်ကျိုးကြောင်း အပေါင်းလူ့ဗိုလ် မနှာလိုနှင့် နှာလိုစကား ထင်ရှားကောင်းမွန် ဤနှစ်တန်ကို အမှန်ဆိုတော်မူသော မြတ်စွာဘုရား။

၅။ **လောကဝိဒူ** - ကာမ၊ ရူပ၊ အရူပဟု လောကအမြင့်ဘုံတစ်ခွင်ကို ကုန်စင်ခပင်း မကျန်ကြွင်းအောင် အလင်းထင်ပေါ် သိမြင်တော်မူပေသော မြတ်စွာဘုရား။

၆။ **အနုတ္တရောပုရိသ ဓမ္မသာရထိ** - လူကြမ်း၊ နတ်ကြမ်း၊ ဗြဟ္မာကြမ်းကို ယဉ်ကျေးအောင်ပြု ဆုံးမမူဝယ် အတုမရှိ လွန်ကဲဘိသော မြတ်စွာဘုရား။

၇။ **သတ္ထာဒေဝမနုဿာနံ** - လူနတ်ဗြဟ္မာ သတ္တဝါများ၊ သောင်းထိုက်သားတို့၏ ဝပ်တွားရှိလျှောင်း ညွှတ်ညောင်းခယ၊ ဆုံးမခံရာ ဆရာသခင် ဦးထိပ်တင်ကြီး ဖြစ်တော်မူပေသော မြတ်စွာဘုရား။

၈။ **ဗုဒ္ဓေါ** - သစ္စာလေးရပ် တရားမြတ်ကို လူနတ်အများ သိထင်ရှားအောင် ဟောကြားထုတ်ဖော် သိစေတော်မူပေသော မြတ်စွာဘုရား။

၉။ **ဘဂဝါ** - ဣဿရိယ၊ ဓမ္မ၊ ယသ၊ သိရီ၊ ကာမ၊ ပယတ္တဟု ခြောက်ဝဘုန်းတော် ဂုဏ်အလုံးစုံနှင့် ကုံလုံပြည့်ဝတော်မူပေသော မြတ်စွာဘုရား။

## ဂုဏ်တော်ပွားများခြင်းအကျိုး

စိတ်လက်ကြည်လင် ရွှင်လန်းဝမ်းမြောက်လာမည်။

စိတ်တည်ကြည်လာသဖြင့် ဝိပဿနာ အခြေခံရလာသည်။

ကိလေသာ တဏှာရာဂစိတ်တို့ ဖိစီးနှိပ်စက်ခြင်း မခံရတော့။

ဖြောင့်မတ်တည့်မှန်သော စိတ်ထားမွေးမြူလာနိုင်သည်။

ဘုရားအပေါ်၌ အကြည်အညို အရိုအသေထက်သန် တိုးတက်လာသည်။

သဒ္ဓါသတိနှင့် အသိဉာဏ်တို့ ယခင့်ယခင်ကထက် တိုးတက်လာမည်။ ဆင်းရဲမှုနှင့် ထိတ်လန့်ကြောက်ရွံ့မှုများကို မတုန်မလှုပ် ခံနိုင်ရည်ရှိလာမည်။ မိမိကိုယ်ခန္ဓာသည် ဘုရားဂုဏ်တော်ကိန်းအောင်းရာ စေတီအိမ်နှင့်တူ၍ လူအများ ပူဇော်ခံထိုက်သည်။

ဘုရားဂုဏ်တော်နှင့် အမြဲအတူနေရသဖြင့် မကောင်းမှုပြုရန် လက်မရဲတော့။ ရှက်ကြောက်တတ်လာသည်။ ယခုဘဝ မဂ်ဖိုလ်မရသေးလျှင် သေပြီးနောက် သုဂတိဘဝသို့ ရောက်ရန်သေချာသည်။

## ဂုဏ်တော်ကိုးပွား အကျိုးများ

၁။ အရဟံဂုဏ်၊ ပွားများထုံ၊ ဘေးကုန်ရန်ကင်း။ လာဘ်ပေါ်ခြင်း။

၂။ သမ္မာသမ္ဗုဒ္ဓေါ၊ စိတ်မနော၊ ရွှင်သောဉာဏ်လင်း။ အောင်မြင်ခြင်း။

၃။ ဝိဇ္ဇာစရဏ၊ အားထုတ်က၊ သိပ္ပပြိုင်ကင်း တတ်မြောက်ခြင်း။

၄။ သုဂတာမှာ၊ စကားသာ၊ ပြိုင်လာစစ်ခင်း။ နိုင်ရခြင်း။

၅။ လောကဝိဒူ၊ ဤဇမ္ဗူ၊ ကြည်ဖြူစိတ်ရှင်း။ သိမြင်ခြင်း။

၆။ အနုတ္တရော၊ နတ်လူပြော၊ ကျော်စောသတင်း။

www.burmeseclassic.com

ပူဇော်ခြင်း။

၇။ သတ္တာဒေဝ၊ နှုတ်လျှာစ၊ ထက်လုထန်ပြင်း၊ စူးရှခြင်း။

၈။ ဗုဒ္ဓေါဗုဒ္ဓါ၊ စိပ်စမ်းပါ၊ ကြမ္မာလွတ်ကင်း၊ ချမ်းသာခြင်း။

၉။ ဘဂဝါကို၊ ပွားများဆို၊ ထိုထိုခပင်း၊ ဘုန်းကြီးခြင်း။

## ဂုဏ်တော်ကိုးသွယ် ကျင့်စဉ်

ဂါရဝတရားဖြင့်ထိုင်ပြီး ကြိုက်နှစ်သက်ရာ သရဏဂုံသီလ(ငါးပါး၊ ရှစ်ပါး၊ ကိုးပါး စသည်ဖြင့်) တည်ဆောက်ပါ။ မြတ်စွာဘုရားအား ပန်း၊ ရေချမ်း၊ အလင်းတိုင်တို့ လှူဒါန်းပါ။

အနန္တငါးပါးကန်တော့ပါ။

မေတ္တာပို့ပါ။ (မိမိကြိုက်နှစ်သက်ရာ မေတ္တာပို့နည်းဖြင့် ပို့ပါ။)

အဓိဋ္ဌာန်ပြုပါ ။ ။ ရှင်တော်မြတ်ဘုရား၊ ဘုရားတပည့်တော်သည် ဤနေ့ ဤရက်မှစ၍ ရက် ၉၀ တိုင်တိုင် မပျက်မကွက် ဂုဏ်တော်ကိုးပါးကို အောက်ပါအတိုင်း ပုတီးစိပ်ပါမည် ဘုရား။

## ပုတီးစိပ်ပုံ

၁။ နမောအရဟံ (တစ်ပတ်)

၂။ နမောအရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ သမ္မသိဒ္ဓိ။ (တစ်ပတ်)

၃။ နမောအရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏ သမ္ပန္နော သမ္မသိဒ္ဓိ။ (တစ်ပတ်)

၄။ နမောအရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏ သမ္ပန္နော၊ သုဂတော သမ္မသိဒ္ဓိ။ (တစ်ပတ်)

၅။ နမောအရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏ သမ္ပန္နော၊ သုဂတော၊ လောကဝိဒူ။ (တစ်ပတ်)

၆။ နမောအရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏ သမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသ ဒမ္မသာရထိ။ (တစ်ပတ်)

၇။ နမောအရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏ သမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသ၊ သတ္ထာဒေဝ မနုဿနံ။ (တစ်ပတ်)

၈။ နမောအရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏ သမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသ ဒမ္မသာရထိ၊ ဗုဒ္ဓေါ။ (တစ်ပတ်)

၉။ နမောအရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏ သမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသ၊ ဒမ္မသာရထိ၊ ဗုဒ္ဓေါ၊ ဘဂဝါ။ (တစ်ပတ်)

စုစုပေါင်း ၉ ပတ် စိပ်ပါ။

ဂုဏ်တော်ကိုးသွယ် ကျင့်စဉ်ကြီးကို အဓိဋ္ဌာန်ရာတွင် အောက်ပါအတိုင်း တိကျစွာလိုက်နာရပါမည်။

တိကျသောနေရာ (မိမိနှစ်သက်ရာ နေရာ)

တိကျသောအချိန် (မိမိနှင့်သင့်လျော်မည့် အချိန်)

တိကျသောရက် (ရက်ပေါင်း ၉၀)

တိကျသောပုတီးပတ် ၉ ပတ်။

တိကျသော၊ မိမိအလိုလားအပ်ဆုံးသော ဆုကို သတ်မှတ်၍ ပုတီးစိပ်ပြီးတိုင်း ခါက်ရေ ၄၅ ခါက် ဆုတောင်းရွတ်ဆိုပါ။

## ဆုတောင်းပုံ

ပုတီးစိပ်ပြီးတိုင်း ဘုရားတပည့်တော် မှန်ကန်သော သစ္စာအဓိဋ္ဌာန်ပြုခဲ့သည့်အတိုင်း ပြီးဆုံးအောင်မြင်ပါသောကြောင့် တပည့်တော်အား (—–)ဆုကို ပေးသနားတော်မူပါ အရှင်ဘုရားဟု၍ (ကွင်းထဲတွင် မိမိလိုချင်သောဆုကို ထည့်သွင်းတောင်းဆိုပါ ၄၅ ခါက် တိတိ)။ အထက်ပါအတိုင်း အစီအစဉ်ကျနစွာ ကျင့်ကြံအားထုတ်ခြင်းဖြင့် လိုရာဆန္ဒ သိဒ္ဓိပြီးပြည့်စုံအောင်မြင်ပါမည်။

***စိတ်ပြေ၊ နှုတ်ပြေ၊ အလုပ်ပြေခြင်းဖြင့် အများချစ်၍ ချမ်းသာကြစေသော်။***

လှအောင်ကြည်ဖြိုး



www.burmeseclassic.com

www.burmeseclassic.com

# ဆရာတော်ကြီးများ၏ မေတ္တာပို့နည်းများ

## ပဲခူးကျော်ကျော်

**တောင်တန်းသာသနာပြုဆရာတော်ဦးဥတ္တမသာရ ချီးမြင့်သော ရေမေတ္တာပို့နည်းနှင့် အလွယ်ဆုံးမေတ္တာပို့**

မိမိအား တစ်စုံတစ်ယောက်သောသူက မနာလိုမုန်းထားခြင်း ခံနေရလျှင် ထိုသူအား မုန်းစိတ်ကင်းပျောက်သွားပြီး မိမိကို သနားချစ်ခင်စိတ် ဝင်ရောက်လာစေသော မေတ္တာပို့လွှတ်ပေးရမည်။

သန့်ရှင်းသော ရေဖန်ခွက်တစ်လုံး ဘုရားကျောင်းဆောင်ပေါ် တင်ထားပါ။ မိမိမေတ္တာပို့လိုသူကို ရည်ညွှန်း၍ သန့်ရှင်းသော ကျောက်ခဲလေးတစ်လုံးကိုဖြစ်စေ၊ မာသော သစ်သားချောင်းလေးကိုဖြစ်စေ ရေခွက်ထဲ၌ထည့်၍ စိမ်ထားပါ။ မိမိမေတ္တာပို့လိုသူဟု သဘောထားပါ။

မေတ္တာပို့လွှတ်နေစဉ် ထိုသူ၏ရုပ်သွင်ကို မိမိ၏စိတ်အာရုံတွင် ထင်ထင်ရှားရှားဖြစ်နေပါစေ။ အထူးမှာ ကြည်လင်ရိုးသား၍ ကြည်လင်သော စေတနာကောင်းဖြင့် ချမ်းသာစေလိုစိတ် ထက်ထက်သန်သန် မေတ္တာပို့လွှတ်ပေးရမည်။

"သူ၏ နှလုံးစိတ်ဝမ်း ရေကဲ့သို့ ကြည်လင်အေးချမ်းပါစေ"ဟု လိုက်လံ့စွာ မေတ္တာပို့လွှတ်ပေးပါ။ သူ၏စိတ်နှလုံး ပူလောင်နေခြင်းကို အေးချမ်းသွားစေဖို့ သူ့ကိုငါ ရေစိမ်ထားလိုက်ပြီလို့ မှတ်လိုက်ပါ။ မိမိစိတ်ကိုလည်း ရှင်းရှင်းထားပါ။ ပူပင်သောကကင်းပြီး လှုပ်ရှားနေခြင်းမရှိအောင်နေပါ။ သူ့ကို ဒုက္ခမရောက်စေလိုပါ။ ငါလည်း စိတ်ချမ်းသာ၊ သူလည်းစိတ်ချမ်းသာ နေမြဲတိုင်းနေစေရန်၊ ဖြစ်မြဲတိုင်းဖြစ်စေရန် သူ့ကို ရေခွက်ထဲချ စိမ်လိုက်ပြီဟု ယုံကြည်စိတ်ချနေပါ။

သူစိတ်အေးသွားပြီ။ သူစိတ်ကြည်လင်သွားပြီ။ သူမှာ ငါ့ကို ရန်မူချင်စိတ် ပျောက်လွင့်သွားပြီဟု စိတ်ထဲက သိနေပါ။

မခံချင်သော မာနစိတ်၊ ပျက်စီးလိုသော ဒေါသစိတ်၊ ဆင်းရဲဒုက္ခရောက်လိုသောစိတ် လုံးဝ ဝင်ရောက်မသွားစေရ။ ဖယ်ထုတ်ပစ်ပါ။ ကြည်လင်သောစိတ်၊ ဖြူစင်သန့်ရှင်းသော စိတ်စေတနာဖြစ်အောင် ကြိုးစားပါ။

ဒေါသစိတ်ကင်း၍ ဖြူစင်သော စိတ်စေတနာ ဖြစ်ပေါ်လာပြီဆိုလျှင် မိမိက နိုင်ပြီဟု မှတ်ပါ။

မိမိကို မလိုမုန်းထားသူ၊ မလိုလားသူ၊ ရန်သူတို့ကို တစ်ဦးလျှင် ကျောက်ခဲတစ်လုံး သုံးဦးဆိုလျှင် သုံးလုံး ရေဖန်ခွက်ထဲထည့်၍ အစွမ်းကုန် မေတ္တာပို့လွှတ်ကြည့်ပါ။ အောင်မြင်ပါလိမ့်မည်။

### အလွယ်ဆုံး မေတ္တာပို့နည်း

စကြဝဠာအနန္တ၌ ရှိကြကုန်သော နတ်လူသတ္တဝါအားလုံးတို့သည် ဘေးရန်ကြောင့်ကြ၊ ဆင်းရဲကင်း၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။ ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝကြပါစေ။

မေတ္တာဘာဝနာကြောင့်လည်း မိမိကို မုန်းနေသူများ[illegible] သာ်မှ တဖြည်းဖြည်း မေတ္တာလည်လာကြပါလိမ့်မယ်။ မေတ္တာဆိုတာ ရေလိုပါပဲ။ ရေများလာရင် ကမ်းပေါ်တက်၍ စိုစေနိုင်သကဲ့သို့ မေတ္တာစိတ်များလာလျှင်လည်း ငြိုးသူရန်ဘက်လုပ်နေသော ရန်သူများကိုပင် အစိုဓာတ်ပေးကာ မေတ္တာပြန့်၍ စိုစေနိုင်ပါသည်။

(မဟာဂန္ဓာရုံဆရာတော်)

◆◆◆◆◆

**မင်းကွန်း တိပိဋကဓရဆရာတော်ဘုရားကြီး၏ မေတ္တသုတ်လာ မေတ္တာဘာဝနာပွားများနည်း**

(၁) ခပ်သိမ်းများစွာ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်[illegible] ပါစေ၊ ဘေးရန်ပယ်ရှင်း။ စိုးရိမ်ကင်း။ ဆင်းရဲမရှိ ဖြစ်[illegible]

www.burmeseclassic.com

(၂) ကြီးငယ်အလတ် သုံးရပ်ခန္ဓာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ၊ ဘေးရန်ပယ်ရှင်း စိုးရိမ်ကင်း၊ ဆင်းရဲမရှိ ဖြစ်ပါစေ။

(၃) ရှည်တိုအလတ် သုံးရပ်ခန္ဓာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ။ ဘေးရန်ပယ်ရှင်း။ စိုးရမ်ကင်း။ ဆင်းရဲမရှိ ဖြစ်ပါစေ။

(၄) ဆူကြုံအလတ် သုံးရပ်ခန္ဓာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ၊ ဘေးရန်ပယ်ရှင်း စိုးရိမ်ကင်း၊ ဆင်းရဲမရှိ ဖြစ်ပါစေ။

(၅) မြင်ဖူး မမြင်ဖူး နှစ်ဦးများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ၊ ဘေးရန်ပယ်ရှင်း၊ စိုးရိမ်ကင်း၊ ဆင်းရဲမရှိ ဖြစ်ပါစေ။

(၆) မြင်အဝေး မမြင်အဝေး နှစ်ရပ်များစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ၊ ဘေးရန်ပယ်ရှင်း၊ စိုးရိမ်ကင်း၊ ဆင်းရဲမရှိ ဖြစ်ပါစေ။

(၇) ဝေးနေ နီးနေ နှစ်ထွေများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ၊ ဘေးရန်ပယ်ရှင်း၊ စိုးရိမ်ကင်း၊ ဆင်းရဲမရှိ ဖြစ်ပါစေ။

(၈) ဘဝဇာတ်သိမ်း မသိမ်းများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ၊ ဘေးရန်ပယ်ရှင်း၊ စိုးရိမ်ကင်း၊ ဆင်းရဲမရှိ ဖြစ်ပါစေ။

(၉) ဖွားပြီး ကိန်းနေ နှစ်ထွေများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ၊ ဘေးရန်ပယ်ရှင်း၊ စိုးရိမ်ကင်း၊ ဆင်းရဲမရှိ ဖြစ်ပါစေ။

(၁၀) ကြောက်တတ် မကြောက်တတ် နှစ်ရပ်များစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ၊ ဘေးရန်ပယ်ရှင်း၊ စိုးရိမ်ကင်း၊ ဆင်းရဲမရှိ ဖြစ်ပါစေ။

(၁၁) တို့အိမ်တွင်းမှာ များသတ္တာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ၊ ဘေးရန် ပယ်ရှင်း၊ စိုးရိမ်ကင်း၊ ဆင်းရဲမရှိ ဖြစ်ပါစေ။

(၁၂) တို့ရွာတွင်းမှာ၊ တို့နယ်တွင်းမှာ၊ တို့ပြည်တွင်းမှာ၊ တို့ကမ္ဘာတွင်းမှာ ချမ်းသာကိုယ်စိတ် မြဲပါစေ၊ ဘေးရန်ပယ်ရှင်း၊ စိုးရိမ်ကင်း၊ ဆင်းရဲမရှိ ဖြစ်ပါစေ။

(၁၃) အနန္တစကြဝဠာ အတွင်းမှာ များသတ္တာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ၊ ဘေးရန်ပယ်ရှင်း၊ စိုးရိမ်ကင်း၊ ဆင်းရဲမရှိ ဖြစ်ပါစေ။

- လူအချင်းချင်း၊ လိမ်လည်ခြင်း၊ ကင်းရှင်းကြပါစေ။
- လူအချင်းချင်း၊ ကောက်ကျစ်ခြင်း၊ ကင်းရှင်းကြပါစေ။
- လူအချင်းချင်း၊ လုညှ်စားခြင်း၊ ကင်းရှင်းကြပါစေ။
- လူအချင်းချင်း၊ ပုတ်ခတ်ခြင်း၊ ကင်းရှင်းကြပါစေ။
- အထင်သေးခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ။
- ဒုက္ခရောက်လိုခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ။
- လောဘ၊ ဒေါသ၊ မိုက်မောဟ ပယ်ကြပါမှ တော်လိမ့်မည်။
- အရပ်ဒိသာ၊ ဆယ်မျက်နှာ၊ မေတ္တာဝေမှ သင့်လိမ့်မည်။
- ကိုယ်စိတ်နှစ်ဖြာ၊ ဘေးရန်ကွာ၊ ချမ်းသာကြပါစေ။

◆◆◆◆◆

## ရွှေပေါ်ကျွန်းဆရာတော်ချီးမြှင့်သော ဆယ့်နှစ်ဌာနမေတ္တာပို့

(၁) ဝသုန္ဓရေ မြေစောင့်နတ်မင်းကြီးနှင့်တကွ ဘုမ္မစိုးနတ်မင်းကြီးတို့သည် စိုးရိမ်ကြောင့်ကြမှု၊ ပူပင်မှုအမျိုးမျိုးတို့မှ ကင်းဝေးကြပါစေ၊ ဆင်းရဲခြင်းအပေါင်းမှ လွတ်ကင်းကြပါစေ။

ဂဠုန်မင်း၊ နဂါးမင်းနှင့်တကွ ဂဠုန်ပရိသတ်၊ နဂါးပရိသတ် အပေါင်းတို့သည် စိုးရိမ်ကြောင့်ကြမှု၊ ပူပင်မှု အမျိုးမျိုးတို့မှ ကင်းဝေးကြပါစေ၊ ဆင်းရဲခြင်းအပေါင်းမှ လွတ်ကင်းကြပါစေ။

ဟု အဖန်ဖန် အထပ်ထပ် ပွားများပါ။

(၂) နတ်စစ်မှူး နှစ်ကျိပ်ရှစ်ဦးတို့နှင့်တကွ နတ်ဘီလူးကြီးအပေါင်းတို့သည်လည်းကောင်း၊ ကုမ္ဘဏ်နတ်မင်းကြီး၊ ဂန္ဓဗ္ဗနတ်မင်းကြီးအပေါင်းတို့သည်လည်းကောင်း・・・

(၃) နေဗိမာန်စောင့်နတ်မင်း၊ လဗိမာန်စောင့်နတ်မင်း၊ နေနတ်သား၊ လနတ်သားတို့သည်လည်းကောင်း၊ ပဇ္ဇုန်မိုးနတ်သားနှင့် လေနတ်သား လေးယောက်တို့သည်လည်းကောင်း

(၄) ၂၇ လုံးသော နက္ခတ်ဆိုင်ရာ နတ်အပေါင်းတို့သည်လည်းကောင်း၊ ဂြိုဟ်ကြီး ရှစ်ပါး၊ နိမိတ်ကြီး ရှစ်ပါး၊ ဓာတ်ကြီးရှစ်ပါးဆိုင်ရာ နတ်မင်းကြီးအပေါင်းသည်လည်းကောင်း・・・



www.burmeseclassic.com

www.burmeseclassic.com

(၅) ယသသမချီ၊ သုရဿတီ၊ စန္ဒီ၊ ပရမီသွာ၊ မဟာပိန္နဲ၊ ဂေါရမန္တနနတ်မင်းကြီးတို့သည်လည်းကောင်း・・・

(၆) ဣရုံနသီ၊ ဣရုံနဒီ၊ ဝိမလဒေဝီ၊ ဣသသကဒေဝီ စသော နတ်နဂါးအပေါင်းတို့သည်လည်းကောင်း・・・

(၇) သီတာ ခုနစ်တန်၊ တောင်စဉ် ခုနစ်ထပ်၊ အိုင်ကြီး ခုနစ်အိုင်၊ သစ်ကြီး ခုနစ်ပင်တို့၌ စောင့်ရှောက်ကြကုန်သော နတ်ဒေဝါအပေါင်းတို့သည်လည်းကောင်း・・・

(၈) မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာ၊ သမုဒ္ဒရာ၊ တောတောင်ရေမြေ အာကာသ၊ စကြဝဠာအတွင်း၌ စောင့်ရှောက်ကြကုန်သော သိုက်နန်းရှင်အပေါင်းတို့သည်လည်းကောင်း・・・

(၉) ပစ္စည်းသိုက်၊ ဓာတ်သိုက်၊ ရတနာတိုက်တို့ကို စောင့်ရှောက်၍နေကြကုန်သော သိုက်နန်းရှင်အပေါင်းတို့သည်လည်းကောင်း・・・

(၁၀) နံနက်အချိန်ကာလကို စောင့်ရှောက်၍နေကြကုန်သော ပုဗ္ဗကာလနတ်ဒေဝါအပေါင်းတို့သည်လည်းကောင်း

ညနေပိုင်း အချိန်ကာကို စောင့်ရှောက်၍နေကြကုန်သော သာယနကာလ နတ်ဒေဝါအပေါင်းသည်လည်းကောင်း

(၁၁) မြို့တော်အနှံ့အပြားကို စောင့်ရှောက်၍နေကြကုန်သော မြို့တော်ရှင်၊ ရွာတော်အနှံ့အပြားကို စောင့်ရှောက်၍နေကြကုန်သော ရွာတော်ရှင်အပေါင်းတို့သည်လည်းကောင်း

(၁၂) အကျွန်ုပ်၏ အကျိုးစီးပွားကို လိုလားတော့တ၍နေကြကုန်သော ဟိတကာမနတ်ဒေဝါအပေါင်းတို့သည်လည်းကောင်း・・・

(ပွားဆဲ ပုဂ္ဂိုလ်တို့အပေါ်၌ အာရုံထိရောက်မှုရှိအောင် ဂရုစိုက်၍ အဖန်ဖန်အထပ်ထပ် ပွားများပါ။)

မေတ္တံ ဘာဝေထသာဓဝေါ

**ရန်ကုန်မြို့ ဗဟန်းတောင် ရွှေကျင်ကျောင်းတိုက်**
**အဘိဓဇမဟာရဋ္ဌဂုရု သပြေကန်ဆရာတော်**
**ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ၏ မေတ္တာပွားပုံလင်္ကာများ**

(၁) အိမ်သူ အိမ်သား၊ ထိုလူများနှင့် မြို့သူမြို့သား၊ အများလူတို့၊ အေးကြူလန်းကာ၊ လွှန်ကျန်းမာ၊ ချမ်းသာကြပါစေ။

(၂) အာစရိယ၊ မိဘနှစ်ထွေ၊ တို့မျိုးဆွေနှင့်၊ မိတ်ဆွေထိုထိုတို့ကို စောင်မစောင့်ရှောက်ကြသူ၊ လူမှန်သမျှ ဒုက္ခကင်းကွာ၊ လွှန်ကျန်းမာ၊ ချမ်းသာကြပါစေ။

(၃) တို့မြို့ရွာက၊ သံဃာတော်တို့၊ ရှင်ပျော်လန်းကာ၊ လွှန်ကျန်းမာ၊ ချမ်းသာကြပါစေ။

(၄) ကိုယ်စောင့်၊ အိမ်စောင့်၊ မြို့ရွာစောင့်နှင့်၊ ကျောင်းစောင့်အမျိုးမျိုး ဘုမ္မစိုးပြင်၊ ရုက္ခစိုးတစ်ဖြာ၊ အာကာသဌ၊ နတ်ဒေဝါတို့ သုခဖြိုးကာ၊ လာဘ်တိုးကာ၊ ချမ်းသာကြပါစေ။

(၅) မိုးလေမှန်ဖြာ။ ကေန်ပွားလျက်၊ စပါးဆန်ရေ အထွေထွေနှင့်၊ ရွှေငွေရတနာ၊ ပေါများကာဖြင့်၊ မြန်မာပြည်ဖွား။ ပုဂ္ဂိုလ်များတို့ (ကမ္ဘာသူ၊ ကမ္ဘာသား။ သတ္တဝါများတို့) စီးပွားဖြိုးကာ၊ လာဘ်တိုးကာ၊ ချမ်းသာကြပါစေ။

(၆) သူတော်တရား လွှန်ထွားကာလျက်၊ အများ ဒုစရိုက်၊ အမိုက်ကင်းကွာ၊ ပြည်မြန်မာ(ဤကမ္ဘာ)၊ သာယာချမ်းမြေ့စေသော်။

(၇) တစ်ဦးတစ်ဦး ချစ်ကြည်နူးလျက်၊ ရှင်မြူးဝမ်းသာ၊ လက်တွဲကာဖြင့် သာသနာ့အကျိုး၊ လောကကျိုး။ သယ်ပိုးနိုင်ကြပါစေ။

တို့ရဲ့မေတ္တာ၊ ရှိန်အဝါကြောင့်၊ ကမ္ဘာအရပ်ရပ်၊ တပ်ကြီးသုံးဖြာ၊ ကျော်လွှားကာဖြင့်၊ ကမ္ဘာသူများ။ ကမ္ဘာသားများ၊ ချမ်းသာပါစေ၊ အေးရေခွတ်ဖြန်း ါသတည်း။

*(သပြေကန်တရားပေါင်းချုပ်)*

မိန်းမသားနည်း၍ ယောကျ်ားသားများသော အိမ်ဟူသမျှ မီးအုပ်ဆောင်းဖြင့် ခိုးသူတို့သည် ခိုးယူဖျက်ဆီးရန် ခက်ခဲကုန်သကဲ့သို့ မေတ္တာစေတောဝိမုတ္တိကို ပွားများသော ကြိမ်ဖန်များစွာ လေ့ကျက်သောသူအား အမနုဿတို့သည် ဖျက်ဆီးရန် မလွယ်ကူပေ။

*(နိဒါနသံယုတ် ဩပမ္မဝဂ်ကုလသုတ်)*

သဗ္ဗေသတ္တာ အဝေရာဟောန္တု

**ပဲခူးကျော်ကျော်**



www.burmeseclassic.com

www.burmeseclassic.com

# မှော်ဝင်သနပ်ခါး

■ မြမြလှိုင်

ငယ်စဉ်ကလေးဘဝ ပုံပြင်နားထောင်တတ်သည့်အရွယ်တွင် မေမေပြောပြခဲ့သည့် ပုံပြင်မျိုးစုံတွင် စင်ဒရဲလားပုံပြင်ကို ပိုပြီးနှစ်ခြိုက် ကြိုက်နှစ်သက်ခဲ့သလို မရိုးနိုင်အောင်ပင် အခါခါနားထောင်ခဲ့သည်။ အထူးသဖြင့် ပို၍သဘောကျသည်က စင်ဒရဲလားမင်းသမီးလေးကို ကပွဲသဘင်သို့သွားနိုင်အောင် ဘဝပြောင်းပေးသည့် နတ်သမီးကိုင် သော့မှော်နှင်တံ(လိုတရခဲဆေးကြိမ်လုံး)တို့ဖြစ်သည်။ ထိုမှော်နှင်တံလေးသည် လိုအပ်သလို ပြောင်းလဲပေးနိုင်စွမ်းရှိသည်။ အထူးသဖြင့် မိန်းကလေးတွေအား လှပအောင် အဝတ်အစားအဆင်တန်ဆာတို့ကို ကြိုက်နှစ်သက်သလို ပြောင်းလဲဖန်ဆင်းပေးနိုင်သည်။

ထို့အတူ မြန်မာမိန်းကလေးတို့အတွက် သနပ်ခါးသည် လှပရေးရာအမြာမြာကို လိုအပ်သလို ပြုပြင်ဖန်တီးပေးနိုင်သည်။ သနပ်ခါးသည် အဆင့်အတန်းမနိမ့်သော မြန်မာ့ရင်မြစ် ရတနာစစ်စစ်ဖြစ်သည်။ ပင်ကိုအမွှေးရနံ့ရှိသည်။ အကြမ်းအားဖြင့် သိထားကြသည်မှာ သနပ်ခါးလိမ်းခြင်းဖြင့် အသား အရေအားပြီး အသွေးအရောင်ကို စိုပြည်စေသည်ကို သိကြသည်။ အမှန်တော့ သနပ်ခါးသည် ခန္ဓာကိုယ်အတွက် ကျန်းမာရေးအထောက်အကူပြု အမြစ်၊ အရွက်၊ ပင်စည်၊ အသီးအစေ့အားလုံးတို့သည် အသုံးဝင်သော အပင်ထွက်ပစ္စည်းအားလုံးဖြစ်သည်။ ထူးခြားမှုမှာ သနပ်ခါးကို ပြည်ပနိုင်ငံများတွင် အလှအပမှုန့်ခြယ်သမှုတွင် အသုံးချပစ္စည်းဖြင့် အသုံးပြုလေ့မရှိ။ မြန်မာတစ်နိုင်ငံလုံး တည်းသာလျှင် မျက်နှာထိုလိမ်းကျံခြင်း၊ ဆေးဖက်ဝင်အောင် အသုံးပြုခြင်းများရှိကြသည်။

မြန်မာ့ဆေးကျမ်းအရ သနပ်ခါးသည် ပူသည်။ သွေးထိုကြွစေသည်။ ငန်း မန်းဝင်ခြင်းကိုနိုင်သည်။ အပူနာ၊ အအေးနာကိုလည်းနိုင်သည်။

သနပ်ခါး တစ်ပင်လုံးသည် မှော်ဝင်နှင်တံလေးလိုပင်လိုရာကိုသုံးနိုင်သည်။ မြန်မာဝေါဟာရ သနပ်ခါးသည် မွေးစားအမည်မဟုတ်ပေ။ မြန်မာသံစစ်စစ်ဖြစ်သည်။ ပါဠိဘာသာဖြင့်အချို့သော ဝေါဟာရအဘိဓာန်တွင် တဂ္ဂရဟု ဘာသာပြန်သည်။ သို့ရာတွင် တောင်ဇလပ် (Tabemaemontana coronaria) ဟူ၍လည်း ပြန်ဆိုထားသည်။

ထို့ကြောင့် သနပ်ခါးကို ဟိန္ဒီ၊ သက္ကတ၊ ပါဠိဘာသာဖြင့် အတိအကျ ဝေါဟာရမရှိကြောင်း ထင်ရှား၍ သနပ်ခါးသည် မြန်မာမူစစ်စစ်သာဖြစ်သည်။ အချို့သော မြန်မာ့သမားတော်တို့က သနပ်ခါးသည် သ·နု·ခါမှ ဆင်းသက်လာသည်ဟု ဆိုကြသည်။ ခန္ဓာကိုယ်မှ အညစ်အကြေးတို့ကို ပယ်ရှားစေခြင်း (သနစေခြင်း)မှ ခါထုတ်သလို သန့်ရှင်းစင်ကြယ်စေအောင်ပြုလုပ်ပေးခြင်းဖြစ်၍ သနပ်ခါးဟုဆိုကြသည်။

နံ့သာဆယ်ပါး ႐ွင် တစ်ပါးအပါအဝင်ဖြစ်သော သနပ်ခါးသည် ရှောက်မျိုးရင်းဖြစ်သည်။ ရုက္ခဗေဒ (Botany) အမည်မှာ (Limonia acidissima Linn) ဖြစ်သည်။ အင်္ဂလိပ်လို (Chiness Boxtree)ဟုခေါ်သည်။ မှော်နှင်တံလေးသည် လိုရာကို ဖန်ဆင်းဖြည့်ဆည်းပေးနိုင်သလို သနပ်ခါးသည်လည်း မိန်းမလှလေးတို့ လှချင်စရာ အရောမှန်သမျှကို ဖြည့်ဆီးပေးနိုင်သည်။ သနပ်ခါးပင်သည် အရွက်၊ အသီး၊ ပင်စည်၊ အမြစ်ကအစ အသုံးဝင်သည်။ နံ့သာမျိုးထဲတွင် ပါဝင်သောကြောင့် သိပ္ပံနည်းပညာစနစ်ဖြင့် ပါဝင်သောဓာတ်ကို လေ့လာသောအခါ ကူမာရင်(Coumarin) အဓိကဓာတ်ပါဝင်ကြောင်း သိရှိရသည်။

သနပ်ခါးကို အမှန်တကယ် နှစ်ခြိုက်သူတို့သည် သနပ်ခါးကောင်းကောင်းကို ရွေးချယ်ကာဝယ်၍ လိမ်းကြသည်။ သနပ်ခါးကောင်းကောင်း၊ အပွေးအခေါက်ကောင်းကောင်း ဆိုသည်မှာ သနပ်ခါးပင်၏ ပင်စည်ပိုင်းဖြစ်သည်။ ထို့ကြောင့် အသားအရေ လှပကြည်လင် သန့်ရှင်းဝင်းဝါ အလှပဂေး ဖြစ်ချင်သူတို့သည် ပင်စည်က အားလုံးဖြည့်



www.burmeseclassic.com

www.burmeseclassic.com

သည်းပေးပါသည်။

(၁) သနပ်ခါးကိုသွေးပြီး တစ်ကိုယ်လုံးလိမ်းပေးပါက ခန္ဓာကိုယ် အတွင်းမှာရှိသော မမြင်ရသော အညစ် အကြေး အနိုးတို့သည် ခန္ဓာကိုယ်၏ အပြင်ဘက်သို့ သနပ်ခါးလိမ်းလိုက်သည်တွင် သနပ်ခါး၏ စုပ်ယူဆွဲငင်မှုဖြင့် ချွေးမနေ့ အပူအပုပ်တို့ ထွက်စေပါသည်။

(၂) မြန်မာမိန်းကလေးတို့သည် နေ့စဉ်အချိန်မှန်မှန် သနပ်ခါးကို မှန်မှန်လိမ်းပါက တင်းတိပ်၊ မှည့်ခြောက်နှင့် အဆီပြန်ခြင်းမှ ကင်းဝေးပြီး အသားအရေအေးမြကာ နေလောင်ခံခြင်းမှ ကာကွယ်စေပြီး ချွေးတစိုစိုနှင့် အသားရောင်ကို စိုပြည်စေပါသည်။

(၃) ဝက်ခြံ မှည့်ခြောက်၊ မိတ် စသော အဖုအပိမ့်များရှိလျှင်လည်း သနပ်ခါးလူးခြင်းဖြင့် ကာကွယ်ပေးပါသည်။

(၄) အမာရွတ်၊ ကျောက်ပေါက်မာသဲ့သဲ့ရှိသူများပင် သနပ်ခါးကို မှန်မှန် မပြတ်လိမ်းပါက အနာရွတ်တို့သည် မှေးမှိန်ကာသွားလေသည်။ ယားနာဝဲကြောင့် အနာရွတ်ရှိသူတို့သည်လည်း သနပ်ခါးကို မှန်မှန်သေသေချာချာ လိမ်းပါက ပျောက်ကင်းပါသည်။

(၅) နှလုံးမကောင်း၍ လေကြောင့် အမူးအမော်ရှိလျှင်လည်း သနပ်ခါးရနံ့သည် ထိုရောဂါဝေဒနာတို့ကို သက်သာစေပါသည်။ သနပ်ခါးကို ပါးကွက်ကွက်ကာ ပါးနှစ်ဖက်တွင် လိမ်းခြယ်သူသည် အလှမပျက်ဘဲ အသားအရေ ဖြူညက်ကာ အလှတက်လာပါသည်။ သနပ်ခါးတုံးသည် အမွှေးအခေါက်ကုန်သော်လည်း အတွင်းသား အနှစ်သားကိုပင် သွေးလိမ်းပါက အသားအရေ ပိုပိုချောမွတ်လာပါသည်။

သနပ်ခါးပင်၏ အရွက်သည်လည်း ဆေးဘက်ဝင်ပါသည်။ ဝက်ရူးပြန်ရောဂါအတွက် အရွက်သည် ဆေးဖော်စပ်လို့ရသည်။ အနာကြီးရောဂါဝေဒနာ ခံစားရသူတို့သည် သနပ်ခါးရွက်ကို ပြုတ်ပြီး ရေချိုးကာ ချွေးအောင်းပေးလျှင် ရောဂါမှ သက်သာပါသည်။ အရွက်ပြုတ်ရည်ကို ဆားခပ်ပြီး ပူပူ သောက်လျှင် ငှက်ဖျားထ၍ ချမ်းတုန်သည့်ဝေဒနာကို ကာကွယ်ပေးသည်။ အရွက်ကို အခြောက်လှန်းပြီး အမှုန့်ကြိတ်ကာ ရေနှင့်သောက်လျှင် အဖောအရောင်၊ ကိုယ်တွင်းအပူနာရောဂါမှန်သမျှကို ကာကွယ်ပေးသည်။

သနပ်ခါးအသီးသည်လည်း ဆေးဖော်စပ်ရာတွင် အသုံးပြုကြသည်။ အဆိပ်ဖြေဆေး၊ ခွန်အားတိုးဆေး၊ ကျောက်ရောဂါကာကွယ်ဆေးတို့တွင် ထည့်သွင်းဖော်စပ်ကြသည်။

သနပ်ခါးပင်ရင်း၏ သနပ်ခါးအမြစ်သည်လည်း နနွင်းမှုန့်နှင့်ရောပြီး သွေးကာ သောက်လျှင်သောက်၊ လိမ်းလျှင်လိမ်းပါက သွေးသားကြည်လင်ကာ အသားအရေလှလေသည်။ ဆားနှင့် ရောလိမ်းပါက ခန္ဓာကိုယ်အတွက် အညောင်းအညာပြေစေသည်။ ကလေးများ အအေးမိ၊ အစားမှားလျှင် ကွမ်းရွက်စိမ်းရေနှင့်ရောပြီး တိုက်ရသည်။

သနပ်ခါးအမြစ်ကို နေ့စဉ်မှန်မှန် လိမ်းပေးလျှင်လည်း အသားအရေသည် ချောမွေ့ကာ ကြည်လင်လာပါသည်။ မြန်မာ့ဆေးပညာရှုထောင့်က ကြည့်လျှင် သနပ်ခါးသည် ခါးသောအရသာရှိ၍ အရေထု၊ အရေပြားကို အားဖြည့်သည်။ ဖန်သောအရသာကြောင့်လည်း အသားအရေကို လှပစေသည်။ သနပ်ခါးသည် အသားအရေကို စိုပြည်စေ၍ ခန္ဓာကိုယ်တွင် သနပ်ခါးလူးထားပါက ထွက်လာသောချွေးသည် နံစောခြင်းမရှိ။ သနပ်ခါးနံ့ တသင်းသင်းနှင့် ပတ်ဝန်းကျင်ကို အနံ့ဆိုး သက်ရောက်မှုမရှိပေ။ ထို့ကြောင့်ပင် သနပ်ခါးရနံ့နှင့် သနပ်ခါးလိမ်းခြင်း အလှတို့အား ရှေးစာဆိုတို့က ဤသို့ ခြယ်မှုန်းခဲ့သည်။ သနပ်ခါးတစ်ပင်လုံးသည် မိန်းမသားတို့အတွက် မော်ဝင်နင်တဲလေးပမာ လိုရာကို အလှဆင် ခြယ်သနိုင်အောင် ပြုလုပ်သုံးစွဲ၍ရပါသည်။

"ရွှေနံ့သာခေါက်ကိုလှ ကျောက်ပျဉ်ထက်အသာတင် ခန်းခွင်ကသွေး။ လိမ်းမယ်လို့ကြံ၊ မှန်ယူခဲ့ ဆံတိုလေးရယ်၊ ပိန်းရိုက်စို့လေး။ နံ့သာရည်မတော်လို့ ချော်ကာဖိတ်တယ် ကျောင်းထိပ်ကမွှေး"

သနပ်ခါးရနံ့ မည်မျှမွှေးသည်ကို သာဓကပြုရာတွင် ကျောက်ပျဉ်မှာတင်ကာ သွေးရင်းက မတော်တဆ သနပ်ခါးရည်ဖိတ်သွားတောင် အလှမ်းဝေးသည့် ရှာကျောင်းထိပ်ကပင် အမွှေးရနံ့ကို ရသည်ဟု စာဆိုရှင်က ထူးကဲစွာ စပ်ဆိုထားလေသည်။

မြမြလှိုင်

၁၉-၂၅၄၃၈၂၄

www.burmeseclassic.com



# ပုည ကုသလ

မောင်မိုးဦး

ဒါနဆိုသည်မှာ စွန့်လွှတ်ခြင်းစေတနာကို ခေါ်ခြင်းဖြစ်သလို မိမိပစ္စည်း၊ မိမိဥစ္စာဟု တပ်မက်တွယ်တာတတ်သော တဏှာလောဘကို ဖျက်ဆီးပစ်သည့် လက်နက်ကောင်းတစ်ခုလည်းဖြစ်သည်။ ဒါနတွင် "စေတနာဒါန"နှင့် "ဝတ္ထုဒါန"ဟူ၍ နှစ်မျိုးရှိသည်။ စေတနာဒါနဆိုသည်မှာ လှူချင်ပေးချင်ကမ်းချင်သောစိတ်ဖြစ်ပြီး ဝတ္ထုဒါနဆိုသည်မှာ လှူစရာ၊ ပေးစရာဝတ္ထုပစ္စည်းများကို ခေါ်ခြင်းဖြစ်သည်။ ထို့ကြောင့် လူချမ်းသာ၊ နတ်ချမ်းသာ စသောကောင်းကျိုးချမ်းသာမှန်သမျှ ပေးစွမ်းနိုင်သည်မှာ "ဒါန"ပင်ဖြစ်သည်ဟု "ဓမ္မပီယဆရာတော်"က မိန့်ဆိုခဲ့လေသည်။

ကျွန်တော်တို့ မြန်မာလူမျိုးများ၏ရင်ထဲတွင် ကိုယ်ချင်းစာစိတ်နှင့် စာနာစိတ်များရှိ၏။ ထိုစိတ်များ၏ လှုံ့ဆော်မှုကြောင့် ကူညီချင်စိတ်များ ပေါ်လာခဲ့၏။

တစ်စုံတစ်ယောက်ကို အကူအညီ ပေးလိုက်ရသောကြောင့် အကူအညီတောင်းခံသူ၏ရင်ထဲတွင် ကြည်နူးမှုများဖြစ်ပေါ်သွားပါက အကူအညီပေးသူသည် ကုသိုလ်ကောင်းမှုတစ်ခုပြုလုပ်လိုက်ခြင်းသာ ဖြစ်သည်။

ထို့ကြောင့် ကျွန်တော်တို့လူမျိုးများ၏ အသုံးအနှုန်းများထဲတွင် နှုတ်၏စောင်မခြင်း၊ လက်၏စောင်မခြင်းဆိုသည့်စကားများ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ အဝတ်အထည်လိုနေသူကို အဝတ်အထည်ပေးလိုက်ခြင်းသည် လှူလိုက်ခြင်းဖြစ်သည်။ တစ်နည်းပြောရလျှင် ကုသိုလ်ကောင်းမှု ပြုလိုက်ခြင်းသာ ဖြစ်သည်။ ထို့အတူ မသွားတတ်၊ မလာတတ်ဖြစ်နေသူတစ်ယောက်ကို သူသွားချင်သည့်နေရာသို့ လိုက်ပို့ခြင်း၊ လမ်းညွှန်ခြင်း စသည်တို့သည်လည်း အကူအညီပေးသည့် ကုသိုလ်ကောင်းမှုများပင် ဖြစ်သည်။

အဝတ်အထည် ပေးခြင်းတွင် ဝတ္ထုပစ္စည်း(အထည်)ပါသည်။ လိုက်ပို့လမ်းညွှန်ခြင်းတွင် ကိုင်တွယ်စရာဝတ္ထုပစ္စည်းမပါပေ။ သို့သော် စိတ်ကောင်းလေးထားပြီး စိတ်သန့်သန့်လေးနှင့် ကူညီမည်ဆိုပါက ဝတ္ထုပစ္စည်းပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ကုသိုလ်ကောင်းမှုပြုခြင်းနှင့်အတူ ကြည်နူးပီတိဖြစ်ရခြင်းက အတူတူပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓ၏စကားကို နားထောင်ပြီး ဗုဒ္ဓဘာသာကိုးကွယ်သော ကျွန်တော်တို့ မြန်မာလူမျိုးများသည် လူနှစ်ယောက်အိမ်ထောင်ကျလျှင် သံဃာတော်များကို ဆွမ်းကပ်လှူဒါန်းသည်။ အိမ်သစ်တက်လျှင် ကုသိုလ်ကောင်းမှုလုပ်သည်။ မွေးနေ့မှာလည်း ဒါနပြုသည်။ ထို့ပြင် ကထိန်သင်္ကန်း၊ ဝါဆိုသင်္ကန်း ကပ်လှူခြင်းဖြင့် ကုသိုလ်ကောင်းမှုပြုလုပ်ကြသည်။ မည်သည့်ခေါင်းစဉ်မှတပ်စရာမရှိလျှင်လည်း သဒ္ဓါဆွမ်းအဖြစ် ရဟန်းသံဃာတော်များကို ကပ်လှူပြီး ကုသိုလ်ယူကြသော လူမျိုးများဖြစ်သည်။

မကြာသေးခင်က သရုပ်ဆောင်မင်းသမီးလေးတစ်ယောက်၏ မင်္ဂလာပွဲကို နိုင်ငံတကာအဆင့်မီ ဟိုတယ်တစ်ခုမှာ ပြုလုပ်သည်။ မိတ်ဆွေသူငယ်ချင်းများကို ညစာစားကျွေးမွေးခဲ့သည်။ ထို့ကြောင့်ငွေများစွာ ကုန်သည်။ ကျွန်တော့်အနေနှင့် ဂျူနယ်မဂ္ဂဇင်းစာမျက်နှာများပေါ်မှ ထိုသတင်းကိုဖတ်ပြီး ပီတိဖြစ်ရသည်။ သို့သော် ကုန်ကျငွေများကို အမှန်တကယ်လိုအပ်နေသော နေရာများသို့ လှူဒါန်းလိုက်လျှင် မည်မျှအကျိုးရှိလိုက်မလဲဟု ကျွန်တော်တွေးကြည့်နေမိသည်။ ဥပမာ...နာရေးကူညီမှုအသင်း၊ မျက်မမြင်ကျောင်း၊ ဆွံ့အနားမကြားကျောင်း စသည်တို့ဖြစ်သည်။

ရင်းနှီးသော မိတ်ဆွေသူငယ်ချင်းများကို ကျွေးမွေးခြင်းသည် ကုသိုလ်ကောင်းမှုဖြစ်သလို အမှန်တကယ်လိုအပ်နေသော နေရာများသို့လှူဒါန်းခြင်းသည်လည်း ကုသိုလ်ကောင်းမှုပင်ဖြစ်သည်။ သို့သော် အဓိပ္ပာယ်ရှိခြင်းနှင့် အကျိုးသက်ရောက်မှုကတော့ မတူညီနိုင်ပေ။ အဘယ့်ကြောင့်ဆိုသော်... မင်္ဂလာပွဲကုန်ကျငွေအစား၊ ဘာသာရေး၊ လူမှုရေးကိစ္စများသို့ လှူဒါန်းခြင်းက ပိုပြီးမွန်မြတ်သော အလှူဒါနဖြစ်သောကြောင့် ဖြစ်သည်။

သင်္ကန်းများ စီရီအပြည့်ရှိနေသော ဘုန်းကြီးကျောင်းများသို့ နောက်ထပ်သင်္ကန်းလှူမည့်အစား သင်္ကန်းမပြည့်စုံသော ဘုန်းကြီးကျောင်းများသို့ (တစ်စုံဖြစ်စေ၊ နှစ်စုံဖြစ်စေ) မိမိတတ်နိုင်သလောက် လှူဒါန်းခြင်းသည် ပိုပြီးအဓိပ္ပာယ်ရှိမည်ဟု ကျွန်တော်ထင်သည်။ သို့သော် အချို့က ဖိတ်စာကောင်းကောင်းရိုက်၊ လက်ကိုင်ဖုန်းတကားကားနှင့် ပြည့်စုံသောနေရာမှာ ရေများရာ မိုးရွာနေဆဲဖြစ်သည်။ ထိုအလှူပွဲများကိုတွေ့တိုင်း ဆရာတော်ကြီးတစ်ပါး မိန့်ကြားခဲ့သော "ရက်ရောစွာလှူဒါန်းပါ။ သို့သော် ပြစားမှုမဖြစ်ပါစေနှင့်" ဆိုသောစကားကို သတိရနေမိသည်။

xxx

ကုသိုလ်ကောင်းမှု ပြုတာချင်းအတူတူ တစ်ယောက်နှင့်တစ်ယောက် စိတ်ကူးခြင်း မတူညီကြပေ။ ထိုကဲ့သို့မတူညီခြင်းကြောင့် မြင်ရ ကြားရသည့်ပုဂ္ဂိုလ်များ၏ အကျိုးသက်ရောက်မှုအထူ၊ အပါးလည်း မတူညီကြပေ။ (မင်္ဂလာပွဲကုန်ကျစရိတ်ကို လူမှုရေးအသင်းအဖွဲ့သို့ လှူလိုက်သည့်သတင်းမျိုးဆိုလျှင် မုဒိတာပွားရသလို သာဓုလည်းခေါ်ရသည်။)

လိုင်းကားပေါ်တွင် မိမိရလာသောနေရာကို သက်ကြီးရွယ်အိုတစ်ဦးအား နေရာထပေးခြင်းသည် စွန့်လွှတ်ခြင်း (သို့) ကုသိုလ်ကောင်းမှုပြုခြင်း တစ်မျိုးဖြစ်သည်။ မကြာခင်တစ်ရက်က ကျွန်တော်အလုပ်သို့အလာ လိုင်းကားတစ်စီးကိုစီးခဲ့သည်။ နံနက်ပိုင်းဆွမ်းခံကြွချိန်မို့ သံဃာတော်များရပ်နေသောမှတ်တိုင်များတွင် ယဉ်မောင်းက ရပ်မပေးပါ။ (သံဃာတော်များထံ ယာဉ်စီးခမရသောကြောင့် ဖြစ်သည်။)

သို့သော် နောက်တစ်ရက်တွင် ကျွန်တော်စီးလာသောကားမှာ သံဃာတော်များရှိသည့် မှတ်တိုင်တိုင်းမှာ အသေအချာရပ်ပေးသလို ယာဉ်နောက်လိုက်ကလည်း ရိုရိုသေသေ ပြောဆိုသည်။ ကျွန်တော် ထိုမြင်ကွင်းကိုကြည့်ပြီး ကြည်နူးမိသည်။ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်သည် မည်သည့်ဝတ္ထုပစ္စည်းမျှ လောင်းမလှူလိုက်သော်လည်း သူတို့၏ "စေတနာဒါန" ပါသောအပြုအမူကို သာဓုခေါ်မိသည်။

ထို့ပြင် ငွေအရင်းအနှီးများစွာစိုက်ထုတ်ပြီး အဓိပ္ပာယ်ရှိရှိ လှူဒါန်းသော ကုသိုလ်ကောင်းမှုတစ်ခုကို ကျွန်တော်မကြာသေးသော ကာလတစ်ခုက ကြုံခဲ့ရ၏။ အလှူရှင်က ကျွန်တော့်မိတ်ဆွေဆရာတစ်ယောက်ဖြစ်သည်။ သူ့ဆန္ဒက ချို့တဲ့သောဘုန်းကြီးကျောင်းလေးမှာ ကထိန်သင်္ကန်းကပ်ချင်သည်။ နွမ်းပါးသော၊ မိဘမစုံသော ကျောင်းသားလေးများကို ရှင်ပြုပေးချင်သည်။ စာအုပ်နှင့် စာရေးကိရိယာ အသုံးအဆောင် ဝေငှလှူဒါန်းချင်သည်။ သက်ကြီးရွယ်အိုများကို အဝတ်အထည်နှင့် ဆေးဝါးလှူဒါန်းချင်သည်။ သို့သော် သူ



www.burmeseclassic.com

www.burmeseclassic.com

ဆန္ဒကို ဂျာနယ်၊ မော်ဒယ်နှင့် စူပါမက်ကတ်များပေါသော ရန်ကုန်မြို့ကြီးမှာ အကောင်အထည်မဖော်ခဲ့ပေ။

သူက သူ၏ကုသိုလ်ကောင်းမှုကို ထိရောက်စေချင်သလို အဓိပ္ပာယ်လည်း ရှိစေချင်သည်။ ထို့ကြောင့် မြို့ခံမိတ်ဆွေတစ်ယောက်၏ အကူအညီဖြင့် သူမရောက်ဖူးသော၊ သူနှင့်မည်သို့မှ ဆက်သက်မှုမရှိသော ကျောက်ပန်းတောင်းနှင့် ညောင်ဦးကြားရှိ ဆင်းရဲနွမ်းပါးပြီး ဘုန်းတော်ကြီးသင်ပညာရေးစနစ်ရှိသော ညောင်ပင်သာ ကျေးရွာလေးသို့သွားကာ သူ့ရည်ရွယ်ချက်အတိုင်း သွားရောက်လှူဒါန်းခဲ့လေသည်။

သို့သော် ကျောင်းထိုင်ဆရာတော်နှင့် တောရွာရှိ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူအားလုံး အလှူရှင်၏ နာမည်ကိုပင် မသိခဲ့ကြပေ။ (ထိုခရီးစဉ်လေးတွင် ကျွန်တော်လည်းလိုက်ပါခဲ့သည်။)

ထိုနေ့က ညောင်ပင်သာကျေးရွာလေးမှာ ကထိန်သင်္ကန်းကပ်သည်။ ကျောင်းသားလေးများကို ရှင်ပြုပေးသည်။ စာရေးကိရိယာဝေသည်။ သက်ကြီးရွယ်အိုများကို ငွေ၊ ဆေးဝါးနှင့် အသုံးအဆောင်လှူသည်။ နောက်ဆုံးအစီအစဉ်လေးက ကြည်နူးစရာ၊ ပီတိဖြစ်စရာပင်။ ရွာထဲမှ ရွာသူ၊ ရွာသားအားလုံးကို ယောက်ျား၊ မိန်းမ၊ ကလေး သီးခြားတန်းစီစေကာ အဝတ်အထည်များကို ပေးကမ်းလှူဒါန်းသော အစီအစဉ်ဖြစ်သည်။

ထို့ကြောင့် ကျွန်တော့်အနေနှင့် မိမိကိုယ်တိုင် ငွေကြေးစိုက်ထုတ်ပြီး မလှူဒါန်းနိုင်သော်လည်း တတ်နိုင်သည့်လူက အမှန်တကယ် လိုအပ်နေသော နေရာများသို့ စိတ်သန့်သန့်လေးနှင့် အလှူဒါနပြုပေးခဲ့သောကြောင့် သာဓုခေါ်ရသလို ထိုခရီးစဉ်၊ ထိုအလှူအတွက် ဝေယျာဝစ္စကုသိုလ်ပါဝင်ခွင့်ရသောကြောင့် မုဒိတာပွားရလေသည်။

xxx

ထို့ပြင် ကျွန်တော့်ဘဝတွင် ဝတ္ထုပစ္စည်းမပါဘဲ တစ်စုံတစ်ယောက်၏ အကူအညီပေးခြင်းကြောင့် ကြည်နူးပီတိဖြစ်ခဲ့ရသော အဖြစ်အပျက်ကလေး တစ်ခုရှိခဲ့ဖူးသည်။ ကျွန်တော်က ရသစာပေကို စိတ်ဝင်စားသည်။ ထို့ကြောင့် ဝတ္ထုနှင့် ဆောင်းပါးလေးများရေးပြီး အယ်ဒီတာစားပွဲကို ရိုးရိုးသားသားဖြတ်သန်းခဲ့သည်။

သည်လိုနှင့် စာရေးသက် ကြာလာသောအခါ မဂ္ဂဇင်းဂျာနယ်များတွင် ကလောင်နာမည်နှစ်မျိုးနှင့် ရေးသော ကျွန်တော့်စာမူလေးများ စာမျက်နှာပေါ်သို့ ခပ်စိပ်စိပ်ရောက်လာခဲ့၏။ စာရေးခါစက စာမူခအတွက် ရည်ရွယ်ပြီးရေးခဲ့ခြင်း မဟုတ်သော်လည်း မကြာခဏရလာသော စာမူခလေးများက မိသားစုမီးဖိုချောင်၏ ကွက်လပ်အငယ်စားလေးများကို ဖြည့်ဆည်းပေးနိုင်လာသောအခါ ပုထုဇဉ်ပီပီ စာမူခလေးများကို မျှော်လင့်မိလေသည်။

တစ်ရက် . . . ဂျာနယ်ဆိုင်တွင် ပလတ်စတစ်အိတ်နှင့် ထည့်ထားသော ဂျာနယ်တစ်စောင်ကို လှန်ကြည့်ချင်သည်။ သို့သော် အားနာသဖြင့် ယူမကြည့်ဖြစ်ပေ။ နောက်တစ်ဆိုင်တွင် ဆိုင်ရှင်အား လှန်ကြည့်ခွင့်တောင်းလိုက်သည်။ သူကလည်း ခွင့်ပြုသည်။ ထို့ကြောင့် ကျွန်တော့်စာမူပါကြောင်း သိရပြီး ဂျာနယ်တိုက်သို့သွားကာ စာမူခထုတ်ခွင့်ရလေသည်။

ထိုအတူ ကျွန်တော် အတွေးတစ်ခုရလိုက်၏။ တကယ်တော့ ကုသိုလ်ကောင်းမှုဆိုသည်မှာ ဝတ္ထုပစ္စည်းပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ အမှန်တကယ်လိုအပ်သော ကိစ္စကို စိတ်သန့်သန့်လေးနှင့် အကူအညီပေးခြင်းသည်လည်း ဝန်ဆောင်မှုကုသိုလ်ပင် ဖြစ်သည်။ ကျွန်တော်တင်ပြခဲ့သလို အဝတ်အထည်ပေးလှူခြင်း၊ လမ်းညွှန်ပေးခြင်း၊ ကထိန်သင်္ကန်းကပ်ခြင်း၊ ဘုန်းကြီးရဟန်းကို ယာဉ်ဖြင့်ပို့ဆောင်ပေးခြင်း၊ ဝေယျာဝစ္စလုပ်ပေးခြင်း၊ တစ်စုံတစ်ယောက် စိတ်ချမ်းသာရေးအတွက် ဂျာနယ်လှန်ကြည့်ခွင့်ပေးခြင်း စသည်တို့သည် ဒါနပင်ဖြစ်လေသည်။

ဘုရားရှင်ဟောကြားခဲ့သော တရားတော်များမှာ ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်၊ ဓမ္မက္ခန္ဓာပေါင်းရှစ်သောင်းလေးထောင် များပြားလှပါသည်။ သို့သော် ထိုတရားတော်အားလုံး၏ အနှစ်ချုပ်မှာ "မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား"ဆိုသော အချက်သုံးချက်ပင်ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တို့အားလုံး ဗုဒ္ဓ၏ အဆုံးအမအတိုင်း ကောင်းတာကိုလုပ်၊ မကောင်းတာကိုပယ်ပြီး၊ စိတ်ကို ဖြူဖြူစင်စင်ထားဖို့ အထူးလိုအပ်လှပေသည်။

မောင်မိုးဦး



www.burmeseclassic.com

www.burmeseclassic.com



# ဦးတောဂိဓာတိရုံးထူး

ဓော်တင် သိန်းဇော်ဇ

"မုတ်ဆိတ်ကို ပျားစွဲ"ဟူသော လောကနီတိဩဝါဒစကားလာများအရ ပျားက မုတ်ဆိတ်ကို အလိုအလျောက်၊ အခန့်သင့်စွာ အပိုင်အနိုင် အသေအချာမှု လာရောက်စွဲကပ်ပေးလာသော်လည်း အချိန်မတန်သေး၍ ရိပ်စားမိခြင်းမရှိ၍ သဘောပေါက်နားလည်တတ်သိခြင်း မရှိသေး၍ ရိုးသားဖြောင့်မတ် တည်ကြည်လွန်း၍၊ မထိုက်၍ အခန့်မသင့်လွန်း၍ အစရှိသည့် အကြောင်းခြင်းရာ၊ ဝိသေသ၊ အခြေအနေတို့ကြောင့် လာရောက်စွဲကပ်သော ပျားကို အသုံးမချမိ၊ တန်ဖိုးမထား၊ အလေးမထားမိလိုက်သည့်၊ တစ်နည်းအားဖြင့် ပုဂ္ဂိုလ်ထူး၊ သူတော်စင်တို့က လက်ဝယ်အရောက်ပင် သိဒ္ဓိဝင်ရာ၊ ဝတ္ထုပစ္စည်း၊ အဆောင်ပစ္စည်း၊ အင်းအိုင်လက်ဖွဲ့ စမ၊ ပုတီး၊ ဆေးဝါး၊ ဓာတ်လုံး၊ သင်္ချာဂဏန်း၊ နိမိတ်ပုံတို့ကို လာရောက်၍ချီးမြှင့်သော်လည်း လက်မခံ၊ မယူလိုက်မိ၍ ယူကျုံးမရ နှမြောတသဖွယ်ရာ ဖြစ်ရပ်ဖြစ်အင်ထူးအချို့ ရှိတတ်ပါသည်။ ပုဂ္ဂိုလ်ထူး၊ သူတော်စင်၊ ဝိဇ္ဇာရေကြီးတစ်ဦး ဖြစ်သူက ပုဂ္ဂိုလ်ငယ်လေးတစ်ဦးကို လက်ဝယ်အရောက်ပင် သိဒ္ဓိပေါက် တန်ဖိုးကြီးဝတ္ထုပစ္စည်းဆန်းတစ်ခုကို မရမနေ ကျားကုတ်ကျားခဲ မစသည့်သဘောနှင့် အတန်တန်မှု ချီးမြှင့်ပေးအပ်သော်လည်း ထိုပုဂ္ဂိုလ်ငယ်လေး၏ သီလ ပြည့်ဝမှုတို့နှင့် အကြိမ်ကြိမ်အခါခါမှု

www.burmeseclassic.com

www.burmeseclassic.com

အသေအလဲ ခါးခါးသီးသီးမျှ ငြင်းဆိုဖယ်ရှားသိလိုက်၍ အဖိုးကြီးထိုက်လှသော သိဒ္ဓိပေါက် ဝတ္ထုပစ္စည်းတစ်ခုကို မရထိုက်ရသည့် ဂမ္ဘီရဖြစ်ရပ်မှန် ဖြစ်ရပ်ဆန်းတစ်ရပ်ကား . . .။

လွန်ခဲ့သော နှစ်ပေါင်း ၂၀ နီးပါးခန့်က ဖြစ်ခဲ့ရာ လတစ်လ၏ လက်ကျန်နှောင်းမိုးတွေ တဖွဲဖွဲကလေး ရွာနေသောတစ်နေ့ ဈေးကွဲစအချိန် နံနက် ၁၁း၁၀ နာရီအချိန်၌ ဖြစ်သည်။ ထိုအခိုက်၌ ဈေးဝယ်၊ ဈေးရောင်းသူတွေ ကြွတ်လပ်ကုန်စင် ရှင်းလင်းစအချိန်လည်းဖြစ်၊ အချို့ဈေးဆိုင်ရှိ ရောင်းသူတွေအနေနှင့်လည်း ထမင်းစားကြ၊ ခေတ္တနားနေလဲလျောင်းအနားယူ အသံတိတ်ချိန်လည်း ဖြစ်၍ ဈေးကြီးတစ်ဈေးလုံးမှာ ပကတိမျှ တိတ်ဆိတ်ငြိမ်သက်နေလေသည်။ အသံလှူသူများ တိတ်ဆိတ်ရှင်းလင်းနေလေသည်။

ထိုစဉ် ပရဆေးဝါး၊ ဆေးမြစ်ပစ္စည်း၊ အသုံးအဆောင်ပစ္စည်းစုံများ ရောင်းချသည့် အထင်ကရ အဆင့်မြင့်ဘယဆေးဆိုင်ကြီးရှေ့ဆီသို့ ရဟန်းအိုကြီးတစ်ပါးသည် ကောက်ကာငင်ကာနှင့် ရုတ်ခြည်း ရုတ်တရက် ဖျတ်ခနဲမျှ ကြွရောက်လာလေသည်။ ရုတ်ခြည်းဘွားခနဲဆိုသလို ရုတ်တရက် အမှတ်မထင်မျှ ထူးဆန်းလှစွာ ကြွရောက်လာသည့် အသားတော်ကညိုညို၊ အရွယ်က မနိမ့်မမြင့်၊ ကိုယ်တော်အလုံးအထည် ပိန်ပိန်ပါးပါးနှင့် ဟောင်းနွမ်းကြေမွစပြုနေသည့် မည်းညစ်နေသော သင်္ကန်းတော်ကို ဝတ်ဆင်တော်မူထားသော ဆန်းကြယ်သော ရဟန်းအိုကြီးကို ဆိုင်ထဲတွင်ထိုင်ကာ စုဝေး၍စကားပြောနေကြသော ကျောင်းသားလူငယ်ကလေးတစ်စုတို့က အံ့ဩတကြီးနှင့် လှမ်းကာ မော့ကြည့်ငေးကြည့်နေမိကြစဉ် ထိုရဟန်းအိုကြီးက ကျောင်းသားလူငယ်ကလေးတစ်စုထဲက ရည်မွန်သိမ်မွေ့လှသူလေးတစ်ဦးကို "ကဲ . . . ဒကာလေးရေ ဒီဓာတ်လုံးကလေးကို ဝယ်တော့"ဟု မိန့်ဆိုရင်း တရင်းတနှီးပိုင်စိုးပိုင်နင်းဆိုသလို ကျောင်းသားလူငယ်လေးလက်ထဲဆီသို့ ပစ္စည်းလေးတစ်ခုကို အလျှင်စလို အမောတကောနှင့် အမြန်အဆန်မျှ လှမ်းကာထည့်ပေးလေသည်။ အပြုံးကလေးဝင့်၍ ညင်သာလှစွာနှင့် မိန့်ဆိုလေသည်။ မိတ်ရင်းမိတ်ဟောင်းနှယ် ဆက်ဆံပြုမူလေသည်။

ရဟန်းအိုကြီး လှမ်းထည့်ပေးလာသော ပစ္စည်းကလေးကို ကျောင်းသားလူငယ်လေးက အငမ်းမရ အမောတကော အံ့ဩတမောနှင့် အမြန်အဆန်ကြည့်လိုက်ရာ ဝင်းလဲ့တောက်ပြောင်လှသည့် ဆီးစေ့ခန့်အရွယ်ရှိ လုံးဝိုင်းစက်သော ဓာတ်လုံးကလေးတစ်လုံး၊ ငွေရောင်ဓာတ်လုံးဖြစ်နေသည်ကို အံ့ဩလှစွာနှင့် တွေ့မြင်ရလေသည်။ ကျောင်းသားလူငယ်လေးသည် သူနားမလည်၊ မဂုဏ်ကျွမ်းသဖြင့် ဓာတ်လုံးကလေးကို မမျှော်လင့်ဘဲ ရုတ်တရက် မထင်မှတ်ဘဲ မြင်တွေ့လိုက်ရ၍ စိတ်ပျက်လက်ပျက် ညည်းညူမိ၊ မအီမသာဖြစ်သွားရာပြီး ရဟန်းအိုကြီးကို လက်အုပ်ကလေးချီ၍ "အရှင်ဘုရား၊ တပည့်တော်က ဓာတ်လုံးကိစ္စတွေကို ကျွမ်းလည်းမကျွမ်း၊ နားလည်းမလည်၊ စိတ်လည်းမဝင်စားဘူး၊ လိုလည်းမလိုအပ်ဘူး၊ ဝယ်လည်းမဝယ်ချင်ဘူး။ ခွင့်လွှတ်ပါဘုရား"ဟု ရိုကျိုးချိုသာစွာနှင့် လျှောက်ထားငြင်းဆိုလေသည်။

ကျောင်းသားလူငယ်ကလေး၏ ကနဦးအစ တိကျပြတ်သားသော ငြင်းဆန်ရာ အဖြေလျှောက်ထားသံကို မမျှော်လင့် မထင်မှတ်ထားဘဲ ကပ်ကာ အပီအသမျှ ကြားလိုက်ရ၍ ရဟန်းအိုကြီးသည် အံ့ဩတုန်လှုပ်ခြင်း မကျေမချမ်းဖြစ်မိပြီး ကျောင်းသားလူငယ်လေးအား "ဟော့ . . . ဒကာငယ်လေး၊ ပြောရခက်လိုက်တာကွယ်။ ဒီဓာတ်လုံးက မင်းနဲ့ထိုက်တန်လို့ ငါမှ အပင်ပန်းတွေခံပြီး တကူးတကန့် လက်ထဲအရောက်ပဲ လာထည့်ပေးရတာ၊ ဘာပြီးရောင်းရတာကွ။ ဝယ်လိုက်ပါကွာ၊ မင်းမဝယ်လို့မဖြစ်ဘူး။ မင်းမဝယ်ရင် ငါ မင်းနားက မသွားမဖယ်တော့ဘူး"ဟု တင်းမာခက်ထန်သောအသံ၊ မျက်နှာပေးအမူအသွင်တို့နှင့် ငေါက်ငမ်းအရေးဆိုပြန်ပြီး ကျောင်းသားလူငယ်လေးလက်ထဲဆီသို့ ဓာတ်လုံးကလေးကို အတင်းအဓမ္မမျှ ထပ်ကာထည့်ပေးပြန်လေသည်။

တစ်ဖန် ရဟန်းအိုကြီး၏ ဓာတ်လုံးလေးကို အတင်းအဓမ္မမျှ တရကြမ်း မယူမနေသဘောနှင့် ထပ်မံကာ တိုက်တွန်းရောင်းချသံကို ကြားရပြန်၍ ကျောင်းသားလူငယ်လေးသည် ထပ်မံ

www.burmeseclassic.com

ကာ အထူးစိတ်အိုက် တုန်လှုပ်မိပြီး "အရှင်ဘုရား တကယ်ပါ။ တကယ့်ကို ဒီဓာတ်လုံးကို မလိုချင်လို့ပါ။ စိတ်မရှိပါနဲ့။ ဒီလိုပြုတော်မူပါဘုရား။ မဝယ်ပေမယ့် အရှင်ဘုရားကို ငွေတစ်ထောင် လှူလိုက်ပါ့မယ်ဘုရား။ ကျေနပ်ခွင့်လွှတ်တော်မူပါဘုရား"ဟု တရိုတသေနှင့် တောင်းပန်လျှောက်ထားပြီး ရဟန်းအိုကြီးလက်တော်ဆီသို့ ငွေစက္ကူတစ်ထောင်တန်တစ်ရွက်ကို ကမန်းကတန်း ကပျာကယာပင် လှမ်းကာကပ်လှူပြန်လေသည်။ ထိုအပြုအမူနှင့် မြင်ကွင်းတို့ကြောင့် ရဟန်းအိုကြီးသည် ဓာတ်လုံးကို ခါးသီးစွာငြင်းဆိုနေသော ကျောင်းသားလူငယ်လေးကို "ဒီဒကာလေး၊ မင်းလုံးဝကို သဘောမပေါက်သေးဘူး ထင်တယ်။ မင်းနဲ့ပဲ ထိုက်တန်လို့ ငါမှာ လူမော၊ လေကုန်နဲ့ ဒုက္ခခံပြီး လာရောင်း၊ လာပေးအပ်ရတာ။ ဒီဓာတ်လုံးက သာမန်အညတရဓာတ်လုံးတစ်လုံး မဟုတ်ဘူးကွ။ ဒီလောက်တောင် ရှိလှတာ။ ကဲ...ဒီမှာကြည့်၊ ငါပြမယ်"ဟု ဒေါသကကြီး စိတ်တဆိုးနှင့် ဆူပူကြိမ်းမောင်း ငေါက်ငမ်းကာ ပြောဆိုပြန်လေသည်။ ပြီးသော် ရဟန်းအိုကြီးသည် သူ၏ရှေ့နား မျက်မြင်နားရှိ ကောင်တာပေါ်ဆီက ရွှေသင်္ကန်းကပ်ရာ ရွှေစက္ကူစုတ်ကလေးတစ်ရွက်ကို ဖျတ်ခနဲ ဆတ်ခနဲ လှမ်းကောက်ယူလိုက်ပြီး သူ၏လက်ထဲဆီက ဓာတ်လုံးကလေးနှင့် ထိုရွှေစက္ကူစုတ်ကလေးကို ပတ်လိုက်ပြီး ကောင်တာပေါ်ဆီသို့ ကမန်းကတန်း အမောတကောနှင့် အမြန်ပြန်ချလိုက်လေသည်။ ဆိုင်ထဲရှိ ကျောင်းသားလူငယ်လေးအပေါင်းတို့က ကောင်တာပေါ်က ဓာတ်လုံးလေးပတ်ထားသော ရွှေစက္ကူကလေးကို စိတ်ဝင်တစားနှင့် စူးစိုက်ကာ ကြည့်ရှုနေစဉ်မှာပင် ထိုရွှေစက္ကူရွက်ကလေးက မီးထလောင်ကျွမ်း၍ ဟုန်းခနဲမျှ မီးထတောက်လောင်သလို ရွှေစက္ကူရွက်တစ်ပြင်လုံးမှာ ပြာများဖြစ်ကာ ပြာများတို့အလယ်တွင်ရှိသော ဓာတ်လုံးကလေးကိုသာ အံ့သြဘနန်း ပါးစပ်အဟောင်းသားတို့နှင့် မြင်ကြ၊ တွေ့ကြရလေသည်။ ဓာတ်လုံးပတ်ထားသော ရွှေစက္ကူလိပ်ကလေးက မီးထတောက်ပြီး စက္ကူလိပ်က ပြာများဖြစ်ကာ ပြာပေါ်၌ ငွေရောင်ဝင်း ဓာတ်လုံးကလေးသာ ကျန်ရှိရသော ဂမ္ဘီရဝင်ဖြစ်အင်ဆန်းနှင့် မြင်ကွင်းထူးကြီးကို မြင်တွေ့ခံစားကြရ၍ အံ့သြဘနန်း ပါးစပ်အဟောင်းသားနှင့် မှင်တက်မိသလို ဖြစ်နေကြရသော ဆိုင်ထဲရှိ ကျောင်းသားလူငယ်တစ်စုတို့အား ရဟန်းအိုကြီးဖြစ်သူက အောင်နိုင်သူအပြုံးမျိုးများနှင့် အပြုံးကလေးတစ်ချက် ဝင့်ကာ "ကဲ...ဒကာလေးရေ၊ မင်းမြင်ပြီနော်။ တွေ့ရပြီနော်။ ထားပါဦး။ မင်းမယုံ၊ စိတ်ထဲမကျသေးဘူး ထင်တယ်။ သေချာရအောင် တစ်ခါထပ်ပြီး ပြဦးမယ်ကွ။ ဒီမှာကြည့်လိုက်စမ်းပါဦးကွာ"ဟု တိုးညင်းစွာ ကပ်ပြောပြီး ကောင်တာပေါ်ရှိ သတင်းစာစက္ကူကလေးတစ်ရွက်နှင့် သူ၏ဓာတ်လုံးကို တစ်ခါပတ်လိုက်ပြီး ကောင်တာပေါ်ဆီသို့ ဒုတိယအကြိမ်အဖြစ် ထပ်မံ၍ အသာအယာကလေး ချပြလိုက်လေသည်။ ထိုသို့ ဒုတိယအကြိမ်အဖြစ် စမ်းပြလိုက်ရာတွင်လည်း ပထမအကြိမ်ကဲ့သို့ပင် ဓာတ်လုံးပတ်ထားသော သတင်းစာ စာရွက်ကလေးမှာ မီးဟုန်းခနဲ ထတောက်ကာ စာရွက်ကလေးမှာ ပြာစုများဖြစ်သွားပြီး ပြာတို့အလယ်ဆီ၌ ငွေရောင်ဓာတ်လုံးကလေးသာ ကျန်ရှိနေသည်။ ထိုလူငယ်တို့က တအံ့တသြ တမေ့တမောနှင့် အဆန်းတကြယ်အဖြစ် ရင်ဖိုကြ၍ မြင်တွေ့ခံစားကြရပြန်လေသည်။

ခဏမျှအကြာတွင် ရဟန်းအိုကြီးသည် ဒုတိယအကြိမ်တွင်လည်း မီးဟုန်းခနဲထတောက်ပြသည့် သူ၏ဓာတ်လုံးကလေးကို အပြုံးကလေးဝင့်၍ အားရကျေနပ် ဝင့်ကြွားစွာနှင့် အသာအယာကလေး လှမ်းဆွဲလိုက်ပြီး ကျောင်းသားလူငယ်လေးအား "ကဲ...ဒကာလေးရာ၊ မငြင်းပါနဲ့တော့။ ဓာတ်လုံးစွမ်းပကားး တန်ခိုးနဲ့ အာနိသင်ကို နှစ်ခါတိုင်အောင် တွေ့ရပြီမဟုတ်လား။ ကဲကွာ...မဝယ်ချင်ရင်လည်း အလကားပဲ ယူထားလိုက်ပါတော့နော်"ဟု အတင်း မဖြစ်မနေ ရှေ့ဆက်တိုး၍ လျှော့ပေါ့၍ အတင်းအကျပ် နားသွင်းတောင်းဆိုပြန်လေသည်။ ရဟန်းအိုကြီး၏ စကားများအဆုံး၌ ကျောင်းသားလူငယ်ကလေးက ရဟန်းအိုကြီးအား "အရှင်ဘုရား မဖြစ်လို့ပါဘုရား။ ဓာတ်လုံးကို ဝယ်လည်းမဝယ်ချင်ဘူး။ အလကား အခမဲ့လည်း ယူမထား၊ သိမ်းမထားချင်ဘူးဘုရား။ ဓာတ်လုံးကို ပြ



www.burmeseclassic.com

www.burmeseclassic.com

သိမ်းပြီး တပည့်တော်လှူလိုက်သော ဝတ္ထုငွေကို လက်ခံတော်မူလို့ လိုရာကိုသာ ပြန်ကြွတော်မူပါတော့ဘုရား”ဟု အားတုံ့အားနာ မျက်နှာထား၊ အသံအမူအရာတို့နှင့် တရိတသေပင် လျှောက်ထားပြန်လေသည်။ ထိုတစ်ကြိမ်တွင်တော့ ရဟန်းအိုကြီးမှာ မည်သို့မျှ ထပ်မံ၍ တစ်စုံတစ်ရာ တစ်လုံးတလေ၊ တစ်ပါဒမျှ ထပ်မဆိုတော့ဘဲ ကောင်တာပေါ်က ပြာများပေကျံနေသော ငွေရောင်ဓာတ်လုံးကလေးကို ဆတ်ခနဲ အမြန်အဆန်မျှ လှမ်းကောက်ယူလိုက်တော့ကာ “ကဲ···ဒကာလေးရေ ရှိပါစေတော့၊ ရှိပါစေတော့။ အလကားတောင်မှ မယူချင်၊ လက်မခံချင်တော့ မတတ်သာတော့ဘူး။ ကြွပါတော့မယ်၊ သွားတော့မယ်ကွယ်”ဟု စိတ်ပျက်လက်ပျက်နှင့် သက်ပြင်းချကာ တဖွဖွမှု ရေရွတ်ပြောဆိုရင်း ဆိုင်ကို ကျောခိုင်း၍ ဆတ်ခနဲရုတ်ခြည်းပင် ပြန်ကြွသွားတော့သည်။

ထိုဓာတ်လုံးကလေးနှင့်ဆိုင်ရာ အဖြစ်အပျက်ဆန်းကလေးတစ်ရပ် ဖြစ်အင်ထူး ဖြစ်ပေါ်ပြီးနောက် နှစ်လခန့်မျှအကြာ၌ ထူးဆန်းလှပေသော မမြင်မှုး မတွေ့ဖူးသည့် အမျိုးအနွယ်၊ အမည်ဆိုရသည့် ရဟန်းအိုကြီးဖြစ်သူတစ်ဦးက ငွေရောင်ရှိဓာတ်လုံး မီးထလောင်ဆတောက်ပြသည့် အင်္ဂရတ်ပေါက်ဓာတ်လုံးကို လက်ဝယ်အရောက် လာ၍ မရမကပေးအပ်ခြင်းကို ခါးသီးတင်းဆလှစွာ ငြင်းပယ်ဖယ်ရှား အသေအလဲ ဆက်မခံခဲ့သော ထိုကျောင်းသားလူငယ်လေးဖြစ်သူကလေးသည် တစ်နေ့၌ ဝိဇ္ဇာမရေ၊ ဂမ္ဘီရ၊ ဓာတ်နတ် ပုဂ္ဂိုလ်ဗိုင်းဆိုင်ရာတို့၌ အထူးတလည်မျှပင် လိုက်စားအားထုတ် တတ်သိကျွမ်းဝင်သော ဝါသမ္ဘာရင့်ဆရာပညာရှင်ကြီးတို့၏ စကားတရားဝိုင်းတစ်ခုဆီသို့ အမှတ်မထင်မျှ ရုတ်တရက်ရောက်ရှိသွားလေသည်။ ကျောင်းသားလူငယ်ကလေးဖြစ်သူက ဆရာ့ဆရာပညာရှင်ကြီးများ၏ ပညာပေး၊ သမားစဉ်စကားစု၊ ဖြစ်ရပ်၊ ဇာတ်လမ်း၊ အတွေ့အကြုံနှင့် ဂမ္ဘီရအာဘော်စကားများကို ဝင်စားအာရုံစိုက် နားထောင်နေစဉ် ဝါရင့်ပညာရှင်ဆရာကြီးတစ်ဦးဖြစ်သူ၏ “ဂန္ဓဝင်ကြီးမြောက်လှတဲ့ ဂမ္ဘီရစွမ်းအားဝင် သိဒ္ဓိပေါက် ဓာတ်လုံးတစ်မျိုးရှိတယ်။ ဝိဇ္ဇာမရဝင် အဲဒီဓာတ်လုံး၊ အင်္ဂရတ်ပေါက်ကိုရဖို့၊ ရှာဖို့၊ ထိန်းဖို့ဆိုတာလည်း ဝယ်ရဖို့ အလွန်မျှ ခက်ခဲလှတယ်။ နက်နဲလှတယ်။ ဘယ်လောက်စွမ်းသလဲဆိုရင် အဲဒီဓာတ်လုံးကို တွေ့ရာစက္ကူနဲ့ပတ်ပြီး စမ်းသပ်ကြည့်၊ လုပ်ကြည့်။ ပတ်ထားတဲ့စက္ကူရွက် ပြာအတိကျသွားတာ၊ ကြွေသွားတာကို မြင်ရမယ်။ အဲ···ဂမ္ဘီရဈေးကွက်အရ တန်ဖိုးဆိုရင်လည်း သိန်းသုံးလေးရာခန့်ပင် ရှိမယ်။ ဒါပေမယ့် ရှားတယ်၊ မရနိုင်ဘူး”ဟူသော သမားစဉ်စကားကို ကြားသိလိုက်ရလေသည်။ ချက်ချင်းဆိုသလိုပင် ကျောင်းသားလူငယ်ကလေးဖြစ်သူသည် လွန်ခဲ့သော နှစ်လခန့်ကာလဆီက သူဖူးတွေ့ ကြုံကြိုက်ခဲ့ရသော ထူးခြားဆန်းကြယ်လှသော ရဟန်းအိုကြီးဖြစ်သူနှင့် မီးတဟုန်းဟုန်းထတောက်ပြသော အင်္ဂရတ်ပေါက် ဓာတ်လုံးဆန်း၊ ဓာတ်လုံးထူးကလေးတို့ အပါအဝင် ထိုနေ့ရက်ဆီက အဖြစ်သနစ်ဆန်းတို့ကို ကွက်ခနဲပြေးကာ မြင်ယောင် အမှတ်ရထူပူမိရင်း နှမြောတသသလိုလိုနှင့် ရင်ဝယ်တနုံ့နုံ့ဖြစ်နေမိတော့သည်။ ခံစားနေရှာမိတော့သည်။

လောက၌ အခွင့်အရေးကောင်းတို့သည် ဧည့်သည်ကဲ့သို့ပင် လာတတ်ကြသည်ဟူသော လောကနီတိမွန်ဩဝါဒတို့ကား ဒ ထူးတလည်မျှပင် မှန်ကန်လေစွ။

ထူးဆန်းလှပါသော ရဟန်းအိုကြီးသည် ထိုကျောင်းသားလူငယ်ကလေးဖြစ်သူထံသို့ ယနေ့ထက်တိုင် နှစ်ပေါင်းနှစ်ဆယ်ခန့် ကြာသည့်တိုင်အောင်ပင် နောက်တစ်ခါတစ်ကြိမ် မလာလေတော့။ မကြွလာလေတော့။ ဘာကိုမျှ ထပ်ကာ မပေးလေတော့။ အခြားပုဂ္ဂိုလ်ထူးများကဲ့သို့ ယုတ်စွအဆုံး အိပ်မက်ကိုပင် မပေးလေတော့။ အလျဉ်းမဆက်သွယ်လေတော့။ နိဂုံတံခဲ့ပေပြီ။

မော်တင်သိန်းဇော်ဇ

ဝန်ခံချက် ။ ခရီးသွားစဉ် လေးစားရှိသေအပ်ပါသော ပုဂ္ဂိုလ်မွန်တစ်ဦး၏ ပြန်လည်ပြောပြချက်များကို မှီငြမ်းကိုးကား၍ တင်ပြခြင်းဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# တိုက်ဆိုင်တာလား၊ တကယ်လား

■ မမိုးသိမ့်

ဆယ်ကျော်သက်အရွယ်မို့ ရွှးရွှး မိုက်မိုက်နဲ့ အိမ်ထောင်ပြုလိုက်တယ် ဆိုပေမယ့် လူလည်ကြီး ကျွန်မတို့က တော့ အလုပ်ကို အရင်လျှောက်လိုက် ကြပါတယ်။ အဲဒီအချိန်တုန်းက(H.S.F) တန်းမြင့်ကျောင်းထွက် အောင်ရင်ပဲ အလုပ်ရဖို့လွယ်ကူပါတယ်။ ဒါကြောင့် ခလရ-၅၂ တပ်တွင်းကျောင်း ခန္တီးမြို့မှာ မူလတန်းပြ ဆရာ၊ ဆရာမတွေ အဖြစ်နဲ့ အိမ်ထောင်ဦးကို စတင်နိုင်ခဲ့ပါတယ်။ ခလရ-၅၂ က ခန္တီးမြို့ရဲ့ တောင်ပေါ် လေးမှာပါ။ လေယာဉ်ကွင်းလည်းရှိပါ တယ်။ ခန္တီးမြို့ကိုတော့ အောက်ကျင်း လို့ခေါ်ကြပါတယ်။ ၁၉၆၇ ခုနှစ်လောက် ကတော့ ခန္တီးမြို့လေးဟာ အခုလို မတိုး တက်မဖွံ့ဖြိုးသေးပါဘူး။ ခန္တီးမြို့ထဲကနေ ခလရ-၅၂ က ကျောင်းကိုသွားရင် လယ်ကွင်းလေးကွင်းလောက် ဖြတ်ရပါ တယ် နောက်မှ မြေပြေလေးမြင့်တက် သွားတဲ့ ဖြတ်လမ်းလေးကတစ်ဆင့် သွား ကြရပါတယ်။ မိုးတွင်းဆိုရင် ဂဝံမြေ စေးတွေနဲ့ ခဏခဏချော်လဲကြပါတယ်။ အဲဒီလမ်းလေ.:မှာ တစ်ခါတလေ နာဂ ကြီးတွေကို တွေ့ရပါတယ်။ သဘော ကောင်းပြီး ရိုးဖြောင့်သူတွေပါ။ သူများကို မတရားမလုပ်သလို မတရားဘူးထင်ရင် လည်း မခံတတ်ကြသူတွေပါ။

ကျွန်မ ခန္တီးမှာ တာဝန်ထမ်း ဆောင်နေတုန်းက တွေ့မြင်ခံတွေ့ခဲ့ရ တဲ့ နာဂလူမျိုးတွေအစား အခု TV ထဲ မှာမြင်ရတဲ့ နာဂမလေးတွေ၊ နာဂလူကြီး တွေဟာ သန့်ရှင်းသပ်ရပ်နေကြပါတယ်။ ကျွန်မ အလုပ်ဝင်ရောက်လုပ်ကိုင်နေ စဉ်ကလည်း နာဂမြို့ပိုင် ရှိခဲ့ပါတယ်။ ဦးကြယ်တောင်လို့ခေါ်ပါတယ်။ အခုထိ မှတ်မိနေတုန်းပါပဲ။ အဲဒီ ခ·လ·ရ-၅၂ တပ်တွင်းကျောင်းမှာ ကျွန်အမျိုးသား ဦးမောင်မောင်ညို့က စတုတ္ထတန်းသင်ရ ပါတယ်။ ကျွန်မက ဒုတိယတန်းသင်ရ ပါတယ်။ အဲဒီအချိန်တုန်းက ကျောင်း အုပ်ဆရာကြီးက ဦးထွန်းမြင့်ပါ။ သဘော ကောင်းပြီး အနေအေးပါတယ်။ မအေး တာက ကျွန်မခင်ပွန်း ဆရာညိုပါ။ ဆရာ က အသင်အပြကောင်းသလို အနုပညာ ပိုးကလည်းရှိတော့ တပ်ရင်းက ပွဲတွေရှိ ရင် သူက အငြိမ့်တစ်ခွင်တော့ ထည့်ပါ တယ်။ မင်းသမီးက ရဲမေမိသားစုဝင်ပါ။ "တင်တင်ဦး"တဲ့။ လူရွှင်တော်တွေက ဆရာဦးလှဝနဲ့ ဆရာညိုပေါ့။ သူတို့အငြိမ့် သီချင်းလေးလည်း မှတ်မိနေပါသေးတယ်။

"တင်တင်ဦး ကျွန်မနာမည် ပြည် သူ့အသည်းစွဲ လုဒေဝီ"တဲ့။ မင်းသမီးက လည်း အကနကောင်း။ လူရွှင်တော်တွေ ကလည်း တင်ဆက်မှုကောင်းတော့ တပ် ရင်းက ရဲဘော်ရဲမေတွေဆို သဘောကျ နှစ်ခြိုက်ကြတာပေါ့။ ဆရာညိုက သူ့ တပည့်လေးတွေဖြစ်တဲ့ မရမ်လုဆိုတဲ့ ကချင်မလေးတို့၊ ဖေအောင်တို့၊ အောင် မြင့်တို့နဲ့ ပြည်ထောင်စုကပွဲလေးလည်း ကပြသေးတယ်။ အဲဒီကလေးတွေလည်း အခုဆို အသက် ၄၀ ကျော် ရှိပြီပေါ့။ ကျွန်မတောင် အသက် ၆၀ ကျော်နေပြီ လေ။ ဆရာညိုဆိုရင်လည်း ကွယ်လွန် သွားရှာပါပြီ။ အဲဒီအချိန်တုန်းက တပ်ရင်း မှူးကြီးကလည်း ရုပ်ချောချော၊ သဘော ကောင်းကောင်းပါ။ သူ့သားသမီးတွေကို လည်း တပ်တွင်းကျောင်းမှာ ထားပါ တယ်။ သားကြီးက ဆရာညိုသင်တဲ့ စတုတ္ထတန်းမှာပါ။ သမီးလေးတွေဖြစ်တဲ့ စံနီဒွေတို့၊ သူဇာဝေတို့ကတော့ စာတော် တဲ့ ကျွန်မတပည့်လေးတွေပေါ့။ အဲဒီ တပ်ရင်းက ခြောက်ခန်းတွဲ လိုင်းခန်းလေး မှာ ကျွန်မတို့ကို နေရာချထားပေးပါ တယ်။ ကျွန်မတို့အခန်း ဘေးခန်းက မိသားစုက ဆရာသက်လုတို့ပါ။ သူ့သား ကြီး စိန်တိုးဝင်း။ စိန်တိုးကတော့ ဆရာ ညိုရဲ့အတန်းမှာပါ။ တပ်ရင်းလိုင်းခန်း တွေမှာနေကြရတော့ ရဲဘော်၊ ရဲမေတွေ နဲ့ တစ်သွေးတည်း တစ်သားတည်းဖြစ်ပြီး ရှေ့တန်းထွက်ကြပြီဆိုရင်လည်း တပည့် လေးတွေရဲ့ မိသားစုနဲ့အတူ ဝမ်းနည်းရ တယ်။ စိတ်ပူရပါတယ်။ ရှေ့တန်းက ပြန် လာကြပြီဆိုရင်လည်း သူတို့မိသားစု တွေနဲ့အတူ ပျော်ရပါတယ်။ ပြန်ပါမလာ တဲ့သူတွေအတွက်လည်း ဝမ်းနည်းရပါ တယ်၊ ကြေကွဲရပါတယ်။ အရပ်သူဖြစ်တဲ့ ကျွန်မကတော့ တပ်ရင်းထဲမှာနေရတာ အသားမကျပါဘူး။ ကျွန်မက အသည်း မမာဘူး။ ပျော့ညံ့တယ်။ သတ္တိလည်း မရှိဘူး။ ကာယကံရှင်တွေနဲ့အတူ ပူဆွေး မိတာပါပဲ။ တပ်မတော်သားတွေရဲ့ ဇနီး ဘဝမှာလည်း လင်သားတွေနည်းတူ စောင့်ထိန်းရတာတွေ အများကြီးပါ။ တပ်မတော်သားတွေကလည်း ပုဒ်ဆိုင် လူသားတွေမို့ တာဝန်ထမ်းဆောင်ရင်း အသက်စွန့်သွားရတဲ့အခါ နောက်ဆုံး

www.burmeseclassic.com

မှာကျန်ခဲ့တဲ့ မိသားစုကို ချက်ချင်းရောက်လာပြီး အသိပေးတာမျိုးလည်း ကျွန်မကြုံဖူးပါတယ်။ ဘုရားပန်းအိုး ကျကွဲတာတို့၊ ရေတိုင်ကီကြီးကို တွန်းလှဲပစ်တာမျိုးတို့ကို ကြုံဖူးပါတယ်။ အဲဒီ တပ်ရင်း ၁၂ မှာ ကျွန်မရဲ့သားဦးလေး ကိုဦးကို မွေးပါတယ်။ တပ်တွင်းဆေးခန်းမှာ ရဲဘော်ဇနီးတွေနဲ့တန်းတူ ဆရာမဖြစ်တဲ့ ကျွန်မလည်း မွေးဖွားခွင့်ရခဲ့ပါတယ်။

သားကိုဦးက ကိုးပေါင်ခွဲဆိုတော့ ထွားပါတယ်။ သားဦးမွေးရတဲ့ ကျွန်မလည်း မွေးရခက်ခဲပါတယ်။ တနင်္ဂနွေ ည ၁၂ နာရီကတည်းကစပြီး ဗိုက်နာတာ နောက်တစ်နေ့ ၁၂း၃၀ နာရီမှ သားကိုဦးကို မွေးနိုင်ခဲ့ပါတယ်။ အရမ်းဝင်ပန်းပါတယ်။ ဒါပေမယ့် သားကြီးက ဝတုတ်တုတ် ဖအေတူဆိုတော့ ပင်ပန်းသမျှ ပြေပျောက်ရပါတယ်။ အခု အသက် ၅၅ နှစ်ကျော်နေပြီဖြစ်တဲ့ သားကြီးက သူ့မိန်းမ သားဦးမွေးတော့ ပျာယာခတ်နေတာနဲ့ ကျွန်မက သားကြီးကို -

"ဟဲ့…ကိုဦးရဲ့ အမေလည်း မင်းကို အဲလိုပဲ မွေးရတာတော့"

လို့ ပြောမိပါသေးတယ်။

သားကိုဦးကို မွေးတဲ့အခါတုန်းက သားကြီးကို အနီးထုပ်နဲ့ထွေးပိုက်ပြီး နို့တိုက်တော့ သူနာပြုဆရာမကြီးကပြောတယ် -

"ဆရာမသားမှာ ထူးခြားတာလေး ပါလာတယ်"

"ဘာများလဲ ဆရာမကြီးရဲ့"

ဆရာမကြီးက အနီးထုပ်လေးကို ဖြေပြီး သားရဲ့ ရင်အုံမို့မို့လေးကိုပြပါတယ်။ ရင်ဘတ်မှာ နို့သီးမည်းမည်းလေး နှစ်လုံးအပြင် ဘယ်ဘက်နို့သီးလေးအောက်မှာလည်း သေးစိုနေတဲ့အချိုင့်လေးတစ်ခုကိုပြတယ်။ သားလေးကတော့ နာကျင်ဟန်မပြပါဘူး။ ခြေကားရား လက်ကားရားနဲ့။

"အဲဒါ ဘာဖြစ်တာလဲဆရာမ"

"မွေးကတည်းက ပါလာတာပါ။ ထူးထူးဆန်းဆန်းပဲ။ ချွန်ထက်တဲ့အရာတစ်ခုခုနဲ့ ထိုးမိသလိုပဲ"

သားလေးဟာ နာကျင်ဟန်မပြပေမယ့် ကျွန်မမှာ မထိရဲ မကိုင်ရဲ စိုးရိမ်မှုပိုကဲနေပါတယ်။ သားလေးနဲ့ ကျွန်မ မီးထွက်ပြီး လိုင်းခန်းထဲပြန်တဲ့အထိ သွေးလေးတွေစို့နေတုန်းပါပဲ။ စိမ့်စိမ့်ပြီးထွက်နေသလိုမျိုးပါ။ တစ်လပြည့်တော့ မထွက်တော့ပါဘူး။ သားလေး မီးထွက်တဲ့နေ့မှာ အခန်းချင်းကပ်နေတဲ့ ခြေရင်းခန်းက ဆရာသက်ရဲ့ဇနီး မမအုန်းလည်း မီးဖွားပါတယ်။ မိန်းကလေးပါ။ အဲဒီမှာ ထူးခြားတာတစ်ခု တွေ့ရပါတယ်။ ဖြူဖွေးဝတစ်နေတဲ့ သမီးလေးမှာ နီရဲတဲ့အရစ်တွေ ပါလာတယ်။ လက်ဖျားထိပ်လေးတွေထိပါ။ ကြိုးနဲ့တုပ်ထားသလိုပါပဲ။ မီးထွက်တဲ့နေ့ကျတော့ လက်ဖျားထိပ်လေးတစ်ခု ကြွေကျသွားတယ်။ သမီးလေးက နာကျင်ဟန်မပြပါဘူး။ ရယ်မောပျော်ရွှင်နေတာပါပဲ။ သူ့ကို ထူးထူးလို့ အမည်ပေးလိုက်ကြပါတယ်။ သမီးလေးမွေးတုန်းက သူ့အဖေ ဆရာသက်က ရှေ့တန်းမှာပါ။

သားကိုဦးနဲ့ သမီးလေးထူးထူး တစ်လပြည့်မှာ ဆရာသက်တို့ ရှေ့တန်းကပြန်လာကြပါတယ်။ တပ်ထဲမှာတော့ သည်လိုပါပဲ။ အရေးကြီးတယ်ဆိုရင် မင်္ဂလာဦးညလည်း ရှေ့တန်းထွက်ရသလို နေ့စေ့လစေ့ ကိုယ်ဝန်ကြီးနဲ့ ဇနီးသည်ကိုလည်း ထားခဲ့ရတာပါပဲ။ ဒါပေမယ့် တပ်ရင်းမိသားစုနဲ့ တပ်ရင်းမှူးကတော် အရာရှိကတော်တွေက ကျန်ခဲ့တဲ့မိသားစုကို စောင့်ရှောက်ကူညီကြပါတယ်

ဆရာသက်ပြန်လာတော့ သမီးလေးနဲ့ သားကိုဦးကိုကြည့်ပြီး ပြောပါတယ်။

"ဆရာမတို့ ယုံမလားတော့မသိဘူး။ တိုက်ဆိုင်တာလားတော့ မသိ။ ဟိုးအရင်နှစ်က ကျွန်တော်တို့ရှေ့တန်းထွက်တုန်းက မီဒိုသောင်းကျန်းသူတွေနဲ့ ရင်ဆိုင်တိုက်ပွဲဖြစ်ကြတယ်။ အဲဒီတုန်းက မီဒိုဗိုလ်တစ်ယောက်နဲ့ တပ်သားတစ်ယောက်ကို မိပါတယ်။ ဗိုလ်က အတင်းထွက်ပြေးလို့ လှံစွပ်နဲ့ထိုးဖမ်းရပါတယ်။ တပ်သားကိုတော့ ကြိုးတွေအထပ်ထပ်တုပ်ထားရတယ်။ ဒါပေမယ့် သူတို့ထွက်ပြေးကြလို့ ပစ်မိန့်အရ ပစ်ဖမ်းလိုက်ရတယ်။ နှစ်ယောက်စလုံး သေသွားကြတယ်။ ဒါကြောင့် ကျွန်တော့်နောက်က ဝိညာဉ်အနေနဲ့လိုက်ပါလာပြီး ဆရာမသားနဲ့ ကျွန်တော့်သမီးအဖြစ် ဝင်စားကြသလားလို့"

ဆရာသက်စကားဆုံးတော့ ကျွန်မရင်ထဲမှာ စိုးရိမ်စိတ်ဖြစ်ခဲ့ရပါတယ်။ သားလေးဟာ အရင်ဘဝဟောင်းကို ပြန်မှတ်မိမှာသားလို့ပါ။ ဒါပေမယ့် သားကိုဦး အခု အသက် ၄၆ နှစ်ရှိပါပြီ။ တစ်ခါမှ အရင်ဘဝအကြောင်း မပြောခဲ့ပါ။ သူ့ရင်ဘတ်က ဒဏ်ရာလေးကလည်း သုံးနှစ်သားကစပြီး တဖြည်းဖြည်းပျောက်ကွယ်သွားခဲ့ပါတယ်။ ထူးထူးလေးတို့မိသားစုကတော့ ပြောင်းရွှေ့သွားကြတဲ့အတွက် မသိရတော့ပါ။ သူ့အမေကတော့ သမီးလေးကို ကြည့်ပြီး စိတ်မကောင်းဖြစ်နေမှာပါပဲ။

ဒီအဖြစ်အပျက်လေးဟာ တိုက်ဆိုင်မှုလား၊ တကယ်လားဆိုတာတော့ မခွဲခြားနိုင်တော့ပါ။ ကြုံရဆုံရ ဘုံဘဝဆိုသလို လူ့ဘဝမှဖြစ်ရပ်လေးတစ်ခုပါ။

မမိုးသိမ့်



www.burmeseclassic.com

www.burmeseclassic.com

# ကမျက် ယမျက်
## အစီရင်

ဘုန်းမိုးနေလ

တစ်နေ့သ၌ ကျွန်ုပ်နေထိုင်ရာ အိမ်သို့ လှိုင်သာယာမြို့နယ်မှ 'ကိုဇေယျာ'တစ်ယောက် ရောက်လာခဲ့၏။ ကုမ္ပဏီလောက၌ ကျွန်ုပ်လုပ်ကိုင်ခဲ့စဉ်က ညီအစ်ကိုပမာ ခင်မင်ရင်းနှီးခဲ့ရသော ကိုဇေယျာမှာ ယခုထက်တိုင် ငယ်ပေါင်းများသဖွယ် ကျွန်ုပ်နှင့်ခင်မင်ကြသူများဖြစ်၏။

"အင်း ... မျက်စိလည်လမ်းမှားပြီး ရောက်လာတယ်ဆိုတော့လည်း ကော်ဖီလေးဘာလေး တိုက်ရတော့မှာပေါ့ကွာ"

ဟု ကျွန်ုပ်က နောက်ပြောင်ပြောဆို၍ ကိုဇေယျာအား အိမ်ပေါ်ခေါ်တင်လာခဲ့၏။ ထို့နောက် ကော်ဖီမစ်တစ်ခွက်နှင့် အသင့်ရှိသော ဘီစကစ်များ ချကျွေးရပြန်သည်။ ကိုဇေယျာကလည်း အားမနာ၊ တစ်ခဏအတွင်းမှာပင် ဘီစကစ်အတော်များများနှင့် ကော်ဖီတစ်ခွက်ကို ကုန်စင်အောင် စားသောက်ပစ်လိုက်ပြီးဖြစ်သည်။ ထိုမျှမကသေး 'ကွမ်းစားချင်သည်'ဆို၍ ကျွန်ုပ်စားသော ကြေးကွမ်းအစ်ကြီးကိုချ၍ ညှော်ခံရပြန်သည်။

ကိုဇေယျာသည် ကွမ်းတစ်ယာကို စိတ်ကြိုက်ယာစားပြန်သည်။ ယာပြီး ကွမ်းယာကို ၎င်း၏ညာပါးစောင်သို့ သွတ်သွင်းလိုက်ပြီးမှ စကားကို စတင်ပါတော့သည်။

"ငါ အခု ဆန်ဂိုဒေါင်မှာ မန်နေဂျာလုပ်နေတာကို သိလား"

၎င်း၏အမေးကို ကျွန်ုပ်က မဆိုင်းမတွ ခေါင်းညိတ်ပြရင်း ဖြေလိုက်၏။

"သိတာပေါ့။ လှိုင်သာယာက ဆန်ဂိုဒေါင်မှာ မန်နေဂျာဖြစ်နေတာကို ငါကြားပြီးသား"

"အင်း ... ဟုတ်ပါပြီ။ အဲဒီမှာ အလုပ်သမားတွေနေတဲ့ တန်းလျားတစ်ခုရှိတယ်ကွ။ အခုအဲဒီမှာ ပြဿနာပေါ်နေပြီကွ။ ဒါကြောင့် မင်းဆီလာတာပဲ သူငယ်ချင်း"

"ဒါများကွာ၊ ဘုန်းကြီးတွေ ဘာတွေပင့်ပြီး ကမ္မဝါတွေမဖတ်ကြဘူးလား။ ဒါမှမဟုတ် ဂိုဏ်းဆရာတွေနဲ့ ဥုံဖွတွေ မလုပ်ကြဘူးလား"

"တရုတ်တွေက အယုံကြည်မရှိကြဘူးလေကွာ။ ခက်တာက သူတို့ဘက်မှာကျတော့ မဖြစ်ဘူး။ အလုပ်သမားတန်းလျားမှာပဲ ဖြစ်နေတာ။ ပြောကြတာပေါ့။ မရလို့ပေါ့ကွာ။ အခုဆို အရက်သောက်နေကျ အလုပ်သမားတွေတောင် ဘုရားစာတွေ ရွတ်နေကြပြီ"

"ဒါနဲ့ဇေယျာ ဒီသရဲက ညတိုင်းခြောက်လား"

"အပြင်ကပတ်နေတဲ့ ခြေသံကတော့ ညတိုင်းလိုလိုပဲကွာ။ အထဲကိုလာနှောင့်ယှက်တာမျိုးတော့ တစ်ပတ်မှာ နှစ်ကြိမ်လောက်ဖြစ်တာ"

"စဉ်းစားစရာက အရင်ကမဖြစ်ဘဲ အခုမှ ဘယ်လိုဖြစ်တာလဲ။ ဒီသရဲ ဘယ်က ဘယ်လိုရောက်လာရတာလဲ။ ဘာအမှားအယွင်း ရှိလို့လဲကွာ"


"အဲဒါ မသိလို့ မင်းဆီလာတာပေါ့။ မင်းက ဟိုးအရင်ကတည်းက ဒါမျိုးအတွေ့အကြုံရှိတယ်လေ။ ဂမ္ဘီရပညာကို ဟိုးငယ်စဉ်ကတည်းက ဝါသနာကြီးခဲ့တာ၊ ရပ်ကွက်ထဲမှာ အစီရင်ယတြာတွေ လုပ်ပေးနေတာတွေ၊ အခုချိန်မှာ ဈေးခပ်ကြီးကြီး ဆရာအဆင့် ရောက်နေပြီဆိုတာ ငါကြားပြီးသား။ ဒါကြောင့် ဆရာတင်ပြီးလာတာ"

ခက်ချေပြီ။ အားကိုးစွာရောက်လာရသူအတွက်၊ ထိတ်လန့်ချောက်ချားနေရသူတွေအတွက်၊ ကျွန်ုပ်ကိုယ်တိုင်ကလည်း စိတ်ဝင်စားမှုရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ာ တစ်ကြောင်း၊ သူတို့ကို အကူညီပေးချင်သည်။ သို့သော် ကျွန်ုပ်ကိုယ်တိုင်ပင် အဖြေကို တိကျစွာမရွေးချယ်နိုင်သေးပါ။

သူငယ်ချင်းဖေယျာကလည်း ရွှတ်တရွတ်အပူကပ်နေပြီ။ ကျွန်ုပ်မှာ ဖီးတောက်အောင် စဉ်းစားရင်းမှ တစ်စုံတစ်ခုကို သတိရလိုက်မိသည်။

"ဟုတ်ပြီ ... ခဏလေး" ဟု ကျွန်ုပ်ကဆို၍ ဘုရားကျောင်းဆောင်၌ တင်ထားသော ကြေးပြားလေးတစ်ချပ်အား ယူလိုက်၏။

"ရော့ ... သူငယ်ချင်း၊ ဒါကို ရေစိမ်ပြီး ဂိုဒေါင်ပတ်လည်အနှံ့ ရေတွေ လိုက်ဖျန်းလိုက်။ ပြီးတော့ ဒီကြေးပြားလေးကို ထုပ်တန်းမှာ ကပ်ထားလိုက်ပေတော့။ မကောင်းဆိုးဝါး အစိမ်းသရဲ၊ ပြိတ္တာတွေ မဝင်နိုင်၊ စောပ်နိုင်၊ မနှောင့်ယှက်နိုင်တော့ဘူးကွ" ရှင်းပြ၍ပေးရာ ဖေယျာလည်း ကျေနပ်သွားဟန်တူသည်။ ကျွန်ုပ်နှင့်အတူ ရောက်တတ်ရာရာများကို ပြောဆိုကြပြီးနောက် ကျွန်ုပ်ကို နှုတ်ဆက်၍ ပြန်သွားလေတော့သည်။

တစ်ပတ်ခန့်အကြာတွင် ကုမ္ပဏီ၏အရောင်းကားဖြင့် ကိုဖေယျာတစ်ယောက် ရောက်လာခဲ့ပြန်သည်။ ဒီတစ်ခါတော့ ရွှင်ရွှင်လန်းလန်း သာသာယာယာပင်။

"စွမ်းတယ်ကွ။ သိပ်စွမ်းတယ်။ ဒါကြောင့် ငါ့သူငယ်ချင်းက ဂမ္ဘီရဆရာဖြစ်နေတာပေါ့။ မင်းပြောသလို လုပ်တဲ့နေ့ကစပြီး အားလုံးရှင်းသွားပြီ။ ဘာအနှောင့်အယှက်မှ မရှိတော့ဘူး။ အားလုံးက မင်းကိုကျေးဇူးတင်နေကြတယ်ကွ"

ဟု အားပါးတရ ပြောဆိုရင်း ပြန်သွားပါတော့သည်။

ကျွန်ုပ်လည်း ယခုမှသက်ပြင်းချနိုင်သည်။ မြန်မာ့ဝိဇ္ဇာအရ ဂမ္ဘီရပညာရပ်၏ နက်ရှိုင်းထူးခြားမှုကိုလည်း ပို၍ ယုံကြည်လေးစားသွားရပါတော့သည်။

ကျွန်ုပ်ပေးလိုက်သော ကြေးပြားမှာ "ကဖျက်ယဖျက် အတုလတန်ပြန်စမရှပ်" လေးတစ်ခုပင်ဖြစ်သည်။ ထိုစမကို ကျိုက်ထီးရိုးဘုရားဖူးသွားစဉ် ရသေ့ကြီးတစ်ပါးနှင့် ရင်းနှီးခင်မင်ရာမှ ရရှိခဲ့ခြင်းဖြစ်၏။ ၎င်းကို အများသူငါ ဗဟုသုတရရန်အလို့ငှာ အောက်တွင် ဖော်ပြအပ်ပါသည်။

**အညွှန်းလင်္ကာ**

ကကို ယဖျက်၊
နှစ်ခုဖျက်။
ပျက်လျှင်သုညဝင်၊
ပဋိသန္ဓေ ဣနေ
ဂဗ္ဘသယ ခ နှင့် မ။

၎င်းအား ချိတ်ဆွဲထားက မကောင်းဆိုးဝါးတို့ ကြောက်ရွံ့၏။ သူတစ်ပါးမကောင်းကြံစည်မှုလည်း မပြုနိုင်၊ မြေကြမ်း၊ အိမ်ကြမ်းနေရာများ၌ ရေစိမ်ဖျန်းက သန့်၏။ ခရီးသွားရာ ဆောင် သွားလျှင် မတော်လောဘမှု ကင်း၏။ ဘေးရန်စွယ်လည်း ဆောင်သူနှင့် ကိုက်တစ်ရာအတွင်း မရောက်နိုင်ဟု အညွှန်းရှိ၏။

ဤသို့အကျိုးရှိသော ပညာရပ်တစ်ခုအား ဝါသနာရှင်တို့အကျိုးငှာ ဖော်ထုတ်တင်ပြလိုက်ရပါတော့သည်။

ဘုန်းမိုးနေလ



www.burmeseclassic.com

www.burmeseclassic.com

# ဗုဒ္ဓ၏ အံ့ဖွယ်အာနန္ဒာ ဂုဏ်ထူးစိသေသများ

## အရာခံပိုလ်သစ်လွင်

ဗုဒ္ဓမြတ်စွာ ပွင့်ဖို့ရာ လွန်စွာခဲယဉ်းသည်။
ဗုဒ္ဓလောကော သမုပ္ပန္နော ဟိတာယ သဗ္ဗပါဏိနံ။
လောကမှာ သတ္တဝါတွေရဲ့ အကျိုးစီးပွားအတွက် ဗုဒ္ဓမြတ်စွာဘုရား ပွင့်ထွန်းတော်မူလာရခြင်း ဖြစ်သည်။

စကြဝဠာအနန္တ ကမ္ဘာလောကကြီးတွင် ကမ္ဘာပေါင်းခြောက်မျိုးရှိသည်ကို တွေ့ရပေသည်။ ကမ္ဘာပေါင်းခြောက်မျိုးတွင် ပွင့်ထွန်းတော်မူခဲ့သော ဗုဒ္ဓဘုရားရှင်တို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ သာရကမ္ဘာ = ဘုရား(၁)ဆူသာ ပွင့်သောကမ္ဘာ၊
၂။ မဏ္ဍကမ္ဘာ = ဘုရား(၂)ဆူသာ ပွင့်သောကမ္ဘာ၊
၃။ ဝရကမ္ဘာ = ဘုရား(၃)ဆူသာ ပွင့်သောကမ္ဘာ၊
၄။ သာရမဏ္ဍကမ္ဘာ = ဘုရား(၄)ဆူ သာပွင့်သောကမ္ဘာ၊
၅။ ဘဒ္ဒကမ္ဘာ = ဘုရား(၅)ဆူသာ ပွင့်သောကမ္ဘာ၊
၆။ သုညကမ္ဘာ = ဘုရားတစ်ဆူမှ မပွင့်သောကမ္ဘာဟူ၍ ရှိလေသည်။

ဘဒ္ဒကမ္ဘာဆိုသည်မှာ အကောင်းဆုံးကမ္ဘာဟု အဓိပ္ပာယ်ရသည်။

ဘဒ္ဒကမ္ဘာတွင် ဘုရားငါးဆူအနက် လေးဆူသာ ပွင့်ခဲ့ပြီးပါသည်။ ကျန်သော နောင်ပွင့်မည့်ဘုရားမှာ အရိမေတ္တေယျဘုရားတစ်ဆူသာ ကျန်တော့သည်။

ယခု ဘဒ္ဒကမ္ဘာတွင် ဘုရားငါးဆူ ပွင့်တော်မူရာတွင် မည်သည့်ဗောဓိပင်ကို အမှီပြုပြီး ပွင့်တော်မူသည်ကို စာဖတ်ပရိသတ်များ ဗဟုသုတရစေရန်ရည်ရွယ်ပြီး ရေးသားတင်ပြလိုက်ပါသည်။

၁။ ကကုသန်ဘုရား။ ဝါးဗောဓိပင်ကို အမှီပြုပြီး ပွင့်တော်မူခဲ့သည်။
၂။ ကောဏာဂုံဘုရား။ သဖန်းဗောဓိပင်ကို အမှီပြုပြီး ပွင့်တော်မူခဲ့သည်။
၃။ ကဿပဘုရား။ ကုက္ကိုဗောဓိပင်ကို အမှီပြုပြီး ပွင့်တော်မူခဲ့သည်။
၄။ ဂေါတမဘုရား။ ညောင်ဗောဓိပင်ကို အမှီပြုပြီး ပွင့်တော်မူခဲ့သည်။
၅။ အရိမေတ္တေယျဘုရား။ ကံ့ကော်ဗောဓိပင်ကို အမှီပြုပြီး ပွင့်တော်မူမည်ဖြစ်ပါသည်။

ကံ့ကော်ဗောဓိပင်သည် လုံးပတ်တော် အတောင် ၇၀ ရှိပြီး၊ ခက်ဖြာကိုးကိုင်းရှိကာ အပွင့်ရဲ့အနံ့သည် စန္ဒကူးအနံ့ဖြစ်သည်။ ၎င်းအနံ့သည် နှစ်ယူဇနာအဝေးမှပင် အနံ့သည် ကြိုင်လှိုင်သော ပန်းပွင့်တစ်ပွင့်ဖြစ်သည်။ ၎င်းပန်းပွင့်သည် နွားလှည်းဘီး ပမာဏခန့်ရှိသည်ဟု စာဖေကျမ်းဂန်တွင် တွေ့ရသည်။ အရိမေတ္တေယျဘုရားရှင်သည် အသက်တစ်သိန်းတန်းတွင် ကေတုမတီပြည် ပုဏ္ဏားမျိုးဖြစ်၍ ဒုက္ကရစရိယာ ခြောက်ရက်မျှသာကျင့်တော်မူပြီး ဘုရားဖြစ်တော်မူမည်ဖြစ်သည်။

ဘဒ္ဒကမ္ဘာတွင် ဘုရားအဆူဆူ ပွင့်တော်မူသည့်အထဲမှ ခမည်းတော်နှင့် မယ်တော်အသီးသီး ရှိကြကြောင်း မဟာဗုဒ္ဓဝင်ပါဠိတော်၌ ထင်ရှားတွေ့ရှိရပေသည်။



www.burmeseclassic.com

www.burmeseclassic.com

၁။ ကကုသန်ဘုရား။ ခမည်းတော် ပုဏ္ဏားမျိုးအဂ္ဂိဒတ္တ၊ မယ်တော်ဝိသာခါ။

၂။ ကောဏာဂုံဘုရား။ ခမည်းတော် ပုဏ္ဏားမျိုး ယညဒတ္တ၊ မယ်တော် ဥတ္တရာ။

၃။ ကဿပဘုရား။ ခမည်းတော် ပုဏ္ဏားမျိုး ဗြဟ္မဒတ္တ၊ မယ်တော် ဓနဝတီ။

၄။ ဂေါတမဘုရား။ ခမည်းတော်မင်းမျိုး သုဒ္ဓေါဒန၊ မယ်တော် မဟာမာယာဒေဝီ။

၅။ အရိမေတ္တေယျဘုရား။ ခမည်းတော် ပုဏ္ဏားမျိုး သုဗြဟ္မာ၊ မယ်တော်ဗြဟ္မဝတီတို့ ဖြစ်သည်။

မြတ်စွာဘုရား အလောင်းတော်သည် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း သာရမဏ္ဍကမ္ဘာ၌ ဒီပင်္ကရာမြတ်စွာဘုရားလက်ထက်တွင် သုမေဓာရှင်ရသေ့ဘဝဖြင့် ဗျာဒိတ်တော်ရခဲ့ပြီးလျှင် ကဿပဘုရားရှင်လက်ထက်တော်တိုင်အောင် ပါရမီဖြည့်ကျင့်ခဲ့လေသည်။ ၎င်းပါရမီဖြည့်ကျင့်ရာတွင် သာသနာတော်နှင့် ၂၄ ကြိမ်သာ တွေ့ကြုံခဲ့ရပြီး ရဟန်းအဖြစ်ကိုကား ကိုးကြိမ်သာ ရရှိခဲ့လေသည်။

၁။ ကောဏ္ဍညမြတ်စွာဘုရား လက်ထက်တွင် တစ်ကြိမ်၊

၂။ မင်္ဂလမြတ်စွာဘုရားလက်ထက်တွင် တစ်ကြိမ်၊

၃။ သုမေဓမြတ်စွာဘုရားလက်ထက်တွင် တစ်ကြိမ်၊

၄။ သုဇာတမြတ်စွာဘုရားလက်ထက်တွင် တစ်ကြိမ်၊

၅။ ဖုဿမြတ်စွာဘုရားလက်ထက်တွင် တစ်ကြိမ်၊

၆။ ဝေဿဘူမြတ်စွာဘုရားလက်ထက်တွင် တစ်ကြိမ်၊

၇။ ကကုသန်မြတ်စွာဘုရားလက်ထက်တွင် တစ်ကြိမ်၊

၈။ ကောဏာဂုံမြတ်စွာဘုရားလက်ထက်တွင် တစ်ကြိမ်၊

၉။ ကဿပမြတ်စွာဘုရားလက်ထက်တွင် တစ်ကြိမ်၊

ကိုးကြိမ်တိုင်တိုင် ရဟန်းအဖြစ်ကိုရရှိတော်မူခဲ့သည်။

နိယတဗျာဒိတ်တော်အရ အလောင်းတော်ကြီးမှာပင် သာသနဝန်ထမ်းရဟန်းအဖြစ် ကိုးကြိမ်တည်းသာ ရရှိခဲ့သည်ကို ထောက်ဆလျှင် ရဟန်းဖြစ်ရန်ကိစ္စမှာ ပဗ္ဗဇိတဘာဝေါ ဒုလ္လဘော-ရဟန်းအဖြစ်ကို ရရှိခဲသည်ဟု ကျမ်းဂန်တွင် ထင်ရှားစွာ တွေ့ရှိရပေသည်။ လောက၌ မြတ်စွာဘုရားပွင့်တော်မူသော အချိန်ကား ဘီစီ ၆ ရာစု အချိန်ဖြစ်သည်။ သိဒ္ဓတ္ထမင်းသားသည် မဟာသက္ကရာဇ် ၆၈ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် သက္ကတိုင်း ကပိလဝတ်ပြည့်ရှင် ဘုရင်သုဒ္ဓေါဒနနှင့် မယ်တော်မဟာမာယာဒေဝီတို့မှ ဖွားမြင်သော သားတော်ဖြစ်သည်။ ဇာတိအားဖြင့် ခတ္တိယဇာတိဖြစ်သည်။ အနွယ်အားဖြင့် ဂေါတမအနွယ်ဖြစ်သည်။ အမျိုးအားဖြင့် သာကီယအမျိုးဖြစ်သည်။ သိဒ္ဓတ္ထမင်းသားသည် ယသော်ဓရာဒေဝီနှင့် လက်ဆက်ကာ နန်းစည်းစိမ်ကို ၁၃ နှစ်တိုင်တိုင် ခံစားတော်မူခဲ့လေသည်။ သက်တော် ၂၉ နှစ် အရွယ်တွင် သဗ္ဗညုတဉာဏ်တော်ကိုရဖို့အတွက် တောထွက်တော်မူသော သက္ကရာဇ်နှစ်မှာ ၉၇ ခုနှစ်၊ ဝါဆိုလပြည့်၊ တနင်္လာနေ့ တောထွက်တော်မူခဲ့လေသည်။

တောထွက်တော်မူရာတွင် နိမိတ်ကြီးလေးပါးကိုမြင်၍ ကြီးစွာသော သံဝေဂတရားများ ရလေသည်။ ယင်းဘို့မှာ သူအို၊ သူနာ၊ သူသေ၊ ရဟန်း နိမိတ်ကြီးများ ဖြစ်လေသည်။

၁။ သူအို ။ ငါသည်လည်း တစ်နေ့ကျရင် အိုရမှာ လားဟု တရားသံဝေဂရခြင်း။

၂။ သူနာ ။ ငါသည်လည်း တစ်နေ့ကျရင် နာရမှာလားဟု တရားသံဝေဂရခြင်း။

၃။ သူသေ ။ ငါသည်လည်း တစ်နေ့ကျရင် သေရမှာလားဟု တရားသံဝေဂရခြင်း။

၄။ ရဟန်း ။ ငါသည်လည်း တစ်နေ့ကျရင် သံသရာမှ လွတ်ကင်းအောင် ရဟန်းဘောင်သို့ ကူးပြောင်းမှ ဒုက္ခသစ္စာတရား လွတ်မည်ဟု သံဝေဂတရားကြီးစွာရလေတော့သည်။ အလောင်းတော်မင်းသားသည် ယူဇနာ ၃၀ ကွာဝေးသော အနော်မာမြစ်သို့ ရောက်လေသည်။ ငါ၏ရဟန်းပြုခြင်းသည် မယုတ်မာ၊ မြင့်မြတ်ကောင်းမွန်သည့်ဘဝ ဖြစ်လတ္တံ့ဟု နိမိတ်ယူ၍ အနော်မာမြစ်ကို



www.burmeseclassic.com

www.burmeseclassic.com

ကူးစေလေ၏။ လျှပ်မြန်မှု ကဏ္ဍကမြင်းသည် ဆန္ဒအမတ်နှင့်တကွသော ဘုရားလောင်းကိုဆောင်၍ အနော်မာမြစ်ကို ခုန်သဖြင့် ထိုမှာဘက်ကမ်း၌ တည်လေသည်။ ထို့နောက် မကိုဋ်နှင့်တကွ ဆံကျစ်တော်ကို စွဲတော်မူသော သန်လျက်ဖြင့်ဖြတ်၍ (ငါသည် စင်စစ်ဘုရားဖြစ်မည်မှန်မူ ဆံတော်သည် မြေသို့မသက်ဘဲ အဲထက်ကောင်းကင်၌ တည်စေသော်)ဟု အဓိဋ္ဌာန်ပြုလေသည်။ ဘုရားအလောင်း သိဒ္ဓတ္ထမင်းသား၏ ဆံတော်သည် တာဝတိံသာနတ်ပြည်၌ စူဠာမဏိစေတီ တည်တော်မူသည်။ ဘုရားအလောင်း သိဒ္ဓတ္ထမင်းသား၏ ဝတ်လဲတော်သည် ဗြဟ္မာပြည်၌ ဒုဿစေတီ တည်တော်မူသည်။

ဘုရားအလောင်းသည် ကာသိကရစ်တိုင်းဖြစ် ပုဆိုးတို့ကိုချွတ်၍ ပရိက္ခရာကြာသင်္ကန်းဖြင့် ရဟန်းပြုတော်မူလေသည်။ ရဟန်းပြုပြီးနောက် ဥရုဝေလတောတွင် ဒုက္ကရစရိယာကို ခြောက်နှစ်ကာလပတ်လုံး ကျင့်တော်မူပြီး မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့တွင် သဗ္ဗညုတရွှေဉာဏ်တော်ကို ရတော်မူပြီး ဘုရားဖြစ်တော်မူလေသည်။ မြတ်စွာဘုရားသည် မိမိတစ်ကိုယ်ကောင်းကို အဓိကထားပြီး ကျင့်တော်မမူပေ။ ဝေနေယျသတ္တဝါအပေါင်းတို့ကို အဓိကထားပြီး ပရဟိတအကျိုးတရားများကိုသာ ကျင့်တော်မူခဲ့လေသည်။ ကျင့်တော်မူရာတွင်လည်း စရိယာသုံးမျိုးဖြင့် ကျင့်တော်မူသည်။

၁။ ဗုဒ္ဓတ္ထစရိယာ

ဘုရားဖြစ်ရန် သဗ္ဗညုတရွှေဉာဏ်အတွက် ကျင့်တော်မူခြင်း။

၂။ ဉာတတ္ထစရိယာ

မိမိ၏အမျိုးအနွယ်ထူသူ အားလုံး၏ အကျိုးအတွက် ကျင့်တော်မူခြင်း။

၃။ လောကတ္ထစရိယာ

လူသားအပါအဝင် သတ္တဝါများအကျိုးငှာ ကျင့်တော်မူခြင်း။

မြတ်စွာဘုရားသည် ခြောက်နှစ်ကာလပတ်လုံး ကျင့်တော်မူသော အစွန်းတန်ခိုးဂုဏ်တော်ကြောင့် ဗုဒ္ဓဟု ဖြစ်တော်မူပေသည်။

ဗုဇ္ဈိတ္တာ သစ္စာနိတိ ဗုဒ္ဓေါ ဗောဓေတာ ပဇာယတိ ဗုဒ္ဓေါ။

သစ္စာနိ -သစ္စာလေးပါးတရားတော်ကို၊ ဗုဇ္ဈိတ္တာ - သိတော်မူတတ်၏။ ဣတိတသ္မာ - ထို့ကြောင့်၊ ဗုဒ္ဓေါ - ဗုဒ္ဓမည်၏။ ပဇာယ - သတ္တဝါအပေါင်းတို့အား။ ဗောဓေတာ - သစ္စာလေးပါးမြတ်တရားကို ကိုယ်တော်တိုင်သိတော်မူသလို၊ ဝေနေယျသတ္တဝါအပေါင်းတို့လည်း သိရှိကြရလေအောင် ဟောဖော်ညွှန်ပြတတ်၏။ ဣတိတသ္မာ - ထို့ကြောင့်၊ ဗုဒ္ဓေါ - ဗုဒ္ဓမည်၏။

ဗုဒ္ဓဘုရားရှင်သည် အရဟံဂုဏ်တော်နှင့် ပြည့်စုံတော်မူပေသည်။

၁။ အရဟံ - ဆိတ်ကွယ်ရာအရပ်၌ မကောင်းမှုကို ပြုတော်မမူသော မြတ်စွာဘုရား။

၂။ အရဟံ - ကိလေသာ ကင်းစင်တော်မူသော မြတ်စွာဘုရား။

၃။ အရဟံ - ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား။

၄။ သမ္ဗုဒ္ဓော - အလုံးစုံသောတရားတို့ကို၊ ဗုဒ္ဓတိ - ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် မိမိကိုယ်တော်တိုင်ထိုးထွင်း၍ သိစေတတ်၏။ ဣတိတသ္မာ - ထို့ကြောင့်၊ တေပုဂ္ဂလာ -ထိုပုဂ္ဂိုလ်ကို ဗုဒ္ဓ၊ ဗုဒ္ဓဟု ခေါ်တော်မူသည်။

ဗုဒ္ဓဘုရားရှင်သည် ဂုဏ်တော်ကိုးပါးနှင့်လည်း ပြည့်စုံတော်မူပေသည်။

## ဂုဏ်တော်ကိုးပါး

၁။ အရဟံ - သောဘဂဝါ - ထိုမြတ်စွာဘုရားသည်၊ ဣတိပိ ဣမိနာစ ကရဏေန - ဤသို့ လူနတ်ဗြဟ္မာသတ္တဝါတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်သော အကြောင်းကြောင့်၊ အရဟံ - အရဟံမည်တော်မူ၏။

၂။ သမ္မာသမ္ဗုဒ္ဓေါ - သောဘဂဝါ -ထိုမြတ်စွာဘုရားသည် ဣတိပိ ဣမိနာစ ကရဏေန - အလုံးစုံသော တရားအပေါင်းတို့ကို သဗ္ဗညုတဉာဏ်တော်ဖြင့် အကြွင်းမရှိ



www.burmeseclassic.com

www.burmeseclassic.com

သိတော်မူသော အကြောင်းကြောင့်လည်း၊ သမ္မာသမ္ဗုဒ္ဓေါ- သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏။

၃။ ဝိဇ္ဇာစရဏသမ္ပန္နော - သောဘဂဝါ - ထိုမြတ်စွာဘုရားသည်၊ ဣတိပိဣမိနာစ ကာရဏေန - ဤသို့ ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏ ၁၅ ပါးနှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း၊ ဝိဇ္ဇာစရဏသမ္ပန္နော - ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏။

၄။ သုဂတော - သောဘဂဝါ - ထိုမြတ်စွာဘုရားသည်၊ ဣတိပိဣမိနာစ ကာရဏေန - ဤသို့ ကောင်းသောစကားကိုသာ ဆိုတော်မူတတ်သောအကြောင်းကြောင့်၊ သုဂတော - သုဂတမည်တော်မူ၏။

၅။ လောကဝိဒူ - သောဘဂဝါ - ထိုမြတ်စွာဘုရားသည်၊ ဣတိပိဣမိနာစ ကာရဏေန - ဤသို့ သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောကတည်းဟူသော လောကသုံးပါးကို သိတော်မူသော အကြောင်းကြောင့် လောကဝိဒူ- လောကဝိဒူ မည်တော်မူ၏။

၆။ အနုတ္တရောပုရိသဓမ္မသာရထိ - သောဘဂဝါ - ထိုမြတ်စွာဘုရားသည်၊ ဣတိပိဣမိနာစ ကာရဏေန - မယဉ်ကျေးသော လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သော အကြောင်းကြောင့်လည်း၊ အနုတ္တရောပုရိသဓမ္မသာရထိ - အနုတ္တရောပုရိသဓမ္မသာရထိ မည်တော်မူ၏။

၇။ သတ္ထာဒေဝမနုဿာနံ - သောဘဂဝါ - ထိုမြတ်စွာဘုရားသည်၊ ဣတိပိဣမိနာစ ကာရဏေန - ဤသို့ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း၊ သတ္ထာ ဒေဝမနုဿာနံ - သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏။

၈။ ဗုဒ္ဓေါ -သောဘဂဝါ - ထိုမြတ်စွာဘုရားသည်၊ ဣတိပိဣမိနာစ ကာရဏေန - ဤသို့သစ္စာလေးပါးတရားတို့ကို သိတော်မူသောအကြောင်းကြောင့်လည်း၊ ဗုဒ္ဓေါ-ဗုဒ္ဓ မည်၏။

၉။ ဘဂဝါ -သောဘဂဝါ - ထိုမြတ်စွာဘုရားသည်၊ ဣတိပိဣမိနာစ ကာရဏေန - ဤသို့ ဘုန်းတော်အနန္တ၊ ဂုဏ်တော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း၊ ဘဂဝါ - ဘဂဝါ မည်တော်မူ၏။

**ဘုရားဂုဏ်တော်ပွားများခြင်း၏ အကျိုးတရား (၁၂)ပါး**

၁။ မြတ်စွာဘုရားအပေါ် ရိုသေလေးစားမှု များလာခြင်း။

၂။ မြတ်စွာဘုရားအပေါ် ဉာဏ်ဖြင့်သက်ဝင်၍ နက်နက်နဲနဲ ကြည်ညိုခြင်း။

၃။ မြတ်စွာဘုရားကို မကြာမကြာ သတိရသဖြင့် သတိအားကောင်းလာခြင်း။

၄။ အသိပညာဉာဏ် ထက်မြက်တိုးပွားလာခြင်း။

၅။ ကုသိုလ်များတိုးပွားလာကာ ဘုန်းကံကြီးမားခြင်း။

၆။နှစ်သက်ဝမ်းမြောက်မှု များပြားလာခြင်း။

၇။ ကြောက်မက်ဖွယ် ဘေးအန္တရာယ်နှင့် ဆင်းရဲဒုက္ခ ကြုံတွေ့ရသည့်အခါ ထိတ်လန့်ကြောက်ရွံ့မှု မရှိခြင်း။

၈။ မြတ်စွာဘုရားရှင်နှင့် အတူတကွနေရသည်ဟု မှတ်ထင်ရခြင်း။

၉။ မိမိခန္ဓာကိုယ်ကို ဂုဏ်တော်များဖြင့် မွမ်းထုံသောကြောင့် ဂန္ဓကုဋီကျောင်း စေတီတော်ကဲ့သို့ အပူဇော်ခံထိုက်သူဖြစ်လာခြင်း။

၁၀။ ဘုရားဖြစ်မှု၌ စိတ်ညွတ်လာပြီး ဘုရားဖြစ်ချင်စိတ် ဖြစ်ပေါ်လာခြင်း။

၁၁။ လွန်ကျူးဖွယ်ဝတ္ထု အကုသိုလ်ပြုလုပ်ရန် ကြုံလာသောအခါ ဘုရားရှင်ကို မိမိမျက်မှောက်၌ ဖူးမြင်နေရသကဲ့သို့ ထင်ပေါ်လာ၍ ရှက်၊ ကြောက်မှု ဟိရီ၊ ဩတ္တပ္ပဖြစ်ပြီး အကုသိုလ် မပြုဖြစ်တော့ခြင်း။

၁၂။ အထက်စျာန်မဂ်ဖိုလ်ကိုမရလျှင် နောက်ဘဝ၌ လူ့ဘုံနတ်ရပ်ဖြစ်သော သုဂတိဘဝသို့ လားရောက်ရခြင်း

စသည် အကျိုးတို့ကို ရရှိနိုင်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓ၏အံ့ဖွယ်ရာ ဂုဏ်ထူးများ (၁၈)ပါး သိမှတ်စရာအပြာပြာ

၁။ သင်္ကန်းတော် စွတ်စိုခြင်း နွမ်းရိခြင်း မရှိခြင်း။
၂။ ဆံတော် မတိုမရှည် လက်နှစ်သစ်မျှ အမြဲရှိခြင်း။
၃။ ပရိက္ခရာရှစ်ပါးကို ဆောင်ယူ၍ ကိုယ်တော်ဖြင့်မထိ၊ လက်လေးသစ်ခန့် ကွာခြားခြင်း။
၄။ သပိတ်တော်ဆေးလျှင် လက်တော်စင်နှင့်၏၊ လက်တော်ဆေးလျှင် သပိတ်တော်ဆေးပြီးဖြစ်၏။
၅။ မုန်ညင်းသီးခွံအတွင်း ပရိက္ခရာရှစ်ပါးကို လွယ်လျက် စင်္ကြံကြွနိုင်သည်။
၆။ ရောင်ခြည်တော်ခြောက်သွယ်ကို အရပ် ၁၀ မျက်နှာနှံ့အောင် လွှတ်နိုင်ခြင်း။
၇။ ဝေနေယျသတ္တဝါတို့၏ အလိုအားလျော်စွာ အမျိုးမျိုးဖန်ဆင်း၍ ချွတ်တော်မူခြင်း။
၈။ ဇာတိခေတ်၊ အာဏာခေတ်၊ ဝိသယခေတ် တည်းဟူသော ခေတ်သုံးပါးလုံး မှောင်မိုက်အောင်၊ လင်းအောင် ဖန်ဆင်းနိုင်ခြင်း။
၉။ ကိုယ်တော်ကို ကောင်းကင်၌ လဝန်းပေါ်လာသကဲ့သို့ မြင့်တင်စေနိုင်ခြင်း။
၁၀။ အင်္ဂါရှစ်ပါးရှိသော အသံတော်ဖြင့် ဟောကြားသော တရားအသံသည် ပရိသတ်ရှိရာ အားလုံးကို ကြားစေနိုင်သည်။
၁၁။ လူ၊ နတ်တို့၏ စိတ်သဘောကို သိသော အာသယာနုသယဉာဏ် ရှိတော်မူသည်။
၁၂။ ကျွတ်ထိုက်သူတို့ကိုသိသော မဟာကရုဏာ သမာပတ္တိဉာဏ် ရှိတော်မူ၏။
၁၃။ ဤသူ နက်ဖြန်ကျွတ်မည်။ သန်ဘက်ခါကျွတ်မည် စသည်ဖြင့် သိသော ဣန္ဒြိယပရောပရိယတ္တိဉာဏ် ရှိတော်မူသည်။
၁၄။ သင်္ခါရကို သိတော်မူ၏။
၁၅။ ဝိကာရကို သိတော်မူ၏။
၁၆။ လက္ခဏာကို သိတော်မူ၏။
၁၇။ နိဗ္ဗာန်ကို သိတော်မူ၏။
၁၈။ ပညတ်ကို သိတော်မူ၏။

ဤသည်ကား မြတ်စွာဘုရားရှင်၏ အံ့ဖွယ်အရာရာ ဂုဏ်ထူး ၁၈ မျိုး ဖြစ်သည်။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ခရီးလမ်းကြွ မြန်းတော်မူသောအခါ ခြေဖဝါးတော် မြေပေါ်မထိ ကြွသွားတော်မူသည်၊ ခြေတော်ထင်စေလိုမှသာလျှင် ထင်စေ၏။ အဘယ်ကြောင့်ဆိုသော် ခြေတော်ရာထင်ခဲ့သော် သတ္တဝါများ သွားလာစရာ နေရာမရှိဖြစ်မည်ကို စိုးရိမ်သောကြောင့် ဖြစ်ပါသည်။

## ဘုရားလောင်းအမျိုးမျိုး

ဗုဒ္ဓဘာသာ မြန်မာလူမျိုးများသည် ဗုဒ္ဓမြတ်စွာဘုရားကို ယုံယုံကြည်ကြည် အမြတ်တနိုး ကိုးကွယ်ဆည်းကပ် ပူဇော်လျက်ရှိကြပေသည်။ ဤသို့ ပူဇော်ဆည်းကပ်လျက် ရှိသည့်အနက် ဘုရားရှင်တို့၏ ပါရမီတော်ဖြည့်ကျင့်ခဲ့ပုံကို သိရန်လိုပါသည်။

ဘုရားလောင်းဆိုတာ ဘယ်နှမျိုးရှိတယ်ဆိုတာကိုတော့ သိတဲ့ ဗုဒ္ဓဘာသာဝင်ကတော့ ရှားရှားပါးပါးပါပဲ။ သဗ္ဗညုတဉာဏ်တော်ကို ဗောဓိဉာဏ်ဟုခေါ်ပါသည်။ ဆရာမကူ မိမိကိုယ်တိုင် သစ္စာလေးပါးကိုသိသော ဝါသနာနှင့်တကွ ကိလေသာတို့ကို ပယ်စွမ်းနိုင်သည့် သတ္တိထူးရှိသောကြောင့် မဂ်ဉာဏ်လေးပါး ခပ်သိမ်းသော ဉေယျဓမ်တရားတို့ကို အကြွင်းမရှိ သိမြင်နိုင်သော သဗ္ဗညုတဉာဏ်တော်ကို သမ္မာသမ္ဗောဓိဉာဏ်ဟု ခေါ်ပါသည်။ သမ္မာသမ္ဗောဓိဆိုသည်မှာ ဘုရားလောင်းတို့ဖြည့်ကျင့်ခဲ့သော ပါရမီစာတမ်းများသာ ဖြစ်ပေသည်။

၁။ ပညာဓိကဘုရားလောင်း

လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်ခြင်း။

၂။ သဒ္ဓါဓိကဘုရားလောင်း

ရှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com

၃။ ဝီရိယာဓိကဘုရားလောင်း

တစ်ဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်ခြင်း။

၁။ ပညာဓိကဘုရားလောင်း

ပညာဓိကဘုရားလောင်း ဆိုသည်မှာ ပညာအရာ၌ လွန်ကဲစွာရှိခြင်း။ အရာရာတိုင်းတွင် ပြုသမှု၊ ပြောသမှု၊ ကြံသမှုတို့၌ ဝေဖန်ဆင်ခြင် စဉ်းစားမှု ပြုလုပ်ခြင်းတို့ပင် ဖြစ်သည်။ ပညာဓိကခေါ်တဲ့ ဉာဏ်ပညာလွန်ကဲသည့် ဘုရားလောင်းတော်များသည် ပါရမီဖြည့်ရာ၌ အမြဲပင် ပညာဉာဏ်ပါရှိပြီးဖြစ်သည့်အတွက်ကြောင့် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်လျက် ဘုရားဖြစ်တော်မူခဲ့လေသည်။

၂။ သဒ္ဓါဓိကဘုရားလောင်း

သဒ္ဓါဓိကဘုရားလောင်းဆိုသည်မှာ သဒ္ဓါတရားကိုသာ အဓိကထားပြီး ရှေ့ဆောင်ကာ ပါရမီဖြည့်ကျင့်ရသည့်အတွက်ကြောင့် ရှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ပြီးမှ ဘုရားဖြစ်တော်မူခဲ့လေသည်။

၃။ ဝီရိယာဓိကဘုရားလောင်း

ဝီရိယာဓိကဘုရားလောင်း ဆိုသည်မှာ ဝီရိယကိုသာ အဓိကထားပြီး ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူသည့်အတွက်ကြောင့် တစ်ဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာမှ ဘုရားဖြစ်တော်မူသည်။

ဘုရားအလောင်းတော် ဘဝ၌ပင် ပညာအဓိက၊ သဒ္ဓါအဓိက၊ ဝီရိယာအဓိကရယ်လို့ အမည်သုံးပါး ကွဲပြားကြသော်လည်း ဘုရားအဖြစ်သို့ ရောက်သွားကြတဲ့အခါ အလုံးစုံ အတူတူတူညီကြပါသည်။ ဘယ်ဘုရားက ဂုဏ်ကျေးဇူးပိုတယ်၊ လိုတယ်လို့ မရှိပါဘူး။ ပညာအဓိက ဘုရားလောင်းတို့မှာ သဒ္ဓါတရားနှုန်း ပညာပါရမီအား တက်သောကြောင့် ပညာအဓိကဘုရားလောင်း ဖြစ်ပါသည်။

သဒ္ဓါအဓိက ဘုရားလောင်းတို့မှာ သဒ္ဓါအားကြီး၍ ပညာအလယ်အလတ် ဖြစ်သောကြောင့် သဒ္ဓါအဓိကဘုရားလောင်း ဖြစ်ပါသည်။

ဝီရိယာအဓိကဘုရားလောင်းတို့မှာ ဝီရိယအားကြီး၍ သဒ္ဓါပါရမီ၊ ပညာပါရမီနှစ်ပါးစလုံး နှေးသောကြောင့် ဝီရိယအဓိကဘုရားလောင်း ဖြစ်ပါသည်။

ဘုရားအလောင်း သူတော်ကောင်း ကြိုးစားသမျှ အကျိုးရ။

သင် ဗုဒ္ဓဘာသာဆိုရင် ဗုဒ္ဓအကြောင်း၊ ဘာသာအကြောင်း သိအောင်လေ့လာပါ။ ကြိုးစားပါ။ မှတ်သားပါ။

ဗုဒ္ဓဆိုတာ မြတ်စွာဘုရား၊ ဘာသာဆိုတာ ဟောတဲ့တရား၊ ဟောတဲ့အတိုင်း ကျင့်သုံးရင် ဗုဒ္ဓဘာသာဝင်ဖြစ်ပြီဟု မှတ်ပါ။

တစ်ခဏသုခရဖို့အတွက် ထာဝရ ဒုက္ခမခံပါနဲ့၊

တစ်ခဏသုခကို ရှောင်နိုင်မှ ထာဝရဒုက္ခမှ လွတ်မယ်ဟု ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူခဲ့သည်။

လုပ်ဖို့ မှန်ကြည့်၊ တိုးတက်ဖို့ စာကြည့်ကြပါစို့။

မေတ္တာတရားထားသူအား ကင်းဝေးရန်းဘယာ၊

ဘုရားစကားလိုက်နာပွား အများချမ်းသာမှာ၊

ကျန်းမာချမ်းသာ ဘေးရန်ကွာ သာသနာပြုနိုင်ကြပါစေ • • •။

အရာခံဗိုလ်သစ်လွင်





www.burmeseclassic.com

www.burmeseclassic.com



# အိပ်မက်ကမ္ဘာမှ တစ်ဆင့်

ဦးအောင်ကြည် (ပညာရေး)

'အိပ်မက်'ကို လူတိုင်းလိုလို မြင်မက်ဖူးကြပါလိမ့်မည်။ အိပ်မက်ကို ပညာရှင်အမျိုးမျိုးက မိမိတို့အခြေခံထားသောပညာရပ်အလိုက် အဓိပ္ပာယ်ဖွင့်ဆိုတတ်ကြပါသည်။ ဗေဒင်ပညာရှင်များက ဗေဒင်အလိုအကျ အတိတ်နိမိတ် ဖော်ကြသည်။ အိပ်မက်ကို အဓိပ္ပာယ်ဖွင့်ဆိုသော အိပ်မက်အဖွင့်ကျမ်းများပင် ပေါ်ထွန်းခဲ့သည်။

ကျွန်တော် ကိုယ်တွေ့ကြုံခဲ့ရသည့် အိပ်မက်အဖြစ်အပျက်တစ်ခု အကြောင်းကိုပြောပြလိုပါသည်။ ကျွန်တော်သည် အိပ်မက်နှင့် စပ်လျဉ်းပတ်သက်သော အကြောင်းအရာများကို များစွာဖတ်ဖူးပါသည်။ သက်ကြီးစကား သက်ငယ်ကြားဆိုသည့်စကားအတိုင်း သက်ကြီးများ ပြောပြသည့် အိပ်မက်အကြောင်းအရာများကို ပုံပြင်သဖွယ် မမောနိုင်မပန်းနိုင် နားဆင်ခဲ့ရပါသည်။ အိပ်မက်အကြောင်းအရာများသည် ထူးခြားသည်မှာတော့ အမှန်ပင်ဖြစ်သည်။

ကိုယ်တိုင်ကိုယ်ကျ ကြုံတွေ့ခဲ့ရသော အိပ်မက်အကြောင်းကို ပြောပြပါမည်။ ကျွန်တော်၏ ဇနီးသည် ကျောက်ကပ်ဝေဒနာရှင် တစ်ဦးဖြစ်သဖြင့် ကျောက်ကပ်ဆေးရသော ကုန်ကျစရိတ်မှာ ကျွန်တော်တို့အတွက် ဝန်လေးလှပါသည်။ သို့သော် ကျွန်တော့်ဇနီး ဒ.သက်ထက် ဘာကိုမျှ တန်ဖိုးမထားနိုင်ပါ။ မည်သည့်အရာဝတ္ထုနှင့်မျှ မလဲနိုင်ပါ။ ကုန်ချင်သလောက် ကုန်ပါစေ။ ခါးစည်း၍ခံပါသည်။ ကံကြမ္မာသည် ကျွန်တော်တို့ကို ရက်စက်လှပါသည်။ ကျွန်တော်၏ဇနီး ရုတ်တရက်လေဖြတ်ပြီး အောက်ပိုင်းတစ်ခုလုံး သေသွားသည်။ ဒုက္ခကြီးလေစွ။ 'ပိုးခဲ့ယား'ခေါ် ဘီးတပ်လက်တွန်းလှည်းပေါ်သို့ ရောက်သွားပါတော့သည်။ သတိကတော့ ရှိတုန်း၊ ကောင်းတုန်းပင်။

ကျွန်တော့်ဇနီးက သူမသေခင် မဟာမြတ်မုနိဘုရားကြီးနှင့် ကျောက်တော်ကြီးဘုရားကို ဖူးမြော်လိုသည်ဟု ပြောလာပါသည်။ ဇနီးသည်၏ စိတ်

www.burmeseclassic.com

ချမ်းသာမှုကိုပေးရန် အသင့်ရှိနေသော ကျွန်တော်သည် သူ၏ဆန္ဒကို အပြည့်အဝ လိုက်လျောလိုက်ပါသည်။ မိတ်ဆွေတစ်ဦး၏ ဆလွန်းကားလေးတစ်စီးဖြင့် မန္တလေးဘုရားဖူး ခရီးစဉ်ကို စီစဉ်လိုက်ပါသည်။

မန္တလေးမြို့အဝင် ခရီးတွင်ပင်လျှင် ခရီးရောက်မဆိုက် ဘုရားကြီး (မဟာမြတ်မုနိ)ကို ဦးတိုက်ဖူးမြော်သည်။ ဟိုတယ်တစ်ခုတွင် ညအိပ်ရပ်နားကာ နောက်တစ်နေ့တွင် မန္တလေးတောင်တော်ကိုတက်ရောက်ကြသည်။ ရောဂါဝေဒနာရှင် ကျွန်တော့်ဇနီးမှာ ရောဂါဝေဒနာရှင်ဟူ၍ပင် မထင်ရ။ ဤခရီးအတွက် ရွှင်လန်းတက်ကြွ၍ ရယ်ရယ်မောမောနှင့် ပြုံးပျော်နေသည်ကို တွေ့ရသဖြင့် စိတ်ချမ်းသာရသည်။ မန္တလေးတောင်ခြေရင်းရှိ ကျောက်တော်ကြီးဘုရားကို ဝင်ရောက်ဖူးမြော်၍ ပန်း၊ ရေချမ်း၊ ဆီးမီးနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းပါသည်။ ကျွန်တော် လုံးဝမျှော်လင့်မထားသောသူနှင့် ဤဘုရားရင်ပြင်တွင် လာရောက်တွေ့ဆုံရသည်။ တွေ့ဆုံရသူကား ကျွန်တော်၏ညီမအရင်းသဖွယ် ချစ်ခင်ရသော အငြိမ်းစားကျောင်းအုပ်ဆရာမကြီး 'မြမြခင်'နှင့် ပက်ပင်းတိုးတော့သည်။ 'မြမြခင်'က -

"အစ်ကိုကြီး ဒီလိုလုပ်လို့ ဘယ်ရမလဲ။ ဒီနေ့၊ ဒီအချိန်၊ ဒီနေရာမှာ အစ်ကိုကြီးဇနီးနဲ့ လာကိုတွေ့ရမယ်ဆိုတာ ရှိပြီးသား။ ဒါပဌာန်းဆက်ပဲ။ ညီအစ်မတွေ အစ်မတော်ကို လာကိုတွေ့ရတာ"

ကျောင်းအုပ်ဆရာမကြီး 'မြမြခင်'၏ ပါးစပ်မှ ကျွန်တော်မမျှော်လင့်သော စကားများ ပြောလာသဖြင့် အံ့ဩရသည်။ ဘာတွေပြောနေပါလိမ့်။ အစ ပထမကတော့ ရှူးတူးတူး ပေါကြောင်ကြောင်လို့ပင် ထင်မိသည်။ စိတ်ပျက်အထင်သေးမိသည်။ ကျွန်တော်က -

"အေးကွယ် ... အစ်ကိုကြီးတို့ မင်းတို့ကိုအားနာလို့ ကြိုတင်အကြောင်းမကြားတာပါ။ ဝန်လေးမှာစိုးလို့ပါ"

"မဟုတ်တာ အစ်ကိုကြီးရယ်၊ အားနာစရာမရှိ အားနာရတယ်လို့" မြမြခင်က ချက်ချင်းတုံ့ပြန်သည်။

ဝဝဝ

ကျွန်တော့်ဇနီးသည် ဇန်နဝါရီလ ၅ ရက်နေ့တွင် ရုတ်တရက်လေဖြတ်သွားသဖြင့် ဆာကူရာဆေးရုံသို့ အရေးပေါ်တင်လိုက်ရသည်။ ထိုအချိန်မှစ၍ စကားမပြောနိုင်တော့။ သတိမရတော့။ မည်သည့်အချိန်တွင် လူ့ဘဝကြီးကို စွန့်ခွာသွားတော့မည်ဆိုသည်ကို စောင့်စားနေရသည်မှာ ရင်မောလှသည်။

ဆေးရုံတက်ပြီး ၁၀ ရက်မြောက်နေ့တွင် ကျွန်တော်၏ဇနီးသည် ကျွန်တော်နှင့်တကွ သားသမီး လေးဦး၊ မြေးကလေး နှစ်ဦး၊ ဆွေမျိုးမိတ်သင်္ဂဟများကို အပြီးအပိုင်နှုတ်ဆက်၍ ကမ္ဘာလောကကြီးမှ ထွက်ခွာသွားခဲ့ပါပြီ။ ကျွန်တော်တို့ မိသားစုအဖို့ 'ရွှေတောင်ကြီး'ပြိုသွားခဲ့ရပါပြီ။ မိသားစုဘဝအတွက် အစားထိုး၍မရသော ကွက်လပ်ကြီးတစ်ခု ဖြစ်ခဲ့ရပါပြီ။ မိသားစုတစ်ခုလုံး၊ ဆွေမျိုးမိတ်သင်္ဂဟများအားလုံး ဝမ်းနည်းကြေကွဲရပါသည်။ ကွယ်လွန်သူ ဇနီးအတွက် ကုသိုလ်ကောင်းမှုကို အတတ်နိုင်ဆုံး ပြုလုပ်ပြီး လှူဒါန်းမှုအစုစုကို ရေစက်ချ အမျှအတန်းဝေပါသည်။

ဇနီးသည်ကွယ်လွန်ပြီး ရက်လည်ဆွမ်းသွတ်သည့်နေ့အထိ ထူးခြားမှုမရှိပါ။ ကွယ်လွန်ပြီး ၁၀ ရက်မြောက်သောနေ့တွင်မှ ညဘက်၌ သမီးကြီးကို အိပ်မက်ပေးသည်။ အိပ်မက်ထဲတွင် ဇနီးသည်က-

"သမီးရေ ... မေမေ မကျွတ်မလွတ်သေးဘူး။ သမီးတို့ အိမ်ရှေ့တည့်တည့်က ဗာဒံပင်မှာ ခေတ္တခဏ ခိုကပ်နေရသေးတယ်။ သက်ဆိုင်ရာပုဂ္ဂိုလ်များနဲ့ မေးမြန်းပြီး အမေ့ကို ကျွတ်လွတ်အောင်လုပ်ပေးကြပါကွယ်"

ဟု အိပ်မက်လာပေးကြောင်း၊ ညတွင်းချင်းပင် ကျွန်တော်တို့ မိသားစုဝင်အားလုံးကို နှိုး၍ သမီးကြီးက ပြောပြသည်။ အဲဒီည သန်းခေါင်ယံအချိန်မှ နံနက်မိုးလင်းသည်အထိ မအိပ်ကြတော့။ အမေ့အတွက် ဘာလုပ်ရမည်ကိုသာ စဉ်းစားနေမိကြတော့သည်။

ဝဝဝ

ကျွန်တော်သည် မိတ်ဆွေတစ်ဦး၏ လမ်းညွှန်မှုဖြင့် မြို့သစ်တစ်ခုတွင် သီတင်းသုံးနေသော သက်တော် ၉၀ ကျော် ဆရာတော်ကြီးတစ်ပါးထံသို့ ရောက်ရှိသွားသည်။ ဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်ကို ယုံကြည်အားကိုးကြသော ဒါယကာ၊ ဒါယိကာမများက ဆရာတော်ကြီးထံမှ မေတ္တာခံယူကာ လိုအင်ဆန္ဒများကို အသီးသီးလျှောက်ထားကြသည်။ ကျွန်တော့်အလှည့်တွင် ဇနီးသည်၏အမည်၊ အသက်၊ ကွယ်လွန်သောနေ့ရက်၊ မီးသင်္ဂြိုဟ်သောသုသာန် စသည်တို့ကို မေး



www.burmeseclassic.com

www.burmeseclassic.com

သည်။ ဆရာတော်ကြီးက ဘုရားရှိခိုးပြီး သက်ဆိုင်ရာများကို တိုင်တည်သည်။ အမိန့်ပေးသင့်သည်ကို အမိန့်ပေးသည်။

မကြာမတင်မှာပင် ပရိသတ်ထဲမှ မိန်းမကြီးတစ်ဦးသည် ကျွန်တော့် ဇနီးသည်အဖြစ် ဝင်ရောက်ပူးကပ်ပါသည်။ အသားများ ဆတ်ဆတ်တုန်နေပြီး လက်အုပ်ချီလျက် ခုန်ဆွခုန်ဆွဖြင့် ဖြစ်နေသည်။ ဆရာတော်ကြီးက မင်းရဲ့ဖြစ်အင်ကို လျှောက်ထားစမ်းဟု အမိန့်ရှိလိုက်ရာ ဝင်ပူးနေသော မိန်းမကြီးက အဖြစ်အပျက်စုံကို ပြောဆိုပြီး ဆရာတော်ဘုရားကြီးအား ဦးချကန်တော့သည်။ ဆရာတော်ကြီးက ရေမန်းများ ပက်ဖျန်းပြီး–

"အေး ...အေး၊ ကောင်းပြီ၊ ပြန်ချိန်တန် ပြန်ရမှာပေါ့။ ဆရာတော်အမိန့်ပေးပြီးပြီ။ ကဲ ... ပြန်ပေတော့ ဟုတ်ပြီလား"

ဆရာတော်၏စကား အဆုံးတွင် ဝင်ပူးနေသော မိန်းမကြီးမှာ ဆရာတော်အားကန်တော့ကာ မူလအတိုင်း အကောင်းပကတိ ဖြစ်သွားတော့သည်။ ဤဖြစ်အင်ကို ကျွန်တော် မအံ့ဩဘဲ မနေနိုင်ပါ။ ကျွန်တော်သည် ဤကဲ့သို့သော စုန်း၊ နတ်၊ ကဝေ၊ သရဲ အစရှိသည်တို့ကို ယုံကြည်သူ မဟုတ်ရကား၊ မယုံတစ်ဝက်၊ ယုံတစ်ဝက် ဖြစ်နေခဲ့သော်လည်း လုံးဝအဆက်အစပ် မရှိသော သူစိမ်းပြင်ပြင် မိန်းမကြီးတစ်ယောက်က ကျွန်တော့်ဇနီးအကြောင်း၊ ကျွန်တော်တို့ မိသားစုအကြောင်း အတွင်းကျကျ စုံစုံစိစိ ကရားရေလွှတ် တောက်လျှောက် ပြောသွားသည်ကို အံ့ဩရပါသည်။ အတွေ့အကြုံသစ်တစ်ခုရပါသည်။

ကျွန်တော်သည် ဆရာတော်အမိန့်ရှိသည့်အတိုင်း မန္တလေးတောင်ခြေ၊ ကျောက်တော်ကြီးဘုရားသို့ သွားရောက်ကာ ကန်တော့ပွဲများဖြင့် ကန်တော့ပြီး ဆရာတော် ရေးပေးလိုက်သော စာသားများအတိုင်း ဖတ်ကြားကာ သက်ဆိုင်ရာကို အသိပေးရပါသည်။ ထူးခြားဖြစ်စဉ်တစ်ခုမှာ ကျွန်တော် အထက်က ပြောခဲ့သော ဆရာမကြီး ဒေါ်မြမြခင်သည် ကျွန်တော်တို့ ဆုတောင်းပွဲလုပ်နေသည့် ကျောက်တော်ကြီးဘုရားသို့ အမှတ်မထင် ရောက်ရှိလာခြင်းဖြစ်ပါသည်။ 'မြမြခင်'က –

"အစ်ကိုကြီးရေ၊ အစ်ကိုကြီးဇနီး အေးအေးချမ်းချမ်း ဖြစ်သွားပါပြီတဲ့"

'မြမြခင်'၏ စကားကြောင့် ကျွန်တော် အံ့ဩရပြန်ပါပြီ။

ကျွန်တော်တို့ ရန်ကုန်ပြန်ရောက်ပြီး နောက်တစ်နေ့တွင် သမီးကြီးကို အိပ်မက်လာပေးသည်။ အိပ်မက်ထဲတွင် –

"သမီးရေ ... မေမေ၊ မေမေ့ရဲ့ မူလ လာရာကို ပြန်ခွင့်ရပါပြီကွယ်။ သမီးတို့ ကုသိုလ်ကောင်းမှုပြုတာ လှူဒါန်းမှုအစုစုနဲ့ အမျှဝေမှုတွေဟာ မေမေ့အတွက် ထိထိရောက်ရောက် အကျိုးခံစားခွင့် ရှိပါတယ်ကွယ်"တဲ့။

နောက်တစ်နေ့ နံနက်စောစောတွင် သမီးကြီး၏အိပ်မက်ထဲတွင် မေမေနှင့် တွေ့ဆုံပြောဆိုမှုများကို ပါးစပ်အဟောင်းသားနှင့် တအံ့တဩ နားထောင်ခဲ့ရပြီး ဝမ်းသာပီတိဖြစ်ရသည်။ သမီးကြီးက –

"မေမေ့စကား မဆုံးသေးဘူး ဖေဖေရဲ့"

"ပြောလေ သမီး၊ မေမေ ဘာပြောသေးလဲ"

ကျွန်တော့်ရင်ထဲတွင် လှိုက်မောလာပြီး မျက်ရည်တွေ အလိုလိုစီးကျလာသည်။

"မေမေကလေ သမီးတို့ရယ်တဲ့ မေမေ နောက်တစ်ခေါက် လူ့ဘဝများ ပြန်လာခဲ့ရရင် ဂီလာန၊ ဒုက္ခိတဘဝနဲ့ မလာပါရစေနဲ့၊ ကျန်းမာရေးကောင်းမွန်တဲ့၊ သန်စွမ်းတဲ့၊ လူတောတိုးနိုင်တဲ့ သာရေးနာရေး၊ ဘာသာရေးတွေ ဆောင်ရွက်နိုင်တဲ့ ကိုယ်ဖြစ်ရပါစေလို့ ဆုတောင်းပေးကြပါနော်တဲ့ ဖေဖေ"

၀၀၀

ကျွန်တော်သည် ဇနီးသည်အိပ်မက်ထဲတွင် ပြောဆိုမှာကြားသော စကားများကို မြို့သစ်မှ ဆရာတော်ကြီးထံသွား၍ လျှောက်ထားအစီရင်ခံရသည်။ ဆရာတော်ကြီးက –

"ဝဋ်မှာအမြဲ၊ ငရဲမှာအပတဲ့။ ဝဋ်ရှိသမျှ ခံခဲ့ပြီးပြီပဲ။ ဒါယကာတို့ ဒါန၊ သီလ၊ ဘာဝနာနဲ့ ကုသိုလ်ကောင်းမှု အစုစုကို အမျှပေးဝေပြီးပြီပဲ။ ကြေပါပြီဗျာ၊ ကျွတ်ပါပြီဗျာ၊ လွတ်ပါပြီဗျား"

ဆရာတော်ဘုရားကြီး၏ အမိန့်ရှိသော စကားသံများကို နားထဲတွင် ပြန်လည်ကြားယောင်ရင်း ဇနီးသည်အတွက် ဝမ်းသာအားရ ကျေနပ်မိပါသည်။ လူသားတို့၏ဘဝထဲတွင် အိပ်မက်များသည်လည်း တစ်ခါတစ်ရံ တစ်ခန်းတစ်ကဏ္ဍမှ အရေးပါလှပါတကားဟု တွေးမိရင်း ...။

ဦးအောင်ကြည်(ပညာရေး)



www.burmeseclassic.com

www.burmeseclassic.com

# အရက်ဆိုတဲ့ လူဖျက်တဲ့သေစာ

မောင်ချို့မင်း(ကန္တာရဝတီ)

အရက်သေစာ လွန်ကြူးသောက် ပြီး လမ်းဘေးတကာ ပလက်ဖောင်း ပေါ်လဲနေသည့် အမူးသမားများကို တွေ့ရသည့်အခါတိုင်း ကျွန်တော့်ရင် ထယ် မချမ်းမြေ့။ သောက်မူးသူတို့က လည်း အနည်းနှင့်အများ အမှားမျိုးစုံ တို့ ကျူးလွန်တတ်ကြသည်ကိုး။

ကျွန်တော် ဆယ်နှစ်သား အရွယ်ခန့်က အမေနှင့် ပွဲသွားကြည့်ခဲ့ သည်ကို ယနေ့ထိမမေ့သေး။ ပွဲက သည့်နေရာက တာမွေ အထက်(၂) ဘည့်ရှိရာ ကျောက်မြောင်း ရာမကွင်း ကြီးထဲတွင် ဖြစ်၏။ ဇာတ်ရုံက ခါးပြတ် ဖြစ်သည့်အတိုင်း အပေါ်တွင် အမိုး မိုး ရှံ့ဝင်ခက ဘစ်ကျပ်ပေးရသည်။ ထဝိုတွဲသကြီးဖြစ်၍ ချမ်းအေးလိုက် သည်ကလည်း မေးခိုက်ခိုက်တုန်။ သို့ သော် တစ်ညလုံး ပွဲစပွဲဆုံး ဇာတ်ပွဲကို အာရုံစိုက်နေ၍လားမသိ။ ချမ်းအေးမှု ဒဏ်ကို ဂရုမပြုနိုင်။ ကနေသည့်ဇာတ် က အောင်ဝိဇ္ဇာဇာတ်ဖြစ်၏။

ခြင်းလုံးခတ် ကောင်းလှသည်ဆို သောမင်းသား အောင်ဝိဇ္ဇာမှာ ပုပ္ပသေး သေး အကကောင်းသူဖြစ်ပြီး နာမည် ကြီး သူ့နောက်ပိုင်းဇာတ်ထုပ်မှာ ဖြုဟ္မ ဒတ်မင်း သားစားဇာတ်တော် ဖြစ်၏။

ဗာရာဏသီပြည့်ရှင် ဖြုဟ္မဒတ် မင်းသည် အသားစားကြူးပြီး သူရာ အရက်ခုံမင်၏။ အရက်သောက်တိုင်း မြည်းစရာအသားမပါလျှင် မဖြစ်။ မှူး မတ်များက အမြည်းအတွက် ဂရု တစိုက်တာဝန်ယူနေသည့်ကြားမှ တစ် နေ့သောအခါ ဘုရင်အရက်မူးပွဲတော် တည်မည်အပြု အသားမပါသဖြင့် မှူး မတ်တို့ အခက်ကြုံနေ၏။ ဤတွင် ဘုရင် အမျက်တော်ရှကာ မူးမူးရူးရူး ဖြင့် မိဖုရားရင်ခွင်ထက်မှေးစက်နေ သော လသားအရွယ် ရင်သွေးငယ်ကို လက်စွဲတော်သန်လျက်ဖြင့် ထိုးနှက်၍ ပေါင်နှစ်ခြမ်းခွဲကာ အသားဟင်းလျာ အဖြစ် ချက်ပြုတ်စေခိုင်းသည်အထိ သူရာ၏ ကျေးကျွန်ဖြစ်ခဲ့ရသည်။

နံနက်မိုးသောက် အလင်းရောက် ၍ အမူးပျောက်သော် မိမိအဖြစ်ကို ယူကျုံးမရဖြစ်ပြီး ချစ်လှသည့်သား အတွက် အကြီးအကျယ် ပူဆွေးခဲ့ရ ၏။ တစ်နည်းအားဖြင့် သေသောက် ကြူးသူများအား ပညာပေးဇာတ်လမ်း ဖြစ်ရာ ကျွန်တော်နှင့်အတူ ပွဲထိုင် ကြည့်နေသူ မိန်းမကြီးများ တရှုံ့ရှုံ့ဖြစ် နေ၏။ အမေသည်လည်း အများနည်း တူပင်။

အမေမျက်ရည်စို့ရခြင်းမှာ သူမ ချစ်လင် ကျွန်တော့်ဖခင်သည်လည်း အရက်၏ကျေးကျွန်တစ်ဦး ဖြစ်နေ၍ ဖြစ်၏။

ထိုအကြောင်းကို ပေါးပြုစာဆို ရွှေတိုင်ညွန့်က "ရာဇာဘုရင် အဝါး ပင် မှောက်မှားတော့ပြီ၊ အခါခါပင် မူးယစ်သောက်စားတော့သည်။ ခြော် ... ကိုယ့်သားရယ်မှန်၊ ကိုယ့်မယားရယ် ထင်ရှား မသိပြီ၊ မဆင်ခြင်နိုင်သည်။ ဘုရင်ဖြုဟ္မဒတ်မင်းကိုရည်၊ နဂိုသတိ အစဉ်ဝေးတရားမှားလို့ ကိုယ်၏ရင် သွေး အသွေးအသားကို စားလေ သည်"ဟု တေးတစ်ပုဒ်ရေးထုတ်ခဲ့ရာ အသံတိတ် ရုပ်ရှင်ခေတ်က အရက် သောက်ခန်းပါတိုင်း ဤ(သူရာ)သီချင်း ကို နောက်ခံသီဆိုပေးလေ့ရှိကြသည်။

ကျွန်တော့်အနေနှင့် ငယ်စဉ် တောင်ကျေး သိတတ်စကလေးဘဝ ကတည်းက အရက်မူးသမား ဒယီး ဒယိုင်နှင့် လမ်းထဲတည့်တည့်တိုးလျှင် အိမ်သို့ အော်အော်ပြီး ပြေးလာတတ် သည်။ အရက်သမားကို မုန်းလည်း မုန်းသည်။ အရောလည်းမဝင်ချင်။ သူတို့ပါးစပ်မှ ချဉ်စူးစူးအနံ့ကိုလည်း ခံစား၍မရ။ သို့သော် မိမိဖခင်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com

တိုင်က နေ့မလင်း၊ ညမလင်း အရက်သောက်နေသူဖြစ်၍ တစ်နှယ်ငင်တစ်စင်ပါဆိုသလို အရက်သမားများနှင့် ကင်းကွာ၍မရ။ အဖေက အရက်ကို ခင်မင်တော့ ပုလင်းတူဘူးဆို့ သူ့အပေါင်းအသင်းများကလည်း အိမ်တွင် အဝင်အထွက် မပြတ်ရှိသည်။ ပဲလှော်ပန်းကန်ဘေးချ အရက်ပုလင်းထောင်ကြပြီး သောင်းစဉ်ရေမရ အဓိပ္ပာယ်မရှိ စကားသံတွေကိုလည်း မကြားချင်ဘဲ နားဆင်နေခဲ့ရသည်။

အတုမြင်အတတ်သင် ကလေးဘဝ ကျွန်တော်ကရေကို ဖန်ခွက်ထဲထည့်၍ အရက်လိုလုပ်သောက်သည်ကို အမေမြင်လျှင် ဗိုက်ခေါက်ဆွဲလိမ်သည်။ ငယ်စဉ်က ငရဲကြောက်တတ်သော ကျွန်တော့်အား ရေကို အရက်အမှတ်သဘောထားလျှင် ငရဲကြီးတတ်သည်ဟု အမေကပြောသည်။

ကျွန်တော် စတုတ္ထတန်းရောက်တော့ အတန်းပိုင်ဆရာကြီး ဦးတင် (စာရေးဆရာ မြသိန်း၏ယောက္ခမ)က အရက်၏မကောင်းကျိုးများကို အခွင့်သာတိုင်း ပုံတိုပတ်စကလေးများဖြင့် ဟောပြောရင်း . . .

"ငါ့တပည့်တို့ . . . လောကမှာ မင်းတို့ကြီးပွား ချင်ရင် ဦးဆုံးအနေနဲ့ အရက်ကို လုံးဝမသောက်ကြနဲ့"ဟု ဆုံးမရုံအပြင် ကျွန်တော့်အား ကျောင်းသားများရှေ့တွင် အရက်သီချင်းကို မကြာမကြာ ဆိုခိုင်းတတ်သေးသည်။

"လူကိုဖျက်တဲ့ အရက်သေစာ သူရာများသည် ဘုရားမကြိုက်တဲ့ အလုပ်မို့ အဟုတ်ကိုပယ်သင့်ပြီ။ စီးပွားရေးနဲ့ ကြီးပွားရေးမှာ နှောင့်နှေးပေလိမ့်မည်။ အရက်ဆိုတာဟာ လူ့တကာနဲ့ တကယ့်ကို မသင့်တော်ပြီ။

ကိုယ်ချစ်တဲ့သူကလေးနဲ့ ဝေးရပေလိမ့်မည်။ လူကြီးလူကောင်းများက အပေါင်းအသင်း မလုပ်ကြပြီ။ သစ္စာရှိသူအရက်သမားဟာ လောကမှာရှားတယ်လို့ ပညာရှိစကားကို လွန်ယုံကြည်၊ ပျက်လျှင်အစဉ် ပြင်ခဏမို့ အရက်သမားဘဝကို ပယ်သင့်ပြီ"

ကျွန်တော်ကလည်း ဘာရယ်လို့မဟုတ် သက်ပြင်းနဲ့ စံရှား သံစုံသွင်း ဇာတ်ကားထဲမှ နောက်ခံသီချင်းကို အလွတ်ရထားသူပီပီ ဆရာတင်ကြီး ဆိုခိုင်းတိုင်း အကျီကော်လံစကလေးနှစ်စကိုထောင်၊ အသံနေအသံထားဖြင့် ရင်ကလေးကော့ကော့ပြီး သီဆိုပြခဲ့ရသည်မှာ အမော။

၁၉၅၃ ခုနှစ်သည် ဆောင်းဟေမာန်ဇာတ်ကားပြအပြီး "စိတ်ညစ်လို့ အရက်ကိုသောက်တယ်"ဆိုသောတေးသားသည် လူတိုင်းပါးစပ်ဖျားတွင် စွဲကျန်ခဲ့၏။ သီချင်းထဲကအတိုင်း စိတ် ညစ်တိုင်းအရက်သောက်ရမှာလား ဆိုသည့်အတွေးတစ်ခုက ကျွန်တော့်ခေါင်းထဲ မကြာခဏခိုဝင်လာ၏။

စိတ်ညစ်တိုင်း အရက်သောက်ထွက်ပေါက်ရှာ၍မရပါ။ အရက်ဖိုးကုန်ခေါင်းထဲအုံပြီး လူတကာရွံရှာစက်ဆုပ်ရုံသာ အဖတ်တင်ပါမည်။ အရက်သည် စိတ်ညစ်နွမ်းမှုကို ဖြေရှင်းပေးနိုင်မည့် ကယ်တင်ရှင်မဟုတ်။ ဤသည်ကို မကောင်းမှန်းသိကြပါလျက် ငရဲပန်းကို ရေပန်းအသွင် ပန်ဆင်လိုကြပြီး အရက်ဆိုင်၊ ဘီယာဆိုင်များတွင် အချည်းနှီး အချိန်ကုန်ခံနေကြမည့်အစား အလုပ်နားချိန်၊ ရုံးအားချိန်များတွင် သားငယ်၊ သမီးငယ်တို့အား ကျောင်းစာကူညီပြသပေးခြင်း၊ လိမ္မာယဉ်ကျေးအောင် ပုံတိုပတ်စကလေးများ ပြောခြင်း၊ လုပ်ငန်းခွင်မှ တစ်နေ့တာကြုံခဲ့ရသော မှတ်သားဖွယ်ရာကလေးများကို တစ်ဆင့်ပြောပြခြင်းတို့ဖြင့် ဆောင်ရွက်နိုင်လျှင် မည်မျှကောင်းလေမည်နည်း။

ကျွန်တော်သည် ငယ်ရွယ်စဉ်ကတည်းက အရက်သမားများနှင့် တွေ့ထိဖန်များခဲ့သော်ငြား ယခုကြီးလာသည့်တိုင် အရက်မသောက်တတ်ခဲ့။ အရက်တွင်မဟုတ်၊ ကွမ်း၊ ဆေးလိပ်၊ ဖဲအကုန်ကင်းသည်။ မကောင်းမှုဟူသည် သူတကာတားမြစ်မှ မဟုတ်၊ မိမိကိုယ်ပိုင် အသိစိတ်ဓာတ်ဖြင့် ရှောင်ခဲ့ခြင်းဖြစ်ရာ လက်ဖက်ရည်၊ ကော်ဖီကိုမူ တစ်နေ့လျှင် သုံးလေးခွက် မသောက်ရ မနေနိုင်။ ဗိုက်ဆံကုန်ကျတာခြင်းအတူတူ လက်ဖက်ရည်၊ ကော်ဖီသောက်သုံးခြင်း သည် အဆာပြေသည်။ အာဟာရဖြစ်သည်။ လူတကာ့အထင်သေးခြင်းမှ ကင်းလွတ်သည်မဟုတ်ပါလား။

"ကျွန်တော် အရက်မသောက်တတ်ပါ"ဟု ပြောရသည်ကို ၊င် မိမိကိုယ်မိမိဂုဏ်ယူမိသည်။ ဝန်ထမ်းဘဝမှတစ်ဖြစ်လည်း ဂီတအနုပညာဖြင့် ယခုလို ပရိယေသနပြုနေချိန်တွင် သူရာနှင့် မပတ်သက်ခြင်းသည် အကောင်းဆုံးသော ကိုယ်ကျင့်တရားလက်နက်ဖြစ်ခဲ့၏။ သူရာကို ရှောင်တိမ်းနိုင်ခဲ့၍လည်း မိမိကို ယုံကြည်ကြသည်။ ချစ်ခင်လေးစားပြီး လိုအား



www.burmeseclassic.com

www.burmeseclassic.com

သောအမှုအရာကို ပြုကြသည်။ ထိုက်တန်သော အခကြေးငွေကို ချီးမြှင့်မစကြသည်။ အရေးပေါ်လာလျှင် လေးလေးစားစားဖြင့် ကူညီကြသည်။ အထူးသဖြင့် တီးဝိုင်းဆရာဘဝဖြင့် ဆရာတော်၊ သံဃာတော်များ၏ ဂုဏ်ပူဇာသဘင်၊ ဘာသာရေးပွဲတော်များနှင့် ဆက်ဆံရသည့်အခါတိုင်း သူတော်ကောင်းများ၏ လေးစားအရေးထားမှုကို အများဆုံးခံယူခဲ့ရသည်မှာ မိမိအတွက် ဂုဏ်ယူချင်ဖွယ်ရာ။

"အပေါင်းအသင်းကြောင့် အရက်သောက်တတ်သွားတာပါ။ အစကဒီလိုမဟုတ်ပါ"ဆိုသည့် မိုးကြိုးပစ်ထန်းလက်ကာဆင်ခြေစကားမျိုးကို လုံးဝလက်မခံနိုင်။ မိမိပင်ကိုစရိုက်ကကောင်းနေလျှင် မည်သို့မျှ အရက်သမား၊ ဆေးသမား မဖြစ်နိုင်။ အဖေအရက်သောက်နေစဉ် တာမွေအဝိုင်းကြီး အဖောင်ခေါက်ဆွဲဆိုင်ထဲတွင် ခင်ကို အမူးဒီဂရီမပြင်းအောင် လိုက်ထိန်းနေရသော ကျွန်တော်သည် အဖေ့အရက်စားပွဲတွင် စိတ်ပါလက်ပါ ကျောင်းသင်ခန်းစာ ဂျော်မက်ထရီထိုင်တွက်နေခြင်းမျိုးဖြင့် ညပေါင်းများစွာတို ကျော်ဖြတ်ခဲ့ရဖူးသည်။ ကျွန်တော်မွေးမိ အသက် ၂၀ ကျော်လောက်မှ အသက် ၆၀ နီးပါးတိုင် နေ့မနား၊ ညမနား သောက်လာခဲ့သည့် အဖေ့အတွက် ပါးစပ်လျှာကင်ဆာဖြစ်မှ အရက်ပြတ်တော့သည်။ ရောဂါကြောင့် အရက်က လူကို ဖြတ်လိုက်ခြင်းဖြစ်ရာ အကယ်၍ ရောဂါသာမရသေးပါလျှင် ဆက်လက်သောက်နေဦးမည်မှာ သေချာသည်။ ကျေးဇူးရှင်ဖခင်ကို အပြစ်တင်အပုပ်ချနေခြင်းမဟုတ်။ ကျွန်တော့်ဖခင်သည် မည်မျှပင် အရက်သောက်ခဲ့သူ ဖြစ်လင့်ကစား သူမွေးခဲ့သည့် သားသမီး ၁၂ ယောက်ကို ထမင်းတစ်နပ်ပင် မငတ်စေရဘဲ အပေါင်းအသင်းများထံမှ လှည့်ပတ်ချေးငှား ရှာကြံကျွေးမွေးခဲ့သူ ဖြစ်ပါသည်။ တစ်ချိန်က မြန်မာပြည် ဘိလိယက်ချန်ပီယံ ဦးဂေါ်ရာအမည်ဖြင့်လည်း မင်းပေါက်စိုးပေါက်တိုးပေါက်နိုင်ခဲ့သူ အင်္ဂလိပ်စာဓာတ်၊ စကားတတ် ပုဂ္ဂိုလ်ပေကိုး။ အရက်၏ဆိုးကျိုးကို သိစေလို၍သာ အဖေ့ဘဝလှန်သင့်သမျှဖော်ပြရခြင်းဖြစ်ပါသည်။

ကျောင်းသားဘဝက လူဆင်းရဲသော်ငြား ကျောင်းစာဖက်၌ သူတကာထက် ထူးချွန်သော မိမိကို ချစ်သူခင်သူအများဆုံး ရှိခဲ့သလို ကလေးတို့ဘာဝ အချင်းချင်း မလိုသူတစ်ဦးစ၊ နှစ်ဦးစကလည်း ရှိတတ်စမြဲပင်။ ကျွန်တော့်အား "အရက်သမားသား"ဟု အများရှေ့တွင် ရင့်ရင့်သီးသီး ပြောဆိုနှိမ့်ချခေါ်တတ်သူမှာ ရှေ့နေစောမောင်ကြီး၏သား ရွှေသိန်းသည် အကဲဆုံး။ နှစ်ပေါင်း ၃၀ မျှကြာညောင်း၍ ကျွန်တော် မြို့နယ်စာရင်းရုံး တစ်ရုံးတွင် တာဝန်ထမ်းဆောင်နေစဉ် ယင်းရွှေသိန်းကို ထိုမြို့နယ်တွင်ပင် တရားရုံးအမှုလိုက်ရဲအရာရှိအဖြစ် ထပ်မံဆုံကြပြန်၏။ ထိုအချိန်တွင် ရွှေသိန်းမှာ ဝက်ခြံထူထူ၊ ဝမ်းဗိုက်ကြီးပူပူ၊ ယူနီဖောင်းကြီးနှင့် တာဝန်ချိန်တွင်ပင် အရက်မသောက်ရ မနေနိုင်လောက်အောင် ခြေတုန်၊ လက်တုန် ယစ်ထုပ်ကြီးဖြစ်နေလေပြီ။ တရားရုံးနှင့် စာရင်းရုံးကအုတ်ထရံသာခြားထားတော့ တစ်ယောက်နှင့်တစ်ယောက် အနေချင်းနီးကြသည်။

"ဟေ့ကောင် . . . သံပရာသီးတို့များငယ်ငယ် တာမွေရာမကွင်း လုံချည်နီဝတ်ရတဲ့ ဒေါ်သန်းညွန့်ကျောင်းမှတုန်းက မင်းကိုငါ မခံချင်အောင်စခဲ့၊ နောက်ခဲ့တာတွေကို မင်းကအမှတ်အတေးမထားသော်လည်း ငါအမြဲသတိရနေပါတယ်ကွာ။ အခုအခါမှာ မင်းကတော့ အပိုအလုပ်တွေ ဘာမှမလုပ်ပေမယ့် ငါကဟော့ အခုမင်းမြင်တဲ့အတိုင်း ဝဋ်လည်နေပြီဟေ့ ဟား . . . ဟား"

**ပညာတတ်မျိုးရိုးမှ ဆင်းသက်ပြီး**
**ဝန်ထောက်ဘဝမှ**
**ပိတ်ကားပေါ်ရောက်**
**အရက်မျိုးစုံသောက်ပြီး**
**ဇာတ်မြုပ်ခဲ့ရသော**
**ရုပ်ရှင်မင်းသားကြီးကတစ်ဦး၊**
**မြင့်မားသော**
**သရုပ်ဆောင်ကြေးရခဲ့ပြီး**
**ရုပ်ရှင်ဇာတ်ကားအတော်**
**များများ လက်မလည်အောင်**
**လက်ခံရိုက်ကူးနေရချိန်**
**ဟိုတယ်ကြီးတစ်ခုအတွင်း**
**အရက်သွေးကြွ ရမ်းကားမိသဖြင့်**
**ထောင်ကျဘဝပျက်ခဲ့ရသူတစ်ဦး**



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်အနေနှင့် သူ့ကိုတစ်မြို့နယ်တည်း ပြန်ဆုံရတော့ ငယ်ပေါင်းမို့ ခင်လည်းခင်ပါသည်။ ခွင့်လည်းလွှတ်ပါသည်။ သို့သော် ရွှေသိန်းတစ်ယောက် အသောက်လွန်ပြီး နှလုံးသွေးကြောပြတ်၍ လွန်ခဲ့သော သုံးလေးနှစ်ကပင် မြောက်ဒဂုံနေအိမ်တွင် ဆုံးခဲ့ရရှာပြီ။

ကျွန်တော့် ဦးနှောက်ထဲတွင် ကောင်းကျိုးမပေးသည့် အရက်နှင့် ပတ်သက်သော တေးသီချင်းများ၊ ရုပ်ရှင်၊ ဇာတ်သဘင်ပြဇာတ် ဇာတ်လမ်းများ၊ ကိုယ်တွေ့ဖြစ်ရပ်များ များစွာရှိနေ၏။ ပညာတတ်မျိုးရိုးမှ ဆင်းသက်ပြီး ဝန်ထောက်ဘဝမှ ပိတ်ကားပေါ်ရောက် အရက်မျိုးစုံသောက်ပြီး ဇာတ်မြှုပ်ခဲ့ရသော ရုပ်ရှင်မင်းသားကြီးကတစ်ဦး။ မြင့်မားသော သရုပ်ဆောင်ကြေးရခဲ့ပြီး ရုပ်ရှင်ဇာတ်ကားအတော်များများ လက်မလည်အောင် လက်ခံရိုက်ကူးနေရချိန် ဟိုတယ်ကြီးတစ်ခုအတွင်း အရက်သွေးကြွ ရမ်းကားမိသဖြင့် ထောင်ကျဘဝပျက်ခဲ့ရသူတစ်ဦး။

အရက်ကို နေ့မလင်း၊ ညမလင်းသောက်ပြီး စန္ဒရားကီးဘုတ်ခလုတ်ဖြူဖြူကလေးများပေါ်တွင် လက်တင်၍မလောက်အောင် ဘေးထွက်သွားရသည့် ဂီတနယ်မှ လူရွှယ်စန္ဒရားဆရာကတစ်ဦး။

သာကေတမြို့သစ်တည်စ အေဘီစီသစ်သားတံတားအနီး အရက်ကြောင့် ကားဘီးအောက်ရောက်သွားရသော နိုင်ငံကျော် ဇာတ်ပြားအဆိုကျော် စသည်ဖြင့် နာမည်တပ်၍ပြောစရာ အများကြီးရှိပါသည်။ အရက်၏ဆိုးဝါးမှုဒဏ်အမြစ် သည့်ဆောင်းဟောမန်၊ ဖိုးပြုးချို၊ မိမွေ့ဘမွေ၊ သီချင်းဆို၍ဝိုင်ရသည် စသည့် ရုပ်ရှင်ဇာတ်ကားတို့က သင်ခန်းစာပေးခဲ့ဖူးပေါင်းလည်း များလှပြီ။ သို့သော် ကိုရွှေဖိုး = အရက်သမားတို့က ပိုးဖလံကဲ့သို့ မီးကိုဖွတ်တိုးလိုကြသည်။ အရက်အတွက်ဆို ဘာမဆိုလုပ်မည့်သူတွေက ဒုနှင့်ဒေး။

ကျွန်တော် ကယားပြည်နယ် စာရင်းရုံးတွင် အမှုထမ်းနေစဉ် (၁၉၇၂ မှ ၇၅)က အခွင့်သာတိုင်း ရန်ကုန်သို့ ပြန်ပြန်လာလေ့ရှိ၏။ ကျွန်တော် ပြန်လာတိုင်းလည်း မျက်နှာချင်းဆိုင်အိမ်မှ မိတ်ဆွေဦးကျော်တင့်အတွက် ကယားပြန်လက်ဆောင်က ယူလာရစမြဲ။ ထိုအရာကား ဒေသထွက်စားစရာ၊ သောက်စရာ တိုတိုထွာထွာမဟုတ်၊ က ယားမီးဖြတ်အရက်ပေတည်း။

ထိုအချိန်က သုံးကျပ်နှစ်ဆယ့်ငါးပြားတန် ဘီအီးဒီစီ (BEDC) သောက်နေသူတွေက သည့်ထက်ဒီဂရီပြင်းသော တောင်ပေါ်တိုင်းရင်းသားများချက်သည့် အရက်ကိုမှ ပိုမိုအာသီသရှိကြ၏။ မီးဖြတ်အရက်ကလည်း ကြမ်းပြင်ပေါ်ချ၍ မီးခြစ်လိုက်လျှင် မီးရောင်မှာပြာလဲ့လဲ့ဖြင့် လောင်စာဆီပမာ ဟုန်းခနဲ မီးထတောက်တတ်သည့် အမျိုးအစား။ သည်တော့ မိမိမသောက်တတ်သည့်တိုင် မိတ်ဆွေဦးကျော်တင့်အတွက် လေယာဉ်နှင့် ပဲလာလာ၊ ကုန်းလမ်းမှပဲဆင်းဆင်း အရက်လေးပုလင်းကိုမှ ပလတ်စတစ်ပုံးကလေးထဲထည့်၍ တကူးတကယူလာပေးရသည်က တစ်ဒုက္ခ။ တစ်နိုင်စာ လက်ဆွဲပုံးကလေးနှင့်ထည့်ယူလာခြင်းဖြစ်၍ လမ်းတွင်အစစ်ဆေးအမေးအမြန်းမရှိ။

တစ်နေ့ ကျွန်တော် လွိုင်ကော်မှ ရန်ကုန်သို့ဆင်းလာသည်။ သကြြန်ရက်နီးပြီဖြစ်၍ လေယာဉ်လက်မှတ်ကလည်း လွယ်လွယ်နှင့်ဝယ်မရ။ သည်တော့ လွိုင်ကော်မှ တောင်ကြီးသို့ ငွေတောင်ဦး ဘတ်စ်ကားစီး၊ တောင်ကြီးရောက်တော့ ရွှေညောင်သို့ဂျစ်ကားနဲ့ဆင်း။ ရွှေညောင်ကျတော့ သာစည်သွားမည့်ဂျစ် ကားကိုတစ်ဖန်စောင့်မျှော်။ ဤလိုအဆင့်ဆင့် ပြောင်းစီးနိုင်မှ သာစည်ရောက်စိုက်၊ မန္တလေးမှ စုန်လာသော ရန်ကုန်ရထားကို အမောတကော ပြေးတက်နိုင်မည်ဖြစ်၏။

ဤအခါက် သာစည်ရောက်တော့ ည ၈ နာရီထိုးပြီးပြီ။ ပူလိုက်အိုက်လိုက်သည်မှာလည်း အလွန်။ ကျွန်တော့်တစ်ကိုယ်လုံး ရေချိုးထားသည့်နှယ် ချွေးများဖြင့်ရွှဲနစ်နေသည်။ ရန်ကုန်အပြန်ရထားပေါ်ရောက်ဖို့ နေရာရဖို့ စိတ်စောနေရင်း ပါလာသော ပစ္စည်း ပစ္စယကလေးများအား ဘူတာအဝင် လက်ဖက်ရည်ဆိုင် စားပွဲတွင် ချလိုက်ရာ ကျွန်တော်ယူလာသော အရက်ပုံးကလေးမှာ ပေါက်ကွဲသွားပြီး အရက်များ စားပွဲပေါ်သို့ စိမ့်ထွက်လာသည်။

ထိုစဉ် ကျွန်တော့်ကို ကူညီပံ့ပိုးပေးမည့် ဖိုးသိကြားသည် လက်ဖက်ရည်ဆိုင်စားပွဲထောင့် တစ်နေရာမှ ဘွား ခနဲပေါ်လာသည်။

"ဆရာသမား မပူနဲ့၊ သူ့ဘာသာသူ အရက်တွေစားပွဲပေါ်မှာ စီးနေပါစေ"

ထိုသူသည် ကုန်တင်ကုန်ချအလုပ်သမားတစ်ဦးဖြစ်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com

သုတ်ထားသော ဘောင်းဘီကိုကြည့်မြင်အားဖြင့် သိပါ၏။ ထိုသူက မပြောဆို သုဝတ်ထားဆဲ ချွေးများဖြင့်နစ်နေသော ညစ်ပတ်ပေကျံလှသည့် ခါးပေါ်မှစွပ်ကျယ်ကို အမြန်ချွတ်ကာ၊ ပွဲပေါ်စီးကျနေသော အရက်များကို တစ်စက်မကျန် လိုက်သုတ်သည်။ ပြီးတော့ ထိုသုတ်လိုက်သည့်အရက်များကို ခွက်တစ်ခုထဲသို့ ညှစ်ထည့်နေသည်။ ဘာလုပ်တာလဲမေးတော့ ထိုအရာတွေကို သူသောက်ပေမည်။

"ဟော့လူ ... ခင်ဗျားကိုယ်က ချွေးတွေနဲ့ ဒီလောက်ညစ်ပတ်နေတဲ့ အရက်တွေကို မသောက်နဲ့။ သေလိမ့်မယ်။ ဒီပုံးထဲမှာ တစ်ပုလင်းလောက်တော့ ကျန်လိမ့်ဦးမယ်။ အဲဒါတွေသာ သောက်လိုက်တော့ဗျာ"

ဤသို့ဖြင့် ကျွန်တော်၏ ကျန်အရက်များ ရန်ကုန်သို့ မပါလာခဲ့တော့ပါ။ အရက်ကို ဤအထိကြိုက်သူက ရှိပါကလား။

ဘာသာရေးပွဲလမ်းသဘင်များတွင် အရက်သေစာကို အထူးရှောင်ကြဉ်ရန် တီးဝိုင်းသွားတိုင်း ကျွန်တော့်လူများကို တဖွဖွမှာရ၏။ မမှာ၍လည်း မဖြစ်။ အရက်သမားဆိုသည်မှာ မည်သည့်နေရာကို ရောက်ရောက် အရက်ရနိုင်မည့်နေရာကို သိထားကြစမြဲပင်။

"ရွာကလေးတစ်ရွာမှာ တဲအိမ်ဆယ်လုံးပဲရှိတယ်ထား၊ တဲငါးလုံးက အရက်သောက်တဲ့လူတွေရှိတယ်။ အဲဒီတစ်လုံးက အရက်ချက်ရောင်းတဲ့အိမ်ဖြစ်မှာ"တဲ့။ ပြောလည်းပြောတတ်ကြသေး။

ကြည့်မြင့်ဇိုင် ပန်းလှိုင်ရပ်ကွက်တွင် အဆင့်မြင့်တိုက်ကြီးများ မဆောက်ရသေးမီကာလက နှစ်စဉ်နှစ်တိုင်း ရပ်ကွက်ဆွမ်းသိမ်းပွဲကို မိုးမကုန်မီတကုန်သီတင်းကျွတ်လလောက်တွင် ကျင်းပလေ့ရှိကြသည်။ ဤအခါ ဒေါနှ(၃)လမ်းနေ ကျွန်တော်က တီးဝိုင်းတီးပြီး စည်ကားအောင်ဆောင်ရွက်ရသည်။ ကျွန်တော့်အဖွဲ့သားများထဲတွင် အထပ်သားစက်ရုံမှ ဖိုးတုပ်မှာ ပြန်မပြော နားမထောင် ဒိုးတီးကောင်းသမားလေး။

"ဟော့ကောင် ... ဖိုးတုပ်၊ ငါနဲ့လိုက်တဲ့ပွဲတိုင်းပွဲတိုင်း မင်းတို့အစားအသောက် မလစ်ဟင်းစေရဘူး။ ပိုက်ဆံငွေကြေးမရ မရှိစေရဘူး။ ဒါပေမယ့် အရက်တော့ မသောက်နဲ့ကွာ။ ငါမကြိုက်ဘူး။ နောက်ပြီး ငါ့ဝိုင်းက မင်္ဂလာဆောင်လိုဟာမျိုးနဲ့ အကျိုးမပေးဘူး။ ဘုရားပွဲ၊ ကျောင်းပွဲ၊ ဘုန်းကြီးပွဲချည်း တီးနေရတော့ အရက်မသောက်ဖို့ ငါတောင်းပန်ပါရစေ"

ဤသို့ဖြင့် ပဒေသာပင်တွေ သူထက်ငါသီထားကြသော ဘုရားကျောင်းဆောင်အနီးတွင် ကျွန်တော်တို့ ပျော်ပျော်ပါးပါး တီးကြ၊ ဆိုကြသည်။ ဖိုးတုပ်လက်သံကလည်း ဒရမ်သမားကို တင်ဝင်းနှင့်အပြိုင် မြူးမြူးကြွကြွပင်။ ထိုစဉ် ရုတ်တရက် မိုးမှောင်လာပြီး ကျွန်တော်တို့ တီးဝိုင်းပစ္စည်းများ သိမ်းဆည်းရန်ပင် အချိန်မရလိုက်။ တဝုန်းဝုန်းရွာချသည်။ ကျွန်တော်သည် အဖိုးတန် (ယာမဟာ) ကီးဘုတ်ကို ရေမစိုစိမ့်သောငှာ အမိအရ ပလတ်စတစ်အိတ်ဖြင့် ဖုံးအုပ်နေစဉ် မဏ္ဍပ်အပေါ် မိုးထားသော မိုးရေကာဖျင်ကြီးမှာ တအိအိပြိုဆင်းလာပြီး သစ်သားတန်းတစ်တန်း အောက်သို့ပြုတ်ကျလာသည်။ သို့သော် ကျွန်တော့်ကိုမထိ။ ကျွန်တော်နှင့် တစ်လံအကွာ ဒိုးတီးနေသော ဗုံသမားဖိုးတုပ်၏ ခေါင်းပေါ်သို့ ပြင်းထန်စွာ ကပ္ပိလိုက်လေပြီဖြစ်ပြန်။

ဖိုးတုပ်၏ အမယ်လေးအော်သံနှင့်အတူ တီးဝိုင်းကို ရပ်လိုက်ရကာ မိုးရေထဲ သူ့ကိုအနီးရှိအနောက်ပိုင်းဆေးရုံအရေးပေါ်ဌာနသို့ အဖော်နှစ်ယောက်နှင့် တွဲပို့လိုက်ရ၏။ တစ်နာရီခန့်အကြာ ဖိုးတုပ်တို့ပြန်ရောက်လာတော့ ခေါင်းကိုသုံးချက်ချုပ်လိုက်ရပြီး နဖူးတွင်ပတ်တီးဖြူဖြူနှင့်။

"ဖိုးတုပ်က ဆရာမသိအောင် အရက်ကိုခိုးသောက်တယ်။ ပဒေသာပင်တွေ တင်ထားတဲ့စင်မြင့်ပေါ်က သူ့ဗုံတွေဘေးမှာ ကြွပ်ကြွပ်အိတ်နဲ့ထည့်ထားပြီး ဗုံတီးလိုက်၊ ပိုက်နဲ့စုပ်သောက်လိုက်နဲ့ ဖီလင်ဝင်နေရာက မိုးရွာပြီး သစ်သားတန်း သူ့နဖူးပေါ် ပြုတ်ကျတာ ဆရာရဲ့"

ကျွန်တော့်အဖွဲ့သူတွေက သူတို့မြင်ရာကို ဖောက်သည်ချသည်။

"အင်းလေ ... ဘာသာရေးပွဲတွေမှာ အရက်သေစာကို အထူးသတိထားသင့်ပါလျက် ပမာမခန့်လုပ်ရင် ဒီလိုခံရတာ နည်းတောင်နည်းနေသေး"

မောင်ချိုမင်း(ကန္တရဝတီ)
၀၉-၄၂၀၀၉၀၇၂၄



www.burmeseclassic.com

www.burmeseclassic.com

# ဘိသိက်မင်္ဂလာ ခံယူခြင်းများ

နုတ်ထီးလှိုင်

မြန်မာနိုင်ငံ အထက်အညာဒေသများတွင် ရှင်ပြုနားသမင်္ဂလာများတွင် ဘိသိက်ဆရာများနှင့် ဘိသိက်သွန်းခြင်းမင်္ဂလာများ ပြုလုပ်လေ့ရှိကြပါသည်။ ဘိသိက်ပြိုင်ဗီဒီယိုဇာတ်လမ်းလည်း ရှိပါ၏။

ဘိသိက်မင်္ဂလာဟူသည် အဘိသေကမင်္ဂလာဟူသော ပါဠိမှ ဆင်းသက်၏။ ဦးထိပ်၌ ရေသွန်း၍ မင်္ဂလာယူခြင်းပင်။

မြန်မာမင်း အုပ်ချုပ်ပုံစာတမ်းတွင် ဘိသိက်မင်္ဂလာ ၁၄ မျိုးကို ပြထား၏။ ဘိသိက်မင်္ဂလာ မခံယူသောမင်းသည် မင်းဟုပင် မခေါ်ထိုက်။ မင်းမြောက်ရန် ဦးထိပ်၌သွန်းအပ်သော (၁) မုဒ္ဓါဘိသိက်၊ (၂) ရာဇဘိသိက်၊ (၃) ခတ္တိယဘိသိက်၊ (၄) တိုင်းနိုင်ငံငြိမ်သက်သာယာစေခြင်းငှာ ပြုအပ်သော သကလာဘိသိက်၊ (၅) ရန်အောင်စိမ့်သောငှာ ပြုအပ်သည့် ဇေယျာဘိသိက်နှင့် (၆) ဝိဇယာဘိသိက်၊ (၇) အသစ်အသစ်သော အသရေကိုဖြစ်စေခြင်းငှာ ပြုသည့် သီရိပဝေသနာဘိသိက်၊ (၈) အကျိုးစီးပွားများစိမ့်သောငှာပြုသော မဟာဘိသိက်၊ (၉) ဆင်ဖြူ စသော ရတနာတို့ကို သိမ်းသည့်အခါပြုသည့် မင်္ဂလာဘိသိက်၊ (၁၀) အသက်ရှည်စေခြင်းငှာပြုသည့် အာယုဒီဃာဘိသိက်၊ (၁၁) ထိမ်းမြားလက်ဆက်သည့်အခါပြုသည့် ဝိဝါဟာဘိသိက်၊ (၁၂) ညီတော်သားတော်တို့အား အိမ်ရှေ့နှင်းခြင်းငှာပြုသည့် ဥပရာဇာဘိသိက်၊ (၁၃) မိဖုရားကြီးအရာ တင်ထားခြင်းငှာပြုသော မဟေသီဘိသိက်၊ (၁၄) ရွှေသီးရွှေနန်း သိမ်းမြန်းခြင်းငှာ ပြုသော ဒွါရာဘိသိက်တို့ဖြစ်သည်။

ကျမ်းဂန်ထုံးစံနှင့်အညီ ဦးထိပ်၌ သွန်းလောင်းအပ်သော အဘိသိက်ရှိသော မင်းသာ မှချမင်းမည်၏။ အဘိသိက်မရှိသောမင်း၊ ထိုမင်းမိဖုရားတို့စံရာ တိုက်ခန်းသို့ မပန်မကြားဘဲဝင်သော် လည်း အာပတ်မသင့်ဟု ဘုရားရှင်ကပင် ဟောတော်မူပါသည်။

မဟာဝင်ကျမ်းတွင် သီဟိုဠ်ကျွန်း၌ ဝိဇယမင်းနောက် ဥပတိဿအမတ် သည် ဘိသိက်မခံဘဲ တစ်နှစ်ပတ်လုံး မင်းမူသည်ကို တစ်နှစ်မင်းသုဉ်းသည်၊ အဘယမင်း၏နောက် ပဏ္ဍုကာဘယမင်းသည် အဘိသိက်မခံဘဲ ၁၂ နှစ်ပတ်လုံး မင်းမူသည်ကို ၁၂ နှစ် မင်းဆိတ်သည်ဟု ဆိုထား၏။

ဘိသိက်ခံယူခြင်းငှာထိုက်သော မင်း၏ အင်္ဂါငါးမျိုး ရှိသည်။ (၁) အသမ္ဘိန္နမင်းမျိုးဖြစ်ခြင်း။ (၂) ရာဇမံ၌တည်ခြင်း။ (၃) တိုင်းနိုင်ငံသူရှင် လူအပေါင်းတို့အား သားတော် မြေးတော်တို့ကဲ့သို့ သနားကြင်နာခြင်း။ (၄) မေတ္တာစိတ်ဖြင့် မှုခြင်း။ (၅) တိုင်းနိုင်ငံသူရှင်လူအပေါင်းတို့အား စောင့်ရှောက်ခြင်းတို့ ဖြစ်ကြ၏။ သို့သော် အသမ္ဘိန္နမင်းမျိုးမဟုတ်ဘဲ ဘိသိက်ခံ၍ မင်းပြုကြသောဇာတ်ဝတ္ထု၊ သမိုင်းသက်သေများစွာပင် ရှိပါသည်။

## မြန်မာဘုရင်တို့ ဘိသိက်ခံပုံ

ဓာတ်၊ ပျက်၊ ဓာတ်ဆန်း ကျိန်းခန်းကာလကိုရွေးပြီး အောင်မြေအရပ်ကို ရွေးပြန်ကာ ဘိသိက်မင်္ဂလာနန်းတော်ကို ဆောက်စေ၏။

## ဘိသိက်မင်္ဂလာနန်းဆောက်အစီအရင်မှာ

မြေပြင်ကို ညီညွတ်စွာပြုပြီး နွားရစ်ရှဉ်းကို ရွှေကြိုး ငွေကြိုး၊ ရွှေထွန်၊ ငွေထွန်တို့ဖြင့် ပုဏ္ဏားရစ်ယောက်က ရှေ့မှထွန်စေ၊ သူကြွယ်သားမြေးတို့က ရွှေ ငွေပေါက်တူးများဖြင့် တူးဆွ၊ စပါးမျိုးခု နစ်ပါးဖြန့်ကြဲပြီး ရေမျိုးခုနစ်ပါး လေးကျွန်းမြေခုနစ်မျိုး၊ မြေစာနွားချေးတို့ ညီညွတ်စွချစေ၊ ပန်းကိုက်ခြင်း၊ ငြမ်းထောင်ခြင်းပြုပြီး ဘိသိက်နန်းသစ်ကို ထူရ၏။ ပြုတိုင်း ဖြိုးဟ်နတ်တို့ကို ပူဇော်စေသည်။

ဘိသိက်နန်းတော်ရာရေ့တွင် သိကြားမှစ၍ နတ်ကို အုန်းအိပ်ရာ၊ ဆန်၊ စပါးကင်း၊ အုန်းသီးပင်ပေါက်၊



www.burmeseclassic.com

www.burmeseclassic.com

ကြာသွတ်အိုး၊ လင်ပန်းဖလား၊ ထမင်း၊ နွားနို့ ထောပတ်များ ဆင်လဲ၊ အမြိန်အရသာ၊ ကွမ်း၊ လက်ဖက်၊ ဆီမီးနံ့သာ၊ ပီး တံခွန်တို့ဖြင့် ပုဏ္ဏားတို့ကို မန္တာန်ရွတ်ပူဇော်စေရ၏။

အောက်၌လည်း ခေါင်တွင်အကျစ် အကြော်၊ အလော်၊ ဆောင်း၊ သေစာ၊ ကွမ်း၊ လက်ဖက်တို့ဖြင့် ဘုတ်စားတည် ...ည်း။

နန်းတည်မည့်နေ့တွင် ပြည်တွင်း ပြည်ပရှိ စေတီ၊ ...တု၊ ရုပ်ပွား၊ ဗော မိညောင်ပင်တို့အား သင်ပုတ်ရေချမ်း၊ ...း တံခွန်၊ ကွမ်း၊ လက်ဖက်၊ ဆီမီး၊ ပန်း၊ ပေါက်ပေါက်တို့ ...ဖြင့် ပူဇော်ကြရသည်။

အရိယာသံဃာတော်တို့အား ဆွမ်းလုပ်ကျွေးခြင်းပြုပြီး ...ချင် အလှူဝတ္ထုတို့ကို လှူစေ၍ စတုဘာဏဝါရ မဟာ ...သမယ၊ အဋ္ဌဝေယျမင်္ဂလာစသော ပရိတ်တော်များကို ရွတ် ...တော်မူကြရ၏။ နတ်များအား အလှူအဖို့ကို အမျှပေးဝေကြရ ...သည်။

## နေရာချထားခြင်းအစီအစဉ်

နန်းတော်အရှေ့စူးစူးတွင် မြင်းဖြူများကာစေ၊ မှူးကြီး ...တ်ရာများ စောင်းကြိုးညွန့်သွယ်ဖြင့် သွားလာစေ၊ အရှေ့ ...တောင်ထောင့်တွင် မဏ္ဍပ်ကြီးဆောက်၍ ကချေသဘင်တို့ကို ...ပြတီးမှုတ်စေ၊ တောင်စူးစူးတွင် ရွှေတန်ဆောင်ထွန်းထား ...၊ အနောက်စူးစူးတွင် မင်္ဂလာဆင်နေစေ၊ မြောက်စူးစူးတွင် ...သမီးကညာရှစ်ယောက်ကို ရွှေမြူတာ၊ ငွေမြူတာပိုက်လျက် ...နေစေ။

မြေနန်းတော်ရပ်သစ် အပြင်ပတ်လည်တွင် စရည်း၊ ...တွင်းမြေနန်းပလ္လင် ကွန်းစင်သစ်ခြောက်လုံး၊ ရေသဖန်းကို ...စိုက်ထူရ၏။ မဏ္ဍပ်တွင်း၌ ထုံး၊ ဟသ်ာပြဒါးတို့ဖြင့် ခြယ် ...သယ်ထားရသည်။

အဘိသိက်ခံရာ ရတနာသဖန်းပျဉ်ကို မင်းကောရာင် ...တက်တောင် (၃ တောင် ၁ မိုက် × ၃ တောင်) အထု ...တ် ၄ သစ်၊ ရေသဖန်းပျဉ်လေးထောင့်၌ အခြေလေးခု ...စမိုက်စီတပ်၍ ရွှေငွေရတနာတို့ဖြင့် ဆန်းကြယ်စွာ ပဒုမ္မာ ...ပွင့်ချပ်တို့ဖြင့် ခြယ်လှယ်၍ မြေနန်းခုတင်အထက်၌ထား ...ည်း။ ရေသဖန်းသားသလွန် (ရွှေ)ကို မာရဘင်အနောက် ဥက္ကင်သမုခ်ဝ၌ တောင်မြောက်ခင်းထားရသည်။

မဏ္ဍပ်ဝန်းကျင်တွင် မြူတာ ၁၀၈ လုံး၌ ကွမ်းဘူး၊ ကွမ်းလင်၊ သပြေ၊ မြေစာ၊ မုရားထည့်၍ တည်၏။ နှီးရည်ရှိ သော ပညောင်သား၊ သဖန်းသားတို့ကို စိုက်၏။ အရှေ့စူးစူး တံခွန်ကြီးစိုက်၊ ရွှေ လင်ပန်း၌ သလေးထမင်း အမြိန်အရ သာတည် ဆင်ပေါက်ထား၊ အရှေ့တောင်ထောင့်၌ တံခွန်ကြီး နှင့် ငွေလင်ပန်းတည်၊ ဆိတ်မြန်မာထား၊ တောင်စူးစူး၌ တံခွန် ကြီးနှင့် သံလင်ဗန်းတည်၊ တန်ဆာဆင် ကျွဲမထား၊ အနောက် တောင်ထောင့်၌ ခဲမလင်ပန်းတွင် သားပြွမ်းထမင်းနှင့် တန်ဆာ ဆင်သော လူ့အိမ်ထောင်စုံထား၏။

အနောက်စူးစူး၌ တံခွန်ကြီးနှင့် ခဲမဖြူလင်ပန်းတွင် အမြိန်အရသာ၊ တန်ဆာဆင်မြည်းထား၊ အနောက်မြောက် ထောင့်၌ တံခွန်ကြီးနှင့် ကြေးလင်ပန်းတွင် ပျားရည်ပြွမ်း ထမင်းနှင့် တန်ဆာဆင်၊ သမင်ကိုထား၊ မြောက်စူးစူး၌ တံခွန် ကြီးနှင့် ရွှေလင်ပန်းတွင် အရသာငါးပါးပြွမ်းထမင်း၊ တန်ဆာ ဆင်မြင်း ထားရ၏။ အရှေ့မြောက်ထောင့်တွင် တံခွန်ကြီးနှင့် ရွှေလင်ဗန်း သားပြွမ်းထမင်းနှင့် နွားဥသဘ၊ တံခွန်ကြီး အကြား၌ ငှက်ပျောပင်စိုက်၊ ဆီမီးတန်ဆောင်ညှိ၊ မင်္ဂလာဆင် မြင်းတို့နှင့် မိန်ညိုဝတ်လျက် ရွှေကာစွဲသူရဲ၊ ရွှေလေးစွဲသူရဲတို့ ကို ရံစေသည်။

## ရေခပ်အစီအစဉ်

ဘိသိက်သွန်းရန်၊ မင်္ဂလာရေခပ်ရန် အစီအရင်ကား လမ်းနှစ်ဖက်တန်ဆာဆင်၊ လမ်းဆုံတိုင်းသဘင်ကြီးစီရင်၊ ခပ်မည့်ရေကန်တန်ဆာဆင်၊ အရပ်ရှစ်မျက်နှာ၌လည်း ထမင်း အမြိန်၊ ကွမ်း၊ လက်ဖက်၊ နံ့သာ၊ ဆီမီး၊ တံခွန်တို့ဖြင့် ပုဏ္ဏား တို့ကို ပူဇော်စေ၊ အိုးစရည်းရှစ်လုံးကို ဆိုင်းဖြင့်ထမ်းသွားရ၏။

ရေကန်စောင့် နတ်ဟန်ဝတ်၍ တစ်ဦးနေရ မေး- မြေပြုစေ၊ ခွင့်ပြုပြီး ရွှေ၊ ငွေပန်း၊ ပေါက်ပေါက်၊ ဆီမီး၊ ကွမ်း၊ လက်ဖက်နှင့် ပူဇော်၊ မန္တန်ရွတ်၍ ပုရောဟိတ်နှင့် သမီးကညာတို့ ရေခပ်ပြီး အစီအစဉ်အတိုင်း ပြန်ကြရသည်။

## ဘိသိက်ခံအစီအစဉ်

ဘုရင်သည် ဝေဇ်လဲဆောင်ပြာသာဒ်မှ မင်္ဂလာနန်း



www.burmeseclassic.com

www.burmeseclassic.com

တော်ကို လက်ျာရစ်လှည့်တော်မူ၏။ ရတနာယာဉ်စီး၍ ဆင်စီးမြင်းရံစေ၊ မြန်မာပုရောဟိတ်များ ထွက်ကြိုစေရသည်။

ဘုရင်သည် လက်ျာရစ် ခြေတော်ချ၍ ပုရောဟိတ်၏ လက်ျာလက်ကိုင်ကာ တက်ရသည်။ ဇေယမင်္ဂလာဂါထာကို မင်းကြီးရော၊ ပုဏ္ဏားပါ ဆို၍တက်ရ၏။ မြေနန်းပေါ်ရောက်သော် လက်ျာရစ် လှည့်တော်မူပြီးမှ ရေသဖန်းပျဉ်ပေါ်သို့ တက်တော်မူ၍ အရှေ့ရှုးစူးသို့ ရှေးရှုတော်မူကာ ထက်ဝယ်ဖွဲ့ ခွေနေရသည်။ မင်းလက်နှင့် အချင်းလေးတောင်၊ လက်ခြောက်သစ်ရှိသော ထီးဖြူကိုဖွင့်ဆောင်းပေးစေ၊ မင်းမြောက်တန်ဆာငါးမျိုးကိုလည်း မန္တန်ရွတ်လျက် တစ်ခုစီဆက်စေ။

မင်းသမီးရှစ်ပါးက လက်ျာရစ်ခရုသင်းတွင် ဂင်္ဂါငါးရပ်ရေကိုထည့်လျက် လက်နှစ်ဖက်ဖြင့် မင်းဦးခေါင်းတွင်စိုက်လျက် "အရှင်မင်းကြီးသည် ညီညွတ်သဖြင့် မင်းအဖြစ်ကို ပြုတော်မူလော့။ ဤအဘိသိက်သွန်းလောင်းခြင်းဖြင့် တရားနှင့်အညီ မင်းပြုတော်မူလော့၊ မင်းမျိုးအပေါင်းတို့ကို ရှေ့ရင်နှစ်ကဲ့သို့ စောင့်ရှောက်တော်မူဘိလော့"ဟု သက္ကတ၊ မဂဓ နှစ်ဘာသာဖြင့်ဆို၍ အဘိသိက်သွန်းလောင်းရ၏။

ပုရောဟိတ် ရှစ်ပါး၊ သူဌေးသူကြွယ်တို့ကလည်း အထက်အတိုင်းရွတ်ဆို၍ ဘိသိက်သွန်းရသည်။ မြောက်စည်၊ သံလွင်၊ ဆက်ချပ်၊ စည်ဝန်း၊ စည်သေး၊ တံပိုး၊ ခရာ၊ ခြွေတံရှည်၊ တံကောက်တို့ဖြင့် တီးမှုတ်၍ ပုရောဟိတ်တို့က ဘုရင်အား ဘွဲ့မည်သမုတ်သည်။

## အမိန့်တော်ပြန်ပုံ

ပုရောဟိတ်ရှစ်ပါးတို့က "ရေနှင့်မြေကို အစိုးရတော်မူသော တရားမင်းမြတ်၊ တရားကိုကျင့်တော်မူလော့၊ အလှူပေးခြင်း၊ သီတင်းသုံးခြင်းကိုလည်း ကျင့်တော်မူလော့"ဟုဆို၍ ရှေ့ကရားနှင့် ရေစင်သွန်းတော်မူရ၏။ "ကောရဇ်မင်းအဖြစ်ကို ရတော်မူပြီး ပြည်သူလူရဟန်း စီးပွားချမ်းသာကို ရှာတော်မူအံ့။ တရားနှင့်လျော်စွာ ငါဆုံးမအံ့။ သက်တော်ရှည်လိုသော်၊ ရန်မာန်အောင်လိုသော်၊ ဆင်ဖြူရတနာရောက်စေသော်"ဟု မိန့်ခွန်းစကားကို မိန့်တော်မူရသည်။

မင်းသား၊ မင်းသမီး၊ မင်းဆွေမင်းမျိုး၊ မှူးကြီးမတ်ရာ၊ စော်ဘွားစော်ခံ ပြည်သူလူအပေါင်းတို့က ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်တို့ဖြင့် ပူဇော်စေ၊ သူဌေးကြီး ငါးဦးတို့ ရွှေ၊ ငွေ၊ သံ၊ ကြေးနီ၊ ကြိမ်ခွေ၊ အောင်းဖြူတို့ကို ဆက်သပြီး ရွှေ တာ၊ ငွေမြူတာ၌ ပရိတ်ချည်နှင့်တကွ ကွမ်းဖိုး၊ ကွမ်းထ သပြေ ညြဇာ၊ သရက်ညွန့်တို့ကိုထည့်၍ ရှေ့တော်ကဆော သွားရသည်။ မြေနန်းတော်မှ မင်္ဂလာနန်းတော်ရောက်အော မြေ၌ သင်ဖြူခင်း၊ သင်ဖြူးထက်ပိတ်ဖြူခင်း၊ ,လက်ယ ခြေတော်ချ၍ အစဉ်အတိုင်း လာတော်မူရသည်။

မင်္ဂလာစောင်းတန်းသို့ ရောက်လျှင် ရတနာသုံး ကြိုဟ်ကိုးပါး၊ နတ်အများကို ပူဇော်စေ၊ လက်ယာတံခါ ဝင်တော်မူ၍ ရှေးနည်းပူဇော်စေ၊ မနောလင်ဗန်း၌ အ အရသာတို့ကို စားတော်ခေါ်ပြီးမှ ရွှေပလ္လင်ထက် နေတေ မူရသည်။ ထိုနောက် သဘင်ကြီးစွာခံ၍ မှူးကြီး၊ မတ် ပညာသည်တို့အား ဆုလာဘ်များချကာ ရက်လည်သ အထိ အလှူအတန်းကြီးများ ပေးတော်မူကြလေသည်။

ဤကား မြန်မာမင်းတို့၏ ဘိသိက်မင်္ဂလာပွဲကြီး ဆ ပုံအကျဉ်းဖြစ်ပါ၏။

## ဥရောပဘိသိက်

အင်္ဂလိပ်ဘုရင်များကား နန်းတက်ပြီး တစ်နှစ် ကြာမှ ဘိသိက်မင်္ဂလာပွဲများ ကျင်းပလေ့ရှိကြသည်။ ဘိသိ ခံရာဇပလ္လင်တွင် ဦးဆောင်းမပါဘဲ ထိုင်ရသည်။ ဆီ လိမ်းကျံပေး၍ ရွှေဝတ်ရုံတော်ကို ဆင်မြန်းပေး၏။ ကင်တ ဗာရီဂိုဏ်းချုပ်က စိန်အက်ဒွပ်သရဖူကို ဆောင်းပေး၍ အ ပြုကြသည်။ စိန့်အက်ဒွပ်ဘုရားကျောင်းသို့ အခြေအရံမျ ဖြင့်သွား၏။ နန်းတော်အပြန်တွင်ကား ကောရဇ်သရဖူဆော ၍ ခရမ်းရောင်ကတ္တီပါဝတ်ရုံတော်ကို ဆင်မြန်းထားလေသည်

မြန်မာဓလေ့တွင် ရှင်လောင်းများနှင့် နားထွင်းမင်္ဂလ ပြုရာတွင် ဘိသိက်မင်္ဂလာကျင်းပကြ၏။ ဘိသိက်ဆရာ များကို သီးသန့်ပင့်ဖိတ်ကြရ၏။ မန္တလေးသိန်းဇော်က ဘိသိ ပွဲတစ်ခုကို သိန်း ၂၀ ရသော်ဟူ၏။ ဘုန်းကြီးလူထွက်အ လည်း ဘိသိက်ဆရာလုပ်ကြကြောင်း သိရသည်။ ဘိသိ ဆရာဖြစ်သင်တန်းကျောင်းကြီးဖွင့်နိုင်လျှင် အလွန်ကော မည်ဟု ယူဆပါကြောင်း။

နတ်ထီးသို



www.burmeseclassic.com

www.burmeseclassic.com

# မြန်မာနိုင်ငံရောက် နဂါးနက်အသင်း

လှမိုး(ပညာရေး)

၁၉၄၀ ခု၊ နိုဝင်ဘာလဟု ထင်ပါသည်။ ရက်ကိုမူ တိတိကျကျမမှတ်မိတော့။ ထိုနေ့သည် အမျိုးသားအောင်ပွဲနေ့ ဖြစ်ပါသည်။ (ယခု အမျိုးသားနေ့) ကျွန်တော့်ဇာတိ စကုမြို့တစ်မြို့လုံး နံ့နက်လင်းစကပင် စ၍ လှုပ်လှုပ်ရွရွ ဖြစ်နေကြသည်။ ညနေ ၄ နာရီတိတိတွင် မြို့လုံးကျွတ် အမျိုးသားအောင်ပွဲနေ့ စီတန်းလှည့်လည်ပွဲ ကျင်းပမည် ဖြစ်ပေသည်။



မြို့မဈေးကြီးအနီးရှိ ကျွန်တော်တို့ အထက်တန်းကျောင်းခန်းမမှ 'နဂါးနီ' သီချင်းဓာတ်ပြားဖွင့်သံသည် ဆောင်းဦးပေါက် မြောက်ပြန်လေတွင် ပျံ့လွင့်လျက်ရှိနေသည်။


"ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ဘေးရန်ကာဆီးမည်။ လူမွဲတွေက မနေးခေတ်မီ သူဌေးဖြစ်တော့မည်။ တို့နဂါးနီ သိဒ္ဓိတန်ခိုးနဲ့ ဆင်းရဲသားတို့ မညှိုးပြီ။ အကျိုးထူးပေးတော့မယ်တဲ့ ခေတ်သစ်တည်ထောင်မည် အေးချမ်းသာယာမည် တို့နဂါးနီ တန်ခိုးနဲ့ အမျိုးဂုဏ်တက်စေမည်"

ထိုစဉ်က ယခုခေတ်ကဲ့သို့ အသံချဲ့စက်များ ခေတ်စားခြင်း မရှိသေး။ ဓာတ်စက်ကို အသံချဲ့ဟွန်းတပ်၍ ဖွင့်ကြရသည်။ လူထုကြိုက်မင်းသားကြီး ခင်မောင်ရင်၏ အထက်ဖော်ပြပါ ဓာတ်



www.burmeseclassic.com

www.burmeseclassic.com




ပြားသည် ကလေးလူကြီးမကျန် စွဲမက်သော သီချင်းဖြစ်ပါသည်။ သီချင်းတွင်ပါဝင်သော စာသားများမှာ ကျွန်တော်တို့ကျောင်းသားလူငယ်များအဖို့ စိတ်ဓာတ်တက်ကြွဖွယ်ဖြစ်ပါသည်။ ထိုခေတ်အား သမိုင်းသုတေသီများကမူ အရေးတော်ပုံခေတ်ဟု ကင်ပွန်းတက်ခဲ့ကြ၏။ မှတ်မှတ်ရရ ကျွန်တော်တို့ မကွေးတိုင်းမှ ရေနံမြေသပိတ်ကြီး ရန်ကုန်သို့ ခရီးရှည်ချီတက်ခြင်း၊ နယ်များမှ လယ်သမားတပ်များ ရန်ကုန်သို့ ချီတက်ခြင်း ကျောင်းသားများ ဗြိတိသျှနယ်ချဲ့သမားတို့၏ အုပ်ချုပ်ရေးယန္တရား ရပ်တန့်သွားအောင် အတွင်းဝန်ရုံးကိုဝိုင်း၍ ဆန္ဒပြခြင်း၊ အထက်မြန်မာနိုင်ငံ မန္တလေးမြို့တွင် ကျောင်းသားများ ရဟန်းတော်များ ဆန္ဒပြ၍ ကန့်ကွက်ခြင်း စသော နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှု ပြင်းထန်နေသလောက် ဗြိတိသျှနယ်ချဲ့သမားကလည်း အစွမ်းရှိသလောက် ဖိနှိပ်နေသော အချိန်ဖြစ်သည်။

ဤအချိန်၊ ဤအခြေအနေတွင် နဂါးနီသီချင်း၏ စာသားများသည် ကျွန်တော်တို့လူငယ်များနှင့် လူထုအပေါ် လွှမ်းမိုးနိုင်သည်မှာ ဘာဆန်းသလဲဟု ဆိုရမည်ဖြစ်၏။ မှတ်တမ်းများအရ နဂါးနီအသင်းကြီးကို ၁၉၃၆ ခု ကျောင်းသားသပိတ်ကြီးအပြီးတွင် ကျောင်းသားခေါင်းဆောင်များသခင်များ စုပေါင်း၍ တည်ထောင်ခဲ့ခြင်းဖြစ်၏။ အသင်း၏မူဝါဒမှာ ကျွန်တော်တို့ မြန်မာနိုင်ငံအား ကိုလိုနီနိုင်ငံဘဝမှ လွတ်မြောက်စေရန်နှင့် နယ်ချဲ့စနစ်ကို တိုက်ဖျက်ရန်ဖြစ်သည်။ နဂါးနီအသင်းကြီး၏ တံဆိပ်မှာ ခွေ၍နေသော နဂါးရုပ်နောက်ပိုင်း အနက်ခံပေါ်တွင် "ဒါတို့မြေ ဒါတို့မြေ"ဟူသော စာတမ်းရေးထိုးထား၏။

နဂါးနီအသင်းမှ ထုတ်ဝေသော စာအုပ်များမှာ ကမ္ဘာ့နိုင်ငံအသီးသီးမှ လွတ်လပ်ရေးတိုက်ပွဲများ အကြောင်းများ၊ ကမ္ဘာ့တော်လှန်ရေးခေါင်းဆောင်များ၏ အတ္ထုပ္ပတ္တိများ သမိုင်းစာအုပ်များ လူငယ်အများ အားကျစေမည်။ နိုင်ငံတကာမှ တော်လှန်ရေးများ သာဓကအားဖြင့် "ကျွန်ပ်နှင့် မိုက်ကယ်ကောလ(အိုင်ယာလန်နိုင်ငံ၊ လွတ်လပ်ရေးတိုက်ပွဲ၊ ခေါင်းဆောင်၏ အတ္ထုပ္ပတ္တိ) "လူမွဲတို့၏ထွက်ရပ်လမ်း"၊ "ကျွန်မချစ်လင်ကိုလီနင်"နှင့် "ပန်းသာမစာဥ"တို့ ပါဝင်ကြပါသည်။

မှန်ပါသည်။ နဂါးနီအသင်းသည် ကျွန်တော်တို့မြန်မာနိုင်ငံ၏ လွတ်လပ်ရေးတိုက်ပွဲနှင့် နယ်ချဲ့စနစ် တိုက်ဖျက်ရေးကို တစ်တပ်အားဖြစ်ခဲ့သော စာပေထုတ်ဝေရေးအသင်းဖြစ်သည်။ နဂါးနီအသင်းမှ ဂျာနယ်တစ်စောင်ကိုလည်း ထုတ်ဝေခဲ့ပါသည်။

နဂါးနီဂျာနယ်နှင့် နဂါးနီစာပေထုတ်ဝေရေးအသင်းမှ ထုတ်ဝေသောစာအုပ်များ တွင်ကျယ်စေရန် အမြို့မြို့ အရွာရွာသို့ မော်တော်ကားဖြင့် လှည့်လည်ကာ ရောင်းချခဲ့သည်။ မှန်ပါသည်။ ထိုခေတ်မှ ကျောင်းသားလူငယ်အများမှာ နဂါးနီအသင်းမှ ထုတ်ဝေသော စာအုပ်များကိုဖတ်၍ လူလူသူသူဖြစ်လာကြသည်။ ကျွန်တော်တို့အထက်တန်းကျောင်းမှ သံမဏိတပ်ဖွဲ့ခေါင်းဆောင် ကိုထွန်းကြွယ် (နောင်အခါ အလံနီ တောခိုကျဆုံး)မှာ "ကျွန်ုပ်နှင့် မိုက်ကယ်ကောလင်း"ကို ဖန်တရာတေအောင် ဖတ်၍ မိုက်ကယ်ကောလင်းကို အားကျသူဖြစ်၏။ ထို့အတူ နဂါးနီအသင်းမှ ထုတ်ဝေသော လက်ပံ



www.burmeseclassic.com

www.burmeseclassic.com

တန်ငြိမ်းမှ လွှတ်တော်ရှေ့နေကြီး ဦးဘတင် ဘာသာပြန်ဆို သော "ဂျပန်သူလျှို"ဟူသော စာအုပ်ဖတ်၍ တရုတ်ပြည်၌ ဖက်ဆစ်ဂျပန်တို့ ကျင့်သုံးသောဝါဒ၊ တရုတ်လူမျိုးများအပေါ် ရက်စက်ကြမ်းကြုတ်ပုံများ တရုတ်လူမျိုးများအား အစုလိုက်၊ အပြုံလိုက် လူမဆန်စွာ ညှဉ်းဆဲနှိပ်စက်သတ်ဖြတ်ခဲ့ပုံများ ကို ကျွန်တော်တို့ကျောင်းသားငယ်များ အလျဉ်းသင့်သလို ပြောပြလေ့ရှိသည်။ ထိုစဉ်ကပင် ဖက်ဆစ်ဂျပန်တို့သည် ယုတ်မာသည့်လူစားများဖြစ်သည်ကို ကြိုတင်ပေါက်ကိန်းထုတ် ထားသော စာအုပ်ဖြစ်သည်။ ထိုစဉ်ကာလက ကျွန်တော်တို့ မြန်မာလူမျိုးများသည် ဂျပန်လူမျိုးများကို အထင်အမြင်ကြီး လျက်ရှိသည်သာမက အာရှတိုက်သည် "အာရှတိုက်သားများ အတွက် ဖြစ်သည်"ဟူသော ဂျပန်တို့၏ဝါဒဖြန့်သည့် ကြွေး ကြော်သံကို ယုံခဲ့ကြသည်။

ကိုတွန်းကြွယ်သည် ထိုစဉ်ကပင် မြန်မာ့လွတ်လပ်ရေး အတွက် ဂျပန်ကို အားကိုး၍ မရကြောင်းကို ယုံကြည်လာ ရာ ဒုတိယကမ္ဘာစစ်ကြီး မြန်မာနိုင်ငံသို့ ကူးခတ်လာသည်နှင့် ဗမာတပ်မတော်အတွက် ဝင်ရောက်ခဲ့ပြီး နောင်အခါ အလံနီ ပါတီ မြို့နယ်ခေါင်းဆောင်ဖြစ်ခဲ့ရာမှ တောခိုကျဆုံးခဲ့ရပါ သည်။ နဂါးနီအသင်းသည် ဤမျှ ကျွန်တော်တို့လူငယ်များ အပေါ်တွင် လွှမ်းမိုးနိုင်ခဲ့၏။

"နဂါး"ဆိုသော သတ္တဝါကြီးများမှာ အရှေ့တိုင်းသား များအဖို့ ထူးထူးခြားခြား အစွမ်းသတ္တိထူးရှိသော သည်းထိတ် ရင်ဖိုဖွယ်ရာ ရေသတ္တဝါကြီးများဟု မှတ်ယူထားကြ၏။ ပင်လယ်ပျော်သင်္ဘောသားများ၊ နယ်သစ်ရှာ လူစွန့်စားများ၏ ပါးစပ်ပြောပုံပြင်များ၊ ဒဏ္ဍာရီများတွင် အာခံတွင်းမှ မီးတောက် မီးလျှံများ ထွက်နေသော နဂါးကြီးများနှင့် နဂါးမျက်စောင်း ထိုးသဖြင့် လူသတ္တဝါများ ပြာပုံအတိကျရောက်သွားရသည့် အကြောင်းများလည်း ပါဝင်ပါသည်။ ထို့အတူ ကျွန်တော် တို့ငယ်စဉ်က နားထောင်ခဲ့ရသော ပါးစပ်ပြော ဇာတ်ဒဏ္ဍာရီ များတွင် ကျွန်တော်တို့နိုင်ငံ တကောင်းတွင်စိုးစံသောမင်း၏ မိဖုရားကြီး၏ချစ်သူမှာ နဂါးကြီးဖြစ်သည်ဟု ဆိုသည်။ မင်း လောင်းအဖြစ်ဆက်ခံသူ မောင်ပေါက်ကြိုင်းက ထိုနဂါးကြီး အား အနိုင်ယူခဲ့သည်ဟုဆိုသည်။

ထို့အတူ တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့၏ လက်ဆင့် ကမ်း ရိုးရာပုံပြင်များတွင်လည်း နဂါးနှင့်ပတ်သက်သော ဒဏ္ဍာ ရီပုံပြင်များ ပါဝင်ခဲ့ပါသည်။ အရှေ့တောင်အာရှနိုင်ငံများတွင် မှီတင်းနေထိုင်ကြသော လူမျိုးနွယ်များသည် နဂါးသည်၊ ထူး ခြားသောစွမ်းအားရှိသော၊ သည်းထိတ်ရင်ဖိုဖွယ်ရာကောင်း သော သတ္တဝါအဖြစ် မှတ်ယူထားကြ၏။

အတိတ်သမိုင်းကြောင်း မှတ်တမ်းများအရ တရုတ် နိုင်ငံနှင့် ဂျပန်နိုင်ငံတို့တွင် ဖွဲ့စည်းတည်ထောင်ခဲ့ကြသော လျှို့ဝှက်အသင်းအဖွဲ့များတွင် "နဂါး"အမည်ကို အသုံးပြုခဲ့ကြ ၏။ ထို့ကြောင့်လည်း မြန်မာလူငယ်များက နဂါးနီအသင်းကို တည်ထောင်ခဲ့ခြင်း ဖြစ်ပါသည်။



အရှေ့တိုင်း သမိုင်းမှတ်တမ်းအရ ပထမကမ္ဘာစစ်ပြီးကာလနှင့် ဒုတိယကမ္ဘာ စစ်ကြိုကာလများတွင် တရုတ်နိုင်ငံနှင့် ဂျပန် နိုင်ငံတို့တွင် ဖွဲ့စည်းသော နဂါးစိမ်း Green Deagon မှာ အထူးနာမည်ကျော်ကြား လူသိများခဲ့၏။ ထိုအသင်းမှာ အရှေ့တိုင်း၏ တိမ်မြုပ်ပျောက်ကွယ်နေသော ဂမ္ဘီရပညာ များကို စနစ်တကျလေ့လာဖော်ထုတ်သည့် အသင်းတစ်သင်းဖြစ်သည်။ အတည်မပြုနိုင် သော သတင်းများအရ ထိုသတင်းသည် ဗြိတိသျှကိုလိုနီ၊ ဟောင်ကောင်တွင် အသုံး လှုပ်ရှားခဲ့သည်ဟုဆိုသည်။ ထိုအသင်းကြီး



www.burmeseclassic.com

www.burmeseclassic.com

၏ အမှူဆောင် ပုဂ္ဂိုလ်အများမှာ နိုင်ငံတကာမှ အထင်ကရ ပုဂ္ဂိုလ်များ ပါဝင်သည်ဟုဆိုသည်။ သာဓကအားဖြင့် ဒုတိယကမ္ဘာစစ်ကြီး ကာလက ဂျာမဏီနိုင်ငံတွင် အာဏာရခဲ့သော နာဇီပါတီ ထိပ်သီးခေါင်းဆောင်များအား ကြိုးကိုင်ထား၍ သတင်းမီဒီယာများက အခါတော်ပေးပုဂ္ဂိုလ်ဟု ကင်ပွန်းတပ်ထားသော ပါမောက္ခဖှူးဖား ဖြစ်ပါသည်။

ဤကဲ့သို့ ရှည်လျားစွာ စကားပလ္လင်ခံရခြင်းမှာ ယခု ရေးသားဖော်ပြမည့် "မြန်မာနိုင်ငံရောက် နဂါးနက်အသင်း" ဆောင်းပါးနှင့် အထက်တွင်ဖော်ပြခဲ့သော ဖြစ်ရပ်များသည် ဆက်နွှယ်နေသောကြောင့် ဖြစ်ပါသည်။

အတိတ်သမိုင်းကြောင်းများတွင် ထူးထူးခြားခြား လျှမ်းလျှမ်းတောက် ဟိုးဟိုးကျော်ခဲ့သော "နဂါးနက်အသင်း "Black Dragon" ကြီးကို ၁၉၀၁ ခုနှစ်တွင် ဂျပန်မျိုးချစ်လူငယ်များက တည်ထောင်ခဲ့၏။ ထိုအသင်းကို စတင်တည်ထောင်ရန် ကြိုးပမ်းခဲ့သူမှာ ဂျပန်မျိုးချစ်ပုဂ္ဂိုလ်ကြီး "ရီအောပေးခုချီးဒါး" ဖြစ်၏။ "နဂါးနက်" အမည်မှာ ဒဏ္ဍာရီပုံပြင်များထဲက အာခံတွင်းမှ မီးလျှံဟဝင်းဝင်းတောက်သော "နဂါး" တစ်ကောင်၏ အမည်မဟုတ်ပါ။ "အမူယား" ဟူသော နဂါးနက်ဖြစ်၏။ အမည်ကိုခံယူထားခြင်းသာ ဖြစ်ပါသည်။

"အမူယား" သို့မဟုတ် နဂါးနက်ဖြစ်သည်။ ထိုစဉ်က မန်ချူးရီးယားနိုင်ငံနှင့် ရုရှားနိုင်ငံ (နောင်အခါ ဆိုဗီယက်ပြည်ထောင်စုနိုင်ငံဖြစ်လာပြီး ယခု ရုရှားနိုင်ငံဖြစ်လာသည်) နယ်စပ်တွင်တည်ရှိသည်။ ထိုမြစ်သည် မန်ချူးရီးယားနိုင်ငံနှင့် ရုရှားနိုင်ငံတို့အား ခွဲခြားထားသကဲ့သို့ အရှေ့အာရှသို့ တစ်စတစ်စ ကျူးကျော်လာသော ရုရှားလူမျိုးများအား မန်ချူးရီးယားနှင့် ကိုရီးယားနိုင်ငံများ မောင်းထုတ်ရန်ဖြစ်သည်။ (နောင်အခါ ထိုအသင်း၏မူသည် အရှေ့တောင်အာရှမှ အနောက်တိုင်းသား ကိုလိုနီနယ်ချဲ့များကိုပါ မောင်းထုတ်ရန်ဖြစ်သည်။)

ထိုအသင်းဝင်တို့၏ အဓိကရည်ရွယ်ချက်မှာ နေမျိုးနွယ်ဘုရင့်အတွက် သူတို့၏အသက်ကို ပေးလှူထားပြီး အာရှတိုက်သည် အာရှတိုက်သားများအတွက်သာ ဖြစ်ရမည်ဖြစ်ရာ အာရှတိုက်အား သမိုင်းအဆက်ဆက် ကျွန်ပြုထားခဲ့သော ဗြိတိသျှ၊ ပြင်သစ်၊ ဒတ်(ချ်)၊ ပေါ်တူဂီနှင့် အမေရိကန်ပြည်ထောင်စုတို့အား အာရှတိုက်မှ မောင်းနှင်ထုတ်ရမည်ဖြစ်သည်။ ဤသို့မောင်းနှင်ထုတ်နိုင်ရန် ဂျပန်ဘုရင်၏ ကြည်းရေ လေ တပ်မတော်ကြီးအား ခေတ်မီတပ်မတော်ကြီးဖြစ်လာအောင် ပြုစုပျိုးထောင်ရမည်ဟုလည်း သက်ဆိုင်ရာ အာဏာပိုင်များသို့ ဖိအားပေးတိုက်တွန်းခဲ့ကြ၏။

ထိုအသင်းဝင်များကို အများက်မှ တစ်ယူသန် မျိုးချစ်စိတ်ပြင်းထန်သူများဟု ဆိုကြသည်။ အမှန်အားဖြင့် ယင်းနဂါးနက်အသင်းသည် ဂျပန်ဘုရင်အစိုးရက တရားဝင်ဖွဲ့စည်းတည်ထောင်ထားသော အဖွဲ့အစည်းတစ်ခု မဟုတ်သော်လည်း ထိုအသင်းမှ တာဝန်ရှိသူများသည် ဂျပန်ဘုရင်အစိုးရအား နောက်ကွယ်မှ ကြိုးကိုင်၍ အကူအညီပေးခဲ့ကြ၏။ အသင်းဝင်အများမှာလည်း စစ်ဘက်၊ နယ်ဘက်မှ အရာရှိကြီးများနှင့် မျိုးချစ်စိတ်ထက်သန်သော အလွှာအသီးသီးမှ လူတန်းစားအမျိုးမျိုး ပါဝင်သည်ဟုသိရ၏။ ထိုအဖွဲ့တွင် ယင်းကာလက လျှမ်းလျှမ်းတောက် ဟိုးဟိုးကျော်ခဲ့သော ဗိုလ်မှူးကြီး ကင်ဂျီဒိုဟီရာနှင့် အရာရှိကြီးများ ပါဝင်ခဲ့သည်။

"နဂါးနက်" ဂိုဏ်းသည် အဓိက ရည်မှန်းချက်ဖြစ်သော အာရှတိုက်မှ အနောက်တိုင်း ကိုလိုနီနယ်ချဲ့သမားများ မောင်းနှင်ထုတ်နိုင်ရန်အတွက် သူလျှိုကွန်ရက်တစ်ခုကို တည်ထောင်ခဲ့၏။ နဂါးနက်အသင်းမှ တာဝန်ရှိသူအများသည် တည်ကြည်၍ မျိုးချစ်စိတ်ပြည့်ဝသူများကို လူတန်းစားအလွှာအသီးသီးမှ စနစ်တကျစည်းရုံးခဲ့သည်။

ထိုစဉ်က မှတ်တမ်းများအရ သူလျှိုအဖြစ် အမှုထမ်းလိုသူများသည် အခြားအနောက်တိုင်းနိုင်ငံများ၏ သူလျှိုကွန်ရက်များမှ သူလျှိုများနှင့်မတူပေ။ မိမိအသက်နှင့် ကိုယ်ရေးကိုယ်တာများကို အချိန်မရွေး စွန့်လွှတ်နိုင်သူများကိုသာ အထူးစုံစမ်းစစ်ဆေးပြီးမှ သူလျှိုအဖြစ် သင်တန်းပေးခဲ့သည်ဟု ဆိုသည်။

"နဂါးနက်" အသင်းသည် စစ်ပြိုင်နိုင်ငံများတွင် သူလျှိုအားသာသောနိုင်ငံသည် စစ်ရေးတွင်း၌ အပေါ်စီးရနိုင်သည်ဟု ခံယူထား၏။ "နဂါးနက်" ပါတီဝင်တိုင်းကိုမူ သူလျှိုတို့တတ်မြောက်သင့်သည်၊ ပညာရပ်များကို သင်ကြားပေးခဲ့သော်လည်း ထိုအသင်းသားများထဲတွင် တကယ့်သူလျှိုအရည်အချင်းပြည့်သူများကိုသာ ဦးစားပေး၍ သူလျှိုတာဝန်ပေး

www.burmeseclassic.com

သည်။ "နဂါးနက်"အသင်းအတွက် ရန်ပုံငွေများကိုမူ ဂျပန်အရင်းရှင် ကုမ္ပဏီကြီးများနှင့် ဂျပန်ဘုရင်တပ်မတော် လျှို့ဝှက်ရန်ပုံငွေများမှ ထောက်ပသည်ဟု ဆိုကြသည်။ ဤသို့နိုင်ငံအသီးသီးသို့ သူလျှိုအဖြစ် တာဝန်ပေးစေလွှတ်သူများသည် ဆရာဝန်များ၊ သွားစိုက်ဆရာဝန်များ၊ သတင်းစာကြီးများမှ သတင်းထောက်များ၊ ကုန်သည်များ၊ အတတ်ပညာရှင်များ၊ ဘာသာရေးအသင်းအဖွဲ့ ခေါင်းဆောင်များ၊ ဓာတ်ပုံဆရာများ၊ ပန်းချီဆရာများ၊ ကမ္ဘာလှည့်ခရီးသည်များစသည့် နိုင်ငံအသီးသီးသို့ ဝင်ထွက်သွား လာရန်လွယ်ကူသောပုဂ္ဂိုလ်များအဖြစ် စေလွှတ်လေ့ရှိသည်။ အချို့နိုင်ငံကြီးများဖြစ်သော အမေရိကန်ပြည်ထောင်စုကဲ့သို့ နိုင်ငံများအဖို့ "နဂါးနက်"အသင်းသည် စားသောက်ဆိုင်တည်သူများ၊ ညကပွဲရုံတည်ထောင်သူများ၊ ပြည့်တန်ဆာခန်းဖွင့်လှစ်သူများအဖြစ် စေလွှတ်လေ့ရှိ၏။

နဂါးနက်အသင်းသည် အခြားအလားတူ ဂျပန်မျိုးချစ်အသင်းများနှင့် ပူးပေါင်းခြင်းမပြုသော်လည်း ရည်ရွယ်ချက်တူကြသည်။ ထိုအသင်းသားများအားလုံးသည် တစ်နေ့တွင် အာရှတိုက်ကို ဂျပန်နိုင်ငံသည် လွှမ်းမိုးနိုင်ရမည်ဟူသော ယုံကြည်ချက်ကို အကြွင်းမဲ့လက်ခံထားကြသည်။ နဂါးနက်အသင်း၏ အရေးပါအရာရောက်သော အမှုဆောင်များသည် ဂျပန်ဘုရင်အစိုးရအဖွဲ့တွင် ၎င်းအရေးအာရှယဉ်ကျေးမှုအသင်းများတွင် ၎င်းဘုရင်တပ်မတော်အတွင်း နေရာယူထားကြ၏။ သူတို့အသင်းအား ဆန့်ကျင်သူများကို သုတ်သင်ရာတွင်လည်း လက်မရှိခဲ့ပါ သိရ၏။

ဒုတိယကမ္ဘာစစ်ကြီး၏ စစ်ရိပ်စစ်ငွေ့များ ယှက်သန်းလာသောအခါ နဂါးနက်အသင်းဝင်သူလျှိုများသည် အနောက်တိုင်းနိုင်ငံများတွင်သာမက မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများတွင် ခြေကုပ်ယူထားခဲ့သည်။ နဂါးနက်အသင်းဝင် သူလျှိုအဖွဲ့ဝင်များသည် အမေရိကန်ပြည်ထောင်စုတွင်း အများဆုံး ခြေကုပ်ယူထား၏။ အဘယ်ကြောင့်ဆိုသော် အမေရိကန်ပြည်ထောင်စုသည် ဂျပန်နိုင်ငံ၏ အာရှတိုက်သည် အာရှတိုက်သားများအတွက် ဖြစ်ရမည်ဟူသော ဝါဒကိုဆန့်ကျင်သောကြောင့် ဖြစ်သည်။ ဂျပန်နိုင်ငံသည် ၁၉၃၁ ခုနှစ်ကစ၍ တရုတ်နိုင်ငံတွင် ကြေညာခြင်းမရှိသော စစ်ပွဲများ ဆင်နွှဲခဲ့သည်။ မှတ်တမ်းအရ ဂျပန်ဘုရင်တပ်မတော် ကြည်းတပ်ရင်းပေါင်း ၁၅၀ သည် တရုတ်နိုင်ငံတွင် ခြေကုပ်ယူလျက်ရှိသည်။

အစဉ်အလာအားဖြင့် အမေရိကန်ပြည်ထောင်စုသည် တရုတ်နိုင်ငံအပေါ် သံယောဇဉ်ကြီးမားခဲ့သည်။ အမေရိကန် ဘက်ပတစ်(စ်)ခရစ်ယာန်သာသနာပြုအဖွဲ့များသည် ရှေးပဝေသဏီကပင် တရုတ်နိုင်ငံသို့သွားရောက်၍ သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။ သို့ဖြစ်၍ အမေရိကန်ပြည်ထောင်စုနှင့် တရုတ်တို့၏ဆက်ဆံရေးမှာ အထူးကောင်းမွန်သည်ဟု ဆိုရမည်ဖြစ်၏။ အမေရိကန်ပြည်ထောင်စုမှ သန်းကြွယ်သူဌေးများနှင့် အမေရိကန်ပြည်ထောင်စုသမ္မတကြီး ဖရင်းကလင်ရုစဗဲ့မိသားစုများသည် တရုတ်နိုင်ငံတွင် စီးပွားရေးလုပ်ငန်းအချို့အတွက် ငွေအရင်းအနှီးအမြောက်အမြားသယ်ဆောင်ထားကြသည်။ ဤတွင် အမေရိကန်ပြည်ထောင်စုနှင့် ဂျပန်တို့ ထိပ်တိုက်တွေ့ရတော့သည်။

ဂျပန်နိုင်ငံသည် ၁၉၃၇ ခုနှစ်ခန့်တွင်မူ တရုတ်နိုင်ငံအတွင်း ဆင်နွှဲနေသည်။ ထိုစစ်ကို အရှိန်မြင့်တက်ခဲ့၏။ အမေရိကန်ပြည်ထောင်စုကလည်း တရုတ်နိုင်ငံအား နောက်ကွယ်မှ စစ်အသုံးအဆောင်များ၊ လက်နက်ခဲယမ်းများ၊ ရိက္ခာများ၊ လောင်စာဆီများ တရုတ်တပ်များအား လေ့ကျင့်ပေးရန် စစ်ရေးကျွမ်းကျင်သူများ ပို့ပေးခဲ့၏။

ဂျပန်နိုင်ငံသည် တရုတ်နိုင်ငံ၏ ဆိပ်ကမ်းမြို့များအားပိတ်ဆို့နိုင်သောအခါ တရုတ်ပြည်သို့ပေးပို့သည့် စစ်ရေးအကူအညီများကို မြန်မာနိုင်ငံမှပေးပို့ရန် စီမံလာခဲ့ရသည်။ ဗြိတိသျှတို့အနေဖြင့်လည်း သူ့ကိုလိုနီနိုင်ငံများသည် ဂျပန်နိုင်ငံ၏ လက်လှမ်းမီသောနိုင်ငံများဖြစ်သဖြင့် ဂျပန်၏နယ်ချဲ့မှုကို ကာကွယ်ရန် အမေရိကန်ပြည်ထောင်စုနှင့် ပူးပေါင်း၍ တရုတ်နိုင်ငံဘက်မှ ရပ်တည်လာရသည့် အနေအထားဖြစ်လာရတော့၏။

တရုတ်-မြန်မာ လမ်းမကြီးအား သူမသိကိုယ်မသိ တိတ်တိတ်ဖောက်လုပ်ခဲ့ပြီး အမေရိကန်ပြည်ထောင်စု၏ စစ်ရေးအကူအညီများကို ထိုလမ်းမမှ ပေးပို့ခဲ့သည်။ မြန်မာနိုင်ငံ၏ မြို့တော်ရန် ကုန်ဆိပ်ကမ်းရှိ ကုန်သိုလှောင်ရုံများသည် တရုတ်နိုင်ငံသို့တင်ပို့မည်။ စစ်အသုံးအဆောင်ပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com

များ သိလျောင်ရုံများဖြစ်လာရာ မြန်မာနိုင်ငံသည် ဂျပန်ဖက်ဆစ်တို့၏ ပစ်မှတ်ဖြစ်လာရသည်။ "နဂါးနက်"အသင်း၏ စောင့်ကြည့်ရသော နိုင် ငံဖြစ်လာပြီး "နဂါးနက်"အသင်းဝင် သူလျှိုများသည် အခြားဂျပန်ထောက်လှမ်းရေးအဖွဲ့ဝင်များ နည်းတူ မြန်မာနိုင်ငံနှင့် ယိုးဒယားနိုင်ငံအတွင်း အသွင်အမျိုးမျိုးဖြင့် ဝင်ရောက်လာခဲ့ကြတော့၏။ ထိုစဉ်ကာလက သတင်းများအရ "နဂါးနက်"အသင်းဝင် သူလျှိုနှစ်ဦးသည် မြန်မာနိုင်ငံ ဂုတ်ထိပ်မီးရထားတံတားနှင့် မော်ချီးသတ္တုတွင်းများအား ဓာတ်ပုံများရိုက်ကူးသည်ကို ဒေသခံပုလိပ်(ရဲ)အဖွဲ့က သိရှိသဖြင့် သက်ဆိုင်ရာသို့ သတင်းပေးပို့သည့်အတွက် ဗြိတိသျှအစိုးရက ရန်ကုန်မြို့ရှိ ဂျပန်ကောင်စစ်ဝင်အား ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့သည်ဟု သိရ၏။

ထိုစဉ်ကာလက ဂျပန်ထောက်လှမ်းရေးတို့သည် မြန်မာနိုင်ငံတွင်း ခြေချင်းလိမ်နေကြသည်။ ထောက်လှမ်းရေးအဖွဲ့အစည်းများတွင် "နဂါးနက်"အသင်းဝင်များက ခြေလှမ်းကျဲသည်။ ဂျပန်အာဏာပိုင်များကမူ မြန်မာလူထုအများဆုံး ထောက်ခံသော သခင်ကိုယ်တော်မှိုင်း၏ တို့ဗမာအစည်းအရုံးကို စိတ်ဝင်စားသည်။ သို့သော် တို့ဗမာအစည်းအရုံးဝင်များတွင် မာက်(စ်)ဝါဒကို ယုံကြည်သူများရှိသဖြင့် စိုးရိမ်ရ၍ စောင့်ကြည့်ကြသည်။ ဤတွင် အခြေအနေအရပ်ရပ်ကို လေ့လာရန် ဂျပန်ဘုရင် ကြည်းတပ်မတော်မှ ကာနယ်ကေကျီဆူဇူကီးကို (နောင်ဗိုလ်မိုးကြိုးဖြစ်လာသူ) ယိုမီယူရီသတင်းစာ သတင်းထောက်အဖြစ် စေလွှတ်လိုက်၏။

ထိုစဉ်ကာလ အသွင်အမျိုးမျိုးယူထားသော ဂျပန်အမျိုးသား မစ်ဆူဇူကီး၊ အီနာကိုမစ်ဂူတာဒီ၊ လိုအာအင်နှင့် ဂျပန်ဘုန်းတော်နဂါဇီနှင့် ဒေါက်တာဆူဇူကီး စသည့်သူများ ရှိနေသည်။ ထိုအစုများတွင် "နဂါးနက်"အသင်းဝင်များနှင့် နဂါးနက်အသင်းနှင့် နွယ်နေသူဖြစ်သည်ဟု သိရ၏။

ထိုစဉ်က ခြေသွက်သူမှာ ဂျပန်ဘုရင် ရေတပ်မတော်မှနုတ်ထွက်ထားသူ ကိုကူဘူးဆိုသူဖြစ်၏။ သွားစိုက်ဆိုင်ဖွင့်ထားပြီး ထောက်လှမ်းရေးလုပ်ငန်းများ နောက်ကွယ်မှ ပြုလုပ်နေသူဖြစ်၏။ သူသည် တစ်ချိန်က ဂျပန်နိုင်ငံသို့ အလည်ရောက်ခဲ့သော မြန်မာနိုင်ငံမှ အထင်ကရပုဂ္ဂိုလ်တစ်ဦးဖြစ်သော ဒေါက်တာသိမ်းမောင်နှင့် အဆက်အနွယ်ရှိသဖြင့် မြန်မာ့နိုင်ငံရေးလောကသို့ ဝင်ရောက်ရန်လွယ်ကူသည်။

ထိုစဉ်က ရန်ကုန်မြို့ရှိ ဂျပန်ကောင်စစ်ဝန်ရုံးသည် ဗြိတိသျှအစိုးရနှင့် နိုင်ငံရေးအရ ဆက်ဆံမှုကို အများအမြင်တွင် အထင်မလွဲစေလိုသော်လည်း နောက်ကွယ်တွင် ဗြိတိသျှဆန့်ကျင်ရေး အုပ်စုများနှင့် ဆက်သွယ်လှုပ်ရှားရန်ဝန် မလေးပေ။ အတည်မပြုနိုင်သော သတင်းမှတ်တမ်းအရ ရန်ကုန်မြို့ရှိ ဂျပန်ကောင်စစ်ဝန်ရုံးမှ အမှုထမ်းအများစုသည် "နဂါးနက်"အသင်းကို ထောက်ခံသူများဖြစ်သည်ဟုဆိုသည်။ ဂျပန်ကောင်စစ်ဝန် ကူဂါးမှာပင် "နဂါးနက်"အသင်းနှင့် အဆက်အသွယ်ရှိသည်ဟုလည်း ဆိုကြ၏။

ဒေါက်တာဘမော်သည် သူ့မိသားစု ဂျပန်ဆရာဝန် ဒေါက်တာဆူဇူကီး၊ ဂျပန်ကောင်စစ်ဝန် ကူဂါးနှင့် တွေ့ဆုံဆွေးနွေးလေ့ရှိသည်ဟု သတင်းများလည်း ထွက်ပေါ်လာခဲ့သည်။ နဂါးနက်အသင်းဝင်တစ်ဦးကလည်း သစ်တောပညာရှင်တစ်ဦးအဖြစ် ယိုးဒယား(ထိုင်း)နိုင်ငံ၊ ရဟိုင်းသို့ ရောက်လာသည်။ ထိုမှတစ်ဆင့် ထိုးဒယား(ထိုင်း)နှင့် မြန်မာနယ်စပ်တောတွင်းလမ်းများကို စုံစမ်းထောက်လှမ်းသည်ဟု သိရ၏။ ဤကား ဂျပန်တို့ မြန်မာနိုင်ငံအား ထိုးစစ်ဆင် သိမ်းပိုက်ခြင်းမပြုမီက "နဂါးနက်"အသင်းဝင်အချို့၏ မြန်မာနိုင်ငံရေးလောကသို့ ဝင်ရောက်ထိုးဖောက်ခြင်းဖြစ်စဉ်များ ဖြစ်သည်။

ဂျပန်ဘုရင်တပ်မတော်သည် ဗြိတိသျှနယ်ချဲ့သမားအား မြန်မာနိုင်ငံမှ တိုက်ခိုက်နှင်ထုတ်နိုင်သည်နှင့် အာရှလူငယ်အစည်းအရုံးကို ဦးဆောင်ဖွဲ့စည်းသော ဂျပန်အမျိုးသား မစ္စတာတိုမိုဒါမှာ နဂါးနက်အသင်းဝင်ဖြစ်သည်။ တိုမိုဒါသည် အင်္ဂလိပ်ဘာသာစကားအား အတော်အသင့်ပြောတတ်သူဖြစ်၏။ ဂျပန်ခေတ် မြန်မာနိုင်ငံ နိုင်ငံရေးလောကတွင် ပါဝင်လှုပ်ရှားခဲ့သူတစ်ဦးဖြစ်သည်ဟု ဆိုကြပါကြောင်း။

**လှမိုး(ပညာရေး)**

ကျမ်းကိုး:

(၁) The Rise and Fall of Japan By J.Goland
(၂) The Most Evil Secret Societies in History



www.burmeseclassic.com

www.burmeseclassic.com

# လာဘ်ငွေကြေးလျှံ ခေါင်းလောင်းသံ

ဆရာခေါင်ထွင့်မြင့်

သည်မြို့နယ်ကလေး အတွင်းသို့ သည်ပုဂ္ဂိုလ် ရောက်ရှိလာစဉ်ကတည်းက သတိပြုမိခဲ့သည်။ အခြားသူတွေအတွက် သူသည် ထူးခြားချင်မှ ထူးခြားမည် မှန်သော်ငြား စာရေးသူအတွက်မူကား ထူးခြားနေသည်ဟု ဆိုရမည်ဖြစ်၏။ သို့ဆိုလျှင် ထိုပုဂ္ဂိုလ်သည် တစ်နည်းအားဖြင့် ကိုကျော်ထွေးကား မည်သို့သော သွင်ပြင်စရိုက်လက္ခဏာရှိသူပေနည်း။

ကနဦးတုန်းက သည်မြို့ကလေးသို့ စတင်ရောက်ရှိစဉ် တစ်ကိုယ်ရေတစ်ကာယ အနေအထားကို တွေ့မြင်လိုက်ရသည့်အတွက် လူပျိုလူလွတ်ဟု ထင်ရလေသော်ငြား အမှန်တကယ်မှာမူ အိမ်ထောင်ရှင်တစ်ဦးဖြစ်ချေသည်။ ရင်သွေးနှစ်ဦး၏ ကျောင်းကိစ္စ မပြတ်သေးသည့်အတွက် ဇနီးနှင့် ရင်သွေးတို့အား ယခင်တာဝန်ကျခဲ့ရာ အရပ်ဒေသတွင် ခေတ္တထားရစ်ခဲ့ကာ သည်မြို့ကလေးသို့ ရှေ့ပြေးအနေနှင့် ရောက်လာခြင်းဖြစ်သည်။ သည်မြို့ကလေးနှင့် ဆီလျော်၍ ဝန်ထမ်းအဖြစ် ရောက်ရှိလာပြီဆိုလျှင် "ပျင်း၊ ပျက်၊ ပြေး"ဟူသည့် ပါးစပ်ဟာသကလေးတစ်ခု ရှိခဲ့ဖူးသည်။ ရောက်ရောက်ချင်း ပျင်းမည်၊ နောက် အဖော်အပေါင်းစုံလင်လာ၍ ပျော်စရာတွေ တွေ့လာမည်။ ပျော်စရာတွေများလာ၍ အပျော်တွေစုံ၊ အပျော်တွေကျူးလာသောအခါဝယ် ပျက်မည့်ဘက် ဦးတည်လာမည်။ နောက်ဆုံး ပြေးရမည်ဟူ၍။

ထိုပါးစပ်ဟာသနှင့် ကိုက်ညီသော ဝန်ထမ်းအချို့ကို စာရေးသူကြုံခဲ့ဆုံခဲ့ဖူးပါသည်။ သည့်အတွက် ပျင်း၊ ပျော်၊ ပျက်၊ ပြေး ကိစ္စသည် ထူးမခြားလှပါ။ အဲ အဲသည်မှာမှ ကိုကျော်ထွေးက ပျင်း၊ ပျော်၊ ပျက်၊ ပြေးကိစ္စနှင့် ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်ချေသည်။ ရုံးပိတ်ရက်ဆိုလျှင် စာရေးသူတို့ မြို့ကလေး၌ အထင်ကရရှိလှသော ကျိုက်ဒေးယုံ စေတီတော်သို့ ရောက်ရှိဖူးမြော်ကာ ပန်း၊ ရေချမ်း၊ ဆီမီးတို့ ကပ်လှူသည်။ ထို့နောက် အဓိဋ္ဌာန်ဝင်ကာ ပုတီးစိပ်သည်။ ကိစ္စဝိစ္စ ပြီးပြီဆိုလျှင် ခေါင်းလောင်းကို ဘုရားစေတီ ပရိဝုဏ်တစ်ခုလုံး လွှင်စာချီမြသွားရလေအောင် သုံးကြိမ်တိတိ ထိုးလေသည်။

သည်အလေ့အထကို မြင်တွေ့ရသည်က စာရေးသူအတွက် ကိုကျော်ထွေးသည် ထူးခြားသောသူတစ်ယောက်ဖြစ်နေလေသည်။ သူ့အသွင်မှာ ဘာသာတရားကို အလေးအနက်ထားကာ ဘုရားဟောဒေသနာအတိုင်း ကျင့်သုံးနေထိုင်သူဖြစ်လေ၍ ကြည်လင်အေးချမ်းနေတော့သည်။

မြင်ဖန် တွေ့ဖန်များ၍ မျက်မှန်းတမ်းလာမိခဲ့သည်။

ထိုမှ စကားစမြည် ပြောဆိုမိကြရင်း စာရေးသူနှင့် ခင်မင်ရင်းစွဲရှိလာခဲ့သည်။ စာရေးသူ၏ မိတ်ဆွေတစ်ဦးမှာ ကျိုက်ဒေးယုံဘုရား၏ မလှမ်းမကမ်း၌ အောင်ဘာလေထီအရောင်းဆိုင် ဖွင့်ထားသဖြင့် ရုံဖန်ရုံခါ အားလပ်ပြီဆိုလျှင် စာရေးသူလည်း မိတ်ဆွေ၏ ထီဆိုင်ကလေး၌ ထိုင်ပေးခဲ့လေသည်။ တစ်နေ့မှာတော့ မျက်မှန်းတန်းမိရုံမက ခင်မင်ရင်းနှီးစ ပြုလေပြီဖြစ်သော ကိုကျော်ထွေးသည် မိမိထိုင်သော ထီဆိုင်တွင် ၁၀ စောင်တွဲထီကို ထိုးသွားခဲ့လေသည်။ နောက်တစ်ရက်၌ ထီဖွင့်တော့မည်မို့ ရောင်းစရာ ထီအုပ်၊ ထီအစောင်တို့မှာလည်း ဆိုင်တွင်မရှိတော့သလောက်ပင်။

နောက်တစ်ရက် ထီဖွင့်တော့



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူခမျာ အလွန်အမင်း ဝမ်းမြောက်သွားရပါ၏။ အကြောင်းမူ ကိုကျော်ထွေး ထိုးထားခဲ့သော ဆယ်စောင်တွဲထီသည် သိန်းတစ်ရာ မင်္ဂလာ စုံတွဲ၌ ဝင်သွား၍ပင်။ ဝန်ထမ်းတစ်ယောက်အတွက် ကုသိုလ်ကံအကျိုးပေးကြောင့် ရရှိလာသည့် ငွေကြေးအတိုင်းအတာမှာ နည်းနည်းနောနောမှ မဟုတ်ပါပဲကလား။ ကုသိုလ်ကံ အကျိုးပေးဖို့ဆိုသည်မှာ ကောင်းမှုကိစ္စအဝဝကို ပြုလုပ်ပေးရမည်သာဖြစ်သည်။ ဘုရားဟောဒေသနာတော်အရ မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၍ စိတ်ကို စင်ကြယ်အောင် ထားတတ်ဖို့လိုလေသည်။

စာရေးသူ၏ ပကတိအမြင်အရ ကိုကျော်ထွေးသည် ဘုရားဟောဒေသနာတော်နှင့် လိုက်လျောညီထွေစွာ ကျင့်ကြံနေထိုင်သူဖြစ်သည်။ ထို့ကြောင့်လည်း အကျိုးပေးခြင်း၊ အကြောင်းထင်ခြင်း ဖြစ်လေသည်။ တစ်ဦးနှင့်တစ်ဦး ခင်မင်ရင်းနှီးမှု ရှိလာကြပြီမို့လည်း သူ့အတွက် ဝမ်းသာစရာစကားကို ပြောဆိုအပြီးမှာပင် လောကီကောင်းကျိုးကိစ္စအတွက် စကားတွေ ဦးတည်မိကြတော့သည်။

"ဆရာသမား ပြောတဲ့အတိုင်း ဗုဒ္ဓတရားတော်နဲ့အညီ ကျင့်ကြံနေထိုင်တာလည်း ပါသလို လောကုတ္တရာက နေလည်း ခွဲမထွက်။ လောကီနဲ့လည်း စပ်လျဉ်းတဲ့ ခေါင်းလောင်းထိုးအမိဋ္ဌာန်ကျင့်စဉ်၊ အဲ ခေါင်းလောင်းထိုးယတြာလေးကို အမိဋ္ဌာန်မပျက် လုပ်ဆောင်တာလည်း ပါလိမ့်မယ်လို့ ကျွန်တော်တော့ ယူဆထားတယ်ဆရာ။ ဒီလိုဆရာရဲ့။ ကျွန်တော်ဟာ ရုံးပိတ်ရက်တိုင်း ဟောဒီမြို့က ကျိုက်ဒေးယုံတန်ခိုးကြီး စေတီတော်ကို မပျက်မကွက် မနက်မိုးလင်းပြီဆိုတာနဲ့ ရောက်လေ့ရှိပါတယ်။ ရောက်ပြီဆိုရင် ဘုရားရှိခိုးတယ်။ ပန်း၊ ရေချမ်း၊ ဆီမီးတွေ ဆက်ကပ်တယ်။ အမိဋ္ဌာန်ပုတီးစိပ်တယ်။ ကိစ္စတွေပြီးလို့ မနက် ၉း၄၅ နာရီတိတိမှာ ခေါင်းလောင်းကြီးရှိရာသွားပြီး -

ဘဂဝါ ဣစ္ဆန္တော သိဒ္ဓိယော
ဣစ္ဆိတံ မဟာလာဘံ
ဒေတု မေ ဇယ မင်္ဂလံ

ဆိုပြီး အဲသည်ဂါထာကို တစ်ခါရွတ်ပြီးတိုင်း ခေါင်းလောင်းကို တစ်ကြိမ်ထိုးတယ်။ အဓိက ကျွန်တော့်မှာ လိုအပ်နေတာက ငွေကြေးပဲ။ ငွေကြေးပြည့်စုံမှ ကျွန်တော့်မိသားစုကိုခေါ်ယူပြီး ပြည့်ပြည့်စုံစုံထားနိုင်မှ မဟုတ်လား။ အဲသည်အတွက် ငွေလာဘ်ဝင်ပါစေဆိုတဲ့ ဆုတစ်ခုတည်းကိုပဲ တောင်းပါတယ်။ ဂါထာတစ်ခါရွတ်၊ ခေါင်းလောင်းတစ်ခါထိုးနဲ့ ဘုရားကိုရောက်တိုင်း သုံးကြိမ်တိတိ လုပ်ဆောင်ပါတယ်။ အဲဒီအစွမ်းအာနိသင်ဟာ ပြည့်ဝပြီး ခုလိုမျိုး အကျိုးပေးအကြောင်းထင်လာတာ ဖြစ်ပါလိမ့်မယ်ဆရာ"

"ကောင်းလိုက်တဲ့ အမိဋ္ဌာန်ယတြာကလေးပါပဲလား ကိုကျော်ထွေးရယ်။ ဒါထက်・・・အဲသည်ဂါထာရဲ့ အနက်အဓိပ္ပာယ်ကိုကောမသိရဘူးလားခင်ဗျာ"

"သိရပါတယ် ဆရာ"

ဘဂဝါ - ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော၊

ဣစ္ဆန္တော - သတ္တဝါတို့၏ကောင်းကျိုးကို အလိုရှိတော်မူသော၊

သိဒ္ဓိယော - သိဒ္ဓိရှင်ဖြစ်တော်မူသော မြတ်စွာဘုရားသည်၊

ဣစ္ဆိတံ - အလိုရှိအပ်သော၊

မဟာလာဘံ - များပြားလှသော လာဘ်လာဘကို၊

မေ - အကျွန်ုပ်အား။

ဒေတု - ပေးသနားတော်မူပါဘုရား။

ဇယမင်္ဂလံ - အောင်မြင်ခြင်း အဖြာဖြာကိုလည်း။

မေ - အကျွန်ုပ်အား။

ဒေတု - ပေးသနားတော်မူပါဘုရားရယ်လို့ ဖြစ်ပါတယ်"

"ကောင်းလိုက်တဲ့ ကိုကျော်ထွေးရယ် ခုလိုမျိုး ပြည့်ပြည့်စုံစုံသိရတော့ ကျေးဇူးလည်းတင်ပါတယ်။ သည်အကြောင်းကို ဆောင်းပါးတစ်ပုဒ်အဖြစ် ရေးကြည့်ချင်တယ်။ အဲဒါ ကိုကျော်ထွေးအနေနဲ့ ခွင့်ပြုမပြု"

"ပြုပါတယ်ဗျာ ပြုပါတယ်"

သည်စကားကို ကြားရသည့် တဒင်္ဂဝယ် စာရေးသူအဖို့ ဝမ်းမြောက်၍ မဆုံးအောင် ဖြစ်ရပါကြောင်း မှတ်တမ်းပြုလိုက်ပါတော့သည်။

ဆရာခေါင်ထွင့်မြင့်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# အဆန်းကြယ်ဆုံး ပြောင်းလဲမှု

■ ပီတာမြဦး

ကျွန်ုပ်၏ အကျဉ်းထောင်လုပ်သက်တစ်လျှောက် အထူးခြားဆုံး။ အဆန်းကြယ်ဆုံးဟု ဆိုနိုင်လောက်သည့်အပြင် အကျဉ်းထောင်၏ လုံခြုံရေးနှင့် အုပ်ချုပ်ရေးကိုပါ ကသိကအောက် ကပြောင်းကပြန်ဖြစ်စေခဲ့သော ထူးဆန်းသည်ဟုပင် ဆိုနိုင်လောက်သည့်ဖြစ်ရပ်ဆန်းတစ်ခုနှင့် ကြုံတွေ့ခဲ့ရဖူးသည်။

ကျွန်ုပ်မှာ ထိုဖြစ်ရပ်ကိုရေးရန် ဆုတ်တွန့်နေခဲ့သည်မှာ အချိန်အတော်ကြာနေခဲ့ပြီဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ထိုဖြစ်ရပ်ဆန်းမှာ ခုနစ်ရက်သားသမီး ညီအစ်ကိုမောင်နှမပမာ စာဖတ်သူများရှေ့၌ တင်ပြရန် ကျွန်ုပ်အဖို့ မဝံ့မရဲဖြစ်နေခဲ့၍ပါပေ။

သို့တစေ အံ့သြစရာကောင်းသည်မှာ ကျွန်ုပ် တခြားဝတ္ထုများရေးရန် အလောင်ကိုင်လိုက်တိုင်း ဖော်ပြရန်ခက်ခဲသော စွမ်းအားတစ်ခုက ထိုဖြစ်စဉ်ကို ရေးသားရန် ဖိအားပေး တိုက်တွန်းနေခဲ့သည်လည်း နှစ်အတန်ကြာနေခဲ့ပါပြီ။

ထို့ကြောင့်လည်း ထိုဖိအားဝေဒနာတစ်ခုကို ဖြေလျှော့သည့်အနေဖြင့် ဤဝတ္ထုကို ယခုတော့ မဖြစ်မနေ ရေးသားတင်ပြလိုက်ရပါတော့သည်။

ထိုဖြစ်ရပ်ဆန်း၏ အစနိဒါန်းသည်ကား•••။

× × ×

"ဆရာ"

တစ်နေ့ နံနက်စောစော အမျိုးသမီးထောင်ကျခေါင် တာဝန်ခံထောင်မှူး ဒေါ်ခင်မမ ထောင်ဘူးဝရှိ ကျွန်ုပ်၏ ရုံးခန်းသို့ ရောက်လာသည်။

"ဩော်•••ခင်မမပါလား။ ဆိုဘာကိစ္စရှိလို့လဲ"

"ဟိုလေဆရာ။ ကျွန်မ သတင်းထူး သတင်းဆန်းတစ်ခု ပို့စရာရှိလို့ပါ"

သူ့စကားက သတင်းထူးတင်မကာ သတင်းဆန်းပါ ပါနေသဖြင့် ကျွန်ုပ် အံ့အားသင့်သွားမိသည်။

"ဟုတ်လား ခင်မမ၊ ဆိုပါဦး ဘယ်လိုသတင်းထူး သတင်းဆန်းများလဲ"

"အင်း•••ဟိုလေဆရာ ဘယ်လိုခေါ်ရမလဲ။ အမလေး•••ပြောရခက်လိုက်တာနော်"

ဒေါ်ခင်မမမှာ ပြောရင်း မျက်နှာကြီး နီမြန်းလာသဖြင့် သူပြောမည့် အကြောင်းအရာက ရှက်စရာကိစ္စတစ်ခုခုများ ပါလေမလားဟု ကျွန်ုပ် တွေးနေမိသည်။

"ခင်မမနယ်•••ဒီလောက်ပြောရခက်နေရင်လည်း တပ်ကြပ်ဒေါ်ပြုံးတို့ဘာတို့ ပြောခိုင်းရောပေါ့ကွယ်"

ကျွန်ုပ်က ငယ်ရွယ်သောမိန်းမပျို့ထက် တပ်ကြပ်ဒေါ်ပြုံးတို့လို အသက်အရွယ်ရော လုပ်သက်ပါရင့်သော အမျိုးသမီးကြီးကပြောရင် ပိုသင့်တော်မည်ထင်မိသည်။

"အမလေးဆရာရယ်••ဝပ်ကြပ်ဒေါ်ပြုံးက ပိုတောင်မပြောရဲသေးတယ်။ ရှက်လို့တဲ့"

ခက်ပြီ။ မိန်းမဲခေါင်ကကိစ္စကို မိန်းမဝန်ထမ်းများက မပြောရဲမှတော့ မည်သူပြောတော့ပါမည်နည်း။ ဘယ်လိုရှက်စရာကောင်းနေလို့များပါလိမ့်။

"ကဲပါလေ•••ကိုယ့်အဖေလို့ သဘောထားပြီး မျက်နှာပူပူနဲ့ ကျွန်မကပဲ ပြောပါတော့မယ်။ နားနဲ့မနာ ဖဝါးနဲ့သာ နာပါတော့ဆရာ"

"အင်း•••"

ကျွန်ုပ်မှ "အင်း" လိုက်ရသော်လည်း သူမပြောလာမည့်စကားကို နားစွင့်ရင်း ရင်ခုန်နေမိသည်။

"ဟိုတလောက ရောင်းမှားဝယ်မှားနဲ့ရောက်လာတဲ့ ဖြူဖြူချောချောကောင်မလေး စန်းစန်းတင့်ဆိုတာ ဆရာမှတ်မိမလား မသိဘူး"

ဒေါ်ခင်မမက မေးသည်။

"အင်း•••စန်းစန်းတင့် ရောင်းမှားဝယ်မှား••နေပါဦး ဟိုခိုးရာပါခွဲကြီးကို ဝယ်ထားမိပြီး ပိုင်ရှင်ကိုပြန်မပေး



www.burmeseclassic.com

www.burmeseclassic.com

လို့ ကြံ့ရာပါနဲ့ ထောင်တစ်နှစ်ကျလာတဲ့ မိန်းကလေးများလား"

"အစစ်ပေါ့ဆရာရယ်။ အဲ . . . အဲဒီ စန်းစန်းတင့်လေ။ ဟိုလေ . . . ကဲ ဒီပါးစပ်ကလည်း အေးလေ ခုမှတော့ မထူးတော့ပါဘူး။ အဲဒီကောင်မလေးရဲ့ မိန်းမအင်္ဂါဟာလေ တဖြည်းဖြည်းနဲ့ ဟို ယောကျ်ားအင်္ဂါလိုမျိုး ပြောင်းပြောင်းလာ နေတယ်ဆရာ"

"ဟေ"

ခုတစ်ကြိမ် ကျွန်ုပ်ကိုယ်တိုင်၏ နှုတ်မှ အာမေဍိတ်သံ ကျယ်လောင်စွာ ထွက်သွားမိသည်။ တကယ့် အံ့ဘွယ် သုတပါတကား။ ကျွန်ုပ်မှာ အံ့ဩလွန်း၍ မည်သို့ပြန်ပြောရမှန်းမသိဘဲ ဒေါ်ခင် မမကိုသာ ရူးစိုက်ကြည့်နေမိသည်။ သူမ ကမူ မိန်းမသားပီပီ ကျွန်ုပ်နှင့် မျက်လုံး ချင်းမဆိုင်ဝံ့ဘဲ ခေါင်းငုံ့ကာ စားပွဲစွန်း ကို ရှက်ရွံ့စွာ ကြည့်နေလေသည်။

ကျွန်ုပ်က ချောင်းတစ်ချက်ဟန့် လိုက်ပြီးမှ အသံကိုထိန်းကာ သတိထား မေးလိုက်မိ၏။

"အင် . . . အဲ . . . အဲလိုဖြစ်တာ ဘယ်လောက်ကြာနေပြီလဲကွယ့်"

"တစ်ပတ်လောက်တော့ ရှိနေပြီ နဲ့တူပါတယ်။ အဲဒါ ဒီမနက်မှ ကျွန်မကို ပြလို့ ကျွန်မလည်း . . ."

ကျွန်ုပ်က တံတွေးတစ်ချက် မျိုချ လိုက်မိ၏။

"ကဲ . . . ကဲ ပြောရခက်နေရင် လည်း မပြောနဲ့တော့။ ဒီလိုလုပ် ခင်မမ ရယ်၊ တပ်ကြပ်ဒေါ်ပြုံးရယ်၊ ဒီနေ့တာ ဝန်မှူးရယ်၊ ဆရာရယ်ပေါ့။ စန်းစန်းတင့် ကို ခရိုင်ဆရာဝန်ကြီးဆီ သွားပြကြည့် ကြရအောင်။ အခြေအနေသင့်ဖြစ်ရင် ဆရာ ကို သတင်းပို့"

"ဟုတ်ကဲ့ဆရာ"

မကြာမီ ကျွန်ုပ်အစီအစဉ်အရ စန်းစန်းတင့်ဆိုသူအား ခရိုင်ပြည်သူ့ ဆေးရုံကြီးသို့ ခေါ်သွားကာ ဆရာဝန်ကြီး အား ပြသစစ်ဆေးစေခဲ့၏။

"ဒီလိုမိန်းမဘဝကနေ ယောကျ်ား ဘဝကို လိင်ပြောင်းလာတဲ့ဖြစ်ရပ်မျိုး ဟာ ကျွန်တော်တို့ ဆေးပညာလောက မှာ ရှိတော့ရှိတယ် ရှားတယ်ဆိုတဲ့ ကိစ္စ မျိုးဗျ။ ဒါမျိုးက လူတစ်သိန်းမှာ တစ် ယောက်၊ လူတစ်သန်းမှာတစ်ယောက် အလွန်ဖြစ်တောင့်ဖြစ်ခဲ လိင်ပြောင်းလဲ မှုပါ"

ဆရာဝန်ကြီးက ရှင်းပြသည်။

"အခု ကျွန်တော် စမ်းသပ်ကြည့် ချက်အရ မစန်းစန်းတင့်ရဲ့ လိင်အင်္ဂါ ဇာတ်ဟာ လွန်ခဲ့တဲ့ လေးငါးခြောက်နှစ် လောက်ကတည်းက တဖြည်းဖြည်းနဲ့ တရွေ့ရွေ့ တစ်ဆင့်ချင်း ပြောင်းလဲလာခဲ့ တာ တွေ့ရပါတယ်။ ကာယကံရှင်က မိန်းကလေးဖြစ်နေလို့ ရှက်တာရယ်၊ အဖေတစ်ခု သမီးတစ်ခုဖြစ်ပြီး တိုးတိုး ဖော် အမေမရှိတော့တာရယ်၊ သူကိုယ် တိုင်ကလည်း ဒီပြောင်းလဲမှုအပေါ် သံ သယစိတ်နဲ့ စောင့်ကြည့်နေခဲ့တာရယ် အဲဒါတွေကြောင့် ဒီကိစ္စကို ဘယ်သူမှ မသိခဲ့ကြသေးဘူးဗျ"

"ဟုတ်ကဲ့"

"အဲ . . . လွန်ခဲ့တဲ့ တစ်လနှစ်လ လောက်ကစပြီး လိင်အင်္ဂါပြောင်းလဲမှု ဟာ ထူးထူးခြားခြား မြန်ဆန်လာပြီး ယောကျ်ားအင်္ဂါဇာတ် သဏ္ဍာန်တွေဟာ လည်း သိသိသာသာ ထင်ရှားပီပြင်လာ တာတဲ့ဗျ။ အဲဒါ နောက်ဆုံးတော့ မဖြစ် တော့ဘူးဆိုပြီး ဆရာမကို အကြောင်း ကြားခဲ့တာလို့ သိရတယ်"

"ဪ . . . ဒါနဲ့ဆရာ၊ အခုအခြေ အနေမှာ စန်းစန်းတင့်ရဲ့ ယောကျ်ား အင်္ဂါဟာ ဘယ်အဆင့်ထိရောက်နေပြီ လဲ။ ကျွန်တော်ဆိုလိုတာက ယောကျ်ား ဘဝကို ထင်ထင်ရှားရှား ရောက်နေပြီ လား ဆရာ"

"အင်း . . . ရာခိုင်နှုန်းအားဖြင့် ပြော ရရင် ယောကျ်ားအင်္ဂါဟာ ၇၅ ရာခိုင် နှုန်းလောက်တော့ ဖြစ်ပေါ်နေပြီပြောရ မယ်။ ဒါပေမယ့် သူ့ရဲ့ခံစားလမ်းကြောင်း နဲ့ မိန်းမမွေ့တာလမ်းကြောင်းက သူ ဟာ မိန်းမတစ်ယောက်ပဲ ဖြစ်နေသေး တယ်။ ယောကျ်ားတစ်ယောက်လိုတော့ မစွမ်းဆောင်နိုင်သေးဘူး ဆိုပါတော့"

"ဟုတ်လား။ ဒါဆို နောက် ဘယ် လောက်ကြာရင် ယောကျ်ားတစ်ယောက် စွမ်းဆောင်လာနိုင်မလဲဆရာ"

ဆရာဝန်ကြီးက ခေါင်းအသာ အယမ်းခါကာ -

"အဲလိုတော့ တပ်အပ်သေချာ ခု ချိန်မှာ မပြောနိုင်သေးဘူးဗျ။ ခုန ကျွန် တော်ပြောသလို ဒါဟာ အလွန်ရှားပါး တဲ့ ရောဂါဖြစ်နေလို့ သက်ဆိုင်ရာ ဝါရင့် သမားတော်ကြီးတွေတင်ပြပြီး ညှိနှိုင်းရ ဦးမှာလေ"

"ဟုတ်ကဲ့ . . . ဒါဆို သူ့လိင်အင်္ဂါ ပြောင်းလဲလာသလို သူ့ရုပ်လက္ခဏာ သွင်ပြင်နဲ့ စိတ်ဓာတ်ရေးရာမှာကော ဘယ်လိုအခြေအနေ ရှိပါသလဲ"

"ဒါကလည်း ရှင်းပါတယ်။ လိင် အင်္ဂါ ပြောင်းလဲလာတာနဲ့အမျှ သူ့ရုပ် ရည်နဲ့စိတ်ဓာတ်ပါ တဖြည်းဖြည်းပြောင်း လဲလာမှာ သဘာဝပဲလေ။ ထောင်မိန်



www.burmeseclassic.com

www.burmeseclassic.com

ကြီးကြည့်ရတာ ဒီကိစ္စကို အတော်လေး စိတ်ပူနေတယ်ထင်ပါရဲ့။ ကဲပါလေ…ကျွန်တော် တနင်္ဂနွေနေ့တိုင်း တစ်ခေါက်လောက်လာပြီး စစ်ဆေးပေးပါ့မယ်။ ထူးခြားတာတွေ့ရင်တော့ ချက်ချင်း အသိပေးမှာပါ"

"ဟုတ်ကဲ့ ကျေးဇူးပါပဲ"

ကျွန်ုပ်တို့ အကျဉ်းထောင်ပြန်ရောက်သည့်အခါ စန်းစန်းတင့်အား နဂိုအတိုင်း အမျိုးသမီးထောင်ကျဆောင်တွင် ပြန်ထားစေလိုက်သည်။ ဆရာဝန်ကြီးက စန်းစန်းတင့်မှာ ယောက်ျားတစ်ယောက်လို မစွမ်းဆောင်နိုင်သေးလို့ ဆိုသည်မဟုတ်လား။ သို့သော်လည်း စိတ်မချနိုင်သေးသဖြင့် အခြေအနေကို နေ့စဉ်မှန်မှန် သတင်းပို့ရန် ထောင်မှူးဒေါ်ခင်မမအား မှာထားရသေး၏။

ကျွန်ုပ် စိတ်မချနိုင်ဖြစ်နေသည်မှာ တခြားမဟုတ်။ အကယ်၍ စန်းစန်းတင့်သည် တစ်နေ့နေ့ ယောက်ျားတစ်ယောက် စွမ်းဆောင်နိုင်လာပြီ ဆိုကြစို့။

ထိုအခါ စန်းစန်းတင့်မှာ မိန်းမသားတစ်ယောက် မဟုတ်တော့ဘဲ ယောက်ျားတစ်ယောက်ဖြစ်လာပြီဖြစ်ရာ သူ့ကို အမျိုးသားထောင်ကျဆောင်သို့ ပြောင်းရွှေ့ပေးရပါမည်လား။

ဖြစ်ပုံမလား။

သူမမှာ အသက် ၂၀ အထိ မိန်းမသားတစ်ယောက်ကဲ့သို့ နေထိုင်ပြုမူလာခဲ့ပြီးမှ လိင်အင်္ဂါပြောင်းလဲမှုကြောင့် ယောက်ျားစစ်စစ်တစ်ယောက် ဖြစ်သွားပြီ ဆိုစေဦးတော့ မိန်းမအတွေး၊ မိန်းမစိတ်ဓာတ်၊ မိန်းမတစ်ယောက်၏ ခံစားမှုပါ ရုတ်တရက်ပြောင်းလဲသွားပါမည်လား။

ယင်းသို့ မပြောင်းလဲသေးဘဲ ယောက်ျားစိတ်ဓာတ်တစ်ဝက်၊ မိန်းမစိတ်ဓာတ်တစ်ဝက်ဖြင့် မိန်းမလျာစိတ် ပေါက်နေပါက ပြဿနာကို လက်ယပ်ခေါ်သလို ဖြစ်နေပေတော့မည်။

သို့ဆိုလျှင်…စန်းစန်းတင့်အား မိန်းမဆောင်မှာပင် ဆက်လက်ထားရှိရပါမည်လား။

မဖြစ်။ မဖြစ်။ လုံးဝမဖြစ်နိုင်။

ယင်းသို့ဆိုလျှင် ပြဿနာကို မည်သို့ စစ်ဆေးရပါလေမည်နည်း။

ထို့ကြောင့် ကျွန်ုပ်သည် အုပ်စုညွှန်မှူးထံသို့ ထူးခြားဖြစ်စဉ်အဖြစ် ချက်ချင်း တယ်လီဖုန်းဖြင့် သတင်းပို့လိုက်၏။ ညနေပိုင်းတွင် သတင်းပြန်လာသည်။ ညွှန်ကြားရေးမှူးချုပ်၏ အမိန့်အရ စန်းစန်းတင့်အား တိုက်ခန်းတွင် သီးခြားတစ်ယောက်တည်း ခွဲထားရန်တဲ့။

ခက်ပြီ။

ယခု ကျွန်ုပ်တာဝန်ကျနေသော အကျဉ်းထောင်မှာ ရောဝတီတိုင်းမှ (ဃ)အဆင့် အငယ်ဆုံးအကျဉ်းထောင်ဖြစ်၏။ အင်္ဂလိပ်အစိုးရလက်ထက် တည်ဆောက်စဉ်ကတည်းက အကျဉ်းသားများအတွက်သာ ရည်ရွယ်ဆောက်လုပ်ထားခဲ့သဖြင့် အကျဉ်းသူများအတွက် အိပ်ဆောင်မပါရှိခဲ့ပေ။

ဒီမှာဘက် လွတ်လပ်ရေးခေတ်ရောက်မှ လုပ်ငန်းလိုအပ်ချက်အရ အကျဉ်းသားများအတွက် ဆေးကုသဆောင်အဖြစ်အသုံးပြုခဲ့သော အဆောင်ကို ပြုပြင်မွမ်းမံ၍ အမျိုးသမီးဆောင်အဖြစ် အသုံးပြုခဲ့ရ၏။ သို့ဖြစ်ရာ ထိုအိပ်ဆောင်မှာ အကျဉ်းထောင်၏ အင်္ဂါရပ်များနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းမဟုတ်၍ အကျဉ်းသူများအား သီးခြားခွဲထားနိုင်မည့် တိုက်ခန်းများ မပါရှိခဲ့ပါချေ။

ယင်းကိစ္စကို အုပ်စုညွှန်မှူးထံ ထပ်မံအစီရင်ခံခဲ့ရာ ရုံးချိန်ကျော်လွန်သွားသဖြင့် ညွှန်ချုပ်ရုံးထံ ဆက်လက်မတင်ပြနိုင်ခဲ့သေးပေ။ ထိုအခါ ထိုညအဖို့ ထောင်မှူးဒေါ်ခင်မမနှင့် တပ်ကြပ်ဒေါ်ပြုံးတို့အား အထူးတာဝန်ချမှတ်၍ အကျဉ်းသူ စန်းစန်းတင့်အား စောင့်ကြည့်စေခဲ့ရ၏။

နောက်တစ်နေ့ နံနက်တွင်ကား ညွှန်ကြားရေးမှူးချုပ်ထံမှ မင်္ဂလာသတင်း ရောက်ရှိလာခဲ့ပါလေသည်။

"အကျဉ်းသူ စန်းစန်းတင့်အား အင်းစိန်ထောင်သို့ အမြန်ပို့စေ"တဲ့။

ဟူး…တော်ပါသေးရဲ့။ ခုမှပဲ ကျွန်ုပ်ရင်ထဲက ဒလုံးကြီးကျသွားပါလေတော့၏။

ကျွန်ုပ် ထိုနေ့မှာပင် မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ဆက်သွယ်ကာ စန်းစန်းတင့်အား အင်းစိန်ထောင်သို့ ပို့ပေးခဲ့သည်။

ထိုနေ့မှ နှစ်နှစ်ခန့်ကြာသောအခါ ကျွန်ုပ်ထံသို့ ယခင်က တစ်ခါမှ မမြင်ဖူးခဲ့ဟု ထင်ရသော မင်္ဂလာဇနီးမောင်နှံ နှစ်ဦး လာရောက်ကန်တော့ကြပါသည်။

ကျွန်ုပ်မှာ မည်သူမည်ဝါတို့မှန်း မမှတ်မိ၍ မင်္ဂလာသတို့သား၏ အမည်ကို မေးမြန်းကြည့်မိသောအခါမှ သူ့အမည်မှာ မောင်မောင်စန်း (ခ) စန်းစန်းတင့်ဖြစ်ကြောင်း သိရပါတော့၏။

ပီတာမြဦး



www.burmeseclassic.com

www.burmeseclassic.com


# အာဟာရပြည့်ဆေးဖက်ဝင် အသီးအနှံများ

သုတေသီဆရာ

## အစွမ်းထက်ဆေးဖက်ဝင် ဂျင်း(ချင်း)ပင်

ဂျင်း(ချင်း)ပင်သည် ပင်နုပင်ပျော့မျိုးဖြစ်ကာ အမြင့် သုံးပေမှ လေးပေထိရှိ တတ်၏။ အရွက်မှာ အစိမ်းရောင်ရှိပြီး ဝါးရွက်အသေးစားနှင့် တူပေသည်။ အရွက်တစ်ရွက်လျှင် ခြောက်လက်မ၊ ရှစ်လက်မခန့်ထိ ရှည်၏။ အပွင့်ပွင့်ပြီဆိုလျှင် စိမ်းဝါရောင် ပန်းပွင့်စုကလေးများဖြစ်ကာ မိုးရာသီ၌ ပွင့်လေ့ရှိကြပေသည်။

ဂျင်း(ချင်း)ပင်၌ အသုံးများလေ့ရှိသော အပိုင်းသည် ဥအတက်ပိုင်းဖြစ်၏။ ချင်းပင်စိုက်မည်ဆိုပါက ဥအတက်ကို မြေအောက်သဲမြေမျိုး၌ စိုက်ပျိုးနိုင်ပေသည်။ ချင်းအတက်တွင် အဆစ်များရှိ၍ အဆစ်နေရာတွင် အဖုတ်အတက်ကလေးများ ရှိတတ်ပေသည်။ တပို့တွဲ၊ တပေါင်းလများတွင် အရွက်ကြွေပြီဖြစ်၍ ဥများ(ချင်းတက်များ)ကို တူးဖော်နိုင်



ကြသည်။ ချင်းကို တန်ခူးလ၊ ကဆုန်လများတွင် စတင်စိုက် ပျိုးလေ့ရှိကြသည်။ မြေအခက်အခဲရှိသူများအနေဖြင့် ချင်း ခြင်းထဲထည့်ကာ စိုက်ပျိုးလေ့ရှိကြပါသည်။ ချင်းပင်သည် လောင်းရိပ်အောက်ရှိ သဲမြေများ၌ စိုက်ပျိုးပါက ပိုမိုဖြစ်ထွန်း နိုင်ပေသည်။

ချင်းစိမ်းသည် ချို၏၊ ပူ၏၊ ခါး၏။ နှုတ်ကို မြိန်စေ၏ ဝမ်းမီးကို တောက်စေ၏။ လေသလိပ်၊ သည်းခြေတို့ကို နိုင် နင်း၏။ အစာကို ကြေကျက်လွယ်စေ၏။ ဆီးဝမ်းကိုရှင်စေ၏ သွေးသားကို သန့်စင်စေ၏။ အဆိပ်ကို ဖြေစေနိုင်၏။ အ နာခြင်း၊ လေနာခြင်း၊ ဝမ်းဗိုက်နာခြင်း၊ ရင်ခေါင်းနာခြင်းတို့ နိုင်နင်း၏။ အခီဓာတ်ကို လျော့နည်းစေ၏။ ပြင်းထန်သော အနာများနှင့် သွေးကြောတောင့်တင်းခြင်းများ၊ ရောင်ရမ်း ခြင်းများ စသည့်ဝေဒနာတို့ကို သက်သာပျောက်ကင်းစေ သည်။ ချင်းနှင့်ပတ်သက်၍ အသုံးပြုသည့် အစိတ်အပိုင်းမှာ ဥအတတ်ပင်ဖြစ်၏။ အစားအသောက်တွင်လည်းကောင်း မြန်မာတိုင်းရင်းဆေး ဝါးများတွင်လည်းကောင်း ထည့်သွင်း အသုံးပြုကြသည်။

### ၁။ အမျိုးသမီးများ မီးဖွားပြီးသည့်နောက် သားအိမ် မကျက်ဘဲ ဖြစ်နေလျှင်၊ ဖျားနာနေလျှင်

ချင်းတစ်ကျပ်သားအား ပွါးပါးလှီး၍ ထန်းလျက် နှစ်ကျပ်သားနှင့်အတူ ရေတစ်ပိဿာတွင်းထည့်ကာ ထက် ဝက်ခန့်ရအောင် ကျိုချက်ပါ။ ပြီးလျှင် တစ်ခါသောက်လျှင် နှစ်အောင်စနှုန်းဖြင့်သောက်ပေးပါက အမျိုးသမီးများ မီးဖွား ပြီးသည့်နောက် သားအိမ်မကျက်ဘဲ ဖျားနာခြင်းများ သက်



www.burmeseclassic.com

www.burmeseclassic.com

သာပျောက်ကင်းသွားပါလိမ့်မည်။

**၂။ သက်ရှည်တေဆေးဖော်မလား**

ချင်း၊ ဖန်ခါးသီးနှင့် ထောပတ်တို့ကို ရောချက်ခြင်းဖြင့် တေဆေးတစ်ဖုံရ ပါလိမ့်မည်။ ၎င်းတေဆေးကို ပုံမှန်သုံးဆောင်ပေးသွားခြင်းဖြင့် အသက်ရှည်ခြင်းအကျိုးကို ခံစားရပါလိမ့်မည်။

**၃။ သွေးကြောပိတ်၍ ခြေထိပ်နာများ၊ ခြေဖျားအေးခြင်းများဖြစ်လျှင်**

ချင်းစိမ်း နစ်ကျပ်ခွဲသားအား သေးသေးကလေးများဖြစ်အောင်လှီးပြီး အရက်တစ်ပုလင်းတွင် ထည့်စိမ်ပါ။ ထို့နောက် နံနက် တစ်ဇွန်း၊ ညနေ တစ်ဇွန်းကျ သောက်ပေးပါ။ အနာပေါ်သို့လည်း လိမ်းကျံဆွတ်ဖျန်းပေးပါ။ ဤသို့ဖြင့် သွေးကြောကျဉ်းခြင်းများ၊ ပိတ်ခြင်းများ ကျယ်၍ပွင့်လာကာ ခြေထိပ်နာဖြစ်ခြင်းများ၊ ခြေဖျားအေးခြင်းများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

**၄။ ဘယ်နေရာတွေမှာ အသုံးပြုနိုင်သလဲ**

ချင်းတက်များကို ဟင်းလျာများ၌လည်းကောင်း၊ ဟင်းမွှေးမဆလာအဖြစ်လည်းကောင်း၊ သားစိမ်းငါးစိမ်း အညှီနံ့များကို နိုင်နင်းသော အထောက်အကူပြုပစ္စည်းအဖြစ်လည်းကောင်း၊ အဆာပလာများနှင့်ရော၍ အသုပ်အဖြစ်လည်းကောင်း၊ ဂျော်သီးအစားထိုးပစ္စည်းအဖြစ်လည်းကောင်း အသုံးပြုနိုင်ပါသည်။

**၅။ မခံမရပ်နိုင်အောင် သွားကိုက်လျှင်**

ချင်းကိုပါးပါးလှီး၍ ကိုက်သောနေရာ၌ အုံပေးခြင်းအားဖြင့် မခံမရပ်နိုင်လောက်သော သွားကိုက်ဝေဒနာ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

**၆။ အသံဝင်၊ အသံပျက် အသံတွေနာနေလျှင်**

ချင်းပါး ခုနစ်လွှာခန့် ခပ်ပါးပါးလွှာ၍ ထန်းလျက်သုံးလုံးနှင့်အတူ ရေသုံးခွက်တစ်ခွက်တင် ကျိုလျက် သောက်သုံးပေးခြင်းအားဖြင့် အသံဝင်ခြင်း၊ အသံပျက်ခြင်း၊ အသံနာခြင်းစသော အသံပိုင်းဆိုင်ရာ ဝေဒနာများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

**၇။ နားကိုက်ဝေဒနာခံစားနေရလျှင်**

ချင်းစိမ်းကို သတ္တုရည်ရအောင်ညှစ်၍ မီးအပူပေးပါ။ ခပ်နွေးနွေး အနေအထားသို့ရောက်ပါက နားအတွင်း ခတ်ပေးခြင်းအားဖြင့် နားကိုက်ဝေဒနာ ခံစားရခြင်းများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

**၈။ ဇက်ကြောတွေတက်နေလျှင်**

ချင်းကို ပါးပါးလှီးပြီး မီးအနည်းငယ်ပြပါ။ ပြီးလျှင် ဇက်ကြောတက် သည့်နေရာ၌ ကပ်ပေးထားပါက ဇက်ကြောတက်ဝေဒနာ သက်သာပျောက်ကင်းပါလိမ့်မည်။

**၉။ တုပ်ကွေးဖျားနေလျှင် ချမ်းစိမ့်စိမ့်ဖျားလျှင်၊ လည်ချောင်းနာလျှင်၊ ချောင်းဆိုးလျှင်**

ချင်းကို ခုနစ်လွှာခန့်ပါးပါးလှီး၍ ထန်းလျက်သုံးလုံးနှင့်အတူ ရေသုံးခွက်တစ်ခွက်တင်ရအောင် ကျိုပါ။

ထို့နောက် နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် သောက်သုံးပေးခြင်း၊ ဟင်းလျာများတွင် ယခင်ကထက် အနည်းငယ်ပိုမိုထည့်၍ ချက်ပြုတ်စားသောက်ပေးခြင်းအားဖြင့် တုပ်ကွေးအဖျား၊ ချမ်းစိမ့်စိမ့်အဖျား၊ လည်ချောင်းနာမှုများ၊ ချောင်းဆိုးနေမှုများ အမြန်ဆုံး သက်သာပျောက်ကင်းပါလိမ့်မည်။ အနောက်တိုင်းမှ သုတေသနပြုလုပ်ရာတွင် ချင်းကို စားသုံးပေးခြင်းအားဖြင့် ဗိုင်းရပ်စ်များကြောင့် ဖြစ်ပွားတတ်သည့် အချို့သောရောဂါအတော်များများ သက်သာပျောက်ကင်းကြောင်း ဖော်ထုတ်တင်ပြထားပေသည်။

**၁၀။ သွေးကြောကျဉ်းရောဂါ၊ နှလုံးရောဂါ၊ အသည်းအဆီဖုံးရောဂါတို့ ခံစားနေရလျှင်**

သွေးကြောကျဉ်းရောဂါ၊ နှလုံးရောဂါ၊ အသည်းအဆီဖုံးရောဂါတို့ဆိုသည်မှာ သွေးထဲ၌ ကိုလက်စထရောများနေမှုကြောင့် ဖြစ်ပွားရခြင်းဖြစ်ပါသည်။ သည့်အတွက် ချင်းကို စားသုံးပေးခြင်းအား ဖြင့် ကိုလက်စထရောများ လျော့နည်းသွားနိုင်ပြီး အဆိုပါရောဂါများ သက်သာပျောက်ကင်းစေနိုင်ပါသည်။

အချို့မကြောက်သူများအတွက် ချင်းကို ခုနစ်လွှာခန့် ခပ်ပါးပါးလှီးပြီး ထန်းလျက်သုံးခဲနှင့် အထက်ပါအတိုင်း ကျို၍ သောက်သုံးပေးသင့်ပါသည်။ အချို့မကြိုက်သူများအဖို့ရာမှ



www.burmeseclassic.com

www.burmeseclassic.com

ချင်းအား ခပ်သေးသေးတုံးတစ်လုံးဖြတ်ကာ (ကြက်သွန်နီတစ်လုံးနီးပါးစာ) နမ်းဆီဖြင့် ညစဉ် သုပ်စားပေးသင့်ပါသည်။ တစ်လခန့် ပုံမှန်စားသုံးပေးပါက သွေးထဲ၌ ကိုလက်စထရောပါဝင်မှု လျော့နည်းသွားကြောင်း တွေ့မြင်ရပါလိမ့်မည်။


## အစွမ်းထက်ဆေးဖက်ဝင် ဇီရာမွှုပင်

ဇီရာမွှုသည် ပင်ပျော့အမျိုးအစားတွင် ပါဝင်ပြီး အစာမကြေဖြစ်ခြင်း၊ ချောင်းဆိုးခြင်း၊ ရင်ကျပ်ခြင်းနှင့် ခွဲ သလိပ်ထ[ ]င်းတို့အတွက် အသုံးပြုလေ့ရှိ ကြသည်။

ဇီရာမွှုသည် ဆေးဖက်ဝင် အပင်အမျိုးအစားတွင် ပါဝင်၏။ အရသာအားဖြင့် ချို၏။ စပ်ရှားရှားရှိ၏။ အေး၏။ အနည်းငယ် ပူသောသတ္တိရှိ၏။ နှုတ်ကို မြိန်စေတတ်၏။ ဝမ်းမီးကိုတောက်စေတတ်၏။ မျက်စိကို အကျိုးပြု၍ သားအိမ်ကို စင်ကြယ်စေတတ်၏။ လေ၊ သည်းခြေကိုနိုင်၏။ အဖျားရောဂါ၊ အဆုတ်ရောဂါ၊ လေရောဂါ၊ သည်းခြေကြောင့်ဖြစ်သောရောဂါ၊ နုနာ၊ အဆိပ်နာ၊ သွေးဖောက်ပြန်ခြင်း၊ ဝမ်းသက်ရောဂါပိုးတို့ကို သက်သာပျောက်ကင်းစေနိုင်ပါသည်။

**၁။ ဝမ်းသက်ရောဂါ ခံစားနေရလျှင်**

ဇီရာမွှုစေ့အမှုန့်ကို ဒိန်ချဉ်ထဲသို့ထည့်၍ ရောမွှေ



ကာ သောက်သုံးပေးခြင်းအားဖြင့် ဝမ်းသက်ရောဂါကိုပျော
ကင်းစေပါသည်။

**၂။ လေရောဂါ၊ သည်းခြေရောဂါ ခံစားနေရလျှင်**

ဇီရာမွှုစေ့၊ နံနံစေ့တို့ဖြင့် ချက်ထားသော ဟော
ကို စားသုံးပေးခြင်းအားဖြင့် ဝမ်းမီးနှုံးခြင်းနှင့်တကွ၊ လေ
ဂါ၊ သည်းခြေရောဂါတို့ကို သက်သာပျောက်ကင်းစေပါသ

**၃။ ပင့်ကူအဆိပ်တက်လျှင်**

ဇီရာမွှုစေ့ကို ကျောက်ပျဉ်တွင် သွေး၍သော်လ
ကောင်း၊ ကြိတ်၍သော်လည်းကောင်း ရရှိလာသော ဆေး
ဖတ်ကို ဒဏ်ရာပေါ်တွင် လိမ်းအုံပေးခြင်းအားဖြင့် ပင့်
အဆိပ်တက်ခြင်းဝေဒနာ သက်သာပျောက်ကင်းပါလိမ့်မ

**၄။ တစ်ကိုယ်လုံး ယားယံနေလျှင်**

ဇီရာမွှုတစ်ပင်လုံးကို ပြုတ်ပါ။ ထိုပြုတ်ရည်
ရေကိုရောစပ်ချိုးပေးပါက တစ်ကိုယ်လုံး ယားယံနေခြင်း
သက်သာပျောက်ကင်းသွားပါလိမ့်မည်။

**၅။ ပျို့အန်၍ ဝမ်းတွေသွားနေလျှင်**

ဝမ်းဗိုက်ကြီး တင်း၍ရောင်ခြင်း၊ ပျို့ခြင်း၊ ဝမ်းသ
ခြင်း၊ အစာမကြေဖြစ်ခြင်းတို့အတွက် ဇီရာမွှုအား မကြာခ
စားသုံးပေးပါက ဖြစ်ပေါ်လာသော ရောဂါများ သက်သ
ပျောက်ကင်းသွားပါလိမ့်မည်။

**၆။ မြင်းသရိုက်ရောဂါဖြစ်နေလျှင်**

မြင်းသရိုက်ရောဂါတွင် နာကျင်စွာ ကိုက်ခဲခြင်းဝေဒ
ခံစားရလေ့ရှိပါသည်။ ဤတွင် ဇီရာမွှုကို သကြားနှင့် ရေ
စပ်ကာ သောက်သုံးပေးခြင်းအားဖြင့် ရောဂါဝေဒနာ သက်သ
ရာရသွားပါလိမ့်မည်။

ဇီရာမွှု၏ အကျိုးသွားကား ထူးခြားလှပါသည်။ ဝမ်း
ဗိုက်တင်းရောင်ခြင်းကို သက်သာပျောက်ကင်းစေတတ်သည်
လေကို ငြိမ်သက်စေတတ်သည်။ အသည်းနှင့်အူတို့ကို အ
ပေးတတ်သည်။ သလိပ်ကို ဖျက်ဆီးတတ်သည်။ ချုပ်ခြင်းကို
ပျက်စီးစေတတ်ပြီး ကာမသတ္တိကို တိုးပွားစေတတ်ပါသည်

သုတေသီ
၀၉ ၂၀၁၄



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ပွဲကြိုက်သူ

မနုသဃကျော်ဝင်း(အမျိုးသားစာပေဆုရ)

စားပွဲပေါ်တွင် တွေ့ရသော ထူးဆန်းသည့်စာအိတ်ကလေး တစ်လုံးကြောင့် မြင့်ဆွေ မျက်လုံးပြူးသွားရ၏။ စာအိတ်ပေါ်တွင် ရေးသားထားသော ဒိုင်းစက်လုပသည့် လက်ရေးလေးကြောင့် ပို၍အံ့ဩခြင်း ဖြစ်မိရ၏။

"ဦးမြင့်ဆွေနှင့် ဇနီးအတွက်" သည်လိုလက်ရေးနှင့်စာမျိုး ယခင်က သူ့ဆီသို့ တစ်ကြိမ်မျှရောက်မလာခဲ့ဘူးချေ။ သူသည် မျက်မှောင်တစ်ချက်ကြုတ်လိုက်ရင်း စားပွဲပေါ်မှ လူခေါ်ခေါင်းလောင်းကလေးကို နှိပ်လိုက်၏။ ရုံးလုလင်လေးတင်မောင်သည် အခန်းထဲသို့ ခပ်သုတ်သုတ်ပြေးဝင်လာပြီး မြင့်ဆွေ၏စားပွဲရှေ့တွင် ခပ်ယို့ယို့ကလေး ရပ်နေသည်။

"ဒီစာအိတ်ကို ဘယ်သူလာပို့သွားတာလဲ မောင်တင်မောင်"

"မနက် ၉ နာရီလောက်တုန်းက ကောင်ကလေးတစ်ယောက် လာပို့သွားတာပဲဆရာ။ ဘယ်သူပို့ခိုင်းလိုက်တာလဲလို့ ကျွန်တော်မေးကြည့်တော့ ဆရာ့မိတ်ဆွေတစ်ယောက်က ပို့ခိုင်းလိုက်တယ်လို့ပြောရင် ဆရာသိပါတယ်တဲ့။ အဲဒီလောက်ပဲပြောပြီး ပြန်သွားတယ်။ ဘာများထူးလို့ပါလဲ ဆရာ"

"အေး...အေး၊ ဒီလောက်သိရရင် တော်ပါပြီကွယ်။ မင်းသွားနိုင်ပါပြီ"

တင်မောင် အခန်းထဲမှထွက်သွားသောအခါ မြင့်ဆွေသည် စောစောက စာအိတ်ငယ်ကလေးကို ဖောက်လိုက်သည်။ စနေနေ့ညတွင် ဂျူဘလီဇာတ်ရုံ၌ ကပြဖျော်ဖြေမည့် "မာသာဂရေဟာမ်"အမည်ရှိ နိုင်ငံခြားကပွဲအတွက် အထူးတန်း လက်မှတ်နှစ်စောင်ကို တွေ့ရ၏။ မြင့်ဆွေ၏ရင်ထဲတွင် ဖိုးကျိုးတုတ်ဖြစ် သွားရသည်။ သူသည် ပွဲအလွန်ကြိုက်၏။ တစ်နှစ်တွင် ရုပ်ရှင်တစ်ကားတလေမျှ ကြည့်ဖြစ်ချင်မှကြည့်ဖြစ်သည်။ ပွဲကိုတော့ အလွတ်ခံလေ့မရှိ။ ဇာတ်ပွဲတွေ တင်ဆက်ပြီဆိုလျှင်တော့ မလွတ်တမ်းကြည့်လေ့ရှိ၏။ မိုးရာသီတွင် ယဉ်ကျေးမှုကဇာတ်ရုံနခွဲမှ အပတ်စဉ်တင်ဆက်လေ့ရှိသော ကပွဲများကိုလည်း တစ်ပတ်မျှမပျက်ပဲ အားပေးလေ့ရှိ၏။ နိုင်ငံခြားမှကပွဲများ လာရောက်ဖျော်ဖြေပြီဆိုလျှင်တော့ မြင့်ဆွေ၏ တယ်လီဖုန်းရော၊ ရုံးလုလင်များပါ မအားကြရတော့ချေ။

မေတ္တာလက်မှတ် တောင်း၍မရလျှင် သို့မဟုတ် လက်မှတ်ဝယ်၍မရလျှင် မှောင်ခိုမှပေါက်ဈေးအတိုင်း ဝယ်၍ကြည့်၏။ သည့်အတွက် သူဘယ်တော့မှ နမြောလေ့မရှိ။

သူ့အဖို့ တစ်ခုတော့ကံကောင်းသည်ဟု ဆိုရပေမည်။ ယဉ်ကျေးမှုကဇာတ်ဌာနခွဲတွင် ရင်းနှီးသူမိတ်ဆွေ တစ်ယောက်ရှိနေသည်။ စိန်မောင်ဟုခေါ်၏။ စိန်မောင်သည် သူ့အတွက် ပွဲလက်မှတ် မေတ္တာလက်ဆောင်ရလျှင် ပွဲကြိုက်သူ မြင့်ဆွေထံသို့ ပို့ပေးလေ့ရှိ၏။ မေတ္တာလက်မှတ်မရသည့် အခါမျိုးတွင်လည်း မြင့်ဆွေ လက်မှတ် အလွယ်တကူဝယ်ယူရရှိနိုင်ရေးအတွက် သူက အကူအညီပေးလေ့ရှိ၏။ ပွဲလက်မှတ်ရရှိရေးအတွက် သိပ်ပြီး အခက်အခဲရှိသည့်အခါမျိုး၌ မြင့်ဆွေကလည်း အလိုက်သိပါ၏။ သူငယ်ချင်း စိန်မောင်ကို ဒုက္ခမပေးတော့ဘဲ သူ့ဟာသူ မှောင်ခိုတွင် ဝယ်၍ကြည့်၏။

ယခုတစ်ပတ် အမေရိကန်နိုင်ငံမှ လာရောက်သည့် မာသာဂရေဟာမ်ကပွဲမှာ အလွန်ပင် နာမည်ကြီး၏။ ယဉ်ကျေးမှုဌာနမှ အရာရှိစိန်မောင် ကိုယ်တိုင်ပင်လျှင် မေတ္တာလက်မှတ်မရရှိသဖြင့် မြင့်ဆွေထံသို့မပို့နိုင်ခဲ့။ နေ့စဉ်လို ရုံပြည့်ဖြစ်နေသဖြင့် လက်မှတ်ဝယ်ယူရရှိရေးအတွက်လည်း မကူညီနိုင်ခဲ့၊ မြင့်ဆွေသည် ထုံးစံအတိုင်း မှောင်ခိုတွင် လက်မှတ်ဝယ်ယူရန် ကြိုးစားကြည့်သေး၏။ သို့ရာတွင် ဈေးအလွန်ကြီးသဖြင့် သူလက်လျှော့လိုက်ရသည်။ နောက်တစ်ကြောင်းကလည်း



www.burmeseclassic.com

www.burmeseclassic.com

သူ့ဘကြီးဦးမိုးလတ် နယ်သို့ ခေတ္တပြန်သွားသဖြင့် အိမ်၌ အဖော်မရှိ။ ခါတိုင်း သူတို့လင်မယား ပွဲကြည့်သွားလျှင် ဘကြီးဦးမိုးလတ်က အိမ်စောင့်ပေးလေ့ရှိ၏။ လက်မှတ်မရသောကြောင့်ရော၊ အိမ်စောင့်ပေးမည့်သူ မရှိသည့်အတွက်ပါ "မာသာဂရေပာမ်ကပွဲကို" အလွတ်ခံတော့မည်ဟု သူစိတ်လျှော့ထားမိခဲ့၏။

သို့သော် သို့သော် မည်သူ၏ကောင်းမှုဟုမသိရ။ သူ့ထံသို့ စနေနေ့ည ပွဲအတွက် လက်မှတ်နှစ်စောင် ရောက်လာခဲ့လေပြီ။

"ငါ့မိတ်ဆွေ တစ်ယောက်ယောက် ပို့လိုက်တာဆိုပါလား။ ကောင်း စိန်မောင်ပဲနေမှာ။ ဒီလောက် ခဲရာခဲဆစ်အခြေအနေမှာ လက်မှတ်ရအောင်လုပ်နိုင်တာ ဒီတစ်ခါတော့ ဒီကောင် တော်တော်စွမ်းတာပဲ"

သူသည် တယ်လီဖုန်းကိုကောက်ကိုင်လိုက်ပြီး လိုအပ်သော နံပါတ်များကို လှည့်လိုက်၏။

"စိန်မောင်လားဟေ့။ ကိုယ်ပါ။ မြင့်ဆွေစကားပြောနေတယ်လေ"

"အေး・・・ဆိုစမ်းပါဦး သူငယ်ချင်းရ။ ကိုယ်ဘာများ အကူအညီပေးရဦးမလဲ"

"မလိုတော့ပါဘူးကွာ။ မင်းအပို့ခိုင်းလိုက်တဲ့ ပွဲလက်မှတ်နှစ်စောင်ရတဲ့အကြောင်းနဲ့ မင်းရဲ့အစွမ်းအစကို ချီးကျူးချင်လို့ ဖုန်းဆက်တာပါကွာ"

"ဘာ ဘယ်လိုကွ။ ငါ့ကို ကျေးဇူးတင်စကား ပြောချင်လို့ဟုတ်လား။ မင်းက ငါ့ကိုခနဲ့နေတာလား မြင့်ဆွေ"

"ဟေ့ကောင် စိန်မောင်၊ မင်းဘာတွေလျှောက်ပြောနေတာလဲ။ ဒီကနေ့ မနက် ၉ နာရီတုန်းက ကောင်ကလေးတစ်ယောက်ကို မင်းလွှတ်ပြီး ပို့ခိုင်းလိုက်တဲ့ ပွဲလက်မှတ်နှစ်စောင်ကို ငါရထားပြီးပါပြီကွ။ ဒါကြောင့် မင်းကို ကျေးဇူးတင်စကားပြောတာပါ"

"တော်စမ်းပါ မြင့်ဆွေရာ။ ဘယ်က လက်မှတ်ရလို့ ငါက မင်းဆီကိုပို့ရမှာလဲ။ မင်းရဲ့ တခြားမိတ်ဆွေတစ်ယောက်ယောက်က ပို့လိုက်တာဖြစ်မှာပါ"

"ဟာ・・မင်းတကယ်ပြောနေတာလား စိန်မောင်။ ငါကတော့ စနေနေ့ည ပွဲအတွက် အထူးတန်းလက်မှတ်နှစ်စောင်ရထားတာ အမှန်ပဲ။ ငါ့ရုံးလုလင် တင်မောင်ကပြောတော့ ဒီမနက် ၉ နာရီလောက်မှာ ကောင်ကလေးတစ်ယောက် လာပို့သွားတာတဲ့။ သူ့ကိုမေးကြည့်တော့ ငါ့မိတ်ဆွေတစ်ယောက်က ပို့ခိုင်းလိုက်တာလို့ ပြောသွားသတဲ့။ ဒါကြောင့် ငါက မင်းကိုပဲထင်နေတာ။ စာအိတ်ပေါ်က လက်ရေးကိုကြည့်တော့ မင်းရဲ့လက်ရေးမဟုတ်တာကို သတိထားမိလိုက်လို့ သေချာအောင် မင်းကို ဖုန်းဆက်မေးကြည့်မိတာပါ"

"ဟုတ်ပါပြီ။ မင်းရဲ့ တခြားမိတ်ဆွေ တစ်ယောက်ယောက်က ကုသိုလ်ပြုလိုက်တာပဲဖြစ်မှာပါ။ ဒါထက် မင်းရဲ့ ရုံးလုလင်လေး တင်မောင်ဆိုတာ တို့ကျောက်မြောင်း ဩဘာလမ်းထဲမှာနေတယ်မဟုတ်လား"

"ဟုတ်တယ်လေ။ တင်မောင်ကို မင်းသိသလား"

"သိတာပေါ့ မြင့်ဆွေရာ။ ဒီကောင်ကလေး အခု အပေါင်းအသင်းများလို့ မူးယစ်ဆေးစွဲသလိုလို ကြားရတယ်။ အဲဒါ မင်းတပည့်ကို ကြည့်ပြီးဆုံးမလိုက်ဦး"

"အေးပါကွာ။ ငါစုံစမ်းကြည့်ပါဦးမယ်။ ကဲ・・・ဒါပဲနော်"

တစ်ဖက်မှ တယ်လီဖုန်းချသွားပြီဖြစ်၍ မြင့်ဆွေလည်း တယ်လီဖုန်းချထားလိုက်၏။ သူသည် ပွဲလက်မှတ်နှစ်စောင်ကိုကိုင်ရင်း တစ်ယောက်တည်း မြူးနေမိ၏။

"ဘယ်သူက ပို့လိုက်တာပဲဖြစ်ဖြစ် ပွဲကြည့်ရတာ အမြတ်ပဲမဟုတ်လား။ ဟီး・・・ဟီး၊ ကြည့်ဖြစ်အောင် ကြည့်ရမယ်။ ပွဲလက်မှတ် ကုသိုလ်ရှင်ကြီး ကျန်းမာချမ်းသာပြီး သိန်းဆုကြီး ပေါက်ပါစေဗျား"

× × ×

စနေနေ့ညတွင်ဖြစ်၏။ ဂျူဘလီဇာတ်ရုံတစ်ခုလုံး ပွဲကြည့်ပရိသတ်များဖြင့် ပြည့်လျှံနေ၏။

"ပွဲလက်မှတ်ပို့လိုက်တဲ့ မောင့်ရဲ့ သူငယ်ချင်းကတော့ တကယ့်ကို လူရှုပ်တစ်ယောက်ဖြစ်မယ်ထင်တယ်နော်"

"ဘာဖြစ်လို့လဲ တိုးရယ်"

"ဒီလိုလေ တိုးတို့ပွဲမကြည့်ခင်မှာ ဒီလက်မှတ်တွေကို ဘယ်သူပို့လိုက်သလဲဆိုတာ အစဉ်းစားရကျပ်အောင်



www.burmeseclassic.com

www.burmeseclassic.com

ဦးနောက်အလုပ်ပေးခဲ့တယ် မဟုတ်လား။ တိုးတို့ ပွဲကြည့်ပြီးမှ ပွဲလက်မှတ်အလှူရှင်ဟာ ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာ ဖော်ကောင်လုပ်လိမ့်မယ်ထင်တယ်။ ဒါကြောင့် တော်တော်နောက်တတ်တဲ့လူ ဖြစ်လိမ့်မယ်လို့ တိုးက ထင်မိတာပါ"

"ဖြစ်နိုင်တယ် ဖြစ်နိုင်တယ်။ တိုးရဲ့အတွေးအခေါ်က မဆိုးပါဘူး။ ဘာပဲဖြစ်ဖြစ်လေ သူ့ကိုတော့ ကျေးဇူးတင်ရမှာဘဲ။ ဒီလောက် အနုပညာမြောက်ပြီး ကောင်းတဲ့ပွဲကို စိတ်ချမ်းချမ်းသာသာနဲ့ ကြည့်နိုင်အောင် ကူညီခဲ့တဲ့လူ မဟုတ်လား"

"ဒါပေါ့ မောင်ရယ်။ တကယ့်ကျေးဇူးရှင်ကြီးပါပဲ"

ည ၁၁ နာရီခန့် ပွဲပြီးသွားချိန်၌ သူတို့နေထိုင်ရာ ကမ်းနားလမ်းဘက်ဆီသို့ အငှားယာဉ်ဖြင့် ပြန်လာကြ၏။ မိုးတဖွဲဖွဲရွာနေသဖြင့် လမ်းတစ်လျှောက်၌ လူသွားလူလာကျဲနေ၏။ အိမ်ရှေ့အရောက်တွင် ကားကိုရပ်ခိုင်းပြီး ကျသင့်ကားခကို ရှင်းပေးကာ သူတို့လင်မယား လက်ချင်းတွဲ၍ တိုက်လှေကားဆီသို့ လျှောက်လာကြ၏။

"ဒီက နောင်ကြီးနာမည် ဦးမြင့်ဆွေ မဟုတ်လား။ ဇနီးနာမည်က ဒေါ်တိုးတိုး ဟုတ်တယ်နော်။ ကျွန်တော်တို့နဲ့အတူ ရဲစခန်းကို ခဏလိုက်ခဲ့ကြပါခင်ဗျာ"

မြင့်ဆွေ၏ရင်ထဲတွင် ထိတ်ခနဲဖြစ်သွား၏။ တိုးတိုးမှာလည်း မျက်နှာသေး ဆီးရှက်လောက်သာ ရှိတော့သည်။ သူတို့၏ရှေ့တည့်တည့်၌ရပ်နေသူ ရဲကြပ်နှင့် ရဲသားတို့ကမူ မည်သို့မျှ ထူးခြားဟန်မရှိဘဲ လေသံခပ်အေးအေးဖြင့် ပြောလိုက်ခြင်းဖြစ်၏။

"ကျွန်···ကျွန်တော်တို့မှာ ဘာအပြစ်ရှိလို့ပါလဲခင်ဗျာ"

"ဟုတ် · · ·ဟုတ်ပါတယ်ရှင်။ ကျွန်မတို့မှာ ဘာအပြစ်မှ မရှိပါဘူး။ ကပွဲကြည့်ပြီး ပြန်လာကြတာပါ။ တစ်ရပ်ကွက်လုံးကလည်း ကျွန်မတို့ကို လူကောင်းတွေမှန်း သိကြပါတယ်ရှင်"

"ကျွန်တော်တို့နဲ့ ရဲစခန်းကိုသာ လိုက်ခဲ့ပါခင်ဗျာ···။ ဟိုရောက်တော့ အကြောင်းစုံသိရပါလိမ့်မယ်"

မငြင်းသာတော့သဖြင့် မြင့်ဆွေနှင့် တိုးတိုးတို့သည် ရဲကြပ်နှင့် ရဲတပ်သားတို့ခေါ်ဆောင်ရာနောက်သို့ လိုက်ပါသွားကြသည်။ မြို့နယ်ရဲစခန်းသည် သူတို့နေအိမ်နှင့် ဝေးကွာလှသည်မဟုတ်ရကား တစ်ခွယ်ငါးမိနစ်ခန့် လျှောက်လိုက်လျှင် ရောက်ရှိသွားကြ၏။

"ဟေး··ဖိုးမြင့်ဆွေ၊ မာသာဂရေဟမ်ပွဲ ကြည့်လို့ကောင်းရဲ့လား"

ရဲစခန်းထဲဝင်ဝင်ချင်း ရင်းရင်းနှီးနှီး နှုတ်ဆက်လိုက်သည့် စကားသံကြောင့် မြင့်ဆွေ အံ့ဩသွားမိရ၏။ အသံရှင်ကား အခြားသူမဟုတ်။ ရဲအုပ်တစ်ယောက်နှင့် ယှဉ်တွဲထိုင်နေသော သူ့သူငယ်ချင်း စိန်မောင်ပင် ဖြစ်၏။

"မင်းရဲ့ ပွဲလက်မှတ် အလှူရှင် ဘယ်သူဆိုတာ သိရပြီလား"

မြင့်ဆွေက ဦးခေါင်းကို တွင်တွင်ရမ်းခါလိုက်မိ၏။ ထို့အပြင် စိန်မောင်ကိုလည်း နားမလည်သည့်မျက်နှာဖြင့် ငေးကြည့်နေ၏။

"အဲဟို· · ·အချုပ်ခန်းထဲမှာရပ်နေတာ ဘယ်သူလဲဆိုတာ ကြည့်လိုက်စမ်းပါ"

စိန်မောင် ညွှန်ပြသည့်နေရာသို့ လှမ်းကြည့်လိုက်သောအခါ မြင့်ဆွေအဖို့ အံ့ဩခြင်းမက အံ့ဩမိရတော့၏။

"ဟယ် · · ·ငါ့ရဲ့ရှူးဖိနပ်လေး တင်မောင်ပါလား"

"မင်း အံ့ဩသွားပြီလားမြင့်ဆွေ။ အဖြစ်ကတော့ ဒီလိုပါ။ မင်းဟာ ပွဲ

"တကယ်တော့ဗျာ ကျွန်တော်လည်း စုံထောက်ဉာဏ်ရှိလွန်းလို့ မဟုတ်ပါဘူး။ ကျွန်တော်တို့ခေတ် အစိုးရစစ်ခုနစ်တန်းစာမေးပွဲဖြေတုန်းက အင်္ဂလိပ်စာမေးခွန်းလွှာမှာပါတဲ့ ပုံပြင်ဝတ္ထုနဲ့ အမေးအဖြေတစ်ပုဒ်ကို ပြန်ပြီး သတိရမိလို့ပါ။ အဲဒီပုံပြင်ထဲမှာတော့ ရုပ်ရှင်ကြိုက်တတ်တဲ့ လင်မယားကို· · ·



www.burmeseclassic.com

www.burmeseclassic.com

သိပ်ကြိုက်တယ်။ လက်မှတ်ကို မရမက ကြိုးစားပြီးဝယ်တတ်တယ်…။ မာသာဂရေယာမ်ပွဲအတွက် လက်မှတ်ကလည်း မလွယ်၊ ညဘက် အိမ်စောင့်ပေးမယ့်သူလည်းမရှိလို့ မကြည့်တော့ဘူးဆိုပြီး လက်လျှော့ထားခဲ့တယ် မဟုတ်လား"

စိန်မောင်သည် စီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်လိုက်ပြီးနောက် စကားဆက်ပြန်၏။

"မင်းရဲ့အခြေအနေကို ရိပ်စားမိတဲ့ တပည့်ကျော်တင်မောင်က အကွက်ဝင်ဖန်တော့တာပဲ။ ပွဲလက်မှတ်မှောင်ခို သမားတစ်ယောက်ဆီက အထူးတန်းလက်မှတ်နှစ်စောင်ကို အပေးအယူတစ်ခုလုပ်ပြီး ရအောင်ယူခဲ့တယ်။ ပြီးတော့ မင်းရဲ့ မိတ်ဆွေတစ်ယောက်ယောက်က ပို့လိုက်လေဟန်နဲ့ ဝိဝိရိရိ ကလိန်ကျခဲ့တယ်။ ပွဲကြိုက်တဲ့ မင်းအနေနဲ့ မလွဲမသွေ သွားကြည့်လိမ့်မယ်ဆိုတာ သူက တွက်ထားပြီးပြီကိုး။ ဒါကြောင့် မင်းတို့လင်မယား အိမ်ကို သော့ခတ်ထားခဲ့ပြီး ပွဲသွားကြည့်တုန်း တင်မောင်က သူ့လုပ်ငန်းကို စတော့တာပဲ"

"သူ တစ်ချက်ကံဆိုးသွားတာက ပွဲလက်မှတ်ကို ငါပို့လိုက်သလားဆိုပြီး မင်းတယ်လီဖုန်းနဲ့ စုံစမ်းလိုက်တဲကိစ္စပဲ"

- "အစကတော့ ငါလည်း မင်းဆီကို အခြားမိတ်ဆွေ တစ်ယောက်ယောက်က ပို့လိုက်တာဖြစ်မှာပဲလို့ ထင်မိတာ။ ဒါပေမယ့် တင်မောင်ကို သတိရမိတော့ ငါ့စိတ်ထဲ သံသယဝင်လာတယ်။ ဒီကောင်ကလေးက မှုးယစ်ဆေးစွဲနေတယ်ဆိုတဲ့ သတင်းက တို့လမ်းထဲမှာ အခုတလော အပုပ်နံ့ထွက်နေတယ်။ ဘိန်းဖြူဖိုး ငွေလိုနေတာမို့ ဒီကောင် အကွက်ဆင်တာလားဆိုပြီး ငါတွေးမိခဲ့တယ်လေ။ ဒါ့ကြောင့် ဒီနေ့ညနေကတည်းက ဒီကောင့်နောက်ကို ငါမသိမသာ နောက်ယောင်ခံလိုက်နေခဲ့တယ်။ မင်းတို့အိမ်ဘက်ကို လူတစ်ယောက်နဲ့သွားတာ မြင်လိုက်တော့ ငါလည်း ချက်ချင်းပဲ မြို့နယ်ရဲစခန်းကို ပြေးတယ်။ တာဝန်ကျရဲတပ်ဖွဲ့ဝင်တွေနဲ့ မင်းရဲ့တိုက်ခန်းကို လာကြည့်တော့ လားလား…ငါထင်တဲ့အတိုင်းပဲ သူငယ်ချင်းရေ။ တင်မောင်နဲ့ သူ့အဖော်က သော့တူနဲ့ဖွင့်ဝင်ပြီး မင်းအခန်းကို မွှေနေကြပြီလေ။ ဒါနဲ့ ရဲတွေက သူတို့ကို လက်ထိတ်ခတ်ပြီး ဒီနေရာကို ခေါ်လာခဲ့ကြတာပဲ။ မင်းရဲ့အခန်းကိုတော့ ယာယီသော့ခတ်ပြီး အစောင့်ချထားခဲ့ရတယ်။ အဖြစ်ကတော့ ဒါပါပဲကွာ"

မြင့်ဆွေသည် စိန်မောင်ကို အံ့ဩကျေးဇူးတင်စွာဖြင့်ငေးကြည့်နေမိသည်။

"ဆရာ့ရဲ့မိတ်ဆွေ ဦးစိန်မောင်ကတော့ ယဉ်ကျေးမှုဗျာနမှာ တာဝန်ထမ်းဆောင်တာထက် အင်းစိန်မှုခင်းထောက်လှမ်းရေးဘက်ကိုဝင်ပြီး အမှုထမ်းရင် ပိုပြီးအောင်မြင်မယ်ထင်တယ်"

တာဝန်ကျရဲအုပ်က ဝင်၍နောက်လိုက်သဖြင့် စိန်မောင်ရောမြင့်ဆွေပါ တဟားဟားနှင့် ရယ်မောမိကြ၏။

"တကယ်တော့ဗျာ ကျွန်တော်လည်း စုံထောက်ဉာဏ်ရှိလွန်းလို့ မဟုတ်ပါဘူး။ ကျွန်တော်တို့ခေတ် အစိုးရစစ် ခုနစ်တန်းစာမေးပွဲဖြေတုန်းက အင်္ဂလိပ်စာမေးခွန်းလွှာမှာပါတဲ့ ပုံပြင်ဝတ္ထုနဲ့ အမေးအဖြေတစ်ပုဒ်ကို ပြန်ပြီး သတိရမိလို့ပါ။ အဲဒီပုံပြင်ထဲမှာတော့ ရုပ်ရှင်ကြိုက်တတ်တဲ့ လင်မယားကို တစ်စုံတစ်ယောက်က စာတိုက်ကနေ တစ်ဆင့် လက်မှတ်နှစ်စောင် ပို့လိုက်တယ်။ ဘယ်သူပို့လိုက်မှန်းမသိပေမယ့် ရုပ်ရှင်သိပ်ကြိုက်တဲ့ ဇနီးမောင်နှံဟာ အဲဒီလက်မှတ်နဲ့ ရုပ်ရှင်သွားကြည့်ကြတယ်။ ပြန်လာတော့ အိမ်ထဲမှာ ခါလီဖြစ်နေပြီလေ။ သူခိုးက အားလုံးမသွားပြီကိုး။ စာတိုလေးတစ်စောင်တော့ ရေးပြီးချန်ထားခဲ့သတဲ့။ 'ကျေးဇူးအထူးတင်ပါသည်'လို့ ရေးထားပြီး အောက်မှာတော့ ရုပ်ရှင်လက်မှတ်ပို့ပေးသူလို့ ဖော်ပြထားသတဲ့ဗျာ။ ဟိုတစ်နေ့က မြင့်ဆွေ ကျွန်တော့်ဆီကို ဖုန်းဆက်တော့ တင်မောင်ရဲ့အကြောင်းကို စဉ်းစားမိရင်း ခုနစ်တန်း အင်္ဂလိပ်စာမေးခွန်းထဲက ပုံပြင်ကလေးကိုပါ သတိရဆက်စပ်တွေးမိတာကြောင့် အခုလို လုပ်ဆောင်နိုင်ခဲ့တာပါပဲ"

စိန်မောင်က တာဝန်ကျရဲအုပ်ကို ရှင်းပြနေခြင်းဖြစ်၏။

"အေးကွာ…ငါလည်း နောင်တရပါပြီ။ နောက်ကို ဆင်ခြင်ပါ့မယ်။ ပွဲလက်မှတ် အလကားရတိုင်း သွားမကြည့်တော့ဘူးလို့ ဆုံးဖြတ်လိုက်ပါပြီ"

စိန်မောင်ရော တာဝန်ကျရဲအုပ်တို့ပါ ခေါင်းတညိတ်ညိတ်ဖြင့် ပြုံးနေမိကြ၏။

**မနုသဘကျော်ဝင်း(အမျိုးသားစာပေဆုရ)**



www.burmeseclassic.com

www.burmeseclassic.com




ဆုတောင်းပြည့်

# ဆရာကြီး အောင်ဘုန်းမြင့်

နက္ခတ္တဗေဒ ဗလိတပညာရှင် - မဟာဂန္ဓရီဗေဒင် လက္ခဏာသုတေသီ

စာရေးဆရာ – အောင်ဘုန်းမြင့် (ကချင်မြေ)

ကလောင်ခွဲ – ကာလီဓါရ် (မြန်မာပြည်)

- ယတြာ ဓာတ်ရိုက်ဓာတ်ဆင် အထူးဆောင်ရွက်ပေးသည်။
- ဘဝရေစ့ဆောင်လမ်းညွှန် အတိုင်ပင်ခံသည်။
- နေ့စဉ် နံနက်(၆)နာရီ မှ (၉)နာရီအတွင်း အခမဲ့ဖုန်းဖြင့် ဟောကြားပေးသည်။

အမှတ်(၄၂)၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။ ဖုန်း - ၀၁-၅၄၀၇၂၀၊ ၀၉-၃၁၀၂၂၈၁၆



# လိပ်ခေါင်းရောဂါရှင်များ ဝမ်းမြောက်ဖွယ်

လိပ်ခေါင်းရောဂါမှန်လျှင် ဒိဌပျောက်ကင်းရမည်။

- ဆရာ၏ဆေးခန်းတွင် လိပ်ခေါင်းရောဂါရှင်များအား မပူ မစပ်၊ မနာ၊ မကျင်၊ မလှီးမဖြတ်၊ မြန်မာ့နည်း မြန်မာ့ဟန်သက်သက်ဖြင့် အမြစ်ပါမကျန် လုံးဝပျောက်ကင်းအောင် ကုသပေးလျက်ရှိပါသည်။
- ကုသ၍ပျောက်ကင်းသွားသော ရောဂါရှင်ပေါင်းများ၏ ဓာတ်ပုံနှင့် ထောက်ခံစာပေါင်းများစွာတို့ကို လက်တွေ့ လာရောက်လေ့လာနိုင်ပါသည်။(နိုင်ငံခြားမှ ခွဲစိတ်ကုသဖူးသူများ အပါအဝင်)
- ရောဂါအတွက် ပျောက်ကင်းအောင် တာဝန်ယူသည်။
- လိပ်ခေါင်းရောဂါသည် အနားယူမှသာ အမြစ်ပြတ် ပျောက်ကင်းနိုင်ပါသည်။

မှတ်ချက်။ ။လိပ်ခေါင်းရောဂါသည် ဓားဆေးသက်သက်ဖြင့် လုံးဝပျောက်ကင်းပါ။

နိုင်ငံကျော် မန္တလေးမြို့ အဘိဓမ္မာတောင်သာဆရာကြီးဦးလှမောင်၊ ဆရာမကြီးဒေါ်သန်းဟန်(လိပ်ခေါင်းအထူးကုစိဇ္ဇာ)

ရန်ကုန်ဆေးခန်းဌာနခွဲ

အမှတ်(၅၀)၊ (၅)လွှာ၊ (၁၂၀)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၀၀၉၃၉၁၊ ၀၉-၅၅၀၃၁၃၄၂၇၊ ၀၉-၈၇၂၄၃၄၂၂

၃၃-၁၄လမ်းကြား၊ ၈၀-၈၁လမ်းကြား၊ အကွက်-၅၄၊ ပြည်လုံးချမ်းသာ၊ မန္တလေး။ ဖုန်း-၀၂-၇၅၂၈၀၊ ၀၉-၉၁၀၄၄၀၂၅


www.burmeseclassic.com

www.burmeseclassic.com

# ကျော်မြိုးသန်း

## အမှိုင်းရောင်သစ္စာစကား

ဇာ တ် သိ မ်း



www.burmeseclassic.com

www.burmeseclassic.com

# အစိမ်းရောင်သစ္စာစကား

(စာတိသိမ်း)

ကျော်မြသန်း

“အမေကြီးသေပြီတဲ့ ဟုတ်လား သီတာ”

“ဟုတ်တယ်···ကိုဇော်”

“ဒီလိုဆို···ဘယ်လိုလုပ်မလဲ၊ သီတာ ပြန်မလား”

“သီတာ ပြန်ချင်တယ် ကိုဇော်။ သီတာ့အနေနဲ့ အမေ့ရဲ့ရုပ်ကလာပ်ကို နောက်ဆုံးအနေနဲ့ ဂါရဝပြုရဦးမယ်။ ပြီးတော့ လုပ်စရာရှိတာလေးတွေ လုပ်ကိုင်ပြီးမှ သီတာ ပြန်ခဲ့မယ်လေ”

“အေးလေ။ သီတာ သွားဖို့လာဖို့ ကိုဇော် အားလုံးတာဝန်ယူ လုပ်ပေးပါ့မယ်”

သီတာသည် ရှိုက်၍ရှိုက်၍ ငိုနေသည်။

မိမိ၏စိတ်တွင် အမေ၏ရုပ်ကလာပ်ဆီသို့ မောင့်အားခေါ်သွားချင်ပါသော်လည်း မောင်သည် ဘဝပြောင်းကို လုံးဝသတိရတော့သည့် လူမဟုတ်။

ဘဝသစ်၌ လူသစ်စိတ်သစ်နှင့် ပျော်မွေ့နေသည့် လူတစ်ယောက်ဖြစ်နေပြီ။ သည်အတွက် ပို၍ ယူကြုံးမရဖြစ်မိသည်။

ဝမ်းနည်းမိသည်။

တွေးမိတိုင်း ရင်သည် သိမ့်သိမ့်ခုန်နေရလေပြီ။

သီတာ မှတ်မိပါသေးသည်။

သည်တုန်းက မောင် နောက်ဆုံးစစ်ထွက်ခါနီး မှာသွားတဲ့စကား။

“မောင်က စစ်သား။ စစ်ထွက်ရမှာက တောကြီးမျက်မည်း လျှိုမြောင်တွေထဲမှာဆိုတာ သီတာအသိနော်။ တကယ်လို့များ မောင့်မေမေ တစ်စုံတစ်ခုဖြစ်ခဲ့ရင် သီတာ အထူးဂရုစိုက်ပါကွယ်။ မောင်မရှိလို့ဆိုပြီး ပစ်မထားပါနဲ့။ မောင့်အမေဟာလည်း သီတာ့မေမေပါပဲ။ မောင့်ကိုချစ်သလို မေမေ့ကိုချစ်ပါလို့ မောင်အထူးမှာချင်တယ် သီတာ”

“မောင့်မှာ ဒီအမေ့ကိုပဲ ချစ်နေရတာ။ တကယ်လို့ မပြောကောင်းပြောကောင်း အမေတိမ်းပါးသွားရင် မောင့်ထံ သံကြိုးရိုက်ပါ။ မောင်မလာအားရင် သီတာကပဲ အမေ့အလောင်းကို ကမကထပြုပြီး သင်္ဂြိုဟ်ပေးပါ။ ဆွမ်းသွတ်ပြီး အမျှအတန်းဝေပေးပါ။ သံကြိုးရိုက်ရင် လာနိုင်အောင်တော့ ကြိုးစားပါ့မယ်။ ဒီစကားကိုတော့ သီတာ တစ်သက်မမေ့ပါနဲ့နော်။ အရေးအကြီးဆုံး မှာတမ်းအနေနဲ့ သီတာ မှတ်ထားပါကွယ်”

“အို···မောင်ကလည်း နိမိတ်မရှိတဲ့စကား”

“မဟုတ်ဘူး သီတာ။ လူ့ဘဝ လူ့လောကဆိုတာ နေ့မြင် ညပျောက်မဟုတ်လား။ ဒီတော့ အရေးကြီးတဲ့စကားတွေကို မှာထားရမှာပေါ့”

“ဒီအတွက် စိတ်ချပါမောင်။ စိတ်မချရတာက မောင့်ကိုပဲ”

“မောင့်ကို ဘာစိတ်မချ···”

မောင်သည် ပြောင်စပ်စပ်နှင့် သီတာ့အား ငဲ့စောင်းကြည့်ရင်း ဗိုနပ်ကြိုးချည်နေသည်။

“မောင်က စစ်ဗိုလ်ကြီးဆိုတော့ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီပွင့်ကြီးမဟုတ်လား။ ဒီတော့ ရှေ့တန်းထွက်ရင် ဇာချောအလှကလေးတွေနဲ့တွေ့မှဖြင့် သီတာ့ကို မေ့နေရင် ဒုက္ခ”

“အို··· မောင်ဘယ်ဘဝရောက်ရောက် သီတာ့ကို မေ့လို့ရမှာ မဟုတ်ပါဘူး။ သီတာ့ကို ချစ်နေမှာပါ။ ငဲ့တော့ ယုံပါသီတာ”

“တကယ်လား”

“နှစ်ကယ် သုံးကယ်”

မောင့်စကား။

မောင့်ရဲ့ ပလီပလာစကား။

မောင့်ရဲ့ အသည်းနှလုံးထဲကမပါတဲ့ စကားတည်း။

သီတာ တွေး၍ဆွေးမိသည်။

တွေးလေလေ ဆွေးမပြေလေလေ ဖြစ်မိသည်။

ခုတော့ မောင့်စကားတို့သည် ရေပေါ်တွင် အရုပ်ရေးသည့်နှယ် ပျက်ပြယ်ခဲ့လေပြီ။ ဘာတစ်ခုမျှပင် အရာမထင်တော့။



www.burmeseclassic.com

www.burmeseclassic.com

ဘာတစ်ခုမျှပင် စွဲကျန်ရစ်သည် မရှိတော့။

မောင်သည် အပြောကောင်း၊ အဟောကောင်းသူအဖြစ်သာ သီတာ မှတ်ရလေတော့မည်လား မောင်။

သီတာ့ကို ချစ်တယ်ဆိုတဲ့မောင် သည် ခုတော့ သီတာ့အား လုံးဝပင် မသိလေတော့ပါကလား။

xxx

## အခန်း (သုံးဆယ့်တစ်)

နံနက်ခင်း နေထွက်စအချိန်တွင် အမေချစ်သောသား၊ အမေမြတ်နိုးသော လောကကြီးနှင့် အမေတွယ်တာသော ချစ်သမီးသီတာတို့ကို ကျောခိုင်းသွားကြောင်း သိရသည်။

အမေသေရသည်မှာ စိတ်ကြောင့် ဖြစ်သည်။ အမေသည် အသက်ကြီးပြီ၊ အိုမင်းမစွမ်း၊ မနာမကျန်းရှိနေပြီ။ သည်တော့ သူ့အနားမှာ သီတာ့ကို ရှိနေချင်သည်။ သားကို ရှိနေစေချင်သည်။

သားသမီး၏ စောင့်ရှောက်မှုကို ခံစားလိုသည်။ သို့ပေမယ့် အမေ့စိတ်ဆန္ဒအတိုင်းကား လက်တွေ့တွင် ဖြစ်မလာခဲ့။ ဤသည်ကလည်း အမေ့ရောဂါကို ပိုဆိုးစေသည် ထင်ပါရဲ့။

အမေသည် သားအသက် မသေသည်ဆို၍ ဝမ်းသာသွားသည်၊ ဒါကြောင့် နလုံးလေဟပ်သွားသည်။

ဖြစ်နိုင်ပါသည်။ ပျောက်ကွယ် ဆုံးရှုံးသွားသော ရင်နှစ်သည်းချာ သားရတနာတစ်ပါးသည် မသေမပျောက်ဘဲ ရှိသေးကြောင်း သိရလျှင် အဘယ်သူသည် ဝမ်းမသာဘဲ ရှိပါ့။ မပျော်ရွှင် မချမ်းမြေ့ဘဲရှိစ။

သည်တွင် အမေ့ရောဂါ တိုးသွားခဲ့သည်။ သားဖြစ်သူကို တမ်းတမ်းတတ နှင့် မေးသည်။ သားက မလာ။ သားက ရောက်မလာ။

အမေသည် နောက်ဆုံး ဘဝတစ်ပါးသို့ ပြောင်းသွားသည့်အချိန်ထိ သားမျက်နှာကိုပင် မြင်မသွားလိုက်ရ။

"သား မလာသေးဘူးလား"

"သားလေးကို တွေ့ပါရစေ"

"သမီး...သမီး...သားကို ခေါ်ပေးပါလားကွယ်။ အမေနေရတော့မှာ မဟုတ်ပါဘူး။ သားလေးကို အမေသိပ်တွေ့ချင်တာပဲ"

ချစ်သောသား၊ သံယောဇဉ်ကြီးသောသားကို အမေသည် နှုတ်မှ တဖွဖွ တသသခေါ်ရင်း အသက်ထွက်သွားကြောင်း ဘေးမှပြောပြချက်အရ သိရသည်။

သီတာ စိတ်မကောင်းမိ။

အမေ့အကြောင်းကို ကြားသိရလေ ရင်တို့သည် လိမ့်၍လိမ့်၍ နာလာလေပင်။

သီတာ ရန်ကုန်ပြန်ရောက်ပြီး နောက်နေ့တွင် အမေ့ရုပ်အလောင်းကို ဖုတ်သွင်းသင်္ဂြိုဟ်၍ပင် ပြာချသည်။

အမေသည် သီတာ့ကို နားလည်မှုများမှ ရှိပါလေစ။ မောင့်ကို အပါခေါ် မလာခဲ့သည့်အတွက်လည်း သီတာ့ကိုယ်သီတာ ဒေါသဖြစ်လျက်ရှိသည်။

အမှန်တော့...အမေသေဆုံးကြောင်း ကြေးနန်းစာရသည်နှင့် တင်ထွန်းနိုင်ဆီသို့ လာခဲ့သည်။ အမေသေဆုံးကြောင်း အကျိုးအကြောင်းပြောပြရန် ဖြစ်ပါသည်။

တင်ထွန်းနိုင်ကို အိမ်တွင် မတွေ့ရ။ ရိပ်မျှော်နှင့်သားလေးကိုသာ တွေ့ရသည်။ သီတာက တင်ထွန်းနိုင်ကိုမေးသည်။

"ဒီက ညီမရယ် မောင်...ဟို ဟို...အစ်ကိုဗမာတစ်ယောက် ရှိသလားဟင်"

သံကြိုးစာကလေးကိုကိုင်ပြီး သီတာ ရိပ်မျှော်အား အလောတကြီးမေးမိသဖြင့် စကားများ မှားသွားသည်ကို နောက်မှ သတိရသဖြင့် အစ်ကိုဗမာဟု ပြင်ပြီး ပြောလိုက်ရသည်။

ရိပ်မျှော်က သီတာ့ကို စိမ်းစိမ်း ဝါးဝါးကြည့်သည်။ သူ့အကြည့်က မလိုမုန်းထားသောအကြည့်၊ စားလိုဝါးလိုသော အကြည့်။ ဒါကို သီတာ သတိထားမိသည်။

ရိပ်မျှော်ရင်တွင်းတွင် အဘယ်သို့ ရှိမည်၊ အဘယ်သို့ ခံစားရသည်ဆိုသည်ကို မိန်းမသားချင်းမို့ သီတာ နားလည်သဘောပေါက်ပါသည်။ သို့သော် အခြေအနေက သိပ်အရေးကြီးနေတော့ ဤကိစ္စကို အလေးမထားနိုင်တော့ပါ။

"ညီမရယ် အစ်ကိုဗမာ မရှိဘူးလား"

သီတာ ထပ်မေးရပြန်ပြီ။

ရိပ်မျှော်က ဟိုအဝေးကြီးမှာရှိနေသည့် တောင်တန်းများဘက်သို့ ငေးကြည့်နေပြီးမှ...

"တောင်ယာထဲမှာ ရှိနေပါတယ် မမ"

ရိပ်မျှော်အသံက ခပ်လေးလေးနှင့် ဝမ်းနည်းသံပါနေသည်ကို သီတာ



www.burmeseclassic.com

www.burmeseclassic.com

သတိပြုမိလိုက်သည်။ တောင်ယာထဲသို့ လိုက်မှဖြစ်မည်မှန်း သိသည်နှင့် ရိပ်မျှော်အား နှုတ်ဆက်ပြီး ထွက်လာခဲ့သည်။

တောင်ယာထဲတွင် မောင့်ကိုတွေ့ရပါသည်။ သို့ပေမယ့် မောင် သီတာ့ကို တွေ့လိုက်ရသည့်အတွက် လှိုက်လှိုက်လှဲလှဲမရှိ။ မလိုလား မနှစ်သက်သလို သီတာ့ကို ကြည့်သည်။ သီတာ ရင်နင့်ရသည်။

"မောင်..."

သီတာက ခေါ်သည်။

မောင် ထူးသံမကြားရ။

"မောင်ရယ်...သီတာ့ကို လုံးဝမသိတော့ဘူးလားကွယ်"

သီတာ့အသံသည် ပြောရင်း ရင်တွင်းသို့ တိမ်၍ဝင်သွားသည်။ ရှိုက်သံလည်း သဲ့သဲ့မျှ ထွက်လာသည်။ သီတာ့ရင်တို့သည် အရှိန်ပြင်းပြင်းနှင့် တိုက်ခတ်လာသော လှိုင်းတံပိုးကဲ့သို့ တဝုန်းဝုန်းနှင့် မြည်၍နေပြီ။

သီတာ အံကို တင်းတင်းကြိတ်ထားသည့်ကြားမှ ကျလာသော မျက်ရည် ဥများကို လက်ကိုင်ပုဝါနှင့် သုတ်လိုက်သည်။

"ဟင်...ဒုက္ခပါပဲ"

တင်ထွန်းနိုင်၏ သက်ပြင်းရှိုက်သံကြားရ၏။

"ခက်တယ် မခင်သီတာ။ ကျွန်တော် ဘာပြောရမလဲ။ ဘာပြောရမှန်းလည်း မသိဘူးဗျာ။ ခင်ဗျားက ကျွန်တော့်ချစ်သူ ဧနီးလို့ ပြောနေတယ်။ ဒါပေမယ့် ကျွန်တော်သိတာက ရိပ်မျှော်ပဲ။ ကျွန်တော့်အသက်နဲ့ပုံပြီး ချစ်တာဟာလည်း ရိပ်မျှော်ပဲရှိတယ်"

"မောင်ရယ်..."

သီတာက နွမ်းနယ်စွာ ညည်းမိလိုက်သည်။ နာကြည်းချင်သည်။ မနာကြည်းရက်။ ရင်တွင်းတွင် သိပ်ခံပြင်းနာလွန်းသည်မို့ အံကို တင်းတင်းစေ့ထားမိသည်။

တင်ထွန်းနိုင်သည် တစ်ချက် ခင်သီတာ့ကိုငဲ့ကြည့်လိုက်ပြီး မိုးကောင်းကင်ပြင်ကိုသာ အဓိပ္ပါယ်မဲ့မဲ့နှင့် ကြည့်နေသည်။ ခင်သီတာ၏ သနားစရာရုပ်သွင်ကို သူ မကြည့်ချင်ပါ။ ကြည့်လည်းမကြည့်ရက်ပါ။

ခင်သီတာသည် သူ့အား သူ့လင်ပါဟု ဆိုနေသည်။

သူနှင့်ချစ်ခဲ့တဲ့နေရာတွေ၊ သူနှင့်ပွေ့ဖက်ကျီစယ်ယုယခဲ့တဲ့ နေရာတွေ၊ ချစ်အင်းလျားတို့ ဗိုလ်ချုပ်ဈေးတို့ သမ္မတရုပ်ရှင်ရုံတို့ စသည်များကို တဖွဖွပြောခဲ့သည်။ တင်ထွန်းနိုင် ခင်သီတာ ပြောတာတွေကို လုံးဝမသိ။

အင်းလျားကန်မှာ ချစ်ဟင်းနေ့ာတာတွေ။ ဗိုလ်ချုပ်ဈေးမှာ ပစ္စည်းဝယ်တာတွေ။ သမ္မတရုပ်ရှင်ရုံမှာ နှစ်ကိုယ်တူ ရုပ်ရှင်ကြည့်တာတွေ။

အို...ဘာတွေဆို ဘာတွေကိုမှ တင်ထွန်းနိုင်မသိတော့။

စဉ်းစားသည်။ စဉ်းစားမရ။

ဦးနှောက်သာ ခြောက်ခဲ့ရသည်။

အတွေးပေါင်း မြောက်မြားစွာသာ တွေးတောခဲ့ရသည်။

ဘာမှ မယ်မယ်ရရ အရိပ်မထင်မိ။ ဘာတစ်ခုမှလည်း သတိမရ။

သည်တော့ သည်အတွေး သည်စကားတွေကို တင်ထွန်းနိုင် လုံးဝပင် မကြားချင်မိတော့ပါ။

"မောင်..."

သီတာ တစ်ခါခေါ်လိုက်ပြန်သည်။

"ပြောပါ ခင်သီတာ"

"မောင် သီတာ့ကို စကားမပြောချင်တော့ဘူး အသိမလုပ်ချင်တော့ဘူး ဆိုတာတောင် မောင့်အမေကိုတော့ မောင် သတိရသင့်တယ်"

"အမေ...အမေ"

ခင်သီတာ့စကားကို ကြားသည်နှင့် တင်ထွန်းနိုင်သည် ဆတ်ခနဲကြည့်ပြီး အမေဟု တိုးတိုးညည်းမိသည်။ စဉ်းစားစရာတစ်ခု တိုးလာပြန်ပါပြီကောလားဟုလည်း စိတ်ထဲမှရေရွတ်မိသည်။

"ဟုတ်တယ်မောင် အခု မောင့်စိတ်ကြောင့် အမေသေရှာပြီ"

"အမေသေပြီ ဟုတ်လား"

တင်ထွန်းနိုင်ကို ကြည့်ရသည်မှာ ဘယ်လိုမှ ခံစားမိပုံမရ။ ဝမ်းနည်းရိပ်၊ ဆွေးရိပ်၊ သောကရိပ်ဟူ၍ မြူတစ်မှုန်မျှပင် မတွေ့ရ။ စိတ်ပျက်လက်ပျက်နှင့် သက်ပြင်းရှိုက်ရင်း...

"ကျွန်တော် မသိဘူးဗျာ။ အမေရှိတယ်ဆိုတာလည်း မသိဘူး။ ဘာဆို ဘာမှ ကျွန်တော် မသိတော့ဘူး"

သီတာတစ်ယောက် တင်ထွန်းနိုင်ကို သတ်ပစ်ချင်လောက်အောင် စိတ်ဆိုးမိသည်။ မောင်သည် သီတာ့ကိုလည်းမသိ။

ထားလိုက်တော့ ရိပ်မျှော်လို ချစ်ရမယ့်သူတစ်ဦး ရှိနေလို့ မသိဘူးဆိုရင် သီတာ ဖြေသာသေးရဲ့။

ခုတော့ မောင့်ကို လူတစ်လုံးသူ

www.burmeseclassic.com

တစ်လုံးဖြစ်အောင် ပြုစုပျိုးထောင်ပြီး သံယောဇဉ်ကြီးခဲ့တဲ့ အမေ့လိုလူကို တောင်မှ မသိဘူးဆိုတော့ လွန်နေပြီ။ မောင်လွန်ပြီ။

မောင့်ကို စိမ်းစိမ်းကားကား တစ်သက်မှာ သည်တစ်ခါပဲ ကြည့်ဖူးခဲ့သည်။ မောင့်ကို သီတာ အသည်းနှင့်ပုံ၍ အသက်နှင့်ပုံ၍ ချစ်ခဲ့သည်။ ကြင်နာခဲ့သည်။

ခုတော့ မောင်သည် သီတာ့အချစ်၏ အပုံတစ်ရာကို တစ်ပုံပင် မမီခဲ့သည့်အပြင် စိမ်းကားသည့် ရက်စက်သည့် စကားတို့ကိုဆိုချေပြီ။

ကိုယ်ကလိုက်၍ သူက ပြေးရှောင်သည်လား။ ကိုယ်ကချော့၍ သူက မာနေသည်လား။

ဒါတွေကို သီတာမသိပါ။

လုံးဝ မသိချင်တော့ပါ။

သူမုန်းရင် ကိုယ်ကြဉ်ရုံပေါ့။

သူမေ့လျှင် ကိုယ်မေ့ရုံပေါ့။

သူစိမ်းလျှင် ကိုယ်တိမ်းရုံပေါ့။

စသည့် အတွေးတွေက ခေါင်းထဲသို့ဝင်လာသည်နှင့် မျက်ရည်စတို့ကို သုတ်လိုက်သည်။ အံကိုလည်း တင်းတင်းစေ့ထားလိုက်မိသည်။

အမေ့ကိုလည်းမသိ။ သီတာ့ကိုလည်း မသိတဲ့အတူတူတော့ မထူးပါဘူး။

"သီတာ ဒီနေ့ ရန်ကုန်ကိုပြန်မယ်။ ဒါလာပြီး နှုတ်ဆက်တာပါမောင်။ ဒီတစ်သက်တော့ မောင်နဲ့သီတာ ပြန်မဆုံနိုင်အောင် သီတာကြိုးစားပါ့မယ်။ အို···မောင်နဲ့သီတာ တွေ့စရာမလိုတော့ပါဘူး။ မဟုတ်ဘူးလားမောင်။ ကဲ နောက်ဆုံးအနေနဲ့ သီတာ နှုတ်ဆက်ခဲ့ပါတယ် ပြန်ပါဦးမယ်"

သီတာသည် တင်ထွန်းနိုင်ကို မျက်ရည်ဥတွေကြားထဲမှ ဝမ်းနည်းမှုအသံကို ထိန်းချုပ်၍ နှုတ်ဆက်သည်။

တင်ထွန်းနိုင် ငေး၍တွေး၍ သီတာ့ကိုကြည့်သည်။

"ကံမကုန်သေးရင်လည်း ကျွန်တော်တို့ ပြန်လည်ဆုံကြသေးတာပေါ့ ခင်သီတာ"

တင်ထွန်းနိုင် နောက်ဆုံးပြောလိုက်သောစကားတို့ကို ခင်သီတာ မကြားနိုင်တော့ပေ။

ခင်သီတာတစ်ယောက် တင်ထွန်းနိုင်ကို နှုတ်ဆက်ပြီးသည်နှင့် တစ်ပြိုင်နက် တင်ထွန်းနိုင်ရှေ့မှ ထမပြေးရုံတစ်မည် ထွက်ခွာသွားသည်မဟုတ်လား။ ထို့နောက် သီတာတစ်ယောက်တည်း ရန်ကုန်သို့ပြန်ခဲ့သည်။

ရန်ကုန်ရောက်တော့ အမေ့အသုဘကိစ္စများ ဆောင်ရွက်သည်။ တင်ထွန်းနိုင်နှင့်ပတ်သက်သည့် ခံစားမှုများကို မေ့နိုင်သလောက်မေ့သည်။ ဖျောက်နိုင်သလောက်ဖျောက်သည်။

မြစ်ကြီးနားသို့ လှည့်ပြန်မသွားချင်တော့။ ဟိုပြန်ရောက်သွားလျှင် အပေါင်းတို့သည် အသစ်ပြန်၍ဖြစ်လာဦးမည်ကို သိသည်။ ဒါကြောင့် ရန်ကုန်တွင်ပြန်၍ အလုပ်ရအောင် ကြိုးစားသည်။

သီတာ ရန်ကုန်တွင်ပင် နေရသည်။ ထိုကာလအတွင်း ဒေါက်တာမြင့်ဇော်မိုးလည်း ရန်ကုန်သို့ တာဝန်နှင့် ပြန်ရောက်လာသည်။

သီတာနှင့် ဒေါက်တာမြင့်ဇော်မိုးတို့ အတူတူ ဆေးရုံတစ်ခုတည်းတွင် တာဝန်ပြန်ကျသည်။

ထိုအတောအတွင်း ဒေါက်တာမြင့်ဇော်မိုးနှင့် သီတာတို့ ပို၍နီးစပ်ခဲ့သည်လို့ ပြောလျှင်ရသည်။

အဘယ်ကြောင့်ဆိုသော် သီတာလိုလားနေသည့်မေတ္တာ၊ သီတာလိုလားနေသည့် အချစ်များအား ပေးနိုင်စွမ်းရှိသည်က ဒေါက်တာမြင့်ဇော်မိုးပင် မဟုတ်လား။

တပူးတွဲတွဲ ရွှေတိဂုံဘုရားသွားပန်းကပ်ကြသည်။ ခိုစာကျွေးကြသည်။ တပူးတွဲတွဲ ကရဝိက်မှာ မုန့်စားကြသည်။ တိရစ္ဆာန်ရုံမှာ ပျော်ပါးကြသည်။

မယ့်လက် မောင်ယှက်၊ မောင့်လက် မယ်တွဲ၍ ပျော်ပွဲချစ်ပွဲဝင်နေကြသည်က သီတာနှင့် ဒေါက်တာမြင့်ဇော်မိုးတို့ တူစုံမောင်နှံပင်။

ထိုအချိန်···ဘဝကိုမေ့နေသည့် အဖြစ်အပျက်များအား အိပ်မက်လိုဖြစ်နေသည့် တင်ထွန်းနိုင်ဘဝကလေးအား လှုပ်လှုပ်ရှားရှားဖြစ်စေရန် အကြောင်းတစ်ခုဖြစ် လာခဲ့သည်။

သည်အဖြစ်က လုံးဝမမျှော်လင့်သည့်ဖြစ်ရပ်။

တိုက်ရင်းကုန်ထုတ်၊ ကုန်ထုတ်ရင်းတိုက်၊ တိုက်ရင်းစည်းရုံး၊ စည်းရုံးရင်းတိုက်ဆိုသည့် ဆောင်ပုဒ်မှုကို လက်ကိုင်ကျင့်သုံးသည့် တပ်မတော်သည် ရှကော်ချွာသားများအား စည်းရုံး၍ ရပ်ရွာငြိမ်ဝပ်ပိပြားရေးကို လိုလားသည့် ကချင်လူမျိုးများ၏ အကူအညီဖြင့် ပြည်သူ့စစ်ဖွဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ရွာ၏ လုံခြုံရေး・・・

ရွာ၏ သန့်ရှင်းရေး・・・

ရွာ၏ ကျန်းမာရေး စသည်တို့ကို ဆော်သြ၍ ကမကထပြု၍ တပ်မတော်က ကူညီပြီး လုပ်ကိုင်ပေးသည်။

ပြည်သူ့စစ် ဖွဲ့စည်းရေးတွင်လည်း သေနတ်ကိုင်တွယ်ပုံ ကိုင်တွယ်နည်း။ ပစ်နည်း။ ခတ်နည်း။ ရန်သူကို တိုက်ခိုက်နည်း・・・စသည်များကို စနစ်ကျကျနှင့် အချိန်ယူ၍ သင်ကြားပြသပေးသည်။

ရကော်ရွာသားများသည် မိမိတို့ကလည်း ကျွေးမွေးထားရသည့် မိမိတို့အားလည်း ရန်မူနေသည့် လက်နက်ကိုင်သောင်းကျန်းသူများကို လက်စားချေချင်သည်မှာ ကြာပြီ။ အားကိုးမရှိ၍သာ ခေါင်းငုံ့ခံနေခဲ့ရသည်။

ယခုတော့ အားကိုးရပြီ။

တိုက်နည်းခိုက်နည်းလည်း တတ်ပြီ။ လက်နက်အင်အားလည်းရှိပြီ။ ပြန်ချရန် လှုံ့ဆော်နေသည်။ မခံချင်စိတ်ကလည်း ရှိနေပြီ။

ရပ်ရွာ၏ ငြိမ်ဝပ်ပိပြားရေးနှင့် ရပ်ရွာသာယာမှုကို ရကော်ရွာသားတို့ အထိမခံနိုင်တော့။ သည်တစ်ခါ လက်နက်ကိုင် သောင်းကျန်းသူတို့လာလျှင် အသေဆော်ကြမည်ဟု ကြိမ်းဝါးနေကြသည်။ သည်ထဲတွင် တင်ထွန်းနိုင်လည်း ပါသည်။

တင်ထွန်းနိုင်သည် ပြည်သူ့စစ် ခေါင်းဆောင်ဖြစ်သည်။ တိုက်ခိုက်ရေးကို ရွာသားတွေထက် တတ်ကျွမ်းသည်။ စစ်ဆင်ရေးပရိယာယ်နှင့် ရန်သူကို တိုက်ခိုက်နည်းများအား တင်ထွန်းနိုင်က အကျွမ်းတဝင် တရင်းတနှီးရှိသည့် အတွက် ရွာက သူ့ကို ခေါင်းဆောင် တင်လိုက်ကြသည်။

တပ်မတော်သည် ရွာမှ ပြည်သူ့စစ်များကို တိုက်ခိုက်နည်းများ အကျွမ်းတဝင်ရှိသည်နှင့် လက်နက်အပ်ပွဲများ ပြုလုပ်ပြီး ရေတွာန်းတစ်နေရာသို့ တပ်ထွက်သွားကြပြန်သည်။

တစ်နေ့・・・

လက်နက်ကိုင် သောင်းကျန်းသူတို့ တပ်မတော်ထွက်ခွာသွားပြီသတင်း ရသည်နှင့် ရကော်ရွာကို ဝင်ရောက်တိုက်ခိုက်သည်။ ဒေသခံ ပြည်သူ့စစ်များကလည်း တန်ပြန်တိုက်ခိုက်သည်မို့ တိုက်ပွဲဖြစ်သည်။

ရကော်ရွာနားတစ်ဝိုက် သေနတ်သံကို ဆူညံနေသည်။

ပြည်သူ့စစ်ခေါင်းဆောင် တင်ထွန်းနိုင်လည်း ဟိုအော်သည်အော် ဟိုပြေးသည်ပြေးနှင့် အလုပ်ရှုပ်နေသည်။

လက်နက်ကိုင် သောင်းကျန်းသူတို့ အထင်နှင့်အမြင် လွဲသွားသည်။ တပ်မတော်မရှိဘူး ဆိုသည်နှင့် ရကော်ရွာကို အလွယ်ကလေး ဝင်လို့ရမည် ထင်သည်။

သည်ကျတော့ ပြည်သူ့စစ်ဘက်မှ ပစ်ခတ်မှုကြောင့် သောင်းကျန်းသူအတော်များများ ကျဆုံးတော့သည်။ အလောင်းကိုပင် မကောက်နိုင်တော့ဘဲ ခွေးပြေးဝက်ပြေး ထွက်ပြေးကြသည်။

ရကော်ရွာဘက်မှ ပြည်သူ့စစ် ခေါင်းဆောင် တင်ထွန်းနိုင်တစ်ယောက် ရန်သူ့ကျည်ဆန် ထိမှန်သွားသည်။

ဤသို့ဖြင့် တင်ထွန်းနိုင်တစ်ယောက် မေ့လျော့နေပြီဖြစ်သည့် မိမိ ဘဝဟောင်းကို သတိပြန်ရသည်။

ခင်သီတာကို သတိရသည်။

အမေ့ကို အမှတ်ရသည်။

သည်တွင် ရိုပ်မျှော်ကို မသိတော့။

သားကလေး ဇန်ခေါင်းကိုလည်း မသိတော့။

အကျွမ်းတဝင် မရှိဘူးသည့်နယ် စိမ်းစိမ်းကားကား ရှိသွားသည်။

တင်ထွန်းနိုင် သတိလည်လာချိန်တွင် ခင်သီတာသည် မြစ်ကြီးနားတွင် မရှိတော့ပေ။

ကံကြမ္မာသည် ဘာကြောင့် ခင်သီတာကို မျက်နှာသာမပေးပါသနည်း။

ကြည့်・・・

တင်ထွန်းနိုင် ပြန်လာသည့်အချိန်တွင် ခင်သီတာ့ဘဝက လွတ်လပ်မှုကင်းဝေးခဲ့ပြီ။ ဒေါက်တာမြင့်ဇော်မိုး၏ တောင်းဆိုသောမေတ္တာအား တုံ့ပြန်မှုပေးလိုက်ပြီး မကြာမီကာလတွင် ဒေါက်တာမြင့်ဇော်မိုးနှင့် သီတာတို့ လက်ထပ်ကြတော့မည်။

ထို့ကြောင့် သီတာသည် တင်ထွန်းနိုင်အား အတွေ့မခံခဲ့။ တင်ထွန်းနိုင်နှင့်ကွဲစေရန်သာ အမျိုးမျိုးဖန်ခဲ့သည်။

အခုတော့ တင်ထွန်းနိုင်ကို တွေ့ရချေတော့မည်။

ဒါကလည်း ဒေါက်တာမြင့်ဇော်မိုးက တင်ထွန်းနိုင်အား တွေ့သင့်သည့်အကျိုးအကြောင်းပြောသင့်သည်ဟု ဆိုသောကြောင့်တည်း။

သည်နေ့ သီတာ တင်ထွန်းနိုင်နှင့်



www.burmeseclassic.com

www.burmeseclassic.com

တွေ့ရမည်။

ရယ်စရာတော့ ကောင်းသည်။ သည်လိုစိတ်ကူးမျိုး သီတာ ဘယ်လိုရသနည်း။ တွေးလျှင် သည်အဖြစ်က ရယ်စရာအဖြစ်။

ကြည့် . . . သီတာ မနက်က အစောကြီးထသည်။

ရေမိုးချိုး၊ ကိုယ်လက်သန့်စင်သည်။ ပြီး တင်ထွန်းနိုင် အလွန်နှစ်သက်သည့် ကိုယ်တိုင်ကိုယ်ကျ ဝယ်ပေးခဲ့သည့် မိုးပြာရောင်ဝတ်စုံကိုဝတ်သည်။

တင်ထွန်းနိုင်နှင့် တွေ့သည်။

"သီတာ"

အပေါက်ဝကို ခြေချဝင်လာကတည်းက ကြည်နူးရွှင်ပျ ဝမ်းသာအား ရ နှုတ်ဆက်သည်။ တင်ထွန်းနိုင်က တင်းတင်းကျပ်ကျပ် ပွေ့ဖက်မည့်ဟန်ရှိသည်။ သီတာကတော့ ကျောက်ရုပ် တစ်ရုပ်လို ငြိမ်လို့။

"သီတာ . . . သီတာ မောင့်ကို သိပ်နာကြည်းနေပြီလား"

နှုတ်ခမ်းလေး ညွတ်ကွေးရုံမျှ သီတာပြုံးသည်။

"သီတာ ဘယ်သူ့ကိုမှ မနာကြည်းပါဘူး။ သီတာ နာကြည်းတာက ဘဝကိုပဲမောင်။ သီတာ့ဘဝကို သီတာ နာကြည်းတာပါ"

"သီတာရယ် ဒါတွေမေ့လိုက်ပါစို့။ ဘဝသစ်တစ်ခုမှာ ပျော်ကြပါစို့ အချစ်ရယ်"

သီတာက ခေါင်းခါသည်။

"အပေါ်ယံကြည့်ရင် ဒီလိုဖြစ်ပေမယ့် နက်နက်နဲနဲတွေးရင် ဒီလိုမဟုတ်ဘူးမောင်။ ခုဆို မောင်တို့ သီတာတို့ ဘဝက မလွတ်လပ်တော့ဘူး"

"ဘာ"

တင်ထွန်းနိုင် အော်လိုက်သည်။

"ဟုတ်တယ်မောင်။ ခုဆို မောင့်မှာ ရိပ်မျှော်ဆိုတဲ့ ရိုးသားတဲ့ ကြင်နာသူရှိနေသလို သီတာလည်း အခြေအနေအရပ်ရပ်ကြောင့် ကိုဇော်ကို လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ပြီမောင်"

"ဘာ . . . ဘာရယ် သီတာ"

"ဟုတ်တယ် မောင်။ အဖြစ်အပျက်တွေက ဘယ်လိုမှ ပြင်လို့မရတော့ဘူး။ ဒါကြောင့် အနာဂတ်လှပရေးအတွက် ပစ္စုပ္ပန်ကို အလှဆင်သင့်ပါတယ်။ မနက်ဖြန်ဆိုတာ ဒီကနေ့ရဲ့ အကြိုနေ့ပါ မောင်ရယ်"

"သီတာရယ် . . . သီတာ့ဆုံးဖြတ်ချက်ကို မပြင်တော့ဘူးလား"

"ဟုတ်တယ်မောင်။ သီတာမပြင်နိုင်တော့ဘူး။ ဘာ့လို့လဲဆို မောင်တို့ကို မပြုပြင်သင့်တဲ့ လူ့ကျင့်ဝတ်တွေက ချုပ်စည်းထားပြီမဟုတ်လား။ ဒါကြောင့် မောင်ရယ် မောင့်ကိုမျှော်လင့်နေမယ့် ရိပ်မျှော်လေးဆီ ပြန်ပါတော့။ မောင့်ကြောင့် သူ့ဘဝကလေး မပျက်စီးသင့်ပါဘူး မောင်ရယ်"

"သီတာ . . ."

"သီတာ နားလည်ပါတယ်မောင်။ မောင့်ကို သီတာ ချစ်ပါတယ်။ ဒါပေမယ့် . . ."

သီတာ စကားရပ်သွားသည်။ စကားသံအစား ရှိုက်သံပေါ်လာသည်။ နောက် သီတာတစ်ယောက် ညှိုးမှုပစ်လွှတ်လိုက်သည့် မြားကဲ့သို့ ရုတ်တရက် အိပ်ခန်းတွင်းသို့ ဝင်ပြေးသွားသည်။

တင်ထွန်းနိုင် ငိုင်လို့။

သစ်ငုတ်တစ်ငုတ်လို ငိုင်လို့။

နောက် တင်ထွန်းနိုင် အံကို တင်းတင်းစေ့လိုက်သည်။ သင်ပြင်းကို ဟင်းခနဲချလိုက်သည်။ နောက်ဘက်သို့ လှည့်လိုက်သည်။

"ရိပ်မျှော်"

သူ့ကလေး၏ မျက်နှာမြင်လာသည်။

သီတာ့စကားသံတွေ ကြားလာသည်။

ရိပ်မျှော်ကလေး မျှော်နေမယ်တဲ့။

ပြုပြင်မရတဲ့ လူ့ကျင့်ဝတ်တွေ ကာဆီးထားတယ် . . . တဲ့။

ချစ်ပါတယ် . . . တဲ့။

မှန်ပါသည်။

ခုတော့ တင်ထွန်းနိုင် ရိပ်မျှော်ဆီ ပြန်ရပါမည်။

ချစ်သူကို ကြင်နာတဲ့လက်နဲ့ ထွေးဖက်ရပါဦးမည်။

သားကလေး၏ မြကမ္ဘာလာထွေးလို နုထွေးသည့်ပါးပြင်ကို ဖခင်၏ အကြင်နာအနမ်းနှင့် လန်းအောင် ပြုရပါဦးမည်။

ပြီးတော့ . . .

ကချင်ပြည်နယ်အတွက် တင်ထွန်းနိုင်နှင့်ရိပ်မျှော် အလုပ်တွေအများကြီး လုပ်ရပါဦးမည်တည်း။

ကျော်မြသန့်



www.burmeseclassic.com

www.burmeseclassic.com


# ဆရာကြီး အရယ်ာ ဆရာအောင်

(အကြားအမြင် ဂမ္ဘီရပညာပါရမီရှင်) (ဝါတွင်းဝါပ တနင်္လာနေ့တိုင်းပိတ်သည်)

မော်လမြိုင်(ခေါင်းဆေးကျွန်း)၊ ပဲခူး(ဒေးစွန်းပါ)၊ သန်လျင်(ကျောက်တန်း) ဘုရားတည်၊ စာမေးပွဲ၊ ကျန်းမာရေး၊ အချစ်ရေး၊ ထူးချွန်ထက်မြက်မည့် ကလေးနာမည်ပေးခြင်း၊ ဆိုင်၊ ကုမ္ပဏီနှင့် လုပ်ငန်းအမည်ရွေးချယ်ခြင်း၊ ထူးခြားအောင်မြင်သော စီးပွားရေးလုပ်ငန်းများ နိုင်ငံခြားကိစ္စ၊ သင်္ဘောသားများ လိုင်းကောင်း၊ လစာကောင်းပြီး အမြန်ထွက်ခွာရန်၊ အမှုအခင်းများ၊ အိမ်၊ ခြံ၊ မြေ၊ ကားရောင်း၊ သားသမီးများ လိမ္မာယဉ်ကျေးပြီး မိဘစိတ်တိုင်းကျဖြစ်စေရန် ကူညီခြင်း၊ အိမ်ထောင်ရေးကိစ္စ အထူးဆောင်ရွက်သည့်(မူလအိမ်ထောင်ရှင်ဘက်မှသာ)၊ ထီနှင့် ကံစမ်းလုပ်ငန်းများအတွက် လမ်းညွှန်သည်။ ဓာတ်ရိုက်၊ ဓာတ်ဆင် အာမခံဖြင့် ဆောင်ရွက်သည်။

ဆိုင်အမှတ်(၈)၊ ဆူးလေဘုရားအဝိုင်း၊ ရန်ကုန်မြို့။ ဖုန်း/၀၉-၅၁-၁၂၁၄၆၊ ၀၉-၇၃၁-၅၃၁၈၈
နံနက် (၈း၃၀) နာရီ မှ နေ့လည် (၁၂း၃၀) နာရီ။
အိမ်အမှတ်(၁၇)၊ အောင်နီလာလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း/၀၅၆-၂၁၆၀၉(အိမ်)
ညနေ (၄း၀၀) နာရီ နောက်ပိုင်း

လိုင်စင်အမှတ် - ၁/၂၀၁၅ တဆထလ(၂၇၄၆)

# အောင်ဝိဇ္ဇာမိုရ်ဆေးတိုက်

- ကျားအားနည်း၊ သေ/ညှိုး၊ တစ်ခဏပြီးသွားခြင်း၊ အားမထိန်းနိုင်၊ ပန်းလန်းပြီး ရုတ်တရက် ညှိုးနွမ်းခြင်း၊ အကြောများ ရှန်းကန်မှုနည်း၊ ရာနှုန်းပြည့် မစွမ်းဆောင်နိုင်ခြင်းများအတွက် အောင်ဝိဇ္ဇာမိုရ်မှ ကုသရင်း ထုတ်လုပ်ထားသည့် အကြောအားဖြည့် စားဆေး၊ လိမ်းဆေး၊ ဆေးမျိုးစုံ (TMR 011176), (1114), (TMR 011177), (1114)
- လိပ်ခေါင်းတွင်း/ပြင်၊ စအိုဝဖုသီးထွက်၊ ဝမ်းသွားအားမရ သွေးပါ၊ စအိုယောင်ရမ်းနာကျင်ခြင်း၊ လိပ်ခေါင်းအဖု တဖြည်းဖြည်းကြီးလာခြင်း၊ အရိအခြဲကျခြင်းတို့ကို အထူးကုသ ဆေးများဖြင့် အမြစ်ပြတ် ကုသပေးနေပါပြီ။ (1208 y 7427942)
- ခရုသင်း၊ သမင်ဖြူ၊ နှင်းခူစို/ခြောက်၊ ကာလသားရောဂါများ ကုသပေးနေပါပြီ။ အထူးကုဆေးများလည်း ရရှိနိုင်ပါသည်။ (0813 y 10568)သွေးသန့်ဆေး၊ သွေးညှိဆေး၊ မီးယပ်၊ ထိမ်ငုပ်၊ ယားယံ/ဖုပိမ့်ထခြင်း၊ အပူငြိမ်းဆေး၊ အဆီကျဝမ်းပျော့၊ သွေးသန့်ဆေးများလည်း ရရှိသည်။

- ဆေးခန်း - အမှတ်(၃၁၄)၊ ရွှေဘုံသာအလယ်လမ်း၊ KBZ ဘဏ်ဘေး၊ (၀၁-၃၈၇၀၉၇)၊ (၀၉-၃၁၉၂၁၁၃၅)
- ပင်ရင်းဖြန့်ချီရေး - အမှတ်(၈၆)၊ (၉၄)လမ်း၊ မင်္ဂလာတောင်ညွန့်၊ (၀၉-၅၀၁၆၃၇၂၊ ၀၉-၅၀၃၃၈၃၉)
- ပင်မဖြန့်ချီရေး - ကိုဝင်းမြင့်+မဘောဘိ(ကမ်းနားလမ်း)၊ (၁၅)လမ်းထောင့် ကိုလုစိုး(သိမ်ကြီးဈေး)၊ လူထုမေတ္တာ(သိမ်ကြီးဈေး)၊ သီဟ(သန်လျင်မြို့မဈေးအနီး)၊ အောင်ရတနာ(၂၈×၈၃)လမ်းထိပ်၊ ကောင်းသန့်(၂၆၄/၂၈)၊ (၈၂×၈၃ လမ်းထိပ်)၊ မတူး-မစူး(၂၀×၂၂) မြန်မာ့ဂုဏ်ရည်(၂၆)၊ (၈၈×၈၉)၊ ဗန္ဓုလ(ဈေးချို)၊ အာရောဂျံ(သိမ်ကြီးဈေး)၊ အာရောဂျံ နှ(၄)၊ နေပြည်တော်မြို့မဈေး၊ ပွဲကတော်မင်္ဂလာရပ်(ပျဉ်းမနား)၊ ကိုတူးတူး(မကွေးတိုင်းဆေးရုံကြီးနောက်ဘက်)တို့တွင် ရရှိနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# တောဘုမ္မာ ဝင့်နန်းလယ်မှာ ကျွတ်တမ်းကာယ် စာမလိပ်ချင်ဘု

## မောင်ဟိန်းကျော်

(ယခင်လမှအဆက်)

ဦးတင်မြလိုပင် ကျန်လူများ ကလည်း ကရင်လေးစကားကြောင့် ဖျာယီး ပျာယာ ဖြစ်ကုန်ကြသည်။

တစ်ယောက်တစ်မျိုး တီးတိုး သံများ ဆူညံသွားသည်။

"ရပါတယ် ဦးတင်မြရယ်၊ သူ ပြောတတ်သလို ပြောတာပါ။ ဒကာ ကြီးတို့ကကော အခု ကရင်ကလေး မေးတဲ့ မေးခွန်းမျိုး မမေးချင်ကြဘူး လား။ အဖြေကိုကော မသိချင်ကြ ဘူးလား"

"ဒါ…ဒါပေမယ့် မသင့်လျော် ပါဘူးဘုရား"

"ကျုပ်…ပြောမယ် ဒကာကြီး တို့ အရှင်နာဂသိန်ဆိုတဲ့ ဘုရားသား တော်ကို မိလိန္ဒဆိုတဲ့ လူမင်းက အခု လိုပဲ မေးဖူးတယ်။ ပဋိသန္ဓေတည်ခြင်း နဲ့ ပတ်သက်လို့ ဖခင်လောင်းနဲ့ မိခင် လောင်း ကာမစက်ယှက်မှုရှိခြင်း၊ သန္ဓေယူရန် ဆုတောင်းမှုရှိခြင်း၊ ကံ ရှိခြင်းတို့ကြောင့် ပဋိသန္ဓေ ဖြည်ာည် နိုင်တယ်လို့ ဖြေထားပါတယ်၊ နောက် ပြီး တချို့ သရဲဆိုတဲ့ ပြိတ္တာတွေရဲ့ ဘဝကူးပြောင်းခြင်းမှာ ပိုးလောက်လန်း အဖြစ် ဘဝပြောင်းတယ်ဆိုတာ ကျုပ် ပြောပြခဲ့ဖူးတယ် မဟုတ်လား"

"မှန်ပါဘုရား။ အခုလို သိရလို့ ကျေးဇူးကြီးလှပါတယ်ဘုရား"

ဦးတင်မြနှင့် ဦးထွန်းကြိုင် ပြိုင်တူလျှောက်တင်လိုက်ကြသည်။

"မှန်ပါ။ ဒီလိုဆိုရင် အစ်ကို ကျော်စွာနဲ့ အစ်မမယ်ဆင့်တို့ကို နေရာ ချထားပေးလိုက်ရင်…

"ဟေ့… ဟေ့ ကရင်လေး မင်းပါးစပ်ပိတ်တော့၊ ငြိမ်ငြိမ်နေ"



www.burmeseclassic.com

www.burmeseclassic.com

ကျော်စွာက ကရင်လေး စကားကို လမ်းခုလတ်မှ ဖြတ်တားလိုက်ရ၏။ မယ်ဆင့်ဆီကိုလည်း တောင်းပန်သော အကြည့်ဖြင့် လှမ်းကြည့်လိုက်သည်။ မယ်ဆင့်က နားလည်ခွင့်လွှတ်ဟန်ဖြင့် ခေါင်းငုံ့နေလိုက်၏။

"အင်း . . . ကိုကရင်လေးက သက်ခိုင်လူ့ဘဝ ပြန်ဝင်စားစေချင်လို့ ပြောတာ ဒကာမကြီး ဒကာကြီးတို့ စိတ်မဆိုးကြပါနဲ့၊ ကိုကရင်လေးကလည်း သမုဒယတဏှာကြိုးကိုဖြတ်ဖို့ ကြိုးစားနေတဲ့ ဒကာမကြီးကို နောက်ပြန်ဆုတ်ဖို့ မတိုက်တွန်းချင်ပါနဲ့လေ၊ ကျုပ် သဘောကတော့ ကာမဘုံသာ ဆုံလည်နွားလို သက်ခိုင်ကို ကာမဘုံထဲ ပြန်မလာစေချင်ဘူး၊ သူ့ကံ ဘာရှိတယ်ဆိုတာ ကျုပ်တို့ သိရတာ မဟုတ်ဘူး။ ကိုကရင်လေးပြောတဲ့ လူ့ဝင်စားလို အရင်ဘဝကို အားလုံး သိရင်ဟော့ လူ့ဝင်စားမှန်းသိနိုင်တာပေါ့။ အတိတ်ဘဝကို ဘာမှ မသိဘဲ လူပြန်ဖြစ်တာတွေလည်း ရှိသေးတယ်၊ တချို့ လူ့ဘဝမှ သေပြီး အတိတ်ဘဝကိုသိတဲ့ ခွေးဘဝဝင်စားတာတွေ၊ နွားလာဖြစ်တာတွေ၊ အရင်ကတော့ ယောကျ်ား-အခုဘဝမှာ မိန်းမ၊ အရင်ဘဝက မိန်းမ၊ အခုဘဝ ယောကျ်ားလာဖြစ်တာတွေ ဘုရားဟောဇာတ်တော်တွေထဲမှာ အများကြီးရှိတယ်ဗျ"

"မှန်လှပါ သူ့ကျွန်ဘဝမှာ လူဖြစ်ခဲ့ရတဲ့ တပည့်တော်တို့ဟာ စာမတတ်ကြပါဘူးဘုရား၊ စာမတတ်တော့ အကန်းပေါ့ဘုရား။ ကန်းတာမှ တရားမသိ အမှားမသိနဲ့ မျက်စိရှိပါလျက် သံသရာတစ်လျှောက်လုံး ကန်းကြတော့မယ့် ဘဝမျိုးဖြစ်နေပါပြီဘုရား"

"ဒါကြောင့် ဦးထွန်းကြိုင်ရယ် ကျုပ်ဆန္ဒကြီးကို ချိုးနှိမ်ထားပြီး ဒီကျောင်းပေါ်မှာ သောင်တင်နေရတာပေါ့ဗျာ၊ ဒကာကြီးတို့လို ရှာကြီးမျိုးမို့ ကျုပ်လည်း သမုဒယနှောင်ကြိုးအတုပ်ခံနေရတာပေါ့။ ဒီတော့ ကျုပ်ဘက်က မြစ်ကမ်းပါးအပြိုခံပြီး တရားဟောပြသလို ဒကာကြီးတို့ဘက်ကမ်းမှာ မြေနုအသစ်ပေါ်ထွန်းမယ်ဆိုရင်တော့ ကျုပ် အနားခံရကျိုး နပ်ပေမပေါ့ဗျာ"

"တပည့်တော်တို့လည်း ယခုသီတင်းကျွတ်ပြီးနောက်မှာလည်း လပြည့် လကွယ်နဲ့ ရှစ်ရက်နေ့တိုင်း ဝါပကာလတွေမှာလည်း ကျောင်းမှာလာပြီး ဉပုသ်သီလဆောက်တည်ကြပါတော့မယ် ဘုရား၊ တရားထိုင်၊ တရားကျင့်ဖို့လည်း စိတ်ကသာရှိပေမယ့် စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့ ခက်ပါတယ်ဘုရား"

"မပူပါနဲ့ ဦးထွန်းကြိုင်ရယ်၊ သက်ရင့်ရွယ်အိုတွေအတွက်လည်း အားထုတ်ဖို့ သင့်လျော်တဲ့တရားကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဟောကြားထားခဲ့ပါတယ်၊ အဲဒီတရားမှ မကျင့်ကြံနိုင်ပေဘူးဆိုရင်လည်း ဖြစ်ပျက်အပေါ် အနိစ္စ ဒုက္ခ အနတ္တဆိုတဲ့ လက္ခဏာရေးသုံးပါးတင် တရားရှုနည်းကိုလည်း သင်ပြပေးရမပေါ့ဗျာ"

"မှန်ပါ ကျေးဇူးကြီးလှကြောင်းပါ အရှင်ဘုရား"

"ကိုကရင်လေးတို့တွေလည်း တရားနာခြင်း၊ သီလဆောက်တည်ခြင်းနဲ့တင် ကျေနပ်မနေနဲ့ဦး။ ဝိပဿနာတရား အားထုတ်ဖို့ ကြိုးစားကြစေချင်တယ်၊ ခုလို သန့်တုန်း မြန်တုန်း ဉာဏ်အား ကောင်းတုန်းမှာရန်းတော့ နှောင်ဖွဲ့ထားတဲ့ကြိုးတွေ ပြတ်လွယ် ပြုတ်လွယ်တာပေါ့ မဟုတ်ဘူးလား"

"မှန်ပါ ဘုရား"

"ကျန်းမာတုန်း ဉာဏ်ကောင်းတုန်းမှာ ကျင့်ကြံအားထုတ်ရင် သမာဓိအားကောင်းပြီး နိဗ္ဗာန်ကို သိလွယ် မြင်လွယ် ရောက်လွယ်တယ်ဆိုတာ မြဲမြဲမှတ်ကြ ပေရော့၊ ဒီနေ့တော့ ကျုပ်လုပ်ငန်းလုပ်ဖို့ အချိန်ရောက်ပြီမို့ ပြန်ကြပေဦးဗျ၊ ကျုပ်က နင်တာ မဟုတ်ဘူးနော် အိမ်ပြန်ပြီး ဇနီးမယား သမီးသားဆိုတဲ့ ငါစွဲကိုဖြတ်ဖို့ လွှတ်လိုက်တာ၊ ငါ့သား ငါ့မယား ငါ့လင် ငါ့သမီးဆိုတာကို မဖြတ်နိုင်ရင်ဖြင့် ကျုပ်ကျောင်းအရာမ်ကို မရောက်ဘဲ သက်ခိုင်လို ပြိတ္တာဘုံ ရောက်သွားပေလိမ့်မယ်ဗျာ"

"သာဓု သာဓု သာဓုပါ ဘုရား"

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းပေါ်မှ ပရိသတ်များ ရွာတွင်းသို့ တစ်စုတဝေးတည်း ပြန်သွားကြသည်နှင့် ကျွန်ုပ်တို့လည်း စေတီလေးဆီသို့ သွားရောက်ကာ ရှိခိုးခြင်း၊ ဆုတောင်းခြင်း ပြုလိုက်ကြသည်။

သရက်ပင်သို့ပြန်လာပြီးနောက်

"ငါတော့ ဘိုးတစ္ဆေလာအခေါ် မစောင့်ဘဲ ငါ့ရွာငါပြန်သွားချင်လှပြီကွာ"

ဟူ၍ ပြိတ္တာက ညည်းညူ ရေရွတ်လေသည်။

"ငါလည်း မင်းလိုပဲ မယ်ဆင့် လင်ယူတဲ့အထိ စောင့်မနေချင်တော့ဘူး ပြိတ္တာ၊ ဟို လင်ယူမယ့် မယ်ဆင့်တူမဆီပဲ ဝင်စားလိုက်ချင်ပြီကွ"

ကျွန်ုပ်ကလည်း ကျွန်ုပ်၏ဆန္ဒကို ဖွင့်ဟလိုက်သည်။

"ငါက မင်းထက်ပိုဆိုးတယ်၊ မင်းက ဝင်စားရမယ့်နေရာ တွေ့နေရပြီ ငါ့မှာက ဘယ်ဆီ တွယ်ကပ်ရမယ်မှန်း ခုထိ ရေရေရာရာ မရှိသေးဘူး။ ခုလောက်ဆို ငါ့မိဘတွေ တစ္ဆေဘဝကပဲ ကျွတ်သွားပြီလား၊ သူတို့နေတဲ့ မန်ကျည်းပင် ခုတ်လှဲခံရလို့ပဲ ဘုံပျောက်နေပြီလား ဆိုတာလည်း ဘာမှ မသိရဘူးကွာ"

ပြိတ္တာ၏အခြေအနေမှာ သနားစဖွယ် ကောင်းလှပေသည်။

"ငါရောက်သွားတုန်းက အဖေတို့ပြောတာ တစ်ခုရှိတယ်၊ အဲဒီ ငါတို့အိမ်ကြီးကို အစိုးရဝန်ထမ်းတွေ အခန်းဖွဲ့ပြီး နေကြတယ်၊ တခြားမြို့ရွာက တာဝန်ကျလို့ ရောက်လာကြတာ၊ အဲဒီမှာ အမျိုးသမီးကြီး တစ်ယောက်က မနက်တိုင်း ဘုရားရှိခိုး၊ မေတ္တာပို့ အမျှဝေတယ်၊ အဖေနဲ့ အမေရှိတဲ့ မန်ကျည်းပင်မှာ ရုက္ခစိုးရှိမှာပဲဆိုပြီး သီးခြားမေတ္တာပို့တယ်။ အဲဒီ အမျိုးသမီးကြီးကို အဖေက အိပ်မက်ပေးပြီး ပြောတယ်၊ သူငယ်မပို့တဲ့ မေတ္တာကြောင့် ကျုပ်တို့ အစာရေစာ ဝလင်စွာစားရတယ်၊ အဝတ်အထည်လည်း ဝတ်ရတယ်၊ ကျုပ်တို့ဟာ သူငယ်မ ထင်သလို ရုက္ခစိုး မဟုတ်ပါဘူး၊ ပြိတ္တာဘုံသားတွေပါ၊ မန်ကျည်းပင် အမြစ်ရင်းမှာ ရွှေလက်ကောက် မြှုပ်ထားတာရှိတယ်၊ သူငယ်မ တူးယူပါ၊ ကျုပ်တို့ကို ရည်မှန်းပြီး အလှူဒါနပြုလုပ် အမျှဝေပေးပါ၊ ပိုတာ သူငယ်မ အပိုင်သုံးစွဲပါ၊ ခုပြောတာကို အခြားဘယ်သူမှ မသိပါစေနဲ့လို့ အိပ်မက်ထဲမှာ ပြောတယ်ကွ"

"အဲဒီအမျိုးသမီးက တူးယူပြီး အလှူမလုပ်ဘူးလား"

"ဒီလိုကွ၊ အမျိုးသမီးဟာ အိပ်မက်ထဲမှာ ငါ့အဖေတစ္ဆေရဲ့ ပုံသဏ္ဍာန်ကိုမြင်ပြီး ကြောက်လို့ ဆွမ်းခံကြွတဲ့ ဘုန်းကြီးတစ်ပါးကို လျှောက်တယ်၊ ဘုန်းကြီးက သူတို့ပြောတဲ့အတိုင်းတူးယူပြီး အလှူဒါနပြုလုပ်ပေးလိုက်ပါ၊ သူတို့ကို ကယ်တင်ဖို့ အကူအညီတောင်းတာဖြစ်တယ်လို့ ရှင်းပြတယ်၊ ဒါပေမယ့် အမျိုးသမီးက လာမတူးဘူးတဲ့ကွာ"

"ဟင် ဘာဖြစ်လို့ မတူးယူတာလဲကွာ"

"မန်ကျည်းပင်အောက်မှာ မြေတလင်းကလည်းကျယ်၊ အရိပ်ကလည်းကောင်းဆိုတော့ ကလေးတွေ တစ်နေ့လုံး လာကစားကြ၊ ညနေ နေဝင်ခါနီးကျ လူကြီးလူငယ်တွေ ခြင်းခတ်ကြနဲ့ တစ်ရက်မှ လူလစ်တယ် မရှိဘူး ဖြစ်နေတယ်၊ ပျောင်သွားတဲ့ အခါကျတော့ သရဲက ကုတ်ချီးစားချင်လို့ မက်လုံးပြပြီးညာခေါ်တာ ဖြစ်မလားလို့ မိန်းမသားပီပီ တွေးပြီး ကြောက်လို့ လာမတူးဘူးကဲ့၊ အဲဒါကြောင့် အဲဒီအမျိုးသမီးကတူးယူပြီး လှူဒါန်းအမျှဝေခဲ့ရင် ခုလောက်ဆို ငါ့မိဘတွေ ကျွတ်ချင် ကျွတ်လောက်ရောပေါ့ကွာ"

"မင်းအဖေကလည်း လူရှင်းတဲ့ ဒီပြင်တစ်နေရာမှာ သွားထားပြီး တူးခိုင်းတာ မဟုတ်ဘူး"

"ဒီလိုပြောလည်း ပြောစရာပဲကွ၊ ဒါပေမယ့် ဒါတွေဟာ စိတ်ကူးဖန်တီးလို့ မရနိုင်တဲ့ ကံစီမံရာဖြစ်ရတာပဲ၊ တစ္ဆေကောင်၊ မင်းကိုတစ်ခု ပြောပြဦးမယ်၊ တို့ပွဲတော်သွားတဲ့ ဘုရားကြီး ဘုရားလေးဆိုတာ ပွဲတော်ချိန်မဟုတ်ရင် လူအလာနည်းတယ် မဟုတ်လား၊ ဘုရားကြီးမှာ တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com

တလေ အမိတ္တာန်ဝင်တဲ့လူတွေ - ရှိတတ်ပေမယ့် ဘုရားလေးဘက်မှာက ဘယ်သူမှ လာကြတာမဟုတ်ဘူး။ လူအရမ်းရှင်းတာပေါ့"

"အဲဒီလို လူရှင်းတဲ့နေရာမျိုးတောင် ပွဲတော်ရက်မဟုတ်ရင် အမျိုးသမီးတောင် လာရဲမှာ မဟုတ်ဘူး၊ အမျိုးသားတောင်မှ လိပ်ပြာငယ်ရင် ဘယ်သူမှ မသိအောင် မလာဝံ့ဘူး"

"အေး…အဲဒါ ငါပြောမလို့ကွ၊ ပြိတ္တာတစ်ကောင်က အဲဒီနားက ရွာထဲက လူတစ်ယောက်ကို အိပ်မက်ပေးတယ်၊ လူက သတ္တိရှိတယ်၊ မတရားတာ မလုပ်ဘူး၊ မတရားတာ တွေ့ရင် ပါးစပ်နဲ့ ပြောလို့ရရင်ရ၊ မရရင် လက်နဲ့ဖြေရှင်းတယ်၊ လက်ဝှေ့သမားကွ၊ ဘားအံဘက်မှာ လက်ဝှေ့ပွဲရှိတော့ သွားထိုးချင်တယ်၊ ခရီးတဝေးဘ ဆယ့်လေးငါးရက်ကြာမယ်၊ ဒီကြားထဲ အိမ်မှာစားဖို့ ပေးထားရအောင် ငွေလိုချင်နေတာ၊ အဲဒီလူကို ပြိတ္တာက အိပ်မက်ပေးတယ်"

"ဘယ်လိုပေးသလဲ"

"ဘုရားလေး မြောက်ဘက်လှေကားရင်းကို တစ်ယောက်တည်းလာခဲ့ပါ။ အမဲသားအစိမ်း တစ်ပိဿာယူခဲ့ပါ၊ ဝါးရင်းတုတ်အခေါင်းပိတ်တစ်ချောင်းယူခဲ့ပါ၊ ရောက်တဲ့အခါ ပြိတ္တာရေ…ဟောဒီမှာ အမဲသားလာစားလှည့်လို့ပြောပါ၊ သူလာစားမယ်၊ အဲဒီလိုစားနေတုန်းမှာ ဝါးရင်းတုတ်နဲ့ အားရပါးရ ရိုက်ချပါ၊ သေအောင် ရိုက်ပါ၊ ရွှေတစ်ပိဿာတိတိ ပေးပါ့မယ်လို့ အိပ်မက်ပေးတယ်"

"အဲဒီတော့ ဟိုလူက လာသလား"

"အဖော်မခေါ်ဘဲ တစ်ယောက်တည်းလာဖို့လည်း မှာလိုက်သေးတယ်ကွ၊ သူကလည်း အာဂကွ၊ အဖော်မပါဘဲလာတယ်၊ အမဲသားတွဲချပြီး လာစားဖို့ခေါ်လိုက်တယ်၊ ပြီးတော့ ဝါးရင်းတုတ်နဲ့ အသင့်ရွယ်ထားတယ်၊ ပြိတ္တာလာစားတာနဲ့ အသေဆော်ထည့်မယ်ပေါ့"

"နို့…မဆော်ဘူးလား"

"မဆော်ဘူးကွ၊ ပြိတ္တာက သူ့ခြေထောက်ကြားကနေလာပြီး အမဲသားတုံးကို စားတယ်၊ စားရင်းလည်း ချလေကွာ၊ ချပါဟ၊ ချစမ်းပါလို့ တတွတ်တွတ်တောင်ပြောသေးတယ်၊ ဒါတောင် သူကမချဘူး။ ရွယ်ပဲရွယ်ထားတယ်၊ ပြိတ္တာက စားလို့လည်း ပြီးရော မြေကြီးကို လက်နဲ့ယက်ပြီး မြေကြီးထဲဝင်သွားတဲ့အထိ ဝါးရင်းတုတ်ကိုင်လျက်ပဲ၊ တစ်ချက်ကလေးမှ မဆော်လိုက်ဘူး"

"ဒါဆို ရွှေတစ်ပိဿာရော ပေးလိုက်သလား"

"ဒီလိုကွ၊ ပြိတ္တာက သူ့ကိုယ်အကြီးကြီး အတ္တဘောကြီးကိုမြင်ရင် ဒီလူကြောက်ပြီး ထွက်ပြေးသွားမှာစိုးလို့ ပြည်တောင်းအရွယ်လောက်ပုံသဏ္ဌာန်နဲ့ သွားစားတာ၊ သူ့နဂိုပုံက ခန္ဓာကိုယ်က ပုတ်လောက်ကြီး၊ ခေါင်းကဆီးသီးလောက်၊ ခြေလက်တွေက တိုတိုသေးသေးလေးဆိုတော့ ဟိုလူက ပြိတ္တာကို ခန္ဓာကိုယ် ပြည်တောင်းလောက်ကလေးမှာ ကုလားပဲစေ့လောက်ခေါင်းနဲ့ တွေ့ရတာဆိုတော့ အဲဒီလူက အံ့ဩပြီးကြောင်ကြည့်နေတာပေါ့၊ ဒီကြားထဲ အဲဒီပြိတ္တာက ချလေကွာ…ချပါဟ ပြောလိုက်တော့ လူက ဝါးရင်းတုတ်ကိုင်လျက်ကြီးနဲ့ နေရာမှာ ကျောက်ရုပ်ဖြစ်နေတာပေါ့၊ ပြိတ္တာက သူ့ကတိအတိုင်း တွင်းနှုတ်ခမ်းမှာ ရွှေတစ်ပိဿာ ထားပေးခဲ့တယ်။

"အဲဒီရွှေကိုကော တွေ့ရဲ့လား"

"တွေ့တယ်၊ ဒါပေမယ့် ခေတ်ကာလမကောင်းတော့ ဘယ်မှာရောင်းရမှန်းမသိလို့၊ ရောင်းလည်းမရောင်းရဲလို့ ဘယ်သူမှမသိအောင် အိမ်တစ်နေရာမှာ ဝှက်ထားတယ်တဲ့၊ ဒါကြောင့် ပြိတ္တာလည်း မကျွတ်ဘဲ ရွှေတစ်ပိဿာ ဆုံးသွားတယ် တရွှေကောင်ရေ၊ အဲဒါ ကံအလိုက်ကျဖြစ်တာပဲလို့ပြောရင် မင်းငြင်းဦးမလား"

"မငြင်းပါဘူးကွာ၊ မင်းကို မင်းပြောတဲ့စကားနဲ့ ငါ ပြောပြခဲ့ပြီးပြီလေ၊ အချိန်တန်ရင် သိစရာရှိတာ သိလာ



www.burmeseclassic.com

www.burmeseclassic.com

မယ်၊ ဖြစ်စရာရှိတာ ဖြစ်လာမယ် ဆိုတာလေ"

ပြိတ္တာထံမှ ပြန်လည်ပြောဆိုခြင်းမရှိတော့သဖြင့် သူ့အား လှည့်ကြည့်လိုက်ရာ သူက သစ်ကိုင်းခွတွင် ကျကျနနမှီလျက် ကောင်းကင်ထက်မှ ကြယ်ပွင့်များကို ငေးစိုက်ကြည့်နေသည်ကို မြင်တွေ့ရလေသည်။

မြောက်ပြန်လေရူးတစ်ချက်ဆောက်ကစားသွားသဖြင့် ရွက်နုရရွက်များ ခြုံအတွင်းသို့ ခုန်ပေါက် ပြေးဆင်းသွားလေသည်။

ကျွန်ုပ်သည် အိပ်မက်ပေးခြင်းများကိုသာ အစဉ်မပြတ် စဉ်းစားတွေးတောနေမိတော့သည်။

❀ ❀ ❀

## ✧ အဝိစိကို ထိစိမ့်မှုန်းရှုယ် ဓမ္မခြောက်တန်း၏ စမ်းသကဲ့သို့

ကျွန်ုပ်သည် "ပေးခြင်း"ဆိုသည့် စကားလုံးကို အတွေးနယ်ချဲ့နေခဲ့သည်။

ရိုးရိုးလေးပင် ဖြစ်သည်။

ကျွန်ုပ်က တစ်စုံတစ်ရာကို ပြိတ္တာအားပေးသည်။ ထိုတစ်စုံတစ်ရာကို ဘယ်တုန်းက ဘယ်လိုပေးခဲ့တာလဲဟူ၍ အဖြေရှာကြည့်သည်။ ကျွန်ုပ်နှင့် ပြိတ္တာတို့တွင် ပေးခြင်း၊ ယူခြင်းဟူ၍ ရှိခဲ့သည်။

ကျွန်ုပ် တစ္ဆေဖြစ်တုန်းက မယ်ဆင်ခြံဝ၌ ကျွန်ုပ်အတွက် စားစရာများ ဖက်ဖြင့်ပုံပေးထားသည်ကို ပြိတ္တာကောင် အငမ်းမရစားဖူးသည်။ ထိုစားစရာများမှာ ကျွန်ုပ်အတွက်ဖြစ်သောကြောင့် သူ့လက်ဖြင့် ယူငင်စားသောက်၍မရ။ ကျွန်ုပ်က ပေးမှစား၍ရသည်ဟု ပြောဖူးသည်။

ထိုအစားအစာကိုစားပြီး ဘုန်းတော်ကြီးကြောင့် ... သွားကာ ရိုက်နက်ကန်ကြောက်ခံခဲ့ရသည်။ ထိုသို့အရိုက်ခံရမည်ကိုလည်း သိနေသည်။ သိလျက်နှင့် ကျွန်ုပ်ပေးသည်ကို စားခဲ့သည်။

ကျွန်ုပ်က ပေးချင်သဖြင့် ပေးသည်။ သူက ယူချင်သောကြောင့် ယူသည်။ ကျွန်ုပ်ပေးသဖြင့် သူ အရိုက်အနက်ခံရသည်။ သူကယူသဖြင့် အရိုက်အနက်ခံရသည်။

ဤသို့ဆိုလျှင် ပေးတိုင်းလည်း မကောင်း။ ယူတိုင်းလည်း မကောင်းချေ။

ရွှေတိဂုံဘုရားသို့ လိုက်ပို့သော မိန်းမပျိုလေးက အရသာရှိလှသော စားစရာများကို ကျွေးခဲ့သည်။ ပေးခဲ့သည်။ ကျွန်ုပ်နှင့်ပြိတ္တာတို့ စားကြသည်။ ကျွန်ုပ်တို့တစ်သက် အရသာအရှိဆုံး အစားအစာများ ဖြစ်သည်။

သည်လိုကျပြန်တော့လည်း ပေးခြင်းလည်း ကောင်း၍ ယူခြင်းလည်း ကောင်းနေပြန်သည်။

နောက်တစ်မျိုး ရှိသေးသည်။

ဥပုသ်နေ့တိုင်း ရွာဦးကျောင်းတွင် ဥပုသ်စောင့်သူများ တဖြည်းဖြည်းများလာခဲ့သည်။ ဘုန်းတော်ကြီးရှေ့တွင် ဥပုသ်စောင့်မည့်သူတို့ လက်အုပ်ချီလျက်နေရ၏။ ဘုန်းတော်ကြီးက ရှေ့မှ တိုင်ပေးသည်။ ဒကာ ဒကာမတို့က နောက်မှ သံပြိုင်လိုက်ဆိုကြသည်။ ယင်းသို့ သံပြိုင်ရွတ်ဆိုခြင်းကို "သီလယူသည်"ဟုခေါ်သည်။ ဘုန်းတော်ကြီးက ရှေ့မှတိုင်ပေးသည်ကို "သီလပေးသည်"ဟု ခေါ်သည်။ ထိုကဲ့သို့ ပေးခြင်းနှင့်ယူခြင်းသည် ကျွန်ုပ်သိသော တစ်စုံတစ်ခုပေးခြင်း ယူခြင်းနှင့် မတူချေ။

သီလပေးသော ဘုန်းတော်ကြီးသည် ဒကာ ဒကာမ သုံးလေးဦးတို့အား သီလပေးစဉ်ကလည်း ဗီစကားများကို ရွတ်ဆိုခဲ့သည်။ သီလယူသူတို့က ဘုန်းတော်ကြီးရွတ်ဆိုသည့်အတိုင်း လိုက်ဆိုကြသည်။ သီလယူသူ ဆယ့်လေးငါးယောက် ရှိစဉ်ကရော ယခု သုံးဆယ်ခန့်ရှိလာသည့်အခါတွင်ပါ ထိုစကားလုံးများကိုပဲ ရွတ်ဆို၍ သီလပေးသည်။ ဒကာ ဒကာမတို့က သံပြိုင်လိုက်ဆိုပြီး သီလယူကြသည်။

သီလရသွားသူတို့က ရွာတွင်းသို့ အသီးသီးပြန်သွားကြသည်။

ကျွန်ုပ်သည် "ပေးခြင်း"ဟူသော စကားလုံး၏ အဖြေကို ရှာဖွေ



www.burmeseclassic.com

www.burmeseclassic.com

ရင်း အဖြေမရဘဲ ချာလည်လည်နေသည်။

ကျွန်ုပ်တို့သွားဖူးသော ဘုရားကြီး၊ ဘုရားလေးပွဲဈေးတန်းအတွင်းမှ ကြက်ခြေခတ်တန်းဖျားဌ မျက်နှာချင်းဆိုင် ထိုင်ခုံတပ်ထားပြီး လည့်ပတ်နေသည့် "ကုလားထိုင်စကြာ" ခေါ် ရဟတ်ကို မြင်ယောင်လာမိသည်။

သို့ဖြစ်၍ ပြိတ္တာရှိရာ အကိုင်းဘက်သို့ လှည့်ကြည့်လိုက်သည်။

ပြိတ္တာကလည်း ကျွန်ုပ်အား လှမ်းအကြည့်နှင့် အကြည့်ချင်း ဆုံသွား၏။

ကျွန်ုပ်၏ စိတ်ကူးအား သူ့ကိုပြောရန် ဟန်ပြင်လိုက်စဉ် နားအတွင်းသို့ အသံဗလံများ ဝင်ရောက်လာသည်။ စောစောက အတွေးရဟတ်၌လည်ပတ်နေသောကြောင့် အသံဗလံများကို မကြားခဲ့ခြင်းဖြစ်သည်။ အတွေးများပြတ်သွားခဲ့ပြီမို့ ကြားလာခြင်းဖြစ်သည်။

ပြိတ္တာက ကျွန်ုပ် လဲလျောင်းနေသော အကိုင်းသို့ကူးလာခဲ့ပြီး နှစ်ကိုယ်ကြားလေသံဖြင့် မေးသည်။

"တစ္ဆေကောင် • • • မင်းကြားလား"

"အေး ကြားတယ်၊ လူသံတွေရော နွားလှည်းမောင်းသံတွေရောပဲ"

"ဟုတ်တယ်၊ နွားလှည်ပင်းက ချူသံတွေလည်း ကြားရတယ်။ တော်တော်ကြာပြီကွ၊ ရွာမြောက်ဘက်ကွင်းစပ်ကလို့ ထင်တယ်"

ကျွန်ုပ်တို့ နေထိုင်သော သရက်ပင်မြောက်ဘက် ဝါးတောလွန်လျှင် ဘူး ပဲ၊ သခွားကဲ့သို့ စင်ထောင်သီးနှံများ စိုက်ပျိုးသော ကွင်းပြင်ရှိသည်။ အမြင့်ပိုင်းဖြစ်၍ စပါးစိုက်ပျိုးခြင်းမပြုကြပေ။ ထိုကွင်းပြင်လွန်လျှင် နွေ၊ မိုး၊ ဆောင်း ရေမခန်းသော ရေကန်ကျယ်ကြီးတစ်ခုရှိသည်။ ထိုကန်မှ ရေအားကိုးဖြင့် ဥယျာဉ်စိုက်ပျိုးကြသည်။ သို့သော် ထိုကန်းမြင့်ကွင်းပြင်ကြီးသည် ပိုင်ရှင်ဟူ၍ မရှိပေ။ အစောင့်တဲထိုးကာ ရွာထဲမှအတူးဖြင့် လုပ်ကိုင်ကြခြင်း ဖြစ်သည်။ ရေလောင်း၊ ခြံစောင့်အတွက် ဟူးထားသူများ ညအိပ်နေထိုင်ရန်အတက်ဟူ၍လည်း ခြံတစ်ခြံ တဲတစ်လုံးဖြင့် ခြံစောင့်တဲ ဆယ်လုံးပင် မပြည့်တတ်ပေ။

ယခုကြားရသောအသံများမှာ လှည်းဆယ်စီးခန့် တစ်စုတဝေးတည်း မောင်းနှင်သွားသည့် အသံဗလံများ ဖြစ်နိုင်ပေသည်။ လှည်းဝင်ရိုးသံ တအီအီမြည်နေသဖြင့် လှည်းများပေါ်၌ လေးလံသော ဝန်တင်ထားသည်ဟု အလိုလိုသိနေသည်။ တောတက်၍ ထင်းတိုက်၊ သစ်တိုက်သောအခါ ကြားရတတ်သည့် အသံမျိုးဖြစ်သည်။

ကျွန်ုပ်တို့ တွေ့ဖူးသည်မှာ ထင်းတိုက်၊ သစ်တိုက်သောအခါ နွားများကို ချူသော်လည်းကောင်း၊ ခလောက်သော်လည်းကောင်း တပ်ဆင်ပေးခြင်း မပြုကြပေ။

ယခုမူ လှည်းတိုင်းမှ နွားတိုင်းကို ချူပ်တပ်ဆင်ထားပုံရသည်။

ညအခါ တစ်ရွာလုံး တိတ်ဆိတ်ငြိမ်မျိုး၌ ကြားရသည့်အသံကို အနီးအဝေး ခန့်မှန်းရန် မလွယ်ကူပေ။ လေသင့်ခဲ့လျှင် မော်ဘီ-ထန်းတပင်ကားလမ်းပေါ်မှ လှည်းဝင်ရိုးသံကိုလည်း နီးကပ်စွာ ပီပီသသကြားရတတ်သည်။

မကြာခင် သီတင်းကျွတ်တော့မည်မို့ မြောက်ပြန်လေက တစ်ခါတလေ ဆော်သွေးတတ်သည်။ သို့ဖြစ်၍ ကြားနေရသော အသံများမှာ ပြိတ္တာခန့်မှန်းသလို မြောက်ဘက်ကွင်းစပ်မှ လာခြင်းဖြစ်ချင်မှ ဖြစ်နိုင်ပေလိမ့်မည်။

"လူသံတွေ လှည်းသံတွေ တော်တော်များတယ်၊ ဒီအချိန်ကြီးမှာ ဒီလောက်လူတွေ လှည်းတွေ ဘယ်ကလာပြီး ဘယ်ကိုသွားကြတာလဲ မသိဘူး"

"အေးကွ၊ ငါလည်း စကြားကတည်းက နားထောင်နေတာကွ၊ အနောက်ကနေ အရှေ့ကိုသွားနေတာဆိုတော့ ပြည်လမ်းဘက်ဆီသွားနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com

"နေဦးကွ ဗြိတ္တာရ၊ ဘယ်မှာ လှည်းလမ်းရှိလို့ ဘယ်လမ်းကနေ ပြည်ကားလမ်းဘက် တက်မှာလဲ၊ လယ်တွေထဲမှာ စပါးပင်နဲ့ ရေနဲ့ ဖွေးဖွေးလှုပ်နေတဲ့ဟာ၊ မင်းပြောတဲ့ ကွင်းစပ်က မဟုတ်နိုင်ဘူး၊ ဒါ ပြည်လမ်းပေါ်မှာ သွားနေတဲ့အသံတွေ လေဟုန်စီးပြီး ပါလာတာနဲ့တူတယ်"

"မင်းထင်ချင်ရာ လျှောက်ထင်မနေနဲ့၊ သေချာနားထောင်၊ အူးဂူးနဲ့ မျောက်လိုအကောင်တွေရဲ့ အသံလည်းကြားရတယ် မြင်းခွာသံလည်း တစ်ချက်တစ်ချက် ကြားတယ်"

ဗြိတ္တာပြောစကားမှာ မှန်ပေသည်။ သေချာဂရုတစိုက် နားထောင်ကြည့်သောခါ အူးအူး၊ ဂူးဂူးဖြင့် အော်သံများ အပြန်အလှန် စကားပြောသံများကို လှည်းအီသံ၊ ချူသံများနှင့် ရောနှောလျက် ကြားရလေသည်။

"ဗြိတ္တာရေ… ထိုင်စဉ်းစားမနေနဲ့ ငါတို့သွားကြည့်ရအောင်"

ဗြိတ္တာက အဖြေစကားပင် ပြန်လည်ပြောဆိုခြင်းမပြုတော့ဘဲ ကျွန်ုပ်လက်ကို ဆတ်ကနဲဆွဲယူပြီး အသံဗလံများကြားရာဘက်သို့ ဒရောသောပါး ထွက်လာခဲ့ကြလေသည်။

❀ ❀ ❀

ခြံစောင့်တဲလေးများကို ကျော်သလျှင် အသံများကို ပို၍ နီးကပ်စွာကြားလာရသည်။ သို့သော် အကောင်အထည်များကိုမူ မတွေ့မမြင်ရသေးပေ။

ကောင်းကင်၌လည်း ကြယ်ရောင်ပင်မမြင်ရအောင် တိမ်မိုလ္လာခြုံထည်ဖြင့် ပိတ်ဆို့ကာဆီးထားသည်။

မြင်ပင် မမြင်ရသော်လည်း အသံများနှင့် တဖြည်းဖြည်း နီးသည်ထက်နီးလာပြီဖြစ်၍ ကျွန်ုပ်တို့သည် အရှိန်သတ်ကာ အသံတိတ်ရန် စကားမပြောမိရန် လက်ဟန်အချက်ပြလိုက်ကြသည်။

ထို့နောက် ရေကန်အစပ်သို့ ရောက်လာကြလေလျှင် ကျွန်ုပ်ရော ဗြိတ္တာပါ တိုင်ပင်ထားသည့်အလား ပြိုင်တူရပ်တန့်လိုက်မိကြသည်။ ကျွန်ုပ်တို့သည် အသံများကြားရုံမက အကောင်အထည်များကိုမြင်တွေ့လိုက်ကြသောကြောင့်ဖြစ်သည်။

လှည်းတန်းကြီး အစမှ အဆုံးအထိကို မြင်လိုက်ရတော့သည်။

ရေကန်ကြီး၏ ဟိုဘက်ကမ်းအစပ်တွင် လှည်းတစ်စီးရပ်ထားသည်။ တစ်စီးက လှည်းတန်းနောက်သို့လိုက်ရန် ရွေ့လျားထွက်ခွာနေပြီ။ လှည်းတန်းအား လှမ်းမျှော်ကြည့်သော်လည်း အမှောင်ထု ဖုံးလွှမ်းထားသဖြင့် လှည်းစီးရေ မည်မျှရှိကြောင်း တိတိပပ မသိရချေ။

အူးအူးဝါးဝါး အသံများသည် ရပ်ထားသည့်လှည်းပေါ်သို့ ပစ္စည်းများ သယ်ပိုးသယ်ဆောင်နေသော မည်းမည်းအကောင်များထံမှ ဖြစ်သည်။ မည်းမည်းအကောင်များမှာ ခေါင်းမှ ခြေဖျားအထိ ရှည်လျားသော အမွေးအမှင်များ ဖုံးလွှမ်းလျက် မျောက်ကြီးများနှင့် တူလှသည်။ သူတို့သည် ရေကန်အစပ်၌ စုပုံထားသည့် သေတ္တာကြီးငယ်များကို သယ်ယူလျက် လှည်းပေါ်သို့ တင်နေကြသည်။

လှည်းမှာ ပေါင်းမိုးပါသော လှည်းဖြစ်သည်။ ဘီးမှာ သစ်သားအပြည့်ပါသည့် ရှေးခေတ်လှည်းများဟု ပြောသံကြားဖူးသော လှည်းမျိုးဖြစ်မည်ထင်သည်။ လှည်းအနီးရှိ မြင်းတစ်စီးပေါ်၌ မင်းဝတ်မင်းစား၊ နန်းဝတ်နန်းစားဟုခေါ်သော ဇာတ်မင်းသားကဲ့သို့ တောင်ရှည်ပုဆိုး၊ ကိုယ်ကျပ်အင်္ကျီ၊ ခေါင်းပေါင်း၊ လည်စည်းစသည်များ ဝတ်ဆင်ထားသူကို တွေ့ရ၏။ ဆောင်မားတစ်ချောင်းကို ကျောက်စီမားအိမ်နှင့်တကွ သိုင်းလွယ်ထားသည်။ မြင်းပေါ်မှ လူက ထမ်းပိုးနေသော မည်းမည်းအကောင်များကို အမိန့်ပေးညွှန်ကြားပြောဆိုနေသည်။

"ကဲ… ကဲ တာတေတို့ ချက်ဖောင်းတို့ရေ သွက်သွက်လေးသယ်ကြစမ်း၊ ဒီလှည်းတစ်စီးပြီးရင် ပြီးပြီ၊ လင်းကြက် မတွန်ခင်ရောက်အောင် သွားရမှာ"

"အူးအူး… ဝူး… ဝူး… ဝူး"



www.burmeseclassic.com

www.burmeseclassic.com

မြင်းပေါ်မှလူ၏စကားကို မည်းမည်းအကောင်များက လိုက်နာမည့်အကြောင်း ဝူရူးဝါးဝါး ပြန်လည်ပြောဆိုသည်ကို ကြားနေရ၏။

ကျွန်ုပ်နှင့် ပြိတ္တာမှာ ကန်စပ်မှလှည်းနှင့် အရှေ့ဘက် ဦးတည်သွားနေသည့် လှည်းတန်းအား အံ့အားသင့်စွာ ငေးမောနေမိသည်။

လှည်းများသည် တစ်စီးနောက်မှတစ်စီး တန်းစီလိုက်သွားနေသည်။ မြင်းစီးသူအချို့သည် လှည်းတန်းနံဘေးမှ လိုက်ပါသွားသည်။ ထူးဆန်းသည်မှာ လှည်းများသည် စပါးပင်ပျိုများအပေါ်မှ ဖြတ်သန်းသွားလာနေသော်လည်း လှည်းဘီးများ၊ နွားခြေထောက်များ၊ မြင်းခြေထောက်များသည် စပါးပင်များကို မထိကြဘဲ သွားနေခြင်းဖြစ်၏။

"ဘယ်မှာ ဘုရားပွဲရှိလဲ မသိဘူးနော်"

ပြိတ္တာက ဘုရားပွဲတွင် ကပြရန်ထွက်ခွာသွားသော ဇာတ်အဖွဲ့သားများဟု ထင်မှတ်သောကြောင့် ထိုသို့ပြောခြင်းဖြစ်မည်။

ကျွန်ုပ်မှုကား ဤရေကန်ဝန်းကျင်၌ နွားကျောင်းဖူးသူဖြစ်၍ ဇာတ်အဖွဲ့မဟုတ်သည်ကို အသေအချာသိ၏။ ထို့အပြင်လည်း ဤရေကန်နှင့်ပတ်သက်သော ရှေးလူကြီးများ ပြောစကားကိုလည်း ကြားဖူးနားဝရှိသူဖြစ်၏။ သို့ဖြစ်၍ စပါးပင်များကို ပိမိ၊ ထိမိခြင်းမရှိဘဲ လှည်းတန်းကြီး သွားနေခြင်းကို ဂရုစိုက်မိခြင်းလည်း ဖြစ်ပေသည်။

ဤရေကန်ကြီးသည် ကြာမပေါက်။ ရေမှော်၊ ဗေဒါစသည့် အပင်များလည်း မရှိပေ။ လေဟုန်စီး၍ ပါလာသောရွက်ခြောက်များ ကန်ထဲသို့ ကျခဲ့သည်ရှိသော် ရွက်ခြောက်မှာ ရေအောက်သို့ နစ်မြုပ်သွားသည်ဟု အဘိုးအဘွားတို့ ပြောပြဖူးသည်။ ရေကန်ဝန်းကျင်၌ ကျွဲကျောင်းသူများရှိသော်လည်း ကျွဲတို့ဘာဝ ရေဆင်းစိမ်ခြင်း မရှိပေ။ ကျွဲကျောင်းသားတို့ကိုလည်း မိဘများက ပြောဆိုမှာထားသဖြင့် ရေကန်တွင်းသို့ ကျွဲများကို မဆင်းခိုင်းပေ။ ကန်စပ်၌ ရေသောက်ပြီး အခြားတစ်နေရာသို့မောင်းသွားကာ ကျွဲလူးအိုင်၌ လူးစေသည်။

သို့ဖြစ်၍ ရေကန်သည် နွေကာလများ၌ ရေအနည်းငယ် လျော့သွားသည်မှလွဲ၍ တစ်နှစ်ပတ်လုံး ကြည်လင်နေတတ်သည်။

ထို့ထက်ကား ဤရေကန်သည် နဂါးသိုက်ဖြစ်သည်ဟု ဆိုခြင်းပင်တည်း။

ကျွန်ုပ်၏ မိဘများလက်ထက်အထိ ဤကုန်းမြေနေရာ၌ သီးနှံစိုက်ပျိုးသူဟူ၍ မရှိခဲ့ပေ။ ယခုမှ တဖြည်းဖြည်း တစ်ဦးစ နှစ်ဦးစ ခြံစိုက်ပျိုးလာကာ ယခု ယာတဲငါးလုံးခန့် ရှိလာခြင်းဖြစ်သည်။

ကျွန်ုပ်၏အဘွား ငယ်စဉ်ကလေးဘဝက ရွာမှ ရှင်ပြုမည်ဆိုလျှင် ဤကန်ကြီး၌လာ၍ ပွဲထိုးပြီး ရွှေကွမ်းတောင်၊ ငွေပန်းကိုင်၊ ငွေဖလား၊ ရွှေလင်ပန်း စသည်ဖြင့် အလိုရှိရာတောင်းဆို၍ ရသည်။ အလှူပြီးမြောက်သောအခါ ငှားတေးသောပစ္စည်းများ လာရောက်အပ်နှံရသည်။ အလှူဒါနကို အမျှဝေရသည်။ ထိုသို့အမျှဝေလျှင် သာဓုခေါ်သံ၊ ကြေးစည်သံ၊ မောင်းသံ၊ ဆည်းလည်းသံများကြားရပြီး ပစ္စည်းများ အလိုလိုပျောက်သွားသည်ဟု အဘွားပြောပြဖူးသည်။

နယ်ချဲ့တို့ အောက်မြန်မာနိုင်ငံကို သိမ်းပိုက်လိုက်ချိန်မှ စတင်၍ ထိုသို့ ရွှေထည်ငွေထည်များ ငှား၍မရတော့ဟုဆိုသည်။ သို့ဖြစ်၍ ရေကန်သည် သိုက်ဖြစ်သည်ဟု ဆို၏။ သိုက်ဆရာများလာ၍ သိုက်တူးဖူးသည်။ အကြိမ်မည်မျှဟု မသိရ။ လူမသိ သူမသိဘဲ ထွက်ပြေးရခြင်းများ ရှိသောကြောင့်ဖြစ်သည်။

တစ်ခါသော် သိုက်ဆရာတို့ လှေမှောက်ပြီး နဂါးလိုက်၍ ပြေးရကြောင်း သတင်းဖြစ်ပေါ်ပြီး ရေကန်တွင် နဂါးသိုက်ရှိသည်ဟု ရှေးလူကြီးသူမတို့ အစဉ်အဆက် ပြောစမှတ်ပြုခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

သို့ဖြစ်၍ ယခုမြင်နေရသော မြင်ကွင်းမှာ ပြိတ္တာပြောသည်ကဲ့သို့ ဇာတ်အဖွဲ့များ မဟုတ်ချေ။ သိုက်ပြောင်းသည်ဆိုခြင်းမှာ ယခုမြင်ကွင်းပင်ဖြစ်မည်ထင်သည်။

"ဟော့ကောင် ပြိတ္တာကောင် အော်ကြီးဟစ်ကျယ် လုပ်မနေနဲ့ လာလာ ပြန်ကြရအောင် သရက်ပင်ရောက်မှ ငါပြောပြမယ်"

ပြိတ္တာ၏ လက်တစ်ဘက်ကို ကိုင်ဆွဲလျက်ပြောပြီး လှည့်ပြန်ရန် ပြင်လိုက်၏။

"နေပါဦးဟ ဒီမှာပဲ ပြောလို့မရဘူးလား"

"မရဘူးကွ၊ ဒါသိုက်ပြောင်းတာ ဖြစ်မယ်ကွ"

"ဟုတ်လား၊ အဲဒီလိုဆိုရင် သူတို့သွားတဲ့ဆီအထိ လိုက်ကြည့်ရအောင်"

"တိုးတိုးပြောပါဆို ဒီကောင်၊ သိုက်ပြောင်းတယ်ဆိုတာ ဘယ်သူမှ မသိအောင် ဘယ်သူမှ မနှောင့်ယှက်နိုင်တဲ့နေရာကို တိတ်တိတ်လေး ပြောင်းသွားတာ၊ အဲဒါကို သိသွားရင် ဘာဖြစ်မလဲတော့ မသိဘူး၊ ကောင်းတာတော့ ဖြစ်မှာမဟုတ်ဘူး၊ လာပါကွာ၊ သရက်ပင်ရောက်တဲ့အခါ ပြောပြမယ်"

ကျွန်ုပ်က ပြိတ္တာကို အဓမ္မဆွဲခေါ်လာသဖြင့် ပြိတ္တာမှာ နှားကတ်တစ်ကောင်နှယ် ထုံပေပေစောင်းငန်းငန်းဖြင့် သရက်ပင်သို့လိုက်ပါခဲ့လေသည်။

❀ ❀ ❀

စေတီလေး၌ ဝတ်ပြုရန် ကျွန်ုပ်နှင့်ပြိတ္တာ ထုံးစံအတိုင်း ရောက်လာချိန်၌ ဦးထွန်းကြိုင်နှင့် ဦးတင်မြတို့နှစ်ဦး ဘုန်းကြီးကျောင်းပေါ် တက်သွားသည်ကို တွေ့လိုက်ရ၏။ ထို့နောက် ကပ္ပိယကြီးနှင့်အတူတူ ပြန်ဆင်းလာကြသည်။ စေတီလေးအနားရှိ ဝါးစင်လေးပေါ်သို့ စားဖွယ်ရာများတင်ခြင်းအား ကပ္ပိယကြီးနှင့်အတူ ဝိုင်းကူကြသည်။ ပြီးသော် ကျောင်းအောက်သို့သွားပြီး သံယာစင်ပေါ်၌ ဝိုင်းဖွဲ့ထိုင်ကြသည်။ ကပ္ပိယကြီးက ရေနွေးကရားတစ်အိုးသွားယူကာ ဦးထွန်းကြိုင်တို့နှင့် မျက်နှာချင်းဆိုင် ထိုင်လိုက်သည်။

ကျွန်ုပ်နှင့်ပြိတ္တာမှာ ကိုင်ပင်ထားခြင်းမရှိဘဲ ဝါးခင်းပေါ်မှအစာကို မစားဘဲ ဦးထွန်းကြိုင်တို့နှင့် မလှမ်းမကမ်း သံယာစင်အစွန်တစ်နေရာ၌ ဝင်ထိုင်လိုက်၏။

"ကဲ···ကပ္ပိယကြီးပြောဗျာ"

"ပြောပါ့မယ် ဦးထွန်းကြိုင်ရယ်၊ ထမင်းကြမ်းနဲ့ ထန်းလျက်ခဲလည်း မြည်းပါဦး၊ ရေနွေးလည်းသောက်"

ကပ္ပိယကြီးကပြောရင်း ရေနွေးကြမ်းကို ပန်းကန်လုံးများထဲ ငှဲ့ထည့်လိုက်သည်။ ထမင်းကြမ်းခဲကို ကြွေနှန်းဖြင့် ခတ်ယူပြီး ပါးစပ်ထဲသို့ထည့်လိုက်၏။ ထန်းလျက်တစ်ခဲကိုလည်း ယူငင်ပြီးကိုက်ဝါးလိုက်သည်။ ဦးတင်မြလည်း ရေနွေးကြမ်းတစ်ပန်းကန်ယူလျက် မှုတ်သောက်သည်။ ဦးထွန်းကြိုင်မှာ စိတ်မရှည်ဟန်ဖြင့် ကပ္ပိယကြီးကို မျက်မှောင်ကုတ်လျက် ကြည့်နေသည်။

ကပ္ပိယကြီးက ရေနွေးတစ်ခွက်ကိုပင် သောက်လိုက်သေးသည်။

"ဦးထွန်းကြိုင်တို့ရွာ မြောက်ဘက်က ရေကန်ကြီးရှိတယ် မဟုတ်လား"

ကပ္ပိယကြီးက မည်သူ့ကိုမျှ မကြည့်ဘဲ လွတ်သွားသော ရေကြမ်းပန်းကန်နှစ်လုံးထဲသို့ ရေနွေးဖြည့်ရင်း မေးလိုက်သည်။

"ရှိတယ်လေ"

ဦးထွန်းကြိုင်က သွက်လက်စွာဖြင့် တုံ့ပြန်လိုက်သည်။

အကြမ်းတစ်ပန်းကန်အား ယူငင်ကာ ဦးထွန်းကြိုင်ကို ပေးလိုက်သဖြင့် ယူထားလိုက်ရ၏။

"အဲဒီရေကန်ကြီးထဲမှာ ဘာရှိသလဲသိလား"

ဆက်ပါဦးမည်···

မောင်ဟိန်းကျော်



www.burmeseclassic.com

www.burmeseclassic.com


# တိရစ္ဆာန်သတ္တဝါများ (၅)

# လူသားတို့အား အကျိုးဖြစ်မှု

သမားတော်ကြီးဒေါက်တာသက်ဆွေ(ရွှေခေါင်တင်ဆွေ)

## ကင်းမြီးကောက်

ကင်းမြီးကောက်များသည် လက်မနှစ်ချောင်းထောင်ပြီး အမြီးသည် အပေါ်သို့ကောက်၍နေခြင်းကြောင့် ကင်းမြီးကောက်ဟု ခေါ်ဆိုခြင်းဖြစ်၏။ ၎င်းအမြီးကောက်၏ထိပ်တွင် အစွယ်တစ်ချောင်း ပါရှိ၏။ ၎င်းအစွယ်ဖြင့် ထိုးလိုက်ပါက အဆိပ်တက်၍ နာကျင်သောဝေဒနာ ခံစားရ၏။ အဆိပ်အိမ်သည် အမြီးအစွယ်၏ အောက်တွင်ရှိ၏။ အကယ်၍ ကင်းမြီးကောက်ထိုး၍ ကင်းဆိပ်တက်လျှင် ကင်းပုံရွက် သတ္တုရည်လိမ်းပေးက ပျောက်၏။ အဆိပ်ဖြေရွက် ပွတ်လိမ်းပေးကလည်း ပျောက်၏။ ကင်းမြီးကောက်၊ ကင်းခြေများ၊ ကင်းမလက်မည်း စသည်အားဖြင့် ကင်းသုံးမျိုးရှိ၏။ ရှေးလူကြီးများက ကင်းသုံးကင်း တစ်ကင်းပြီးသည်ဟု ပြောကြ၏။ ပြီးသည်ဆိုသည်မှာ အဆိပ်မတက်ဟု သိရ၏။ ကင်းမြီးကောက်ကို ကင်းပုစွန်ဟုလည်း တချို့က ခေါ်ကြ၏။ ရေပုစွန်ကဲ့သို့ လက်မရှိသောကြောင့် ရှေးလူကြီးများက ခေါ်ဆိုကြ၏။




ကင်းမြီးကောက်များသည် နေ့အခါ အုတ်ပုံကြား၊ ကျောက်ပုံကြား၊ သစ်တုံးများကြား၊ ပပ်ကြားအက်ကြား စသည်တို့တွင် ခိုအောင်းနေထိုင်ကြပြီး ညအချိန်တွင် ထွက်၍အစာရှာကြ၏။ ကုန်း၌ကျက်စားသော ကုန်းသတ္တဝါတွင် ပါဝင်၍ ကင်းမြီးကောက်များသည် သေးငယ်သော ပိုးမွှားများ၊ ပိုးဖလံကောင်များကို ဖမ်းယူစားသောက်တတ်ကြ၏။

ကင်းမြီးကောက်၏ ဆေးအသုံးဝင်ပုံမှာ ဝက်ရူးပြန်ရောဂါဖြစ်ခဲ့သော် ကင်းမြီးကောက်အသေကောင်ကို သံပရာရည်ဖြင့်စိမ်၍ ဝေဒနာရှင်၏ယပ်ထိပ်တွင် စုတ်ဖြင့်ထိုးပေးက ပျောက်၏။

## ကင်းဖိုကင်းမကောင်

ကင်းဖို ကင်းမကောင်များသည် အဖိုနှင့်အမ အမြဲတွဲ၍နေသောကြောင့် ကင်းဖိုကင်းမဟု ခေါ်ဆိုခြင်းဖြစ်သည်။ ကင်းဖိုကောင်များသည် ကင်းမ၏ကျောကုန်းပေါ် တွယ်ကပ်၍ နေကြ၏။ အဖိုကောင်သည် အမကောင်ထက် အနည်းငယ်ကြီး၏။ ဘီလားကောင်များနှင့် ပုံသဏ္ဍာန်တူ၏။ ပင်လယ်သမုဒ္ဒရာများတွင် နေထိုင်ကျက်စားသော ရေသတ္တဝါတစ်မျိုးဖြစ်၏။ တွေ့ရခဲသောသတ္တဝါဖြစ်သော်လည်း ဗဟုသုတရစေခြင်းငှာ တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။ ကုန်းတွင်ကျက်စားသော ကင်းများကဲ့သို့ ခြေထောက်မများဘဲ အမြီးပိုင်းတွင် ချွန်ထက်သောအစူးပါရှိ၏။ ရန်သူတွေ့လျှင် ၎င်းအစူးဖြင့်ထိုး၍ အဆိပ်များသွင်းထားခဲ့ကြ၏။ မြန်မာပြည် မြိတ်ကျွန်းစုဘက်တွင် တစ်ခါတစ်ရံတွေ့ရတတ်၏။ ကင်း ဖိုကင်းမကောင်များ



www.burmeseclassic.com

www.burmeseclassic.com

သည် ရေမှော်များနှင့် သေးငယ်သော ပုစွန်ဆိတ်ကလေးများကိုစား၍ ကမ်းစပ်များတွင် ကျက်စားလေ့ရှိကြ၏။ ကင်းဖိုကင်းမကောင်များသည် တစ်ကောင်နှင့်တစ်ကောင် အမြဲတွဲ၍နေကြ၏။ ဘယ်သောအခါမျှ ခွဲ၍မနေကြပေ။ ထို့ကြောင့် မြိတ်ဖက်မှ ရှေးလူကြီးများက အကြင်လင်မယား တပူးတွဲတွဲလုပ်နေလျှင် ကင်းဖိုကင်းမကျနေတာပဲဟု ပုံခိုင်းပြောဆိုကြ၏။


ကင်းဖိုကင်းမကောင်များသည် အရေခွံထူ၍ အသားနည်း၏။ စားသုံးမှုလည်း နည်းပါးကြ၏။ အထူးသဖြင့် ဆေးဖက်ဝင်သည်ကို ရှေးဟောင်းဆေးကျမ်းများတွင် ဖော်ပြမထားသော်လည်း လူသိနည်းသော သတ္တဝါများဖြစ်သောကြောင့် ဗဟုသုတရစေခြင်းငှာ ရေးသားတင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

## ကင်းခြေများ

ကင်းခြေများတို့သည် ရှည်လျားပြီး ကိုယ်လုံးအဆစ်အပိုင်းများစွာ ပါရှိ၏။ ကိုယ်လုံးအဆစ်တစ်ဆစ်လျှင် ဟိုဘက်ဒီဘက် ခြေထောက်တစ်ချောင်းစီပါရှိသဖြင့် အဆစ်များ များသောကြောင့် ခြေချောင်းများ များစွာပါရှိ၏။ ထို့ကြောင့် ကင်းခြေများဟု ခေါ်ဆိုကြ၏။ ကင်းခြေများတို့သည် ခြေထောက်များသဖြင့် လျင်မြန်စွာသွားနိုင်ကြ၏။ ရှေ့ပိုင်းရှိ ခြေချောင်းနှစ်စုံတွင် အဆိပ်များရှိ၏။ ဦးခေါင်းပိုင်းတွင် အာရုံခံမင်ရှည်များရှိပြီး ၎င်းမင်ရှည်သည် မျက်စိကဲ့သို့ အသုံးပြုနိုင်၏။

ကင်းခြေများဟူသော ဝေါဟာရကို မြန်မာဘာသာအနေဖြင့် ခြေချောင်းများ၍ ခေါ်ဆိုခြင်းဖြစ်ပြီး မာဂဓအဘိဓာန်တွင် သဏ္ဍာစ-လူက-ကင်းခြေများ-သတပဒီ-ကင်းခြေများဟု နှစ်မျိုးပြထားသည်ကို တွေ့ရှိရ၏။

ကင်းခြေများတို့သည် အပူပိုင်းဒေသတွင် များစွာပေါက်ဖွားကြ၏။ နိုင်ငံခြားတိုင်းပြည်များတွင် ဥယျာဉ်ခြံများကို


ကင်းခြေများ

ဖျက်ဆီးသော ကျိုင်းကောင်များကို ကင်းခြေများတို့က စားကြသဖြင့် ဥယျာဉ်ခြံပိုင်ရှင်တို့နှင့် မိတ်ဆွေများဖြစ်၏။

မြန်မာပြည်တွင် ကင်းခြေများ၊ ကင်းမြီးကောက်၊ ကင်းမလက်မည်းဟူ၍ သုံးမျိုးတွေ့ရှိရ၏။ ၎င်းကင်းသုံးမျိုးမှ တစ်မျိုး၏အဆိပ်ကိုပြီးသောကြောင့် (ပြီးသည်မှာ အဆိပ်မတက်ခြင်း)ဖြစ်ပါသည်။ ထို့ကြောင့် ကင်းသုံးကင်း တစ်ကင်းပြီးသည်ဟု ပြောဆိုကြ၏။ ကုတ်ပဟီးချောင်းဆိုးနာဖြစ်လျှင် ၎င်းကင်းသုံးကင်းစလုံးမှ ပျောက်ကင်းစေ၏။

ဝက်ရူးပြန်ရောဂါနှင့် ခွေးရူးပြန်ရောဂါဖြစ်လျှင် ကင်းခြေများတစ်ကောင်၊ ကြွက်စုတ်တစ်ကောင်၊ ဖားတစ်ကောင်၊ မှိုကွန်ခြာ သုံးမွှင့်တို့ကို ရော၍ပြာချပြီးလျှင် တိုက်လည်းတိုက်၊ လိမ်း၍လည်းပေးပါက ပျောက်ကင်းစေပါသည်။

## ကျားသစ်


ကျားသစ်များသည် ကြောင်မျိုးနွယ်စုတွင်ပါဝင်၍ ကျား၊ ခြင်္သေ့တို့ကဲ့သို့ ကြောက်မက်ဖွယ်ကောင်းသော ကုန်းသတ္တဝါများဖြစ်သည်။ ကိုယ်ပေါ်တွင် ဖော့က်ပြောင်သော ရွှေဝါရောင်အရေပြားပေါ်၌ အနက်ပြောက်များပါရှိသဖြင့် အလွန်လှ၏။ ထို့ကြောင့် ကျားသစ်ရေကို အကျႌများချုပ်၍လည်းကောင်း၊ တဘက်အဖြစ်လည်းကောင်း၊ အမျိုးသမီးများ လက်ကိုင်အိတ်အဖြစ်လည်းကောင်း ပြုလုပ်သုံးစွဲကြ၏။ ကျားသစ်၏ အရပ်သည် သုံးပေခန့်ရှည်၍ လုံးပတ် နှစ်ပေပတ်လည်ခန့် ရှိသည်။ အလျားမှာ ခုနစ်ပေခန့်ရှည်ပါသည်။ သားစားသတ္တဝါများဖြစ်ပြီး သမင်၊ ဒရယ်၊ ဆိုင်၊ ဆတ် စသောသတ္တဝါများကို ဖမ်းယူစားသောက်ကြ၏။ ကျားသစ်များသည် အရပ်ဒေသကိုလိုက်၍ အရောင်များကွဲပြား၏။

ကျားသစ်များသည် အာရှတိုက်၊ အာဖရိကတိုက်၊ မာလာယုကျွန်းစုများတွင် ပေါက်ဖွားကျက်စားကြ၏။ အမေရိကတိုက်၌ "ဂျက်ဂွါး"ခေါ် ကျားသစ်တစ်မျိုးရှိပြီး ၎င်းကို သစ်ကျုတ်ဟုလည်း ခေါ်ဆိုကြ၏။ ထို့အပြင် တစ်ကိုယ်လုံးမဲနက်နေသော ကျားသစ်နက်လည်းရှိ၏။ အိန္ဒိယတောကြီးများတွင် ကျားသစ်နက်များတွေ့ရှိရ၏။ ကျားသစ်နက်များသည် ကိလေသာနည်းပါးသည်ဟု သိရ၏။ ထို့ကြောင့် အိန္ဒိယယောဂီကြီးများသည် သစ်နက်ရေကို ခြုံကြ၏။ ကျားသစ်များ



www.burmeseclassic.com

www.burmeseclassic.com



ကျားသစ်

၏ အမွေးများသည် မထူမပါးရှိပြီး ချော၍နေ၏။ ကျားသစ်များသည် အလွန်လျင်မြန်သောကြောင့် သမင်များကိုပင် ဖမ်းနိုင်၏။ သစ်ပင်တက်လည်းကျွမ်းကျင်သဖြင့် မျောက်များကိုပင် ဖမ်းနိုင်၏။ ကျားသစ်များသည် ကျားများ ထက်လျင်မြန်၍ ပရိယာယ်များ၏။ လူသားစားသော ကျားသစ်မရှိသော်လည်း လူနှင့်ရင်ဆိုင်တွေ့လျှင် ကုတ်ဖဲ့တတ်၏။ ရေအိုင်အနီး ချုံများထဲတွင် ပုန်းအောင်းနေတတ်ပြီး ရေသောက်ဆင်းသော သတ္တဝါများကို ဖမ်းယူစားသောက်တတ်၏။

ကျားသစ်နှင့် ကျားများ၏ဆေးဖက်ဝင်ပုံမှာ တူညီကြ၏။ ကျားနို့ကို ရေနွေးဖြင့်ဖျော်တိုက်ပါက အားကိုဖြစ်စေ၏။ ကျားသစ်နို့လည်း ၎င်းကဲ့သို့ အာနိသင်ရှိ၏။ ကလေးငယ်များ ကျားသစ်ရိုးကို သွေးတိုက်ပေးပါက သူငယ်နာရောဂါများ ပျောက်၏။ ကျားသစ်ရိုးသွေးပြီး သံပရာရည်ဖြင့် လိမ်းပေးပါက ကိုယ်လက်ကိုက်ခဲနာကျင်ခြင်းများ ပျောက်၏။ ကျားသစ်၏ ရင်နှုရိုးကို မီးဖုတ်ပြာချပြီးလျှင် ၎င်းပြာကို ချင်း(ဂျင်း)ရည် ခိုသားထဲထည့်၍ သောက်ပေးခြင်းဖြင့် သွေးတိုးခြင်း၊ အာရုံကြောပိစ်ခြင်းများ ပျောက်ကင်းပြီး စိတ်ကြည်လင်ပြီး လေဖြတ်သောဝေဒနာများ ကင်းဝေးစေပါသည်။ ကျားသစ်၏ နှလုံးသားကို စားပေးပါက အားအင်ပြည့်ဖြိုး၍ ကိုယ်သားကိုယ်ရေလှပစေပါသည်။

ကျားသစ်နှင့်ပတ်သက်၍ ကျန်းမာရေးအထောက်အကူပေးသည့် ဆေးနည်းပေါင်းများစွာ ရှိသော်လည်း အမြွက်မျှဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။


## ကုလားအုတ်

ကုလားအုတ်များသည် လည်ပင်းရှည်၍ မျက်လုံးများ အပြင်ဖက်ပြူးထွက်နေပြီး ခြေတံလက်တံရှည်၏။ ခွာသည် ခြေမျက်စေ့ထိ ကွဲနေ၏။ အလွန်အရုပ်ဆိုးသော ခြေလေးချောင်း သတ္တဝါဖြစ်၏။ နှာခေါင်းကို ကျယ်အောင်ကျဉ်းအောင် လုပ်နိုင်ကြ၏။ သဲမုန်တိုင်းများကျလာလျှင် နှာခေါင်းကိုပိတ်ထားနိုင်၏။ ကုလားအုတ်များ၏ အမွေးများသည် မညီမညာ ဖရိုဖရဲပေါက်ကြ၏။ လပို့လည်း အကြည့်ရဆိုး၏။ ကုလားအုတ်ဟူသော ဝေါဟာရသည် ဩဋ္ဌဟူသော ပါဠိစကားမှ လာသဖြင့် ဩဋ္ဌသဒ္ဒါကိုထောက်၍ ကုလားအုဋ္ဌဟု "ဋ္ဌ"သတ်ဖြင့် ရေးသင့်ကြောင်း ရှေးပညာရှိများ မိန့်ဆိုဖူး၏။ ဩမှ ဉဋ္ဌ-၎င်းမှ အုတ်ဖြစ်လာ၏။ ကုလားအုတ်များသည် သဲကန္တာရများတွင် နေထိုင်ကျက်စားပြီး ကုလားများအသုံးပြုသောကြောင့် ကုလားနှင့်တွဲဖက်ကာ ကုလားအုတ်ဟုခေါ်ဆိုကြောင်း လေ့လာတွေ့ရှိရ၏။"



www.burmeseclassic.com

www.burmeseclassic.com



ကုလားအုတ်

ဆေးပညာအလိုအားဖြင့် ပဋ္ဌာဂုတ်ခွဲသော် ပထဝီ၊ တေဇော၊ ဝါယော လွှန်ကဲသော သတ္တဝါများဖြစ်ကြ၏။

ကုလားအုတ်များသည် အပူပိုင်းသဲကန္တာရ ကုန်းမြေများတွင်ပေါက်ဖွားကျက်စားသော သတ္တဝါဖြစ်ပြီးလျှင် အမျိုးအစားခွဲခြားမည်ဆိုပါက (၁) အာရေးဗီးယန်းကုလားအုတ်၊ (၂) ဘက်ထရီယန်ကုလားအုတ်နှင့် (၃) ဒရွှမ်မီဒယ်ရီဟု သုံးမျိုးတွေ့ရှိရ၏။ မြန်မာနိုင်ငံတွင် ပေါက်ဖွားခြင်းမရှိသောကြောင့် သီးခြားခေါ်ဝေါ်ခြင်းမရှိပါ။ အာရေဗီယန်ကျွန်းဆွယ်တွင်ပေါက်သော အာရေဗီယန်ကုလားအုတ်များသည် အရပ်ပို၍ရှည်၏။ ဘက်ထရီယန်ကုလားအုတ်များသည် အာရှတွင်ပေါက်ဖွားပြီး လံပို့နှစ်ခုပါရှိ၏။ ဒရွှန်မီဒယ်ရီကုလားအုတ်မျိုးများကို သဲကန္တာရတွင်း ခရီးသွားရာတွင် အသုံးပြုကြသဖြင့် သဲကန္တာရသင်္ဘောဟုလည်း တင်စားခေါ်ဝေါ်ကြ၏။

ကမ္ဘာတစ်ဝှမ်း ကုလားအုတ် ကောင်ရေစင့်ဆုံးပါက အာဖရိကတိုက်တွင် ကောင်ရေငါးသန်း၊ အာရှတိုက်တွင် ခုနစ်သန်း၊ အာဖရိကနှင့် ဆူဒန်နိုင်ငံတို့တွင် ကောင်ရေ နှစ်သန်း၊ ဆိုမာလီနိုင်ငံတွင် ကောင်ရေ တစ်သန်းကျော် အာဖရိကနိုင်ငံများတွင် ကောင်ရေ ငါးသိန်းမျှရှိသည်ဟု လေ့လာတွေ့ရှိရပေသည်။

ကုလားအုတ်များနှင့် ပတ်သက်၍ ဆေးကျမ်းများနှင့် ဓာတုရသကျမ်းမှ ဖော်ပြထားသည်ကို တင်ပြပါဦးမည်။

ကုလားအုတ်တို့၏ ဆေးဖက်ဝင်ပုံ ရသာအကျိုးသွားများမှာ ကုလားအုတ်နို့ရည်သည် ချိုဆိမ့်ရသာရှိ၏။ အနည်းငယ်ဖန်၏။ ကြေကျက်လွယ်၏။ ဝမ်းမီးကိုတောက်စေ၏။ ပိုးနာ၊ နူနာ၊ သလိပ်နာ၊ လေချုပ်သောရောဂါ၊ ကိုယ်ဖောကိုယ်ရောင်နာ၊ ဖျဉ်းရောဂါ၊ မြင်းသရိုက်ရောဂါ၊ အဆိပ်သင့်နာတို့ကို ပျောက်ကင်းစေနိုင်၏။

ဒဗ္ဗဂုဏ ပကာသနီဆေးကျမ်းအလိုအားဖြင့် ကုလားအုတ်ကျင်ငယ်ရေသည် ပိုးနာ၊ နူနာ၊ မြင်းသရိုက်နာ၊ ကိုယ်ရောင်နာ၊ လေနာ၊ ရှုသွပ်နာနှင့် ဝမ်းရောဂါတို့ကို ပျောက်ကင်း၏။ ဥတုဘောဇနသင်္ဂဟကျမ်းတွင်လည်း အထက်ပါအတိုင်းဖော်ပြ၏။

ကုလားအုတ်ဒိန်ချဉ်သည် ခွန်အားကိုဖြစ်စေ၏။ ပိုးနာ၊ နူနာ၊ မြင်းသရိုက်နာ၊ ဝမ်းရောဂါ၊ လေရောဂါများကို နိုင်၏။ မလအညစ်အကြေးများကို သန့်စင်စေ၏။ လေထိုးလေအောင့်၊ လေနာရောဂါများကိုလည်း ပျောက်ကင်းစေ၏။

အခြေပြု ဆေးအဘိဓာန်တွင် ကုလားအုတ်ထောပတ်သည် ဝမ်းမီးကို တောက်စေ၏။ လေကိုငြိမ်းစေ၏။ အဆိပ်တို့ကိုနိုင်၏။ ဝမ်းဗိုက်နာ၊ ဂူလုံးနာ၊ ပိုးနာ၊ နူနာ၊ ရှုသွပ်ခြင်း၊ ဝက်ရူးပြန်ရောဂါနှင့် အဖျားရောဂါများပါ ပျောက်ကင်း၏။

ကုလားအုတ်ဆီ ၁၀ ကျပ်သား၊ တောအရက် ၃၀ ကျပ်သားဖြင့် ရော၍ကျိုပြီး တိုက်ပေးပါက ချောင်းဆိုး၊ ရင်ကျပ်၊ သလိပ်ကပ်ရောဂါ၊ သွေးအန်၊ သွေးကျရောဂါနှင့် ဆီးပူ၊



www.burmeseclassic.com

www.burmeseclassic.com

သီးနည်း၊ သီးအောင် ရောဂါများပါ ပျောက်၏။

ကုလားအုတ် ကျင်ကြီးခြောက်ကို အမှုန့်ပြု၍ ရှူပေး ပါက နှာခေါင်းသွေးလျှံသောရောဂါ ပျောက်၏။ ၎င်းကျင်ကြီး မှုန့်ကို မီးသွေးပေါ်တင်၍ ရှို့ပေးက ခြင်များပြေး၍ ခြင်ကိုက် ခြင်းမှ ကာကွယ်၏။ ဆေးဖက်ဝင်ကျင်ငယ်များနှင့် နို့များ တို့တွင် ကုလားအုတ်ကျင်ငယ်ရည်နှင့် နို့ရည်ပါ၏။

ကုလားအုတ်နှင့် ပတ်သက်၍ လူသားများအတွက် ကျန်းမာရေးများစွာ အထောက်အကူပေးသည်ကို တင်ပြ လိုက်ရခြင်းဖြစ်ပါသည်။


## ကျီးငှက်

ကျီးငှက်များသည် ကောင်းကင်ပျံသတ္တဝါဖြစ်ပြီး လူတိုင်းသိသော ငှက်သတ္တဝါဖြစ်သည်။ မြန်မာပြည်အနှံ့ အပြား တောရော မြို့ပါ နေထိုင်ကျက်စားကြပြီး လူနှင့်အနီး စပ်ဆုံးသော ငှက်သတ္တဝါဖြစ်သည်။ ကျီးနှင့်ပတ်သက်သော ပုံပမာ ခိုင်းနှိုင်းပြောဆိုခဲ့ကြသည်များရှိသည်။ ၎င်းပုံခိုင်းများမှာ

၁။ နတ်ကရာ ကျီးမော့

၂။ ကျီးလန့်စာစား

၃။ ကျီးကို ဘုတ်ရိုသေ၊ ဘုတ်ကိုကျီးရိုသေ စသည် တို့ဖြစ်သည်။ ကျီးများသည် ခြေနှစ်ချောင်းရှိသော ငှက်ဖြစ် ပြီး သွားလျှင် ခြေကို ခုန်ဆွခုန်ဆွလုပ်၍ သွားကြသည်။ ကျီးများ၏အရောင်များမှာ အမည်းရောင်ဖြစ်ပြီး အလျား ၁၀ လက်မခန့်နှင့် လုံးပတ် ၃ လက်မကျော်ရှိသည်။ မျက်စိကို စောင်းပြီး ဟိုဘက်ဒီဘက် ကြည့်သည်။



ကျီးငှက်

ကျီးဟူသောအမည်ကို အဘိဓာန်ကျမ်းတွင် ကာက၊ အရိဋ္ဌ၊ စက်၊ ဗလိ ပုဋ္ဌ၊ ဝါယသဟု ပရိယာယ် ငါးပုဒ် ပြထားပေသည်။ ၎င်း ငါးပုဒ်မှ ကာကသဒ္ဒါတွင် အက္ခရာ ကျေ၍ ကာဠ်အာကို ဣပြု၍ အီဖြစ်သည်။ ထိုအီကို သက္ကတ အလိုရပင်လျက် ကျီးဟုဖြစ်လာသည်ဟု ဝေါဟာရ ဟိနတ္ထိ ဒီပနီကျမ်းတွင် ဖော်ပြထားသည်ကို တွေ့ရှိရပေသည်။

ကျီးများသည် တောကျီးမြို့ကျီးဟု နှစ်မျိုးခွဲထားရာ တောကျီးသည် မြို့ကျီးထက် အကောင်ကြီးပြီး အသံလည်းပို ၍ကျယ်ပေသည်။ "အ အ အာ အာ"ဟူသော အသံကို မြည်ကြသည်။ ကျီးတစ်ကောင်အား လောက်လေးခွဖြင့် ပစ်ချ လိုက်ပါက ကျန်ကျီးများမှ ဝိုင်း၍အာပြီး ထိုးဆိတ်ကြသည်။ အမျိုးသမီးများ စကားများရန်ဖြစ်လျှင် အမျိုးများသော အမျိုး သမီးဘက်မှ ဝိုင်းအော်ဆဲဆိုကြလျှင် ကျီးအုပ်ကြီးကျနေတာ ပဲဟု ပြောစမှတ်ပြုကြသည်။

ကျီးများကို တိုင်းရင်းဆေးအလိုအားဖြင့် ပဥ္စဘုတ်ခွဲ မည်ဆိုပါက ခဏှာ ဝါယော၊ အာကာသလွှန်ကဲသော ငှက် သတ္တဝါဖြစ်သည်ဟု ဆိုသည်။

ကျီးများသည် လူတို့၏ စားကြွင်းစားကျန်များ၊ ကြွက် ကလေးများ၊ ကြွက်ကလေးများကို ထိုးသုတ်စားတတ်ကြ သည်။ လူများလှမ်းထားသော ငါးခြောက် ၊ အသားခြောက်များ ကိုလည်း ထိုးသုတ်စားတတ်ကြသည်။

ကျီးနှင့်ပတ်သက်၍ ကျမ်းဂန်တို့တွင် မှတ်သားဖွယ် ရာ မြတ်စွာဘုရား ဟောကြားထားခဲ့သည်များရှိ၏။ မလိန္ဒ ပဉှာ၌ ကျီးငှက်သည် ယုံမှားစိုးနှောင့်ခြင်းရှိလျက် လှုံ့လ ထုတ်၍ ကျက်စားရသကဲ့သို့ ယောဂီပုဂ္ဂိုလ်သည် အပ် သလော၊ မအပ်သလောဟု ယုံမှားစိုးနှောင့်ခြင်းရှိလျက် လုံ့လ ထုတ်ကာ သတိထင်စွာရှိသည်ဖြစ်၍ ဣန္ဒြေကိုစောင့်စည်း လျက် ကျင့်ရာ၏ဟု ပြောကြားထားပေသည်။

ရာဇမတ္တန်ကျမ်းတွင် ကျီးတို့သည်...

၁။ မေထုန်မှုကို လျှို့ဝှက်စွာကျင့်သုံးခြင်း၊

၂။ ရန်သူကို အခါမလပ်ကြည့်တတ်ခြင်း၊

၃။ အစာတွေ့လျှင် အဖော်တို့ကိုခေါ်၍ စားသောက် ခြင်း၊

၄။ အစာနှင့်ရန်သူကို တစ်ပြိုင်နက်ကြည့်ရှုတတ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com

၅။ လုံ့လဝီရိယရှိခြင်း

တည်းဟူသော ကျီးတို့၏ ဂုဏ်အင်္ဂါငါးပါးကို တိုင်းပြည်အုပ်ချုပ် မင်းလုပ်သောသူတို့ လိုက်နာကျင့်ဆောင်ဖွယ်ကို ဖော်ပြထားပေသည်။

ကျီးများ၏ ဆေးဖက်ဝင်ပုံ အကျိုးသွားအာနိသင်ကို ဖော်ပြရမည်ဆိုပါက တောကြီးကန်းသား ကြော်စားပါက အသံဝင်သောရောဂါပျောက်၏။ ကျီးအတောင်ကို အုန်းဆီဆွတ်၍ နားကြပ်ပေးပါက နားအူ၊ နားပင်း၊ နားလေထွက်ခြင်း များပျောက်၏။ တောကျီးသားသည် ပန်းနာရင်ကျပ်ရောဂါနှင့် ကလေးသူငယ်နာ ပျောက်၏။

ကျီးအတောင် ခုနစ်ခုကို မီးဖုတ်ပြာချပြီး တောအရက် ၂၀ ကျပ်သားဖြင့်ရော၍ သောက်ပေးခြင်းဖြင့် သွေးအန်၊ သွေးကျ ရောဂါများ ပျောက်ကင်းစေ၏။ သွေးတက်၍ ခေါင်းမူးဝေကိုက်ခဲလျှင် ကျီးသားမီးဖုတ် ၂ ကျပ်သား၊ ငရုတ်ကောင်း ၂ ကျပ်သား၊ စဖိုလယ်ပြာ ၂ ကျပ်သားတို့ရောပြီး စရနယ်ကာ ရှူပေးခြင်းဖြင့် ပျောက်ကင်းစေပါသည်။

-ကျီးနှင့်ပတ်သက်၍ လိုအပ်သလို အသုံးပြုနိုင်ရန် ဖော်ပြလိုက်ပါသည်။

## ကရဝိက်ငှက်

ကရဝိက်ငှက်များသည် အသံအားဖြင့် အလွန်သာယာသောကြောင့် ထင်ရှားသောငှက်တစ်မျိုးဖြစ်၏။ လောကဝ္၌ သာယာသောအသံများကို ကရဝိက်သံ၊ ကြိုးကြာသံဟု တင်စားပြောဆိုကြ၏။ ညင်သာသောအသံကို မြည်တွန်တတ်သော ငှက်တစ်မျိုးဟု မဟာဝိဋီကာတွင် ဖွင့်ဆိုထား၏။ ကရဝိက်ငှက်၏ ပမာဏမှာ ဥဩငှက်လောက်သာရှိမည်ဟု ယူဆကြ၏။ အချို့က တောင်များပေါ်တွင်နေသော ကြိုးကြာငှက်ကို ကရဝိက်ငှက်ဟု ခေါ်ဆိုကြ၏။

ကရဝိက်ငှက်များသည် သီရိဓမ္မာသောကမင်းကြီးလက်ထက် ဟိမဝန္တာတောင်မှ ရောက်ရှိလာပြီး သာယာစွာတွန်မြည်ကြောင်း မဟာဝင်္ဂဋီကာတွင် ဖော်ပြထားသည်ကို တွေ့ရှိရ၏။

ကရဝိက်ငှက်များသည် ရေနှင့်ရေ အနီးတွင်နေသော ငှက်မျိုးဖြစ်၏။ ရေလည်းကူးနိုင်၏။ ရှေးပဒေသရာဇ်ခေတ်က ကရဝိက်ဖောင်များပြုလုပ်ခဲ့ကြ၏။ ကောင်းကင်တွင်လည်း ပျံနိုင်၏။ ထို့ကြောင့် ဟင်္သာ၊ တင်ကြီး၊ ဝမ်းဘဲ၊ စက်ကဝါက်၊ ကြိုးကြာ အစရှိသော ငှက်မျိုးနွယ်စုများတွင် ပါဝင်၏။

ကရဝိက်ငှက်များကို မြန်မာ့ရှေးရိုးစဉ်လာ ပန်းချီ၊ ပန်းပုရေးဆွဲရာ၌လည်းကောင်း၊ ယဉ်ကျေးမှုစာပေနယ်ပယ်များတွင် များစွာအသုံးပြုခဲ့ပေသည်။

ကရဝိက်ငှက်ကို ကိုယ်တိုင်မမြင်ဖူးသော်လည်း ရှေးပညာရှိ၊ မိဘဆရာသမားများ မှတ်သားထားရှိချက် ပြောဆိုချက်တို့ကို နောင်လာနောက်သားများ စဉ်ဆက်မပြတ် သိရှိနိုင်ရန် ဖော်ပြလိုက်ရခြင်းဖြစ်ပါသည်။

အသံသာယာသော ကရဝိက်ငှက်၏ပုံစံများကို ရှေးပဒေသရာဇ်မင်းအဆက်ဆက် အသုံးပြုခဲ့ကြ၏။ ဥပမာ-ရွှေကွမ်းအစ်၊ ငွေကွမ်းအစ်၊ ရွှေပွဲတော် အုပ် စသည်တို့ဖြစ်၏။ သီပေါမင်းလက်ထက် အင်္ဂလိပ်တို့သိမ်းယူသွားသော ပစ္စည်းထဲတွင် ကရဝိက်ရွှေကွမ်းအစ်လည်းပါဝင်၏။

ကရဝိက်ငှက်ကို လူတိုင်းမတွေ့မြင်ဖူးသောကြောင့် အမွေးအတောင် အရောင်အဆင်းမသိကြရပါ။ အသားလည်း စားသုံးဖူးသူမရှိ၍ အရသာအကျိုးသွားမသိပါ။ သီရိဓမ္မာသောကမင်းကြီးလက်ထက်မှစ၍ ရှေးမင်းအဆက်ဆက် အသုံးပြုခဲ့သောကြောင့် မြန်မာပြည်တွင်လည်း မင်းအဆက်ဆက် ကရဝိက်ငှက်ပုံကို အသုံးပြုခဲ့ကြပေသည်။ ကရဝိက်ရွှေကွမ်းအုပ်ကိုလည်း လက်ျာမင်းခမ်းမင်းနားတွင် အသုံးပြုပြီး ရေကစားရာတွင် ကရဝိက်ဖောင်တော်ကို မင်းကြီးကိုယ်တိုင် စီးတော်မူသည်။ ကရဝိက်ငှက်၏ အသံသာယာပုံကို ဝက်မစွတ်မြို့စား နဝဒေးကြီး၏ လောကဝိဒူလင်္ကာတွင် "ကရဝိက်ငှက်မင်း သာယာခြင်းဖြင့် ညှင်းညှင်းကြူး မြည်တွန်လေသည်ကား"ဟု စပ်ဆိုခဲ့ပေသည်။

## သမားတော်ကြီးဒေါက်တာသက်ဆွေ(ရှေ့ဆောင်တင်ဆွေ)

**ကိုးကား**

ရှေ့ဆောင်တင်ဆွေ၏ တိရစ္ဆာန်များမှ လူသားများကို အကျိုးပြုပုံများကျမ်း။



www.burmeseclassic.com

www.burmeseclassic.com

# ဘုမ္မိအခက်အခဲပြေ ယတြာချေ

ဂမ္ဘီရဆရာလှမျိုး(B.Sc)

မြန်မာ့ရိုးရာ သက်ရောက်ဂြိုဟ်စား(ဂြိုဟ်အိမ်)ပညာသည် ဘယ်တော့မှ မရိုးနိုင်သည့် ဗေဒင်ပညာရပ်တစ်ခုဖြစ်ပါသည်။ အချို့ကတော့ (၇)နှင့်စား (၈)နှင့်စားဟု ခေါ်ကြသည်။ ဘာမှ မတွက်မချက်ဘဲ မျက်စိမှိတ်ပေါက်တာနှင့်စာရင်တော့ သေချာသဘော ကိန်းဂဏန်း အပေါင်း၊ အနုတ်၊ အမြှောက်၊ အစားပါတော့ ပိုသေချာနိုင်မှာသည်ဟု ဆိုရမည်။

နက္ခတ်ပညာ ဆိုသည်မှာလည်း ကိန်းဂဏန်းတွေနှင့် ဆက်စပ်နေပါသည်။ မိမိကိုယ်ကို နက္ခတ်ပညာရှင်ဟု အမည်တပ်ထားပြီး မဂ္ဂဇင်းဂျာနယ်တွင် မဟာဘုတ် အင်္ဂဝိဇ္ဇာ အကြောင်း ရေးနေသော ပညာရှင်တွေကိုလည်း တွေ့ရပါသည်။ အချို့ စာအုပ်တောင် ထုတ်ထားကြသည်။ ဤအကြောင်း ပြောရရေးရလျှင် ဆောင်းပါးရှည်သွားနိုင်ပါသည်။ နဝင်းပညာကို အထင်မကြီးသော ဆရာတစ်ဦးသည် ယခုအခါ သူကိုယ်တိုင် အရွက်အခက်များနှင့် နဝင်းချပေးနေတာတွေ့ရ၍ အံ့သြမိပါသည်။

မိမိအသက်ကိုတည်၍ (၈)ဖြင့်စား။ အကြွင်းကို မွေးနံ့မှစပြီး လက်ယာရစ်လှည့်ရေတွက်ပါက ရောက်၍နေသော ဂြိုဟ်ခွင်သည် သက်ရောက်ဖြစ်သည်။ အသက်ကို (၈)ဖြင့်စား၍ (၄)ကြွင်းလျှင် ဘုမ္မိဟု သတ်မှတ်ကြသည်။ အချို့က စုံနှစ်မကောင်းဟု ဆိုကြသည်။ ထိုအယူအဆမှာလည်း မှားသည်ဟုမဆိုပါ။ (၄)ကြွင်းမှသာ ဘုမ္မိဖြစ်သည်။ ဘုမ္မိတွင်လည်း ရိုးရိုးဘုမ္မိ၊ ဘုမ္မိနှစ်ထပ်၊ ဘုမ္မိကြီး၊ ဘုမ္မိလေး ဆိုတာ ရှိသေးသည်။ မည်သည့်ဘုမ္မိမှ ကောင်းကျိုးမခံစားရပါ။ ထို ဘုမ္မိကြီး၊ ဘုမ္မိနှစ်ထပ်ဆိုသည့် သက်ရောက်နှင့် ဂြိုဟ်အိမ်နှစ်ခု တွဲကြည့်ရပါသည်။ အသက်ကို (၈)ဖြင့်စား၍ (၇)ကြွင်းလျှင် ဘုမ္မိလေးခေါ်သည်။ ယခု စာရေးသူ ရေးသားဖော်ပြမည့် နည်းကတော့ ထိုနည်းတွေနှင့်မတူသော နည်းတစ်နည်းဖြစ်သည်။ သစ်တံခါးဆရာတော် အသုံးပြုသောနည်းဖြစ်ပါသည်။ အသက်ကို ၄ နှင့်စား၍ အကြွင်းမရှိလျှင် ဘုမ္မိဟုဆိုထားသည်။ ယတြာနည်းလည်း ပေးထားသည်။ အောက်ပါအတိုင်း ရေးသားဖော်ပြပေးထားပါသည်။

"ဘုမ္မိအခက်အခဲမှ လွတ်မြောက်လိုလျှင် ဤယတြာချေပါ။ မိမိရောက် ဆဲအသက်ကိုတည် (၄)နှင့်စားကြည့်ပါ။ (၀)ကြွင်းပြတ်လျှင် ဘုမ္မိချေပါ။ အဆင်မပြေကြောင်းဝေး၍ လိုရာဆန္ဒပြည့်ဝပြီး အောင်မြင်ပါမည်။

ဥပမာ အသက် ၂၈ နှစ် ၂၈ အစား ၄ = ၀



www.burmeseclassic.com

www.burmeseclassic.com

၈ ဖြင့်စားပါက ၂၈ အစား ၈ = ၄ (ဘုမ္မိ)

နှစ်နည်းစလုံးမှန်နေသည်။

အသက် ၃၂ နှစ် ၃၂ အစား ၄ = ၀

၈ ဖြင့်စားပါက ၃၂ အစား ၈ = ၀

(၄)ဖြင့်စားသောနည်းသည် မှန်ပြီး (၈) ဖြင့်စား၍ ရသောနည်းမှာ မမှန်ပါ။ ဘုမ္မိဆိုသည်မှာ လေးခုမြောက် ဂြိုဟ်ဟု ယူဆထားကြသည်။ ဘုမ္မိ = အညစ်အကြေးစွန့်ရာ ဘုမ္မိအရပ်ကိုရှောင်။ (၄)ဖြင့်စား၍ ပြတ်နေသောနှစ်တွင် ဘုမ္မိယတြာချေတာ မများပါ။

၁။ တနင်္ဂနွေသားသမီး ဘုမ္မိဖြစ်နေလျှင် ဗုဒ္ဓဟူးနေ့ နေထွက်ချိန်၌ ဗုဒ္ဓဟူးထောင့်သွား၍ ပလာတာအား ပန်းကန်ပြားတစ်ချပ်တွင် ထည့်လှူပါ။ ပလာတာ မရပါက ပေါင်မုန့် ထောပတ်သုတ်၊ မုန့်ဖက်ထုပ်၊ ပဲနို့တစ်ခုခုလှူပါ။ ထို့နောက် ပဋ္ဌာန်း၊ မေတ္တာသုတ်ရွတ်ဆိုပါ။ ဗုဒ္ဓါဂုဏ်တော် ပုတီးစိပ်ပါ။

၂။ တနင်္လာသားသမီး ဘုမ္မိဖြစ်နေပါလျှင် နံနက် ၁၀း၄၅ နာရီတွင် ကြာသပတေးထောင့်သို့သွား၍ အနီရောင် ပန်းကန်ပြားတွင် အပြည့်ထည့်ကာ လှူပေးပါ။ တစ်ပတ်တစ် ကြိမ် လေးကြိမ်ပြုလုပ်ပါ။ ဖယောင်းအနီ ၁၀ တိုင် ပူဇော်ဆုတောင်းပါ။ နမောတဂါထာကို ပုတီး ၁၀ ပတ်စိပ်ပါ။

၃။ အင်္ဂါသားသမီး ဘုမ္မိဖြစ်နေလျှင် သောကြာထောင့် သွား၍ ပန်းကန်ပြားတွင် ပေါင်မုန့်ထောပတ်သုတ်ထည့် လှူပါ။ ဝိတောက်ညွန့် ၁၂ ညွန့်လည်း ထည့်လှူပါ။ မေတ္တာပို့ ပဋ္ဌာန်း ရွတ်ဆိုပါ။ ဗုဒ္ဓါဂုဏ်တော် ၁၂ ပတ်စိပ်ပါ။

၄။ ဗုဒ္ဓဟူးသားသမီး ဘုမ္မိဖြစ်နေလျှင် ရာဟုထောင့် သွား၍ ပန်းကန်ပြားတွင် အုန်းသီးတစ်လုံးထည့်လှူပါ။ ဘုရားရေ သက်စေ့သပ္ပာယ်ပြီး အရဟံဂုဏ်တော် ပုတီး ၁၇ ပတ်စိပ်ပါ။

၅။ ကြာသပတေးသားသမီး ဘုမ္မိဖြစ်လျှင် တနင်္ဂနွေနေ့ တနင်္ဂနွေထောင့်၌ နံနက် ၆ နာရီ ၄၅ မိနစ်တွင် အနီရောင်ပန်းကန်ပြားတွင် ဂျုံအပြည့်ထည့် လှူပါ။ ဖယောင်းတိုင် ၆ တိုင်ပူဇော်ပါ။ သုဂတောဂုဏ်တော် ပုတီး ၉ ပတ်စိပ်ပါ။

၆။ သောကြာသားသမီး ဘုမ္မိဖြစ်နေလျှင် အင်္ဂါနေ့ အင်္ဂါထောင့်သွား၍ ပန်းကန်တွင် မုန့်မျိုးစုံလှူဒါန်းပေးပါ။ နောက်ပန်းကန်တစ်ချပ်တွင် ပန်းပွင့်များထည့်လှူပါ။ လောကဝိဒူသိဒ္ဓိ ပုတီး ၉ ပတ်စိပ်ပါ။

၇။ စနေသားသမီး ဘုမ္မိဖြစ်နေလျှင် သောကြာနေ့ သောကြာထောင့်သို့သွား၍ နံနက် ၆ နာရီတွင် ပန်းကန် ပြားကြီးထဲ ဆန်အပြည့်ထည့်လှူပါ။ ဆန်ပန်းကန် အပြီးလှူခဲ့ပါ။ မွေးနံထောင့်တွင် အုန်း ၆ ညွန့်လှူပါ။ သမ္မုဒ္ဓေဂါထာ သက်စေ့ရွတ်ဆိုပါ။ မွေးနေ့တိုင်း သက်သတ်လွတ်စားပါ။

မည်သည့်နေ့သားသမီးမဆို ဘုမ္မိဂြိုဟ်သက်ရောက် ကျရောက်နေပါက မွေးနေ့ လပြည့်လကွယ် ဥပုသ်နေ့တိုင်း သက်သတ်လွတ်စားပါ။ ငါး စာကလေး ကဏန်း ၁၀ ကောင် လွှတ်ပါ။ တိရစ္ဆာန်များကို ဇီဝိတဒါန ဘေးမဲ့လွှတ်ပေးခြင်း၊ တစ်ပတ်တစ်ကြိမ် အစာကျွေးပေးခြင်း၊ မေ့ဒ္ဓသုတ်ရွတ်ဆို၊ မေတ္တာပို့ခြင်း၊ အမိဋ္ဌာန်ပြုလုပ်ပေးခြင်း၊ အကောင်းဆုံးမှာ ဓာတ်ကြီးလေးပါး ဆွမ်းတော်ကပ်လှူပေးခြင်းတို့ကို ပြုလုပ်ပေးသင့်ပါသည်။


ဘုမ္မိကျ၍ စိတ်ညစ်နေသူများ၊ အခက်အခဲ ကြုံတွေ့နေရသူများ ယတြာချေ၍ ဘုမ္မိမှလွတ်မြောက်ကာ အစစ အောင်မြင်ပြီး အေးချမ်းသော ဘဝပိုင်ရှင်၊ ငြိမ်းချမ်းသော ဘဝပိုင်ရှင်၊ သာယာသော ဘဝပိုင်ရှင် ဖြစ်ပါမည်။ အောင်မြင်မှု ရကြပါစေဟု မေတ္တာပို့သလျက်ပါ။ သစ်တံခါးဆရာတော်၏ မေတ္တာစေတနာကို ပြန်လည်ရေးသား တင်ပြပေးလိုက်ပါသည်။ ဘုမ္မိကြီး၊ ဘုမ္မိနှစ်ထပ် သက်ရောက်နေပါက နဝင်းပညာဖြင့် နဝင်းစီယတြာချေတာ အကောင်းဆုံးဖြစ်ပါသည်။ ယတြာဆိုသည်မှာ ကြိုတင်ကာကွယ်ထားတာ ပိုကောင်းသည်။ အချို့လည်း အဝတ်ပြောင်းကြသည်။ အဝတ်ပြောင်းရုံဖြင့်တော့ မလွတ်နိုင်ပါ။ စိတ်ပါပြောင်းရမည်။ ဥပေက္ခာထားနိုင်သောစိတ်၊ မေတ္တာစိတ်၊ သည်းခံစိတ်၊ ကရုဏာစိတ်တို့ ထားရှိရပါမည်။ ၇ နေ့သားသမီး စာဖတ်ပရိသတ်များ နဝင်းယတြာချေလိုပါက ၀၉ ၄၂၀၀၄၇၈၆၉ သို့ ဆက်သွယ်ပါ။

ဂမ္ဘီရဆရာလှမျိုး(B.Sc)



www.burmeseclassic.com

www.burmeseclassic.com



# မီးဖိုချောင်မှ ဆေးစွမ်းကောင်းများ

အောင်ဘုန်းမြင့်(ကချင်မြေ)

နေ့စဉ် ချက်ပြုတ်စားနေရသဖြင့် ဆန်ကို လူတိုင်း သိကြပြီးဖြစ်၍ အကျယ်မရေးတော့ပါ။ ဆန်မှဖြစ်သော ဆန်ဆေးရည်၊ ထမင်း၊ ထမင်းရည်များ၏ ဆေးအာနိသင်များကိုသာ ရေးသားဖော်ပြသွားပါမည်။

ဆန်လှော်သည် ရင်ပူခြင်း၊ နှလုံးပူခြင်း၊ အစာအိမ်အချဉ်ပြန်ခြင်း၊ အပူဝမ်းရောဂါဖြစ်ခြင်း၊ ရေငတ်ခြင်းနှင့် အပူပြန်ခြင်း ဂျားကို သက်သာကောင်းစေနိုင်သည်။ ဆန်ဆေးရည်သည် သွေး၊ သည်းခြေအပူမှန်သမျှ ငြိမ်းစေနိုင်၍ အပူဝမ်းသက်ခြင်းကို ကောင်းစေရပ်စေနိုင်၏။ ထို့ပြင် အနာကင်း အနာပျောက်အမျိုးမျိုးကို ပျောက်ကင်းစေနိုင်သည်။ ထမင်းရည်သည် ဝမ်းဆို အေးမြစေခြင်း၊ အစာကိုမြိန်စေခြင်း၊ ဆီးကို ရှင်စေ၊ ကောင်းစေခြင်း၊ သွေးသားကိုပွားစေ၍ အသက်ကို ရှည်စေခြင်း၊ အဖျား၊ သလိပ်၊ သည်းခြေ၊ လေတို့ကိုနိုင်သော ဂုဏ်ရှစ်ပါးနှင့်ပြည့်စုံသော အာနိသင်ကောင်းများ ရှိပါသည်။ ထမင်းသည် ဘီတာမင်ဘီဓာတ် ပြည့်စုံကြွယ်ဝ၏။

## ရိုးရာဆေးနည်း

ဆန်ကို ဒယ်အိုးနှင့် နီရဲလာအောင်လှော်ပြီး ကြွေဇလုံထဲထည့် ဆန်လှော်ပူပူထဲတွင် ရေသန့်များများ လောင်းထည့်၍ အပူခိုးငြိမ်းသွားလျှင် တိုက်ပေးသော် ဝမ်းရောဂါ အမျိုးမျိုးကို ပျောက်ကင်းစေနိုင်၏။ ရေသန့်ထပ်ပွား၍ ရေတောင်းတိုင်း ဆက်၍ဆက်၍ တိုက်ပေးနိုင်ပါသည်။ လူကောင်းများလည်း သောက်နိုင်မည်။

ထမင်းခြောက်ကို မတူးမခြစ်အောင် လှော်ပြီး ထန်းလျက်ဆတူနှင့် ရောကြိတ်၍ စားသုံးပေးပါက သွေးဝမ်းလွန်ရောဂါပျောက်၏။ ထမင်းကိုကြိတ်၍ လုံးခွက်ပုံစံလုပ်ယင်းထမင်းလုံးခွက်ထဲ ဆံပင်အပြည့်ထည့်၍ မီးဖုတ်ရမည်။ ဆံပင်ပြာကျ၏။ ဆံပင်ပြာကို ထမင်းလုံးခွက်နှင့် ရောကြိတ်၍ရသော ဆေးမှုန့်ကို ခွေးဗရင်ကျိနာပေါ် ဖြူးပေးသော် အနာသက်သာပျောက်ကင်း စေနိုင်ပါသည်။ ရင်ပူ၊ ဝမ်းပူသော် ထမင်းရေစိမ်စားပေးနိုင်၏။

ထမင်းနှင့်ဆားကို ရောကြိတ်၍ မီးဖုတ်ပြီး အုံပေးပါက



www.burmeseclassic.com

www.burmeseclassic.com

ကျွဲအသားမာနာ ပျောက်ကင်းနိုင်၏။ ထမင်းရည်ကို သိန္ဓောဆား၊ သဘော်ချင်းခြောက်မှုန့် ခတ်သောက်ပေးပါက အစာမကြေ၊ ရင်ကယ်လေခံရောဂါ ပျောက်၏။ ကောက်ညှင်းဆန်ကို နွားနို့နှင့်ကျိုပြီး ညအိပ်ရာမဝင်မီ စားသုံးပေးသည်ရှိသော် သည်းခြေဝမ်းကျနာရောဂါ ပျောက်ကင်းနိုင်၏။ ကောက်ညှင်းဆန်ကို ထန်းလျက်နှင့် ဆီထမင်း ချက်စားပေးလျှင် ဝမ်းပျက်ရောဂါနှင့် မီးယပ်ပိန်နာရောဂါတို့ကို ပျောက်ကင်းစေနိုင်ပါသည်။ မွန်ပြည်နယ်ဘက်တွင် သင်္ကြန်ရေဆမ်းထမင်းကို ရိုးရာအစားအစာအဖြစ် စားကြ၏။

ဆန်လုံးခုနစ်စေ့၊ ငရုတ်ကောင်းခုနစ်စေ့၊ ထန်းလျက်တစ်ခဲ၊ နံ့သာဖြူသွေးရည် အနည်းငယ်ကို ရေလက်ဖက်ရည်ပန်းကန်သုံးလုံးနှင့် သုံးခွက်တစ်ခွက်တင် ကျိုသောက်ပေးပါက ငှက်ဖျားရောဂါပျောက်၏။ ထို့ပြင် ထမင်းကို ဆေးဝါးအဖြစ် ဉာဏ်ရှိသလို အကျယ်အသုံးပြုနိုင်ပါသည်။

နှမ်းဆီနှင့် မုန်ညင်းဆီသည် အလွန်ဆေးစွမ်းထက်သော ဆေးဘက်ဝင် ပစ္စည်းဖြစ်၏။ နှမ်းဆီသည် ဆိမ့်၏။ စဉ်းငယ်မျှဖန်၏။ ခါးသက်သက် အရသာမျိုးရှိ၏။ ကြေခဲ၏။ အဆင်းရှုပါကို လုစေ၍ အသံကိုလည်း ကောင်းစေနိုင်၏။ ပိန်သောသူကို ဝစေတတ်၍ ဝသောသူကို ပိန်စေနိုင်၏။ ခန္ဓာကိုယ်တစ်ခုလုံး ပျံ့နှံ့လွယ်စေပြီး အကြောနှင့်ကြွက်သားများကို ပြေလျော့စေတတ်၏။ နူးညံ့ပြီး သည်းခြေကို ပြုစေတတ်ပါသည်။ ခွန်အား၊ သလိပ်အား၊ သုက်အားများကို ပွားများစေတတ်ပြီး နှုတ်ကိုမြိန် စေနိုင်၏။ ဆံပင်ကိုလည်း သန်စေ၊ နက်စေ ကောင်းစေတတ်၏။ ယားယံနာ၊ နူနာ၊ မေပန်းပင်ပန်းနာနှင့် လေနာအမျိုးမျိုးကို ကောင်းစေပျောက်ကင်းစေနိုင်၏။ ထို့ပြင် ဒဏ်ရာဒဏ်ချက်ဖြစ် ခြင်း၊ အတွင်းကြေနာခြင်း၊ အရိုးအက်ခြင်း၊ ကျိုးခြင်းများကို ကုသပျောက်ကင်းစေနိုင်ပြီး မီးလောင်နာများကို ပျောက်စေနိုင်၏။ အဆိပ်အပြင်းများကို ပြေပျောက်စေနိုင်၏။ နှမ်းဆီကို မည်သည့်ဆေးမျိုးနှင့်ဖြစ်စေ တွဲဖက်အသုံးပြုနိုင်ပါသည်။ အိန္ဒိယဆေးကျမ်းများက နှမ်းဆီကို အမျိုးမျိုးအမွှမ်းတင်ကြ၏။

မုန်ညင်းဆီသည် အကြောထုံ၊ အကြောတင်၊ အကြောတင်း၊ အကြောလွဲ၊ အကြောနာများကို ပြေလျော့ကောင်းစေနိုင်ပြီး အတွင်းဒဏ်များကို နိုင်၏။ လိမ်းဆေး၊ လူးဆေးများအဖြစ် ဖော်စပ်အသုံးပြုနိုင်ပါသည်။ မုန်ညင်းဆီကို ကြေးပြားလေးနှင့် လျှာခြစ်ပေးပါက အဖျားရောဂါအမျိုးမျိုးကို ချက်ချင်းသက်သာစေနိုင်ပါသည်။

## ဆေးစွမ်းသတ္တိများ

ငရုတ်ကောင်းမှုန့်စစ်စစ်ကို နှမ်းဆီနှင့် ခပ်ပျစ်ပျစ်ဖျော်လိမ်းပေးလျှင် မီးလောင်နာ၊ အပူလောင်နာများကို ပျောက်ကင်းကောင်းစေ၏။ ကြက်သွန်ဖြူ၏အဆီကို တစ်နေ့နှစ်ကြိမ် သင့်ရုံ တိုက်ကျွေးပေးပါက လည်ပင်းကြီးရောဂါကို သက်သာပျောက်ကင်းစေနိုင်၏။ မရိုးပင်အစေးနှင့် နှမ်းဆီရောစပ်၍ သိပ်ပေးသော် သွားကျင်၊ သွားကိုက်၊ သွားနာကို သက်သာစေနိုင်ပါသည်။ နှမ်းဆီနှင့် မုန်ညင်းဆီသည် ကြွက်သားနှင့်အကြောကို အထူးနိုင်၏။

နှမ်းဆီ ငါးကျပ်သား၊ ပြဒါးရှစ်ပဲသားလော၍ ပူရုံမီးပေါ်ချက်ပြီး ခြေလက်အရိုးကျိုးသောနေရာ၌ လိမ်း၍ကျပ်စည်းပေးသည်ရှိသော် ခြေကျိုး၊ လက်ကျိုးကို ဆက်စေကောင်းစေနိုင်ပါသည်။

ယင်းပြား၊ ဇာတိပ္ဖိုလ်သီး၊ လေးညှင်း၊ ပရုပ် ယင်းဆေးလေးပါး တစ်မျိုးလေးပဲသားအမျှစီကို အမှုန့်ပြုလုပ်၍ နှမ်းဆီ၊ မီးတောက်အရက်တို့နှင့် ရောလိမ်းပေးပါက ခြေသေ၊ လက်သေကို ပြန်ကောင်းစေနိုင်၏။ နှမ်းဆီငါးကျပ်သား၊ ပရုပ်နှစ်ကျပ်ခွဲသား အမှုန့်ပြုရော၍ ပုလင်းတွင်ထည့် အဆို့ပိတ်ထားပြီး ပုလင်းလည်ပင်းဖော်၍ ပြုတ်ရ၏။ ပရုပ်ကြေလျှင် မီးပေါ်မှချ အအေးခံကာ လေလုံအောင်သိမ်းဆည်းထားရမည်။ ယင်းဆေးအဆီနှင့် လိမ်းကျံနှိပ်နယ်ပေးသော် ခြေလက်ထုံကျင်နာများကို ပျောက်ကင်းစေနိုင်သည်။ လေဖြတ်အကြောသေခြင်းကိုလည်း လိမ်းပေးနိုင်၏။

မြင်းခွာရွက်ကို ရေခန်းပြာဖြစ်သည်ထိချက်ပြီး နှမ်းဆီနှင့်ရောနယ်ကျပ်စည်းပေးပါက ခြေလက်အကြောပြတ်ခြင်းမှ ပြန်ကောင်းစေနိုင်၏။ ဆီ၊ ဆား၊ သံပရာရည်သုံးပါးကို ရောမွှေသောက်သုံးပေးသော် ပိတ်ဝမ်းဒွလာရောဂါများပျောက်၏။ (ဝမ်းချုပ်၍ အချွဲအသွားများသောရောဂါမျိုးကို ဆိုလိုသည်) ဆီအကြည်၊ ဆားကျက်၊ သံပရာရည် သုံးမျိုး အမျှစီကို နံနက်ညသင့်ရုံ သောက်သုံးပေးပါက ရင်ဘတ်အောင့်၊ ရင်ဘတ်နာရောဂါ သက်သာပျောက်ကင်းနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com

ကြက်သွန်ဖြူ၊ ရှိန်းခို အမှုန့်ကို နမ်းဆီနှင့်ဖော၍ နံနက်ည ဆီးကင်းခန့်စားပေးပါက ခြေအေးလက်အေးနာ ပျောက်၏။ ကြောင်လျှာမြစ်ကို အမှုန့်ပြုလုပ်၍ နမ်းဆီနှင့် မီးနွေးနွေးတွင်ချက်ရမည်။ ခပ်နွေးနွေးကို စစ်ယူပြီး နားကျပ် ပေးပါမူ နားရောဂါအမျိုးမျိုးကို ပျောက်စေနိုင်၏။ နမ်းဆီ စစ်စစ်နှင့် သံပရာရည်အမျှကို ငွန်းသေးနှင့်ရောပြီး ငယ်ထိပ် တွင်လိမ်းအုံပေးသော် ခေါင်းမူးဝေဒနာ ပျောက်၏။ နမ်းဆီကို နွေး၍ နားအစက်ချပေးက နားပိတ်ဆို့ခြင်း၊ ယားယံခြင်း ပျောက်၏။ ထန်းလျက်၊ ကြက်သွန်နီ၊ မန်ကျည်းမှည့် တစ် ကျပ်သားအမျှကို ဆားငါးမူးသား နမ်းဆီတစ်မတ်သားရော ၍ ဆီးသီးစေ့ခန့် နေ့စဉ်စားပေးသော် ဒူလာရောဂါ၊ မီးယပ် ဝေဒနာ ပျောက်ကင်းနိုင်၏။

နမ်းဆီသည် သလိပ်သည်းခြေကိုနိုင်ပြီး လူ၏ ကိုယ် ခန္ဓာနှင့် သင့်မြတ်၍ အားအင်ကို ဖြစ်စေတတ်၏။ နို့ရည်ကို ပွားစေတတ်၏။ နမ်းသုံးမျိုးရှိရာ၌ နမ်းနက်သည် ဆေးစွမ်း အထက်မြက်ဆုံးဖြစ်ပါသည်။

## ဆား

ဆားသည် ဝါယောလေကို နိုင်၏။ မြခိုင်ခဲ့ အားကို ဖြစ်စေတတ်ပြီး တော်ရုံတန်ရုံ ရောဂါပိုးများကို သေကျေစေနိုင် ၏။ Stroptocous ပိုးကြောင့်လည်းကောင်း၊ Virus ပိုး ကြောင့်လည်းကောင်း လည်ချောင်းနာလျှင် ဆားရည်နွေးနွေး ဖြင့် အာခေါင်ထိ ငုံထွေးပေးခြင်းဖြင့် သက်သာပျောက်ကင်း စေနိုင်ပါသည်။ သွားနာကိုလည်း သက်သာစေ၏။

ဆား ဂုဏ်သတ္တိသည် ငန်သော အရသာရှိ၏။ ပျော် ဝင်နိုင်ပြီး အဖုအခဲအကျိတ်များကို ကြေစေနိုင်၏။ အပုပ် ပြည်သွေးကို ကြည်လင်စေ၍ သည်းခြေကို ဖြောင့်မတ်စေ ၏။ အစာမကြေ၊ ရင်လေ၊ သွေးပူ သလိပ်ခြောက် ချောင်းဆိုး နှင့် ဝါယောဓာတ်ကိုပယ်၍ သလိပ်မှန်သမျှကို ကြေစေနိုင်၏။ ပင်လယ်ရေမှ ချက်ယူသောဆားသည် ထင်ရှားထူးမြတ်လှ၏။

## ဆေးအသုံးပြုနည်း

နားထဲပိုးကောင်ဝင်ပါက ဆားရည်ကြည်ခတ်ပေး လျှင် ပိုးကောင်များ ဆားရည်ကြည်ပေါ်တက်လာပြီး ကောင်း စေနိုင်၏။ ညအိပ်ရာမဝင်မီ ရေချိုးခန်းသမံတလင်းပေါ် ဆား ပုံပြီး နာသောခြေဖနောင့်ကို ဆားပေါ်ဆယ်မိနစ်ခန့် နင်း ပေးပြီးလျှင် ခြေထောက်ကို ရေစင်အောင်ဆေး၍ နာသော နေရာတွင် ကွမ်းရွက်ကပ် ပတ်တီးစည်းပေးလျှင် ခြေဖနောင့် နာခြင်း အတက်ထွက်ခြင်းတို့မှ ကောင်းစေနိုင်၏၊ သံပြား(သို့) ဓားမကြီး မီးရဲအောင်ဖုတ်ပြီး ဆားပုံ၍ ခပ်ပူပူပေါ် နာသောခြေ ထောက် ခြေဖနောင့်ဖြင့်နင်းပေးပါက အသားကြေ၍ ခြေ သပွတ်နာရောဂါ ပျောက်စေနိုင်သည်။

ဆားဖြင့် ကျပ်ထုပ်ထိုးပေးသော် အတွင်းဒဏ်ရာ၊ ဒဏ်ကြေနာသော အသားကြေနာများကို ပျောက်ကင်းစေ၏။ အနာဝင်သော် ဆန်မီးဖုတ်တွင် ဆားခတ်ပြီး ရေအေးနှင့် သောက်ပေးက ပျောက်၏။ ဆားကို နနွင်းရည်နှင့် ဖျော် လိမ်းကျံပေးပြီး မီးကင်ပေးပါက သွေးပွတ်နာနှင့် ယားယံ ခြင်းကို ပျောက်စေ၏။ ပွတ်ကြီးမြစ်ကို ဆားဆန်ဆေးရည် ရေ၍ သွေးလိမ်းပေးသော် အသားမာတက်ခြင်းမှ ကောင်းစေ နိုင်၏။ မန်ကျည်းခေါက်ကို ဆားနှင့်သွေးပြီး မျက်ကွင်းပေးသည် ရှိသော် မျက်စိနာရောဂါ ပျောက်၏။ နံနက်သွားတိုက်ပြီး တိုင်း ဆားမန်ကျည်းစေ့ခန့်သောက်ပေးက နာတာရှည် လေရောဂါ ပျောက်နိုင်၏။

ဆား ၅ ကျပ်သား၊ မင်းကိုကာ ၅ ကျပ်သား၊ ကြက် သွန်ဖြူ၊ ငရုပ်ကောင်း၊ ပိတ်ချင်း၊ ချင်း တစ်မျိုးတစ်မတ်သား အမျှကို အမှုန့်ပြု၍ နံနက်ည သင့်ရုံသောက်ပေးပါမူ လိပ် ခေါင်းရောဂါ ပျောက်ကင်း၏။ မီးတွင်း သွေးမစင်သဖြင့် ဘိန်ပြ နာယှဉ်၍ ကိုယ်လက်သေခြင်း၊ ဖောရောင်ခြင်းဖြစ်ပါက ရှားစောင်းကြီး ပါးပါးလှီး၊ ဆားနှင့်နယ်၍ နေပူလှန်းပြီးလျှင် ရေဆေး၊ ရေနွေးနှင့် တစ်ပွက် နှစ်ပွက်ဆူအောင်ပြုတ်၍ မှန်းရည်ကြီး၊ အမဲသား(သို့) ငါးတစ်မျိုးမျိုးနှင့် ရောချက်စား ပေးပါက မီးတွင်းနာရောဂါ ကင်းစင်ကောင်းစေနိုင်၏။ သို့ဖြစ် ၍ စားလို့ရသောပစ္စည်းများနှင့် သောက်လို့ရသော အရာမှန် သမျှသည် စည်းကမ်းတကျ ချင့်ချိန်စားသောက်ပေးကြမည် ဆိုလျှင် ဆေးဘက်ဝင်သည်ချည်း ဖြစ်ပါသည်ဟူ၍ . . .။

*ပန်းလို၊ စမ်းလို၊ လမင်းလို ဘဝယာချမ်းမြေ့ကြပါ စေ . . .*

***အောင်ဘုန်းမြင့်(ကချင်မြေ)***



www.burmeseclassic.com

www.burmeseclassic.com

**စာရေးဆရာမောင်စိန်ဝင်း(ပုတီးကုန်း)ထံမှ နှစ်ပေါင်း(၂၀)နီးပါးက စာတစ်စောင်**

ဆရာဦးအောင်မိုးဇော်(အထက်တန်း ... ဗေဒ၊ လက္ခဏာပညာရှင်)အား
၁၉၈၃-ခုနှစ်တွင် တွေ့ဆုံ၍ ဘဝရေး ...
မေးမြန်းခဲ့ရာ ကျွန်တော့်အား ၁၉၈၄ ခု ဩဂုတ်လအတွင်း
မြန်မာပြည် အရှေ့မြောက်ဒေသ တိုင်းပြည်သို့
ပညာတော်သင်ခရီး သွားရောက်ရပြီဟု ဟောကြားခဲ့ပါသည်။
ယခုအခါတွင် ဆရာ၏ ဟောကြားချက်များအတိုင်း
တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ (၁၅-၈-၁၉၈၄)နေ့တွင်
ပညာတော်သင်အဖြစ် သွားရောက်ခဲ့ရပါသဖြင့်
ထိတွေ့မှုကာလ၌ ဟောကြားခဲ့သော ဆရာ၏ပညာရပ်များကို
အံ့ဩချီးကျူး ဂုဏ်ပြုလိုက်ပါသည်။

စိန်ဝင်း
B.E (Mech.)
စက်ပစ္စည်းစက်ရုံ အ[illegible]၁)



[illegible]

# ဆရာဦးအောင်မိုးဇော်

(Ex. စာပေဗိမာန်)

အထက်တန်းလက္ခဏာ၊ နက္ခတ္တဗေဒပညာရှင်
ASTRO-PALMIST EXPERT
သင်တန်းနည်းပြ

အလုပ်ခန်းနေရာ
အမှတ်(၁၄)၊ ရွှေဘုန်းပွင့်ဘုရားဈေးတန်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အလုပ်ချိန် - နံနက်(၈း၃၀)မှ ညနေ(၆း၀၀)နာရီထိ

## ဂမ္ဘီရ ဆရာလှမျိုး(B.Sc) ၏


- လူတိုင်းအတွက် ကိန်းဂဏန်းဗေဒင်နှင့် အဆောင်ယတြာများ။
- ခုနစ်နေ့ ခုနစ်နံ ကံပွင့် လာဘ်ပွင့် အဓိဋ္ဌာန်နှင့် ကံကောင်းအောင်မြင် ယတြာများ။
- ကံပွင့် လာဘ်ပွင့် ဂါထာမန္တန်များ။

ထွက်ပြီ

ဖြန့်ချိရေး - စာပေနန်းတော်
ဖုန်း - ၀၉-၂၆၀၂၄၅၂၂၄၊ ၀၉-၇၃၁၄၀၉၁၄၊ ၀၉-၇၃၁၄၀၉၁၆

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရ ခွတာ

ယိုး

## စာတတ်သိမ်း

ကျွန်ုပ်သည် မောင်တို၏ အုပ်ထိန်းသူဖြစ်သည် မှန်သော်လည်း သူ၏ကိုယ်ရေးကိုယ်တာများအား စပ်စုခြင်း၊ မေးမြန်းခြင်း မပြုသကဲ့သို့ မောင်တိုကလည်း ကျွန်ုပ်အား ပြောပြခြင်းမရှိပေ။ ကျွန်ုပ် အကြမ်းဖျင်းသိထားသည်မှာ ဈေးထဲက မြသဲညွှာဆိုသော မိန်းကလေး တစ်ယောက်နှင့် ရည်ငံနေကြောင်း၊ ယူဖို့အထိ ရည်ရွယ်ချက်ရှိကြောင်း၊ အခုတလော ကောင်မလေးက ဈေးကောက်ကောက်သည် ကောင်လေးတစ်ယောက်နှင့် ဘာလိုလိုဖြစ်နေကြောင်း၊ ထကယ်မှာ ကောင်မလေးက ဒီလောက်မဟုတ်ဘဲ သူ့အမေကြီးက သဘောတူနေခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် ကျွန်ုပ်တပည့် မောင်တို ရည်းစားလူလု အူနုကျွဲခတ်ဆိုသကဲ့သို့ ဖြစ်လျက်ရှိကြောင်းတို့လောက်သာ သိထား၏။ မောင်တိုက ကျွန်ုပ်အား တရားဝင် ဖွင့်မပြောသဖြင့် ကျွန်ုပ်အနေဖြင့်လည်း သူ့အား တရားဝင်မေးမြန်းခြင်း မပြုတော့ပေ။ သို့တိုင်အောင် ကျွန်ုပ်သည် တပည့်ကျော် မောင်တိုအား ပစ်၍ထားခြင်းမျိုးမဟုတ်ဘဲ မသိမသာ လေ့လာအကဲခတ်လျက်ရှိသည်ကိုမူ မောင်တို သိနိုင်မည် မဟုတ်ပေ။

တစ်နေ့သ၌ ကျွန်ုပ်နှင့် ကိုပါပသည် အိမ်ခေါင်းရင်းဘက်ထောင့်ရှိ ကုက္ကိုပင်ကြီးအောက်တွင် ဝါးကုလားထိုင်နှစ်လုံးကို ချကာ ချောင်းဘက်ဆီမှ လာသောလေပြည်ညင်း၏ အရသာကိုခံစားရင်း စကားစမြည်များ ပြောဆိုလျက်ရှိပေ၏။ အထူးသဖြင့် ကျွန်ုပ်က ပြောလှသည်မရှိဘဲ ကိုပါပကသာ ဦးဆောင်ပြောနေခြင်း ဖြစ်၏။ ကိုပါပသည် ကျွန်ုပ်အား ဗေဒင်အကြောင်းများ၊ အင်္ဂရတ်အကြောင်းများ၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်အကြောင်းများအား စိတ်ဝင်စားဖွယ် စီကာပတ်ကုံး ပြောပြလျက် ရှိ၏။ (ကိုပါပ ပြောပြသော အကြောင်းအရာများအား စာဖြင့်ရေးပြမည်ဆိုပါက လုံးချင်းဝတ္ထုတစ်အုပ်စာမျှပင် ရှိမည်ဖြစ်ရာ နောင်အလျဉ်းသင့်သောအခါ ရေးသားဖော်ပြတော့အံ့)။

ကျွန်ုပ်တို့ နှစ်ဦး စကားပြောနေရာသို့ မောင်တိုသည် မယောင်မလည်နှင့် ရောက်ရှိလာကာ ကိုပါပအား ပုံပြင်တစ်ပုဒ်လောက် ပြောရန် ပူဆာလေ၏။ ကျွန်ုပ်က –

“မောင်တိုရယ် ... မင်းနှယ်ကွာ မကြီးမငယ် လူကြီးကို ပုံပြောခိုင်းရတယ်လို့ကွာ”

ဟု တားမြစ်သလို ပြောလိုက်ရာ ကိုပါပက –

“မောင်တို ... နားထောင်ချင်ရင် ပြောပြပါ့မယ်ကွာ”

ဟုဆိုကာ စတင်၍ပြောလေ၏။

“ဟိုးရှေးရှေးတုန်းကပေါ့ကွာ၊ အလွန်လောဘကြီးတဲ့ လူဝကြီးတစ်ယောက်မှာ ရောမသစ်ပင်ကြီးတစ်ပင် ရှိတယ်တဲ့။ အဲဒီသစ်ပင်ကြီးဟာ သူ့အိမ်ကြီးနဲ့ မလှမ်းမကမ်းမှာရှိပြီး နွေရာသီလို ပူပြင်းတဲ့အခါမျိုးမှာ လူဝကြီးက သူ့သစ်ပင်ကြီးအောက်မှာ ဖျာလေးတစ်ချပ်ခင်းပြီး နေ့လယ်နေ့ခင်း အိပ်လေ့ရှိသတဲ့။

တစ်နေ့မှာ လူဝကြီးဟာ သူ့သစ်ပင်ကြီးအောက်မှာ ဖျာလေးတစ်ချပ်ခင်းပြီး လေညင်းခံရင်း အိပ်နေသတဲ့။ ရာသီဥတုကလည်း ပူပြင်းလွန်းတယ်။ အဲဒီအချိန်မှာ လူငယ်တစ်ယောက်ဟာ နေပူထဲကနေဖြတ်ပြီး သစ်ပင်ကြီးရှိရာကို ဦးတည်ပြီး လာနေသတဲ့။ သူ့ရည်ရွယ်ချက်က အရိပ်ကောင်းတဲ့ သစ်ပင်ကြီးအောက်ရောက်ရင် ခဏနားမယ်ဆိုပြီး သစ်ပင်ရိပ်ကို ဝင်ခဲ့တာပေါ့။

ဒါပေမယ့် လောဘကြီးတဲ့ လူဝကြီးက သစ်ပင်အောက်ကို အဝင်မခံဘူးတဲ့။ ဒါ ငါပိုင်တဲ့ သစ်ပင်ဖြစ်တယ်။ ဒါကြောင့် ဒီသစ်ပင်ရဲ့ အရိပ်အောက်ကို ငါ့ခွင့်ပြုချက် မရရင်မဝင်ရဘူးလို့ ပြောလွှတ်တယ်တဲ့။ လူငယ်ကလည်း



www.burmeseclassic.com

www.burmeseclassic.com

ဒီလောက်ကြီးတဲ့ သစ်ပင်ကြီးဟာ ခင်ဗျားအသက်ထက်တောင်ကြီးတာမို့ ခင်ဗျားစိုက်တာ လုံးဝမဖြစ်နိုင်ဘူးလို့ ပြန်ပြောတာပေါ့။ ဒီအခါ လူဝကြီးက ငါမစိုက်ပေမယ့် ငါ့ဘိုးဘေးတွေ စိုက်ထားခဲ့တာ ဖြစ်တယ်။ ဒီအတွက် ငါ ပိုင်တယ်လို့ ပြန်ပြောတယ်။

အဲဒီအခါ လူငယ်က ဒီလောက် လောဘကြီးတဲ့ လူဝကြီးကို ပညာပေးချင်တာနဲ့ ကဲ ... မှာတ်ပါပြီဗျာ၊ ကျွန်တော်အရှုံးပေးပါတယ်။ ဒီလိုလုပ်ပါ။ ခင်ဗျားရဲ့ သစ်ပင်အရိပ်ကို ကျွန်တော့်ကို ရောင်းပါ။ ကျွန်တော်က ရွှေဒင်္ဂါးငါးပြားပေးပါ့မယ်လို့ ကမ်းလှမ်းလိုက်သတဲ့။

လူဝကြီးလည်း ရွှေဒင်္ဂါး ငါးပြားဆိုတဲ့ အသံလည်းကြားရော မျက်နှာက ဝင်းလက်သွားတော့တာပဲတဲ့။ အရိပ်ကလေးရောင်းတာတောင် ရွှေဒင်္ဂါးငါးပြားရမယ်ဆိုတော့ ရောင်းမယ်လို့ ချက်ချင်းပဲ ပြန်ပြောလိုက်သတဲ့။ လူငယ်က ရွှေဒင်္ဂါးငါးပြားကို လူဝကြီးကို ထုတ်ပေးလိုက်ပြီး ကဲ ... လူဝကြီး ဒီအရိပ်ကို ကျွန်တော် ပိုင်ပြီ။ ခင်ဗျား ဖယ်ပေးတော့လို့ ပြောလိုက်တော့ လူဝကြီးကလည်း သူ့ဖျာလေးကို ယူပြီး ဝမ်းမြောက်ဝမ်းသာနဲ့ သစ်ပင်အောက်က ထွက်သွားတာပေါ့။

လူငယ်လည်း သစ်ပင်ရိပ်အောက်မှာ လေညင်းခံရင်းနဲ့ မှေးခနဲ အိပ်ပျော်သွားတော့တယ်တဲ့။ တစ်ရေးနိုးလို့ ထကြည့်လိုက်တော့ နေက အတော်လေးစောင်းနေပြီး သစ်ပင်ရိပ်က လူဝကြီးရဲ့အိမ်ဘက်ကို ရောက်နေတာကို တွေ့လိုက်ရတယ်တဲ့။ အဲဒါနဲ့ လူငယ်က အရိပ်ရှိရာ လူဝကြီးရဲ့အိမ်ဘက်ကိုလိုက်သွားပြီး နေလိုက်တယ်။ အရိပ်က တဖြည်းဖြည်းနဲ့ လူဝကြီးရဲ့ ခြံထဲကို ရောက်သွားပြန်တယ်။ လူငယ်ကလည်း ခြံထဲအထိ ဝင်လိုက်သွားတယ်။ အဲဒီအခါ လူဝကြီးက သူ့ခြံထဲကို မဝင်ဖို့ တားမြစ်တာပေါ့။

ဒါပေမယ့် သစ်ပင်ရဲ့ အရိပ်ရှိရာမှာ လိုက်နေတာမို့ ခင်ဗျားတားပိုင်ခွင့်မရှိဘူးလို့ လူငယ်က ပြန်ပြောလိုက်တော့ မငြင်းသာဘူး' ဖြစ်နေတယ်။ တဖြည်းဖြည်းနဲ့ နေကစောင်းလာပြီး သစ်ပင်ရိပ်က လူဝကြီးရဲ့အိမ်ထဲထိ ဝင်လာတယ်။ လူငယ်ကလည်း လူဝကြီးအိမ်ထဲအထိ ဝင်နေလိုက်တယ်တဲ့။ လူဝကြီးက စိတ်ဆိုးပေမယ့် သူက အရိပ်ရောင်းထားတာ ဆိုတော့ ပြောရခက်နေတာပေါ့။ ဒီလိုနဲ့ အရိပ်ပျောက်ပြီး မိုးချုပ်မှ လူငယ်က ပြန်သွားသတဲ့။

နောက်နေ့လည်း လူငယ်က ရောက်လာပြန်ပြီး အရိပ်ရှိရာကို လိုက်နေပြီး ညမိုးချုပ်မှ ပြန်ပြန်သွားတယ်တဲ့။ ကြာလာတော့ လူဝကြီးက ရှက်လာတယ်တဲ့။ သူ့ကို အရပ်ထဲကလူတွေကလည်း ပြောလှပြီ။ အရိပ်တောင်ရောင်းစားတဲ့လူလို့ပေါ့။ နောက်ဆုံးတော့ လူဝကြီးက လူငယ်လေးကို တောင်းပန်စကား ဆိုသတဲ့။ ဒီမှာ ငါ့ညီရယ် မင်းရွှေဒင်္ဂါး ငါးပြားကို ငါ ပြန်ပေးပါ့မယ်ကွာ။ အရိပ်ကိုလည်း မရောင်းပါရစေနဲ့တော့လို့ တောင်းပန်သတဲ့။

လူငယ်က ခါးခါးသီးသီး ငြင်းလိုက်တယ်တဲ့၊ မဖြစ်နိုင်တာဗျာ၊ ကျွန်တော်က အရိပ်ပဲ ဝယ်တာပါ။ အပင်ကို ဝယ်တာမှ မဟုတ်ဘဲ။ အပင်က ခင်ဗျားအပင်ပဲ၊ ခင်ဗျားအပင်ကို ကျွန်တော်မဖျက်ဆီးရင် ပြီးတာပဲ။ မရောင်းပါဘူးလို့ ပြောပြီး နေ့စဉ်နေ့တိုင်း လာနေသတဲ့။

ကြာလာတော့ လူဝကြီးလည်း ရှက်လာပြီး မိသားစုလိုက် အိမ်ကြီးကနေ ထွက်သွားကြတယ်တဲ့။ လူငယ်လေးလည်း သစ်ပင်ကြီးရော အိမ်ကြီးကို ပိုင်သွားတော့တာပေါ့။ အဲဒီအချိန်ကစလို့ သစ်ပင်ကြီးရဲ့အောက်မှာ မည်သူမဆို နားခိုနိုင်တယ်လို့ ကြေညာလိုက်တယ်တဲ့''

ဟု ဆိုကာ ပုံပြင်လေးကို အဆုံးသတ်လိုက်လေ၏။ မောင်တိုက –

''လောဘကြီးတဲ့ လူဝကြီးကို ပညာပေးလိုက်တဲ့ ပုံပြင်လေးပဲ။ ကောင်းလိုက်တာ''

ဟု ချီးမွမ်းလေ၏။ ထိုအခါ ကိုပါပက –

''ဒါတင် ဘယ်ကဦးမလဲကွာ၊ ငါအဓိကပြောချင်တာက မင်းဦးလေးဟာ မင်းအပေါ်မှာ လူဝကြီးလို အရိပ်ရောင်းစားတဲ့ လူမျိုးမဟုတ်ဘူးဆိုတာ မင်းသိထားဖို့လိုတယ်ကွ။ မင်းကို အေးမြတဲ့အရိပ်ကို ခိုလှုံခွင့်ပေးတယ်။ အဲဒီကျေးဇူးကို မင်းအနေနဲ့ တစ်သက်မမေ့ဖို့လိုတယ် မောင်တို''

ဟု ပြောလိုက်ရာ မောင်တိုက

''ကျွန်တော် နားလည်ပါတယ် ဦးပါပရယ်။ ကျွန်တော့်ဘဝက တစ်ကောင်ကြွက်ပါ။ ကျွန်တော်ဘယ်တော့မှ ဦးလေးရဲ့ကျေးဇူးကို မမေ့ပါဘူး''

ဟု မျက်နှာငယ်လေးနှင့် ပြန်၍ ပြောလေ၏။

မောင်တို ကျွန်ုပ်တို့အနီးမှ ထွက်သွားသောအခါ ကိုပါပက –



www.burmeseclassic.com

www.burmeseclassic.com

"ကိစ္စတော့ရှိပြီ စာရေးဆရာရေ"

ဟု စကားစလိုက်လေ၏။ ကျွန်ုပ်က –

"ခင်ဗျားဟာ ဆိုင်းမဆင့် ဗုံမဆင့်ဗျာ၊ ဘာကိစ္စရှိတုံးဗျ"

ဟု ပြန်၍မေးလိုက်ရာ ကိုပါပက

"ခင်ဗျားကောင်လေး မကြာခင် မိန်းမယူလိမ့်မယ်ဗျ။ ဘာကြောင့်လဲ မမေးပါနဲ့ ကိုယ့်လူရယ်။ ကျုပ်ပြောပြပါ့မယ်။ အရင် ကျုပ်ပြောဖူးတယ်မို့လား။ သူ့ကောင်မလေးက ဈေးကောက်ကောက်တဲ့ ကောင်လေးနဲ့ ဘာလိုလို ဆိုတာလေ။ တကယ်တော့ ကောင်မလေးက ဒီလောက်မဟုတ်ပါဘူး။ သူ့အမေကြီးကြောင့်ပါ။ ကောင်လေးက ဝင်ငွေလေးကလည်းကောင်း၊ ရုပ်ကလေးကလည်း ရှိပြန်၊ နောက်ပြီး ရာထူးလေးကလည်း ရှိတယ်ဆိုတော့ သူ့အမေကြီးက သူ့သမီးနဲ့ ပေးစားချင်တာပေါ့ဗျာ။ ဒါပေမယ့် ကောင်လေးမှာ အိမ်ထောင်ရှိတာ သူမသိဘူး။ ကောင်လေး မိန်းမသိလို့ လိုက်လာပြီး ပြဿနာတွေတက်ကြလို့ အခုတော့ ပြီးသွားပါပြီ။ အခုတော့ မောင်တိုကို ပြန်ပြီး မျက်နှာချိုသွေးနေပါပြီ။

ကောင်မလေးကတော့ ရှက်လို့ အပြင်တောင်မထွက်ပါဘူးဗျာ။ ခင်ဗျားလူကလည်း အရှုံးအမှုဆိုတော့ အဘွားကြီး သိပ်ပြီး မစည်းရုံးလိုက်ရပါဘူး။ အသေရရ၊ အရှင်ရရ ဆိုတဲ့အထဲက ပဲဆိုတော့ကာ ဘာပြောကောင်းမလဲ ကိုယ့်လူတော့ သိပ်မကြာခင် မိန်းမ လိုက်တောင်းပေးရကိန်း ရှိတယ် ကိုယ့်လူရေ"

ဟု ရှည်လျားစွာ ရှင်းပြလေ၏။ ကျွန်ုပ်သည် သိထားသော်လည်း ဒီလောက်ကြီး မြန်မြန်ဖြစ်လိမ့်မည်ဟု မျှော်လင့်မထားသောကြောင့်

"ဟုတ်ရဲ့လား ကိုပါပရယ်။ ကိုယ့်လူက သေချာလှချည်လားဗျာ"

ဟု စောဒက တက်လိုက်ရာ ကိုပါပက –

"ကိုယ့်လူက ပါပပြောတာကို မယုံကြည်ဘူး ဖြစ်နေတာကိုးဗျ။ ဒီမှာ ကိုယ့်လူ အခုဆို အဘွားကြီးက မောင်တိုကို ဘယ်လောက် စည်းရုံးထားသလဲဆိုရင် ခင်ဗျားကောင် မကြာခင် မိန်းမတောင်းပေးဖို့ ခင်ဗျားကို ပြောလိမ့်မယ်ဗျ။ တစ်ခုတော့ ရှိတယ်ကိုယ့်လူရေ ... ဒါတွေအကုန်လုံးကို ခင်ဗျား ဘာမှ မသိပါဘူးလို့ သဘောထားပေတော့ ကိုယ့်လူရေ။ ပါပကတော့ ဘာကိုမှ မသိတာ။ ဘာမှလည်း မရှိဘူး။ ဘာမှလည်း မသိဘူးဗျို့"

ဟု ခြေခါခါ လက်ခါခါနှင့် ပြောလေ၏။ ကျွန်ုပ်ကလည်း –

"ဟုတ်ပါပြီ ကိုပါပရယ်။ ကျုပ်လည်း ဘာမှမသိဘူးလို့ သဘောထားပါ့မယ်ဗျာ။ အခု ကျုပ်ဘာလုပ်ရမှာတုံး"

ဟု အကြံဉာဏ်တောင်းလိုက်ရာ

"လွယ်ပါတယ် ကိုယ့်လူရယ်၊ မိန်းမတောင်းခိုင်းရင် လိုက်တောင်းပေးလိုက်ရုံပေါ့ဗျာ။ ပြီးရင်ပေးစားလိုက်ရုံပေါ့။ သူတို့ရှေ့ရေးအတွက်လည်း ကျုပ်စဉ်းစားထားတာ ရှိပါတယ်ဗျ။ ပထမ စိတ်ကူးထားတဲ့ အစီစဉ်တော့ ဒီကောင့်ကိစ္စ သိကတည်းက တစ်မျိုး ပြောင်းလိုက်ပြီဗျို့"

ဟု ပြောလေ၏။ ကျွန်ုပ်က –

"ဘာတွေများ စဉ်းစားထားသလဲ ကိုယ့်လူရယ်။ ကျုပ်တော့ ခေါင်းတွေပူပြီး မစဉ်းစားတတ်အောင်ပါပဲ"

ဟု ညည်းလိုက်ရာ –

"လောလောဆယ်တော့ ပါပမှာ ဘာမှမရှိသေးဘူး ကိုယ့်လူရေ။ ဒါကြောင့် မပြောပြနိုင်သေးပါဘူးဗျာ။ နောက်တော့ ကိုယ့်လူသိရပါစေ့မယ်။ တစ်ခုပဲ ရှိတယ်။ ကိုယ့်လူအိမ်မှာက အိပ်ခန်းရယ်လို့ သပ်သပ်မရှိဘူးဆိုတော့ကာ အခု အိပ်ခန်းတစ်ခန်းတော့ ထပ်လုပ်ရလိမ့်မယ်ဗျ။ အဘွားကြီးက သူ့သမီးကို ခေါ်ထားဖို့ အစီအစဉ် မရှိပါဘူးဗျ။ ခင်ဗျားပဲတာဝန်ယူရမှာပေါ့"

ဟု ပြောပြန်လေ၏။ ကျွန်ုပ်က

"ကိုပါပရယ် ... ခင်ဗျားလည်း ဘာမှ မသိလို့သာပါဘဲ သိများသိရင် ခက်မယ်"

ဟု ရီသွဲ့သွဲ့ပြောလိုက်ရာ ကိုပါပက –

"အဲဒီဘာမှ မသိတာကိုက သိနေတာပဲ စာရေးဆရာရေ"

ဟု ပဟေဠိဆန်ဆန်ပြောကာ ထွက်သွားလေတော့၏။ မောင်တိုက "ဦးပါပ ထမင်းစားပြီးမှ ပြန်လေ"ဟု လှမ်းအော်သည့်ကိုပင် ဂရုမစိုက်တော့ဘဲ –

"ထမင်းစားဖို့လောက်နဲ့တော့ ငါပြန်မလာတော့ပါဘူးကွာ။ ငါ့မှာ ထမင်းထက် အရေးကြီးတာတွေ လုပ်စရာရှိတယ် ကောင်လေးရေ"

ဟု ဆိုကာ ပြန်သွားလေတော့၏။

မောင်တိုသည် ကျွန်ုပ်အား ထမင်းစား၍ ရပြီဖြစ်ကြောင်း လာ၍ သတင်းပို့လေ၏။ ကျွန်ုပ်က –

"မောင်တိုရေ ... ဘာဟင်းတွေများ ချက်ထားသလဲကွာ"



www.burmeseclassic.com

www.burmeseclassic.com

ဟု မေးလိုက်ရာ မောင်တိုက

"ဒီနေ့တော့ ခပ်ဆန်းဆန်း ဟင်းတစ်ခွက် ချက်ထားတယ် ဦးလေးရေ။ ရခိုင်ကြွက်သား သောက်ဆမ်းလို့ ခေါ်တယ်ဗျ"

ဟု ရှင်းပြလေ၏။ ကျွန်ုပ်သည် ထမင်းဟင်းချက်ပြုတ်ရသည်ကို ဝါသနာပါသူ တစ်ယောက်ဖြစ်သည့်အားလျော်စွာ မောင်တိုပြောသော ရခိုင်ကြွက်သား သောက်ဆမ်းဆိုသော ဟင်းအား လွန်စွာမှ စိတ်ဝင်စား မိသည်ဖြစ်၏။ ကျွန်ုပ်သည် ရခိုင်ဟင်းလျာများအား စိတ်ဝင်စားသဖြင့် လေ့လာဖူး၏။ သို့သော် ချက်သောအခါ ကျွန်ုပ်စိတ်ထဲရှိသည့်အတိုင်း ချက်သဖြင့် ကျွန်ုပ်မိတ်ဆွေများ၏ ချီးမွမ်းခြင်းကို မခံရသည့်အပြင် ကဲ့ရဲ့ခြင်းဗင် ခံခဲ့ရသေး၏။ ကျွန်ုပ်သည် တစ်ယောက်တည်း ထမင်းစားရမှာကို ပျင်းရိလျက်ရှိပေ၏။ ထို့ကြောင့် ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ဦးမြဘူး၊ ကိုကြွေသီးတို့အား ထမင်းအတူ စားရန်အတွက် မောင်တိုအား သွားခေါ်ခိုင်းရီလေ၏။

ကျွန်ုပ်၏ မိတ်ဆွေ ကိုကြွေသီးသည် ဦးမြဘူးနှင့်မောင်တိုအား ဆိုက်ကားနှင့် တင်ကာ ရောက်လာလေ၏။ ကိုကြွေသီးသည် ကျွန်ုပ်ကို မြင်လျှင်မြင်ချင်း –

"စာရေးဆရာရေ ... လူတွေကတော့ ခက်နေပြီဗျို့"

ဟု အော်ကြီးဟစ်ကျယ်ဖြင့် ပြောလေ၏။ ကျွန်ုပ်က –

"လုပ်ပါဦး ကိုကြွေသီးရယ်၊ ဘာတွေခက်တာများလဲဗျာ"

ဟု မြှောက်သလို ပင့်သလိုပြောလိုက်ရာ ကိုကြွေသီးက –

"ဘာခက်သလဲလို့ မမေးနဲ့ စာရေးဆရာရေ အကုန်ကို ခက်တာဗျ။ ဘယ့်နှယ့်ဗျာ ... လူတွေက စည်းဝသ်အောက်၊ ကမ်းဝသ်အောက်ကို တွေ့ဖြစ်နေကြတာဗျ"

ဟု အမြီးအမောက် မတည့်စွာ ပြောလေ၏။

"ဟုတ်ပါပြီ ကိုကြွေသီးရယ်၊ ဘယ်လို စည်းဝသ်အောက်၊ ကမ်းဝသ်အောက် ဖြစ်တယ်ဆိုတာလဲ ပြောပါဦးဗျ"

ဟု ပင့်ပေးလိုက်ရာ –

"အခု ဈေးသည်က ပလက်ဖောင်းပေါ် ဈေးတက်ရောင်းတယ်ဗျာ။ လူတွေက ကားလမ်းပေါ်ဆင်းပြီး လမ်းလျှောက်ကြရတယ်။ အခု ပလက်ဖောင်းတွေပြင်၊ ကားပါကင်တွေလုပ်လိုက်တော့ ပလက်ဖောင်းပေါ်လည်း ဈေးမရောင်းရပြန်တော့လည်း ကားလမ်းပေါ် ဆင်းရောင်းကြရော။ အဲဒီမှာ ဖာတ်လမ်းက စတော့တာပဲ။ စည်ပင်ကလည်း ဒီအတိုင်း ကြည့်နေတယ်။ ဈေးကောက်ရရင်ပြီးရောပဲ။ အဲဒီတော့ လူတွေက လမ်းပေါ်ဆင်းလျှောက်ရတယ်။ ကားတွေနဲ့ လူတွေကြားထဲမှာ ကျုပ်တို့ ဆိုက်ကားသမားတွေက ဒုက္ခရောက်ရော။ အဲဒါကောင်းသလား ကိုယ့်လူရာ"

ဟု ပြောလေ၏။ ကျွန်ုပ်ကလည်း "မကောင်းဘူးပေါ့ ကိုကြွေသီးရယ်"ဟု ပြန်၍ပြောလိုက်ရ၏။ ထိုအခါ ကိုကြွေသီးက –

"မကောင်းရင် ကောင်းအောင်လုပ်ရမှာ ဘယ်သူ့အလုပ်တုံး"

ဟု မေးလေ၏။ ကျွန်ုပ်ကလည်း "ဘယ်သိမတုံး ကိုကြွေသီးရယ်"ဟု ပြန်၍ဖြေလိုက်၏။ ထိုအခါ ကိုကြွေသီးက ဒေါသထွက်သွားပြီးမှ –

"ဒီမှာ စာရေးဆရာ၊ ခင်ဗျားရှုးချင်ယောင် ဆောင်မနေနဲ့"

ဟု ဆိုဏာ ဟောက်လေ၏။ ကျွန်ုပ် သည့်ပွဲကို ဘယ်လိုထိန်းရမည်ကို စဉ်းစားမရဘဲ ဖြစ်နေ၏။ ထို့ကြောင့် ဦးမြဘူးအား လှမ်းကြည့်လိုက်ရာ ဦးမြဘူးက ရေနွေးကြမ်းအား တဖူးဖူးမှုတ်ကာ သောက်နေ၏။ ကျွန်ုပ်ပြောဆိုနေသည်များကို ကြားမည့်ပုံမရှိပေ။ ကျွန်ုပ်လည်း ကြံရာမရသဖြင့် တစ်ခါက ဖတ်ဖူးသော ပုံပြင်လေးတစ်ပုဒ်အား သွားသတိရမိသဖြင့် –

"ဒီလိုရှိပါတယ် ကိုကြွေသီးရယ်၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ပုံပြင်လေးတစ်ပုဒ်ရှိတယ်ဗျ"

ဟု စကားစလိုက်ရာ မောင်တိုသည် ထမင်းဟင်းများ ခူးခပ်နေရာမှ ကျွန်ုပ်တို့အနီးသို့ ခွေ့ခနဲ ရောက်ရှိလာပေ၏။ ထိုအခါ ကိုကြွေသီးက ပြောဟု ဆိုသဖြင့် တိုတိုတုတ်တုတ်ပင် ပြောပြရလေ၏။

"ဒီလိုဗျ ... ဟိုးရှေးရှေးတုန်းက အစားကြူးတဲ့ ဘုရင်ကြီးတစ်ပါး ရှိသတဲ့။ ဘုရင်ကြီးဟာ မကြာခဏဆိုသလို အစာစားလေ့ရှိတယ်တဲ့။ ပွဲတော်တည်ပြီဆိုရင်လည်း အချိုပွဲကို အချိန်အကြာကြီး သုံးဆောင်လေ့ရှိတယ်တဲ့။ တစ်နေ့တော့ ဘုရင်ကြီးအချိုပွဲသုံးဆောင်နေရင်း မုန့်ချိုတစ်ခုကို စားလိုက်တဲ့အခါ မုန့်မှာပါတဲ့ ပျားရည်တစ်စက်ဟာ နန်းတော်ကြမ်းပြင်ပေါ်ကို ကျသွားသတဲ့။ ဘုရင်ကြီး ပွဲတော်တည်တဲ့ အနားမှာလည်း စားကြွင်းစားကျန်တွေကို စားဖို့ချောင်းမြောင်းနေကြတဲ့ တိရစ္ဆာန်တွေလည်း

www.burmeseclassic.com

ရှိနေတတ်တယ်။

အဲဒီထိရစ္ဆာန်တွေက ပျားရည်စက်ကို သတိတောင် မထားမိကြဘူး။ ဒါပေမယ့် နန်းတော်တိုင်မှာ နားနေတဲ့ ယင်ကောင်လေးကတော့ ပျားရည်စက်ကို သတိထားမိသွားပြီး ပျားရည်စက်ဆီကို ဆင်းလာပြီး စားသောက်တာပေါ့။ ဒါကို သတိထားမိသွားတဲ့ အိမ်မြှောင်တစ်ကောင်ကလည်း ယင်ကောင်ကို ဖမ်းစားဖို့ ပြေးဆင်းလာသတဲ့။ အိမ်မြှောင်ဟာ ယင်ကောင်ကို ဖမ်းဖို့ကြိုးစားနေခိုက်မှာပဲ အနားမှာရှိတဲ့ ကြောင်ကလေးက အိမ်မြှောင်ကို ခုန်အုပ်ပြီး ဖမ်းစားလိုက်သတဲ့။

ကြောင်က အိမ်မြှောင်ကို ဖမ်းစားလိုက်တာကို မြင်လိုက်ရတဲ့ ခွေးတစ်ကောင်ကလည်း မျက်စိနောက်လာပြီး ကြောင်ကို ကိုက်သတ်လိုက်ပြန်သတဲ့။ အဲဒီလိုလည်း ဖြစ်ရော ခွေးကိုချစ်တဲ့၊ ကြောင်ကိုချစ်တဲ့ မင်းညီမင်းသားတွေ စကားများကြသတဲ့။

စကားများရာကနေ တဖြည်းဖြည်း လက်ပါလာပြီး ထိုးကြိတ်ကြ ဖြစ်လာကြရော။ နောက်တော့ တုတ်၊ ဓား လက်နက်တွေပါ ပါလာပြီး ခွေးချစ်တဲ့မင်းသားက ကြောင်ချစ်တဲ့ မင်းသားကို ဓားနဲ့ခုတ်ပိုင်းလိုက်တာ တစ်ခါတည်း ပွဲချင်းပြီးသေသွားသတဲ့။ အဲဒီအခါမှာ ဘုရင်ကြီးလည်း မနေသာတော့ဘဲ ကြားဝင်ဖျန်ဖြေရတော့တာပေါ့။ ဒေါသဖြစ်နေတဲ့ နှစ်ဖက်အုပ်စုကြားထဲ ရောက်သွားတဲ့ ဘုရင်ကြီးလည်း ဘယ်သူ့လက်ချက်မှန်း မသိလိုက်ဘဲ နတ်ရွာစံသွားတယ်တဲ့ဗျ။

အဲဒီအဖြစ်အပျက်ကို အိမ်နီးချင်းနိုင်ငံတစ်ခုက ဘုရင်တစ်ပါးကြားသွားလေတော့ကာ ချက်ချင်းဆိုသလို စစ်ချီလာပြီး လာတိုက်တော့တာပေါ့။ ရှင်ဘုရင်မရှိတဲ့ တိုင်းပြည်ဖြစ်နေတဲ့ အပြင် အချင်းချင်းကလည်း မညီမညွတ်ဖြစ်နေကြတော့ တစ်ဖက်နိုင်ငံဘုရင်က အလွယ်တကူပဲ သိမ်းပိုက်သွားတာကို ခံလိုက်ရတာပေါ့ဗျာ။ ပုံပြင်လေးကတော့ ဒါပဲဗျို့''

ဟု ပြောကာ အဆုံးသတ်လိုက်လေရာ ကိုကြွေသီးက -

''ခင်ဗျားဟာ ဘာဆိုင်တုံးဗျာ''

ဟု ပြောလေ၏။

''ဒီလိုလေဗျာ။ ကျွန်တော်ဆိုလိုချင်တာက ဘာမှမဟုတ်သေးတဲ့ အသေးအဖွဲကိစ္စလေးတစ်ခုကြောင့် ခင်ဗျားတို့ ကျွန်တော်တို့တွေ စိတ်ဝမ်းကွဲပြီး ခိုက်ရန်ဖြစ်မနေကြဘဲ တပည့်ကျော်မောင်တို ချက်ပြုတ်ကျွေးမွေးတဲ့ ရခိုင်ကြက်သား သောက်ဆမ်းဟင်းလေးနဲ့ တွယ်လိုက်ကြရအောင်လားဗျာ''

ဟု စကားကို အဆုံးသတ်လိုက်ရာ ကိုကြွေသီးသည် စောစောက စကားများအား မေ့သွားပြီး -

''အေး ... ဟုတ်သားဗျ၊ ဗိုက်ဆာနေတာ အခုမှ သတိရတယ်''

ဟု ပြောလိုက်လေ၏။ မောင်တိုလည်း ထိုင်ရာမှထကာ ထမင်းဟင်းများကို သွားရောက်ပြင်ဆင်နေပေတော့၏။

ကျွန်ုပ်တပည့်ကျော် မောင်တိုသည် ထမင်းပွဲကို ပြင်ဆင်ပြီးသောအခါ စား၍ရပြီဖြစ်ကြောင်း လာ၍ပြောလေ၏။ ကျွန်ုပ်တို့လည်း လက်ဆေးကာ ထမင်းဝိုင်းတွင် ထိုင်လိုက်ကြ၏။ မောင်တို၏ ရခိုင်ကြက်သား သောက်ဆမ်းဟင်းအား စိတ်ဝင်စားသဖြင့် ခပ်၍ မြည်းကြည့်လိုက်ရာ ''အားပါးပါး ... ထယ်စပ်ပါလားကွ မောင်တိုရ'' ဟု ကျွန်ုပ်က ပြောလိုက်ရာ မောင်တိုက -

''အဲဒါခက်တာပဲ။ ဦးလေးက စပ်တဲ့အရသာကို အရင်ခံစားပြီး နောက်အရသာတွေကို ဆက်မခံစားတော့ဘဲ အပြစ်ပြောဖို့ ကြိုးစားတော့တာကိုဗျ။ အမှန်က စပ်ခြင်းရဲ့နောက်မှာ အချဉ်၊ အငန်၊ အချိုဆိုတဲ့ အရသာတွေက ဆက်တိုက်ဆိုသလိုလိုက်လာတာဗျ။ ဆိုလိုတာကတော့ဗျာ ... အရပ်အရှည်ဆုံးလူက လူအုပ်ထဲမှာ အထင်ပေါ်ဆုံးဖြစ်နေတတ်သလိုပေါ့။ အရသာမှာလည်း အထင်ရှားဆုံး အရသာက လျှာပေါ်မှာ အရင်ခံစားရတာပေါ့။ ဒါပေမယ့် နောက်အရသာတွေကိုလည်း တဖြည်းဖြည်းခံစားကြည့်ရင် ပေါ်လာမှာပါ။ လုပ်စမ်းပါ''

ဟု ဆရာကြီးလေသံနှင့် ပြောလေ၏။ ကျွန်ုပ်ကလည်း -

''ဟုတ်ပါပြီ ဆရာရယ်၊ ကျွန်တော်မှားသွားပါတယ်။ နောက်ဆို ဆရာပြောသလို အရသာကို တစ်ခုချင်း ဆင်ခြင်သုံးသပ်ပါ့မယ်''

ဟု ရွဲ့ကာပြောလိုက်ရာ မောင်တိုက အလိုက်ကန်းဆိုးမသိဘဲ -

''စပ်တာတစ်ခုတည်းတင် မကပါဘူး ဦးလေးရယ်။ အချဉ်လေးလည်း ကဲထားပါသေးတယ်။ ဘူးသီးကလည်း နူးအိနေတော့ အချိုရည်တွေ ထွက်ပြီး ဟင်းက ချိုနေတာပေါ့။ နောက်ပြီး ကျွန်တော်တို့ ဒေသမှာတော့ ကုလားနံနံလို့ခေါ်ပြီး ဒီရန်ကုန်မှာတော့ ရှမ်းနံနံလို့ခေါ်တဲ့ အရွက်



www.burmeseclassic.com

www.burmeseclassic.com

ကလေးကိုအုပ်လိုက်တော့ ဟင်းရဲ့ အရသာက ဘာပြောကောင်းမလဲ ဦးလေးရာ"

ဟု ကြွားလုံးထုတ်နေပြန်၏။ တကယ်ဟင်း၏ အရသာမှာလည်း သူပြောသကဲ့သို့ ချဉ်ချဉ်၊ စပ်စပ်၊ ချိုချိုလေးမို့ စားကောင်းလှသည်ဖြစ်ရာ ကျွန်ုပ်တို့ သုံးဦးသား ခေါင်းမဖော်နိုင်အောင်ပင်စားသောက်ကြပေတော့၏။

■ ■ ■

မောင်တိုသည် ကျွန်ုပ်ထံသို့ ရောက်ရှိလာသည်မှာ ခြောက်နှစ်ခန့် ရှိပြီ ဖြစ်၏။ သူရောက်စဉ်က အသက် ၁၂ နှစ်ခန့် ရှိပြီဖြစ်ရာ ယခုအခါ မောင်တိုသည် အသက် ၁၈ နှစ်တင်းတင်း ပြည့်ပြီဖြစ်၏။ ယခု သူက အိမ်ထောင်ပြုချင်ပြီဖြစ်ကြောင်း ပြောလေရာ သူ၏ ငယ်ဆရာဖြစ်သော ရွာမှ ဆရာတော်အား လှမ်း၍ အကြောင်းကြားအသိပေးရာ ဆရာတော်က လူမှုရေးကိစ္စများတွင် သူဝင်မပါလိုကြောင်း၊ မောင်တိုနှင့်ပတ်သတ်၍ အစစအရာရာ ကျွန်ုပ်ကသာလျှင် တာဝန်ယူဆောင်ရွက်ရန် ပြန်လည်မိန့်ကြားလာရာ အစစအရာရာ ကျွန်ုပ်၌သာ တာဝန်ရှိသည်ဆိုသကဲ့သို့ ဖြစ်၍နေပေတော့၏။

ကျွန်ုပ်သည် ကိုယ်ကိုယ်တိုင် လူပျိုကြီးတစ်ယောက်ဖြစ်ပေရာ မိန်းမတောင်းရမ်းမည့်ကိစ္စကို ဆောင်ရွက်ရန်မှာ ရှက်ရွံ့သလို ဖြစ်နေ၏။ နောက် မင်္ဂလာဆောင်ရမည့် ကိစ္စများတွင်လည်း ဘာမှ သိနားလည်ခြင်း မရှိဘဲ ဖြစ်လျက်ရှိရာ ကျွန်ုပ်၏ မိတ်ဆွေကြီး ကိုပါပကသာလျှင် အစစ ဦးဆောင်စီစဉ်ပေးသဖြင့်သာလျှင် အဆင်ပြေချောမောခြင်းသို့ ရောက်ရပေ၏။

မောင်တို၏ မင်္ဂလာဆောင်သည် စည်ကားလှ၏။ မောင်တိုသည် ဈေးထဲတွင် ကျွန်ုပ်ထက်ပင် အသိအကျွမ်းများလှသူဖြစ်သည်တစ်ကြောင်း၊ သူနှင့်ယူသော မြသဲညွှာဆိုသော မိန်းကလေးသည်လည်း ဈေးသည်ပင်ဖြစ်သဖြင့် အဲပေါင်းအသင်းများကြသူများဖြစ်၏။ မင်္ဂလာဆောင်တွင် အုန်းနို့ခေါက်ဆွဲကျွေး၏။ အုန်းနို့ခေါက်ဆွဲကို ကိုကြွေသီး၏ မိန်းမ မပိုက်တင်က တာဝန်ယူ ချက်ပြုတ်၏။ အုန်းနို့ခေါက်ဆွဲ ချက်ရာတွင်လည်း လူတိုင်းစားနိုင်အောင် အုန်းနို့အစစ်မထည့်ဘဲ အုန်းနို့အနံ့သာလျှင်ထည့်ကာ နို့စိမ်းနှင့်ချက်သဖြင့် အရသာတစ်မျိုးကောင်းလှပြီး အန္တရာယ်လည်းကင်းသဖြင့် အားရပါးရ စားကြ၏။ လက်ဖွဲ့များလည်း အတော်ကလေးရ၏။ ပစ္စည်းများအပြင် ငွေသားများလည်းပါ၏။ ကျွန်ုပ်နေထိုင်သော ရပ်ကွက်သည် သာမန်လူတန်းစားများ နေထိုင်သော ရပ်ကွက်ဖြစ်သဖြင့် အရေးအကြောင်းဆိုလျှင် သိုက်သိုက်ဝန်းဝန်းရှိ၏။

မောင်တိုသည် အလွန်ပျော်ရွှင်လျက်ရှိ၏။ ကျွန်ုပ်မှာကား ရှေ့ရေးအတွက် ရင်လေးနေမိ၏။ အထူးသဖြင့် စားဝတ်နေရေးကိစ္စ ဖြစ်၏။ အရင်က နှစ်ယောက်စာသာ ပူရသော်လည်း ယခုအခါ သုံးယောက်စာပူရ၏။ နောင်တွင် တိုးလာဖွယ်သာရှိ၏။ ကျွန်ုပ်မှာ ညညဆိုလျှင် အိပ်မရဘဲရှိနေသလောက် မောင်တိုတို့ကမူ ကြင်စဦးမို့ အပျော်ကြီး ပျော်လျက်ရှိကြ၏။

ကျွန်ုပ်အနေဖြင့်မူ မောင်တိုအားမင်းအိမ်ထောင်ကျပြီဆိုတော့ အခုဘာလုပ်မှာလဲဟု မေးရန်အကြောင်း မရှိ၊ ကျွန်ုပ်ကသာလျှင် အဆင်ပြေမည်ကို စီမံရေးရမည်ဟု ခံယူထား၏။ ထို့ကြောင့် ကျွန်ုပ်မိတ်ဆွေကြီး ကိုပါပကို မျှော်နေမိ၏။ ကိုပါပသည်လည်း မောင်တို၏ မင်္ဂလာဆောင်ပြီးကတည်းက ပျောက်ချက်သားကောင်းလှ၏။

ကျွန်ုပ်သည် အိမ်တွင် အကြွင်းလင်မယားတစ်စုံ ရှိနေသဖြင့် အနေရအထိုင်ရ ကျပ်လျက်ရှိ၏။ စိတ်ထဲတွင် မလွတ်လပ်သလိုခံစားနေရ၏။ အထူးသဖြင့် မိန်းကလေးတစ်ယောက် ရှိနေခြင်းသည် ကျွန်ုပ်၏ လွတ်လပ်မှုအား အဓိက အဟန့်အတားကြီး တစ်ခုပမာ ဖြစ်နေ၏။

ကလေးမလေးကား ကျွန်ုပ်ကို လေးစားသမှု ရှိရှာပါ၏။ မောင်တိုကဲ့သို့ပင် ရိုရိုကျိုးကျိုးရှိ၏။ အမှန်ကိုဝန်ခံရလျှင် ကျွန်ုပ်သည် အမျိုးသမီးများနှင့် ကင်းကင်းရှင်းရှင်း နေလာခဲ့သည်မှာ နှစ်အတန်ကြာပြီဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်၏ဘဝထဲသို့ မိန်းကလေးတစ်ယောက် ရောက်လာခြင်းသည် ကျွန်ုပ်အတွက် ပျော်ရွှင်စရာ မဟုတ်ပေ။ ကျွန်ုပ်သည် မောင်တိုအိမ်ထောင်ပြုလိုက်သဖြင့် ပျော်ရွှင်မှုမရှိသည့်အပြင် စိတ်ညစ်ညျူးလျက်ရှိ၏။ အိပ်ချိန်၊ စားချိန်မှလွဲ၍ ကျန်အချိန် တော်တော်များများကို အိမ်ခေါင်းရင်း ကုက္ကိုပင်ကြီးအောက်ရှိ ကွပ်ပျစ်လေးတွင်သာ စာဖတ်ခြင်း၊ စာရေးခြင်း၊ ဝါးကုလားထိုင်လေးဖြင့် အပန်းဖြေခြင်းတို့ကို ပြုလုပ်ကာနေ၏။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်၏အရိပ်အခြည်ကို အကဲခတ်နေသော မှောင့်တိုက –

"ဦးလေး ခုရက်ပိုင်း အိမ်ပေါ်မှာ သိပ်မနေတော့သလိုပဲ"

ဟု မေးလာရာ ကျွန်ုပ်က –

"မင်းတို့ လွတ်လွတ်လပ်လပ် နေစေချင်လို့ပါကွာ။ ဘာမှ မဟုတ်ပါဘူး"

ဟု ပြန်ဖြေလိုက်ရ၏။ အခုလို အချိန်မျိုးတွင် ကျွန်ုပ်အနား၌ ကိုပါပ ရှိစေချင်သည်မှာ ကျွန်ုပ်၏ ဆန္ဒအမှန်ပင်ဖြစ်၏။ ကျွန်ုပ်သည် ကျွန်ုပ်၏ ရှေ့ရေးအား ကိုပါပနှင့် တိုင်ပင်ဆွေးနွေးလို၏။ ကျွန်ုပ်၏ ရှေ့ရေးဆိုသည်ထက် ကျွန်ုပ်နှင့် မောင်တိုတို့ ရှေ့ရေးဟုဆိုလျှင် ပိုမှန်မည်ဖြစ်၏။ ကျွန်ုပ်သည် အေးအေးလူလူ နေချင်သည်မှလွဲ၍ အခုကဲ့သို့ စိတ်ထဲတွင် မွန်းကျပ်ကာ နေရထိုင်ရသည်မှာ အခက်အခဲနှင့် ရင်ဆိုင်နေရ ချိန်မျိုးတွင် အစွမ်းအစရှိသူတစ်ယောက် မဟုတ်သည်ကို ကိုယ့်ကိုကိုယ် သိနေ၏။

သဲမြညွှာသည် မနက်ပိုင်းတွင် သူ့အမေဖြစ်သူအား ဈေးဝိုင်းရောင်းပေး၏။ ဈေးသိမ်းမှ အိမ်သို့ပြန်လာ၏။ သူ့အတွက် မုန့်ဖိုးပဲဖိုးကို သူ့အမေက ပေး၏။ ကျွန်ုပ်ကမူ မောင်တိုအတွက် ဘာမျှသီးခြားပေးခြင်း မရှိသည်ဖြစ်ရာ မောင်တိုသည် အိမ်ထောင်ရှင် ဖြစ်လာပြီ ဖြစ်သဖြင့် သုံးစရာ၊ စွဲစရာများ ရှိကောင်းရှိလာမည် ဖြစ်၏။ ထိုအခါ ကျွန်ုပ်ထံသို့ တောင်းလာခဲ့ပါမူ ကျွန်ုပ်အနေဖြင့် ပေးစရာ ပိုက်ဆံရှိမည် မဟုတ်ပေ။ ကျွန်ုပ်ကိုယ်တိုင်သည်ပင် သူ့ငွေငွေအနေဖြင့် သီးသီးသန့်သန့် မရှိဘဲ ဘဏ်တိုးကလေး၊ စာမူခက လေးနှင့် ပင်စင်လစာလေးကို မျှတစွာ သုံးစွဲ၍ နေထိုင်သည်ကို မောင်တို အသိဆုံး ဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်သည် မိသားစုစားဝတ်နေရေးအတွက် ဘာလုပ်ရင် ကောင်းလေမည်လဲဟု တွေးတောလျက် ရှိသော်လည်း ဘာအကြံမှ ထွက်မလာဘဲ ရှိ၏။

ကျွန်ုပ်သည် စိတ်ညစ်ညစ်နှင့် ဝါးကုလားထိုင်ကလေးတွင် အိပ်ပျော်သွားလေ၏။ ကျွန်ုပ် မည်မျှကြာကြာ အိပ်ပျော်သွားသည် မသိပေ။ ကျွန်ုပ် လန့်နိုးချိန်တွင် ကျွန်ုပ်အား ပြုံး၍စိုက်ကြည့်နေသော ကိုပါပကို တွေ့လိုက်သည်ဖြစ်ရာ မိဘခရီးသွားရာမှ ပြန်လာသည်ကို ရုတ်တရက်တွေ့လိုက်ရသော ကလေးငယ်တစ်ယောက်ပမာ ဝမ်းအသာကြီး သာသွားမိပေ၏။ ကိုပါပကိုလည်း ကျွန်ုပ်အား ပစ်ထားရကောင်းလားဟု အပြစ်တင်ရန် ဟန်ပြင်လိုက်၏။ ကိုပါပက ကျွန်ုပ်အား လက်ကာပြကာ –

"နေပါဦးကိုယ့်လူရာ၊ ကိုယ့်လူက ကျုပ်ကိုမြင်တာနဲ့ အပြစ်တင်ဖို့ လုပ်တော့တာကိုးဗျ"

"အပြစ်တင်ရုံ ဘယ်ကမလဲ ကိုယ့်လူရယ်၊ ဖြစ်နိုင်ရင်လေ စိစိညက်ညက်ကြေအောင်ကို ထုထောင်းပစ်ချင်တာဗျ"

ဟု ရန်တွေ့လိုက်လေ၏။ ကိုပါပက တဟားဟားရယ်မောရင်း –

"ခင်ဗျားကျုပ်ကို မျှော်နေမယ်ဆိုတာ သိပါတယ် စာရေးဆရာရယ်။ ဘာကြောင့် မျှော်နေတယ်ဆိုတာကိုလည်း သိပါတယ်ဗျ။ ကျုပ်မလာဖြစ်တာကလည်း အဲဒီကိစ္စကြောင့်ပါပဲဗျ။ ဒီမှာဗျ ကိုယ့်လူရဲ့"

ဟုဆိုကာ ကျွန်ုပ်၏ မိသားစုစားဝတ်နေရေးအဆင်ပြေစေရန် အလို့ငှာ သူစဉ်းစားထားသည်တို့ကို ကျွန်ုပ်အား စီကာပတ်ကုံး ပြောပြလေ၏။ ကျွန်ုပ်သည်လည်း သူပြောသမျှကို မျက်စိမမှိတ်တမ်း ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေရလေ၏။ ပြော၍ပြီးသွားသောအခါ ကျွန်ုပ်က –

"ခင်ဗျားစိတ်ကူးကတော့ … ကောင်းပါတယ် ကိုပါပရယ်။ အဆင်သာပြေလို့ကတော့ အလွန်ကောင်းတာပဲ။ သို့သော် မအောင်မြင်ခဲ့ရင်ရောဗျာ"

ဟု ကျွန်ုပ်က ဗောဒကတက်လိုက်ရာ ကိုပါပက –

"ကျုပ် အမျိုးမျိုးတွေးကြည့်ပြီးပြီဗျ။ ဒီအလုပ် လောက် ကောင်းတဲ့ အလုပ် ဘာမှစဉ်းစားလို့ကို မရဘူး။ မလုပ်ရသေးဘဲနဲ့ ဖြစ်ပါ့မလားဆိုတာကတော့ ခင်ဗျားက စစ်မတိုက်ခင်က လက်နက်ချသလို ဖြစ်နေပါပေါ့လား ကိုယ့်လူရာ"

ဟု ကျွန်ုပ်အား အပြစ်တင်လေ၏။ မည်သို့ပင်ဆိုစေ ကျွန်ုပ်သည် ကိုပါပ ရောက်လာမှပင် စိတ်ထဲတွင် ပေါ့ပေါ့ရွှင်ရွှင် ဖြစ်သွားပေတော့၏။

ကျွန်ုပ်တို့နှစ်ယောက် စကားပြောနေကြစဉ် မောင်တိုသည် ရေနွေးအိုးကိုကိုင်၍လည်းကောင်း၊ သူ့ဇနီးချောလေး သဲမြညွှာသည် အကြမ်းပန်းကန်၊ အမြည်းစသည်တို့ ထည့်ထားသော ဗန်းကို မ၍လည်းကောင်း ကျွန်ုပ်တို့နှစ်ဦးရှိရာသို့ ရောက်၍လာပေ၏။ မောင်တိုက –

"ရေနွေးကြမ်းနဲ့ လက်ဖက်သုပ်လေး သုံးဆောင်ကြပါဦးခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com

ဟု ညွှ်ဝတ်စကားပြောပြီး ကိုပါပ အား –

"ဦးပါပကြီးက ပုံပြောကောင်း အယ်လို့ ကျွန်တော်က သူ့ကိုပြော ထားလို့ အဲဒါ ပုံပြင်လေး တစ်ပုဒ် လောက် ပြောပြပါ"

ဟု ပူဆာလေ၏။ ထိုအခါ ကျွန်ုပ်က –

"မောင်တိုရယ် မင်းနှယ်ကွာ .. မိန်းမတောင် ရနေမှဥစ္စာ ဘယ့်နှယ့် ကလေးမဟုတ်၊ သူငယ်မဟုတ် ပုံပြင် နားထောင်ချင်ရတယ်လို့"

ဟု မာန်ပြောလေး ပြောလိုက် ရာ မောင်တိုသည် မျက်နှာလေး အောက်သို့ ငုံ့သွားရှာ၏။ ကိုပါပက

"ဒီလိုရှိတယ်ကွ၊ မောင်တိုရ။ ငါအခုမင်းကို ပုံပြင်လေးတွေ ပြော ပြနိုင်တယ်ဆိုတာကလည်း တို့မိဘ အိုးဘွားတွေက ပြောခဲ့တာတွေ၊ ရှေး စာရေးဆရာကြီးတွေ ရေးခဲ့တာတွေကို ဖတ်မှတ်ပြီး ပြန်ပြောရတာကွ။ မင်း လည်း တစ်ချိန် တို့အရွယ်ရောက်ရင် ကိုယ့်ရဲ့သား၊ မြေးတွေကို လက်ဆင့် ကမ်းပြောပြဖို့အတွက် ပုံပြင် နား ထောင်ဖို့ လိုတယ်ကွ။ ဒီတော့ မင်း အနေနဲ့ ငါပြောပြဘဲ့ ပုံပြင်လေးတွေကို သေသေချာချာနားထောင်ဖို့လိုတယ်"

ဟု အစချီကာ အောက်ပါ ပုံပြင် လေးကို ပြောပြလေ၏။

"ဟိုးရှေးရှေးတုန်းက ကုန်သည် ကြီးတစ်ယောက်ဟာ ကြက်တူရွေး လေးတစ်ကောင်ကို မွေးထားတယ် တဲ့။ ကုန်သည်ကြီးဟာ သူ့ကြက်တူ ရွေးလေးကို သိပ်ချစ်တာကြောင့် လှပ သေသပ်တဲ့ လှောင်အိမ်လေးနဲ့အတူ အိမ်ရဲ့ပြတင်းပေါက်ဘေးနားမှာ ချိတ် ထားတယ်တဲ့။ ကြက်တူရွေးလေးဟာ တစ်နေ့တစ်နေ့ သူ့အဖော်တွေက ကုန်သည်ကြီးရဲ့ ပန်းခြံထဲကို လာပြီး ပျော်ပါး ဆော့ကစားနေကြတာ၊ သစ် သီးတွေ ရှူးဆွတ်စားသောက်နေကြ တာ၊ ညနေကျရင် သူတို့ရဲ့ အိပ်တန်း ကို ပျော်ပျော်ပါးပါး ပြန်သွားကြတာ ကို ကြည့်ပြီးနေရသတဲ့။ သူလည်း သူများတွေလို လွတ်လွတ်လပ်လပ် နေချင်တဲ့စိတ် ဖြစ်လာတာပေါ့။ အဲဒီ လိုဖြစ်လာတဲ့အခါ လှောင်အိမ်ထဲမှာ ဂနာမငြိမ်ဘဲ ပါးစပ်ကလည်း တတွတ် တွတ်နဲ့ အော်မြည်နေပါသတဲ့။ ဒါကိုမဲ ပိုင်ရှင်ကုန်သည်ကြီးက သူ့ကြက်တူ ရွေးလေးဟာ လှောင်အိမ်ထဲမှာ ပျော် ရွှင်နေတယ်လို့ အထင်ရောက်နေတာ ပေါ့။

တစ်နေ့မှာ ကုန်သည်ကြီးဟာ အရောင်းအဝယ်ကိစ္စနဲ့ ခရီးထွက်ဖို့ အကြောင်းပေါ်လာတယ်တဲ့။ သူ့ မိသားစုဝင်တွေကိုခေါ်ပြီး ငါအခု ခရီးတစ်ခုသွားရမယ်။ မင်းတို့လိုချင်တဲ့ လက်ဆောင်ရှိရင် မှာကြလို့ ပြော တော့ အားလုံးက သူတို့လိုချင်တာကို မှာကြတာပေါ့။ ကြက်တူရွေးလေးကို လည်း မင်းလည်းလိုချင်တာရှိရင် မှာ နိုင်တယ်လို့ ပြောလိုက်တယ်ဆိုရင်ပဲ ကြက်တူရွေးလေးက သခင်ကြီးခင်ဗျာ ... သခင်က ကျွန်ုပ်အား ကောင်းမွန် စွာထားတဲ့အတွက် အလွန်မှ အဆင် ပြေပါတယ်။ ဘာမှလည်း မလိုအပ် ပါဘူး။ သို့သော်လည်း ဖြစ်နိုင်ရင် တစ် ခုလောက်တော့ မှာချင်ပါတယ်လို့ ပြောလိုက်တယ်တဲ့။ ကုန်သည်ကြီးက လည်း သူ့ကြက်တူရွေးလေး ပြောမယ့် စကားကို နားစွင့်ရင်း ပြုံးနေသတဲ့။ ကြက်တူရွေးလေးက ..

သခင်ကြီးသွားမယ့် လမ်းဘေး က မြက်ခင်းပြင်ကြီးပေါ်မှာ သစ်ပင် ကြီးတစ်ပင် တွေ့ပါလိမ့်မယ်။ အဲဒီ သစ်ပင်ကြီးပေါ်မှာ ကြက်တူရွေး အပေါင်းတွေ အသိုက်ပြုလုပ်ပြီး နေ ကြပါတယ်။ ကျေးဇူးပြုပြီး အဲဒီသစ် ပင်ပေါ်မှာနေကြတဲ့ ကြက်တူရွေးတွေ ကို ပြောပေးပါ။ လှောင်အိမ်ထဲမှာ မွေး ထားခံရတဲ့ ကျွန်ုပ်ကြက်တူရွေးလေး က အသင်တို့ မြက်ခင်းတွေပေါ်၊ သစ် တောတွေထဲ၊ သစ်သီးခြံတွေပေါ်မှာ လွတ်လပ်စွာပျော်ပါးနေတဲ့ အဖော်တွေ ကို အမှာပါးလိုက်ပါတယ်။ အသင် တို့ရဲ့ အသည်းနှလုံးဟာ သံလို မာ ကျောအေးစက်နေတယ်။ မင်းတို့ဟာ ငါ့ဘေးကပျော်ပါးသွားကြပေမယ့် ဘာ မှမဖြစ်သလိုဘဲ ပန်းခြံထဲက သစ်သီး တွေကို စားသောက်နေကြတယ်။ ငါ့ ကို အမှတ်တမဲ့မြင်လိုက်ရင်လည်း ဘာမှ အရေးမထားသလိုဘဲ ပျံသွား ကြတယ်။ မင်းတို့မှာ စာနာစိတ်တွေ ဘယ်ရောက်ကုန်ပြီလဲ။

အဲ့ဒီစကားလေးပဲ သူတို့ကို ပြောပြပေးပါ။ နောက်ပြီး သူတို့ပြန် ပြောတဲ့ စကားလေးတွေကိုလည်း ကျွန်ုပ်ကို ပြန်ပြောပြပေးပါလို့ တောင်း ဆိုလိုက်သတဲ့။

ကုန်သည်ကြီးကလည်း အလွယ် တကူပဲ ငါပြောပေးပါ့မယ်ကွာ။ သူတို့ ပြန်ပြောတာကိုလည်း မင်းကို ပြန် ပြောပြပါ့မယ်လို့ ကတိပေးပြီး ခရီး ထွက်သွားတော့တာပေါ့။

ကုန်သည်ကြီးလည်း အခြား တစ်ပါးအရပ်မှာ ကုန်အရောင်းအဝယ် အလုပ်တွေ ဆောင်ရွက်ပြီးတဲ့အခါကျ



www.burmeseclassic.com

www.burmeseclassic.com

တော့ သူ့ကြက်တူရွေးလေး ပြော လိုက်တဲ့စကားကို သတိရပြီး သူပြော လိုက်တဲ့နေရာကို ရောက်အောင်သွား တော့တာပေါ့။ ပြီးတော့ သစ်ပင်ကြီး ပေါ်မှာ နေထိုင်ကြတဲ့ ကြက်တူရွေး တွေကို သူ့ကြက်တူရွေးလေး မှာ လိုက်တဲ့စကားတွေကို တစ်ခွန်းမကျန် ပြောပြလိုက်တယ်ဆိုရင် သစ်ပင်ပေါ် မှာရှိတဲ့ ကြက်တူရွေးအားလုံးဟာ သစ် ပင်ပေါ်ကပြုတ်ကျပြီး သေဆုံးကုန်ကြ သတဲ့။

ကုန်သည်ကြီးလည်း စိတ် မကောင်းခြင်းကြီးစွာ ဖြစ်ပြီး ပြန်လာခဲ့ တာပေါ့။ သူ့ကြက်တူရွေးလေးကို လည်း သူမြင်ခဲ့ရတဲ့ အဖြစ်အပျက်ကို ပြန်ပြောပြဖို့ ဝန်လေးနေတယ်တဲ့။ အဲ ဒါကြောင့် သူ့အိမ်သားတွေကို လက် ဆောင်တွေ အကုန်ပေးပြီးတဲ့အထိ ကြက်တူရွေးလေးကို ဘာမှ မပြောဘဲ နေလိုက်တယ်တဲ့။ ကြက်တူရွေးလေး ဟာ မစောင့်နိုင်တော့တဲ့ အဆုံး ကုန် သည်ကြီးကို မေးလိုက်တယ်။ သခင် ကျွန်ုပ်မှာလိုက်တာကို မေ့နေပြီလား။ ဒါမှမဟုတ် သူတို့ပြန်ပြောလိုက်တာကို ကျွန်ုပ်ကို ပြန်မပြောချင်တာလားလို့ မေးလိုက်သတဲ့။ အဲဒီအခါ ကုန်သည် ကြီးက စိတ်မကောင်းစွာနဲ့ ငါမင်း မှာ လိုက်တဲ့ စကားတွေကို သစ်ပင်ကြီး ပေါ်မှာရှိတဲ့ ကြက်တူရွေးတွေကို ပြော ပြပါတယ်ကွာ။ ဒါပေမယ့် ငါပြောတဲ့ စကားမဆုံးခင်မှာဘဲ သူတို့အားလုံး သစ်ပင်ပေါ်က ပြုတ်ကျသေဆုံးကုန် ကြတယ်ကွယ့်လို့ ပြန်ပြောလိုက်တယ် ဆိုရင်ပဲ ကြက်တူရွေးလေးဟာ ဒယီး ဒယိုင်ဖြစ်သွားပြီး ကျေးဈူးပါဗျာလို့ တစ်ခွန်းသာပြောနိုင်ပြီး သေဆုံးသွား ခဲ့တယ်။

ကုန်သည်ကြီးဟာ သူ့ကြက်တူ ရွေးလေး သေသွားတဲ့အတွက် လွန်စွာ မှ စိတ်ထိခိုက်ကြေကွဲသွားတယ်တဲ့။ သူဟာ သူ့မိတ်ဆွေတွေရဲ့ အဖြစ်ကို သိရပြီး အသည်းကွဲ သေရှာတယ်လို့ အထင်ရောက်သွားပြီး ကြက်တူရွေး အသေကောင်လေးကို ယူပြီး ပန်းခြံထဲ က လှပတဲ့သစ်ပင်ကြီးတစ်ပင်အောက် မှာ ချထားလိုက်တယ်။ သူ့ရည်ရွယ် ချက်က ကြက်တူရွေးလေးကို ရက် အနည်းငယ်ကြာရင် မြေမြှုပ်သင်္ဂြိုဟ် မယ်ပေါ့။ ဒါပေမယ့် သူမှ အိမ်ထဲ မရောက်သေးဘူး။ အတောင်ပံခတ်သံ ကြားလို့ ဖြန်လှည့်ကြည့်လိုက်တော့ သူ့ကြက်တူရွေးလေးဟာ ထပျံသွား တာကို တွေ့လိုက်ရတယ်တဲ့။ ကုန် သည်ကြီးလည်း အဲဒီအခါကျတော့မှ သဘောပေါက်သွားတော့တယ်ကွ မောင်တိုရ''

ဟုဆိုကာ သူ့ပုံပြင်လေး အား အဆုံးသတ်လိုက်လေတော့၏။

မောင်တိုနှင့် သဲမြညွာတို့ ဖနီး မောင်နှံသည် အတန်ကြာ နှုတ်ဆိတ် နေကြ၏။ ကိုပါပ ဘာကိုရည်ရွယ်၍ ဤပုံပြင်လေးကို ပြောသွားကြောင်း ချက်ချင်းသိချင်မှသိမည်ဖြစ်၏။ ကျွန်ုပ် မှာကား ကိုပါပကို ချီးကျူးမိပေ၏။ ''ခင်ဗျားဗျာ တတ်လည်းတတ်နိုင် ပါပေ့''ဟု ထောမနာပြုလိုက်ရပေ၏။ မောင်တိုတို့ ဖနီးမောင်နှံ ကျွန်ုပ်တို့ အနီးမှ ထွက်သွားသောအခါ ကိုပါပ က –

''သိပ်အချိန်ဆွဲလို့ မရဘူးကိုယ့် လူ။ မြန်မြန် အကောင်အထည်ဖော်မှ ဖြစ်မယ်ဗျ''

ဟု ဆိုင်းမဆင့် ဗုံမဆင့် ပြော လိုက်ရာ ကျွန်ုပ်က –

''ကျွန်တော် မသိတော့ဘူးဗျာ။ ခင်ဗျားကောင်းသလိုသာလုပ်ပါတော့''

ဟု ပြောလိုက်မိပေတော့၏။ ကိုပါပက –

''ဒီလိုဆိုရင်ဖြင့် ကျုပ်ပြန်ဦး မယ်ဗျာ။ ကျုပ်စီစဉ်စရာလေးတွေ ရှိ နေသေးတယ်။ အမြန်ဆုံး ပြန်လာ မယ်''

ဟုပြော၍ ကျွန်ုပ်အား နှုတ် ဆက်ကာ ပြန်သွားလေ၏။ ကိုပါပ ပြန်သွားသောအခါ ကျွန်ုပ်စိတ်ထဲ၌ အတွေးတစ်ခု ဝင်လာ၏။ ကျွန်ုပ်တို့၏ အစီအစဉ်အား မောင်တိုသိဖို့ လိုအပ် သည်ဟု တွေးမိသောကြောင့် ဖြစ်၏။ ဤကိစ္စတွင် မောင်တိုသည် အဓိက အခန်းကဏ္ဍမှာ ပါဝင်ရမည့်သူတစ် ယောက် ဖြစ်နေသောကြောင့် ဖြစ်၏။

ထို့ကြောင့် မောင်တိုတို့ဖနီးမောင် နှံအား ကျွန်ုပ်ထံသို့ ခေါ်ယူကာ ကျွန်ုပ် နှင့် ကိုပါပ စီစဉ်ထားသော အစီအစဉ် အား မောင်တိုကို ပြောပြလိုက်၏။

''ငါကတော့ စိုးရိမ်မိတယ်ကွ မောင်တိုရ။ ဘာကြောင့်လဲဆိုတော့ တို့ဟာတို့ ကိုယ့်အိမ်မှာ ဘယ်လိုပဲ ချက်ချက်၊ ဘယ်လိုပဲစားစား ပြဿ နာမရှိဘူး။ အခုဟာက အများသူငါ ကိုရောင်းမယ့်ကိစ္စဖြစ်နေတော့ အဆင် မပြေရင် ဒုက္ခပဲ''

ဟု ညည်းပြောလေး ပြောလိုက် ရာ မောင်တိုက –

''ဒါတော့ မပူနဲ့ဦးလေးရေ၊ ကျွန် တော့်ကိုယ် ကျွန်တော် ယုံကြည်မှု ရှိပါတယ်ဗျ။ ကျွန်တော် လုပ်နိုင်ပါ တယ်။ 'မပူပါနဲ့၊ ကျွန်တော်တို့ ဆင် မယားလည်း အဲဒီလိုပဲ တစ်နိုင်တစ် ပိုင်လေး ဈေးထဲမှာရောင်းမလားလို့ စဉ်းစားနေတာပါ''



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောပြလေ၏။

"ဪ ... မင်းတို့ကလည်း ဒီလိုပဲ စဉ်းစားထားကြတာကိုကွ။ အေးလေ ... ငါကသာ စိတ်ပူနေတာပါ။ ကိုပါပက အခုလောက်ဆို ဆိုင်ဆောက်ဖို့တောင် စီစဉ်နေလောက်ပြီ"

ဟု ပြောလိုက်ရာ မောင်တိုတို့လင်မယားတို့မျက်နှာမှာ ဝင်းထိန်၍သွားပေတော့၏။

နောက်တစ်နေ့ မနက်ခင်းတွင် ကိုပါပသည် သစ်အဟောင်းများ၊ ဝါးလုံးများအား ကားတစ်စီးနှင့် တင်ကာရောက်ရှိလာပေ၏။ ကိုကြွေသီးလည်း ကားပေါ်တင် ပါလာသည်ကို တွေ့ရ၏။ ကျွန်ုပ်က "ခင်ဗျားဗျာ လုပ်လိုက်မှဖြင့် ဖြန်းစားကြီး"ဟု အပြစ်တင်လိုက်ရာ ကိုပါပက –

"ဘယ်ကလာ ဖြန်းစားကြီးရမလဲဗျာ။ ပါပဆိုတဲ့ကောင်က အလုပ်တစ်ခုကို လုပ်မယ်ဆိုရင် သေသေချာချာစီစဉ်ပြီးမှ လုပ်တဲ့ကောင်ဗျ"

ဟု ကြွားလုံးထုတ်လိုက်၏။ ထိုအခါ ကျွန်ုပ်က "ဒါနဲ့ ခင်ဗျားပြောတော့ ဘာမှမရှိတဲ့ ပါပဆိုဗျ"ဟု ပြန်၍ကလိလိုက်ပြန်ရာ ကိုပါပက "အဲဒီဘာမှမရှိတာကိုက အရာရာ ပြီးပြည့်စုံနေတာပဲဗျ ကိုယ့်လူရ"ဟု အဓိပ္ပာယ်နားလည်ရခက်သော စကားဖြင့် ပြန်လည်ချေလေ၏။ ကျွန်ုပ်လည်း ဘာမှမပြောတော့ဘဲ စကားလမ်းကြောင်းပြောင်းကာ –

"ဒါထက် ကိုကြွေသီးကရော ဘယ်လိုက ဘယ်လိုပါလာရတာတုံး"

ဟု မေးလိုက်သောအခါ ကိုပါပက –

"ဘယ်ကပါလာရမတုံးဗျ။ သူ့ကို အခုပဲ ဆိုက်ကားဂိတ်က ဝင်ခေါ်ခဲ့ရတာပေါ့။ ကဲ ... တို့အခု ကားပေါ်က သစ်တွေ၊ ဝါးတွေပိုင်းချကြစို့"

ဟု ဆိုသဖြင့် ကျွန်ုပ်လည်း မနေသာတော့ဘဲ ပိုင်းချရပေတော့၏။

ကျွန်ုပ်သည် ကားပေါ်မှ သစ်များ၊ ဝါးများအား ပိုင်းချရင်း ဒီလူနှယ် ဒီသစ်တွေ၊ ဝါးတွေကို ဘယ်ကများ မချလာပါလိမ့်နော်။ လုပ်မယ်ဆို တကယ်လုပ်တဲ့လူပဲဟု အလုပ်လုပ်ရင်း တစ်ယောက်တည်း တွေးနေမိပေ၏။

"စာရေးဆရာက အတော်အတွေးခေါင်သကိုးဗျ။ ဒီသစ်တွေ၊ ဝါးတွေကို ဘယ်က မချရလာရမလဲဗျ။ ကျုပ်ညီဘုန်းကြီးကျောင်းက မချလာတာပေါ့။ ဘယ်က ကားရသလဲလို့ မေးချင်ပြန်ပြီလား။ ကျုပ်ညီဘုန်းကြီးရဲ့ ဒကာကားလေဗျာ။ ကားပေါ်မှာ သစ်တွေ၊ ဝါးတွေတင် မကဘူးဗျို့။ ခြသေ့်လုပ်တုန်းက အလှူခံတော့ ဆိုင်းဘုတ်ထောင်တဲ့ ဗီနိုင်းစကြီး နှစ်စပါ ပါသေးဗျ။ လောလောဆယ်တော့ အမိုးအတွက်တော့ မပူရတော့ဘူးဗျို့။ မိုးတွင်းရောက်မှ တစ်မျိုးစဉ်းစားကြတာပေါ့"

ကိုပါပသည် သေတ္တာငယ်တစ်ခုကို ကျွန်ုပ်အားပြရင်း –

"ဒါကိုတော့ အင်္ဂလိပ်လို Tool Box လို့ ခေါ်သဗျ။ ဘာလုပ်ဖို့လည်း မမေးနဲ့။ မနက်ဖြန် ထမင်းဆိုင်ဆောက်ဖို့။ အထဲမှာ ဘာတွေပါသလဲ မမေးနဲ့၊ လက်သမားပစ္စည်းအစုံ ပါသဗျ။ ကဲ ... ကိုယ့်လူ ဘာသိချင်သေးသလဲ"

ဟု ကျွန်ုပ်အား မေးလိုက်ရာ ကျွန်ုပ်က –

"ဘာမှ မေးစရာမလိုတော့အောင်ကို အဖြေက ပြည့်စုံနေလို့ ဘာမှ မပြောလိုတော့ပါဘူးဗျာ။ ဒါထက် ဒီအကြောင်းတွေကို ကျုပ်စဉ်းစားနေတယ်ဆိုတာ ခင်ဗျားဘယ်လို လုပ်သိသလဲ ကိုပါပရယ် ရှင်းပြပါဦးဗျ"

ကိုပါပသည် တဟားဟားရယ်ရင်း –

"ဒါလေးများဗျာ၊ ခင်ဗျားကို ကြည့်လိုက်တော့ အလုပ်တော့ လုပ်နေတယ်။ စိတ်က တခြားရောက်နေသလိုမျိုးဖြစ်နေတယ်လေဗျာ။ နောက်ပြီး ခင်ဗျားမျက်လုံးက ပစ္စည်းတစ်ခုကို စိတ်ဝင်စားသလို ကြည့်လိုက်၊ ကျုပ်ကို တစ်ခါကြည့်လိုက် လုပ်နေခြင်းအားဖြင့် အဖြေက ထွက်နေပြီးသားပဲဗျာ။ ဒီမှာကိုယ့်လူရေ စိန်ကဲ၊ ရွှေကဲခတ်ရတာ လွယ်တယ်၊ လူကဲခတ်ရတာ ခက်တယ်ဆိုတဲ့ စကားဟာ သူများတွေအတွက်တော့ မှန်ချင် မှန်လိမ့်မယ်ဗျို့။ ကျုပ်အတွက်တော့ လူကဲခတ်ရတာ ပိုလွယ်သလိုပဲဗျ။ ဪ .. ဒါထက် မောင်တိုရေ၊ ကားခေါင်းခန်းထဲမှာ တို့ဒီညအတွက် ရိက္ခာပါတယ်ဟေ့။ တော်ကြာ မေ့ပြီး ကားပေါ် ပြန်ပါသွားဦးမယ်ကွ။ ယူထားလိုက်ဦး"

ဟု လှမ်းပြောသဖြင့် ကျွန်ုပ်က "ဘာတွေများလဲ ကိုပါပရယ်"ဟု မေးလိုက်ရာ မောင်တိုက –

"ဦးလေးက လူကဲခတ် တယ်ညံ့သကိုးဗျ။ ဘာရမလဲ၊ ရိက္ခာဆိုမှတော့ ဘုန်းကြီးကျောင်းဟင်းပေါင်းပေါ့ဗျ"

ဟု ပြောပြောဆိုဆိုဖြင့် တစ်လုံးချိုင့်ကြီးထဲထည့်လာသော ဟင်းပေါင်းများအား ကျွန်ုပ်အား လာ၍ပြလေ၏။

ထိုညက ကျွန်ုပ်တို့သည် မနက်က ကျန်သောဟင်းနှင့် ကိုပါပ ပါလာ



www.burmeseclassic.com

www.burmeseclassic.com

သော ဟင်းပေါင်းတို့ဖြင့် ညစာကို မြိန်ရှက်စွာ စားသောက်ကြ၏။ ကိုကြွေသီးလည်း စားသောက်ပြီးမှ ပြန်သွားလေ၏။ ကျွန်ုပ်က ကိုကြွေသီးအား လက်ဖက်ရည်ဖိုးအဖြစ် ပိုက်ဆံ အနည်းငယ်ပေးရာ ကိုကြွေသီးက ခါးခါးသီးသီးငြင်းလေ၏။ ထမင်းစားသောက်ပြီးသောအခါ ကျွန်ုပ်နှင့်ကိုပါပသည် အိမ်ရှေ့ကွပ်ပျစ်ကလေးတွင် ရေနွေးကြမ်းသောက်ရင်း စကားစမြည်များပြောလျက်ရှိကြ၏။ မောင်တိုတို့ကား စောစော အိပ်ရာဝင်သွားပြီဖြစ်၏။

နောက်တစ်နေ့ မနက်တွင် ကျွန်ုပ်တို့သည် ထမင်းဆိုင် ဆောက်ခြင်းအလုပ်ကို စတင်လုပ်ကိုင်ကြသည်ဆိုသော်လည်း ကျွန်ုပ်သည် ဘာမှဟုတ်တိပတ်တိ လုပ်တတ်သည် မရှိဘဲ ဟိုယောင်ယောင်၊ ဒီယောင်ယောင်မျှသာဖြစ်၏။ မောင်တိုသည်လည်းကောင်း၊ ကိုကြွေသီးသည်လည်းကောင်း ကျွန်ုပ်ထက် လက်သမားအတတ်ပညာကို တတ်ကျွမ်းကြသူများ ဖြစ်ပေ၏။ ကိုပါပမှာမူ ဆိုဖွယ်ရာမရှိပေ။ မနက် ထမင်းမစားမီပင် ကျွန်ုပ်တို့၏ ထမင်းဆိုင်ကလေးမှာ အကြမ်းထည်ပြီးသွားလေ၏။ နေ့လယ်ပိုင်းတွင် ထမင်းစားသူများ ထိုင်စားရန်အတွက် ထမင်းစားပွဲအရှည်များကို ထိုင်ခုံနှင့်တွဲလျက် ဆောက်ခြင်း၊ ထမင်းအိုး၊ ဟင်းအိုးများ တင်ရန်အတွက် စင်ထိုးခြင်း စသည်တို့ကို ဆက်လက်ပြုလုပ်ရာ ညနေစောင်းတွင် အားလုံးအဆုံး သတ်လေတော့၏။ ကျွန်ုပ်သည်ပင်လျှင် ထမင်းဆိုင်ကလေးအားကြည့်၍ သဘောကျနေသည်ဖြစ်ရာ မောင်တိုသည်ကား ပျော်တပြုံးပြုံးဖြစ်လျက် ရှိပေတော့၏။

"ထမင်းဆိုင်ကတော့ ဟုတ်ပါပြီ ကိုပါပရယ်။ ဆိုင်နာမည်လေး ဘာလေးကော မပေးတော့ဘူးလားဗျ"

ဟု ကျွန်ုပ်က ကိုပါပအားမေးလိုက်ရာ -

"ပေးရမှာပေါ့ ကိုယ့်လူရယ်၊ ဘယ်မပေးလို့ ဖြစ်မလဲဗျ။ ခင်ဗျား ဘာမှမပူပါနဲ့၊ နာမည်လည်းပေးပြီးပါပြီ။ ဆိုင်းဘုတ်လည်း အပ်ပြီးပါပြီဗျာ"

ဟု ပြန်၍ပြောလေ၏။ ကျွန်ုပ်က

"ခင်ဗျားဟာက ထောင့်စေ့လှချည်လား ကိုပါပရာ"

ဟု ချီးမွမ်းလိုက်ရာ ကိုပါပက

"ကိုယ့်လူက ဘာမဟုတ်တာလေးကို ချီးမွမ်းနေပြန်ပါပြီ၊ စောင့်ကြည့်ပါဦးဗျာ။ ခင်ဗျားလူ မောင်တိုရဲ့ အရည်အချင်းကိုလည်း"

ဟု ပြောလိုက်မှ မောင်တိုတစ်ယောက် ပျောက်နေသည်ကို သတိထားမိပေတော့၏။ ထိုအခိုက် အိမ်ရှေ့ဘက်မှ ဆိုက်ကားဘဲလ်သံကြားသဖြင့် လှမ်းကြည့်လိုက်ရာ ကိုကြွေသီးနှင့် မောင်တိုတို့နှစ်ယောက် တောင်းကြီးနှစ်လုံးကိုထမ်းကာ ဝင်လာကြလေ၏။ ကျွန်ုပ်က "ဘာတွေများတုံးကွ" ဟု မေးလိုက်ရာ ကိုပါပက -

"ဘာတွေရမတုံးဗျာ။ ထမင်းဆိုင်ဖွင့်ပါတယ်ဆိုမှဖြင့် အိုးခွက်ပန်းကန်တွေပေါ့ဗျာဟု ပြန်၍ဖြေလေ၏။

အို ... ဟုတ်သားပဲ ကျုပ်ဖြင့်မေ့နေတယ်ဗျာ။ ဒါတွေ လိုသေးတာပဲ။ မောင်တို မင်းဒါတွေဘယ်က ရခဲ့သလဲ ပြောစမ်း"

ဟု ကျွန်ုပ်က ခပ်ငေါက်ငေါက်ကလေး မေးလိုက်ရာ ကိုပါပက -

"ဘယ်ကရမှာလဲဗျာ ဈေးထဲကပေါ့ဗျ။ ကျုပ်ပန်းကန်ခွက်ယောက်တွေအတွက် စိတ်ညစ်နေလို့ မောင်တိုက စိတ်မပူပါနဲ့ သူတာဝန်ထားပါ။ ဈေးထဲမှာ သူ့အကြွေးနဲ့ဝယ်လို့ရပါတယ်ဆိုပြီး ဝယ်လာတာပဲဗျ။ ရှင်းပြီလား ကိုယ့်လူရေ"

ဟု ခပ်ငေါ့ငေါ့ ပြောလိုက်လေ၏။ ထိုအခိုက် အိမ်ရှေ့ဆီမှ လူသံများကြားသဖြင့် လှမ်း၍ကြည့်လိုက်ရာ ဦးမြဘူးသည်လည်းကောင်း၊ မပိုက်တင်နှင့် သူ့ကလေးနှစ်ကောင်သည်လည်းကောင်း ဆက်တိုက်ဆိုသလို ဝင်လာကြလေ၏။ နောက်ဆုံး ဝင်လာသူတစ်ယောက်မှာကား အခြားသူမဟုတ်၊ ကျွန်ုပ်ထံမလာဘဲ ပျောက်နေသည်မှာ ကြာပြီဖြစ်သော ကျွန်ုပ်၏ ငယ်ပေါင်းမိတ်ဆွေကြီး ကိုသီတာဖြစ်၏။ သူ၏လက်ထဲတွင် ပြားချပ်ချပ် အရာတစ်ခုကို ကိုင်ထားသည်ဖြစ်ရာ ကျွန်ုပ်က -

"ဟေ့ ... ကိုသီတာ၊ ခင်ဗျား လက်ထဲက ဘာကြီးလဲဗျ"

ဟု လှမ်း၍မေးလိုက်ရာ ကိုသီတာက -

"မင်းကတော့ကွာ၊ ဘာမှလည်း မသိပါလားကွ။ ဟောဒီမှာကြည့်"

ဟုဆိုကာ ထောင်ပြလိုက်မှ ဆိုင်းဘုတ်တစ်ခုမှန်း သိလိုက်ရပေ၏။ ဆိုင်းဘုတ်တွင် ရေးထားသည်မှာကား

ဂန္ဓီရဂ္ဂစာ

မြန်မာထမင်းဆိုင်

ဟူသတည်း ...။

---

ပြီး



www.burmeseclassic.com

www.burmeseclassic.com




# သူတော်ပွားရဲ့ သိဒ္ဓိပြည့်

မြင့်မြတ်ကျော်ခေါင်

တစ်နေ့သ၌ ကျွန်ုပ်သည် အိန္ဒိယ ပြည်ပြန် အရှင်ကုန္ဒဝံသမထေရ် စီရင်ရေးသားအပ်သော အင်္ဂလိဝ်ဖွံ့အလင်းပြယတြာ ဓာတ်ရိုက်ကျမ်းကြီးကို စိတ်ဝင်စားစွာ ဖတ်နေစဉ်–

"ဆရာ ... ဝင်ခွင့်ပြုပါ" ဟူသောအသံကြောင့် အခန်းဝသို့ လှမ်းကြည့်လိုက်၏။ ဖြူဖြူသွယ်သွယ် မိန်းကလေးတစ်ယောက်သည် ချည့်နဲ့နဲ့ ဟန်ကလေးနှင့် အခန်းထဲသို့ ဝင်လာလေ၏။

ထိုမိန်းကလေးသည် ကြိမ်ဖန်များစွာ ငိုထားရသောကြောင့် မျက်လုံးများမှာ အစ်၍နေလေ၏။ ညှိုးငယ်သောမျက်နှာလေးနှင့် ကျွန်ုပ်စားပွဲရှေ့၌ ဝင်ထိုင်လိုက်၏။

ကျွန်ုပ်သည် စာအုပ်ကိုပိတ်ရင်း ဂနာမငြိမ်ဖြစ်နေသည့် ထိုမိန်းကလေးကိုကြည့်ရင်း ပညာနိမိတ်ကို ရှာဖွေနေမိလေ၏။

ထိုစဉ် တုန်တုန်ချည့်ချည့် အသံလေးဖြင့် ထိုမိန်းကလေးက–

"ဆရာရယ် ... ကယ်ပါဦး၊ ကျွန်မရဲ့ယောက်ျား မရှိတော့ဘူး။ သွားပြီဆရာရဲ့။ ဟီး ... ဟီး"

ဟု ပြောကာ ဟီးတိုက်၍ ငိုလေတော့၏။ ငိုနေရင်း မိန်းကလေးက တက်တစ်ချက် ခေါက်လိုက်ရင်းက–

"တောက် ... လုပ်ရက်လိုက်တာ ဆရာရယ်။ ကျွန်မဘဝမှာ ခုတော့ ..."

ဟု အဆက်အစပ်မရှိ ဖြေကာ ငိုနေပြန်တော့၏။ ကျွန်ုပ်လည်း နှစ်သိမ့်စကားပြောမည်ဟု ဟန်ပြင်လိုက်၏။ ထိုအခါ မိန်းကလေးက မခံချိမခံသာ လေသံကြီးဖြင့်–

"လွတ်လွတ်လပ်လပ် မဟုတ်တော့ ပိုဆိုးတယ်ရှင် ... ပိုဆိုးတယ်။ သေချင်တယ် ဆရာရေ"

ဟု ဆက်ပြောပြန်လေ၏။

ကျွန်ုပ်လည်း သူတောင်တစ်လုံး မြောက်တစ်လုံး စကားတို့ကို ဆက်စပ်နိမိတ်ကောက်လိုက်ပြီး ကျွန်ုပ်က–

"ဒါဆို မင်းအဖြစ်က ချစ်ကံဆိုးနေပြီပေါ့"

ဟု ပြောလိုက်ရာ မဆိုင်းမတွပင် မိန်းကလေးက မျက်နှာငယ်ငယ်လေးနှင့် –

"မှန် ... မှန်လိုက်တာ ဆရာရယ်။ ကျွန်မဘဝကို တကယ် ... ကယ်ပါနော်"

ပြောနေရင်းက တစ်ချက် ရှိုက်လိုက်ပြန်လေ၏။ ကျွန်ုပ်က–

"ဘဝမှာ အခြေအနေက ကိုယ့်ကိုအမြဲတမ်း အဆုံးအဖြတ်ပေးနေတာကို လက်ခံရင် လွတ်လပ်တဲ့ဘဝကို ရမှာမဟုတ်ဘူး။ ဒါကြောင့် အခြေအနေကို ကိုယ်ကဖန်တီးနိုင်အောင် ကြိုးစားရမယ်။ ဒါမှ လွတ်လပ်အောင်မြင်တဲ့ ဘဝပိုင်ရှင်ဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောလိုက်လေ၏။

ထိုမိန်းကလေးသည် ခပ်တွေတွေလေး ဖြစ်သွား၏။ အကြောင်းအရာတစ်ခုကို အပြေးအလွှား စဉ်းစားနေပုံရလေ၏။ မျက်လုံးလေး ကလယ်ကလယ် ချီတုံချတုံ မဆုံးဖြတ်နိုင်ဖြစ်နေရာမှ ဟင်းခနဲ သက်ပြင်းတစ်ချက်ချလိုက်ပြီး မချိတင်ကဲ အသံလေးဖြင့် သူမက –

"ဆရာပြောတဲ့ အခြေအနေက ကျွန်မဘဝကို မပေးတော့ဘူးလား မသိပါဘူး။ အိမ်ပေါ်ကဆင်းသွားတဲ့နေ့ကစပြီး အရိပ်အယောင်တောင် မမြင်ရတော့ဘူး။ အခု ကလေးနှစ်ယောက်နဲ့ ဒုက္ခဖြစ်နေရပြီ ဆရာရယ်"

ဟု ပြောကာ ငူငူကြီးထိုင်နေပြန်လေ၏။ ကျွန်ုပ်က –

"အခြေအနေကို ဘယ်သူကဖန်တီးတာလဲ။ စနစ်တကျသုံးသပ်ကြည့်သင့်တာပေါ့။ ဒါမှ ဆရာက ဘာလုပ်ပေးသင့်သလဲ စဉ်းစားရမှာ"

ဟု ပြောလိုက်လေ၏။ သူမသည် ဒေါသသံကလေးဖြင့် –

"ကျွန်မတို့ဘဝကို ဘဲဥတစ်ယောက်တစ်ခြမ်းစားပြီး စခဲ့တာပါ ဆရာရယ်။ အဲဒီကနေ တစ်ဆင့်တစ်ဆင့် မြင့်မားလာခဲ့ပါတယ်။ ခုလိုကိုယ်ပိုင်တိုက်ကလေးနဲ့ လုပ်ငန်းတွေ အဆင်ပြေလာခဲ့ပါတယ်။ ခုနှစ်ပိုင်းအတွင်းမှာ လုပ်ငန်းတိုးချဲ့တယ်ဆိုတာ ရှယ်ယာတစ်ယောက်ခေါ်ပြီး လုပ်ဖြစ်တယ်။ လုပ်ငန်းက ထင်တာထက်ပိုပြီး အောင်မြင်လာတယ်ဆရာရယ်။ ဒါပေမယ့် ..."

ဟု ပြောကာ စကားစကိုဖြတ်ပြီး သူ့အသံကို ထိန်းလိုက်၏။ ငိုသံလေးပါလာသည့် သူမအသံကို ပေါက်ကွဲလာသည့်စိတ်က မထိန်းနိုင်တော့သဖြင့် –

"အဲဒီ ရှယ်ယာရှင်နဲ့ အလုပ်သဘောပါ၊ အလုပ်သဘောပါနဲ့ အခုတော့ အဟုတ်ကို သဘောပါပြီး အိမ်ကဆင်းသွားပြီ ဆရာရဲ့။ ပိုဆိုးတာက အဲဒီမိန်းမှာလည်း ကလေးနှစ်ယောက်နဲ့တဲ့။ ကြားကောင်းသေးရဲ့လား ဆရာရယ်"ဟု ငိုနေပြန်လေတော့၏။

ကျွန်ုပ်သည် သူ့ဇာတ်လမ်းကို နားထောင်ရင်း ဆရာကြီးသူတော်ပွား၏ လိုတာမရ၊ ရတာမလို၊ တောင်းတိုင်းမပြည့်၊ တွေ့တိုင်းမကြို၊ ကံခေနေသူတွေ၊ ကံစောင်းနေသူတွေ၊ သာသနာပြုလုပ်ငန်းတွေ နှောင့်နှေးနေသူတွေ၊ ကျန်းမာရေး အားနည်းနေသူတွေ အားလုံးအတွက် အမြဲတမ်းဆောင်ရွက်စေခဲ့သည့် သိဒ္ဓိပြည့်ယတြာကြီးကို စနစ်တကျ ပြန်စဉ်းစားရင်း သူမကိုပေးရန် ဆုံးဖြတ်လိုက်မိ၏။

ကျွန်ုပ်က ဘောလ်ပင်နှင့် စက္ကူလွှာတစ်ရွက်ကို သူမအား လှမ်းပေးလိုက်ကာ –

"မိလိန္ဒပညာမှာ မထီမဲ့မြင်ပြုခြင်းခံရတတ်တဲ့ ပုဂ္ဂိုလ် ၁၀ ဦး အကြောင်းပါတယ်။ အဲဒီ ၁၀ ဦးကတော့

၁။ လင်ကင်းသောမိန်းမ၊ ၂။ အင်အားနည်းပါးသော ပုဂ္ဂိုလ်၊ ၃။ အဆွေအမျိုးမဲ့သော ပုဂ္ဂိုလ်၊ ၄။ အစားကြီးသော ပုဂ္ဂိုလ်၊ ၅။ ဆရာ့ထံ မဆည်းကပ်သော ပုဂ္ဂိုလ်၊ ၆။ ယုတ်မာသော အဆွေခင်ပွန်းရှိသောပုဂ္ဂိုလ်၊ ၇။ ဥစ္စာပစ္စည်းချို့တဲ့သော ပုဂ္ဂိုလ်၊ ၈။ အကျင့်ယုတ်သော ပုဂ္ဂိုလ်၊ ၉။ ယုတ်ညံ့သော အလုပ်ရှိသော ပုဂ္ဂိုလ်၊ ၁၀။ လုံ့လမရှိသော ပုဂ္ဂိုလ်တဲ့။

အဲဒီ ပုဂ္ဂိုလ် ၁၀ ဦးတွေတော့ လောကမှာ မထီမဲ့မြင်ပြုခြင်းခံရသော၊ အယုတ်ဟု မှတ်ယူခြင်းခံရသော၊ ရှုတ်ချခြင်းခံရတတ်သော၊ ကဲ့ရဲ့ခြင်း ခံရတတ်သော၊ အရိုအသေ မပြုခြင်းခံရတတ်သော ပုဂ္ဂိုလ်တွေဖြစ်ကြတယ်လို့ ဆိုထားတယ်။ အဲဒီအဖြစ်မျိုး မရောက်အောင် ကျင့်ကြဖို့ အရေးမကြီးဘူးလား"ဟု ပြောလိုက်ရာ သူမက ဘောလ်ပင်နှင့် စက္ကူလွှတ်ကို လှမ်းယူရင်းက ပျာပျာသလဲနှင့် –

"မဖြစ်နိုင်ဘူး၊ မဖြစ်ပါရစေနဲ့။ ဒါကြောင့် ဆရာ့ကို အားကိုးပြီး လာတာပါ။ အရေးသိပ်ကြီးပါတယ် ဆရာရယ်"ဟု ပြောကာ ကျွန်ုပ်ဆက်ပြောမည့်စကားကို စောင့်မျှော်နေလေ၏။ ကျွန်ုပ်က –

"ကျုပ်တို့ပညာမှာ အဲဒီလို အိမ်ထောင်ရေးပြဿနာတွေ ဖြစ်လာရင် မယားကြီးဘက်ကပဲ လုပ်ပေးခွင့်ရှိတယ်။ မယားငယ်ဆီဘက်က လုံးဝ လုပ်ပေးခွင့် မရှိဘူး။ ကျုပ်ဆရာကြီးက လုပ်ပေးတဲ့ဆရာ ကိုယ့်အပြစ်ကိုယ်သာ ခံပေတော့လို့ ပြောခဲ့တယ်"

ဟု ပြောလိုက်ရာ သူမက စိတ်ဝင်တစား နားထောင်နေရင်း –

"ရှင် .. ကျွန်မ ဒါဆိုကံကောင်းတာပေါ့။ ကျွန်မ ဆရာ့ပညာကို ယုံကြည်စွာ လုပ်ပါ့မယ်။ ပြည့်ပြည့်စုံစုံကို လုပ်ပါ့မယ်။ မထီမဲ့မြင်ပြုခြင်းခံရမယ့် ပုဂ္ဂိုလ် ၁၀ ဦး ဘဝကိုတော့ မခံစားရပါစေနဲ့ ဆရာရယ်"

ဟု ပြောကာ မျက်နှာလေး အိုသွားပြန်လေတော့၏။ ကျွန်ုပ်က –

"မင်းအဖြစ်က အချစ်ကံလည်း ဆိုး၊ ဘဝကံလည်းညှိုးပြီး လောကမှာ



www.burmeseclassic.com

www.burmeseclassic.com

မိုးမပျံနိုင်ဘဲ မြေလျှိုးရတော့မယ့် ဘဝ ဖြစ်နေပြီပေါ့ ...။ စဉ်းစားကြည့်ရင် မေတ္တာအားနည်းသွားပြီး အဲဒီမေတ္တာ စွမ်းအားကိုပါ ဖြည့်ဆည်းပွားများစေဖို့ ကျုပ်ဆရာကြီးသူတော်ပွားရဲ့ သိဒ္ဓိပြည့် ယတြာကြီးကို ပေးလိုက်မယ်။ မှတ်ပေတော့။ ဒီယတြာကို စနစ်တကျ နဝင်းပြည့် ကိုးရက်တိတိ လုပ်နိုင်ရင် ဩဇာအရှိန်အဝါများ ပြည့်မယ်။ အကြံအစည်ပြောတိုင်း ပြည့်ဝမယ်။ လုပ်ရမှာက မင်းမွေးနေ့နံနက် ၉ နာရီတိတိမှာ လုပ်ရမယ်။ မြတ်စွာဘုရားရှင်အား အုန်း ၁၁ ညွန့်၊ အောင်သပြေ ၉ ညွန့်၊ စံပယ်ပန်း ၉ ပွင့်၊ အမွှေးတိုင် ၉ တိုင်၊ ဖယောင်းတိုင် ၉ တိုင်တို့ကို လှူဒါန်း ပူဇော်ရမယ်''

ဟု ပြောလိုက်၏။ သူမလည်း စနစ်တကျ လိုက်မှတ်လေ၏။

''ဟုတ်ကဲ့။ ဒါဆို ပြည့်စုံပြီပေါ့''

ဟု သူမက ခါးလေးဆန့်ကာ မေးလေ၏။ ကျွန်ုပ်က –

''ဟုတ်တယ်။ ပြည့်စုံတယ်။ ဒါပေမယ့် မွေးနေ့တိုင်း အဲဒီအညွန့်တွေကို အသစ်လဲပေးရမယ်။ မင်းက မေတ္တာအားနည်းတဲ့သူ၊ ဒုက္ခကြီးလာနေတဲ့သူဆိုတော့ ပူးတွဲပြီး ပူးတွဲမိဋ္ဌာန်ယတြာပါ ထပ် ဝင့်လုပ်ရမယ်။ နေ့စဉ်နံနက်တိုင်း မေတ္တသုတ် သုံးခေါက်ပွားများရမယ်။ ပြီးရင် အနန္တစကြဝဠာကို မေတ္တာပို့ရမယ်။ အရဟံသိဒ္ဓိကို ပုတီးတစ်လုံးချန်နဲ့ ပုတီးကိုးပတ် စိပ်ရမယ်။ ညအိပ်ရာဝင်ချိန် ရောက်ရင်လည်း မေတ္တသုတ် သုံးခေါက် မေတ္တာပို့လွှတ်ပြီး အရဟံဗုဒ္ဓေါကို ၁၁ ခေါက် ပုတီးတစ်လုံးချနည်းနဲ့ စိပ်ရမယ်။ အဲဒီ အဓိဋ္ဌာန်နဲ့အတူ နေ့စဉ်ဆွမ်းဖြူတစ်ပွဲနဲ့ ပေါက်ပေါက်ကို သကြားဖြူးဆွမ်းတစ်ပွဲကိုပါ ကပ်လှူပြီး လိုသမျှတွေကို ဆုတောင်းပေတော့။ အားလုံးပြီးရင်တော့ ဘဝဘဝ အဆက်ဆက်က ပြုခဲ့သမျှသော ကုသိုလ်ကောင်းမှုအစုစုကို မေတ္တာပို့၊ မေတ္တာဘာဝနာတွေ မဆုတ်မလျော့ပွားများပေတော့။ ကိုးရက်၊ ကိုးလ၊ ကိုးနှစ်အတွင်း လိုတရလာပါလိမ့်မယ်''ဟု တစ်ဆင့်ချင်း ရှင်းပြလိုက်လေတော့၏။ သူမက လက်အုပ်ကလေးချီကာ –

''ဆရာ့ ဆရာကြီးရဲ့ ပညာတွေကို ယုံကြည်အားကိုးပါတယ်။ အသေးစိတ် လုပ်ပါ့မယ်။ ဒုက္ခတောက လွတ်ချင်လွန်းလှပါတယ် ဆရာရယ်''ဟု ပြောပြောဆိုဆို မြတ်စွာဘုရားရှင်ကို ဦးတိုက်ပူဇော်ပြီး ကျွန်ုပ်ကို နှုတ်ဆက်ကန်တော့တွေပြုကာ ပြန်သွားလေတော့၏။

xxxx

သုံးပတ်ခန့်ကြာသောအခါ ထိုမိန်းကလေးသည် ကျွန်ုပ်ထံသို့ ပြန်၍ရောက်လာလေ၏။ ရောက်ရောက်ချင်းပင် ပြုံးရွှင်တက်ကြွစွာဖြင့် –

''ဆရာရေ ... ဆရာကယ်လို့ ကျွန်မဘဝ လည်မသွားတာ။ ဆရာ့ဆရာကြီးသူတော်ပွားရဲ့ သိဒ္ဓိပြည့်ယတြာကို ယုံကြည်အားကိုးပြီးချောင်ရှက်လိုက်တာ ကိုးရက်မြောက်နေ့မှာပဲ ကျွန်မယောက်ျား အိမ်ပြန်ရောက်လာတယ်။ ရှယ်ယာတွေလည်း ပျက်ကုန်တယ်၊ အလုပ်တွေလည်း တစ်စတစ်စ အဆင်ပြန်ပြေလာကယ်။ ခုတော့ ဆရာရယ် ကျွန်မအရာရာကို အခြေအနေ အချိန်အခါ သိသွားပြီ။ ယုံသွားပြီ။ လွတ်လပ်တဲ့၊ အောင်မြင်တဲ့ဘဝကြီးကို ပိုင်ဆိုင်ဖို့ အခြေအနေကို ကိုယ်ကဖန်တီးနိုင်စွမ်းရှိအောင် မဆုတ်မနစ်ကြီးကို ကြိုးစားပါ့မယ်''

ဟု ပြောကာ သူမလက်ထဲမှ အထုပ်ကြီးတစ်ထုပ်ကို ကျွန်ုပ်စားပွဲပေါ်သို့ တင်လေ၏။ ထို့နောက် လက်အုပ်ကလေးချီလေ၏။

ထိုအခါ ကျွန်ုပ်က –

''ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို သွားလှူပြီး မင်းဘဝလိုရာဆုတောင်းပေတော့''

ဟု ပြောလိုက်ရာ သူမသည် ထိုအထုပ်ကြီးကို ဘုရားရှင်ရှေ့၌ ကပ်လှူလိုက်၏။ ဘုရားရှင်ရှေ့၌ ရှိသေလေးစားစွာကန်တော့လေ၏။ အရဟံသိဒ္ဓိကို ကိုးခေါက်ရွတ်ဆိုပြီး အရဟံဗုဒ္ဓေါကို ၁၁ ခေါက် ရွတ်ဆို၏။ အတန်ကြာ လိုရာဆုတောင်းနေလေတော့၏။ ထို့နောက် ကျွန်ုပ်အား အင်္ဂလိပ်ကဗျာလေး ရွတ်ပြပြီး ဦးတိုက်ကာ ထိုမိန်းကလေးသည် ရွှင်မြူးစွာ ပြန်သွားလေတော့၏။

ကျွန်ုပ်လည်း ပီတိဖြစ်ရလေတော့၏။ ကျွန်ုပ်ပီတိမှာ ကျွန်ုပ်အား ထိုမိန်းကလေးရွတ်ပြသွားသော အင်္ဂလိပ်ကဗျာလေးနှင့်အတူ ရင်ထဲသို့တိုင်အောင် အေးမြချမ်းမြေ့ကြည်လင်သွားလေတော့သတည်း။

ထိုကဗျာလေးမှာ –

''I am the master of my faith;
I am the captain of my soul;''

''ငါသည် ငါ့ကံကြမ္မာ၏ အရှင်သခင်ဖြစ်၏။ ငါသည် ငါ့စိတ်ဓာတ်၏ ပဲ့ကိုင်ဖြစ်၏''

ဗေဒင်တံဟောနှ
မြင့်မြတ်ကျော်ခေါင်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# တောကြီးတစ္ဆေ (၁)

**တာတေကြီး**

## ကြောက်တတ်တဲ့ မောင်မြရွှေ

ကျွန်ုပ်၏ ဖခင်သည် တာရုတ်-ကရင် ကပြားတစ်ဦးဖြစ်၏။ သူ၏ အမည်မှာ 'ဦးမြစိန်'ဟူ၍ ဖြစ်ပေ၏။ ဖခင်ကြီးသည် ဧရာဝတီတိုင်းရှိ အင်္ဂပူမြို့၌ ထမင်းဆိုင်တစ်ဆိုင် ဖွင့်လှစ်ရောင်းချခဲ့၏။ ထိုအချိန်က ကျွန်ုပ်၏ ဖခင် ဖွင့်လှစ်ရောင်းချသော ထမင်းဆိုင်မျိုးကို ထမင်းဆိုင်ဟူ၍ မခေါ်ပါ။ 'ကြုံသလိုစား'ဆိုင်ဟူ၍သာ ခေါ်၏။ အဘယ်ကြောင့်ဆိုသော် အသင့်ချက်ပြုတ်ပြီး ဘုံဘော့လ၌အော ထမင်းနှင့် ဟင်းများကိုသာ ချက်ပြုတ်ရောင်းချသောကြောင့် ဤသို့ခေါ်ကြခြင်းဖြစ်၏။ အမှန်စင်စစ်အားဖြင့် ဖခင်ကြီးဆိုင်မှာ ဟင်းများအမယ်စုံလှပေ၏။ စောကောင်များကအစ၊ တို့စရာ၊ ဟင်းချိုပါမကျန် စားသောက်နိုင်သောကြောင့်ဖြစ်၏။

ထို့ကြောင့် ကျွန်ုပ်၏ ဇာတိချက်ကြွေ မြို့ကလေးတွင် ကျွန်ုပ်ဖခင်ကြီး၏ဆိုင်ကို မသိသူဟူ၍ မရှိတော့ပေ။ အကြောင်းရှိ၍ တစ်ဦးနှင့်တစ်ဦး ကျွေးမွေးဆုံတွေ့လိုလျှင် 'ကြုံသလိုစား'ဆိုင်မှာ စောင့်နေမယ်ဟူ၍ ချိန်းဆိုတတ်ကြလေ၏။

ကျွန်ုပ်၏ဖခင် ဦးမြစိန်သည် အုန်းတုံးလေးများနှင့် ပြုလုပ်ထားသော ထိုင်ခုံတန်းရှည်ကြီးများနှင့် စားပွဲပုံကို ခင်းကျင်းထား၏။ ထိုခုံရှည်ကြီး၏နောက်ဝယ် စုတ်တံဖြင့် စာလုံးမဲကြီးအား အောက်ပါအတိုင်း ရေးထား၏။

"စားချင်သလိုစား၊ နားချင်သလိုနား၊ ဒါပေမဲ့. . . သွားမယ်ဆိုရင်တော့ ပိုက်ဆံကိုထား"

ထို့ကြောင့် ဆိုင်ကိုရောက်လာကြသူများသည် ထိုစာကိုဖတ်ပြီးလျှင် ပြုံးစေ့စေ့ဖြင့် စားသောက်ကြလေ၏။ တစ်စုံတစ်ယောက်သော ခရီးသည်ကမူ ဖခင်ကြီး၏ စာသားအား သဘောကျလွန်း၍ အောက်ပါစာကို ထပ်မံရေးသွားပြန်လေ၏။

"စားချင်တာစား၊ နားချင်တာနားပြီး ပေးစရာပိုက်ဆံမရှိတဲ့အခါ သွားချင်ရင် သွားဖြဲရယ်ပါ"

ကျွန်ုပ်၏ ဖခင်ကြီးသည် ခရီးသည်တစ်ဦး ရေးသွားသော အထက်ပါစာကို ဖတ်ရှုပြီးလျှင် သဘောကျ၍ တဟားဟား ရယ်လေ၏။ ထိုသို့ရယ်မောပြီးနောက်. . .

"ဒီလူဟာ မဟုတ်မှလွဲရော၊ လူရွှင်တော် ဝင်စားတာ ဖြစ်ရမယ်"

ဟု ပြောလေ၏။ ကျွန်ုပ်၏ ဖခင် ဦးမြစိန်မှာ အလွန်သဘောကောင်းသူလည်းဖြစ်၏။ ထမင်းဆိုင်သို့ လာသမျှသူတွေအား အယုတ်၊ အလတ်၊ အမြတ်မရွေး မဝ,ဝအောင် ကျွေးမွေး၏။ တချို့က ပိုက်ဆံ မပါဟုဆိုကာ မပေးဘဲသွားလျှင် ပြုံးပြုံးနှင့်နေ၏။ မတန်တဆစားကာ ပေးချင်သလောက် ပေးသွားလျှင်လည်း ပြုံးပြုံးနှင့်သာနေ၏။ ဖခင်ကြီး သဘောကောင်းမှုကြောင့် တစ်ခါတစ်ရံ အရင်းပြုတ်ပြီး ဆိုင်ပိတ်လိုက်ရသည်အထိ ရှိလေတော့၏။

ကျွန်ုပ်၏ မိခင်ကြီးမှာ ကရင်အမျိုးသမီးတစ်ဦး ဖြစ်၏။ ၎င်း၏ အမည်မှာ 'ဒေါ်ရွှေ' ဟူ၍ဖြစ်၏။ ဖခင်ဦးမြစိန်နှင့် မိခင်ဒေါ်ရွှေတို့မှ ပေါက်ဖွားခဲ့သော ကျွန်ုပ်အား ကျွန်ုပ်၏ဖခင်က ၎င်း၏ အမည်ရော၊ မိခင်ကြီးအမည်ပါ ထည့်သွင်း၍ 'မြရွှေ' ဟူ၍ ၎င်းကိုယ်တိုင် ကင်ပွန်းတပ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ် ကျောင်းနေတတ်သော အရွယ်၌ ကျွန်ုပ်၏ ကျောင်းနေဖက် ရွယ်တူကျောင်းသားကလေးများသည် မည်သို့ဖြစ်သည်မသိ။ ကျွန်ုပ်ကို မြင်တွေ့သည်နှင့် ရိုက်ပုတ်ကန်ထုတ်ကြလေ၏။ ကြောက်တတ်သော ကျွန်ုပ်ကို မကြာခဏ အနိုင်ကျင့်တတ်သောကြောင့် ကျွန်ုပ်မှာ ကျောင်းတက် ခေါင်းလောင်းထိုးမှသာ ကျောင်းထဲ ဝင်ရလေ၏။ ကျန်သည့်အချိန်များ၌ ကျောင်းမတက်မချင်း မိခင်ဖြစ်သူ၏ ဘေးမှာသာ ထိုင်နေရလေ၏။ ကျွန်ုပ်၏ မိခင်ကြီးမှာ ကျောင်းလိုက်ပို့တိုင်း ကျွန်ုပ်အား. .

"ငါ့သားရယ်. . နင်ကလည်း ကြောက်တတ်ရန်ပါပကော၊ သူလည်း ခြေနဲ့လက်နဲ့ အင်္ဂါပြည့်ပြည့်စုံစုံ ပါသလို ကိုယ်လည်း ပါတာပဲ။ သူတစ်ချက်ဆို ကိုယ်လည်းတစ်ချက် ပြန်ချပေါ့"

ဟု ပြောလျှင် ကျွန်ုပ်က. . .

"သားက အသားနာမှာ ကြောက်တာပါ အမေရဲ့၊ ကျန်တာ ဘာမှ မကြောက်ပါဘူး"

ဟု ပြောလိုက်လေ၏။ ထိုသို့ ပြောသောနေ့၌ပင် ကျွန်ုပ်အား မုန့်စားဆင်းချိန်၌ ကျွန်ုပ်နှင့် သက်တူရွယ်တူ ကျောင်းသားကလေးများက တစ်ယောက်က ကျွန်ုပ်လက်မောင်းကို ချုပ်ကာ ကျန်တစ်ယောက်က ကျွန်ုပ်အား ထိုးကြိတ်လေ၏။ အစပိုင်းတွင် ကျွန်ုပ်မှာ တောင်းပန်သော်လည်း ကျွန်ုပ်၏အသားများ နာကျင်ပြီး နှာခေါင်းမှ သွေးများ ယိုစီးကျလာသောအခါ ရှိသမျှ ခွန်အားဖြင့် ရုန်းကန်လေ၏။ ကျွန်ုပ်မျက်စိထဲတွင် ပြာဝေနေပြီး ဘာကိုမှ မမြင်တော့သလို ကျွန်ုပ် မျက်စိ ဖွင့်ကြည့်ချိန်ဝယ် ကျွန်ုပ်အား ချုပ်နှောင်ထားသော ကျောင်းသားလေးနှင့် ထိုးကြိတ်သောသူမှာ မြေပြင်ပေါ်ဝယ် ဖုန်အလိမ်းလိမ်းနှင့် ပါးစပ်မှ သွေးများစွန်းပေကာ ကျွန်ုပ်အား ကြောက်ရွံ့စွာ ကြည့်ရှုနေလေ၏။ ပြီးလျှင် ကျောင်းသားလေးများ ရှုတ်ရှုတ်သဲသဲ ဖြစ်သွားကာ ကျွန်ုပ်တို့အားလုံးအား ကျောင်းအုပ်ဆရာကြီး ရုံးခန်းသို့ ခေါ်ဆောင်လာကြလေ၏။ ကျောင်းအုပ်ဆရာကြီးက လွန်စွာမှ တုတ်ခိုင်လှသော ထားဝယ်ကြိမ်လုံးကို စားပွဲပေါ်တင်ပြီး အဖြစ်အပျက် အလုံးစုံကို တစ်ယောက်ချင်း မေးလေ၏။ ကျွန်ုပ်မှာ လိမ်တတ် ညာတတ်သူ မဟုတ်သလို၊ အမှန်အတိုင်း ပြောသော်လည်း ကျောင်းအုပ်ဆရာကြီးက. . .

"ကဲ . . ကဲ၊ ဘယ်သူ့ကိုရယ်မှ သာစေ နာစေ မဖြစ်စေရဘူး၊ အပြစ်ရှိတဲ့အတွက် မင်းတို့ကို အပြစ်ပေးရမယ်"

ဟု ဆိုကာ အားလုံးအား ရိုက်နှက်လေ၏။ ကျွန်ုပ်အား ရိုက်နှက်ဆုံးမည်အပြုဝယ် ကျွန်ုပ်က. . .

"ဆရာကြီးရယ် . . ကျွန်တော့်ကိုဖြင့် အသားနာအောင် အဲဒီကြိမ်လုံးကြီးနဲ့ မရိုက်ပါနဲ့၊ ကြိုက်တဲ့အပြစ်ကိုပေးပါ၊ ခံယူပါ့မယ်၊ ကျွန်တော် အသားနာမှာ ကြောက်လို့ပါ"

ဟု တောင်းပန်သောအခါ ကျောင်းအုပ်ဆရာကြီးက. . .

"မင်းက ဆင်ခြေပေးတာပေါ့လေ၊ အေး. . မင်းနဲ့ ထိုက်တန်တဲ့ အပြစ်ပေးရမယ်"

ဟု ဆိုကာ ကျွန်ုပ်အား ကျောင်းရှေ့ မြက်ခင်းပြင်ဝယ် ဒူးထောက်ပြီး လက်မြှောက်ကာ ကျောင်းဆင်းချိန်ထိ ထိုင်ခိုင်းလေ၏။ စာသင်နေသော ကျောင်းသားများက ကျွန်ုပ်အား ကြည့်နေသော်လည်း ကျွန်ုပ်အဖို့ အသားမနာ၍ ယခုကဲ့သို့ အပြစ်ဒဏ်မျိုးအား ကြိုက်ပေ၏။

ထိုနေ့တွင် အိမ်ရောက်သောအခါ ထမင်းဆိုင်မှာ လူကျနေ၍ ကျွန်ုပ်မှာ ဝိုင်းကူပြီး လုပ်ပေးရ၏။ ထမင်းစားနေသောသူထဲမှ ကျွန်ုပ်၏ မိခင်ကြီးနှင့် ရင်းနှီးပြီး လွန်စွာမှ စပ်စုတတ်သော ဒေါ်ကျော့မေ ဆိုသော မိန်းမကြီးက. . .

"အိမ်ရွှေရယ် . . နင့်သားအဖြစ် နင် မသိတော့ဘူးလား"

ဟု စကားအစချီကာ ဆိုလျှင် ထမင်းထည့်ပေးနေသော မိခင်ကြီးက စိတ်ဝင်စားဟန်ဖြင့်. . .

"ဆိုပါဦး မကျော့ရဲ့"

ဟု ဆိုသောအခါ မယ်ကျော့ဆိုသော မိန်းမကြီးမှာ ကိုယ်တွေ့ကြုံခဲ့ရသော ကိုယ့်ထက် ပိုသိ ပိုတတ်ပိုပြောကာ အပိုဇာတ်လမ်းဆင်ပြီး စားနေရင်းမှ ဟင်းအဆစ်ကို အပို



www.burmeseclassic.com

www.burmeseclassic.com

တောင်းလေ၏။ ထိုမိန်းမကြီး ထွက်သွားသောအခါ ကျွန်ုပ်၏ မိခင်ကြီးက အနားသို့ခေါ်ပြီး ပြောလေ၏။

"ငါ့သားရယ် . . ဘာပဲဖြစ်ဖြစ် မြုံမနေစမ်းပါနဲ့၊ အမေ့ကို သားရင်ဆိုင်ရသမျှ ပြောစမ်းပါ၊ သားကို အမေ မရိုက်ပါဘူး"

ဟု ပြောလေ၏။ ထိုသို့ ပြောနေစဉ်မှာပင် ပိုက်ဆံများကို ရေတွက်နေသော ကျွန်ုပ်၏ ဖခင်ကြီးက ခေါင်းတညိတ်ညိတ်ဖြင့် ပြုံးလေ၏။ ပြီးလျှင် ကျွန်ုပ်ဘက်သို့ လျှောက်လာပြီး ဆံပင်များကို ညင်သာစွာ ပွတ်သပ်ပေးရင်း ထပ်မံပြုံးလေ၏။ ထိုသို့ ပြုံးနေရင်းမှ. . .

"မောင်ရွှေ. . မင်းအမေပြောတာ မှားတယ်ကွ၊ မင်းလုပ်တာ မှန်တယ်၊ ဘာပဲဖြစ်ဖြစ် ကိုယ်ဖြစ်ရင် ကိုယ်ခံ၊ ကိုယ်လုပ်ရင် ကိုယ်စံပဲ၊ အေး. . တစ်ခုတော့ရှိတယ်၊ အမှားအမှန် ဆိုတာကတော့ မလုပ်ခင် ကြိုစဉ်းစားပေါ့ကွာ၊ မှားရင်လည်း နောင်တမရနဲ့၊ မှန်ရင်လည်း မမောက်မှားနဲ့၊ အပါးပြောချင်တာ ဒါပဲဟေ့"

ဟု ဆိုကာ ပြောပြီး ထမင်းစားပွဲရှင်းရန် ထွက်သွားလေ၏။ ကျွန်ုပ်၏ မိခင်ကြီးမှာသာ ဖခင်ပြောသောစကားကို မကျေမနပ်ဖြင့်. . .

"တကယ်ပဲတော်. . ကလေးကို ဆုံးမဖို့ မစဉ်းစားဘူး၊ မြှောက်ကော်ဖင့်ထိုးနဲ့ ဘယ်လိုဖအေမှန်း မသိဘူး"

ဟု ညည်းတွား မြည်တွန်တောက်တီးလေ၏။

ထိုနေ့တွင် ထမင်းဆိုင် လူကျနေ၍ ကျွန်ုပ်၏ ဖခင်ကြီးနှင့် မိခင်ကြီးမှာ ရန်ဖြစ်ချင်ချိန်တောင် မရှိတော့။ ကျွန်ုပ်၏ ဖခင်ကြီးမှာ ဟင်းချက်ကောင်းသူ ဖြစ်သလို၊ အထူးသဖြင့် ဝက်သားဆီပြန်ဟင်းမှာ လူကြိုက်များလေ၏။ လာရောက်စားသောက်သူများက ရုံဖန်ရံခါ ချီးမွမ်းခန်း ဖွင့်လေ၏။

"ကိုမြစိန်တို့ ဝက်သားချက်တဲ့နေရာမှာ လက်ဆိပ်တက်တာလည်း မပြောပါနဲ့၊ စားမိတဲ့ ကျုပ်တို့အတွက်လည်း ဝက်ဆိပ်တတ်သဗျို့"

ဟု ဆိုကာ အချိုပွဲအတွက် တည်ခင်းဧည့်ခံထားသော ထန်းလျက်ခဲများကို စားကာ တအောင့်တနား ဝက်မှိန်း မှိန်းကြ၏။ ကျွန်ုပ်၏ မိခင်ကြီးကမူ ဖခင်ကြီး ချက်ပြုတ်သော ဝက်သားဟင်းကို ကွယ်ရာ၌ ကဲ့ရဲ့လေ၏။

"အဲ့ပါရဲ့တော်. . ဒီလောက်အဆီများပြီး အီတဲ့ဝက်သားကို သံကြားနဲ့ ထောပတ်ထည့်ပြီး ချက်စယ်တဲ့၊ စားကဲ့လူတော့ မသိဘူး၊ အနံ့ရှူမိတဲ့သူတောင် အဲဒီအနံ့ရရင် သွေးတက်သေမှာ သေချာတယ်"

ဟု ဆိုလိုက်လေတော့သတည်း။

မှတ်ချက်-အင်ပူမြို့လေးတွင် 'ဝက်မြစိန်' ဟု နာမည်ကြီးခဲ့သော ထမင်းဆိုင်လေး ယခုအခါ မရှိတော့ပါ။ သို့သော် သူ၏နာမည်နှင့် လုပ်စားနေသူများ ရှိပါသေး၏။

(စာရေးသူ)

## ပေပြမ်ရင် ခံ

ကျောင်းပြန်အတက်သောနေ့၌ ကျွန်ုပ်အား အနိုင်ကျင့်သော ရွယ်တူကျောင်းသားလေးများမှာ ကျွန်ုပ်ကို အဝေးကမြင်သည်နှင့် ရှောင်ရှားတောသွားကြ၏။ ကျောင်း၌ ကျွန်ုပ်မှာ လက်သီးအထိုးကောင်းသော၊ လျှင်မြန်ဖျတ်လတ်သောသူအဖြစ် ကွယ်ရာ၌ ချီးမွမ်းခံရ၏။ အနိုင်ကျင့်ခံရသော ကျောင်းသားလေးအချို့မှာ ကျွန်ုပ်ထံ လာကပ်ပြီး မုန့်ပဲသရေစာကျွေးခြင်း၊ လက်ဆောင်ပေးခြင်းဖြင့် ချဉ်းကပ်ပေါင်းကြ၏။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်နှင့် ပေါင်းသင်းသူမှာ အနိုင်ကျင့်ချင်သော ကျောင်းသားကြီးများရန်မှ ကင်းဝေးသည် ဆိုသောကြောင့် ဖြစ်၏။ ရုတ်တရက် ပြောင်းလဲသွားသော အခြေအနေကို ကျွန်ုပ်တောင် နားမလည်နိုင်ပေ။ ကျောင်းသားလေး တစ်ဦးက. . .

"ကိုမြရွှေက သိပ်လျှိုတာပဲ နော်၊ သတ္တိရှိရဲ့သား၊ ထိုးကြိတ်တတ်ရဲ့သားနဲ့ အ,ချင်ယောင် ဆောင်နေတယ်"

ဟု ပြောလေ၏။ ကျွန်ုပ်က. .

"အလကားပါ ငါ့ညီရာ. . အစ်ကိုက ညီတို့ ထင်သလောက် သတ္တိမရှိပါဘူး၊ အရင်က ပုံစံပါပဲ"

ဟု ပြောလိုက်လေ၏။

ဖခင်ကြီးသည် ကျောင်းပိတ်ရက်များ၌ ကျွန်ုပ်အား မြို့ပြင်၌

www.burmeseclassic.com

သချိုင်းကုန်းထဲသို့ ခေါ်ခေါ်သွားတတ်၏။ သချိုင်းကုန်းထဲဝယ် အသားညိုညို၊ မျက်ဖန်ကောင်းကောင်း စကားပြောလျှင် အမြဲပြုံးနေတတ်သော လူကြီးနှင့်ထိုင်ကာ စကားပြောကြ၏။ အိမ်မှ ဖျော်လာသော လက်ဖက်ရည်ကို ထုတ်ကာ ထိုသူသောက်ရန် ဖခင်ကြီးက ပြင်ဆင်ပေးရ၏။ နောက်မှ သိရသည်က ကျွန်ုပ်ဖခင်ကြီး ရှိသေစွာ ဆက်ဆံနေသူမှာ သချိုင်းစောင့်ကြီး တစ်ဦးဖြစ်ပြီး ၎င်း၏နာမည်မှာ ဦးကျော်စွာ ဟူ၍ ဖြစ်လေ၏။ ကျွန်ုပ်က. . .

"အပါးကလည်းဗျာ. . သချိုင်းစောင့်ကို ဆရာတင်နေတာ သားတော့ နားမလည်နိုင်ဘူး"

ဟု ဖွင့်ပြောလိုက်လျှင် ကျွန်ုပ်ဖခင်ကြီးက အားရပါးရ ရယ်မောလေ၏။ ပြီးမှ. . .

"မောင်ရွှေ. . တစ်ချိန်ကျရင် မင်း အပါးစေတနာကို နားလည်ပါလိမ့်မယ်၊ ခုတော့ အပါး ခေါ်တဲ့နောက်ကိုလိုက်ရင် ဝစီပိတ်သာ လိုက်ခဲ့ပါကွာ"

ဟု ပြောလေ၏။ ဖခင်ကြီးနှင့် သုသာန်စောင့်ကြီး ဦးကျော်စွာ လက်ဖက်ရည်သောက်ရင်း စကားပြောနေလျှင် ကျွန်ုပ်မှာ အုတ်ဂူများပေါ်၌ ဆော့ကစားနေ၏။ တစ်ခါတစ်ရံ အသုဘလာချသောနေရာဝယ် အသုဘလာပို့သူတွေကို ကြည့်နေတတ်မိ၏။ ကျွန်ုပ် ဆော့ကစားသောနေရာနှင့် မနီးမဝေး ကုက္ကိုပင်ကြီးဝယ် ပေါက်တူးနှင့် တွင်းတူးနေသော လူတစ်စုကို တွေ့ရလေ၏။ ကျွန်ုပ်က. . .

"ဘယ်သူ သေတာမို့လို့ အဲဒီလောက်ကြီး တွင်းနက်နက် တူးရတာလဲ ဦးလေးတို့ရာ"

ဟု ဆိုသောအခါ တွင်းတူးနေသော လူသုံးဦးထဲမှ အသားမဲနက်နက် ပိန်ပိန်နှင့်လူက. . .

"သူဌေးကတော် မမြလေးရဲ့ ခင်ပွန်းလေ၊ သူ့ယောက်ျား မကွယ်လွန်ခင်တုန်းက ဆန္ဒအတိုင်း တွင်းနက်နက်တူးပါဆိုလို့ တူးနေတာပေါ့၊ ကဲ. . ဘာသိချင်သေးလဲ ကောင်လေး"

ဟု ဆိုလိုက်လေ၏။

ထိုသို့ပြောပြီး သိပ်မကြာခင်ဝယ် ကြေးစည်ထုသံနှင့်အတူ ငိုယိုအော်ဟစ်သံကို ကြားလိုက်ရ၏။ ရှေ့ဆုံးမှ ငိုယိုလာသူမှာ တွင်းတူးနေသောသူပြောသော မမြလေး ဆိုသူဖြစ်မည်ကို ကျွန်ုပ် ခန့်မှန်းမိလေ၏။ ထိုမိန်းမ၏ မုံစံမှာ သောကနှင့် ငိုယိုဟန်မပေါက်ဘဲ ဟန်ဆောင်၍ ငိုနေပုံပေါက်နေ၏။ မျက်နှာမှာ ခြယ်သထားပြီး ကိုယ်လုံးကိုယ်ပေါက် အချိုးအဆစ်မှာ အင်မတန် လှပပြီး မျက်လုံးအကြည့်က ကျီးကန်းတစ်ကောင်နှင့် တူ၏။

"သူဌေးကတော်ရယ်. . တရားနဲ့သာ ဖြေပါ၊ သေတဲ့သူက ပြန်ရှင်တော့တာမှ မဟုတ်ဘဲ"

ဟု ဆိုသောသူမှာ မမြလေး၏ လက်ကို ပိုင်စိုးပိုင်နင်း ဆုပ်ကိုင်ထား၏။ တစ်ချက်တစ်ချက် အော်ငိုလျှင် ၎င်း၏ ရင်ခွင်ထဲ ဝင်ဝင်သွားကာ မမြလေးနှင့် ထိုသူ၏ မြင်ကွင်းမှာ အကြည့်ရဆိုးလှပေ၏။ ကျွန်ုပ်မှာ အုတ်ဂူပေါ်မှ ကြည့်ကောင်းကောင်းနှင့် ထိုင်ကြည့်နေစဉ်မှာပင် ကျွန်ုပ်၏ ဖခင်ကြီး ဘယ်အချိန်က ရောက်နေသည် မသိ။

"သွားကြစို့ မောင်ရွှေ. . ဒီမြင်ကွင်းက မင်းအတွက် စိတ်ဝင်စားစရာ မကောင်းပါဘူးကွာ၊ သေသွားတဲ့သူက အင်မတန်သဘောကောင်းပြီး ရိုးရိုးသားသားနဲ့ ချမ်းသာလာတဲ့ မောင်သုခ ဆိုသူပေါ့၊ ယောက်ျားက ချမ်းချမ်းသာသာဖြစ်အောင် ကြိုးစား မိန်းမက သူ့အိမ်က အလုပ်သမားနဲ့ နောက်မီးလင်း၊ နောက်ဆုံး စိတ်ညစ်ပြီး အရက်သောက်၊ နောက်ဆုံး ဒီကို ရောက်လာတာပေါ့ကွာ"

ဟု ပြောလေ၏။ ထိုသို့ပြောလျှင် ကျွန်ုပ်က. . .

"ဒါဆိုရင် သူ့မိန်းမက သူ့ယောက်ျားအလောင်းကို ဘာလို့ တွင်းနက်နက် တူးခိုင်းရတာလဲ"

ဟု ပြောလျှင် ဖခင်က. . .

"မောင်ရွှေရယ်. . မင်းကလည်း အ,ပါ့ကွာ၊ အေးလေ. . လူလောကအကြောင်း ဘာမှမသိသေးတော့ ဒီအတိုင်းပဲ ဆက်နေပါကွာ"

ဟု ဆိုလိုက်လေ၏။

ဖခင်ကြီးနှင့် ကျွန်ုပ် အပြန်

www.burmeseclassic.com

လမ်းဝယ် တစ်ဦးကိုတစ်ဦး တွန်းထိုးကျီစယ်နေသော မမြလေးနှင့် သူဖောက်ပြန်နေသော အလုပ်သမားဆိုသူတို့ လူမြင်ကွင်းတောင်မရှောင် ပွေ့ဖက်နေကြ၏။ ခုနက မြင်ရသော မြင်ကွင်းဝယ် မမြလေး၏ ငိုသံအစားခိုးခိုးခစ်ခစ် ရယ်သံအား ကျွန်ုပ်မှာ ရွံရှာစက်ဆုပ်မိသွား၏။ ဖခင်ကြီးက မသိသလို မျက်နှာလွှဲကာ အေးအေးလူလူဖြင့် ကျွန်ုပ်လက်ကို ကိုင်ကာ ဆက်လျှောက်နေလေ၏။ ကျွန်ုပ်က-

"အပါးပြောသလိုဆို လူတွေက အဲဒီလောက် အပြောင်းအလဲ မြန်လား၊ သားမြင်ရတာ တစ်မျိုးကြီးပဲ"

ဟု ဆိုလျှင် ဖခင်ကြီးက ရယ်မောပြီး. . .

"မောင်ရွှေ. . . မောင်ရွှေ၊ လောကကြီးမှာ မင်းမြင်တဲ့အတိုင်း မမြင်နဲ့၊ မင်းပြောချင်တာ မပြောနဲ့၊ အဲဒါဟာ အကောင်းဆုံး နှလုံးအေးတဲ့ဆေး"

ဟု ဆိုလိုက်လေ၏။

ကျွန်ုပ်မှာ ဖခင်ကြီးနှင့်သာ အနေများသောကြောင့် ထမင်းဟင်းများ ကူချက်ပေးရသည်လည်း ရှိ၏။ သချိုင်းကုန်းထဲသို့ ကျောင်းပိတ်ရက်များတွင် လိုက်ရသည်လည်း ရှိ၏။ ရံဖန်ရံခါ ဖခင်ကြီးက ကျွန်ုပ်ပျင်းမည်စိုး၍ အိမ်သို့ စောစီးစွာ ပြန်ခိုင်းလေ၏။ ကျွန်ုပ်အဖို့ နဂိုကတည်းက တစ်ယောက်တည်းသာ နေကျင့်ရှိသောကြောင့် ဖခင်ကြီး ပြန်ခိုင်းလည်း မပြန်ဘဲ မှောင်ရီပျိုးစအချိန်ထိ သချိုင်းကုန်းထဲဝယ် ထိုင်စောင့်နေရလေ၏။

မြို့အပြင်ရှိ သချိုင်းကုန်းမှာ သရဲအရမ်းခြောက်သည်ဟု လူများစွာက ပြောဆိုကြသော်လည်း ကျွန်ုပ်မှာ ကြောက်ရကောင်းမှန်း မသိပေ။ ကျွန်ုပ်နှင့် သက်တူရွယ်တူ ကျောင်းသားလေးများက. . .

"မြရွှေက သူ့အဖေနဲ့အတူ သချိုင်းကုန်းသွားပြီး လူသေအလောင်းတွေ အောက်လမ်း လုပ်နေတာ"

ဟု ဆိုလေ၏။ ရပ်ကွက်ထဲက လူအများကလည်း. . .

"ကိုမြစိန်တို့ သားကိုခေါ်ပြီး သချိုင်းကုန်းထဲ သွားနေတာ၊ သိုက်တူးနေတာ"

ဟု ဆိုကာ ကောလဟာလ လွှင့်ထုတ်ကြလေ၏။ ကျွန်ုပ်မိခင်ကြီးကမူ ဘာဆိုဘာမှ မပြောဘဲ ဆိတ်ဆိတ်သာနေ၏။ ကျွန်ုပ်နှင့် ဖခင်ကြီး ပြန်လာမှသာ. . .

"ဘယ်လိုလဲ၊ ဒီသားအဖ သချိုင်းကုန်းက ပြန်လာကြပြီလား"

ဟု ဆိုကာ တစ်ခွန်းတည်း ပြောလေ၏။ ထမင်းဆိုင်သို့ ထမင်းလာစားသူအချို့ပင် အထင်လွဲကုန်ကြလေ၏။

"မြစိန်ချက်တဲ့ ဝက်သားတော့ စားချင်ပါရဲ့ကွာ၊ ဒါပေမဲ့ အလောင်းကောင်ကြီးတွေ မြင်မြင်နေရတာတော့ မနိုပ်ဘူး"

ဟု ဆိုလျှင် ကျွန်ုပ် ဖခင်ကြီးက လာစားသောက်နေကြသူများကို ပြုံးပြုံးနှင့်ပင် အောက်ပါအတိုင်း ဆိုလေ၏။

"မသေခင်ဗုပ်
သေတော့ရှုပ်
အမြဲဘာမှမဟုတ်"

ဟု ဆိုလျှင် ကျွန်ုပ် မိခင်ကြီးက ထမင်းဟင်းများ ခူးခပ်ရောင်းနေရင်းမှ. . .

"ကိုမြစိန်ရေ. . . ရှင့်ကြောင့် ကျုပ်တို့ဆိုင်လေးလည်း ဘာမှ မဟုတ်တော့ဘူး၊ ဒီအတိုင်း ဆက်သွားရင် ဆိုင်ပိတ်ႆိုက်ရဖို့ပဲ ရှိတော့တယ်"

ဟု ဆိုလိုက်လေ၏။

ကျွန်ုပ်၏ ဖခင်ကြီးမှာ စိတ်ထားပြတ်သူတစ်ဦး ဖြစ်သလို ဘူးဆိုလျှင် ဖရုံမသီးသူလည်းဖြစ်၏။ 'ကြုံရာစား' ထမင်းဆိုင်လေး၌ ပတ်သက်၍ လှည့်မကြည့်တော့ဘဲ အားအားရှိတိုင်း သချိုင်းကုန်းသို့ႆ သွားနေလေ၏။

ကျွန်ုပ်မှာ ဖခင်ကြီး၏ အလုပ်များကို ကျောင်းတက်ချိန်ပြီးသည်နှင့် ဇယ်ဆက်သလို ဝိုင်းဝန်းကူညီရလေ၏။ ကျွန်ုပ် မိခင်ကြီးကမူ. . .

"သားရေ. . မင်းအဖေက မိုးလင်းတာနဲ့ သချိုင်းကို ခြေတစ်ဖက်လှမ်းနေပြီ၊ မင်းကတော့ အဲဒီလို မလုပ်ဘူး အမေ ထင်ပါတယ်"

ဟု ပြောလေ၏။

မိုးလင်း မိုးချုပ် ထမင်းဆိုင်ဖွင့်၊ ချက်ပြုတ်ကြော်လှော်နေရသော



www.burmeseclassic.com

www.burmeseclassic.com

အမေ့ဘဝကို မြင်ရသောအခါ ကျွန်ုပ်မှာ လွန်စွာ သနားမိလေ၏။ ဖခင်ကြီး ပြန်လာချိန်၌ ကျွန်ုပ်က အမေ့အကြောင်း ပြောမည်ကြံတိုင်း-

"မောင်ရွှေ . . မင်းကို ငါပြောထားတာ မှတ်မိမှာပေါ့၊ လောကကြီးမှာ မင်းမြင်တဲ့အတိုင်း မမြင်နဲ့၊ မင်းပြောချင်တာ မပြောနဲ့၊ အဲဒါ နှလုံးအေးတဲ့ဆေး ဆိုတာလေ"

ဟု ပြောလိုက်လေတော့သတည်း။

◆

## သုသာန်စောင့်ကြီး ဦးကျော်စွာ

ကျွန်ုပ်မှာ စာမေးပွဲ နီးလာသောကြောင့် မိခင်ကြီးအား ဝိုင်းဝန်းကူညီမှုကို ခဏနားပြီး စာကျက်ရလေ၏။ အိမ်နှင့်ကျောင်း ဆိုသော်လည်း နားမလည်သည်များအား ဆရာထံသွား၍ သင်ရလေ၏။ ကျွန်ုပ်ဖခင်ကြီးမှာ ယခင်ကဆိုလျှင် ညနေမိုးချုပ်ခါနီး ပြန်လာသော်လည်း နောက်ပိုင်း၌ (၂)ရက်နေမှ၊ (၃-၄)ရက်နေမှသာ ပြန်လာလေ၏။ မိခင်ကြီးက အကူသဘောမျိုး ရစေရန် ထမင်းဆိုင်သို့ နေ့ဘိုင်း ဆိုက္ကားဖြင့် လိုက်ပို့တတ်သော 'ဘဒင်' ဆိုသူအား အကူသဘောမျိုး ခေါ်ခိုင်းလေ၏။ ဘဒင်မှာ မိခင်ကြီးနှင့် သက်တူရွယ်တူဖြစ်ပြီး 'မမရွှေ' ဟူသော အသံမှာ ကျွန်ုပ်အတွက် နား

"ငါ့သား မောင်ရွှေ . . လောကကြီးမှာ မင်းမြင်တဲ့အတိုင်း မပြောနဲ့၊ မင်းပြောချင်တာ မပြောနဲ့ဆိုတဲ့ ငါ့စကားက မင်းဘဝအတွက် အမွေပဲဟေ့"

ကြားပြင်းကပ်လှ၏။ ထမင်းဆိုင်၌ လူရှင်းချိန်ဝယ် မိခင်ကြီးနားသို့ တိုးတိုးကပ်ပြီး ချွဲနေသည်မှာ ကြောင်တစ်ကောင်နှင့် တူလှပေ၏။ ကျွန်ုပ်က ရံဖန်ရံခါ၌ . . .

"အမေကလည်းဗျာ . . . အဲဒီ အရက်သမား၊ ဆိုက္ကားသမား ကလေကဝကိုများ ဆိုင်မှာ အကူခေါ် ခိုင်းပြီး ရှိရှိသမျှ ထမင်းဟင်းချက်ချက်ရတယ်"

ဟု ဆိုလျှင် မိခင်ကြီးက ကျွန်ုပ်အား မျက်တောက်နီကြီးဖြင့် ကြည့်ကာ မာန်မဲလေ၏။

"ဘဒင်က နင့်အဖေထက်စာရင် လက်ကြောပိုတင်းပါတယ်ဟာ"

ဟု ဆိုလေ၏။

ကျွန်ုပ်၏ မိခင်ကြီးမှာ အသက်အားဖြင့် (၅၀)နားကပ်နေပြီ ဆိုသော်လည်း အပျိုရုပ်လေ့ာက်၏။ ကရင်လူမျိုးဖြစ်၍ အသားအရေမှအစ ဝင်းဝါစိုပြေနေပြီး သနပ်ခါး ခြေဆုံး ခေါင်းဆုံး လိမ်းထားလျှင် ဆိုင်သို့ ထမင်းလာစားသူ မှန်သမျှ ငေးယူရလောက်အောင် လှလေ၏။ ကျွန်ုပ်မှာ မိခင်ကြီးအတွက် သောကရောက်နေရသလို ဖခင်ဖြစ်သူအား ဖွင့်ပြောရကောင်းမလား၊ မကောင်းလား စဉ်းစားရ၏။

ဖခင်ကြီးမှာမူ ကျွန်ုပ် စာမေးပွဲဖြေသော ရက်မှာပင် အိမ်က ထွက်သွားသည်မှာ တစ်လကျော်နီးပါး ကြာမြင့်ခဲ့လေ၏။ ဘဒင် ဆိုသောသူမှာ ယခင်ကထက် ပိုမိုအတင့်ရဲလာကာ အိမ်၌ ညအိပ်ညနေ ပြုလုပ်ရုံမက အိမ်ခေါင်းရင်းခန်း၌ပင် အရက်ပုလင်းထောင်ကာ အပေါင်းအသင်းများဖြင့် ဝိုင်းဖွဲ့သောက်ကြလေ၏။ အရက်မူးလာလျှင် ကျွန်ုပ်အား . . .

"ဟေ့ကောင်လေး . . ငါ့အတွက် အရက်တစ်လုံးနဲ့ အမြည်း ဝယ်ပေးစမ်း"

ဟု ခိုင်းလျှင် မိခင်ကြီးမှာ အလုပ်လုပ်နေရင်းမှ ပြေးလာပြီး . .

"ကိုဘဒင်ရယ် သားကို မခိုင်းပါနဲ့၊ သောက်ချင်ရင် ကျုပ်ဝယ်ပေးပါမယ်"

ဟု ဆိုလေ၏။

ထိုအခါ ဘဒင်က ကျွန်ုပ်အား မချိပြုံးဖြင့် ကြည့်ကာ . . .

"ဒီကောင်လည်း သူ့အဖေလို သချိုင်းကုန်း ခြေတစ်ဖက် လှမ်းနေပြီထင်တယ်"

ဟု ဆိုလျှင် ကျွန်ုပ်မှာ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထား



www.burmeseclassic.com

www.burmeseclassic.com

ပြီး အံကြိတ်နေလျှင် မိခင်ကြီးက ကျွန်ုပ်အား ချော့၍ တစ်နေရာရာသို့ ခေါ်သွားလေ၏။

မကြာမီ၌ပင် ကျွန်ုပ် အိပ်နေစဉ် အော်ဟစ်သံများ၊ ဆူညံသံများကြောင့် ကျွန်ုပ် လန့်နိုးလာခဲ့၏။ အခန်းဝနားသို့ ရောက်သောအခါ သွေးစွန်းနေသော ငှက်ကြီးတောင်ဓားကို ကိုင်၍ ကျွန်ုပ်အား ကြည့်နေသော ဖခင်ဖြစ်သူကို တွေ့လိုက်၏။ ဖခင်ကြီးက ကုလားထိုင်ပေါ် အေးဆေးစွာ ထိုင်ချလိုက်ပြီး. . .

"မောင်ရွှေ. . သတ္တိမရှိတဲ့ မင်းအမေနဲ့ ဟိုအရက်သမား ဘဒင်ဆိုတဲ့ ကြွက်ပျင်းကို ငါ သတ်လိုက်ပြီ၊ ပြီးရင် ငါ ပုလိပ်ဆီသွားပြီး ဖြောင့်ချက်ပေး အဖမ်းခံတော့မယ်၊ ငါ သွားခင် မင်းကို မှာချင်တာက ခုချိန်ကစပြီး မင်းဟာ မိမဲ့ဖမဲ့ ဖြစ်သွားပြီ၊ လောကကြီးအပေါ် မင်း ရဲရဲလျှောက်ရတော့မယ်၊ ငါ ကြိုးစင်တက်ပြီးရင် မင်း သင်္ချိုင်းစောင့်ကြီး ဦးကျော်စွာနဲ့ သွားနေပါ၊ မင်းလျှောက်မယ့်လမ်း သူ ပြပါလိမ့်မယ်"

ဟု ဆိုလိုက်လေ၏။

ကျွန်ုပ် ဖခင်ကြီးမှာ ငှက်ကြီးတောင်ဓား ကိုင်၍ အိမ်အောက်သို့ မဆင်းမီမှာပင် ကျွန်ုပ်အား. . .

"ငါ့သား မောင်ရွှေ. . လောကကြီးမှာ မင်းမြင်တဲ့အတိုင်း မပြောနဲ့၊ မင်းပြောချင်တာ မပြောနဲ့ဆိုတဲ့ ငါ့စကားက မင်းဘဝအတွက် အမွေပဲ ဟေ့"

ဟု ဆိုကာ ထွက်ခွာသွားလေ၏။

နောက်ရက်တွင် ပုလိပ်ဘက်က သေဆုံးသွားသော ကျွန်ုပ်၏ မိခင်ကြီးနှင့် အရက်သမား ဘဒင်၏ ရုပ်အလောင်းကို သေမှုသေခင်း အတွက် လာရောက်စစ်ဆေးကြ၏။ ဘဒင်မှာ တစ်ကိုယ်လုံး ဓားခုတ်ရာများ မွန်းထားပြီး ရုပ်ပျက်ဆင်းပျက်တောင် ဖြစ်နေလေ၏။ ဖခင်ကြီးမှာမူ ၎င်းပြောဆိုခဲ့သည့်အတိုင်းပင် သိပ်မကြာမီမှာပင် တရားရုံးမှ ကြိုးမိန့်ချလိုက်လေ၏။ ကြိုးသမားများအား ကြိုးမပေးမီ မိသားစုနှင့် တွေ့ဆုံခွင့်ပေးသောအခါ ကျွန်ုပ်အား ဖခင်ကြီးက ပခုံးကိုပုတ်ကာ ပြန်နှစ်သိမ့်လေ၏။ ကျွန်ုပ်မှာ ဘဝ၌ တစ်ခါမှ မခံစားခဲ့ရဖူးသော နာကျင်မှုမျိုးကို ခံစားခဲ့ရလေ၏။ ထိုစဉ် ကျွန်ုပ်နှင့် ဖခင်ကြီးနားသို့ ရောက်လာသော ပုလိပ်လေးတစ်ဦးက. . .

"ဆရာကြီး ဘာစားချင်သေးလဲ၊ ဘာလုပ်ချင်သေးလဲ"

ဟု မေးသောအခါ ဖခင်ကြီးက ပြုံး၍ ကျွန်ုပ်အား. . .

"မောင်ရွှေ. . အင်္ဂလိပ်အစိုးရ လက်အောက်မှာနေတဲ့ ဝန်ထမ်းတွေထဲက ဒီကုလားပုလိပ်ကတော့ ရှားတယ်ဟေ့၊ ငါသာ သက်ရှိထင်ရှား ရှိနေသေးရင် လက်တွဲချင်သေးပါ့ကွာ"

ဟု ဆိုပြီး ကုလားပုလိပ်ဘက် လှည့်ကာ. . .

"ရာဂျူးရေ. . ငါ့သားနဲ့ မင်း ဆုံဖြစ်ခဲ့ရင် မင်းလက်ထက်မှာ မင်း တတ်တာတွေ သင်ပေးပေးတော့ ဟေ့"

ဟု ဆိုလိုက်လေ၏။

ရာဂျူး ဆိုသော ကုလားပုလိပ်က ကျွန်ုပ်အား ဆလံပေးကာ မြန်မာလို ပီသသော စကားသံဖြင့်. . .

"ဆရာကြီးအတွက် ဘာမှ မပူနဲ့ ကောင်လေး၊ ဆရာကြီး သတ္တိမျိုးတွေ မြန်မာတိုင်းမှာရှိရင် လွတ်လပ်ရေး ရနေပြီ"

ဟု ဆိုလေ၏။ ဖခင်ကြီးအား ကြိုးမိန့်ပေးမည့်နေ့မှာပင် ပုလိပ်မင်းကြီးရုံးရှေ့၌ ဆန္ဒပြ ဆူပူမှုများကြောင့် သေဒဏ်အစား တစ်သက်တစ်ကျွန်း အမိန့်ချခဲ့လေ၏။ ဖခင်ကြီးအား ကျွန်းသို့ ခေါ်ဆောင်သွားသောနေ့အား လျှို့ဝှက်ထားသော

"မောင်ရွှေ. . . အင်္ဂလိပ်အစိုးရ လက်အောက်မှာနေတဲ့ ဝန်ထမ်းတွေထဲက ဒီကုလားပုလိပ်ကတော့ ရှားတယ်ဟေ့၊ ငါသာ သက်ရှိထင်ရှား ရှိနေသေးရင် လက်တွဲချင်သေးပါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် ကျွန်းပို့ဆောင်လိုက်သည်ကို ပင် ကျွန်ုပ် မသိလိုက်ချေ။

ကျွန်ုပ်မှာ ဖခင်ကြီး မှာကြားခဲ့သလို သချိုင်းစောင့်ကြီးကို အရင်ရှာရလေ၏။ ယခင်က ဖခင်ကြီးနှင့် လိုက်သွားလျှင် တွေ့ရသော်လည်း ယခု ဦးကျော်စွာဆိုသော လူကြီးမှာ ဘယ်ရောက်လို့ ဘယ်ပျောက်နေသည် မသိ။ ကျွန်ုပ်မှာ ပညာတစ်ပိုင်းတစ်စနှင့်ပင် ကျောင်းထွက်ခဲ့လေ၏။

မိသားစု ပျော်ပျော်ရွှင်ရွှင် နှစ်ပေါင်းများစွာ နေခဲ့သော အိမ်ကြီးကို ကျွန်ုပ် ရောင်းချလိုက်ပါပြီ။ ဖခင်ကြီး မှာခဲ့သည့်အတိုင်း ဦးကျော်စွာကို မတွေ့မချင်း သချိုင်းကုန်း၌ စောင့်ရန် ဆုံးဖြတ်ခဲ့လေ၏။ စားသောက်ရန်အတွက်-လိုအပ်သည့် ငါးခြောက်၊ ငါးခြမ်းများကို ဝယ်ကာ သချိုင်းပေါ်ရှိ ဇရပ်ပေါ်သို့ ယူဆောင်လာခဲ့လေ၏။ ကျွန်ုပ်မှာ ထမင်းဆိုင် ဖွင့်ခဲ့တုန်းက တတ်ကျွမ်းထားသည့် ထမင်း၊ ဟင်း ချက်နည်းအတိုင်း ကိုယ့်ဘာသာ ချက်ပြုတ်စားသောက်နေ၏။ ညဘက်၌ အုတ်ဂူများပေါ်တက်၍ ဦးကျော်စွာကို မျှော်နေမိ၏။ ရံဖန်ရံခါ ဇရပ်ပေါ်၌ ခြေသံများ ကြားရသလို ပုပ်အက်အက် အနံ့များ ရသော်လည်း ကျွန်ုပ်မှာ ကြောက်စိတ် မရှိပေ။ ကျွန်ုပ် ကြောက်ရွံ့သည်က ကျွန်ုပ် အသားနာမှာပင် ဖြစ်လေ၏။

ကျွန်ုပ်မှာ လက်ဖက်ရည်ကောင်းကောင်း သောက်တတ်သော ဖခင်ကြီးကို သတိရ၍ မြို့ထဲသို့ထွက်ကာ လက်ဖက်ရည်ဝယ်ပြီး သုသာန်ရှိ ဇရပ်သို့ ပြန်ရောက်သောအခါ လူတစ်ယောက် ဦးထုပ်အား မျက်နှာပေါ်တင်ကာ အိပ်နေသည်ကို တွေ့ရလေ၏။ ၎င်းမှာ ပိုင်စိုးပိုင်နင်း နိုင်လှသည်ဟု ထင်စရာကောင်းလှ၏။ ကျွန်ုပ် ခင်းထားသော ဖျာပေါ်ဝယ် ကျောကို အကျအနဆန့်ကာ အိပ်စက်နေ၏။ ကျွန်ုပ်က လှုပ်နှိုးသောအခါ. . .

"နှိုးတာတော့ နှိုးပေါ့ ကောင်လေးရာ၊ ဒါပေမယ့် ကျုပ် အိပ်မက်တော့ ကောင်လေး ပြန်လျော်ပေးရမယ်"

ဟု ဆိုကာ ဦးထုပ်ကို ဖယ်၍ ထလာလေ၏။ ၎င်း၏ ပုံစံမှာ မျက်လုံးမှေးမှေးနှင့် ပိန်ပိန်ပါးပါးဖြစ်ပြီး သွားများမှာ ကွမ်းစားလွန်းအားကြီး၍ ကွမ်းချေးများ ဖုံးလွှမ်းနေလေ၏။

"နေစမ်းပါဦး. . ခင်ဗျားကြီးက ကျုပ်ဖျာပေါ်မှာ ဖိမ်နဲ့ အိပ်ရလောက်အောင် ဘယ်သူကို ခွင့်တောင်းထားလို့လဲ"

ဟု ဆိုသောအခါ ထိုသူမှာ ကွမ်းချေးတတ်သော သွားများဖြင့် အားရပါးရ ရယ်လေ၏။

"ဒီလိုနေရာမှာ နေရာလုရတာ မကောင်းပါဘူး ကောင်လေးရာ၊ လောလောဆယ် ကျုပ်မက်တဲ့ အိပ်မက်ထဲမှာ ကျုပ်က သူဌေးကြီးဖြစ်နေပြီလေ၊ ကောင်လေး လှုပ်နှိုးလို့ ကျုပ်အိပ်မက်ထဲက သူဌေးကြီး ဖြစ်နေပြီလေ။ ကောင်လေး လှုပ်နှိုးလို့ ကျုပ် အိပ်မက်ထဲက သူဌေးကြီးဘဝ စွန့်လွှတ်လိုက်ရတော့ ဝမ်းနည်းစရာပေါ့"

ဟု ဆိုလျှင် ကျွန်ုပ်မှာ ထိုသူနှင့် စကားစစ်ထိုးရန် မဖြစ်တော့မှန်း သိရလေ၏။ ကျွန်ုပ်က. . .

"ကဲပါဗျာ. . . ခင်ဗျားကြီး အိပ်မက်ကို ကျုပ် သူဌေးဖြစ်ရင် ပြန်လျော်ပေးပါ့မယ်၊ ခုလောလောဆယ်တော့ ကျုပ်အဖေကို သတိရလို့ ကျုပ်အဖေ ကြိုက်တတ်တဲ့ လက်ဖက်ရည် ဝယ်လာတယ်၊ ခင်ဗျားကိုလည်း ခွဲတိုက်မယ်"

ဟု ဆိုလိုက်လေ၏။ ထိုသူက ကျွန်ုပ်အား ပခုံးပုတ်ကာ. . .

"အဆင်သင့်လိုက်တာ ကောင်လေးရာ၊ ကျုပ်လည်း မင်းကို လိုက်ရှာနေတာ ကြာပြီ၊ ဆရာကြီးက တွေ့တာနဲ့ ခေါ်ခဲ့ဖို့လည်း မှာခဲ့တယ်။ ဒါပေမယ့် ခုတော့ မတွေ့ရသေးဘူး"

ဟု ဆိုလျှင် ကျွန်ုပ်မှာ အူကြောင်ကြောင် ဖြစ်သွားပြီး ၎င်းအား-

"နေစမ်းပါဦး. . ကျုပ်ကို ရှာနေတဲ့ ခင်ဗျားဆရာကြီးက ဘယ်သူလဲ"

ဟု ဆိုလျှင် ၎င်းမှာ တိုးညှင်းသော အသံဖြင့်. . .

'ဦးကျော်စွာ' ဟူ၍ ဆိုလိုက်လေတော့သတည်း။

(ရှေ့လဆက်ရန်)

တာတေကြီး



www.burmeseclassic.com

www.burmeseclassic.com


ဝိဇ္ဇာဓရ ဆေးပညာဖြင့် အောက်ပါရောဂါများကို ကုသပေးသည်

ဆရာဦးခင်မောင်လှ (ဘဆ - ၀၂၂၉၀)

**ရွှေပြည်မင်း တိုင်းရင်းဆေးကုဌာန**

* အသည်းရောင်၊ အသားဝါ၊ အသည်းကြွပ်၊ အသည်းခြောက်၊ ရေဖျဉ်းစွဲ၊ အသည်းကြီးခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းအနာဖြစ်ခြင်း၊ နာတာရှည်အသည်းရောဂါအမျိုးမျိုး။
* နှစ်ရှည်လများ ဆီးချို၊ သွေးချိုကြောင့် အမျိုးသားအားနည်းရောဂါ နှင့် ဆီးကျောက်ကပ်ရောဂါ။
* လိပ်ခေါင်း၊ ဂရင်ဂျီနာ၊ စအိုဝတွင် အဖုအကျိတ်၊ စအိုနာအမျိုးမျိုး။
* အမျိုးသမီးများသားအိမ်အတွင်းအလုံးအကျိတ် တည်ခြင်း၊ ရက်ရှည်စီးယပ်အဖြူဆင်းခြင်း၊ ရင်သားအဖုအကျိတ် မခွဲမစိတ်မနာမကျင်စေဘဲနှင့် သိဒ္ဓိဝင်ဆေးတောင့်၊ ဓါတ်လုံးများဖြင့် သီးသန့် သက်သာပျောက်ကင်းစေရမည်။
* ခန္ဓာကိုယ် အတွင်းအပြင် နှစ်ရှည်လများ ဖြစ်ပွားနေသော အလုံး၊ အကျိတ်၊ အဖု၊ ကင်ဆာ(ခေါ်)မြစ်ပွားနာရောဂါအမျိုးမျိုးကို လက်ခံ၍ ကုသပေးသည်။

ဆေးခန်းဖွင့်ချိန်-

ရွှေပြည်မင်းဆေးတိုက်နှင့်ဆေးကုဌာန

အမှတ်-၂၇၊အထိုင်း(၃)၊၁၄ ရပ်ကွက်၊သုဓမ္မာလမ်းမကြီးမြောက်ဘက်၊တောင်ဥက္ကလာ၊ရန်ကုန်မြို့။ ဖုန်း-၅၇၃၆၄၃၊ ၀၉ ၅၀၃၁၁၈ ၀၉ ၅၀၁၁၁၆၆

နေ့လယ်(၁၂)နာရီ မှ ည(၇း၀၀)နာရီထိ တနင်္လာနေ့တိုင်း ပိတ်သည်။



**မြင့်စေတနာဆေးတိုက်**

(အရေပြားရောဂါမှန်သမျှဒိဋ္ဌပျောက်ကင်းစေရမည်။)

# ခရုသင်း (သမင်ဖြူ)

LEUCODERMA

ခရုသင်း (သမင်ဖြူ)၊ဖြူ၊ နီ နက်ကွက်များ ◆အနာကြီးရောဂါ ◆ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူ နှင့်အရေပြားရောဂါ အမျိုးမျိုးကို အာမခံနှင့် ကုသပေးသည်။

LEUCODERMA, LEPROSY, YAWS, FUNGUS, PINTA, EC-ZEMA, RING WORM, DERMATITIS, Etc.

ဆရာ **ဦးခင်မောင်မြင့်** (မြင့်စေတနာဆေးတိုက်) ၊ အမှတ် (၃)၊ ဗိုလ်တထောင်ဂိုဒေါင်၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ တာလားကျောင်းမှတ်တိုင်၊ သမိုင်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၆၆၆၄၇၁၈၀၉-၇၉၉၁၀၉၁၀၉

**ဌာနခွဲ** - အမှတ် (၂)၊ ၆၂-လမ်း၊ ၂၁ × ၂၉ လမ်းကြား၊ အောင်တော်မူရပ်၊ မန္တလေးမြို့ ၊ ဖုန်း - ၀၂-၂၄၆၀၉၊ ဖုန်း - ၀၉ ၂၀၀ ၂၈ ၄၃


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရမိုးကောင်းကင်မှ ကြယ်စင်

မြနန်းရှင်

### အခန်း(၁)

"ကျွန်းတောရွာ"

မြို့ကြီးပြကြီးနှင့် ဝေးကွာလှသော မြန်မာပြည်အနောက်ပိုင်း ရိုးမတောနှင့် နီးစပ်သောနေရာမှာ တည်ရှိလေသည်။ လူဦးရေ ငါးဆယ်မျှသာရှိသော ရွာငယ်လေးဖြစ်သည်။ ရွာသူ၊ ရွာသားများသည် လယ်ယာလုပ်ငန်းကို ဝမ်းစာမျှသာ စိုက်ပျိုးနိုင်ပြီး ရွာ၏အဓိကစီးပွားထွက်ကုန်မှာ ထင်းခုတ်ခြင်း၊ မီးသွေးဖုတ်ခြင်း၊ ရာသီလုပ်ငန်းဖြစ်သည့် တံမြက်စည်းပင်များ ခုတ်ယူခြင်း၊ မိုးတွင်းဆိုလျှင် မှိုရှာခြင်း၊ ဇရစ်ခူးခြင်း၊ တောထွက်သဘာဝဟင်းသီးဟင်းရွက်များ ရှာဖွေခူးယူပြီး ရောင်းကြရကာ နီးစပ်ရာရွာမှ တစ်ဆင့် "ပန်းတောကြီး"ရွာသို့ သွားရောက်ရောင်းချရလေသည်။

ရွာလမ်းတစ်လျှောက်သည် မော်တော်ကားလမ်းမပေါက်။ သဘာဝတက်လာသော ချောင်းရေကျသွားရာ၊ သဲလမ်းမကို လူရော လှည်းပါ အားကိုးသွားလာကြရသည်။ သဲထုမှာ လက်ငါးလုံးစာမြင့်တက်သောလမ်းကို ရှုန်း၍လျှောက်နိုင်မှ ခရီးတွင်လေသည်။

၎င်းလမ်းသည် စက်ဘီး၊ နွားလှည်းမျှသာ သွားလာနိုင်ပေသည်။ သွားလာမှုခက်ခဲ၍ တော်ရုံငြည်သည်နှင့် လူစိမ်း မလာနိုင်ကြပေ။

လမ်းပန်းဆက်သွယ်ရေးခက်ခဲလှသဖြင့် ရွာရှိကလေးလူငယ်များအား ရွာရှိ ဘုန်းတော်ကြီးကျောင်းကသာ သေစာ၊ ရှင်စာ ဖတ်တတ်၊ ရေးတတ်ရုံမျှ သင်ကြားခွင့်ရလေသည်။

တောခြေ၊ တောင်ခြေမှာနေရသဖြင့် တော်ရုံပါရမီမရင့်သန်သော သံဃာတော်များ တာရှည်သီတင်း မသုံးနိုင်ပေ။

ရွာမှာသီတင်းသုံးသော ကျောင်းထိုင်ဆရာတော်မှာ ဝါတင်တစ်ဆယ့်သုံးပါးလုံးအောင်မြင်ပြီး ဓာတ်ပိုင်းဆိုင်ရာကို ပိုင်နိုင်တတ်ကျွမ်းမှုမှာ ပါရမီပြည့်ဝလေသည်။

တကယ့်ကို ဝိနည်းသိက္ခာကို စောင့်ထိန်းသောမထေရ်တစ်ပါးဟုပင် ဆိုရပေမည်။

ဆရာတော်၏အနီး မပြတ်တမ်း ဝေယျာဝစ္စပြုသူမှာ အလုပ်နှင့်လက် မပြတ်တမ်းလုပ်ကိုင်တတ်သော 'ဦးဘစိန်'ဖြစ်လေသည်။

နှစ်စဉ်မိုးမကျမီ ရွာ၏မြောက်ဘက်ရိုးတစ်လျှောက်သည် ရွာ၏အားထားရာ ထင်းတောကြီးဖြစ်လေသည်။

ဦးဘစိန်မှာ ဇနီးဒေါ်မြထွေးနှင့် အသက်သုံးဆယ်အရွယ် အပျိုကြီးစာရင်းဝင် သမီးကြီး'နှင်းမြ'နှင့် အသက်နှစ်ဆယ့်ငါးအရွယ် 'သင်းမြ'တို့ကို မွေးဖွားခဲ့ပြီး အငယ်မ 'သင်းမြ'က အိမ်ထောင်ကျကာ မိဘများနှင့် ဒိုးတူပေါင်ဖက် တစ်စီးပွားတည်း လုပ်ကိုင်ကြသူများဖြစ်လေသည်။

ဦးဘစိန်၏တာဝန်မှာ မိမိအိမ်အတွက် တစ်မိုးစာထင်းတင်မက၊ ရွာဘုန်းကြီးကျောင်းအတွက်ပါ ထင်းစုဆောင်းလှူဒါန်းလေသူ ဖြစ်သည်။

သည်တစ်ခေါက် ထင်းခုတ်ရန် အဖော်မပါ။ ဦးဘစိန်တစ်ယောက်တည်း လှည်းတစ်စီးဖြင့် ထွက်လာလေသည်။

ဒီရွာမှာမွေး၊ ဒီရွာမှာကြီးပြင်း၊ ခေါင်းချရမည့်အရွယ်ထိ သွားလာလှုပ်ရှားခဲ့သော နယ်မြေမို့လမ်းပန်းကျွမ်းကျင်ပြီးသား။ ဘယ်နေရာမှာ ဘာပင်ပေါတယ်။ ဘယ်လိုတောကောင်တွေ ကျင်လည်ကျက်စားတယ်ဆိုတာ သိပြီးသားပင်။

ကြီးကြီးမားမား တောကောင်ကို မကြောက်ရသော်လည်း တောဝက်သိုးကြီး ခေါင်းဆောင်တဲ့အုပ်စုနှင့် မတိုးရန်ကိုတော့ သတိထားရလေသည်။

တောဝက်အုပ်စု တောင့်လျှင်တော့ နီးစပ်ရာ သစ်ပင်တစ်ပင်ကို တက်ပြေးပေတော့။ အစွယ်နှင့်အပက် မခံမိရန် ကြိုတင်ရှောင်ကွင်းနိုင်ဖို့ လို



www.burmeseclassic.com

www.burmeseclassic.com

ပေမည်။

ပြီးခဲ့သည့်နှစ်က မိုးကောင်းစွာ ရွာထားသဖြင့် သည်တစ်ခေါက် ထင်းရှာရတာ မခက်ခဲချေ။ စိတ်မြန်၊ လက်မြန်သမားမို့ ထင်းပင်များခုတ်လှဲပြီး လှည်းအနီးသို့ ကဲ့၍ သယ်လိုက်၊ လှည်းပေါ်တင်လိုက်နှင့် နေမစောင်းမီ လှည်းတစ်စီးစာမျှ ရရှိပေသည်။

အလုပ်ကိုသာ စိတ်ထဲစောက်ပနေသဖြင့် ဦးဘစိန့်အမြင်အာရုံထဲမှာ ထင်းပင်များသာမြင်နေပြီ။ ခုတ်ပြီးရင်း ခုတ်လို့နေချင်သည်။

ထင်းပင်ကိုခုတ်ပြီး အကိုင်းချိုင်ကာ အနေတော်ပိုင်းဖြတ်ပြီး စုပုံထားလိုက်၊ လှည်းဆီသို့ကဲ့၍ သယ်လိုက်နှင့် ချွေးတလုံးလုံးဖြစ်နေသည်။

ကျေးငှက်မြည်သံ၊ လေတိုက်၍ သစ်ပင်ခက်လက်များ တစ်ပင်နှင့်တစ်ပင် ရိုက်ခတ်သံများကိုသာ ကြားနေရသည်။ ကျန်အချိန်များမှာ တောတစ်ခုလုံးတိတ်ဆိတ်ငြိမ်သက်လို့နေချေသည်။

ညနေစောင်းလာပြီဖြစ်၍ ထင်းပင်ခုတ်ခြင်းအလုပ်ကို ရပ်နားလိုက်ပြီး ထင်းခုတ်ဓားမကို ခါးအနောက်ဘက်ပုဆိုးစည်းထားသောကြားသို့ ထိုးကာ လှည်းရှိရာသို့ထင်းများ သယ်၍တင်နေရပြန်သည်။

နောက်ဆုံးတစ်ခေါက် ထင်းပုံရှိရာပြန်အလာမှာ ထင်းပုံအနီးမှာ ဧရာမမြွေကြီးတစ်ကောင် ပါးပျဉ်းထောင်၍ ခွေနေတာကို ရုတ်ခြည်းတွေ့လိုက်သဖြင့် ဦးဘစိန်လန့်သွားရတော့သည်။

ထင်းပုံအနီးမသွားသေးဘဲ သစ်ပင်အကွယ်မှ အကဲခတ်နေမိသည်။

''ဒါ ... တောကြီးမြွေဟောက်ဆိုတာဖြစ်မယ်...။ လုံးပတ်က ကိုးလက်မလောက်ရှိမယ်''

ဟု ဦးဘစိန်က တွေးဆရုံပဲရှိနေစဉ် မြွေကြီးက ဦးဘစိန်ကိုအနံ့ရတာလား။ မြင်တွေ့သွားတာလား မသိ။ ရုတ်ခြည်းနေရာရွှေ့ကာ ရောက်ရှိလာတော့သည်။

ဦးဘစိန်ဘာမျှ စဉ်းစားမနေအား။ ခါးကြားထဲမှ ဓားမရှည်ကိုဆွဲယူကာ အားကောင်းမောင်းသန် အရှိန်နှင့် မြွေကြီး၏ဦးခေါင်းကို မှန်းဆကာ တိခနဲ ခုတ်ပိုင်းချလိုက်ပါတော့သည်။

မြွေကြီးမှာ ဦးဘစိန်၏လက်ဦးမှုကြောင့် မြွေကြီးပေါ်မှာ ခေါင်းတခြား၊ ကိုယ်တခြား ဖျပ်ဖျပ်လူးကာ ဇီဝိန်ချုပ်သွားလေတော့သည်။ တောကြီးမြွေဟောက်ဖြစ်၍ အဆိပ်လည်းပြင်း။ အနံ့ခံကာ နောက်ထပ်မြွေများ ရောက်လာကာ အန္တရာယ်မပြုနိုင်ရန် ကျန်ရှိသော ထင်းပုံအစုကို သယ်ဆောင်ကာ ခပ်မြန်မြန်လှည်းရှိရာ အပြေးအလွှားရောက်အောင်သွားမိတော့သည်။

ပြေးရင်း၊ လွှားရင်း သူသတ်လိုက်သော မြွေကြီးကို မြင်ယောင်နေပြန်သည်။ တောကြီးမြွေဟောက်လို့သာ စိတ်မှန်းနှင့်ပြောနေရသည်။ ရွှေရောင်နှင့် မြစိမ်းရောင် ရောယှက်ထားသဖြင့် အရောင်မှာတောက်ပနေသည်။ လုံးပတ်တစ်ထွာခန့်ရှိပြီး ယောက်ျားလက်နှစ်လံမျှ ရှည်ပေလိမ့်မည်။

ပထမတော့ ဦးဘစိန်စိတ်ကူးထဲမှာ ခုနကခုတ်ပိုင်းလိုက်သော မြွေကြီးကိုသယ်ဆောင်ပြီး ရွာမှာပြလိုက်စမ်းချင်သည်။

နောက်မှ ကျန်မြွေအနွယ်ဝင်များ အနံ့ခံလိုက်ပါလာမည်ကို စိုးရိမ်စိတ်ဝင်သွားမိ၍ ထင်းစည်းကိုပဲ သယ်ဆောင်လာခြင်းဖြစ်ပေသည်။

ဦးဘစိန် ပခုံးထက်ကထင်းစည်းကို လှည်းပေါ်ပစ်တင်လိုက်ပြီး လှန်ထားသောနွားတို့ကို ချည်တိုင်မှဖြုတ်၍ လှည်းကရန် တပ်ဆင်နေစဉ် ...

''ရှီ ... ရှီ''

ပြင်းထန်သော လေမှုတ်သံနှင့်အတူ၊ သူ့လှည်းအိမ် လွှပ်ခါသွားလေတော့သည်။ ရုတ်ခြည်း လျှင်မြန်စွာ မြွေကြီးတစ်ကောင် ဘွားခနဲပေါ်လာခြင်းဖြစ်သည်။ မထင်မှတ်ဘဲ ပေါ်ပေါက်လာသောမို့ ရုတ်တရက်လန့်သွားရသည်။ ပြီးမှ ...

အသက်ကို ဝအောင်ရှူသွင်းလိုက်ပြီး၊ စိတ်မြန်လက်မြန်သမားမို့ တွေဝေမနေတော့။ မြွေထက် လူကဦးအောင် ခုနကသွေးစွန်းနေသော ထင်းခုတ်ဓားမနှင့် ပိုင်းချလိုက်တော့သည်။

''ဖွမ်း''ခနဲ ထွက်ရှိလာသော မြွေ၏သွေးတို့ သူ့ကိုယ်ပေါ်မှာ ခြင်းခြင်းနီကုန်သည်။ လှည်းအိမ်ပေါ်သို့ သွေးစက်တို့ လွင့်စဉ်ပေကျံကုန်လေတော့သည်။

✦✦✦

ဓမှာင်ရီပျိုးစအချိန် အသော့နှင်ကာ ဦးဘစိန်မောင်းနှင်လာသော ထင်းလှည်းကို မည်သူမျှ သတိမထားမိကြ။ ထင်းလှည်းများ ဥဒဟိုဝင်လာနေကျမို့ အထူးအဆန်းဖြစ်မနေချေ။

ယခုလိုအဖြစ်အပျက်ကို ဦးဘစိန်အိမ်သားများကိုလည်း မပြောပြ။ နှုတ်ဆိတ်နေလိုက်ပြီး လှည်းအိမ်မှာ ပေကျံနေသော မြွေသွေးနှင့်၊ သူ့မှာ ပေနေသောမြွေသွေးစက်၊ ဓားမမှာ စွန်းထင်းသော မြွေသွေးစသွေးနှင့်



www.burmeseclassic.com

www.burmeseclassic.com

တို အိမ်အနီးရှိ ရေတွင်းမှရေငင်ကာ ဆေးကြောလိုက်တော့သည်။

ထိုနေ့က တစ်နေ့လုံး ပင်ပန်းနွမ်းနယ်လာ၍ မည်သူ့ကိုမျှ စကားမပြောနိုင်ဘဲ ဦးဘစိန်အိပ်ပျော်သွားလေသည်။

တကယ်တော့ ခန္ဓာကိုယ်ကနွမ်းနယ်၍ အိပ်ချင်သည်ထင်၍ အိပ်စက်နေသော်လည်း ဦးဘစိန်၏စိတ်တို့ကတော့ မအိပ်စက်နိုင်ဘဲ ပြေးလွှားနေတော့သည်။

တလွန့်လွန့်ပြေးလာသော မြွေအုပ်စုကြီးက အတင်းလိုက်လာ၍ လွတ်မြောက်ရန်အသက်လု ပြေးလွှားနေရသည်။

ထိုအိပ်မက်ကို မက်ပြီးတာနှင့် နိုးထလိုက်စဉ် အတော်ပင် လူမှာမောဟိုက်ပင်ပန်းကြီးစွာ ခံစားခဲ့ရသည်။

ခေတ္တမျှနေပြီး ပြန်အိပ်၊ မှေးခနဲဖြစ်နေစဉ် အိပ်မက်ကမက်လာပြန်ချေပြီ။ ထိုအတိုင်းပင် မြွေများလိုက်၍ပြေးရပြန်ပြီ။

တစ်ည။

နှစ်ည။

သုံးည။

ရက်တွေကြာလာလည်း တစ်ယောက်တည်း ကြိတ်မှိတ်ကာ စိတ်ဆင်းရဲခံနေရရှာသည်။ မိန်းမကိုလည်း မပြောရဲ။ သမီးကြီးကိုလည်း အသိမပေးရဲ၊ သမီးငယ်လင်မယားကိုလည်း မတိုင်ပင်ရဲ။ မိသားစုဝင်တွေကို ပြောပြလျှင် အကြောက်လွန်ကာ စိတ်ဒုက္ခရောက်မည်၊ စိုးရိမ်သောကကြောင့် တစ်ခွန်းတစ်ပါဒမျှ မဟာချေ။

ဦးဘစိန် တနုံ့နုံ့၊ တခွေခွေဖြစ်နေ၍ သမီးကြီးကပင် ...

"အဘ ... အဘကြည့်ရတာ မဟုတ်သေးပါဘူး။ အလုပ်တောင် ထမလုပ်နိုင်သလို အစားလည်း ကောင်းကောင်းမစားနဲ့တော် ဒုက္ခပါပဲ"

တကယ်လည်း ဦးဘစိန်အပေါ် စိုးရိမ်ကြပေမည်။ အလုပ်နှင့်လက်မပြတ်နေတတ်သူက ခုလိုရုတ်တရက် ထမင်းစားမဝင်၊ အိပ်မပျော်၊ ပိန်ချုံးနုံးခွေနေလေတော့ စိုးရိမ်လာကြသည်။

"ဟုတ်ပ အမေရေ၊ အဆနှယ် ကိုယ်ပူတာလည်းမရှိ။ ဝမ်းထဲမယ် ရောဂါဝင်နေပြီနဲ့တူတယ်"

"ဆရာတော်ဆီ သွားလျှောက်ချေစမ်း"

ဇနီးသည်က ဆရာတော်ကို လျှောက်မည် ပြောသံကြား၍ ...

အိပ်ရာထဲတွင် လှဲခွေနေရာက ဦးဘစိန်လူးလဲထကာ ...

"ဟဲ့ ... ဟဲ့ ဆရာတော်ကို မလျှောက်ကြနဲ့။ သွားဒုက္ခမပေးကြနဲ့။ ငါနေကောင်းတယ်၊ ဘာမှမဖြစ်ဘူး"

အတင်းကျုံးအော်ကာ ရေချိုးသောက်၊ ထမင်းလည်းစားလိုက်သည်။

သို့သော် ဦးဘစိန်၏လှုပ်ရှားမှုကိုတော့ မိသားစုများက လေ့လာအကဲခတ်နေလေတော့သည်။

အမှန်တကယ်တော့ ဆရာတော်ရှေ့ရောက်လျှင် သူ့ကိုမြင်ရုံနှင့် ဆရာတော်၏ မနောစွမ်းအင်အမြင်ဖြင့် အကုန်သိမြင်ကာ အိမ်သူ၊ အိမ်သားတွေ သွေးပျက်ထိတ်လန့်ကုန်မည်စိုး၍ ဖြစ်သည်။

ဦးဘစိန်အပေါ် ဇနီးနှင့်သမီးနှစ်ယောက်၊ သမက်ကပါလေ့လာအကဲခတ်နေသည်ကို ရိပ်စားမိ၍လည်း အပူရှပ်ကိုဟန်လုပ်ကာ ရွှင်ရွှင်ပျပျနေပြရသည်။ သို့သော် ...

ညအိပ်ချိန် ရောက်မှာကိုတော့ စိုးရွံ့နေတာအမှန်ပင်။ ကြက်အိပ်၊ ကြက်နိုးပမာ နှစ်ခြိုက်စွာအိပ်စက်မှုနှင့် ကင်းဝေးနေရသည်။

ဘယ်သွားသွား၊ ဘယ်လာလာ၊ ပျော့ပျော့ရှည်ရှည်အကောင်မြင်တာနှင့် လူမှာသွေးဆုတ်သကဲ့သို့ ခံစားနေရလေသည်။

နေ့မှရက်သို့ ကူးပြောင်းလာတော့ ဦးဘစိန်အိပ်မက်ဆိုးတို့မှ ကင်းဝေးလာသည်။ မြွေကြီးများအိပ်မက်မပေးတော့။ သူ့ခံစားမှုလည်း တည်ငြိမ်လာတော့သည်။

✦✦✦

## အခန်း(၂)

"ခြံလုံအောင်ခတ်မှဖြစ်မယ်"

ဖခင်ဖြစ်သူ၏စကားကို သမီးကြီး နှင်းမြက အံ့ဩစွာကြားရသဖြင့်

"အဘကလည်း ဒီလောက်လုံနေတဲ့စည်းရိုးကို"

သင်းမြကလည်းမနေ -

"ရွာမှာ သူခိုးသူဝှက်ပူရတာမှ မဟုတ်တာ။ ပူရန်ကော အဘရယ်"

"ဟုတ်ပါတယ် အဘရယ်။ နင့် စည်းရိုးက လုံနေပြီဟာကို"

သမက်ကပါ ဝင်ပြောလာသည်။

"နင်တို့မသိပါဘူး။ အခုခြံစည်းရိုးထက်မြင့်တဲ့ စည်းရိုး ငါထပ်ကာချင်တယ်"

အားလုံးကတော့ နားမလည်ရှာပေ။

"နင်တို့ဘာသာ စည်းရိုးမကာချင်နေ၊ ငါ့ဘာသာငါ ကာမယ်"

ဖခင်ဖြစ်သူက ဇွတ်အတင်း



www.burmeseclassic.com

www.burmeseclassic.com

စဉ်နေသည်ဖြစ်၍ သမီးနှင့် သမက်တို့ မနေသာပေ။ နောက်ဆုံးအရှုံးပေးကာ ဖခင်ဖြစ်သူ၏ဆန္ဒကို လိုက်လျောရ တော့သည်။ ရှာထွက် ခနိုပင်ရိုးနှင့် ခနိုတံလက်များ စုဆောင်းကြရသည်။

ယခင်ထက် စည်းရိုးကို လူတစ် ရပ်ကျော်မြင့်အောင် ကာရံထားသည်။ ကြွက်တစ်ကောင်ပင် တိုးမရအောင် ခပ်စိပ်စိပ်ကာထားသည်။

ရက်သတ္တ တစ်ပတ်ကြာမျှ ခြံ စည်းရိုးကာခြင်းကိစ္စ လုံးပန်းနေရ သည်။ ခြံဝင်းတံခါးကအစ လုံခြုံ အောင် စိတ်တိုင်းကျ ပြုပြင်နေသည်။

ဦးဘစိန်ကိုယ်တိုင် ခြံဝင်း၏လုံ ခြုံမှုကို ကြည့်ပြီး ပီတိဖြစ်ရလေသည်။ သူ့စိတ်ထဲမှာ မလုံခြုံမှုများ လျော့ပါး သွားရတော့သည်။

ဦးဘစိန်မျက်နှာ ရွှင်ရွှင်ပျပျဖြစ် နေ၍ ဇနီးနှင့်သမီးများက သတိပြုမိ ကာ ဝမ်းသာနေကြသည်။ ခြံဝင်းခတ် တာလည်းပြီးပြီ။ ဝင်းတံခါးလည်းအခိုင် အမာမို့ ဦးဘစိန်တစ်ယောက် စိတ် ချမ်းသာစွာ အိပ်စက်လေတော့သည်။

"ဟင်း ... ဟင်း"

ကျယ်လောင်သော ရယ်မောသံ ကြောင့် ဦးဘစိန် တုန်လှုပ်ချောက်ချား သွားရသည်။

"ဟင် ... မြွေက ရယ်တယ်"

လူကဲ့သို့ မြွေကရယ်နေသဖြင့် ဦးဘစိန် ထိတ်လန့်တကြား ပြန်ပြော နေမိသည်။

"ဟဲ့ ... ရယ်တတ်ရုံတင်မက ဘူး။ နင်တို့လို လူစကားလည်း ငါ ပြောတတ်တယ်ဟဲ့"

မြွေခန္ဓာ၊ မြွေဦးခေါင်း၊ မြွေမျက် နှာနှင့်။ သို့သော် နားမှကြားရချက်က ယုံပင်မယုံချင်စရာ။ မြွေ၏မျက်နှာပေး က ဦးဘစိန်အား ခနဲ့ခနဲ့၊ မခံချင်စရာ မျက်နှာပေးဖြစ်လို့နေပေသည်။ မြင် ရကြားရတာ တုန်လှုပ်ချောက်ချားစရာ။

"မင်းက မြွေ၊ မြွေကလူစကား ပြောတာ ဘာကြောင့်လဲ"

"အေး ... ဘာကြောင့်လဲဆို တော့ နင်ကခြံစည်းရိုးတွေခတ်လိုက် တာ ငါတို့ကို စိန်ခေါ်တာပဲလေ။ ငါတို့ က မဆက်သွယ်လို့ နင်ကဟုတ်နေပြီ မထင်နဲ့။ ငါတို့သွေးစက်နဲ့အမျှ နင်တို့ ပြန်ပေးဆပ်ရမယ်။ သိရဲ့လား လူအန္တ ရဲ့။ ဟား .. ဟား .. ဟား .. ဟား"

ကျယ်လောင်စွာ အော်ဟစ်ရယ် မောသံက ဦးဘစိန်၏နားစည်ထဲမှာ စူးရှလွှန်ကဲစွာ တိုးဝင်လာသဖြင့် နား နှစ်ဖက်ကို ယောင်ယမ်းကာ ပိတ် လိုက်မိတော့သည်။

လူတစ်ကိုယ်လုံး တုန်ယင်လှိုက် မောကာ ချွေးစေးများ စွတ်စိုကာ ဇော ချွေးများပြန်နေလေတော့သည်။

"ဟင်း" ခနဲသက်ပြင်းချသံကြီး က ကျယ်လောင်စွာပင် ထွက်ပေါ်လာ တော့သည်။ ပြီးမှ သတိဝင်ကာ အိမ် သားများနိုးလေမလားဟု ဝေ့ဝဲအကဲ ခတ်နားစွင့်ရင်း စိတ်မောလူမောဖြင့် အိပ်ရာထဲလူးလိမ့်နေတော့သည်။

နံနက်အရုဏ်တက် ဆွမ်းထ ချက်ရင်း သမီးကြီး 'နှင်းမြ'ခူးခတ် ထားသော ဆွမ်းတော်ဖန်းကိုယူကာ ဒေါ်မြထွေး ဘုရားကျောင်းဆောင်ရှိရာ အိမ်ပေါ်ထပ်သို့ တက်လာခဲ့သည်။

ဘုရားဆွမ်းတော်မကပ်မီ သောက် တော်ရေခွက်များဆေးကြောပြီး ဘုရား သောက်တော်ရေအိုးထဲမှ ရေကိုခပ် ယူကာ သောက်တော်ရေဖြည့်လိုက် ပေသည်။ ခပ်ယူသောခွက်ထဲမှ

"ဂလောက်" ဆိုသောအသံ ကြားလိုက်ရသဖြင့် ဘုရားသောက် တော်ရေခွက်သို့ ငုံ့ကြည့်ရာ အရောင် ဝင်းဝါသော လက်စွပ်တစ်ကွင်း။ မည် သူက ဒီနေရာမှာလက်စွပ် လာထားပါ လိမ့်။

"ဟင် ... ထူးဆန်းတဲ့လက်ရာ ပဲ။ သမီးကြီးလား၊ သမီးငယ်လား တစ်ယောက်ယောက် ဘုရားရှိခိုးရင်း မေ့လျော့တာဖြစ်မယ်"

တစ်ယောက်တည်း ပြောဆိုပြီး ဒေါ်မြထွေးက လက်မှာစွပ်လိုက်ရာ လက်သူကြွယ်နှင့် ကွက်တိပင်။

ဘုရားရှိခိုး မေတ္တာပို့အမျှ ဝေကာ အောက်သို့ဆင်းလာပြီး သမီး ကြီး 'နှင်းမြ'ပြင်ဆင်ပေးသော ထမင်း ကြမ်းဆီဆမ်း၊ ပဲရေပွကြော်နှင့် နံနက် ခင်းစာ စားရန်ထိုင်ရင်း ..

"ဟဲ့ ... နင်တို့အဘကိုရော ကျွေးမြီးပြီလား"

"ကျွေးထားတယ်အမေ။ အခန်း ထဲမှာပဲ စားမယ်တဲ့"

နှင်းမြပြောစကားကြောင့် ဒေါ်မြ ထွေးမျက်မှောင်ကြုတ်ပြီး ...

"ဟင် ... ဒီလူနှယ်၊ ခုတလော ဘာလမိုင်းကပ်နေတယ်မသိ။ ဘာ တစ်ခုမှ လယ်ကိစ္စ၊ ယာကိစ္စ ဝင် မလုပ်၊ ဝင်မပြော၊ အိမ်ပြင်မပြောနဲ့ အိမ်ခန်းထဲကကို မထွက်နဲ့ စိတ်ပျက် ပါတယ်"

"ဟုတ်ပ အမေရယ်။ အဘ ဟို တစ်လောက ခြံစည်းရိုးကာနေတုန်းက ရွှင်လို့ပျလို့မြင်ရတော့ သမီးတို့မှာ စိတ် ချမ်းသာလို့၊ ခုတော့ အိပ်ရာကကို မထပြန်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

"အေးဟယ် ... ဆေးမိတာလား၊ ပယောဂဝင်တာလားမသိ။ ဆရာတော်ကို တိုးတိုးတိတ်တိတ် လျှောက်ရင် မကောင်းဘူးလား"

"ကောင်းပါတယ် အမေရယ်"

သားအမိနှစ်ဦး အတိုင်အဖောက် ညီနေသည်။

"အင်း ... ဒီနေ့တော့ လယ်ထဲဆင်းပြီး အလုပ်လုပ်ဦးမှ"

"ဟုတ်တယ် အမေ။ အဘက တော့ နေကောင်းပုံမရှိဘူး။ သမီးသွားနှင့်မယ်။ ဒီနေ့ ကောက်သင်းကောက်ရမယ်"

"အမေ လယ်ထဲဆင်းနှင့်မယ်။ သမီးချက်ပြုတ်၊ အိမ်ကိစ္စပြီးမှ လိုက်လာခဲ့"

"ဒါလည်း ကောင်းတာပဲ"

"ဟဲ့ .. သင်းမြတို့လင်မယားကော"

"ထင်းခုတ်ဖို့ တောထဲသွားကြတယ်"

"လူ့ညီးက,သံတောင် ငါမကြားမိလိုက်ဘူး။ ဒါဆို အမေ့ကို ခေါင်းပေါင်းလုပ်ဖို့ နှင့်အဘပုဆိုးတစ်ထည် ပေးစမ်း"

"ဟုတ်ကဲ့ အမေ"

နှင်းမြက ကြိုးတန်းမှာလှန်းထားသော ဦးဘစိန် ပုဆိုးဟောင်းကိုယူကာ အမေဖြစ်သူကို ကမ်းပေးလိုက်သည်။

ဒေါ်မြထွေး ပုဆိုးစခေါင်းပေါင်းနေစဉ် နှင်းမြက လယ်ထဲယူနေကျ တောင်းထဲသို့ အဆာပြေစားစရာနှင့် ရေနွေးကြမ်းဘူးယူဆောင်ကာ ထည့်ပေးထားလိုက်သည်။

ဦးဘစိန်မိသားစုမှာ အလုပ်ကို မခိုမကြာ် လုပ်ကိုင်တတ်သူများဖြစ်၍ လုပ်စရာရှိက မဆိုင်းမတွ ချက်ချင်း လုပ်ဆောင်ကြလေသည်။ လယ်ထဲမ သွားခင် ...

"ဒီနေ့ ကောက်သင်းကောက် ဆိုတော့ မိုးချုပ်နိုင်တယ်။ ဆရာတော်ဆီ နောက်နေ့မှ သွားကြတာပေါ့ကွယ်"

"အဲဒါပဲ ကောင်းပါတယ် အမေရယ်"

သမီးဖြစ်သူပင့်ပေးသော တောင်းကို ဦးခေါင်းပေါ်ရွက်ရင်း ဒေါ်မြထွေး လယ်ရှိရာသို့ ထွက်လာခဲ့လေတော့သည်။

နှင်းမြမှာလည်း ဦးဘစိန်နှင့်အိမ်သားများအတွက် ကြော်လှော်ချက်ပြုတ်ပြီး လျှော်ဖွပ်စရာများ လျှော်ဖွပ်ရလေသည်။

အမေဖြစ်သူ သွားနှင့်ပြီဖြစ်၍ စိတ်အေးလက်အေး အိမ်မှုကိစ္စများ လုပ်ဆောင်နေတာနှင့် နေပင်ထန်းတစ်ဖျားခန့် မြင့်တက်လို့လာချေပြီ။

ထိုစဉ် ...

"ကိုဘစိန် ... ကိုဘစိန်"

"နှင်းမြ ... နှင်းမြ"

အသားကုန် သုတ်ခြေတင် ပြေးလွှားလာသော ကိုညိုကြီးနှင့် ကိုတာတေတို့မှာ အမောပင်မဖြေနိုင်ဘဲ အိမ်ဝင်းထဲသို့ နာမည်အော်ခေါ်ရင်း ဝင်လာကြသည်။ မထိတ်သာ၊ မလန့်သာမို့ ဦးဘစိန်အိပ်ခန်းထဲမှ ပြေးထွက်လာသလို၊ နှင်းမြလည်း ရင်တုန်ပန်းတုန် အိမ်ရှေ့ထွက်လာကြပြီး ...

"ဘာလဲ ကိုညိုကြီး၊ ဘယ်သူ ဘာဖြစ်လို့လဲ"

"နှင့်အမေ ပိုးထိလို့၊ လယ်ထဲ မြန်မြန်လိုက်ခဲ့"

"ဘုရား ... ဘုရား"

ဦးဘစိန် မူးမိုက်မသွားအောင် အတော်ကြီးသတိထားနေရတော့သည်။

"အဘ ... အဘ၊ သတိထားလေ၊ သမီးအမေ့ဆီ လိုက်သွားမှဖြစ်မယ်"

နှင်းမြငိုယိုကာ လာခေါ်သူများနှင့် အပြေးအလွှားပါသွားတော့သည်။ ဦးဘစိန် ခြေမကိုင်မိ၊ လက်မကိုင်မိ ဘာလုပ်ရမှန်းမသိ။ နောက်ဆုံး စိတ်ကို ဒုံးဒုံးချကာ လယ်ထဲသို့နောက်က နေ အပြေးလိုက်သွားမိတော့သည်။ သို့သော် ...

ပခက်ပြင်ကာ ဘုန်းတော်ထမ်းလာသော လူစုနှင့် လမ်းမှာဆုံစဉ် ...

"မြထွေး ... ဟေ့ မြထွေး"

ဝမ်းခေါင်းသံဖြင့် ဦးဘစိန်ခေါ်သော်လည်း မကြားတော့ပေ။ တစ်ကိုယ်လုံး မြွေဆိပ်ပြန့်ကာ ညိုမည်းပြာနှမ်းနေချေပြီ။ သွားပြီ။ ဒင်းတို့အနိုင်ယူ လက်ဦးသွားချေပြီ။

"တောက်"

ဦးဘစိန် မကျေမချမ်း တောက်ခေါက်လိုက်မိသလို မျက်ရည်စက်များ တစ်ပေါက်ချင်းကျလာသည်။ နှင်းမြကတော့ ဖခင်ကိုမြင်တာနှင့် ...

"အဘရေ ... အမေ အသက်မရှိတော့ဘူး အဘရဲ့။ မနက်ကတင် သူနဲ့အတူ ထမင်းကြမ်းထိုင်စား၊ စကားပြောခဲ့တာလေ။ အီး ... ဟီး"

ဟု ငိုလိုက်၊ နှာရည်သုတ်လိုက်ဖြင့် ပရိဒေဝမီး တောက်လောင်နေသည်။

"အမှန်က လယ်ထဲကို သမီးအရင်သွားဖို့ပါ။ အိမ်မှုကိစ္စတွေ အလုပ်ပင်ပန်းမှာစိုးလို့ သမီးအလုပ်ပြီးမှ



www.burmeseclassic.com

www.burmeseclassic.com

လိုက်လာမယ်လို့ တွေးမိပြီး အမေ့ကို အရင်လွှတ်လိုက်မိတာပါ''

နှင်းမြတစ်ယောက် ရင်ထုမနာ ဖြစ်ချေပြီ။ နာရီပိုင်းအတွင်း မျက်လှည့် ပြသကဲ့သို့ပင် စကားအတူပြော၊ ထမင်း တစ်ပိုင်းတည်း လက်ဆုံစားခဲ့သူ မိခင် က ကျန်းကျန်းမာမာပင်။ မျက်စိတစ် မှိတ်၊ လျှပ်တစ်ပြက်အချိန်အတွင်းမှာ သေခြင်းတရားရဲ့ အနိုင်ယူခြင်းကို ခံရ ချေပြီ။ မယုံနိုင်စရာပါတကား။ သား အဖနှစ်ယောက် ငိုလို့မဆုံးနိုင်။ အိမ် ဝင်းထဲရောက်မှ အလောင်းနေရာချဖို့ သတိရကာ အိမ်ရှေ့မြေကွက်လပ်မှာ အသုဘစင်ထိုးကာထားဖို့ စီစဉ်နေစဉ် ဒေါ်မြထွေးရုပ်ကလပ်ကို အိမ်ရှေ့ ကပြင်မှာ ရေမိုးချိုးပေးကြစဉ် ...

''ဟဲ့ ... နှင်းမြ ညည်းအမေ လက်က လက်စွပ်ကလေး ချွတ်ထား လေ ...''

ရွာထဲမှ ဒေါ်ပုလုံးက အလောင်း ရေချိုးရင်း ပြောဆိုမှ ...

နှင်းမြ သူ့အမေ၏ ဘယ်လက် သူကြွယ်မှ လက်စွပ်ကို မြင်မိတော့ သည်။ ယက်စွပ်၏ရွှေရောင်မှာ ဝင်းစို အိနေပြီး မြွေတစ်ကောင်ခွေပတ်ထား သကဲ့သို့ ပြုလုပ်ထားပုံက လက်ရာ မြောက်လှပေသည်။

''အမေ ဘယ်တုန်းကများ ဒီ လက်စွပ် လုပ်ထားပါလိမ့်''

နှင်းမြချွတ်ယူရန် ဟန်ပြင်စဉ် လက်စွပ်က အလိုလိုကြမ်းပြင်ပေါ်သို့ ''ဒေါက်''ခနဲ ကျွတ်ကျလာတော့ သည်။ ရုတ်တရက်မို့ အားလုံးအံ့အား သင့်ကာ ကြည့်လိုက်ကြပြီး ဒေါ်ပုလုံး ကပင် နိမိတ်ကောက်ယူကာ ...

''ဟဲ့ ... နှင်းမြ၊ နင့်အမေက သမီးကိုပေးချင်လား၊ မပေးချင်လား ကြည့်စမ်း နင့်လက်နဲ့ချွတ်ယူစရာမလို ဘူး။ သူ့ဘာသာချွတ်ပေးတာကြည့်''

ဟုတ်တော့လည်းဟုတ်သည်မို့ နှင်းမြတစ်ယောက် မျက်ရည်တစမ်း စမ်းနှင့် ကောက်ယူကာ လက်ကိုင်ပဝါ လေးနှင့်ထုပ်ကာ သိမ်းလိုက်တော့သည်။

ညနေမစောင်းမီ အသုဘရုပ် ကလာပ်တင်ရန် လေးတိုင်စင်ဆောက် ပြီး၍ ခေါင်းရိုက်သူကရိုက်နှင့် အလုပ် ရှုပ်နေကြစဉ် သင်းမြတို့လင်မယား ထင်းတိုက်ရာမှ ပြန်လာကြသည်။

မထင်မှတ်ထားသော အိမ်ရှေ့ မှမြင်ကွင်းကြောင့် လင်မယားနှစ် ယောက် လှည်းပေါ်မှ ခုန်ဆင်းလာပြီး အမောတကော ပြေးဝင်လာကာ ရုပ် ကလာပ်ကို ကြည့်ပြီး ...

''ဟင်''

သင်းမြထင်ထားတာ ဖခင်ဦးဘ စိန်ကိုပါ။ ခုတော့ မိခင်၏ရုပ်ကလာပ် မို့ ဝမ်းနည်းပက်လက်ဖြစ်သွားကာ အော်ဟစ်ကငိုကြွေးလို့နေတော့သည်။

''မယုံနိုင်စရာပါလား အမေရဲ့။ ဘာဖြစ်လို့ အမေ့ကိုခေါ်ကြရတာလဲ လို့ အီး ... အီး''

သင်းမြက အငယ်လည်းအငယ် ဆုံးမို့ အတော်ကို ဝိုင်းဝန်းဖျောင်းဖျ နေရတော့သည်။

ငှူငှူငိုင်ငိုင်ကြီးနှင့် ပက်လက် ကုလားထိုင်မှာ ထိုင်နေသော ဦးဘစိန် အနီးသို့ နှင်းမြရောက်လာပြီး ဒူး ထောက်ထိုင်ချလိုက်ကာ ..

''အဘ''

ခေါ်သာခေါ်ရသည် အသံကဆို့ နှင့်နေသည်။

''အဘ .. ဒီလက်စွပ်က အမေ့ လက်စွပ်လားဟင်''

နှင်းမြ လက်ကိုင်ပဝါလေးထဲမှ ထုတ်ပြလာသော မြွေပုံသဏ္ဌာန် ဝင်း ဝါရွှန်းအိသော ရွှေလက်စွပ်လေးကို ဦး ဘစိန်မျက်လုံးကျွတ်ထွက်မတတ် ပြူး ကြည့်ရင်း –

''ငါတစ်ခါမှ မဝယ်ပေးခဲ့ပါဘူး။ နင့်အမေပစ္စည်းတွေ ဘူးထဲမှာရှိပါ တယ်။ ဒါ ... ဒါ ဘယ်ကရထားတာ တဲ့လဲ''

ဦးဘစိန်ပုံစံက ကြောက်လန့် တကြား ဖြစ်နေသည်။

''သမီးလဲအရင်က အမေဝတ် ထားတာ မတွေ့ခဲ့ပါဘူး။ အဘများ အသစ်လုပ်ပေးထားသလားလို့ပါ''

''ကြံကြီးစည်ရာ။ အသစ်လုပ် ပေးလည်း သားအမိသုံးဦးဆုံမှ လုပ် ပေးရိုးထုံးစံရှိတာ သမီးမေ့နေလား''

''ဟုတ်ပါရဲ့အဘရယ်။ အမေ များ တစ်နေရာရာက ကောက်ရတာ များလား မသိဘူး''

''အင်း ... ဖြစ်နိုင်တယ်''

ဦးဘစိန် လေးတွဲစွာဖြေရင်း စဉ်းစားနေမိတော့သည်။

''ဒီလက်စွပ် အဘပဲသိမ်းထားပါ လား''

''ဟာ ... မသိမ်းဘူး၊ မသိမ်း ဘူး ... ဝှူသွားကြ''

အကြောက်အကန် ငြင်းဆန်နေ သဖြင့်လည်း ဖွတ်မပြောသာတော့ပေ။ နှင်းမြ လက်ကိုင်ပဝါထဲမှ မြွေပုံ သဏ္ဌာန်လက်စွပ်ကို သူ့လက်မှာစွပ် ကာ၊ ဝတ်မည်ကြံရွယ်နေစဉ် ဦးဘစိန် နှုတ်မှ ''မဝတ်နဲ့ မဝတ်နဲ့'' ကြောက် လန့်တကြားအော်ကာ လက်နှင့်ပုတ်ချ လိုက်သည်။ လက်စွပ်လေးမှာ ဒေါက် ခနဲ ကြမ်းပြင်ပေါ် ပြုတ်ကျသော် လည်း ကွင်းလိုက်ထောင်ရက်ကလေး ပင်။ လိမ့်ဆင်းမသွားဘဲ အသက်



www.burmeseclassic.com

www.burmeseclassic.com

ကောင်ပမာ –

"ဒေါက်"

"ဒေါက်"

မြည်အောင်ကြမ်းပြင်ပေါ်ခုန်၍သွားနေသည်။

အံ့အားသင့်စဖွယ်ကြည့်ရင်း

"အဘ ဒီလက်စွပ်မှာ အသက်ဝင်နေပုံပဲ။ သာမန်အကြောင်းကိစ္စ မဟုတ်နိုင်ဘူးထင်တယ် အဘ"

နှင်းမြတစ်ယောက် တွေ့မြင်ရမှုအပေါ် မှတ်ချက်ချလေပြီ။ ဦးဘစိန် ခေါင်းငိုက်စိုက်ချကာ ...

"ဒီလက်စွပ်ကို ရွာထိပ်ချောင်းထဲမှာ သွားလွှင့်ပစ်လိုက်ကြကွယ်။ ဝတ်တဲ့လူမှာ အန္တရာယ်ရှိနိုင်တာပေါ့"

ဦးဘစိန်၏စကားကြောင့် နှင်းမြမှာ မယုံနိုင်သလို အံ့ဩထိတ်လန့်စွာကြည့်နေတော့သည်။ ပြီးမှ ...

"ဟင့် ... ဟင့် ... အဘ ... အဘ အမေ့မှာ ဒီလက်စွပ်ရှိတာ မသိလို့လား။ သိရက်နဲ့ မပြောတာလားဟင်"

"ဘယ့်နှယ်ပြောပါလိမ့် သမီးရယ်။ ငါ့မိန်းမဒုက္ခရောက်မှာကို ငါမပြောဘဲ နေပါ့မလား။ ငါပြောမှာပေါ့။ ဒီလိုပစ္စည်းရှိတာ အဘ မသိရိုးအမှန်ပါကွယ်"

နှင်းမြခမျာ မျက်ရည်စက်လက်ဖြစ်ရင်းက စဉ်းစားမိပြီး –

"ဒီကိစ္စကို သင်းမြတို့သိရင် နေရဲထိုင်ရဲရှိမှာ မဟုတ်တော့ဘူး။ အဘလည်း မပြောပါနဲ့၊ သမီးလည်းမပြောတော့ဘူး။ နဂိုကမှ အစစအရာရာကြောက်တတ်ပါဘိနဲ့"

"အေးပါကွယ်"

"ဒီ ... ဒီလက်စွပ်ကို ဆရာတော်ဆီမှာအပ်နှံပြီး လျှောက်ထားပြီးမှ ဆရာတော်မိန့်မှ ပြောသလိုလုပ်ကြတာ ကောင်းမယ်အဘ"

"အေးလေ ... သမီးသဘောပါပဲ။ အဘလည်း မစဉ်းစားတတ်တော့ပါဘူး"

"ဒီလက်စွပ်က ပညာနဲ့လုပ်ထားတဲ့ အသက်ပါတဲ့ လက်စွပ်ပဲဖြစ်မယ်။ လက်စွပ်မှာ ဝိဇ္ဇာဦးသွင်းထားပုံရတယ်။ သမီးတို့လွှင့်ပစ်လည်း သူ့ဘာသာပြန်ရောက်လာချင်ရောက်လာမှာ။ ရွာဦးကျောင်းဆရာတော်ထံ အပ်နှံတာ အကောင်းဆုံးပါပဲ။ ဒါမျိုးကိစ္စက ဆရာတော်ပဲ စွမ်းဆောင်နိုင်မှာပါ"

နှင်းမြပြောသမျှ ဦးဘစိန် ခေါင်းညိတ်ရုံပင်။

"ဟင်း ... ဒုက္ခ ... ဒုက္ခ"

သက်ပြင်းရှည်ကြီးချပြီး ညည်းနေသောအဘအား စိတ်မသက်သာစွာကြည့်ရင်း –

"ယုံကြည်သဒ္ဓါအပြည့်နဲ့ ဘုရားရှိခိုးပြီး အိပ်ပါအဘရယ်။ သမီးတို့ ဒါမျိုးထပ်ဖြစ်ဖို့ မကြုံကြရအောင်ပေါ့ အဘရယ် ..."

"အေးပါကွယ်"

ဦးဘစိန် ဆေးပေါ့လိပ်ကို ရှိုက်ဖွာရင်း တွေဝေငေးမောစွာ နားထောင်နေလေတော့သည်။

✦✦✦

## အခန်း(၃)

ညရောက်သည်အထိ ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များကို တန့်နှံ့ပြန်တွေးရင်း အိပ်ပျော်သလိုလို မပျော်သလိုလို ငိုက်မျဉ်းနေစဉ် ထုံးစံအတိုင်းမြွေခန္ဓာကိုယ်နှင့် လူစကားပြောသော မြွေကြီးကို မြင်တွေ့ရပြန်သည် မြင်တာနှင့်ပင် ကြောက်ရွံ့တုန်ယင်နေမိသည်။

"သွား ... သွား မလာကြနဲ့"

ဦးဘစိန် အသားကုန်အော်ပစ်လိုက်သည်။

"ဟား ... ဟား ... ဟား"

အောင်မြင်သည့် အသံနက်ကြီးဖြင့် မြွေကြီးက ရယ်မောနေသည်။

"နင်တို့ မလာကြနဲ့"

ဦးဘစိန်က ထပ်အော်လေလေ မြွေကြီးက ရှေ့ကိုပိုနိုးကပ်လာပြီး

"ဒီတစ်ခါ နင့်အလှည့်ပဲ"

ဟု ကြုံးဝါးကာ ပျောက်ကွယ်သွားလေတော့သည်။

"ဘုရား .. ဘုရား .. ဘုရား"

တုန်လှုပ်ချောက်ချားကာ အပြင်ဘက်သို့နားစွင့်ကြည့်လိုက်ရာ အသုဘအိမ်စောင့်သဘောမျိုး ရွာမှကာလသားအချို့ ဝိုင်းဖွဲ့စကားပြောနေ့ဘာကြားနေရသည်။

သူကြုံတွေ့နေရသော စိတ်ဒုက္ခကို ဘေးလူသူစိမ်းတွေ ပေးသိလို့မဖြစ်ပေ။ နံနက်မိုးလင်းတာနှင့် ဆရာတော်ထံ သမီးကြီး'နှင်းမြ'ကို လွှတ်လိုက်သည်။ ခဏမျှကြာသောအခါ နှင်းမြပြန်ရောက်လာပြီး ...

"ဆရာတော် အဓိဋ္ဌာန်ဝင်သွားတာ နောက်ငါးရက်၊ ခြောက်ရက်ကြာမှ ရောက်မယ်တဲ့"

"ဒုက္ခပါပဲကွယ်"

"ဟုတ်ပါရဲ့။ အရေးကြီးခါမှ အဘရယ်၊ အဘ ဟိုလက်စွပ်ကို သမီးဘုရားကျောင်းဆောင်အောက်က စင်ပေါ်မှာထားထားတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဟင်း"

သက်ပြင်းတချချ ဖြစ်နေသော အဘဖြစ်သူကို စိတ်မသက်သာစွာ ကြည့်ပြီး ...

"စိတ်အေးအေးထားပါ အဘရယ်"

အားပေးမယ့်သာ အားပေးရသည်။ အမေဖြစ်သူ ရုတ်တရက် အဖြစ်မျိုးတွေးပြီး နှင်းမြလည်းကြောက်လန့်နေမိတာအမှန်ပင်။

သည်လိုနှင့် အသုဘမြေချပြီး သည်အထိ အိပ်မက်ကမမက်ခဲ့ပေ။ ရက်လည်ဆွမ်းကပ်သော ရက်မှာ ဆွမ်းအလှူကို ဆရာတော်ကိုယ်တိုင် ကြွလာချီးမြှင့်ပေးသည်။

ညသ့်ပရိသတ်ကများနေ၍ ဦးဘစိန်နှင့် သမီးနှင်းမြတို့မှာ မည်သို့မျှ လျှောက်တင်ရန် အခွင့်မသာချေ။ ဆရာတော်မှ ဦးဘစိန်ထံလှမ်းကြည့်ပြီး ...

"ဟဲ့ ... ဒကာစိန်၊ ကျောင်းလည်းပေါ်မလာ၊ လူကလည်း ပိန်ချုံးနေတိုင် ခကောင်းဖြစ်နေသလား"

ဆရာတော်က မိန့်လာသဖြင့် ခေါင်းငုံ့မျက်လွှာချကာ လက်အုပ်ချီကာ -

"တင်ပါ့ဘုရား"

အမှန်က သူကြုံတွေ့ရသမျှ လျှောက်တင်ချင်နေမိသည်။ သို့သော် အိမ်နီးချင်းများ ရောက်နေသဖြင့် လျှောက်တင်ရန်မဝံ့ရဲချေ။ သည်လိုနှင့် ခပ်တိုတိုပြန်ဖြေရင်း နှုတ်ဆိတ်နေလိုက်သည်။ ဆွမ်းဘုဉ်းပေးပြီး အမျှဝေ၊ မေတ္တာပို့ခြင်းကို အချိန်ယူ၍ ဆရာတော် မေတ္တာပို့ရွတ်ဖတ်ပေးနေတော့သည်။

ဆရာတော်ဘက်မှ ဆောင်ရွက်စရာများ ဆောင်ရွက်ပေးပြီးတာနှင့်

"ကိုင်း ... ကျုပ်မှာအလုပ်ရှိသေးတယ်။ အချိန်ကုန်လို့မဖြစ်သေးဘူး။ ကဲ ... ပြန်ကြွမယ်"

ဆရာတော် မိန့်သမျှ ရှေ့ငုံ့နှုတ်ပိတ်နေသော ဦးဘစိန်အား တစ်ချက် မျှငဲ့ကြည့်လိုက်ပြီး ...

"ဟဲ့ ... နှင်းမြ၊ ဒီနေ့ဆွမ်း ၃မီနင့်အဘကို ကျောင်းခေါ်ခဲ့စမ်း။ နင်တို့သားအဖပဲ လာခဲ့ကြ"

"တင်ပါ့ဘုရား၊ လာပါ့မယ်ဘုရား"

နှင်းမြ ခပ်သွက်သွက်ပြန်ဖြေရင်း သူ့အဘကိုလှမ်းကြည့်စဉ် မျက်ရည်တွေစီးကျလို့နေသည်။

အနီးပတ်ဝန်းကျင်ရှိ လူတွေကတော့ သာမန်အတွေးဖြင့် သူ့ဇနီးအတွက် ဝမ်းနည်းစိတ်နှင့်ငိုယိုနေသည်ဟု မှတ်ယူကြပေသည်။ အမှန်က ဦးဘစိန်ခမျာ မြေကြီးက သေမိန့်လာပေးထားခဲ့၍ သူသေတော့မှာကို ကြောက်ရွံ့တုန်လှုပ်စိတ်နှင့် ဝမ်းနည်းမျက်ရည်ကျနေခြင်း ဖြစ်ပေသည်။ ဆရာတော်ပြန်ကြွသွားပြီးနောက် ဦးဘစိန်အား အခန်းတွင်းပြန်ပို့ပြီးတာနှင့် နှင်းမြကခပ်တိုးတိုးပင် ပြောရှာသည်။

"အဘ ... ဟိုလက်စွပ်ပါ ယူသွားမယ်နော်"

"အေးပါ သမီးရယ်"

"စိတ်အေးအေးထား အိပ်လိုက်ပါ အဘရယ်။ ဆရာတော် ဤအဖြစ်အပျက်ကို ဧင်း၏စရဏအားဖြင့် ရိပ်စားသိမိလို့ မေတ္တာတွေ အကြာကြီး ပို့ပေးနေတာ အဘသတိထားမိလားဟင်"

"ဟုတ်ပါတယ် သမီး။ အဘကို ပေဘဒီ နှလုံးသည်းခြေဆေးလေး တိုက်ခဲ့ပါကွယ်"

"ကောင်းတယ် အဘ။ ဆရာတော် ပရိတ်မေတ္တာပို့စဉ်က ပရိတ်ရေလုပ်ထားတယ်။ အဲဒါလေးနဲ့သောက်နော်"

"အေး ... အေး"

နှင်းမြ ပရိတ်ရေဖြင့် သူ့အဘအားဆေးတိုက်ကာ လဲလျောင်းအနားယူစေသည်။

"အဘ အိပ်ပျော်အောင်အိပ်။ သမီး အရှေ့မှာ ညှော်ဝတ်သွားပြုဦးမယ်"

"သွား ... သွား သမီး"

ဆရာတော့် ပရိတ်ရေသောက်လိုက်ရသဖြင့် ဦးဘစိန် ကိုယ်ခန္ဓာထဲမှာ အေးမြသော ဓာတ်တို့စီးဝင်သလို ခံစားရပြီး အတော်လေးလန်းဆန်းအားပြည့်နေသလိုပင်။

ခေါင်းအုံးပေါ် ခေါင်းတင်လိုက်တာနှင့် အေးချမ်းစွာ အိပ်စက်လို့နေတော့သည်။

ဦးဘစိန် မည်မျှကြာအောင် အိပ်ပျော်နေသည်မသိ။ ရက်လည်ဆွမ်းကျွေးလာ ပရိသတ်များက စုတ်တသပ်သပ်နှင့် ဒေါ်မြထွေးအပေါ် နှမြောတသနေကြရသည်။ ဒေါ်မြထွေးလဲကျသွားတာကို တွေ့လိုက်ရသော ကိုညိုကြီးကတော့ ပြောပြ၍မဆုံးပေ။

"အရီးမြ လယ်ထဲလာတာ ပြုံးပြုံးရွှင်ရွှင်ပဲဗျ။ ကျုပ်တို့က အရင်ရောက်နေလို့တောင်မှ အရီးမြနောက်ကျခပေးရမယ်နော်လို့ လှမ်းအော်ပြောနေမိတာ။ အရီးမြတောင် ပြန်ပြီးနောက်ပြောင်နေတာ။ ခုထိ မျက်လုံးထဲက မထွက်ပါဘူးဗျာ။ ကျုပ်တို့က



www.burmeseclassic.com

www.burmeseclassic.com

ဒီဘက်အကွက် ကောက်လှိုင်းသိမ်း၊ အရှီးမြက ဟိုဘက်အကွက်သိမ်းနဲ့ လုပ်နေဆဲမှာ အရှီးမြကိုလှမ်းကြည့်တော့ မမြင်ရဘူး။ တပို့တပါးသွားတယ်ထင်တာပေါ့။ နောက်တော့ ကောက်ပင်တွေနားမှာ ပုံလျက်လဲနေတာ ကျုပ်တို့အားလုံး ပြေးပွေ့တော့ သတိလစ်နေပြီ။ ဒါ တောကောင်ကိုက်ခံရတာပဲဆိုပြီး ဝိုင်းရှာကြသေးတယ်။ ဒဏ်ရာက သူများလို ခြေထောက်မှာဆိုဟုတ်သေးရဲ့။ အခုဟာက လက်မှာဆိုတော့ အဆိပ်ပျံ့နှုန်း မြန်ပြီး ခုလိုဖြစ်ရတာပဲဗျာ"

ကိုညိုကြီးပြောနေသမျှကို အားလုံးဝိုင်းဖွဲ့နားထောင်ရင်း ...

"မလဲကျခင် အရှီးမြက မအော်ဘူးလား"

"မအော်ဘူးဟဲ့။ အော်ရင်သိမှာပေါ့။ သူ့ကိုကိုက်တာ လက်မှာဆိုတော့ စဉ်းစားလို့ကိုမရဘူး"

ထိုစကားတွေကြားပြီး နှင်းမြ မျက်လုံးထဲမှာ အမေလက်စွပ်ဝတ်ထားရာအောက်မှ မြွေစွယ်ရာနှစ်ခုကို မြင်ယောင်မိသလို သူ့အဘနှင့် လက်စွပ်ကိစ္စစကားပြောစဉ် တရွှေ့ရွှေ့ခုန်ပြီး သွားနေသော လက်စွပ်ကလေး၏ အသက်ဝင်လှုပ်ရှားပုံကိုလည်း ပြန်မြင်နေမိပြန်သည်။

ဘုမသိ၊ ဘမသိ အမေလယ်ထဲ သွားရင်းကောက်ရမယ်။ ရွှေလက်စွပ်ဆိုတော့ လူ့သဘာဝ မက်မောပြီး ကောက်ယူမယ်။ ဝတ်ဆင်မယ်။ ဒါကြီးဝတ်မိ၍ ကျိန်စာမိရတာနေမှာ။ အဘတစ်ယောက် တုန်လှုပ်ချောက်ချားနေတာ။ ဒီကိစ္စနဲ့ ပတ်သက်နေရမယ်။ သေချာပါပြီ။ မဖြစ်ဘူး၊ ဆရာတော်ကို အမြန်သွားပြောပြမှ ဖြစ်ပေမည်။ သတိရသွားကာ ထိုင်ရာမှထပြီး

"သင်းမြရေ ... ဆရာတော်ခေါ်ထားလို့ အဘကိုသွားပို့ပေးဦးမယ်။ နင်အိမ်မှာ ဧည့်ခံထားနော်"

"စိတ်ချ ... စိတ်ချ"

သင်းမြက ပြန်အော်ပြောသံကို ကြားရင်း အိမ်ပေါ်ထပ်ဘုရားခန်းရှိရာသို့ တက်ခဲ့လေတော့သည်။ သူ့အမေ ထားခဲ့သော မြွေရုပ်လက်စွပ်ကလေးကို ထားရှိခဲ့သောနေရာမှာ သွားရောက်ရှာဖွေလေရာ ...

"ဟင်"

သေသေချာချာ ဘူးနှင့်ပိတ်ပြီး ထားခဲ့တာ။ တစ်ယောက်ယောက်များ ယူလေသလား။ ကမန်းကတန်း အိမ်အောက်သို့ပြေးဆင်းလာပြီး ဦးဘစိန် အိပ်ပျော်ရာသို့ သွားနှိုးလိုက်ရသည်။

"အဘ ... အဘ"

အတင်းလှုပ်ကိုင်နှိုးမှ ဦးဘစိန် "အင်း အား"အော်၍ထလာသည်။

"အဘ ... အဘ၊ ဒီမှာကြည့်ပါဦး"

လက်စွပ်ထည့်ထားသော ဘူးလေးကို ဖွင့်ပြလိုက်ပြီး ..

"လက်စွပ်လေးမရှိတော့ဘူး"

"ဟေ"

ဦးဘစိန် အံ့အားတသင့်ကြည့်၍ နေစဉ် ...

"အဘများ ယူသိမ်းသလားလို့"

"ကြံကြီးစည်ရာကွယ် ...။ ဒီလောက် ဒုက္ခပေးတဲ့လက်စွပ်ကို"

"အင်း ... သင်းမြများ ဘုရားခန်းဝင်ရင်း တွေ့သွားလို့များလား"

"သင်းမြ ယူထားသလား မြန်မြန်သွားမေး၊ သွားမေးပါ သမီးရယ်။ နို့မို့ ဘုမသိ၊ ဘမသိ ဒုက္ခရောက်ကုန်မယ်"

ဦးဘစိန် မျက်လုံးမျက်ဆန်ပြူးကာ ပြောနေတော့သည်။ နှင်းမြက သောကမျော အခန်းဝထွက်ကာ

"သင်းမြ ... သင်းမြ၊ အဘက ခဏတဲ့"

ဧည့်သည်နှင့် စကားကောင်းနေသော သင်းမြထလာပြီး ...

"ဘာတဲ့လဲ အစ်မ"

"လာ ... လာ အဘခေါ်နေတယ်"

ညီအစ်မနှစ်ယောက် အဘဖြစ်သူအခန်းထဲ ဝင်ထိုင်လိုက်တာနှင့် –

"သမီး သင်းမြ၊ အဘကို မှန်မှန်ဖြေစမ်း။ ဒီထဲက လက်စွပ်တွေ့မိသေးလား"

"ဟာ.. ကြံကြီးစည်ရာ ဘာလက်စွပ်မို့လို့လဲ"

"အေး ... ပြောပြမယ်။ နင့်အမေကောက်ရတဲ့လက်စွပ်ပဲ။ နင့်အမေ ဒီလက်စွပ်ဝတ်လို့ သေရတာ။ ကျိန်စာသင့်တဲ့လက်စွပ်ကြောင့်ပဲ။ အဲဒါကို သမီးမသိဘဲ ယူဝတ်မိမှာစိုးလို့"

"ဘုရား ... ဘုရား"

သင်းမြ ရင်ဘတ်လေးဖိပြီး ကြောက်သွားရသည်။ သင်းမြ ဖြစ်နေပုံကိုကြည့်ပြီး ...

"အေး ... နင်ကြောက်တတ်လို့ အဘနဲ့ ငါက မပြောဘဲထားတာ။ အခုက ပစ္စည်းရှာမတွေ့လို့။ ဘုမသိ၊ ဘမသိ နင်ယူဝတ်မိမှာစိုးလို့ပဲ။ တခြားဘာအကြောင်းမှမရှိဘူး"

အစ်မဖြစ်သူရှင်းပြမှ သင်းမြစိတ်မကောင်းဖြစ်ခြင်းမှ လျော့ပါးသွားရပေ



www.burmeseclassic.com

www.burmeseclassic.com

မယ့် ကြောက်စိတ်ကမပြေနိုင်။ တုန်ယင်သောအမူအရာကို မြင်ရသဖြင့် –

"ဟဲ့ ... သင်းမြ၊ နင်ဘာကို ကြောက်နေတာလဲ"

"ဟိုလေ ... လက်စွပ်ကို သင်းမြ မယူတာအမှန်ပဘဲ အစ်မ။ အမေသေပြီးကတည်းက သရဲကြောက်လို့ ဘုရားခန်းရှိတဲ့ အိမ်ပေါ်ထပ်မပြောနဲ့။ တပို့တပါးသွားချင်တာတောင် အဖော်မပါရင် မသွားရဲတဲ့ဟာ။ ခုလိုဆိုတော့ ပိုကြောက်တာပေါ့ အီး ... ဟီး"

"ဟဲ့ ... တိုးတိုးငိုပါဟဲ့။ အခုကိစ္စက လူမသိအောင်အဘနဲ့ ကျိတ်ဆွေးနွေးနေတဲ့ဟာကို"

"ဟုတ်ပါတယ် အစ်မရယ်။ ကျွန်မကြောက်လို့ပါ။ ညက ... ညက ရက်လည်ဆိုတော့ အမေများလာခြောက်မလားလို့ တွေးပြီးကြောက်ရင်း အိပ်ပျော်သွားလိုက်တာ အိပ်မက်ထဲမှာ လက်စွပ်လေးတစ်ကွင်းက ခုန်ဆွခုန်ဆွနဲ့ ကျွန်မရှေ့ရောက်လာပြီး ငါနင့်ကိုပေးချင်လို့ဆိုပြီး စကားပြောတယ်။ အံ့ဩလွန်းလို့လေ။ နောက်တော့ နင့်ဆီမှာ ငါနေချင်တယ်ဟာလို့ပြောတယ်။ ဒါနဲ့ ဟဲ့ ... လူစကားပြောတဲ့လက်စွပ်ကလေး နင်ဘယ်ကလာတာလဲလို့ မေးတာနဲ့ သူက ငါလာတာ နင်သိဖို့မလိုပါဘူး။ နင့်ဆီမှာပဲ နေမှာဆိုပြီး ခုန်ဆွခုန်ဆွ လိမ့်လာပြီး ကျွန်မပါးစပ်ထဲကနေ ခုန်ဝင်သွားတာ အန်ထုတ်လို့လည်းမရ ဖြစ်နေတာ။ ကိုဖိုးတူးကိုပြောပြတော့ အိပ်မက်ပဲဟာ ကြောက်မနေနဲ့လို့ ပြောလို့ စိတ်ပြေရုံပဲရှိသေးတယ်။ အီး ... ဟီး အခုပျောက်တဲ့လက်စွပ်အကြောင်းသိတော့ ကျုပ်ဘယ်လိုလုပ်ရမှာလဲတော့။ ကျုပ် .. ကျုပ်အမေ့လို သေတော့မယ်ထင်တယ်"

ဆောက်တည်ရာမရ သင်းမြလူးလိမ့်ကာ ငိုကြွေးလေတော့သည်။

"ဟဲ့ ... သင်းမြ သတိထားမှပေါ့။ ဒီကိစ္စ ဘေးပန်းကကြားသွားရင် မကောင်းဘူး ထ ... ထ"

ဦးဘစိန် သမီးကိုကြည့်ပြီးစိတ်မကောင်းဖြစ်နေရသည်။

မမြင်ရတဲ့ နာမ်လောကနဲ့ လိုက်ပါနှိပ်စက်နေသော မြွေတို့၏ကျိန်စာကို ဖြေဖျောက်ရန် ဆရာတော်မှတစ်ပါး ကူညီနိုင်မည့်သူ မရှိဟုယုံကြည်လိုက်ပါသည်။

"အဲဒါကြောင့် ဆရာတော်ဆီသွားမလို့"

"ကျုပ်လည်း လိုက်မယ်အဘ"

သင်းမြ အတင်းအကျပ်ပူဆာချေပြီ။

"ဒီမှာ အကျွေးအမွေးကိစ္စက"

"ကိုဖိုးတူးရှိသားပဲ အဘရယ်၊ ကျုပ်မနေရဲသလိုဘဲ။ ဆရာတော်ဆီ အိပ်မက်ကိစ္စ လျှောက်ထားမှနေလို့ရမယ်"

"အေးပါ ... အေးပါ၊ လိုက်ခဲ့ကြ"

သည်တော့မှ သင်းမြမျက်နှာလေး ပြုံးနိုင်တော့လေသည်။

ကျောင်းဝင်းထဲသို့ ဝင်လာသော ဦးဘစိန်တို့ သားအဖသုံးဦးကို လှမ်းမြင်ရသော ဆရာတော်က ကျောင်းသားလေးများကိုမှာထားပြီး ဆရာတော်၏ဘုရားဝတ်ပြုရာ ဘုရားခန်းမှ စောင့်နေရှာသည်။

ကျောင်းပေါ်တက်လာသော သားအဖသုံးဦးအား ဆရာတော်မှာထားသည့်အတိုင်း ကျောင်းသားလေးများက လမ်းညွှန်လိုက်သည်။ ဆရာတော့်အခန်းဝင်တာနှင့် လက်အုပ်ချီကာ ဝင်ထိုင်ကြပြီး လှူဖွယ်ဝတ္ထုတို့ကို ဆရာတော်၏ရှေ့သို့ချကာ ကန်တော့လိုက်ကြသည်။

ဆရာတော်မှ ခေါင်းတညိတ်ညိတ်ဖြင့်ကြည့်ရင်း ...

"ပြောစမ်းပါဦး ဒကာစိန်၊ ဖြစ်ပျက်ခဲ့ပုံလေး"

"တင်ပါ့ဘုရား ... ကျောင်းအတွက်၊ အိမ်အတွက် တောထဲမှာ ထင်းခုတ်ပြီး ပြန်မယ့်အချိန်မှာပေါ့ဘုရား ×××××××××××××××× ×××××××××××××××××× အဲဒီလိုဖြစ်ခဲ့ပြီး တပည့်တော်ဘယ်သူ့ကိုမှ မပြောပြရဲခဲ့ဘူး။ မိန်းမနဲ့ကလေးတွေ ကြောက်လန့်နေမှာစိုးလို့ ကျိတ်မှိတ်ခံစားနေရတာပေါ့ဘုရား။ သူတို့ကတော့ အပမှီတာလား၊ ရောဂါဝေဒနာလား စောင့်ကြည့်ကြတာပေါ့။ တပည့်တော်မှာ ညရောက်မှာ ကြောက်နေတယ်။ မျက်လုံးမှိတ်ပြီး မှေးခနဲဖြစ်တာနဲ့ အဲဒီမြွေကြီးက ရောက်လာပြီး ကြိမ်းမောင်းနေတော့တာပဲ။ အခုလည်း ဒကာမ မြထွေးလက်ထဲ ဘယ်ကဘယ်လို လက်စွပ်ရောက်နေတယ် မသိဘူး။ ခုလိုဖြစ်ပျက်မှ သိရတာပါဘုရား။

ဒီလက်စွပ်ကို အရှင်ဘုရားထံ အပ်နှံဖို့ရာ အရှင်ဘုရားအဓိဋ္ဌာန်ဝင်နေတယ်ဆိုတာနဲ့ တွေ့ခွင့်မရခင် စပ်ကြားမှာ ဒီလက်စွပ်ကို သိမ်းထားရင်းကနေ ခုလိုကြုံရတာပဲ ဘုရား။

တပည့်တော်မှာ ဒီစိတ်ဒုက္ခကြောင့် မစားနိုင်၊ မအိပ်နိုင်နဲ့အတော်



www.burmeseclassic.com

www.burmeseclassic.com

ကြီး စိတ်ဒုက္ခခံစားရပါတယ် ဘုရား။ အရှင်ဘုရား ကယ်တော်မူပါဘုရား''

ဆရာတော်မှာ သေချာစွာနားထောင်ပြီး ...

''ကောင်းပြီ၊ အဲဒီလက်စွပ်ကော ရှိသေးရဲ့လား''

ဆရာတော်မေးလာသဖြင့် 'နှင်းမြ'က ဝင်လျှောက်လေသည်။

''ဒီလိုပါဘုရား၊ အမေ့အလောင်းရေချိုးပေးစဉ်မှာ ဒီလက်စွပ်က သူ့အလိုလို 'ဒေါက်'ခနဲ ပြုတ်ကျလာမှ အမေ့မှာ ဒီလက်စွပ် ဝတ်ဆင်ခဲ့တာ အဲဒီအခါကျမှ တပည့်တော်သိရတာပါ။ အဘကိုသွားပြတော့ အဘကလည်း မသိရှာဘူးဘုရား။

ဒီလက်စွပ်ကို ချောင်းထဲလွှင့်ပစ်မယ်လုပ်ဖို့ အဘကပြောနေစဉ်မှာပဲ လက်စွပ်ကကြမ်းပေါ်ပြုတ်ကျပြီး ဒေါင်လိုက်ခုန်ခုန်သွားနေတာများ မယုံနိုင်စရာပါပဲ။

ဒါနဲ့ ဘူးထဲမှာလုံအောင်ထည့်ပြီး ဘုရားကျောင်းဆောင်အောက်က စင်ပေါ်မှာ သေသေချာချာ သိမ်းထားခဲ့ပါတယ်။ ဒီနေ့ ဆရာတော်ထံ အပ်ဖို့လုပ်နေပါတယ်။ ဘုရားကျောင်းဆောင်အောက် သွားရှာတော့ ဘူးကတော့ရှိပြီး လက်စွပ်ပျောက်သွားတော့တာပါပဲဘုရား။

သင်းမြများ တွေ့သွားလို့ ယူပြီးဝတ်ဆင်မိရင် ဘေးဒုက္ခကြုံမှာစိုးရိမ်လို့ ခေါ်မေးတော့မှ သင်းမြကြုံခဲ့ရတဲ့အတိတ်လမ်းကို သိရတာပါပဲဘုရား။ တပည့်တော်ညီမလေး ဒုက္ခဖြစ်တော့မယ် ထင်တယ်ဘုရား ဟီး ... ဟီး''

နှင်းမြက စကားအဆုံးမှာ ငိုချလိုက်ပါတော့သည်။

''ဟော ... သင်းမြက ဘာဖြစ်ရတာတုံး''

ဆရာတော်က ကွမ်းတမြုံ့မြုံ့ဝါးရင်း ထပ်မေးလေရာ ...

''တင်ပါ့ဘုရား။ တပည့်တော်ကို ညကပေးတဲ့အိပ်မက်ထဲက လက်စွပ်က ခုန်ဆွခုန်ဆွနဲ့ရောက်လာပြီး လူကဲ့သို့ စကားလာပြောတယ်။ တပည့်တော်နဲ့ စကားအပြန်အလှန်ပြောပြီး လက်စွပ်ကလေးက တပည့်တော်ပါးစပ်ထဲခုန်ဝင်ပြီး တပည့်တော် မျိုချမိရက်သားဖြစ်သွားတယ်ဘုရား။ အဲဒါ တပည့်တော်အမေလည်း ဒီလက်စွပ်ဝတ်ရုံနဲ့ သေရတာ။ အခုလက်စွပ်က ပျောက်နေပြီး အိပ်မက်ထဲမှာ တပည့်တော်ပါးစပ်ထဲကနေ မျိုချမိတော့ တပည့်တော်အဖြစ်ဆိုးတော့မယ် ထင်ပါရဲ့ဘုရား။ တပည့်တော် ဒုက္ခရောက်တော့မယ်ထင်ပါရဲ့ ဘုရား။ ကယ်ပါဦး ဘုရား ဟီး ... ဟီး''

သင်းမြခမျာ ပူပင်သောကရောက်နေပေသည်။ လောလောလတ်လတ် မိခင်ကအဖြစ်ဆိုးနှင့်ကြုံတွေ့ထားတော့ ပိုဆိုးပေသည်။

''ဟဲ့ ... သင်းမြ၊ တိုးတိုးငိုပါဟဲ့။ ကျောင်းပေါ်မှာ သူများတွေကြားပြီး တစ်မျိုးထင်ပါဦးမယ်''

''ကျွန်မသေရမယ့်ကိစ္စ အဘရဲ့။ ဝမ်းမနည်းဘဲ အော်ရယ်ရမှာလားလို့။ အဘသာ အဲဒီမြေကို ခုတ်မသတ်ခဲ့ရင် ခုလိုဖြစ်မတဲ့လား''

''ဟဲ့ ... ငါ့ရှေ့ရောက်လာတဲ့ မြွေကြီးကို ငါက ခုတ်မသတ်ခဲ့ရင် သူပေါက်သတ်တာခံခဲ့ရမှာပေါ့။ ဒီလိုဖြစ်မယ်မှန်းသိ ငါအသေခံခဲ့မှာပေါ့ဟဲ့''

သားသမီးတွေနှင့်အဖေဖြစ်သူတို့ စကားများကြလေပြီ။

''တိတ်ကြစမ်း''

ဆရာတော်အော်လိုက်မှ ပါးစပ်ပိတ်သွားကြလေသည်။

''တပည့်တော် ဒီမြွေကို မုန်းတီးစိတ်နဲ့ သတ်ခဲ့တာမဟုတ်ပါဘုရား။ မြွေနဲ့ပက်ပင်းတိုးလို့ ကိုယ့်ရန်မမူခင် ခုတ်လိုက်မိတာပါဘုရား''

ဆရာတော်မှာ အရည်ဝါသီရဟန်းတော်ဖြစ်၍ ဦးဘစိန်တို့မိသားစု အတွေ့အကြုံကို သုံးသပ်နားထောင်ပြီးမှ ...

''အင်း ... သူတို့ဘက်က နှစ်ကောင်တောင် အသတ်ခံလိုက်ရတာမို့ ဒကာတို့ဘက်က နှစ်ယောက်အစားလိုချင်နေပုံရတယ်။ ဒါတောင် သူတို့အမျက်က ပြေနိုင်မယ်မထင်ဘူး၊ အမျက်တကယ်ကြီးတဲ့ကောင်တွေပဲ''

''တပည့်တော် တောင်းပန်လို့ရရင် တောင်းပန်ချင်ပါတယ်ဘုရား''

''အိမ်း ... ဒကာကြီး ကြုံတွေ့ခဲ့တာ တောကြီးမြွေဟောက်လည်း မဟုတ်ဘူး။ တကယ့်နတ်မြွေကွဲ့။ တန်ခိုးဣဒ္ဓိပါဒ်ရှိတဲ့ သတ္တဝါတွေပဲလေ။ ဒကာတို့လုပ်ရပ်ကို ကျုပ်က မေတ္တာရပ်ခံကြည့်ရုံမှာပဲ။ ဒကာ့အိမ်ဆွမ်းစားကြွလာကတည်းက မြွေရိပ်တွေကရှုပ်ယှက်ခတ် ပြေးလွှားနေတာမြင်သိလို့ မေတ္တာသုတ်ပရိတ်၊ မေတ္တာဘာဝနာ အကြာကြီး ဆောင်ရွက်ပေးခဲ့တာ သိကြရဲ့လား''

''တင်ပါ့ဘုရား''

''အေး ... ဒကာတို့၊ ကျုပ်လက်ထဲ လက်စွပ်အပ်နိုင်ရင် သူတို့ခြယ်လှယ်ချင်သလို ခြယ်လှယ်ခွင့်မရတော့တာ သိလေတော့ လှုပြည်လှုရှာ

www.burmeseclassic.com

မှာ လူ့ဘဝနဲ့ ဒုက္ခရောက်အောင် အကုသိုလ်ခရီး ဆက်ကြရအောင် ကြိုးပမ်းလိုက်တာကွဲ့။ သူတို့ဘက်က ခရီးတာအောင်မြင်သွားပေပြီ။ ဒကာမ လေးဝမ်းဗိုက်ထဲရောက်တာ အသက် ဝိညာဉ်ဒုက္ခပေးဖို့ မဟုတ်ဘူးကွဲ့။ စိတ် အေးအေးထား။ လူ့ပြည်လူ့လောက ကို ဝင်ရောက်ဖို့လာတာမို့ သတ္တဝါတစ် ခု ကံတစ်ခုကယ်တင်တယ်လို့ပဲ လက် ခံထားပါကွယ်''

"တင်ပါ့ဘုရား''

"ကောင်းပြီ။ မနက်ဖြန်ကစပြီး ရွာဦးဘုရားမှာရော၊ ဒကာတို့အိမ်မှာပါ ကန်တော့ပွဲကိုး(ဖိုး) ပွဲလှူပေးရမယ်။

ဒကာစိန်ကတော့ ဥပုသ်သီလ ဆောက်တည်ပြီး အဓိဋ္ဌာန်ဝင်ပေးရ မယ်။ နေ့စဉ် ပုတီး ၁၀၈ ပတ်ရ အောင်စိပ်ပြီး ဝေနေယျများအား မေတ္တာပို့၊ အမျှဝေရမယ်။ ဒကာနဲ့ဆုံ တွေ့ခဲ့တဲ့ နတ်မြွေများကို သီးသန့်အာ ရုံပြုကာ မေတ္တာပို့ပေးရမယ်။ ဒကာရဲ့ ကောင်းမှုကုသိုလ်ကို သစ္စာပြုအမျှဝေ ပေးရမယ်နော်''

"တင်ပါ့ဘုရား၊ တပည့်တော်တို့ ဆရာတော်ရဲ့ အဆုံးအမလမ်းညွှန်မှု ကို နာခံပါ့မယ်ဘုရား''

"ကောင်းပြီ။ အခုကျုပ်စီမံပေး ထားတဲ့ ပရိတ်ကြိုးကို အိမ်ရှိလူကုန် မချွတ်တမ်းဝတ်ဆင်ထားကြရမယ်''

"တင်ပါ့ဘုရား''

"ရွာဦးဘုရားမှာ သားအဖတွေ အလုပ်စခန်းဝင်ဖို့ ရှိခိုးဦးတင်လျှောက် ကြပေတော့။ နောက်တစ်နာရီကြာမှ ကျောင်းပေါ်ပြန်တက်ခဲ့ကြနော်။ ဒကာ တို့အတွက် ကျုပ်က အလုပ်လုပ်ပေးရ တော့မယ်''

ဆရာတော်က မိန့်လာသဖြင့် သားအဖသုံးဦး ထွက်လာတာနှင့် ဆရာတော်၏ဘုရားခန်းတံခါး ပိတ် လိုက်တော့သည်။

ဦးဘစိန်နှင့်သမီးနှစ်ဦး ရွာဦး ဘုရားမှာ ပါလာသော ဖယောင်းတိုင်၊ အမွှေးတိုင်များ ထွန်းညှိပူဇော်ကြကာ အလုပ်စခန်းဝင်ရန် မိမိတတ်သမျှ မှတ်သမျှရွတ်ဆိုပူဇော်ကြလေသည်။

ဆရာတော်မှာ လောကီ၊ လော ကုတ္တရာနှံ့စပ်ပေါက်မြောက်ထားသော ဆရာတော်ကြီးဖြစ်၍ ရွာနီးစပ်ချုပ် သာမက မြို့ပေါ်ကပင် ပင့်ဆောင်ကိုး ကွယ်တော်မူ၏။

သို့သော် ... ဆရာတော်ကား ပင့်တိုင်းမလိုက်။ ကျွေးတိုင်းလှူတိုင်း လက်မခံ။ သူ့အာရုံ၊ သူ့မနောမှာ တကယ်ကယ်တင် ဆောင်ယူစရာရှိ က အလိုလိုကြွလာပြီး ကူညီစောင့် ရှောက်တတ်ပေသည်။

ကျောင်းမှာလည်း အမြဲမနေ။ တောတိုးကာ တရားအားထုတ်သည် က များသည်။

ဆရာတော်အလုပ်ပျက်ခံပြီး တော်ရုံဒကာ၊ ဒကာမကို အတွေ့မခံ ချေ။ ကံကောင်းထောက်မစွာဖြင့် ဒကာဦးဘစိန်တို့အား ဆရာတော် လက်ခံတွေ့ဆုံ ကူညီဆောင်ရွက်ပေးမှု ကို ရလိုက်ခြင်းဖြစ်ပေသည်။

သားအဖသုံးဦး အသုဘရက် လည်ကိစ္စကိုပင် မေ့လျော့ကာ ယုံ ကြည်သဒ္ဒါထက်သန်စွာဖြင့် ဘုရားရှိခိုး ကန်တော့ကြသည်မှာ ဆရာတော်မှာ သည့် တစ်နာရီအကြာသည်ပင် ခဏ လေးထင်လိုက်ရတော့သည်။

"အဘစိန် ... ဆရာတော်က လာခဲ့ဖို့ခေါ်ခိုင်းနေတယ်''

ဘုန်းကြီးကျောင်းသားလေး လာ ပြီးခေါ်တော့မှ ဘုရားရှိခိုးခြင်းအမှုကို လက်စသတ်ကာ လိုက်ခဲ့တော့သည်။

ဆရာတော်ရှေ့အရောက်မှာ –

"ကဲ ... ဒကာစိန်က ရှေ့က ထိုင်၊ သမီးနှစ်ယောက်က နောက်က ထိုင်၊ ဘုရားကိုအာရုံပြုထား။ ကျုပ်စွပ် ပေးလိုက်တဲ့ပရိတ်ကြိုးကွင်းကို မဖြုတ် ရဘူးနော်။ အေး ... ကိုယ့်ဘာသာ သတိမေ့လျော့ခဲ့ရင် ကျုပ်တာဝန် မဟုတ်ပေဘူး။ ဟုတ်ပြီလား။ ကံငါးပါး ထဲက ကိုယ်စောင့်ထိန်းနိုင်တဲ့ တစ်ပါး ပါး လုံအောင်၊ မကျိုးမပေါက်အောင် စောင့်ထိန်းပါ့မယ်လို့ ကိုယ့်ဘာသာ စိတ်ထဲက သစ္စာပြု။ ဒါဆို ပရိတ်ကြိုး တန်ခိုး မပြယ်ဘူးဆိုတာ မှတ်ထားဦး''

"တင်ပါ့ဘုရား''

"ဟဲ့ ... သင်းမြ၊ နင့်အိမ်သား ငါ့ဆီခေါ်လာခဲ့ဦး။ ဒီနေ့ နေမဝင်ခင် ဒီကိစ္စကိုပြီးအောင် ဆောင်ရွက်ရမှာ။ နင်တို့မျိုးဆက်အဖြစ်ရောက်လာတော့ အတော့်ကိုသတိထားရပေမယ်။ ဒကာ စိန်အိမ်ရောက်တာနဲ့ နင်တို့စုံတွဲမြန် မြန်လာ့ခဲ့ကြ''

"တင်ပါ့ဘုရား''

"အိမ်း ... သွားကြ၊ သွားကြ''

သားအဖသုံးဦး ဆရာတော်အား ဝတ်ပြုပြီး ပြန်လာကြတော့သည်။

*(ဆက်လက်ဖော်ပြပါမည်။)*

**မြနန်းရှင်**



www.burmeseclassic.com

www.burmeseclassic.com

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်၊ ကြာတကန်ကျေးရွာအနီး

# ရှေးဟောင်းစေတီတော် ပြုပြင်တည်ဆောက်ရေးအတွက် ကုသိုလ်ပြု လှူဒါန်းရန် ဖိတ်ခေါ်လွှာ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်၊ ကြာတကန်ကျေးရွာအနီး၌ လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ခန့်ကဟု ခန့်မှန်းရသော ရှေးဟောင်းစေတီပျက်တစ်ဆူ ရှိပါသည်။

ထိုစေတီပျက်အား ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့သစ်၊ ၂၂-ရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ်(၆၇)ရှိ ဓမ္မဝါစီကျောင်းတိုက်မှ သီလရှင် 'ဒေါ်နန္ဒဝတီ' သည် ပြုပြင်လိုသောဆန္ဒ ဖြစ်ပေါ်ခဲ့ရာ ကျေးရွာရှိ ဆရာတော် 'ဦးသီဟ' နှင့် ရပ်ရွာလူကြီးများကို တိုင်ပင်လျက် ၁၃၇၆-ခုနှစ်၊ နတ်တော် လဆုတ် ၁၃ ရက်နေ့တွင် မြို့နယ်သံဃနာယက ဆရာတော် အပါအဝင် ပင့်သံဃာ ၉ ပါးတို့နှင့် မြေသန့်မင်္ဂလာ ပြုလုပ်ပြီး စေတီပျက် ပရိဂုဏ်ကိုငုံလျက် စေတီရင်ပြင်ဘောင် အုတ်ရိုးစီလုပ်ငန်းကို ၅၅ ပေ ပတ်လည် ကာရံပြုပြင်ခဲ့ပြီး ဖြစ်ပါသည်။ ထို့ပြင် လိုအပ်သည့် အဝီစိတွင်း တူးဖော်ခြင်း၊ ရေလှောင်ကန် ဆောက်လုပ်ခြင်းတို့ကိုလည်း ပြုလုပ်ခဲ့ပါသည်။

ဤတွင် ခုနစ်ရက်သားသမီးအပေါင်းတို့အနေဖြင့် သာသနိကအဆောက်အအုံများ တိုးတက်ဖွံ့ဖြိုးလျက် ဗုဒ္ဓသာသနာ အဓွန့်ရှည်ရန် ပါဝင်လှူဒါန်းလိုကြပါက အောက်ပါပုဂ္ဂိုလ်အသီးသီးထံ လှူဒါန်းနိုင်ကြပါကြောင်း စေတနာလောင်း၍ နှိုးဆော်အပ်ပါသည်။

**ဆက်သွယ်လှူဒါန်းရန် လိပ်စာများ**

(၁) ဆရာတော် ဦးသီဟ (၀၉-၄၀၃၇၃၀၂၅၀)
(၂) ဆရာလေး ဒေါ်နန္ဒဝတီ(ဓမ္မဝါစီ သီလရှင်ကျောင်း) (၀၉-၄၂၁၁၆၆၉၈၈)
(၃) ဒေါ်ကြင်တင်(၂၄၊ နတ်စင်လမ်း၊ ကျောက်မြောင်း၊ တာမွေ) (၀၉-၅၄၄၆၀၉)
(၄) ဒေါ်တင်တင်အေး(၇/မြေညီ၊ ငွေလရောင်လမ်း၊ ဂွတ္တလစ်) (၀၁-၄၀၀၉၂၃)
(၅) ဒေါ်နွဲ့နွဲ့ဝင်း(၁၇၊ ကျောက်တောလမ်း၊ ကျောက်မြောင်း) (၀၉-၃၁၄၈၇၀၉)
(၆) ဦးအောင်ရွှေ(၅၄၊ လမ်း ၁၂၀၊ မင်္ဂလာတောင်ညွန့်)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# အဘိုးရဲ့ အမွေ

နှင်းနှင်း

1961 -ဇန်နဝါရီ

"အောင်အောင်···ဆယ်တန်းမှာ ဂုဏ်ထူးထွက်ရင် ဆေးလိုင်းလား"

"မဟုတ်ဘူး၊ ငါက ရှေးဟောင်းသုတေသနဌာနမှ အလုပ်ဝင်ချင်တာ"

"ဒါများ ဆရာဝန်ဖြစ်ချင်သူလိုစာကို တအားကျက်နေရသေး"

"ဂုဏ်ထူးများများထွက်၊ အရမ်းစာတော်ခဲ့တဲ့သူ၊ ဘယ်ကျောင်းတက်တက် အမှတ်မီနေသူ ဖြစ်ချင်တာကွ။ မကြိုးစားပြလျှင် တစ်ချိန်ကျ ငါ့ကိုလူဘော်ကျော၊ သူဌေးအမွေရလို့ သူဌေးဖြစ်လာသူ ထင်ကြမယ်ကွ"

"မင်းတို့မြို့ကလူတွေ ပြည့်စုံချမ်းသာသူ များတယ်နော်"

"ကြီးမားတဲ့ သမုဒ္ဒရာပင်လယ်ကြီးကို ပိုင်ဆိုင်ထားတယ်ကွ။ အဲဒီရေထဲမှာ ငှက်သိုက်ထွက်တယ်၊ ငါးကြီးအန်ဖတ်ထွက်တယ်၊ ရေနေပုစွန်တွေ အားကြီးထွက်တယ်၊ ပုလဲကျွန်းလည်းရှိတယ်၊ ငါးပိလုပ်နည်းလည်း သိတယ်။ အလုပ်အမှန်တကယ် လုပ်တတ်ရင် မြိတ်ဆိုတာ ငွေပေါ်တဲ့ ကျွန်းမြို့ကွ"

ဘော်ဒါဆောင်တစ်ခု၏ ညနေချမ်းတွင် နယ်မှကျောင်းလာတက်သူများ စကားပိုင်းဖွဲ့နေကြသည်။ အောင်သူဟုခေါ်သော ကျောင်းသားတစ်ဦးနဲ့ ဗညားထွန်းတို့သည် အလွန်ခင်သည်။ အောင်သူက မြိတ်သားပီပီ အစားအစာကို ပုလင်းများ၊ ဘူးများနဲ့ အပြည့်ရှိနေတတ်သည်။ ခင်မင်သူတို့ သူ့ထံမှ အဆောင်ထမင်းနဲ့စားရန် အရံဟင်းများ ရနေကျဖြစ်သည်။ သဒ္ဒါတရားလည်း ကောင်းလှသည်။

"အောင်အောင်···သူများတွေက ဆရာဝန် သိပ်ဖြစ်ချင်တဲ့ခေတ်မှာ ပိုက်ဆံအဖြစ် လာစာနည်းတဲ့ ရှေးကျောက်စာချပ်တွေနဲ့ နပန်းလုံးရမယ့် အလုပ်ကိုမှ မင်းက ဘာကြောင့် ကြိုက်ရသလဲကွ"

"ရှေးဟောင်းယဉ်ကျေးမှုတွေ လက်တွေ့တူးဆွသလိုပဲ ငါ့ရဲ့မိဘဘိုးဘွားပိုင်မြေကို တူးဆွကြည့်ချင်လို့။ သမားရိုးကျနည်းမဟုတ်ဘဲ ထူးဆန်းတဲ့နည်းများ သင်ကြားတတ်မြောက်မလားလို့လေ"

"မင်းမိဘဘိုးဘွားမြေမှာ တစ်ခုခုရှိနေသလား"

"ရှိတယ်၊ ဘယ်နေရာမြှုပ်ထားမှန်းမသိလို့၊ ရှာမတွေ့ခဲ့ဘူး"

"ငါတို့ သိချင်တယ်၊ ပြောပြနော်"

"အေး···နည်းသိလျှင်လည်း ငါ့ကို ပြန်ပြောပြကြ။ ဒီလိုကွ··· ငါ့ အဘိုးမှာ မောင်နှမနှစ်ဦးတည်းရှိတာ။ အမွေခွဲလိုက်တော့ ရွှေတွေ၊ ပုလဲတွေ အတော်ရကြသတဲ့။ အဘိုးက စိုက်ပျိုးရေး ဝါသနာပါတယ်။ အဘွားက ဈေးရောင်းတာ ဝါသနာပါတယ်။ ရွှေတွေ၊ ပုလဲတွေက ပုလဲထွက်တဲ့ ငါ့အဘိုးရဲ့ မွေးရပ်မြေမှာ ဒီအတိုင်း အထုပ်လိုက်သိမ်းပစ်ခဲ့ကြတယ်။ ခြံမြေခပ်ကျယ်ကျယ်တစ်ခုပဲ ဝယ်ခဲ့တယ်။ နိုင်မာတောင့်တင်းတဲ့ အိမ်ကြီးတစ်ဆောင်ဆောက်ပြီး ခြံကိုစိုက်ပျိုး၊ ကိုယ်တိုင်ရောင်းချတယ်ကွ။ အေးချမ်းစွာနေထိုင်ကြတယ်ဆိုပါတော့ကွာ။ အဲဒီခြံရဲ့ရှေ့မှာ ဂျပန်လက်ထက်က တူးသွားတဲ့ရေကန်ကျယ်ကြီးတစ်ခုရှိတော့ ညနေဘက် ဆိုနှစ်ဦးသား ကန်ပေါင်မှာ လမ်းသွားလျှောက်တယ်။ ခြံနဲ့က လမ်းမတစ်ဖက်ခြားတယ်ဆိုပေမယ့် နယ်ကလမ်းဆိုတာ ဒီရန်ကုန်မှာလို ပေတစ်ရာမရှိဘူး။ ထားတော့ ပေ ၄၀ လောက်ပဲရှိမယ့် အကွာအဝေးပေါ့။ အဲဒီရေကန်ရဲ့ မနီးမဝေးတောင်ကုန်းကြီးက တရုတ်တွေပဲ မြှုပ်တဲ့ တရုတ်သင်္ချိုင်းရှိတယ်။ တခြားတစ်ဖက်မှာက ဘုန်းကြီးကျောင်းကျယ် တစ်ကျောင်းရှိတယ်။ လေကောင်းလေသန့်က သိပ်ရတော့ အဘိုးရဲ့စိုက်ပျိုးပင်တွေ သန်မာဖြစ်ထွန်းတယ်။ ကိုယ်တိုင်စိုက်တဲ့ အသီးအနှံလည်းစားတော့ စီးပွားလည်းဖြစ်၊ အသက်လည်း ရှည်တယ်။ ငါတတိယတန်းဖြေပြီး နွေရာသီကျောင်းပိတ်ရက်မှာ အဘွားဆုံးတယ်။ အသက်ကြီးမှဆုံးတယ်၊ နယ်မြို့လည်းဖြစ်တယ်။ မိမိပိုင်ခြံမြေမှာပဲ အသုဘပြင်ဆင်တဲ့၊ တစ်ပတ်တောင်ကြာမှ မြေချမလို့တဲ့။ မြိတ်မှာက မြန်မာသင်္ချိုင်း သပ်သပ်ရှိတယ်။ မဆုံးမီ နေမကောင်း နည်းနည်း

www.burmeseclassic.com

ဖြစ်နေတုန်း အဘွားက မှာထားရစ်တယ်။ သူတစ်ယောက်တည်း စောင့်နေခဲ့ရမယ်။ မြန်မြန်လိုက်လာနော်တဲ့။ တိုက်ဆိုင်ပုံများကွာ နက်ဖြန်အသုဘချမယ်။ ဒီညနေမှာ・・・နယ်မှာက ပုံတစ်မျိုးကွ။ ညနေတိုင်း အိမ်ကိုသံဃာတော်ပင့်ဖိတ်ပြီး ရွတ်ဖတ်သရဇ္ဈာယ် ရေစက်ချကြတယ်။ ခြောက်ရက်မြောက် ညနေဘက် ရေစက်ခွက်မှာ မျက်နှာအပ်ပြီး အဘိုးက အဘွားနောက် ထလိုက်သွားတယ်ကွ။ နှစ်လောင်းပြိုင်သေတော့ ငါ့အမေတို့ဘက်က အမျိုးတွေ မြို့တ်ဆင်းလာရတော့တာပေါ့။ အသက်ကြီးတဲ့အပြင် လူချစ်လူခင်လည်းများတော့ ခမည်းခမက်တွေအားလုံး သင်္ဂြိုဟ်ပို့ဆောင်ဖို့ ဆင်းလာကြတယ်ပေါ့။ အသုဘအပြီး မြို့တ်မှာတစ်လလောက် နေထိုင်ပြီး အမေ့ဘက်က အမျိုးတွေကို အဖေက ကိုယ်တိုင် ရန်ကုန်ပို့ပေးတယ်။ အမေနဲ့ငါက အောင်စာရင်းထွက်တော့မှာမို့ ကျန်ခဲ့တယ်။ ရန်ကုန်ကမြို့တ်ကို အဖေက အောင်တေဇ သင်္ဘောစီးပြန်ခဲ့တယ်။ အဖေက ဘာဖြစ်လို့မှန်းမသိဘူး။ အောင်ဇေယျနဲ့ အောင်တေဇသင်္ဘောကြီး တစ်လှည့်စီစီးချင်လာခဲ့တယ်တဲ့။ အဲ့ဒါ ဘယ်က ဘယ်လိုမှန်းမ ဘိဘူး ရန်ကုန်နဲ့မြို့တ်ကို ကုန်သည်မဟုတ်ဘဲ စိတ်ညစ်ပြေအောင် လိုက်အပျော်စီးခဲ့တယ်။ အောင်ဇေယျသင်္ဘောကြီး ပင်လယ်ထဲ မြုပ်သွားတဲ့အခါက် အဖေပါသွားတယ်ထင်တယ်။ လုံးဝ အဆက်အသွယ် ပြတ်သွားခဲ့တယ်။ အောင်ဇေယျသင်္ဘောထဲက ရှင်လာတဲ့သူတွေပြောတော့ အဖေက ကလေးတစ်ယောက်ကို တွယ်ပြီး ရေကူးနေခဲ့တာ နောက်ဆုံး မြင်မိတာပဲတဲ့။ အဖေက ငါတို့ဆီကို ပြန်မလာနိုင်ခဲ့ဘူးကွ။ ကလေးအသက်ကိုကယ်ရင်း သူနစ်မြုပ်သွားသလား မသိဘူးကွ။ သူသိပ်ချစ်တဲ့ အမေနဲ့ငါ့ကို ဘာမှ မမှာထားခဲ့ရစ်ဘူး။ သူ့အဖေ၊ ငါ့အဘိုးရဲ့ ရတနာထုပ်ကြီး ဘယ်မှာသိမ်းမှန်း ငါတို့ မသိခဲ့ရဘူး။ အဘိုးမှာက တစ်ဦးတည်းသောသားသမီးက အဖေပဲရှိခဲ့တာ။ အမွေခွဲစဉ်က အဘိုးရဲ့ညီမပြောခဲ့လို့ ပုလဲဘယ်နှလုံး၊ ရွှေဘယ်နှကျပ်သားဆိုတာ သိခဲ့တာတဲ့။ ရှာလို့ ခုထိမတွေ့ဘူး။ ငါ့တစ်သက်ပေါ့။ အဲဒါ ဘယ်မှာရှာရမှန်း မသိဘူး"

"တစ်ခြံလုံး၊ တစ်အိမ်လုံး လှန်ရှာပေါ့"

"အေးပေါ့၊ အမေစွမ်းနိုင်သမျှ ရှာတာပဲ။ မတွေ့ဘူးဖြစ်နေလို့"

"မင်းအမေကို ချစ်ရဲ့နဲ့ ဘာလို့ ပြောမပြထားရတာလဲကွ"

"တို့မြို့တ်နယ်သားတွေက ရန်ကုန်လူလည်တွေနဲ့ အများကြီး ကြုံဆုံခဲ့ရလို့ တစ်နယ်တစ်ကျေးသားများဆို သိပ်မယုံကြည်ကြဘူး။ နောက်ပြီး အဖေက အဘိုးအသက်ရှိစဉ်က လုံးဝ ထုတ်မကြည့်ခဲ့တာတဲ့။ ဒီအတိုင်း အသက်ဘေးကြုံဆုံမှ သုံးမယ်စဉ်းစားတယ်ထင်တယ်။ ခြံထွက်သီးနှံတွေက တစ်နှစ်တစ်နှစ် စားလို့မကုန် ပိုလျှံနေတော့ လျှုလည်းထုတ်မလှူချင်ဘူး။ ပွဲသွားပွဲလာ တစ်ဆင်စာလည်း အိမ်မှာရှိနေတယ်။ လှည့်ကြည့်စရာမလိုအောင် ပြည့်စုံနေတဲ့အပြင်၊ အဖေကပေါ့ဆခဲ့ပုံရတယ်။ သူ့အသက်မှ လေးဆယ်မပြည့်သေးတာ မသေသေးဘူး ထင်ပုံရတယ်။ အဘိုးတို့၊ အဘွားတို့က ၉၀ ကျော်မှ တစ်ပြိုင်တည်း သေခဲ့ကြတာကွ"

"ဒီပစ္စည်းတွေကို ရှိနေမှန်း ဘယ်လိုသိခဲ့ကြသလဲ"

"အဘိုးရဲ့ညီမက အဘိုးသေပြီး နှစ်နှစ်ကြာမှသေတာ။ အဘိုးနဲ့အဘွား သေတုန်းက သူရှိနေခဲ့တာ။ အဘိုးအသုဘလာတဲ့ ဧည့်သည်တွေပြန်ပို့ပြီး အဖေက သင်္ဘောကြီးစီးချင်လာတုန်းကလည်း သူ့မျက်စိအောက်မှာပဲ။ အဖေပေါ်မလာဖြစ်မှ အမေနဲ့ငါ့ကို သူတို့မောင်နှမ အမွေခွဲစဉ်က တစ်ဝက်စီရခဲ့တဲ့ ရတနာတွေပြောပြမှ တိတိကျကျ သိခဲ့ရတာ။ သူက ထုတ်ပြတဲ့ တချို့ပစ္စည်းက ဟုတ်တယ်။ တစ်ဝက်စီယူထားကြတယ်။ နားကပ်ဆိုသူ့မှာ တစ်ဖက်ရှိနေတော့ မြေထဲမှာ တစ်ဖက်ရှိမှာပေါ့။ ခြေကျင်းတို့ လက်ကောက်တို့ တစ်ဖက်စီသပ်သပ် အဘွားလေး သိမ်းထားတုန်းကွ။ ငါတို့ မြို့တ်က တစ်ခါတုန်းက ယိုးဒယားလက်အောက်ခံ အဖြစ်နဲ့ နေခဲ့ဖူးတယ်။ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ စစ်ချီလာပြီး တိုက်မှ မြန်မာပိုင်အဖြစ် ပြန်ရလာခဲ့တယ်။ အဘိုးတို့က ယိုးဒယားနဲ့ စစ်ပွဲထဲမှာ ဘယ်လိုပုန်းကြ ရှောင်ပြေးကြမှန်း မသိဘူး။ ရတနာပစ္စည်းတွေက ယိုးဒယားပန်းခက်တွေ၊ ဘယက်တွေ၊ ခေါင်းလည်ဆွဲတွေဆိုတော့ ရှေးဟောင်းပစ္စည်းထဲ ထည့်ဝင်ရင် ရနေလောက်ပြီ။ မြေထဲမှာ နှမြောပါတယ်။ အသုံးချမခံရဘဲ မြုပ်နေတာ။ ပြန်ထုတ်ယူချင်တယ်။ နည်းလမ်းလည်း စုံလှပြီကွ။ နှံနေပြီ မတွေ့ရဘူး"

"အောင်အောင်・・・မင်းရတနာထုပ်ကြီးရခဲ့ရင် ဘာလုပ်မလဲ"

"တို့မြို့မှာ အစားထိုးကုသတာတို့၊ အရေးကြီး ဆေးစစ်ကြည့်ဖို့ ဆေးရုံမလုံ



www.burmeseclassic.com

www.burmeseclassic.com

လောက်ဘူး။ ငွေရှိတဲ့လူတွေက ထိုင်းဘက်ကိုကူးသွား ကုသခံယူနေရတယ်။ လူတိုင်း မခံယူနေနိုင်တော့ အသက်ဆုံးတာလည်းရှိတော့ ငါက ဆေးရုံကြီးတစ်ရုံလောက် ပေါ်ပေါက်စေချင်လို့ကွ။ နိုင်ငံခြားကို တိတ်တိတ်လေးထွက်သွားရမယ့် ငွေတွေ တားဆီးပေးချင်တယ်။ ဆင်းရဲသားလည်း ကုသနိုင်ချင်တယ်"

"ရည်ရွယ်ချက်က ကောင်းမှ ကောင်း။ ဖြစ်ခဲ့လို့ကတော့ကွာ"

ဖြစ်မြောက်ဖို့အရေးမှာ အဘိုးများ မြေမှာသိမ်းထားသော ရတနာထုပ်၏ အခြေအနေပေါ် မူတည်နေသည်။

2014 - ဒီဇင်ဘာ

မြိတ်အသင်း နှစ်တစ်ရာပြည့်ခဲ့ပြီ။

မြိတ်သူ၊ မြိတ်သားများ ဟိုနား သည်နား အမှတ်တရ လှုပ်ရှားနေကြသည်။ အငြိမ်းစား ဗိုလ်မှူးကြီးဗညားထွန်းသည် အနားယူပြီးမှ ပန်းချီပြပွဲလေးများ တစ်ခါတစ်ရံသွားကြည့်တတ်သည်။ ဝါသနာပါသဖြင့် လေ့လာမိသည်။

ယောမင်းကြီးလမ်း အမှတ် ၆၅ တွင် ဒီဇင်ဘာ ၉ ရက်နေ့တွင် မြိတ်သားပန်းချီဆရာများ ကြိုးစားထားသော ပြခန်းလေးကိုသွားကြည့်ကာ ပိုးနှစ်ပေါင်းများစွာက ဝေးကွာသွားသော ဦးအောင်သူကို သတိရနေမိသည်။

အဆိုတော် တွံတေးသိန်းတန်၏ သီချင်းတစ်ပိုဒ်ထဲကပုံလို မိမိတို့မှာ အသီးတစ်ရာ အညှာတစ်ခု ကျောင်းမှလွင့်စဥ် သွားစဉ် ဘဝစုံရောက်နေကြသည်။

မြိတ်ကလည်း အရင်လိုမဟုတ်။ ပင်လယ်ပြင်မှ ပစ္စည်းများသည် နိုင်ငံတကာသို့ ရောက်ရှိသွားခဲ့ကြပြီ။ မှောင်ခိုခေတ်လည်း ကုန်ခဲ့ပြီ။ တက္ကသိုလ်၊ ကောလိပ်များလည်း ရှိနေပြီ။ အရာရာ တိုးတက်ပြောင်းလဲသွားခဲ့ပြီ။ သူငယ်ချင်း ဦးအောင်သူတစ်ယောက် ဘယ်ပုံသဏ္ဌာန် ရှင်သန်နေပါလိမ့်။ တွေ့ချင်လှပါဘိ။

"သမီးလေး၊ မေးကြည့်ချင်လို့ပါ"

"ဟုတ်ကဲ့ရှင့် ဘကြီး။ သိချင်စရာ ရှိလို့လား"

"ဒီလိုကွယ် . . . သမီးတို့မြို့မှာ အောင်သူဆိုတဲ့နာမည်နဲ့ အဲ . . . သူနေခဲ့တဲ့ ခြံဆိုတာက တရုတ်သင်္ချိုင်းကုန်းနဲ့ နီးတယ်တဲ့။ ရေကန်ကြီးတစ်ခုရဲ့ ရှေ့ဆိုပဲ။ ဘုန်းကြီးကျောင်းလည်း အကျယ်အဝန်းနဲ့ဆိုပဲ။ အဲဒါ သိသလား"

"သမီးတို့က နောက်လယ်ရပ်ကွက်မှာ။ အခု ဘကြီးပြောတာက ရေပုန်းရပ်ကွက်အဝင်မှာလေ။ မရင်းနှီးကြဘူးရှင့်"

"သြော် . . . ဒအေး . . . အေး။ ကျေးဇူးပဲကွယ်"

တွေ့ချင်မြင်ချင်မိ၍ သတင်းစုံစမ်း မိပေမယ့် သိပ်မသိကြပုံမို့ တိတိကျကျ မသိခဲ့ရပေ။ အောင်သူရယ် . . . ငါစစ်ထဲမှာ အလုပ်များခဲ့မိတော့ အဆက်အသွယ် ပြတ်သွားကြတာပေါ့နော်။ သူငယ်ချင်း နေကောင်းပါစေ။

ဗိုလ်မှူးကြီးဘဝနဲ့ အငြိမ်းစားယူခဲ့သောအခါ မြို့နယ်အသင်းဥက္ကဋ္ဌအဖြစ် အပြည့်အဝတာဝန်ယူနေဖြစ်သည်။ စာကြည့်တိုက်တစ်ခု ဖွင့်ပွဲမှ နိုင်ငံခြားခရီး မှပြန်လာမည့် သားနှင့်ဇနီးကို ကြိုဆိုရန် အချိန်လုကာ လေဆိပ်မောင်းလာခဲ့သည်။ ကားကို လေဆိပ်မှာထားပြီး ကော်ဖီသောက်ရန် လျှောက်လာမိစဉ်-

"ဟော့ . . . ဟော့လူ၊ ဗညား"

"ဟင် . . . အောင်သူ၊ မင်းဘယ် သွားမလို့လဲ"

"ဗုဒ္ဓဂယာကို တစ်ခွေမျိုးလုံး ပို့ပေးမလို့။ မင်းရုပ်က မပြောင်းလဲဘူး။ ကြိုသိရင် မင်းကိုလည်း ဒကာခံပြီးဖိတ်တယ်ကွ။ ငါကုသိုလ်ယူနေတာ"

"ဟာ . . . မင်းကြီးပွားနေသလား အောင်သူ၊ ဟိုဟာ ရပြီလား"

"ဟော့ . . . မင်းမှတ်မိနေသေးတယ်လား။ ကော်ဖီအရင်မှာကွာ"

"ပြောစမ်းပါကွ၊ ငါသိချင်လို့"

"မင်းလည်း မင်းရည်ရွယ်ချက်အတိုင်း တပ်မတော်ထဲဝင်၊ ငါလည်း ရှေးဟောင်းယဥ်ကျေးမှုရှာရင်း ဆရာရှာနေတာ။ ငါတို့ပစ္စည်းဟော့ ပြန်မရတော့ပါဘူး။ ဥစ္စာစောင့်တွေ ယူသွားပြီလို့ ဆိုကြတယ်ကွ။ ငါ မြန်မာပြည်အလယ်ပိုင်းမှာ တာဝန်နဲ့ခရီးသွားတဲ့အခါတုန်းက ဆရာတစ်ဦးနဲ့တွေ့တယ်။ ဆရာက ငါ့ကို ရုပ်အင်္ဂါကြည့်တာနဲ့ သူ့ဗေဒါတာရှင် မှန်းသိတယ်။ ငါဘာမှ မမေးရသေးဘူး။ သူကစ အားလုံးပြောပြသွားတယ်၊ ငါရဲ့ အဘိုး၊ အဘွားနဲ့ အဖေက နတ်ပြည် ရောက်ကုန်တယ်လို့ သူအားလုံးသိထားတယ်တဲ့။ ထူးဆန်းပါ့ကွာ။ မကောင်းတဲ့ဘုံရောက်နေရင် ပြန်ခေါ်ကူပေးနိုင်းလို့ ရနိုင်သေးတယ်။ အပေါ်ရောက်နေသော ဘဝဆိုတော့ မခေါ်နိုင်ဘူးတဲ့၊ ဒါပေမယ့် တစ်ခါမှ မမြင်တွေ့ရဖူးတဲ့ အဲဒီဆရာကြီးက အားလုံးသိနေတယ်။ ငါကလည်း ပြန်မေးတယ်။ ဒီဇာတ်လမ်းကို ပင်လယ် ရပ်ခြား၊ ရေတွေခြား၊ မြေခြားထားပေမယ့် သိနေတော့ ပြန်ရအောင် နည်းလမ်းရှိကိုရှိရမှာပေါ့လို့။ သူက အကြာကြီး စဥ်းစားနေခဲ့တာ။ ငါကလည်း အလွတ်မပေးဘူး။ ဘယ်လို သိရှိခဲ့သလဲ။



www.burmeseclassic.com

www.burmeseclassic.com

ဘယ်လိုပြန်ရအောင် လုပ်ရမလဲ။ ဖြစ်အောင် ကူညီ...ပါလို့"

ဦးအောင်သူ လက်ဖက်ရည်ကို ငုံသောက်နေသည်ကို ဗိုလ်မှူးကြီးဗညားထွန်းမှာ သည်းခံစောင့်နေရသည်။ သိချင်လှပြီ။

"အဲဒီ ဆရာကြီးက ယောနယ်က ဆရာကြီးဖြစ်နေတယ်။ သူက ငါ့ကိုမေးတယ်။ ဖစ္စည်းက တစ်ဝက်ပဲပြန်ရနိုင်ဖို့ ရှိတယ်။ လုပ်နည်းက အချိန်ယူပြီးလုပ်ရမယ်။ လုပ်နိုင်မလားတဲ့။ ငါ့တစ်သက် ရှာနေရတဲ့ အမွေပဲကွ။ အမေမသေခင် ရချင်လို့ သဘောတူလိုက်တယ်။ နေ့စဉ် မဟာသမယသုတ်ကို ဖြစ်စေ၊ ဓမ္မစကြာ ပါဠိတော်ကိုဖြစ်စေ ရက်ပေါင်း ၃၂၅ ရက် ရက်မပျက် ရွတ်ရမယ်။ ရက်ပျက်သွားရင် တစ်မှ ပြန်စရမယ်တဲ့။ ကိုးနှစ်တိတိဖြစ်နေတယ်"

"ဘာဘာအောင်သူ...ပစ္စည်းလက်ခံပြီး၊ တချို့ဝင်နေပြီ"

"အေး...သွားကြတာပေါ့။ ဗညား ငါပြန်လာမှ ဆက်ပြောမယ်ကွာ"

"မလုပ်နဲ့ ငါအိပ်မရဘဲ အသက်ထွက်သွားမယ်။ ဟိုနားထိ ငါလျှောက်လိုက်ခဲ့ဦးမယ်။ အရေးကြီးတာ ပြောခဲ့ကွ။ ကျောင်းသားဘဝကတည်းက စခဲ့တဲ့ဇာတ်လမ်း မသိရမနေနိုင်လို့"

"ဟားဟားဟား...ဗိုလ်မှူးကြီးတောင်ဖြစ်ခဲ့သူက ကလေးလို တကောက်ကောက်လိုက်နေတယ်။ အေး...ဒီလိုဆို အမေနဲ့တိုင်ပင်ပြီး ငါလည်း မြန်မြန် အိမ်ထောင် ယူလိုက်ရတယ်။ ၉ နှစ်အဆက်မပြတ် ဓမ္မစကြာရွတ်ဖို့က အမေတစ်လှည့်၊ ချွေးမတစ်လှည့် ရက်မပျက်ရွတ်ပေါ့။ ပြီးခဲ့တဲ့ ဆယ်စုနှစ်မှာ ကောလိပ်အတွက် လမ်းသစ်ဖောက်ဖို့ မြူနီစီပါယ်လမ်းတွေချဲ့တယ်။ မြို့ကို အင်္ဂလိပ်နဲ့အညီ ပြုပြင်ချဲ့ထွင်တယ်။ မြို့လယ်ရောက်နေတဲ့ တရုတ်သင်္ချိုင်းကို တူးပစ်ပယ်။ နေရာရွှေ့မယ်ဆိုပြီး ဖြစ်လာတယ်။ မင်းအမိန့်ကို၊ မင်းအာဏာကို မြေဖုတ်တွေ ကြောက်တယ်။ ၉ နှစ်ပြည့်တဲ့ညမှာ အိပ်မက်ပေးတယ်ကွ။ ငါတို့ခြံရှေ့က ရေကန်နဲ့သင်္ချိုင်းအကူး တံတားဦးက မှတ်တိုင်ကို တူးဖြို့နှုတ်ယူတဲ့။ သင်္ချိုင်းနယ်နဲ့ တစ်စပ်တည်းမို့ နှစ်များစွာ သူတို့စောင့်ရှောက်လာလို့ တစ်ဝက်ပဲချန်ခဲ့တယ်တဲ့"

စကားမှာ မဆုံးသေး။ ပတ်စပိုပြသနေသော အောင်သူ၏အဖွဲ့ထံ ရောက်လာပြီ။ အဖွဲ့ခေါင်းဆောင် အောင်သူမှာ စကားမပြောနိုင်ခဲ့တော့ပေ။ တစ်ဦးချင်းစီကို လိုအပ်သလို လုပ်ပေးနေရသည်။ ဗုဒ္ဓဂယာသို့ ဘုရားဖူးသွားသော လေယာဉ်မှာ အစောကြီး ဆိုက်နေကျဖြစ်သည်။ လူအများကြီးပါသောအဖွဲ့ ဖြစ်နေသဖြင့် အောင်သူ အလုပ်ရှုပ်နေသည်။

ဗိုလ်မှူးကြီးဗညားထွန်းမှာ သူငယ်ချင်းထံမှ စကားသံများ ထွက်လာဦးမလားဟု မျှော်ကာကြည့်ရင်း ရပ်နေစဉ်

"ကိုကို...အိမ်သားတွေကို လာကြိုတာ ဟုတ်ရဲ့လား"

"မိန်းမကလည်းကွာ၊ သားလည်း ပါနေတာပဲ။ ဘာအခက်အခဲမှ မရှိနိုင်ဘူးဆိုတာ သိတယ်လေ။ သူငယ်ချင်းက ကွဲနေတာ ကြာလှပေါ့"

"သူငယ်ချင်းမှဟုတ်ရဲ့လား။ အချစ်တော်များ ဖြစ်နေသလား။ ကိုကိုက သူ့ မျက်နှာကြီး လိုက်ကြည့်နေတော့တာပဲ"

"ဟယ်...တောက်တီးတောက်တဲ့ အချစ်တော်တဲ့"

ဗညားထွန်းမှာ တော်တော်စိတ်တိုသွားသည်။ သားတော်မောင်က တခိခိ ရယ်နေပြန်သဖြင့် မျက်စောင်းလှည့်ထိုးလိုက်ရပြန်သည်။

"ခွေးကောင် အောင်သူ၊ တစ်ပိုင်းတစ်စကြီးနဲ့"

အမေရှာပေးသော မိန်းမကို ကောက်ယူပြီး နေ့စဉ် ဓမ္မစကြာရွတ်ခဲ့သော သူ့မိန်းမနဲ့လည်း မိတ်မဆက်ဖြစ်၊ ဖုန်းနံပါတ်လည်း သေချာပေးမသွားခဲ့။ ရတနာထုပ်က သူတို့ခြံထဲမှ သင်္ချိုင်းနယ်စပ်ကို ဘယ်လိုရောက်သွားခဲ့သလဲ ဆိုတာလည်း မပြော၊ ဆရာကြီးနဲ့ပြန်ဆုံရင် ငါ့ကို ခေါ်သွားပြနိုင်းမလို့ဆိုတာ နားမထောင်သွားရ၊ ရတနာထုပ်ကြီးထဲမှ တစ်ဝက်သည် မီးသွေးခဲများ ဖြစ်နေရောလား။ သူ့အိမ်ထောင်နဲ့သူ ဘာလုပ်ငန်းတည်ထောင်မှန်းလဲ မသိလိုက်ရဘဲ နိုင်ငံခြားခရီးကို သွားပြီ။

"ခွေးကောင်...ငါ့ကို အီလည်လည်ချန်ထားခဲ့တယ်။ ဘုရားနဲ့မတွေ့ဖီ ကုလားနဲ့တွေ့မယ့်ကောင်၊ ဒုက္ခပေးရစ်ပြီ။ သိချင်လိုက်တာ"

"ကိုကို...အိမ်ပြန်ကြမယ်လေ၊ လေဆိပ်ထဲ ဘာရပ်နေလဲ"

"မိန်းမရယ်...အိမ်ကထွက်မပြေးပါဘူး။ ပြန်ပါမယ်"

မိသားတစ်စု လေဆိပ်မှ ထွက်ခွာလာခဲ့ရသည်။

**နှင်းနှင်း**



www.burmeseclassic.com

www.burmeseclassic.com

# လမိုင်းပွဲ

## မင်းရိုးယဉ်

ကိုတက်ခေတ် အသက် ၃၀ ကျော် အရွယ်က ဖြစ်သည်။ ဝတ္ထုရှည် လုံးချင်း စာအုပ်နှစ်အုပ် ရေးသားထုတ်ဝေပြီး ဖြစ်၏။ အင်းရဲကြီးအင်းဒေသတွင် အရုပ်ပြဇာတ်ကပြန်ရန် အကြောင်းဖန်လာသည်။ ကြီးကျယ်သော အင်းလုပ်ငန်းရာသီချိန်မို့ ရေလုပ်သား ဝန်ထမ်း ၃၅ ယောက်ရှိသည်။ တက်ခေတ်သည် အင်းလုပ်ငန်း တာဝန်ခံဖြစ်၏။ အင်းရဲရွာသား စိုးကြီးသည့် ဒေသတွင် ပြဇာတ်ဒါရိုက်တာ သုံးကြိမ်လုပ်ခဲ့သည်။ စာဖတ်ဝါသနာထုံကြသည့် စိုးကြီး၊ ကိုအုန်းမြင့်၊ ကိုကျော်စိန်တို့က အင်းရဲရွာတွင် ကိုယ်ထူကိုယ်ထ စာကြည့်တိုက်ဖွင့်ကြသည်။ တက်ခေတ် စာပေချစ်မြတ်နိုးသူများနှင့် သူတော်ချင်းချင်း သတင်းလွှေလွှေ ပေါင်းဖက်တွေ့ခဲ့ရသည်။

"ကိုတက်ခေတ် ပြဇာတ်ဆရာ လုပ်ရင်အောင်မြင်မှာပါ"

သူတို့က ရေလာမြောင်းပေးစကား သွေးလာတော့ တက်ခေတ် စိတ်ဝင်စားသည်။ ပြဇာတ်ဒါရိုက်တာ ဖိုးလုပ်ချင် တက်ခေတ်။ ဟိုစပ်စပ် သည်စပ်စပ် လေ့လာထားသည်။

"သည်မေတ္တာလမ်း"

တက်ခေတ် ပြဇာတ် ဇာတ်ညွှန်း ရေးသည်။ စိုးကြီးက ဇာတ်ညွှန်းခွဲပေး၏။ ပြဇာတ်အခန်း ၂၄ ခန်းပါ ဆွဲဆုတ်ဖိုင် စိုးကြီးက စီစဉ်ပေးသည်။ ဇာတ်လမ်းကျောရိုး ရည်ရွယ်ချက်က ဆရာကြီး ပီမိုးနင်းမှုအတိုင်း လူငယ်တွေဘဝ တိုးတက်အောင်မြင်ရေး ဖြစ်သည်။

တက်ခေတ် ပြဇာတ် ဇာတ်ဝင်ခန်း တေးသီချင်းရေးသည်။

"နုနုကြမ်းကြမ်း စုံစွာဆန်းသည့် မေတ္တာလမ်း"

•••

ဆေးစက်ကျရာ အရုပ်ထင်သည့် ပန်းချီဆရာပမာ တက်ခေတ် ပြဇာတ်ကို တက်တက်ကြွကြွ ဦးဆောင်သည်။ ကပြမှာက တစ်ညတည်းပင်။ သုံးရက်ကြိုတင်၍ ငါးသိုင်းချောင်းမြို့မှ ဝါရင့်ပြဇာတ်မင်းသမီး စိန်နှင့်ရီ၊ ရေကြည်မြို့မှ မင်းသမီးကြီး စိန်လုံးတင်၏သမီး တက်သစ်စ ကေသီဦးတို့ကို ငှားရမ်းသည်။ ထိုကာလက ရွှေတစ်ကျပ်သား ၃၅၀ ကျပ်သာ ပေါက်စျေးရှိသည်။ အနုပညာကြေး စိန်နှင့်ရီအား ၂၅၀ ကျပ်၊ ကေသီဦးကို ၂၀၀ ကျပ်ဖြင့် ခေါ်ယူခဲ့သည်။

ဇာတ်လမ်းအရ ဝန်ထမ်းသရုပ်ဆောင်နှစ်ဦးကို ရွေးချယ်သည်။ ရုပ်ချော အပြောကောင်းသူ ဝေမြင့်က ပထမဇာတ်လိုက်။ ဝေလွင်က ဒုတိယမင်းသား။ လူကြမ်းသရုပ်ဆောင် မောင်သန်း၊ သန်းအောင် ငါးယောက်အဖွဲ့ ရွေးချယ်ထားသည်။ ကျုံပျော်မြို့ရှိ ဆိုင်းထောင်သူ ဦးအလွင်မောင်အဖွဲ့က လခြမ်းဝိုင်းကို ငှားရမ်းသည်။ ကိုယ့်အရပ်နှင့်ကိုယ့်ဇာတ် စိတ်တိုင်းကျ စီစဉ်သည်။

ဘုရားကန်တော့ပြီး "လမိုင်းပွဲ"မှ ဇော်ရန် မင်းသမီးကြီး စိန်လုံးတင်အား တက်ခေတ်က တာဝန်ပေးသည်။ သူမက ပြဇာတ်သရုပ်ဆောင်များအားလုံး လမိုင်းပွဲကို ရှိရှိသေသေ ဂါရဝပြုစေသည်။ လူကြမ်းအဖွဲ့ထဲမှ သန်းအောင်တစ်ယောက် ပျောက်ချက်သားကောင်းနေ၏။ နောင်မှသိရသည်မှာ ပြဇာတ်သရုပ်ဆောင်ရာ၌ အဆင်ပြေရန် ထွေးညိုသွားမော့နေသည်ဆို၏။ (ရဲဆေးတင်ခြင်းဖြစ်မည်။)

ပြဇာတ်စင်ရှေ့တွင် ရွှေပွဲလာပရိသတ်တစ်ထောင်ဝန်းကျင် ကြည့်ရှုအားပေးရန် ရောက်ရှိနေပေပြီ။ ညဉ့်ဦးယံ ဦးအလွင်မောင်တီးဝိုင်းအဖွဲ့က ဇာတ်ဝင်ခန်းတေးဖြင့် အလှဆင်နေသည်။ ဒါရိုက်တာတက်ခေတ် ကန့်လန့်ကာ ပုဆိုးကွယ်မှ ဆွဲဆုတ်ဖိုင်ကိုင်ကာ တစ်ခန်းပြီးတစ်ခန်း တင်ဆက်နေသည်။ ပွဲကြည့်ပရိသတ်သည် အပ်ကျသံပင်ကြား ရလောက်အောင် စိတ်ဝင်စားစွာ ကြည့်ရှုနေကြသည်။

ဇာတ်လိုက်ကျော် ဝေမြင့်နှင့် စိန်နှင့်ရီ သရုပ်ဆောင်ကောင်းလေသည်။ ဇာတ်သစ်စမင်းသမီး ကေသီဦးအလှည့်။ ပရိသတ်စိတ်ဝင်စားစရာ ပြကွက်။ ရေအိုးကို လက်တစ်ဖက်နှင့် ပိုက်ကိုင်ကာ ရေခပ်ရန် ဆင်းအလာ လူကြမ်းသန်းအောင်က မရဲတရဲ ချစ်ခွင့်တောင်းသည်။

"သိပ်လှတဲ့ကေသီကို ကျွန်··· ကျွန်တော်··· ချစ်···ခ္ခိခ္ခိ"



www.burmeseclassic.com

www.burmeseclassic.com

မင်းသမီးက ကန့်လန့်ကာဖြင့် ချစ်ရေး ကြိုက်ရေး မစဉ်းစားသေးကြောင်း ပြော သည်။

"ကေသီ့ကို ကျွန်တော် ရင်ထဲက မိုးလောက်ကြီး ချစ်···ချစ်···ခွီခွီခွီ"

ဖိုင်ယာလော့ အပြောထစ်ထစ် ငေါ့ငေါ့ဖြစ်နေသည့် သန်းအောင်ကို ပရိ သတ် တဝေါဝေါ ပွဲကျကာ ရယ်သွမ်း သွေးနေကြသည်။

လမိုင်းပွဲ အရှိအသေမပေးခဲ့သည့် သန်းအောင် "မှတ်ကရော"ဒါရိုက်တာ တက်ခေတ် စိတ်၌ ဖြစ်ပေါ်လာသည်။ ကားလိပ်ကို ချက်ချင်းချခိုင်းလိုက်သည်။ အကင်းပါးသည့် မင်းသမီး ခြေတစ်လှမ်း နောက်သို့ဆုတ်လိုက်၏။ သန်းအောင် ဦးခေါင်းအစပ် ကားလိပ် ခေါက်ခနဲ ပစ် ကျလာသည်။ သန်းအောင် ပရိသတ် ဘက် မျက်နှာမူပြီး ပြောလိုက်သည်မှာ

"ဒါရိုက်တာ သင်ပေးထားသည့် အတိုင်း မမှားအောင်ပြောရတာ ပြန်မချစ် နိုင်ရင်လည်း လောကမှာ မိန်းမတွေ အများကြီးပဲ"

ပြောပြီး သန်းအောင် ကန့်လန့် ကာနောက်သို့ ပြေးဝင်သွားသည်။ ပရိ· သတ်က တဟားဟား ရယ်မောကြသည်။

ပြဇာတ် တစ်ခန်းပြီးတစ်ခန်း အရှိန် မပျက်ဆက်ကပြသွားသည်။ သနားစရာ၊ ကရုဏာသက်စရာ၊ မုန်းတီးစရာ၊ အထိုး အကြိတ်၊ အလွမ်းအဆွေးပြကွက်တွေ ဆက်ကာဆက်ကာ ပြသလျက် ပရိသတ် စိတ်ကို ညှို့ယူဆွဲဆောင်ပြသသွားသည်။

ကေသီဦး ထဘီရင်လျားနှင့် ရေ အိုးပိုက်ကာ ထွက်လာသည်။ လူဆိုး သေန်းက သူမအား ချစ်ခွင့်ပန်သည်။ မင်းသမီးအနား တိုးကပ်သွားစဉ် ရုတ် ခြည်း မီးရောင်မှိန်သွားသည်။

"ဟင်···ဟဲ့ယ်···ဟာ"

ပရိသတ်အချို့ထံမှ အာမေဋိတ်သံ အချို့ ထွက်လာသည်။ လူကြမ်းက မည် သို့ကြမ်းရမ်းလိုက်သည်မသိ။ စက္ကန့်ပိုင်း အတွင်း မီးပြန်လင်းလာတော့ -

"ဒီမှာ ရှင်က နှမချင်းကိုယ်ချင်း မစာနာ ဖက်လား၊ ဆွဲလား၊ ရမ်းလားလုပ် ရက်တယ် ထွီ··ရွံမုန်းတယ် ရှင် ရှင်"

မင်းသမီးရင်ထဲကဒေါသ တကယ် ပေါက်ကွဲထွက်လာသည့် စကားဖြစ်သည်။ လူကြမ်းသေန်း ကြမ်းရမ်းသည်ကို မုန်း တီးစိတ်ဝင်သွားသည့် ပရိသတ်အချို့ထံ မှ တောက်ခေါက်သံပေါ်ထွက်လာသည်။

●●●

ပြကွက် ဇာတ်ရှိန်က တဖြည်း ဖြည်း မြင့်တက်လာသည်။ မင်းသမီးကြီး စိန်လုံးတင်သည် "လမိုင်းပွဲ"ဖယောင်း တိုင်မီး မသေစေရန် အထူးဂရုပြုနေ သည်။ စိန်နွဲ့ရီနှင့် ဝေမြင့်တို့ သရုပ် ဆောင်ချက်များကို ပရိသတ် နှစ်သက် ကြသည်။ ကေသီဦးနှင့် ဝေလွင်တို့ ပြ ကွက်အချို့ကို ပရိသတ် အားမလိုအား မရဖြစ်ရသည်။ လူကြမ်းသေန်း၊ သန်း အောင်တို့အဖွဲ့ ကြမ်းတမ်းပုံများ စိတ် မထိန်းနိုင်သူက ဇာတ်စင်ပေါ် တက်ရိုက် ချင်စရာ။ ဝီပြင်လွန်းလှသည်။ ပွဲကြည့် သူများ စွဲသွားသည်မှာ မေ့နှင့် အမေ့ ကို ခွဲခြားသိရှိ အမှန်တရားကို လိုလား ကြသည်။ လူငယ်တို့ဘဝ တိုးတက် အောင်မြင်ရေး ကြိုးကုတ်အားထုတ်သည် ကိုလည်း အသိဝင်သဘောတွေ့ကြသည်။

လူကြမ်းသေန်းအဖွဲ့က ရမ်းကား ခုခံမှု ပြင်းထန်လာ၍ ဥပဒေဘက်တော် သား ဇာတ်ဆောင်ဝေလွင်အဖွဲ့မှ သေနတ် ဖြင့် ပစ်ဖမ်းခန်း နှစ်ဖက်ကြောက်ခမန်း လိလိ အားပြိုင်နေကြသည်။ သတ်ပုတ် ထိုးကြိတ်ကြရာ ပြင်းထန်သည့် လူဆိုး သေန်း၏ ဘယ်ဖြောင့်လက်သီးချက် ကြောင့် ဝေလွင် ပက်လက်လန်လဲကျ သွားသည်။ သေန်းက လဲကျနေသူအား ခွစီးကာ ထိုးကြိတ်မည်အလုပ် ဥပဒေ ဘက်တော်သားတစ်ဦးက လူဆိုးသေန်း ခြေထောက်ကို ရိုင်ဖယ်သေနတ်ဖြင့် ပစ် လိုက်၏။

ကန့်လန့်ကာ နောက်ကွယ်က သေနတ်သံ၊ ယမ်းဖောက်သံက အချက် ကျကျ ထွက်မလာ။ သေန်းက မျက်နှာ ကို ဆင့်ကာဆင့်ကာ ဆက်ထိုးသည့် ဒဏ် ဝေလွင်ခံနေရသည်။

"ချပ်"

သေနတ်သမားက နောက်တစ် ချက်ပစ်လိုက်သော်လည်း သေနတ်သံ ကထွက်မလာပြန်။ သေနတ်ကိုင်ထားသူ စိတ်ပေါက်ပေါက်နှင့် သေနတ်ပြောင်းဝ အား ကြမ်းပြင်သို့ ဆောင့်ချလိုက်၏။

"ဒိုင်း"

သေနတ်သံ ဟိန်းထွက်သွားသည်။ နောက်ကွယ်မှ ခဲယမ်းပေါက်ကွဲသံဖြစ်၏။ ရှေ့ပွဲလာတို့ ဟားတိုက်ရယ်မောကြသည်။ လူဆိုးသေန်း ခြေထောက်တွင် သေနတ် ထိမှန်သွားရာမှ ပြိုလဲကျသွားသည်။ လူ ဆိုးများအား ဖမ်းမိသွားပြီ။ မျက်နှာတွင် ဒဏ်ရာရသွေးများ ယိုစီးနေသည့် ဇာတ် လိုက်ကျော် ဝေလွင်အား ကေသီဦးက ထွက်လာကာ ပြေးပွေ့သည်။

နှုန်ကြမ်းကြမ်း စုံစွာဆန်း "သည် မေတ္တာလမ်း" ပြဇာတ်ဒါရိုက်တာ တက် ခေတ် ဇာတ်သိမ်းခန်းပြီးသွားမှ သက် ပြင်းချနိုင်တော့သည်။ ဇာတ်သဘင် အနု ပညာလောကတွင် မြတ်ဗုဒ္ဓအား ပူ ဇော်ကန်တော့ပြီးနောက် "လမိုင်းပွဲ" အရေးပါကြောင်း တက်ခေတ် သတိချပ် မိလေသတည်း။

မင်းရိုးယဉ်
၀၉ ၂၅၄၃၁၉၈၇

www.burmeseclassic.com

# “အ အလယ်နေ အကြံအစည်အောင်စေ”

ဂမ္ဘီရဆရာလှမျိုး(B.Sc)

ကျွန်ုပ် စာရေးသူသည် ၁၉၉၇ ခုနှစ်မှစ၍ လောကီပညာရပ်များကို စတင်လိုက်စားခဲ့ပါသည်။ ဆန်းကျမ်းနှင့် လက္ခဏာအတတ်ကို ဆရာရန်ကြီးအောင်၏ အခမဲ့ စေတနာသင်တန်းတွင် စတင်သင်ယူ လေ့လာခဲ့ပါသည်။ ဆရာကြီးမှ ဆန်းကျမ်း အင်္ဂဝိဇ္ဇာ လက္ခဏာပညာများ သင်ယူပြီးသောအခါ အင်းပညာရပ်ကိုလည်း အခြေခံနားလည်အောင် သင်ပေးပါသည်။ ဆရာကြီးသင်ပေးသော အင်းမှာ ဘေးဥပဒ်အန္တရာယ်ကင်းစေသော အဘယဇာတအင်း (မြတ်စွာဘုရားဖြစ်တော်စဉ်) စေအင်းတို့ ဖြစ်ပါသည်။ ကိန်းဂဏန်းနှင့် အက္ခရာတွဲ၍ ဆောင်ရွက်ရသော အင်းအမျိုးမျိုး လေ့လာပြီး အဆောင်အင်းအဖြစ် ဆောင်ရွက်ပေးခဲ့ပါသည်။ အရာရာတိုင်းတွင် အင်းအသုံးပြု ဆောင်ရွက်ခြင်းတော့ မပြုလုပ်ခဲ့ပါ။ အရွက်၊ အခက်၊ အညွန့်များဖြင့် ဆောင်ရွက်ရသော အင်္ဂဝိဇ္ဇာပညာ၊ နဝင်းစီးယတြာကို ဆက်လက်လေ့လာပါသည်။ ဆန်းကျမ်းပညာရှင်ဆရာကြီးအချို့သည် တစ်ပတ်မှ သုံးပတ် ၂၁ ရက် တင်ဆက်ပြီး မအောင်မြင်ပါက “အင်း”ကူ၍ အသုံးပြုနိုင်သည်ကို အကြံပေးပါသည်။

ထို့နောက် လောကီပညာ စာအုပ်အမျိုးမျိုး ဝယ်ယူလေ့လာသောအခါ အင်းစမ ပညာရပ်အကြောင်းများလည်း ပါဝင်သည်။ စတုဝလ္လိ၏ ဒိဗ္ဗစက္ခုရနည်းတွင် “အင်းအိုင်ဆိုသည်မှာ”အလိုရှိအပ်သော အာနိသင်ထွက်ပေါ်လာစေရန် သမာဓိခိုင်မြဲစွာနှင့် ဓာတ်ခံ၊ ဓာတ်အုပ်၊ မိတ်ရန် စသည်တို့ကိုဆင်ခြင်၍ အက္ခရာ၊ ဝဏ္ဏ၊ ဗျည်း၊ သရတည်းဟူသော စမအက္ခရာနှင့် ဂြိုဟ်စဉ်ဂြိုဟ်ကွက် စသော ဂဏန်းတို့ကို အကွက်ပြု၍လည်းကောင်း၊ အဆင့်ဆင့်ပြု၍လည်းကောင်း၊ အရုပ်ပြု၍လည်းကောင်း စီရင်ခြင်းကို အင်း၊ အိုင်ပညာဟု ခေါ်သည်။

“အင်းဆိုသည်မှာ” အကွက်ထဲ၌ အက္ခရာများထည့်ခြင်းဖြစ်သည်။ “အိုင်”ဆိုသည်မှာ အကွက်ထဲ၌ ဂဏန်းများထည့်ခြင်း ဖြစ်သည်။ သို့သော် ယခုအခါ အားလုံးခြုံ၍ အင်းဟု ခေါ်ဆိုနေကြ၏။ အင်းနှင့်အိုင် အကွက်ပုံစံ မတူတာလည်း တွေ့ရှိပါသည်။ ကွန်ပါကိုက်ဖြစ်သော လေးထောင့်၊ သုံးထောင့်၊ ကြိဂံ၊ စတုဂံ အကွက်များနှင့် အင်းအိုင်တံဆိပ်စသော ပညာရပ်များ၏ မူလဘူတသည် ကဘာလာ(CABBALA) အမည်ရှိသော ပညာရပ်မှ ဆင်းသက်သည်ဟု ယုံကြည်ဖွယ်ရှိသည်။

ထိုပညာရပ်သည် ဟီးဘရူးပုရောဟိတ်(Hebrew Prophet)၊ မိုးဇက်(Moses)၏ လက်ဝယ်သို့ ခရစ်တော်မပွင့်မီ နှစ်ပေါင်း ဘီစီ ၁၅၁၅ ခုနှစ်၌ ရောက်ရှိကြောင်း မှတ်တမ်းတင်ထားကြသည်။ မည်သို့ပင် ပေါင်းပေါင်း ၁၅ ချည်း အဖြေထွက်သော ယနေ့ မြန်မာတို့ သုံးစွဲနေသည့် (စမ္မာ၊ နဝင်း၊ ဇာလင်း၊ သတ္တ၊ ပဥ္စ၊ တြိ၊ ဆ၊ ဧက၊ အဋ္ဌ) ဟူသော ရထားသွား သုံးကွက်အင်းများမှာ ထိုစဉ်အချိန်ကတည်းက ၎င်းတို့ထံ၌ ထွန်းကားနေပြီဖြစ်ကြောင်း အထောက်အထားများရှိသည်။

| | | |
|---|---|---|
| ၂ | ၉ | ၄ |
| ၇ | ၅ | ၃ |
| ၆ | ၁ | ၈ |

စမ္မာ နဝင်း ဇာလင်း သတ္တ
၂ ၉ ၄ ၇

ပဥ္စ တြိ ဆ ဧက အဋ္ဌ
၅ ၃ ၆ ၁ ၈

ကဘာလာပညာ၌ပါသော စမ္မာနဝင်းအင်းမှာ ရောမဂဏန်းနှင့်ပြု၍ မြန်မာတို့အင်း၌ မြန်မာဂဏန်းနှင့် ချသည်။ ဂဏန်းပုံစံ ကွဲလွဲသည်မှအပ အားလုံး အထားအသိုနှင့် သဘောသဘာဝတ္တအနေအားဖြင့် ထပ်တူပင်ရှိသည်။ အင်းပညာ၊ အိုင်ပညာအရ ကိန်းဂဏန်း ထည့်သွင်းရာတွင် ရိုးရိုး



www.burmeseclassic.com

www.burmeseclassic.com

ဂဏန်း၊ အင်းဂဏန်း နှစ်မျိုးရှိပါသည်။ အင်းဆံဂဏန်းသွင်းရာတွင် ၁ = >၊ ၂ = /၊ ၃ = <၊ ၄ = >၊ ၅ = ٧၊ ၆ = 6၊ ၇ = ^၊ ၈ = Λ၊ ၉ = ၆ ဟု ရေးကြသည်။

မူလ ကဘာလာပညာ၌ အက္ခရာ ၂၂ လုံး၊ ဂဏန်း ၉ လုံး(သုညပါ) ပါဝင်ကြသည်။ အဆိုပါ အက္ခရာများ၌လည်းကောင်း၊ ဂဏန်းများ၌လည်းကောင်း မည်သို့သော အာနိသင်များ၊ ဟိတ်တန်ခိုးသတ္တိများ မူလအားဖြင့် ကိန်းဝပ်လျက် တည်ရှိကြသည်။

မြန်မာနိုင်ငံတွင် ရှေးဆရာတော်ကြီးများ၊ ဆရာကြီးများသည် အင်း၊ အိုင်၊ စမပညာကို စနစ်တကျ ပြုစုရေးသား ဆောင်ရွက်ခဲ့ကြပါသည်။ အစပိုင်းတွင် ပေရွက်ဖြင့် ရေးမှတ်ပြီး နောက်ပိုင်း စက္ကူ၊ စာရွက်ပေါ် ရောက်ရှိပြီး အင်းပညာကျမ်းအမျိုးမျိုး ထွက်ပေါ်လာပါသည်။ အင်းချသောအခါ မန္တန်ရွတ်ဆိုရခြင်း၊ ရေးဆွဲမည့် ကညစ်၊ ခဲတံမန်းဂါထာ၊ အင်းဘောင်ခတ်လျှင် ရွတ်ဆိုရသောဂါထာ၊ အင်းမျဉ်းဆွဲဂါထာ၊ သိဒ္ဓိတင်မန္တန်၊ အင်းစောင့်ချုပ်မန္တန်၊ အင်းမှန်သမျှ သိဒ္ဓိတင် စသည်ဖြင့် ဂါထာမန္တန်များဖြင့် အစွမ်းထက်အောင် ဆောင်ရွက်ကြရပါသည်။

ယခုခေတ်တွင် ခေတ်မီလာသောကြောင့် အင်းချပြီးသော စာရွက်ကို မိတ္တူပွား ဆောင်ရွက်ကြသည်။ အချို့ဆရာများမှာ ကိုယ်တိုင်ရေးဆွဲမှ အစွမ်းထက်သည် ယုံကြည်ကြသည်။ ကိုယ်တိုင်မရေးဆွဲဘဲ ရေးဆွဲပြီးသား အင်း၊ အိုင်၊ စမကို ယုံကြည်လေးနက်စွာ၊ သမာဓိတည်ကြည်စွာဖြင့် သိဒ္ဓိတင်ဆောင်ရွက်လျှင်လည်း အစွမ်းထက်တန်သလောက် ထက်သည်။

ရာနှုန်းပြည့် မဟုတ်တောင် ၇၅ ရာခိုင်နှုန်းတော့ အစွမ်းရှိပါသည်။ ရှေးဆရာကြီးများသည် မှိုင်းခံစက္ကူတွင် ခဲတံဖြင့်သာ ရေးဆွဲကြပြီး ယနေ့ခေတ်ကာလတွင် စက္ကူချော၊ စက္ကူအဖြူသန့်သန့်တွင် ဘော်လ်ပင် အမျိုးမျိုးဖြင့် ရေးကြသည်။ မိတ္တူကူး ပလတ်စတစ်လောင်း ဆောင်ကြသည်။ မှိုင်းခံစက္ကူတွင် ရေးပါက ဖယောင်းတိုင်ပတ်ရတာ အဆင်ပြေသည်။ အချို့ရတနာဒီပံအင်းဆွဲပြီး ဖယောင်းတိုင်ထည့်ကာ မီးစာအဖြစ်အသုံးပြုကြသည်။

ဒိဗ္ဗစက္ခုရနည်းကျမ်းတွင် စတုဝလ္လိမှ အတိုချုံးလိုက်လျှင် အင်းအိုင်တံဆိပ် မန္တန်၊ ဓာတ်ရိုက်ဓာတ်ဆင်တို့ ပါဝင်သော ပညာရပ်တစ်ခု ဖြစ်သည်။ ကဘာလာအမည်ရှိသည့် ပညာရပ်ဆိုသည်မှာ စကြဝဠာ၌ တည်ရှိလျက် လှည့်လည်နေကြကုန်သော ဂြိုဟ်နက္ခတ်တို့၏ ဟိတ်တန်ခိုးများနှင့် လူသားတို့၏ ဟိတ်တန်ခိုးနှစ်မျိုးတို့ကို ဆုံစည်းစပ်ဟပ်စေလျက် သမာဓိနိုင်မြဲစွာဖြင့် အလိုရှိအပ်သော ကောင်းကျိုး၊ ဆိုးကျိုး အာနိသင်များ ထွက်ပေါ်လာအောင် ဆွဲရင်စီမံ ဖန်တီးပေးသော ပညာဟု ဆိုရမည်။

လောကီပညာရပ် တစ်ခုဖြစ်သည့် အင်း၊ အိုင်၊ ပညာကို လေ့လာသော် ကောင်းကျိုးပြုစေသော မိတ်အင်း၊ စီးပွားရေး၊ ကျန်းမာရေး ကောင်းစေသော အင်းများရှိသလို၊ ရန်အင်း၊ အတိုက်အခံအင်းများလည်းရှိပါသည်။ အချို့ဆရာများ မြေကြီးအတွင်း အင်းမြှုပ်၍ ရွှေ့လျားသွားအောင် စီမံနိုင်စွမ်းရှိကြသည်။ အထက်ဂိုဏ်း ဆရာကလည်း မည်သည့်နေရာတွင် အင်းရှိသည်ကို ဆန်ပန်းပေါက်ပေါက်ကြဲ၍ သိစေအပ်ပြီး ဖော်ထုတ်နိုင်သည်။ မယုံကြည်သူတို့ လက်တွေ့မြင်လိုက်မှ ယုံကြည်သွားကြပါသည်။

အင်း၊ အိုင်ပညာသည် ဘာသာရေးနှင့်ဆိုင်သော ကိစ္စမဟုတ်ဟု ဆိုကြသူလည်း ရှိသည်။ နည်းစနစ်မှန်လျှင် လူမျိုးဘာသာမရွေး ဆောင်ရွက်နိုင်သည်။ မိမိဘာသာ အက္ခရာများ ကိန်းဂဏန်းအသုံးပြု ဆောင်ရွက်လျှင် အစွမ်းထက်ရမည်သာ ဖြစ်သည်။ ဥပမာ စပ်သော ငရုတ်သီးကို မြန်မာပဲစားစား၊ ကုလားပဲစားစား၊ တရုတ်ပဲစားစား စပ်ရမည်သာ ဖြစ်သည်။ ဝိဇ္ဇာပညာရပ်တွင် အင်းအိုင် စမ ဝိဇ္ဇာများရှိသည်။ စာရေးသူ ရေးသားထုတ်ဝေသော "ဒဏ္ဍာရီမဟုတ်သော ဒဏ္ဍာရီ"စာအုပ်တွင် အင်းဝိဇ္ဇာ၊ ဂါထာမန္တန် ဝိဇ္ဇာများအကြောင်း အပြည့်အစုံ ရှင်းပြထားပါသည်။

ယခု စာရေးသူအနေဖြင့် စာဖတ်ပရိသတ်များအတွက် အသုံးတည့် အကျိုးရှိစေမည့် အင်းတစ်ချပ် ရေးသားဖော်ပြပေးပါမည်။ ဂျီးဖြူဆရာတော်ကြီး ချီးမြှင့်ခဲ့သော အင်းချပ်လေး ဖြစ်ပါသည်။ အကွက်ထဲ၌ အက္ခရာများ ဖြေသွင်းထား၍ "အင်း"အစစ်ဟု ဆိုရပေမည်။ မြန်မာ့ဗျည်းအက္ခရာ ၃၃ လုံးကို မြင်းသွားချထားပါသည်။ အလယ်တွင် "အ"အက္ခရာဝင်နေ၏။ မြင်းသွားဆိုသည်မှာ စစ်တုရင်ကစားရာတွင် ခုန်ကျော်သွားသည့် ပုံစံဖြစ်သည်။ မိတ်အင်းတွင် မြင်းသွားပုံစံချပြီး အလယ်ကွက်တွင် မွေးနံထည့်သွင်းရ၏။ မြင်းသွား၊ ခရုပတ်သွား၊ ရထားသွား၊ ဗိုလ်တက်တောင်ဆင်းဟူ၍ အသွားလေးမျိုးရှိသည်။ အ သွားမမှန်ပါက အင်းတန်

www.burmeseclassic.com

ခြင်း ခုနစ်ပါးတွင် တစ်ပါးပါဝင်၍ အင်း ပျက်သည်။

| | | |
|---|---|---|
| ၁ | ၄ | ၇ |
| ၆ | | ၂ |
| ၃ | ၈ | ၅ |

မြင်းသွားပုံ

"က"မှစပြီး "အ"အထိ မြင်းသွားပုံစံ ရေးသွင်းထားသည်။ ဗျည်းအင်းအသုံးနှင့် ပုံစံအမျိုးမျိုးရှိသည်။ "က"အလယ်ဝင် အလယ်မှာထားသော အင်း၊ က–ခ–ဂ–ဃ ငင်းအက္ခရာလေးလုံးတွင် တစ်လုံးလုံးကို အလယ်ထား၍ ဆောင်သော် အကျိုးကျေးဇူးမှစ၍ ဖော်ပြထားသည်။ အချို့အလယ်သေဟု ရေး၏။

"အ"အက္ခရာ အလယ်ထား၊ အလယ်နေဆောင်သော် အမှုကိစ္စမျိုးစုံ အောင်မြင်စေသည်။ အလုပ်အကိုင်၊ စီးပွားရေးဆိုင်ရာ အကြံအစည်ကိစ္စများ အောင်မြင်စေသည်။ လောကီရေးရာ အောင်မြင်မှုအမျိုးမျိုးရရှိစေ၊ ဘေးဥပဒ်အန္တရာယ် ကင်းဝေးစေသည့် အင်းကွက်ထဲမှ အက္ခရာသည် အင်း၊ ဗျည်းနှင့် မထိစေရ။ အက္ခရာရေးသွင်းသောအခါ "ဉုံ အက္ခရာမေကဥ္စဗုဒ္ဓရူပံက"၊ "ခ" အက္ခရာ ရေးသွင်းပါက "ဉုံအက္ခရာမေ ကဥ္စဗုဒ္ဓရူပံခ"စသည်ဖြင့် ဆိုရေးရသည်။ အချို့ကျမ်းတွင် "ဉုံက–အဋ္ဌမဂ္ဂင်ဂါနိ၊ တိပိဋကတ္တယံ၊ သုညံစေဝ၊ ဘဝ်သိတိ–က"ဟု ဖော်ပြထားသည်။ အလွယ်ဆုံးမှာ "အက္ခရာတစ်လုံး ဘုရားတစ်ဆူတည်ပါစေသတည်း"ဟုဆိုပြီး အသက်အောင့်ကာ ရေးရပါမည်။ ကိုယ်တိုင်မဆွဲတတ်သူများ မိတ္တူကူး အသုံးပြုပါ။ အင်းလေးဘက်လေးရံတွင် "သုဂတော ငါးချက်" ဝန်းရံထားသည်။ ထောင့်လေးထောင့်တွင် မိတ်နံကြိုဟ်ဂဏန်း ထည့်သွင်းထားသည်။ အောင်ပ (၁+၅)၊ ကုလား (၂+၄)၊ ဆွေသား (၃+၆)၊ တော်ရင်း (၇+၈) မိတ်ခတ်ဖြစ်သည်။ သုဂတော ငါးချက်ဂါထာ ရွတ်ဆို၍ သိဒ္ဓိတင် ဆောင်ပါ။

## 'အ'အလယ်နေ အင်းပုံစံ

သုဂတော သုဂတ ဋ္ဌာနံ

| | | | | | | |
|---|---|---|---|---|---|---|
| | ၁၅ | တ | က | ဖ | ၂၄ | |
| | | ပ | သ | ဈ | | |
| လ | ဏ | ဓ | ထ | ခ | ဗ | ည |
| ဆ | န | ဝ | အ | ဟ | ဒ | ဂ |
| ဇ | ရ | စ | ဓ | ဃ | ဋ | ဘ |
| | ၇၈ | ဍ | ဌ | မ | ၃၆ | |
| | | ယ | င | ဎ | | |

### သုဂတောငါးချက်စီးပွားတက် ဂါထာ

သုဂတော သုဂတံ ဌာနံ၊
သုဂတော သုန္ဒရံ ဝိစ၊
သုဂတော နိဗ္ဗာနံ ယာတိ၊
သုဂတော တေ နမောနမာ။

ဂါထာတစ်ပုဒ်ဆုံး၊ ပုတီးတစ်ပတ်စိပ်၊ အကြံအစည်အောင်စေသော "အ"အလယ်နေအင်း။ အမွှေးနံ့သာ ဆွတ်ဖျန်း၍ ပလတ်စတစ်လောင်း ဆောင်ပါ။ ကြေးပြား၊ ငွေပြား၊ ရွှေပြားတွင် ရေးဆွဲဆောင်နိုင်သည်။ အပြောအဆိုကိစ္စ အထူးအောင်မြင်စေသည်။

ဂမ္ဘီရဆရာလှမျိုး(B.Sc)



www.burmeseclassic.com

www.burmeseclassic.com

# မုန်တိုင်းအကြောင်း တစေ့တစောင်း

မောင်မောင်စန်းထွေး

မုန်တိုင်းဟု ဆိုလိုက်သည်နှင့် လူတွေ၏စိတ်ထဲ စိုးရိမ်ထိတ်လန့်မှုဖြစ်လာသည်။ အဘယ်ကြောင့်ဆိုသော် လူတွေက မုန်တိုင်းဒဏ်ကို တစ်နည်းမဟုတ်တစ်နည်းနည်းဖြင့် ခံစားနေကြရ၍ဖြစ်သည်။ မှတ်မိပါသေးသည်။ ၂၀၀၈ ခုနှစ် မေလ ၂ ရက်နေ့တွင် တိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း "နာဂစ်" ကြောင့် လူသောင်းသိန်းချီ သေဆုံးခဲ့ရသည့်ပြင် အိုးအိမ်နေရာထိုင်ခင်းများ ပျက်ဆီးဆုံးရှုံးသည့်အပြင် တိရစ္ဆာန်များပါမကျန် သေဆုံးခဲ့သည်။ သည့်အတွက် လူတွေက မုန်တိုင်းဆိုလျှင် မကြားချင်၊ မတွေ့လိုကြတော့။ တစ်ဖန် ယခုနှစ် လောလောဆယ်မုန်တိုင်း "ကိုမန်" ကြောင့် မြန်မာတစ်နိုင်ငံ သုံးနီးပါး မိုးအဆက်မပြတ် ရွာသွန်းကာ ရေကြီးမြေပြိုမှုများဖြစ်ကာ ဒုက္ခပင်လယ်ဝေခဲ့ပြန်သည်။

မုန်တိုင်းအကြောင်း လေ့လာမိသမျှ အနည်းငယ်ဖော်ပြရလျှင် မုန်တိုင်းသည် အပူပိုင်းဒေသများတွင် ဖြစ်ပေါ်တိုက်ခတ်သည့်မုန်တိုင်းကို ဆိုင်ကလုန်း တိုင်ဖွန်း၊ ဟာရီကိန်းဟူ၍ ခေါ်ကြသည်။ မြောက်အိန္ဒိယသမုဒ္ဒရာတွင် ဖြစ်ပေါ်လေ့ရှိသော မုန်တိုင်းကို ဆိုင်ကလုန်း (Cyclone) ဟုခေါ်သည်။ ဆိုင်ကလုန်းဆိုသောစကားမှာ ဂရိဘာသာစကား ကူးကလို့ (Kuclos)မှ ဆင်းသက်လာပြီး စက်ဝိုင်း (Cycle) ဟု အဓိပ္ပာယ်ရသည်။ လေမုန်တိုင်းသည် စက်ဝိုင်းပုံသဏ္ဌာန် ဝေ့ယမ်းတိုက်ခတ်ခြင်းကြောင့် ခေါ်ဆိုခြင်းဖြစ်သည်။

တရုတ်ပင်လယ်တွင် ဖြစ်ပေါ်တိုက်ခတ်သော မုန်တိုင်းကို တိုင်ဖွန်း (Typhoon) ဟုခေါ်ပြီး တရုတ်ဘာသာစကားအရ "အင်အားကြီးမားသောလေ" ဟု အဓိပ္ပာယ်ရသည်။

အတ္တလန္တိတ်သမုဒ္ဒရာ၊ မြောက်ပစိဖိတ်သမုဒ္ဒရာ၊ မက္ကဆီကိုပင်လယ်ကွေ့၊ ကာရေဘီယံပင်လယ်တို့တွင် ဖြစ်ပေါ်တိုက်ခတ်သော မုန်တိုင်းများကို ဟာရီကိန်း(Hurricane)ဟုခေါ်သည်။ ဟာရီကိန်းသည် စပိန်ဘာသာစကားအရ ဟူရာကန် (Huracan)မှ ဆင်းသက်လာခြင်းဖြစ်သည်။ ၎င်းစကား၏ အခြေခံကျသော စကားအရင်းအမြစ်မှာ မာယန်း၊ တိုင်နိုတို့၏ နတ်ဘုရား ယူ[illegible]န်(Juracan) ဖြစ်သည်။ နတ်ဘုရားယူရာကန်သည် အယ်ယွန်းတောင်ပေါ်တွင် နေထိုင်ပြီး လူသားများကို အမျက်ဒေါသထွက်လျှင် မုန်တိုင်းနှင့် မိုးကြိုးတို့ကို စေလွှတ်သည်ဟု ယုံကြည်ကြသည်။

နောက်မုန်တိုင်းတစ်ခု၏ နာမည်မှာ တော်နေဒိုး(Tornado) ဖြစ်သည်။ ၎င်းသည် အပူပိုင်းဒေသ မုန်တိုင်းကဲ့သို့ မဟုတ်မူဘဲ ကုန်းတွင်းပိုင်းမုန်တိုင်းဖြစ်သည့် ကြီးမားသော လေဆင်နှာမောင်းဖြစ်သည်။ ဆင်နှာမောင်းပုံသဏ္ဌာန် လေဝဲကတော့ကြီးဖြစ်သည်။ ၎င်းဖြတ်သန်းသွားရာနေရာကို ဆိုးဆိုးရွားရွားဖြစ်အောင် ပျက်စီးမှုဖြစ်စေသည်။ ဆိုင်ကလုန်းမုန်တိုင်းလို နေရာကျယ်စွာ မတိုက်ခတ်သော်လည်း ၎င်းဝေ့ဝိုက်သွားသည့် ကျဉ်းမြောင်းသော လမ်းကြောင်းတစ်လျှောက်ရှိ နေရာကိုသာ တိုက်ခတ်လေ့ရှိသည်။ မိုးကြိုးပစ်ခြင်းများလည်းဖြစ်စေသည့် မိုးကြိုးမုန်တိုင်းမျိုးဖြစ်သည်။ ၎င်းသည် စပိန်ဘာသာစကား ထရိုနားဒါး(Tronada)ဟု ခေါ်ဆိုသည့် မိုးကြိုးပစ်ခြင်းကို အစွဲပြု၍ ခေါ်ဆိုခြင်းဖြစ်သည်။ အမေရိကန်ပြည်ထောင်စုနှင့် အနောက်အာဖရိကတို့တွင် ဖြစ်ပေါ်တိုက်ခတ်လေ့ရှိသည်။

မုန်တိုင်းများကို နာဂစ်၊ ဂီရိ၊ မာလာ၊ ကိုမန် စသည်ဖြင့် သီးသန့်နာမည်ပေးထားသည်ကို ဖတ်ဖူး ကြားဖူးကြမိစေရန်ဖြစ်သည်။ ၎င်းနာမည်များကြောင့် မုန်တိုင်းကို ပို၍မှတ်မိစေရန်ဖြစ်သည်။ အမည်ပေးထားခြင်း၏ အဓိကရည်ရွယ်ချက်မှာ လူတွေက အလွယ်တကူနားလည်ပြီး ဘေးဒုက္ခနည်းနိုင်သမျှနည်းစေရန် ကြိုတင်ပြင်ဆင်မှုများလုပ်ရန် တိုက်တွန်းသတိပေးရာတွင် ပိုမိုထိရောက်မှုရှိစေရန်ဖြစ်သည်။ တို့ကြောင့် ပျက်စီးဆုံးရှုံးမှုလျော့ပါးနိုင်ပြီး အသေအပျောက်နည်းပါးစေ



www.burmeseclassic.com

www.burmeseclassic.com

နိုင်သည်။

တစ်ခါတစ်ရံတွင် မုန်တိုင်းသည် ရက်သတ္တတစ်ပတ်ကြာတတ်သလို ပင်လယ်တစ်ခုတွင်း မုန်တိုင်းနှစ်ခု တစ်ပြိုင်တည်းဖြစ်တတ်သောကြောင့် အမည်ပေးခြင်းဖြင့် ဘယ်မုန်တိုင်းကို ရည်ညွှန်းကြောင်း လွယ်လင့်တကူ သိနိုင်သည်။ ဤသို့ဖြင့် မိုးလေဝသ သတင်းကြေညာသူများနှင့် လူတွေအကြား ဆက်သွယ်ရေး ပိုမိုထိရောက်စေသည်။ မိုးလေဝသ သမိုင်းကို လေ့လာရာ၌လည်း ပို၍မှတ်မိလွယ်ကူစေသည်။

မုန်တိုင်းကို ဘယ်အချိန်ကစ၍ နာမည်ပေးခဲ့ပါသနည်းဆိုသော် ၁၉ ရာစုမှစ၍ ဩစတြေးလျနိုင်ငံတွင် ဆိုင်ကလုန်းမုန်တိုင်းများကို နာမည်ပျက်နိုင်ငံရေးသမားများ၏ အမည်ဖြင့် ခေါ်ဝေါ်သုံးစွဲခဲ့သည်ဟု ဆိုသည်။ အခြားနိုင်ငံများကလည်း ၎င်းကိုအတုယူလျက် မိမိတို့၏ ရည်းစားဟောင်း၊ ကွဲသွားသောဇနီးတို့၏ အမည်များကို မှည့်ခေါ်ခဲ့သည်ဆို၏။ ဥပမာ- ဆိုင်ကလုန်း မာဟီနာ (Mahina) (၁၈၉၉)၊ ဆိုင်ကလုန်း အဲလစ်(Alice) (၁၉၆၆)၊ ဆိုင်ကလုန်း အော်ဒရီ(Audrey) (၁၉၆၄)တို့ဖြစ်သည်။

သို့ရာတွင် မြောက်အိန္ဒိယသမုဒ္ဒရာ နိုင်ငံများအတွက် ဆိုင်ကလုန်း အမည်သတ်မှတ်ရာ၌ ကမ္ဘာ့မိုးလေဝသ အဖွဲ့ကြီး (World Meteological Organization-WMO)နှင့် အာရှပစိဖစ်ဆိုင်ရာ ကုလသမဂ္ဂ၏ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (United Nations Economic and Social Commission or Asia and the Pacific: EACAP)တို့ ဦးစီးလျက် ဆိုင်ကလုန်းမုန်တိုင်းများနှင့်ဆိုင်သော ဆွေးနွေးပွဲကြီးကို ၂၀၀၀ ပြည့်နှစ်တွင် ကျင်းပခဲ့သည်။ ယင်းဆွေးနွေးပွဲ၏ အကျိုးဆက်ကြောင့် ၂၀၀၄ ခုနှစ် စက်တင်ဘာလမှ စတင်ကာ မုန်တိုင်းကို နာမည်ပေးခဲ့သည်။

ဆိုင်ကလုန်းမုန်တိုင်းကို နာမည်ပေးရာတွင် မြောက်အိန္ဒိယသမုဒ္ဒရာ နိုင်ငံများဖြစ်သော ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မော်လ်ဒိုက်၊ မြန်မာ၊ အိုမန်၊ ပါကစ္စတန်၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံများ၏ မိုးလေဝသပညာရှင်များစုဝေးကာ နိုင်ငံတစ်ခုစီမှ နာမည်ရှစ်ခုစီ တောင်းခံသည်။ ဖော်ပြပါအုပ်စုတွင် နိုင်ငံပေါင်းရှစ်နိုင်ငံပါဝင်သောကြောင့် နာမည် ၆၄ ခုရှိသည်။ ဤနာမည်များကို အိန္ဒိယနိုင်ငံ မိုးလေဝသဌာနတွင် သိမ်းဆည်းထားသည်။ ဆိုင်ကလုန်းမုန်တိုင်းတစ်ခု စတင်ဖြစ်ပေါ်လာပါက ဒေသဆိုင်ရာမိုးလေဝသဌာန(RSMC)က သိမ်းဆည်းထားသည့် အမည်စာရင်းများထဲမှ အမည်တစ်ခုကို ရွေးယူရသည်။ ရွေးယူရာ၌ အစဉ်အလိုက်အတိုင်း အမည်ကို ရွေးရသည်။ ၎င်းအလုပ်ဌာနကို အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့တွင် ရုံးစိုက်ထားသည်။ အာရေဗီယန်ပင်လယ်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် ဖြစ်ပေါ်လာသော မုန်တိုင်းသတင်းကို စောင့်ကြည့်လျက် ကြေညာနိုင်ရန်အတွက် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်က တည်ထောင်ထားခြင်းဖြစ်သည်။

အမည်များကိုတောင်းခံရာ၌ စည်းမျဉ်းစည်းကမ်းသတ်မှတ်ထားသည်။ မုန်တိုင်းအမည်မှာ တို၍ ရိုးရှင်းရမည်။ ကြေညာသည့်အခါ နားလည်လွယ်ရမည်။ ယဉ်ကျေးမှုနှင့်ဆန့်ကျင်သည့် အသုံး

| နိုင်ငံ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
|---|---|---|---|---|---|---|---|---|
| ဘင်္ဂလားဒေ့ရှ် | အော်နီး | အော်ညီ | နီရှာ | ဂီရီ | ဟဲလင် | ချာပလာ | အော့စီ | ဇာနီ |
| အိန္ဒိယ | အားညီ | အာကာ့ရှ် | ဘိဂျာဒီ | ဂျားလ် | လေဟာ | မဃ္ဃ | ဇာဂါ | ဝါယု |
| မော်ဒိုက် | ဟီဘာရူး | ဂိုနူး | အိုင်းလာ | ကေးလာ | မာဒီ | ဝါးလီ | ဘားရူ | ဟီကား |
| မြန်မာ | ပျား | ရေမြင်း | ဖျံ | သိန်း | နှားနောက် | ကြံ့ | ဒရယ် | ကျား |
| အိုမန် | ဘားဇ် | စီးဒ် | ဝ ဒ် | မူဂျန် | ဟုဒ်ဟုဒ် | နာဒါ | လူဘန် | ဟော |
| ပါကစ္စတန် | ဖာနူးစ် | နာဂစ် | လိုင်းလာ | နီလမ် | နီလို | ဝါးရ်ဒါ | တစ်တလီ | ဘူးလ်ဘူး |
| သီရိလင်္ကာ | မာလာ | ရှားရှမီး | ဘန်ဒူး | မဟာဆင် | အာရှိဘား | အာခရိ | ဂျီဒွန် | ဆိုဘာ |
| ထိုင်း | မုခ်ဒါ | ခိုင်မု | ဖတ် | ဖိုင်လင် | ကိုမန် | မောရာ | ဖက်သိုင်း | အမ်ဖန် |



www.burmeseclassic.com

www.burmeseclassic.com

အနှုန်းမျိုး မဖြစ်စေရ။ စိတ်ထိခိုက်ချောက်ချားစေသော အမည်မျိုး မဖြစ်စေရ။ အကယ်၍ အမည်တစ်ခုယူထားသော မုန်တိုင်းကြောင့် လူများစွာ သေကျေစေပါက နောက်တစ်ကြိမ်ထပ်သုံးခွင့်မရှိတော့။ (ဥပမာ- နာဂစ်မုန်တိုင်း)

မြန်မာ၊ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံတို့အား ရေကြီးမှု၊ မြေပြိုမှုဖြစ်သော မုန်တိုင်းမှာ ကိုမန်(Komen) ဖြစ်ပြီး မြန်မာလို "နီလာ"ဟု အဓိပ္ပာယ်ရသည်။ မြန်မာနိုင်ငံက တိရစ္ဆာန်ရှစ်မျိုး အမည် ပေးထားသည်။

ယခုနှစ် နောက်ဆုံးပေးသည့် မုန်တိုင်းနာမည်မှာ ကိုမန်ဖြစ်သောကြောင့် နောက်ထပ်မုန်တိုင်းတစ်ခု ထပ်ပေါ်လာပါက "ချာပလာ"အမည်ပေးဖွယ်ရှိသည်။

မုန်တိုင်းငယ်များကို ဆိုင်ကလုန်းဟုမခေါ်ဘဲ တစ်နာရီလျှင် ၇၄ မိုင်နှုန်း တိုက်ခတ်မှသာ ဆိုင်ကလုန်းမုန်တိုင်းဟု သတ်မှတ်လျက် နာမည်ပေးသည်။

အပူပိုင်းဒေသများသည် မုန်တိုင်းများမွေးဖွားရာနေရာ ဖြစ်သည်။ ၎င်းဒေသရှိ ပင်လယ်သမုဒ္ဒရာဖြစ်သည်။ ပူနွေးစိုထိုင်းစများသော လေသည် မုန်တိုင်းအစပြုရာ လောင်စာသဖွယ်ဖြစ်လာသည်။ ထို့ကြောင့် အီကွေတာနှင့်နီးသော ပူနွေးသည့်ပင်လယ်ပြင်တွင် စတင်ခြင်းဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင် ပူနွေးလာသောအခါ အငွေ့ပြန်ပြီး အပေါ်သို့တက်သွားသည်။ တစ်ဖန် ရေငွေ့ပါသောလေပူများလည်း အထက်သို့တက်သွားသည့်အခါ ထိုမျက်နှာပြင်တွင် လေအားနည်းသွားသည်။ ၎င်းနေရာကို လေဖိအားနည်းရပ်ဝန်းဟု ခေါ်ဆိုပြီး မိုင် ၂၀၀ ပတ်လည်ရှိတတ်သည်။ ထိုနေရာသည် အေးသောလေဖိအားများသော် ပတ်ဝန်းကျင်မှလေများ တိုးဝင်လာသည်။ ထိုတိုးဝင်လာသောလေများလည်း ထပ်မံပူနွေးလာကာ ရေငွေ့များသယ်ဆောင်လျက် တိုးဝင်လာကြပြန်ရာ လေပွေသဖွယ်ဖြစ်လာသည်။ ရေငွေ့ပါသောလေသည် အပေါ်သို့ရောက်သောအခါ အေးလာသောကြောင့် တိမ်တိုက်များဖြစ်လာသည်။ ပင်လယ်ပြင်၏အပူသည် ဆက်လက်၍ ရေငွေ့ပြန်စေပါက တိမ်တိုက်သည်လည်း ပိုကြီးလာကာ လေနှင့်အတူ လှည့်ပတ်ဝေ့ယမ်းခြင်းဖြင့် အင်အားကြီးမားသော မုန်တိုင်းအဖြစ်သို့ ရောက်ရှိသွားသည်။

မုန်တိုင်းသည် လှည့်ပတ်ဝေ့ယမ်းတိုက်ခတ်ခြင်း မြန်သည်ထက်မြန်လာပါက လေဖိအားနည်းရပ်ဝန်းသည် မိုင် ၃၀ ဝန်းကျင်အထိ ကျဉ်းမြောင်းသွားသည်။ ၎င်းကို မုန်တိုင်းမျက်စိဟုခေါ်သည်။ ယင်းနေရာသည် လေငြိမ်နေပြီး ကောင်းကင်တွင် တိမ်ကင်းစင်နေသည်။ လေဖိအားနည်းခြင်းကြောင့် အထက်မှလေများ ထိုနေရာသို့ စီးဝင်လာသည်။

ပင်လယ်ပြင်မှ ပေါက်ဖွားမွေးဖွားလာသည့် မုန်တိုင်းသည် ကုန်းတွင်းဘက်သို့ဝင်ရောက်တိုက်ခတ်ပြီး နောက်ထပ်ပံ့ပိုးပေးမည့် ပူနွေးသောရေငွေ့များ မရှိတော့သည့်အခါ အားနည်းလျက် ပျောက်ကွယ်သွားသည်။ အီကွေတာ၏မြောက်ပိုင်းတွင်ဖြစ်ပေါ်သော မုန်တိုင်းများသည် နာရီလက်တံ ပြောင်းပြန်လည်ပတ်လျက် တိုက်ခတ်သည်။ အီကွေတာ၏တောင်ပိုင်းတွင် ဖြစ်ပေါ်သော မုန်တိုင်းများသည် နာရီလက်တံ ရွေ့သည့်အတိုင်း လည်ပတ်တိုက်ခတ်သည်။ ဤကဲ့သို့ မြောက်နှင့်တောင် အီကွေတာများတွင် တိုက်ခတ်သော မုန်တိုင်းများ၏ ရွေ့လျားတိုက်ခတ်ပုံ ခြားနားခြင်းမှာ ကမ္ဘာကြီးသည် မိမိ၏ဝင်ရိုးပေါ်တွင် လည်ပတ်နေခြင်းကြောင့်ဖြစ်သည်။

ယခုနှစ် ၂၀၁၅ ခုနှစ်တွင် တိုက်ခတ်ခဲ့သော ကိုမန်ဆိုင်ကလုန်းမုန်တိုင်းကြောင့် ဆိုးကျိုးများစွာဖြစ်ပေါ်ခဲ့သည်။ ကုလသမဂ္ဂ လူမှုကယ်ဆယ်ရေးကိစ္စများဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှုရုံး (United Nations Office for Coordination of Humanitarian Affairs: UN,OCHA)မှ ထုတ်ပြန်ထားသော အချက်အလက်များအရကို မန်မုန်တိုင်းကြောင့် အာရှခြောက်နိုင်ငံတွင် လူ ၅၀၀ နီးပါးသေဆုံးခဲ့သည်။ မြန်မာနိုင်ငံတွင် လူ ၁၀၀ ကျော် သေဆုံးခဲ့ပြီး အထိနာဆုံးနိုင်ငံ ဖြစ်သည်။ မြေပြိုခြင်း၊ ရေကြီးခြင်းများ ပြည်နယ်နှင့်တိုင်း ဒေသ ၁၂ ခုတွင် ဖြစ်ခဲ့သည်။ လူ ၁.၃ သန်း ဒုက္ခရောက်ခဲ့သည်။ မိသားစု ၂၄၀,၀၀၀ ဒုက္ခရောက်ခဲ့ပြီး လူဦးရေ ၃၀၀,၀၀၀ ဘိုကို ရွှေ့ပြောင်းနေရာပေးခဲ့ရသည်။ လူနေအိမ်ပေါင်း ၁၅၀၀၀ ပျက်စီးခဲ့ပြီး လမ်းများ၊ တံတားများလည်း ပျက်စီးခဲ့သည်။ ပညာရှင်များက နောက်ထပ် ရေကြီးလာနိုင်သေးကြောင်း ခန့်မှန်းနေကြသည်။

**မောင်မောင်စန်းထွေး**

စာကိုး
ပျိုးကြဲသူစာစောင် (စက်တင်ဘာ)



www.burmeseclassic.com

www.burmeseclassic.com

# ခုနစ်ရက်သားသမီးများအတွက်

# ဆရာမ ဒေါက်တာစောယုနွယ်က ဆောင်ရွက်ပေးနေပြီ

၁။ အမိအဘဘွေက. ကိုယ့်သားသမီးတွေကို ဆင်းစီးမြင်းရံပြီး ဘဝခရီးတစ်လျှောက် ပန်းခင်းတဲ့လမ်းကို လျှောက်လှမ်းစေချင်တာ. မမှတာပါပဲ၊ ဒါကြောင့် ကိုယ့်သားသမီးလေးတွေကို ကံဇာတာမြင့်မားစေတဲ့ ရက်တွေ၊ နေ့တွေမှာ မွေးစေချင်ကြပါတယ်၊ အဲဒီလိုကိစ္စတွေဖြစ်ခဲ့ရင် ဆရာမဒေါက်တာစောယုနွယ်ထံမှာ သင့်လျော်တဲ့ မွေးရက်ကို တွက်ချက်လိုက်ပါ။

## မွေးရက်ရွေးခြင်း

၂။ မွေးလာတဲ့ကလေးအတွက် မွေးသည့်အချိန်မှစလို့ လူမှုရေးပညာရေးတွေ ကောင်းစေဖို့ ဆောင်ရွက်ပေးပြီး မျက်နှာမြင်ချစ်ခင်စေ၊ နာမည်ကြားရုံနှင့် လူတိုင်းက ဖြူစေမယ့် နာမည်ကောင်းတွေကို ရွေးလိုက်ပါ။

## ကလေးအမည်ပေးလျှာ

၃။ မင်္ဂလာဆောင်မယ်တို့အတွက် နေ့ကောင်းနဲ့ရက်သာကိုရွေးပြီး တစ်သက်မခွဲ ရှေ့လက်တွဲရမယ့်အဆောင်။

## မင်္ဂလာရက်မြတ်လက်ထပ်ရက်ရွေး

၄။ အလုပ်ကြီးအကိုင်ကြီး ဆိုင်ကြီးကန္နားကြီးတွေအတွက်

## လုပ်ငန်းအမည်ပေး

၅။ ငွေကြေးအဆင်ပြေလို့ အိုးအိမ် အသစ်ဆောက်မယ့်အခါ။

## အိမ်ဆောက်ပန္နက်တင်မင်္ဂလာ

၆။ နာမည်ကျော်ကြား လူသိများပြီး ဝင်ငွေကောင်းစေမယ့်

## အနုပညာရှင်တို့၏ အမည်ပေးလျှာ

စသည့်အကြောင်းအရာတို့ကို စနစ်တကျ တွက်ချက်ဆောင်ရွက်ပေးနေပါပြီ၊ နယ်မှ ဆောင်ရွက်လိုသူများ တယ်လီဖုန်းဖြင့် ဆက်သွယ်ခဲ့ပါလျှင် စာတိုက်၊ မော်တော်ကား စသည့်ရောက်ရှိမည့် လမ်းကြောင်းများနှင့် ပြန်လည်ပေးပို့နေပါပြီ။

ချမ်းသာကိုယ်စိတ်မြဲပါစေ • • • •

**ဆရာမဒေါက်တာစောယုနွယ်**

အမှတ်-၂၀၅(က)၊ ဝိတောက်(၅)လမ်း၊ မြို့သစ်(ဂ)

ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့

ဖုန်း-၀၁-၆၄၃၀၁၀

www.burmeseclassic.com

www.burmeseclassic.com

# မောင်မောင်မိုးအောင်

(စာပေဗိမာန်စာမူဆုရ)




www.burmeseclassic.com

www.burmeseclassic.com

# ပုတ်သင်ညိုသြဃ္ဇာဝါတို့သည် နေရာဒေသကိုလိုက်၍ အရောင်ပြောင်းလဲတတ်သည်

မောင်မောင်မိုးအောင်(စာပေဗိမာန် စာမူဆုရ)

"မေမေ…သမီး လပတ်စာမေးပွဲ အောင်တယ်။ အဆင့်(၂)ရတယ်။ ဒီမှာ မေမေ လက်မှတ်ထိုးပေးပါ"

ငါးတန်းကျောင်းသူ သမီးငယ်က Report card ကိုင်ရင်း အိမ်ပေါ်သို့ အပြေးတက်လာသည်။ သမီးလှမ်းပေးသော Report card ကို ကျွန်မကြည့်လိုက်သည်။ ကျောင်းသားအရေအတွက် ၄၂ ယောက်တွင် သမီးငယ်က အဆင့်(၂)ဖြင့် အောင်မြင်ခဲ့သည်။

"အို…ဟုတ်ပါရဲ့။ သမီးလေးက အဆင့်(၂)ရတာပဲ။ မေမေ့သမီးလေး တော်လိုက်တာ။ အဆင့်(၁)ရအောင် ကြိုးစားဦး"

ပြောပြောဆိုဆို သမီးပါးပြင်ကို မွှေးမွှေးပေးလိုက်သည်။

"သမီးလေးက သမီးရဲ့ကိုကိုထက် သာသွားပြီ။ သမီးကိုကိုက အဆင့်(၃) ပဲရတာ"

ကျွန်မတွင် ခုနစ်တန်းကျောင်းသားတစ်ဦးနှင့် ငါးတန်းကျောင်းသူသမီး တစ်ဦးရှိသည်။ ဤကလေးနှစ်ယောက်သည်သာ ကျွန်မဘဝ၏အားအင်များ ဖြစ်နေခဲ့သည်။ သူတို့အဖေ ကွယ်လွန်သွားခဲ့သည်မှာ တစ်နှစ်ကျော်ခန့်သာရှိသေးသည်။ သူတို့အဖေရှိစဉ်က လင်ယောကျ်ားရှာဖွေပေးသမျှ သုံးစွဲရုံသာ ဖြစ်သည်။ ကျွန်မ စီးပွားရေးမလုပ်တတ်ပါ။ ဝင်ငွေရအောင်လည်း မရှာတတ်ပါ။ တစ်လတစ်လ ကလေးနှစ်ယောက် ကျောင်းစရိတ်၊ မုန့်ဖိုး၊ ရေဖိုး၊ လျှပ်စစ်မီတာခ စသည့် ကုန်ကျစရိတ်များကိုလည်း ကျွန်မ သတိထားမိလာသည်။ မည်သည့်အလုပ်မျှမလုပ်ဘဲ တစ်နှစ်ကျော် ထိုင်စားလာခဲ့သည်။ တဖြည်းဖြည်းနှင့် လုံးပါးပါးလာသည်။ ဝင်ငွေမရှိဘဲ ထွက်ငွေချည်းသာဖြစ်နေသည်။

ကျွန်မ၏အခြေအနေကို သိသော တစ်ဝမ်းကွဲအစ်မဖြစ်သူက လက်ရှိနေအိမ်ကိုရောင်းပြီး အစ်မတို့ရပ်ကွက်တွင် လာရောက်နေထိုင်ရန် အကြံပြုလာသည်။ ပထမအကြိမ် ထိုသို့ပြောစဉ်က ကျွန်မ ငြင်းပါသည်။ ကျွန်မအဓိကစဉ်းစားခဲ့သည်မှာ ကလေးနှစ်ဦး၏ ပညာရေးပင်ဖြစ်သည်။ ဤရပ်ကွက်တွင် ကလေးနှစ်ဦး နေသားကျနေပြီလည်းဖြစ်သည်။ အတန်းတွင် အဆင့်လည်း ကောင်းနေသည်။ ပတ်ဝန်းကျင်ကလည်း ပညာရေးကို အလေးထားသည့် ပတ်ဝန်းကျင်ဖြစ်သည်။ စာမေးပွဲများနီးချိန်ဆိုလျှင် လမ်းတွင် ကလေးများ စာကျက်သံများ ဆူညံနေပါတော့သည်။ ကလေးများကို စာကျက်ကြဟု မည်သည့်အခါမျှ မပြောခဲ့ရပေ။ ပတ်ဝန်းကျင်က စာကျက်သံများကြားသည်နှင့် ကလေးနှစ်ဦး စာကြည့်စားပွဲပေါ် ရောက်နေခဲ့ကြပြီ။ ကလေးများပညာရေးအတွက် ဤရပ်ကွက်တွင်ပင် ဆက်လက် နေထိုင်ချင်သေးသည်။ လင်ယောကျ်ားဖြစ်သူ ခေါင်းချသွားသည့် ဤလမ်း၊ ဤရပ်ကွက်၊ ဤအိမ်ကို သံယောဇဉ်တွယ်နေခဲ့မိသည်။ သို့သော် ဝင်ငွေရအောင် မလုပ်တတ် မကိုင်တတ်မို့ လက်ဝတ်လက်စားများ တဖြည်းဖြည်း လျော့နည်းလာသည်။ တစ်နှစ်ကျော်ကျော် ထိုင်စားခဲ့ပြီးပြီ။ အဖက်



www.burmeseclassic.com

www.burmeseclassic.com

ဖက်မှ တွေးတောရင်း ဤအိမ်ကိုရောင်းချပြီး အစ်မဖြစ်သူရပ်ကွက်သို့ ပြောင်းရွှေ့နေထိုင်ရန် ဆုံးဖြတ်ချက်ချလိုက်ရတော့သည်။

တစ်နေ့ အစ်မ ကျွန်မနေအိမ်သို့ရောက်လာစဉ် ကျွန်မ တွေးတောထားမိသောဆန္ဒကို ထုတ်ဖော်ပြောပြလိုက်သည်။

"အစ်မအိမ်နားမှာ အိမ်တစ်လုံးရောင်းဖို့ တွေ့ထားတယ်။ မြေကတော့ လေးဆယ်×ခြောက်ဆယ်ကို တစ်ဝက်ခြမ်းထားတာ။ နှစ်ဆယ်×ခြောက်ဆယ်ပေါ့။ ပျဉ်ထောင်နှစ်ထပ်အိမ်လေးပါ။ မီးလည်းပါတယ်"

"ဈေးက 'ဘယ်လောက်ရှိလဲ အစ်မ"

"သူတို့က ၆၅ လောက် ဈေးခေါ်ထားတယ်။ တော့တော့ဆိုင်ဆိုင်ပြောရင်တော့ လျှော့ဦးမှာ။ စိတ်ကူးမလွဲနဲ့။ တော်ကြာ သူများဦးသွားမယ်။ အပေါ်ထပ်မှာ ကိုယ့်မိသားစုနေပြီး အောက်ထပ်ငှားစားလို့လည်းရတယ်"

"အောက်ထပ်ငှားရင် အိမ်လခဘယ်လောက်ရမလဲ"

"စပေါ်လေးသိန်းနဲ့ အိမ်လခ လေးသောင်းခွဲလောက် ပေါက်ဈေးရှိတာ။ တက်ဖို့ပဲရှိတယ်။ ကျဖို့တော့ မမြင်ဘူး"

"အစ်မတို့ဘက်မှာ အိမ်စရိတ်၊ အိမ်ဈေးတွေက အဲဒီလောက်တောင်ဖြစ်နေပြီလား"

"ဒါနဲ့နေပါဦး။ အခု ငါ့ညီမရဲ့အိမ်ကိုရောင်းရင် ဘယ်လောက်ရမလဲ"

"သိန်းတစ်ရာကျော်လောက် ရမယ်ထင်တယ်။ ရောင်းဖို့ ဆိုင်းဘုတ်ချိတ်ထားတော့ နှစ်ဦးသုံးဦး လာမေးသွားကြတယ်။ ရောင်းထွက်ဖို့များပါတယ်"

"ဒါဆိုရင် ရောင်းဖို့ဆုံးဖြတ်လိုက်တော့။ အစ်မတို့ရပ်ကွက်မှာ ဆင်းရဲသား လက်လုပ်လက်စားတွေများတယ်။ ပွဲကျ ကျပန်း အလုပ်သမားတွေ အနေများတယ်။ နေ့ပြန်တိုးနဲ့ငွေချေးမလား။ အိမ်ဆိုင်ဖွင့်မလား။ အားလုံးအဆင်ပြေတယ်။ အောက်ထပ်မှာ အိမ်ဆိုင်လေးဖွင့်ထားရင် ကလေးနှစ်ယောက်ကျောင်းစရိတ်လောက်တော့ ရနိုင်ပါတယ်"

"အင်း…အစ်မပြောတာ သဘာဝကျပါတယ်။ ဒီအတိုင်းထိုင်စားနေလို့တော့မဖြစ်တော့ဘူး။ ကျွန်မက အလုပ်တစ်ခုခုလုပ်ချင်နေတာနဲ့ အတော်ပဲ"

"ကောင်းပြီလေ။ အစ်မပြောတဲ့အိမ်ကို လိုက်ကြည့်စေချင်တယ်။ ကြိုက်ရင် တစ်ခါတည်း စကားပြောခဲ့မယ်။ ဘယ်လိုလဲ"

"ကောင်းသားပဲ။ အစ်မနဲ့လိုက်ပြီး ကြည့်မယ်လေ"

ကျွန်မနေထိုင်ရာ ကြည့်မြင်တိုင်ဘက်မှ အစ်မနေထိုင်ရာ ဒေါပုံမြို့နယ်ဘက်သို့ ထွက်လာခဲ့ကြသည်။ မရောက်သည်မှာ နှစ်များကြာခဲ့ပြီဖြစ်၍ အားလုံး ပြောင်းလဲတိုးတက်နေသည်ကို တွေ့ရသည်။ အစ်မတို့ရပ်ကွက်သည် ပုဇွန်တောင်မြစ်ကမ်းနားနှင့်နီးသော ရပ်ကွက်ဖြစ်သည်။ မင်းနန္ဒာလမ်းမကြီးမှ လမ်းသွယ်လေးအတိုင်း မြစ်ကမ်းနားအထိ ဆင်းသွားရသည်။ မြစ်ကမ်းနားနှင့် မလှမ်းမကမ်းတွင်ရှိနေသော အိမ်ဖြစ်သည်။ အနီးပတ်ဝန်းကျင်အိမ်များမှာလည်း ကျပ်ညပ်နေသည်ကိုတွေ့ရသည်။

ပေလေးဆယ်×ခြောက်ဆယ် မြေကွက်ကို တစ်ခြမ်းခြမ်းပြီး အိမ်ဆောက်ထားကြသည်။ အိမ်ချင်း ထိစပ်သည်အထိ ကျပ်ညပ်နေသည်။ ကျွန်မ ဘဝင်မကျလှပါ။ သို့သော် ဆွေမျိုးရင်းချာဆို၍ အစ်မတစ်ဦးသာရှိသည်။ အစ်မအားကိုးဖြင့်ပင် နေရတော့မည်။ အစ်မပြသော နေအိမ်သည် လက်ရှိအစ်မနေအိမ်နှင့် နှစ်လုံးသာခြားပြီး တစ်လမ်းတည်းဖြစ်သည်။

"ကဲ…ဘယ်လိုလဲ။ သေချာကြည့်ထား။ ကြိုက်ရင် အစ်မစကားပြောထားမယ်"

"အင်း…မဆိုးပါဘူး။ ကျွန်မတို့ သားအမိတွေ နေလို့ရပါတယ်"

"လက်ရှိအိမ်ရှင်တွေက ဗိုက်နာလို့ရောင်းတာ။ နောက်ဆို ဒီဈေးနဲ့ရဖို့ မလွယ်ဘူး"

"အစ်မ ကောင်းသလိုသာ ကြည့်စီစဉ်လိုက်ပါတော့"

အစ်မဆီကအပြန် တစ်လမ်းလုံး ကျွန်မ တွေးလာခဲ့သည်။ အစ်မတို့ရပ်ကွက်မှာ ဆင်းရဲသားရပ်ကွက်ဖြစ်၍ အိမ်ဆိုင်လေးဖွင့်က အဆင်ပြေမည်ထင်ရသည်။ ရှာခံအစ်မမျက်နှာကြောင့် အခက်အခဲကြီးကြီးမားမား မတွေ့နိုင်ဟု ထင်မြင်ယူဆမိသည်။ ငွေတိုးချေးလျှင်လည်း အဆင်ပြေနိုင်မည်ထင်သည်။ လမ်းထဲတွင် ဗွီဒီယိုပြသနေသည့် ဗွီဒီယိုရုံတစ်ရုံကိုလည်း ရှားရှားပါးပါးတွေ့ခဲ့သေးသည်။ လက်ဖက်ရည်ဆိုင်၊ အရက်ဆိုင်၊ စားသောက်ဆိုင်များလည်း နီးကပ်စွာ ဖွင့်လှစ်ရောင်းချနေသည်ကိုလည်း တွေ့ရသည်။ ဘဝင်မကျလှသော်လည်း မတတ်သာတော့ပါ။ ဆိုင်တ



www.burmeseclassic.com

www.burmeseclassic.com

နေ၍ မဖြစ်နိုင်တော့သည့်အဆုံး လက်ရှိအိမ်ကိုရောင်းချပြီး အစ်မပြောသည့်အိမ်ကို ဝယ်ရန် စီစဉ်လိုက်ရပါတော့သည်။ ဤနည်းလမ်းသည်သာ လောလောဆယ် ကျွန်မနှင့် ကလေးနှစ်ယောက်အတွက် ထွက်ပေါက်ပင်ဖြစ်သည်။

ကြည့်မြင်တိုင်ရပ်ကွက်မှ နေအိမ်ကို ရောင်းချလိုက်ပြီး မမတို့ရပ်ကွက်မှ ပေနှစ်ဆယ် × ပေခြောက်ဆယ် မြေနှင့် အိမ်ကိုဝယ်လိုက်သည်။ ငွေသိန်းလေးဆယ်ခန့် လက်ကျန်ရှိနေသေးသည်။ ငွေပိုထဲက အချို့ကို ဘဏ်တွင်အပ်နှံထားလိုက်သည်။ ကျွန်မတို့မိသားစု ကုန်တင်ကားကြီးဖြင့် ဝယ်ထားသောနေအိမ်ရှိရာသို့ ပြောင်းရွှေ့ခဲ့သည်။ ကျွန်မဝယ်ထားသောနေအိမ်ရှိရာ လမ်းထဲသို့ ကုန်တင်ကားကြီးက ခက်ခက်ခဲခဲဝင်ခဲ့ရသည်။ မမက အသင့်စောင့်ဆိုင်းနေ၍သာ အဆင်ပြေပြေဖြစ်ခဲ့သည်။ အိမ်ရှေ့တည့်တည့် ကားဆိုက်ပြီး ကားပေါ်မှ အိမ်ထောင်ပြောင်းပစ္စည်းများချရန် ပြင်ဆင်ရသည်။ အလုပ်သမားငှားရန် အစ်မကိုပြောနေစဉ် လမ်းထဲက လူငယ်သုံးလေးဦးရောက်လာပြီး အစ်မကို လှမ်းပြောလိုက်သည်။

"ဒေါ်သီ ကားပေါ်က ပစ္စည်းချဖို့ အခက်အခဲဖြစ်နေတယ် မဟုတ်လား"

"အေးဟုတ်တယ်။ အလုပ်သမားငှားမလားလို့ စဉ်းစားနေတာ"

"ကိုယ့်ရပ်ကွက်ထဲ ပြောင်းလာတဲ့သူဟာ ကိုယ့်ရပ်ကွက်သားပဲပေါ့။ အလုပ်သမားငှားမနေပါနဲ့တော့။ ကျွန်တော်တို့ကပဲ ကူညီပြီး ပစ္စည်းတွေ ချပေးပါ့မယ်။ အိမ်ပေါ်အထိ ပို့ပေးရမယ် မဟုတ်လား"

ထိုသို့ပြောနေစဉ် လူရွယ်သုံးလေးဦး ထပ်မံရောက်ရှိလာပြန်သည်။ ကားပေါ်ကပါလာသည့်ပစ္စည်းများကို ဝိုင်းကူချပေးကြသည်။ ဆင်းရဲသား ရပ်ကွက်ဖြစ်သော်လည်း သူတို့လေးများ၏ ကူညီရိုင်းပင်းလိုသည့် စိတ်ဓာတ်ကို ကျွန်မ လေးစားသွားမိသည်။ စိတ်ထဲကြိတ်၍ ချီးမွမ်းနေမိသည်။ ပစ္စည်းအားလုံး အိမ်ပေါ်ရောက်ပြီးသည်နှင့် မမက -

"သူတို့ကို လက်ဖက်ရည်ဖိုး ပေးလိုက်ပါ"

"အို . . . ပေးရမှာပေါ့။ ဘယ်လောက်များ ပေးလိုက်ရမလဲ မမ"

"ပေးချင်သလောက် ပေးလို့ရပါတယ်။ သူတို့က စေတနာနဲ့ ကူညီကြတာပဲ"

တစ်ထောင်တန်သုံးရွက် ကျွန်မ ထုတ်ပေးလိုက်သည်။ ကျေးဇူးတင်ပါတယ်အစ်မတို့ရယ်ဟုပြောကာ ထွက်သွားကြသည်။ သူတို့ လက်ဖက်ရည်ဆိုင်ဘက်သွားမည်ထင်ပြီး ကျေးဇူးတင်စိတ်ဖြင့် ကျွန်မလှမ်းကြည့်လိုက်သည်။ ကျွန်မ တွေးထင်ထားသလို မဟုတ်ခဲ့ပါ။ သူတို့ဝင်သွားသောဆိုင်မှာ အရက်ဆိုင်သာ ဖြစ်နေပါတော့သည်။

ထိုနေ့က အိမ်ထောင်ပြောင်းပစ္စည်းများ သယ်ဟယ်ချဟယ်၊ နေရာချဟယ်နှင့် လုပ်ခဲ့သဖြင့် ပင်ပန်းခဲ့ရသည်။ ကျွန်မတို့သားအမိ စောစောပင် အိပ်ရာဝင်ခဲ့ကြသည်။ မည်မျှကြာအောင် အိပ်ပျော်သွားသည်ကိုပင် မခန့်မှန်းနိုင်တော့ပါ။ မျက်စောင်းထိုးအိမ်မှ ဆူညံကျယ်လောင်သော လင်မယားချင်းရန်ဖြစ်သည့် စကားသံများကြောင့် အိပ်ရာက လန့်နိုးခဲ့ရသည်။

"ဟဲ့အကောင် . . . သောက်အရည်တွေသောက်လာပြီး ငါ့ကိုရန်လုပ်တာလား။ ဒီနေ့လုပ်ခပိုက်ဆံတွေ ဘယ်မလဲ။ နင် ငါ့အကြောင်းသိတယ်မဟုတ်လား"

"အချိန့်မတော် ဘာဖြစ်လို့ ဒီလောက်အော်ကြီးဟစ်ကျယ် ဖြစ်နေရတာလဲ"

"ပြောရမယ်။ ဘယ်မယားငယ်ကို ပိုက်ဆံတွေပေးလိုက်လဲ။ ငါမသိဘူးမှတ်နေလို့လား"

လင်ယောက်ျားဖြစ်သူ၏ အသံက မတိုးမကျယ်ဖြစ်သော်လည်း မယားဖြစ်သူ၏အသံကကျယ်လောင်လှသည်။

"ဒီနေ့ အလုပ်အဆင်မပြေလို့ ငွေပါမလာတာလေ"

"တော်စမ်းပါ။ မသိရင်ခက်မယ်။ ရတဲ့ပိုက်ဆံ အရက်သောက်၊ မယားငယ်နဲ့ပျော်မြူးပြီး ပြန်လာတာမဟုတ်လား"

"တော်တော့ကွာ"

"မတော်နိုင်ဘူး။ ငါက မယားကြီးပဲ။ ပိုက်ဆံပါမလာရင် အိမ်ပေါ်က ခုဆင်းသွား ငါ့အနား လာမအိပ်နဲ့ ခုဆင်းသွား"

"တော်တော့လို့ ပြောနေတယ် မရဘူးလား။ ဒီမိန်းမတော့ ငါလုပ်မိတော့မယ်"

"အံမယ် . . . နင်က ငါ့ကိုလုပ်ချင်တယ်ပေါ့လေ။ သတ္တိရှိရင် ငါ့အသားထိ



www.burmeseclassic.com

www.burmeseclassic.com

ကြည့်စမ်းပါ"

"ဒီလောက်ဖြစ်လှတဲ့မိန်းမ . . . ကဲဟယ် . . . ကဲဟယ်"

"အမလေး လုပ်ကြပါဦး။ ကျွန်မကိုနှိပ်စက်နေတယ်။ ကျွန်မပါးကိုရိုက်တယ် . . . လာကြပါဦး"

မိန်းမဖြစ်သူက အော်ကြီးဟစ်ကျယ်နှင့် အကူအညီတောင်းခံနေသော်လည်း အိမ်နီးနားချင်းများ တစ်ဦးတစ်ယောက်မျှ ထွက်မလာကြပေ။ ကျွန်မတို့အဖို့ ယခုမှကြုံဖူးသော်လည်း ပတ်ဝန်းကျင်က ဤအဖြစ်မျိုး ရိုးနေဟန်တူသည်။ အသံတွေက ကြားနေရဆဲပင်။ မကြားဝံ့မနာသာ တိုင်းထွာဆဲဆိုသံများ ကြားနေရသည်။ ကြိုးစား၍ ကျွန်မပြန်အိပ်သည်။ ပင်ပန်းထားသဖြင့် ပြန်လည်အိပ်ပျော်သွားခဲ့သည်။ မည်မျှကြာသွားသည်မသိပါ။ ခြံချင်းကပ်လျက်အိမ်မှ တဒုန်းဒုန်းမြည်သံကြောင့် အိပ်ရာမှနိုးခဲ့ရပြန်သည်။ ဘေးအိမ်မှ တဒုန်းဒုန်းမြည်သံက နားထဲ တိုးဝင်လာသည်။ ထင်းခွဲသောအသံဖြစ်ကြောင်း သိရသည်။ ထိုအခိုက်မှာပင် လင်းကြက်တွန်သံကြားလိုက်ရသည်။ နံနက် ၄ နာရီကျော် အချိန်ခန့်ဖြစ်သည်။ အိမ်အောက်မဆင်းဘဲ အိမ်ပေါ် ကြမ်းခင်းပေါ်မှာပင် တဒုန်းဒုန်းဖြင့် ထင်းခွဲနေသည်။

"ဟဲ့ . . . ဒီနေ့ အလုပ်စောစောသွားမယ့်အကောင် မထသေးဘူးလား။ ငါပဲပြုတ်အရောင်းထွက်သွားရင် နှိုးမယ့်သူမရှိဘူးဖြစ်မယ်။ ထတော့လေ"

လူခြေတိတ်ချိန်မို့ စကားသံ၊ ထင်းခွဲသံတွေက ကျယ်လောင်နေသည်။ သူတို့အသံကြောင့် ပတ်ဝန်းကျင်ကို အားနာရကောင်းမှန်းလည်း မသိကြပါ။ စိတ်ပျက်လက်ပျက်ဖြင့် အိပ်ရာပေါ် ကျွန်မလှဲနေမိသည်။ အိပ်၍မပျော်တော့ပါ။ သားနှင့် သမီးငယ်မှာ အပူအပင်ကင်းစွာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေကြဆဲဖြစ်သည်။ တစ်ပတ်ခန့်ကြာမှ အားလုံး နေသားတကျဖြစ်ခဲ့သည်။

ဤသို့ဖြင့် ကျောင်းများပြန်ဖွင့်သည့်အချိန် ရောက်လာသည်။ သမီးငယ်က ခြောက်တန်း၊ သားက ရှစ်တန်း တက်ရမည် ဖြစ်သည်။ ကလေးနှစ်ယောက်ကို အပြေးအလွှား ကျောင်းအပ်သွားရသေးသည်။ ကျောင်းမဖွင့်မီကတည်းက ယခင်နေခဲ့သော ရပ်ကွက်မှ သန်းခေါင်စာရင်း ပြောင်းရွှေ့ရေး၊ ကျောင်းထွက်လက်မှတ် ရရှိရေးတို့ ဆောင်ရွက်ရသဖြင့် မအားမလပ်နိုင်ဖြစ်ခဲ့ရသည်။

နေရာဒေသအသစ်၊ ကျောင်းအသစ်၊ ပတ်ဝန်းကျင်အသစ်မို့ သူတို့အတွက် ကျွန်မ ပူပင်နေမိသော်လည်း သားနှင့်သမီးတို့မှာ မိတ်ဆွေသစ်များနှင့် ပျော်နေကြသည်။ နှစ်ယောက်စလုံး တစ်ကျောင်းတည်းမို့ ကျောင်းသွား၊ ကျောင်းပြန် ပူစရာမလိုတော့ပေ။

ကိစ္စဝိစ္စအားလုံး နေသားတကျဖြစ်သွားမှ မမနှင့်တိုင်ပင်ကာ အိမ်ဆိုင်လေးဖွင့်လှစ်နိုင်တော့သည်။ သို့သော် ထင်ထားသလောက် ရောင်းအားမကောင်းလှပါ။ နောက်ပိုင်းမှ ကျွန်မသိလာရသည်က အကြွေးရောင်းပေးတော့မှ ရောင်းအားတက်လာသည်။ မည်သူတို့ကို အကြွေးရောင်းသင့်၊ မရောင်းသင့် မမကိုမေးမြန်းရသေးသည်။ ကျွန်မအိမ်နှင့် အနီးပတ်ဝန်းကျင်အိမ်များတွင် ကျောင်းသူ၊ ကျောင်းသားများရှိနေသော်လည်း ညနေဘက် စာကျက်သံမကြားရပါ။ ကလေးများ စာကျက်ချိန်တွင် စာကျက်သံမကြားရ၍ ကျွန်မစိတ်ထဲ ထူးသလိုလိုဖြစ်နေခဲ့သည်။ ယခင်က ကျွန်မနေထိုင်ခဲ့သောရပ်ကွက်တွင် ယခုလို ကျောင်းဖွင့်စရာသီတွင် ကလေးများ စာကျက်စာအံသံများ ဆူညံစွာကြားနေရပြီဖြစ်သည်။ ယခုရပ်ကွက်တွင် စာကျက်သံမကြားရပါ။ ဈေးဆိုင်ဖြင့် အလုပ်ရှုပ်နေခဲ့၍ သားတို့ကိုပင် သတိမထားမိခဲ့ပါ။ စာကျက်သံမကြားရသဖြင့် အိမ်တွင်းသို့ လှမ်းကြည့်ရာ သားကိုမတွေ့ရပေ။

"သမီးရေ . . သမီးကိုကို မတွေ့ပါလား။ ဒီအချိန် စာကျက်ချိန် ဘယ်သွားနေလဲ"

"ကိုကို့သူငယ်ချင်းတွေနဲ့ ဗွီဒီယိုသွားကြည့်တယ်ထင်တယ်"

"ဘာ . . . ဒီအချိန်က စာကျက်ရမယ့်အချိန်လေ။ အရင်တုန်းက ဒီအချိန် ဗွီဒီယိုကြည့်ရဖူးလို့လား"

ဒေါသစိတ်ဖြင့် သားကိုလိုက်ခေါ်မည်ကြံသော်လည်း မသွားဖြစ်ခဲ့ပါ။ သားက ည ၉နာရီကျော်မှ ပြန်ရောက်လာသည်။

"ဟဲ့သား ဘယ်အချိန်ရှိနေပြီလဲ။ ဗွီဒီယိုသွားကြည့်တယ်ဆို"

"ဟုတ်ပါတယ်မေမေ။ ဂေါ်ဇီလာကား သိပ်ကောင်းတာ။ ပင်လယ်ထဲသွားနေတဲ့ သင်္ဘောကြီးကို ဖျက်ဆီးနှစ်



www.burmeseclassic.com

မြှုပ်လိုက်ပြီး ကုန်းပေါ်တက်လာပြီး တိုက်တာကြီးတွေကို ဖြိုဖျက်လိုက်သေးတယ်။ ပြီးတော့မှ မြေအောက်ဘူတာရုံမှာ ဥတွေဥချခဲ့တာ။ ဥတွေက အကောင်တွေ ပေါက်လာတာ မေမေရဲ့"

စာကျက်ရန်ပြောမည်ဟု ကျွန်မစိတ်ကူးသော်လည်း သားက သူကြည့်ခဲ့သည့် ဂေါ်ဇီလာဇာတ်လမ်းကို စိတ်ဝင်စားစား အားပါးတရ ပြောပြနေသည်။ ကျွန်မ စိတ်မရှည်ချင်တော့ပါ။

"ကဲ···သား တော်ပြီ။ စာသွားကျက်တော့။ နောက်ဆို ဒီလိုစာကျက်ချိန် ဗွီဒီယိုသွားမကြည့်ရဘူးနော်။ မှတ်ထားစမ်း"

ကျွန်မစကားသံကြောင့် သားက မကျေမနပ်ဖြင့် စာကျက်သည့်စားပွဲပေါ်ထိုင်လိုက်သည်။ စာမကျက်သေးဘဲ သူကြည့်ခဲ့သည့် ဂေါ်ဇီလာဇာတ်ကားအကြောင်း သူ့ညီမကို ပြောပြနေသေးသည်။ ကျွန်မ လှမ်းကြည့်လိုက်စဉ် သားက ငေးငေးငိုင်ငိုင်ဖြင့်ထိုင်နေသည်။ သူကြည့်ခဲ့သည့် ဂေါ်ဇီလာဇာတ်လမ်း ပြန်တွေးနေဟန်တူသည်။

"ဟဲ့သား စာကျက်လေ ဘာလုပ်နေတာလဲ"

"ဟာ···မေမေကလဲ"

ဈေးဆိုင်ပိတ်ချိန် ရောက်လာ၍ ပစ္စည်းများ ကျွန်မ သိမ်းဆည်းနေခဲ့သည်။ အားလုံးသိမ်းဆည်းပြီးစီး၍ ဈေးဆိုင်တံခါးပိတ်ပြီး ကျွန်မ အိမ်ပေါ်သို့တက်လာသည့်အချိန်တွင် သားက အိပ်ရာထဲရောက်နေပြီဖြစ်သည်။ သားကိုကြည့်ပြီး မသက်မသာ သက်ပြင်းချလိုက်မိသည်။

တစ်နေ့ညနေ ကျောင်းကအပြန် သမီးတစ်ဦးတည်းကိုသာ တွေ့ရသည်။ သားကို မတွေ့ရပေ။

"သမီးရေ-သမီးရဲ့ကိုကို ကျောင်းမှာကျန်ခဲ့တာလား။ အချိန်ပိုသင်နေလို့လား"

"ကိုကိုက သူငယ်ချင်းတွေနဲ့ဘောလုံးကန်နေတာ။ ပြီးမှ ပြန်လာမယ်တဲ့"

"အင်း···ဒီကလေးက အပေါင်းအသင်း တော်တော်များနေပါလား"

ညနေ မှောင်စပြုတော့မှ သား ပြန်ရောက်လာသည်။ ကျောင်းဝတ်စုံကို လက်ကကိုင်လျက် ဘောင်းဘီတိုဖြင့် ချွေးတွေရွှဲရွှဲနှင့် တွေ့ရသည်။ အိမ်ပေါ်တက်တက်ချင်း သားက -

"ထမင်းဆာပြီမေမေ။ ထမင်းစားတော့မယ်"

"ဟဲ့···ချွေးတွေသံတွေနဲ့ ရေအရင်ချိုးလိုက်ဦးလေ"

ဈေးဆိုင်ကိစ္စများဖြင့် အလုပ်ရှုပ်နေသည်မို့ သားကို ဂရုမစိုက်နိုင်ခဲ့ပါ။ အတန်ကြာမှ သားကို လှမ်းကြည့်လိုက်သည်။ ထမင်းကို မြိန်ရေရှက်ရေစားနေသည်ကို တွေ့ရသည်။ ညနေစောင်းအချိန်ဖြစ်၍ ဆိုင်လူကျနေချိန်ဖြစ်သည်။ ကျွန်မတစ်ယောက်တည်း မနိုင်မနင်းဖြစ်နေသည်။ သားနှင့် သမီးကို ကူညီခိုင်းမည်ဟု စိတ်ကူးမိသော်လည်း သူတို့စာ ကျက်ပျက်မည်စိုး၍ မခိုင်းရက်ခဲ့ပါ။ ည ၉ နာရီကျော် အချိန်ကျမှ ဆိုင်က လူရှင်းသွားတော့သည်။ စာကျက်သံမကြားရသဖြင့် ကျွန်မ အိမ်ထဲဝင်လိုက်သွားသည်။ သားက အိပ်ရာထဲရောက်နေပြီး အိပ်မောကျနေသည်ကို တွေ့ရသည်။ ညနေက ဘောလုံးကစားထားသဖြင့် မောမောပန်းပန်းနှင့် အိပ်ပျော်နေပုံရသည်။ သားစာကျက်ချိန်နည်းလာ၍ ပညာရေးအတွက် ကျွန်မ ပူပင်စိတ်များ ဝင်လာမိသည်။

ဈေးဆိုင်မှာ အကြွေးရောင်းခဲ့သဖြင့် ရောင်းအားတက်လာသည်။ ရောင်းအားတက်လာသည်နှင့်အမျှ ဆုံးရှုံးမှုများလည်း ရှိလာသည်။ တစ်ရက်ဆိုင်ရှေ့ကဖြတ်သွားသော ကျွန်မ၏ ဖောက်သည် မတင့်ဆိုသူကို လှမ်းပြောလိုက်သည်။

"ဩော်···မတင့် မဝယ်တော့ဘူးလား။ ဟိုတစ်နေ့ကဝယ်သွားတဲ့ အကြွေးငါးရာ့ငါးဆယ် မဆပ်ရသေးဘူးနော်။ ပါရင် ပေးခဲ့ပါလား"

"ဒီမှာ ဆန်ဝယ်ဖို့ ပိုက်ဆံမပြည့်လို့ စိတ်ညစ်နေရတဲ့အထဲ အကြွေးတောင်းတဲ့သူက ရှိသေးတယ်၊ လောလောဆယ်လိုချင်ရင်တော့ အသားနဲ့လှီးယူတော့"

အကြွေးယူထားသော မတင့်က မချေမငံပြောဆိုပြီး ထွက်သွားသည်။ ဆိုင်ဘက်သို့ ခြေဦးလှည့်မလာတော့ပါ။ ဝယ်စရာရှိလျှင် အခြားဆိုင်တွင် သွားဝယ်သည်။ မတင့်လိုလူမျိုး လေးငါးဦး ကျွန်မ ကြုံဖူးခဲ့ပြီဖြစ်သည်။ ဤရပ်ကွက်အနေအထားမှာ ဤသို့ပါလားဟု ကျွန်မ တဖြည်းဖြည်း သဘောပေါက်လာခဲ့သည်။ မမက အကြွေးရောင်းမှ အဆင်ပြေမည်ဆို၍ ရင်းနှီးသူများကို အကြွေးရောင်းခဲ့သည်။ သို့သော် ပြန်တောင်းလျှင် အလွယ်တကူ ရလေ့မရှိပါ။ နှုတ်လှန်ထိုးခြင်းပင် ကြုံခဲ့ရသည်။



www.burmeseclassic.com

ကြွေးဆုံးငွေတွေများလာသည်။ ဤအတိုင်းဆက်သွားနေပါက ရှေ့ရေးအတွက် မလွယ်တော့ဟု ကျွန်မ စဉ်းစားလာမိသည်။

ဈေးဆိုင် ရောင်းဝယ်ရေးကိစ္စများသာမက ကလေးများလည်း မှုပျက်လာသည်။ စာကြိုးစားအားထုတ်မှု လျော့နည်းလာသည်။ ပတ်ဝန်းကျင်အခြေအနေကိုလိုက်၍ အမူအကျင့်များလည်း ပြောင်းလဲလာသည်ကို သတိထားမိလာသည်။

ညနေဘက် ကျွန်မဈေးဆိုင် လူကျချိန်တွင် မမရောက်လာပြီး ကျွန်မကို ဝိုင်းကူရောင်းပေးသည်။ မမက အိမ်အတွင်းသို့လှမ်းကြည့်ရင်း -

"ဟဲ့ နင့်သားလည်း မမြင်ပါလား"

"အို . . . ဟုတ်ပါရဲ့။ သမီးကိုကို ဘယ်သွားနေလဲ သမီးသိလား"

"သူ့သူငယ်ချင်းတွေ လာခေါ်လို့ ဗွီဒီယိုရုံကို လိုက်သွားတယ်မေမေ"

"ဒီကလေးတော့ ပြောမရဆိုမရနဲ့ ဘယ်လိုဖြစ်နေတာလဲ။ ဒီရပ်ကွက်ပြောင်းလာပြီးမှ အပေါင်းအသင်းအသစ်တွေရပြီး အကျင့်တွေပျက်လာတယ်။ အိမ်လည်းမမြဲတော့ဘူး။ စာလည်း မကျက်တော့ဘူး"

"ဩော် . . . လူငယ်ပဲလေ။ သူလည်း ဒီက ကလေးတွေလို ဗွီဒီယိုကြည့်ချင်ရှာမပေါ့။ မမတစ်ခုပြောမယ်။ ဗွီဒီယိုသွားရင်း အပေါင်းအသင်းတွေနဲ့ အတတ်မျိုးစုံတတ်လာမယ်။ မဟုတ်တာတွေ အတုခိုးမိရင်ခက်မယ်။ ဆေးလိပ်တောင် သောက်တတ်နေပြီလား မသိဘူး။ မမ အကြံပေးချင်တာရှိတယ်"

"မမက ဘာအကြံပေးချင်လဲ။ ပြောပါဦး"

"ညီမဆီမှာ ငွေပိုရှိသေးတယ် မဟုတ်လား။ ကလေးတွေအတွက် အပေါ်စက်၊ အောက်စက်တစ်စုံ ဝယ်ပေးလိုက်ပါလား။ ခု ဈေးတွေကျနေတယ်။ ဒါဆို ကလေးတွေလည်း အိမ်မြဲသွားမယ်။ ကိုယ့်အိမ်မှာဆိုတော့ မဟုတ်မဟပ်တာတွေလည်း ကြည့်လို့မရဘူးပေါ့။ တို့လည်း လာကြည့်လို့ရတာပေါ့"

"အင်း . . . မမပြောတာ ဟုတ်သလိုပဲ။ ကျွန်မ စဉ်းစားပါ့မယ်"

မမနှင့် စကားပြောနေစဉ်မှာပင် ဆူညံကျယ်လောင်သော သီချင်းဖွင့်သံကြားရသည်။ ဆောင်းဘောက်နှင့်တွဲ၍ ဖွင့်သောသီချင်းသံဖြစ်သည်။ တစ်အိမ်ကျော်အိမ်ကဖွင့်သော သီချင်းသံဖြစ်သည်။ မကြာခဏ ကြားနေရသော အသံလည်းဖြစ်သည်။ မမနှင့်စကားပြော၍မရတော့လောက်အောင် သီချင်းသံက နှောင့်ယှက်နေသည်။

"ကိုယ့်အိမ်ကိုယ် နားထောင်တာပဲမမရယ်။ ဒီလောက်အကျယ်ကြီးဖွင့်ရသလား။ မင်္ဂလာဆောင်အိမ်ကျနေတာပဲ"

"တို့ရပ်ကွက်မှာ ဒါမျိုးက ရိုးနေပါပြီလေ"

"ဘယ်ဟုတ်မလဲ မမရဲ့။ ဘေးပတ်ဝန်းကျင် အနှောင့်အယှက်ဖြစ်တာပေါ့။ ဟိုနေ့ကလည်း ကလေးတွေ စာကျက်ချိန် ဆောင်းဘောက်နဲ့ဖွင့်လို့ စာကျက်လို့မရတော့ဘူး ဖြစ်သွားတယ်။ ဘယ်သူမှမပြောကြဘူးလား"

"အဲဒီအိမ်ရှင်ယောက်ျားက မိုက်တိမိုက်ကန်းနဲ့။ ဘယ်သူကမှ မပြောဝံ့ကြဘူး"

"မမတို့ရပ်ကွက်က ဒီလိုဟာတွေရှိတာပဲ။ ပြောင်းလာတာ မှားပြီထင်ပါရဲ့"

"အနေကြာလာတော့ ရိုးသွားမှာပါကွယ်"

မမပြန်သွားပြီးနောက် ကျွန်မတစ်ယောက်တည်း စဉ်းစားနေမိသည်။ ဤရပ်ကွက်သို့ ပြောင်းရွှေ့လာခဲ့မိသည်ကို နောင်တရသလို ဖြစ်လာမိသည်။ ထိုအခိုက်မှာပင် ဆူဆူညံညံအသံများ ကြားရသည်။ မျက်စောင်းထိုးသာသာရှိ အရက်ဆိုင်က အသံများဖြစ်သည်။

"ဒါ . . . သက်သက်လူပါးဝတာ။ စံအေးတဲ့ဟော့ သတ္တိရှိရင် ထွက်ခဲ့စမ်းကွာ"

"ဩော် . . . မင်းက စံအေးတဲ့လား။ သိပ်သတ္တိကောင်းနေပါလား။ ကဲ ငါလာပြီ မင်း ဘာလုပ်ချင်လို့လဲ"

"အေး . . . လုပ်ချင်တာ ဒါပဲကွ"

ဒမှုံးသမားနှစ်ဦး စကားများပြီး လုံးထွေးသတ်ပုတ်ကြပါတော့သည်။

"ဟာ . . . လုပ်ကြပါဦး။ စံအေး လွယ်အိတ်ထဲက ဓားထုတ်နေပြီ"

"ဟော့ . . . စံအေး . . . မလုပ်နဲ့ လွန်မယ် မလုပ်နဲ့"

"မဆွဲကြနဲ့ ဖယ်စမ်းကွာ"

စံအေးဆိုသူကို သောက်ဖော်များက ဝိုင်းဝန်းထိန်းချုပ်ထားကြသည်။ ထိုအခိုက်မှာပင် တစ်ဖက်လူက ရုတ်တရက် အနားရောက်လာပြီး လက်ထဲက တုတ်ဖြင့် စံအေး၏ဦးခေါင်းကို ရိုက်

www.burmeseclassic.com

ထည့်လိုက်သည်။ စံအေးဦးခေါင်းမှ သွေးများ ဖြာကျလာသည်။ ရိုက်နှက်သူက တုတ်ကိုင်လျက်ဖြင့်ပင် ဆိုင်ပြင်သို့ ထွက်သွားသည်။

"သတ္တိရှိရင် လိုက်ခဲ့ကြ"

"စံအေးကို လုပ်ကြပါဦး။ သွေးတွေနဲ့"

"ဆေးခန်းပို့မှ ဖြစ်တော့မယ်"

"ရဲစခန်းအရင်သွားရင် ကောင်းမယ်ထင်တယ်"

တစ်ယောက်တစ်ပေါက် ပြောဆိုရင်း စံအေးဆိုသူကိုတွဲပြီး ထွက်သွားကြသည်။ ဤကဲ့သို့သော ရန်ပွဲမျိုး မကြာခဏတွေ့ရတတ်သည်။ သားက အပေါင်းအသင်းသူငယ်ချင်းများနှင့် ဗွီဒီယိုရုံသို့ မကြာခဏသွားနေလျှင် တစ်နေ့ ရန်ဖြစ်လာမည်ကို ကျွန်မ စိုးရိမ်လာမိသည်။ ဈေးဆိုင်က ဈေးရောင်းရငွေများ မကြာခဏ လျော့နည်းလာသည်မှာ သား၏လက်ချက်မှန်း ကျွန်မ သိသည်။ မပြောရက်၍ သိလျက်နှင့် မပြောခဲ့ပါ။ သားက အပေါင်းအသင်းများနှင့် ငွေကိုသုံးတတ်လာပြီ။ သား၏ စရိတ်ကို ကျွန်မ စိုးရိမ်လာမိသည်။

"သား ဗွီဒီယိုရုံသွားနေလို့ မဖြစ်တော့ဘူး။ မမပြောသလို အပေါ်စက်အောက်စက် ဝယ်ပေးလိုက်မှ အိမ်မြဲမယ်ထင်တယ်"ကျွန်မ တစ်ကိုယ်တည်း ရေရွတ်လိုက်မိသည်။ သားတို့အတွက် အပေါ်စက်၊ အောက်စက်တစ်စုံဝယ်ပေးရန် ကျွန်မ ဆုံးဖြတ်လိုက်တော့သည်။

တနင်္ဂနွေနေ့ ကျောင်းပိတ်ရက် တစ်ရက်တွင်ဖြစ်သည်။ သားကိုမတွေ့၍ သမီးကိုမေးလိုက်သည်။

"ဘောလုံးသွားကန်တယ် မေမေ။ ချိန်းပွဲရှိလို့တဲ့။ မေမေသိရင် မလွှတ်မှာစိုးလို့ဆိုပြီး တိတ်တိတ်လေးထွက်သွားတာ"

"ကျောင်းပိတ်ရက်တောင် အိမ်မမြဲဘူး။ မအေကို ကူညီရကောင်းမှန်းလည်း မသိပါလား။ လွှတ်ထားလို့ မဖြစ်တော့ဘူး။ ပြောမှဖြစ်တော့မယ်"

သားကို ပြောဆိုဆုံးမရန် စိတ်ကူးခဲ့သော်လည်း လက်တွေ့တွင်မူ မပြောရက်ခဲ့ပါ။ ဖတဆိုးသားမို့ အလိုလိုက်ထားခဲ့သည်။

တစ်နေ့ ကျောင်းကပြန်အလာ သမီးက Repert Card ကိုင်ကာ ကျွန်မကိုပေးသည်။

"မေမေ လက်မှတ်ထိုးပေးပါ"

"အဆင့်ဘယ်လောက်ရလဲ သမီး"

ကျွန်မအမေးကို သမီးက ချက်ချင်းမဖြေပါ။

"ဟဲ့ . . . မေးနေတယ်လေ။ ငါ လက်မအားသေးလို့ မကြည့်နိုင်သေးဘူး။ အဆင့်ဘယ်လောက်ရလဲလို့"

"အဆင့်(၂၅)ပါ မေမေ"

"ဘာပြောတယ်။ ဒီကို ပြောင်းခင် အရင်ကျောင်းမှာတုန်းက အဆင့်(၅)အောက် မရောက်ခဲ့တဲ့သူက ခုတော့ အဆင့်(၂၅) ရောက်သွားပါရောလား။ သမီး စာကျက်ချိန်နည်းတာကိုး။ ပြီးတော့ စာကျက်ရင် အရင်လို စိတ်ဝင်စားမှုလည်း မရှိဘူး"

"မေမေပြောတာမှန်တယ်။ သမီးတို့ စာကျက်ချိန်မှာ ဘေးအိမ်တွေက သီချင်းတွေဖွင့်တာ၊ တီဗွီတွေဖွင့်တာ အကျယ်ကြီးပဲ။ အသံတွေက ဒီလောက်ဆူညံနေတော့ ဘယ်လိုလုပ် စာကျက်လို့ရတော့မလဲ"

"အင်း . . . သမီးပြောတာလည်း ဟုတ်နေတာပဲ။ ဒါနဲ့ သမီးကိုကိုရော Report Card မရသေးဘူးလား။ သမီးတို့အတန်းကတောင် ရနေမှတော့ သူလည်းရလောက်ပြီ"

"ဒါတော့ သမီးမသိဘူး။ ကိုကိုကို မေးကြည့်ပေါ့မေမေ"

ဘောလုံးကန်ပြီး သားပြန်ရောက်လာချိန်တွင် Report Card ရ မရ သားကို ကျွန်မမေးလိုက်သည်။

"ဆရာမက သားကို Report Card မပေးပါဘူးမေမေ"

"သမီးတို့အတန်းတောင် ရနေပြီ၊ သားလည်းရရမှာပေါ့"

"သားပြောတာ အမှန်ပါ။ မေမေ မယုံရင် ဆရာမကိုမေးကြည့်ပါ"

"မေးရုံတင်မဟုတ်ဘူး။ ကျောင်းကိုလိုက်သွားပြီး သားရဲ့ အတန်းပိုင်ဆရာမနဲ့ သွားတွေ့မယ်"

နောက်တစ်နေ့တွင် ကျွန်မ သားတို့ကျောင်းသို့ လိုက်သွားပြီး အတန်းပိုင်ဆရာမနှင့် တွေ့ခဲ့သည်။

"ဪ . . . မောင်ကျော်ထက်ရဲ့ မိခင်လား။ တွေ့ချင်နေတာနဲ့ အတော်ပဲ။ ကျွန်မနဲ့လာတွေ့ဖို့ အကြောင်းကြားစာ ပို့လိုက်သေးတယ်"

"ကျွန်မဆီ ဘာအကြောင်းကြားစာမှ မရောက်ပါဘူးဆရာမ"

"အင်း . . . မောင်ကျော်ထက်က ခေါ်စာမပို့ခဲ့ဘူးထင်တယ်"

"ဒါနဲ့ ဆရာမက ကျွန်မကို တွေ့ချင်တာ ဘာကိစ္စများပါလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုပါ။ ဒီလအတွင်းမှာ မောင်ကျော်ထက် ကျောင်းပျက်ရက် လေးရက်ရှိတယ်။ လပတ်စာမေးပွဲမှာလည်း သုံးဘာသာ ကျရှုံးခဲ့တယ်။ ဒါတွေပြောပြချင်လို့ မိဘအုပ်ထိန်းသူနဲ့တွေ့ဖို့ ကျွန်မစီစဉ်ခဲ့တာ"

"သားက တစ်လတည်း ကျောင်းပျက်တာ လေးရက်တောင်ဟုတ်လား။ ပြီးတော့ သုံးဘာသာကျခဲ့တယ်နော်"

"ဟုတ်ပါတယ်။ ကလေးရဲ့မှတ်တမ်းတွေပြန်ကြည့်တော့ ဒီနှစ်မှပြောင်းလာတဲ့ကျောင်းသားပါ။ အရင်နေခဲ့တဲ့ကျောင်းမှာ အဆင့်(၅)အတွင်းသာ ရှိခဲ့တယ်လို့ သိရတယ်။ ခုလိုလာတွေ့တာ သိပ်ကောင်းပါတယ်။ ကလေးကို ဂရုစိုက်ကြပ်မတ်ပေးစေလိုပါတယ်"

"ဒါနဲ့ ဆရာမကို တစ်ခုမေးပါရစေ။ သားက Report Card မပေးဘူးလို့ပြောပါတယ်။ အဲဒါ ဟုတ်ပါသလား"

"မဟုတ်ပါဘူး။ Report Card အားလုံးကိုပေးပါတယ်။ ကလေးက ကျရှုံးတဲ့ဘာသာများနေလို့ အမေ့ကို မပြရဲတာဖြစ်မယ်။ ခုလိုလာတွေ့တာ ကျေးဇူးတင်ပါတယ်။ ကလေးစာကြိုးစားဖို့ ဆုံးမပေးစေချင်ပါတယ်"

"စိတ်ချဆရာမ။ ဆုံးမပါ့မယ်။ ခုမှအကြောင်းစုံသိရတော့တယ်။ ခွင့်ပြုပါဦး"

သားတို့ အတန်းပိုင်ဆရာမနှင့်တွေ့ပြီး အိမ်ပြန်ရောက်သည်အထိ ကျွန်မ ဒေါသမပြေသေးပါ။ သားအတွက် တစ်နေ့လုံး ကရုဏာဒေါသောဖြစ်နေခဲ့သည်။ ညနေ ကျောင်းက ပြန်ရောက်ရောက်ချင်းပင် သားကိုမေးမြန်းပြီး ရိုက်နှက်မိပါတော့သည်။

"ကဲ…ကျောင်းပြေးဦး။ ကျောင်းပြေးချင်ဦး။ ပြီးတော့ သုံးဘာသာတောင်ကျတယ်။ ကဲဟာ…ကဲဟာ"

ဒေါသဖြင့် သား၏ကျောပြင်ကို တုတ်တစ်ချောင်းဖြင့် ရိုက်နှက်နေမိသည်။ သားက ဘာတစ်ခွန်းမှပြန်မပြောဘဲ မျက်ရည်သာကျနေသည်။ မရိုက်စဖူး သားကို ရိုက်နှက်ဆုံးမမိခဲ့ပြီ။ သားမျက်ရည်ကျသည်ကိုတွေ့ရတော့ ကျွန်မရင်ထဲလှိုက်တက်လာခဲ့သည်။ သားကိုဖက်ကာ ဝမ်းပန်းတနည်း ငိုချလိုက်မိပါတော့သည်။ ပြီးနောက် သားကိုပွေ့ဖက်ထားရင်း -

"ဒီနေ့ကစပြီး သား စာကြိုးစားတော့နော်။ အရင်ကျောင်းမှာလို အဆင့်ရအောင်ကြိုးစား။ ဗွီဒီယိုရုံလည်း မသွားနဲ့တော့။ သားနဲ့သမီးတို့အတွက် အပေါ်စက်အောက်စက်တစ်စုံ မေမေဝယ်ပေးမယ်"

ငိုနေရာမှ သားမျက်နှာအမူအရာ ချက်ချင်းပြောင်းသွားသည်။

"မေမေ တကယ်ပြောတာနော်"

"တကယ်ပြောတာပေါ့။ ဒါပေမယ့် စာကိုတော့ ခုထက်ပိုပြီးကြိုးစားရမယ်"

"သား စာကြိုးစားပါ့မယ်။ မေမေ့စကားကို နားထောင်ပါ့မယ်"

အပေါ်စက်အောက်စက် ဝယ်ပေးလျှင် စာကြိုးစားမည်ဟုပြောခဲ့သော သားမှာ ကတိမတည်ခဲ့ပါ။ ဗွီဒီယိုရုံ မသွားတော့သော်လည်း အိမ်တွင် အချိန်ပြည့် ဗွီဒီယိုကြည့်နေတော့သည်။ စာကျက်ရန်ပင် သတိရဟန်မတူတော့ပါ။ ညနေစောင်းသည်နှင့် သား၏သူငယ်ချင်းအပေါင်းအသင်းများ အိမ်ပေါ်သို့ရောက်လာကြသည်။ စီဒီပြား ယူလာသူက ယူလာသည်။

"ကျော်ထက်ရေ…ဒီကားကောင်းတယ်။ နေတိုးနဲ့ သက်မွန်မြင့်ပါတယ်။ ဒီည ပြန်အပ်ရမယ်။ ကြည့်ပြီးရင် ခွေဖိုးတစ်ဝက်စိုက်နော်"

"အေးပါ။ ငါ တစ်ဝက်စိုက်ပါ့မယ်"

အိမ်ပေါ်တွင် ‚ သားတို့အသံများ ကြားနေရသော်လည်း ဈေးဆိုင် လူကျနေသဖြင့် သားကို မပြောနိုင်သေးပါ။ ကျွန်မ ကုန်စုံဆိုင်လေးသိမ်းချိန်နီးတော့မှ သားတို့အုပ်စုကြည့်နေသော ဗွီဒီယိုဇာတ်လမ်းကပြီးဆုံးတော့သည်။ နောက်ထပ်တစ်ကား ထပ်ကြည့်ရန် ပြောသူပြောနေသေးသည်။ ကျွန်မ မနေသာတော့ပါ။

"တော်ပြီလေသား။ စာကျက်ရဦးမယ်မဟုတ်လား။ မေမေဘာပြောထားလဲ။ အချိန်နဲ့ကြည့်လို့ ပြောထားတယ်မဟုတ်လား"

ကျွန်မ၏ မျက်နှာထားကြောင့် သားသူငယ်ချင်းများ အလျှိုအလျှို အိမ်ပေါ်ကဆင်းသွားကြသည်။ သားက စိတ်မပါ့တပါဖြင့် စာကြည့်စားပွဲပေါ်ဝင်ထိုင်သည်။ သားကို စာကျက်ရန်ပြောပြီး ဈေးဆိုင်ပစ္စည်းများ သိမ်းဆည်းနေခဲ့သည်။ အတန်ကြာသည်အထိ သားထံမှ စာကျက်သံမကြားရ၍ သားကိုလှမ်းကြည့်လိုက်မိသည်။ သားမှာ စာကြည့်စားပွဲပေါ်တွင် မှောက်လျက်သားအိပ်ပျော်နေသည်ကို တွေ့လိုက်ရသည်။ လေးလံသော သက်ပြင်းတစ်ခုသာ ချ



www.burmeseclassic.com

www.burmeseclassic.com

လိုက်မိတော့သည်။

ဤသို့ဖြင့် အတန်းတင်စာမေးပွဲကြီး ဖြေဆိုရမည့်အချိန် နီးကပ်လာခဲ့သည်။ ကျွန်မ စည်းကမ်းတင်းကျပ်ထားသဖြင့် သားက အချိန်မှန်စာကျက်နေသည်။ ညဘက်စာကြည့်ချိန် ဗွီဒီယိုဇာတ်ကား မကြည့်ရသဖြင့် ကျောင်းပိတ်သည့် စနေ၊ တနင်္ဂနွေကျောင်းပိတ်ရက် နေ့ခင်းဘက်တွင် သူငယ်ချင်းများနှင့် ဗွီဒီယိုဇာတ်ကား ကြည့်ဖြစ်အောင် ကြည့်လိုက်သေးသည်။ သား၏သူငယ်ချင်းများက ပညာရေး အလေးထားသူများ မဟုတ်ကြောင်း တစ်စတစ်စသိလာသည်။ အချို့ဆိုလျှင် လေးငါးတန်းနှင့်ကျောင်းထွက်ထားသူများ ဖြစ်လည်း။ ဗွီဒီယိုရုံသွားမည်စိုး၍ အပေါ်စက် အောက်စက် ဝယ်ပေးမိခဲ့သည်မှာ မှားလေပြီလားဟုပင် အတွေးဝင်ခဲ့သည်။

သား၏ အပေါင်းအသင်းသူငယ်ချင်းများထဲတွင် ကျောင်းတက်နေသူက အနည်းငယ်သာရှိသည်။ ကျန်သူငယ်ချင်းများမှာ စာမေးပွဲကျရှုံး၍ မိဘများက ကျောင်းထုတ်လိုက်သူ၊ မိဘက ကျောင်းထားပေးသော်လည်း ကျောင်းစာကို စိတ်မဝင်စား၍ ကျောင်းထွက်လိုက်သူများက အများစုဖြစ်သည်။ အတန်းတင်စာမေးပွဲကြီးဖြေဆိုရန် သုံးပတ်ခန့်သာ လိုတော့သည့်အချိန်သို့ ရောက်လာသည်။ ဗွီဒီယိုဇာတ်ကားမကြည့်ရန် ကျွန်မ တားမြစ်ထားသဖြင့် သား၏ သူငယ်ချင်းများ ရောက်မလာကြတော့ပါ။ ယခုကဲ့သို့ စာမေးပွဲကြီးဖြေဆိုရန် နီးကပ်ချိန်ဆိုလျှင် ယခင်နေခဲ့သော ရပ်ကွက်တွင် စာကျက်သံများ ဟိုမှသည်မှ ဆူညံစွာကြားနေရပြီဖြစ်သည်။ ယခု ဤရပ်ကွက်တွင်မူ ကလေးများ စာကျက်သံမကြားရပါ။

ဤသို့ဖြင့် အတန်းတင်စာမေးပွဲကြီး ဖြေဆိုရမည့်ရက်သို့ ရောက်လာသည်။ သားက နေ့တိုင်း အချိန်မှန်သွားရောက်ဖြေဆိုသည်။ သားက ဖြေနိုင်သည်ဟုပြောသော်လည်း ကျွန်မရင်ထဲ ထိတ်နေသည်။ သားကို အားမရလှပါ။ စာမေးပွဲကြီး ဖြေဆိုပြီးသည်နှင့် သား၏ သူငယ်ချင်းများ ရောက်လာကြတော့သည်။ ထုံးစံအတိုင်း စုပေါင်းပြီး အခွေငှားကြည့်ကြသည်။ သား စာမေးပွဲ အောင်၊ မအောင် ကျွန်မရင်ထဲ ထိတ်နေခဲ့သော်လည်း သားက သူငယ်ချင်းများနှင့် အပျော်အရွှင်မပျက် ရှိနေခဲ့သည်။ သင်္ကြန်ရက်များ ကျော်လွန်ပြီးသည့်တစ်ရက်တွင် သားတို့ အတန်းတင်စာမေးပွဲကြီး အောင်စာရင်းထွက်လာသည်။ ကျွန်မ တွေးထင်ထားသည့်အတိုင်းပင် ဖြစ်လာခဲ့သည်။ သမီးငယ်သာ စာမေးပွဲအောင်ပြီး သားကြီးက ကျရှုံးခဲ့သည်။ သားကို ဆူပူမာန်မဲပြီး ရိုက်ပစ်လိုက်မည်ဟု ကြံခဲ့သေးသော်လည်း သားကို မရိုက်ဖြစ်ခဲ့ပါ။ သား စာမေးပွဲကျရှုံးရခြင်းအကြောင်းရင်းကို လေးလေးနက်နက် စဉ်းစားကြည့်မိသည်။ သားအပြစ်ချည်း ပုံချ၍မရဟု ထင်သည်။ ပတ်ဝန်းကျင် အခြေအနေကလည်း အရေးပါနေသည်ကို ကျွန်မ တွေးမြင်လာခဲ့သည်။ သားတို့အရွယ်လို အသိမကြွယ် နနယ်ငယ်ရွယ်သူများအဖို့ တံငါနားနီးတံငါဖြစ်ခဲ့သည်ဟုသာ တွေးမိတော့သည်။ သားတို့လိုအရွယ်တွင် ပတ်ဝန်းကျင်သည် လွန်စွာအရေးပါကြောင်း ကျွန်မလက်တွေ့ ကြုံခဲ့ရပြီ။ ပတ်ဝန်းကျင် အခြေအနေကြောင့် သားမှာ အရောင်ပြောင်းလဲခဲ့ရခြင်းဖြစ်မည်။ အမူအကျင့်များ ပြောင်းလဲခဲ့ရသည်။ ပုတ်သင်ညိုသတ္တဝါတို့သည် နေရာဒေသကိုလိုက်၍ အရောင်ပြောင်းလဲတတ်ကြောင်း ကျွန်မ ဖတ်ဖူး၊ မှတ်ဖူးခဲ့သည်။ ယခု သားကြီးစာမေးပွဲ ကျရှုံးရခြင်းအကြောင်းရင်းမှာ ထိုသဘောပင်ဖြစ်မည်ထင်သည်။ သားနှင့် သမီးသာ ကျွန်မဘဝမျှော်လင့်ချက်ဖြစ်သည်။ ဤရင်သွေးနှစ်ဦးသာ ကျွန်မ၏ အနာဂတ်ဖြစ်သည်။ သားနှင့်သမီး ပညာတတ်မှသာ သူတို့အနာဂတ် လှပပေမည်။ သားနှင့်သမီး ပညာတတ်မှဖြစ်မည်။ ထူးချွန်မှဖြစ်မည်။ ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်။ အဖက်ဖက်မှ ကျွန်မ အမျိုးမျိုးတွေးတောရင်း ခိုင်မာသော ဆုံးဖြတ်ချက် ချလိုက်မိတော့သည်။ ထိုဆုံးဖြတ်ချက်မှာ ဤရပ်ကွက်တွင် ဆက်၍မနေသင့်တော့သည့် ဆုံးဖြတ်ချက်ဖြစ်သည်။ ဤရပ်ကွက်ပတ်ဝန်းကျင်မှ အခြားရပ်ကွက်တစ်ခုခုသို့ ပြန်လည်ပြောင်းရွှေ့ရတော့မည် ဖြစ်သည်။ ဖြစ်နိုင်လျှင် ယခင်နေခဲ့ဖူးသော ရပ်ကွက်မျိုး။ သို့မဟုတ် ပညာရေးကို အလေးထားသည့်ရပ်ကွက် ပတ်ဝန်းကျင်သို့ ပြန်လည်ပြောင်းရွှေ့နေထိုင်ရန် ဆုံးဖြတ်ချက်ချလိုက်မိပါတော့သည်။

**ဖောင်ဖောင်မိုးအောင်(စာပေပိမာန်စာမူဆုရ)**



www.burmeseclassic.com

www.burmeseclassic.com

# ကျိုက်ထီးဆောင်းမှ ပုတီးစိပ်နည်းများ

မြစံပယ်

### သရဏဂုံ ကိုယ်လုံးခြုံ

(က) အဇ္ဇတဂ္ဂေ ပါဏုပေတံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
အဇ္ဇတဂ္ဂေ ပါဏုပေတံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
အဇ္ဇတဂ္ဂေ ပါဏုပေတံ သံဃံသရဏံ ဂစ္ဆာမိ။

(ခ) ဗုဒ္ဓေါမေနိစ္စံ ဗုဒ္ဓေါ ဗောဓေယျံ
ဗုဒ္ဓံသရဏံ ဂစ္ဆာမိ။
ဓမ္မောမေနိစ္စံ မုတ္တော မောစေယျံ
ဓမ္မံသရဏံ ဂစ္ဆာမိ။
သံဃောမေနိစ္စံ သံဃော တိဏ္ဏော
တာရေယျံ သံဃံသရဏံ ဂစ္ဆာမိ။

(ဂ) ဗုဒ္ဓေါမေ သရဏံ အညံနတ္ထိ။
ဓမ္မောမေ သရဏံ အညံနတ္ထိ။
သံဃောမေ သရဏံ အညံနတ္ထိ။

ကျွန်မသည် သရဏဂုံသုံးဆင့်ကို ပုတီးတစ်လုံးနှုန်းဖြင့် ပုတီးတစ်ပတ် ပွားများပူဇော်အပြီးတွင် စိတ်ဓာတ်ခွန်အားတွေ တိုးတက်လာမြဲဖြစ်ပါသည်။

ယနေ့အတွက် မြတ်စွာဘုရားအား သက်တော်ထင်ရှား ရှိနေသကဲ့သို့ ရည်စူးမှန်းဆ၍ ဆွမ်း၊ ပန်း၊ ရေချမ်း၊ မီးအလင်းဓာတ်များနှင့် နံ့သာမွှေးများ ဆက်ကပ်လှူဒါန်းပြီး မြတ်ဗုဒ္ဓ၏ ရွှေနှုတ်တော်ထွက် ပရိတ်တော်ဓမ္မစက်များ၊ ပဋ္ဌာန်းဒေသနာတော်များပါ ရွတ်ဖတ်ပူဇော်ပြီးသည့်အခါတွင် ယနေ့အတွက် ကုသိုလ်ကောင်းမှုတွေ ရသွားပါပြီလားဆိုသည့် ပီတိကလည်း လောကဓံကို ရင်ဆိုင်ရဲရင့်စေခဲ့ပြန်ပါသည်။

အင်း…သူ့ကုသိုလ်ကလည်း "အရှုတ်"ချည်းပါလား။ "အသား"မပါပါလားဟု ဝေဖန်လျှင်လည်း ခံရပါမည်။ "အရိုး"ကိုက်ရသည့်ဘဝမှ လွတ်မြောက်လျှင်ပဲ တော်လှပါပြီဟု။

အမှန်စင်စစ် ကျွန်မတို့ ဗုဒ္ဓဘာသာဝင်များသည် မြတ်စွာဘုရားအား သတိတရရည်မှန်း၍ မနောဖြင့်ပူဇော်ကန်တော့လျှင်ပဲ ကုသိုလ်တွေ ထိုက်ရာတန်ရာ ရရှိစေခဲ့ရပါပြီ။ တစ်ဆင့်တိုးပြီး ဝစီဖြင့် ရွတ်ဖတ်နှုတ်လုံးသွင်းပူဇော်ကန်တော့သည့်အခါ ပိုမို၍ ကုသိုလ်တွေ ခံစားရရှိပြန်ပါသည်။ ထို့ထက် တစ်ဆင့်တက်ပြီး ကာယကံမြောက် ပူဇော်ပြန်သည့်အခါ ထိုက်ထိုက်တန်တန် ကုသိုလ်တို့ကို ခံစားရပေတော့သည်။

ကျွန်မတို့၏ မျက်မှောက်ခေတ်ကာလသည် ကမ္ဘာ့ရွာကြီး ဖြစ်သွားခဲ့ရပြီရော။ သိပ္ပံပညာတွေ စက်မှုလက်မှုပညာတွေ တစ်နေ့ထက်တစ်နေ့ ပိုမို၍ သာတိုးတက်ထွန်းကားနေသကဲ့သို့ မည်သည့်တိုင်းပြည်မှာ စစ်မက်တွေဖြစ်ပွားနေသတဲ့၊ တောမီးတွေလောင်နေသတဲ့၊ လျှော်တွေလှုပ်နေလို့ မြို့ရွာတွေပျက်စီး၊ လူတွေလည်းများစွာသေကြသတဲ့။ မုန်တိုင်းတွေတိုက်၊ ရေတွေကြီးနေသည့် တိုင်းပြည်နှင့် မီးတွေလောင်နေသည့်တိုင်းပြည် စသည်ဖြင့် ကပ်ဆေးနေသည့် ပမာ မြင်ကြားနေခဲ့ကြရသည်။

ကျွန်မတို့တိုင်းပြည်ပင် နာဂစ်မုန်တိုင်းဒဏ်ကို ကြေမြည့်စွာခံစားထားခဲ့ရသည် မဟုတ်ပါလား။ ဤကဲ့သို့သော ကပ်ဆေးနေသည့် ကာလမျိုးတွင် ကျွန်မတို့သည် မိမိကိုယ်မိမိ သရဏဂုံတည်ထားမှ အတန်ငယ်စိတ်ချထားရပါမည်။

ဤသရဏဂုံသုံးဆင့် ပုတီးစိပ်ကို ကျေးဇူးတော်ရှင် ကျိုက်ထီးဆောင်းဆရာတော်ကြီးမှ ၁၃၇၀ ပြည့်နှစ်၊ ဒီတွင်း



www.burmeseclassic.com

www.burmeseclassic.com

တရားပွဲများတွင် ချီးမြှင့်ခဲ့ခြင်းဖြစ်ပါသည်။

သရဏဂုံကိုယ်လုံးခြုံ
လုံးစုံများစွာ အောင်မြင်စေရာ။

× × ×

## ရွှေနှုတ်တော်ထွက် ဓမ္မစကားသည်သာ

အခက်အခဲ၊ အကျပ်အတည်း၊ အနှောင်အဖွဲ့၊ ဒုက္ခတို့ကို လူတိုင်း၊ နေရာတိုင်း၊ ဌာနတိုင်း၊ မြို့ရွာတိုင်း၊ တိုင်းပြည်တိုင်းလိုလိုမှာ ကြုံတွေ့ရင်ဆိုင်ကြရ စမြဲဖြစ်ကြပါသည်။ ကံအကျိုးပေးတို့ကြောင့်သာ အနည်းနှင့်အများ ကွာခြားခြင်းဖြစ်၏။

ဤကဲ့သို့အားဖြင့် စီးပွားရေးအခက်အခဲ၊ လူမှုရေးအခက်အခဲ စသည်တို့ကို ကြုံတွေ့ခဲ့ရပါလျှင် ကျွန်မတို့ ဗုဒ္ဓဘာသာဝင်များအတွက် အခက်အခဲအနှောင်အဖွဲ့များမှ လွတ်မြောက်စေသည့်ဂါထာကောင်းများနှင့် ဘုရားရှိခိုးအမျိုးမျိုးများ ရှိနေခဲ့ပါသည်။

"အားလုံးသော ဝေနေယျတိုင်းဟာ အခက်အခဲ၊ အကျပ်အတည်း၊ အနှောင်အဖွဲ့၊ ဝဋ်ဒုက္ခတွေကို မလိုချင်ဘဲလည်း ရရှိခံစားကြရတတ်ပါတယ်။ ဒီအခါမှာ ဘုရားမှ ဘစ်ပါး အားကိုးရာမရှိကြပါဘူး။ ဘုရားဟောဒေသနာ တရားတွေကို သတိရကြရမယ်။ အားကိုးယုံကြည်ကြရမယ်။ တို့အဖေဘုရားရဲ့ ရွှေနှုတ်တော်ထွက် ပရိတ်တော်ဓမ္မစကားတွေ၊ ပဋ္ဌာန်းဒေသနာတော်တွေဟာ အားကိုးရာ အစစ်အမှန်တွေ ဖြစ်တော်မူပေတယ်။ ပရိတ်ကြီး (၁၁)သုတ်ထဲက "မောရသုတ်"၊ "ဝဋ္ဋသုတ်"၊ အင်္ဂုလိမာလသုတ်" ဒီပရိတ်တော်သုံးသုတ်ကို သုံးအုပ်သုံးလီ နေ့စဉ်ရွတ်ဆိုပွားများ သရဇ္ဈာယ်ပေးကြပါ။ အားလုံးသော အခက်အခဲများ ပြေလည်ကြပါလိမ့်မယ်။ အနှောင်အဖွဲ့တွေက လွတ်မြောက်ကြပါလိမ့်မယ်။ အကျပ်အတည်းတွေကလည်း လွယ်ကူပေ့ါပါး သက်သာသွားကြပါလိမ့်မယ်။ မြတ်ဘုရားရဲ့ ရွှေနှုတ်တော်ထွက်စစ်စစ် တရားတော်တွေဟာ သတ္တဝါဝေနေယျအားလုံးတို့ကို ကယ်တင်ပေးပါတယ်။ ဟိုဂါထာကောင်းနိုး၊ ဒီဂါထာကောင်းနိုး ဆိုတဲ့လူတွေ အရွှေးမမှားကြနဲ့။ မဂ္ဂါအေး ချာချာလည်နေသလိုမျိုး မဖြစ်ကြဘဲ ထိုက်ရာတန်ရာ အခွင့်အလမ်းများ ပွင့်လန်းအောင်မြင်ကြပါစေကုန်သော်(၆)..."

ကျေးဇူးတော်ရှင် ကျိုက်ထီးဆောင်းဆရာတော်ဘုရားကြီးသည် အထက်ပါတရားတော်မြတ်ကို ၁၃၆၉ ခုနှစ်၊ ဝါတွင်းတရားပွဲများတွင် ဟောကြားချီးမြှင့်တော်မူခဲ့ပါသည်။

× × ×

## သိကြားမင်းဂါထာ

ဆရာတော်ဘုရားကြီးသည် အခြေအနေနှင့် အချိန်အခါကိုလိုက်၍ ပုတီးစိပ်နည်းကို ပေးတော်မူတတ်ပါသည်။

လွန်ခဲ့သော ဆယ့်ငါးနှစ်ခန့်က "သဏ္ဍာဉ်ချောင် မြတ်ဘုန်းခေါင်"ဘွဲ့မည်ရပါသော၊ ဒေသအခေါ် သိကြားဘုရား၏ မဟာပဋ္ဌာန်းပူဇော်ပွဲကြီးတွင် "သိကြားသာသနာတော်ခေတ်မှာ သိကြားမင်းရဲ့အစောင့်အရှောက် ဖေးကူထူမမှုကိုရရှိဖို့ ငါးပါးသီလလုံခြုံရမယ်။ အနန္တငါးပါးကို ရိုသေရမယ်။ မထေမဲ့မြင် စော်ကားခြင်းမပြုကြရပါဘူး။ ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ ဝက်ဆိုတဲ့ အသားကြီးငါးမျိုးကို မသုံးရှောင်ကြဉ်ကြရမယ်။ တတ်နိုင်ရင် သက်သတ်လွတ်ကို မွေးနေ့တွေမှာစား၊ ဒါမှမဟုတ် ကိုးရက်အဓိဋ္ဌာန်နဲ့စား၊ မေတ္တာပွားပြီးစားကြပါ။ အဲဒီလို ငါးမျိုး ငါးပါး သုံးချက်ညီခဲ့ရင် ငါးသုံးလီစည်းဘောင်နဲ့ မေတ္တာယှဉ်ပြီး နေထိုင်ခဲ့ကြရင် သိကြားသာသနာခေတ်မှာ အန္တရာယ်ကင်းကြမှာ အမှန်ပါပဲ။ ဥပဒ္ဒဝေကကံနဲ့လည်း ကင်းလွတ်ကြပါလိမ့်မယ်။ ဒီနေ့ ကဆုန်လပြည့် ပဋ္ဌာန်းအောင်ပွဲကစပြီး ကိုးပါးသီလနဲ့ ကိုးရက်ဓိဋ္ဌာန် နေထိုင်ကြပါ။ ဓိဋ္ဌာန်ရက်အတွင်းမှာ အခုပေးလိုက်မယ့် သိကြားမင်းဂါထာကို ပုတီးစိပ်ကြပါ။ ယုံကြည်စိတ်နဲ့ သီလတွေစင်ကြယ်ခဲ့ရင်၊ အကြောင်းဆက်မှန်ခဲ့ရင် သိကြားမင်းနဲ့တောင် စကားပြောနိုင်ပါလိမ့်မယ်။ အင်းပေ့ါ...လိုက်ဆိုကြ ပါ"

သက္ကဒေဝိန္ဒ မံပီတာ
အာရက္ခန္တု သဗ္ဗဒါ
သက္ကဒေဝိန္ဒ မံမတာ
နိစ္စံရက္ခန္တု မံဂတာ

× × ×



www.burmeseclassic.com

www.burmeseclassic.com

## မိုးလေနေလ သက်သေပြ

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး၏ တစ်ကျော့ပြန်ဖွင့်ဖော်ထားသည့် ဆံတော်ရှင်ဘုရားများ၏ မဟာပဌာန်း ပူဇော်ပွဲများတွင် တောင်ပေါ်ဒေသဖြစ်သဖြင့် မြူများ ထူထပ်စွာ ကျဆင်းနေတတ်ခြင်း၊ မိုးရွာသွန်းခြင်း၊ လေပြင်းထန်ခြင်းများဖြင့် ကြုံတွေ့ရတတ်ပါသည်။

သို့သော် ပဌာန်းအောင်ပွဲနေ့တွင် ဆရာတော်ဘုရားကြီး ကြွရောက်လာချိန်မှာ မိုးလေးကင်း၍ မြူရှင်းသွားခြင်းများ၊ မည်မျှပင်နေပူနေပါစေ ဆရာတော်ကြီး ကြွချီသွားရာ နေရာတိုင်းမှာ တိမ်များရွေ့လျား၍ အရိပ်ရအောမြလျက်ရှိခြင်းများတို့ကို မျက်မြင်ကိုယ်တွေ့ ဖူးတွေ့ရပါသည်။ သိကြားမင်းနှင့် အကြောင်းဆက်ခြင်း သာဓကများဖြစ်၏။

× × ×

## တရားကိုယ်မှာ ပွင့်ကြပါစေ

ကျိုက်ထီးဆောင်းဆရာတော်ဘုရားကြီး၏ တရားပွဲများတွင် ဘုရားရှိခိုးစာအုပ်များ၊ ဆံတော်ရှင်သမိုင်းစာအုပ်များ၊ စိပ်ပုတီးများ၊ ကျောက်စိမ်းလက်စွပ်နှင့် ကြေးစည်လေးများ၊ ဆေးခါးလုံးများ၊ နဝင်းဆေးများနှင့် သကြားလုံးတို့ကို ပေးဝေချီးမြှင့်တတ်ပါသည်။ ကြိုက်သည့်လူများ ရွေးထီးလာဆောင်းလှည့်ကြဟု ဖိတ်ခေါ်နေပါသော ကျိုက်ထီးဆောင်းသာသနာနယ်မြေသို့ ရောက်ရှိပဌာန်းဆက်ဖူးသူတိုင်း သိရှိကြပါသည်။

ဘုရားရှိခိုးစာအုပ်ထဲတွင် ဂုဏ်တော်များ၊ ရောင်ခြည်တော်ဖွင့်၊ အစိန္တေယျဘုရားရှိခိုး၊ အဘိသေကဂါထာ၊ ပရိတ်ကြီး (၁၁)သုတ်၊ ဓမ္မစကြာ၊ ပဌာန်း၊ နှစ်ကျိပ်ရှစ်ဆူစက်ပရိတ်၊ ဆဒ္ဒိသာပါလသုတ်၊ ပရိမိတ္တဇာလသုတ်၊ ဓာရဏပရိတ်၊ မဟာသရဏဂုံ (၃၀)၊ သရဏဂုံသုံးပါး၊ ကိုးပါးသီလ၊ ကိုးနဝင်း မေတ္တာပို့ဆုတောင်း၊ ဩဒိဿ-အနောဒိဿ မေတ္တာပို့၊ ရှင်သီဝလိနှင့် ရှင်ဥပဂုတ္တ ဂါထာများ၊ သုဝဏ္ဏဘူမိဂါထာ၊ ထွက်ရပ်ပေါက်ဝိဇ္ဇာအရှင်မြတ်အပေါင်း၏ အဖွင့်၊ မြတ်ဆုမွန်၊ ကျင့်စဉ်နှင့် လုပ်ရပ်လမ်း၊ မဟာဂန္ဓာရီ တပသီ မြေလျှောက်ဝိဇ္ဇာ စခန်းမှတ်ချက်စာတမ်း၊ မေတ္တာပို့ဆုတောင်း၊ လိုရာပြည့်စေဂါထာနှင့် မေတ္တာပို့အမျှပေးဝေခန်းတို့ ပါရှိကြပါသည်။

ထို့အပြင် ဒွါရငါးထပ်၊ ဆိတ်ရာရပ်၌၊ တင့်အပ်နေသော၊ ဗုဒ်မေတ်မကို၊ ခေတ္တပွားနေ၊ တည်စေရှေ့နှာ၊ ငါးတောင်ကြား၌၊ စိတ်ထားမြဲစွာ၊ ပွားများရာသည်၊ မကြာရလိမ့် အာရုံတည်းဟူသည့် ဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး၏ တရားထိုင်နည်းကိုလည်း ဖော်ပြထားပါသည်။

ပုတီးစိပ်နည်းများအနေဖြင့်လည်း ဂုဏ်တော်ကိုးပါးနှင့် ကိုးပါးသီလကိုတွဲ၍ ပုတီးစိပ်နည်း၊ ၂၄ ပစ္စည်းနှင့် ဂုဏ်တော်တွဲ၍စိပ်နည်း၊ မနောမယိဒ္ဓိ ၁၀၈ ကွက် ဂုဏ်တော်ကွန်ချာစက်စိပ်နည်း၊ အဘယဏ္ဍန်းစင်တောင်ဆရာတော်ကြီးအား အာရုံပြု၍ ပုတီးစိပ်နည်း၊ ဘိုးမင်းခေါင်ကို အာရုံပြု၍ စိပ်နည်း ဟူ၍ အမျိုးမျိုးပါရှိပါသည်။ မိမိအာရုံရရာနည်းတစ်မျိုးကို ခိဌာန်ပြုပြီး စိပ်နိုင်ကြပါသည်။

တရားပွဲများတွင် ဆရာတော်ဘုရားကြီး၏နှုတ်တော်မှ တိုင်တည်ပေးလေ့ရှိပါသော ပုတီးစိပ်နည်းကို ယခု ဖော်ပြပေးလိုက်ပါသည်။

ဘဂဝါဗုဒ္ဓေါ၊ ဘဂဝါဓမ္မော၊
ဘဂဝါသံဃော။
အရဟံဗုဒ္ဓေါ၊ အရဟံဓမ္မော၊
အရဟံသံဃော။
သမ္မာသမ္ဗုဒ္ဓေါ ဗုဒ္ဓေါ၊
သမ္မာသမ္ဗုဒ္ဓေါ ဓမ္မော၊
သမ္မာသမ္ဗုဒ္ဓေါ သံဃော။

*မိစ္ဆာပျက်ပြား ဝိဇ္ဇာပွား*
*တရားကိုယ်မှာ ပွင့်ကြပါစေ။*

■ **မြစပယ်**



www.burmeseclassic.com

www.burmeseclassic.com



# ဆွမ်းတော်ကပ်ခြင်း

နှင့်

# ဆွမ်းတော်စွန့်ခြင်း

**ကျိုက်ထော်မြင့်မြတ်ကျော်(ဘီအေ)**

ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးများသည် နံနက်မိုးလင်းသည်နှင့် ဆွမ်းတော်ချက်ပြီး မြတ်စွာဘုရားအား ဆွမ်းတော်နှင့် သောက်တော်ရေချမ်း၊ ပန်း၊ ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းပြီး ကုသိုလ်ဒါနများ ပြုလုပ်ကြပါသည်။

ဆွမ်းတော်ကပ်သည်ဆိုရာဝယ် သက်တော်ထင်ရှား မြတ်စွာဘုရားကို စိတ်ထဲမှာရည်မှန်းပြီး မြတ်စွာဘုရား၏ ဂုဏ်တော်များကို ပွားများပူဇော်ရပါမည်။ ဆွမ်းတော်ကိုလည်း ထမင်းစား ပန်းကန်ပြားနှင့် အပြည့်ထည့်၍ သစ်သီး၊ မုန့်၊ ငှက်ပျောသီး၊ ပန်းသီး၊ လိမ္မော်သီး စသည့် သစ်သီးများကို ခွဲစိတ်၍ ကပ်လှူပူဇော်ရပါမည်။

ဆွမ်းတော်ကို ကပ်လှူပူဇော်သည့်အခါ အနည်းဆုံး နာရီဝက်၊ တစ်နာရီအထိ ကပ်လှူပူဇော်သင့်ပါသည်။ ဆွမ်းတော်စွန့်သည့်အခါ မွန်းတည့် ၁၂ နာရီမထိုးမီ နောက်ဆုံးထားပြီး စွန့်ကြရမည်။

ဆွမ်းတော်စွန့်ကြသည်မှာ ဘုရားကျောင်းဆောင်ပေါ်ရှိ ဆွမ်းတော်များကို ဘာမှမပြောဘဲ ရုတ်တရက်ယူပြီးစွန့်ပစ်ကြသည်မှာ လူတိုင်းလိုလိုပင်ဖြစ်ပါသည်။ ဤကဲ့သို့ ဆွမ်းတော်စွန့်ခြင်းမှာ အပြစ်မရှိဘူးဟု ထင်ရပါသော်လည်း သေချာစွာဆန်းစစ်ကြည့်ပါက အပြစ်ရှိသည်ဟု ဆိုနိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် သာမန်လူတစ်ယောက်အား ထမင်းဖိတ်ကျွေးလျှင် ထမင်းစားပြီးသည့်အခါ ထမင်းပန်းကန်များသိမ်းဆည်းလျှင် ခွင့်တောင်းပြီးမှ သိမ်းဆည်း



www.burmeseclassic.com

www.burmeseclassic.com

ကြပါသည်။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးအား သက်ရှိထင်ရှားကိုယ်တော်မြတ်ကြီးအဖြစ်ဖြင့် ဆွမ်းတော်ကပ်လှူပူဇော်ပါက ကုသိုလ်ရရှိပါသည်။ ဆွမ်းတော်စွန့်သည့်အခါမှာလည်း ရိုရိုသေသေလေးလေးစားစားဖြင့် ရိုသေစွာလျှောက်ထားပြီး ဆွမ်းတော်ကိုစွန့်သင့်ပါသည်။ ဆွမ်းတော်ကိုစွန့်ရန်အတွက် ခွင့်တောင်းသင့်ပါသည်။ ခွင့်မတောင်းဘဲ ဆွဲယူ၍စွန့်ပစ်လျှင် အဂါရဝအပြစ်သင့်သည်ဟု ထင်ပါသည်။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးအား ဂါရဝတရားနှင့်အညီ ဆွမ်းတော်စွန့်တတ်ရန် လိုအပ်ပါသည်။ ဆွမ်းတော်စွန့်ခါနီးတွင် ဤသို့ရွတ်ဆိုပူဇော်ပါ။

“ဘန္တေအရှင်မြတ်ဘုရား . . . အရှင်မြတ်ဘုရားအား ရည်စူးအမှူးပြုလုပ်၍ ကပ်လှူထားသော ဆွမ်းတော်များကို ဘုရားဆေး၊ တရားဆေး၊ သံဃာဆေးတော်ကြီးများအဖြစ် ပြန်လည်စွန့်ကြပေးသနားတော်မူပါရန် ရိုသေစွာဖြင့် လျှောက်ထားတောင်းပန်ပါသည် အရှင်မြတ်စွာဘုရား။

ဆေးတော်များကို စားသုံးမှီဝဲကြကုန်သော မြေထု၊ ရေထု၊ လေထုတို့၌ အထက်အောက်ဝန်းကျင်နေရာ၊ အသီးသီးတို့၌ နေထိုင်ကြလျက်ရှိကြကုန်သော သတ္တဝါအပေါင်းတို့၏ အတွင်းရောဂါ၊ အပြင်ရောဂါများသည် ပျောက်ကင်းပါစေသတည်း။ မကောင်းသော ဂြိုဟ်စီး၊ ဂြိုဟ်နင်းများသည် ပြယ်ပါစေ၊ ကွယ်ပါစေသတည်း။

အထူးသဖြင့် လူမိစ္ဆာ၊ နတ်မိစ္ဆာတို့၏ အတတ်ပညာများတို့သည် ဘုရားတပည့်တော်တို့၏ ရုပ်နာမ်နှစ်ဖြာ ခန္ဓာအတွင်းအပြင်တို့မှ ဝေးရာသို့ပြေးထွက်သွားကြစေကုန်သတည်း။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ဗုဒ္ဓံပူဇေမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ ဓမ္မံပူဇေမိ၊ သံဃံ သရဏံ ဂစ္ဆာမိ သံဃံပူဇေမိပါ အရှင်ဘုရား”

ဟု ရွတ်ဆိုပူဇော်ပြီး လက်အုပ်ချီကန်တော့ပြီးမှ ဘုရားဆွမ်းတော်ကို စွန့်သင့်ပါသည်။

ဘုရားဆွမ်းတော်ကို စွန့်ပြီးမှ စားသင့်ပါသည်။ ဘုရားဆွမ်းတော်နှင့်ပတ်သက်၍ ရှေးအယူအဆတစ်ခုမှာ ဘုရားဆွမ်းတော်ကို မစားရ၊ စားလျှင် ဘုန်းကံနိမ့်တတ်သည်ဟု ယူဆကြပါသည်။ ၎င်းအယူအဆသည် မမှန်ပါ။ အဘယ့်ကြောင့်ဆိုသော် လောကတွင် ဘုရားထက်မြင့်မြတ်သည့်သူ မရှိပေ။ အမြင့်မြတ်ဆုံးသော ပုဂ္ဂိုလ်၏ စားကြွင်းစားကျန်များသည် စားသုံးထိုက်သည်။ တချို့ဆရာတော်ကြီးများသည် နံနက်စောစော မိမိတို့အလှူခံ၍ရလာသော ဆွမ်းဟင်းများကို မြတ်စွာဘုရားအား ကပ်လှူပူဇော်ပြီးမှသာ ဘုဉ်းပေးလေ့ရှိသည်။

ဆွမ်းတော်များကို စားရာတွင် ဘုန်းနိမ့်သည်ဟူသော အယူအဆမှာ ပုဂံခေတ်က အနော်ရထာမင်းသည် သထုံဘုရင် မနုဟာမင်းအား အာစက်လျှာစက်ညံ့စေရန်အတွက် ဆွမ်းတော်ကိုစွန့်ပြီး တိရစ္ဆာန်ကျွေးသည့်ခွက်ကို ဆေးကြော၍ ထည့်ပြီး ကျွေးသောကြောင့်ဖြစ်သည်။ မနုဟာမင်းဘုန်းနိမ့်ရခြင်းမှာ ဆွမ်းတော်ကိုစားသောကြောင့် မဟုတ်ဘဲ ယုတ်ညံ့သော တိရစ္ဆာန်စားသည့်ခွက်နှင့် ထည့်ကျွေးသောကြောင့်ဟု မှတ်တမ်းရာဇဝင်များတွင် ရေးသားထားသည်ကို တွေ့ရသည်။

ဆွမ်းတော်ကိုစွန့်၍စားလျှင် ဘေးအန္တရာယ်ကင်းရှင်းပြီး ဆေးဝါးအဖြစ် စားသုံးနိုင်ပါသည်။

တချို့သော လူများသည် ဆွမ်းတော်ကိုစွန့်ပြီး တိရစ္ဆာန်များကို ကျွေးမွေးပါသည်။ တိရစ္ဆာန်များကို ကျွေးမွေးသည့်အခါမှာလည်း ခွက်ကိုသန့်ရှင်းအောင်ပြု၍ ကျွေးမွေးလျှင် ကုသိုလ်ရပါသည်။ ဆွမ်းတော်ကပ်လှူပူဇော်သည့်အခါမှာ မြတ်စွာဘုရားအား ကပ်လှူပူဇော်သဖြင့် ကြီးစွာသော ကုသိုလ်ရရှိပါသည်။ ဆွမ်းတော်များကို စွန့်သည့်အခါမှာလည်း တိရစ္ဆာန်များကို ကျွေးမွေးသည့်အခါမှာလည်း ကုသိုလ်ရပါသည်။

ဤနည်းဖြင့် ဆွမ်းတော်စွန့်ပစ်လျှင် ကုသိုလ်လည်းရသည်၊ ဆေးဝါးလည်းဖြစ်သည်၊ ဂါရဝတရားနှင့်လည်း ညီညွတ်သဖြင့် ကုသိုလ်ရရှိစေရန် စေတနာကောင်းဖြင့် တင်ပြလိုက်ရပါသည်။

ကျိုက်ထော်မြင့်မြတ်ကျော်(ဘီအေ)

(မှတ်ချက်) ။ ပါရမီရှင် ဆရာဦးပုဏ္ဏက၏ ဓာတ်ကြီးလေးပါး ဆွမ်းတော်ကပ်နည်းစာအုပ်ကို မှီငြမ်းပြုစုသည်။



www.burmeseclassic.com

www.burmeseclassic.com

# စေတနာ၏ အကျိုး

သစ္စာဝါဒီ ဆရာမြတ်စောလင်း

"စေတနာကံ အဟံ ကမ္မံ ဘိက္ခဝေ" ဟူသော ပါဠိတော်အရ ကံဟူ၍ ဗုဒ္ဓသည် ဆုံးဖြတ်တော်မူ၏။ စေတနာကောင်းလျှင် ကံကောင်း၍၊ စေတနာဆိုးလျှင် ကံဆိုးတတ်၏။ ကျွန်ုပ်တို့လူသားများသည် မွေးဖွားလာသည်နှင့် သိတတ်သည့်အချိန်မှစ၍ မိမိကိုယ်ကို ကံကောင်းအောင် အချိန်နှင့်အမျှ ပြုလုပ်နေကြ၏။ အချို့သော ပုဂ္ဂိုလ်များသည် မိမိပြုလုပ်သော၊ ပြောဆိုသော၊ ကြံမှုသော အကြောင်းများပေါ်တွင် ပြန်လည်သုံးသပ်၍ ဆုံးဖြတ်ချက်မပေးနိုင်ကြသော ပုဂ္ဂိုလ်များလည်း ရှိကြ၏။ မိမိပြုလုပ်သည်ကို အမှန်ထင်၍ တင်းတိမ်ရောင့်ရဲနေကြသောသူများ များစွာ ရှိပေသည်။ အချို့သောပုဂ္ဂိုလ်များ၌ ကောင်းမှုကုသိုလ်ပြုလုပ်နေသည်ပင်လျှင် မိမိပြုလုပ်သော ကောင်းမှုသည် မည်မျှလောက် အကျိုးပေးလိမ့်မည်ဟု နားလည်မှု မပြည့်ဝကြပေ။

ထိုမပြည့်ဝခြင်းသည် မိဘနှစ်ပါး၏ ဆုံးမပဲ့ပြင်မှုနည်းပါးခြင်း၊ ဗုဒ္ဓဘာသာ စာပေ၌ ကျွမ်းကျွမ်းကျင်ကျင် နားလည်သဘောပေါက်မှုမရှိခြင်း၊ မိမိတို့အား ဆုံးမပဲ့ပြင်မည့်သူများကလည်း ဤသို့သော သိသင့်သိထိုက်သော အချက်အလက်များကို ပြီးပြည့်စုံစွာ ဆုံးမပဲ့ပြင်မှုမပေးနိုင်ခြင်း အစရှိသော အားနည်းချက်များကြောင့် ကျွန်ုပ်တို့ဗုဒ္ဓဘာသာဝင် လူအများစုတို့၌ ဒါနကုသိုလ်ပြုမှု၌လည်းကောင်း၊ သီလကုသိုလ်ဆောက်တည်မှု၌လည်းကောင်း၊ ဘာဝနာ၊ ဝိပဿနာတရား အားထုတ်မှု၌လည်းကောင်း သိသင့်သိထိုက်သော အချက်အလက်များ များစွာလိုအပ်နေသည်ကို တွေ့ရှိရပေသည်။

ဤအကြောင်း အချက်များသည် ယခုခေတ်ကာလတွင် မဟုတ်။ ဂေါတမ မပွင့်မီ ရှေးကာလ၌ပင် ဤသို့သော သဘောတရားများ ရှိခဲ့ပေသည်။ ဗာရာဏသီပြည်၌ ကုန်သည်တစ်ဦးသည် ပစ္စန္တရစ်အရပ် တောဒေသ၌ နေထိုင်လျက် ကုန်အရောင်းအဝယ်ဖြင့်အသက်မွေးဝမ်းကျောင်းပြု၏။ ထိုအချိန်ကာလသည် ကဿပဘုရားရှင်လက်ထက်တော် အခါဖြစ်၍ ထိုကုန်သည်သည် နံ့သာဖြူ၊ နံ့သာနီ၊ ကရမက်၊ စန္ဒကူး စသော နံ့သာများကို ရောင်းဝယ်ဖောက်ကားသော နံ့သာကုန်သည်ကြီးပင် ဖြစ်ပေသည်။ ထိုကုန်သည်သည် ဗြဟ္မဏ မဟာသာလအမျိုး၌ ဖြစ်သော ပုဂ္ဂိုလ်ပင်ဖြစ်၏။ ထိုအခါ ရောင်းဝယ်ဖောက်ကား သွားလာရင်းဖြင့် စေတီတော်တစ်ဆူအား ဘ၏ နံ့သာဖြင့်လိမ်းသုတ်၍ လှူဒါန်းလိုသောစေတနာသည် ဖြစ်၏။ ထို့ကြောင့် စန္ဒကူးနံ့သာတို့ကို သွေး၍ ၎င်းမှရရှိသော နံ့သာရည်ဖြင့် စေတီ၏ အလယ်တွင်ပတ်၍ သုတ်လိမ်းလှူဒါန်းခဲ့လေသည်။ ထိုကောင်းမှုကုသိုလ်၏ အကျိုးသည် ဂေါတမဗုဒ္ဓ လက်ထက်တော်အခါ၌ ၎င်း၏ချက်မှ အရောင်တို့သည် တဖျပ်ဖျပ်တောက်ပ၍ ထွန်းလက်နေတော့၏။ ထိုအကြောင်းကို အများက စိတ်ဝင်တစားဖြစ်ကာ လာရောက်ကြည့်ရှုကြ၏။ ထိုအခါ ပုဏ္ဏားသည် စိတ်ကူးတစ်ခုဖြစ်၏။ ၎င်း၏ခန္ဓာကိုယ်မှ ထွက်နေသောအရောင်ကို အများသို့လှည့်လည်ပြသ၍ ငွေရှာရလျှင် ကောင်းလိမ့်မည်ဟု ယူဆပြီး မြို့ရွာတို့၌ လှည့်လည်ပြသလေ၏။ ထိုသို့ပြသရင်းဖြင့် ဂေါတမဗုဒ္ဓ၏ အကြောင်းများကို ကြားရသောအခါ သူ၏ချက်မှ ထွက်သော အရောင်ဖြင့် ဗုဒ္ဓအား ယှဉ်ပြိုင်ရန်အတွက် ဗုဒ္ဓ၏ သီတင်းသုံးရာ ကျောင်းတော်သို့ သွားရောက်လေ၏။ ကျောင်းတော် ပရိဝုဏ်အပေါက်သို့ ရောက်သည်နှင့် ထိုပုဏ္ဏားခန္ဓာကိုယ်မှ ထွက်သောအရောင်တို့သည် ပျောက်၍ သွားလေတော့၏။ ကျောင်းတော်ပေါက်မှ လှည့်၍ထွက်သောအခါ ၎င်း၏ခန္ဓာကိုယ်မှ အရောင်တို့သည် ပြန်လည်



www.burmeseclassic.com

www.burmeseclassic.com

တောက်ပနေပြန်၏။ ထိုကဲ့သို့ တစ်ကြိမ်မှနှစ်ကြိမ်၊ နှစ်ကြိမ်မှသုံးကြိမ်အထိ ကျောင်းတော်အတွင်းသို့ဝင်ရန် ကြိုးစားတိုင်း ၎င်း၏ချက်မှ အရောင်တို့သည် ပျောက်၍သွားလေတော့သည်။ ထိုအခါ စန္ဒပုဏ္ဏားသည် ထမ်းစင်ပေါ်မှဆင်း၍ ဗုဒ္ဓ၏သီတင်းသုံးရာ ကျောင်းတော် အတွင်းသို့ ဝင်ရောက်ပြီး ဗုဒ္ဓဘုရားအား ရှိခိုးပူဇော်ပြီးလျှင် ဤအကြောင်းတို့ကို လျှောက်ထားလေ၏။ ထိုအခါ ဗုဒ္ဓဘုရားက -

"စန္ဒံဝ ဝိမလံ သုဒ္ဓံ ဝိပ္ပသန္နမနာဝိလံ နန္ဒီဘဝ ပရိက္ခီဏံ တမဟံ ဗြူမိ ဗြာဟ္မဏံ"

ဤဂါထာတော်အား မြန်မာစကားပြေ ပြန်ဆိုသောအခါ၌ တိမ်တိုက်စသော အညစ်အကြေးကင်း၍ ကြည်လင်ဝင်းပသော လမင်းကဲ့သို့ သန့်ရှင်းကြည်လင်သော စိတ်ရှိသော နောက်ကျုတတ်သော ကိလေသာကင်းသော ဘဝသုံးပါး၌ နှစ်သက်တတ်သော တဏှာကုန်ပြီးသော ပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောတော်မူ၏ဟု ဗုဒ္ဓသည် စန္ဒာဘပုဏ္ဏားကို အကြောင်းပြု၍ ဟောတော်မူခဲ့၏။ ထိုဗုဒ္ဓဟောကြားသော ဒေသနာတော်အား ထောက်ထား၍လည်းကောင်း၊ ဇာတ်တော်၏အကြောင်းအချက်များကိုကြည့်၍လည်းကောင်း၊ မိမိပြုလုပ်သော ကုသိုလ်ကောင်းမှု၌ အသေးစိတ် ပြန်လည်ဆန်းစစ်ရန် လိုအပ်လှပေသည်။ ဇာတ်တော်၏သဘောတရားကို ကြည့်သောအခါ၌ ကဿပဘုရားလက်ထက်တော်၌ ထိုပုဏ္ဏားသည် စေတီတစ်ဆူလုံးအား အထက်စိန်ဖူးတော်မှ အောက်ပလ္လင်ခုံအထိ ၎င်းစန္ဒကူးနံ့သာများကို လိမ်းသုတ်၍ လှူဒါန်းခဲ့မည်ဆိုလျှင် အထက်ဆံဖျားမှ အောက်ခြေဖျားအထိ ကိုယ်ရောင်ကိုယ်ဝါများ တောက်ပနေမည်မှာ မလွဲပေ။ ယခုဆိုလျှင် စန္ဒကူးနံ့သာအား စေတီ၏ အလယ်၌သာ လှူဒါန်းခဲ့သဖြင့် ချက်မှသာလျှင် အရောင်ထွက်ရ၏။ ဤအကြောင်းများကို ထောက်ထား၍ ကျွန်ုပ်တို့ဗုဒ္ဓဘာသာဝင် သူတော်စင်များသည် အလှူဒါနပြုရာ၌ ပြီးပြည့်စုံသော အလှူဒါနဖြစ်ဖို့ စဉ်းစားလှူဒါန်းရမည်ပင်ဖြစ်၏။ မိမိစိတ်စေတနာသည် မိမိအားအကျိုးပေးသဖြင့် မိမိထားရှိသော စေတနာသည် အင်အားကောင်းသလောက် မိမိအား အကျိုးပေးလိမ့်မည်ပင်ဖြစ်၏။ ထိုကဲ့သို့ လှူဒါန်းသောအခါ၌ ကေသာဒကကဲ့သို့ ပုပ္ပစေတနာမလှူခဲ့သဖြင့် အကျိုးပေးနည်းခဲ့ရ၏။ ဤကဲ့သို့ မဖြစ်ရစေရအောင် လှူဒါန်းရန် စေတနာပေါ်ပေါက်ခြင်း လှူဒါန်းဖြစ်ဖို့ အလှူဒါန လှူဖွယ်ပစ္စည်းတို့အပေါ်၌လည်း စွန့်လွှတ်လှူဒါန်းဖို့ လှူဒါန်းသောအခါ၌လည်း သက္ကစ္စဂါရဝဖြစ်အောင် လှူဒါန်းဖို့ လိုအပ်လှပေသည်။

*ကျေးဇူးရှင်အား ရှိခိုးပါ၏။*

**သစ္စာဝါဒီ ဆရာမြတ်စောလင်း**


# ပဋ္ဌာန်းရွှေကျမ်းရတနာဒီပံ ရွှေအလင်းတိုင်

ပဋ္ဌာန်းဆက် အားကောင်း၍ လူ့ဘုံလောကတွင် ကျင်လည်နေထိုင်သျက်ရှိကြသော ပါရမီရှင်များအတွက် အားထားစရာ ပဋ္ဌာန်းရွှေကျမ်း ရတနာဒီပံ ရွှေအလင်းတိုင် ပေါ်ထွက်လာပါပြီ။

ဤသို့ ပေါ်ထွက်ရအောင်လည်း ပဋ္ဌာန်းရွှေကျမ်းကျင့်စဉ်ကို အဓိဋ္ဌာန်တင် သမထစွမ်းအင်ဖြင့် စီမံ၍ထားသဖြင့် ပါရမီရှင်များ လိုအပ်သော ကိစ္စအဝဝကို ဖြည့်ဆည်းပေးနိုင်ပါလိမ့်မည်။

အထူးသဖြင့် လျှို့ဝှက်စီမံထားသော ဂန္ဓီရပစ္စည်းတစ်မျိုးနှင့် တွဲဖက်၍ စီမံထားပါသည်။ အသေးစိတ်သိလိုသူများ လူကိုယ်တိုင်ကြွရောက်၍ မှာယူနိုင်ပါသည်။

---- ဆက်သွယ်ရန် ----

**ရှောင်ပြန်မဂ္ဂဇင်းတိုက်**

အမှတ်(၂၇)၊ ၅၂-လမ်း(အောက်)၊ ပိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၂၅၁၀၂၂၄၃၁




www.burmeseclassic.com

www.burmeseclassic.com

# သီသာစေကြောင်း
# မင်္ဂလာနိမိတ်ကောင်း

## ဒေါက်တာမင်းသိန်း၏နည်းစနစ်အတိုင်းဟောသည်
## ဒေါက်တာစောယုနွယ်

ယ်ဆိုတော့ ....

မိမိဘဝရဲ့ ကောင်းခြင်း၊ ဆိုးခြင်းဖြစ်ပျက်မှုတွေကို သာ မိမိအသိဆုံးပါ။ ဒါပေမယ့် ပွဲမစခင် ကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို င်ပြီး သိချင်ကြတာဟာ လူ့ဘဝရဲ့ မွတာပါပဲ။ ကားနောက်ကွယ်က ဇာတ်ရုပ်တွေဟာ တစ်ခါကျတော့ ပျော်စရာကောင်းတာတွေ သလို၊ တစ်ခါတစ်ခါကျတော့လည်း ပ်စရာတွေလည်း တွေ့ရတတ်ပါတယ်။

အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့ ကားကို လှစ်ခနဲသာ ဖွင့်လှစ်ပြသလိုက်ရတာကြောင့် ကျ်နှာများမှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း တလေသာ မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံပေါ်မှာ င်စုံ အစုံအလင်နဲ့ သင့်ဘဝအပြည့်အစုံကို င်တယ်ဆိုရင်ဖြင့် ....



■ အမှတ်(၂၀၅/က)
ပိတောက်(၅)လမ်း၊
မြို့သစ်(ဂ)၊
ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၄၃၀၃၀

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ မေလအတွက် ဟောစာတမ်း

## တနင်္ဂနွေ သားသမီး



သင်သည် ယခုကာလတွင် စိတ်တိုင်းကျ ဖန်တီးနိုင်မယ့် ကာလမျိုး မရောက်သေးပါ။ လုပ်သမျှလုပ်ငန်းတွေ အထစ်အငေါ့ဖြစ်ပြီးမှ အောင်မြင်မှုတွေ ရရှိလိမ့်မယ်။ ဘာမှမလုပ်ဘဲနေရင် နည်းနည်းသက်သာပေမဲ့ လုပ်လိုက်တာနဲ့ ဆုံးရှုံးမှုတွေ ဖြစ်သွားတတ်တယ်။ ခရီးတွေ မကြာခဏ ထွက်နေရတတ်တယ်။ အလုပ်နေရာ၊ အိမ်နေရာအသစ်ရခြင်း၊ နေရာထိုင်ခင်း ပြင်ဆင်မွမ်းမံရခြင်း၊ ပြောင်းရွှေ့ရခြင်းများ ကြုံရတတ်တယ်။ ဤကာလအတွင်း အစစအရာရာ သတိကြီးစွာထားရန် လိုပါတယ်။ မိမိအပေါ် မကောင်းကြံခြင်း၊ မကောင်းပြောခြင်းများ ခံရတတ်တယ်။ ကျန်းမာရေးညံ့သော သက်ကြီးရွယ်အိုများ အိမ်သို့ လာရောက်တည်းခိုလျှင် ဆုံးပါးသွားတတ်တယ်။ မထင်မှတ်ဘဲ ပညာတစ်ခု သင်ကြားရတတ်တယ်။ ဝန်ထမ်းများအဖို့ ဌာနဆိုင်ရာ အကြီးအကဲ၊ ဆွေမျိုးအကြီးအကဲတို့က အကူအညီကောင်း ပေးလာလိမ့်မယ်။ သစ်၊ သံ၊ သွပ် ကိစ္စများ၊ ရေထွက်ကုန်ပစ္စည်းများ အောင်မြင်အကျိုးပေးလိမ့်မယ်။ ခွဲစိတ်ကုသ ခံရတတ်တယ်။ အရွယ်ရောက်ပြီးတဲ့ သားသမီးတွေ ရှိလျှင် အိမ်ထောင်ကျတတ်တယ်။ သူများကိစ္စနှင့် ပတ်သက်ပြီး အမှုအခင်း ဖြစ်တတ်တယ်။ အိမ်မှာ ကိုယ်ဝန်ဆောင်သည် ရှိလျှင် မွေးဖွားရ ခက်တတ်တယ်။ လုပ်ငန်းချဲ့ရင် ဆုံးရှုံးတတ်ပါတယ်။ မမျှော်လင့်ဘဲ မြေတစ်ကွက် ဝင်တတ်တယ်။ ငွေပျောက်တတ်တယ်။ ကားပွတ်တိုက်ခံရတတ်တယ်။ အိမ်ထောင်ရှိသူတွေအဖို့ အိမ်တွင်းရေး ဆူဆူပူပူ ဖြစ်တတ်တယ်။ လူငယ်တွေအဖို့ ချစ်သူနဲ့ ကွဲကွာတာမျိုး ကြုံရတတ်တယ်။ ကျန်းမာရေးအနေဖြင့် သွေးထွက်သံယို ဖြစ်တတ်တယ်။ အဆိပ်ရှိတဲ့အကောင် အကိုက်ခံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅) နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ မေမြို့ပန်း(၅)ပွင့်၊ သပြေ(၆)ညွန့်၊ ထိုးနီ(၁၀)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

သောကြာ၊ တနင်္ဂနွေ

### ညံ့သောရက်

အင်္ဂါ၊ စနေ

### ကံကောင်းသောနံပါတ်

၁၀၊ ၁၆၊ ၆ ။ ၆၁

### အထူးသတိပြုရန်

ယခုကာလတွင် မိမိအိမ်ခေါင်းရင်းမှသော်လည်းကောင်း၊ မျက်နှာချင်းဆိုင်မှသော်လည်းကောင်း ကလေးအဖတ်မတင်သောသတင်း ကြားရပါက ကံကြမ္မာ ညံ့တတ်တယ်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်က ဘုရားတွင် သစ်သီး(၆)မျိုး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ မေလအတွက် ဟောစာတမ်း

## တနင်္လာ သားသမီး



သင်သည် ယခုကာလတွင် နည်းနည်းလှုပ်ရှားရင် နည်းနည်းပူပန်ရတတ်တယ်။ များများလုပ်ရင် လုပ်လေကုန်လေ ဖြစ်တတ်ပါတယ်။ ဒါပေမဲ့ စပ်တူလုပ်ငန်းတစ်ခု ပေါ်လာရင်တော့ တနင်္ဂနွေနံ၊ အင်္ဂါနံ ပါရင် လုပ်လိုက်ပါ။ မသွားချင်တဲ့ခရီးတွေ၊ စိတ်ညစ်စရာခရီးတွေ သွားရတတ်တယ်။ ဒါပေမဲ့လည်း ခရီးထွက်ပြီး ပြန်လာတာနဲ့ ကောင်းတဲ့သတင်း ကြားရတတ်တယ်။ မိတ်ဆွေအပေါင်းအသင်းများနဲ့လည်း စိတ်ဝမ်းကွဲခြင်း၊ စိတ်တိုင်းမကျခြင်း ကြုံရတတ်တယ်။ သားသမီးတွေလည်း ခရီးဝေး ထွက်ရတတ်တယ်။ ယခုကာလတွင် အိမ်ပြောင်းခြင်း၊ အိမ်ရွှေ့ခြင်း မပြုလုပ်သင့်ပါ။ ကိုယ်ဝန်ဆောင်သည်ရှိလျှင် ဆေးရုံမှာ မီးဖွားခိုင်းပါ။ ကျန်းမာရေး အနေဖြင့် အမြင့်မှ လိမ့်ကျခြင်း၊ ကားပွတ်တိုက်မိခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ကွဲ့ကော်ညွန့်(၂)ညွန့်၊ ဆီး(ဇီး)(၃)ညွန့်(ဆူးဖြုတ်)၊ ကုက္ကား(၁၉)ခုတို့ကို လှူပေးပါ။ အညှို့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ အင်္ဂါ

### ညံ့သောရက်

တနင်္လာ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၃၃၊ ၁၁၊ ၃၁၊ ၃၂

### အထူးသတိပြုရန်

မည်သည့်ကိစ္စမဆို ဆိုးတာဖြစ်ဖြစ်၊ ကောင်းတာဖြစ်ဖြစ် နှစ်ကြိမ်နှစ်ခါ ဖြစ်တတ်တယ်။ ကောင်းတာတွေ ဖြစ်လာဖို့ ကုသိုလ်ရေး ပိုပြီးလုပ်ပေးပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္ဂနွေနေ့နှင့် အင်္ဂါနေ့တိုင်း ဆွမ်းပူပူပေါ်တွင် ဆီဆမ်း၊ ဆားဖြူး၊ အုန်းသီးစိတ်ထည့်၍ လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ မေလအတွက် ဟောစာတမ်း

## အင်္ဂါ သားသမီး



သင်သည် ယခုကာလတွင် ကိုယ့်ကို အရင်က မခေါ်ဘဲနေတဲ့သူတွေက ပြန်ခေါ်လာလိမ့်မယ်။ ကိုယ့်ကို ဖိနှိပ်ထားတဲ့သူတွေကလည်း ပခုံးပေါ် ထမ်းတင်ထားမယ့်အချိန် ဖြစ်ပါတယ်။ ချစ်တဲ့သူတွေလည်း ဝိုင်းဝိုင်းလည်နေတတ်တယ်။ လုပ်ငန်းသစ်များ စတင်ရတတ်တယ်။ ထိုလုပ်ငန်းများသည်လည်း လွန်စွာအကျိုးပေး အောင်မြင်မယ်။ အလှူအတန်းများ၊ မင်္ဂလာပွဲများ စီစဉ်ပေးရတတ်တယ်။ ဘုရားဆင်းတုတော်၊ ပုံတော်များ ကြွလာလျှင် သင့်အတွက် အလွန်ကောင်းသောနိမိတ် ဖြစ်ပါတယ်။ ရွှေ ရတနာပစ္စည်းများ ဝင်မယ်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ရေး ဖောက်ပြန်မှုများ ဖြစ်တတ်၍ အိမ်ထောင်ဖက်နှင့် အဆင်မပြေ ဖြစ်တတ်တယ်။ ယခုကာလတွင် ငွေရှာရ လွယ်ကူပေမယ့် စုဆောင်းလို့မရ ဖြစ်နေမယ်။ ငွေဝင်လာလျှင် ရွှေဝယ်ထားလိုက်ပါ။ ကွဲကွာနေတဲ့ မိတ်ဆွေဟောင်း၊ ချစ်သူဟောင်းများနဲ့ ပြန်လည်ဆုံတွေ့ရတတ်တယ်။ ငွေကြေး ဂရုစိုက်ပါ။ အလိမ်ခံရတတ်တယ်။ တပည့်လက်အောက်ငယ်သား ဒုက္ခပေးတတ်တယ်။ သစ်၊ သံ၊ သွပ် တစ်ပတ်ရစ်ပစ္စည်း လက်မခံပါနှင့်။ နာရေးကိစ္စကို အကြောင်းပြု၍ ခရီးသွားရတတ်တယ်။ မြေကိစ္စ၊ အမွေကိစ္စတွေ ဖြေရှင်းပေးရတတ်တယ်။ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများနှင့် အဆင်မပြေ လမ်းခွဲရတတ်တယ်။ ဘုရားတစ်ဆူ ကြွလာတတ်တယ်။ ယခုကာလတွင် အိမ်ဆောက်ခြင်း၊ အိမ်ရောင်းခြင်း မပြုလုပ်ပါနှင့်။ ယခုလို ကံကောင်းတဲ့ အချိန်မှာ ကိုယ့်အလုပ်ကို ကြိုးစားပြီး လုပ်ပါ။ ကြိုးစားရင် ကြိုးစားသလောက် အောင်မြင်မှာ ဖြစ်ပါတယ်။ ကားအပြောင်းအလဲ ဖြစ်မယ်။ ကျန်းမာရေးအနေဖြင့် ဆေးမှားခြင်း၊ အစာမှားခြင်း ဖြစ်တတ်တယ်။ အဆိပ်ရှိထွေအကောင် အကိုက်ခံရတတ်တယ်။ အဲဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ထန်းညွန့်(၁၀)ညွန့်၊ အုန်းညွန့်(၆)ညွန့်၊ ယပ်အဖြူ(၁၂)ခု တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ ဗုဒ္ဓဟူး

### ညံ့သောရက်

အင်္ဂါ၊ စနေ

### ကံကောင်းသောနံပါတ်

၂၄၊ ၄၂၊ ၄၅၊ ၂၉

### အထူးသတိပြုရန်

ယခုကာလတွင် ကိုယ်၊ စိတ်၊ နှုတ် သုံးပါးကို မဖောက်မပြန် ထိန်းသိမ်းနိုင်သူတွေအဖို့ တန်ဖိုးကြီးမားသော ဘဝသို့ ရောက်နိုင်ပါသည်။ ယခုကာလတွင် ဆိတ်သား မစားရ။ သစ္စာပန်း မထိုးရ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် တနင်္လာနေ့နှင့် ဗုဒ္ဓဟူးနေ့တိုင်း ကော်ရည်ခေါက်ဆွဲ (၆)ပန်းကန်၊ ကြံရည်(၆)ခွက် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ မေလအတွက် ဟောစာတမ်း

## ဗုဒ္ဓဟူး သားသမီး



သင်သည် ယခုကာလတွင် စည်းစိမ်ဥစ္စာတွေ တိုးတက်လာပြီး လုပ်ဖော်ကိုင်ဖက် မိတ်ဆွေတွေက အစစအရာရာ ထောက်ပံ့မယ့်အချိန် ဖြစ်ပါတယ်။ စီးပွား သိသိသာသာ တက်မယ်။ သိကြားမ,လိုက်သကဲ့သို့ လက်ရှိအခြေအနေထက် များစွာမြင့်တက်သွားမယ်။ မိဘကို ကောင်းစွာပြုစု စောင့်ရှောက်နိုင်မယ့်အချိန်ဖြစ်တယ်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတက်မယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်သူတွေအဖို့ လုပ်ငန်းများ သိသိသာသာ အောင်မြင်မှုရမယ်။ လုပ်ငန်းသစ်များ စတင်ပြုလုပ်နိုင်ပြီး လုပ်ငန်းဟောင်းများလည်း ပြန်ပေါ်တတ်တယ်။ ခရီးတွေ သွားနေရတတ်တယ်။ ထိုခရီးများဟာလည်း စိတ်ချမ်းသာစရာခရီးများ ဖြစ်တယ်။ ပြည်ပခရီးသွားဖို့ ကြံရွယ်ထားသူများ ယခုအချိန်တွင် သွားလိုက်ပါ။ သင့်တန်းတစ်ခု တက်ရတတ်တယ်။ ပညာကောင်းများရမယ်။ မြေကိစ္စ၊ အမွေကိစ္စ ဖြေရှင်းရတတ်တယ်။ မြေတစ်ကွက် စပ်တူဝယ်ဖို့ ကြုံလာလိမ့်မယ်။ စပ်တူရှယ်ယာလုပ်ငန်းများ ပေါ်လိမ့်မယ်။ လုပ်လျှင် အောင်မြင်မယ်။ ကိုယ်ပိုင်လုပ်ငန်းဖြစ်စေ၊ ဝန်ထမ်းဖြစ်စေ ကြီးပွားတိုးတက် အောင်မြင်မယ့်ကာလ ဖြစ်တယ်။ ဒါပေမဲ့ အလုပ်တွင် အတိုက်အခံ အနည်းငယ် ကြုံရတတ်တယ်။ ငွေရှာရလွယ်ခြင်း၊ ငွေအဝင်အထွက် ကြမ်းခြင်းများ ဖြစ်တတ်တယ်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ဖက် စိတ်ညစ်ရတတ်တယ်။ ဆွေမျိုးသားချင်းများ ကျန်းမာရေး အသည်းအသန် ဖြစ်တတ်တယ်။ အထူးသဖြင့် ဗုဒ္ဓဟူးသားသမီး၊ စနေသားသမီးများ ဖြစ်လျှင် စိုးရိမ်ရတတ်တယ်။ စက်ပစ္စည်းတွေ ဝင်တတ်တယ်။ လူမှုရေး၊ အိမ်ထောင်ရေး ဂရုစိုက်ပါ။ ကိုယ့်ကို မလိုမုန်းထားသူတွေက သိက္ခာကျအောင် လုပ်တတ်တယ်။ ကျန်းမာရေး ဂရုစိုက်ပါ။ အသည်းနှင့် ပတ်သက်သောဝေဒနာ၊ ရုတ်တရက် ထိခိုက်မှုများ ဖြစ်တတ်တယ်။ ယာဉ်ထိုက်မှုဖြစ်ခြင်း၊ ရေနစ်ခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ထန်းညွန့်(၁၀)ညွန့်၊ အုန်းညွန့်(၆)ညွန့်၊ တံခွန်ဖြူ(၂၁)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

အင်္ဂါ၊ ကြာသပတေး

### ညံ့သောရက်

စနေ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

၅၄၊ ၅၃၊ ၃၂၊ ၃၅

### အထူးသတိပြုရန်

မိမိအိမ်တွင် ရွှေကွာနေသော ဘုရားရုပ်ပွားတော်ရှိလျှင်
လာဘ်ပိတ်တတ်ပါတယ်။ ရွှေများ ပြန်ချပေးပါ။
ယခုကာလတွင် ဆိတ်သား လုံးဝမစားရ။ သစ္စာပန်း မထိုးရ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်


မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့တိုင်း ပန်းပေါင်းစုံ(၅)မျိုးနှင့်
ပေါက်ပေါက်ဆွမ်းများလှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ မေလအတွက် ဟောစာတမ်း

## ကြာသပတေး သားသမီး



သင်သည် ယခုကာလတွင် မမျှော်လင့်ဘဲ စီးပွားတက်ခြင်း၊ ပစ္စည်းဥစ္စာ အံ့မခန်း အနှစ်များ ရတတ်တယ်။ အလှူအတန်း မှုချလုပ်ရလိမ့်မယ်။ ထိပေါက်သလို ငွေများ အစုလိုက် အပုံလိုက် ဝင်လာတတ်တယ်။ ခရီးအကျိုးပေးသော ကာလဖြစ်သောကြောင့် မကြာခဏ ခရီးသွားရလိမ့်မယ်။ အတူနေမိသားစုထဲမှ အကြီးအကဲ အဘိုး၊ အဘွားများ နာရေးဖြစ်တတ်တယ်။ ကံကောင်းသောကာလဖြစ်ပေမယ့် ငွေနှင့်ပတ်သက်ပြီး အနည်းငယ် ပြဿနာ ပေါ်နိုင်တယ်။ စာရွက်စာတမ်းကိစ္စနဲ့ ပတ်သက်ပြီး စိတ်ညစ်ရတတ်တယ်။ အမှုထမ်း၊ အရာထမ်းတွေဖြစ်နေရင် မိမိကို တိုင်စာ၊ ပစ်စာ ရောက်လာတတ်တယ်။ လက်ရှိအလုပ်ကို စိတ်မဝင်စားဘဲ ပြောင်းလိုစိတ် မကြာခဏ ဖြစ်ပေါ်လိမ့်မယ်။ မိမိအိမ်၏ အရှေ့အရပ်၊ အနောက်အရပ်မှာရှိသော ထီဆိုင်များမှ ထီထိုးပေးပါ။ အပျိုလူပျိုတွေအဖို့ အိမ်ထောင်ဖက် တွေ့တတ်တယ်။ ကျန်းမာရေးအနေဖြင့် အရိုး၊ အကြောနှင့် ပတ်သက်တာတွေ ဖြစ်တတ်တယ်။ မိန်းကလေး ဖြစ်ရင်တော့ သွေးသားနဲ့ ပတ်သက်တဲ့ ဝေဒနာ၊ အလုံးအကျိတ် ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ကုံကော်ညွန့်(၂)ညွန့်၊ ဆီး(ဇီး)ညွန့် (၈)ညွန့်(ဆူးဖြုတ်)၊ ကနက္ကသန်ထီးဖြူ(၁၅)ခု တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ စနေ

### ညံ့သောရက်

ဗုဒ္ဓဟူး၊ တနင်္ဂနွေ

### ကံကောင်းသောနံပါတ်

၂၄၊ ၂၇၊ ၇၂

### အထူးသတိပြုရန်

ယခုကာလတွင် ခိုင်မာသော စီးပွားရေးတစ်ခု တည်ထောင်ထားပါ။ လက်ရှိအခြေအနေမှ အံ့ဆပေါင်းများစွာ စီးပွားတက်လာလိမ့်မယ်။ အရက်သေစာ လုံးဝမသောက်ရ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် တနင်္လာနေ့တိုင်း ကျောက်ကျော(၂)တုံးနှင့် နန်းကြီးသုပ်(၂)ပွဲ လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ မေလအတွက် ဟောစာတမ်း

## သောကြာ သားသမီး



သင်သည် ယခုကာလတွင် စိတ်ပင်ပန်း၊ လူပင်ပန်း ဖြစ်ရတတ်တယ်။ အလုပ်တွေ တစ်ခုပြီးတစ်ခု လုပ်နေရတတ်တယ်။ ထိုအလုပ်များကလည်း အကျိုးရှိတဲ့ အလုပ်တွေ မဟုတ်ဘူး ဖြစ်နေမယ်။ အလုပ်ပြောင်းလိုစိတ် ပေါ်နေမယ်။ ပြောင်းလျှင် အဆင်မပြေနိုင်သေးပါ။ စီးပွားရေး၊ အိမ်ထောင်ရေး၊ လူမှုရေးတွေ အခက်အခဲကြုံရတတ်တယ်။ ငွေနဲ့ရင်းရတဲ့ စီးပွားရေးလုပ်ငန်းတွေ ကျဆင်းသွားတတ်တယ်။ လူလိမ်တွေနဲ့ ကြုံတွေ့ရတတ်တယ်။ နိုင်ငံရပ်ခြားနှင့် ဆက်သွယ်ရသောကိစ္စများ ပေါ်လာလိမ့်မယ်။ လူမျိုးခြားနှင့် တွဲပြီးလုပ်ရသော အလုပ်များ အောင်မြင်လိမ့်မယ်။ မြေတစ်ကွက် ဝင်တတ်တယ်။ ဘာသာရေးနှင့် ပတ်သက်သော ပုံတော်များ ဝင်လာလိမ့်မယ်။ အထက်လူကြီး၊ ကြီးကဲသူတို့က ကူညီမ,စလိမ့်မယ်။ ယခုကာလတွင် အမွေကဲ့သို့ ပစ္စည်းများ ရတတ်တယ်။ ယခုကာလတွင် လက်ခံလိုက်ပါက အလဟဿ ကုန်သွားတတ်တယ်။ ငယ်ရွယ်သူများ အိမ်ထောင်ကျတတ်တယ်။ သားသမီးရတနာလည်း ထွန်းကားတတ်တယ်။ ယခုကာလတွင် တပို့တွဲလ၊ ပြာသိုလများ ပါဝင်နေရင် ဂရုစိုက်ပါ။ လူအများ၏ ခြောက်တွန်းမှု ခံရတတ်တယ်။ ငွေကြေး ဆုံးရှုံးတတ်တယ်။ ကိုယ့်ကို အကူအညီပေးနိုင်တဲ့သူတွေကလည်း ကိုယ်နဲ့ ဝေးကွာနေတတ်တယ်။ ဆွေမျိုးသားချင်းဂါက နာရေးဖြစ်တတ်တယ်။ မျှော်လင့်မထားဘဲ တိုက်ခန်းတစ်ခန်း ဝင်လာတတ်တယ်။ လူငယ် လူရွယ်များအဖို့ မိန်းမခိုးခြင်း၊ ယောကျာ်းနောက်လိုက်ခြင်းများလုပ်လျှင် ဆွေပြတ်မျိုးပြတ် ဖြစ်ကုန်တတ်တယ်။ ကျန်းမာရေးအနေဖြင့် ဝမ်းဗိုက်ဥပဒ်ပေးခြင်း၊ ကျော၊ ခြေထောက်တို့တွင် အနာရောဂါ ဖြစ်တတ်တယ်။ ဒါကြောင့်သည်း ကံကောင်းစေရန် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ထန်းညွန့်(၁၀)ညွန့်၊ အုန်းညွန့်(၆)ညွန့်၊ ယပ်အဝါရောင်(၁၇)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၅၇၊ ၈၅၊ ၈၂

### အထူးသတိပြုရန်

ယခုကာလတွင် လောင်းကစားကိစ္စများ၊ အပျော်အပါးကိစ္စများ ရှောင်ပါ။ တနင်္လာ၊ သောကြာ နာမည်ပိုင်ရှင်များနှင့် စပ်တူရှယ်ယာပြုလုပ်ခြင်း ရှောင်ပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် နွားနို့၊ ပျားရည်၊ ထောပတ်များနှင့် ရောစပ်ထားသော ယာဂုနို့ဆွမ်း လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ မေလအတွက် ဟောစာတမ်း

## စနေ သားသမီး



သင်သည် ယခုကာလတွင် မပြည့်စုံတာတွေ ပြည့်စုံလာလိမ့်မယ်။ ဖြစ်ချင်တာတွေ ဖြစ်လာပါလိမ့်မယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်နေသူတွေအဖို့ လုပ်ငန်းတိုးချဲ့ရတတ်တယ်။ အလုပ်တွေလည်း အောင်မြင်မယ်။ ခရီးဝေးတွေလည်း သွားရတတ်တယ်။ ထိုခရီးများကလည်း အကျိုးပေးပါလိမ့်မယ်။ ပြည်ပခရီးဝေးတွေလည်း အဆင်ပြေမယ်။ အိမ်ထောင်မရှိသူများ အိမ်ထောင်ကျတတ်တယ်။ မင်္ဂလာဆောင်လျှင် စည်ကားသော မင်္ဂလာဆောင် ဖြစ်မယ်။ ကံကောင်းခြင်း၊ ကံဆိုးခြင်း ဒွန်တွဲနေသော ကာလဖြစ်သောကြောင့် ကုသိုလ်ကောင်းမှု များများ ပြုလုပ်ပေးပါ။ ကုသိုလ်တရားနည်းပြီး အကုသိုလ်တရား များနေရင်တော့ အမှုအချုပ် ကြုံရတက်တယ်။ ဆေးရုံ ဆေးခန်း ရောက်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းပြီး မပြည့်စုံတာတွေ ပြည့်စုံလာအောင် မကြာခဏ သက်သတ်လွတ်စားပေးပါ။ ဝီရိယစွမ်းအား အားထုတ်ပါက ချမ်းသာလာပါလိမ့်မယ်။ ဘုရားဆင်းတုတော်ပုံ၊ စွယ်တော်ပုံ၊ ရဟန္တာပုံတော်များ ကြွလာတတ်တယ်။ ရွှေနှင့် အဖိုးတန်ရတနာပစ္စည်းများ ဝင်လိမ့်မယ်။ ရပ်ဝေးမှ ဆွေမျိုးသားချင်းများ ရောက်လာတတ်တယ်။ အိမ်သို့ အတောင်ပါသော သတ္တဝါများ ဝင်လာတတ်တယ်။ သွပ်၊ သံ၊ သစ် စသော သောကြာနံပစ္စည်းများ ဝင်လာတတ်တယ်။ မြေကို အကြောင်းပြု၍ စိတ်ညစ်ရတတ်တယ်။ မိတ်ဆွေရင်း၊ လုပ်ဖော်ကိုင်ဖက်တို့က ဒုက္ခပေးတဏ်တယ်။ မိသားစုအကြီးအကဲ၊ လုပ်ငန်းအကြီးအကဲတို့ကြောင့် စိတ်ညစ်ရတတ်တယ်။ ကျန်းမာရေးအနေဖြင့် ပါး၊ ပေါင်၊ မျက်စိမှာ ထိခိုက်ဒဏ်ရာ ရတတ်တယ်။ မျက်စိနှင့် ပတ်သက်ပြီး ခွဲစိတ်ကုသမှု ကြုံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏မွေးနံထောင့်၌ ထန်းညွန့်(၁၀)ညွန့်၊ အုန်းညွန့်(၆)ညွန့်၊ ငြိုဟ်ရုပ်စုံ(၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ ဗုဒ္ဓဟူး

### ညံ့သောရက်

သောကြာ၊ အင်္ဂါ

### ကံကောင်းသောနံပါတ်

၄၂၊ ၂၄၊ ၂၃

### အထူးသတိပြုရန်

မိမိအိမ်ပတ်ဝန်းကျင်တွင် အစာအဆိပ်သင့်ခြင်း၊ အစွပ်အစွဲပြဿနာ ပေါ်ခြင်းများ တွေ့ပါက သင်သည် သွေးထွက်သံယိုဖြစ်ခြင်း၊ စိတ်ညစ်စရာများ ဖြစ်တတ်သောကြောင့် ကျွန်ုပ်နှင့် လာရောက်တွေ့ဆုံပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္လာနေ့နှင့် ဗုဒ္ဓဟူးနေ့တိုင်း ကြံရည်(၆)ခွက် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

## (၁၅)ကြိမ်မြောက် လောကချမ်းသာ အဘယလာဘမုနိ ကျောက်တော်ကြီးဘုရား ဖူဇော်ပူဇနီယပွဲတော် ကျင်းပ

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မင်းဓမ္မကုန်းတော်ပေါ်ရှိ လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး(ကျောက်တော်ကြီးဘုရား)၏ (၁၅)ကြိမ်မြောက် ဖူဇော်ပူဇနီယပွဲတော်၊ ဖုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲ အခမ်းအနားကို ဆရာတော် သံဃာတော်များမှ ဖုဒ္ဓါဘိသေက အနေကဇာတင်တော်မူခဲ့ကြသည်။

ထို့နောက် နိုင်ငံတော် ဩဝါဒါစရိယ သဃ်္ဃန်းကျွန်းမြို့နယ်၊ စစ်ကိုင်းစာသင်တိုက် ပဓာန နာယက "အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမွောနန္ဒ"ထံမှ ညွှန်ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြကာ ဆရာတော် သံဃာတော် အရှင်သူမြတ်များက ပရိတ်တရားတော်များ ရွတ်ပွား သရဇ္ဈာယ်တော်မူကြသည်။

လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး(ကျောက်တော်ကြီးဘုရား)၏ ဖူဇော်ပူဇနီယပွဲတော်တွင် မြန်မာ့ရိုးရာ ခြင်းအလှခတ်ပူဇော်ခြင်း၊ တရားပွဲများ ကျင်းပခြင်း၊ နမ်းမနဲများ လှူဒါန်းခြင်းနှင့် ဝတ်ရွတ်ပူဇော်ခြင်းများကို ကျင်းပ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

အင်ကြင်း

---

## ဖြာသိုလပြည့် အမေနေ့ အထိမ်းအမှတ်ပွဲ ကျင်းပ

မြန်မာနိုင်ငံတွင် "အမေနေ့"ကို ဦးဆောင်ကျင်းပခဲ့သော ဒါရိုက်တာ ဦးသုခ ကွယ်လွန်ခြင်း (၁၀)နှစ်ပြည့် အထိမ်းအမှတ်ကို ရည်ရွယ်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၇/အနောက်ရပ်ကွက်၊ အောင်မြေဘုံစံ ဓမ္မရိပ်သာကျောင်းတိုက်၌ ရွှေမိုးညှင်း စာပေအဖွဲ့မှ ကြီးမှူး၍ "မှဒိတာမော်ကွန်း" မိဘမေတ္တာ ရသစာစုများ စာအုပ်မိတ်ဆက်ပွဲနှင့် စာပေဟောပြောပွဲကို ၂၀၁၆-ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့(ဖြာသိုလပြည့်နေ့) မွန်းလွဲ ၁ နာရီတွင် ကျင်းပပြုလုပ်ခဲ့သည်။

ထိုပွဲတွင် ရဟန်းစာဆို ဆရာတော် မုံရွာနေဇာနှင့် ရွှေမိုးညှင်း စာပေအဖွဲ့ နာယက ဆရာတော် အရှင်ခေမာနန္ဒ တို့မှ မိဘမေတ္တာ အကြောင်းအရာ ဩဝါဒ စကားများ မိန့်ကြားကြပြီး ရွှေမိုးညှင်းစာပေအဖွဲ့ဝင် ဆရာကြီး ဦးလေးကောင်း(ဓမ္မသုတေသီ)မှ မှဒိတာစကား ပြောကြားခြင်း၊ စာရေးဆရာ၊ ဆရာမများကိုယ်စား ဆရာမ ရွှေယဉ်နုမှ ကျေးဇူးတင်စကား ပြောကြားခြင်းတို့ကို ပြုလုပ်ပြီး စောင်းပညာရှင် ကိုတင့်စိန်နှင့် အဆိုတော် နှင်းနှင်းထူးတို့မှ မိဘမေတ္တာ တေးသံသာများဖြင့် ညှိခံ ဖျော်ဖြေခဲ့ကြပါသည်။

ထို့နောက် စာပေဟောပြောပွဲကို ပေါက်စေတီ ဆရာတော် အရှင်ဉာဏိတ၊ ဆရာလေး ဒေါ်သန္တာဝတီ၊ စာရေးဆရာမကြီး ဗိုလ်ချိုမြေ တင်တင်ဝင်း၊ ဆရာမ ဟန်သီဇင်၊ စာရေးဆရာကြီး တက္ကသိုလ်စိုးယဉ်ထိုမှ မိဘမေတ္တာ ရသ စာပေများ ဟောပြောခဲ့ကြသည်။

ထိုအခမ်းအနားသို့ မြို့နယ်အသီးသီးမှ မြန်မာနိုင်ငံ စာရေးဆရာ အသင်းဝင်များ၊ စာအုပ်တွင် ပါဝင်ရေးသားသူ စာပေပညာရှင်များ၊ သတင်းမီဒီယာများ၊ ပရဟိတအသင်းအဖွဲ့များ၊ စာပေဝါသနာရှင်များနှင့် mntv ရုပ်သံအဖွဲ့တို့ စုံညီစွာ တက်ရောက်ခဲ့ကြသည်။

တက်ရောက်လာကြသော ညှိပရိသတ်များအား မုန့်ဟင်းခါး၊ အချိုပွဲ အာဟာရများဖြင့် ညှိခံကျွေးမွေးပြီး မှဒိတာ မော်ကွန်းစာအုပ် လက်ဆောင်ပေးခဲ့ပါသည်။

တက္ကသိုလ်စိုးယဉ်

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ မေလအတွက် ဟောစာတမ်း

## ရာဟု သားသမီး



သင်သည် ယခုကာလတွင် စိတ်တိုင်းကျကောင်းမယ့်အချိန်လို့ ပြောလို့မရပေမယ့် စိတ်ချမ်းသာမှုတွေနဲ့ ကြုံတွေ့ရမှာ ဖြစ်ပါတယ်။ မပြောပလောက်တဲ့ အညံ့အခိုက်လေးတွေတော့ ရှိပါတယ်။ လက်ရှိအလုပ်မှ တခြားကို ပြောင်းချင်တဲ့စိတ် ပေါ်လာလိမ့်မယ်။ မပြောင်းပါနဲ့ဦး။ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေရင်းများနှင့် လမ်းခွဲရတတ်တယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်နေသူများအဖို့ လုပ်ငန်းများ အောင်မြင်တော့ မလိုလိုနှင့် အခက်အခဲကြီးစွာ ကြုံရတတ်တယ်။ အလုပ်တွင် အပျက်အစီး၊ အဆုံးအရှုံး၊ အလေအလွင့် များနေလိမ့်မယ်။ မထင်မှတ်သော ခရီးများ၊ မရည်ရွယ်သော ခရီးများ သွားရတတ်တယ်။ အထက်မြန်မာပြည်ဘက်သို့လည်း သွားရတတ်တယ်။ ပြည်မခရီးသွားဖို့ ကြံရွယ်ထားလျှင် ဒီကာလမှာ ပြုလုပ်ပါ။ အလုပ်နှင့်ပတ်သက်ပြီး ပင်ပန်းရခြင်း၊ ဝင်ငွေနည်းခြင်း ကြုံရပေမယ့် လူကတော့ ကျန်းမာရွှင်လန်းပြီး စိတ်ချမ်းသာမှုတွေ ကြုံရပါလိမ့်မယ်။ ဘုရားဆင်းတုတော်၊ ပုံတော်၊ ရဟန္တာပုံတော်များ ကြွလာတတ်တယ်။ နာမည်ဂုဏ်သတင်းတိုးတက်ခြင်း၊ ဘုန်းတန်ခိုးတိုးတက်ခြင်းများ ကြုံမယ်။ လူမျိုးခြား၊ နိုင်ငံရပ်ခြားနှင့် ပတ်သက်သောကိစ္စများ အောင်မြင်မယ်။ မြေတစ်ကွက် ဝင်တတ်တယ်။ ငယ်ရွယ်သူများအဖို့ ပညာကောင်းတစ်ခု သင်ရတတ်တယ်။ ထိုပညာရပ်က လည်း သင့်အတွက် အကျိုးပေးသော ပညာရပ်မျိုး ဖြစ်မယ်။ ကြီးကဲသူ အထက်လူကြီးကြောင့် စိတ်ညစ်ရတတ်တယ်။ အလှူပွဲ၊ မင်္ဂလာပွဲ အစီအစဉ်များ အထစ်အငေါ့ကြုံခြင်း၊ ရက်ရွှေ့ရခြင်းများ ကြုံရတတ်တယ်။ ယခုကာလတွင် စပ်တူလုပ်ငန်း အရောင်းအဝယ် အကြီးအကျယ် မလုပ်ပါနှင့်။ သူတစ်ပါးအတွက် အာမခံတာမျိုး၊ ကိုယ်စားလိုက်ပြီး ပြောပေးတာမျိုး မလုပ်ပါနှင့်။ ပစ္စည်းတွေလည်း မငှားပါနှင့်။ ဆုံးပါးသွားတတ်တယ်။ ယခုရောက်နေတဲ့ကာလတွင် ဆံပေါင်းလ ပါရင်တော့ အရှေ့တောင်အရပ်၊ အနောက်မြောက် အရပ်များသို့ ခရီးမသွားပါနှင့်။ ဘေးဥပါဒ် ကြုံရတတ်တယ်။ ကျန်းမာရေးအနေဖြင့် ဆီးအောင့်ခြင်း၊ ခြေသည်းပုပ်ခြင်း၊ ခါး၊ ကျောတို့တွင် ဒဏ်ရာ ရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅) နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ မေမြို့ပန်း(၅)ပွင့်၊ သပြေညွန့်(၆)ညွန့်၊ ကြက်လျှာအစိမ်းရောင်(၈)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၂၅၊ ၅၇၊ ၅၉

### အထူးသတိပြုရန်

ယခုကာလတွင် အပျော်ခရီး မသွားပါနှင့်။ မည်သူနှင့်မျှ မယှဉ်ပြိုင်နှင့်။ မည်သူ့ကိုမျှ သြဇာမပေးနှင့်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် နှင်းဆီပန်းများ လှူဒါန်း၍ ထောပတ်ဆီမီး မကြာခဏ ကပ်လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံခြားရောက် မြန်မာများအတွက်

## အထူးဟောကိန်း

**ဒေါက်တာစောယုနွယ်**

(၂၀၁၆-ခုနှစ်၊ မေလ)

ယခုကာလမှာ ကျွန်မတို့ ဗုဒ္ဓဘာသာမြန်မာလူမျိုး လူငယ်လူရွယ်အချို့ဟာ နိုင်ငံရပ်ခြားကို သွားရောက်ပြီး အလုပ်လုပ်ခြင်း၊ ပညာရှာခြင်းတွေ လုပ်နေကြပါပြီ။ အဲဒီလို တိုင်းတစ်ပါးမှာ သွားရောက်လုပ်ကိုင်သူတွေအဖို့ အားကိုးရာမှာ ကျွန်မတို့ ကိုးကွယ်ဆည်းကပ်တဲ့ မြတ်ဗုဒ္ဓရဲ့ လမ်းညွှန်မှုတွေပါပဲ။ မြတ်ဗုဒ္ဓကို ကြည်ညိုလေးစားတဲ့ ဗုဒ္ဓဘာသာဝင်တွေအဖို့ ဘယ်နေရာ ဘယ်ဒေသရောက်ရောက် သရဏဂုံတည်ခြင်း ရှိခဲ့ပါလျှင် ဘေးဥပါဒ်အန္တရာယ်တွေကင်းပြီး လိုအင်ဆန္ဒတွေ ပြည့်ဝတယ်ဆိုတာ အားလုံးအသိပါပဲ။ ရတနာသုံးပါးကို ကြည်ညိုလေးစားတဲ့သူတွေအဖို့ ၎င်းတို့ရဲ့ အခက်အခဲလေးတွေကို ပြေလည်စေဖို့ရန် ကျွန်မတက်တဲ့ လောကီပညာရပ်တွေနဲ့ ကူညီလိုက်ရပါတယ်။ အကယ်၍များ ဘဝဇာတ်စုံ အဖုံဖုံကို သိချင်တယ် ဆိုရင်ဖြင့် စာဖြင့်သော်လည်းကောင်း၊ အခြားဆက်သွယ်နိုင်မည့် နည်းလမ်းများနှင့်သော်လည်းကောင်း ဆက်သွယ်ခဲ့မယ် ဆိုပါက . . .

ဒေါက်တာစောယုနွယ်

အမှတ်(၂၀၅/က)၊ ပိတောက်(၅)လမ်း၊ မြို့သစ်(ဝ) ဘုရင့်နောင်ရိပ်သာ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၆၄၃၀၃၀

## တနင်္ဂနွေသားသမီးများအတွက်

လုပ်သမျှအလုပ်တွေဟာ အထစ်အငေါ့ဖြစ်မယ်၊ ဖြစ်ပြီးရင် အောင်မြင်မယ်။ မကြာခဏ ခရီးထွက်ရတတ်တယ်။ အလုပ်နေရာ အိမ်နေရာ ပြောင်းလဲခြင်း ကြုံမည်။ သူတစ်ပါးက မကောင်းကြံတတ်သည်၊ မထင်မှတ်တဲ့ သင်တန်းတက်ရတတ်သည်။ ချစ်သူနှင့် လမ်းခွဲရတတ်သည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို သစ်သီး လက်ဆောင်ပေးပါ။

## တနင်္လာသားသမီးများအတွက်

လုပ်ရှားသမျှ အဖတ်မတင်တဲ့ကာလပါပဲ၊ မသွားချင်တဲ့ခရီးတွေ သွားရတတ်တယ်။ မိတ်ဆွေအပေါင်းအသင်းများနှင့်လည်း စိတ်ဝမ်းကွဲတတ်တယ်၊ အမြင်မှ လိမ့်ကျတာမျိုး ကားနဲ့ ပွတ်တိုက်တာမျိုး ကြုံရတတ်တယ်၊ စပ်တူလုပ်ငန်းလုပ်ရှိ တမ်းလှမ်းလိမ့်မယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို အုန်းသီးနှင့်လုပ်သောမုန့် လက်ဆောင်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများအတွက်

ကံအကောင်းဆုံးကာလပဲ ဖြစ်ပါတယ်။ မထင်မှတ်တဲ့နေရာတွေက ငွေတွေဝင်မယ်။ ကိုယ့်ကို မခေါ်မပြောချင်သူတွေက လက်ယပ်ခေါ်မယ့်ကာလ ပါပဲ။ အလှူအတန်း၊ မင်္ဂလာအခမ်းအနားတွေ စီမံပေးရတတ်တယ်။ ငွေဝင်လာရင် ရွှေဝယ်ထားလိုက်ပါ။

**ယတြာ**

ကလေးတွေကို မုန့်ဖိုးပေးပါ။

---

## ဗုဒ္ဓဟူးသားသမီးများအတွက်

လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများက အစစအရာရာ ထောက်ပံ့ပေးမယ့် အချိန်ပါပဲ။ စီးပွားရေး သိသိသာသာတက်မယ်။ အလုပ်သစ်တွေ ရလာမယ်။ သင်တန်းတစ်ခု တက်ရတတ်တယ်။ ဇနီးဖြစ်သူနှင့် အဆင်မပြေဖြစ်ပြီး ခေတ္တခွဲခွာ ရတတ်တယ်။ ယာဉ်တိုက်ခြင်း၊ ရေနစ်ခြင်း ဖြစ်တတ်တယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ပန်းစည်း လက်ဆောင်ပေးပါ။

---

## ကြာသပတေးသားသမီးများအတွက်

မမျှော်လင့်သောနေရာမှ အမွေရတတ်သည်။ စာရွက်စာတမ်းနဲ့ ပတ်သက်ပြီး စိတ်ညစ်ရတတ်တယ်။ အမှုထမ်း အရာထမ်းများ ပစ်စာ တိုင်စာ ကိစ္စများ ဖြေရှင်းရတတ်တယ်။ ပျို့ရွယ်သူများ အိမ်ထောင်ဖက် တွေ့ရမယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ထီးတစ်လက် လက်ဆောင်ပေးပါ။

---

## သောကြာသားသမီးများအတွက်

စိတ်ပင်ပန်း လူပင်ပန်းဖြစ်ရမယ့်အချိန်ပါပဲ။ အလုပ်တွေ တစ်ခုပြီးတစ်ခု လုပ်နေရလိမ့်မယ်။ သင်တန်းတစ်ခု တက်ရတာမျိုး၊ အဖွဲ့အစည်းတစ်ခုခု ဝင်ရတာ မျိုး ဖြစ်မယ်။ နိုင်ငံခြားနှင့် ဆက်သွယ်ရတာတွေ၊ လူမျိုးခြားနှင့် လက်တွဲအလုပ် လုပ်ရတာတွေ လုပ်ရမယ်။ ဆွေမျိုးသားချင်းထဲမှ နာရေးဖြစ်တတ်တယ်။

**ယတြာ**

မိတ်ဆွေများကို နွားနို့ ဝယ်တိုက်ပါ။

---

## စနေသားသမီးများအတွက်

လက်ရှိအလုပ်ကနေ အခြားအလုပ်ကို ပြောင်းချင်ပေမယ့် မပြောင်းပါ နှင့်ဦး။ လူမျိုးခြားက ကူညီခြင်း၊ နိုင်ငံရပ်ခြားနှင့် ပတ်သက်သောကိစ္စများ အောင် မြင်ခြင်းများ ကြုံမည်။ အိမ်ထောင်မရှိသေးသူများ အိမ်ထောင်ကျတတ်သည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ရေသန့်လှူပါ။

---

## ရာဟုသားသမီးများအတွက်

မပြည့်တာတွေ ပြည့်စုံလိမ့်မည်။ လုပ်ငန်းတွေ တိုးချဲ့ရလိမ့်မည်။ အလုပ် သစ်၊ အိမ်သစ် ရမည်။ ရွှေနှင့် အဖိုးတန်တဲ့ပစ္စည်းတွေ ဝင်လာလိမ့်မည်။ ကွဲကွာနေ သော ဆွေမျိုးများနှင့် ပြန်ဆုံရမည်။ ငယ်ရွယ်သူတို့ ပညာကောင်းတစ်ခု သင်ရမည်။


**ယတြာ**

မိတ်ဆွေများကို ထောပတ်နှင့် ပြုလုပ်ထားသောမုန့် ဝယ်ကျွေးပါ။

www.burmeseclassic.com

www.burmeseclassic.com

## Y.M.B.A ဗုဒ္ဓဘာသာကလျာဏယုဝအသင်း နာယကကြီးများထံမှ ဩဝါဒခံယူ



(၁၃-၂-၂၀၁၆)စနေနေ့ နံနက် ၁၁ နာရီအချိန် ရေကျော်လမ်းရှိ Y.M.B.A ဗဟိုအသင်းချုပ်ခန်းမကြီးတွင် ဥက္ကဋ္ဌကြီး ဦးတင်ဝင်း ဦးဆောင်သော အမှုဆောင်များသည် နာယကကြီး ဦးဗိုလ်နီ(သံအမတ်ကြီး-ငြိမ်း)၊ ဆရာဦးခင်မောင်သစ်၊ ဆရာဦးအေးကြိုင်၊ ဆရာဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်)၊ ဒေါက်တာသက်ဆွေ (ရှေ့ဆောင်တင်ဆွေ) နှင့် ဆရာဦးမြင့်ဝေတို့ထံ ဩဝါဒခံယူရာ ပထမဦးစွာ နာယကကြီး ဦးဗိုလ်နီမှ ဩဝါဒစကား မြွက်ကြားပြီးနောက် ဥက္ကဋ္ဌကြီး ဦးတင်ဝင်းမှ အမှုဆောင်များကိုယ်စား နာယကကြီးတစ်ဦးစီထံ ဝတ္ထုငွေများ ကန်တော့ပြီး ဩဝါဒ ခံယူကြရသည့်အကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး ကြွရောက်လာသူများအား နံနက်စာ ထောပတ်ထမင်း အချိုပွဲများဖြင့် ဒါနပြု ဧည့်ခံကျွေးမွေးခဲ့ပါသည်။

ဒေါက်တာသက်ဆွေ

---

## နယ်လှည့်ချမ်းသာကြီး(ပဌာန်း)သာသနာပြုအဖွဲ့၏ (၃၂)ကြိမ်မြောက် လှူဒါန်းပူဇော်ပွဲ


နယ်လှည့်ချမ်းသာကြီး(ပဌာန်း) သာသနာပြုအဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးနေဝင်း၊ ဦးလှထွန်း၊ ဦးမျိုးချစ်၊ ဦးသက်ထွန်း (အင်းလေးဒေသ)၊ ဦးကျော်ထူး(အင်းလေးဒေသ)တို့သည် နေပြည်တော်(လယ်ဝေးမြို့) ဖောင်တော်ချက်မစေတီတော်တွင် (၃၁)ကြိမ်မြောက် လှူဒါန်းပူဇော်ခဲ့ပြီး (၂၁-၁-၂၀၁၆)ရက်နေ့ နံနက် ၃ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့ ဓောဓိ ဓမ္မရွှေပေါက်ဆိပ် ကျောင်းတိုက်ရှိ အမျိုးခေါ် အိုးဖော်စေတီတော်မြတ်ကြီး၏ ဂန္ဓကုဋီတိုက်တွင် အလှူရှင် မချိုမာနိုင် မိသားစုမှ လှူဒါန်းပူဇော်သည့် ဉာဏ်တော် ၉ လက်မရှိ ပဌာန်းဘုရား (၁၀၈)ဆူ ဦးမျိုးချစ်+ဒေါ်ခင်စန်းဝေ မိသားစုမှ လှူဒါန်းပူဇော်သည့် ဆင်းတုတော် (၉)ဆူ စုစုပေါင်း (၁၁၇)ဆူတို့အား ဆရာတော် (စမ)ရွှေပေါက်ဆိပ် ဆရာတော်မှ ဦးဆောင်၍ ဘုရားအနေကဇာတင်ခြင်း၊ ပဌာန်းဒေသနာတော်မြတ်ကြီးကို အသံမစဲ ရွတ်ဖတ်ပူဇော်ကြပြီး နယ်လှည့်ချမ်းသာကြီး ပဌာန်းသာသနာပြုအဖွဲ့၏ (၃၂)ကြိမ်မြောက် လှူဒါန်းပူဇော်ပွဲကို ပြုလုပ်ခဲ့ပါသည်။

ချမ်းသာကြီး ပဌာန်းဘုရားဆင်းတုတော်များ လှူဒါန်းပူဇော်လိုပါက ဦးနေဝင်း(ဖုန်း-၀၉-၄၂၈၃၆၈၇၀၀၊ ၀၉-၃၂၂၁၂၀၃၈)သို့ ဆက်သွယ်နိုင်ပါသည်။

ဂမ္ဘီရချစ်ကြီး(ဆင်ဖြူကျွန်း)

www.burmeseclassic.com

## ဆားလင်းကျောင်းတိုက် ဆရာတော်ဘုရားကြီး၏ ဝိဇာတမွေးနေ့နှင့် သိက္ခာထပ်အလှူ



ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ဆားလင်းပရိယတ္တိစာသင်တိုက်၏ ပဓာန နာယက ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဝိဇယမထေရ်မြတ်၏ သက်တော် (၈၀)ပြည့် ဝိဇာတမွေးနေ့မင်္ဂလာနှင့် သိက္ခာထပ် အလှူတော် မင်္ဂလာကို ၁၃၇၇-ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်၊ (၂၁-၂-၂၀၁၆) တနင်္ဂနွေနေ့ နံနက်တွင် အဆိုပါ ကျောင်းတိုက် ဝင်းအတွင်း၌ ကျင်းပခဲ့ပါသည်။

ဆရာတော်ဘုရားကြီးအား သိက္ခာထပ် အလှူရှင်မှာ ရဟန်းဒါယကာ ဦးစိုးတင့်နှင့် သားတပည့်များ ဖြစ်ကြပြီး ပဓာန နာယကဆရာတော်နှင့် တိုက်အုပ် ဆရာတော် နှစ်ပါးအား ပရိက္ခရာရှစ်ပါး ကပ်လှူပြီး သိက္ခာထပ် အလှူတော်မင်္ဂလာ ပြုလုပ်ပေးခဲ့ပါသည်။ သိမ်ဆင်းသံဃာ ၁၅ ပါးအား- သိမ်ဆင်းလောင်းလှူပြီး နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြပါသည်။ ဧည့်ပရိသတ်များကိုလည်း နေ့လည်စာ ကျွေးမွေးဒါနပြုပေးကြောင်း သတင်းရရှိပါသည်။

ဆရာမျိုး

---

## (၁၉)ကြိမ်မြောက် ချမ်းအေးစမ္မစာဆို ပူဇော်ပွဲ

နှစ်စဉ်ကျင်းပမြဲဖြစ်သော ချမ်းအေးစမ္မစာဆို ရဟန်း တော်များ၊ လူပုဂ္ဂိုလ်များ ပူဇော်ကန်တော့ပွဲကို (၆-၁-၂၀၁၆) နံနက် ၉ နာရီက ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်၊ ၄၄-လမ်း (အောက်) "ဗုဒ္ဓဝိဟာရ ဓမ္မာရုံ"၌ ကျင်းပပြုလုပ်ခဲ့သည်။

အပူဇော်ခံ ဓမ္မစာဆိုကြီးများအား ဆရာ ဦးသူရဇော် ဦးဆောင်၍ တက်ရောက်သူများက ကန်တော့ချီးဖြင့် လက်အုပ် ချီမိုး ရှိခိုးပူဇော် ကန်တော့ကြပြီး တာဝန်ရှိသူများနှင့် စေတနာရှင် များက ဓမ္မပူဇာ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေ ကျပ်(၃)သိန်းစီ ပူဇော် ကန်တော့ကြသည်။

တိုပူဇော်ပွဲ ဖိတ်စာ၊ ဂုဏ်ပြုလွှာနှင့် အထွေထွေ စာအုပ်များကို ဦးမြင့်ထွန်း+ဒေါ်ခင်မာရွှေ သမီး-ဆုပြည့်စုံထွန်း မိသားစု(Quality Publishing House နှင့် ဆုပြည့်စုံထွန်းစာပေ) ကျောက်တံတားမြို့နယ်မှ လှူဒါန်းခဲ့ပါသည်။

တက္ကသိုလ်စိုးယဉ်

www.burmeseclassic.com

www.burmeseclassic.com

## တတိယအကြိမ်မြောက် ၁၅–လမ်း(အလယ်) မိသားစုများ၏ ဓမ္မပူဇာသဘင်




ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ ၁၅-လမ်း (အလယ်) မိသားစုများ၏ တတိယအကြိမ်မြောက် ဓမ္မပူဇာသဘင်ကို (၁၂-၂-၂၀၁၆)မှ (၁၄-၅-၂၀၁၆)ရက်နေ့အထိ (၃)ည တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

၁၃၇၇-ခုနှစ်၊ တပို့တွဲလဆုတ် ၉ ရက်(၁၂-၂-၂၀၁၆) သောကြာနေ့တွင် သစ္စာရွှေစည်ဆရာတော် "အရှင်ဥတ္တမ" နယ်လှည့်ဓမ္မကထိကမှလည်းကောင်း၊ ၁၃၇၇-ခုနှစ်၊ တပို့တွဲလဆုတ် ၁၀ ရက်(၁၃-၂-၂၀၁၆)စနေနေ့တွင် ဓမ္မဒူတ "အရှင်ပညာဝရ" သာသနဓဇ ဓမ္မာစရိယမှလည်းကောင်း၊ ၁၃၇၇-ခုနှစ်၊ တပို့တွဲလဆုတ် ၁၁ ရက်(၁၄-၂-၂၀၁၆) တနင်္ဂနွေနေ့တွင် သီတဂူ "အရှင်တိက္ခသာရ" သာသနဓဇ ဓမ္မာစရိယ၊ B.A,M.A (Buddhism) သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်မှလည်းကောင်း တရားရေအေး တိုက်ကျွေးခဲ့ကြကြောင်း သိရှိရသည်။

Z.N

## ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ လူမှုကူညီရေးအသင်း





ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ လူမှုကူညီရေးအသင်း(ဗဟန်း)၏ လူမျိုးဘာသာ ခွဲခြားခြင်းမရှိ ချမ်းသာမရွေး ပြည်သူများ၏ လူမှုရေးကိစ္စများအတွက် အကူအညီ တောင်းခံပါက အသင်း၏ စည်းမျဉ်း စည်းကမ်းများနှင့်အညီ နာရေးကူညီမှုကို (အခမဲ့)ဆောင်ရွက်ပေးလျက် ရှိပါသည်။

အသင်းကြီးသို့ အကူအညီတောင်းခံလိုလျှင်ဖြစ်စေ၊ အလှူငွေ ထည့်ဝင်လိုလျှင်ဖြစ်စေ အသင်းရုံးချုပ်တည်ရှိရာ အမှတ်(၅၇-၅၇-၅၉)၊ အရှေ့ကန်တော်လေး ဆရာစံမြောက်/နောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်ရှိ "စေတနာ့ဝန်ထမ်း ဓမ္မာသတီပဋ္ဌာန် စာသင်တိုက်" သို့လည်းကောင်း၊ ဖုန်း-၀၉-၂၅၄၇၇၉၀၆၆၊ ၀၉-၂၅၄၇၇၉၀၅၁၊ ၀၉-၂၅၃၀၁၅၅၆၆၊ ၀၉-၂၅၃၀၁၅၅၆၅၊ ၀၉-၃၂၂၁၄၉၉၉ တို့သို့လည်းကောင်း ဆက်သွယ်နိုင်ပါသည်။

လေးစားကြည်ညိုလျက်ရှိပါသည်

www.burmeseclassic.com



ပေတံဆိုတာ စံတစ်ခုပါ။

တချို့က ၁၂ လက်မ ၁ ပေ ဆိုတဲ့ ပေတံကို သုံးတယ်။ တချို့က ၃၆ လက်မရှိတဲ့ ကိုက်တံကို သုံးတယ်။ တချို့က ပေ ၂၀ လောက်ရှိတဲ့ ပေကြိုးတွေ သုံးကြတယ်။ ဒါပေမဲ့ တစ်စုံတစ်ခုကို ဆုံးဖြတ်တဲ့အခါမှာ-

စံမမီဘူးလို့လည်း ဆိုကြတယ်။ ဘာပဲဖြစ်ဖြစ်လေ . . .

၁၂ လက်မ သုံးတဲ့သူကလည်း သူ့အမြင် သူပြောမှာပဲ။ ၃၆ လက်မ သုံးတဲ့သူကလည်း သူ့အမြင် သူပြောမှာပဲ။ အရေးကြီးတာက . . .

ကိုယ်ကိုင်တဲ့ပေတံ လက်မတွေ ပြည့်နေဖို့ပါပဲ။ အဲဒီတော့ . . .

ကိုယ့်စံကို ကိုယ့်ဘာသာ ဆုံးဖြတ်ဖို့ အရေးကြီးပါတယ်။

www.burmeseclassic.com